(ဂ) ဝါ၊တနည်းကား။ဥပဋ္ဌာနလက္ခဏေ၊ရှည်မြင့်စွာသော ကာလပတ်လုံး၌ ပြုအပ်သည့်-စသော အာရုံသို့ ကပ်၍တည်ခြင်း လက္ခဏာ၌။(ဝါ)ရှည်မြင့်စွာသော ကာလ၌ ပြုအပ်သည်စသော အာရုံကို မလွတ်မူ၍ ကပ်၍တည်ခြင်းလက္ခဏာ၌။ဣန္ဒဋ္ဌံ၊မိမိ၏ အစိုးရသည်၏အဖြစ်ကို။(သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ် တရားတို့ကို။)ကာရေတိ၊ပြုစေတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဣန္ဒြိယံ၊မည်၏။

(ဃ) သတိ ဧဝ၊သတိသည်သာလျှင်။ဣန္ဒြိယံ၊မည်၏။သတိန္ဒြိယံ၊မည်၏။

(င) ပန၊ထိုမှတပါး။သာ ဧသာ သတိ၊ထိုသတိသည်။အပိလာပနလက္ခဏာစ၊ဖူးတောင်းသည် ရှေ့၌

http://www.dhammadownload.com

မငုပ်မနစ် မျောသွား၏သို့ အာရုံကို မျော၍ သွားစိမ့်သောငှာ မပေးမူ၍ ကျောက်ဖျာကဲ့သို့ မလှုပ်မရှား အာရုံကို ထားခြင်းလက္ခဏာရှိသည်လည်း။ဟောတိ၊၏။ဥပဂ္ဂဏှနလက္ခဏာစ။စီးပွားမဲ့ကို ဆောင်တတ်သော ဒုစရိုက်တရားကို ပယ်ရှား၍ စီးပွားကို ဆောင်တတ်သော သုစရိုက်တရားကို ချီးပင့်ခြင်း လက္ခဏာရှိ သည်လည်း။ဟောတိ၊၏။

(**စ**) ဟိ၊ထိုစကားကို ထင်စွာပြဦးအံ့။ရညော၊မင်း၏။ဘဏ္ဍာဂါရိကော၊ဘဏ္ဍာစိုးသည်။ဒသဝိဓံ၊ဆယ်ပါး အပြားရှိသော။ရတနံ၊ရတနာကို။ဂေါပယန္တော၊စောင့်လျက်။သာယံပါတံ၊ည, နံနက်။ရာဇာနံ၊မင်းကြီးကို။ ဣဿရိယသမ္ပတ္တိံ၊အစိုးရသော စည်းစိမ်ချမ်းသာကို။သလ္လက္ခာပေတိ ယထာ၊ကောင်းစွာ မှတ်စေ၏သို့။ သာရေတိ ယထာ၊အောက်မေ့စေ၏သို့။ဧဝမေဝ၊ဤအတူသာလျှင်။သတိ၊သတိသည်။ကုသလံ ဓမ္မံ၊ကုသိုလ် တရားကို။သလ္လက္ခာပေတိ၊ကောင်းစွာမှတ်စေ၏။သရာပေတိ၊အောက်မေ့စေ၏။(နိ-ဒု၊၆၄)

➤ **❶** ။ **(ခ) သို့/ ဥပနာပဥ္စက** ။ ။ (ခ)ဝါကျ၌ ပဓာနပုဒ်ကား- ဣန္ဒြိယံ-ဟူသည်တည်း။

ဆရာ၊ ဆရာသည် ဣန္ဒြိယံပုဒ်ဖြင့် ဣန္ဒြေဟူသော အကျိုးဖလကို ဆိုတော်မူ၏။ အကျိုးဖလတို့ မည်သည် အကြောင်းဟေတု(ကာရဏ)နှင့် မကင်းသည် မဟုတ်လော။ ထိုသို့မကင်းသည်ဖြစ်သောကြောင့် အကျိုးဖလကိုသာ မဆိုသင့်။ ဣန္ဒြိယံဟူသော အကျိုးဖလ၏ အကြောင်းဟေတု(ကာရဏ)ကား အဘယ် ပါနည်း။ ဤသို့ ဥပနာပဥ္စကနည်းဖြင့် သူမေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် အဓိပတိယဋ္ဌေန-ဟူသော အကြောင်းဟေတု(ကာရဏ)ကိုမိန့်။

အဓိပ္ပါယ်ကား- ဣန္ဒြိယံဟူသော အကျိုးဖလ၏ အကြောင်းဟေတု(ကာရဏ)ကား အဓိပတိယဋ္ဌေန ဖြစ်၏ဟူလိုသော်။

➤ **❷** ။ **သရဏမတ္တမေဝ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ သတိ-၌ တိ-ပစ္စည်း၏ ကရဏသာဓ် အနက်အကြောင်းမှတပါး ကတ္တုသာဓ် အနက်အကြောင်းတပါးကို လဲလိုသော ကြောင့် သရဏမတ္တမေဝ ဝါ-၌ ဝါ-သဒ္ဒါကို ထားရပါသည်။

သယံ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ တိပစ္စည်း ကရဏသာဓနေဝစနတ္ထမှတပါး ကတ္တုသာဓနေဝစနတ္ထကို လဲပြလို၍ သယံ ဝါ-၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(ဂ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဣန္ဒြိယ-သဒ္ဒါ၏ အဓိပတိအနက်မှတပါး ပရမိဿရိယကာရဏအနက်ကို လဲလှယ်လို၍ (ဂ)၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(ဂ) ဖြင့် အဇ္ဈာပိတဒေါသကို ပယ်ပါသည်။

အပရော နယော- အပိလာပနလက္ခဏာ သတိ၊ အသမ္မောသနရသာ-(၁၆၅) ၌ အပရော နယော ထားရခြင်းအကြောင်း ။ ။ လက္ခဏာမှာ ရှေးနည်းအတိုင်းဖြစ်သော်လည်း ရသစသည်ကို ထည့်၍ပြလိုသောကြောင့် (တနည်း) ရသ-စသည် မဖက် အပိလာပနလက္ခဏာ သက် သက် ပြသောနည်းမှတပါး အပိလာပနလက္ခဏာနှင့်တကွ ရသ-စသည်ကိုပါ ထည့်၍ပြသော နည်းတပါးကို လဲပြလိုသောကြောင့် အပရော နယော ထားရပါသည်။

အာရမ္မဏေ ဒဠှံ (ပ) ဒေါဝါရိကော ဝိယာစ ဒဋ္ဌဗ္ဗာ (၁၆၅) ၌ ဒဋ္ဌဗ္ဗာ ထားရခြင်း

http://www.dhammadownload.com

အကြောင်း ။ ။ သတိ စေတသိက်၏ တံခါးတိုင် တံခါးစောင့်နှင့်တူ၏ဟူသော ဥပမာ အနက် အဓိပ္ပါယ်ကို သံသယ မဝင်မူ၍ သန္နိဋ္ဌာန်ကျ ကေန္တအားဖြင့် မှတ်ယူရမည်ဟု ပြလိုသောကြောင့် ဒဠှတ္ထာကို ထားရပါသည်။

➤ ❾ ။ သရန္တိ တောယာတိ **သတိ**။ သရတီတိ သတိ။ သရဏံ သတိ။ (သရဓာတ်+တိ ပစ္စည်း၊ အောက်မေ့ခြင်းကြိယာ)

မုသတီတိ **မုဋ္ဌာ**။ (၂) မုသဓာတ်+တ-ပစ္စည်းသည်၄င်း၊ မေ့လျော့ခြင်းကြိယာသည်၄င်း ဗျုပ္ပတ္တိနိမိတ်။ (၄) မေ့လျော့ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

မုဋ္ဌာ သတိ ဧတဿာတိ **မုဋ္ဌဿတိ**။ (၂) လွတ်သော (မေ့လျော့သော) သတိ၏ ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

မုဋ္ဌဿတိနော ဘာဝေါ **မုဋ္ဌဿစ္စံ**။ (တဿ) (၂) မုဋ္ဌဿတိ-ပုဒ်+ဏျပစ္စည်းသည်၄င်း၊ သတိလွတ်သော ပုဂ္ဂိုလ်၏ သတိလွတ်ခြင်း(ဝါ) အကုသိုလ်စိတ္တုပ္ပါဒ်နှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၄င်း ဗျုပ္ပတ္တိနိမိတ်။ (၄) သတိလွတ်သူ၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) သတိလွတ်ခြင်းသည် ပဝတ္တိနိမိတ်။

စိရကတာဒိအာရမ္မဏံ ဥပဂန္တွာ ဌာနံ **ဥပဋ္ဌာနံ**။ (၂) ရှည်မြင့်စွာသော ကာလပတ်လုံး ပြုအပ်သည်-စသော အာရုံသို့ ကပ်ခြင်း ဥပဂမနဘောဂုဏ်၏ တည်ခြင်းနှင့် ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ကပ်၍တည်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဥပဋ္ဌာနဉ္စ တံ လက္ခဏဉ္စာတိ **ဥပဋ္ဌာနလက္ခဏံ**။ ✱ ပိလာပီယတေ **ပိလာပနံ**။ (ပ္လုဓာတ်+ဏာပေ ပစ္စည်း+ယုပစ္စည်း၊ ပေါ်မျော ပေါ်လွင်စေခြင်းကြိယာ)

န ပိလာပနံ **အပိလာပနံ**။ (၂) ပဋိသေဓဘောဂုဏ်၏ ပေါ်မျော, ပေါ်လွင်စေခြင်းနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) မပေါ်မမျော မပေါ်လွင်စေခြင်းကြိယာသည် (ဝါ) အပိလာပနတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အပိလာပနံ လက္ခဏံ ဧတိဿာတိ **အပိလာပနလက္ခဏာ**။

ဘဉ္ဇိတဗ္ဗန္တိ ဘဏ္ဍံ။(ဘဉ္ဇ+က) န ဂစ္ဆတီတိ အဂါ။(နပုဗ္ဗ ဂမု+ကွိ) အဂေ ရာတိ ဂဏှာတီတိ အဂါရံ။ ဘဏ္ဍဿ အာဂါရံ ဘဏ္ဍာဂါရံ။ ဘဏ္ဍာဂါရေ နိယုတ္တော **ဘဏ္ဍာဂါရိကော**။

သဿ (ဓနဿ) ပတိ **သပတိ**။ သပတိဿ ဟိတံ **သာပတေယျံ**။ (၂) ဥစ္စာရှင်၏ စီးပွားဥစ္စာနှင့် သာမီ+သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဥစ္စာနှစ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❿ ။ **(က)** ၌ သရန္တိ တောယ-ဖြင့် သတိ-၌ သရဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) တိ ပစ္စည်း ကရဏသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သရန္တိ တောယာတိ သတိ-ဟု ပြုရမည်ကိုင်း (အဘိဓာနတ္ထ) သတိမှတပါး အောက်မေ့ကြောင်း ကရိဏ်းမရှိဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိ။

သယံ သရတိ-ဖြင့် သတိ-၌ သရဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) တိ ပစ္စည်း ကတ္တုသာဓန

F-3-A

http://www.dhammadownload.com

အနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သရတီတိ သတိ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သတိမှ တပါး အောက်မေ့တတ်သော ကတ္တား မရှိ၊ သတိသာလျှင် အောက်မေ့တတ်သော ကတ္တားဖြစ်သည်ဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

သရဏမတ္တမေဝ သော-ဖြင့် သတိပုဒ်၏ သရဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) တိပစ္စည်း ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သရဏံ သတိ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ပရမတ္ထဓမ္မဟူသည် အလိုသို့ မလိုက်၊ အကြောင်းအားလျော်စွာ ဖြစ်ခြင်းမျှသာတည်းဟူသော အဓိပ္ပါယ် ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

(ခ) ၌ သာဝ-ဖြင့် ဣန္ဒြိယံပုဒ်ကို ဤသတိ အဘိဘဝတီတိ ဣန္ဒြိယံ (တနည်း) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ-ဟု ဝစနတ္ထပြု၍ သတိကိုသာ ကောက်ရသည် (အန္ဓယ) သတ္တဇီဝ စသည်, ဖဿစသည် မကောက်ရ(ဗျတိရေက) ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

အဓိပတိယဋ္ဌေန-ဖြင့် ဣန္ဒြိယ-သဒ္ဒါသည် အဓိပတိယဋ္ဌဝါစီရှိ၍ အနိပ္ပန္နပါဋိပါဒိကပုဒ်တည်းဟု သိစေပါသည်။(နာမလိင်္ဂတ္ထ) **မုဋ္ဌဿစ္စဿ အဘိဘဝနတော**-ဖြင့် အဓိပတိယဋ္ဌေန-၌ မိမိနှင့် စပ်သော တရားတို့ကို အစိုးရ၏ဟူသည် လွတ်သော သတိရှိသူ၏ အဖြစ်ကို နှိပ်နင်းလွှမ်းမိုးတတ်သည်၏အဖြစ် ကြောင့် အစိုးရသည်၏အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ)

(တနည်း) **မုဋ္ဌဿစ္စဿ အဘိဘဝနတော အဓိပတိယဋ္ဌေန**-ဖြင့် ဣန္ဒြိယံပုဒ်၌ (ဤသ ဓာတ်+ဏျပစ္စည်း) ဤသ-ဓာတ်၏ အဘိဘဝနအနက်ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) ဏျပစ္စည်း၏ ကတ္တု သာဓနအနက်၌ သက်သည်ကိုင်း (ဒု-ပစ္စယတ္ထ) မုဋ္ဌဿစ္စံ ဤသတိ အဘိဘဝတီတိ ဣန္ဒြိယံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဤသိယံ-ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဣန္ဒြိယံ-ဟု ရုပ်ပြီးနေသည် ကိုင်း(ဘာဝတ္ထ) သိစေပါသည်။ (ခ) တစ်ဝါကျလုံးဖြင့် သတိစေတသိက်၏ ဣန္ဒြိယမည်ခြင်း အကြောင်း သကတ်ကို သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ၌ ဣန္ဒဋ္ဌံ ကာရေတိ-ဖြင့် ဣန္ဒြိယံ-၌ (ဣဒိ+ဏျ) ဣဒိဓာတ်၏ ပရမိဿရိယအနက်ကို အတွင်းပြု၍ အတ္တာတိသယနည်းဖြင့် ကရဏအနက်ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) ဏျပစ္စည်း၏ ကတ္တု သာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ-ဟု ပြုရ မည်ကိုင်း(အဘိဓာနတ္ထ) ဒ-ကို ဒြပြု၊ ဏျပစ္စည်း၌ သုတ်ကြီးဖြင့် ဣ-လာ၍ ဣန္ဒြိယံ-ဟု ရုပ်ပြီးနေ သည်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

ဥပဋ္ဌာနလက္ခဏေ-ဖြင့် ဣန္ဒြေ၏ အစိုးရသော အရာဌာန အာဓာရကို သိစေသည်။(ဘာဝတ္ထ)

(ဂ)တစ်ဝါကျလုံးဖြင့် သတိ စေတသိက်၏ ဣန္ဒြိယမည်ခြင်း၏ အကြောင်းတစ်မျိုးကို သိစေပါ သည်။(ဘာဝတ္ထ)

(ဃ) ဖြင့် သတိန္ဒြိယံပုဒ်ကို သတိဧဝ ဣန္ဒြိယံ သတိန္ဒြိယံ-ဟု အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သတ္တ, ဇီဝ, ဖဿ-တို့သည်ကား ဣန္ဒြေ မမည်၊ သတိသည်သာ ဣန္ဒြေမည်၏ဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

http://www.dhammadownload.com

➢ ❼ ။ **ဥပသာရ နိပါတ်ပုဒ်အနက်** ။ ။ (က) **မတ္တာမေဝ**-၌ မတ္တ-ကား နိဝတ္တာပနာဝစာရဏတ္ထ။ ဧဝ-ကား သန္နိဋ္ဌာနာဝဓာရဏတ္ထ။ (ဂ) **ဥပဋ္ဌာနလက္ခဏော**-၌ ဥပ-ကား ဥပဂမနတ္ထ။ (င) **ပန**-ကား ပက္ခန္တရတ္ထ၊ ဝါကျာရမ္ဘတ္ထ။ **အပိလာပန**-၌ အ-ကား ပဋိသေဓနတ္ထ။ **ဥပဂ္ဂဏှန**-၌ ဥပ-ကား ဓာတွတ္ထဝိသေသက (တနည်း) ဥပဂမနတ္ထ။ **စ**-ကား အညမညသမုစ္စယတ္ထ။ (စ) **ဟိ**-ကား တပ္ပါကဋီကရဏတ္ထ၊ ဝိတ္ထာရတ္ထ။

သရဏမတ္တာမေဝ-၌ (၁) အောက်မေ့ခြင်းကြိယာမျှသည် ဂဟေတဗ္ဗတ္ထ။ (၂) ကရဏသတ္တိ, ကတ္တုသတ္တိသည် နိဝတ္တေတဗ္ဗတ္ထ။ (တနည်း) သတိ၏ ဘာဝသာဓနတို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ကမ္မ, သမ္ပဒါန, အပါဒါန, အဓိကရဏ သာဓနတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ကတ္တု, ကရဏ သာဓနတို့သည် အနုညာတတ္ထ။ **(ခ) သာဝ (ဃ) သတိဧဝ-၌** (၁) သတိသည် ဂဟေတဗ္ဗတ္ထ။ (၂) သတ္တဇီဝ, အတ္တ, ဖဿ, သညာ စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သဒ္ဓါ ဝီရိယ-စသော အခြားသော ဣန္ဒြေထိုက်သော တရားတို့သည် (တနည်း) သတိ၏ ဗိုလ် ဇောဈင် မဂ္ဂင်-စသော ဂုဏ်တို့သည် အနုညာတတ္ထ။

➢ ❽ ။ **ကြိယာဝါးတန်** ။ ။ **(ခ) မုဋ္ဌဿစ္စ-အရ** သတိလွတ်ကင်းသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) အယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) ကာယိကဒုက္ခ, စေတသိကဒုက္ခ ဖြစ်ရခြင်းသည် ပကာသနတ္ထ။ (၄) ဗာလူပသေဝန, အသဒ္ဓမ္မဿဝန စသည်သည် ဝိဘာဝတ္ထ။ (၅) အပါယ်ဒုဂ္ဂတိသို့ ရောက်ရခြင်း စသည်သည် အနုဘာဝတ္ထ။

သယံဝါ သရတိ-ကို ကိုယ်ပြု၍ ။ ။ (၁) **သတိ** ၏ သရဏလက္ခဏာ, သရဏသဘောသည် ဒဿနတ္ထ။ (၂) ထိရသညာသည် ဖလူပစာရတ္ထ-ဒီပကတ္ထ။ (၃) စိရကတ-စသော အာရုံ၏ မပျောက်ပျက်ခြင်းသည် ပထမ ကာရဏူပစာရတ္ထ-ပကာသနတ္ထ။ (၄) ဒွါရ ၆-ပါးမှ စောင့်ရှောက်ခြင်းသည် ဒုတိယ ကာရဏူပစာရတ္ထ ဝိဘာဝတ္ထ။ (၅) သီလသမ္ပတ္တိ အဝိပ္ပဋိသာရ စသည်သည် တတိယ ကာရဏူပစာရတ္ထ အနုဘာဝတ္ထ။

ဒသဝိဓံ ရတနံ ဂေါပယန္တော-အရ = ဘဏ္ဍာစိုး၏ လုံခြုံစေသော အခြင်းအရာအားဖြင့် ဖြစ်သော သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) မင်းပြစ်မင်းဒဏ် ကျရောက်ခြင်းမှ စိုးရိမ်ခြင်းသည် ဒီပကတ္ထ။ (၃) ရတနာတို့၏ ပျောက်ပျက်မှု မရှိခြင်းသည် ပကာသနတ္ထ။ (၄) မိမိ၏ ဘဏ္ဍာဂါရိကအဖြစ်သည် ဝိဘာဝတ္ထ။ (၅) မင်းထံမှ ချီးမြှောက်မှု လာဘသက္ကာရ စသည်သည် အနုဘာဝတ္ထ။

➢ ❶❿ ။ **(က) သရန္တိ တောယ** ။ ။ တောယ-အရ သတိ ပစ္စည်းတရားသည် သရန္တိ အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈) ပစ္စည်း ဖြစ်ပါသည်။

(ဂ) **ကာရေတိ**-အရ သတိ စေတသိက် ပစ္စည်းတရားသည် **သမ္ပယုတ္တဓမ္မ**-အရ သတိကြဉ်သော သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

F-3-B

http://www.dhammadownload.com

(ခ) ကုသလံ စမ္မံ သလ္လက္ခာပေတိ ။ ။ သလ္လက္ခာပေတိ-အရ သတိ ပစ္စည်းတရားသည် ကုသလံ ဓမ္မံ-အရ ယှဉ်ဘက် ကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈) ပစ္စည်း ဖြစ်ပါသည်။

ပါဠိ (၃) [ဋ္ဌ၁၆၅။ ပြည်၊ဒု၊၆၅။ ဘာသာဋီ၊ဒု၊၂၉၉]

(က) အာရမ္မဏေ စိတ္တံ သမ္မာ အာဓိယတိ ဌပေတီတိ သမာဓိ။

(ခ) သောဝ ဝိက္ခေပဿ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(ဂ) အဝိက္ခေပလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သမာဓိယေဝ ဣန္ဒြိယံ သမာဓိန္ဒြိယံ။

(င) လက္ခဏာဒီနိ ပနဿ ဟေဋ္ဌာ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။

➤ ❶ ။ **(က)** (ယော သဘာဝေါ၊အကြင်သဘောတရားသည်)အာရမ္မဏေ၊အာရုံ၌။စိတ္တံ၊ကို။သမ္မာ၊ကောင်းစွာ။အာဓိယတိ ဋ္ဌပေတိ၊ထားတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။(သော သဘာဝေါ၊ထိုသဘော တရားသည်)သမာဓိ၊သမာဓိ မည်၏။ **(ခ)** သောဝ၊ထိုသမာဓိသည်ပင်။ဝိက္ခေပဿ၊ဥဒ္ဓစ္စကို။အဘိဘဝနတော၊နှိပ်နင်းလွှမ်းမိုးတတ်သည်၏အဖြစ်ကြောင့်။အဓိပတိယဋ္ဌေန၊မိမိနှင့်စပ်သော တရားတို့ကို တရားတို့၏ အစိုးရသည်၏အဖြစ် အကြီးအမှူး၏ အဖြစ်ကြောင့်။ဣန္ဒြိယဉ္စ၊ဣန္ဒြေမည်သည်လည်း။ဟောတိ၊၏။

(ဂ) ဝါ၊တနည်းကား။အဝိက္ခေပလက္ခဏေ၊မပျံ့လွင့်ခြင်းလက္ခဏာ၌။ဣန္ဒဋ္ဌံ၊မိမိ၏ အစိုးရသည်၏ အဖြစ်ကို။(သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ် တရားတို့ကို။)ကာရေတိ၊ပြုစေတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဣန္ဒြိယံ၊မည်၏။ **(ဃ)** သမာဓိယေဝ၊သမာဓိသည်ပင်လျှင်။ဣန္ဒြိယံ၊မည်၏။သမာဓိန္ဒြိယံ၊မည်၏။

(င) ပန၊ထိုမှတပါး။အဿ သမာဓိဿ၊ထိုသမာဓိ၏။လက္ခဏာဒီနိ၊လက္ခဏာ စသည်တို့ကို။ဟေဋ္ဌာ၊အောက်ဖြစ်သော ဧကဂ္ဂတာ နိဒ္ဒေသ၌။ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။ (နိ-ဒု၊၆၈)

➤ ❷ ။ **(င) သို့/ ပါပနာဒီ** ။ ။ ဆရာ၊ ဆရာသည် (က-ခ-ဂ-ဃ) တို့ဖြင့် သမာဓိပုဒ်၏ ဝစနတ္ထ, ဣန္ဒြိယပုဒ်၏ ဝစနတ္ထ, သမာဓိန္ဒြိယပုဒ်၏ ဝစနတ္ထကို ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် သမာဓိပုဒ်၏ လက္ခဏာ စသည်ကိုလည်း ဆိုဦးမည်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား သမာဓိပုဒ်၏ လက္ခဏာစသည်ကို ဤ၌ မဆိုသင့်တော့။ ထိုသို့ မဆိုသင့်တော့သောကြောင့် သမာဓိပုဒ်၏ လက္ခဏာ စသည်ကို သိအပ်သောနည်းကို ဆိုသင့်ဆိုတန်၏။ သမာဓိပုဒ်၏ လက္ခဏာ စသည်ကို သိအပ်သောနည်းကို မဆိုဘဲ မနေသင့် မနေတန်။ အဘယ်နည်းဖြင့် သမာဓိပုဒ်၏ လက္ခဏာ စသည်ကို သိအပ်သနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

အဓိပ္ပါယ်ကား- အောက်၌ဆိုအပ်ပြီးသော နည်းဖြင့် သိအပ်၏ဟူလို။

➤ ❸ ။ **(င) ၌ ဝေဒိတဗ္ဗာနိ ထားရခြင်းအကြောင်း** ။ ။ သမာဓိ၏ လက္ခဏာစသည်တို့ကို အောက်ဖြစ်သော ဧကဂ္ဂတာပုဒ်အဖွင့်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ နေယျတ္ထ, ဥပစာရတ္ထ, ဝဏ်တ္ထ, အနေကန္တအားဖြင့် ယူရမည်ဟု ပြလိုသောကြောင့် (င) ၌ ဝေဒိတဗ္ဗာနိ-ကို ထားရပါသည်။

http://www.dhammadownload.com

➤ ❹ ။ အာရမ္မဏေ စိတ္တံ သမ္မာ အာဓိယတိ ဌပေတီတိ **သမာဓိ**။ (၂) သံ-ရှေး အာ-ရှေးရှိသော ဓာ-ဓာတ်+ဣပစ္စည်းသည်ငှင်း၊ အာရုံ၌စိတ်ကို ကောင်းစွာထားခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ် (၄) သမာဓိတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ဝိက္ခိပတီတိ **ဝိက္ခေပေါ**။ (၂) ဝိပုဗ္ဗ ခိပဓာတ်+ဏပစ္စည်းသည်ငှင်း၊ သမ္ပယုတ်တရားတို့ကို အထူးထူးအပြားပြား ပစ်လွှင့်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သမ္ပယုတ်တရားတို့ကို အထူးထူး အပြားပြား ပစ်လွှင့်ခြင်းကြိယာသည် (ဝါ) ဥဒ္ဓစ္စတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။ * န ဝိက္ခပတီတိ **အဝိက္ခေပေါ**။

➤ ❺ ။ **(က)** ၌ သမ္မာ အာဓိယတိ-ဖြင့် သမာဓိပုဒ်၏ သံပုဗ္ဗ အာပုဗ္ဗ ဓာ-ဓာတ်၏ အဖြစ်ကိုင်ငှင်း(ဒု-ဓာတုပဒ) သံ-ဥပသာရ၏ သမ္မာအနက် ဟောသည်၏အဖြစ်ကိုင်ငှင်း(ဥပသဂ္ဂလိင်္ဂတ္ထ) အာ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုင်ငှင်း(ဥပသဂ္ဂလိင်္ဂတ္ထ) သမာဓိ-၌ ဣပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုင်ငှင်း(ဒု-ပစ္စယတ္ထ) သမ္မာ အာဓီယတီတိ သမာဓိ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

ဌပေတိ-ဖြင့် ဓာ-ဓာတ်သည် ဤ၌ ဓာရဏအနက်ကို မဟော၊ အာ-ဥပသာရကြောင့် ဌပနအနက်ကို ဟောသတည်းဟု သိစေပါသည်။(ဓာတွတ္ထ) **အာရမ္မဏေ**-ဖြင့် သမ္မာ အာဓိယတိ=ကောင်းစွာ ထား၏ဟူသည် အာရုံ၌ ကောင်းစွာထားသတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

စိတ္တံ-ဖြင့် သမ္မာ အာဓိယတိ=ကောင်းစွာ ထား၏ဟူသည် စိတ်ကို ကောင်းစွာထားသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ၌ သောဝ-ဖြင့် ဣန္ဒြိယံပုဒ်ကို ဤသတိ အဘိဘဝတီတိ ဣန္ဒြိယံ (တနည်း) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ-ဟု ဝစနတ္ထပြု၍ သမာဓိကိုသာ ကောက်ရသည် (အန္ဒယ) သတ္တဇီဝ စသည်, ဖဿစသည် မကောက်ရ(ဗျတိရေက) ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

ဝိက္ခေပဿ အဘိဘဝနတော အဓိပတိယဋ္ဌေန-ဖြင့် ဣန္ဒြိယံပုဒ်၌ (ဤသ ဓာတ်+ဏျပစ္စည်း) ဤသ-ဓာတ်၏ အဘိဘဝနအနက်ဟောသည်ကိုငှင်း(ဒု-ဓာတွတ္ထ) ဏျပစ္စည်း၏ ကတ္တု သာဓနအနက်၌ သက်သည်ကိုငှင်း (ဒု-ပစ္စယတ္ထ) ဝိက္ခေပံ ဤသတိ အဘိဘဝတီတိ ဣန္ဒြိယံ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ဤသိယံ-ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဣန္ဒြိယံ-ဟု ရုပ်ပြီးနေသည်ကိုငှင်း(ဘာဝတ္ထ) သိ။

(ဂ) ၌ ဣန္ဒဋ္ဌံ ကာရေတိ-ဖြင့် ဣန္ဒြိယံ-၌ (ဣဒိ+ဏျ) ဣဒိဓာတ်၏ ပရမိဿရိယအနက်ကို အတွင်းပြု၍ အတ္တာတိသယနည်းဖြင့် ကရဏအနက်ဟောသည်ကိုငှင်း(ဒု-ဓာတွတ္ထ) ဏျပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ဒ-ကို ဒြပြု၊ ဏျပစ္စည်း၌ သုတ်ကြီးဖြင့် ဏ-လာ၍ ဣန္ဒြိယံ-ဟု ရုပ်ပြီးနေသည်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

(ဃ) ဖြင့် သမာဓိန္ဒြိယံပုဒ်ကို သမာဓိယေဝ ဣန္ဒြိယံ သမာဓိန္ဒြိယံ-ဟု အဝဓာရဏကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်ကိုငှင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သတ္တ, ဇီဝ, ဖဿ-တို့သည်ကား ဣန္ဒြေ

http://www.dhammadownload.com

မမည်၊ သမာဓိသည်သာ ဣန္ဒြေမည်၏ဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

➤ ၇ ။ (က) **သမ္မာ**-ကား ပသံသာအနက်။ **အာဓိယတိ**-၌ အာ-ကား ဓာတွတ္ထဝိသေသက။ (ခ) **စေ**-ကား အဝဓာရဏတ္ထ။ (ခ) **သော**-၌ တ-ကား ရှေ့ဝါကျ၌ ဆိုအပ်ပြီးသော သမာဓိကို စွဲသောကြောင့် ပက္ကန္တဝိသယ။ (င) **အဿ**-၌ တ-ကား ရှေ့ဝါကျ၌ ဆိုအပ်ပြီးသော သမာဓိကို စွဲသောကြောင့် ပက္ကန္တဝိသယ။

သောဝ, သမာဓိယောဝ-တို့၌ (၁) သမာဓိသည် ဂဟေတဗ္ဗတ္ထ။ (၂) သတ္တဇီဝစသည် ဖဿသညာ စသည်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပါမောက္ခလက္ခဏာ, အဝိက္ခေပ လက္ခဏာသည် အနုညာတတ္ထ။ **(င) ဝုတ္တာနုယောနေဝ-၌** (၁) ဝုတ္တနယ=ဆိုအပ်ပြီးသော နည်းသည် ဂဟေတဗ္ဗတ္ထ။ (၂) အဝုတ္တနယ=မဆိုအပ်သေးသော နည်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဆိုအပ်ပြီးသော နည်း၏ ဝုတ္တနယဘောဂုဏ်သည် (ဝါ) သဒိသနယသည် အနုညာတတ္ထ။

➤ ၈ ။ **ကြိယာဝါးတန်** ။ ။ **သမ္မာ အာဓိယတိ, ဥပေတိ, သောဝ-၌ သော, ပနဿ-၌ အဿ-အရ** သမာဓိ(ကေဂ္ဂတာ) ကို ယူ၍ (ပထမအုပ်-၈၀၂-ကြည့်)

(ခ) ဝိက္ခေပဿ-အရ ဥဒ္ဓစ္စ ကို ယူ။ (တနည်း) ဥဒ္ဓစ္စပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) အယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) ကာယိကဒုက္ခ, စေတသိကဒုက္ခ ဖြစ်ရခြင်းသည် ပကာသနတ္ထ။ (၄) ဗာလူပသေဝန, အသဒ္ဓမ္မဿဝန စသည်သည် ဝိဘာဝတ္ထ။ (၅) အပါယ်ဒုဂ္ဂတိသို့ ရောက်ရခြင်း စသည်သည် အနုဘာဝတ္ထ။

➤ ၉ ။ (ခ) **ဝိက္ခေပဿ-အရ** "ဥဒ္ဓစ္စ" ကို ယူ၍ လက္ခဏာဒိစတုက္က ထုတ်လေ။

➤ ၁၀ ။ (က) **ယော သဘာဝေါ-အရ** သမာဓိ(ကေဂ္ဂတာ) ပစ္စည်းတရားသည် သမ္မာ အာဓိယတိ ဥပေတိ-အရ သမာဓိကြဉ် သမာဓိသမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

(ဂ) **ကာရေတိ**-အရ သမာဓိ ပစ္စည်းတရားသည် **သမ္ပယုတ္တဓမ္မ**-အရ သမာဓိသမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

ပါဌ် (၅) [ဋ္ဌ၊၁၆၅။ ပြည်၊ဒု၊၆၅။ ဘာသာဋီ၊ဒု၊၂၉၉]

(က) ပဇာနာတီတိ ပညာ။

(ခ) ကိံ ပဇာနာတိ ? ""ဣဒံ ဒုက္ခ""န္တိ အာဒိနာ နယေန အရိယသစ္စာနိ၊

(ဂ) အဋ္ဌကထာယံ ပန ""ပညာပေတီတိ ပညာ""တိ ဝုတ္တံ၊

(ဃ) ကိန္တိ ပညာပေတီတိ? ""အနိစ္စံ ဒုက္ခံ အနတ္တာ""တိ ပညာပေတိ၊

(င) သာဝ အဝိဇ္ဇာယ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(စ) ဒဿနလက္ခဏေ ဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဆ) ပညာဝ ဣန္ဒြိယံ ပညိန္ဒြိယံ။

http://www.dhammadownload.com

(ဈ) သာ ပနေသာ ဩဘာသနလက္ခဏာစ ပညာ, ပဇာနနလက္ခဏာစ။

(ဉ) ယထာ ဟိ စတုဘိတ္တိကေ ဂေဟေ ရတ္တိဘာဂေ ဒီပေ ဇလိတေ အန္ဓကာရော နိရုဇ္ဈတိ၊ အာလောကော ပါတုဘဝတိ၊ ဧဝမေဝ ဩဘာသနလက္ခဏာ ပညာ။ ပညောဘာသသမော ဩဘာသော နာမ နတ္ထိ။ ပညဝတော ဟိ ဧကပလ္လင်္ကေန နိသိန္နဿ ဒသသဟဿိလောကဓာတု ဧကာလောကာ ဟောတိ။

➢ ❶ ။ **(က)** (ယာ ဓမ္မဇာတိ၊အကြင်တရားသဘောသည်)ပဇာနာတိ၊အပြားအားဖြင့် သိတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။(သာ ဓမ္မဇာတိ၊ထိုတရားသဘောသည်) ပညာ၊ပညာမည်၏။

(ခ) ကိံ၊အဘယ်ကို။ပဇာနာတိ၊သိသနည်း။ဣဒံ၊ဤသည်ကား။ဒုက္ခံ၊ဒုက္ခတည်း။ဣတိ၊သို့။ပဇာနာတိ၊သိ၏။ဣတိ အာဒိနာ၊ဤသို့ အစရှိသော။နယေန၊နည်းဖြင့်။အရိယသစ္စာနိ၊အရိယသစ္စာတို့ကို။ပဇာနာတိ၊၏။

(ဂ) ပန၊အထူးကိုဆိုအံ့။အဋ္ဌကထာယံ၊မဟာအဋ္ဌကထာ၌။ပညာပေတိ၊အပြားအားဖြင့် သိစေ၏။ဣတိ တသ္မာ၊ထို့ကြောင့်။ပညာ၊ပညာ မည်၏။ဣတိ၊သို့။(အာစရိယေန၊အဋ္ဌကထာဆရာသည်)ဝုတ္တံ၊ဆိုအပ်၏။

(ဃ) ကိန္တိ၊အသို့။ပညာပေတိ၊အပြားအားဖြင့် သိစေသနည်း။ဣတိ အယံ၊ဤသည်ကား။ပုစ္ဆာ၊တည်း။ "အနိစ္စံ၊တည်း။ဒုက္ခံ၊တည်း။အနတ္တာ၊အနတ္တတည်း။ဣတိ၊သို့။ပညာပေတိ၊အပြားအားဖြင့် သိစေ၏။

(င) သာဝ ပညာ၊ထိုပညာသည်ပင်လျှင်။အဝိဇ္ဇာယ၊ကို။အဘိဘဝနတော၊နှိပ်နင်း လွှမ်းမိုးတတ်သည်၏ အဖြစ်ကြောင့်။ အဓိပတိယဋ္ဌေန၊မိမိနှင့်စပ်သော တရားတို့ကို တရားတို့၏ အစိုးရ သည်၏အဖြစ် အကြီးအမှူး၏ အဖြစ်ကြောင့်။ဣန္ဒြိယဋ္ဌ၊ဣန္ဒြေမည်သည်လည်း။ဟောတိ၊၏။

(စ) ဝါ၊တနည်းကား။ဒဿနလက္ခဏေ၊မြင်ခြင်းလက္ခဏာ၌။ဣန္ဒဋ္ဌံ၊မိမိ၏ အစိုးရသည်၏ အဖြစ်ကို။ (သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ် တရားတို့ကို။)ကာရေတိ၊ပြုစေတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဣန္ဒြိယံ၊မည်၏။

(ဆ) ပညာဝ၊ပညာသည်သာလျှင်။ဣန္ဒြိယံ၊ဣန္ဒြေမည်၏။ပညိန္ဒြိယံ၊ပညိန္ဒြေ မည်၏။

(ဇ) ပန၊ထိုမှတပါး။သာ ဧသာ ပညာ၊ထိုပညာသည်။ဩဘာသနလက္ခဏာစ၊ထွန်းပြခြင်း လက္ခဏာ ရှိသည်လည်း။ဟောတိ၊၏။ပဇာနနလက္ခဏာစ၊အပြားအားဖြင့် သိခြင်းလက္ခဏာရှိသည်လည်း။ဟောတိ၊၏။

(ဉ) ဟိ၊ထိုစကားကို ထင်စွာ ပြဦးအံ့။စတုဘိတ္တိကေ၊နံရံလေးခုရှိသော။ဂေဟေ၊အိမ်၌။ရတ္တိဘာဂေ၊ ညဥ့်အဖို့၌။ဒီပေ၊ဆီမီးကို။ဇလိတေ၊ထွန်းအပ်သည်ရှိသော်။အန္ဓကာရော၊အမိုက်တိုက်သည်။နိရုဇ္ဈတိ ယထာ၊ချုပ်၏သို့။အာလောကော၊အလင်းသည်။ပါတုဘဝတိ ယထာ၊ထင်ရှားဖြစ်၏သို့။ ဧဝမေဝ၊ဤအတူသာလျှင်။ ပညာ၊သည်။ဩဘာသနလက္ခဏာ၊ထွန်းပြခြင်းလက္ခဏာရှိ၏။ပညောဘာသသမော၊ပညာအရောင်အလင်းနှင့် တူသော။ဩဘာသော နာမ၊အရောင်အလင်းမည်သည်။နတ္ထိ၊မရှိ။ဟိ၊မှန်၏။ဧကပလ္လင်္ကေန၊တခုသော ထက် ဝယ်ဖြင့်။နိသိန္နဿ၊နေသော။ပညဝတော၊ပညာရှိသောသူအား။ဒသသဟဿိလောကဓာတု၊တသောင်းသော စကြဝဠာသည်။ဧကာလောကာ၊တပြိုင်နက်သော အရောင်အလင်းရှိသည်။ဟောတိ၊၏။ (နိ-ဒု၊၆၉)

➢ ❷ ။ **(ခ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က)ဖြင့် အပြားအားဖြင့် သိတတ်သောကြောင့် ပညာမည်၏ဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် အပြားအားဖြင့် သိအပ်သော ဉေယျဓမ္မကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိအပ်, မသိနိုင်ရာသောကြောင့်

http://www.dhammadownload.com

(က)ဖြင့် အပြားအားဖြင့် သိတတ်သောကြောင့် ပညာမည်၏ဟုသာ မဆိုသင့်။ အပြားအားဖြင့် သိအပ်သော ဉေယျဓမ္မကိုလည်း ပြဆိုသင့်သေး၏။ အပြားအားဖြင့် သိအပ်သော ဉေယျဓမ္မကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ခ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ပညာပုဒ်ကို ပဇာနာတီတိ ပညာ ဟု ဝစနတ္ထပြုရသောဟု ပညာပုဒ်၏ ဝစနတ္ထကို ဆိုတော်မူ၏။ ထိုသို့ ဆိုချေသော် ယင်း-ပဇာနာတိဟူသော ဝစနတ္ထ၏ အကျယ်ဝိတ္ထာရ မရှိဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ပဇာနာတိဟူသော ဝစနတ္ထ၏ အကျယ်ဝိတ္ထာရ မရှိသည် မဟုတ်၊ ရှိသည်သာဖြစ်၏။ ယင်းသို့ရှိသည်သာ ဖြစ်သောကြောင့် ယင်းပဇာနာတိဟူသော ဝစနတ္ထ၏ အကျယ်ဝိတ္ထာရကိုလည်း ဆိုသင့်ဆိုတန်၏။ ပဇာနာတိဟူသော ဝစနတ္ထ၏ အကျယ်ဝိတ္ထာရကို မဆိုဘဲ မနေသင့် မနေတန်၊ ယင်းပဇာနာတိဟူသော ဝစနတ္ထ၏ အကျယ်ဝိတ္ထာရကား အဘယ်နည်း။ ဤသို့-ကြောင့် (ခ) မိန့်။ (ဝိရောဓိဒေါသ-တင်)

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ပဇာနာတီတိ ပညာ-ဟု သုဒ္ဓကတ္တုသာဓနဲ ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ရှေးမဟာအဋ္ဌကထာ၌လည်း ဆရာ့နည်းတူ သုဒ္ဓကတ္တုသာဓနဲ ဝစနတ္ထပင် ပြုကြ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ရှေးမဟာအဋ္ဌကထာဝါဒကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ရှေးမဟာအဋ္ဌကထာဝါဒကို အဘယ်သို့ မှတ်ရပါမည်နည်း။ ဤသို့-ကြောင့် (ဂ) မိန့်။

(င)(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) စသော ဝါကျတို့ဖြင့် ပညိန္ဒြိယ်-၌ ပညာဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဣန္ဒြိယ်ဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိအပ်, မသိနိုင်ရာသောကြောင့် ပညာဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုသာ မဆိုသင့်။ ဣန္ဒြိယ်ဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုလည်း ပြဆိုသင့်သေး၏။ ဣန္ဒြိယ်ဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) (စ) ဝါကျတို့ကို မိန့်။

(ဈ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဇ) ဖြင့် ထိုပညာသည် ဩဘာသနလက္ခဏာ ပဇာနနလက္ခဏာရှိ၏ဟု ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ပညာ၏ ဩဘာသနလက္ခဏာရှိပုံကို လောကူပမာဖြင့် ထင်စွာ မပြဆိုပါက မပေါ်လွင် မထင်ရှားသည် မဟုတ်ပါလော။ ထိုသို့ မထင်ရှားလေသောကြောင့် (ဇ) ဖြင့် ထိုပညာသည် ဩဘာသနလက္ခဏာ ပဇာနနလက္ခဏာရှိ၏ဟုသာ မဆိုသင့်။ ပညာ၏ ဩဘာသနလက္ခဏာရှိပုံကို လောကူပမာဖြင့် ထင်စွာပြဆိုသင့်သေး၏။ ပညာ၏ ဩဘာသနလက္ခဏာရှိပုံကို လောကူပမာဖြင့် ထင်စွာပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဈ) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ပညာကို ပဇာနာတိ-ဟု ဖွင့်ရာ၌ ဖြစ်သင့်သော ပုဗ္ဗာဝိသဇ္ဇနာတို့ကို ကိုယ်တိုင်ထုတ်၍ ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ပညာ ၏ အဖွင့်နှင့်ပတ်သက်၍ မဟာအဋ္ဌကထာ-လာ ဝါဒကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

http://www.dhammadownload.com

(ဃ) ဖြင့် ပုစ္ဆာ ဝိဿဇ္ဇနာတို့ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

(ဂ) ၌ ပန–သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ သကဝါဒမှတပါး မဟာအဋ္ဌကထာ အယူဝါဒ အထူးကို ပြလို၍ (ဝါ) ဝိသေသတ္ထဇောတကအဖြစ်ကို ပြလို၍ (ဂ) ၌ ပန–သဒ္ဒါ ထားရပါသည်။

➤ ❾ ။ အရသ်ါတေဟိ ကိလေသေဟိ အာရကာတိ အရိယာ။ ✱ အရတိ အဓိဂစ္ဆတိ မဂ္ဂဖလမေ့တိ **အရိယော**။(အရ+ဏျ) သရတိ အာယတိ ဒုက္ခံ ဟိံသတီတိ **သစ္စံ**။(သရ+စ)

အရိယေဟိ ပဋိဝိဇ္ဈိတဗ္ဗာနိ သစ္စာနိ **အရိယသစ္စာနိ**။ (၂) အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍သိခြင်း၏ သစ္စာတို့နှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။

အရိယာနံ သစ္စာနိ **အရိယသစ္စာနိ**။ (၂) အရိယာတို့၏ သစ္စာနှင့် ဝိသေသန+ဝိသေသျ၊ သာမိ+သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။ (၄) အရိယသစ္စာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အတ္ထော ကထီယတိ ဧတာယာတိ **အဋ္ဌကထာ**။(တဿ) (အတ္ထ–သဒ္ဒူပပဒ ကထဓာတ်+အပစ္စည်း၊ အနက်ကို ဖွင့်ဆိုခြင်းကြိယာ) (တနည်း) (၂) အနက်၏ ဖွင့်ဆိုကြောင်း စကားရပ်နှင့် ကမ္မ+ကမ္မီ၊ အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။ (၄) အဋ္ဌကထာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဘိဒီယတိ ဒွိဓာကရီယတီတိ **ဘိတ္တိ**။ (ဘိဒိဓာတ်+တိပစ္စည်း၊ ခွဲခြင်း, နှစ်ဖြာပြုခြင်းကြိယာ)

စတဿော ဘိတ္တိယော စတုဘိတ္တိ။ စတုဘိတ္တိ ဧတဿ အတ္ထီတိ **စတုဘိတ္တိကံ**။ (၂) စတုဘိတ္တိ ပုဒ်+ကပစ္စည်းသည်ငှင်း၊ နံရံလေးခု၏ အိမ်နှင့် အစိတ်+အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျူပ္ပတ္တိနိမိတ်။ (၄) နံရံလေးခုရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ (တနည်း) နံရံလေးခုရှိသော အိမ်၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

စတဿော ဘိတ္တိယော ဧတဿာတိ **စတုဘိတ္တိကံ**။

အန္ဓံ ကရောတီတိ **အန္ဓကာရော**။ (အန္ဓ–သဒ္ဒူပပဒ ကရဓာတ်+ဏ၊ ပကတိမျက်စိကို ကန်းသကဲ့သို့ ပြုခြင်းကြိယာ) ✱ သြဘာသိယတေ ဒိဗ္ဗတေ သြဘာသနံ။ သြဘာသနံ လက္ခဏံ ဧတဿာတိ **သြဘာသနလက္ခဏာ**။ ✱ ပညာ အဿ အတ္ထီတိ **ပညဝါ**။(ပညာပုဒ်+ဝန္တုပစ္စည်း)

➤ ❿ ။ **(က)** ၌ ပဇာနာတိ-ဖြင့် ပညာ၌ ပပုဗ္ဗ ဉာဓာတ်၏ အဖြစ်ကိုင်း(ဒု–ဓာတုပဒ) အ-ပစ္စည်း သုဒ္ဓကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု–ပစ္စယတ္ထ) ပ–ဥပသာရ၏ ပကာရအနက်ဟော သည်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ပဇာနာတီတိ ပညာ–ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ အရိယသစ္စာနိ-ဖြင့် (က)ဝါကျ ပဇာနာတိကြိယာ၏ သကမ္မကကြိယာ၏ အဖြစ်ကိုင်း (ဘာဝတ္ထ) ယင်းကြိယာ၏ ကံကို အရိယသစ္စာနိ-ဟု ထည့်ရမည်ကိုင်း(ဘာဝတ္ထ၊ သမ္ဗန္ဓတ္ထ) သိ။

(ဂ) ၌ ပညာပေတိ-ဖြင့် ပညာ-၌ ပပုဗ္ဗ ဉာဓာတ်၏ အဖြစ်ကိုင်း(ဒု–ဓာတုပဒ) အ-ပစ္စည်း ဟေတုကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု–ပစ္စယတ္ထ) ပ–ဥပသာရ၏ ပကာရအနက်ဟော သည်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ပညာပေတီတိ ပညာ–ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

http://www.dhammadownload.com

(င) ၌ သာဝ-ဖြင့် ဣန္ဒြိယံပုဒ်ကို ဤသတိ အဘိဘဝတီတိ ဣန္ဒြိယံ (တနည်း) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ-ဟု ဝစနတ္ထပြု၍ ပညာကိုသာ ကောက်ရသည် (အန္ဒယ) သတ္တဇီဝ စသည်, ဖဿစသည် မကောက်ရ(ဗျတိရေက) ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

အဘိဘဝနတော အဓိပတိယဋ္ဌေန-ဖြင့် ဣန္ဒြိယံပုဒ်၌ (ဣသ ဓာတ်+ဏျပစ္စည်း) ဤသ-ဓာတ်၏ အဘိဘဝနအနက်ဟောသည်ကိုငင်း(ဒု-ဓာတွတ္ထ) ဏျပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငင်း (ဒု-ပစ္စယတ္ထ) ဤသတိ အဘိဘဝတီတိ ဣန္ဒြိယံ-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) ဤသိယံ-ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဣန္ဒြိယံ-ဟု ရုပ်ပြီးနေသည်ကိုငင်း(ဘာဝတ္ထ) သိစေပါသည်။

(စ) ၌ ဣန္ဒ၌ ကာရေတိ-ဖြင့် ဣန္ဒြိယံ-၌ (ဣဒိ+ဏျ) ဣဒိဓာတ်၏ ပရမိဿရိယအနက်ကို အတွင်းပြု၍ အတ္ထာတိသယနည်းဖြင့် ကရဏအနက်ဟောသည်ကိုငင်း(ဒု-ဓာတွတ္ထ) ဏျပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စယတ္ထ) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) ဒ-ကို ဒြပြု၊ ဏျပစ္စည်း၌ သုတ်ကြီးဖြင့် ဣ-လာ၍ ဣန္ဒြိယံ-ဟု ရုပ်ပြီးနေသည်ကိုငင်း(ဘာဝတ္ထ) သိစေပါသည်။

(ဆ) ဖြင့် ပညိန္ဒြိယံပုဒ်ကို ပညာဝ ဣန္ဒြိယံ ပညိန္ဒြိယံ-ဟု အဝဓာရဏကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်ကိုငင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သတ္တ, ဇီဝ, ဖဿ-တို့သည်ကား ဣန္ဒြေမည်၊ သမာဓိသည်သာ ဣန္ဒြေမည်၏ဟူသော အဓိပ္ပါယ်ကိုငင်း(ဘာဝတ္ထ) သိစေပါသည်။

➤ **၇** ။ **ဥပသာရ နိပါတ်ပုဒ်အနက်** ။ ။ (က) **ပဇာနာတိ**-၌ ပ-ကား ပကာရတ္ထ။ (ခ) **ကိံ**-ကား ပုစ္ဆနတ္ထ။ **ဣဓ ဒုက္ခန္တိ**-၌ ဣတိ-ကား နိဒဿနတ္ထ။ (ဂ) **ပညာပေတီတိ**-၌ ပ-ကား ပကာရတ္ထ။ **ဣတိ**-ကား ဟေတွတ္ထ။ **ပညာတိ**-၌ ဣတိ-ကား နိဒဿနတ္ထ။ **ပန**-ကား ဝိသေသတ္ထ၊ ပက္ခန္တရတ္ထ။ (ဃ) **ကိန္တိ**-ကား တတိယတ္ထ။ (တနည်း) ကိံ-ကား ပုစ္ဆနတ္ထ။ ဣတိ-ကား အဝဓာရဏတ္ထ **ပညပေတီတိ**-၌ ဣတိ-ကား နိဒဿနတ္ထ။ **အနိစ္စံ**-၌ အ-ကား ပဋိသေဓတ္ထ။ **အနတ္တာ**-၌ အန(န) ကား ပဋိသေဓတ္ထ။ **အနတ္တာတိ**-၌ ဣတိ-ကား နိဒဿနတ္ထ။ (ဈ) **ယထာဟိ**-၌ ဟိ-ကား တပ္ပါကဋီ ကရဏတ္ထ (ဝါ) ဝိတ္ထာရတ္ထ။ **ပညဝတော ဟိ**-၌ ဟိ-ကား ယုတ္တိဒဠှီကရဏဇောတက။

သာဝ, ပညာဝ-၌ (၁) ပညာသည် ဂဟေတဗ္ဗတ္ထ။ (၂) ပညာမှတပါး ဖဿ စသည်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပညာ၏ အရိယသစ္စာတို့ကို အပြားတို့ဖြင့် သိခြင်း၊ ဝေနေယျသတ္တဝါကို အရိယသစ္စာတို့ကို သိစေခြင်းဂုဏ်သည် အနုညာတတ္ထ။

➤ **၈** ။ **ကြိယာဝါးတန်** ။ ။ **ပဇာနာတိ, ပညာ-အရ** = (၁) **ပညာ**စေတသိက်သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (တနည်း) ဣန္ဒြိယပရိပါက, ကိလေသာဒူရီဘာဝသည် ဒီပကတ္ထ။ (၃) အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီးခြင်းသည် ပကာသနတ္ထ။ (၄) သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။(အကြောင်း) (၅) အရိယသစ္စာတို့ကို ထင်ရှားအောင်ပြုခြင်း-စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

အဝိဇ္ဇာယ-အရ "မောဟ" ကို ယူ၍ (၁) ထိုမောဟသည် ဒဿနတ္ထ။ (၂) အာသဝေါ တရား

http://www.dhammadownload.com

တို့၏ ဖြစ်ခြင်းသည် ဒီပကတ္ထ။ (၃) ဇရာ, မရဏတို့ဖြင့် အမြဲမပြတ်နှိပ်စက်ခံရခြင်းသည် ဝိဘာဝတ္ထ။ (၄) အဝိဇ္ဇာဖြစ်သဖြင့် ကမ္မဘဝ, သင်္ခါရတို့ကို အားထုတ်ခြင်းသည် ပကာသနတ္ထ။ (၅) ပဋိသန္ဓေဝိညာဉ် ဖြစ်ခြင်းစသော အဆက်မပြတ် သံသရာစက်လည်ရခြင်းသည် အနုဘာဝတ္ထ။

(တနည်း) (၁) စိတ္တဿ အနုဘာဝလက္ခဏာသည် ဒဿနတ္ထ။ (၂) အယောနိသော မနသိကာရ ပဒဋ္ဌာန်သည် ဒီပကတ္ထ။ (၃) အသမ္ပဋိဝေဓသမ္ပတ္တိရသသည် ပကာသနတ္ထ။ (၄) အာရမ္မဏသဘာဝစ္ဆာဒန ကိစ္စရသသည် ဝိဘာဝတ္ထ။ (၅) အသမ္မာပဋိပတ္တိပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

➤ ၁၀ ။ **(ခ) အရိယသစ္စာနိ** -အရ အရိယသစ္စာဟူသော အာရုံ ပစ္စည်းတရားသည် **ပဇာနာတိ**-အရ ပညာ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ မိ၊ ဥပ၊ ပု၊ အတ္ထိ၊ အဝိဂတ (၆) ပစ္စည်း။

(ဂ) ဝုတ္တံ ။ ။ ဝုတ္တံ-၌ ဝစဓာတ်အရ ဉာဏ် ပညာ ပစ္စည်းတရားသည် ထိုဝုတ္တံ-၌ တ-ပစ္စည်းနှင့် ဇတ် ဝစန်-အရ ပညာပေတိတိ ပညာ-ဟူသော ဝစီဘေဒသဒ္ဒရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ မိ၊ သဟ၊ နိ၊ ဣံ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၉)

(စ) **ကာရေတိ**-အရ ပညာ ပစ္စည်းတရားသည် **သမ္ပယုတ္တဓမ္မေ**-အရ ပညာသမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ မိ၊ သဟ၊ ည၊ နိ၊ ဣံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀)

ပါဌ (၅) [ဋ္ဌ၁၆၆။ ပြည်၊ဒု၆၈။ ဘာသာဋီ၊ဒု၁၀၂]

(က) မနတီတိ မနော၊ (ခ) ဝိဇာနာတီတိ အတ္ထော၊

(ဂ) အဋ္ဌကထာစရိယာ ပနာဟု ""နာဠိယာ မိနမာနော ဝိယ, မဟာတုလာယ ဓာရယ မာနော ဝိယစ အာရမ္မဏံ မိနတိ ပဇာနာတီတိ မနော""တိ၊

(ဃ) တဒေဝ မနနလက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ၊

(င) မနောဝ ဣန္ဒြိယံ မနိန္ဒြိယံ၊ (စ) ဟေဋ္ဌာ ဝုတ္တစိတ္တသောဝေတံ ဝေဝစနံ၊

➤ ၁ ။ **(က)** (ယော သဘာဝေါ၊အကြင်သဘောတရားသည်။အာရမ္မဏံ၊အာရုံကို။) မနတိ၊သိတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။(သော သဘာဝေါ၊ထိုသဘောတရားသည်) မနော၊မန မည်၏။

(ခ) ဝိဇာနာတိ၊သညာ, ပညာတို့မှ ထူးသောအားဖြင့် သိတတ်၏။(ဝါ) ပိုင်းခြား၍သိခြင်း, လက်ဦးသိခြင်း၏ အစွမ်းအားဖြင့် သိတတ်၏။ဣတိ အယံ၊ဤသည်ကား။အတ္ထော၊အနက်တည်း။

(ဂ) ပန၊အထူးကိုဆိုအံ့။(တနည်း) ပန၊ ဝါဒန္တရကား။အဋ္ဌကထာစရိယာ၊ရှေးအဋ္ဌကထာ ဆရာတို့သည်။ အာဟု၊ဆိုကုန်ပြီ။(ကိံ၊အဘယ်သို့။အာဟု၊ဆိုကုန်သနည်း။)နာဠိယာ၊ကွမ်းစားခွက်ဖြင့်။မိနမာနော ဝိယ၊ခြင်သူကဲ့သို့၎င်း။မဟာတုလာယ၊ကြီးစွာသော ချိန်ခွင်ဖြင့်။ဓာရယမာနော ဝိယစ၊နှိုင်းချိန်သကဲ့သို့၎င်း။အာရမ္မဏံ၊ အာရုံကို။မိနတိ၊နှိုင်းချိန်တတ်၏။ပဇာနာတိ၊သိတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။မနော၊မန မည်၏။ဣတိ၊ ဤသို့။အာဟု၊ဆိုကုန်ပြီ။

(ဃ) တဒေဝ၊ထိုမနသည်ပင်လျှင်။မနနလက္ခဏေ၊သိခြင်းလက္ခဏာ၌။ဣန္ဒဋ္ဌံ၊မိမိ၏ အစိုးရသည်၏

http://www.dhammadownload.com

အဖြစ်ကို။(သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ်တရားတို့ကို။)ကာရေတိ၊ပြုစေတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဣန္ဒြိယံ၊ မည်၏။ **(င)** မနောဝ၊မနသည်ပင်လျှင်။ဣန္ဒြိယံ၊မည်၏။မနိန္ဒြိယံ၊မည်၏။

(စ) တေ၊ ဤမနိန္ဒြိယဟူသော ပုဒ်သည်။ဟေဋ္ဌာ၊အောက်၌။ဝုတ္တစိတ္တသဒ္ဒ၊ဆိုအပ်ပြီးသော စိတ်၏သာလျှင်။ဝေဝစနံ၊ဝေဝုစ်ပရိယာယ်တည်း။

➢ ❷ ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က)ဖြင့် သိတတ်သောကြောင့် မနမည်သောဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် မနတိ–၌ သိ၏ဟူသည် သညာ, ပညာကဲ့သို့ သဉ္ဇာနန ပဋိဝိဇ္ဈနန၏ အစွမ်းဖြင့် သိ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် မနတိ–၌ သိပုံအခြင်းအရာကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ မနတိ–၌ သိပုံအခြင်းအရာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား– (ခ) ဖြင့် မနတိ–၌ သိ၏ဟူသည် သညာ, ပညာကဲ့သို့ သဉ္ဇာနန ပဋိဝိဇ္ဈနန၏ အစွမ်းဖြင့် သိသည် မဟုတ်၊ အာရုံကို ပိုင်းခြား၍ ယူသည်၏အစွမ်းဖြင့် သိ၏ဟု ငါပြဆိုပါ၏ဟူလို။

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် မနတီတိ မနော– ဟု ဝစနတ္ထပြုရမည်ဟု ဖွင့်ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ရှေးမဟာအဋ္ဌကထာ ဆရာတို့သည်လည်း ဆရာနည်းတူ မနဓာတ်+အပစ္စည်းဖြင့်ပင် ဝစနတ္ထပြုကြ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ရှေးမဟာအဋ္ဌကထာဝါဒ အထူးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်၊ နေချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ရှေးမဟာအဋ္ဌကထာဝါဒ အထူးကား အဘယ်ပါနည်း။ ဤသို့–ကြောင့် (ဂ) မိန့်။

(စ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် မနိန္ဒြိယံပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် မနိန္ဒြိယံဟူသော ပုဒ်သည် အောက်၌ ဟောတော်မူအပ်ပြီးသော စိတ္တံဟူသော ပုဒ်နှင့် မတူထူးခြား ကွဲပြား၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် မနိန္ဒြိယံပုဒ်သည် မည်သည့်ပုဒ်၏ ဝေဝုစ်ဖြစ်သည်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား ပုနရုတ္တိဒေါသ, နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ မနိန္ဒြိယံပုဒ်သည် မည်သည့်ပုဒ်၏ ဝေဝုစ်ဖြစ်ပါသနည်း။ ဤသို့ မေးဖွယ်ဖြစ်သောကြောင့် (စ) မိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် မနတိ–အရ သညာသိ, ပညာသိကို မယူရ၊ ဝိညာဏ်သိကို ယူရမည်ဟု ပြသောကြောင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ (တနည်း) ဝစနတ္ထမှတစ်ပါး အဓိပ္ပါယတ္ထကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ (တနည်း) သင်္ခေပ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် အယူဝါဒအထူးကို ပြသဖြင့် လိုအပ်သော အနက်အဓိပ္ပါယ်နှံ့စပ်သောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ (တနည်း) ဝိသေသဝါကျဖြစ်ခြင်းကြောင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ+င)** ဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် ပုနရုတ္တိ, နိရတ္ထက

http://www.dhammadownload.com

ဒေါသတို့ကို ပယ်ပါသည်။

(ဂ) ၌ ပန-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ သကဝါဒမှတပါး မဟာအဋ္ဌကထာဝါဒ အထူးကို ပြလို၍ (ဝါ) ဝိသေသဓောတကအဖြစ်ကို ပြလို၍ ပန-သဒ္ဒါ ထားရပါသည်။

➤ ❺ ။ အတ္ထော ကထီယတိ ဧတာယာတိ အဋ္ဌကထာ။ (အတ္ထ-ကထ+အ) အဋ္ဌကထံ ကရောန္တီတိ အဋ္ဌကထာကာရာ။ သိဿာနံ ဟိတံ အာစရန္တီတိ အာစရိယာ။ အာဒရေန စရိတဗ္ဗာ ဥပဋ္ဌာတဗ္ဗာတိ ဝါ အာစရိယာ။(အာပုဗ္ဗ စရ+ယ) အဋ္ဌကထာကာရာစ တေ အာစရိယာစာတိ **အဋ္ဌကထာစရိယာ**။

(၂) အဋ္ဌကထာကို ပြုတတ်ကုန်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏+ဆရာတို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျူပွတ္တိနိမိတ်။ (၄) အဋ္ဌကထာဆရာတို့၏ တစ်ပါးသည် တစ်ပါးနှင့်တူ သော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

တုလယတိ သံဃာမ္မေသု ပတိဋ္ဌာတီတိ **တုလာ**။(တလ+အ) တုလယတိ မိဏာတိ ဧတာယာတိ ဝါ **တုလာ**။ (တုလဓာတ်+အပစ္စည်း၊ ချိန်တွယ်ခြင်းကြိယာ)

မဟတီ တုလာ **မဟာတုလာ**။(တာယ) (၂) ကြီးသော ဂုဏ်၏ ချိန်ခွင်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျူပွတ္တိနိမိတ်။ (၄) ကြီးသော ချိန်ခွင်၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

နဋ္ဌတိ တဏ္ဍုလာဒယော ဗန္ဓတီတိ **နာဋ္ဌိ**။ (၂) နဋ္ဌဓာတ်+ဣဏ်ပစ္စည်းသည်ငှင်း၊ နှောင်ဖွဲ့ခြင်း ကြိယာသည်ငှင်း ဖျူပတ္တိနိမိတ်။ (၄) နှောင်ဖွဲ့ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဧကော အတ္ထော ပုနပ္ပုနံ ဝုစ္စတိ အနေနာတိ **ဝေဝစနံ**။ (ဝိပုဗ္ဗ ဝစဓာတ်+ယုပစ္စည်း၊ အဖန်ဖန် ဆိုခြင်းကြိယာ)

➤ ❻ ။ **(က)** ၌ မနတိ-ဖြင့် မနော-၌ မနဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) မနတီတိ မနော-ဟု ပြုရမည်ကိုငှင်း(အဘိဓာ နတ္ထ) သိစေပါသည်။

(ခ) ၌ ဝိဇာနာတိ-ဖြင့် မနတိ-၌ သိ၏ဟူသည် သညာ, ပညာတို့ကဲ့သို့ သဉ္ဇာနန ပဇာနန၏ အစွမ်းဖြင့် သိသည် မဟုတ်၊ အာရုံကို ပိုင်းခြား၍ ယူသည်၏အစွမ်းဖြင့် သိ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ) (တနည်း) ဝိဇာနာတိ-ဖြင့် မနတီတိ မနော-အရ သညာသိ, ပညာသိကို မယူရ၊ ဝိညာဏ်သိကိုသာ ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ၌ မိနတိ-ဖြင့် မနော-၌ မိဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ယု-ပစ္စည်း၏ ကတ္တုသာဓန အနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) မိနတီတိ မနော-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

အာရမ္မဏံ-ဖြင့် နှိုင်းချိန်ခြင်းဟူသည် အာရုံကို နှိုင်းချိန်ခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။(ဘာဝတ္ထ) **ပဇာနာတိ**-ဖြင့် အာရုံကို ချင့်ချိန်တတ်၏ဟူသည် အာရုံကို အပြားအားဖြင့် သိခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(ဃ) ၌ တဒေဝ-ဖြင့် မနိန္ဒြိယံ-၌ ဣန္ဒြိယံ-အရ သတ္တ, ဇီဝ, ဖဿ စသည်တို့ကို မယူရ၊ မန

http://www.dhammadownload.com

ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

ဣန္ဒြေ ကာရေတိ-ဖြင့် ဣန္ဒြိယံ-၌ (ဣဒိ+ဏျ) ဣဒိဓာတ်၏ ပရမိဿရိယအနက်ကို အတွင်းပြု၍ အတ္ထာတိသယနည်းဖြင့် ကရဏအနက်ဟောသည်ကိုငင်း(ဒု-ဓာတွတ္ထ) ဏျပစ္စည်း၏ ကတ္တု သာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စယတ္ထ) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) ဒ-ကို ဒြပြု၊ ဏျပစ္စည်း၌ သုတ်ကြီးဖြင့် ဣ-လာ၍ ဣန္ဒြိယံ-ဟု ရုပ်ပြီးနေသည်ကိုငင်း(ဘာဝတ္ထ) သိ။

(င) ဖြင့် မနိန္ဒြိယံပုဒ်ကို မနောဝ ဣန္ဒြိယံ မနိန္ဒြိယံ-ဟု အဝဓာရဏကမ္မဓာရယသမာသ် ဝစနတ္ထပြုရမည်ကိုငင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သတ္တ, ဇီဝ, ဖဿ-တို့သည်ကား ဣန္ဒြေ မမည်၊ မနသည်သာ ဣန္ဒြေမည်၏ဟူသော အဓိပ္ပါယ်ကိုငင်း(ဘာဝတ္ထ) သိစေပါသည်။

(စ) ဖြင့် မနိန္ဒြိယသဒ္ဒါသည် အောက်၌ ဟောအပ်ပြီးသော စိတ်၏သာ ဝေဝစ် ပရိယာယ်ဖြစ်သည်၊ အရကောက် အဘိဓေယျတ္ထ အထူးမရှိဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ၊ ဘာဝတ္ထ)

➤ **၇** ။ **ဥပသာရ နိပါတ်ပုဒ်အနက်** ။ ။ (ခ) **ဝိဇာနာတိ**-၌ ဝိ-ကား ဝိသေသတ္ထ, ပရိစ္ဆိန္နတ္ထ။ (ဂ) **မန**-ကား ဝိသေသတ္ထ, ပက္ခန္တရတ္ထ။ **ဝိယ**-ကား ပဋိဘာဂတ္ထ။ **ဝေဝစနံ**-၌ ဝိ-ကား ဝိဝိဓအနက်။

(ယ) တဒေဝ (င) မနောဝ-၌ (၁) မနသည် ဂဟေတဗ္ဗတ္ထ။ (၂) ဖဿ စသည်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) မန၏ အာရုံကို သိခြင်းဂုဏ်သည် အနုညာတတ္ထ။ (တနည်း) (၁) မနသည် ဂဟေတဗ္ဗတ္ထ။ (၂) သတ္တ, ဇီဝ, အတ္တ, ဖဿ, သညာ စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သတိ, ပညာ-စသော အခြားသော ဣန္ဒြေထိုက်သော တရားတို့သည် အနုညာတတ္ထ။ **ဝုတ္တာစိတ္တသောဝ-၌** (၁) ဆိုအပ်ပြီးသော စိတ်သည် ဂဟေတဗ္ဗတ္ထ။(ဝါ) ဖဿပဥ္စမကာရာသိ၌ စိတ္တသဒ္ဒါဖြင့် ညွှန်ပြအပ်သော စိတ်သည် ဂဟေတဗ္ဗတ္ထ။ (၂) ဖဿ, ဝေဒနာ စသည်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) မနိန္ဒြိယ-သဒ္ဒါဖြင့် ညွှန်ပြအပ်သော စိတ္တဟူသော အမည်သည် အနုညာတတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(ဂ) အာဟု-၌ ပြုဓာတ်အရ** = မဟာအဋ္ဌကထာဆရာတို့၏ သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) “နာဠိယာ မိနမာနော ဝိယ”စသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (၄) သဒ္ဒမ္မသဝန စသည်သည် ဝိဘာဝတ္ထ။ (၅) သောတုဇနတို့အား သုတမယ ဉာဏ် ဖြစ်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(စ) ဝုတ္တံ-၌ အန္တတ္ထ ဝစဓာတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို (ဝါ) ဒေသနာဉာဏ်ပြဋ္ဌာန်း သော မဟာကြိယာ ဉာဏ်သမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။

➤ **၁၀** ။ **အဋ္ဌကထာစရိယာ+အာဟု** ။ ။ အာဟု-ဝယ် ပြုဓာတ်-အရ ဒေသနာဉာဏ် ပစ္စည်းတရားသည် အဋ္ဌကထာစရိယာ-အရ ထိုနှင့်ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ ခိ၊ သဟ၊ ည၊ နိ၊ ဣ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိ။

အာဟု-၌ ပြုဓာတ်-အရ ဒေသနာဉာဏ် ပစ္စည်းတရားသည် အဋ္ဌကထာစရိယာ-အရ စိတ္တဇရုပ်

http://www.dhammadownload.com

ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ ဓိ၊ သဟ၊ နိ၊ ဣ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၉) ပစ္စည်း ဖြစ်ပါသည်။

အာဟာ-ဝယ် မြူခာတ်-အရ ဒေသနာဉာဏ် ပစ္စည်းတရားသည် အဋ္ဌကထာစရိယာ-အရ ထိုနှင့်ယှဉ်ဘက် ဉာဏသမ္ပယုတ္တဓမ္မနှင့် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ ဓိ၊ သဟ၊ နိ၊ ဣ၊ မဂ်၊ အတ္ထိ၊ အဝိဂတ (၈) ပစ္စည်း ဖြစ်ပါသည်။

ပါဠိ (၆) [ဋ္ဌ၊၁၆၆။ ပြည်၊ဒု၊၉၉။ ဘာသာဋီ၊ဒု၊၃၀၃]

(က) ပီတိသောမနဿ သမ္ပယောဂတော သောဘနံ မနော အဿာတိ သုမနော။

(ခ) သုမနဿ ဘာဝေါ သောမနဿံ။

(ဂ) သာတလက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သောမနဿမေဝ ဣန္ဒြိယံ သောမနဿိန္ဒြိယံ။

(င) ဟေဋ္ဌာ ဝုတ္တဝေဒနာယေဝေတံ ဝေဝစနံ။

➤ **၁** ။ **(က)** အဿ ပုဂ္ဂလဿ၊ထိုပုဂ္ဂိုလ်အား။ပီတိသောမနဿ သမ္ပယောဂတော၊ပီတိဖြင့် မှတ်အပ်သော သောမနဿနှင့် ယှဉ်ခြင်းကြောင့်။သောဘနံ၊တင့်တယ်သော။မနော၊စိတ်သည်။အတ္ထိ၊ရှိ၏။ ဣတိ တသ္မာ၊ထို့ကြောင့်။(သော ပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်) သုမနော၊သုမန မည်၏။ (တနည်း) အဿ ပုဂ္ဂလဿ၊ထိုပုဂ္ဂိုလ်အား။ပီတိသောမနဿ သမ္ပယောဂတော၊ပီတိနှင့်ယှဉ်သော သောမနဿနှင့် သမ္ပယုတ်ဖြစ်ခြင်းကြောင့်။သောဘနံ၊တင့်တယ်သော။မနော၊စိတ်သည်။အတ္ထိ၊ရှိ၏။ဣတိ တသ္မာ၊ထို့ကြောင့်။(သော ပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်) သုမနော၊သုမန မည်၏။

(ခ) သုမနဿ၊တင့်တယ်သော စိတ်ရှိသော ပုဂ္ဂိုလ်၏။ဘာဝေါ၊အဖြစ်တည်း။သောမနဿံ၊တင့်တယ်သော စိတ်ရှိသော ပုဂ္ဂိုလ်၏ အဖြစ်။ **(ဂ)** သာတလက္ခဏေ၊သာယာအပ်သော လက္ခဏာ၌။(ဝါ) သာယာခြင်း လက္ခဏာ၌။ဣန္ဒဋ္ဌံ၊မိမိ၏ အစိုးရသည်၏ အဖြစ်ကို။(သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ် တရားတို့ကို။)ကာရေတိ၊ ပြုစေတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဣန္ဒြိယံ၊မည်၏။

(ဃ) သောမနဿမေဝ၊သောမနဿသည်ပင်လျှင်။ဣန္ဒြိယံ၊မည်၏။သောမနဿိန္ဒြိယံ၊မည်၏။

(င) ဧတံ၊ဤသောမနဿိန္ဒြိယံဟူသော ပုဒ်သည်။ဟေဋ္ဌာ၊အောက်၌။ဝုတ္တဝေဒနာယေဝ၊ဟောတော်မူ အပ်ပြီးသော ဝေဒနာ၏။ဝေဝစနံ၊ဝေဝုစ်ပရိယာယ်တည်း။

➤ **၂** ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သုမနောပုဒ်ကို သောဘနံ မနော အဿာတိ သုမနော-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရသောဟု ဝစနတ္ထကို ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် သောမနဿံပုဒ်ကို သုမနောယေဝ သောမနဿံ-ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရ မည်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား သောမနဿံပုဒ်ကို သွတ္ထတဒ္ဓိတ် ဝစနတ္ထပြု ရမည် မဟုတ်၊ ယင်းသို့ မဟုတ်ဖြစ်သောကြောင့် သောမနဿံပုဒ်၏ ဖြစ်သင့်သော ဝစနတ္ထကို ဆိုသင့် ဆိုတန်၏။ သောမနဿံပုဒ်၏ ဖြစ်သင့်သော ဝစနတ္ထကို မဆိုဘဲ မနေသင့် မနေတန်။ သောမနဿံပုဒ် ကို အဘယ်ဝစနတ္ထပြုရမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

http://www.dhammadownload.com

(ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် သောမနဿိန္ဒြိယ်-ဟု ဟောတော်မူ၏။ ဤသို့ပင် ဟောသော်လည်း အောက်၌ ဟောအပ်ပြီးသော ဝေဒနာပုဒ်နှင့် အဘိဓေယျတ္ထ အထူးမရှိသည် မဟုတ်ပါလော။ ထိုသို့ အထူးမရှိလေသောကြောင့် သောမနဿိန္ဒြိယ်-ဟုသာ မဆိုသင့်။ ဝေဒနာပုဒ်နှင့် အဘိဓေယျတ္ထမထူးဘဲ ဝေဝုစ်ပရိယာယ်ဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏။ ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➢ ❷ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် မနိန္ဒြိယ်ပုဒ်၏ အဖွင့်မှတပါး သုမနောပုဒ်၏ အဖွင့်ကိုပြသောကြောင့် အဗျာပိတဒေါသကို ပယ်သည်။ **(ခ)** ဖြင့် သုမနောပုဒ်၏ ဝစနတ္ထမှတပါး သောမနဿ ပုဒ်၏ ဝစနတ္ထကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ပုနရုတ္တိ, နိရတ္ထက ဒေါသတို့ကို ပယ်ပါသည်။

➢ ❹ ။ ပီတိစ သောမနဿဉ္စ ပီတိသောမနဿံ။/ပီတိယာ ဥပလက္ခိတံ ဝါ သောမနဿံ **ပီတိသောမနဿံ**။ (၂) ပီတိ၏ မှတ်အပ်သော သောမနဿနှင့် လက္ခဏ လက္ချ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပီတိ သောမနဿတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆို အပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။ * ပီတိယာ ယုတ္တံ သောမနဿံ **ပီတိသောမနဿံ**။

သမ္ပယုဇ္ဇန် သမ္ပယောဂေါ။ ပီတိသောမနဿေန သမ္ပယောဂေါ **ပီတိသောမနဿသမ္ပယောဂေါ**။ (၂) ပီတိဖြင့် မှတ်အပ်သော သောမနဿ၏ (ဝါ) ပီတိနှင့်ယှဉ်သော သောမနဿ၏ ယှဉ်ခြင်းနှင့် ဂုဏ်+ ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပီတိဖြင့် မှတ်အပ်သော သောမနဿနှင့် ယှဉ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

➢ ❻ ။ **(က)** ၌ သောဘနံ မနော အဿာတိ-ဖြင့် သောမနဿံ၌ သုမနော-ဝယ် သု-ဥပ သာရပုဒ်၏ သောဘဏအနက် ဟောသည်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) သောဘနံ မနော အဿာတိ သုမနော ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

ပီတိသောမနဿသမ္ပယောဂတော-ဖြင့် သောဘနံ-၌ တင့်တယ်၏ဟူသည် ပီတိဖြင့် မှတ်အပ် သော သောမနဿနှင့် ယှဉ်ခြင်းကြောင့် တင့်တယ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။(ဘာဝတ္ထ)

(ခ) ဖြင့် သောမနဿံ-၌ ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) သုမနဿ ဘာဝေါ သောမနဿံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ၌ ဣန္ဒဋ္ဌံ ကာရေတီ-ဖြင့် ဣန္ဒြိယံ-၌ (ဣဒိ+ဏျ) ဣဒိဓာတ်၏ ပရမိဿရိယအနက်ကို အတွင်းပြု၍ အတ္ထာတိသယနည်းဖြင့် ကရဏအနက်ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) ဏျပစ္စည်း၏ ကတ္တု သာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဒ-ကို ဒြပြု၊ ဏျပစ္စည်း၌ သုတ်ကြီးဖြင့် ဣ-လာ၍ ဣန္ဒြိယံ-ဟု ရုပ်ပြီးနေ သည်ကိုင်း(ဘာဝတ္ထ) သိ စေပါသည်။

(ဃ) ဖြင့် သောမနဿိန္ဒြိယံပုဒ်ကို သောမနဿမေဝ ဣန္ဒြိယံ သောမနဿိန္ဒြိယံ-ဟု အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သတ္တ, ဇီဝ, ဖဿ-တို့သည်ကား

http://www.dhammadownload.com

ဣန္ဒြေ မမည်၊ သောမနဿသည်သာ ဣန္ဒြေမည်၏ဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

➤ **၇** ။ **(ဃ) သောမနဿမေဝ–၌** ။ ။ (၁) သောမနဿသည် ဂဟေတဗ္ဗတ္ထ။ (၂) သတ္တ, ဇီဝ, အတ္တ, ဖဿ, သညာ စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပညာ, မန-စသော အခြားဣန္ဒြေထိုက်သော တရားတို့သည် (ဝါ) သောမနဿ၏ အခြားအမည်ဖြစ်ကောင်းသော ဝေဒနာ–စသော ဂုဏ်သည် အနုညာတတ္ထ။ **(င) ဝုတ္တာဝေဒနာယေဝ–၌** (၁) ဆိုအပ်ပြီးသော ဝေဒနာသည် ဂဟေတဗ္ဗတ္ထ။ (၂) ဖဿ, သညာ စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **ပီတိကိုယူ၍ ထုတ်ပုံ** ။ ။ (၁) ပီတိသည် ဒဿနတ္ထ။ (၂) ပါမောဇ္ဇသည် ဒီပကတ္ထ။ (၃) ပဿဒ္ဓိသည် ပကာသနတ္ထ။ (၄) သုခသည် ဝိဘာဝတ္ထ။ (၅) သမာဓိ, ယထာဘူတဉာဏ်, နိဗ္ဗိဒါ, ဝိရာဂ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနသည် အနုဘာဝတ္ထ။(ကြောင်း-၁၊ကျိုး-၃)

➤ **၁ ၀** ။ **(က) သောဘနံ မနော+အဿ** ။ ။ သောဘနံ မနော–အရ တင့်တယ်သော စိတ် ပစ္စည်းတရားသည် အဿ–အရ ကျန် နာမက္ခာ ၃–ပါး စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= မိ၊ သဟ၊ အည၊ နိ၊ အာဟာ၊ ဣံ၊ သမ်၊ ဝိပ်၊ အတ္ထိ၊ အဝိ(၁၀)

သောမနဿ သမ္ပယောဂတော သောဘနံ မနော ။ ။ သောမနဿ–အရ ဝေဒနာ ပစ္စည်းတရားသည် သမ္ပယောဂတော သောဘနံ မနော–အရ စိတ် ပစ္စယုပ္ပန်တရားအား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ အည၊ နိ၊ ဣံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

(ခ) သုမနဿ+ဘာဝေါ+သောမနဿံ ။ ။ ဘာဝေါ–အရ သောမနဿ ဝေဒနာ ပစ္စည်းတရားသည် သုမနဿ–အရ သောမနဿ ဝေဒနာကြဉ်သော သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ အည၊ နိ၊ ဣံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိ(၈)

(ဂ) **ကာရေတိ**–အရ သောမနဿ ဝေဒနာ ပစ္စည်းတရားသည် **သမ္ပယုတ္တဓမ္မဟူသော ပါဠိသေသ ကံပုဒ်–အရ** သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ အည၊ နိ၊ ဣံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

ပါဌ (ရ) [ဋ္ဌ၊၁၆၇။ ပြည်၊ဒု၊၆၉။ ဘာသာဋီ၊ဒု၊၃၀၄]

(က) ဇီဝန္တိ တေန တံ သမ္ပယုတ္တကာ ဓမ္မာတိ ဇီဝိတံ။

(ခ) အနုပါလနလက္ခဏေ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဂ) ဇီဝိတမေဝ ဣန္ဒြိယံ ဇီဝိတိန္ဒြိယံ။

(ဃ) တံ ပဝတ္တသန္တတာဓိပတေယျံ ဟောတိ။

(င) လက္ခဏာဒီဟိ ပန အတ္တနာ အဝိနိဘုတ္တာနံ ဓမ္မာနံ အနုပါလနလက္ခဏံ ဇီဝိတိန္ဒြိယံ။ တေသံ ပဝတ္တနရသံ၊ တေသံယေဝ ဌပန ပစ္စုပဋ္ဌာနံ၊ ယာပယိတဗ္ဗဓမ္မပဒဋ္ဌာနံ။

(စ) သန္တေပိစ အနုပါလနလက္ခဏာဒိမှိ ဝိဓာနေ အတ္ထိက္ခဏေယေဝ တံ တေ ဓမ္မေ အနုပါလေတိ, ဥဒကံ ဝိယ ဥပ္ပလာဒီနိ။ ယထာသကံပစ္စယုပ္ပန္နေပိစ ဓမ္မေ ပါလေတိ ဓာတီ ဝိယ၊ ကုမာရံ သယံ ပဝတ္တိတဓမ္မသမ္ဗန္ဓေနေဝစ ပဝတ္တတိ နိယာမကော ဝိယ။

F-4-A

http://www.dhammadownload.com

(ဆ) န ဘဂ်ဝော ဉဒ္ဓံ ပဝတ္တာယတိ အတ္တနောစ ပဝတ္တာယိတဗ္ဗာနန္တ အဘာဝါ။

(ဇ) န ဘင်္ဂက္ခဏေ ဌပေတိ သယံ ဘိဇ္ဇမာနတ္တာ၊ ခီယမာနော ဝိယ ဝဋ္ဋိသိနေဟော ဒီပသိခံ။

➤ ❶ ။ **(က)** တေန ဓမ္မဇာတေန၊ဤတရားသဘောဖြင့်။သမ္ပယုတ္တကာ၊သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာ၊တို့သည်။ဇီဝန္တိ၊အသက်ရှင်တတ်ကုန်၏။ဣတိ တသ္မာ၊ထိုသို့ ရှင်ကြောင်း၏ အဖြစ်ကြောင့်။တံ ဓမ္မဇာတံ၊ထိုတရားသဘောသည်။ဇီဝိတံ၊ဇီဝိတ မည်၏။ **(ခ)** အနုပါလနလက္ခဏော၊သဟဇာတ်တရားတို့ကို အစဉ်စောင့်ခြင်း လက္ခဏာဉ္။ဣန္ဒဋ္ဌံ၊မိမိ၏ အစိုးရသည်၏ အဖြစ်ကို။(သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ်တရား တို့ကို။) ကာရေတိ၊ပြုစေတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဣန္ဒြိယံ၊မည်၏။

(ဂ) ဇီဝိတမေဝ၊ဇီဝိတသည်ပင်လျှင်။ဣန္ဒြိယံ၊မည်၏။ဇီဝိတိန္ဒြိယံ၊မည်၏။

(ဃ) တံ ဇီဝိတိန္ဒြိယံ၊ထိုဇီဝိတိန္ဒြေသည်။ပဝတ္တသန္တတာဓိပတေယျံ၊မပြတ်မစဲ ဖြစ်တတ်သည်ဖြစ်၍ ပဝတ္တ-ဟုဆိုအပ်သော ဉပါဒါနက္ခန္ဓာ အစဉ်၌ အစိုးရသည်ဖြစ်၍ ဖြစ်သည်။ဟောတိ၊၏။

(င) ပန၊ထိုမှတပါး။လက္ခဏာဒီဟိ၊လက္ခဏာ စသည်တို့ဖြင့်။ဇီဝိတိန္ဒြိယံ၊ဇီဝိတိန္ဒြေသည်။အတ္တနာ၊မိမိ နှင့်။သဒ္ဓိံ၊တကွ။အဝိနိဗ္ဘုတ္တာနံ၊မခွဲခြမ်း မဝေဘန်အပ်ကုန်သော။ဓမ္မာနံ၊ရုပ် နာမ်တရားတို့ကို။အနုပါလနလက္ခဏံ၊ အစဉ်စောင့်ခြင်း လက္ခဏာ ရှိ၏။ တေသံ၊ထိုအဝိနိဗ္ဘုတ္တဖြစ်သော ရုပ် နာမ်တရားတို့၏။(ဝါ) သဟဇာတ် ဖြစ်သော ရုပ်နာမ်တရားတို့၏။ပဝတ္တနရသံ၊တည်ခြင်းကိစ္စရှိ၏။တေသံယေဝ၊ထိုသဟဇာတ်ဖြစ်သော ရုပ် နာမ် တရားတို့ကိုပင်လျှင်။ဌပနပစ္စုပဋ္ဌာနံ၊ဉပါဒ်မှ ဘင်တိုင်အောင် ထားတတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ယာပယိတဗ္ဗဓမ္မပဒဋ္ဌာနံ၊မိမိစောင့်ခြင်း၏အစွမ်းအားဖြင့် မျှစေအပ် တည်စေအပ်သော ရုပ်နာမ်တရားလျှင် နီးစွာသော အကြောင်းရှိ၏။

(စ) စ၊ဆက်၍ဆိုဦးအံ့။အနုပါလနလက္ခဏာဒိမှိ၊အနုပါလနလက္ခဏာ ပဝတ္တနရသ-စသော။ဝိဓာနေ၊ အစီအရင်သည်။သန္တေပိစ၊ရှိသော်လည်း။အတ္ထိက္ခဏေယေဝ၊မိမိစောင့်အပ်သော တရား မိမိရှိစဉ်ခဏ၌သာလျှင်။ တံ၊ထိုဇီဝိတိန္ဒြေသည်။တေ ဓမ္မေ၊ထိုရုပ် နာမ်တရားတို့ကို။အနုပါလေတိ၊အစဉ်စောင့်၏။ဉဒကံ၊ရေသည်။ ဉပ္ပလာဒီနိ၊ကြာ စသည်တို့ကို။အနုပါလေတိ ဝိယ၊အစဉ်စောင့်၏သို့တည်း။ စ၊ဆက်၍ဆိုအံ့။ယထာသကံ ပစ္စယုပ္ပန္နေပိ၊အကြင် အကြင် မိမိဉစ္စာဖြစ်သော အကြောင်းကြောင့် ဖြစ်ကုန်သော်လည်း။ဓမ္မေ၊ရုပ် နာမ် တရားတို့ကို။ပါလေတိ၊စောင့်တတ်၏။ဓာတိ၊အထိန်းသည်။ကုမာရံ၊မင်းသားကို။ပါလေတိ ဝိယ၊စောင့်၏သို့ တည်း။ ✳ စ၊ဆက်။သယံ ပဝတ္တိတဓမ္မသမ္ဗန္ဓေနေဝ၊မိမိသည် ဖြစ်စေအပ်သော ရုပ်နာမ်တရားနှင့် စပ် သဖြင့် သာလျှင်။ဇီဝိတံ၊ အသက်သည်။ပဝတ္တတိ၊တည်၏။နိယာမကော၊လှေသူကြီးသည်။(အတ္တနာ၊မိမိသည်။ ပဝတ္တိတ နာဝါသမ္ဗန္ဓေန၊ တည်စေအပ်သော လှေနှင့် စပ်သဖြင့်။)ပဝတ္တတိ ဝိယ၊တည်၏သို့တည်း။

(ဆ) ပမာ ပမေ ထင်ရှားစေလျှက် ။ ။ စ၊ဆက်။အနုပါလနလက္ခဏာဒိမှိ၊အနုပါလနလက္ခဏာ အစရှိသော။ဝိဓာနေ၊အစီအရင်သည်။သန္တေပိ၊ရှိပါသော်လည်း။ဉဒကံ၊ရေသည်။ဉပ္ပလာဒီနိ၊ကြာ အစရှိသည်တို့ကို။ အနုပါလေတိ ဝိယ၊စောင့်ရှောက်သကဲ့သို့။(တထာ၊ထို့အတူ) အတ္ထိက္ခဏေယေဝ၊အနုပါလေတဗ္ဗတရားတို့၏ ထင်ရှားရှိဆဲ ခဏ၌သာလျှင်။တံ၊ထိုဇီဝိတိန္ဒြေသည်။တေ ဓမ္မေ၊ထို တကွဖြစ်ဖက် တရားတို့ကို။အနုပါလေတိ၊ စောင့်ရှောက်၏။ ✳ စ၊သည်သာမကသေး။ဓာတိ၊အထိန်းသည်။ကုမာရံ၊သတို့သားကို။ပါလေတိ ဝိယ၊စောင့်

http://www.dhammadownload.com

ရှောက်သကဲ့သို့။(တထာ၊ထို့အတူ) ယထာသက်ပစ္စယုပ္ပန္နေပိ၊အကြင် အကြင် မိမိဥစ္စာဟူသော အကြောင်းကြောင့် ဖြစ်ရသည်လည်းဖြစ်ကုန်သော။ဓမ္မေ၊တကွဖြစ်ဖက်တရားတို့ကို။ပါလေတိ၊စောင့်ရှောက်၏။ ✱၊ စ၊သည်သာ မကသေး။နိယာမကော၊လှေသူကြီးသည်။(သယံ ပဝတ္တိတ နာဝါသမ္ဗန္ဓေန၊မိမိသည် ဖြစ်စေအပ်သော လှေနှင့် စပ်သဖြင့်။ပဝတ္တတိ ဝိယ၊ဖြစ်တည်နိုင်သကဲ့၊တထာ၊ထို့အတူ။) သယံ ပဝတ္တိတဓမ္မသမ္ဗန္ဓေနေဝ၊မိမိသည် ဖြစ်စေအပ်သော တရားနှင့် စပ်သဖြင့်သာလျှင်။ပဝတ္တတိ၊ဖြစ်တည်နိုင်၏။ (ဘာဋီ-၃၊၃၀၅)

(ဆ) ဘင်္ဂတော၊ဘင်မှ။ဥဒ္ဓံ၊အထက်၌။န ပဝတ္တယတိ၊မတည်စေ။(ကသ္မာ၊အဘယ့်ကြောင့်နည်း ဟူမူကား) အတ္တနော၊မိမိ၏၊ငင်း။ပဝတ္တယိတဗ္ဗာနဉ္စ၊တည်စေအပ်သော တရားတို့၏၊ငင်း။အဘာဝါ၊မရှိခြင်းကြောင့်တည်း။ **(ဇ)** ဘင်္ဂက္ခဏေ၊ဘင်ခဏ၌။န ဌပေတိ၊မထားတတ်။(ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား) သယံ ဘိဇ္ဇမာနတ္တာ၊မိမိ၏ ပျက်ဆဲ၏ အဖြစ်ကြောင့်တည်း။ခီယမာနော၊ကုန်ဆဲသော။ဝဋ္ဋိသိနေဟော၊မီးစာဆီသည်။ဒီပသိခံ၊မီးလျှံကို။န ဌပေတိ ဝိယ၊မထားနိုင်၏သို့တည်း။

(ဇ) ဥပမာအပြင်ထုတ် ။ ။ ဘင်္ဂက္ခဏေ၊ဘင်ခဏ၌။န ဌပေတိ၊သဟဇာတ်တရားတို့ကို တည်တံ့အောင် မထားနိုင်။(ကသ္မာ၊အဘယ့်ကြောင့်နည်း) သယံ၊မိမိဟူသော ဇီဝိတိန္ဒြေက။ဘိဇ္ဇမာနတ္တာ၊ပျက်ဆဲ၏ အဖြစ်ကြောင့်တည်း။(ကော ဝိယ၊အဘယ်ကဲ့သို့နည်း)ခီယမာနော၊ကုန်ခန်းဆဲဖြစ်သော။ဝဋ္ဋိသိနေဟော၊မီးစာဆီသည်။ဒီပသိခံ၊ဆီမီးလျှံကို။န ဌပေတိ၊တည်တံ့အောင် မထားနိုင်သကဲ့သို့တည်း။(ဘာဋီ-၃၊၃၀၆)

➤ ❷ ။ **(ဃ) သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဇီဝိတိန္ဒြေပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဇီဝိတိန္ဒြေက အစိုးရသော တရားတို့ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ (တနည်း) ဇီဝိတိန္ဒြေသည် အဘယ်တရား၏ အကြီးအကဲဖြစ်သည်ဟု မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိအပ် မသိနိုင်ရာသောကြောင့် (ဂ) ဖြင့် ဇီဝိတိန္ဒြေပုဒ်၏ ဝစနတ္ထကိုသာ မဆိုသင့်။ ဇီဝိတိန္ဒြေက အစိုးရသော တရားတို့ကို ပြဆိုသင့်သေး၏။ ဇီဝိတိန္ဒြေသည် အဘယ်တရားတို့ကို အစိုးရပါသနည်း။ (တနည်း) ဇီဝိတိန္ဒြေက အကြီးအကဲဖြစ်သော တရားတို့ကိုလည်း ပြဆိုသင့်သေး၏။ ဇီဝိတိန္ဒြေသည် အဘယ်တရား၏ အကြီးအကဲဖြစ်ပါသနည်း။ (ဃ) မိန့်။

အဓိပ္ပါယ်ကား- ဇီဝိတိန္ဒြေသည် အဆက်မပြတ်ဖြစ်သော ခန္ဓာအစဉ်၏ အကြီးအကဲဖြစ်၏ဟူလို။

(င) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ)(ဃ) ဝါကျတို့ဖြင့် ဇီဝိတိန္ဒြိယံပုဒ်၏ ဝစနတ္ထ အဓိပ္ပါယတ္ထတို့ကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် လက္ခဏာဒျတ္ထသည်လည်း ရှိသင့်သည် မဟုတ်ပါလော။ ထိုသို့ရှိသင့်လေသောကြောင့် ဇီဝိတိန္ဒြိယံပုဒ်၏ ဝစနတ္ထ အဓိပ္ပါယတ္ထတို့ကိုသာ မဆိုသင့်။ ယင်းဇီဝိတိန္ဒြေ၏ လက္ခဏာ စသည်ကိုလည်း ပြဆိုသင့်သေး၏။ ယင်းဇီဝိတိန္ဒြေ၏ လက္ခဏာ စသည်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(တနည်း) **[အတ္ထနာ အဝိနိဘုတ္တာနံ ဓမ္မာနံ-ကို၍]** (ပ) ချေသော် ရုပ်ဇီဝိတ, နာမ်ဇီဝိတ နှစ်ပါး၏ သမာနလက္ခဏာ စသည်ကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် ဇီဝိတိန္ဒြိယံပုဒ်၏ ဝစနတ္ထ အဓိပ္ပါယတ္ထတို့ကိုသာ မဆိုသင့်။ ရုပ်ဇီဝိတ, နာမ်ဇီဝိတ နှစ်ပါး၏ သမာနလက္ခဏာ စသည်ကိုလည်း ပြဆိုသင့်သေး၏။ ရုပ်ဇီဝိတ, နာမ်ဇီဝိတ နှစ်ပါး၏ သမာန

F-4-B

http://www.dhammadownload.com

လက္ခဏာ စသည်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(စ) သို့/ ပါပနာဒိ ပဋ္ဌက ။ ။ ဆရာ၊ ဆရာသည် (င)ဖြင့် ဓိဝိတိန္ဒြေသည် အနုပါလနလက္ခဏာ ရှိ၏ စသည်ဖြင့် ဓိဝိတိန္ဒြေ၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်တို့ကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဓိဝိတိန္ဒြေ၏ အနုပါလနလက္ခဏာရှိပုံကို ဥပမာ ဥပမေယျတို့ဖြင့် ထင်ရှားစွာ မသိအပ် မသိနိုင်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေ သောကြောင့် ဓိဝိတိန္ဒြေ၏ အနုပါလနလက္ခဏာရှိပုံကို ဥပမာ ဥပမေယျတို့ဖြင့် ထင်စွာပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ဓိဝိတိန္ဒြေ၏ အနုပါလနလက္ခဏာရှိပုံကို ဥပမာ ဥပမေယျတို့ဖြင့် ထင်စွာပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ် ရှိသောကြောင့် (စ) မိန့်။

(တနည်း) **[အတ္တိက္ခဏေယေဝ–ကို့ရှ]** ဆရာ၊ ဆရာသည် (င) ဖြင့် ဓိဝိတိန္ဒြေသည် မိမိနှင့်တကွ မဝေဘန် မခွဲခြားအပ်ကုန်သော ရုပ်နာမ်တရားတို့ကို အစဉ်စောင့်ရှောက်ခြင်း လက္ခဏာရှိသောဟု ဆိုတော်မူ ၏။ ထိုသို့ဆိုချေသော် ရုပ်နာမ်တရားတို့သည် မချုပ်တော့ဘဲ အမြဲတည်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ဓိဝိတိန္ဒြေက စောင့်ရှောက်ထားစေကာမူ ရုပ်နာမ်တရားတို့သည် မချုပ်ဘဲ အမြဲတည်ခြင်း သည် မဖြစ်သင့်။ ယင်းသို့မဖြစ်သင့်သောကြောင့် ဓိဝိတိန္ဒြေက ရုပ်နာမ်တရားတို့ကို စောင့်ရှောက်ရာအခါ ကို ဆိုသင့်ဆိုတန်၏။ ဓိဝိတိန္ဒြေက ရုပ်နာမ်တရားတို့ကို စောင့်ရှောက်ရာအခါကို မဆိုဘဲ မနေသင့် မနေတန်။ အဘယ်အခါ၌ ဓိဝိတိန္ဒြေက ထိုရုပ်နာမ်တရားတို့ကို အစဉ်စောင့်ရှောက်ပါသနည်း။(စ)မိန့်။

(ဆ) သို့/ ဓိဝိတိန္ဒြေ၏ လက္ခဏာမှတပါး ရသကို ထင်စွာပြလို၍ (ဆ) မိန့်။

(ဇ) သို့/ ဓိဝိတိန္ဒြေ၏ ရသမှတပါး ပစ္စုပဋ္ဌာန်ကို ထင်စွာပြလို၍ (ဇ) မိန့်။

➤ **❸** ။ **ဒေါသပယ်** ။ ။ **(ဃ)** ဖြင့် ဓိဝိတိန္ဒြေက အစိုးရသော တရားတို့ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် ဓိဝိတိန္ဒြေ၏ အနုပါလနလက္ခဏာရှိပုံ (ဝါ) ဓိဝိတိန္ဒြေ၏ စောင့်ရှောက်ပုံ အခြင်းအရာကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

(စ) သန္တေပိ–၌ ပိ(အပိ) ထားရခြင်းအကြောင်း ။ ။ သဟဇာတ်တရားတို့၏ ဋ္ဌီခဏ ထင်ရှားခိုက်၌သာ မချုပ်ပျက်အောင်စောင့်ရှောက်၏ဟု ဓိဝိတိန္ဒြေကို ချီးမြှောက်ခြင်း သမ္ဘာဝနာကို ပြလို သောကြောင့် သန္တေပိ–၌ ပိ(အပိ)ကို ထားရပါသည်။

ယထာသကံပစ္စယုပ္ပန္နေပိ–၌ ပိ(အပိ) ထားရခြင်းအကြောင်း ။ ။သဟဇာတ်တရားတို့ကို မိမိသည် မဖြစ်စေသော်လည်း အကြောင်းအားလျော်စွာဖြစ်သော သဟဇာတ်တရားတို့ကို ဋ္ဌီခဏ၌ဖြစ်တည် ခြင်းရှိအောင် စောင့်ရှောက်၏ဟု ဓိဝိတိန္ဒြေကို ချီးမြှောက်ခြင်း သမ္ဘာဝနာအနက်ကို ပြလို၍–ထားသည်။

➤ **❹** ။ ပဝတ္တတီတိ **ပဝတ္တံ**။ ပုဗ္ဗာပရဝသေန သမ္ဗန္ဓာ တနောတိ ပဝတ္တတီတိ **သန္တတိ**။ (သံပုဗ္ဗ တနု+တိ) ပဝတ္တံ စေဝ သန္တတိ ပဝတ္တသန္တတိ။/ ပဝတ္တံစ တံ သန္တတိ စာတိ **ပဝတ္တသန္တတိ**။ အဓိပတိမေဝ အာဓိပတေယျံ။(အဓိပတိပုဒ်+ဏေယျ) ပဝတ္တသန္တတိယာ အာဓိပတေယျံ **ပဝတ္တသန္တတာ ဓိပတေယျံ**။ (၂) မပြတ်မစဲဖြစ်သည်ဖြစ်၍ 'ပဝတ္တ'ဟုဆိုအပ်သော ဥပါဒိန္နကခန္ဓာ အစဉ်၏ အစိုးရသော

http://www.dhammadownload.com

ဓိဝိတိန္ဒြေနှင့် ဌာန+ဌာနီ သံ+သာမီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (တနည်း) အဆက်မပြတ်ဖြစ်သော ခန္ဓာအစဉ်၏ အကြီးအကဲဖြစ်သော ဓိဝိတိန္ဒြေနှင့် သံ+သာမီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဓိဝိတိန္ဒြေ၏ ပဝတ္တ-ဟုဆိုအပ်သော ဥပါဒိန္နက ခန္ဓာအစဉ်၌ အစိုးရသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် (တနည်း) အဆက်မပြတ်ဖြစ်သော ခန္ဓာအစဉ်၏ အကြီးအကဲ၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဝိနိဘုဇ္ဇန္တေတိ ဝိနိဘုတ္တော။/ ဝိနိဘုဥ္စိယန္တေတိ **ဝိနိဘုတ္တာ**။ (၂)ဝိ-ရှေး နိ-ရှေးရှိသော ဘုဇဓာတ် +တပစ္စည်းသည်ငှင်း၊ အသီးသီး ခွဲခြားခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သဟဇာတ်တရားတို့၏ အတူတကွဖြစ်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

န ဝိနိဘုတ္တာ **အဝိနိဘုတ္တာ**။ (၂) န-အရ ပဋိသေဓဘောဂုဏ်၏ မခွဲခြမ်း မဝေဘန်အပ်ကုန်သော တရားတို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အသီးအခြား မခွဲခြမ်း မဝေဘန်အပ်သောတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ ✱ အနုပါလနဝသေန ယာပယိတဗ္ဗာတိ **ယာပယိတဗ္ဗာ**။(ယပ+ဏာယ-တဗ္ဗ)

ယာပယိတဗ္ဗာဝေ ဓမ္မာ ယာပယိတဗ္ဗဓမ္မာ။ ယာပယိတဗ္ဗဓမ္မာ ပဒဋ္ဌာနံ အဿာတိ **ယာပယိတဗ္ဗဓမ္မ ပဒဋ္ဌာနံ**။ (၂) ယာပယိတဗ္ဗဓမ္မပဒဋ္ဌာန်၏ ဓိဝိတိန္ဒြေနှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ယာပယိတဗ္ဗဓမ္မပဒဋ္ဌာန်ရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ ✱ ဥန္ဒတိ ဒြဝံ ကရောတီတိ **ဥဒကံ**။(ဥဒိ+ဏ္ဍု)

ကုမာရေ ဓာရေတီတိ **ဓာတိ**။ (ဓာ-ဓာတ်+တိပစ္စည်း၊ ဆောင်ခြင်းကြိယာ)

ဥဒကံ ပိဝတီတိ **ဥပ္ပလံ**။ (ဥပုဗ္ဗ ပါဓာတ်+အလပစ္စည်း၊ သောက်ခြင်းကြိယာ)

နိယစ္ဆတိ ပေါတန္တိ **နိယာမကော**။ (နိပုဗ္ဗ ယမုဓာတ်+ဏ္ဍုပစ္စည်း၊ လှေသူကြီး)

➤ **❻** ။ **(က)** ၌ ဓိဝန္တိ တေန-ဖြင့် ဓိဝိတံ-၌ ဓိဝဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) တ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဓိဝန္တိ တေနာတိ ဓိဝိတံ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ဓိဝိတမှတပါး အသက်ရှင်ကြောင်း ကရိဏ်းမရှိ၊ ဓိဝိတသည်ပင် အသက်ရှင်ကြောင်း ကရိဏ်းဖြစ်၏ဟူသော အဓိပ္ပါယ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

(ခ) ၌ ဣန္ဒန္တ္ထံ ကာရေတိ-ဖြင့် ဣန္ဒြိယံ-၌ (ဣဒိ+ဏျ) ဣဒိဓာတ်၏ ပရမိဿရိယအနက်ကို အတွင်းပြု၍ အတ္တာတိသယနည်းဖြင့် ကရဏအနက်ဟောသည်ကိုငှင်း(ဒု-ဓာတွတ္ထ) ဏျပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ဒ-ကို ဒြပြု၊ ဏျပစ္စည်း၌ သုတ်ကြီးဖြင့် ဣ-လာ၍ ဣန္ဒြိယံ-ဟု ရုပ်ပြီးနေသည်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ဓိဝိတိန္ဒြိယံပုဒ်ကို ဓိဝိတမေဝ ဣန္ဒြိယံ ဓိဝိတိန္ဒြိယံ-ဟု အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုငှင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သတ္တ, ဓိဝ, ဖဿ-တို့သည်ကား ဣန္ဒြေ မမည်၊ ဓိဝိတသည်သာ ဣန္ဒြေမည်၏ဟူသော အဓိပ္ပါယ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

http://www.dhammadownload.com

➢ **၇** ။ **ဥပသာရ နိုပါတ်ပုဒ်အနက်** ။ ။ (ဃ) **ပဝတ္တာ**-၌ ပ-ကား ပဗန္ဓတ္ထ။ **အဓိပတေယျံ**-၌ အဓိ-ကား ဣဿရတ္ထ။ (င) **ပနု**-ကား ပက္ကန္တရတ္ထ။ (စ) **သန္ဓေပိ**-၌ ပိ-ကား အရုစျတ္ထ, ဂရဟတ္ထ။ စ-ကား ဝါကျာရမ္ဘတ္ထ။ **ပစ္စယုပ္ပန္နေပိစ-၌ စ/သမ္ပန္နေနေဝစ-၌** စ-ကား ဝါကျာရမ္ဘတ္ထ၊ ပက္ကန္တရတ္ထ။ **ဝိယ**-ကား ပဋိဘာဂတ္ထ။

(ဂ) ဓိဝိတာဓမေဝ-၌ (၁) ဓိဝိတသည် ဂဟေတဗ္ဗတ္ထ။ (၂) သတ္တ, ဇီဝ, အတ္တ, ဖဿ, သညာ စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သတိ, ဝီရိယ-စသော တစ်ပါးသော ဣန္ဒြေထိုက်သော တရားတို့သည် အနုညာတတ္ထ။ (တနည်း) (၁) ဓိဝိတသည် ဂဟေတဗ္ဗတ္ထ။ (၂) ဓိဝိတကြဉ် ကျန်ဣန္ဒြေထိုက်သော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဓိဝိတ၏ အခြားအမည် ဖြစ်ကောင်းသော အာယု, ဋ္ဌိတိ-စသော ဂုဏ်သည် အနုညာတတ္ထ။

တေသံယေဝ-၌ (၁) သဟဇာတရုပ်, နာမ်တရားတို့သည် ဂဟေတဗ္ဗတ္ထ။ (၂) တကွဖြစ်ဘက် မဟုတ်သော ရုပ်နာမ်တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ရှေးရှေးဓိဝိတသည် မိမိ၏နောက်၌ အလားတူ သဟဇာတ်တရားတို့ ဖြစ်ဖို့ရန် ကျေးဇူးပြုနိုင်ခြင်းသည် အနုညာတတ္ထ။

(စ) အတ္ထိက္ခဏေယေဝ-၌ (၁) အနုပါလေတဗ္ဗတရားတို့၏ ထင်ရှားရှိဆဲခဏသည် ဂဟေတဗ္ဗတ္ထ။ (၂) အနုပါလေတဗ္ဗတရားတို့၏ ထင်ရှားရှိဆဲ မဟုတ်သော ခဏသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အနုပါလန လက္ခဏာသည် အနုညာတတ္ထ။

➢ **၈** ။ **ကြိယာဝါးတန်** ။ ။ **ပဝတ္တသန္တတိ-အရ**- ဥပါဒိန္နကခန္ဓာ အစဉ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) ကမ္မဝဋ္ဋဟုဆိုအပ်သော ကံသည် ဒီပကတ္ထ။ (၃) ဆင်းရဲ ချမ်းသာ ခံစားရခြင်း၊ သောက ဒုက္ခ စသည်သည် ပကာသနတ္ထ။ (၄) ကိလေသာဟု ဆိုအပ်သော ကိလေသဝဋ္ဋသည် ဝိဘာဝတ္ထ။ (၅) သံသရာ၌ ကျင်လည်ရခြင်း စသည်သည် အနုဘာဝတ္ထ။

(စ) တေ ဓမ္မေ-အရ = ဓိဝိတ၏ သမ္ပယုတ်တရားတို့ကို ယူ၍ (၁) ထိုသည် ဒဿနတ္ထ။ (၂) ဓိဝိတိန္ဒြေသည် ဒီပကတ္ထ။ (၃) ဥပါဒ်ခဏ ဋ္ဌီခဏ၌တည်ခြင်းသည် ပကာသနတ္ထ။ (၄) ဝတ္ထု အာရုံ စိတ်တို့သည် ဝိဘာဝတ္ထ။ (၅) တစ်ဘဝအတွက် စုတိတိုင်အောင်ငင်း၊ သတ္တဝါတစ်ယောက်အတွက် ပရိနိဗ္ဗာန်စံသည့်တိုင်အောင်ငင်း အဆက်ဆက်ကျေးဇူးပြုနိုင်ခြင်းသည် အနုဘာဝတ္ထ။

➢ **၁၀** ။ **ဓိဝန္တိ+တေန+တံ သမ္ပယုတ္တကာ ဓမ္မာ** ။ ။ တေန-အရ ဓိဝိတိန္ဒြေ ပစ္စည်းတရားသည် ဓိဝန္တိ-အရ သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်း ဖြစ်ပါသည်။

တံ သမ္ပယုတ္တကာ ဓမ္မာ-အရ နာမက္ခန္ဓာ ၁-ပါး ၃-ပါး ၂-ပါး ပစ္စည်းတရားသည် ဓိဝန္တိ-အရ နာမက္ခန္ဓာ ၃-ပါး ၁-ပါး ၂-ပါး ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၆) ပစ္စည်း ဖြစ်ပါသည်။

(င) အတ္တနာ+အဝိနိဘုတ္တာနံ ဓမ္မာနံ ။ ။ အတ္တနာ-အရ ရုပ်ဓိဝိတိန္ဒြေ ပစ္စည်းတရားသည် အဝိနိဘုတ္တာနံ ဓမ္မာနံ-အရ ရုပ်ဓိဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားအား ရူပ ဓိဝိ

http://www.dhammadownload.com

တိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယအဝိဂတ၊

အညွှနာ-အရ နာမ်ဇီဝိတိန္ဒြေ ပစ္စည်းတရားသည် **အဝိနိဘုတ္တာနံ ဓမ္မာနံ**-အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်း ဖြစ်ပါသည်။

(ခ) တေ ဓမ္မေ+အနုပါလေတိ ။ ။ အနုပါလေတိ-အရ ဇီဝိတိန္ဒြေ ပစ္စည်းတရားသည် တေ ဓမ္မေ-အရ သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်း ဖြစ်ပါသည်။

အနုပါလေတိ-အရ ဇီဝိတိန္ဒြေ ပစ္စည်းတရားသည် **တေ ဓမ္မေ**-အရ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ နိ၊ ဣ၊ ဝိပ် အတ္ထိ၊ အဝိဂတ (၆) ပစ္စည်း။

ပါဠိ (၈) [ဌ၁၆၇။ ပြည်၊ဒု၊၇၂။ ဘာသာဋီ၊ဒု၊၃၀၆]

(က) သမ္မာဒိဋ္ဌိအာဒီသု ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ၊ အဘိနိရောပနဋ္ဌေန သမ္မာသင်္ကပ္ပေါ၊ ပဂ္ဂဟနဋ္ဌေန သမ္မာဝါယာမော၊ ဥပဋ္ဌာနဋ္ဌေန သမ္မာသတိ၊ အဝိက္ခေပနဋ္ဌေန သမ္မာသမာဓိတိ ဝေဒိတဗ္ဗော။

(ခ-၁) ဝစနတ္ထော ပန သမ္မာ ပဿတိ, သမ္မာ ဝါ တာယ ပဿန္တီတိ သမ္မာဒိဋ္ဌိ။ (ခ-၂) သမ္မာ သင်္ကပ္ပေတိ သမ္မာ ဝါ တေန သင်္ကပ္ပေန္တီတိ သမ္မာသင်္ကပ္ပေါ။ (ခ-၃) သမ္မာ ဝါယာမတိ, သမ္မာ ဝါ တေန ဝါယမန္တီတိ သမ္မာဝါယာမော။ (ခ-၄) သမ္မာ သရတိ, သမ္မာ ဝါ တာယ သရန္တီတိ သမ္မာသတိ။ (ခ-၅) သမ္မာ သမာဓိယတိ, သမ္မာ ဝါ တေန သမာဓိယန္တီတိ သမ္မာသမာဓိ။

(ဂ) အပိစ ပသတ္ထာ သုန္ဒရာ ဝါ ဒိဋ္ဌိ သမ္မာဒိဋ္ဌီတိ ဣမိနာပိ နယေန တေသံ ဝစနတ္ထော ဝေဒိတဗ္ဗော။ (ဃ) လက္ခဏာဒီနိ ပန ဟေဋ္ဌာ ဝုတ္တာနေဝ။

➤ **၁** ။ **(က)** သမ္မာဒိဋ္ဌိအာဒီသု၊သမ္မာဒိဋ္ဌိ ဤသို့ အစရှိသောပုဒ်တို့၌။(အတ္ထော၊အနက်ကို။ ဇဝံ၊ဤသို့။ဝေဒိတဗ္ဗော၊သိအပ်၏။) (သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊မဘောက်မပြန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သည်၏ အဖြစ်ဖြင့်။)ဒဿနဋ္ဌေန၊မြင်တတ်သည်၏အဖြစ်ကြောင့်။သမ္မာဒိဋ္ဌိ၊မည်၏။ (သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်) အဘိနိရောပနဋ္ဌေန၊အာရုံသို့ ရှေးရှုတင်တတ်သည်၏ အဖြစ်ကြောင့်။ သမ္မာသင်္ကပ္ပေါ၊မည်၏။(သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။) ပဂ္ဂဟနဋ္ဌေန၊ချီးပင့်တတ်သည်၏ အဖြစ်ကြောင့်။သမ္မာဝါယာမော၊မည်၏။ (သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။စိရကတာဒိ အာရမ္မဏံ၊ စိရကတ-စသော အာရုံသို့။) ဥပဋ္ဌာနဋ္ဌေန၊မမေ့ မလတ် ကပ်၍တည်တတ်သည်၏အဖြစ်ကြောင့်။သမ္မာသတိ၊ မည်၏။ (သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။) အဝိက္ခေပနဋ္ဌေန၊မပျံ့လွင့်သည်၏အဖြစ်ကြောင့်။ သမ္မာသမာဓိ၊မည်၏။ဣတိ အတ္ထော၊ဤအနက်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။

(ခ) ပန၊ထိုမှတပါး။ဝစနတ္ထော၊ကို။(ဇဝံ၊ဤသို့။ဝေဒိတဗ္ဗော၊သိအပ်၏။) သမ္မာ-အဝိပရီတ နိယျာနိက ဘာဝေန၊မဘောက်မပြန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သည်၏ အဖြစ်ဖြင့်။ပဿတိ၊မြင်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။သမ္မာဒိဋ္ဌိ၊မည်၏။ဝါ၊တနည်းကား။တာယ ဓမ္မဇာတိယာ၊ထိုတရားသဘောဖြင့်။သမ္မာ အဝိပရီတ

http://www.dhammadownload.com

နိယျာနိကဘာဝေန၊ဖြင့်။(သမ္မယုတ္တဓမ္မာ၊သမ္မယုတ်တရားတို့သည်။) ပဿန္တိ၊မြင်တတ်ကုန်၏။ဣတိ တသ္မာ၊ ထို့ကြောင့်။သမ္မာဒိဋ္ဌိ၊မည်၏။သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။သင်္ကပ္ပေတိ၊ကြံတတ်၏။ဣတိ တသ္မာ၊ ထို့ကြောင့်။သမ္မာသင်္ကပ္ပေါ၊မည်၏။ဝါ၊တနည်းကား။တေန သဘာဝေန၊ထိုသဘောတရားဖြင့်။သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။(သမ္မယုတ္တဓမ္မာ၊တို့သည်) သင်္ကပ္ပေန္တိ၊ကြံတတ်ကုန်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ သမ္မာသင်္ကပ္ပေါ၊မည်၏။သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။ဝါယာမေတိ၊အားထုတ်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။သမ္မာဝါယာမော၊မည်၏။ဝါ၊တနည်းကား။တေန သဘာဝေန၊ထိုသဘောတရားဖြင့်။သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။(သမ္မယုတ္တဓမ္မာ၊တို့သည်) ဝါယမန္တိ၊အားထုတ်တတ်ကုန်၏။ဣတိ တသ္မာ၊ ထို့ကြောင့်။သမ္မာဝါယာမော၊မည်၏။သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။(စိရကတာဒိ အာရမ္မဏံ၊ စိရကတ-စသော အာရုံကို။) သရတိ၊မမေ့မလျော့အောက်မေ့တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။သမ္မာသတိ၊ မည်၏။ဝါ၊တနည်းကား။တာယ ဓမ္မဇာတိယာ၊ထိုတရားသဘောဖြင့်။သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။ စိရကတာဒိ အာရမ္မဏံ၊ စိရကတ-စသော အာရုံကို။(သမ္မယုတ္တဓမ္မာ၊တို့သည်) သရန္တိ၊မမေ့မလျော့ အောက်မေ့ တတ်ကုန်၏။ဣတိ တသ္မာ၊ထို့ကြောင့်။သမ္မာသတိ၊မည်၏။သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။ သမာဓိယတိ၊အာရုံ၌ စိတ်ကို ကောင်းစွာထားတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။သမ္မာသမာဓိ၊မည်၏။ဝါ၊ တနည်းကား။တေန သဘာဝေန၊ထိုသဘောတရားဖြင့်။သမ္မာ အဝိပရီတ နိယျာနိကဘာဝေန၊ဖြင့်။(သမ္မယုတ္တဓမ္မာ၊ တို့သည်)သမာဓိယန္တိ၊အာရုံ၌ စိတ်ကို ကောင်းစွာထားတတ်ကုန်၏။ဣတိ တသ္မာ၊ထို့ကြောင့်။သမ္မာသမာဓိ၊ မည်၏။ **(ဂ)** အပိစ အပရော နယော၊တပါးသောနည်းကို။(မဃာငါသည်။ဝုစ္စတေ၊ဆိုဦးအံ့။)ပသတ္ထာ၊ ချီးမွမ်းအပ်သော။ဝါ၊တနည်းကား။သုန္ဒရာ၊ကောင်းသော။ဒိဋ္ဌိ၊ဒိဋ္ဌိတည်း။ဣတိ တသ္မာ၊ထို့ကြောင့်။သမ္မာဒိဋ္ဌိ၊ မည်၏။ဣတိ ဣမိနာ နယေန၊ဤနည်းဖြင့်လည်း။တေသံ၊ထို သမ္မာဒိဋ္ဌိ-စသော ပုဒ်တို့၏။ဝစနတ္ထော၊ကို။ ဝေဒိတဗ္ဗော၊သိအပ်၏။ **(ဃ)** ပန၊ထိုမှတပါး။လက္ခဏာဒီနိ၊လက္ခဏာ စသည်တို့ကို။ဟေဋ္ဌာ၊အောက်၌။ ဝုတ္တာနေဝ၊ဆိုအပ်ကုန်ပြီးသည်သာတည်း။

➢ **၂** ။ **(ခ) သို့/ ဥပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သမ္မာဒိဋ္ဌိ စသည်တို့၏ အဓိပ္ပါယတ္ထကို ပြဆိုတော်မူ၏။ ဤသို့သာ ဆိုချေသော် သမ္မာဒိဋ္ဌိ စသည်တို့၏ ဝစနတ္ထကို မပြဆိုဟူ သော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က) ဖြင့် သမ္မာဒိဋ္ဌိ စသည်တို့၏ အဓိပ္ပါယတ္ထကိုသာ မဆိုသင့်။ သမ္မာဒိဋ္ဌိ စသည်တို့၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ သမ္မာဒိဋ္ဌိ စသည်တို့၏ ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ပါပနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် သမ္မာ-သဒ္ဒါသည် အဝိပရီတအနက်ကို ဟော၏၊ သမ္မာဒိဋ္ဌိ စသည်တို့ကိုလည်း ကိတ်ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် သမ္မာဒိဋ္ဌိ စသည်တို့၌ သမ္မာ-သဒ္ဒါသည် အဝိပရီတအနက်ကိုသာ ဟော၏၊ သမ္မာဒိဋ္ဌိ-စသော ပုဒ်တို့၏ ကိတ်ဝစနတ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် သမ္မာဒိဋ္ဌိ စသည်တို့၌ သမ္မာ-သဒ္ဒါ၏ အခြားဖြစ်သင့် သော အနက်နှင့် အခြားဖြစ်သင့်သော ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေ

http://www.dhammadownload.com

သော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ သမ္မာဒိဋ္ဌိ စသည်တို့၌ သမ္မာ-သဒ္ဒါ၏ အခြားဖြစ်သင့်သော အနက်နှင့် အခြားဖြစ်သင့်သော ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဂ)မိန့်။

➤ ❸ ။ **(ခ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ သမ္မာဒိဋ္ဌိ-၌ တိပစ္စည်း၏ ကတ္တုသာဓန အနက်မှတပါး ကရဏသာဓနအနက်ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ-သဒ္ဒါကို ထားပါသည်။ (တနည်း) မဖောက်မပြန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏အဖြစ်ဖြင့် မြင်တတ်သည်၏ အဖြစ်တည်းဟူသော အကြောင်းသကတ်အနက်မှတပါး မဖောက်မပြန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့် မြင်ကြောင်း၏ အဖြစ်တည်းဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ-သဒ္ဒါကို ထားရပါသည်။

(ဂ) ၌ အပိစ-သဒ္ဒါ ထားခြင်းအကြောင်း ။ ။ သမ္မာဒိဋ္ဌိ စသည်တို့၏ ကိတ်ဝစနတ္ထမှတပါး သမာသ်ဝစနတ္ထဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလို၍ (တနည်း) သမ္မာဒိဋ္ဌိ စသည်တို့၏ ကိတ်ပုဒ်သဒ္ဒါမှတပါး သမာသ်ပုဒ်သဒ္ဒါဟူသော သဒ္ဒါတစ်မျိုးကို လဲလှယ်ပြလို၍ အပိစ-သဒ္ဒါကို ထားရပါသည်။ (တနည်း) မဖောက်မပြန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့် မြင်တတ်, မြင်ကြောင်း၏ အဖြစ်ဟူသော အကြောင်းသကတ်အနက်မှတပါး ချီးမွမ်းအပ်သော ကောင်းသော ဒိဋ္ဌိ၏အဖြစ်ဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလို၍ (တနည်း) သမ္မာဒိဋ္ဌိ စသည်တို့၌ သမ္မာသဒ္ဒါ၏ အဝိပရီတတ္ထမှတပါး ပသတ္ထ, သုန္ဒရတ္ထဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလို၍ အပိစ-သဒ္ဒါကို ထားရပါသည်။

(ဂ) သုန္ဒရာ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ သမ္မာ-သဒ္ဒါ၏ ပသတ္ထအနက်မှတပါး သုန္ဒရအနက်ကို လဲလှယ်ပြလို၍ ဝါ-သဒ္ဒါကို ထားရပါသည်။

ဤမိနာပိ-၌ ပိ (အပိ)ဖြင့် = သမ္မာဒိဋ္ဌိ-စသော ပုဒ်တို့၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ ကိတ်ဝစနတ္ထကို သိအပ်သည် မဟုတ်သေး၊ ဤနည်းဖြင့်လည်း ထိုသမ္မာဒိဋ္ဌိ-စသော ပုဒ်တို့၏ ကမ္မဓာရယ်သမာသ် ဝစနတ္ထကို သိအပ်သေး၏ဟု ပေါင်းဆည်းပါသည်။

(ဂ) ၌ ဝေဒိတဗ္ဗော- ထားရခြင်းအကြောင်း ။ ။ ပသတ္ထာ, သုန္ဒရာ ဝါ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ-စသော ဝစနတ္ထများကို ဧကန္တ, သန္နိဋ္ဌာန်အားဖြင့် မမှတ်ယူရ၊ အနေကန္တ, သံသယအားဖြင့်သာ မှတ်ယူအပ်၏ဟု သိစေလို၍ ဝေဒိတဗ္ဗော-ကို ထားရပါသည်။

ဒေါသပယ် ။ ။ **(ဂ)** ဖြင့် သမ္မာဒိဋ္ဌိ-စသော ပုဒ်တို့၏ ကိတ်ဝိဂ္ဂဟမှတပါး သမ္မာဒိဋ္ဌိ-စသော ပုဒ်တို့၏ သမာသဝိဂ္ဂဟကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(ဃ) ဖြင့် သမ္မာဒိဋ္ဌိ စသည်တို့၏ ဝစနတ္ထမှတပါး လက္ခဏာ စသည်တို့ကို (အတိဒေသ သံဝဏ္ဏနာနည်းဖြင့်) ပြသောကြောင့် ဂန္ထဂရု, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။

➤ ❹ ။ ပသံသီယိတ္ထာတိ **ပသတ္ထာ**။ (၂) ပပုဗ္ဗ သံသဓာတ်+တပစ္စည်းသည်ငင်း၊ ချီးမွမ်းခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ချီးမွမ်းအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ပသယတီတိ **ဒဿနံ**။ (ဒိသဓာတ်+ယုပစ္စည်း၊ မြင်ခြင်းကြိယာ)

http://www.dhammadownload.com

ဒဿနဿ အတ္ထော **ဒဿနဋ္ဌော**။(တေန) (၂) မြင်တတ်သည်၏ အဖြစ်နှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) မြင်တတ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ (တနည်း) ပဿတီတိ **ဒဿနံ**။ ဒဿနဿ ဘာဝေါ ဒဿနံ။/ ပဿတီတိ ဒဿနံ။ ဒဿနမေဝ အတ္ထော **ဒဿနဋ္ဌော**။ (၂) မြင်တတ်သည်၏ အဖြစ်၏ အနက်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) မြင်တတ်သည်၏ အဖြစ်ဟူသော အနက်ဒြဗ်သည် ပဝတ္တိနိမိတ်။ * အဘိနိရောပေတီတိ **အဘိနိရောပနံ**။ (အဘိ-နိ-ပုဗ္ဗ ရုဟ+ဏာပေ+ယု)

သမ္မာ ပဿတီတိ သမ္မာဒိဋ္ဌိ။ သမ္မာ ပဿန္တိ ဧတာယာတိ **သမ္မာဒိဋ္ဌိ**။ (၂) သမ္မာပုဗ္ဗ ဒိသဓာတ် တိပစ္စည်းသည်ငှင်း၊ မဖောက်မပြန် မြင်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မဖောက်မပြန် မြင်ခြင်းကြိယာ သည် ပဝတ္တိနိမိတ်။

(ဂ) နှင့်အညီ ။ ။ ပဿတီတိ ဒိဋ္ဌိ။ ပသတ္ထာ ဒိဋ္ဌိ **သမ္မာဒိဋ္ဌိ**။ (၂) ချီးမွမ်းအပ်သော ပသတ္ထ ဘောဂုဏ် (ဝါ) ကောင်းသော သုန္ဒရဘောဂုဏ်၏ ဒိဋ္ဌိနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) သမ္မာဒိဋ္ဌိတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ် သည် ပဝတ္တိနိမိတ်။

ပဂ္ဂဏှာတီတိ **ပဂ္ဂဟာနံ**။ (ပပုဗ္ဗ ဂဟ+ယု) ဝိက္ခိပတီတိ **ဝိက္ခေပနံ**။ န ဝိက္ခေပနံ **အဝိက္ခေပနံ**။

သုဋ္ဌု ဒရီယတေတိ သုန္ဒရာ။/ သုဋ္ဌု ဒရီယတေ **သုန္ဒရာ**။ (သုပုဗ္ဗ ဒရဓာတ်+အ-ပစ္စည်း၊ ကောင်း စွာ ဖောက်ခွဲခြင်းကြိယာ)

➢ ❻ ။ **(က)** ၌ ဒဿနဋ္ဌေန-ဖြင့် မဖောက်မပြန် ဝင့်ဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့် မြင်တတ်သည်၏အဖြစ်ကြောင့် သမ္မာဒိဋ္ဌိ မည်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

အဘိနိရောပနဋ္ဌေန-ဖြင့် မဖောက်မပြန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့် အာရုံသို့ ရှေးရှုထင်တတ်သည်၏ အဖြစ်ကြောင့် သမ္မာသင်္ကပ္ပ မည်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

ပဂ္ဂဟာနဋ္ဌေန-ဖြင့် မဖောက်မပြန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့် ချီးပင့်တတ် သည်၏ အဖြစ်ကြောင့် သမ္မာဝါယာမ မည်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

ဥပဋ္ဌာနဋ္ဌေန-ဖြင့် မဖောက်မပြန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့် စိရကတ-စသော အာရုံသို့ မမေ့မလတ် ကပ်၍တည်တတ်သည်၏အဖြစ်ကြောင့် သမ္မာသတိ မည်၏ဟု သိစေပါ သည်။(ဘာဝတ္ထ) **အဝိက္ခေပနဋ္ဌေန**-ဖြင့် မဖောက်မပြန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်စေတတ်သည်၏ အဖြစ်ဖြင့် မပျံ့လွင့်သည်၏အဖြစ်ကြောင့် သမ္မာသမာဓိ မည်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

(ခ-၁) ၌ **သမ္မာ ပဿတိ**-ဖြင့် သမ္မာဒိဋ္ဌိ-၌ သမ္မာနိပါတ်ပုဒ်၏ အဝိပရီတအနက်ဟောသည် ကိုငှင်း(နိပါတလိင်္ဂတ္ထ) ဒိဋ္ဌိ-၌ ဒိသဓာတ်၏အဖြစ်ကိုငှင်း(ဒှ-ဓာတုပဒ) တိပစ္စည်း၏ ကတ္တုသာဓနအနက် ၌ သက်သည်ကိုငှင်း(ဒှ-ပစ္စယတ္ထ) သမ္မာ ပဿတီတိ သမ္မာဒိဋ္ဌိ-ဟု ကတ္တုသာဓန ပြုရမည်ကိုငှင်း(အဘိ ဓာနတ္ထ) သိစေပါသည်။ **ဝါ**-ဖြင့် နယန္တရကို သိစေပါသည်။(ဘာဝတ္ထ)

သမ္မာ တာယ ပဿန္တိ-ဖြင့် သမ္မာပုဗ္ဗ ဒိသဓာတ်၏အဖြစ်ကိုငှင်း(ဒှ-ဓာတုပဒ) သမ္မာနိပါတ်ပုဒ်

http://www.dhammadownload.com

၏ အဝိပရီတအနက်ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) တိပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည် ကိုင်း(ဒု-ပစ္စယတ္ထ) သမ္မာ ပဿန္တိ တာယာတိ သမ္မာဒိဋ္ဌိ-ဟု ကရဏသာဓန ပြုရမည်ကိုင်း(အဘိ ဓာနတ္ထ) သိစေပါသည်။

(ခ-၂) ၌ **သမ္မာ သင်္ကပ္ပေတိ**-ဖြင့် သမ္မာသင်္ကပ္ပ-၌ သမ္မာနိပါတ်ပုဒ်၏ အဝိပရီတအနက် ဟောသည်ကိုင်း (နိပါတလိင်္ဂတ္ထ) သင်္ကပ္ပ-၌ သံပုဗ္ဗ ကပ္ပဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သမ္မာ သင်္ကပ္ပေတီတိ သမ္မာသင်္ကပ္ပေါ-ဟု ကတ္တုသာဓန ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

ဝါ-ဖြင့် နယန္တရကို သိစေပါသည်။(ဘာဝတ္ထ)

သမ္မာ တေန သင်္ကပ္ပေန္တိ-ဖြင့် သမ္မာပုဗ္ဗ သံပုဗ္ဗ ကပ္ပဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) သမ္မာနိပါတ်ပုဒ်၏ အဝိပရီတအနက်ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) အ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သမ္မာ သင်္ကပ္ပေန္တိ တေနာတိ သမ္မာသင်္ကပ္ပေါ-ဟု ကရဏသာဓန ပြုရ မည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ခ-၃) ၌ **သမ္မာ ဝါယာမေတိ**-ဖြင့် သမ္မာဝါယာမ-၌ သမ္မာနိပါတ်ပုဒ်၏ အဝိပရီတအနက် ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) သမ္မာဝါယာမ-၌ သမ္မာပုဗ္ဗ ဝါယာမဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သမ္မာ ဝါယာမေတီတိ သမ္မာဝါယာမော-ဟု ကတ္တုသာဓန ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

ဝါ-ဖြင့် နယန္တရကို သိစေပါသည်။(ဘာဝတ္ထ)

သမ္မာ တေန ဝါယာမေန္တိ-ဖြင့် သမ္မာပုဗ္ဗ ဝါယာမဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) သမ္မာနိပါတ် ပုဒ်၏အဝိပရီတအနက်ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) အ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည် ကိုင်း(ဒု-ပစ္စယတ္ထ) သမ္မာ ဝါယာမေန္တိ တေနာတိ သမ္မာဝါယာမော-ဟု ကရဏသာဓန ပြုရမည်ကို င်း(အဘိဓာနတ္ထ) သိစေပါသည်။

(ခ-၄) ၌ **သမ္မာ သရတိ**-ဖြင့် သမ္မာသတိ-၌ သမ္မာနိပါတ်ပုဒ်၏ အဝိပရီတအနက်ဟောသည် ကိုင်း(နိပါတလိင်္ဂတ္ထ) သမ္မာသတိ-၌ သမ္မာပုဗ္ဗ သရဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) တိ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သမ္မာ သရတီတိ သမ္မာသတိ-ဟု ကတ္တုသာဓန ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။ **ဝါ**-ဖြင့် နယန္တရကို သိစေပါသည်။(ဘာဝတ္ထ)

သမ္မာ တာယ သရန္တိ-ဖြင့် သမ္မာပုဗ္ဗ သရဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) သမ္မာနိပါတ် ပုဒ်၏အဝိပရီတအနက်ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) တိ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည် ကိုင်း(ဒု-ပစ္စယတ္ထ) သမ္မာ သရန္တိ တာယာတိ သမ္မာသတိ-ဟု ကရဏသာဓန ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ခ-၅) ၌ **သမ္မာ သမာဓိယတိ**-ဖြင့် သမ္မာသမာဓိ-၌ သမ္မာနိပါတ်ပုဒ်၏ အဝိပရီတအနက် ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) သမ္မာသမာဓိ-၌ သမ္မာရှေး သံရှေး အာရှေးရှိသော ဓာ-ဓာတ်၏အဖြစ်

http://www.dhammadownload.com

ကိုင်း(ဒု-ဓာတုပဒ) ဣ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သမ္မာ သမာဓိယတိတိ သမ္မာသမာဓိ-ဟု ကတ္တုသာဓနေ ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

ဝါ-ဖြင့် နယန္တရကို သိစေပါသည်။(ဘာဝတ္ထ)

သမ္မာ ဓေနာ သမာဓိယန္တိ-ဖြင့် သမ္မာရှေး သံရှေး အာရှေးရှိသော ဓာ-ဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) သမ္မာနိပါတ်ပုဒ်၏ အဝိပရီတအနက်ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) ဣ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သမ္မာ သမာဓိယန္တိ ဓေနတိ သမ္မာသမာဓိ-ဟု ကရဏသာဓနေ ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ၌ ပသတ္ထာ ဒိဋ္ဌိ-ဖြင့် သမ္မာဒိဋ္ဌိ-၌ သမ္မာ-သဒ္ဒါ ပသတ္ထအနက် ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) သမ္မာ ပသတ္ထာ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်ပြုရမည်ကိုင်း (အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။ **ဝါ**-ဖြင့် အတ္ထန္တရကို သိစေပါသည်။(ဘာဝတ္ထ)

သုန္ဒရာ ဒိဋ္ဌိ-ဖြင့် သမ္မာဒိဋ္ဌိ-၌ သမ္မာ-သဒ္ဒါ သုန္ဒရအနက်ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) သမ္မာ ဒိဋ္ဌိပုဒ်ကို သုန္ဒရာ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဣမိနာပိ နယေန ဓေယံ ဝစနတ္ထော ဝေဒိတဗ္ဗော-ဖြင့် ပသတ္ထော သင်္ကပ္ပေါ၊ သုန္ဒရော သင်္ကပ္ပေါ သမ္မာသင်္ကပ္ပေါ စသည်ဖြင့် ဝစနတ္ထပြုရမည်ဟု ညွှန်းပြ သိစေပါသည်။(ဘာဝတ္ထ)

➤ ❼ ။ **(ဃ) ဝုတ္တာနေဝ-၌** (၁) အောက်၌ ဆိုအပ်ပြီးသော (ပညာ ဝိတက် စသည်တို့၏) လက္ခဏာ စသည်တို့သည် ဂဟေတဗ္ဗတဗ္ဗ။ (၂) ဆိုအပ်ဆဲ ဆိုအပ်လတ့်သော (သမ္မာဒိဋ္ဌိ စသည်တို့၏) အဓိပ္ပါယတ္ထ, ဝစနတ္ထ စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အောက်၌ဆိုအပ်ပြီးသော (ပညာ ဝိတက် စသည်တို့၏) ဝစနတ္ထ စသည်သည် အနုညာတတ္ထ။

(က) **သမ္မာ**-ကား အဝိပရီတတ္ထ။ (ခ) **ပန**-ကား ပက္ခန္တရတ္ထ။ (ဂ) **အပိစ**-ကား အတ္ထန္တရ ဝိကပ္ပနတ္ထ။ **ဣမိနာပိ-၌ ပိ-ကား** သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ (ဃ) **ပန**-ကား ပက္ခန္တရတ္ထ။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **(ခ) ယာ ဓမ္မဓာတိ-ဟူသော ပါဌ်သေသ ကတ္တား၊ တာယ-ဟူသော ကရိုဏ်း၊ ပဿတိ-ကြိယာတို့-အရ = ဉာဏ် ပညာ** ကို ယူ၍ (၁) ထို ဉာဏ် ပညာသည် ဒဿနတ္ထ။ (၂) တိဟိတ်ပဋိသန္ဓေသည် ဒီပကတ္ထ။ (၃) သမ္ပယုတ်စိတ္တုပ္ပါဒ်သည် ပကာသနတ္ထ။ (၄) အာရုံသည် ဝိဘာဝတ္ထ။ (၅) ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိမှစ၍ နိဗ္ဗာန်အထိ အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

ပဿန္တိ-ကြိယာ အရ - (၁) ပညာနှင့်ယှဉ်သော သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ပညာသည် ဒီပကတ္ထ။ (၃) အရိယာ မဂ် ဖိုလ်တို့သည် ပကာသနတ္ထ။ (၄) တိဟိတ်ပဋိသန္ဓေ စသည်တို့သည် ဝိဘာဝတ္ထ။ (၅) ဒုဂ္ဂတိဘဝ လွတ်မြောက်ခြင်းမှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

(ဃ) ဝုတ္တာနေဝ-၌ အန္တုတ္ထ-အရ အဋ္ဌကထာဆရာ၏ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော

http://www.dhammadownload.com

မဟာကုသိုလ်စိတ်ပြုပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "ဩဘာသလက္ခဏာ"စသော ဝစီဘေဒ သဒ္ဒသည် ပကာသနတ္ထ။ (ပထမအုပ်-၂၅၇-ကြည့်)

ဗာဟုဗ္ဗတ္ထ-အရ "ဩဘာသလက္ခဏာ"စသော ဝစီဘေဒသဒ္ဒကို ယူ၍ ထုတ်။

➤ **၉** ။ **သမ္မာဒိဋ္ဌိ**= ပညာ၊ **သမ္မာသင်္ကပ္ပ**=ဝိတက်၊ **သမ္မာဝါယာမ**=ဝီရိယ၊ **သမ္မာသတိ**=သတိ၊ **သမ္မာသမာဓိ**= ဧကဂ္ဂတာ-ကို ယူ၍ လက္ခဏာဒိစတုက္က ထုတ်လေ။

➤ **၁၀** ။ **တာယ+ပဿန္တိ** ။ ။ တာယ-အရ ပညာ ပစ္စည်းတရားသည် ပဿန္တိ-အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ မိ၊ သဟ၊ ည၊ နိ၊ ဣံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀) ပစ္စည်း ဖြစ်ပါသည်။

တေန+သင်္ကပ္ပေန္တိ ။ ။ တေန-အရ ဝိတက် ပစ္စည်းတရားသည်+သင်္ကပ္ပေန္တိ-အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈) ပစ္စည်း ဖြစ်ပါသည်။

တေန+ဝါယမန္တိ ။ ။ တေန-အရ ဝီရိယ ပစ္စည်းတရားသည်+ဝါယမန္တိ-အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= မိ၊ သဟ၊ ည၊ နိ၊ ဣံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉) ပစ္စည်း ဖြစ်ပါသည်။

တာယ+သရန္တိ ။ ။ တာယ-အရ သတိ ပစ္စည်းတရားသည်+သရန္တိ-အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈) ပစ္စည်း ဖြစ်ပါသည်။

တေန+သမာဓိယန္တိ ။ ။ တေန-အရ ဧကဂ္ဂတာ ပစ္စည်းတရားသည်+သမာဓိယန္တိ-အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉) ပစ္စည်း ဖြစ်ပါသည်။

ပါဠိ (၉) [ဋ္ဌ၊၁၆၇။ ပြည်၊ဒု၊၇၃။ ဘာသာဋီ၊ဒု၊၃၀၉]

(က) သဒ္ဓါဖလာဒီသုပိ သဒ္ဒါဒီနိ ဝုတ္တတ္ထာနေဝ။

(ခ) အကမ္ပိယဋ္ဌေန ပန ဗလန္တိ ဝေဒိတဗ္ဗံ။

(ဂ) ဧဝမေတေသု အဿဒ္ဓိယေ န ကမ္ပတီတိ သဒ္ဓါဗလံ။ ကောသဇ္ဇေ န ကမ္ပတီတိ ဝီရိယဗလံ။ မုဋ္ဌဿစ္စေ န ကမ္ပတီတိ သတိဗလံ။ ဥဒ္ဓစ္စေ န ကမ္ပတီတိ သမာဓိဗလံ။ အဝိဇ္ဇာယ န ကမ္ပတီတိ ပညာဗလံ။ အဟိရိကေ န ကမ္ပတီတိ ဟိရီဗလံ။ အနောတ္တပ္ပေ န ကမ္ပတီတိ ဩတ္တပ္ပဗလန္တိ အယံ ဥဘယပဒဝသေန အတ္ထဝဏ္ဏနာ ဟောတိ။

➤ **၁** ။ **(က)** သဒ္ဓါဖလာဒီသုပိ၊သဒ္ဓါဗလံ စသည်တို့၌လည်း။သဒ္ဒါဒီနိ၊သဒ္ဓါ စသည်တို့သည်။ ဝုတ္တတ္ထာနေဝ၊ဖွင့်ဆိုအပ်ကုန်ပြီးသော အနက်ရှိသည်သာတည်း။

(ခ) ပန၊ထိုမှတပါး။အကမ္ပိယဋ္ဌေန၊မတုန်လှုပ်တတ်သော သဘောကြောင့်။ဗလံ၊ဗိုလ် မည်၏။ဣတိ၊ ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။ **(ဂ)** ဧဝံ၊ဤသို့။ဧတေသု၊ထိုသဒ္ဓါဗလ စသည်တို့တွင်။အဿဒ္ဓိယေ၊သဒ္ဓါ ကင်း

http://www.dhammadownload.com

သော သူ၏ အဖြစ်တည်းဟူသော အကုသိုလ်ကြောင့်။န ကမ္မတိ၊မတုန်လှုပ်တတ်။ဣတိ တသ္မာ၊ထို့ကြောင့်။ သဒ္ဓါဗလံ၊မည်၏။ ကောသဇ္ဇေ၊ပျင်းရိခြင်းကြောင့်။န ကမ္ပတိ၊မတုန်လှုပ်တတ်။ဣတိ တသ္မာ၊ထို့ကြောင့်။ ဝီရိယဗလံ၊မည်၏။ မုဋ္ဌသစ္စေ၊လွတ်သော သတိရှိသည်၏အဖြစ်ကြောင့်။န ကမ္ပတိ၊မတုန်လှုပ်တတ်။ဣတိ တသ္မာ၊ထို့ကြောင့်။သတိဗလံ၊မည်၏။ ဥဒ္ဓစ္စေ၊ဥဒ္ဓစ္စကြောင့်။န ကမ္ပတိ၊မတုန်လှုပ်တတ်။ဣတိ တသ္မာ၊ထို့ကြောင့်။ သမာဓိဗလံ၊မည်၏။ အဝိဇ္ဇာယ၊အဝိဇ္ဇာကြောင့်။န ကမ္ပတိ၊မတုန်လှုပ်တတ်။ဣတိ တသ္မာ၊ထို့ကြောင့်။ပညာဗလံ၊ ပညာဗလ မည်၏။ အဟိရိကေ၊အဟိရိကကြောင့်။န ကမ္ပတိ၊မတုန်လှုပ်တတ်။ဣတိ တသ္မာ၊ထို့ကြောင့်။ ဟိရိဗလံ၊မည်၏။ အနောတ္တပ္ပေ၊ကြောင့်။န ကမ္ပတိ၊မတုန်လှုပ်တတ်။ဣတိ တသ္မာ၊ထို့ကြောင့်။ဩတ္တပ္ပဗလံ၊ မည်၏။ဣတိ အယံ၊ဤဆိုအပ်ပြီးသည်ကား။ဥဘယပဒဝသေန၊သဒ္ဓါဟူသောပုဒ်, ဗလဟူသောပုဒ် စသော ပဒဒွယ၏အစွမ်းဖြင့်။အတ္ထဝဏ္ဏနာ၊အနက်အဖွင့်သည်။ဟောတိ၊၏။

➤ ❷ ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သဒ္ဓါဗလံ-စသော ပုဒ်တို့၌ သဒ္ဓါ-စသော ပုဒ်တို့သည် ဆိုအပ်ပြီးသော အနက်ရှိသည်သာတည်းဟု အတိဒေသသံဝဏ္ဏနာနည်းဖြင့် ဖွင့်ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် သဒ္ဓါဗလံ စသည်တို့၌ သဒ္ဓါ-စသော ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာသာ ရှိ၍ ဗလပုဒ်၏ အဖွင့်သံဝဏ္ဏနာ မရှိဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဗလပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဗလပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ခ) သို့/ ဥပနာပဥ္စက ။ ။ (ပ) ချေသော် ဗလပုဒ်၏ အနက်မရှိဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က) ဖြင့် သဒ္ဓါဗလံ-စသော ပုဒ်တို့၌ သဒ္ဓါ-စသော ပုဒ်တို့သည် ဆိုအပ်ပြီးသော အနက်ရှိသည်သာတည်းဟု အတိဒေသသံဝဏ္ဏနာနည်းဖြင့်သာ မဆိုသင့်။ ဗလပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ဆိုသင့်၏။ ဗလပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။ (အဗျာပိတ အပရိပုဏ္ဏဒေါသ-တင်)

(ဂ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) (ခ) ဝါကျတို့ဖြင့် သဒ္ဓါဗလံ စသည်တို့၌ သဒ္ဓါဟူသော အစိတ်ပုဒ်, ဗလဟူသော အစိတ်ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် သဒ္ဓါ ဗလံ နှစ်ပုဒ်ကိုပေါင်း၍ ဖွင့်ပြသင့်သည် မဟုတ်ပါလော။ ထိုသို့ဖွင့်ပြသင့်လေသောကြောင့် (က) (ခ) ဝါကျတို့ဖြင့် သဒ္ဓါဗလံ စသည်တို့၌ သဒ္ဓါဟူသော အစိတ်ပုဒ်, ဗလဟူသော အစိတ်ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကိုသာ မဆိုသင့်။ သဒ္ဓါ, ဗလံ-ဟူသော နှစ်ပုဒ်ပေါင်း၏ အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။ သဒ္ဓါ, ဗလံ-ဟူသော နှစ်ပုဒ်ပေါင်း၏ အဖွင့်ကား အဘယ်ပါနည်း။ (ဂ) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် အတိဒေသသံဝဏ္ဏနာကို ပြသောကြောင့် ဂန္ထဂရု, ပုနရုတ္တိဒေါသကို ပယ်ပါသည်။ **(ခ)** ဖြင့် အတိဒေသသံဝဏ္ဏနာမှတပါး ပစ္စက္ခသံဝဏ္ဏနာကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

(ခ) ၌ ဝေဒိတဗ္ဗံ ထားချေခြင်းအကြောင်း ။ ။ မတုန်လှုပ်တတ်သော အနက်သဘောကြောင့်

http://www.dhammadownload.com

ဗိုလ်မည်၏ဟူသော စကားရပ်ကို ဧကန် သန္နိဋ္ဌာန်အားဖြင့် မမှတ်ယူရ၊ အနေကန္တ, သံသယအားဖြင့်သာ မှတ်ယူရမည်ဟု သိစေလိုသောကြောင့် ဝေဒိတဗ္ဗ-ကို ထားရပါသည်။

➤ ❾ ။ သဒ္ဓဟန္တိ ဧတာယာတိ **သဒ္ဓါ**။ ဗလတိ န ကမ္ပတီတိ **ဗလံ**။ (ဗလဓာတ်+အပစ္စည်း၊ မတုန်လှုပ်ခြင်းကြိယာ) ✱ သဒ္ဓါသင်္ခါတံ ဗလံ **သဒ္ဓါဗလံ**။ (၂) သဒ္ဓါ၏ ဗိုလ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျပ္ပတ္တိနိမိတ်။ (၄) သဒ္ဓါဗိုလ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဝုစ္စိတ္ထာတိ ဝုတ္တော။ (ဝစ+တ) ဝုတ္တော အတ္ထော ဧတေသန္တိ **ဝုတ္တတ္ထာနိ**။ (၂) ဆိုအပ်ပြီးသော အနက်၏+သဒ္ဓါ-စသော ပုဒ်တို့နှင့် အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျပ္ပတ္တိနိမိတ်။ (၄) ဆိုအပ်ပြီးသော အနက်ရှိခြင်းဟူသော ဂုဏ်သည် (ဝါ) ဝုတ္တတ္ထပုဒ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ကမ္ပတီတိ ကမ္ပိယော။ န ကမ္ပိယော အကမ္ပိယော။ အကမ္ပိယော ဧဝ အတ္ထော **အကမ္ပိယဋ္ဌော**။ (ဧဝ) (၂) မတုန်မလှုပ်တတ်သည်၏ သဘောနှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျပ္ပတ္တိနိမိတ်။ (၄) မတုန်မလှုပ်တတ်သော သဘောဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➤ ❿ ။ **(က)**၌ အကမ္ပိယဋ္ဌေန-ဖြင့် သဒ္ဓါဗလံ စသည်တို့၌ ဗလ-သဒ္ဒါသည် အကမ္ပနတ္ထဝါစီရှိ၍ အနိပ္ဖန္နပါဒိပဋိကပုဒ်တည်းဟု သိစေပါသည်။(နာမလိင်္ဂတ္ထ) (တနည်း) အကမ္ပိယဋ္ဌေန-ဖြင့် ဗလံ-၌ ဗလဓာတ်၏ အကမ္ပနအနက်ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဗလတိ န ကမ္ပတီတိ ဗလံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိ။

(ဂ)၌ န ကမ္ပတိ-ဖြင့် သဒ္ဓါဗလံ-၌ ဗလ-ဝယ် ဗလဓာတ်၏ အကမ္ပနအနက်ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဗလတိ န ကမ္ပတီတိ ဗလံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သဒ္ဓါသင်္ခါတံ ဗလံ သဒ္ဓါဗလံ-ဟု ကမ္မဓာရယ်သမာသ် ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

အဿဒ္ဓိယေ-ဖြင့် န ကမ္ပတိ-၌ မတုန်လှုပ်ဟူသည် သဒ္ဓါကင်းသူ၏ အဖြစ်တည်းဟူသော အကုသိုလ်စိတ္တုပ္ပါဒ်ကြောင့် မတုန်လှုပ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

(တနည်း) သဒ္ဓါ၏ ဆန့်ကျင်ဘက် ပဋိပက္ခဓမ္မကား အဿဒ္ဓိယပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

ကောသဇ္ဇေ-ဖြင့် န ကမ္ပတိ-၌ မတုန်လှုပ်ဟူသည် ပျင်းရိသူ၏ဖြစ်ကြောင်း အကုသိုလ်စိတ္တုပ္ပါဒ်ကြောင့် မတုန်လှုပ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

မုဋ္ဌဿစ္စေ-ဖြင့် န ကမ္ပတိ-၌ မတုန်လှုပ်ဟူသည် ပျောက်ကင်းသော သတိရှိသူ၏ဖြစ်ကြောင်း အကုသိုလ်စိတ္တုပ္ပါဒ်ကြောင့် မတုန်လှုပ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

ဥဒ္ဓစ္စေ-ဖြင့် န ကမ္ပတိ-၌ မတုန်လှုပ်ဟူသည် ဥဒ္ဓစ္စကြောင့် မတုန်လှုပ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ) **အဝိဇ္ဇာယ**-ဖြင့် န ကမ္ပတိ-၌ မတုန်လှုပ်ဟူသည် အဝိဇ္ဇာကြောင့် မတုန်လှုပ်

http://www.dhammadownload.com

ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ) **အပဟိရိကော**-ဖြင့် န ကမ္မတိ-၌ မတုန်လှုပ်ဟူသည် အပဟိရိကကြောင့် မတုန်လှုပ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ) **အနောတ္တပ္ပေ**-ဖြင့် န ကမ္မတိ-၌ မတုန်လှုပ်ဟူသည် အနောတ္တပ္ပကြောင့် မတုန်လှုပ်ဟူသော အဓိပ္ပါယ်ကို သိစေ။(ဘာဝတ္ထ)

➤ **၇** ။ (က) **သဒ္ဓါဗလာဒီသုပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ (ခ) **ပန**-ကား ပက္ခန္တရတ္ထ။ **အကမ္ပိယဋ္ဌေန**-၌ အ-ကား ပဋိသေဓတ္ထ။ **ဗလန္တိ**-၌ ဣတိ-ကား နိဒဿနတ္ထ။ (ဂ) **စေ**-ကား နိဒဿနတ္ထ။ **အဿဒ္ဓိယ**-၌ အ-ကား အဘာဝတ္ထ။ **န ကမ္ပတိ**-၌ န-ကား ပဋိသေဓတ္ထ။ **ဣတိ**-ကား ဟေတွတ္ထ။

(က) ဝုတ္တတ္ထာနေဝ-၌ (၁) ဆိုအပ်ပြီးသော (သဒ္ဓါ အစရှိကုန်သော) ဝုတ္တတ္ထပုဒ်တို့သည် ဂဟေ တဗ္ဗတ္ထ။ (၂) အဝုတ္တတ္ထပုဒ်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဥတ္တာနတ္ထပုဒ်တို့သည် အနုညာတတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **ဝုတ္တတ္ထာနေဝ-၌ အန္တတ္ထ-အရ** အဋ္ဌကထာဆရာ၏ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) “သဒ္ဓါ, သတိ” စသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (ပထမအုပ်-၂၅၇-ကြည့်)

ဗာဟျတ္ထ-အရ “သဒ္ဓါ, သတိ” စသော ဝစီဘေဒသဒ္ဒကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (ကြွင်းပထမအုပ်-၃၉-ကြည့်)

(ခ) ဝေဒိတဗ္ဗံ-၌ အန္တတ္ထ-အရ (၁) သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) သိသဖြင့် ကျင့်ခြင်းစသည်သည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿ စသည်သည် ဝိဘာဝတ္ထ။ (၅) ပီတိ, ပါမောဇ္ဇဖြစ် ခြင်း အစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

➤ **၉** ။ **အဿဒ္ဓိယေ, ကောသဇ္ဇေ, မုဋ္ဌသစ္စေ-တို့အရ** “အကုသိုလ်ကို ယူ၍ လက္ခဏာဒိ စတုက္က ထုတ်လေ။

➤ **၁၀** ။ **သဒ္ဓါဒီနိ+ဝုတ္တတ္ထာနေဝ** ။ ။ သဒ္ဓါဒီနိ-အရ သဒ္ဓါ, ဝီရိယ-စသော ဝစီဘေဒ သဒ္ဒ ပစ္စည်းတရားသည် ဝစနတ်-အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရား အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

(တနည်း) သဒ္ဓါဒီနိ-အရ သဒ္ဓါ-စသော ဓမ္မာရုံ ပစ္စည်းတရားသည် ဝစနတ်-အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်=အာ၊ ဓိ၊ ဥပ (၃)

ဗလန္တိ+ဝေဒိတဗ္ဗံ ။ ။ ဗလန္တိ-အရ ဗလဟူသော နာမပညတ်သဒ္ဒါ ပစ္စည်းတရားသည် ဝေဒိတဗ္ဗံ-၌ ဝိဒဓာတ်-အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ) (တနည်း) ဗလံ-အရ သဒ္ဓါ-စသော သဘောတရား(အာရုံ) ပစ္စည်းတရား သည် ဝေဒိတဗ္ဗံ-၌ ဝိဒဓာတ်-အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

http://www.dhammadownload.com

ဂါထာ (၁၈) [ဠ၊၁၆၈။ ပြည်၊ဒု၊၇၃။ ဘာသာဋီ၊ဒု၊၃၀၉]

(က) တတ္ထ ပုရိမာနိ ပဉ္စ ဟေဋ္ဌာ လက္ခဏာဒီဟိ ပကာသိတာနေဝ၊

(ခ) ပစ္ဆိမဒွယေ ကာယဒုစ္စရိတာဒီဟိ ဟိရိယတီတိ ဟိရီ၊

(ဂ) လဇ္ဇာယေတံ အဓိဝစနံ၊ (ဃ) တေဟိ ဧဝ ဩတ္တပ္ပတီတိ ဩတ္တပ္ပံ၊

(င) ပါပတော ဥဗ္ဗေဂဿေတံ အဓိဝစနံ၊

(စ) တေသံ နာနာကရဏာဒီပနတ္ထံ ""သမုဋ္ဌာနံ, အဓိပတိ, လဇ္ဇာဘယ, လက္ခဏေနစာ"" တိ ဣမံ မာတိကံ ဌပေတွာ အယံ ဝိတ္ထာရကထာ ဝုတ္တာ၊

(ဆ) အဇ္ဈတ္တသမုဋ္ဌာနာ ဟိရီ နာမ၊ ဗဟိဒ္ဓါသမုဋ္ဌာနံ ဩတ္တပ္ပံ နာမ၊

➢ ❶ ။ **(က)** တတ္ထ၊ထိုသဒ္ဒါ, ဗလ-စသော ခုနစ်ပါးတို့တွင်။ပုရိမာနိ၊ရှေးဖြစ်ကုန်သော။ပဉ္စ၊ ငါးပါးကုန်သော သဒ္ဒါ, ဗလ စသည်တို့ကို။ဟေဋ္ဌာ၊အောက်၌။လက္ခဏာဒီဟိ၊လက္ခဏာ အစရှိသည်တို့ဖြင့်။ ပကာသိတာနေဝ၊ပြအပ်ကုန်ပြီးသည်သာတည်း။

(ခ) ပစ္ဆိမဒွယေ၊နောက်ဖြစ်သော ဟိရိဗလ, ဩတ္တပ္ပဗလ နှစ်ပါအပေါင်း၌။(အတ္ထော၊အနက်ကို။ ဝေဒိတဗ္ဗော၊သိအပ်၏။) ကာယဒုစ္စရိတာဒီဟိ၊ကာယဒုစရိုက် စသည်တို့ကို။(ဝါ)တို့ကြောင့်။ဟိရိယတိ၊စက်ဆုပ်တတ်၏။(ဝါ) ရှက်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဟိရီ၊ဟိရီ မည်၏။

(ဂ) ဧတံ၊ဤ ဟိရီ-ဟူသော အမည်သည်။လဇ္ဇာယ၊ရှက်ခြင်း၏။အဓိဝစနံ၊အမည်တည်း။

(ဃ) တေဟိ ဧဝ ကာယဒုစ္စရိတာဒီဟိ၊ထိုကာယဒုစရိုက် အစရှိသည်တို့ကြောင့်လျှင်။ဩတ္တပ္ပတိ၊ ကြောက်လန့်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဩတ္တပ္ပံ၊မည်၏။ **(င)** ဧတံ၊ဤ ဩတ္တပ္ပဟူသော အမည် သည်။ပါပတော၊မကောင်းမှုမှ။(ဝါ)မကောင်းမှုကြောင့်။ဥဗ္ဗေဂဿ၊ကြောက်လန့်ခြင်း၏။အဓိဝစနံ၊အမည်တည်း။

(စ) တေသံ၊ထိုဆိုအပ်ပြီးသော ဟိရီ, ဩတ္တပ္ပ နှစ်ပါးတို့၏။နာနာကရဏာဒီပနတ္ထံ၊အသီး အသီး ကွဲပြားသည်၏အဖြစ်ကို ပြတတ်သော အထူးကိုပြခြင်းငှာ။လဇ္ဇာဘယ, လက္ခဏေနစ၊လဇ္ဇာဘယ လက္ခဏာနှင့်။ သဒ္ဒိံ၊တကွ။သမုဋ္ဌာနဉ္စ၊သမုဋ္ဌာန်ငှင်း။အဓိပတိစ၊အဓိပတိငှင်း။ဣတိ၊ဤသို့။ဣမံ မာတိကံ၊ဤမာတိကာကို။ ဌပေတွာ၊ထား၍။အယံ ဝိတ္ထာရကထာ၊ဤအကျယ်ဖြစ်သော စကားကို။(အဋ္ဌကထာသု၊အဋ္ဌကထာတို့၌။)ဝုတ္တာ၊ ဆိုအပ်ပြီ။ **(ဆ)** အဇ္ဈတ္တသမုဋ္ဌာနာ၊နိယကဇ္ဈတ္တဖြစ်သော ဇာတိစသည်လျှင် သမုဋ္ဌာန်ရှိသော တရားသည်။ ဟိရီ နာမ၊ဟိရီ မည်၏။ ဩတ္တပ္ပံ နာမ၊ဩတ္တပ္ပမည်သည်။ဗဟိဒ္ဓါသမုဋ္ဌာနံ၊ဗဟိဒ္ဓဝတ္ထုလျှင် ဖြစ်ကြောင်း သမုဋ္ဌာန်ရှိ၏။

➢ ❷ ။ **(ခ) စသည်သို့/ ပါပနာဒိပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သဒ္ဓါဗလ-စသော ခုနစ်ပါးတို့တွင် သဒ္ဓါဗလ-စသော ရှေးငါးပါးတို့ကို အောက်၌ လက္ခဏာစသည်တို့ဖြင့် ပြအပ်ကုန်ပြီး သည်သာတည်းဟု (အတိဒေသသံဝဏ္ဏနာနည်းဖြင့်) ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် သဒ္ဓါဗိုလ်-စသော ရှေ့ငါးပါးတို့၏ လက္ခဏာ စသည်တို့ကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် နောက်ဖြစ်သော ဟိရီ, ဩတ္တပ္ပဗိုလ်နှစ်ပါးတို့၏ ဝစနတ္ထ အဘိဓေယျတ္ထ လက္ခဏာ စသည်တို့ကိုလည်း ပြဆိုသင့်သေး၏။

F-5-A

http://www.dhammadownload.com

မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ နောက်ဖြစ်သော ဟိရီ, ဩတ္တပ္ပဗိုလ်နှစ်ပါးတို့၏ ဝစနတ္ထ အဘိဓေယျတ္ထ လက္ခဏာ စသည်တို့ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) စသည်မိန့်။

(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ)(ဃ)(င) ဝါကျတို့ဖြင့် ဟိရီ, ဩတ္တပ္ပတို့၏ ဝစနတ္ထ, အရကောက် အဘိဓေယျတ္ထတို့ကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဟိရီ, ဩတ္တပ္ပတို့သည် တစ်ခုသော စိတ်၌ အတူတကွယှဉ်ရကား ထူးခြားမှုမရှိ အတူတူပင်ဖြစ်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် ဟိရီ, ဩတ္တပ္ပတို့၏ ဝစနတ္ထ, အရကောက် အဘိဓေယျတ္ထတို့ကိုသာ မဆိုသင့်။ ဟိရီ, ဩတ္တပ္ပတို့၏ ထူးခြားမှုကိုလည်း ပြဆိုသင့်သေး၏။ ဟိရီ, ဩတ္တပ္ပတို့၏ ထူးခြားမှုကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

➤ **❸** ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် အတိဒေသသံဝဏ္ဏနာကို ပြသောကြောင့် ဂန္ထဂရု, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။ **(ခ)** ဖြင့် ဟိရီပုဒ်၏ ဝစနတ္ထကိုပြသောကြောင့် အဗျာပိတဒေါသ ကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဟိရီပုဒ်၏ အဘိဓေယျတ္ထကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဩတ္တပ္ပပုဒ်၏ ဝစနတ္ထကိုပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ဩတ္တပ္ပပုဒ်၏ အဘိဓေယျတ္ထကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

(ဂ) ၌ အဓိဝစနံ–သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဤ ဟိရီဗလံ–၌ ဟိရီ–အရ ဟိရီသာမညကို မယူရ၊ ကာယဒုစရိုက် စသည်တို့ကို ရှက်ခြင်းသဘောကိုသာ ယူရမည်ဟု အထင်ရှား ဧကဒေသျူပစာအားဖြင့် ပြလိုသောကြောင့် (ဂ) ၌ အဓိဝစနံ–ကို ထားရပါသည်။

(င) ၌ အဓိဝစနံ–သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဤ ဩတ္တပ္ပဗလံ–၌ ဩတ္တပ္ပ–အရ ဩတ္တပ္ပသာမညကို မယူရ၊ ကာယဒုစရိုက် စသည်တို့မှ ကြောက်လန့်ခြင်းသဘောကိုသာ ယူရမည်ဟု အထင်ရှား ဧကဒေသျူပစာအားဖြင့် ပြလိုသောကြောင့် (င) ၌ အဓိဝစနံ–ကို ထားရပါသည်။

➤ **❹** ။ နိယကဇ္ဈတ္တံ ဇာတိအာဒိသမုဋ္ဌာနံ ဇေတိဿာတိ **အဇ္ဈတ္တသမုဋ္ဌာနာ**။ (၂) နိယကဇ္ဈတ္တ ဖြစ်သော ဇာတိ–စသော သမုဋ္ဌာန်၏ ဟိရီနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။ (၄) နိယကဇ္ဈတ္တဖြစ်သော ဇာတိ–စသော သမုဋ္ဌာန်ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိ နိမိတ်။ * ပုရေ ဇာတာနိ **ပုရိမာနိ**။ (၂) ပုရပုဒ်+ဣမပစ္စည်းသည်ငှး၊ ရှေးကာလ, ရှေးဌာန၏ သဒ္ဒါ ဗိုလ်–စသော ငါးပါးနှင့် ကာလ+ကာလဝန္တ၊ ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှး ဗျူပ္ပတ္တိနိမိတ်။

ပကာသိတဗ္ဗာနီတိ **ပကာသိတာနိ**။ (ပပုဗ္ဗ ကာသုဓာတ်+တပစ္စည်း၊ ထင်ရှားပြခြင်းကြိယာ)

ပစ္ဆာ ဇာတံ **ပစ္ဆိမံ**။ (၂) ပစ္ဆာပုဒ်+ဣမ ပစ္စည်းသည်ငှး၊ နောက်ကာလ, နောက်ဌာန၏ ဟိရီ, ဩတ္တပ္ပတို့နှင့် ကာလ+ကာလဝန္တ၊ ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှး ဗျူပ္ပတ္တိနိမိတ်။

ဒွိန္နံ သမူဟော ဒွယံ။(ဒွိပုဒ်+ဏ) ပစ္ဆိမံ ဒွယံ **ပစ္ဆိမဒွယံ**။ (၂) ပစ္ဆိမပုဒ်+ဒွယပုဒ်သည်ငှး၊ နောက်၌ဖြစ်သော ပစ္ဆိမဘောဂုဏ်၏ နှစ်ခုအပေါင်းနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှး ဗျူပ္ပတ္တိနိမိတ်။ (၄) နောက်၌ဖြစ်ခြင်း ပစ္ဆိမဘောဂုဏ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

ဒုဋ္ဌု စရိတံ ဒုစ္စရိတံ။ ကာယတော ပဝတ္တံ ဒုစ္စရိတံ **ကာယဒုစ္စရိတံ**။

ကာယဒုစ္စရိတံ အာဒိ ဧတေသန္တိ **ကာယဒုစ္စရိတာဒယော**။(တေဟိ) (၂) ကာယပုဒ်+ဒုစ္စရိတပုဒ်သည်ငှင်း၊ ကာယဒွါရ၏ ဖြစ်သော ဒုစရိုက်နှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဇျူပွတ္တိနိမိတ်။ (၄) ဝီတိက္ကမိတဗ္ဗဝတ္ထုသည် (ဝါ) ဒုစရိုက်တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

(ဂ) ဝုစ္စတေတိ ဝစနံ။ အဓိနံ ဝစနံ **အဓိဝစနံ**။ (၂) စပ်သော ဂုဏ်၏ ဟိရီ–သဒ္ဒါနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျူပွတ္တိနိမိတ်။ (၄) ဟိရီဟူသော အမည်သည် (ဝါ) စပ်သော သဒ္ဒါတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ပါပတော လဇ္ဇီယတေ **လဇ္ဇာ**။ (လဇ္ဇဓာတ်+အ-ပစ္စည်း၊ ရှက်ခြင်းကြိယာ)

(င) ဒုဂ္ဂတိံ ပါပေတီတိ **ပါပံ**။ (ပပုဗ္ဗ အပဓာတ်+အ-ပစ္စည်း၊ ရောက်ခြင်းကြိယာ)

ဥဗ္ဗိဇ္ဇနံ **ဥဗ္ဗေဂေါ**။ (ဥပုဗ္ဗ ဝိဇီဓာတ်+ဏပစ္စည်း၊ ကြောက်ခြင်း, ထိတ်လန့်ခြင်းကြိယာ)

သမုဋ္ဌာတိ ဧတေနာတိ **သမုဋ္ဌာနံ**။ * အဓိပတိ စ လဇ္ဇာ စ ဘယဉ္စ လက္ခဏဉ္စ **အဓိပတိလဇ္ဇာဘယလက္ခဏံ**။ * ဝိတ္ထာရေတိ တေယာတိ **ဝိတ္ထာရော**။ (ဝိပုဗ္ဗ ထရဓာတ်+ဏ)

ဝိတ္ထာရာစ သာ ကထာစာတိ **ဝိတ္ထာရကထာ**။ ဗဟိဒ္ဓါ သမုဋ္ဌာနံ တေသာတိ **ဗဟိဒ္ဓါသမုဋ္ဌာနံ**။

➤ ❻ ။ **(ခ)** ၌ ဟိရိယတိ–ဖြင့် ဟိရီ–၌ ဟိရီဓာတ်၏အဖြစ်ကိုငှင်း(ဒု–ဓာတုပဒ) ဤပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်ကိုငှင်း(ဒု–ပစ္စယတ္ထ) ဟိရိယတီတိ ဟိရီ–ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။ **ကာယဒုစ္စရိတာဒီဟိ**–ဖြင့် ဟိရိယတိ–စက်ဆုပ်တတ် ရှက်တတ်ဟူသည် ကာယဒုစရိုက် စသည်တို့ကို (ဝါ) တို့ကြောင့် စက်ဆုပ်တတ် ရှက်တတ်သတည်းဟု သိ။(ဘာဝတ္ထ)

(ဂ) ဖြင့် ဟိရီ–အရ ရှက်ခြင်း(လဇ္ဇာ)သဘောတရားကို ယူရမည်ကိုငှင်း(သရုပ်ကြား အဘိဓေယျတ္ထ) ယင်း ဟိရီ–သဒ္ဒါ၏ အထင်ရှဉ်ဳ ဧကဒေသျူပစာ အဖြစ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။ (တနည်း) ဟိရီသဒ္ဒါသည် လဇ္ဇာ၏ ပရိယာယ်တည်းဟု သိစေပါသည်။(ပရိယာယ်ပြ အဘိဓေယျတ္ထ)

(ဃ) ၌ ဩတ္တပ္ပတိ–ဖြင့် ဩတ္တပ္ပံ–၌ အဝပုဗ္ဗ တပဓာတ်၏ အဖြစ်ကိုငှင်း(ဒု–ဓာတုပဒ) အ–ပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်ကိုငှင်း(ဒု–ပစ္စယတ္ထ) ဩတ္တပ္ပတီတိ ဩတ္တပ္ပံ–ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။ **တေဟိ ဧဝ**–ဖြင့် ဩတ္တပ္ပတိ–ကြောက်လန့်တတ်ဟူသည် ကာယဒုစရိုက် စသည်တို့ကြောင့် ကြောက်လန့်သတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(င) ဖြင့် ဩတ္တပ္ပ–အရ မကောင်းမှုမှ ကြောက်လန့်ခြင်း (ဝါ) မကောင်းမှုကြောင့် ကြောက်လန့်ခြင်း သဘောတရားကို ယူရမည်ကိုငှင်း(သရုပ်ကြား အဘိဓေယျတ္ထ) ယင်းဩတ္တပ္ပ–သဒ္ဒါ၏ အထင်ရှဉ်ဳ ဧကဒေသျူပစာ အဖြစ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

➤ ❼ ။ **ပကာသိတာနိ–၌ ပ**–ကား ပကာသနတ္ထ။ **ဧဝ**–ကား အဝဓာရဏတ္ထ။

(က) ပကာသိတာနေဝ–၌ (၁) ပြအပ်ကုန်ပြီးသော သဒ္ဒါဗိုလ်–စသော ရှေ့ငါးပါးတို့သည် ဂဟေတဗ္ဗတ္ထ။ (၂) မပြအပ်သေးသော ဟိရီ, ဩတ္တပ္ပ (၂)ပါးသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပေါ်လွင်ထင်

F-5-B

http://www.dhammadownload.com

ရှားခြင်းသည် (တနည်း) လက္ခဏာစသည်မှ တစ်ပါးသော သဒ္ဒါ, အနက်တို့သည် အနုညာတတ္ထ။

(တနည်း) ပကာသနကြိယာသည် ဂဟေတဗ္ဗတ္ထ။ အပကာသနကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

(ဃ) ဓေတဗ္ဗ ဓေ–၌ (၁) ကာယဒုစရိုက် စသည်တို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ကာယသုစရိုက် စသည်တို့သည် (ဝါ) အဘာယိတဗ္ဗဝတ္ထုတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ကာယဒုစရိုက် စသည်တို့၏ အနိဋ္ဌဖလဒုက္ခဝိပါကတို့သည် အနုညာတတ္ထ။

➤ **၈ ။ ကြိယာငါးတန်** ။ ။ **(က) ပကာသိတာနေဝ–၌ ပပုဗ္ဗ ကာသဓာတ်–အရ**

(၁) အဋ္ဌကထာဆရာ၏ သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည်၎င်း၊ ရှေးဗိုလ်ငါးပါး၏ လက္ခဏာ စသည်တို့ကို သိစေလိုသော ဆန္ဒ, မေတ္တာ, ကရုဏာတို့သည်၎င်း ဒီပကတ္ထ။ (၃) ထင်ရှားပြသဖြင့် သောတုဇနတို့ (ဗိုလ်ငါးပါး၏ လက္ခဏာ စသည်ကို) သိရခြင်းသည် ပကာသနတ္ထ။ (၄) သဒ္ဒမ္ဗဿဝန စသည်တို့သည် ဝိဘာဝတ္ထ။ (၅) သောတုဇနတို့အား ဗိုလ်ငါးပါး၏ လက္ခဏာ စသည်ကို သိရသဖြင့် ပီတိ, ပါမောဇ္ဇဖြစ်ရခြင်း အစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(တနည်း) (၂) သဒ္ဒါဗိုလ်စသော ငါးပါးတို့၏ လက္ခဏာစသည်ကို သောတုဇနတို့အား သိစေလိုသော ဆန္ဒ မေတ္တာတို့သည် ဒီပကတ္ထ။ (၄) ယောနိသော မနသိကာရ စသည်သည် (ဝါ) အဘိဓမ္မာအဋ္ဌကထာကို သင်ယူဖူးခြင်း, ကောင်းစွာမှတ်သား ဖူးခြင်းသည် ဝိဘာဝတ္ထ။ (၁+၃+၅) တူပြီ။

(ဂ) ဝါကျ–အရ = ဟိရီ ရှ၏။ (၁) ထိုဟိရီသည် ဒဿနတ္ထ။ (၂) ဇာတိ, ဝယ, သူရဘာဝ, ဗာဟုသစ္စတို့ကို ရှုဆင်ခြင်ခြင်းသည် ဒီပကတ္ထ။ (၃) ဒုစရိုက်မှု မပြုလုပ်မိခြင်းသည် ပကာသနတ္ထ။ (၄) ယောနိသော မနသိကာရ, သဒ္ဒမ္ဗဿဝန, သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) ဒုစရိုက်တရားတို့၏ အကျိုးဒုက္ခမှ လွတ်မြောက်ခြင်း မခံစားရခြင်းသည် အနုဘာဝတ္ထ။

➤ **၁ ၀ ။ (က) ပုရိမာနိ ပဉ္စ+ပကာသိတာနေဝ** ။ ။ ပဉ္စ–အရ (ဝါ) ပကာသိတာနိ ၌ တ–ပစ္စည်းအရ သဒ္ဒါဗိုလ်စသော ရှေ့ငါးပါး ပစ္စည်းတရားသည် ပပုဗ္ဗ ကာသဓာတ်–အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်=အာ၊ ဓိ၊ ဥပ (၃) ပစ္စည်း ဖြစ်ပါသည်။

(ခ) **ဟိရိယတိ** ။ ။ ယာ ဓမ္မဇာတိ–ဟူသော ပါဌသေသ ကတ္တားအရ ဟိရီ စေတသိက် ပစ္စည်း တရားသည် ဟိရိယတိ–အရ သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါ သည်။ ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၆) ပစ္စည်း ဖြစ်ပါသည်။

ကာယဒုစ္စရိတာဒီဟိ+ဟိရိယတိ ။ ။ ကာယဒုစ္စရိတာဒီဟိ–အရ ကာယဒုစရိုက်–စသော ပစ္စည်းတရားသည် ဟိရိယတိ–အရ ဟိရီစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု ပါသည်။ (ပြိုင်–မရှိ)

http://www.dhammadownload.com

ပါဠိ (၁၁) [ဋ္ဌ၊၁၇၀။ ပြည်၊ဒု၊၈၅။ ဘာသာဋီ၊ဒု၊၃၁၆]

(က) န လုဗ္ဘန္တိ ဧတေန, သယံ ဝါ န လုဗ္ဘတိ, အလုဗ္ဘနမတ္တမေဝ ဝါ တန္တိ အလောဘော။

(ခ) အဒေါသာမောဟေသုပိ ဧသေဝနယော။

(ဂ) တေသု အလောဘော အာရမ္မဏေ စိတ္တဿ အဂေဓလက္ခဏော, အလဂ္ဂဘာဝ လက္ခဏော ဝါ ကမလဒလေ ဇလဗိန္ဒု ဝိယ၊ (ဃ) အပရိဂ္ဂဟာဏရသော မုတ္တဘိက္ခု ဝိယ၊

(င) အနလ္လီနဘာဝပစ္စုပဋ္ဌာနော အသုစိမှိ ပတိတပုရိသော ဝိယ၊ (၁၃၁၇-ခု မေး)

➢ ❶ ။ **(က)** ဧတေန ဓမ္မေန၊ဤတရားဖြင့်။ (သမ္ပယုတ္တဓမ္မာ၊သမ္ပယုတ်တရားတို့သည်။တံ သမင်္ဂိနော၊ထို အလောဘနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်။)န လုဗ္ဘန္တိ၊မတပ်တတ်ကုန်။ဣတိ တသ္မာ၊ထို့ကြောင့်။ သောဓမ္မော၊ထိုတရားသည်။အလောဘော၊အလောဘ မည်၏။ဝါ၊တနည်းကား။သယံ၊မိမိသည်။န လုဗ္ဘတိ၊ မတပ်တတ်။ဣတိ တသ္မာ၊ထို့ကြောင့်။သော ဓမ္မော၊သည်။အလောဘော၊မည်၏။ဝါ၊တနည်းကား။တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။အလုဗ္ဘနမတ္တမေဝ၊မတပ်ခြင်းမျှသည်သာတည်း။ဣတိ တသ္မာ၊ထို့ကြောင့်။သော ဓမ္မော၊ သည်။အလောဘော၊မည်၏။ **(ခ)** အဒေါသာမောဟေသုပိ၊အဒေါသ အမောဟတို့၌လည်း။ဧသေဝနယော၊ ဤနည်းကိုသာလျှင်။ဝေဒိတဗ္ဗော၊သိအပ်၏။(တနည်း) ဧသေဝနယော၊ဤနည်းကဲ့သို့သော နည်းကို။ဝေဒိ တဗ္ဗော၊သိအပ်၏။ **(ဂ)** တေသု၊ထို အလောဘ, အဒေါသ, အမောဟတို့တွင်။အလောဘော၊သည်။ အာရမ္မဏေ၊အာရုံ၌။စိတ္တဿ၊၏။အဂေဓလက္ခဏော၊မမက်မောခြင်း လက္ခဏာရှိ၏။(ဝါ) မတောင့်တခြင်း လက္ခဏာရှိ၏။ဝါ၊တနည်း။ကမလဒလေ၊ကြာဖက်အပြင်၌။ဇလဗိန္ဒု၊ရေပေါက်သည်။န လဂ္ဂတိ ဝိယ၊မငြိ ကပ်သကဲ့သို့။(တထာ၊ထို့အတူ။အာရမ္မဏေ၊အာရုံ၌။စိတ္တဿ၊၏။) အလဂ္ဂဘာဝ လက္ခဏော၊မငြိကပ်သည်၏ အဖြစ်လျှင် လက္ခဏာရှိ၏။ **(ဃ)** မုတ္တဘိက္ခု၊မငြိမကပ် လွတ်လပ်သော ရဟန္တာရဟန်းသည်။န ပရိဂ္ဂဏှာတိ ဝိယ၊တစုံတခုကိုမျှ မသိမ်းပိုက်သကဲ့သို့။(တထာ၊ထို့အတူ။)အပရိဂ္ဂဟာဏရသော၊မသိမ်းပိုက်ခြင်း ကိစ္စရှိ၏။

(င) အသုစိမှိ၊မစင်၌။ပတိတပုရိသော၊ကျသော ယောကျ်ားသည်။(အနလ္လီနဘာဝေါ၊မကပ်ငြိသော အလိုရှိသည်။(ဝါ) မငြိကပ်လိုသည်။)ဟောတိ ဝိယ၊ဖြစ်သကဲ့သို့။(တထာ၊ထို့အတူ။)အနလ္လီနဘာဝပစ္စုပဋ္ဌာနော၊ မငြိမကပ်ခြင်းဟူသော အလိုရှိသော တရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏။

➢ ❷ ။ **(ဃ) သို့/ အနုလောမပါပနာဒိ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် အလောဘ၏ အာရမ္မဏေ စိတ္တဿ အဂေဓလက္ခဏာရှိသည်၏အဖြစ်, ဥပမာနှင့်တကွ အလဂ္ဂဘာဝ လက္ခဏာရှိသည် ၏ အဖြစ်တို့ကို ပြဆိုတော်မူ၏။ ဤမျှသာ ပြဆိုချေသော် အလောဘသည် ဆိုအပ်ပြီးသော လက္ခဏာသာလျှင် ရှိ၏ဟူသော အနက် ရောက်ခဲ့ရာ၏။ စင်စစ်သော်ကား အလောဘသည် ဆိုအပ်ပြီးသော လက္ခဏာသာလျှင် ရှိ၏ဟူသော အနက် မရောက်သင့်။ ထိုသို့မရောက်သင့်သောကြောင့် အလောဘ၏ ရသကိုလည်း ပြဆိုသင့်သေး၏။ အလောဘ၏ ရသကို မပြဆိုဘဲ မနေသင့်။ မနေသင့်ဘဲ နေချေသော် ဆရာ့အား စကားမန့်စပ်ခြင်း အဗျာပိတဒေါသ, စကားမပြည့်စုံခြင်း အပရိပုဏ္ဏဒေါသ, စကားယုတ်လျော့ခြင်း ဦနဒေါသ ရောက်ရာ၏။ အလောဘ၏ ရသကား အဘယ်ပါနည်း။ ဤသို့ စောဒနာဘွယ်ရှိသောကြောင့် (ဃ)မိန့်

အဓိပ္ပါယ်ကား-(ဃ)ဖြင့် ဥပမာနှင့်တကွ အလောဘ၏ အပရိဂ္ဂဟာဏရသ ရှိသည်၏အဖြစ်ကို

http://www.dhammadownload.com

ပြသောကြောင့် သင်္ဂဟဒီပနီတင်သော အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ, ဥနဒေါသများ ဆရာ့အား မရောက်ဟူလို။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် အလောဘပုဒ်၏ ဝစနတ္ထကို (ပစ္စက္ခသံဝဏ္ဏနာနည်းဖြင့်) ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ခ)** ဖြင့် အဒေါသ အမောဟပုဒ်တို့၏ ဝစနတ္ထကို အလောဘ အတိုင်းပြုလေ-ဟု အတိဒေသသံဝဏ္ဏနာနည်းအားဖြင့် ဖွင့်ပြသောကြောင့် ဂန္ထဂရု (တနည်း) အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဂ)** စသည်ဖြင့် အလောဘ စသည်တို့၏ ဝစနတ္ထမှတပါး လက္ခဏာ စသည်တို့ကို ဥပမာများဖြင့် ထင်စွာဖွင့်ပြသောကြောင့် ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသကို ပယ်ပါသည်။ ထိုတွင် **(ဂ)** ဖြင့် အလောဘ-၏ အာရမ္မဏေ စိတ္တဿ အဂေဓလက္ခဏာရှိပုံကို (ဝါ) အလဂ္ဂဘာဝ လက္ခဏာရှိပုံကို ဥပမာဖြင့် ထင်စွာဖွင့်ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် အလောဘ၏ အပရိဂ္ဂဟဏရသရှိပုံကို ဥပမာဖြင့် ထင်စွာဖွင့်ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါ သည်။ **(င)** ဖြင့် အလောဘ၏ အနလ္လီနဘာဝပစ္စုပဋ္ဌာန်ရှိပုံကို ဥပမာဖြင့် ထင်စွာဖွင့်ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

သယံ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အလောဘော-၌ ဏပစ္စည်း၏ ကရဏသာဓနအနက်အကြောင်းမှတပါး ကတ္တုသာဓနအနက် အကြောင်းတပါးကို (တနည်း) မတပ်မက်ကြောင်းဟူသော သကတ်အနက်အကြောင်းမှတပါး မတပ်မက်တတ်သည်၏ အဖြစ်ဟူသော သကတ်အနက်အကြောင်း တပါးကို လဲလိုသောကြောင့် သယံဝါ-၌ ဝါ-သဒ္ဒါကို ထားရပါသည်။

အလုဗ္ဘနမတ္တမေဝ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အလောဘ-၌ ဏပစ္စည်း၏ ကရဏသာဓနအနက်အကြောင်း၊ ကတ္တုသာဓနအနက်အကြောင်းတို့မှတပါး ဘာဝသာဓနအနက် အကြောင်း တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ-သဒ္ဒါကို ထားရပါသည်။ (တနည်း) မတပ်မက်ကြောင်းဟူသော သကတ်အနက်၊ မတပ်မက်တတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းတို့မှတပါး မတပ်မက်ခြင်းဟူသော သကတ်အနက် အကြောင်းတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် အလုဗ္ဘန မတ္တမေဝ ဝါ-၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(ခ) ၌ ဧသေဝ နယော ထားရခြင်းအကြောင်း ။ ။ အဒေါသ, အမောဟပုဒ်တို့၏ ဝစနတ္ထသည် (က)ဝါကျ၌ ဆိုခဲ့ပြီးသော အလောဘပုဒ်၏ ဝစနတ္ထနှင့် အလုံးစုံတူသည်ဟု ပြလိုသောကြောင့် (ခ) ၌ ဧသေဝ နယော-သဒ္ဒါကို ထားရပါသည်။

(ခ) ၌ ပိ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အလောဘောပုဒ်၌သာ ဤနည်းကို သိအပ်သည် မဟုတ်သေး၊ အဒေါသ, အမောဟပုဒ်တို့၌လည်း ဤနည်းကိုသာလျှင် သိရမည်ဟု သမုစ္စည်း သမ္ပိဏ္ဍနအနက်ကို ပြလို၍ ပိ-သဒ္ဒါကို ထားရပါသည်။

(ဂ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အလောဘ၏ အာရမ္မဏေ စိတ္တဿ အဂေဓလက္ခဏာရှိသည်၏ အဖြစ်တည်းဟူသော သကတ်အနက်မှတပါး အလဂ္ဂဘာဝ လက္ခဏာရှိသည်၏ အဖြစ်ဟူသော သကတ်အနက်တစ်မျိုးကို လဲလှယ်ပြလို၍ (ဂ)၌ ဝါ-သဒ္ဒါကို ထားရပါသည်။

http://www.dhammadownload.com

➤ ❹ ။ လုဗ္ဘန္တိ ဧတေနာတိ **လောဘော**။ (လုဘဓာတ်+ဏပစ္စည်း၊ တပ်မက်ခြင်းကြိယာ) န လောဘော **အလောဘော**။ (၂) ပဋိသေဓဘောဂုဏ်၏ လောဘနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အလောဘဓမ္မဒြဗ်သည် ပဝတ္တိနိမိတ်။

လုဗ္ဘတီတိ လောဘော။ န လောဘော **အလောဘော**။ (တူပြီ)

လုဗ္ဘနံ လောဘော။ န လောဘော **အလောဘော**။ (တူပြီ)

ဂိဇ္ဈနံ **ဂေဓော**။ (ဂိဓဓာတ်+ဏပစ္စည်း၊ မက်မောခြင်းကြိယာ) န ဂေဓော အဂေဓော။ အဂေဓော လက္ခဏံ အဿာတိ **အဂေဓလက္ခဏော**။

အလ္လီယတီတိ အလ္လီနော။ န အလ္လီနော အနလ္လီနော။ စိတ္တေ ဘဝတီတိ ဘာဝေါ။ အနလ္လီနော ဘာဝေါ ဧတဿာတိ **အနလ္လီနဘာဝေါ**။ (၂) မကပ်ငြိသော အလို၏ လောဘနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အလောဘ၏ မကပ်ငြိသော အလိုရှိခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ ✱ ဓလတိ သန္တတီတိ **ဓလံ**။(ဓလ+အ) ဗိန္ဒတိ အဝယဝီ ဘဝတိ, ဗိန္ဒီယတိ ဝါ အဝယဝီ ကရီယတေတိ **ဗိန္ဒု**။ (ဗိဒိ+ဥ) သုစိဿ ပဋိပက္ခော **အသုစိ**။

စဇ္ဇော ယဿ အတ္ထီတိ စဇ္ဇိကော။ စဇ္ဇိကဿ ဘာဝေါ စဇ္ဇိက္ကံ။ စဇ္ဇိက္ကဿ ပဋိပက္ခံ အစဇ္ဇိက္ကံ။ န စဇ္ဇိက္ကံ **အစဇ္ဇိက္ကံ**။ (၂) ပဋိပက္ခ(ဝိရုဒ္ဓ)ဘောဂုဏ်၏ ကြမ်းတမ်းသည်၏အဖြစ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) မကြမ်းတမ်းသည်၏အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ ✱ ကာမီယတီတိ ကမလံ။(ကမ+အလ) ကံ ဓလံ အလယတိ ဘူသယတီတိ **ကမလံ**။(က-အလ+အ) တလတိ ပတိဋ္ဌာတိ ဧတ္ထ ဝတ္ထဇာတန္တိ **တလံ**။(တလ+အ) ဒလတိ ဝိကသတီတိ **ဒလံ**။

➤ ❻ ။ **(က)** ၌ န လုဗ္ဘန္တိ ဧတေန-ဖြင့် အလောဘော-၌ လောဘ-ဝယ် လုဘဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) လုဗ္ဘန္တိ ဧတေနာတိ လောဘော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) အ-၏ န-၏ ကာရိယ၏ အဖြစ်ကိုင်း (နိပါတလိင်္ဂပဒ) ယင်း အ(န) သဒ္ဒါ၏ ပဋိပက္ခ (ဝိရုဒ္ဓ) အနက် ဟောသည်ကိုင်း (နိပါတလိင်္ဂတ္ထ) န လောဘော အလောဘော-ဟု ကမ္မဓာရယမိဿကတပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

သယံ-ဖြင့် ဓမ္မကတ္တားမှတပါး ပုဂ္ဂလကတ္တားကို နှစ်စေပါသည်။(ဘာဝတ္ထ) **ဝါ**-ဖြင့် နယန္တရကို သိစေပါသည်။ **န လုဗ္ဘတိ**-ဖြင့် အလောဘပုဒ်၌ အ-ပုဒ်+လောဘပုဒ်၊ လောဘ-၌ လုဘဓာတ်၏အဖြစ်ကိုင်း (ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) လုဗ္ဘတီတိ လောဘော-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) အလောဘော-၌ အ-သဒ္ဒါ န-သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုင်း (နိပါတလိင်္ဂပဒ) ယင်း အ(န) သဒ္ဒါ၏ ပဋိပက္ခ(ဝိရုဒ္ဓ)အနက် ဟောသည်ကိုင်း (နိပါတလိင်္ဂတ္ထ) န လောဘော အလောဘော-ဟု ကမ္မဓာရယမိဿကတပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

အလုဗ္ဘနမတ္တမေဝ တံ-ဖြင့် အလောဘော-ဝယ် လုဘဓာတ်၏အဖြစ်ကိုင်း (ဒု-ဓာတုပဒ)

http://www.dhammadownload.com

ဏပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်ကိုရှင်း(ဒု-ပစ္စယတ္ထ) လုဗ္ဘနံ လောဘော-ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်ကိုရှင်း(အဘိဓာနတ္ထ) အလောဘော-၌ အ-သဒ္ဒါ န-သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုရှင်း (နိပါတလိင်္ဂပဒ) ယင်း အ(န) သဒ္ဒါ၏ ပဋိပက္ခ(ဝိရုဒ္ဓ)အနက် ဟောသည်ကိုရှင်း (နိပါတလိင်္ဂတ္ထ) န လောဘော အလောဘော-ဟု ကမ္မဓာရယမိဿကတပ္ပုရိသ်သမာသ် ပြုရမည်ကိုရှင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

➤ **❼ ။ (က) အလုဗ္ဘနမတ္တမေဝ-၌** (၁) ဘာဝသာဓနေသည် ဂဟေတဗ္ဗတ္ထ။ (၂) ကမ္မ သမ္ပဒါန အပါဒါန အဓိကရဏ သာဓနတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အလောဘသည် အနညာတတ္ထ။ (တနည်း) (၁) မတပ်မက်ခြင်း ကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) တပ်မက်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

ဒေသေဝ နယော-၌ (၁) အဒေါသ, အမောဟတို့၏ ကရဏသာဓန, ကတ္တုသာဓန, ဘာဝသာဓန ဝစနတ္ထပြုနည်းတို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ကမ္မသာဓန-စသော ဝစနတ္ထပြုနည်းတို့သည် နိဝတ္တေ တဗ္ဗတ္ထ။ (၃) ဤကရဏသာဓ် ကတ္တုသာဓ် ဘာဝသာဓ် ဝစနတ္ထပြုနည်း၏ အနက်အဓိပ္ပါယ်တို့သည် အနညာတတ္ထ။ (က) **န-သဒ္ဒါ၊ အလောဘော**-၌ အ-ကား ပဋိပက္ခတ္ထ။ **ဝါ**-ကား ဝိကပ္ပနတ္ထ, နယန္တရ ဇောတက။ **ဝိယ**-ကား ပဋိဘာဂတ္ထ။ **တေသု**-၌ တ-သဒ္ဒါသည် အလောဘ အဒေါသ အမောဟ-ဟူသော တရားဒြဗ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ ဖြစ်ပါသည်။

➤ **❽ ။ ကြိယာဝါးတန်** ။ ။ **န လုဗ္ဘန္တိ-အရ** အလောဘနှင့်ယှဉ်သော ကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထိုသည် ဒဿနတ္ထ။ (ကြွင်း ကုသိုလ်အတိုင်းထုတ်)

တေန, သယံ, န လုဗ္ဘတိ, အလုဗ္ဘန, တံ, အလောဘော ပုဒ်တို့အရ =

➤ **အလောဘကို ယူ၍ထုတ်ပုံ** ။ ။ (၁) ထိုအလောဘသည် ဒဿနတ္ထ။ (၂) ယောနိသောမနသိ ကာရသည် ဒီပကတ္ထ။ (၃) ပေးကမ်းလှူဒါန်းခြင်းသည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန စသည်သည် ဝိဘာဝတ္ထ။ (၅) ပိယဝိပ္ပယောဂဒုက္ခမှ ကင်းခြင်း, ပြိတ္တာဘုံသို့ မရောက်ရခြင်း, သုဂတိဘဝကို ရခြင်း မှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➤ **အဒေါသကို ယူ၍ထုတ်ပုံ** ။ ။ (၁) ထိုအဒေါသသည် ဒဿနတ္ထ။ (၂) ယောနိသောမနသိ ကာရသည် ဒီပကတ္ထ။ (၃) သီလနှင့် ပြည့်စုံခြင်းသည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန စသည်သည် ဝိဘာဝတ္ထ။ (၅) အပ္ပိယသမ္ပယောဂဒုက္ခမှ ကင်းခြင်း, အထူးအားဖြင့် ငရဲဘုံသို့ မကပ်ရောက်ရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➤ **အမောဟကို ယူ၍ ထုတ်ပုံ** ။ ။ (၁) အမောဟသည် ဒဿနတ္ထ။ (၂) ဂေါတြဘု ဝေါဒါန်သည် ဒီပကတ္ထ။ (၃) မဂ္ဂါနန္တရဖိုလ်သည် ပကာသနတ္ထ။ (၄) ပရိကံ ဥပစာ အနုလုံတိုင်အောင်သော ရှေး ရှေးသော ပါရမီဉာဏ် ဝိပဿနာဉာဏ် စသည်သည် ဝိဘာဝတ္ထ။ (၅) ပစ္စဝေက္ခဏာဉာဏ်, ဖလသမာ ပတ္တိ သုခမှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

[တနည်း] (၁) ထိုအမောဟသည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) ဘာဝနာနှင့် ပြည့်စုံခြင်းသည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန စသည်သည် ဝိဘာဝတ္ထ။ (၅) ဣစ္ဆိတာ

http://www.dhammadownload.com

လာဘဒုက္ခမှ ကင်းခြင်း,အထူးအားဖြင့် တိရစ္ဆာန်ဘုံ၌ မဖြစ်ရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင် အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➢ ၁၀။ **(က) နလုဗ္ဘန္တိ+စေတနံ** ။ ။ စေတနံ-အရ အလောဘ ပစ္စည်းတရားသည် န လုဗ္ဘန္တိ-အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်း ဖြစ်ပါသည်။

(ဂ) အာရမ္မဏေ+စိတ္တဿ ။ ။ အာရမ္မဏေ-အရ ရူပါရုံ စသည် ပစ္စည်းတရားသည်+စိတ္တဿ အရ (ဌာနာနုရူပအားဖြင့်) ပထမ မဟာကုသိုလ်စိတ် တစ်ခု။ (တနည်း) မဟာကုသိုလ်စိတ် ၈-ခု၊ (တနည်း) သောဘနစိတ် ၅၉-ခု၊ စေတသိက် (၃၈) ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ နိ၊ ဥပ၊ ပု၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၈)

ပါဠိ (၁၂) [၄၁၀၃။ ပြည်၊ဒု၊၉၁။ ဘာသာဋီ၊ဒု၊၃၂၅]

(က) နာဘိဇ္ဈာယတီတိ အနဘိဇ္ဈာ။

(ခ) ကာယိကစေတသိကသုခံ, ဣဓလောက ပရလောကဟိတံ, ဂုဏာနုဘာဝပဋိလဒ္ဓံ ကိတ္တိသဒ္ဒဥ္စ န ဗျာပါဒေတီတိ အဗျာပါဒေါ။

(ဂ) သမ္မာ ပဿတိ, သောဘနာဝါ ဒိဋ္ဌီတိ သမ္မာဒိဋ္ဌိ။

(ဃ) အလောဘာဒီနံယေဝ တာနိ နာမာနိ၊

(င) ဟေဋ္ဌာ ပနေတေ ဓမ္မာ မူလဝသေန ဂဟိတာ၊ ဣဓ ကမ္မပထဝသေနာတိ ဝေဒိတဗ္ဗာ၊

(၁၃၇၃-ခု မေး)

➢ ၁။ **(က)** (ယာ ဓမ္မဇာတိ၊အကြင်သဘောတရားသည်။ပရဘဏ္ဍံ၊သူတပါး၌စွာကို။) န အဘိဇ္ဈာယတိ၊တပ်သောအားဖြင့် ရှေးရှုမကြံတတ်။ဣတိ တသ္မာ၊ထို့ကြောင့်။(သာ ဓမ္မဇာတိ၊ထိုသဘောတရား သည်။) အနဘိဇ္ဈာ၊မည်၏။ **(ခ) [ပါဌသေသ စုံလင်စွာထည့်၍ နိယမာနိယမနည်းဖြင့် အနက်]** (ယော အဒေါသော၊အကြင်အဒေါသသည်။အတ္တနော၊မိမိ၏၎င်း။ပရဿ၊သူတပါး၏၎င်း။) ကာယိက စေတသိကံ၊ကာယိက စေတသိကဖြစ်သော။သုခဉ္စ၊သုခကို၎င်း။ဣဓလောက ပရလောကဟိတဥ္စ၊ဤပစ္စုပ္ပန် လောက, တမလွန်လောက၌ဖြစ်သော စီးပွားကို၎င်း။ဂုဏာနုဘာဝပဋိလဒ္ဓံ၊ဂုဏ်ကျေးဇူး၏ အာနုဘော်ဖြင့် ရအပ်သော။ကိတ္တိသဒ္ဒဥ္စ၊ကျော်စောသံကို၎င်း။န ဗျာပါဒေတိ၊မဖျက်ဆီးတတ်။ဣတိ တသ္မာ၊ထို့ကြောင့်။(သော အဒေါသော၊ထိုအဒေါသသည်)အဗျာပါဒေါ၊အဗျာပါဒ မည်၏။

(ဂ) သမ္မာ၊အသင့်အားဖြင့်။ပဿတိ၊မြင်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။သမ္မာဒိဋ္ဌိ၊မည်၏။ဝါ၊တနည်း ကား။သောဘနာ၊တင့်တယ်သော။ဒိဋ္ဌိ၊အမြင်တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။သမ္မာဒိဋ္ဌိ၊မည်၏။

(ဃ) အလောဘာဒီနံယေဝ၊အလောဘ အဒေါသ အမောဟတို့၏သာလျှင်။တာနိ နာမာနိ၊ထိုအနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ-ဟူသော အမည်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

(င) ပန၊ထိုသို့ တရားကိုယ်အရတူကြသော်လည်း။ဟေဋ္ဌာ၊အောက်၌။ဧတေ ဓမ္မာ၊ထို အလောဘ, အဒေါသ, အမောဟ တရားတို့ကို။မူလဝသေန၊မူလ၏အစွမ်းဖြင့်။ဂဟိတာ၊ယူအပ်ကုန်၏။ဣဓ၊ဤအရာ

http://www.dhammadownload.com

၌။ကမ္မပထဝသေန၊ကမ္မပထ၏ အစွမ်းဖြင့်။ဂဟိတာ၊ယူအပ်ကုန်၏။ဣတိ၊သို့။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

➤ ❷ ။ **(ဃ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ)ဝါကျတို့ဖြင့် အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိပုဒ်တို့၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ယင်း အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိပုဒ်တို့၏ အရကောက် အဘိဓေယျတ္ထကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိပုဒ်တို့၏ ဝစနတ္ထကိုသာ မဆိုသင့်။ အရကောက် အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ အရကောက် အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(ဃ) သို့/ ဥပနာပဥ္စကပုစ္ဆာတက် ။ ။ ဆရာ၊ မြတ်စွာဘုရားသည် အနဘိဇ္ဈာ ဟောတိ, အဗျာပါဒေါ ဟောတိ, သမ္မာဒိဋ္ဌိ ဟောတိ-ဟု ဟောတော်မူ၏။ ဤသို့ပင် ဟောတော်မူသော်လည်း ထို အနဘိဇ္ဈာ စသည်တို့သည် အောက်၌ဟောအပ်ပြီးသော အလောဘ စသည်တို့နှင့် တရားကိုယ် အရကောက် တူညီနေကြသည် မဟုတ်ပါလော။ (ဝါ) အနဘိဇ္ဈာ စသည်တို့သည် အလောဘ စသည်တို့၏ အမည်များပင် ဖြစ်ကြသည်မဟုတ်ပါလော။ ထိုသို့ ဖြစ်ကြသောကြောင့် အနဘိဇ္ဈာ ဟောတိ စသည်ကို ဤနေရာ၌ တဖန် မဟောသင့်။ အနဘိဇ္ဈာ စသည်ကို တဖန်ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်ကြောင့် အနဘိဇ္ဈာ စသည်တို့ကို ဤနေရာ၌ တဖန်ထပ်၍ ဟောတော်မူအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား- (င) ဝါကျဖြင့် အောက်၌ ထိုအလောဘ စသည်တို့ကို မူလ၏အစွမ်းအားဖြင့် ယူအပ်ကုန်၏၊ ဤ၌ ကမ္မပထ၏ အစွမ်းအားဖြင့် ယူအပ်ကုန်၏၊ ထို့ကြောင့် တရားကိုယ်အရတူကြသော်လည်း အနဘိဇ္ဈာ စသည်ကို ထပ်မံ၍ ဟောတော်မူအပ်ပါ၏ဟူလို။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ဂ)** ဖြင့် အဗျာပါဒပုဒ်၏ ဝစနတ္ထမှတပါး သမ္မာဒိဋ္ဌိပုဒ်၏ ဝစနတ္ထကို ပြဆိုသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် အနဘိဇ္ဈာ စသည်တို့၏ အရကောက် အဘိဓေယျတ္ထကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ (တနည်း) အနဘိဇ္ဈာ စသည်တို့သည် အလောဘ စသည်တို့၏သာ အမည်ဖြစ်ကြသည်ဟု အတိအကျ ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် အနဘိဇ္ဈာ စသည်တို့ကို ထပ်၍ဟောရခြင်း၏ အကြောင်းကို ပြသောကြောင့် ပုနရုတ္တိဒေါသ, နိရတ္ထကဒေါသတို့ကို ပယ်ပါသည်။

(ခ) ကိတ္တိသဒ္ဒ-၌ စ-သဒ္ဒါ ထားခြင်းအကြောင်း ။ ။ ကာယိက စေတသိကသုခ, ဣဓလောက ပရလောကဟိတ-ဟူသော အနက်တို့မှတပါး ဂုဏာနုဘာဝပဋိလဒ္ဓကိတ္တိသဒ္ဒဟူသော အနက် တစ်မျိုးကို လဲလှယ်ပြလို၍ စ-သဒ္ဒါကို ထားရပါသည်။

(ဂ) သောဘနာဝါ-၌ ဝါ-သဒ္ဒါ ထားခြင်းအကြောင်း ။ ။ သမ္မာဒိဋ္ဌိ-၌ သမ္မာနိပါတ်၏ ဉာယ, အဝိပရီတ, သုန္ဒရအနက် အကြောင်းမှတပါး သောဘနအနက် အကြောင်းတစ်မျိုးကို လဲလှယ်ပြလို၍ (ဂ) သောဘနာဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။ (တနည်း) အသင့်အားဖြင့် မြင်တတ်သည်၏ အဖြစ်ဟူသော အကြောင်းသကတ်အနက်မှတပါး တင့်တယ်သော အမြင်၏အဖြစ်ဟူသော အကြောင်းသကတ်

http://www.dhammadownload.com

အနက် တစ်မျိုးကို လဲလှယ်ပြလို၍ (ဂ) သောဘနာဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

(တနည်း) သမ္မာ ပဿတီတိ သမ္မာဒိဋ္ဌိ-ဟူသော ကိတ်ဝစနတ္ထမှတပါး သောဘနာ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ ဟူသော သမာသ်ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလို၍ (ဂ) သောဘနာဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

(ဃ) ၌ ဝေဒိတဗ္ဗာ ထားရခြင်းအကြောင်း ။ ။ အောက်၌ ထို အလောဘ, အဒေါသ, အမောဟ တရားတို့ကို မူလ၏အစွမ်းဖြင့် ယူအပ်ကုန်၏၊ ဤအရာ၌ ကမ္မပထ၏ အစွမ်းဖြင့် ယူအပ်ကုန်၏ဟု ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တအားဖြင့် သိရ ယူရမည်ဟု ပြလိုသောကြောင့် (ဃ) ၌ ဝေဒိတဗ္ဗာ-ကို ထားရပါသည်။

➤ ❾ ။ ကိတ္တီယတီတိ **ကိတ္တိ**။ (ကိတ္တဓာတ်+က္တိပစ္စည်း၊ ချီးမွမ်းခြင်းကြိယာ) သဒ္ဒီယတီတိ သဒ္ဒေါ။ သပ္ပတိ ဥစ္စာရီယတီတိ ဝါ **သဒ္ဒေါ**။

ကိတ္တိ ဧဝ သဒ္ဒေါ **ကိတ္တိသဒ္ဒေါ**။ (၂) ချီးမွမ်းအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏+အသံ နှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျုပ္ပတ္တိနိမိတ်။ (၄) ချီးမွမ်းအပ်သည်၏ အဖြစ်တည်း ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

(တနည်း) ကိတ္တနံ **ကိတ္တိ**။ (ကိတ္တဓာတ်+က္တိပစ္စည်း၊ ကောင်းစွာ ချီးမွမ်းပြောဆိုခြင်း ကြိယာ) သဒ္ဒီယတီတိ **သဒ္ဒေါ**။ (သဒ္ဒ+အ) ကိတ္တိယာ ပဝတ္တော သဒ္ဒေါ **ကိတ္တိသဒ္ဒေါ**။ (၂) ချီးမွမ်းခြင်း၏ ဖြစ်သော အသံနှင့် ဂုဏ်+ ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျုပ္ပတ္တိနိမိတ်။ (၄) ချီးမွမ်းအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ ✱ အဘိဇ္ဈာယတီတိ **အဘိဇ္ဈာ**။ န အဘိဇ္ဈာ **အနဘိဇ္ဈာ**။ (၂) န-အရ ပဋိပက္ခ, ဝိရုဒ္ဓဘောဂုဏ်၏ အလောဘနှင့် ဂုဏ်+ ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျုပ္ပတ္တိနိမိတ်။ အနဘိဇ္ဈာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ ✱ ဗျာပါဒေတီတိ **ဗျာပါဒေါ**။ န ဗျာပါဒေါ **အဗျာပါဒေါ**။

ကာယေ နိယုတ္တံ ကာယိကံ။ ကာယေ ဘဝံ ဝါ **ကာယိကံ**။ စေတသိ နိယုတ္တံ စေတသိကံ။ စေတသိ ဘဝံ ဝါ **စေတသိကံ**။ ကာယိကဉ္စ စေတသိကဉ္စ **ကာယိကစေတသိကံ**။

ကာယိကစေတသိကဉ္စ တံ သုခဉ္စာတိ **ကာယိကစေတသိကသုခံ**။ ဂုဏေတိ အတ္တနော ဒဗ္ဗံ ပကာသေတီတိ **ဂုဏော**။ ဂုဏဿ အာနုဘာဝေါ **ဂုဏာနုဘာဝေါ**။ ပဋိလဘိတဗ္ဗောတိ **ပဋိလဒ္ဓေါ**။

ဂုဏာနုဘာဝေန ပဋိလဒ္ဓေါ **ဂုဏာနုဘာဝပဋိလဒ္ဓေါ**။ (၂) ဂုဏ်ကျေးဇူးအာနုဘော်၏ ရအပ်သော ကျော်စောသံနှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျုပ္ပတ္တိနိမိတ်။ (၄) ဂုဏာနုဘာဝ ပဋိလဒ္ဓဝိသေသနဘောဂုဏ်သည် ပဝတ္တိနိမိတ်။

ဟိနောတိ ဝုဍ္ဎိံ ဂစ္ဆတီတိ **ဟိတံ**။ (၂) ဟိဓာတ်+တပစ္စည်းသည်၎င်း၊ တိုးပွားခြင်းကြိယာသည် ၎င်း ဖျုပ္ပတ္တိနိမိတ်။ (၄) တိုးပွားခြင်းကြိယာသည် ပဝတ္တိနိမိတ်။

[(ဂ)ဝါကျ ပဋ္ဌမအဖွင့်ကို ရှု] သမ္မာ ပဿတီတိ **သမ္မာဒိဋ္ဌိ**။ (၂) သမ္မာပုဗ္ဗ ဒိသဓာတ်+တိ ပစ္စည်းသည်၎င်း၊ အသင့်အားဖြင့် မြင်ခြင်းကြိယာသည်၎င်း ဖျုပ္ပတ္တိနိမိတ်။ (၄) အသင့်အားဖြင့် မြင်ခြင်း ကြိယာသည် ပဝတ္တိနိမိတ်။ ✱ ပဿတီတိ ဒိဋ္ဌိ။ သမ္မာ ပဝတ္တာ ဒိဋ္ဌိ **သမ္မာဒိဋ္ဌိ**။

http://www.dhammadownload.com

[ဒုတိယအဖွင့်ကိုရှု] ပဿတီတိ **ဒိဋ္ဌိ**။ သောဘနာ ဒိဋ္ဌိ **သမ္မာဒိဋ္ဌိ**။ (၂) တင့်တယ်သော သောဘနဘောဂုဏ်၏ ဒိဋ္ဌိနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။ (၄) သမ္မာဒိဋ္ဌိတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

မူလတိ ပတိဋ္ဌာတိ ဧတ္ထာတိ **မူလံ**။ ပထတိ ယာတိ အနေနာတိ **ပထော**။

ကမ္မမေဝ ပထော **ကမ္မပထော**။ (၂) အကြောင်းကံ၏ သုဂတိ ဒုဂ္ဂတိသို့ ရောက်ကြောင်းကံနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။

➤ ❻ ။ **(က)** ၌ နာဘိဇ္ဈာယတိ-ဖြင့် အနဘိဇ္ဈာ-၌ (နပုဒ်+အဘိဇ္ဈာပုဒ်) အဘိဇ္ဈာ-ဝယ် အဘိပုဗ္ဗ ဈေဓာတ်၏ အဖြစ်ကိုင်ငင်း(ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကို ငင်း(ဒု-ပစ္စယတ္ထ) အဘိဇ္ဈာယတီတိ အဘိဇ္ဈာ-ဟု ပြုရမည်ကိုင်ငင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ န ဗျာပါဒေတိ-ဖြင့် အဗျာပါဒေါ-၌ (နပုဒ်+ဗျာပါဒပုဒ်) ဗျာပါဒေါ-ဝယ် ဝိ-ရှေး အာ-ရှေးရှိသော ပဒဓာတ်၏ အဖြစ်ကိုင်ငင်း(ဒု-ဓာတုပဒ) ဏ-ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက်သည်ကိုင်ငင်း(ဒု-ပစ္စယတ္ထ) ဗျာပါဒေတီတိ ဗျာပါဒေါ-ဟု ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုင်ငင်း (အဘိဓာနတ္ထ) အ-၏ န-၏ ကာရိယ၏ အဖြစ်ကိုင်ငင်း(နိပါတလိင်္ဂပဒ) န ဗျာပါဒေါ အဗျာပါဒေါ-ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်ငင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေသည်။

ကာယိက (ပ) ကိတ္တိသဒ္ဒ-ဖြင့် န ဗျာပါဒေတိ-၏ ကံပုဒ်အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ)

(တနည်း) မဖျက်ဆီးတတ်ဟူသည် ကာယိက စေတသိကသုခ စသည်ကို မဖျက်ဆီးတတ်ဟု သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ၌ သမ္မာ ပဿတိ-ဖြင့် သမ္မာဒိဋ္ဌိ-၌ သမ္မာ သဒ္ဒူပပဒ ဒိသဓာတ်၏ အဖြစ်ကိုင်ငင်း(ဒု-ဓာတုပဒ) တိပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်ငင်း(ဒု-ပစ္စယတ္ထ) သမ္မာ-သဒ္ဒါ၏ ဉာယ, အဝိပရီတ, သုန္ဒရ အနက်ဟောသည်ကိုင်ငင်း(နိပါတလိင်္ဂတ္ထ) သမ္မာ ပဿတီတိ သမ္မာဒိဋ္ဌိ-ဟု ပြုရမည်ကိုင်ငင်း(အဘိဓာနတ္ထ) သိစေပါသည်။ **သောဘနာ ဒိဋ္ဌိ**-ဖြင့် သမ္မာဒိဋ္ဌိ-၌ သမ္မာ-သဒ္ဒါ၏ သောဘနအနက်ဟောသည်ကိုင်ငင်း(နိပါတလိင်္ဂတ္ထ) သောဘနာ ဒိဋ္ဌိ သမ္မာဒိဋ္ဌိ-ဟု ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်ငင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေသည်။

(ဃ) ဖြင့် အနဘိဇ္ဈာ-အရ အလောဘကို, အဗျာပါဒ-အရ အဒေါသကို, သမ္မာဒိဋ္ဌိ-အရ အမောဟကို ယူရမည်ဟု သိစေပါသည်။

➤ ❼ ။ **(ဃ) အလောဘာဒီနံ့ယေဝ**-၌ (၁) အလောဘ, အဒေါသ, အမောဟတို့သည် ဂဟေတဗ္ဗတ္ထ။ (၂) လောဘ, ဒေါသ, မောဟတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အလောဘ၏ လောဘ မရှိခြင်း၊ အဒေါသ၏ ဒေါသ မရှိခြင်း၊ အမောဟ-၏ မောဟ မရှိခြင်းဂုဏ်သည် အနုညာတတ္ထ။

(က) အနဘိဇ္ဈာ-၌ အဘိ-ကား အဘိမုခတ္ထ။ **(ခ) ကိတ္တိသဒ္ဒ**-၌ စ-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။ **ဗျာပါဒေတိ-၌ ဝိ**-ကား ဝိကာရတ္ထ၊ **အာ**-ကား ဓာတွတ္ထဝိသေသက။

(င) ဝါကျ၌ ပန-သဒ္ဒါ၏ ထွန်းပြအပ်သော အနက်ကား = အနုဂ္ဂဟတ္ထ၊ သမ္ဘာဝနတ္ထ

http://www.dhammadownload.com

ဖြစ်ပါသည်။ **တာနိ နာမာနိ**-၌ တာနိ-ဝယ် တ-ကား နာမာနိ-ဟု အစွဲတိုက်ရိုက် ပါရှိသောကြောင့် ပသိဒ္ဓဝိသယ ဖြစ်ပါသည်။

➢ ❶ ။ **ကြိယာငါးတန်** ။ ။ **(ဃ) ဂဟိတာနိ-၌ အန္တတ္ထ ဂဟဏတ်-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။ (၃) မူလ၏ အစွမ်းဖြင့် ယူအပ်သော အလောဘော ဟောတိ, အဒေါသော ဟောတိ, အမောဟော ဟောတိ-ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်, စသည်သည် ဝိဘာဝတ္ထ။ (၅) အလောဘော ဟောတိ စသည်ကို မူလ၏အစွမ်းဖြင့် ယူအပ်၏ဟု သိရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

နာဘိဇ္ဈာယတိ, အနဘိဇ္ဈာ-တို့အရ = (၁) အလောဘ-သည် (ဝါ) အလောဘပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) သီလသမ္ပတ္တိ, အဝိပ္ပဋိသာရ, ကာယိကသုခ စသည်တို့သည် ပကာသနတ္ထ။ (၄) သူတပါးဥစ္စာ အသုံးအဆောင်သည်ရှင်း သဒ္ဓမ္မဿဝန စသည်သည်ရှင်း ဝိဘာဝတ္ထ။ (၅) သုဂတိဘုံသို့ လားရခြင်းမှအစ နိဗ္ဗာန်အထိ အကျိုးဆက်တို့သည် အနုဘာဝတ္ထ။ ***အဗျာပါဒ-အရ** = အဒေါသ-ကို ယူ၍ ထုတ်။

➢ ❶ ⓿ ။ **(က) နာဘိဇ္ဈာယတိ** ။ ။ **ပရဘဏ္ဍံ**-အရ သူတပါးဥစ္စာဘဏ္ဍာ ပစ္စည်းတရားသည် နာဘိဇ္ဈာယတိ-အရ အလောဘ (ဝါ) အလောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄) ပစ္စည်း ဖြစ်ပါသည်။

ယာ စေတနာ-အရ အလောဘ ပစ္စည်းတရားသည် **နာဘိဇ္ဈာယတိ**-အရ သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်= ဟေ၊ သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိ (၇)

(ခ) **ယော အဒေါသော+ကိတ္တိသဒ္ဒံ+န ဗျာပါဒေတိ** ။ ။ ယော အဒေါသော-အရ အဒေါသ ပစ္စည်းတရားသည် န ဗျာပါဒေတိ-အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်= ဟေ၊ သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိ (၇)

ကိတ္တိသဒ္ဒံ-အရ ကျော်စောသံဟူသော သဒ္ဒါရုံ ပစ္စည်းတရားသည် န ဗျာပါဒေတိ-အရ အဒေါသ (ဝါ) အဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄) ပစ္စည်း ဖြစ်ပါသည်။

(ဂ) တေ ဓမ္မာ+ဂဟိတာနိ ။ ။ တေ ဓမ္မာ-နှင့် ဂဟိတာ-၌ တ-ပစ္စည်းအရ အလောဘ အဒေါသ အမောဟ ပစ္စည်းတရားသည် ဂဟိတာ-၌ ဂဟဏတ်-အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ မိ၊ ဥပ (၃) ပစ္စည်း ဖြစ်ပါသည်။

ပါဌ် (၁၃) [ဌ၊၁၇၄။ ပြည်၊ဒု၊၉၃။ ဘာသာဋီ၊ဒု၊၃၂၇]

(က-၁) ကာယဿ ပဿမ္ဘနံ ကာယပဿဒ္ဓိ။ (က-၂) **စိတ္တဿ ပဿမ္ဘနံ စိတ္တပဿဒ္ဓိ။**

(ခ) ကာယောတိ စေတ္ထ ဝေဒနာဒယော တယော ခန္ဓာ၊

http://www.dhammadownload.com

(ဂ) ဥဘောပိ ပနေတာ ဧကတော ကတွာ ကာယစိတ္တဒရထဝူပသမလက္ခဏာ ကာယစိတ္တပဿဒ္ဓိယော၊ ကာယစိတ္တဒရထနိမ္မဒ္ဒနရသာ၊ ကာယစိတ္တာနံ အပရိပ္ဖန္ဒသီတိဘာဝပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ၊

(ဃ) ကာယစိတ္တာနံ အဝူပသမကရဥဒ္ဓစ္စာဒိကိလေသပဋိပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ။

➤ ❶ ။ **(က)** ကာယဿ၊ဝေဒနာက္ခန္ဓာ-စသော ခန္ဓာသုံးပါးအပေါင်း၏။ ပဿမ္ဘနံ-ဒရထဝူပသမော၊ပူပန်စေတတ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေတတ်သော တရားသည်။ကာယပဿဒ္ဓိ၊မည်၏။ စိတ္တဿ၊စိတ်၏။ပဿမ္ဘနံ-ဒရထဝူပသမော၊ပူပန်စေတတ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေတတ်သော တရားသည်။စိတ္တပဿဒ္ဓိ၊မည်၏။ **(ခ)** စ၊ဆက်၍ဆိုအံ့။တွေ၊ဤ ကာယပဿဒ္ဓိ ဟူသော ပုဒ်၌။ဝေဒနာဒယော၊ဝေဒနာက္ခန္ဓာ အစရှိကုန်သော။တယော၊သုံးပါးကုန်သော။ခန္ဓာ၊ခန္ဓာတို့သည်။ ကာယော ကာယော နာမ၊ကာယ မည်၏။ **(ဂ)** ပန၊ထိုမှတပါး။ဥဘောပိ၊နှစ်ပါးလည်းဖြစ်ကုန်သော။ဧတော ကာယစိတ္တပဿဒ္ဓိယော၊ထိုကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိတို့သည်။ဧကတော၊တကွနက်။ကတွာ၊ပြု၍။ကာယစိတ္တဒရထဝူပသမလက္ခဏာ၊ကိုယ် စိတ်ကို ပူပန်စေတတ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့ကို ငြိမ်းစေခြင်းလက္ခဏာရှိကုန်၏။(ဝါ) ငြိမ်းစေတတ်သော တရားဟု မှတ်အပ်ကုန်၏။ကာယစိတ္တဒရထနိမ္မဒ္ဒနရသာ၊ကာယစိတ္တကို ပူပန်စေတတ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့ကို နှိပ်နင်းခြင်းကိစ္စရှိကုန်၏။ကာယစိတ္တာနံ၊ကိုယ်စိတ်တို့၏။အပရိပ္ဖန္ဒသီတိဘာဝပစ္စုပဋ္ဌာနာ၊ပူပန်တုန်လှုပ်ခြင်းကင်းသည်ဖြစ်၍ ငြိမ်းအေးသည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်ကုန်၏။(ဝါ) ဒရထကို နှိပ်နင်းသဖြင့် ပူပန်တုန်လှုပ်ခြင်းကင်းသည်ဖြစ်၍ အေးချမ်းသည်၏အဖြစ်တည်းဟူသော အကျိုးကိုဖြစ်စေတတ်ကုန်၏။ကာယစိတ္တ ပဒဋ္ဌာနာ၊ကာယ စိတ္တလျှင် နီးစွာသော အကြောင်းရှိကုန်၏။ **(ဃ)** ကာယစိတ္တာနံ၊ကိုယ် စိတ်တို့၏။အဝူပသမကရ ဥဒ္ဓစ္စာဒိကိလေသပဋိပက္ခဘူတာ၊မငြိမ်သက်ခြင်း, တုန်လှုပ်ခြင်းကိုပြုတတ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ဖြစ်ကုန်၏။ဣတိ၊ဤသို့။ဒဋ္ဌဗ္ဗာ၊မှတ်အပ်ကုန်၏။ (နိ-၃-၉၉)

➤ ❷ ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က)ဖြင့် ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိပုဒ်တို့၏ ဝစနတ္ထကို ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ကာယပဿဒ္ဓိ၌ ကာယ-အရ နာမကာယ, ရူပကာယ စသည်တို့ကို ယူရမည်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဤကာယပဿဒ္ဓိ၌ ကာယ-အရ ယူရမည့်တရားကို တိကျစွာ ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤကာယပဿဒ္ဓိ၌ ကာယ-အရ အဘယ်တရားကို ယူရပါမည်နည်း။ ဤသို့-(ခ) မိန့်။

(ဂ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိပုဒ်တို့၏ ဝစနတ္ထကို ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ယင်းတို့၏ လက္ခဏာ, ရသ စသည်ကို မပြဆိုဟူသော အဓိပ္ပါယ် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိပုဒ်တို့၏ ဝစနတ္ထကိုသာ မဆိုသင့်။ ယင်းတို့၏ လက္ခဏာ, ရသ စသည်ကိုလည်း ပြဆိုသင့်သေး၏။ ယင်းတို့၏ လက္ခဏာ, ရသ စသည်ကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဂ) မိန့်။

http://www.dhammadownload.com

(ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်ပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ကာယ ပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်ပါးတို့၏ သန္နိဋ္ဌာန်ကျ မှတ်ရမည့်သဘာဝတ္ထ မရှိဟူသောအနက် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်ပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကိုသာ မဆိုသင့်။ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်ပါးတို့၏ သန္နိဋ္ဌာန်ကျ မှတ်ရမည့် သဘာဝတ္ထကို ဆိုသင့်၏။ ယင်းကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်ပါးတို့၏ သန္နိဋ္ဌာန်ကျ မှတ်ရမည့် သဘာဝတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➢ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ကာယပဿဒ္ဓိ၌ ကာယ-အရ ကာယအားလုံးကို မယူရ၊ ဝေဒနာက္ခန္ဓာ-စသော ခန္ဓာသုံးပါးကို ယူရမည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတ ဒေါသကို ပယ်ပါသည်။ **(ဂ) (ဃ)** တို့ဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။

(ဃ) ၌ ဒဠှတ္ထာ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဤကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိတို့သည် ကိုယ်, စိတ်တို့၏ မငြိမ်သက်ခြင်း, တုန်လှုပ်ခြင်းကိုပြုတတ်သော ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာတို့၏ ဆန့်ကျင့်ဘက်ဖြစ်၍ ဖြစ်ကုန်၏ဟု သန္နိဋ္ဌာန်ကျ, မုချတ္ထ, နီတတ္ထ, ဥဇုကတ္ထ, ဧကန္တအားဖြင့် မှတ်ယူရမည်ဟု ပြလိုသောကြောင့် ဒဠှတ္ထာ-သဒ္ဒါကို ထားရပါသည်။

➢ ❹ ။ ဧကေကာပေက္ခာယ အပ္ပဋ္ဌေန က-သဒ္ဒါတာ အဝယဝါ အာယန္တိ ယသ္မိံ **ကာယော**။ (က-သဒ္ဒူပပဒ အယဓာတ်+ဏပစ္စည်း၊ အစိတ်အစိတ်တို့၏ ဖြစ်ခြင်းကြိယာ)

ကုစ္ဆိတာနံ ကေသာဒီနံ အာယောတိ **ကာယော**။ ပဿမ္ဘေတီတိ **ပဿမ္ဘနံ**။ ပဿမ္ဘီယတေ **ပဿမ္ဘနံ**။(ပပုဗ္ဗ သမ္ဘဓာတ်+ယုပစ္စည်း၊ ငြိမ်းစေခြင်း, ငြိမ်းအေးခြင်းကြိယာ)

✱ ပဿမ္ဘနံ ပဿဒ္ဓိ။ ကာယဿ ပဿဒ္ဓိ **ကာယပဿဒ္ဓိ**။

(၂) ဝေဒနာ-စသော ခန္ဓာသုံးပါးအပေါင်း၏ ငြိမ်းစေတတ်သော ပဿဒ္ဓိ စေတသိက်နှင့် အကျိုး အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျူပ္ပတ္တိနိမိတ်။ (၄) ကာယပဿဒ္ဓိ၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ကာယောစ စိတ္တဉ္စ **ကာယစိတ္တာနိ**။ ကာယစိတ္တာနံ ဒရထော **ကာယစိတ္တဒရထော**။

ကာယစိတ္တဒရထဿ ဝူပသမော **ကာယစိတ္တဒရထဝူပသမော**။ ကာယစိတ္တဒရထဝူပသမော လက္ခဏံ ဧတေသန္တိ **ကာယစိတ္တဒရထဝူပသမလက္ခဏာ**။ (၂) ကာယစိတ္တဒရထဝူပသမ လက္ခဏာ၏ ကာယ ပဿဒ္ဓိ, စိတ္တပဿဒ္ဓိ စေတသိက်နှင့် လက္ခဏ+လက္ခဏဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဇျူပ္ပတ္တိနိမိတ်။ (၄) ကာယစိတ္တဒရထ ဝူပသမ လက္ခဏာရှိခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➢ ❻ ။ **(က-ခ)** ၌ ပဿမ္ဘနံ-ဖြင့် ပဿဒ္ဓိ-၌ ပဿမ္ဘဓာတ်(တနည်း) ပပုဗ္ဗ သမ္ဘဓာတ်၏အဖြစ် ကိုင်ရင်း(ဒု-ဓာတုပဒ) တိ-ပစ္စည်း၏ ဘာဝသာဓနေအနက်၌ သက်သည်ကိုင်ရင်း(ဒု-ပစ္စယတ္ထ) ပဿမ္ဘနံ ပဿဒ္ဓိ-ဟု ပြုရမည်ကိုင်ရင်း(အဘိဓာနတ္ထ) သိစေပါသည်။

ကာယဿ ပဿမ္ဘနံ-ဟူသော အပေါင်းသံဝဏ္ဏနာဖြင့် ကာယပဿဒ္ဓိ-ကို ကာယဿ ပဿဒ္ဓိ

http://www.dhammadownload.com

ကာယပဿဒ္ဓိ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။(သမာသလိင်္ဂတ္ထ)

(က-၂) ၌ ပဿမ္ဘနံ-ဖြင့် ပဿဒ္ဓိ-၌ ပဿမ္ဘဓာတ်(တနည်း) ပပုဗ္ဗ သမ္ဘဓာတ်၏အဖြစ်ကိုင်း(ဒ္ဓ-ဓာတုပဒ) တိ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒ္ဓ-ပစ္စယတ္ထ) ပဿမ္ဘနံ ပဿဒ္ဓိ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

စိတ္တဿ ပဿမ္ဘနံ-ဟူသော အပေါင်းသံဝဏ္ဏနာဖြင့် စိတ္တပဿဒ္ဓိ-ကို စိတ္တဿ ပဿဒ္ဓိ စိတ္တပဿဒ္ဓိ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။(သမာသလိင်္ဂတ္ထ)

(ခ) ဖြင့် ကာယပဿဒ္ဓိ၌ ကာယ-အရ ဝေဒနာက္ခန္ဓာ-စသော စေတသိက်ခန္ဓာ (၃)ပါးအပေါင်းကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) ကာယသဒ္ဒါ၏ သမူဟအနက်ဟောသည်ကိုင်း(နာမလိင်္ဂတ္ထ) (တနည်း) ကာယ-သဒ္ဒါ၏ သမူဟဝါစကခန္ဓသဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကိုင်း(ပရိယာယ်ပြ အဘိဓေယျတ္ထ) သိစေပါသည်။

➤ **၇** ။ **(ခ)** **စ**-ကား ဝါကျာရမ္ဘတ္ထ။ **ကာယောတိ**-၌ ဣတိ-ကား နာမဝါစက၊ (တနည်း) ပဒတ္ထ ဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထက။ (ဂ) **ဥဒာဟပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ **ပန**-ကား ပက္ခန္တရတ္ထ။(တနည်း) ဝါကျာရမ္ဘတ္ထ။ (ဃ) **အဝူပသမကရဥဒ္ဓစ္စာဒိ**-၌ အာဒိ-ကား ပဓာန အနက် (တနည်း) ကောဋ္ဌိအနက်။

➤ **၈** ။ **ကြိယာဝါးတန်** ။ ။ **ဥဒာဟပိ တော-အရ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ**-ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) ပီတိသည် ဒီပကတ္ထ။ (၃) သုခ, သမာဓိသည် ပကာသနတ္ထ (၄) ပါမောဇ္ဇသည် ဝိဘာဝတ္ထ။ (၅) ယထာဘူတဉာဏ်, နိဗ္ဗိဒါဉာဏ်အစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။ **(ဃ) ဒင်္ဂမ္ဗာ-၌ အန္တတ္ထ ဒိသာတ်-အရ** = (၁) သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာ ကုသိုလ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) မှတ်သိသည့်အတိုင်း ပို့ချသင်ကြားခြင်း, ကျင့်ခြင်းအားထုတ်ခြင်း စသည်တို့သည် ပကာသနတ္ထ။ (၄) သဒ္ဒမ္မဿဝန, သပ္ပုရိသူပ နိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) ပီတိ, ပါမောဇ္ဇဖြစ်ရခြင်းအစ မဂ် ဖိုလ် နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➤ **၁၀** ။ **(က) ကာယဿ ပဿမ္ဘနံ** ။ ။ ကာယဿ-အရ ဝေဒနာ, သညာ, သင်္ခါရ ပစ္စည်းတရားသည် ပဿမ္ဘနံ-အရ ကာယပဿဒ္ဓိ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ကံ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိ (၁၃)

စိတ္တဿ ပဿမ္ဘနံ ။ ။ စိတ္တဿ-အရ စိတ် ပစ္စည်းတရားသည် ပဿမ္ဘနံ-အရ စိတ္တပဿဒ္ဓိ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဓိ၊ သဟ၊ ည၊ နိ၊ ဟာ၊ ဣံ၊ သမ်၊ အတ္ထိ၊ အဝိ (၉) ပစ္စည်း ဖြစ်ပါသည်။

(ဃ) **အဝူပသမကရဥဒ္ဓစ္စာဒိကိလေသ**-အရ ဥဒ္ဓစ္စပြဋ္ဌာန်းသော ကိလေသာ ပစ္စည်းတရားသည် **ပဋိပက္ခဘူတာ**-အရ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်=-မရှိ)

http://www.dhammadownload.com

ဂါထာ (၁၄) [ဋ္ဌ၊၁၇၅။ ပြည်၊ဒု၊၁၀၀။ ဘာသာဋီ၊ဒု၊၃၃၀]

(က) သရတီတိ သတိ။ (ခ) သမ္မဇာနာတီတိ သမ္ပဇညံ။

(ဂ) သမန္တတော ပကာရေဟိ ဇာနာတီတိ အတ္ထော။

(ဃ) သာတ္ထကသမ္ပဇညံ သပ္ပါယသမ္ပဇညံ ဂေါစရသမ္ပဇညံ အသမ္မောဟသမ္ပဇညန္တိ ဣမေသံ စတုန္နံ ပနဿ ဝသေန ဘေဒေါ ဝေဒိတဗ္ဗော။

(င) လက္ခဏာဒီနိစ တေသံ သတိန္ဒြိယပညိန္ဒြိယေသု ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။

(စ) ဣတိ ဟေဋ္ဌာ ဝုတ္တမေဝေတံ ဓမ္မဒ္ဒယံ ပုန ဣမသ္မိံ ဌာနေ ဥပကာရဝသေန ဂဟိတံ။

➤ ❶ ။ **(က)** (ယာဓမ္မဇာတိ၊အကြင်တရားသဘောသည်။စိရကတာဒိ အာရမ္မဏံ၊ ရှည်မြင့်စွာသော ကာလ၌ ပြုအပ်သည်စသော အာရုံကို။(တနည်း) ဗုဒ္ဓါဒိအာရမ္မဏံ၊ဘုရားအစရှိသော အာရုံကို။)သရတိ၊ အောက်မေ့တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။(သာ ဓမ္မဇာတိ၊ထိုတရားသဘောသည်) သတိ၊သတိ မည်၏။

(ခ) (ယံ ဓမ္မဇာတံ၊အကြင်တရားသဘောသည်။အာရမ္မဏံ၊အာရုံကို။)သမ္ပဇာနာတိ၊ထက်ဝန်းကျင် အားဖြင့် အပြားတို့ဖြင့် သိတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။(တံ ဓမ္မဇာတံ၊ထိုတရားသဘောသည်)သမ္ပဇညံ၊ မည်၏ ။ **(ဂ)** သမန္တတော၊ထက်ဝန်းကျင်အားဖြင့်။ပကာရေဟိ၊အပြားတို့ဖြင့်။ဇာနာတိ၊သိတတ်၏။ဣတိ အယံ၊ ဤကား။အတ္ထော၊အနက်တည်း။ **(ဃ)** ပန၊ဝစနတ္ထမှတပါး ဘေဒကို ဆိုအံ့။သာတ္ထကသမ္ပဇညံ၊၎င်း။သပ္ပါယ သမ္ပဇညံ၊၎င်း။ဂေါစရသမ္ပဇညံ၊၎င်း။အသမ္မောဟသမ္ပဇညံ၊၎င်း။ဣတိ၊ဤသို့။စတုန္နံ၊လေးပါးကုန်သော။ဣမေသံ သမ္ပဇညာနံ၊ဤသမ္ပဇညတို့၏။ဝသေန၊အစွမ်းဖြင့်။အဿ၊ထိုသမ္ပဇည၏။ဘေဒေါ၊အပြားကို။ဝေဒိတဗ္ဗော၊သိအပ် ၏။ **(င)** စ၊ထိုမှတပါး။တေသံ၊ထို သတိ သမ္ပဇည တရားတို့၏။လက္ခဏာဒီနိ၊လက္ခဏာ အစရှိသည် တို့ကို။သတိန္ဒြိယပညိန္ဒြိယေသု၊သတိန္ဒြေ ပညိန္ဒြေတို့၌။ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။ **(စ)** ဣတိ၊ဤသို့။ဟေဋ္ဌာ၊အောက်၌။ဝုတ္တံ၊ဟောတော်မူအပ်သော။ဧတံ ဓမ္မဒ္ဒယံ၊ဤ သတိ သမ္ပဇည တရားနှစ်ပါးကို။ပုန၊တဖန်။ဣမသ္မိံ ဌာနေ၊ဤအရာ၌။(သဗ္ဗကမ္မဋ္ဌာနဘာဝနာနုယုတ္တာနံ၊ သမထကမ္မဋ္ဌာန်း, စတုသစ္စကမ္မဋ္ဌာန်း, ထို သမထကမ္မဋ္ဌာန်း, စတုသစ္စကမ္မဋ္ဌာန်းတို့၏ အပြားအားဖြင့် အလုံးစုံသော ကမ္မဋ္ဌာန်းကို ပွားစေခြင်း၌ ယှဉ်ကုန်သော။(ဝါ)အားထုတ်ကုန်သော။သဗ္ဗယောဂီနံ၊ မုဒိန္ဒြိယ, မဇ္ဈိမိန္ဒြိယ, တိက္ခိန္ဒြိယအဖြစ် အစရှိသော အပြားအားဖြင့် အလုံးစုံသော ယောဂီပုဂ္ဂိုလ်တို့အား။သဗ္ဗဒါ၊စိတ်၏ တွန့်တိုသောအခါ အစရှိသောအားဖြင့် ခပ်သိမ်းသော ကာလ၌။ပါရိဗန္ဓကဟရဏတော၊တားမြစ်ပိတ်ပင် တတ်သော ဘေးရန်ကို ဖျက်ဆီးတတ်သည်၏အဖြစ်ကြောင့်၎င်း။ဘာဝနာဝမုနတောစ၊ဘာဝနာကို ပွားစေတတ် သည်၏ အဖြစ်ကြောင့်။) ဥပကာရဝသေန၊ကျေးဇူးပြုသည်၏အစွမ်းဖြင့်။ဂဟိတံ၊ယူအပ်၏။

➤ ❷ ။ **(ဂ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် သမ္ပဇညပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် သမ္ပဇညံ၌ (ဝါ) သမ္ပဇာနာတိ၌ သံ-ဥပသာရသည် သမောဓာန-စသော အနက်ကိုဟော၏၊ ပ-ဥပသာရသည် ဒဿန-စသော အနက်ကိုဟော၏ဟူသော အနက် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် သမ္ပဇညံ၌ (ဝါ) သမ္ပဇာနာတိ၌ သံ-သဒ္ဒါ, ပ-သဒ္ဒါတို့၏ အနက်ကိုလည်း တိကျစွာ ပြဆိုသင့်သေး၏။

http://www.dhammadownload.com

မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ သမ္မဒည်၌ (ဝါ) သမ္မာနာတိ၌ သံ-သဒ္ဒါ, ပ-သဒ္ဒါတို့၏ အနက်ကား အဘယ်ပါနည်း၊ ဤသို့-ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ) ဝါကျတို့ဖြင့် သမ္မဒပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် သမ္မဒပုဒ်၏ ဝစနတ္ထသာရှိ၍ သမ္မဒဘေဒ မရှိဟူသော အနက် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် သမ္မဒဘေဒကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ သမ္မဒဘေဒကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဃ)မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ)(ဃ)ဝါကျတို့ဖြင့် သတိနှင့် သမ္မဒတို့၏ ဝစနတ္ထ, ဘေဒကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် သတိ, သမ္မဒတို့၏ လက္ခဏာ စသည်တို့ကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် သတိနှင့် သမ္မဒတို့၏ ဝစနတ္ထ, ဘေဒကိုသာ မဆိုသင့်။ သတိ, သမ္မဒတို့၏ လက္ခဏာ စသည်တို့ကိုလည်း ပြဆိုသင့်သေး၏။ သတိ, သမ္မဒတို့၏ လက္ခဏာ စသည်တို့ကား အဘယ်ပါနည်း။ (င)မိန့်။

(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် သတိ ဟောတိ, သမ္မဒေ ဟောတိ-ဟု ဟောတော်မူ၏။ ထိုသို့ပင် ဟောတော်မူသော်လည်း ဤ သတိ, သမ္မဒတရားနှစ်ပါးကို အောက် (ဣန္ဒြိယနိဒ္ဒေသ)၌ ဟောတော်မူအပ်ပြီးသည် မဟုတ်ပါလော။ (ဝါ) ဤ သတိ, သမ္မဒတရားနှစ်ပါးသည် အောက်၌ ဟောတော်မူအပ်ပြီးသော သတိန္ဒြေ, ပညိန္ဒြေတို့နှင့် တရားကိုယ် အရကောက် တူညီနေကြသည် မဟုတ်ပါလော။ ထိုသို့ တူညီနေသောကြောင့် သတိ ဟောတိ, သမ္မဒေ ဟောတိ-ဟူသော နှစ်ပါးကို ဤ နေရာ၌ တဖန်ထပ်၍ မဟောသင့်။ သတိ, သမ္မဒနှစ်ပါးကို ဤနေရာ၌ တဖန်ထပ်၍ ဟောတော်မူခြင်း ၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် သတိ, သမ္မဒနှစ်ပါးကို ဤနေရာ၌ တဖန် ထပ်၍ ဟောတော်မူပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား- (စ) ဖြင့် ဤသတိ, သမ္မဒတရားနှစ်ပါးသည် ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့အား ကျေးဇူးများသောကြောင့် ထပ်၍ ဟောတော်မူပါ၏ဟူလို။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ဂ)** ဖြင့် သမ္မာနာတိ သမ္မဒေ-၌ သံ-သည် သမန္တအနက်ကို ဟော၏၊ ပ-သည် ပကာရအနက်ကိုဟော၏ဟု အတိအကျဖွင့်ပြသောကြောင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဝစနတ္ထမှတပါး သမ္မဒဘေဒကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် သတိသမ္မဒတို့၏ လက္ခဏာ စသည်တို့ကို သတိန္ဒြေ ပညိန္ဒြေတို့၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာ သိအပ်ကုန်၏ဟု အတိဒေသသံဝဏ္ဏနာနည်းအားဖြင့် ဖွင့်ပြသောကြောင့် ဂန္ထဂရုဒေါသ, အဗျာပိတဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် ဤ သတိ, သမ္မဒ နှစ်ပါးသည် ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့အား ကျေးဇူးများသောကြောင့် ဤနေရာ၌ တဖန်ထပ်မံ၍ ဟောတော်မူ၏ဟု ပြသောကြောင့် ပုနရုတ္တိဒေါသ, နိရတ္ထကဒေါသကို ပယ်ပါသည်။

➤ ❸ ။ ဓမ္မတော ဝမိုသန်ါတေန အတ္ထေန သဟ ဝတ္တတီတိ **သာတ္ထကံ**။ (၂) သဟပုဒ်

http://www.dhammadownload.com

အတ္ထပုဒ်+ယ–အညပုဒ်သည်ငင်း၊ တရားနည်းလမ်းဖြင့် တိုးပွားခြင်းဟုဆိုအပ်သော အကျိုးနှင့်တကွဖြစ်ခြင်း (သဟဝတ္တနဘောဂုဏ်၏) အဘိက္ကန္တ စသည်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အကျိုးနှင့်တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်သည် ပဝတ္တိနိမိတ်။ (တနည်း) အဘိက္ကန္တ စသည်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သမန္တတော ပကာရေဟိ ဇာနာတီတိ **သမ္ပဇည်ံ**။ (၂) သံ–ရှေး ပ–ရှေးရှိသော ဉာဏ်+ကိယာဒိ နာပစ္စည်း, ကိတ်ဏျပစ္စည်းသည်ငင်း၊ ထက်ဝန်းကျင်ဖြင့် အပြားတို့ဖြင့် သိခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပညာ စေတသိက်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သမ္ပဇာနာတီတိ သမ္ပဇာနော။(အစိတ်) သမ္ပဇာနဿ ဘာဝေါ **သမ္ပဇည်ံ**။ (၂) ထက်ဝန်းကျင် အပြားတို့ဖြင့် သိတတ်သူ၏ အဖြစ်နှင့် (ဝါ) သိခြင်းနှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ထက်ဝန်းကျင် အပြားတို့ဖြင့် သိတတ်သူ၏အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်

သာတ္ထကဿ သမ္ပဇည်ံ **သာတ္ထကသမ္ပဇည်ံ**။ (၂) တိုးပွားခြင်းဟုဆိုအပ်သော အကျိုးတရားနှင့် တကွဖြစ်သော အဘိက္ကန္တစသည်၏ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

သပ္ပါယဿ (အတ္တနော ပတိရူပဿ) သမ္ပဇည်ံ **သပ္ပါယသမ္ပဇည်ံ**။ အဘိက္ကမာဒီသု ဘိက္ခာစာရ ဂေါစရေ အညတ္တစ ပဝတ္တေသု အဝိဇဟိတကမ္မဋ္ဌာနဂေါစရေ သမ္ပဇည်ံ **ဂေါစရသမ္ပဇည်ံ**။

အဘိက္ကမာဒီသု အသမ္မုယှနသင်္ခါတံ အသမ္မောဟမေဝ သမ္ပဇည်ံ **အသမ္မောဟသမ္ပဇည်ံ**။

➤ ❻ ။ **(က)** ၌ သရတိ–ဖြင့် သတိ–၌ သရဓာတ်၏ အဖြစ်ကိုငင်း(ဒု–ဓာတုပဒ) တိ–ပစ္စည်း ၏ ကတ္တုသာဓနေ၌ သက်သည်ကိုငင်း(ဒု–ပစ္စယတ္ထ) သရတီတိ သတိ–ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည် ကိုငင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ သမ္ပဇာနာတိ–ဖြင့် သမ္ပဇည်ံ–၌ သံပုဗ္ဗ ပပုဗ္ဗ ဉာဓာတ်၏ အဖြစ်ကိုငင်း(ဒု–ဓာတုပဒ) ဏျ–ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုငင်း(ဒု–ပစ္စယတ္ထ) သမ္ပဇာနာတီတိ သမ္ပဇည်ံ–ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုငင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ၌ သမန္တတော–ဖြင့် သံ–ဥပသာရသည် သမောဓာန–စသော အနက်ကို မဟော၊ သမန္တအနက် ဟောသည်ကိုငင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ပကာရတော–ဖြင့် ပ–သဒ္ဒါ ဒဿန တပ္ပန–စသော အနက်ကိုမဟော၊ ပကာရအနက်ကို ဟောသည်ကိုငင်း(ဥပသဂ္ဂလိင်္ဂတ္ထ) သမန္တတော ပကာရေဟိ ဇာနာတီတိ သမ္ပဇည်ံ–ဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်ကိုငင်း(အဘိဓာနတ္ထ) ဏျ–ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်ကိုငင်း(ဒု–ပစ္စယတ္ထ) သိစေပါသည်။

➤ ❼ ။ (ခ) **သံ**–ကား သမန္တတ္ထ၊ သမတ္ထ။ **ပ**–ကား ပကာရတ္ထ။ (ဂ) **ဏ္ဏတိ**–ကား ဉာဒမတ္ထ။ (ဃ) **အသမ္မောဟ**–၌ အ–ကား ဝိရုဒ္ဓတ္ထ။ သံ–ကား ဘုသတ္ထ။ **သမ္ပဇည်ံ**–၌ ဉာတိ–ကား နိဒဿနတ္ထ။ **ပန**–ကား ပက္ခန္တရတ္ထ။(တနည်း) ဝါကျာရမ္ဘတ္ထ။ (င) **စ**–ကား ပက္ခန္တရတ္ထ။(တနည်း) ဝါကျာရမ္ဘတ္ထ။ (စ)

F-6-B

http://www.dhammadownload.com

ဗ္ဗနု–ကား အပဠမတ္ထ။ **ဥပကာရ**–၌ ဥပ–ကား ပုဗ္ဗကမ္မတ္ထ။

(င) ဝုတ္တာနယေနေဝ–၌ (၁) ဝုတ္တနယ=ဆိုအပ်ပြီးသော နည်းသည် ဂဟေတဗ္ဗတ္ထ။ (၂) အဝုတ္တနယ =မဆိုအပ်သေးသော နည်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဆိုအပ်ပြီးသော နည်း၏ ဝုတ္တနယ ဘောဂဏ် သည် (ဝါ) သဒိသနယသည် အနုညာတတ္ထ။

➢ ❶ ။ **ကြိယာငါးတန်** ။ ။ (က) **သရတိ, သတိ–အရ** သတိ စေတသိက်ကို ယူ၍ထုတ် သမ္ပဇာနာတိ, သမ္ပဇည်–တို့–အရ "ပညာ"ကို ယူ၍ (၁၈/၃၆–ကြည့်)

(ခ) ဂဟိတံ–၌ အန္တတ္ထ ဂဟာဓာတ်–အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို– သည် ဒဿနတ္ထ။ (၂) အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။ (၃) ယူသဖြင့်, ဟောသဖြင့် ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ အနက်အဓိပ္ပါယ် သိရခြင်းသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်, စသည်သည် ဝိဘာဝတ္ထ။ (၅) သိသည့်အတိုင်း ကျင့်ခြင်းမှစ၍ အနုပါဒိသေသနိဗ္ဗာန်တိုင် အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➢ ❶ ⓿ ။ **(က) ယာ ဓမ္မဇာတိ+သရတိ** ။ ။ ယာ ဓမ္မဇာတိ–အရ သတိ ပစ္စည်းတရား သည် သရတိ–အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါ သည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈) ပစ္စည်း ဖြစ်ပါသည်။

(ခ) ယံ ဓမ္မဇာတံ+သမ္ပဇာနာတိ ။ ။ ယံ ဓမ္မဇာတံ–အရ ပညာ ပစ္စည်းတရားသည် သမ္ပဇာနာတိ– အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဣ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀) ပစ္စည်း ဖြစ်ပါသည်။

(ဃ) ဘေဒေါ+ဝေဒိတဗ္ဗော ။ ။ ဘေဒေါ–အရ, ဝေဒိတဗ္ဗော–၌ တဗ္ဗပစ္စည်းအရ သမ္ပဇည လေးပါးအပြား အာရုံပစ္စည်းတရားသည် ဝေဒိတဗ္ဗာ၌ ဝိဒဓာတ်–အရ သတိ, ဝီရိယ, ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃) ပစ္စည်း။

(င) လက္ခဏာဒီနိ+ဝေဒိတဗ္ဗာနိ ။ ။ လက္ခဏာဒီနိ–အရ လက္ခဏာ–စသော အာရုံ ပစ္စည်းတရားသည် ဝေဒိတဗ္ဗာနိ–၌ ဝိဒဓာတ်–အရ သတိ, ဝီရိယ, ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ်ပစ္စယုပ္ပန် တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃) ပစ္စည်း။

(စ) တေ ဓမ္မဒ္ဓယံ+ဂဟိတံ ။ ။ တေ ဓမ္မဒ္ဓယံနှင့် ဂဟိတံ–၌ တ–ပစ္စည်းအရ သတိ, သမ္ပဇည တရားနှစ်ပါး ပစ္စည်းတရားသည် ဂဟိတ–၌ ဂဟဓာတ်အရ ဒေသနာဉာဏ် (ဝါ) ဒေသနာဉာဏ်ပြဌာန်း သော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ ဓိ၊ ဥပ (၃) ပစ္စည်း။

ပါဠိ (၁၅) [ဋ္ဌ၊၁၇၅။ ပြည်၊ဒု၊၁၀၂။ ဘာသာဋီ၊ဒု၊၃၃၁]

(က) ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတီတိ သမထော။

(ခ) အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ။

(ဂ) ပညာဝေသော အတ္ထတော။ (ဃ) တာမေသမ္ပိ ဒ္ဒိန္နံ လက္ခဏာဒီနိ ဝုတ္တာနေဝ။

http://www.dhammadownload.com

(င) ဣဓ ပနေတေ ယုဂနဒ္ဓဝသေန ဂဟိတာ။

➤ ❶ ။ (က) (ယော သမာဓိ၊အကြင် သမာဓိသည်)ကာမစ္ဆန္ဒာဒယော၊ကာမစ္ဆန္ဒ အစရှိကုန်သော။ ပစ္စနီကဓမ္မေ၊ဆန့်ကျင်ဘက်ဖြစ်သော တရားတို့ကို။သမေတိ၊ငြိမ်းစေတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။(သော သမာဓိ၊ထိုသမာဓိသည်)သမထော၊သမထ မည်၏။ (ခ) (ယာ ပညာ၊အကြင်ပညာသည်)အနိစ္စာဒိဝသေန၊ အနိစ္စ စသည်တို့၏ အစွမ်းဖြင့်။ဝိဝိဓေဟိ၊အထူးထူး အပြားပြားရှိကုန်သော။အာကာရေဟိ၊အခြင်းအရာတို့ဖြင့်။ဓမ္မေ၊တေဘူမကတရားတို့ကို။ပဿတိ၊ရှုတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။(သာ ပညာ၊ထိုပညာသည်) ဝိပဿနာ၊မည်၏။ (ဂ) သောဣဝိပဿနာသည်။အတ္ထတော၊တရားကိုယ်အားဖြင့်။ပညာဝ၊ဝိပဿနာ ပညာ သည်သာလျှင်။ဟောတိ၊၏။ (ဃ) ဒွိန္နံ၊နှစ်ပါးကုန်သော။ဣမေသမ္ပိ၊ဤသမထ ဝိပဿနာတို့၏လည်း။ လက္ခဏာဒီနိ၊လက္ခဏာ အစရှိသည်တို့ကို။(ဟေဋ္ဌာ၊အောက်၌)ဝုတ္တာနေဝ၊ဆိုအပ်ကုန်ပြီးသည်သာတည်း။

(င) ပန၊အထူးကိုဆိုအံ့။ဣဓ၊ဤအရာ၌။တေ၊ထိုသမထ ဝိပဿနာတရား နှစ်ပါးတို့ကို။ယုဂနဒ္ဓဝသေန၊ လှည်းထမ်းပိုး၌ က,အပ်သော နွားတို့ကဲ့သို့ အချင်းချင်း အကြောင်းနိမိတ်၏အဖြစ်ဖြင့် တပါးသည် တပါးကို မလွန်သောအားဖြင့် အညီအညွတ်တူသော ကိစ္စရှိသည်၏အဖြစ်ဖြင့် ဖြစ်ကုန်သော တရားတို့၏ အစွမ်းဖြင့်။(ဘဂဝတာ၊သည်)ဂဟိတာ၊ယူအပ်ကုန်၏။(ဝါ) ဟောအပ်ကုန်၏။

(တနည်း) ယုဂနဒ္ဓဝသေန၊အစုံဖြစ်၍ အချင်းချင်း တပါးသည် တပါးကို မလွန်သောအားဖြင့် ဖွဲ့အပ်ကုန်သကဲ့သို့ဖြစ်သော တရားနှစ်ပါးတို့၏ အစွမ်းဖြင့်။ဂဟိတာ၊ယူအပ်ကုန်၏။(နိ-၃၊၁၀၇)

➤ ❷ ။ (ဂ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဝိပဿနာပုဒ်၏ ဝစနတ္ထ ကို ဆိုတော်မူ၏။ ဤသို့ပင် ဆိုငြားသော်လည်း ဝိပဿနာ၏ အဘိဓေယျတ္ထကိုကား မပြဆိုရသေးသည် မဟုတ်ပါလော။ ထိုသို့ မပြဆိုရသေးသောကြောင့် ဝိပဿနာပုဒ်၏ ဝစနတ္ထမျှကိုသာ မဆိုသင့်။ ဝိပဿနာပုဒ် ၏ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဝိပဿနာပုဒ်၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။

(ဂ) ဝါကျ ဝေ–ကို ရှု ။ ။ (ပ) ၏။ ဤသို့သာ ဆိုချေသော် ဝိပဿနာ–အရ ပညာမှ အခြားသော ဧကဂ္ဂတာ–စသော တရားတို့ကိုလည်း ယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထိုသို့ မှတ်အပ်လေသောကြောင့် ဝိပဿနာပုဒ်၏ ဝစနတ္ထမျှကိုသာ မဆိုသင့်။ ဝိပဿနာပုဒ်၏ အဘိဓေယျတ္ထ ကိုလည်း ပြဆိုသင့်သေး၏။ ဤ၌ ဝိပဿနာပုဒ်အရ အဘယ်တရားကို ယူရပါမည်နည်း။ (ဂ) မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် သမထော ဟောတိ, ဝိပဿနာ ဟောတိ–ဟု ဟောတော်မူ၏။ ထိုသို့ပင် ဟောတော်မူသော်လည်း ဤသမထ, ဝိပဿနာ တရားနှစ်ပါးသည် အောက်၌ ဟောတော်မူအပ်ပြီးသော စိတ္တဿေကဂ္ဂတာ, သမာဓိန္ဒြေ, ပညိန္ဒြေတို့နှင့် တရားကိုယ် အရ ကောက် တူညီကြသည် မဟုတ်ပါလော။ (တနည်း) ဤသမထ, ဝိပဿနာ တရားနှစ်ပါးနှင့် တရားကိုယ် အရကောက်တူသော စိတ္တဿေကဂ္ဂတာ, သမာဓိန္ဒြေ, ပညိန္ဒြေ စသည်တို့ကို အောက်၌ ဟောကြားအပ်ပြီး သည် မဟုတ်ပါလော။ ထိုသို့ ဟောကြားအပ်ပြီးသောကြောင့် သမထော ဟောတိ, ဝိပဿနာ ဟောတိ– ဟူ၍ သမထ, ဝိပဿနာ နှစ်ပါးတို့ကို ဤနေရာ၌ တဖန်ထပ်၍ မဟောသင့်။ ယင်းသို့ တဖန်ထပ်၍

http://www.dhammadownload.com

ဟောကြားခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ [အကယ်၍ ဤနေရာ၌ သမထ, ဝိပဿနာ တရားနှစ်ပါးတို့ကို တဖန်ထပ်၍ ဟောတော်မူခြင်း၏ အကြောင်းကို မပြဆိုခဲ့သော် ဒေသက ဘုရားရှင်အား ပုနရုတ္တိ, နိရတ္ထကဒေါသ သင့်ရောက်ရာ၏။] အဘယ့်ကြောင့် ဤနေရာ၌ သမထ, ဝိပဿနာ တရားနှစ်ပါးတို့ကို တဖန်ထပ်၍ ဟောတော်မူပါသနည်း။ ဤသို့-(င)မိန့်။

အဓိပ္ပါယ်ကား (င) ဖြင့် သမထ, ဝိပဿနာ တရားတို့ကို ယုဂနဒ္ဓ၏ အစွမ်းဖြင့် ယှဉ်လိုသော ကြောင့် တဖန်ထပ်၍ ဟောတော်မူပါ၏ဟူလို။

➤ **၃** ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် သမထပုဒ်၏ ဝစနတ္ထကို ပြသောကြောင့် အဗျာပိတဒေါသ ကို ပယ်ပါသည်။ **(ခ)** ဖြင့် ဝိပဿနာပုဒ်၏ ဝစနတ္ထကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါ သည်။ **(ဂ)** ဖြင့် ဝိပဿနာပုဒ်၏ ဝစနတ္ထမှတပါး အရကောက် အဘိဓေယျတ္ထကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် သမထ ဝိပဿနာ နှစ်ပါး၏ လက္ခဏာ စသည်တို့ကို အောက်၌ ဆိုအပ်ကုန်ပြီးသည်သာဟု အတိဒေသသံဝဏ္ဏနာနည်းဖြင့် ပြသောကြောင့် ဂန္ထဂရု, ပုနရုတ္တိ ဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် သမထ ဝိပဿနာပုဒ်တို့ကို ထပ်မံ၍ ဟောတော်မူရခြင်း၏ အကြောင်းကို ပြသောကြောင့် ဖလ ကာရဏာဆန့်သော ဝိရောဓိဒေါသ၊ ပုနရုတ္တိဒေါသတို့ကို ပယ်သည်။

ဏ္ဏမေသမ္ပိ-၌ ပိ(အပိ) ဖြင့် = သတိ, သမ္ပဇဉ နှစ်ပါးတို့၏သာ လက္ခဏာ စသည်တို့ကို အောက်၌ ဆိုအပ်ကုန်ပြီးသည် မဟုတ်သေး၊ ဤသမထ, ဝိပဿနာ နှစ်ပါးတို့၏လည်း လက္ခဏာ စသည်တို့ကို အောက်၌ ဆိုအပ်ကုန်ပြီးသည်သာဟု ပေါင်းဆည်းပါသည်။

➤ **၄** ။ ပဿတီတိ ပဿနာ။(အစိတ်) ဝိဝိဓေဟိ ပဿနာ **ဝိပဿနာ**။ (၂) ဝိဝိဓာဘောဂဏ်၏ ရှုတတ်သော တရားနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အထူးထူး အပြားပြား ရှုခြင်းကြိယာသည် (ဝါ) ဝိပဿနာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ သမေတီတိ **သမထော**။ (၂) သမုဓာတ် ထပစ္စည်းသည်ငှင်း၊ ကာမစ္ဆန္ဒ-စသော ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ငြိမ်းစေ ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

နယုဇ္ဇ္ဇ္ဇတိ ဗန္ဓိယတီတိ **နဒ္ဓါ**။(နဟဓာတ်+တပစ္စည်း) ယုဇ္ဇတိ ဇော္ဆ, ဇောနာတိ ဝါ **ယုဂေါ**။ (ယုဇဓာတ်+ဏပစ္စည်း) ယုဂေ နဒ္ဓါ **ယုဂနဒ္ဓါ**။(အစိတ်) (၂) လှည်းထမ်းပိုးတို့၏ ဖွဲ့အပ်သော နွားတို့ နှင့် (ဝါ) အာဇာနည်မြင်းတို့နှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ယုဂနဒ္ဓါ ဝိယာတိ **ယုဂနဒ္ဓါ**။(အပေါင်း) (၂) လှည်းထမ်းပိုး၌ က,အပ်သော နွားတို့၏ (ဝါ) အာဇာနည်မြင်းတို့၏ သမထ, ဝိပဿနာ တရားတို့နှင့် သဒိသ+သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) သမထ, ဝိပဿနာဟူသော (ယုဂနဒ္ဓ) တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ (တနည်း) သမထ, ဝိပဿနာ တရားတို့၏ လှည်းထမ်းပိုး၌ က,အပ်သော နွားတို့နှင့် (ဝါ) အာဇာနည်မြင်းတို့နှင့် တူသည်၏ အဖြစ်တည်းဟူသော

http://www.dhammadownload.com

သဒ္ဒိသဘောဂုဏ်သည် ပဝတ္တိနိမိတ်။ (တနည်း)

ယုဂေါ ဟုတွာ နဒ္ဓါ ဗဒ္ဓါ **ယုဂနဒ္ဓါ**။ (၂) အစုံ၏ ဖွဲ့အပ်သော တရားတို့နှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ယုဂနဒ္ဓ တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

နတ္ထိ ဧတသ္မာ ဉာတိ ဥပဒ္ဒဝေါတိ **အနီဃော**။ အနီဃဿ ပဋိပက္ခော **ပစ္စနီကော**။

(၂) ဝိရုဒ္ဓဘောဂုဏ်၏ ဆန့်ကျင်ဘက် ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဆန့်ကျင်ခြင်း ဝိရုဒ္ဓဘောဂုဏ်သည် ပဝတ္တိနိမိတ်။

ပစ္စနီကာစ တေ ဓမ္မာစာတိ **ပစ္စနီကဓမ္မာ**။ (၂) ဆန့်ကျင်ဘက်၏ အဖြစ်တည်းဟူသော ပစ္စနီကဘောဂုဏ်၏ နီဝရဏ တရားတို့နှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ကာမစ္ဆန္ဒနီဝရဏ စသော တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)** ၌ သမေတိ-ဖြင့် သမထော-၌ သမဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ထ-ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုင်း(ဒု-ပစ္စယတ္ထ) သမေတီတိ သမထော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။ **ပစ္စနီကဓမ္မေ**-ဖြင့် သမေတိ-၌ ငြိမ်းစေ၏ဟူသည် ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

ကာမစ္ဆန္ဒာဒယော-ဖြင့် ပစ္စနီကဓမ္မေ-အရ ကာမစ္ဆန္ဒ စသည်တို့ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ၌ ဝိဝိဓေဟိ ပဿတိ-ဖြင့် ဝိပဿနာ၌ ဝိပုဗ္ဗ ဒိသဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ယု-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုင်း(ဒု-ပစ္စယတ္ထ) ပဿတီတိ ပဿနာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဝိနှင့် ပဿနာကို ဝိဝိဓေဟိ ပဿနာ ဝိပဿနာ-ဟု တတိယာ တပ္ပုရိသ် သမာသ် ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။ **အာကာရေဟိ**-ဖြင့် ဝိဝိဓ-အရ အခြင်းအရာ အာကာရကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

အနိစ္စာဒိဝသေန-ဖြင့် ပဿတိ-၌ ရှု၏ဟူသည် အနိစ္စစသည်တို့၏ အစွမ်းဖြင့် ရှုခြင်းပင် တည်းဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) ဝိဝိဓ အာကာရ-အရ အနိစ္စ, ဒုက္ခ, အနတ္တကို ယူရမည်ကိုင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။ **ဓမ္မေ**-ဖြင့် ပဿတိ-၌ ရှု၏ဟူသည် ဝိပဿနာ၏ အာရုံ ဖြစ်သော တေဘူမကဓမ္မတို့ကို ရှု၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ဖြင့် ဝိပဿနာ-အရ ဝိပဿနာ ပညာကို ယူရမည်ဟု သိစေသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❼ ။ (က) **ပစ္စနီက**-၌ ပတိ-ကား ပဋိပက္ခတ္ထ, ဝိရုဒ္ဓတ္ထ။ (ခ) **အနီဃ**-၌ အန(န) ကား ဝိရဟတ္ထ၊ အဘာဝတ္ထ၊ ပဋိသေဓတ္ထ။ **ဝိဝိဓေဟိ**-၌ ဝိ-ကား ဝိဝိဓတ္ထ။ (ဃ) **ဣမေသမ္ပိ**-၌ ပိ(အပိ)ကား သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။ (င) **ပန**-ကား ဝိသေသတ္ထ (တနည်း) သမ္ဘာဝနတ္ထ။

(ဂ) **သော**-၌ တေ-ကား ဆိုခဲ့ပြီးသော ဝိပဿနာကို စွဲယူသောကြောင့် ပက္ကန္တဝိသယ။

http://www.dhammadownload.com

(ဃ) **ဏ္ဍမေသံ**-၌ ဏ္ဍမ-ကား ဆိုခဲ့ပြီးသော သမထ, ဝိပဿနာတို့ကို စွဲယူသောကြောင့် ပက္ကန္တ ဝိသယ။ (င) **ဓေတော**-၌ တေ-ကား ဆိုခဲ့ပြီးသော သမထ, ဝိပဿနာတို့ကို စွဲယူသောကြောင့် ပက္ကန္တ ဝိသယ။ **(ဂ) ပညာဝေဿာ-၌** (၁) ပညာသည် ဂဟေတဗ္ဗတ္ထ။ (၂) သမာဓိ, ဧကဂ္ဂတာ-စသော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဝိပဿနာ၏ အထူးထူး အပြားပြား အခြင်းအရာတို့ဖြင့် တေဘူမက ဓမ္မတို့ကို ရှုတတ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

(ဃ) ဝုတ္တာနေဝ-၌ (၁) အောက်၌ ဆိုအပ်ပြီးသော သမထ, ဝိပဿနာတို့၏ လက္ခဏာစသည် တို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ဤ၌ ဆိုအပ်ခဲ့ပြီးသော သမထ, ဝိပဿနာတို့၏ ဝစနတ္ထနှင့် အဘိဓေယျတ္ထ သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အောက်၌ဆိုအပ်ပြီးသော အဓိပ္ပါယတ္ထ စသည်သည် အနုညာတတ္ထ။

➤ ❶ ။ **ကြိယာဝါးတန်** ။ ။ **(က) သမေတိ, သမထော-တို့အရ** "သမာဓိ ဧကဂ္ဂတာ" ကို ယူ၍ (၃၅၁-ကြည့်)

(ခ) ဝိဝိဓေဟိ, ပဿတိ, ဝိပဿနာ (ဂ) ပညာ-တို့အရ = (၁) ဝိပဿနာဉာဏ်ပညာ သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) သောတာပတ္တိမဂ်ဉာဏ်သည် ပကာသနတ္ထ။ (၄) သပ္ပုရိသူပနိဿယ, သဒ္ဓမ္မဿဝန စသည်သည် ဝိဘာဝတ္ထ။ (၅) သောတာပတ္တိဖိုလ် ဉာဏ်-စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(ဃ) ဝုတ္တာနေဝ-၌ အန္တတ္ထ ဝစခတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍

(င) ဂဟိတာ-၌ အန္တတ္ထ ဂဟခတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍

➤ ❷ ။ **သမထော-အရ** "သမာဓိ-ဧကဂ္ဂတာ"ကို ယူ၍ လက္ခဏာဒိထုတ်လေ။

➤ ❶❶ ။ **သမေတိ** ။ ။ **ယော သမာဓိ**-အရ သမာဓိ ပစ္စည်းတရားသည် သမေတိ-အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉) ပစ္စည်း ဖြစ်ပါသည်။

ကာမစ္ဆန္ဒာဒယော ပစ္စနိကဓမ္မေ+သမေတိ ။ ။ ကာမစ္ဆန္ဒာဒယော ပစ္စနီကဓမ္မေ-အရ ကာမစ္ဆန္ဒ-စသော ဆန့်ကျင်ဘက် နီဝရဏတရား, ဝိသဘာဂ ရူပါရုံ-စသော ဆန့်ကျင်ဘက် အာရုံပစ္စည်းတရားသည် သမေတိ (သမထော) တို့-အရ သမာဓိ ဧကဂ္ဂတာ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု ပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄) ပစ္စည်း ဖြစ်ပါသည်။

(ခ) ဓမ္မေ+ပဿတိ ။ ။ ဓမ္မေ-အရ တေဘူမကဓမ္မအာရုံ ပစ္စည်းတရားသည် ပဿတိ-အရ ဝိပဿနာဉာဏ်ပညာ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ ဓိ၊ ဥပ၊ နိ၊ ပု၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၈) ပစ္စည်း ဖြစ်ပါသည်။

(င) ဓေတေ+ဂဟိတာ ။ ။ ဓေတေ-အရ သမထ, ဝိပဿနာ ပစ္စည်းတရားသည် ဂဟိတာ-၌ ဂဟခတ်-အရ ဒေသနာဉာဏ် (ဝါ) ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃) ပစ္စည်း ဖြစ်ပါသည်။

http://www.dhammadownload.com

ပါဌ် (၁၆) [ဠ၊၁၇၅။ ပြည်၊ဒု၊၁၀၅။ ဘာသာဋီ၊ဒု၊၃၃၁]

(က) သဟဇာတဓမ္မေ ပဂ္ဂဏှာတီတိ ပဂ္ဂါဟော။

(ခ) ဥဒ္ဓစ္စသင်္ခါတဿ ဝိက္ခေပဿ ပဋိပက္ခဘာဝတော န ဝိက္ခေပေါတိ အဝိက္ခေပေါ။

(ဂ) ဧတေသမ္ပိ လက္ခဏာဒီနိ ဟေဋ္ဌာ ဝုတ္တာနေဝ။

(ဃ) ဣမေ ပနေတံ ဒွယံ ဝီရိယသမာဓိယောဇနတ္ထာယ ဂဟိတန္တိ ဝေဒိတဗ္ဗံ။

➢ ❶ ။ **(က)** (ယော ဝါယာမော၊အကြင်ဝါယာမသည်။)သဟဇာတဓမ္မေ၊သဟဇာတ်တရားတို့ကို။ ပဂ္ဂဏှာတိ၊ချီးပင့်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။(သော ဝါယာမော၊ထိုဝါယာမသည်)ပဂ္ဂါဟော၊မည်၏။

(ခ) ဥဒ္ဓစ္စသင်္ခါတဿ၊ဥဒ္ဓစ္စ-ဟုဆိုအပ်သော။ဝိက္ခေပဿ၊အထူးထူးသော အာရုံ၌ စိတ်ကိုပစ်လွှင့်တတ် ပျံ့လွင့်စေတတ်သော တရား၏။ပဋိပက္ခဘာဝတော၊ပဟာယက ပဋိပက္ခ၏ အဖြစ်ကြောင့်။ဝိက္ခေပေါ၊အထူးထူး သော အာရုံ၌ စိတ်ကိုပစ်လွှင့်တတ် ပျံ့လွင့်တတ်သော တရားသည်။န၊မဟုတ်။ဣတိ တသ္မာ၊ထို့ကြောင့်။ အဝိက္ခေပေါ၊အဝိက္ခေပ မည်၏။ **(ဂ)** ဧတေသမ္ပိ၊ထိုပဂ္ဂါဟ အဝိက္ခေပတရား နှစ်ပါးတို့၏လည်း။လက္ခဏာဒီနိ၊ လက္ခဏာ အစရှိသည်တို့ကို။ဟေဋ္ဌာ၊အောက်၌။(ဘဂဝတာ၊သည်)ဝုတ္တာနေဝ၊ဆိုအပ်ကုန်ပြီးသည်သာတည်း။

(ဃ) ပန၊အထူးကိုဆိုအံ့။ဣမေ၊ဤအရာ၌။ဧတံ ဒွယံ၊ထိုပဂ္ဂါဟ အဝိက္ခေပကတရား နှစ်ပါးအပေါင်းကို။ ဝီရိယသမာဓိယောဇနတ္ထာယ၊ဝီရိယနှင့် သမာဓိကို ယှဉ်စေခြင်းအကျိုးငှာ။[သဒ္ဒတ္ထ] (ဝါ) ဝီရိယနှင့် သမာဓိကို ယှဉ်စေရပုံကို ပြရခြင်းအကျိုးငှာ။[အဓိပ္ပါယတ္ထ] (ဘဂဝတာ၊သည်။)ဂဟိတံ၊ယူအပ်၏။ဣတိ၊သို့။(ပဏ္ဍိတေန၊ ပညာရှိသည်)ဝေဒိတဗ္ဗံ၊သိအပ်၏။

➢ ❷ ။ **(ဂ) သို့/ ပါဠနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် ပဂ္ဂါဟ, အဝိက္ခေပ-ပုဒ်တို့၏ ဝစနတ္ထ, အဘိဓာနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ပဂ္ဂါဟ, အဝိက္ခေပ ပုဒ်တို့၏ ဝစနတ္ထ အဘိဓာနတ္ထကိုသာ ပြဆို၍ ယင်းပုဒ်တို့၏ လက္ခဏာ စသည်တို့ကို မပြဆိုဟု အနက် သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသော ကြောင့် ယင်းပုဒ်တို့၏ လက္ခဏာ စသည်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ယင်းပုဒ်တို့၏ လက္ခဏာ စသည်ကား အဘယ် ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။(အတိဒေသဝါကျ ကျမ်းတက်)

အဓိပ္ပါယ်ကား- (ဂ) ဖြင့် ယင်းပုဒ်တို့၏ လက္ခဏာ စသည်တို့ကို အောက်၌ ဆိုအပ်ကုန်ပြီးသည်သာ တည်းဟု အတိဒေသသံဝဏ္ဏနာနည်းအားဖြင့် ယင်းပုဒ်တို့၏ လက္ခဏာ စသည်တို့ကို ငါပြဆိုသည်ဖြစ် သောကြောင့် သင်တင်သော ဒေါသ ငါ့အားမရောက် ကင်းစင်လွှင့်ပျောက်ပါ၏ဟူလို။

(ဃ) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ပဂ္ဂါဟ, အဝိက္ခေပတို့ကို ဟောတော်မူ၏။ ဤသို့ပင် ဟောသော်လည်း ထိုတရားနှစ်ပါးတို့ကို (တရားကိုယ်အားဖြင့်) အောက်၌ ဟောအပ်, ယူအပ်ကုန်ပြီ မဟုတ်ပါလော။ ထို့ကြောင့် ထိုတရားတို့ကို ဤနေရာ၌ ထပ်၍ မဟောသင့်။ တပါးသော ထူးခြားသော တရားတို့ကိုသာ ဟောသင့်၏။ အဘယ်အကျိုးငှာ ထိုတရားတို့ကို ထပ်၍ ဟော အပ်ကုန်သနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) ဝါကျကိုမိန့်။ **အဓိပ္ပါယ်ကား**- (ဃ) ဖြင့်

http://www.dhammadownload.com

ဝီရိယနှင့် သမာဓိတို့ကို ယှဉ်စေခြင်းအကျိုးငှာ တဖန် ယူအပ် ဟောအပ်ကုန် ၏ ဟူလို။

➢ ❷ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် ပဂ္ဂါဟပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ခ)** ဖြင့် ပဂ္ဂါဟပုဒ်၏ ဝစနတ္ထမှတပါး အဝိက္ခေပပုဒ်၏ ဝစနတ္ထကိုပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ပဂ္ဂါဟ အဝိက္ခေပပုဒ်တို့၏ လက္ခဏာ စသည်တို့ကို ဖွင့်ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ (တနည်း) ပဂ္ဂါဟ အဝိက္ခေပပုဒ်တို့၏ လက္ခဏာ စသည်တို့ကို အောက်၌ဆိုအပ်ကုန်ပြီးသည်သာဟု ညွှန်းဆိုသောအားဖြင့် ဖွင့်ပြသောကြောင့် ဂန္ထဂရု ဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ပဂ္ဂါဟ အဝိက္ခေပပုဒ်တို့ကို ထပ်မံ၍ ဟောတော်မူရခြင်း၏ အကြောင်းကို ပြသောကြောင့် ဖလ ကာရဏာဆန့်သော ဝိရောဓိဒေါသ၊ ပုနရုတ္တိဒေါသတို့ကို ပယ်သည်။

(ဃ) ၌ ဝေဒိတဗ္ဗံ ထားရခြင်းအကြောင်း ။ ။ ဤနေရာ၌ ဝီရိယနှင့် သမာဓိကို ယှဉ်စေခြင်း အကျိုးငှာ ထိုပဂ္ဂါဟ, အဝိက္ခေပ နှစ်ပါးအပေါင်းကို ယူအပ်၏ဟု ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တအားဖြင့် သိရ ယူရမည်ဟု ပြလိုသောကြောင့် ဝေဒိတဗ္ဗံ-ကို ထားရပါသည်။

➢ ❸ ။ ဥဒ္ဓံ ဥဒ္ဓံ ဟနတိ ဂစ္ဆတီတိ ဥဒ္ဓတော။(အစိတ်) ဥဒ္ဓတဿ ဘာဝေါ **ဥဒ္ဓစ္စံ**။ (၂) ဥဒ္ဓတပုဒ်+ဏျပစ္စည်းသည်ငှင်း၊ ပျံ့လွင့်သော စိတ်၏ ဥဒ္ဓစ္စစေတသိက်နှင့် အကျိုး+အကြောင်း၊ ဂုဏီ ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပျံ့လွင့်တတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) ဥဒ္ဓစ္စ စေတသိက်၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဇာယန္တီတိ ဇာတာ။(ဇန+တ) သဟ ဇာတာ သဟဇာတာ။ သဟဇာတေဟိ ယေ ဝတ္တန္တီတိ သဟဇာတာ။ ဓာရေန္တီတိ ဓမ္မာ။ သဟဇာတာ ဓမ္မာ **သဟဇာတဓမ္မာ**။ (၂) သဟဇာတဘောဂုဏ်၏ သမ္ပယုတ္တဓမ္မတို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ဝိက္ခိပတီတိ **ဝိက္ခေပေါ**။ (ဝိပုဗ္ဗ ခိပဓာတ်+တ-ပစ္စည်း) န ဝိက္ခေပေါ **အဝိက္ခေပေါ**။

(၂) ပဋိသေဓ, ဝိရုဒ္ဓဘောဂုဏ်၏ ဝိက္ခေပတရားနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အဝိက္ခေပတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ * ရုပ္ပနံ ရူပံ။ နတ္ထိ ရူပံ ဧတေသန္တိ **အရူပိနော**။ (၂) ဖောက်ပြန်မှု မရှိခြင်း၏ နာမ်တရားတို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဖောက်ပြန်မှု မရှိခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➢ ❻ ။ **(က)** ၌ ပဂ္ဂဏှာတိ-ဖြင့် ပဂ္ဂါဟော-၌ ပပုဗ္ဗ ဂဟဓာတ်၏ အဖြစ်ကိုငှင်း(ဒု-ဓာတု ပဒ) ဏာ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ပဂ္ဂဏှာတီတိ ပဂ္ဂါဟော-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။ **သဟဇာတဓမ္မေ**-ဖြင့် ပဂ္ဂဏှာတိ-ဟူသော သကမ္မက ကြိယာ၏ ကံကား သဟဇာတဓမ္မတည်းဟု သိစေပါသည်။(ဘာဝတ္ထ) (တနည်း) ချီးပင့်တတ်ဟူသည် သဟဇာတ တရားတို့ကို ချီးပင့်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ၌ န ဝိက္ခေပေါ-ဖြင့် အဝိက္ခေပေါ-၌ အ-သည် န-၏ ကာရိယ၏ အဖြစ်ကိုငှင်း(နိပါတလိင်

http://www.dhammadownload.com

ပဒ) ဝိကပ္ပေပေါ–၌ ဝိပုဗ္ဗ ခိပဓာတ်၏ အဖြစ်ကိုင်း(ဒု–ဓာတုပဒ) ဏပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု–ပစ္စယတ္ထ) ဝိက္ခိပတီတိ ဝိကပ္ပေပေါ–ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) အဝိကပ္ပေပေါပုဒ်ကို န ဝိကပ္ပေပေါ အဝိကပ္ပေပေါ–ဟု န နိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ) သိစေပါသည်။

ဥဒ္ဒစ္စသင်္ခါတဿ ဝိက္ခေပဿ ပဋိပက္ခဘာဝတော–ဖြင့် န ဝိကပ္ပေပေါ၏ ဟိတ်အဖြစ်ကိုင်း(ဘာဝတ္ထ) န ဝိကပ္ပေပေါ–၌ န–၏ ပဋိပက္ခအနက် ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) ဝိက္ခေပ–အရ ဥဒ္ဒစ္စကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

➤ **၇** ။ (က) **သဟဇာတဓမ္မေ–၌** သဟ–ကား သမင်္ဂိယတ္ထ။ (ခ) **ဥဒ္ဒစ္စံ–**၌ ဥ–ကား ဥဒ္ဓံ အနက်။ **ဝိက္ခေပဿ–**၌ ဝိ–ကား ဝိဝိဓတ္ထ၊ ဝိသေသတ္ထ။ **ပဋိပက္ခ–**၌ ပတိ–ကား ဝိရုဒ္ဓတ္ထ။ **အဝိက္ခေပေါ–**၌ အ–ကား ပဋိပက္ခတ္ထ၊ ဝိရုဒ္ဓတ္ထ။ (ဂ) **ဓာရေသမ္မိ–**၌ ပိ–ကား သတိ, သမ္ဗဇ္ဈကို ပေါင်းဆည်းသော သမုစ္စယတ္ထ, သမ္ဘိဏ္ဍနတ္ထ။ (ဃ) **ပန–**ကား ဝိသေသတ္ထ (တနည်း) သမ္ဘာဝနတ္ထ။

(ဂ) ဝုတ္တာနေဝ–၌ (၁) ဝုတ္တ (ဆိုပြီးခြင်း) ကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) အဝုတ္တ(မဆိုပြီးခြင်း)ကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) လက္ခဏာဒိစတုက္ကမှတပါး အောက်၌ဆိုခဲ့သော ထို ပဂ္ဂါဟ, အဝိက္ခေပ–တို့၏ သဒ္ဒါ, အနက်တို့သည် အနုညာတတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(က) ပဂ္ဂဏှာတိ, ပဂ္ဂါဟော–တို့အရ "ဝီရိယ"**ကို ယူ၍ (၁) ထို–သည် ဒဿနတ္ထ။ (၂) ထိတ်လန့်ခြင်း (ဝါ) ဝီရိယာရမ္ဘဝတ္ထု (၈)ပါးသည် ဒီပကတ္ထ။ (၃) ခပ်သိမ်းသော ကုသိုလ်တရားတို့မှ မဆုတ်ယုတ်ခြင်းသည် ပကာသနတ္ထ။ (၄) ပတိရူပဒေသဝါသ–စသော သမ္ပတ္တိစက် လေးပါးသည် ဝိဘာဝတ္ထ။ (၅) မနသာသမ္ပတ္တိ စသည်သည် အနုဘာဝတ္ထ။

(ခ) န ဝိက္ခေပေါ, အဝိက္ခေပေါ–တို့အရ "သမာဓိ ဧကဂ္ဂတာ"ကို ယူ၍ (၃၅၁–ကြည့်)

(င) ဝုတ္တာနေဝ–၌ အန္တတ္ထ ဝစဓာတ်–အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍

(ဃ) ဂဟိတံ–၌ အန္တတ္ထ ဂဟဓာတ်–အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ထုတ်။

➤ **၁၀** ။ **(က) သဟဇာတဓမ္မေ+ပဂ္ဂဏှာတိ** ။ ။ ပဂ္ဂဏှာတိ–အရ ဝီရိယ ပစ္စည်းတရားသည် သဟဇာတဓမ္မ–အရ သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အဓိ၊ သဟ၊ ည၊ နိ၊ ဣ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉) ပစ္စည်း ဖြစ်ပါသည်။

(ဃ) တေ ဒွယံ+ဂဟိတံ ။ ။ တေ ဒွယံ–အရ, ဂဟိတံ–၌ တပစ္စည်းအရ ပဂ္ဂါဟ, အဝိက္ခေပ (ဝါ) ဝီရိယ, ဧကဂ္ဂတာ နှစ်ပါး ပစ္စည်းတရားသည် ဂဟိတံ–၌ ဂဟဓာတ်–အရ ဒေသနာဉာဏ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်=အာ၊ ဓိ၊ ဥပ (၃) ပစ္စည်း။

ပါဠိ (၁၇) [ဋ္ဌ၊၁၇၆။ ပြည်၊ဒု၊၁၀၇။ ဘာသာဋီ၊ဒု၊၃၃၃]

(က) ဓတ္တာဝတာ စိတ္တင်္ဂဝသေန ပါဠိယံ အာရုဠှေ ပရောပဏ္ဏာသဓမ္မေ ဒီပေတွာ ယေဝါပနက ဝသေန အပရေပိ နဝ ဓမ္မေ ဓမ္မရာဇာ ဒီပေတိ။

(ခ) တေသု တေသု ဟိ သုတ္တပဒေသု ဆန္ဒော အဓိမောက္ခော မနသိကာရော တတြမဇ္ဈတ္တတာ

http://www.dhammadownload.com

ကရုဏာ မုဒိတာ ကာယဒုစ္စရိတာ ဝိရတိဝစီဒုစ္စရိတာဝိရတိမိစ္ဆာဇီဝဝိရတီတိ ဣမေ နဝ ဓမ္မာ ပညာယန္တိ၊

(ဂ) ဣမသ္မိံ့ဥ္စာပိ မဟာစိတ္တေ ကတ္တုကမျတာကုသလဓမ္မစ္ဆန္ဒော အတ္ထိ၊

(ဃ) စိတ္တင်္ဂဝသေန ပန ပါဠိယံ န အာရုဠှော၊

(င) သော ဣဓ ယေဝါပနကဝသေန ဂဟိတော၊ (၁၃၆၁-ခုနှစ် မေး)

(စ) ဖဝမေတေသု နဝသု ယေဝါပနကဓမ္မေသု ဆန္ဒောတိ ကတ္တုကမျတာယေတံ အဓိဝစနံ၊

➤ ❶ ။ **(က)** ဇတ္တာဝတာ၊ယေ ဝါပန တသ္မိံ သမယေ အညေပိ အစရှိသော ဤမျှသော စကား အစဉ်ဖြင့်။စိတ္တင်္ဂဝသေန၊စိတ်အင်္ဂါ၏ အစွမ်းဖြင့်။ပါဠိယံ၊ပါဠိတော်၌။အာရုဠှေ၊တင်အပ်ကုန်သော။[သဒ္ဒတ္ထ] ဟောအပ်ကုန်သော။[အဓိပ္ပါယတ္ထ] ပရောပဏ္ဏာသဓမ္မေ၊အလွန်ခြောက်ပါးနှင့်တကွ ငါးဆယ်သော တရားတို့ကို။ ဒီပေတွာ၊ပြပြီး၍။ယေဝါပနကဝသေန၊ယေဝါပန-ဟူသော ပုဒ်ဖြင့် ဟောအပ်ကုန်သော တရားတို့၏ အစွမ်း ဖြင့်။[သဒ္ဒတ္ထ] ယေဝါပနက တရားတို့၏ အစွမ်းဖြင့်။[ဝေါဟာရတ္ထ]အပရေပိ၊ပရောပဏ္ဏာသဓမ္မတို့မှ တပါးလည်း ဖြစ်ကုန်သော။နဝ ဓမ္မေ၊ကိုးပါးသော တရားတို့ကို။ဓမ္မရာဇာ၊တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဒီပေတိ၊ပြတော်မူ၏။ **(ခ)** ဟိ၊မှန်၏။တေသု တေသု သုတ္တပဒေသု၊ထိုထို သုတ်ပုဒ်တို့၌။ဆန္ဒော၊ဆန္ဒရင်း။ အဓိမောက္ခော၊ရင်း။မနသိကာရော၊ရင်း။တတြမဇ္ဈတ္တတာ၊ရင်း။ကရုဏာ၊ရင်း။မုဒိတာ၊ရင်း။ကာယဒုစ္စရိတ ဝိရတိ၊ ရင်း။ဝစီဒုစ္စရိတဝိရတိ၊ရင်း။မိစ္ဆာဇီဝဝိရတိ၊ရင်း။ဣတိ၊ဤသို့။ဣမေ နဝ ဓမ္မာ၊ဤကိုးပါးသော တရားတို့သည်။ ပညာယန္တိ၊ထင်ကုန်၏။ **(ဂ)** စ၊ဆက်။ဣမသ္မိံ့ပိ မဟာစိတ္တေ၊ဤမဟာကုသိုလ်စိတ်၌လည်း။ ကတ္တုကမျတာ၊ အာရုံပြုလိုသူ၏ အဖြစ်ဟူသော။ကုသလဓမ္မစ္ဆန္ဒော၊ကုသိုလ်ဓမ္မဆန္ဒသည်။အတ္ထိ၊ရှိ၏။

(ဃ) ပန၊ထိုသို့ရှိသော်လည်း။စိတ္တင်္ဂဝသေန၊စိတ်အင်္ဂါ၏ အစွမ်းဖြင့်။ပါဠိယံ၊ပါဠိတော်၌။န အာရုဠှော၊ မတင်အပ်။ **(င)** သော၊ထိုကုသလဓမ္မစ္ဆန္ဒကိုလည်း။ဣဓ၊ဤအရာ၌။ယေဝါပနကဝသေန၊ယေဝါပန-ဟူသော ပုဒ်ဖြင့် ဟောအပ်ကုန်သော တရားတို့၏ အစွမ်းဖြင့်။ဂဟိတော၊ယူအပ်၏။

(စ) ဇဝံ၊ဤသို့။နဝသု၊ကိုးပါးကုန်သော။ဇတေသု ယေဝါပနကဓမ္မေသု၊ဤယေဝါပနကတရားတို့တွင်။ ဆန္ဒောတိ ဇတံ၊ဆန္ဒောဟူသော ဤအမည်သည်။ကတ္တုကမျတာယ၊အာရုံပြုခြင်း၌ အလိုရှိသည်၏အဖြစ်၏။ အဓိဝစနံ၊အမည်တည်း။ (နိ-၁၊၁၁၄)

➤ ❷ ။ **(ခ) သို့/ ဥပနာပဥ္စကစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (က)ဝါကျဖြင့် "ယေ ဝါပန တသ္မိံ သမယေ" အစရှိသော ဤမျှသော စကားအစဉ်ဖြင့် (စိတ်အင်္ဂါ၏ အစွမ်းဖြင့် တင်အပ်ကုန် သော ပရောပဏ္ဏာသဓမ္မတို့ကို ပြပြီး၍) ယေဝါပနက တရားတို့၏ အစွမ်းဖြင့် ပရောပဏ္ဏာသဓမ္မတို့မှ တပါးလည်းဖြစ်ကုန်သော ကိုးပါးသော တရားတို့ကို မြတ်စွာဘုရား ပြ၏ဟု ဆိုတော်မူ၏။ ဤသို့ ဆို အပ်သည်ရှိသော် ဆရာ့စကားသည် ယုတ္တိကင်းပ ဒဋ္ဌီယမျှသာဖြစ်၍ လှုပ်ရှားမခိုင် ယိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ လှုပ်ရှားမခိုင် ယိုင်ရာသောကြောင့် (က) ဝါကျဖြင့် (ပ) ပြ၏ဟုသာ မဆိုသင့်။ ဆရာ့စကားကို ခိုင်မြဲစေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ် သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ်ရှိ၍ (ခ) ဝါကျကိုမိန့်။

(တနည်း) (ပ) ဤသို့ ဆိုအပ်သည်ရှိသော် ပါဠိတော်၌ ယင်း ၉-ပါးသော တရားတို့ကို ဖသ

http://www.dhammadownload.com

ဝေဒနာ–စသော တရားတို့ကဲ့သို့ ဆန္ဒော ဟောတိ အဓိမောက္ခော ဟောတိ စသည်ဖြင့် သရုပ်ထုတ်၍ မဟောကြားအပ်သည် မဟုတ်ပါလော။ (ဝါ) ဖဿ ဝေဒနာ စသည်တို့ကို ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ စသည်ဖြင့် ဟောအပ်သကဲ့သို့ မဟောကြားအပ်သည် မဟုတ်ပါလော။ ထိုသို့ မဟောကြားအပ်သည်၏အဖြစ်ကြောင့် (က)ဝါကျဖြင့် (ပ) ပြ၏ဟုသာ မဆိုသင့်။ ဆရာ့စကားကို ခိုင်မြဲစေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ်ရှိ၍ (ခ) ဝါကျကိုမိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် (က)၌ တင်သင့်သော ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် (ခ)၌ တင်သင့်သော အဗျာပိတ, အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် (ဂ)၌ တင်သင့်သော အဗျာပိတ, အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် (ဃ)၌ တင်သင့်သော အဗျာပိတ, အပရိပုဏ္ဏဒေါသတို့ကို ပယ်သည်။(တနည်း) ဗျတိရေက အန္ဓယဆန့်သော ဝိရောဓိဒေါသကို ပယ်သည်။

(က) အပရေပိ–၌ ပိ(အပိ) သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ပရောပဏ္ဏာသ ဓမ္မတို့ကိုသာ ဘုရားရှင်ပြတော်မူသည် မဟုတ်သေး၊ ပရောပဏ္ဏာသဓမ္မမှ တပါးကုန်သော ကိုးပါးသော တရားတို့ကိုလည်း ပြတော်မူ၏ဟူသော သမုစ္စည်းအနက် အဓိပ္ပါယ်ကို ပြလိုသောကြောင့်–ပိ(အပိ)ကို ထားသည်။

(ဂ) ဣမသ္မိဥ္စာပိ–၌ ပိ(အပိ) ထားရခြင်းအကြောင်း ။ ။ ထိုထိုသုတ်ပုဒ်တို့၌သာလျှင် ဆန္ဒရှိသည် မဟုတ်၊ ဤမဟာကုသိုလ်စိတ်၌လည်း ကတ္တုကမျတာ ကုသလစ္ဆန္ဒရှိ၏ဟူသော သမုစ္စည်းအနက် အဓိပ္ပါယ်ကို ပြလိုသောကြောင့် ပိ(အပိ)ကို ထားရပါသည်။

➤ ❹ ။ ယေဝါပန ဣတိ ကာယန္တိ ကထိယန္တီတိ **ယေဝါပနကာ**။

(၂) ယေဝါပန သဒ္ဒူပပဒ ကာဓာတ်+အ–ပစ္စည်းသည်င်း၊ ယေဝါပနဟူ၍ ဟောတော်မူခြင်းကြိယာသည်င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဆန္ဒ–စသော ယေဝါပနကတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

စိတ္တဿ အင်္ဂ အဝယဝေါ **စိတ္တင်္ဂ**။ (၂) စိတ်၏ အစိတ်နှင့် အဝယဝီ+အဝယဝ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ * ဓမ္မဿ ရာဇာ **ဓမ္မရာဇာ**။(သံ+သာမိ စပ်) ဓမ္မတော ရာဇာ **ဓမ္မရာဇာ**။ (အကြောင်း+အကျိုး စပ်) ဓမ္မေန ရာဇတီတိ **ဓမ္မရာဇာ**။(ဂုဏ်+ဂုဏော စပ်) ဓမ္မပါလကော ရာဇာ **ဓမ္မရာဇာ**။(ဂုဏ်+ဂုဏော စပ်) * အတ္တနော သဘာဝံ ဓာရေန္တီတိ **ဓမ္မာ**။ ဓမ္မေဟိ (နဝဟိ လောကုတ္တရ ဓမ္မေဟိ ဝါ) မဟာဇနံ ရဥ္ဇေတီတိ **ဓမ္မရာဇာ**။ (၂) ဓမ္မ–သဒ္ဒူပပဒ ရဉ္စဓာတ်+ဏပစ္စည်း၊ နှစ်က်စေခြင်းကြိယာသည်င်း၊ (၉–ပါးသော လောကုတ္တရာ) တရားတော်တို့၏ ဘုရားရှင်နှင့် ဂုဏ်+ဂုဏော၊ ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည်င်း ဗျုပ္ပတ္တိနိမိတ်။ (၄) တရားမင်းဖြစ်တော်မူသော ဘုရားရှင်တို့၏ တပါးသည် တပါးနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❺ ။ **အာရုဠှေ**–ကား ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။ **အပရေ**–ကား ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ သဗ္ဗနာမ်ပုဒ်။ **နဝ**–ကား (ဤ၌) ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ၊ သဗ္ဗနာမ်ပုဒ်။ **မုဒိတာ**–ကား ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ ကိတ်နာမ်ပုဒ်။

http://www.dhammadownload.com

ပညာယန္တိ-ကား အလိုင်၊ ကိယာဒိဂိုဏ်း၊ ဣကာန္တ၊ အာချာတ်ပုဒ်။

➢ **၆** ။ **(ခ)** ဖြင့် ယေဝါပနဓမ္မ (၉)ပါးတွင် ဆန္ဒ-အရ ကာမစ္ဆန္ဒ စသည်ကို မယူရ၊ ကတ္တု ကမျတာဆန္ဒကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➢ **၇** ။ (က) **အပရေပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ (ခ)၌ **ဟိ**-သဒ္ဒါသည် ဒဠှီကရဏတ္ထ။ (ဂ) **စ**-ကား ဝါကျာရမ္ဘတ္ထ, ဥပန္យာသတ္ထ။ **အပိ**-သဒ္ဒါသည် သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ (ဃ) **မန**-ကား အရုစ္စတ္ထ, ဂရဟတ္ထ။ (င) ၌ **သော**-ဖြင့် သော ကတ္တုကမျတာကုသလဓမ္မစ္ဆန္ဒော-ဟု စွဲရပါမည်။ **ဣစ**-ဖြင့် ဣစ ဣမသ္မိံ ဌာနေ-ဟု စွဲရပါမည်။(တနည်း) ဣစ ဣမသ္မိံ ပဌမ မဟာ ကုသလစိတ္တေ-ဟု စွဲရပါမည်။

➢ **၈** ။ **ကြိယာငါးတန်** ။ ။ **(က) ဒီပေတိ-၌ အန္တတ္ထ-အရ** ဘုရားရှင်၏ ဒေသနာ ဉာဏ်တော်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, သဗ္ဗ ညုတ ဉာဏ်တော်တို့သည် ဒီပကတ္ထ။ (၃) ဆန္ဒ, အဓိမောက္ခ-စသော ကိုးပါးသော တရားတော်သည် ပကာသနတ္ထ။ (၄) မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, စသည်သည် ဝိဘာဝတ္ထ။ (၅) ယေ ဝါပနက၏ အစွမ်းဖြင့် ဆန္ဒ-စသော ကိုးပါးသော တရားတော်ကို သိရခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(င) ဂဟိတော-၌ (ပစ္စည်း)အရ ဗာဟျတ္ထ တရားကို ကိုယ်ပြု၍ ။ ။ (င) ဝါကျဝယ် ဂဟိတော-၌ ပစ္စည်းအရ ဗာဟျတ္ထတရားကား "ယေဝါပန"ဟူသော ဝစီဘေဒသဒ္ဒ ဖြစ်ပါသည်။ (ဝါ) ဆန္ဒော-ဟူသော ဝစီဘေဒသဒ္ဒ ဖြစ်ပါသည်။ (၁) ယင်း ဝစီဘေဒသဒ္ဒသည် ဒဿနတ္ထ။ (၂) ဒေသနာ ဉာတော်သည် ဒီပကတ္ထ။ (၃) တရားတော်ကို ကြားနာရခြင်းသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည် ဝိဘာဝတ္ထ။ (၅) ဒေသနာတော်ကို ကြားနာရသဖြင့် ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် သော အကျိုးအဆက်ဆက်တို့သည် အနုဘာဝတ္ထ။ **(ကြောင်း-၂၊ ကျိုး-၂ ထုတ်သည်)**

(တနည်း) (၁) (၂) (၃) တူပြီ။ (၄) ဒေသနာတော်ကို ကြားနာရသဖြင့် ဓမ္မဿဝနကုသိုလ်ဖြစ် ရခြင်းသည် ဝိဘာဝတ္ထ။ (၅) ယင်းကုသိုလ်ဖြစ်သဖြင့် ရသဖြင့် သုဂတိဘုံသို့ လားရောက်ရခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။**(ကြောင်း-၁၊ ကျိုး-၃)**

➢ **၁၀** ။ **(က) နဝ ဓမ္မ+ဓမ္မရာဇာ ဒီပေတိ** ။ ။ နဝ ဓမ္မေ-အရ ဆန္ဒ-စသော မနသာဝဝတ္ထပိတဓမ္မအာရုံ ပစ္စည်းတရားသည် ဒီပေတိ-၌ အန္တတ္ထ-အရ ဘုရားရှင်၏ ဒေသနာဉာဏ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်- အာ၊ ဓိ၊ ဥပ (၃) ပစ္စည်း။

(တနည်း) ဒီပေတိ-၌ အန္တတ္ထ-အရ ဘုရားရှင်၏ ဒေသနာဉာဏ် ပစ္စည်းတရားသည် နဝ ဓမ္မေ အရ ဆန္ဒ-စသော သဝိညတ္တိကဝစီဘေဒသဒ္ဒ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါ သည်။ ပြိုင်= ဟေ၊ ဓိ၊ သဟ၊ နိ၊ ဣံ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၉) ပစ္စည်း။

ပဋ္ဌာန်းနည်း ဓာစပ် ။ ။ **နဝ ဓမ္မေ ဓမ္မရာဇာ ဒီပေတိ**-၌ နဝ ဓမ္မ-ကား "တို့ကို"ဟူ၍

http://www.dhammadownload.com

အနက်ပေးသောကြောင့် ဒီပေတိ-၌ အာရမ္မဏပစ္စည်း၊ ဒီပေတိ-ကား အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်။

ပြိုင်နိုင်သော ပစ္စယသတ္တိများကား= အာ၊ ဓိ၊ ဥပ ပေါင်း(၃) ပစ္စည်း ဖြစ်ပါသည်။

ဓမ္မာရာဇာ-ကား "သည်"ဟု အနက်ပေးသောကြောင့် **ဒီပေတိ**-၌ သဟဇာတပစ္စည်း၊ ဒီပေတိ-ကား သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်။ **ပြိုင်နိုင်သော ပစ္စယသတ္တိများကား**= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ကံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀) ပစ္စည်း ဖြစ်ပါသည်။

ပါဠိ (၁၈) [ဋ္ဌ၊၁၇၇။ ပြည်၊ဒု၊၁၁၂။ ဘာသာဋီ၊ဒု၊၃၃၇]

(က) ကိရိယာ ကာရော၊ မနသ္မိံ ကာရော မနသိကာရော။

(ခ) ပုရိမမနတော ဝိသဒိသံ မနံ ကရောတီတိပိ မနသိကာရော။

(ဂ) သွာယံ အာရမ္မဏပဋိပါဒကော ဝီထိပဋိပါဒကော ဇဝနပဋိပါဒကောတိ တိပ္ပ ကာရော။

(ဃ) တတ္ထ အာရမ္မဏပဋိပါဒကော မနသ္မိံ ကာရောတိ မနသိကာရော။ သော သာရဏ လက္ခဏော၊ သမ္ပယုတ္တာနံ အာရမ္မဏေ သမ္ပယောဇနရသော၊ အာရမ္မဏာဘိမုခဘာဝပစ္စုပဋ္ဌာနော၊ သင်္ခါရက္ခန္ဓပရိယာပန္နော၊ အာရမ္မဏပဋိပါဒကတ္တေန သမ္ပယုတ္တာနံ သာရထိ ဝိယ ဒဋ္ဌဗ္ဗော၊

(င) ဝီထိပဋိဒကောတိ ပန ပဉ္စဒွါရာဝဇ္ဇနဿေတံ အဓိဝစနံ၊

(စ) ဇဝနပဋိပါဒကောတိ မနောဒွါရာဝဇ္ဇနဿ၊ (ဆ) န တေ ဣဓ အဓိပ္ပေတာ၊

➤ ❶ ။ (က) ကိရိယာ၊အာရုံကိုပြုခြင်း။ကာရော၊အာရုံကိုပြုခြင်း။မနသ္မိံ၊စိတ်၌။ကာရော၊အာရုံကို ပြုခြင်း။မနသိကာရော၊စိတ်၌အာရုံကိုပြုခြင်း။ (ခ) ပုရိမမနတော၊ရှေးဖြစ်သော ဘဝင်စိတ်မှ။ဝိသဒိသံ၊မတူသော။မနံ၊ဝီထိစိတ် ဇောစိတ်ကို။ကရောတိ၊ပြုတတ်၏။ဣတိပိ၊ဤသို့သော အနက်ကြောင့်လည်း။မနသိကာရော၊ မည်၏။ (ဂ) သွာယံ သော အယံ မနသိကာရော၊ထိုမနသိကာရသည်။အာရမ္မဏပဋိပါဒကော၊အာရုံကို စီရင်တတ်, ထင်စေတတ်သော မနသိကာရ စေတသိက်ဒင်း။ဝီထိပဋိပါဒကော၊ဝီထိစိတ်ကို စီရင်တတ်, ထင်စေတတ်သော ပဉ္စဒွါရာဝဇ္ဇန်စိတ်ဒင်း။ဇဝနပဋိပါဒကော၊ဇောကို စီရင်တတ်, ထင်စေတတ်သော မနောဒွါရာ ဝဇ္ဇန်းစိတ်ဒင်း။ဣတိ၊ဤသို့။တိပ္ပကာရော၊သုံးပါးအပြားရှိသည်။ဟောတိ၊၏။

(ဃ) တတ္ထ၊ထိုသုံးပါးတို့တွင်။အာရမ္မဏပဋိပါဒကော၊သည်။မနသ္မိံ၊စိတ်၌။ကာရော၊အာရုံကို ပြုတတ် သည်တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။မနသိကာရော၊မည်၏။သော မနသိကာရော၊ထိုမနသိကာရသည်။ သာရဏလက္ခဏော၊သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုနှင်၏သို့ ပြေးစေ၏သို့ ဖြစ်ခြင်းလက္ခဏာရှိ၏။ သမ္ပယုတ္တာနံ၊သမ္ပယုတ်တရားတို့ကို။အာရမ္မဏေ၊အာရုံ၌။သမ္ပယောဇနရသော၊ယှဉ်စေခြင်း ကိစ္စရှိ၏။ အာရမ္မဏာ ဘိမုခဘာဝပစ္စုပဋ္ဌာနော၊တပါးသို့ မသွားမူ၍ စိတ်၏အာရုံ၌ ရှေးရှုဖြစ်ကြောင်း တရားဟု ဉာဏ်အား ရှေးရှုထင်တတ်၏။သင်္ခါရက္ခန္ဓပရိယာပန္နော၊သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏။အာရမ္မဏပဋိပါဒကတ္တေန၊အာရုံကို စီရင်တတ်သည်၏အဖြစ်ကြောင့်။သမ္ပယုတ္တာနံ၊သမ္ပယုတ်တရားတို့၏။သာရထိ ဝိယ၊မြင်းကိုနှင်တတ်သော ရထားထိန်းကဲ့သို့ အာရုံကို ရှေးရှုနှင်တတ် ပြေးစေတတ်သော တရားဟူ၍။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

(င) ပန၊ထိုမှတပါး။ဝီထိပဋိဒကောတိ ဧတံ၊ဝီထိပဋိပါဒကော-ဟူသော ဤအမည်သည်။ပဉ္စဒွါရာ ဝဇ္ဇနဿ၊၏။အဓိဝစနံ၊အမည်တည်း။ (စ) ဇဝနပဋိပါဒကောတိ ဧတံ၊ဟူသော ဤအမည်သည်။မနောဒွါရာ

http://www.dhammadownload.com

ဝဇ္ဇနဿ၊၏။အဓိဝစနံ၊အမည်တည်း။ **(ဆ)** တေ၊ထိုဝီထိပဋိပါဒက, ဇဝနပဋိပါဒကတို့ကို။ဣတ္ထ၊ဤအရာ၌။ န အဓိပ္ပေတာ၊အလိုမရှိအပ်ကုန်။ (နိ-၃၊၁၁၈)

➤ ❷ ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် မနသိကာရပုဒ်ကို အလုတ္တသတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် မနသိကာရပုဒ်၌ သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထတစ်မျိုးသာ ဖြစ်သင့်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် မနသိကာရပုဒ်၏ အခြားဖြစ်သင့်သော ဝစနတ္ထတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ မနသိကာရပုဒ်ကို အဘယ်သို့ ဝစနတ္ထပြုသင့် ပါသေးသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား= (ခ) ဖြင့် အလုတ္တဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထလည်း ပြုသင့်ပါသေး၏ဟူလို။

(ဂ) သို့/ ဒွပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် မနသိကာရပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ယင်းမနသိကာရသည် အပြားမရှိ၊ အဘေဒသာ ဖြစ်၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် မနသိကာရပုဒ်၏ ဝစနတ္ထကိုသာ မပြဆိုသင့်။ မနသိကာရ၏ ဘေဒသရုပ်ကိုလည်း ပြဆိုသင့်သေး၏။ မနသိကာရ ၏ ဘေဒသရုပ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။

(ဃ)(င)(စ) သို့/ ဒွပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် မနသိကာရသည် အာရမ္မဏပဋိပါဒက, ဝီထိပဋိပါဒက, ဇဝနပဋိပါဒက-အားဖြင့် သုံးပါးအပြားရှိ၏ဟု ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ယင်းမနသိကာရ သုံးမျိုးကို အစဉ်အတိုင်း အကျယ် မပြဆိုတော့ဟူသော အဓိပ္ပါယ် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဂ) ဖြင့် မနသိကာရသည် အာရမ္မဏပဋိပါဒက, ဝီထိပဋိပါဒက, ဇဝနပဋိပါဒက-အားဖြင့် သုံးပါးအပြားရှိ၏ဟုသာ မဆိုသင့်။ ယင်းမနသိကာရ သုံးမျိုးကို အစဉ်အတိုင်း အကျယ်အားဖြင့် ပြဆိုသင့်သေး၏။ ယင်းမနသိကာရ သုံးမျိုးကို အစဉ်အတိုင်း အကျယ်အားဖြင့် ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) စသည်ကိုမိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် မနသိကာရပုဒ်၏ အလုတ္တသတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထ တစ်မျိုးမှတပါး ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထ တစ်မျိုးကို (ဝါ) (ဝါ) အာရမ္မဏပဋိပါဒက မနသိကာရကို အရကောက်သော ဝစနတ္ထတစ်မျိုးမှတပါး ဝီထိပဋိပါဒက, ဇဝနပဋိပါဒက မနသိကာရကို အရကောက်သော ဝစနတ္ထတစ်မျိုးကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(ဂ) ဖြင့် မနသိကာရပုဒ်၏ ဝစနတ္ထမှတပါး သရုပ်ကိုပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ (တနည်း) မနသိကာရ သရုပ်အကျယ်ကိုပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

(ဃ) ဖြင့် မနသိကာရ သုံးပါးကို အကျယ်ချဲ့ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

(ခ)၌ ပိ(အပိ) သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ မနသိကာရပုဒ်၏ သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထမှတပါး ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထတည်းဟူသော ဝစနတ္ထအနက်တစ်မျိုးကို လဲလှယ်ပြလို

http://www.dhammadownload.com

သောကြောင့် (တနည်း) မနသိကာရမည်ခြင်း၏ အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (တနည်း) ကာရ-ဟူသော နောက်ပုဒ်တစ်စိတ်၏ ဘာဝသာဓန ဝစနတ္ထမှတပါး ကတ္တုသာဓန ဝစနတ္ထဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ခ) ၌ ပိ(အပိ) သဒ္ဒါကို ထားရသည်။

(င) ၌ အဓိဝစနံ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဝီထိပဋိပါဒက မနသိကာရ-အရ ဝီထိစိတ်ကို စီရင်တတ်, ထင်စေတတ်သော တရားမှန်သမျှကို မယူရ၊ ပဥ္စဒွါရာဝဇ္ဇန်းကို ယူရမည်ဟု ဤ၌ လိုအပ်သော အနက်ကို အထင်ရှင်ဆုံး ကေဒေသျူပစာအားဖြင့် ပြလိုသောကြောင့်-- ထားရပါသည်။

(စ) ၌ (ပါဠိသေသ) အဓိဝစနံ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဇဝနပဋိပါဒက မနသိကာရ-အရ ဇောစိတ်ကို စီရင်တတ်, ထင်စေတတ်သော တရားမှန်သမျှကို မယူရ၊ မနောဒွါရာဝဇ္ဇန်းကို ယူရမည်ဟု ဤ၌ လိုအပ်သော အနက်ကို အထင်ရှင်ဆုံး ကေဒေသျူပစာအားဖြင့် ပြလိုသောကြောင့်- (စ)၌ ပါဠိသေသ အဓိဝစနံ-သဒ္ဒါကို ထားရပါသည်။

➤ ❺ ။ သမာနံ ကတ္တာ နံ ပဿတီတိ **သဒိသော**။(သမာန-သဒ္ဒူပပဒ ဒိသ+ကွိ)

န သဒိသော **ဝိသဒိသော**။ (၂) ဝိ-အရ ပဋိသေဓဘောဂဏ်၏ ဝီထိစိတ်, ဇောစိတ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝီထိစိတ် ဇောစိတ်တို့၏ ရှေးဘဝင်စိတ်နှင့် မတူသည်၏ အဖြစ်တည်းဟူသော ဝိသဒိသဘောဂုဏ်သည် ပဝတ္တိနိမိတ်။

အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။ ပဋိပါဒယတီတိ **ပဋိပါဒကော**။ (ပဋိပုဗ္ဗ ပဒ+ဏေ-ဏွု)

အာရမ္မဏဿ ပဋိပါဒကော **အာရမ္မဏပဋိပါဒကော**။ (၂) အာရုံ၏ စီရင်တတ်, ထင်စေတတ်သော မနသိကာရ စေတသိက်နှင့် အာရုံ+အာရမ္မဏိက၊ အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) မနသိကာရ စေတသိက်သည် ပဝတ္တိနိမိတ်။

✱ သာရေတီတိ **သာရထိ**။ (သာရိဓာတ်+ရထိပစ္စည်း၊ သွားစေခြင်းကြိယာ)

ဝီယန္တိ ဂစ္ဆန္တိ ဧတာယာတိ **ဝီထိ**။ (ဝီ+ထိက်) ဝီထိ ဝိယာတိ **ဝီထိ**။ ဝီထိယာ ပဋိပါဒကော **ဝီထိပဋိပါဒကော**။ (၂) ဝီထိစိတ်၏ စီရင်တတ်, ထင်စေတတ်သော ပဥ္စဒွါရာဝဇ္ဇန်းစိတ်နှင့် အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပဥ္စဒွါရာဝဇ္ဇန်းစိတ်သည် ပဝတ္တိနိမိတ်။

ဇဝတိ သီဃံ ဂစ္ဆတီတိ **ဇဝနံ**။ (၂) ဇုဓာတ်+ယုပစ္စည်းသည်ရင်း၊ အဟုန်ဖြင့် သွားခြင်း အဟုန်ဖြင့် လျှင်စွာဖြစ်ခြင်းကြိယာသည်ရင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အဟုန်ဖြင့် သွားခြင်း အဟုန်ဖြင့် လျှင်စွာဖြစ်ခြင်း ကြိယာသည် ပဝတ္တိနိမိတ်။ ✱ ဇဝနဿ ပဋိပါဒကော **ဇဝနပဋိပါဒကော**။ (၂) ဇောစိတ်၏ စီရင်တတ်, ထင်စေတတ်သော မနောဒွါရာဝဇ္ဇန်းစိတ်နှင့် အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) မနောဒွါရာဝဇ္ဇန်းစိတ်သည် ပဝတ္တိနိမိတ်။ ✱ တယော ပကာရာ ဧတဿာတိ **တိပ္ပကာရော**။ သမ္ပယုတ္တဓမ္မာနံ အာရမ္မဏာဘိမုခံ သာရဏံ ဝိသာရဏံ လက္ခဏံ အဿာတိ **သာရဏလက္ခဏော**။

➤ ❻ ။ **(က)** ၌ ကိရိယာ-ဖြင့် ကာရော-၌ ကရဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ကိရိယာ ကာရော-ဟု ပြုရမည်ကိုင်း (အဘိဓာနတ္ထ) သိစေပါသည်။

F-7-A

http://www.dhammadownload.com

မနသို့ ကာရော-ဖြင့် မနသိကာရော-၌ မနသိ-ဝယ် ဣ-သည် သို့ ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုင်း(ဝိဘတ္တိပဒ) သ-၏ အာဂုမ်၏အဖြစ်ကိုင်း(ဘာဝတ္ထ) မနသို့ ကာရော မနသိကာရော-ဟု အလုတ္တသတ္တမီတပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ မနံ ကရောတိ-ဖြင့် မနသိကာရော-၌ မနသိ-ဝယ် သတ္တမီဝိဘတ်၏ ကံအနက်၌ သက်သည်ကိုင်း(ဝိဘတျတ္ထ) မန-သဒ္ဒါပုဒ ကရဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) မနံ ကရောတီတိ မနသိကာရော-ဟု ကတ္တုသာဓနကိတန္တ အလုတ္တ သတ္တမီတပ္ပုရိသမာသ် ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊သမာသလိင်္ဂတ္ထ) သိစေပါသည်။

ပုရိမမနတော ဝိသဒိသံ-ဖြင့် မနံ ကရောတိ-၌ မန-အရ ရှေးဘဝင်စိတ်နှင့် မတူသော ဝီထိစိတ် ဓောစိတ်ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ဖြင့် မနသိကာရသည် အာရမ္မဏပဋိပါဒက, ဝီထိပဋိပါဒက, ဇဝနပဋိပါဒက-အားဖြင့် သုံးပါးအပြားရှိသတည်းဟု သိစေပါသည်။(သရူပတ္ထ)

(ဃ) ၌ အာရမ္မဏပဋိပါဒကော မနသို့ ကရောတိ-ဖြင့် မနသို့ ကရောတီတိ မနသိကာရော-ဟု ဝစနတ္ထပြုခိုက် မနသိကာရ-အရ အာရမ္မဏပဋိပါက မနသိကာရကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **(င)** ဖြင့် ဝီထိပဋိပါဒကမနသိကာရ-အရ ပဉ္စဒွါရာဝဇ္ဇန်းကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **(စ)** ဖြင့် ဇဝနပဋိပါဒကမနသိကာရ-အရ မနောဒွါရာဝဇ္ဇန်းကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **(ဆ)** ဖြင့် ဤ မနသိကာရောပုဒ်၌ ဝီထိပဋိပါဒက, ဇဝနပဋိပါဒကတို့ကို မယူရ၊ (အတ္ထာပန္န, ဗျတိရေကနည်းအားဖြင့်) အာရမ္မဏပဋိပါဒက မနသိကာရကိုသာ ယူရမည် (ဝါ) လိုအပ်၏ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ(ဝါ)အဓိပ္ပေတတ္ထ)

➤ **❼** ။ **(ခ) ကရောတီတိပိ**-၌ ပိ(အပိ)ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ (ယင်းအပိ-ဖြင့် သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့်သာ မနသိကာရမည်သည် မဟုတ်သေး၊ ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့်လည်း မနသိကာရမည်သေး၏ဟု ပေါင်းဆည်းပါသည်)

➤ **❽** ။ **ကြိယာငါးတန်** ။ ။ **အာရမ္မဏပဋိပါဒကမနသိကာရ-အရ "မနသိကာရစေတသိက်"** ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) အာရမ္မဏပဒဋ္ဌာန်သည် ဒီပကတ္ထ။ (၃) သမ္ပယောဇနေ သမ္ပတ္တိရသသည် ပကာသနတ္ထ။ (၄) သမ္ပယောဇနကိစ္စရသသည် ဝိဘာဝတ္ထ။ (၅) အာရမ္မဏာဘိမုခဘာဝပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

ဝီထိပဋိပါဒကမနသိကာရ-အရ= "ပဉ္စဒွါရာဝဇ္ဇန်းစိတ်" ကို ယူ၍ (၁) ပဉ္စာရမ္မဏဝိဇာနန လက္ခဏာသည် ဒဿနတ္ထ။ (၂) အရဟတ္တဖလ ပဒဋ္ဌာန်သည် (ဝါ) ဟဒယဝတ္ထု ပဒဋ္ဌာန်သည် ဒီပကတ္ထ။ (၃) ဇဝနသမ္ပတ္တိရသသည် ပကာသနတ္ထ။ (၄) ဇဝနကိစ္စရသသည် ဝိဘာဝတ္ထ။ (၅) သန္တာနပစ္စုပဋ္ဌာန် (ဝါ) တထာဘာဝပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

ဝီထိစဉ်အားဖြင့် ထုတ်ပုံ ။ ။ (၁) ထိုပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဒဿနတ္ထ။ (၂) ဘဝင်္ဂုပစ္ဆေဒသည် ဒီပကတ္ထ။ (၃) စက္ခုဝိညာဉ်စိတ်သည် ပကာသနတ္ထ။ (၄) အတီတဘဝင်, ဘဝင်္ဂစလနသည်

http://www.dhammadownload.com

ဝိဘာဝတ္ထ။ (၅)သမ္ပဋိစ္ဆိုင်း စသည်သည် အနုဘာဝတ္ထ။

ဇဝနပဋိပါဒကမနသိကာရ-အရ= "မနောဒွါရာဝဇ္ဇန်းစိတ်" ကို ယူ၍ (၁) ဆဋ္ဌာရမ္မဏ ဝိဇာနန လက္ခဏာသည် ဒဿနတ္ထ။ (၂) အရဟတ္တဖလ ပဒဋ္ဌာန်သည် (ဝါ) ဟဒယဝတ္ထု ပဒဋ္ဌာန်သည် ဒီပကတ္ထ။ (၃) ဇဝနသမ္ပတ္တိရသသည် ပကာသနတ္ထ။ (၄) ဇဝနကိစ္စရသသည် ဝိဘာဝတ္ထ။ (၅) သန္တာန ပစ္စုပဋ္ဌာန် (ဝါ) တထာဘာဝပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

ဝီထိစဉ်အားဖြင့် ထုတ်ပုံ ။ ။ (၁) ထို မနောဒွါရာဝဇ္ဇန်းစိတ်သည် ဒဿနတ္ထ။ (၂) ဘဝင်္ဂုပစ္ဆေဒ သည် ဒီပကတ္ထ။ (၃) ပဌမဇောသည် ပကာသနတ္ထ။ (၄) အတီတဘဝင်သည် ဝိဘာဝတ္ထ။ (၅) ဒုတိယ ဇော စသည်သည် အနုဘာဝတ္ထ။

➤ ❶⓪ ။ **(ခ) ပုရိမမနတော+ဝိသဒိသံ မနံ+ကရောတိ** ။ ။ ပုရိမမနတော-အရ ရှေးဘဝင်စိတ် ပစ္စည်းတရားသည် ဝိသဒိသံ မနံ-အရ မတူသော ဝီထိစိတ်, ဇောစိတ်အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ **ကရောတိ**-အရ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ပစ္စည်းတရားသည် **မနံ**-အရ ဒွေး ပဉ္စဝိညာဉ် (၁၀) ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အနန္တရ, သမနန္တရ ဥပနိဿယ, နတ္ထိ, ဝိဂတ (၅) ပစ္စည်း ဖြစ်ပါသည်။

(တနည်း) **ကရောတိ**-အရ မနောဒွါရာဝဇ္ဇန်းစိတ် ပစ္စည်းတရားသည် **မနံ**-အရ ဇောစိတ် ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အနန္တရ, သမနန္တရ ဥပနိဿယ, နတ္ထိ, ဝိဂတ (၅) ပစ္စည်း ဖြစ်ပါသည်။

ပါဠိ (၁၉) [ဋ္ဌ၊၁၇၇။ ပြည်၊ဒု၊၁၁၄။ ဘာသာဋီ၊ဒု၊၃၃၈]

(က) တေသု ဓမ္မေသု မဇ္ဈတ္တတာ တတြမဇ္ဈတ္တတာ၊ သာ စိတ္တစေတသိကာနံ သမဝါဟိတ လက္ခဏာ၊ ဦနာဓိကနိဝါရဏရသာ, ပက္ခပါတုပစ္ဆေဒနရသာ ဝါ၊ မဇ္ဈတ္တဘာဝပစ္စုပဋ္ဌာနာ၊ စိတ္တ စေတသိကာနံ အဇ္ဈုပေက္ခနဝသေန သမပ္ပဝတ္တာနံ အာဇာ နေယျာနံ အဇ္ဈုပေက္ခနသာရထိ ဝိယ ဒဋ္ဌဗ္ဗာ၊

(ခ) ကရုဏာ မုဒိတာ ပြပ္ပဝိဟာရနိဒ္ဒေသေ အာဝိ ဘဝိဿန္တိ၊

(ဂ) ကေဝလဉှိ တာ အပ္ပနာပ္ပတ္တာ ရူပါဝစရာ၊ ဣဓ ကာမာဝစရာတိ အယမေဝ ဝိသေသော၊

(ဃ) ကာယဒုစ္စရိတတော ဝိရတိ ကာယဒုစ္စရိတဝိရတိ၊

(င) သေသပဒဒွယေပိ ဧသေဝနယော၊

(စ) လက္ခဏာဒိတော ပနေတာ တိဿောပိ ကာယဒုစ္စရိတာဒိဝတ္ထူနံ အဝီတိက္ကမ လက္ခဏာ၊ (ဆ) အမဒ္ဒနလက္ခဏာတိ ဝုတ္တံ ဟောတိ၊

➤ ❶ ။ **(က)** တေသု ဓမ္မေသု၊ထိုသမ္ပယုတ်ဖြစ်သော စိတ်, စေတသိက်တရားတို့၌၊မဇ္ဈတ္တတာ၊ အလယ်အကြား၌ တည်သော သဘောရှိသောသူ၏ အဖြစ်သည်၊တတြမဇ္ဈတ္တတာ၊မည်၏၊သာ၊ထို တတြ မဇ္ဈတ္တတာသည်၊စိတ္တစေတသိကာနံ၊သမ္ပယုတ်ဖြစ်သော စိတ်, စေတသိက်တို့ကို၊သမဝါဟိတလက္ခဏာ၊အညီ အမျှ အကြင် အကြင် မိမိကိစ္စတို့၌ ဖြစ်စေခြင်းလက္ခဏာရှိ၏။ (အလီနာနုဒ္ဓတပ္ပဝတ္တိပစ္စယတ္တာ၊မတွန့်တိုသည်, မတုန်လှုပ်သည်၏ အဖြစ်အားဖြင့် ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ကြောင့်။)ဦနာဓိကနိဝါရဏရသာ၊ယုတ်

F-7-B

http://www.dhammadownload.com

သည်၏ အဖြစ်ဟုဆိုအပ်သော လီန, လွန်သည်၏အဖြစ်ဟုဆိုအပ်သော ဥဒ္ဓစ္စကို မြစ်ခြင်းကိစ္စရှိ၏။ဝါ၊ တနည်းကား။ပဂ္ဂပါတုပစ္စေဒနရသာ၊အပင်းအသင်း၌ ကျခြင်းကို ဖြတ်ခြင်းကိစ္စရှိ၏။မဗျတ္တဘာဝပစ္စုပဋ္ဌာနာ၊ အလယ်အကြား၌တည်သော သဘောရှိသောသူ၏ အဖြစ်ဟူ၍ ဉာဏ်အား ရှေးရှု ထင်တတ်၏။ စိတ္တ စေတသိကာနံ၊စိတ် စေတသိက်တို့ကို။အဇ္ဈုပေက္ခနဝသေန၊လျစ်လျူရှုသည်၏ အစွမ်းဖြင့်။သမပ္ပဝတ္တာနံ၊မယုတ် မလွန် အညီအမျှဖြစ်ကုန်သော။အာဇာနေယျာနံ၊အာဇာနည် မြင်းတို့ကို။အဇ္ဈုပေက္ခနသာရထိ ဝိယ၊လျစ်လျူရှုသော ရထားထိန်းနှင့် တူ၏ဟူ၍။ဒဋ္ဌဗ္ဗာ၊မှတ်အပ်ကုန်၏။

(ခ) ကရုဏာ မုဒိတာ၊ကရုဏာ, မုဒိတာတို့သည်။ဗြဟ္မဝိဟာရနိဒ္ဒေသေ၊ဗြဟ္မဝိဟာရနိဒ္ဒေသ၌။အာဝိ၊ ထင်စွာ။ဘဝိဿန္တိ၊ဖြစ်ကုန်လတ့်။ **(ဂ)** ဟိ၊အထူးကို ဆိုအံ့။ကေဝလံ၊သက်သက်။တာ၊ထိုဗြဟ္မဝိဟာရ၌ လာသော ကရုဏာ, မုဒိတာတို့သည်။အပ္ပနာပ္ပတ္တာ၊အပ္ပနာသို့ ရောက်ကုန်သည်ဖြစ်၍။ရူပါဝစရာ၊ရူပါဝစရမည်ကုန်၏။ ဣဓ၊ဤအရာ၌။ကာမာဝစရာ၊ကာမာဝစရ မည်ကုန်၏။ဣတိ၊ဤသို့။အယမေဝ၊ဤသို့ ထို၌ ကာမာဝစရ, ဤ၌ ရူပါဝစရအဖြစ်သည်သာလျှင်။ဝိသေသော၊ထူး၏။

(ဃ) ကာယဒုစ္စရိတတော၊ကာယဒုစရိုက်မှ။ဝိရတိ၊ကြဉ်တတ်သော တရား, ကြဉ်ကြောင်း ကြဉ်ခြင်းမျှ သည်။ကာယဒုစ္စရိတဝိရတိ၊မည်၏။ **(င)** သေသပဒဒွယေပိ၊ကြွင်းသော ဝစီဒုစ္စရိတ ဝိရတိ, မနောဒုစ္စရိတဝိရတိ ပုဒ်နှစ်ပါးအပေါင်း၌လည်း။သေဝနယော၊ဤနည်းကိုသာလျှင်။ဝေဒိတဗ္ဗော၊သိအပ်၏။ (တနည်း) သေဝ နယော၊ဤနည်းကဲ့သို့သော နည်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

(စ) လက္ခဏာဒိတော ပန၊လက္ခဏာ အစရှိသည်ဖြင့်ကား။တိဿောပိ၊သုံးပါးလည်း ဖြစ်ကုန်သော။ ဧတာ၊ထို ဝိရတီတို့သည်။ကာယဒုစ္စရိတာဒိဝတ္ထူနံ၊ကာယဒုစရိုက် စသည်တို့၏ အာရုံဖြစ်ကုန်သော ပရပါဏ, ပရဓန, ပရဒါရ အစရှိသော ဝတ္ထုတို့ကို။အဝီတိက္ကမလက္ခဏာ၊မလွန်ကျူးခြင်း လက္ခဏာရှိကုန်၏။

(ဆ) အမဒ္ဒနလက္ခဏာ၊မနင်းနယ်ခြင်း လက္ခဏာရှိကုန်၏။ဣတိ၊ဤသို့။ဝုတ္တံ၊ဆိုလိုသည်။ဟောတိ။

➤ **❷** ။ **(ဂ) သို့/ ပါပနာဒိပဥှာ** ။ ။ ဆရာ၊ ဆရာသည် (ခ)ဖြင့် ကရုဏာ, မုဒိတာတို့ သည် ဗြဟ္မဝိဟာရနိဒ္ဒေသ၌ ထင်စွာ ဖြစ်ကုန်လတ့်ဟု (အတိဒေသသံဝဏ္ဏနာနည်းဖြင့်) ဖွင့်ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဤကာမာဝစရကုသိုလ်၌ လာသော ကရုဏာ, မုဒိတာတို့သည် ဗြဟ္မဝိဟာရနိဒ္ဒေသ ၌လာသော ကရုဏာ, မုဒိတာတို့နှင့် ထူးခြားမှုမရှိ အတူတူပင်ဖြစ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤကာမာဝစရ ကုသိုလ်၌ လာသော ကရုဏာ, မုဒိတာတို့နှင့် ဗြဟ္မဝိဟာရနိဒ္ဒေသ၌လာသော ကရုဏာ, မုဒိတာတို့၏ ထူးခြားပုံကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤကာမာဝစရ ကုသိုလ်၌ လာသော ကရုဏာ, မုဒိတာတို့နှင့် ဗြဟ္မဝိဟာရနိဒ္ဒေသ၌လာ သော ကရုဏာ, မုဒိတာတို့၏ ထူးခြားပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(စ) သို့/ ဥပနာပဥှာ ။ ။ ဆရာ၊ ဆရာသည် (ဃ)(င)ဝါကျတို့ဖြင့် ကာယဒုစ္စရိတဝိရတိ- စသော (၃)ပုဒ်တို့၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ယင်း(၃)ပုဒ်တို့၏ လက္ခဏာ, ရသ စသည်တို့ကို မပြဆိုဟူသော အခိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့်

http://www.dhammadownload.com

ကာယဒုစ္စရိတဝိရတိ-စသော (၃)ပုဒ်တို့၏ ဝစနတ္ထကိုသာ မဆိုသင့်။ ယင်း(၃)ပုဒ်တို့၏ လက္ခဏာ, ရသ စသည်တို့ကိုလည်း ပြဆိုသင့်သေး၏။ ယင်း(၃)ပုဒ်တို့၏ လက္ခဏာ, ရသ စသည်တို့ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) ဝါကျကိုမိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ **(ဂ)** ဖြင့် ဤ၌ ကရုဏာ, မုဒိတာ-အရ အလုံးစုံသော ကရုဏာ, မုဒိတာတို့ကို မယူရ၊ အပ္ပနာဈာန်တို့၏ ရှေးအဘို့၌ဖြစ်သော ဥပစာရဈာန်ဟု ဆိုအပ်သော (မဟာကုသိုလ်နှင့်ယှဉ်သော) ကရုဏာ, မုဒိတာတို့ကိုသာ ယူရမည်ဟု ပြသောကြောင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဂန္ထဂရုဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။ **(ဆ)** ဖြင့် ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။

➢ ❹ ။ မဇ္ဈေ ဠိတော အတ္တာ သဘာဝေါ ဧတဿာတိ **မဇ္ဈတ္တော**။ (၂) အလယ်အလတ်အကြား၌ တည်သော သဘော(လျစ်လျူရှုခြင်းသဘော)၏ ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ်+ဂုဏီ၊သဘာဝ+သဘာဝဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အလယ်အလတ်အကြား၌ တည်သော သဘောရှိခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

မဇ္ဈတ္တဿ ဘာဝေါ **မဇ္ဈတ္တတာ**။ (၂) မဇ္ဈတ္တပုဒ်+တာပစ္စည်းသည်၎င်း၊ လျစ်လျူရှုတတ်သော ပုဂ္ဂိုလ်၏ လျစ်လျူရှုခြင်းသဘောနှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) လျစ်လျူရှုတတ်သော ပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

တေသု ဓမ္မေသု မဇ္ဈတ္တတာ **တတြမဇ္ဈတ္တတာ**။ (၂) စိတ်, စေတသိက် သမ္ပယုတ်တရားတို့၏ လျစ်လျူရှုတတ်သော ပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော တတြမဇ္ဈတ္တတာ စေတသိက်နှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ကရောတိ ပရဒုက္ခေ သတိ သာဓူနံ ဟဒယကမ္ပနံ ကရောတီတိ **ကရုဏာ**။

ကိရိယတိ ဝါ ဒုက္ခိတေသု ဖရဏဝသေန ပသာရိယတီတိ **ကရုဏာ**။

မောဒန္တိ တာယ တံ သမင်္ဂိနောတိ **မုဒိတာ**။ (၂) မုဒဓာတ်+တပစ္စည်းသည်၎င်း၊ ဝမ်းမြောက်ခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဝမ်းမြောက်ခြင်းကြိယာသည် (ဝါ) ဝမ်းမြောက်တတ်သော မုဒိတာတို့၏ တပါးသည် တပါးနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သယံ ဝါ မောဒတီတိ မုဒိတာ။ မောဒနံ မုဒိတာ။

* ဝိဟရန္တိ ဧတေဟီတိ **ဝိဟာရော**။ * ဗြူဟန္တိ ဝဍ္ဎိ ဇာနာဟိ ဂုဏေဟိ ဂစ္ဆန္တီတိ **ဗြဟ္မာ**။

ဗြဟ္မာ ဝိယာတိ **ဗြဟ္မာ**။ (၂) ဗြဟ္မပုဒ်+အာပစ္စည်းသည်၎င်း၊ ဗြဟ္မာ၏ ယောဂီပုဂ္ဂိုလ်နှင့် သဒိသီ သဒိသ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဗြဟ္မစိုရ်တရားနှင့် နေခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဗြဟ္မာနံ ဝိဟာရော **ဗြဟ္မဝိဟာရော**။ (၂) မြတ်ကုန်သော ပုဂ္ဂိုလ်တို့၏ မေတ္တာဈာန်စသော အပ္ပမညာ ၄-ပါးနှင့် သံ+သာမီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အပြစ်ကင်းစွာ နေခြင်းကြိယာသည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

ဗြဟ္မာနော ဝိဟာရာ **ဗြဟ္မဝိဟာရော**။ (၂) မြတ်ကုန်သည်တို့၏ အဖြစ်တည်းဟူသော ဂုဏ်၏ အပ္ပမညာလေးပါးနှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ကေဂ္ဂ စိတ္တံ အာရမ္မဏေ အပ္ပေတီတိ **အပ္ပနာ**။ (၂) အပ္ပဓာတ်+ယုပစ္စည်း၊ အာပစ္စည်းသည်ငှင်း ရောက်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ရောက်ခြင်းကြိယာသည် (ဝါ) အပ္ပနာတရားတို့၏ တပါးသည် တပါးနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

အပ္ပနံ ပတ္တာ **အပ္ပနာပတ္တာ**။ * ဝိနာ တေဟိ ရမတီတိ **ဝိရတိ**။ ကာယတော ပဝတ္တံ ဒုစ္စရိတံ **ကာယဒုစ္စရိတံ**။ ကာယေန နိပ္ဖာဒိတံ ဒုစ္စရိတံ **ကာယဒုစ္စရိတံ**။

➢ ❻ ။ **(က)** ၌ တေသု ဓမ္မေသု မဇ္ဈတ္တတာ-ဖြင့် တတြမဇ္ဈတ္တတာ၌ တတြ-ဝယ် တ-သဒ္ဒါ၏ ဓမ္မကို စွဲယူရမည်ကိုငှင်း (သဗ္ဗနာမလိင်္ဂတ္ထ) တြ-ပစ္စည်း၏ အာဓာရသတ္တမီအနက်၌ သက်သည်ကိုငှင်း (ဝိဘတျတ္ထ၊ပစ္စယတ္ထ) တေသု မဇ္ဈတ္တတာ တတြမဇ္ဈတ္တတာ-ဟု အလုတ္တသတ္တမီ တပ္ပုရိသ်သမာသ် ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဂ) ၌ ကေဝလံ တာ အပ္ပနာပ္ပတ္တာ ရူပါဝစရာ-ဖြင့် ဗြဟ္မဝိဟာရနိဒ္ဒေသ၌ လာသော ကရုဏာ, မုဒိတာ-အရ အပ္ပနာသို့ရောက်သော ရူပါဝစရစျာန်နှင့် ယှဉ်သော ကရုဏာ, မုဒိတာတို့ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **ဣဓ ကာမာဝစရာ**-ဖြင့် ဤ၌ ကရုဏာ, မုဒိတာ-အရ အပ္ပနာစျာန်တို့၏ ရှေးအဖို့၌ဖြစ်သော ဥပစာရစျာန်ဟုဆိုအပ်သော မဟာကုသိုလ်နှင့်ယှဉ်သော ကရုဏာ, မုဒိတာတို့ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ဃ) ဖြင့် ကာယဒုစ္စရိတဝိရတိ-ကို ကာယဒုစ္စရိတတော ဝိရတိ ကာယဒုစ္စရိတဝိရတိ-ဟု ပဥ္စမီ တပ္ပုရိသ်သမာသ် ပြုရမည်ဟု သိစေပါသည်။(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ)

➢ ❼ ။ **(ဂ) သေသပဒဒွယေပိ** -၌ ပိ-ကား အဝယဝသမုစ္စယတ္ထ။ (စ) **တီသောပိ**-၌ ပိ-ကား အဝယဝသမုစ္စယတ္ထ။ **အမဒ္ဒနာ**-၌ အ-ကား ပဋိပက္ခတ္ထ။

(င) ဧသောဝနယော-၌ (၁) ကာယဒုစ္စရိတတော ဝိရတိ ကာယဒုစ္စရိတဝိရတိ-ဟူသော (ပဥ္စမီ တပ္ပုရိသ်သမာသ် ဝစနတ္ထ) နည်းသည် ဂဟေတဗ္ဗတ္ထ။ (၂) တခြားဆန့်ကျင်ဘက်ဖြစ်သော နည်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ကာယဒုစ္စရိတေဟိ ဝိရတိ ကာယဒုစ္စရိတဝိရတိ-ဟူသော ပဥ္စမီ ဗဟုဝုစ်အလားတူ တပ္ပုရိသ်သမာသ် ဝစနတ္ထသည် အနညာတတ္ထ။

➢ ❽ ။ **ကြိယာငါးတန်** ။ ။ **အပ္ပနာပ္ပတ္တာ-အရ ကရုဏာ, မုဒိတာ**-ကို ယူ၍

(၁) ထိုအပ္ပနာသို့ရောက်သော ကရုဏာ, မုဒိတာသည် ဒဿနတ္ထ။ (၂) ရူပစျာန်သည် ဒီပကတ္ထ။ (၃) ရူပသမာသ် ချမ်းသာကို ခံစားခြင်းသည် ပကာသနတ္ထ။ (၄) သတ္တဝါပညတ် အာရုံသည်ငှင်း, ဥပစာရစျာန်သည်ငှင်း ဝိဘာဝတ္ထ။ (၅) ဗြဟ္မာပြည်၌ ပဋိသန္ဓေနေခြင်း-စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။ (လက္ခဏာဒိစတုက္ကဖြင့်လည်း ထုတ်နိုင်သည်။)

➢ ❶❶ ။ **(စ) တော တီသောပိ+ကာယဒုစ္စရိတာဒိ ဝတ္ထုနံ+အဝီတိက္ကမ လက္ခဏာ** ။ ။ ကာယဒုစ္စရိတာဒိ ဝတ္ထုနံ-အရ (ကာယဒုစရိုက် စသည်တို့၏ အာရုံဖြစ်ကုန်သော) ပရ

http://www.dhammadownload.com

ပါဏ, ပရဓန, ပရဣတ္ထိ–စသော ဝတ္ထု ပစ္စည်းတရားသည် ဇောတိယောပိနှင့် အဝိတိက္ကမလက္ခဏာ–တို့အရ ပထမ မဟာကုသိုလ်စိတ်နှင့်ယှဉ်သော ဝိရတီ (၃)ပါး ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄) ပစ္စည်း ဖြစ်ပါသည်။

ကာယ–အရ ကာယဝိညတ် ပစ္စည်းတရားသည် **ဒုစ္စရိတ**–အရ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ နိ၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၅) ပစ္စည်း ဖြစ်ပါသည်။

ပါဠိ (၂၈) [ဋ္ဌ၁၈၁။ ပြည်၊ဒု၊၁၅၂။ ဘာသာဋီ၊ဒု၊၃၄၉]

(က) ယော တသ္မိံ သမယေ ဖဿောတိ တသ္မိံ သမယေ ယော ဖုသနကဝသေန ဥပ္ပန္နော ဖဿော၊ သော၊ (ခ) "ဖဿော"တိ ဣဒံ ဖဿဿ သဘာဝဒီပနတော သဘာဝပဒံ နာမ။

(ဂ) ဖုသနာတိ ဖုသနာကာရော။

(ဃ) သမ္ဖုသနာတိ ဖုသနာကာရောဝ ဥပသဂ္ဂေန ပဒံ ဝဍ္ဎေတွာ ဝုတ္တော။

(င) သမ္ဖုသိတတ္တန္တိ သမ္ဖုသိတဘာဝေါ။

(စ) အယံ ပနေတ္ထ ယောဇနာ – ယော တသ္မိံ သမယေ ဖုသနကဝသေန ဖဿော၊ ယာ တသ္မိံ သမယေ ဖုသနာ၊ ယာ တသ္မိံ သမယေ သမ္ဖုသနာ၊ ယံ တသ္မိံ သမယေ သမ္ဖုသိတတ္တံ။

➤ **❶** ။ **(က)** ယော တသ္မိံ သမယေ ဖဿောတိ၊ဟူသည်ကား။တသ္မိံ သမယေ၊ထိုအသခ်ါရိက မဟာကုသိုလ်စိတ်ဖြစ်သော အခါ၌။ယော ဖဿော၊အကြင်ဖဿသည်။ဖုသနကဝသေန၊အာရုံကို တွေ့ထိခြင်း၏ အစွမ်းဖြင့်။ဥပ္ပန္နော၊ဖြစ်၏။သော ဖဿော၊ထိုဖဿသည်။ဟောတိ၊၏။ **(ခ)** ဣတိ ဣဒံ၊ဤဖဿ–ဟူသော ပုဒ်သည်။ဖဿဿ၊၏။သဘာဝဒီပနတော၊သဘောကို ပြတတ်သည်၏အဖြစ်ကြောင့်။သဘာဝပဒံ နာမ၊ သဘောကို ပြတတ်သော ပုဒ်မည်၏။ **(ဂ)** ဖုသနာတိ၊ဖုသနာဟူသည်ကား။ဖုသနာကာရော၊အာရုံကို တွေ့ထိခြင်းဟူသော ကြိယာသည်။ **(ဃ)** သမ္ဖုသနာတိ၊ကား။ဖုသနာကာရောဝ၊အာရုံနှင့် ပေါင်းဆုံစုဝေး၍ တွေ့ထိခြင်းကြိယာကိုပင်လျှင်။ဥပသဂ္ဂေန၊သံ–ဟူသော ဥပသာရ၏ အစွမ်းဖြင့်။ပဒံ၊ပုဒ်ကို။ဝဍ္ဎေတွာ၊ပွားစေ၍။ (ဘဂဝတာ၊သည်)ဝုတ္တော၊ဟောတော်မူအပ်ပြီ။ **(င)** သမ္ဖုသိတတ္တန္တိ၊ကား။သမ္ဖုသိတဘာဝေါ၊အာရုံ၌ ပေါင်းဆုံစုဝေး၍ တွေ့ထိသော စိတ်၏အဖြစ်။ **(စ)** အယံ ပန၊ဤဆိုလတ့်သည်ကား။ဧတ္ထ ယော တသ္မိံ သမယေတိ အာဒိဝစနေ၊ဤ ယော တသ္မိံ သမယေ အစရှိသော စကား၌။ယောဇနာ၊ပဒယောဇနာတည်း။တသ္မိံ သမယေ၊ ထိုအသခ်ါရိက ပဌမ မဟာကုသိုလ်ဖြစ်သော အခါ၌။ယော ဖဿော၊အကြင်ဖဿသည်။ဖုသနကဝသေန၊ အာရုံကို တွေ့ထိခြင်း၏ အစွမ်းဖြင့်။ဥပ္ပန္နော၊ဖြစ်၏။တသ္မိံ သမယေ၌။ယာ ဖုသနာ၊အကြင်အာရုံကို တွေ့ထိခြင်း ကြိယာသည်။ဥပ္ပန္နာ၊ဖြစ်၏။တသ္မိံ သမယေ၌။ယာ သမ္ဖုသနာ၊အကြင် အာရုံနှင့် ပေါင်းဆုံစုဝေး၍ တွေ့ထိခြင်း ကြိယာသည်။ဥပ္ပန္နာ၊ဖြစ်၏။တသ္မိံ သမယေ၌။ယံ သမ္ဖုသိတတ္တံ၊အကြင် အာရုံနှင့် ပေါင်းဆုံစုဝေး၍ တွေ့ထိ သော စိတ်၏ အဖြစ်သည်။ဥပ္ပန္နံ၊ဖြစ်၏။(နိ–ဒု၊၁၃၁)

➤ **❷** ။ **(ခ) သို့/ ပါဝနာဒီပဋ္ဌက** ။ ။ ဆရာ၊ ဆရာသည် (က)ဖြင့် ယော တသ္မိံ သမယေ ဖဿော–ဟူသော ပါဠိတော်ကို တသ္မိံ သမယေ၌။ယော ဖဿော၊သည်။(ဖုသနကဝသေန၊ဖြင့်။ဥပ္ပန္နော၊

http://www.dhammadownload.com

ဖြစ်၏။) သော ဖသောၑသည်။-ဟု ပါဠိသေသနှင့်တကွ အနက်ယောဇနာရမည်ဟု ဖွင့်ပြတော်မူ၏။ ထိုသို့သာဆိုချေသော် ထိုဖသော-ဟူသော ပုဒ်သည် သဘာဝမှတပါးသော အနက်ဝိသေသကို ပြသော ပုဒ်မျိုးဖြစ်ကောင်း၏ဟူသော အနက်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ထိုဖသောပုဒ်၏ သဘာဝပဒမည်ပုံကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဖသောပုဒ်၏ သဘာဝပဒမည်ပုံ ကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။

(ခ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဖသော-ဟု ဟောတော်မူ၏။ ဤမျှသာဆိုချေသော် ထိုဖသော-ဟူသော ပုဒ်သည် သဘာဝမှအခြားသော အနက်ထူးကိုပြသော ပုဒ်မျိုးဖြစ် ၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထိုသို့ မှတ်အပ်လေသောကြောင့် ဖသော-ဟုသာ ဟောတော် မမူ သင့်။ ထိုဖသောပုဒ်၏ သဘာဝပဒဖြစ်သည်ကိုလည်း ပြဆိုသင့်သေး၏။ ဖသောပုဒ်၏ သဘာဝပဒ မည်ပုံကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။

(ဂ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဖဿ-ဟူသော ပုဒ်သည် သဘာဝပဒ မည်သောဟု ပြဆိုတော်မူ၏။ ဤသို့ဆိုချေသော် ဖုသနာပုဒ်သည်လည်း သဘောကို ပြတတ်သည်ဖြစ်၍ သဘာဝပဒမည်သည်ဟုပင် မှတ်အပ်သည် မဟုတ်ပါလော။ ထိုသို့ မှတ်အပ်လေသောကြောင့် ဖသော ဟူ သော ပုဒ်ကိုသာ မဆိုသင့်။ ဖုသနာပုဒ်ကိုလည်း သဘာဝပဒ မည်၏ဟု ဆိုသင့်သေး၏။ အဘယ့်ကြောင့် ဖဿကိုသာ သဘာဝပဒဟု ဆိုရပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် ရှေးဆိုခဲ့ပြီးဝါကျတို့ဖြင့် ပဒတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ပဒယောဇနာ အဖွင့်သည်လည်း ရှိသင့်သည် မဟုတ်ပါလော။ ထိုသို့ရှိသင့်လေသော ကြောင့် ပဒတ္ထကိုသာ မဆိုသင့်။ ပဒယောဇနာကိုလည်း ပြဆိုသင့်သေး၏။ ပဒယောဇနာကား အဘယ်ပါ နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ)ဝါကျကိုမိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ဂ)** ဖြင့် ဖုသနာပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတဒေါသ ကို ပယ်ပါသည်။ **(ဃ)** ဖြင့် သမ္ဖုသနာပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် သမ္ဖုသိတတ္တံပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် ပဒတ္ထမှတပါး ပဒယောဇနာ, ပဒသမ္ဗန္ဓကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

အထဝါ ယော ယသ္မိံ သမယေ ဖုသနဝသေန (ပ) ဖသော ဟောတီတိ (ဋ္ဌ၁၈၁) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဤ၌ အနိယမ နိယမ ၄-ဝါကျစီဖြင့် ပဒယောဇနာနည်း၊ သဒ္ဒါ အနက်အကြောင်းမှတပါး အနိယမ နိယမ (၁)ဝါကျစီဖြင့် ပဒယောဇနာနည်း သဒ္ဒါအနက်အကြောင်း တပါးကိုင်း၊ သမ္ဖုသနာ သမ္ဖုသိတတ္တံတို့၌ သံ-သဒ္ဒါ၏ သမာဂမအနက် အကြောင်းမှတပါး သံ- သဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက အနက်အကြောင်းတပါးကိုင်း လဲလှယ်လိုသောကြောင့် အထဝါ-ကို ထား ရပါသည်။

➤ ❹ ။ ဘဝနံ ဘာဝေါ။ သဿ (အတ္တနော) ဘာဝေါ **သဘာဝေါ**။ သန္တော (သံဝိဇ္ဇမာနော)

http://www.dhammadownload.com

ဘာဝေါ **သဘာဝေါ**။ ပစ္စယေဟိ ဉာယတေ အတ္တော ဧတေနာတိ **ပဒံ**။ ဒီပေတီတိ **ဒီပနံ**။

သဘာဝဿ ဒီပနံ ပဒံ **သဘာဝပဒံ**။ (၂) သဘောတရား၏ ပြတတ်သော ပုဒ်နှင့် ဝါစ္စ+ဝါစက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဖဿ-စသော သဘာဝပုဒ်တို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဖုသီယတေ ဖုသနံ။ ဖုသနမေဝ **ဖုသနကံ**။ (၂) ဖုသနပုဒ်+ကပစ္စည်းသည်၎င်း၊ တွေ့ထိခြင်း၏ တွေ့ထိတတ်သော တရားနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) တွေ့ထိခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

(ဂ) ဖုသီယတေ **ဖုသနာ**။ (ဖုသဓာတ်+ယုပစ္စည်း၊ တွေ့ထိခြင်းကြိယာ)

(ဃ) ဖုသီယတေ ဖုသနာ။(အစိတ်) သမာဂမေ ဖုသနာ **သမ္ဖုသနာ**။ (၂) သမာဂမဘောဂုဏ်၏ တွေ့ထိခြင်းနှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပေါင်းဆုံစုဝေး၍ တွေ့ထိခြင်းကြိယာသည် ပဝတ္တိနိမိတ်။

(တနည်း) သမ္ဖုသီယတေ **သမ္ဖုသနာ**။ (သံပုဗ္ဗ ဖုသဓာတ်+ယုပစ္စည်း၊ တွေ့ထိခြင်းကြိယာ)

(င) ဖုသတီတိ ဖုသိတံ။(ဖုသ+တ) သမာဂမေ ဖုသိတံ **သမ္ဖုသိတံ**။ သမ္ဖုသိတဿ ဘာဝေါ **သမ္ဖုသိတတ္တံ**။ (၂) ပေါင်းဆုံ၍ တွေ့ထိတတ်သော စိတ်၏ တွေ့ထိတတ်သည်၏ အဖြစ်နှင့် (ဝါ) တွေ့ထိခြင်းနှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပေါင်းဆုံ၍ တွေ့ထိတတ်သော စိတ်၏ အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(ခ)** ၌ သဘာဝဒီပနတော-ဖြင့် သဘာဝပဒံပုဒ်ကို သဘာဝဿ ဒီပနံ ပဒံ သဘာဝပဒံ-ဟု ဒီပန အလယ်ပုဒ်ကျေသော ကမ္မဓာရယ်၌ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (တနည်း) သဘာဝဒီပနံ ပဒံ သဘာဝပဒံ-ဟု ပုဗ္ဗပဒေ ဥတ္တရပဒလောပ ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေပါသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ)

(ခ) တစ်ဝါကျလုံးဖြင့် ဖဿ-ဟူသော ပုဒ်သည် ကိစ္စဝိသေသ စသည်ကို မရှုမင့်မူ၍ ဖဿ၏ သဘောကို ပြတတ်သည်၏အဖြစ်ကြောင့် သဘာဝပဒမည်၏ဟူသော အဓိပ္ပါယ်ကို သိစေ။(ဘာဝတ္ထ)

(ဂ) ၌ ဖုသနာကာရေန-ဖြင့် ဖုသနာ၌ ဖုသဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ယုပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဖုသီယတေ ဖုသနာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဃ) ဖြင့် သမ္ဖုသနာ၌ သံပုဗ္ဗ ဖုသဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) သံ-ဥပသာရပုဒ်၏ သမာဂမအနက် ဟောသည်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ယုပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း (ဒု-ပစ္စယတ္ထ) ဖုသီယတေ ဖုသနာ၊ သမာဂမေ ဖုသနာ သမ္ဖုသနာ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊သမာသလိင်္ဂတ္ထ) (တနည်း) သမ္ဖုသီယတေ သမ္ဖုသနာ-ဟု ဘာဝသာဓနပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဖုသနာပုဒ်ကိုပင် သံ-ဥပသာရပုဒ်ကို ပွားစေ၍ သမ္ဖုသနာ-ဟု ဟောတော်မူ၏ဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သမ္ဖုသနာဟူသည် အာရမ္မဏသမာဂမဖုသနာ ဖြစ်သည်၊ ပဋိလာဘ

http://www.dhammadownload.com

သမ္ပယုတ္တ မဟုတ်ဟူသော အဓိပ္ပါယ်ကိုငင်း(ဘာဝတ္ထ) သိစေပါသည်။

(င) ၌ သမ္ပယုတ္တဘာဝေါ-ဖြင့် သမ္ပယုတ္တတ္တံ-၌ တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုငင်း(ပစ္စယတ္ထ) သမ္ပယုတ္တဿ ဘာဝေါ သမ္ပယုတ္တတ္တံ-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) သိစေသည်။

(စ) ဖြင့် ဤဆိုလတ့ံသည်ကား ဤ "ယော တသ္မိံ သမယေ" အစရှိသော စကား၌ ပဒယောဇနာတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➢ **၇** ။ (က) **ဖဿောဟောတိ**-၌ ဣတိ-ကား ပဒတ္ထဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထ။ **ဥပ္ပန္နော**-၌ ဥ-ကား အတ္ထလာဘတ္ထ။ (ခ) **ဖဿောဟောတိ**-၌ ဣတိ-ကား နိဒဿနတ္ထ၊ ဣဒမတ္ထ။ (ဂ) **ဖုသနာတိ**-၌ ဣတိ-ကား ပဒတ္ထဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထ။ (ဃ)(င) **သမ္ဖုသနာ, သမ္ဖုသိတတ္တံ, သမ္ဖုသိတ**-တို့၌ သံ-ကား သံမာဂမတ္ထ။(သမောဓာနတ္ထ) **ဥပသင်္ဂေန**-၌ ဥပ-ကား ဥပဂမနတ္ထ။ (စ) **ပန**-ကား ပက္ခန္တရတ္ထ၊ ဝါကျာရမ္ဘတ္ထ။

(က) **တသ္မိံ**-ကား သမယေ-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။ **ယော**-ကား ဖဿော-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။ **သော**-ကား ရှေ့ဝါကျရှိ ဖဿကို စွဲယူသောကြောင့် ပက္ကန္တဝိသယ။ (တနည်း) ရှေးအနိယမ ယော-သဒ္ဒါဖြင့် စွဲသော ဖဿ-ဟူသော အနက်ကို ပြန်စွဲသောကြောင့် နိယမဝိသယ။

(ဃ) ဖုသနာကာရော-၌ (၁) တွေ့ထိခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) အာရုံကို ရ၍ မတွေ့ထိခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သမ္ဖုသနာဟူသော အမည်သည် အနုညာတတ္ထ။

➢ **၈** ။ **ကြိယာငါးတန်** ။ ။ **ဝုတ္တော-၌ ဝစဓာတ်-အရ** ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထိုဒေသနာဉာဏ်သည် ဒဿနတ္ထ။ (၂) အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။ **(၃)** ဟောသဖြင့် ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ တရားနာရခြင်း, အနက်အဓိပ္ပါယ် သိရခြင်းတို့သည် ပကာသနတ္ထ။ (တနည်း) **(၃)** "ဖဿ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။

(၄) ပါရမီဉာဏ် စသည်တို့သည် ဝိဘာဝတ္ထ။

(၅) ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့ သိသဖြင့် ကျင့်ရခြင်း, ကျင့်သဖြင့် မဂ် ဖိုလ် နိဗ္ဗာန်ရခြင်း-စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

ဝုတ္တော-၌ တဗ္ဗာဟုတ္ထ တ-ပစ္စည်းအရ (၁) "ဖဿ"ဟူသော ဝစီဘေဒသဒ္ဒသည် ဒဿနတ္ထ။ (စာ-၂၉၀-ကြည့်)

➢ **၁၀** ။ **(ဃ) ဖုသနာကာရော+ ဝုတ္တော** ။ ။ ဖုသနာကာရော-အရ, တ-ပစ္စည်းအရ တွေ့ထိခြင်း အခြင်းအရာကြိယာဟူသော ဖဿ ပစ္စည်းတရားသည် ဝစဓာတ်-အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်-အာ၊ဓိ၊ဥပ (၃)

သမ္ဖုသိတတ္တံ, သမ္ဖုသိတဘာဝေါ ။ ။ သမ္ဖုသိတ-အရ တွေ့ထိသော စိတ် ပစ္စည်းတရားသည် တ္တ-ပစ္စည်းအရ, ဘာဝ-အရ ဖဿ ပစ္စယုပ္ပန် တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်

ပြိုင်= အဓိ၊ သဟ၊ ည၊ နိ၊ အာဟာ၊ ကံ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉) ပစ္စည်း။

http://www.dhammadownload.com

ပါဠိ (၂၁) [ဋ္ဌ၊၁၈၃။ ပြည်၊ဒု၊၁၅၂။ ဘာသာဋီ၊ဒု၊၃၆၀]

(က) ယံ တသ္မိံ သမယေတိ ဧတ္ထ ကိဉ္စာပိ ""ကတမာ တသ္မိံ သမယေ ဝေဒနာ ဟောတီ""တိ အာရဒ္ဓံ၊ သာတပဒဝသေန ပန ""ယ""န္တိ ဝုတ္တံ။

(ခ) တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇန္တိ ဧတ္ထ တဇ္ဇာ ဝုစ္စတိ တဿ သာတသုခဿ အနုစ္ဆဝိကာ သာရုပ္ပါ။ (ဂ) အနုစ္ဆဝိကတ္တောပိ ဟိ အယံ တဇ္ဇာသဒ္ဒေါ ဟောတိ။

(ဃ) ယထာဟ ""တဇ္ဇံ တဿာရုပ္ပံ ကထံ မန္တေတီ""တိ။

(င) တေဟိ ဝါ ရူပါဒီဟိ အာရမ္မဏေဟိ ဇာယမာနဿ သုခဿ ပစ္စယေဟိ ဇာတာတိပိ တဇ္ဇာ။

(စ) မနောဝိညာဏမေဝ နိဿတ္တနိဇ္ဇီဝဋ္ဌေန ဓာတူတိ မနောဝိညာဏဓာတု။

➢ **၁** ။ **(က)** ယံ တသ္မိံ သမယေတိ ဧတ္ထ၊ယံ တသ္မိံ သမယေ-ဟူသော ဤပါဌ်၌။"ကတမာ တသ္မိံ သမယေ ဝေဒနာ ဟောတီ"တိ၊ဟူ၍။(ဣတ္ထိလိင်္ဂေန၊ဣတ္ထိလိင်ဖြင့်။ဘဂဝတာ၊သည်။ပုစ္ဆာဝါရေ၊ပုစ္ဆာဝါရ၌) ကိဉ္စာပိ အာရဒ္ဓံ၊အကယ်၍ အားထုတ်အပ်၏ရှင့်။ပန တထာပိ၊ထိုသို့ အားထုတ်အပ်သော်လည်း။သာတပဒ ဝသေန၊သာတဟူသော ပုဒ်၏ အစွမ်းဖြင့်။(ဝါ) "သာတံ"ဟူသော နပုံလိင်၏ အစွမ်းဖြင့်။"ယ"န္တိ၊ယံ-ဟူ၍။(ဝိဿဇ္ဇနာဝါရေ၊ဝိဿဇ္ဇနာဝါရ၌။ဘဂဝတာ၊သည်) ဝုတ္တံ၊ဟောတော်မူအပ်၏။

(ခ) တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇန္တိ ဧတ္ထ၊ဟူသော ဤပါဌ်၌။တဿ သာတသုခဿ၊တံ သမ်္ပဂ္ဂီ ပုဂ္ဂလ သမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သော ထိုသုခအား။အနုစ္ဆဝိကာ၊သင့်လျော်သော။သာရုပ္ပါ၊လျောက်ပတ်သော မနောဝိညာဏဓာတ်ကို။တဇ္ဇာ၊တဇ္ဇာဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ဂ) ဟိ၊မှန်၏။အနုစ္ဆဝိကတ္တောပိ၊အနုစ္ဆဝိကအနက်ရှိသည်လည်းဖြစ်သော။အယံ တဇ္ဇာသဒ္ဒေါ၊ဤ တဇ္ဇာသဒ္ဒါသည်။ဟောတိ၊၏။ **(ဃ)** [မြယာ၊ငါသည်။ဝုတ္တဿ၊ဆိုအပ်သော စကား၏။သာခကံ၊သာခကေ ဖြစ်သော။) ယထာ ကိံ၊ဝစနံ၊အဘယ်စကားကို။(ဘဂဝါ၊သည်) အာဟ၊မိန့်တော်မူသနည်း။ "တဇ္ဇံ တဿာရုပ္ပံ ကထံ မန္တေတီ"တိ၊ဟူ၍။အာဟ၊မိန့်တော်မူ၏။ ✳ တဇ္ဇံ-တဿ ဖလ အနုစ္ဆဝိကံ၊ထိုအကျိုးအားလျော်သော။တဿာရုပ္ပံ၊ထိုအကျိုးအားလျောက်ပတ်သော။ကထံ၊စကားကို။(ဇနော၊လူအပေါင်းသည်)မန္တေတိ၊တိုင်ပင်၏။

(င) ဝါ၊တနည်းကား။(မနောဝိညာဏဓာတု၊မနောဝိညာဏဓာတ်သည်)ဇာယမာနဿ သုခဿ၊ဤသုခ၏လည်း။ပစ္စယေဟိ၊ပစ္စည်းဖြစ်ကုန်သော။ရူပါဒီဟိ၊ရူပါရုံ အစရှိကုန်သော။တေဟိ အာရမ္မဏေဟိ၊ထို အာရုံတို့ကြောင့်။ဇာတာ၊ဖြစ်သည်တည်း။ဣတိပိ၊ဤသို့သော အနက်ကြောင့်လည်း။တဇ္ဇာ၊တဇ္ဇာ မည်၏။

✳**တဇ္ဇာ**-သုခ၏ ပစ္စည်းဖြစ်ကုန်သော ရူပါရုံ အစရှိကုန်သော ထိုအာရုံတို့ကြောင့်ဖြစ်သော။

(စ) မနောဝိညာဏမေဝ၊မနောဝိညာဉ်သည်ပင်လျှင်။နိဿတ္တနိဇ္ဇီဝဋ္ဌေန၊သတ္တ မဟုတ်သော အနက်ကြောင့်။ဓာတု၊ဓာတ်မည်၏။ဣတိ တသ္မာ၊ထို့ကြောင့်။မနောဝိညာဏဓာတု၊မည်၏။(နိ-ဒု၊၁၄၆)

➢ **၂** ။ **(က) သို့/ ဋ္ဌပနာပဥ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ယံ တသ္မိံ သမယေ-ဟူသော ဝိဿဇ္ဇနာဝါရ ပါဠိတော်၌ ယံ-ဟု နပုံလိင်ဖြင့် ဟောတော်မူ၏။ ထိုသို့ပင် ဟောသော်လည်း ရှေးပုစ္ဆာဝါရ၌ ကတမာ တသ္မိံ သမယေ ဝေဒနာ ဟောတိ-ဟူ၍ ဣတ္ထိလိင်ဖြင့် ဟောတော်မူခဲ့သည် မဟုတ်ပါလော။ ထိုသို့ ဟောတော်မူလေသောကြောင့် ယံ တသ္မိံ သမယေ-ဟူသော ဝိဿဇ္ဇနာဝါရ

http://www.dhammadownload.com

ပါဠိတော်၌ ယံ-ဟု နပုံလိင်ဖြင့် ဟောတော် မမူသင့်။ ကတမာ ဝေဒနာဟူသော ပုစ္ဆာဝါရ ပါဠိနှင့် လိင်တူစွာ "ယာ"ဟူ၍ ဣတ္ထိလိင်ဖြင့်သာ ဟောသင့်၏။ အဘယ်၏ အစွမ်းဖြင့် (ဝါ) အဘယ်ကို ငဲ့၍ "ယံ"ဟု နပုံလိင်ဖြင့် ဟောတော်မူပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား- (က) ဖြင့် ကတမာ တသ္မိံ သမယေ ဝေဒနာ ဟောတိ-ဟု ပုစ္ဆာဝါရ၌ ဟောခဲ့သော်လည်း ဤဝိဿဇ္ဇနာဝါရ၌ သာတံ-ဟူသော ပုဒ်၏အစွမ်းဖြင့် (ဝါ) သုတံဟူသော နပုံလိင်ကိုငဲ့၍ "ယံ"ဟု နပုံလိင်ဖြင့် ဟောတော်မူ၏ဟူလို။

(ဂ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ-၌ တဇ္ဇာ-ကို အနုစ္ဆဝိကာ-ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ယင်းသို့ ဖွင့်ဆိုသော ဆရာ့စကားသည် ယုတ္တိကင်းပ ဒဠှီယမျှသာဖြစ်၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ထိုသို့ မခိုင်မြဲရာသောကြောင့် (ခ) ဖြင့် တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ-၌ တဇ္ဇာ-ကို အနုစ္ဆဝိကာ-ဟုသာ မဆိုသင့်။ ဆရာ့စကားကို ခိုင်မြဲစေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကိုလည်း ပြဆိုသင့်သေး၏။ ယုတ္တိသဘာဝ ဒဠှီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။

(ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ) ဝါကျတို့ဖြင့် တဇ္ဇာ-သဒ္ဒါသည် အနုစ္ဆဝိကအနက်ရှိ၏ဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဆရာ့စကားသည် သကဝစနမျှသာဖြစ်၍ ပရဝစနဖြစ်သော အာဂုမ်သာဓကနှင့်ကင်း၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မယုံကြည်နိုင်သောကြောင့် (ခ)(ဂ) ဝါကျတို့ဖြင့် တဇ္ဇာ-သဒ္ဒါသည် အနုစ္ဆဝိကအနက်ရှိ၏ဟုသာ မဆိုသင့်။ ပရဝစနအာဂုမ်သာဓကကိုလည်း ပြဆိုသင့်သေး၏။ ပရဝစန အာဂုမ်သာဓကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) ဝါကျကိုမိန့်။

(င) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ)(ဃ) ဝါကျတို့ဖြင့် တဇ္ဇာ မနောဝိညာဏဓာတုသမ္ဖဿဇံ-၌ တဇ္ဇာ-သဒ္ဒါသည် အနုစ္ဆဝိကတ္တဝါစီ ရုဠှီ အနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် တဇ္ဇာ-သဒ္ဒါသည် အနုစ္ဆဝိကတ္တဝါစီ ရုဠှီ အနိပ္ဖန္နပါဋိပဒိကပုဒ် တစ်မျိုးသာ ဖြစ်သင့်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် တဇ္ဇာ-သဒ္ဒါ၏ တခြားဖြစ်သင့်သော ပုဒ်တမျိုးကိုလည်း ပြဆိုသင့်သေး၏။ တဇ္ဇာ-သဒ္ဒါ၏ တခြားဖြစ်သင့်သော ပုဒ်တမျိုးကား အဘယ်ပါနည်း။ ဤသို့- (င) မိန့်။

အဓိပ္ပါယ်ကား- (င) ဖြင့် တေဟိ ဇာတာ တဇ္ဇာ-ဟု ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရသော နိပ္ဖန္နပါဋိပါဒိကပုဒ်ကိုလည်း ဖြစ်နိုင်ပါသေး၏ဟူလို။

➢ **❷** ။ **ဒေါသပယ်** ။ **(က)** ဖြင့် ပုစ္ဆာဝါရ၌ "ကတမာ တသ္မိံ သမယေ ဝေဒနာ ဟောတိ ဟု ဣတ္ထိလိင်နှင့် ဟောတော်မူခဲ့သော်လည်း ဤဝိဿဇ္ဇနာဝါရ၌ သာတံပုဒ်ကို ငဲ့၍ "ယံ တသ္မိံ သမယေ" ဟု နပုံလိင်ဖြင့် ဟောတော်မူသည်ဟု မဆန့်ကျင်အောင်ပြသောကြောင့် ပုဗ္ဗာပရဝိရောဓိဒေါသကို ပယ်ပါသည်။ **(ခ)** ဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် တဇ္ဇာကို အနုစ္ဆဝိကာ-ဟု ဖွင့်ဆိုရာ၌ သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ (ဃ) သကဝစနကို ပရဝစနဖြင့်

http://www.dhammadownload.com

နိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ (င) ဖြင့် တဗ္ဗာ-သဒ္ဒါ၏ အနိပ္ဖန္နသဒ္ဒါ အနုစ္စဝိက အနက် တည်းဟူသော အကြောင်းမှုတပါး နိပ္ဖန္နသဒ္ဒါ ဓာတအနက်တည်းဟူသော အကြောင်းတပါးကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(က) ၌ ကိစ္စာပိ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ပုစ္ဆာဝါရ၌ "ကတမာ တသ္မိံ သမယေ ဝေဒနာ ဟောတိ"ဟု ဣတ္ထိလိင်နှင့် ဟောတော်မူထားပါလျက် ဝိဿဇ္ဇနာဝါရ၌ "ယံ တသ္မိံ သမယေ" ဟု နပုံလိင်ဖြင့် ဟောတော်မူထားသည်ကို မနှစ်သက်သောကြောင့် ကိစ္စာပိ-သဒ္ဒါကို ထားရပါသည်။

(ခ) ၌ ဝုစ္စတိ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ထို သာတသုခအားလျော်စွာဖြစ်သော တရားအပေါင်း၏ "တဗ္ဗာ"ဟူသော အမည်ကို အစိတ်ဖြစ်သော ထိုသာတသုခအားလျော်စွာဖြစ်သော မနော ဝိညာဏဓာတ်၌ တင်စား၍ ခေါ်ဝေါ်ထားရကား "တဗ္ဗာ"သဒ္ဒါ၏ အထင်ရှိ ဧကဒေသူပစာသဒ္ဒါအဖြစ်ကို ပြလို၍ ဝုစ္စတိ-သဒ္ဒါကို ထားရပါသည်။

(ဃ) ၌ ယထာဟ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ တဗ္ဗာသဒ္ဒါ အနုစ္စဝိကအနက်ဟော၏ဟု ဆိုရာ၌ အာဂမဒဋ္ဌိကရဏ, သာဓက, ဉပကကို ပြလို၍ ယထာဟ-သဒ္ဒါကို ထားရပါသည်။

(င) တေဟိ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ တဗ္ဗာ-သဒ္ဒါ၏ အနုစ္စဝိကတ္တဝါစီ ရှိ အနိပ္ဖန္နပါဋိပဒိကပုဒ်အဖြစ်မှုတပါး တေဟိ ဓာတ တဗ္ဗာ-ဟု ဝစနတ္ထပြုရသော နိပ္ဖန္နပါဋိပဒိက ပုဒ်အဖြစ်ကို လဲလှယ်ပြလို၍ ဝါ-သဒ္ဒါကို ထားရပါသည်။

(တနည်း) တဗ္ဗာ-အရ သာတသုခ-အား သင့်လျော်လျောက်ပတ်သော မနောဝိညာဏဓာတ်ဟူသော အဘိဓေယျတ္ထမှုတပါး သုခ၏ အကြောင်းဖြစ်ကုန်သော ရူပါရုံ စသည်တို့ကြောင့်ဖြစ်သော မနောဝိညာဏ ဓာတ်ဟူသော အဘိဓေယျတ္ထတစ်မျိုးကို လဲလှယ်ပြလို၍ ဝါ-သဒ္ဒါကို ထားရပါသည်။

(တနည်း) တဗ္ဗာ-၌ တ-သဒ္ဒါဖြင့် ပါဠိတော်ဝယ် ဟောတော်မူအပ်ဆဲဖြစ်သော သာတသုခကို စွဲယူရသည်မှုတပါး သမယနိဒ္ဒေသ၌ ဟောတော်မူအပ်ပြီးသော ရူပါရမ္မဏာဝါ စသည်ကို စွဲယူရသည်ဟူ သော တ-သဒ္ဒါ၏ အစွဲအနက်တစ်မျိုးကို လဲလှယ်ပြလို၍ ဝါ-သဒ္ဒါကို ထားရပါသည်။

➢ ❻ ။ တံ သမ်ဂိပုဂ္ဂလံ သမ္ပယုတ္တဓမ္မေ ဝါ အတ္တနိ သာဒယတီတိ **သာတံ**။ (၂) သာဒဓာတ် ဏပစ္စည်းသည်ငှင်း၊ သာယာစေခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) တံ သမ်ဂိပုဂ္ဂလ သမ္ပယုတ္တဓမ္မ တို့ကို မိမိ၌ သာယာစေတတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) သုခ၏ တပါးသည် တပါးနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

အာရဘီယတေတိ **အာရဒ္ဓံ**။ (အာပုဗ္ဗ ရဘဓာတ်+တ-ပစ္စည်း၊ အားထုတ်ခြင်းကြိယာ)

သာတံ ဣတိ ပဒံ သာတပဒံ။

သုဋ္ဌု ခါဒတိ, ခဏတိ ဝါ ဒုက္ခန္တိ **သုခံ**။ (သုပုဗ္ဗ ခါဒဓာတ်+ကွိပစ္စည်း၊ ကောင်းစွာ ခဲစားခြင်း ကြိယာ။ (တနည်း) သုပုဗ္ဗ ခနဓာတ်+ကွိပစ္စည်း၊ ဆင်းရဲကို လွန်စွာ တူးဖြိုခြင်းကြိယာ)

သာတဥ္စ တံ သုခဥ္စာတိ **သာတသုခံ**။

သာရုပ္ပတိ ပတိရူပံ ဘဝတီတိ သာရုပ္ပါ။/ သောဘနံ ဝါ အာရောပေတီတိ **သာရုပ္ပါ**။

http://www.dhammadownload.com

တဿ ဖလဿ သာရုပ္ပါ **တဿသာရုပ္ပါ**။(တံ) (၂) တ-ပုဒ်+သာရုပ္ပပုဒ်သည်၎င်း၊ ထိုအကျိုး၏ လျော်ကပ်သော စကားနှင့် အကျိုး+အကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ထိုအကျိုးအားလျော်ကပ်သော စကား၏ တစ်ခုသည် တစ်ခုနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ဓာယတီတိ ဓာတာ။(အစိတ်) တေဟိ ဓာတာ **တဇ္ဇာ**။ (၂) ရူပါရုံ-စသော အကြောင်းတို့၏ ဖြစ်သော တရားနှင့် (ဝါ) မနောဝိညာဏဓာတ်နှင့် အကျိုး+အကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ရူပါရုံ-စသော အကြောင်းတို့ကြောင့် ဖြစ်ခြင်းကြိယာသည် (ဝါ) ဖြစ်သော မနော ဝိညာဏဓာတ်တို့၏ တစ်ခုသည် တစ်ခုနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

မနတိ ဇာနာတီတိ မနော။ ဝိဇာနာတီတိ ဝိညာဏံ။/ဝိသေသေန ဇာနာတီတိ ဝိညာဏံ။ မနောစ ဝိညာဏံ မနောဝိညာဏံ။ နိဿတ္တဘာဝံ ဓာရေတီတိ ဓာတု။ (အစိတ်) မနောဝိညာဏမေဝ ဓာတု **မနောဝိညာဏဓာတု**။ (၂) မနောဝိညာဉ်၏ ဓာတ်နှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) မနောဝိညာဏဓာတ်တို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(ခ)** ၌ တဇ္ဇာ ဝုစ္စတိ-ဖြင့် တဇ္ဇာ-သဒ္ဒါ၏ အထင်ရှိ ဧကဒေသျူပစာသဒ္ဒါ၏ အဖြစ် ကို သိစေပါသည်။ (ဘာဝတ္ထ) **တဿ သာတတ္ထုဿ**-ဖြင့် တဇ္ဇာ-၌ တ-သဒ္ဒါဖြင့် ပါဠိတော်ဝယ် ဟောတော်မူအပ်ဆဲဖြစ်သော သာတတ္ထုခကို စွဲယူသုံးသပ်ရမည်ဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

အနုစ္ဆဝိကာ-ဖြင့် တဇ္ဇာ-သဒ္ဒါသည် အနုစ္ဆဝိကတ္ထဝါစီရှိ အနိပ္ဖန္နပါဋိပဒိကပုဒ်ဟု သိစေပါ သည်။ (နာမလိင်္ဂပဒတ္ထ) **သာရုပ္ပါ**-ဖြင့် အနုစ္ဆဝိကသဒ္ဒါသည် သာရုပ္ပအနက်ဟော (တနည်း) သာရုပ္ပ ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ၊ (တနည်း) ပရိယာယ်ပြ အဘိဓေယျတ္ထ)

(ခ) တစ်ဝါကျလုံးဖြင့် တဇ္ဇာမနောဝိညာဏဓာတုသမ္ဘဿဇံ-၌ တဇ္ဇာ-အရ တံ သမင်္ဂီပုဂ္ဂလ သမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သော ထိုသုခအား သင့်လျော်လျောက်ပတ်သော မနောဝိညာဏ ဓာတ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ၌ တေဟိ ဓာတာ-ဖြင့် တဇ္ဇာ-ကို တေဟိ ဓာတာ တဇ္ဇာ-ဟု ပဉ္စမီ တပ္ပုရိသ်သမာသ် ပြုရမည်ကို၎င်း(သမာသလိင်္ဂတ္ထ) တဇ္ဇာ-သဒ္ဒါ၏ နိပ္ဖန္နပါဋိပဒိကပုဒ်၏အဖြစ်ကို၎င်း(နာမလိင်္ဂပဒတ္ထ) တ ဓာတာ-ဟု ဆိုလိုလျက် ဇ-ဒွေဘော်လာ၊ ဓာတာ-၌ တ-ကို ချေ၍ တဇ္ဇာ-ဟု ရုပ်ပြီးနေသည်ကို၎င်း (ဘာဝတ္ထ) သိစေပါသည်။ **ရူပါဒီဟိ အာရမ္မဏေဟိ ကာမဿေ သုခဿ ပစ္စယေဟိ**-ဖြင့် တဇ္ဇာ-၌ တ-သဒ္ဒါဖြင့် သာတတ္ထုခ၏ အကြောင်းဖြစ်ကုန်သော ရူပါရုံ-စသော အာရုံခြောက်ပါးကို စွဲယူ ရမည်ဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

(ဓ) ၌ မနောဝိညာဏမေဝ ဓာတု-ဖြင့် မနောဝိညာဏဓာတု-ကို မနောဝိညာဏမေဝ ဓာတု မနော ဝိညာဏဓာတု-ဟု ကမ္မဓာရယ်ပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

နိဿတ္တစ္ဆေန-ဖြင့် ဓာတုသဒ္ဒါ နိဿတ္တအနက်ကို ဟော၏ဟု သိစေပါသည်။(နာမလိင်္ဂတ္ထ)

http://www.dhammadownload.com

(တနည်း) နိဿတ္တဘာဝံ ဓာရေတီတိ ဓာတု-ဟု ပြု၍ ဓာတု-အရ နိဿတ္တနိဇ္ဇီဝကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❼ ။ ဥပသာရ နိပါတ်ပုဒ်အနက် ။ ။ (က) **ယသ္မိံ သမယေတိ**-၌ ဣတိ-ကား နိဒဿနတ္ထ, ပဒတ္ထဝိပလ္လာသတ္ထ။ **ဟောတီတိ**-၌ ဣတိ-ကား အာကာရတ္ထ၊ ပဒတ္ထဝိပလ္လာသတ္ထ။

ပန-ကား ဝုတ္တံ-ဟူသော စပ်ရာပုဒ်အနက်က မွန်မြတ်အားကောင်းသောကြောင့် သမ္ဘာဝနတ္ထ။

ကိဉ္စာပိ-ကား ဂရဟတ္ထ။ **ယန္တိ**-၌ ဣတိ-ကား အာကာရတ္ထ၊ ပဒတ္ထဝိပလ္လာသတ္ထ။

(ဂ) **အနုစ္ဆဝိကတ္တောပိ**-၌ ပိ(အပိ)ကား တေဟိဝါ စသည်ဖြင့် ဆိုအပ်လတ္တံ့သော အနက်ကို ငဲ့သောကြောင့် ဝုစ္စမာနာပေက္ခနတ္ထ။ (ဃ) **ယထာဟ**-၌ ယထာ-ကား ပုစ္ဆနတ္ထ။ **ဓာတာပိ**-၌ ပိ(အပိ) ကား ရှေးအနုစ္ဆဝိကအနက်ကို ပြန်ပေါင်းဆည်းသော ဝုတ္တာပေက္ခသမုစ္စယတ္ထ၊ သမ္ဘိဏ္ဍနတ္ထ။

(စ) **နိဿတ္တဋ္ဌေန**-၌ နိ-ကား ပဋိသေဓတ္ထ၊ ဝိရဟတ္ထ၊ အဘာဝတ္ထ။

(ဆ) **တဿ**-၌ တ-ကား သာတသုခဿ-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ငြ) **တေဟိဝါ**-၌ တ-ကား အာရမ္မဏေဟိ-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ဈ) မနောဝိညာဏမေဝ-၌ (၁) မနောဝိညာဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) သတ္တ, ဇီဝ စသည်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) မနောဝိညာဏ်၏ ဝိဇာနနဘောဂုဏ်သည် အနုညာတတ္ထ။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **(က) အာရဒ္ဓံ-၌ အာပုဗ္ဗ ရဘဓာတ်-အရ** = မြတ်စွာဘုရား၏ ဝီရိယပုဗ္ဗင်္ဂမဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။ (၃) "ကတမာ တသ္မိံ သမယေ ဝေဒနာ ဟောတိ" ဟူသော ဝစီဘေဒသဒ္ဒါသည် ပကာသနတ္ထ။ (၄) မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, စသည်တို့သည် ဝိဘာဝတ္ထ။ (၅) ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်း, ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ရခြင်း, သုဂတိဘဝ ရခြင်းစသော ဒိဋ္ဌဓမ္မိက သမ္ပရာယိက-စသော အကျိုးတို့သည် အနုဘာဝတ္ထ။

(က) အာရဒ္ဓံ-၌ ဓာတွတ္ထ တ-ပစ္စည်းအရ = "ကတမာ တသ္မိံ သမယေ ဝေဒနာ ဟောတိ" ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (၁) ထိုသည် ဒဿနတ္ထ။ [ကြွင်း ပထမအုပ် (၃၉၅) ကြည့်ပါ။]

ဝုတ္တံ-၌ အန္တတ္ထ ဝစဓာတ်-အရ = ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "ယံ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ [ကြွင်း စာ-၄၂၃- ကြည့်။]

ဝုတ္တံ-၌ ဓာတွတ္ထ တ-ပစ္စည်းအရ = "ယံ"ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ [ကြွင်း စာ-၂၉၀- ကြည့်ပါ။]

(ခ) ဝုစ္စတိ-၌ အန္တတ္ထ ဝစဓာတ်-အရ = ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "တဇ္ဇာ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ [ကြွင်း စာ-၄၂၃- ကြည့်။]

ဝုစ္စတိ-၌ ဓာတွတ္ထ အရ = "တဇ္ဇာ"ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ [ကြွင်း စာ-၂၉၀- ကြည့်ပါ။]

http://www.dhammadownload.com

(ခ) တဒ္ဒါမနောဝိညာဏဓာတု သမ္ပယုတ္တ-၌ သမ္ပယုတ္တပုဒ်အရ သုခဝေဒနာ ကို ယူ၍ (၁)ထိုသုခဝေဒနာသည် (မုချအားဖြင့် ပြအပ်သောကြောင့်) ဒဿနတ္ထမည်၏။ (၂) ထို၏အကြောင်းဖြစ်သော ဖဿ စသည်တို့သည် (ဖလူပစာရအားဖြင့် ပြအပ်သောကြောင့်) ဒီပကတ္ထ မည်၏။ (၃) ထို၏အကျိုးဖြစ်သော တဏှာ စသည်တို့သည် (ကာရဏူပစာအားဖြင့် ပြအပ်သောကြောင့်) ပကာသနတ္ထ မည်၏။ (၄) ထို၏အကြောင်းဖြစ်သော သဠာယတန စသည်တို့သည် (ဒုတိယဖလူပစာရအားဖြင့် ပြအပ်သောကြောင့်) ဝိဘာဝတ္ထ မည်၏။ (၅) ထို၏ အကျိုးဆက်ဖြစ်သော ဥပါဒါန်ဘဝ စသည်တို့သည် (ဒုတိယကာရဏူပစာအားဖြင့် ပြအပ်သောကြောင့်) အနုဘာဝတ္ထ မည်၏။

တဒ္ဒါ-အရ မနောဝိညာဏဓာတ် ကို ယူ၍ (၁) ထိုမနောဝိညာဏဓာတ်သည် ဒဿနတ္ထ။ (၂) သင်္ခါရသည် ဒီပကတ္ထ။ (၃) နာမ်ရုပ်သည် ပကာသနတ္ထ။ (၄) အဝိဇ္ဇာသည် ဝိဘာဝတ္ထ။ (၅) သဠာယတနသည် အနုဘာဝတ္ထ။ (တနည်း) **တဒ္ဒါယ-အရကို ကိုယ်ပြု၍** (၁) ထိုမနောဝိညာဏဓာတ်သည် ဒဿနတ္ထ။ (၂) စက္ခု, ရူပ, အာလောက, မနသိကာရ-စသော အကြောင်း၊ သုခဝေဒနာ၏ ပစ္စည်းဖြစ်သော ရူပါရုံ-စသော ဣဋ္ဌာရုံ အကြောင်းတို့သည် ဒီပကတ္ထ။ (၃) ထိုမနောဝိညာဏဓာတ်၏ သာတ, သုခအား လျော်စွာဖြစ်ခြင်း၊ လျောက်ပတ်စွာဖြစ်ခြင်းသည်ပင်း ပကာသနတ္ထ။ (၄) ရှေးရှေး၌ဖြစ်သော မိစ္ဆာဝတ္ထုနှင့် အာရုံအကြောင်း တရားသည် ဝိဘာဝတ္ထ။ (၅) မနောဝိညာဏဓာတ်၊ သမ္ပယုတ်ကြောင့် သာတ, သုခတို့ဖြစ်ရခြင်းသည် အနုဘာဝတ္ထ။

➤ **၁၀ ။ (က) အာရဒ္ဓံ** ။ ။ အာရဒ္ဓံ-၌ အာပုဗ္ဗ ရဘဓာတ်-အရ ဝီရိယရှေ့သွားရှိသော ဒေသနာညာဏ်စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် တ-ပစ္စည်းအရ "ကတမာ တသ္မိံ သမယေ ဝေဒနာ ဟောတိ"ဟူသော ဒေသနာတော် ဝစီဘေဒသဒ္ဒ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ မိ၊ သဟ၊ နိ၊ ကံ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၁၂)

(ခ) တဿ သာတသုခဿ+အနုစ္ဆဝိကာ သာရုပ္ပါ ။ ။ အနုစ္ဆဝိကာ သာရုပ္ပါ-အရ (ပဌမ မဟာကုသိုလ်စိတ်) မနောဝိညာဏဓာတ် ပစ္စည်းတရားသည် တဿ သာတသုခဿ-အရ သုခဝေဒနာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= မိ၊ သဟ၊ ည၊ နိ၊ ဟာ၊ ဣံ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

(တနည်း) သာတသုခဿ-အရ သုခဝေဒနာပစ္စည်းတရားသည် အနုစ္ဆဝိကာ သာရုပ္ပါ-အရ (ပဌမ မဟာကုသိုလ်စိတ်) မနောဝိညာဏဓာတ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

(ဂ) တဒ္ဒါ ။ ။ တ-အရ သုခဝေဒနာ ပစ္စည်းတရားသည် ဇာ-အရ (ဌာနာနုရူပ) ပဌမ မဟာကုသိုလ် မနောဝိညာဏဓာတ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

(ဃ) တေဟိ ရူပါဒီဟိ အာရမ္မဏေဟိ+ဘာတာ ။ ။ တေဟိ ရူပါဒီဟိ အာရမ္မဏေဟိ-အရ ရူပါရုံ စသည် ပစ္စည်းတရားသည် ဇာတာ-အရ မနောဝိညာဏဓာတ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ

http://www.dhammadownload.com

သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄)

တဒ္ဓာ ။ ။ တဒ္ဓာပုဒ်၌ "တ"အရ ရူပါရုံ စသည် ပစ္စည်းတရားသည် "ဇာ"-အရ မနောဝိညာဏဓာတ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄)

ပါဠိ (၂၂) [ဋ္ဌ၁၈၃။ ပြည်၊ဒု၊၁၅၂။ ဘာသာဋီ၊ဒု၊၃၆၁]

(က) သမ္ပယုတ္တော ဇာတံ (ခ) သမ္ပယုတ္တေ ဝါ ဇာတန္တိ သမ္ပယုတ္တံ။

(ဂ) စိတ္တနိယတိတတ္တာ စေတသိကံ။ (ဃ) မဓုရဋ္ဌေန သာတံ။

(င) ဣဒံ ဝုတ္တံ ဟောတိ ""ယံ တသ္မိံ သမယေ ယထာဝုတ္တေန အတ္ထေန တဇ္ဇာယ မနောဝိညာဏဓာတုယာ သမ္ပယုတ္တံ စေတသိကံ သာတံ၊ အယံ တသ္မိံသမယေ ဝေဒနာ ဟောတီ""တိ၊ (စ) ဧဝံ သဗ္ဗပဒေဟိ သဒ္ဓိံ ယောဇနာ ဝေဒိတဗ္ဗာ။

➤ ❶ ။ **(က)** သမ္ပယုတ္တော၊သမ္ပယုတ်ကြောင့်။ဇာတံ၊ဖြစ်သည်တည်း။ **(ခ)** ဝါ၊တနည်းကား။ သမ္ပယုတ္တေ၊သမ္ပယုတ်၌။ဇာတံ၊ဖြစ်သည်တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။သမ္ပယုတ္တံ၊မည်၏။

(ဂ) စိတ္တနိယတိတတ္တာ၊စိတ်၌ မှီသည်၏အဖြစ်ကြောင့်။စေတသိကံ၊မည်၏။ **(ဃ)** မဓုရဋ္ဌေန၊ချိုမြိန်သော အရသာရှိသော ပျားသကာ စသည်နှင့်တူသော သဘောကြောင့်။သာတံ၊သာတမည်၏။

(င) ဣဒံ အတ္ထဇာတံ၊ဤ အနက်သဘောကို။ဝုတ္တံ၊ဆိုအပ်သည်။ဟောတိ၊၏။* တသ္မိံ သမယေ၊ထို ကာမာဝစရ မဟာကုသိုလ်စိတ်ဖြစ်သောအခါ၌။ယထာဝုတ္တေန၊အကြင် အကြင် "တဿ သာတဿ သုခဿ အနုစ္ဆဝိကာ" စသည်ဖြင့် ဆိုအပ်သော။အတ္ထေန၊အနက်ကြောင့်။တဇ္ဇာယ၊ထို သာတသုခအားလျော်သော။ (ဝါ) သုခ၏ အကြောင်းဖြစ်သော ထိုရူပါရုံ အစရှိသော အာရုံတို့ကြောင့်ဖြစ်သော။မနောဝိညာဏဓာတုယာ၊ မနောဝိညာဏဓာတ်၏။သမ္ပယုတ္တံ၊သမ္ပယုတ်ကြောင့်ဖြစ်သော။(ဝါ) သမ္ပယုတ်၌ဖြစ်သော။စေတသိကံ၊စိတ်၌မှီ သော။ယံ သာတံ၊အကြင် တံ သမင်္ဂီ ပုဂ္ဂလ သမ္ပယုတ္တဓမ္မတို့ကို မိမိ၌ သာယာစေတတ်သော သုခဝေဒနာ သည်။(ဥပ္ပန္နံ၊ဖြစ်၏။) တသ္မိံသမယေ၊၌။အယံ ဣဒိသာ၊ဤသို့ ဆိုအပ်ပြီးသော သဘောရှိသော။(ဝါ) သာယာစေတတ်သော သဘောရှိသော။ဝေဒနာ၊သည်။ဟောတိ၊၏။ဣတိ ဣဒံ အတ္ထဇာတံ၊ကို။ဝုတ္တံ၊ဆိုအပ် သည်။ဟောတိ၊၏။ **(စ)** ဧဝံ၊ဤအတူ။သဗ္ဗပဒေဟိ၊အလုံးစုံသော ပုဒ်တို့နှင့်။သဒ္ဓိံ၊တကွ။ယောဇနာ၊ကို။ဝေဒိတဗ္ဗာ၊ သိအပ်၏။ (နိ-ဒု၊၁၄၆)

➤ ❷ ။ **(ခ) သို့/ ဋ္ဌပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သမ္ပယုတ္တံ-ပုဒ်ကို ပဥ္စမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ပဥ္စမီ တပ္ပုရိသ်သမာသ် ဝစနတ္ထကိုသာ ပြုအပ်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထိုသို့ မှတ်အပ်လေသောကြောင့် (က) ဖြင့် သမ္ပယုတ္တံ-ပုဒ်ကို ပဥ္စမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရသောဟုသာ မဆိုသင့်။ အခြားဖြစ်သင့်သော ဝစနတ္ထ တစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ အခြားဖြစ်သင့်သော ဝစနတ္ထ တစ်မျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား- (ခ)ဖြင့် သမ္ပယုတ္တံပုဒ်ကို သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရပါမည်ဟူလို။

➤ ❸ ။ **(ခ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ သမ္ပယုတ္တံပုဒ်၏ ပဥ္စမီတပ္ပုရိသ်

F-8-A

http://www.dhammadownload.com

သမာသ် ဝစနတ္ထဟူသော အကြောင်းသကတ် အနက်မှတပါး သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထဟူသော အကြောင်း သကတ်အနက် တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ-သဒ္ဒါကို ထားရသည်။

(င) ၌ ဣာဒ် ဝုတ္တံ ဟောတိ ထားရခြင်းအကြောင်း ॥ ॥ "ယံ တသ္မိံ သမယေ တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇံ စေတသိကံ သာတံ"ဟူသော ပါဠိတော်တစ်ဝါကျလုံး၏ ပိဏ္ဍတ္ထကို ပြလိုသောကြောင့် ဣဒံ ဝုတ္တံ ဟောတိ-သဒ္ဒါ ထားရပါသည်။

➤ ❺ ॥ သမ္ဖုဿတီတိ **သမ္ဖဿော**။(သံပုဗ္ဗ ဖုသဓာတ်+ဏျပစ္စည်း) ဇာယတီတိ **ဇာတံ**။ သမ္ဖဿတော ဇာတံ **သမ္ဖဿဇံ**။ သမ္ဖဿေ ဇာတံ **သမ္ဖဿဇံ**။ (၂) သမ္ဖဿ၏ ဖြစ်သော တရားနှင့် (ဝါ)သုခဝေဒနာနှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) သမ္ဖဿကြောင့် ဖြစ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

စေတေတီတိ စေတော။(အစိတ်) စေတသိ နိဿိတံ **စေတသိကံ**။ (၂) စိတ်၏ မှီတတ်သော တရားနှင့် (ဝါ) သုခဝေဒနာနှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) စိတ်၌မှီခြင်းကြိယာသည် ပဝတ္တိနိမိတ်။

တံ သမ်္ပယုတ္တကဓမ္မေ ဝါ အတ္တာနံ သာဒယတီတိ **သာတံ**။ (သာဒဓာတ်+ဏပစ္စည်း၊ သာယာစေခြင်းကြိယာ)

မဓု အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ **မဓုရော**။ (မဓုပုဒ်+ရပစ္စည်း)

မဓုရော ဝိယာတိ **မဓုရံ**။ (၂) မဓုရပုဒ်+ဏပစ္စည်းသည်၎င်း၊ ချိုမြိန်သော အရသာရှိသော ပျားသကာစသည်၏ သုခနှင့် ဥပမာန+ဥပမေယျ၊ သဒိသ+သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ချိုမြိန်သော အရသာရှိသော ပျားသကာစသည်နှင့် တူသည်၏အဖြစ်တည်းဟူသော သဒိသဘောဂုဏ်သည် (ဝါ) သုခတို့၏ တစ်ခုသည် တစ်ခုနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ ✱ မဓုရံ အတ္တော **မဓုရဒ္ဓော**။

➤ ❻ ॥ **(က)** ဖြင့် သမ္ဖဿဇံပုဒ်ကို သမ္ဖဿတော ဇာတံ သမ္ဖဿဇံ-ဟု ပဉ္စမီ တပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သမ္ဖဿဇာတ ဟူလိုလျက် တ-ကိုချေ၊ အာ-ကို အ-ရဿပြု၍ သမ္ဖဿဇ ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

(ခ) ဖြင့် သမ္ဖဿဇံပုဒ်ကို သမ္ဖဿေ ဇာတံ သမ္ဖဿဇံ-ဟု သတ္တမီ တပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သမ္ဖဿဇာတ ဟူလိုလျက် တ-ကိုချေ၊ အာ-ကို အ-ရဿပြု၍ သမ္ဖဿဇ-ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ စိတ္တနိဿိတတ္တာ-ဖြင့် စေတသိကံ-၌ ဏိက ပစ္စည်း၏ နိဿိတ တဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) စေတသိ နိဿိတံ စေတသိကံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေသည်။

(ဃ) ၌ မဓုရဋ္ဌေန-ဖြင့် သာတ-သဒ္ဒါသည် မဓုရဋ္ဌဝါစီရုဠ္ဍီ အနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေပါသည်။ (နာမလိင်္ဂပဒတ္ထ)

➤ ❼ ॥ **(င) ယထာဝုတ္တေန**-၌ ယထာ-ကား ဝိစ္ဆာတ္ထ။ **အယံ တသ္မိံ သမယေ**-၌

http://www.dhammadownload.com

အယ်-ကား ဝေဒနာ-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ ဖြစ်ပါသည်။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(ဃ) သာတံ-အရ** = (၁) **သုခဝေဒနာ**သည် ဒဿနတ္ထ။ (၂) သဘာဝပရိကပ္ပကတ္တာရုံသည် ဒီပကတ္ထ။ (၃) တဏှာသည် ပကာသနတ္ထ။ (၄) သောမနဿဖြင့် ပဋိသန္ဓေ နေခဲ့ခြင်းသည် ဝိဘာဝတ္ထ။ (၅) ဥပါဒါန်, ဘဝ စသည်သည် အနုဘာဝတ္ထ။

➤ **၉** ။ **သမ္ပယုတ္တ, စေတသိက, သာတ, စိတ္တနိဿိတ**-တို့အရ **သုခဝေဒနာ**ကို ယူ၍ လက္ခဏာဒိစတုက္က ထုတ်လေ။

➤ **၁၀** ။ **(က) သမ္ပယုတ္တော+ဇာတံ** ။ ။ သမ္ပယုတ္တော-အရ ဖဿ ပစ္စည်းတရားသည် ဇာတံ-အရ သုခဝေဒနာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ အည၊ နိ၊ အာဟာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

(ဂ) စိတ္တ+နိဿိတတ္တာ/စေတသိကံ ။ ။ စိတ္တ-အရ, စေတ-အရ စိတ် ပစ္စည်းတရားသည် နိဿိတတ္တ-အရ, ဏိက-အရ သုခဝေဒနာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဓိ၊ သဟ၊ အည၊ နိ၊ အာဟာ၊ ဣံ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

ပါဠိ (၂၃) [ဋ္ဌ၁၈၄။ ပြည်၊ဒု၁၅၂။ ဘာသာဋီ၊ဒု၃၆၂]

(က) စေတော သမ္ပယုတ္တန္တိ စိတ္တသမ္ပယုတ္တေ ဇာတံ။

(ခ) သာတံ သုခံ ဝေဒယိတန္တိ သာတံ ဝေဒယိတံ၊ န အသာတံ ဝေဒယိတံ၊ သုခံ ဝေဒယိတံ၊ န ဒုက္ခံ ဝေဒယိတံ။ (ပ) **န ဒုက္ခာတိ အယမေဝ ပနေတ္ထ အတ္ထော။**

(ဂ-၁) တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇာတိ တဿာကုသလသညာယ အနုစ္ဆဝိကာယ မနောဝိညာဏဓာတုယာ သမ္ဖဿမှိ ဇာတာ။ (ဂ-၂) သညာတိ သဘာဝ နာမံ။ (ဂ-၃) သဥ္ဇာနနာတိ သဥ္ဇာနနာကာရော။ (ဂ-၄) သဥ္ဇာနိတတ္တန္တိ သဥ္ဇာနိတဘာဝေါ။

(ဃ) စေတနာနိဒ္ဒေသေပိ ဣမိနာဝ နယေန ဝေဒိတဗ္ဗော။

➤ **၁** ။ **(က)** စေတော သမ္ပယုတ္တန္တိ၊ဟူသည်ကား။စိတ္တသမ္ပယုတ္တေ၊စိတ်၌မှီသော သမ္ပယုတ်၌။ဇာတံ၊ ဖြစ်သည်တည်း။ **(ခ)** သာတံ သုခံ ဝေဒယိတန္တိ၊တံ-ဟူသည်ကား။သာတံ၊သာယာစေတတ်သော။ဝေဒယိတံ၊ ဝေဒနာသည်။(ဥပ္ပန္နံ၊ဖြစ်၏။) အသာတံ၊မသာယာစေတတ်သော။ဝေဒယိတံ၊သည်။န ဥပ္ပန္နံ၊ဖြစ်သည်မဟုတ်။ သုခံ၊သုခဖြစ်သော။ဝေဒယိတံ၊ဝေဒနာသည်။(ဥပ္ပန္နံ၊ဖြစ်၏။) ဒုက္ခံ၊ဒုက္ခဖြစ်သော။ဝေဒယိတံ၊ဝေဒနာသည်။ န ဥပ္ပန္နံ၊ဖြစ်သည်မဟုတ်။ **(ဂ)** တဇ္ဇာမနောဝိညာဏဓာတုသမ္ဖဿဇာတိ၊ဇာ-ဟူသည်ကား။တဿာ ကုသလသညာယ၊ထိုကုသိုလ်သညာအား။အနုစ္ဆဝိကာယ၊သင့်လျော်သော။မနောဝိညာဏဓာတုယာ၊၏။ သမ္ဖဿမှိ၊သမ္ဖဿကြောင့်။(ဝါ)သမ္ဖဿ၌။ဇာတာ၊ဖြစ်သည်တည်း။ သညာတိ နာမံ၊သညာဟူသော အမည်သည်။ သဘာဝ နာမံ၊သဘောအားဖြင့်ရသော အမည်တည်း။ သဥ္ဇာနနာတိ၊ဟူသည်ကား။သဥ္ဇာနနာကာရော၊ စိတ်၏ အမှတ်ပြု၍ သိခြင်းအမူအရာ ကြိယာသည်။ သဥ္ဇာနိတတ္တန္တိ၊ဟူသည်ကား။သဥ္ဇာနိတဘာဝေါ၊အမှတ်ပြု၍ သိသော စိတ်၏ အဖြစ်သည်။ **(ဃ)** စေတနာနိဒ္ဒေသေပိ၊၌လည်း။ဣမိနာဝ နယေန၊ဤနည်းဖြင့်သာလျှင်။ (အတ္ထော၊အနက်ကို။)ဝေဒိတဗ္ဗော၊သိအပ်၏။(နိ-ဒု-၁၄၇)

F-8-B

http://www.dhammadownload.com

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ဃ)** ဖြင့် အဗျာပိတ, ဂန္ထဂရု, ပုနရုတ္တိ, ဇောတ္တဒေါသတို့ကို ပယ်ပါသည်။

➤ ❹ ။ စေတေတီတိ စေတော။ သမ္ဗုသတီတိ သမ္ဗယော။ စေတသိ နိယိတော သမ္ဗယော စေတောသမ္ဗယော။(တနည်း) စေတသော သမ္ဗယော စေတောသမ္ဗယော။ ဓာယတီတိ ဓာတ်။(အစိတ်)

စေတော သမ္ဗယော ဓာတ် **စေတောသမ္ဗသဓံ**။(အပေါင်း) (၂) စိတ်၌မှီသော သမ္ဗယ၏ ဖြစ်သော တရားနှင့် (ဝါ) သုခဝေဒနာနှင့် အကြောင်း+အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) စေတော သမ္ဗယ၌ ဖြစ်ခြင်းကြိယာသည် (ဝါ) စေတောသမ္ဗယဇ တရားတို့၏ တစ်ခုသည် တစ်ခုနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

သဥ္ဇာနာတီတိ သဥ္ဇာနိတံ။(အစိတ်) သဥ္ဇာနိတဿ ဘာဝေါ **သဥ္ဇာနိတတ္တံ**။(အပေါင်း)

(၂) အမှတ်ပြု၍ သိတတ်သော စိတ်၏ အမှတ်ပြု၍ သိတတ်သည်၏ အဖြစ်နှင့် (ဝါ) အမှတ်ပြု၍ သိခြင်းနှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အမှတ်ပြု၍ သိသောစိတ်၏ အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➤ ❺ ။ **(က)** ၌ စိတ္တသမ္ဗယေ ဓာတ်-ဖြင့် စေတောသမ္ဗသဓံ-၌ စေတော-ဝယ် ဏပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) စေတေတီတိ စေတော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) စေတော-အရ စိတ်ကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) (တနည်း) စေတသဒ္ဒါသည် စိတ္တ-သဒ္ဒါ၏ ပရိယာယ်၏အဖြစ်ကိုင်း(ပရိယာယ်ပြ အဘိဓေယျတ္ထ) အပေါင်းပုဒ်ကို စေတော သမ္ဗယေ ဓာတ် စေတောသမ္ဗသဓံ-ဟု သတ္တမီ တပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) စေတော သမ္ဗသဓာတ်-ဟု ဆိုလိုလျက် တ-အက္ခရာကို ချေ၍ စေတောသမ္ဗသဓံ-ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

(ခ) ဖြင့် သာတံ သုခံ ဝေဒယိတံ-ဟူသော ပါဠိတော်ကို သာတံ, ဝေဒယိတံ, သုခံ ဝေဒယိတံ-ဟု အနက်အဓိပ္ပါယ် စပ်ယူရမည်ကိုင်း(သမ္ဗန္ဓ၊ ဘာဝတ္ထ) ခပ်သိမ်းသော ဝါကျသည် ဧဝတ္ထရှိမြဲဟူရကား သာတံ ဝေဒယိတံ-၌ ကျေနေသော ဧဝ-၏ ဧဝတ္ထကား (ဝါ) နိဝတ္တေတဗ္ဗတ္ထကား န အသာတံ ဝေဒယိတံ ဖြစ်၏၊ သုခံ ဝေဒယိတံ-၌ ကျေနေသော ဧဝ-၏ ဧဝတ္ထကား (ဝါ) နိဝတ္တေတဗ္ဗတ္ထကား န ဒုက္ခံ ဝေဒယိတံ ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ **တဿာ ကုသလသညာယ(ပ) သမ္ဗသမ္ဘိ ဓာတာ**-ဖြင့် တဇ္ဇာမနောဝိညာဏဓာတုသမ္ဗဿဇာ-၌ တဇ္ဇာ-ဝယ် တ-သဒ္ဒါ၏ ကုသလသညာကို စွဲယူရမည်ကိုင်း(သဗ္ဗနာမလိင်္ဂတ္ထ) တဇ္ဇာ-သဒ္ဒါ၏ အနုစ္ဆဝိကတ္တဝါစီ ရုဠ္ဟီအနိပ္ဖန္န ပါဠိပဒိကပုဒ်၏အဖြစ်ကိုင်း(နာမလိင်ပဒတ္ထ) တဇ္ဇာ မနောဝိညာဏဓာတု တဇ္ဇာမနောဝိညာဏဓာတု-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) တဇ္ဇာ မနောဝိညာဏဓာတုယာ သမ္ဗဿံ တဇ္ဇာမနောဝိညာဏဓာတုသမ္ဗဿံ-ဟု ဆဋ္ဌီ တပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) အပေါင်းပုဒ်ကို တဇ္ဇာမနောဝိညာဏဓာတုသမ္ဗသမ္ဘိ ဓာတာ တဇ္ဇာမနောဝိညာဏဓာတုသမ္ဗဿဇာ-ဟု သတ္တမီ တပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) တဇ္ဇာမနောဝိညာဏ

http://www.dhammadownload.com

ဓာတုသမ္ဘဝဇာ-ဟု ဆိုလိုလျက် တ-အက္ခရာကို ချေ၍ တဒ္ဓာမနောဝိညာဏဓာတုသမ္ဘဝဇာ-ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

(ဂ-၂) ၌ သဘာဝနာမံ-ဖြင့် သညာဟူသော အမည်သည် သဘောအားဖြင့် ရအပ်သော အမည်တည်း (ဝါ) သဘောကိုသာ ပြသော နာမည်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ-၃) ၌ သဥ္ဇနနာကာရော-ဖြင့် သဥ္ဇနနာ-၌ သံပုဗ္ဗ ဉာဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ယုပအစွည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သဥ္ဇာနိယတေ သဥ္ဇနနာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဂ-၄) ၌ သဥ္ဇာနိတဘာဝေါ-ဖြင့် သဥ္ဇာနိတတ္တံ-၌ တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) သဥ္ဇာနိတဿ ဘာဝေါ သဥ္ဇာနိတတ္တံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေ။

➤ ❾ ။ (ခ) သာတံ ဝေဒယိတံ-၌ ကျေနေသော ဝေ-၏ ဂဟေတဗ္ဗတ္ထ စသည်

(၁) သာတံ ဝေဒယိတံသည် ဂဟေတဗ္ဗတ္ထ။ (၂) န အသာတံ ဝေဒယိတံသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သာတသုခဝေဒနာ၏ သဟဇာတ်တရားတို့ကို ဖြစ်စေတတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည် အနုညာတတ္ထ။ **(ခ) အယမေဝ-၌** (၁) သာတာ ဝေဒနာ-စသော ဤဆိုအပ်ပြီးသော အနက်သည် ဂဟေတဗ္ဗတ္ထ။ (၂) ဆိုအပ်ပြီး မဟုတ်သော အခြားတပါးသော အနက်သည် နိဝတ္တေတဗ္ဗတ္ထ။

(ဃ) ဣမိနာဝ နယေန-၌ (၁) ဤဆိုအပ်ပြီးသော နည်းသည် ဂဟေတဗ္ဗတ္ထ။ (၂) ဆိုအပ်ပြီး မဟုတ်သော အခြားတပါးသော နည်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သဒိသနယ, အနုရူပနယသည် အနုညာတတ္ထ။ **သညာ, သဥ္ဇနနာ, သဥ္ဇာနိတတ္တံ**-တို့၌ သံ-ကား သညာကရဏတ္ထ။

နိဒ္ဒေသေပိ-၌ နိ-ကား ဝိဘဇနတ္ထ။ အပိ-ကား သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။ ယင်း **အပိ**-ဖြင့် သညာ နိဒ္ဒေသ၌သာ ဤနည်းဖြင့် သိအပ်သည် မဟုတ်သေး၊ စေတနာနိဒ္ဒေသ၌လည်း ဤနည်းဖြင့်သာ သိအပ်ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

➤ ❶❿ ။ (က) စိတ္တသမ္ဘဝေ+ဇာတံ ။ ။ စိတ္တသမ္ဘဝေ(စေတောသမ္ဘဿ)-အရ (စိတ်၌မှီသော) ဖဿ ပစ္စည်းတရားသည် ဇာတံ(ခံ)-အရ သုခဝေဒနာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည် ပြိုင်= သဟ၊ ည၊ နိ၊ အာဟာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

(ဂ-၄) သဥ္ဇာနိတတ္တံ ။ ။ တ္တ-(ဘာဝ) ပစ္စည်းအရ သညာ စေတသိက် ပစ္စည်းတရားသည် သဥ္ဇာနိတ အရ ယှဉ်ဘက်သမ္ပယုတ်စိတ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၆)

ပါဠိ (၂၅) [ဋ္ဌ၊၁၈၄။ ပြည်၊ဒု၊၁၄၄။ ဘာသာဋီ၊ဒု၊၃၆၃]

(က) စိတ္တနိဒ္ဒေသေ စိတ္တဝိစိတ္တတာယ စိတ္တံ။

(ခ) အာရမ္မဏံ မိနမာနံ ဇာနာတီတိ မနော။ (ဂ) မာနသန္တိ မနော ဧဝ။

(ဃ) ""အန္တလိက္ခစရော ပါသော၊ ယွာယံ စရတိ မာနသော""တိ ဟိ ဧတ္ထ ပန သမ္ပယုတ္တက ဓမ္မော ""မာနသော""တိ ဝုတ္တော။

http://www.dhammadownload.com

(င) ""ကထံ ဟိ ဘဂဝါ တုယှံ၊ သာဝကော သာသနေ ရတော၊ အပ္ပတ္တမာနသော သေက္ခော၊ ကာလံ ကယိရာ ဇနေ သုတာ"" တိ၊ ဧတ္ထ အရဟတ္တံ ""မာနသ""န္တိ ဝုတ္တံ၊

(စ) ဣဓ ပန မနောဝ မာနသံ၊ (ဆ) ဗျဉ္ဇနဝသေန ဟေတံ ပဒံ ဝဍ္ဎိတံ။

➤ ❶ ။ **(က)** စိတ္တနိဒ္ဒေသေ၊စိတ္တနိဒ္ဒေသ၌။စိတ္တဝိစိတ္တတာယ၊ဆန်းကြယ်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊စိတ်မည်၏။ **(ခ)** (ယံ၊အကြင်တရားသဘောသည်) အာရမ္မဏံ၊အာရုံကို။မိနမာနံ၊ခြင်သကဲ့သို့။ဇာနာတိ၊ သိတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။(တံ၊ထိုတရားသဘောသည်) မနော၊မနမည်၏။

(ဂ) မာနသန္တိ၊မာနသံဟူသည်ကား။မနော ဧဝ၊မနသည်ပင်လျှင်။မာနသံ၊မည်၏။ **(ဃ)** ပန၊အထူးကို ဆိုအံ့။(နိရာဝရဏတ္တာ၊အပိတ် အပင် အဆီးအတား မရှိသည်၏အဖြစ်ကြောင့်) အန္တလိက္ခစရော၊ကောင်းကင်၌ ပျံသွားသကဲ့သို့ဖြစ်သော။မာနသော၊စိတ်၌ဖြစ်သော။(ဝါ)စိတ်နှင့်ယှဉ်သော။ ယွာယံ-ယော အယံ ပါသော၊ အကြင် ရာဂတည်းဟူသော ကျော့ကွင်းသည်။စရတိ၊ကျင်လည်တတ်၏။ဣတိ ဧတ္ထ၊ဤပြယုဂ်၌။သမ္ပယုတ္တက ဓမ္မော၊စိတ်နှင့်ယှဉ်သော တရားကို။"မာနသော"တိ၊မာနသဟူ၍။ဝုတ္တော၊ဆိုအပ်ပြီ။

(င) ဘဂဝါ၊ဘုန်းတော်ကြီးသော ဘုရား။တုယှံ၊သင်၏။သာသနေ၊သာသနာတော်၌။ရတော၊မွေ့လျော် သော။ဇနေ၊လူအပေါင်း၌။သုတော-ပါကဋော၊ထင်ရှားသော။သာဝကော၊တပည့်သည်။အပ္ပတ္တမာနသော၊ အရဟတ္တဖိုလ်သို့ မရောက်မူ၍။သေက္ခော၊သေက္ခသာဖြစ်လျက်။ကထံ ဟိ ကေန ကာရဏေန၊အဘယ် အကြောင်း ကြောင့်။ကာလံ၊သေခြင်းကို။ကယိရာ၊ပြုရာလေသနည်း။ဣတိ ဧတ္ထ၊ဤပါဌ်၌။အရဟတ္တံ၊အရဟတ္တဖိုလ်ကို။ "မာနသ"န္တိ၊မာနသဟူ၍။ဝုတ္တံ၊ဆိုအပ်ပြီ။ **(စ)** ပန၊အတ္ထုဒ္ဓါရမှတပါး အတ္ထုဒ္ဒေသကို ဆိုအံ့။ဣဓ၊ဤ စိတ္တနိဒ္ဒေသ၌။မနောဝ၊စိတ်ကိုပင်လျှင်။မာနသန္တိ၊မာနသဟူ၍။ဝုတ္တော၊ဆိုအပ်၏။ **(ဆ)** ဟိ၊မှန်၏။ဧတံ ပဒံ၊ထို မာနသံဟူသော ပုဒ်ကို။ဗျဉ္ဇနဝသေန၊သဒ္ဒါ၏ အစွမ်းဖြင့်။ဝဍ္ဎိတံ၊ပွားစေအပ်၏။(နိ-ဒု၊၁၄၈)

(က) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ သဒ္ဓါ-၌ အ-ပစ္စည်း၏ ဘာဝသာဓနအနက် အကြောင်းမှတပါး ကတ္တုသာဓနအနက် အကြောင်းတပါးကို လဲလိုသောကြောင့် (က)၌ ဝါ-သဒ္ဒါကို ထားရပါသည်။ **(ဃ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ အဘိပ္ပသာဒေါ-၌ ဏ-ပစ္စည်း၏ ကရဏသာဓနအနက်အကြောင်းမှတပါး ကတ္တုသာဓနအနက် အကြောင်းတပါးကို လဲလိုသောကြောင့် (ဃ)၌ ဝါ-သဒ္ဒါကို ထားရပါသည်။ **(စ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ သဒ္ဓိန္ဒြိယနိဒ္ဒေသ၌ သဒ္ဓါပုဒ်ကို ထပ်မံဟောရာဝယ် အဘိဓမ္မာ၌ သဘောတံထွာ ထုံးစံဓမ္မတာ ဖြစ်၏ဟူသော အကြောင်းမှ တပါး သဒ္ဓါနှင့် ဣန္ဒြိယပုဒ်တို့၏ တူသောတည်ရာ အနက်ရှိသည်၏အဖြစ်ကို သိစေလိုသည်၏ အဖြစ်တည်းဟူသော အကြောင်းတပါးကို လဲလိုသောကြောင့် (စ)၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(စ) သမာနာဓိကရဏဘာဝညာပနတ္ထမ္ပိ-၌ ပိ(အပိ) ထားရခြင်းအကြောင်း

အဘိဓမ္မာ၌ ဓမ္မတာဖြစ်သောကြောင့်သာ သဒ္ဓါပုဒ်ကို ထပ်၍ ဟောတော်မူအပ်သည် မဟုတ်သေး၊ သဒ္ဓါနှင့် ဣန္ဒြိယပုဒ်တို့၏ တူသောတည်ရာ အနက်ရှိသည်၏အဖြစ်ကို သိစေခြင်းငှာလည်း ထပ်မံ ဟောတော်မူ၏ဟူသော သမ္ပိဏ္ဍနတ္ထကို ပြလိုသောကြောင့် (စ) ၌ ပိ(အပိ)ကို ထားရပါသည်။

(ဆ) ၌ ဝေဒိတဗ္ဗံ-ကို ထားရခြင်းအကြောင်း ။ ။ အလုံးစုံသော ပဒနိဒ္ဒေသတို့၌ အစပုဒ်ကို နောက်ထပ်ဟောရာ၌ အကျိုးကို ဤသို့ သိအပ်၏ဟု ဥပစာရတ္တ, နေယျတ္ထ, ဝင်္ကတ္တ, အနေကန္တအားဖြင့် ယူရ သိရမည်ဟု ပြလိုသောကြောင့် (ဆ) ၌ ဝေဒိတဗ္ဗံ-ကို ထားရပါသည်။

➤ **၄** ။ အတ္ထံ သံဝိဇ္ဇတီတိ **သမာနော**။(အသဓာတ်+မာနပစ္စည်း)

အဓိကရီယတိ အာဓာရီယတိ ဧတ္ထာတိ **အဓိကရဏံ**။(အဓိပုဗ္ဗ ကရဓာတ်+ယုပစ္စည်း)

သမာနော အဓိကရဏံ အတ္ထော ဧတေသန္တိ **သမာနာဓိကရဏာနိ**။

http://www.dhammadownload.com

သမာနာဓိကရဏာနံ ဘာဝေါ **သမာနာဓိကရဏတာ**။ (၂) တူသောတည်ရာအနက်ရှိသော ပုဒ်တို့၏ တူသောတည်ရာ အနက်ရှိသည်၏ အဖြစ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) တူသောတည်ရာ အနက်ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဂေါဏာပိယန္တိ အာမန္တာပိယန္တိ အတ္တနိ ပတိဋ္ဌိတော ပုဂ္ဂလော ဒဋ္ဌုံ သောတုံ ပူဇိတုဉ္စ ဣစ္ဆန္တေဟိ ဇနေဟီတိ **ဂုဏော**။ (ဂုဏဓာတ်+အ-ပစ္စည်း၊ ခေါ်စေခြင်းကြိယာ)

အတ္တနော ဒဗ္ဗံ ဂုဏေန္တိ ပကာသေန္တီတိ **ဂုဏာ**။ (၂) ဂုဏဓာတ်+အ-ပစ္စည်းသည်ငှး၊ ထင်စွာပြခြင်းကြိယာသည်ငှး ဗျုပ္ပတ္တိနိမိတ်။ (၄) ထင်စွာပြခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ရတိံ ဇနေန္တီတိ **ရတနာနိ**။ (ရတိ-သဒ္ဒူပပဒ ဇနဓာတ်+အ-ပစ္စည်း၊ နှစ်သက်စေခြင်းကို ဖြစ်စေခြင်းကြိယာ) * ပရိဗျတ္တမတ္ထံ အယန္တိ ဂစ္ဆန္တိ ဗုဇ္ဈန္တိ ဧတေနာတိ **ပရိယာယော**။ (ပရိပုဗ္ဗ အယဓာတ်+ဏပစ္စည်း) * ပရိယာယတိ အတ္တနော ဖလံ ပရိဂ္ဂဟေတွာ ဝတ္တတီတိ **ပရိယာယော**။

အာရဘိယတေတိ **အာရဗ္ဘော**။ (အာပုဗ္ဗ ရဘဓာတ်+တ-ပစ္စည်း၊ အားထုတ်ခြင်းကြိယာ)

ပယောဇေတဗ္ဗန္တိ **ပယောဇနံ**။ (ပပုဗ္ဗ ယုဇဓာတ်+ယုပစ္စည်း၊ ယှဉ်စေခြင်း, ဖြစ်စေခြင်းကြိယာ)

➤ ❻ ။ **(က)** ၌ သဒ္ဒဟနဝသေန-ဖြင့် သဒ္ဓါ-၌ သံပုဗ္ဗ ဓာ-ဓာတ်၏ အဖြစ်ကိုငှး(ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်၏အဖြစ်ကိုငှး(ဒု-ပစ္စယတ္ထ) သဒ္ဒဟနံ သဒ္ဓါ-ဟု ပြုရမည်ကိုငှး(အဘိဓာနတ္ထ) သံ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုငှး(ဥပသဂ္ဂလိင်္ဂတ္ထ) ဓာ-ဓာတ်၏ ဓာရဏအနက်ကို မဟော၊ ယုံကြည်ခြင်းသဒ္ဒဟနအနက် ဟောသည်၏အဖြစ်ကိုငှး(ဒု-ပစ္စယတ္ထ) သိစေပါသည်။ **ဗုဒ္ဓါဒိဂုဏာနံ**-ဖြင့် ယုံကြည်ခြင်းဟူသည် ဘုရားစသည်တို့၏ ဂုဏ်ကို ယုံကြည်ခြင်းတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

ဗုဒ္ဓါဒီနံ-ဖြင့် ရတနာနိ-၌ ရတနာ-အရ ဘုရား-စသော ရတနာကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **သဒ္ဒဟတိ**-ဖြင့် သဒ္ဓါ-၌ သံပုဗ္ဗ ဓာ-ဓာတ်၏ အဖြစ်ကိုငှး(ဒု-ဓာတုပဒ) ဓာ-ဓာတ်၏ သဒ္ဒဟနအနက် ဟောသည်၏ အဖြစ်ကိုငှး(ဒု-ဓာတွတ္ထ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုငှး(ဒု-ပစ္စယတ္ထ) သဒ္ဒဟတီတိ သဒ္ဓါ-ဟု ပြုရမည်ကိုငှး(အဘိဓာနတ္ထ) သိစေပါသည်။

ပတ္တိယာယတိ-ဖြင့် သဒ္ဒဟတိ-၌ သံပုဗ္ဗ ဓာ-ဓာတ်သည် ကောင်းစွာထားခြင်း, ဇော်စပ်ခြင်းစသော အနက်တို့ကို မဟော၊ ယုံကြည်ခြင်း ပတိယာယနအနက်ဟော၏ဟု သိစေပါသည်။ (ဓာတွတ္ထ)

(ခ) ၌ သဒ္ဒဟနာကာရော-ဖြင့် သဒ္ဒဟနာ-၌ သံပုဗ္ဗ ဓာ-ဓာတ်၏ အဖြစ်ကိုငှး(ဒု-ဓာတုပဒ) ယုပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်၏အဖြစ်ကိုငှး(ဒု-ပစ္စယတ္ထ) သဒ္ဒဟီယတေ သဒ္ဒဟနာ-ဟု ပြုရမည်ကိုငှး(အဘိဓာနတ္ထ) သဒ္ဒဟနာ-အရ စိတ်၏ ယုံကြည်ခြင်း အမူအရာကြိယာကို ယူရမည်ကိုငှး(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

(ဂ) ၌ ဩကပ္ပတိ-ဖြင့် ဩကပ္ပနာ-၌ အဝပုဗ္ဗ ကပ္ပဓာတ်၏ ဩကပ္ပနအနက် ဟောသည်၏ အဖြစ်ကိုငှး(ဒု-ဓာတွတ္ထ) ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏ အဖြစ်ကိုငှး(ဒု-ဓာတွတ္ထ)

http://www.dhammadownload.com

ဩကပ္ပတိ ဩဂါဟတီတိ ဩကပ္ပနာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) အဝ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

ဗုဒ္ဓါဒိနံ ဂုဏေ-ဖြင့် ဂုဏ်ဟူသည် ဘုရားစသည်တို့၏ ဂုဏ်ပင်တည်းဟု သိစေ။(ဘာဝတ္ထ)

အဘိမုခံ ဝိယ အနုပဝိသတိ-ဖြင့် ဩဂါဟတိ-၌ သက်ဝင်၏ဟူသည် ရတနာသုံးပါး၏ ဂုဏ်တော်တွင်းသို့ ခွဲ၍ သက်ဝင်သွားသကဲ့သို့ သက်ဝင်ယုံကြည်ခြင်းပင်တည်းဟု သိစေ။(ဘာဝတ္ထ)

(ဃ) ၌ တောယ အတိဝိယ ပသီဒန္တိ-ဖြင့် အဘိပ္ပသာဒေါ-၌ အဘိရှေး ပ-ရှေးရှိသော သဒဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) အဘိ-ဥပသာရပုဒ်၏ အဓိကအနက်ဟောသည်၏ အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ပ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဏပစ္စည်း၏ ကရဏသာဓနေအနက်၌ သက်သည်၏အဖြစ်ကိုင်း(ဒု-ပစ္စယတ္ထ) ပသီဒန္တိ တောယာတိ ပသာဒေါ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) အပေါင်းသံဝဏ္ဏနာဖြင့် အတိဝိယ ပသာဒေါ အဘိပ္ပသာဒေါ-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ပြုရမည်ကိုင်း (အဘိဓာနတ္ထ၊သမာသလိင်္ဂတ္ထ) သိစေပါသည်။

သတ္တာ-ဖြင့် ပသီဒန္တိ ကြိယာ၏ ကတ္တားကို သိစေသည်။(ဘာဝတ္ထ)

သယံ အဘိပ္ပသီဒတိ-ဖြင့် အဘိပ္ပသာဒေါ-၌ အဘိ-ရှေး ပ-ရှေးရှိသော သဒဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်၏အဖြစ်ကိုင်း(ဒု-ပစ္စယတ္ထ) အဘိပ္ပသီဒတီတိ အဘိပ္ပသာဒေါ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သဒ္ဓါမှတပါး လွန်စွာကြည်ညိုတတ်သော ကတ္တားတစ်ပါးမရှိ၊ သဒ္ဓါစေတသိက်သည်ပင် လွန်စွာကြည်ညိုတတ်သော ကတ္တားဖြစ်၏ဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

➢ ❼ ။ **(ဂ) အဘိမုခံ ဝိယ**-၌ ဝိယ-ကား ဥပရိက္ချာဇောတက။ **အတိဝိယ**-၌ ဝိယ-ကား ဧဝတ္ထ၊ (ဝါ) အဝဓာရဏတ္ထ။ **အတိ**-ကား အတိသယတ္ထ။ (င) **ပုန**-ကား အပဋ္ဌမတ္ထ။ (စ) **ယထာ**-ကား ပဋိဘာဂတ္ထ။ **တထာ**-ကား ပဋိဘာဂတ္ထ။ **မန**-ကား အနွယတ္ထ။

(င) ဂဟေတ္ဗာဝ-၌ (၁) အဝပုဒ်ကို ယူခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) အစပုဒ်ကို မယူခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အစပုဒ်ကို ယူတော်မူတတ်သော ဘုရားဒြဗ်နှင့် ယူတော်မူတတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

➢ ❶ ။ **ကြိယာဝါးတန်** ။ ။ **(က) သဒ္ဒဟန, သဒ္ဓါ, သဒ္ဒဟတိ ပတ္တိယာယတိ, သဒ္ဒဟနာကာရော (ဂ) ဩဂါဟတိ, အနုပဝိသတိ, ဩကပ္ပနာ (ဃ) တောယ, သယံ အဘိပသီဒတိ, အဘိပ္ပသာဒေါ-တို့အရ "သဒ္ဓါ"**ကို ယူ၍ (၁) ထိုသဒ္ဓါသည် ဒဿနတ္ထ။ (၂) သဒ္ဓေယျဝတ္ထုသည် ဒီပကတ္ထ။ (၃) နီဝရဏတရားတို့ကို ခွါခြင်း, ကိလေသာတို့ကို နစ်စေခြင်း, စိတ်ကို ကြည်စေခြင်းသည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန စသည်သည် ဝိဘာဝတ္ထ။ (၅) စိတ်ကြည်လင်ခြင်းကြောင့် ဒါနပြုခြင်း, သီလဆောက်တည်ခြင်း, ဥပုသ်စောင့်သုံးခြင်း, ဘာဝနာပွားခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးများသည် အနုဘာဝတ္ထ။

(င) (စ) ဝုတ္တံ-၌ ဝစဓာတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို-သည်

http://www.dhammadownload.com

ဒဿနတ္ထ။ (၃) "သဒ္ဓါ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

ဗာဟျတ္ထ တ-ပစ္စည်းအရ = "သဒ္ဓါ"ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (စာ-၂၉၀-ကြည့်)

(ဆ) ဝေဒိတဗ္ဗ-၌ ဝိဒဓာတ်-အရ = (၁) သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) သံသယကင်းလျက် အသိဉာဏ် စင်ကြယ်သည်ဖြစ်၍ သုတပညာ တိုးပွားခြင်း စသည်တို့သည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန စသည် တို့သည် ဝိဘာဝတ္ထ။ (၅) ပီတိ, ပါမောဇ္ဇဖြစ်ခြင်းစသော ပစ္စုပ္ပန်အကျိုး, တမလွန်ဘဝ၌ ချမ်းသာအမျိုးမျိုး ခံစားရခြင်း စသည်တို့သည် အနုဘာဝတ္ထ။

➤ **၁ ၀** ။ **(က) ဗုဒ္ဓါဒိဂုဏာနံ+သဒ္ဒဟနဝသေန** ။ ။ ဗုဒ္ဓါဒိဂုဏာနံ-အရ အရဟတာ-စသော ဂုဏ်တော်, သီလ-စသော ဂုဏ်တော်, ရှုပါရုံစသည် ပစ္စည်းတရားက သဒ္ဒဟနဝသေန သဒ္ဓါ-အရ သဒ္ဓါ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ မိ၊ ဥပ၊ ပု၊ အတ္ထိ၊ အဝိဂတ (၆)

တေဟယ+သဒ္ဓာ အတိဝိယ ပသီဒန္တိ ။ ။ တေဟယ-အရ သဒ္ဓါ ပစ္စည်းတရားသည် ပသီဒန္တိ အရ သဒ္ဓါသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

(ဃ) ဂုဏေသု-အရ အရဟတာ-စသော ဂုဏ်တော်, သီလ-စသော ဂုဏ်တော်, ရှုပါရုံစသည် ပစ္စည်းတရားသည် **ပသီဒန္တိ-အရ** သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ မိ၊ ဥပ၊ ပု၊ အတ္ထိ၊ အဝိဂတ (၆)

ပါဠိ (၅၁) [ဋ္ဌ၊၁၈၉။ ပြည်၊ဒု၊၁၆၀။ ဘာသာဋီ၊ဒု၊၃၈၄]

(က) ဝီရိယိန္ဒြိယနိဒ္ဒေသေ **စေတသိကောတိ** ဣဒံ ဝီရိယဿ နိယမတော စေတသိကဘာဝဒီပနတ္ထံ ဝုတ္တံ၊

(ခ) ဣဒဉှိ ဝီရိယံ ""ယဒပိ ဘိက္ခဝေ ကာယိကံ ဝီရိယံ၊ တဒပိ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ယဒပိ စေတသိကံ ဝီရိယံ၊ တဒပိ ဝီရိယသမ္ဗောဇ္ဈင်္ဂေါတိ ဣတိဟိဒံ ဥဒ္ဒေသံ ဂစ္ဆတီ""တိ ဧဝမာဒီသု သုတ္တေသု စင်္ကမာဒီနိ ကရောန္တဿ ဥပ္ပန္နတ္တာ ""ကာယိက""န္တိ ဝုစ္စမာနမ္ပိ ကာယဝိညာဏံ ဝိယ ကာယိကံ နာမ နတ္ထိ။ (ဂ) စေတသိကမေဝ ပနေတန္တိ ဒဿေတုံ ""စေတသိကော""တိ ဝုတ္တံ။

(ဃ) ဝီရိယာရမ္ဘောတိ ဝီရိယသင်္ခါတော အာရမ္ဘော။ ဣမိနာ သေသာရမ္ဘေ ပဋိက္ခိပတိ။

(င) အယဉှိ အာရမ္ဘသဒ္ဒေါ ကမ္မေ အာပတ္တိယံ ကိရိယာယံ ဝီရိယေ ဟိံသာယံ ဝိကောပနေတိ အနေကေသု အတ္ထေသု အာဂတော။ (စ) ""ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘပစ္စယာ၊ အာရမ္ဘာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ""တိ ဧတ္ထ ဟိ ကမ္မံ ""အာရမ္ဘော""တိ အာဂတံ။

(ဆ) ဣဓ ပန ဝီရိယမေဝ အဓိပ္ပေတံ။

(ဇ) တေနာဟ ""ဝီရိယာရမ္ဘောတိ ဝီရိယသင်္ခါတော အာရမ္ဘော""တိ။

(ဈ) ဝီရိယဉှိ အာရမ္ဘနကဝသေန ""အာရမ္ဘော""တိ ဝုစ္စတိ။ ဣဒမဿ သဘာဝပဒံ။

http://www.dhammadownload.com

➤ ❶ ။ **(က)** ဝီရိယိန္ဒြိယနိဒ္ဒေသေ၌။စေတသိကောတိ ဣဒံ၊စေတသိကောဟူသော ဤပုဒ်ကို။ ဝီရိယဿ၊ဝီရိယ၏။နိယမတော၊အမြဲအားဖြင့်။စေတသိကဘာဝဒီပနတ္ထံ၊စေတသိက်၏အဖြစ်ကို ပြခြင်းငှာ။ (ဘဂဝတာ၊သည်)ဝုတ္တံ၊ဟောတော်မူအပ်ပြီ။ **(ခ)** ဟိ၊မှန်၏။ဣဒံ ဝီရိယံ၊ဤဝီရိယသည်။ဘိက္ခဝေ၊ရဟန်းတို့။ ကာယိကံ၊ကာယိကဖြစ်သော။ယဒပိ ယံ အပိ ဝီရိယံ၊အကြင်ဝီရိယသည်လည်း။အတ္ထိ၊ရှိ၏။တဒပိ တံ အပိ ဝီရိယံ၊ထိုဝီရိယသည်လည်း။ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊မည်၏။စေတသိကံ၊စေတသိက်ဖြစ်သော။ယဒပိ ယံ အပိ ဝီရိယံ၊သည်လည်း။အတ္ထိ၊၏။တဒပိ တံ အပိ ဝီရိယံ၊သည်လည်း။ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊မည်၏။ဣတိဟိ ဣတိ ဧဝ၊ဤသို့လျှင်။ဣဒံ ဝီရိယံ၊ဤဝီရိယသည်။ဥဒ္ဒေသံ၊အကျဉ်းပြအပ်သည်၏အဖြစ်သို့။ဂစ္ဆတိ၊ရောက်၏။ဣတိ ဧဝမာဒီသု၊ဤသို့ အစရှိကုန်သော။သုတ္တေသု၊ပါဠိတို့၌။စင်္ကမာဒီနိ၊စင်္ကြံအစရှိသည်တို့ကို။ကရောန္တဿ၊ပြုသော သူအား။ဥပ္ပန္နတ္တာ၊ဖြစ်သည်၏အဖြစ်ကြောင့်။“ကာယိက”န္တိ၊ကာယိကံဟူ၍။ဝုစ္စမာနမ္ပိ၊ဆိုအပ်သော်လည်း။ ကာယဝိညာဏံ ဝိယ၊ကာယဝိညာဉ်ကဲ့သို့။ကာယိကံ နာမ၊ကာယိကမည်သည်။နတ္ထိ၊မရှိ။

(ဂ) ပန၊စင်စစ်သော်ကား။ဧတံ ဝီရိယံ၊ထိုဝီရိယသည်။စေတသိကမေဝ၊စေတသိကသာလျှင်။ဟောတိ၊၏။ ဣတိ ဣမံ အတ္ထံ၊ဤသို့သော အနက်ကို။ဒဿေတုံ၊ပြခြင်းငှာ။“စေတသိကော”တိ၊ဟူ၍။(ဘဂဝတာ၊သည်)ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ **(ဃ)** ဝီရိယာရမ္ဘောတိ၊ဟူသည်ကား။ဝီရိယသင်္ခါတော၊ဝီရိယဟုဆိုအပ်သော။အာရမ္ဘော၊ လက်ဦးအားထုတ်ခြင်းတည်း။ဣမိနာ၊ဤ ဝီရိယာရမ္ဘောဟူသော ပါဌ်ဖြင့်။သေသာရမ္ဘေ၊ဝီရိယမှကြွင်းသော အာရမ္ဘတို့ကို။(ဘဂဝါ၊သည်)ပဋိက္ခိပတိ၊ပယ်တော်မူ၏။

(င) ဟိ၊မှန်၏။အယံ အာရမ္ဘသဒ္ဒေါ၊ဤအာရမ္ဘ–သဒ္ဒါသည်။ကမ္မေ၊ကံ၌၎င်း။အာပတ္တိယံ၊အာပတ်၌၎င်း။ ကိရိယာယံ၊ကိရိယာ၌၎င်း။ဝီရိယေ၊၎င်း။ဟိံသာယံ၊ညှဉ်းဆဲခြင်း၌၎င်း။ဝိကောပနေ၊ဖျက်ဆီးခြင်း၌၎င်း။ဣတိ၊ သို့။အနေကေသု၊များစွာကုန်သော။အတ္ထေသု၊အနက်တို့၌။အာဂတော၊လာ၏။

(စ) ဟိ၊ချဲ့အံ့။ယံကိဉ္စိ၊ကုန်အောင်စုံသော။ဒုက္ခံ၊သည်။သမ္ဘောတိ၊ဖြစ်၏။သဗ္ဗံ၊ကုန်အောင်စုံသော။ (ဒုက္ခံ၊ဒုက္ခသည်)အာရမ္ဘပစ္စယာ၊ကံဟူသော အကြောင်းကြောင့်။(သမ္ဘောတိ၊ဖြစ်၏။) အာရမ္ဘာနံ၊ကံတို့၏။ နိရောဓေန၊ချုပ်ခြင်းကြောင့်။ဒုက္ခဿ၊ဒုက္ခ၏။သမ္ဘဝေါ၊ဖြစ်ခြင်းသည်။နတ္ထိ၊မရှိ။ဣတိ ဧတ္ထ၊ဤပါဠိ၌။ကမ္မံ၊ ကံသည်။“အာရမ္ဘော”တိ၊အာရမ္ဘဟူ၍။အာဂတံ၊လာ၏။ **(ဆ)** ပန၊အတ္ထုဒ္ဓါရမှတပါး အတ္ထုဒ္ဒေသကိုဆိုအံ့။ ဣဓ၊ဤဝီရိယိန္ဒြိယနိဒ္ဒေသ၌။ဝီရိယမေဝ၊ဝီရိယကိုသာလျှင်။အဓိပ္ပေတံ၊လိုအပ်၏။

(ဇ) တေန၊ထို့ကြောင့်။“ဝီရိယာရမ္ဘောတိ ဝီရိယသင်္ခါတော အာရမ္ဘော”တိ၊ဟူ၍။(ပေါရာဏအဋ္ဌကထာ စရိယော၊ရှေးအဋ္ဌကထာဆရာတို့သည်)အာဟ၊မိန့်တော်မူပြီ။

(ဈ) ဟိ၊မှန်၏။ဝီရိယံ၊ကို။အာရမ္ဘနကဝသေန၊လက်မွန်အစ အားထုတ်သည်၏ အစွမ်းဖြင့်။ “အာ ရမ္ဘော”တိ၊ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ဣဒံ၊ဤဝီရိယာရမ္ဘောဟူသော ပုဒ်သည်။အဿ၊ထိုဝီရိယ၏။သဘာဝပဒံ၊သဘော အားဖြင့်ရသော ပုဒ်တည်း။(ဝါ)သဘောအားဖြင့်ရသော အမည်တည်း။(နိ–ဒု၊၁၆၉)

➤ ❷ ။ **(က) သို့/ ဠပနာပဋ္ဋက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် စေတသိကော–ဟူသော ဤပုဒ်ကို ဟောတော်မူ၏။ ထိုသို့ပင်ဟောသော်လည်း ဝီရိယသည် စင်စစ်အားဖြင့် စေတသိက်သာလျှင် ဖြစ်သည် မဟုတ်ပါလော။ (ဝါ) ဝီရိယသည် စင်စစ် စေတသိက်သာ ဖြစ်၍ စေတသိကော–ဟု မဟော

http://www.dhammadownload.com

သင့်သည် မဟုတ်ပါလော။ ထို့ကြောင့် စေတသိကော-ဟု မဟောသင့်။ စေတသိကော-ဟူသော ဤပုဒ်ကို ဟောရခြင်း၏ အကျိုးကို ပြဆိုသင့်သေး၏။ အဘယ်အကျိုးငှာ စေတသိကော-ဟူသော ဤပုဒ်ကို ဘုရားရှင် ဟောရပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) မိန့်။

(ဂ) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ ဆရာသည် (ခ) ဖြင့် ကာယိကဝိညဉ်မျိုး ရှိသကဲ့သို့ ကာယိက ဝီရိယ မရှိဟု ဆိုတော်မူ၏။ ဤသို့ မရှိခဲ့သော် စေတသိကောဟူ၍ မဟောသင့်သည် မဟုတ်ပါလော။ ထို့ကြောင့် (ခ) ဖြင့် ကာယိကဝိညဉ်မျိုး ရှိသကဲ့သို့ ကာယိက ဝီရိယ မရှိဟူ၍သာ မဆိုသင့်။ စေတသိကော-ဟု ဟောရပုံ အကျိုးကိုလည်း ပြဆိုသင့်သေး၏။ စေတသိကော-ဟု ဟောရပုံ အကျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(င) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ ဆရာသည် (ဃ)ဖြင့် ဝီရိယာရမ္ဘော-ကို ကမ္မဓာရယ်သမာသ် ဝစနတ္ထပြု၍ ယင်းဝီရိယာရမ္ဘောပါဌ်ဖြင့် ကြွင်းသော ကမ္မာရမ္ဘ စသည်တို့ကို ပယ်၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ယင်းသို့ဖွင့်ဆိုသော ဆရာ့စကားသည် ယုတ္တိကင်းပ ဒဋ္ဌိယမျှသာဖြစ်၍ မယုံကြည်အပ်၊ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မယုံကြည်နိုင်ရာသောကြောင့် (ဃ)ဖြင့် ဝီရိယာရမ္ဘော-ကို ကမ္မဓာရယ်သမာသ် ဝစနတ္ထပြု၍ ယင်းဝီရိယာရမ္ဘောပါဌ်ဖြင့် ကြွင်းသော ကမ္မာရမ္ဘ စသည်တို့ကို ပယ်၏ ဟူ၍သာ မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌိကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(ဆ) သို့/ ဥပနာပဥ္စက ॥ ॥ [ပန-ကိုရူ] ဆရာ၊ ဆရာသည် (င) ဖြင့် အာရမ္ဘသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် အတ္ထုဒ္ဒေသ, ဣဓာဓိပ္ပေတကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ (တနည်း) အာရမ္ဘ-သဒ္ဒါသည် ဤ ဝီရိယိန္ဒြိယနိဒ္ဒေသ၌ ထို အနက်အားလုံးကိုပင် ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထို့ကြောင့် (င) ဖြင့် အာရမ္ဘသဒ္ဒါ၏ အတ္ထုဒ္ဓါရကိုသာ မဆိုသင့်။ အတ္ထုဒ္ဒေသ, ဣဓာဓိပ္ပေတကိုလည်း ပြဆိုသင့်သေး၏။(တနည်း) ဤ ဝီရိယိန္ဒြိယနိဒ္ဒေသ၌ အာရမ္ဘ-သဒ္ဒါ၏ ဟောနက်ကိုလည်း ပြဆိုသင့်သေး၏။ အတ္ထုဒ္ဒေသ, ဣဓာဓိပ္ပေတကား အဘယ်ပါနည်း။ (တနည်း) ဤ ဝီရိယိန္ဒြိယနိဒ္ဒေသ၌ အာရမ္ဘ-သဒ္ဒါ၏ ဟောနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဆ) မိန့်။

(ဆ) သို့/ ဥပနာပဥ္စက ॥ ॥ [ဧဝ-ကိုရူ] ဆရာ၊ ဆရာသည် (င) ဖြင့် အာရမ္ဘသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဤ ဝီရိယိန္ဒြိယနိဒ္ဒေသ၌ ကမ္မ, အာပတ္တိ, ကိရိယာ, ဟိံသာ, ဝိကောပနအနက်တို့ကိုလည်း လိုအပ်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထို့ကြောင့် (င) ဖြင့် အာရမ္ဘသဒ္ဒါ၏ အတ္ထုဒ္ဓါရကိုသာ မဆိုသင့်။ ဤ ဝီရိယိန္ဒြိယနိဒ္ဒေသ၌ ဝီရိယကိုသာ လိုအပ်သည်ကိုလည်း ပြဆိုသင့်သေး၏။ ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဆ) မိန့်။

➢ ❷ ॥ **ဒေါသပယ်** ॥ ॥ **(က)** ဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ခ)** ဖြင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် အဗျာပိတဒေါသ (တနည်း) ဗျတိရေက အနွယ ဆန့်ကျင်သော

http://www.dhammadownload.com

ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ယ)** ဖြင့် စေတသိကပုဒ်၏ အဖွင့်မှတပါး ဝီရိယာရမ္ဘောပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဇ္ဈာပိတဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် ဝိရောဓိဒေါသ (တနည်း) ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။ **(ဆ)** ဖြင့် အဇ္ဈာပိတ (တနည်း) အတိဗျာပိတဒေါသကို ပယ်ပါသည်။ **(ဇ)** ဖြင့် ဝိရောဓိဒေါသ (တနည်း) နိရတ္ထကဒေါသတို့ကို ပယ်ပါသည်။ **(ဈ)** ဖြင့် ဒဋ္ဌီယ ဒဋ္ဌိကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။

(ဆ) ၌ အဓိပ္ပေတ-ထားရခြင်းအကြောင်း ။ ။ ကမ္မ, အာပတ္တိ, ကိရိယာ, ဝီရိယ, ဟိံသာ ဝိကောပနဟူသော အနက်သာမညမှ ဤဝီရိယိန္ဒြိယနိဒ္ဒေသ၌ လိုအပ်သော ဝီရိယဟူသော အနက်ဝိသေသကို ပြလိုသောကြောင့်၎င်း၊ ဤဝီရိယိန္ဒြိယနိဒ္ဒေသ၌ ကမ္မ-စသည်ကို မယူရ၊ ဝီရိယကိုသာ ယူရမည်ဟု စောဒကပုဂ္ဂိုလ်နှင့် စကားလုယက်၍ ပြဆိုသော အရာဌာနဖြစ်သောကြောင့်၎င်း (ဆ)၌ အဓိပ္ပေတ-ကို ထားရပါသည်။

(ဇ) ၌ တေနာဟ- ထားရခြင်းအကြောင်း ။ ။ လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် (တနည်း) နိဂုံးကို ပြလိုသောကြောင့် (တနည်း) အာဂမဒဋ္ဌီကို ပြလိုသောကြောင့် (ဇ) ၌ တေနာဟ-ကို ထားရပါသည်။

➤ **၄** ။ အာရမ္ဘီယတေ **အာရမ္ဘော**။ (အာပုဗ္ဗ ရဘဓာတ်+အ-ပစ္စည်း၊ လက်ဦး အားထုတ်ခြင်းကြိယာ) * ဝီရိယသင်္ခါတော အာရမ္ဘော **ဝီရိယာရမ္ဘော**။ (၂) ဝီရိယ၏ အားထုတ်ခြင်းနှင့် ဝိသေသန ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝီရိယဟူသော အားထုတ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။ (စ) * အာရမ္ဘီယတေတိ **အာရမ္ဘော**။ (အာပုဗ္ဗ ရဘဓာတ်+အ-ပစ္စည်း၊ အားထုတ်ခြင်းကြိယာ) * ပဋိစ္စ ဖလံ ဧတိ တေသ္မာတိ **ပစ္စယော**။(ပတိပုဗ္ဗ ဣဓာတ်+ဏပစ္စည်း)

အာရမ္ဘသင်္ခါတော ပစ္စယော **အာရမ္ဘပစ္စယော**။(တသ္မာ) (၂) ကံဟူသော တရား၏ အကြောင်းတရားနှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ကံဟူသော အကြောင်းတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ကရီယတီတိ **ကမ္မံ**။ (ကရဓာတ်+ရမ္မပစ္စည်း၊ ပြုခြင်းကြိယာ)

ဟိံသနံ **ဟိံသာ**။(ဟိံသဓာတ်(တနည်း) ဟိသိဓာတ်+သ-ပစ္စည်း၊ ညှဉ်းဆဲခြင်းကြိယာ)

ဝိကောပိယတေ **ဝိကောပနံ**။ (ဝိပုဗ္ဗ ကုပဓာတ်+ယုပစ္စည်း၊ ဖျက်ဆီးခြင်းကြိယာ)

အဓိပ္ပိယတေ ဣစ္ဆိယတေတိ **အဓိပ္ပေတံ**။ (၂) အဓိ-ရှေး အပိ-ရှေးရှိသော ဣဓာတ်+တပစ္စည်းသည်၎င်း၊ အလိုရှိခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အလိုရှိခြင်းကြိယာသည် (ဝါ) အလိုရှိအပ်သော ဝီရိယတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ **၆** ။ **(ယ)** ၌ ဝီရိယသင်္ခါတော အာရမ္ဘော-ဖြင့် ဝီရိယာရမ္ဘော-ကို ဝီရိယသင်္ခါတော အာရမ္ဘော ဝီရိယာရမ္ဘော-ဟု သမ္ဘာဝနာ ကမ္မဓာရယ်သမာသ် ပြုရမည်ဟု သိ။(သမာသလိင်္ဂတ္ထ)

ဣမိနာ သေသာရမ္ဘေ ပဋိက္ခိပတိ-ဖြင့် ဤဝီရိယာရမ္ဘော-ဟူသော ပါဌ်ဖြင့် အာရမ္ဘ-သဒ္ဒါ ကမ္မ-စသော အနက်များကို ဟောသော်လည်း ဤ၌ ကမ္မာရမ္ဘ-စသော အနက်များကို ပယ်မြစ်၍

http://www.dhammadownload.com

ဝီရိယာရမ္ဘကိုသာ လိုအပ်သတည်းဟု သိစေပါသည်။ (အဓိပ္ပေတ္တ)

(င) ဖြင့် အာရမ္ဘ-သဒ္ဒါသည် ကမ္မ-စသော များစွာသော အနက်တို့ကို ဟော၏ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ) **(ဆ)** ဖြင့် အာရမ္ဘ-သဒ္ဒါ ထိုသို့ အနက်များစွာဟောသော်လည်း ဤ၌ ဝီရိယကိုသာ လိုအပ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ) (တနည်း) အာရမ္ဘ-သဒ္ဒါသည် ဤ၌ ဝီရိယအနက်ကိုသာ ဟောသည်ဟု သိစေပါသည်။(နာမလိင်္ဂတ္ထ)

(ဈ) ၌ ဣဒမဿ သဘာဝပဒံ-ဖြင့် ဤဝီရိယာရမ္ဘောဟူသော ပုဒ်သည် ဝီရိယ၏ သဘောအားဖြင့် ရသောပုဒ်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

➤ **❼** ။ **(ခ) ဣဒ္ဓခိ**– ၌ ဟိ-ကာ ဒဠှီကရဏတ္ထ၊ ဝိတ္ထာရတ္ထ။ **ဣတိဟိဒံ**–၌ ဟိ-ကား ဧဝ-၏ အနက်ဖြစ်သော အဝဓာရဏတ္ထ။ **ဥဒ္ဒေသံ**–၌ ဥ-ကား သရူပကထနတ္ထ။ **ဝုစ္စမာနမ္ပိ**–၌ ပိ(အပိ)ကား သမ္ဘာဝနတ္ထ။ **(ဃ) အာရမ္ဘော**–၌ အာ-ကား အာဒိကမ္မတ္ထ။ (င) **ဟိ**–ကား ဒဠှီကရဏတ္ထ။ (စ) **ဇွော ဟိ**–၌ ဟိ-ကား ဝိတ္ထာရတ္ထ။ **ယံကိဉ္စိ**–၌ ယံ-ကား အနိယမတ္ထ။ ကိံ-ကား ပုစ္ဆနတ္ထ, ပုစ္ဆာဝါစက။ စိ-ကား အသာကလျတ္ထ။ ယံကိဉ္စိ-ကား သကလဝါစကတ္ထ။ (ဆ) **ပန**–ကား ပက္ခန္တရတ္ထ။ (တနည်း) ဝိသေသတ္ထ။ **(ဂ) စေတသိကမေဝ–၌** (၁) စေတသိကသည် (ဝါ) စေတသိက ဝီရိယသည် ဂဟေတဗ္ဗတ္ထ။ (၂) ကာယိကသည် (ဝါ) ကာယဒွါရ၌ဖြစ်သော ကာယိကဝီရိယသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဝီရိယ၏ နိက္ကမ-စသော အမည်သည် အနုညာတတ္ထ။

(ဆ) ဝီရိယမေဝ–၌ (၁) ဝီရိယဟူသော အနက်သည် ဂဟေတဗ္ဗတ္ထ။ (၂) ကမ္မ, အာပတ္တိ, ကိရိယာ, ဟိံသာ, ဝိကောပနအနက်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဝါယာမ, ထာမ, ဥဿာဟ-စသော ဝီရိယ-သဒ္ဒါ၏ ပရိယာယ်အနက်များသည် အနုညာတတ္ထ။(တနည်း) ဝီရိယအနက်ကိုဟောသော အာရမ္ဘသဒ္ဒါသည် အနုညာတတ္ထ။

➤ **❶** ။ **ကြိယာင်္ဂါးတန်** ။ ။ **ဝီရိယသာ, ဝီရိယာရမ္ဘော–တို့အရ** "ဝီရိယ"ကို ယူ၍ ထုတ်။ **(ဂ) ဝုတ္တံ–၌ အန္တတ္ထ ဝစခါတ်–အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "စေတသိကော"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

တေနာဟ–ဝယ် အာဟ–၌ ဗြူခါတ်–အရ = "ဝီရိယာရမ္ဘောတိ ဝီရိယသင်္ခါတော အာရမ္ဘော" ဟူ၍ ဖွင့်ဆိုတော်မူသော ပေါရာဏအဋ္ဌကထာဆရာ၏ သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) "ဝီရိယာရမ္ဘောတိ ဝီရိယသင်္ခါတော အာရမ္ဘော"ဟူသော ဝစီဘေဒသဒ္ဒါသည် ပကာသနတ္ထ။ (၄) သပ္ပုရိသူ ပနိဿယ, သဒ္ဓမ္မဿဝန စသည်တို့သည် ဝိဘာဝတ္ထ။ (၅) သောတုဇနတို့အား သုတမယဉာဏ်ဖြစ်ခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရား အဆက်ဆက်တို့သည် အနုဘာဝတ္ထ။

(ဈ) ဝုစ္စတိ–၌ ဝစ ခါတ်–အရ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထိုသည် ဒဿနတ္ထ။ (၃) "အာရမ္ဘော"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်၊ ဝုတ္တ-နှင့်တူပြီ)

http://www.dhammadownload.com

➢ ❾ ။ **(ဆ) အဓိမေတ်**– ၌ တ–အရ "ဝီရိယ"ကို ယူ၍ လက္ခဏာဒိစတုက္ကထုတ်။

➢ ❶❿ ။ **ဝုတ္တာ–၌ စေတော်–အရ** ဒေသနာညာဏ် ပစ္စည်းတရားသည် **စေတသိကောတိ ဣဒံ–အရ (ဝါ) ဝုတ္တာ–၌ တ–ပစ္စည်း–အရ** စေတသိကော–ဟူသော ဝစီဘေဒသဒ္ဒ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်= ဟေ၊ မိ၊ သဟ၊ နိ၊ မဂ်၊ ဈာ၊ ဝိပ်၊ အတ္ထိ၊ အဝိ။

(စ) "ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘပစ္စယာ" ။ ။ အာရမ္ဘပစ္စယာ–အရ စေတနာ သမ္ပယုတ္တဓမ္မ ပစ္စည်းတရားသည် ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ–အရ ဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ညၫ၊ နိ၊ ကမ်၊ ဟာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

(ဆ) ဝီရိယမေဝ+အဓိမေတ် ။ ။ ဝီရိယံ–အရ ဝီရိယ ပစ္စည်းတရားသည် အဓိမေတ်–၌ အဓိ–ရှေး အပိ–ရှေးရှိသော ဣတော်–အရ ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ မိ၊ ဥပ (၃)

(ဈ) ဝီရိယံ+အာရဗ္ဘောတိ ဝုစ္စတိ ။ ။ ဝီရိယံ–အရ ဝီရိယ ပစ္စည်းတရားသည် ဝုစ္စတိ–၌ ဝစ တော်–အရ ဒေသနာညာဏ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ မိ၊ ဥပ (၃)

ပါဌ် (၅၂) [ဋ္ဌ၊၁၉၀။ ပြည်၊ဒု၊၁၆၁။ ဘာသာဋီ၊ဒု၊၃၈၇]

(က) ကောသဇ္ဇတော နိက္ခမနဝသေန နိက္ကမော။ ပရံ ပရံ ဌာနံ အက္ကမနဝသေန ပရက္ကမော။

(ခ) ဥဂ္ဂန္တွာ ယမနဝသေန ဥယျာမော။ ဗျာဟမနဝသေန ဝါယာမော။

(ဂ) ဥဿာဟနဝသေန ဥဿာဟော။ အဓိမတ္တုဿာဟနဝသေန ဥဿောဠှီ။

(ဃ) ထိရဘာဝဋ္ဌေန ထာမော။ စိတ္တစေတသိကာနံ ဓာရဏဝသေန အဝိစ္ဆေဒတော ဝါ ပဝတ္တနဝသေန ကုသလသန္တာနံ ဓာရေတီတိ ဓိတိ။

(င) အပရော နယော၊ နိက္ကမော စေသော ကာမာနံ ပနုဒနာယ။

➢ ❶ ။ **(က)** ကောသဇ္ဇတော၊ပျင်းရိခြင်းမှ။နိက္ခမနဝသေန၊ထွက်မြောက်သည်၏အစွမ်းဖြင့်။ နိက္ကမော၊နိက္ကမ မည်၏။ ပရံ ပရံ ဌာနံ၊အဆင့်ဆင့်မြင့်သော အရာသို့။အက္ကမနဝသေန၊ရောက်သည်၏ အစွမ်းဖြင့်။ပရက္ကမော၊မည်၏။ **(ခ)** ဥဂ္ဂန္တွာ၊တက်၍။ယမနဝသေန၊အားထုတ်သည်၏ အစွမ်းဖြင့်။ဥယျာမော၊ ဥယျာမ မည်၏။ဗျာဟမနဝသေန၊အထူးသဖြင့် လွန်စွာ အားထုတ်သည်၏အစွမ်းဖြင့်။ဝါယာမော၊မည်၏။

(ဂ) ဥဿာဟနဝသေန၊ဆင်းရဲရသည်ကို သည်းခံသည်၏ အစွမ်းဖြင့်။(ဝါ) မိမိ အပေါ်သို့ တင်သော ဝန်ကို သည်းခံသည်၏အစွမ်းဖြင့်။ဥဿာဟော၊ဥဿာဟ မည်၏။(တနည်း) ဥဿာဟနဝသေန၊အားထုတ် သည်၏ အစွမ်းအားဖြင့်။ဥဿာဟော၊မည်၏။အဓိမတ္တုဿာဟနဝသေန၊အတိုင်းထက်အလွန် အားထုတ်သည်၏ အစွမ်းဖြင့်။ဥဿောဠှီ၊ဥဿောဠှီ မည်၏။ **(ဃ)** ထိရဘာဝဋ္ဌေန၊မြဲမြံသည်၏ အဖြစ်တည်းဟူသော အနက်ကြောင့်။ထာမော၊ထာမမည်၏။စိတ္တစေတသိကာနံ၊သမ္ပယုတ်ဖြစ်သော စိတ်, စေတသိက်တို့ကို။ဓာရဏ ဝသေန၊ဆောင်တတ်သည်၏အစွမ်းဖြင့်။ဓိတိ၊ဓိတိမည်၏။ဝါ၊တနည်းကား။အဝိစ္ဆေဒတော၊မပြတ်သောအားဖြင့်။

http://www.dhammadownload.com

ပဝတ္တနဝသေန၊ဖြစ်သည်၏ အစွမ်းဖြင့်။ကုသလသန္တာနံ၊ကုသိုလ် အစဉ်ကို။ဓာရေတိ၊ဆောင်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဓိတိ၊ဓိတိမည်၏။ (င) အပရော၊တပါးသော။နယော၊နည်းကို။(မယာ၊ငါသည်။ဝုစ္စတေ၊ဆိုအံ့) သော ဓမ္မော၊ဤတရားသည်။ကာမာနံ၊ကာမတို့ကို။ပနုဒနာယ၊ပယ်ဖျောက်သောအားဖြင့်။နိက္ကမောစ၊နိက္ကမ မည်သည်လည်း။ဟောတိ၊၏။ (နိ-ဒု၊၁၇၁)

➤ ❷ ။ (ဃ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ သမ္ပယုတ်ဖြစ်သော စိတ်, စေတသိက်တို့ကို ဆောင်တတ်သည်၏အဖြစ်ဟူသော သကတ်အနက် အကြောင်းမှတပါး အဆက်မပြတ် ဖြစ်သည်၏အစွမ်းဖြင့် ကုသိုလ်အစဉ်ကို ဆောင်တတ်သည်၏ အဖြစ်ဟူသော သကတ်အနက်အကြောင်း တပါးကို လဲလိုသောကြောင့် (ဃ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(င) ၌ အပရော နယော– ထားရခြင်းအကြောင်း ။ ။ ပျင်းရိခြင်းမှ ထွက်မြောက်သည်၏ အဖြစ် အစရှိသော သကတ်အနက် အကြောင်းမှတပါး ကာမတို့ကို ပယ်ဖျောက်သည်၏အဖြစ် အစရှိ သော သကတ်အနက် အကြောင်းတပါးကို လဲလိုသောကြောင့် အပရော နယော-ကို ထားရပါသည်။

➤ ❹ ။ဥ ဒုက္ခလာဘ် ဥဒ္ဒံဝါ သဟတိ ခမတီတိ **ဥဿာဟော**။ (၂) ဥပုဗ္ဗ သဟဓာတ်+ဏပစ္စည်း သည်ငှင်း၊ ဆင်းရဲရသည်ကို (မိမိအပေါ်သို့ တင်သော ဝန်ကို) သည်းခံခြင်း အားထုတ်ခြင်းကြိယာသည် ဖျူပ္ပတ္တိနိမိတ်။ (၄) သည်းခံခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဥ ပဗလံ ဒုက္ခရကမ္မံ သဟတိ ယာယာတိ **ဥဿောဠှီ**။ (၂) ဥပုဗ္ဗ သဟဓာတ်+ဏပစ္စည်းသည် ငှင်း၊ ပြင်းထန်သော ခဲယဉ်းသော အမှုကို သည်းခံခြင်း, အားထုတ်ခြင်းကြိယာသည်ငှင်း ဗျူပ္ပတ္တိနိမိတ်။ (၄) ပြင်းထန်သော ခဲယဉ်းသော အမှုကို သည်းခံခြင်း, အားထုတ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဓုဗ္ဗတီတိ **ဓုရံ**။ (ဓုဗ္ဗိဓာတ်+အ-ပစ္စည်း၊ မိမိကိန်းရာ သတ္တဝါကို ညှဉ်းဆဲခြင်းကြိယာ)

ထာတိ တိဋ္ဌတီတိ **ထာမော**။ (ဌာ+မ၊ မြဲစွာ တည်ခြင်းကြိယာ)

➤ ❻ ။ (က) ၌ ကောသဇ္ဇတော-ဖြင့် နိက္ခမန၏ အပါဒါန်ကို သိစေသည်။(ဘာဝတ္ထ)

နိက္ခမနဝသေန–ဖြင့် နိက္ကမော-၌ နိပုဗ္ဗ ကမုဓာတ်၏ အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ဏပစ္စည်း ၏ ကတ္တု, ကရဏ, ဘာဝသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) နိက္ကမတီတိ နိက္ကမော၊ နိက္ကမန္တိ တေနာတိ နိက္ကမော၊ နိက္ကမနံ နိက္ကမော-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

ပရံ ပရံ–ဖြင့် ပရက္ကမော-၌ ပရ-သဒ္ဒါသည် ပရာဇယ-စသော အနက်ကို မဟော၊ ပရံ ပရံ အနက်ကို ဟော၏ဟု သိစေပါသည်။(ဥပသဂ္ဂလိင်္ဂတ္ထ) **ဌာနံ**–ဖြင့် ပရံပရ-သဒ္ဒါ ဌာနကို စွဲသည်၏ အဖြစ်ကို သိစေပါသည်။(သဗ္ဗနာမလိင်္ဂတ္ထ) **အက္ကမနဝသေန**–ဖြင့် ပရက္ကမော-၌ ပရာပုဗ္ဗ ကမုဓာတ် ၏ အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ကမုဓာတ်၏ အက္ကမနအနက် ဟောသည်ကိုငှင်း(ဒု-ဓာတွတ္ထ) ဏပစ္စည်း ၏ ကတ္တု, ကရဏ, ဘာဝသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) အပေါင်းသံဝဏ္ဏနာဖြင့် ပရံ ကမော ပရက္ကမော-ဟု ဒုတိယာ တပ္ပုရိသ်သမာသ် ပြုရမည်ကိုငှင်း(သမာသလိင်္ဂတ္ထ) (တနည်း) ပရံ ပရံ ဌာနံ အက္ကမနံ ပရက္ကမော-ဟု ဘာဝသာဓန ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ ဥဂ္ဂန္တာ-ဖြင့် ဥယျာမော-၌ ဥ-သဒ္ဒါ ဝိယောဂ-စသော အနက်ကို မဟော၊ ဥဒ္ဓဂ်မအနက်

http://www.dhammadownload.com

ကို ဟော၏ဟု သိစေပါသည်။(ဥပသဂ္ဂလိင်္ဂတ္ထ) **ယမနဝသေန**-ဖြင့် ဥယျာမော-၌ ဥပုဗ္ဗ ယမုဓာတ် ၏ အဖြစ်ကိုငင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စယတ္ထ) ဥဂ္ဂန္တွာ ယမန် ဥယျာမော၊ ဥဒ္ဓံ ယမန် ဥယျာမော-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) သိစေပါသည်။

အပေါင်းသံဝဏ္ဏနာဖြင့် ဥဂ္ဂန္တွာ ယာမော ဥယျာမော-ဟု တုလျာဓိကရဏသမာသ် ပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ) **ဗျာယမနဝသေန**-ဖြင့် ဝါယာမော-၌ ဝိ-ရှေး အာ-ရှေးရှိသော ယမု ဓာတ်၏ အဖြစ်ကိုငင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကတ္တု, ကရဏ, ဘာဝသာဓနအနက်၌ သက်သည် ကိုငင်း(ဒု-ပစ္စယတ္ထ) ဗျာယမန် ဝါယာမော-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ၌ ဥဿာဟဝသေန-ဖြင့် ဥဿာဟော-၌ ဥပုဗ္ဗ သဟဓာတ်၏ အဖြစ်ကိုငင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကတ္တု, ကရဏ, ဘာဝသာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စယတ္ထ) ဥဿာဟန် ဥဿာဟော ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) သိစေပါသည်။

အဓိမတ္တုဿာဟဝသေန-ဖြင့် ဥဿောဠှီ-၌ ဥပုဗ္ဗ သဟဓာတ်၏ အဖြစ်ကိုငင်း(ဒု-ဓာတုပဒ) ဥ-သဒ္ဒါ အဓိမတ္တအနက်ဟောသည်၏ အဖြစ်ကိုငင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဏပစ္စည်း၏ ကတ္တု, ကရဏ, ဘာဝသာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စယတ္ထ) ဥ ပဗလံ ဒုက္ကရကမ္မံ သဟတိ ယာယာတိ ဥဿောဠှီ ဟု ကရဏသာဓန-စသည် ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဃ) ၌ ထိရဘာဝဋ္ဌေန-ဖြင့် ဝီရိယဟူသည် မြဲမြံသည်၏အဖြစ်ဟူသော သဘောရှိသည်၏ အဖြစ် ကို သိစေပါသည်။(ဘာဝတ္ထ) (တနည်း) ထာမော-၌ ထာဓာတ်၏ အဖြစ်ကိုငင်း(ဒု-ဓာတုပဒ) ထာဓာတ်၏ ထိရအနက် ဟောသည်၏ အဖြစ်ကိုငင်း(ဒု-ဓာတွတ္ထ) ဏပစ္စည်း ဘာဝသာဓန, ကတ္တုသာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စယတ္ထ) ဌိယတေ ထာမော၊ ထာတိ တိဋ္ဌတီတိ ထာမော-ဟု ပြုရမည်ကိုငင်း (အဘိဓာနတ္ထ) သိစေပါသည်။ **စိတ္တစေတသိကာနံ**-ဖြင့် ဓာရဏ၏ ဆဋ္ဌီကံအဖြစ်ကို သိ။(ဘာဝတ္ထ)

ဓာရဏဝသေန-ဖြင့် ဓိတိ-၌ ဓာ-ဓာတ်၏ အဖြစ်ကိုငင်း(ဒု-ဓာတုပဒ) ဓာ-ဓာတ်၏ ဓာရဏ အနက် ဟောသည်ကိုငင်း(ဒု-ဓာတွတ္ထ) တိပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စ ယတ္ထ) ဓာရေတီတိ ဓိတိ-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) သိစေပါသည်။

အဝိစ္ဆေဒတောဝါ ပဝတ္တနဝသေန ကုသလသန္တာနံ-ဖြင့် ဆောင်ခြင်းဟူသည် အဆက် မပြတ်ဖြစ်သည်၏ အစွမ်းဖြင့် ကုသိုလ်အစဉ်ကို ဆောင်ခြင်းတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

ဓာရေတိ-ဖြင့် ဓိတိ-၌ ဓာ-ဓာတ်၏ အဖြစ်ကိုငင်း(ဒု-ဓာတုပဒ) ဓာ-ဓာတ်၏ ဓာရဏ အနက် ဟောသည်ကိုငင်း(ဒု-ဓာတွတ္ထ) တိပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စယတ္ထ) ဓာရေတီတိ ဓိတိ-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) သိစေပါသည်။

(င) ဖြင့် ဤတရားသည် ကာမတို့ကို ပယ်ဖျောက်သောအားဖြင့် နိက္ကမနမည်၏ဟူသော အဓိပ္ပါယ် ကိုငင်း(ဘာဝတ္ထ) ကာမတော နိက္ခမတီတိ နိက္ကမော-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စယတ္ထ) သိစေပါသည်။

➢ **❼** ။ **ဥယျာမော**-၌ ဥ-ကား ဥဒ္ဓဂ်မတ္ထ, ဥဂ္ဂမနတ္ထ, ဥပဂတတ္ထ, ဥဒ္ဓံအနက်။ **ဗျာယမန**

F-13-A

http://www.dhammadownload.com

ဝါယာမော–၌ ဝိ–ကား ဝိသေသတ္ထ။ အာ–ကား ဘုသတ္ထ။ **ဥဿဟန, ဥဿာဟော**–၌ ဥ–ကား ဒုက္ခလာဘတ္ထ။ **ဥဿောဠှီ**–၌ ဥ–ကား အဓိမတ္တတ္ထ၊ ပဗာဠှတ္ထ၊ ပဗလတ္ထ။ **စေဿော**–၌ စ–ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။

➤ **၁၀**။ **(ဃ) ဓာရဏဝသေန ဓိတိ** –အရ ဝီရိယပစ္စည်းတရားသည် **စိတ္တ–စေတသိကာနံ** အရ သမ္ပယုတ်သဟဇာတ် စိတ် စေတသိက် ပစ္စယုပ္ပန်တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဓိ၊ သဟ၊ ည၊ နိ၊ ဣံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

ဓာရေတီတိ ဓိတိ–အရ ဝီရိယ ပစ္စည်းတရားသည် **ကုသလသန္တာနံ–အရ** ခဏတူ ကုသိုလ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဓိ၊ သဟ၊ ည၊ နိ၊ ဣံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

ဓာရေတီတိ ဓိတိ–အရ အဆုံးဇော ဝီရိယကြဉ်သော ရှေးရှေးသော ဝီရိယဇော ပစ္စည်းတရားသည် **ကုသလသန္တာနံ–အရ** ပထမဇောကြဉ်သော နောက်နောက်သော ခဏတူ ကုသိုလ်ဇော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားတို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ (၆)

ပါဠိ (၅၃) [ဋ္ဌ၊၁၉၁။ ပြည်၊ဒု၊၁၆၁။ ဘာသာဋီ၊ဒု၊၃၉၁]

(က) သတိန္ဒြိယနိဒ္ဒေသေ သရဏကဝသေန သတိ။ ဣဒံ သတိယာ သဘာဝပဒံ။ ပုနပ္ပုနံ သရဏတော အနုဿရဏဝသေန အနုဿတိ။

(ခ) အဘိမုခံ ဂန္တွာ ဝိယ သရဏတော ပဋိဿရဏဝသေန ပဋိဿတိ။

(ဂ) ဥပသဂ္ဂဝသေနဝါ ဝဍ္ဎိတမတ္တမေတံ။ (ဃ) သရဏာကာရော သရဏတာ။

(င) ယသ္မာ ပန ""သရဏတာ""တိ တိဏ္ဏံ သရဏာနမ္ပိ နာမံ၊ တသ္မာ တံ ပဋိသေဓေတုံ ပုန သတိဂ္ဂဟဏံ ကတံ။ (စ) သတိသင်္ခါတာ သရဏတာတိ အယမေတ္ထ အတ္ထော။

(ဆ) သုတပရိယတ္တဿ ဓာရဏဘာဝတော ဓာရဏတာ။

➤ **၁**။ **(က)** သတိန္ဒြိယနိဒ္ဒေသေ၌။သရဏကဝသေန၊အောက်မေ့တတ်သည်၏ အဖြစ်၏ အစွမ်းဖြင့်။သတိ၊မည်၏။ဣဒံ၊ဤသတိပုဒ်သည်။သတိယာ၏။သဘာဝပဒံ၊သဘော အားဖြင့်ရသော ပုဒ် တည်း။(ဝါ) သဘောအားဖြင့်ရသော အမည်တည်း။ပုနပ္ပုနံ၊အဖန်တလဲလဲ။သရဏတော၊အောက်မေ့တတ် သည်၏ အဖြစ်ကြောင့်။အနုဿရဏဝသေန၊အဖန်တလဲလဲ အောက်မေ့တတ်သည်၏ အဖြစ်ကြောင့်။ အနုဿတိ၊မည်၏။ **(ခ)**အဘိမုခံ၊အာရုံသို့ ရှေးရှု။ဂန္တွာ ဝိယ၊သွားသကဲ့သို့။သရဏတော၊အောက်မေ့တတ်သည်၏ အဖြစ်ကြောင့်။ပဋိဿရဏဝသေန၊အာရုံသို့ ရှေးရှုသွားသကဲ့သို့ အောက်မေ့တတ်သည်၏အစွမ်းဖြင့်။ပဋိဿတိ၊ မည်၏။ ***ပဋိဿတိ**=အာရုံသို့ ရှေးရှုသွားသကဲ့သို့ အောက်မေ့တတ်သည်။ **(ဂ)** ဝါ၊တနည်းကား။ ဧတံ၊ဤပဋိဿတိဟူသော ပုဒ်သည်။ဥပသဂ္ဂဝသေန၊ဥပသာရ၏ အစွမ်းဖြင့်။ဝဍ္ဎိတမတ္တံ၊ပွားစေအပ်ကာမျှ သည်။ဟောတိ၏။ **(ဃ)** သရဏာကာရော၊စိတ်၏ အာရုံကို အောက်မေ့ခြင်း အမူအရာ ကြိယာသည်။ သရဏတာ၊မည်၏။ **(င)** ပန၊ဆက်။ယသ္မာ၊အကြင်ကြောင့်။"သရဏတာ"တိ နာမံ၊သရဏတာဟူသော

http://www.dhammadownload.com

အမည်သည်။တိဏ္ဏံ၊ဘုရားစသောအားဖြင့် သုံးပါးကုန်သော။သရဏာနမ္ပိ၊သရဏာတို့၏လည်း။နာမံ၊အမည်သည်။ ဟောတိ၊၏။တသ္မာ၊ထို့ကြောင့်။တံ၊ထိုဘုရားစသော ကိုးကွယ်ရာဟူသော အနက်ကို။(ဝါ) ဝါဒိဃန္တသရဏာကို။ ပဋိသေဓေတုံ၊မြစ်ခြင်းငှာ။ပုန၊တဖန်။သတိဂ္ဂဟဏံ၊သတိသဒ္ဒါကို။ကတံ၊ပြုအပ်၏။

(စ) ဟိ၊သင့်စွ။ဧတ္ထ၊ဤသတိ သရဏတာဟူသောပုဒ်၌။သတိသဒ္ဒါ၊သတိ-ဟုဆိုအပ်သော။ သရဏတာ၊စိတ်၏ အာရုံကို အောက်မေ့ခြင်း အမူအရာကြိယာတည်း။ဣတိ အယံ၊ဤသည်ကား။အတ္ထော၊ အနက်တည်း။ **(ဆ)** သုတပရိယတ္တဿ၊နာအပ်, သင်ကြားအပ်ပြီးသော အတတ်ပညာ စာပေကျမ်းဂန် ကို။ဓာရဏဘာဝတော၊ဆောင်တတ်သည်၏အဖြစ်ကြောင့်။ဓာရဏတာ၊မည်၏။ ***ဓာရဏတာ**=နာအပ် သင်ကြားအပ်ပြီးသော အတတ်ပညာ စာပေကျမ်းဂန်ကို ဆောင်တတ်သည်၏အဖြစ်မည်၏။

➤ ❷ ။ **(ဂ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (ခ)ဖြင့် ပဋိဿတိ-၌ ပဋိ(ပတိ)သဒ္ဒါသည် အဘိမုခအနက်ကို ဟော၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ပဋိဿတိ-၌ ပဋိ(ပတိ)သဒ္ဒါသည် အဘိမုခအနက် တစ်မျိုးသာ ဖြစ်သင့်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ပဋိ(ပတိ)သဒ္ဒါ၏ အနက်သီးခြားမရှိသော ဓာတွတ္ထာနုဝတ္တက အဖြစ်ကို ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ ပဋိ(ပတိ) သဒ္ဒါ၏ အနက်သီးခြားမရှိသော ဓာတွတ္ထာနုဝတ္တက အဖြစ်ကား အဘယ်ပါနည်း။ ဤသို့-(ဂ) မိန့်။

(င) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် သတိန္ဒြိယနိဒ္ဒေသ၌ သတိသရဏတာ စသည်ဖြင့် သတိ-သဒ္ဒါကို တဖန် ဟောတော်မူ၏။ ထိုသို့ပင် ဟောသော်လည်း ထိုသတိ-သဒ္ဒါကို "ယာ တသ္မိံ သမယေ သတိ အနုဿတိ" စသည်ဖြင့် ရှေး၌ ဟောတော်မူအပ်ပြီးသည် မဟုတ်ပါလော။ ထိုသို့ ရှေး၌ ဟောတော်မူအပ်ပြီးဖြစ်သောကြောင့် သတိ-သဒ္ဒါကို နောက်ထပ်တဖန် မဟောင့်။ သတိ-သဒ္ဒါကို တဖန်ဟောတော်မူခြင်း၏ အကြောင်းကိုလည်း (ဝါ) အကျိုးကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် (ဝါ) အဘယ်အကျိုးငှာ သတိ-သဒ္ဒါကို တဖန်ဟောတော်မူပါသနည်း။ ဤသို့-ကြောင့် (င) မိန့်။

အဓိပ္ပါယ်ကား- (င) ဖြင့် သရဏတာဟူသော အမည်သည် ဘုရားစသော သုံးပါးသော သရဏ တို့၏လည်း အမည်ဖြစ်သောကြောင့် ထိုဗွာဒိဃန္တသရဏာကို တားမြစ်ခြင်းငှာ သတိသဒ္ဒါကို တဖန်ထပ်၍ ဘုရားရှင် ဟောတော်မူအပ်ပါသည်ဟူလို။

(စ) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် သရဏတာဟူသော အမည်သည် ဘုရားစသောအားဖြင့် သုံးပါးကုန်သော သရဏာတို့၏လည်း အမည်တည်း၊ ထို့ကြောင့် ထိုဘုရားစသော ကိုးကွယ်ရာဟူသောအနက်ကို တားမြစ်ခြင်းငှာ သတိပုဒ်ကို ထပ်မံ၍ ပြုအပ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ပါဠိတော်၌ သတိ သရဏတာ-ဟု သာမညဟောရကား ဆရာ့စကားကို မြဲခိုင်စေတတ်သော သဘာဝယုတ္တိကို မပြဆိုဟူသော အဓိပ္ပါယ် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် (င) ဖြင့် -- ပြုအပ်၏ဟုသာ မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော သဘာဝယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော သဘာဝယုတ္တိကား အဘယ် ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

F-13-B

http://www.dhammadownload.com

➤ ❸ ။ (င) ဖြင့် ပုနရုတ္တိဒေါသ, နိရတ္ထကဒေါသတို့ကို ပယ်ပါသည်။

(ဂ) ၌ ဝါ–သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ပဋိဿတိ–၌ ပဋိ(ပတိ)သဒ္ဒါ၏ အဘိမုခအနက် အကြောင်းမှတပါး အနက်သီးခြားမရှိ၊ အနတ္ထကဖြစ်၏ဟူသော အနက်အကြောင်းတပါးကို လဲလိုသောကြောင့် (ဂ) ၌ ဝါ–သဒ္ဒါကို ထားရပါသည်။ (တနည်း) ပဋိဿတိ–၌ ပဋိ(ပတိ)သဒ္ဒါ၏ ဓာတွတ္ထဝိသေသကအနက်အကြောင်းမှတပါး ဓာတွတ္ထာနုဝတ္တကဟူသော အနက်အကြောင်းတပါးကို လဲလိုသောကြောင့် (ဂ) ၌ ဝါ–သဒ္ဒါကို ထားရပါသည်။

(င) ၌ တသ္မာ–ကို ထားရခြင်းအကြောင်း ။ ။ သရဏတာ–ဟူသော အမည်၏ ဘုရားစသော သုံးပါးသော သရဏတို့၏ အမည်ဖြစ်သည်၏ အဖြစ်ဟူသော အကြောင်း ကာရဏကို ပြလိုသောကြောင့် (င) ၌ တသ္မာ–ကို ထားရပါသည်။

(စ) ၌ အတ္ထော–သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ပါဠိတော်၌ အလိုရှိအပ်သော အနက်ကို ထင်ရှားအောင် ပြလိုသောကြောင့် (စ)၌ အတ္ထော–ကို ထားရပါသည်။

➤ ❹ ။ သရန္တိ• ဟိံသန္တီတိ **သရဏာနိ**။(တေသံ) (၂) သရဓာတ်+ယုပစ္စည်းသည်ငှး၊ ညှဉ်းဆဲခြင်းကြိယာသည်ငှး ဗျုပ္ပတ္တိနိမိတ်။ (၄) ရတနာသုံးပါးတို့၏ ကိုးကွယ်ရာ၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ * သူယိတ္တာတိ **သုတံ**။ (သု+တ၊ ကြားနာခြင်းကြိယာ)

ပရိယာပုဏိယိတ္ထာတိ **ပရိယတ္တံ**။ (ပရိပုဗ္ဗ အပဓာတ်+တ–ပစ္စည်း၊ ရောက်ခြင်း သင်ယူခြင်းကြိယာ)

သရတီတိ သတိ၊ အဘိမုခံ သတိ **ပဋိဿတိ**။ (၂) အဘိမုခဘောဂုဏ်၏ သတိနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ရှေးရှုအောက်မေ့ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

သရီယတေ သရဏံ။ သရဏံယေဝ **သရဏတာ**။ (၂) သရဏပုဒ်+တာပစ္စည်းသည်ငှး၊ ရှေးရှုအောက်မေ့ခြင်း၏ ရှေးရှုအောက်မေ့တတ်သော တရားနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှး ဗျုပ္ပတ္တိနိမိတ်။ (၄) ရှေးရှုအောက်မေ့ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဓာရေတီတိ ဓာရဏံ။ ဓာရဏဿ ဘာဝေါ **ဓာရဏတာ**။ (၂) ဆောင်တတ်သော တရား၏ ဆောင်တတ်သည်၏အဖြစ်နှင့် (ဝါ) ဆောင်ခြင်းနှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဆောင်တတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➤ ❺ ။ (က) ၌ သရဏကဝသေန–ဖြင့် သတိ–၌ သရဓာတ်၏ အဖြစ်ကိုငှး(ဒု–ဓာတုပဒ) တိပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုငှး(ဒု–ပစ္စယတ္ထ) သရတီတိ သတိ–ဟု ပြုရမည်ကိုငှး(အဘိဓာနတ္ထ) သိစေပါသည်။

ဏ္ဍာဒံ သတိယာ သဘာဝပဒံ–ဖြင့် ဤသတိဟူသော ပုဒ်သည် သတိ၏ သဘောအားဖြင့် ရသောပုဒ်ဟု သိစေပါသည်။ (ဘာဝတ္ထ) **ပုနပ္ပုနံ သရဏတော အနုဿရဏာဝသေန**–ဖြင့် အနုဿတိ၌ အနုပုဗ္ဗ သရဓာတ်၏အဖြစ်ကိုငှး(ဒု–ဓာတုပဒ) အနု–သဒ္ဒါ ဝိစ္ဆာအနက်, ပုနပ္ပုနအနက်ဟောသည်၏ အဖြစ်ကိုငှး(ဥပသဂ္ဂလိင်္ဂတ္ထ) တိ–ပစ္စည်း၏ ကတ္တု, ကရဏ, ဘာဝသာဓနအနက်၌ သက်သည်၏ အဖြစ်ကိုငှး (ဒု–ပစ္စယတ္ထ) သရတီတိ သတိ၊ သရန္တိ တေယာတိ သတိ၊ သရဏံဝါ သတိ–ဟု

http://www.dhammadownload.com

ပြုရမည်ကိုင်း(အဘိဓာနတ္ထ) အပေါင်းပုဒ်ကို ပုနပ္ပုနံ သတိ အနုဿတိ-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ် သမာသ်ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ဖြင့် ပဋိဿတိ-၌ ပဋိ(ပတိ)သဒ္ဒါ၏ အဘိမုခအနက်ဟောသည်၏ အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ပဋိ(ပတိ)ပုဗ္ဗ သရဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) တိပစ္စည်း၏ ကတ္တု, ကရဏ, ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) အဘိမုခံ သရတီတိ ပဋိဿတိ၊ အဘိမုခံ သရန္တိ ဧတာယာတိ ပဋိဿတိ၊ အဘိမုခံ သရဏံ ပဋိဿတိ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေသည်။

(ဂ) ဖြင့် ပဋိဿတိ-၌ ပဋိ(ပတိ)သဒ္ဒါ၏ သီးခြားအနက်မရှိ၊ ဓာတွတ္ထာနုဝတ္တကတည်းဟု သိစေပါသည်။(ဥပသဂ္ဂလိင်္ဂတ္ထ)

(ဃ) ဖြင့် သရဏတာ-၌ သရဏ-ဝယ် သရဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ယုပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သရီယတေတိ သရဏံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သရဏတာ-၌ တာ-ပစ္စည်း၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) သရဏံယေဝ သရဏတာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဆ) ၌ ဓာရဏဘာဝတော-ဖြင့် ဓာရဏတာ-၌ တာပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) ဓာရဏဿ ဘာဝေါ ဓာရဏတာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

သုတပရိယတ္တဿ-ဖြင့် ဓာရဏဘာဝတော-၌ ဆောင်၏ဟူသည် နာအပ်, သင်ကြားအပ်ပြီးသော အတတ်ပညာ စာပေကျမ်းဂန်ကို ဆောင်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

➤ **၇** ။ **(ခ) ဝိယ**-ကား ဥပရိက္ချာဇောတက။ (ဂ) **ဥပသဂ္ဂ**-၌ ဥပ-ကား သညာအနက်ဟော။ (တနည်း) ဥဂမန(ဥပေစ္စ)အနက်ဟော။ **မတ္တာ**-ကား နိဝတ္တာပနာဝဓာရဏတ္ထ။ (င) **ယသ္မာ ပန**-၌ ပန-ကား ဝါကျာရမ္ဘတ္ထ၊ ဥပန္ယာသတ္ထ။ **သရဏောနမ္ပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ **ပဋိသေဓေတ္ဝာ**-၌ ပဋိ-ကား နိသေဓတ္ထ။ (စ) **ဟိ**-ကား ဒဠှီကရဏတ္ထ။

➤ **၈** ။ **ကြိယာဝါးတန်** ။ ။ **(ဃ) သရဏတာ (ဆ) ဓာရဏတာ-တို့အရ** "သတိ" ကို ယူ၍ (၁) ထို သတိသည် ဒဿနတ္ထ။ (၂) ထိုရသညာသည် (ဝါ) ကာယ-စသော သတိပဋ္ဌာန်သည် ဒီပကတ္ထ။ (၃) ကုသိုလ်တရားကို ကောင်းစွာမှတ်စေ အောက်မေ့စေခြင်းသည် ပကာသနတ္ထ။ (၄) ယောနိသော မနသိကာရစသည်သည် ဝိဘာဝတ္ထ။ (၅) အကျိုးစီးပွား မရှိသော တရားတို့ကို ပယ်ခြင်း၊ အကျိုးစီးပွားရှိသော တရားတို့ကို ချီးမြှောက်ခြင်း၊ ကုသိုလ်အဆက်ဆက် တိုးပွားခြင်း စသည်သည် အနုဘာဝတ္ထ။

(င) ကတံ-၌ ကရဓာတ်-အရ ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁)ထို-သည် ဒဿနတ္ထ။ (၃) "သတိ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃၊ ဝုတ္တ-နှင့်တူပြီ)

ကတံ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = "သတိ"ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍(၂၉၀)

➤ **၁၀** ။ **(င) သတိဂ္ဂဟဏံ+ကတံ** ။ ။ ကတံ-၌ ကရဓာတ်အရ ဒေသနာဉာဏ် ပစ္စည်းတရားသည် သတိဂ္ဂဟဏံ, တပစ္စည်းတို့-အရ သတိ-ဟူသော ဝစီဘေဒသဒ္ဒ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ မိ၊ သဟ၊ နိ၊ ဣံ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိ။

http://www.dhammadownload.com

(ဆ) သုတပရိယတ္တသ+တရဏာဘာဝတော ။ ။ သုတပရိယတ္တသ–အရ နာအပ်, သင်ကြားအပ်ပြီးသော အတတ်ပညာ စာပေကျမ်းဂန်ဟူသော ဓမ္မာရုံ ပစ္စည်းတရားသည် တရဏဘာဝတော–အရ သတိ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပါဠိ (၅၄) [ဋ္ဌ၊၁၉၁။ ပြည်၊၁၊၁၆၉။ ဘာသာဋီ၊၁၊၃၉၂]

(က) အနုပဝိသနသင်္ခါတေန ဩဂါဟနဋ္ဌေန အပိလာပနဘာဝေါ အပိလာပနတာ။

(ခ) ယထာ ဟိ လာဗုကဋာဟာဒီနိ ဥဒကေ ပ္လဝန္တိ န အနုပဝိသန္တိ န တထာ အာရမ္မဏေ သတိ၊

(ဂ) အာရမ္မဏံ ဟေသာ အနုပဝိသတိ၊ (ဃ) တသ္မာ အပိလာပနတာတိ ဝုတ္တာ၊

➢ ❶ ။ **(က)** အနုပဝိသနသင်္ခါတေန၊အာရုံသို့ သက်ဝင်ခြင်းဟုဆိုအပ်သော၊ဩဂါဟနဋ္ဌေန၊ အာရုံကို သက်ဝင်တတ်သော အနက်ကြောင့်၊အပိလာပနဘာဝေါ၊အာရုံကိုမပေါ် မမျော မလွတ်စေတတ်သည်၏ အဖြစ်သည်၊အပိလာပနတာ၊မည်၏။ **(ခ)** ဟိ–တံ ပါကဋ္ဌ ကရောမိ၊ထိုစကားကို ထင်စွာပြုဦးအံ့၊လာဗုကဋာဟာဒီနိ၊ဗူးတောင်းစသည်တို့သည်၊ဥဒကေ၊ရေ၌၊ ပ္လဝန္တိ ယထာ၊ပေါ်ပေါ်မျောကုန်၏သို့၊န အနုပဝိသန္တိ ယထာ၊မနစ် မငုပ်ကုန်၏သို့၊တထာ၊ထို့အတူ၊သတိ၊သတိသည်၊အာရမ္မဏေ၊အာရုံ၌၊န ပ္လဝတိ၊မေ့လွတ်သောအားဖြင့် ပေါ်ပေါ်မျောသည် မဟုတ်၊န န အနုပဝိသတိ၊မနစ် မငုပ် စုပ်စုပ် မဝင်သည် မဟုတ်၊(တနည်း) ပ္လဝတိ၊မေ့လွတ်သောအားဖြင့် ပေါ်ပေါ်မျောသည်ကား၊န၊မဟုတ်၊န အနုပဝိသတိ၊မနစ် မငုပ် စုပ်စုပ် ဝင်သည်ကား၊န၊မဟုတ်။ **(ဂ)** ဟိ၊မှန်၏၊ဧသာ၊ထိုသတိသည်၊အာရမ္မဏံ၊အာရုံသို့၊အနုပဝိသတိ၊အစဉ်အတိုင်း သက်ဝင်တတ်၏၊(ဝါ) မမေ့ မလွတ် သက်ဝင်တတ်၏။ **(ဃ)** တသ္မာ၊ထို့ကြောင့်၊အပိလာပနတာတိ၊ဟူ၍၊(ဘဂဝတာ၊သည်၊)ဝုတ္တာ၊ဟောတော်မူအပ်၏။ (နိ–၁၊၁၇၄)

➢ ❷ ။ **(ခ) သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က)ဖြင့် အာရုံကို မပေါ် မမျော မလွတ်စေတတ်သည်၏ အဖြစ်သည် အပိလာပနတာမည်သောဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ထိုစကားရပ်၏ အနက်အဓိပ္ပါယ်သည် အသဒိသူပမာနှင့် ကင်း၍ မပေါ်လွင် မထင်ရှားသည် မဟုတ်ပါလော။ ထို့ကြောင့် (က)ဖြင့် အာရုံကို မပေါ် မမျော မလွတ်စေတတ်သည်၏ အဖြစ်သည် အပိလာပနတာမည်သောဟုသာ မဆိုသင့်။ ထိုစကားရပ်၏ အနက်အဓိပ္ပါယ်ကို ထင်ရှားပေါ်လွင်စေတတ်သော အသဒိသူပမာကိုလည်း ပြဆိုသင့်သေး၏။ ထိုစကားရပ်၏ အနက်အဓိပ္ပါယ်ကို ထင်ရှားပေါ်လွင်စေတတ်သော အသဒိသူပမာကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဝါကျ၌ န တထာ အာရမ္မဏေ သတိ–ဖြင့် သတိသည် အာရုံ၌ မေ့လွတ်သောအားဖြင့် ပေါ်လောမျောသည် မဟုတ်၊ မနစ်မငုပ် စုပ်စုပ်ဝင်သည် မဟုတ်ဟု ပြဆိုတော်မူ၏။ ထိုသို့ပင်ဆိုသော်လည်း ယင်းသို့ဆိုသော ဆရာ့စကားသည် ယုတ္တိကင်းပဒ္ဓိယမျှသာဖြစ်၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မယုံကြည်နိုင်ရာသောကြောင့် (ဂ) ဝါကျ၌ န တထာ အာရမ္မဏေ သတိ–ဖြင့် သတိသည် အာရုံ၌ မေ့လွတ်သောအားဖြင့် ပေါ်လောမျောသည် မဟုတ်၊ မနစ်မငုပ် စုပ်စုပ်ဝင်သည် မဟုတ်ဟုသာ မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော

http://www.dhammadownload.com

ယုတ္တိသဘာဝ ဒင္ဂီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် (က)ဝါကျလာ စကားရပ်ကို ဝိသဒိသူပမာဖြင့် ထင်ရှားအောင်ပြသောကြောင့် ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် (ခ) ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

(ဃ) ဖြင့် နိရတ္ထကဒေါသကို ပယ်ပါသည်။

➤ ❹ ။ ပိလာပေတီတိ **ပိလာပနံ**။ (ပ္လုဓာတ်(ဝါ)ပိလုဓာတ်+ယုပစ္စည်း၊ ပေါလောမျောစေခြင်း ကြိယာ) * န ပိလာပနံ အပိလာပနံ။ အပိလာပနဿ ဘာဝေါ **အပိလာပနတာ**။

(၂) အပိလာပနပုဒ်+တာပစ္စည်းသည်ငှး၊ အာရုံကို မပေါ်မမျော မလွတ်စေတတ်သော တရား၏ အာရုံကို မပေါ် မမျော မလွတ်စေတတ်သည်၏အဖြစ်နှင့် ဂုဏီး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှး ဗျုပ္ပတ္တိနိမိတ်။ (၄) အာရုံကို မပေါ် မမျော မလွတ်စေတတ်သည်၏အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ * လမ္ဗတီတိ လာဗု။ လမ္ဗိယတီတိ ဝါ **လာဗု**။ (လမ္ဗ (ဝါ) လဗိဓာတ်+ဥပစ္စည်း၊ ဆွဲခြင်း ကြိယာ) * ကဋ္ဌန္တိ ဧတ္ထ ဩသဓာဒီ မဒ္ဒန္တိတိ **ကဋ္ဌာဟော**။ (ကဋ္ဌဓာတ်+ဟပစ္စည်း)

လာဗုယာ ကဋ္ဌာဟော လာဗုကဋ္ဌာဟော။/ လာဗုစ သာ ကဋ္ဌာဟောစာတိ **လာဗုကဋ္ဌာဟော**။

လာဗုကဋ္ဌာဟော အာဒိ ယေသန္တိ **လာဗုကဋ္ဌာဟာဒီနိ**။ (၂) ဗူးတောင်းဟူသော အစ၏ အခြားသော ပေါ်ပေါ်မျောသော ဝတ္ထုတို့နှင့် အာဒိ+အာဒိဝန္တ၊ ဂုဏ်+ဂုဏီး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဗူးတောင်းဟူသော အစရှိခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

ဥဒ္ဒတိ ဒြဝံ ကရောတီတိ **ဥဒကံ**။(တသ္မိံ) (ဥဒိဓာတ်+ဏွုပစ္စည်း၊ အရည်ပြုခြင်းကြိယာ)

➤ ❻ ။ **(က)** ၌ အပိလာပနဘာဝေါ-ဖြင့် အပိလာပနတာ-၌ တာပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုငှး(ပစ္စယတ္ထ) အပိလာပနဿ ဘာဝေါ အပိလာပနတာ-ဟု ပြုရမည်ကိုငှး(အဘိဓာနတ္ထ) သိစေပါသည်။ **ဩဂါဟာနန္တေန**-ဖြင့် သတိသည် အာရုံ၌ ပေါ်ပေါ်မျောတတ်, မသက်ဝင်တတ်သော အနက်ကြောင့် အပိလာပနတာ မည်သည်မဟုတ်၊ အာရုံ၌ သက်ဝင်တတ်သော အနက်သဘောကြောင့် အပိလာပနတာ မည်သည်၏ အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ)

အနုပဝိသနသင်္ခါတေန-ဖြင့် ဩဂါဟနန္တေန-၌ သက်ဝင်ဟူသည် အစဉ်မဟုတ်သောအားဖြင့် သက်ဝင်သည် မဟုတ်၊ အစဉ်အတိုင်း သက်ဝင်ခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(တနည်း) **အနုပဝိသနသင်္ခါတေန**-ဖြင့် ဩဂါဟနန္တေန-၌ ဩဂါဟ-အရ အစဉ်မဟုတ်သောအားဖြင့် သက်ဝင်ခြင်းကို မယူရ၊ အစဉ်အားဖြင့် သက်ဝင်ခြင်းကို ယူရမည်၏အဖြစ်ကို သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❼ ။ **(ခ) ယထာ ဟိ**- ၌ ယထာ-ကား ပဋိဘာဂတ္ထ၊ ဥပမာဇောတက။ **ဟိ**-ကား တပ္ပါကဋီကရဏတ္ထ။ **တထာ**-ကား ပဋိဘာဂတ္ထ၊ ဥပမေယျဇောတက။ (ဂ) ၌ **ဟိ**-ကား ဒဠှီကရဏတ္ထ။

➤ ❽ ။ **ကြိယာဝါးတန်** ။ ။ **(က) အပိလာပနတာ-အရ** "သတိ"ကို ယူ၍ထုတ်။

(ဃ) ဝုတ္တာ-၌ အန္တတ္ထ ဝစဓာတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁)ထို-

http://www.dhammadownload.com

သည် ဒသာနတ္ထ။ (၃) "အပိလာပနတာ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃)

ဝုတ္တာ-၌ ဗာဟုလ္လတ္ထ တ-ပစ္စည်း-အရ = "အပိလာပနတာ"ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (၂၉၀)

➤ ❶ ⓪ ။ (ဂ) **အာရမ္မဏာဓေ့ယာ+အနုပဝိသတိ** ။ ။ ယော-အရ သတိ ပစ္စည်းတရားသည် အနုပဝိသတိ-အရ သတိသမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိ (၈)

အာရမ္မဏံ-အရ ဆံပင် မွေးညှင်းစသော အာရုံပစ္စည်းတရားသည် **အနုပဝိသတိ-အရ** သတိ ပစ္စယုပ္ပန် တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄)

ပါဌ် (၅၅) [ဋ္ဌ၁၉၁။ ပြည်၊ဒု၊၁၆၉။ ဘာသာဋီ၊ဒု၊၃၉၂]

(က) **ပညိန္ဒြိယနိဒ္ဒေသေ တဿ တဿ အတ္ထဿ ပါကဋကရဏသင်္ခါတေန ပညာပနဋ္ဌေန ပညာ။** (ခ) **တေန တေနဝါ အနိစ္စာဒိနာ ပကာရေန ဓမ္မေ ဇာနာတီတိပိ ပညာ။**

(ဂ) **ဣဒမဿာ သဘာဝပဒံ။** (ဃ) **ပဇာနနာကာရော ပဇာနနာ။**

(င) **အနိစ္စာဒီနိ ဝိစိနာတီတိ ဝိစယော။** (စ) **ပဝိစယောတိ ဥပသဂ္ဂေန ပဒံ ဝဍ္ဎိတံ။**

(ဆ) **စတုသစ္စဓမ္မေ ဝိစိနာတီတိ ဓမ္မဝိစယော။**

➤ ❶ ။ (က) ပညိန္ဒြိယနိဒ္ဒေသေ၌။တဿ တဿ အတ္ထဿ၊အနက်ထိုထိုကို။(ဝါ) အာရုံ ထိုထိုကို။ ပါကဋကရဏသင်္ခါတေန၊ထင်ရှားအောင် ပြုခြင်းဟုဆိုအပ်သော။ပညာပနဋ္ဌေန၊အာရုံ ထိုထိုကို ထင်ရှားအောင်ပြုခြင်းဟုဆိုအပ်သော အနက်ကြောင့်။ပညာ၊မည်၏။

(ခ) ဝါ၊တနည်းကား။တေန တေန၊ထိုထိုသို့သော။အနိစ္စာဒိနာ၊အနိစ္စ အစရှိသော။ပကာရေန၊အပြားဖြင့်။ ဓမ္မေ၊တရားတို့ကို။ဇာနာတိ၊သိတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ပညာ၊မည်၏။

(ဂ) ဣဒံ၊ဤပညာဟူသော ပုဒ်သည်။အဿာ၊ထိုပညာ၏။သဘာဝပဒံ၊သဘောအားဖြင့်ရသော ပုဒ်တည်း။(ဝါ)သဘောအားဖြင့်ရသော အမည်တည်း။ (ဃ) ပဇာနနာကာရော၊ဓမ္မတို့ကို အပြားအားဖြင့် စိတ်၏ သိခြင်း အမူအရာကြိယာသည်။ပဇာနနာ၊မည်၏။ (င) အနိစ္စာဒီနိ၊အနိစ္စ စသည်တို့ကို။ဝိစိနာတိ၊စိစစ်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဝိစယော၊ဝိစယမည်၏။ (စ) ပဝိစယောတိ ပဒံ၊ပဝိစယောဟူသော ပုဒ်ကို။ ဥပသဂ္ဂေန၊ဥပသာရဖြင့်။ဝဍ္ဎိတံ၊ပွားစေအပ်၏။ (ဆ) စတုသစ္စဓမ္မေ၊သစ္စာလေးပါးတို့ကို။ဝိစိနာတိ၊စိစစ်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဓမ္မဝိစယော၊မည်၏။ (နိ-ဒု၊၁၇၅)

➤ ❷ ။ (ခ) **သို့/ ဋ္ဌပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အာရုံထိုထိုကို ထင်ရှားအောင်ပြုခြင်းဟု ဆိုအပ်သောအနက်ကြောင့် ပညာမည်သောဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤဆိုအပ်ပြီးသော အကြောင်းကြောင့်သာ ပညာမည်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထို့ကြောင့် (က) ဖြင့် အာရုံထိုထိုကို ထင်ရှားအောင်ပြုခြင်းဟု ဆိုအပ်သောအနက်ကြောင့် ပညာမည်သောဟုသာ မဆိုသင့်။ ပညာမည်ခြင်း၏ အကြောင်းတပါးကိုလည်း ပြဆိုသင့်သေး၏။ ပညာမည်ခြင်း၏ အကြောင်းတပါးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(စ) **သို့/ ဋ္ဌပနာပဥ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ပဝိစယောပုဒ်ကို ဟောတော်မူ၏။ ဤ

http://www.dhammadownload.com

သို့ပင်ဟောသော်လည်း ဤပုဒ်သည် ရှေးဝိစယောပုဒ်နှင့် အနက်ထူးမရှိ၊ တူနေသည် မဟုတ်ပါလော။ ထို့ကြောင့် ပဝိစယောပုဒ်ကို မဟောသင့်။ တပါးသော အနက်ထူးရှိသော ပုဒ်တို့ကိုသာ ဟောသင့်၏။ အဘယ်၏အစွမ်းဖြင့် ပဝိစယောပုဒ်ကို ဟောပါသနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

➢ ❸ ။ **(ခ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ အာရုံ ထိုထိုကို ထင်ရှားအောင်ပြုခြင်းဟူသော သကတ်အနက် အကြောင်းမှတပါး အနိစ္စ-စသော အပြားဖြင့် တရားတို့ကို သိတတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းတပါးကို လဲလိုသောကြောင့် ဝါ-သဒ္ဒါကို ထားရသည်။

(တနည်း) ပညာ၌ ပ-သဒ္ဒါ၏ ဓာတွတ္ထဗာဓက, ဉာဓာတ်၏ ပါကဋ္ဌကရဏအနက် အကြောင်းမှတပါး ပ-သဒ္ဒါ၏ ပကာရအနက် ဉာဓာတ်၏ အဝဗောဓနအနက် အကြောင်းကို လဲလိုသောကြောင့် ဝါ-သဒ္ဒါကို ထားရပါသည်။

➢ ❹ ။ (က) ပညာပေတီတိ **ပညာ**။ (၂) ပပုဗ္ဗ ဉာဓာတ်+အ-ပစ္စည်းသည်၄င်း၊ ထင်ရှားအောင်ပြုခြင်း, ထင်ရှားစေခြင်းကြိယာသည်၄င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ထင်ရှားအောင်ပြုခြင်း, ထင်ရှားစေခြင်းကြိယာသည် ပဝတ္တိနိမိတ်။

(ခ) ပကာရေန ဇာနာတီတိ **ပညာ**။ (ပပုဗ္ဗ ဉာဓာတ်+အ-ပစ္စည်း၊ သိခြင်းကြိယာ)

(တနည်း) ဇာနာတီတိ ဉာ။ ပကာရေန ဉာ **ပညာ**။ (၂) ပကာရဘောဂဏ်၏ သိတတ်သော တရားနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အပြားအားဖြင့် သိခြင်းကြိယာသည် (ဝါ) ပညာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➢ ❺ ။ **(က)** ၌ တဿ တဿ အတ္ထဿ-ဖြင့် ထင်ရှားအောင်ပြုခြင်းဟူသည် အနက်ထိုထိုကို ထင်ရှားအောင်ပြုခြင်းတည်းဟု သိစေပါသည်။(ဘာဝတ္ထ) **ပါကဋ္ဌကရဏသင်္ခါတေန**-ဖြင့် ပညာပနဋ္ဌ အရ ထင်ရှားအောင်ပြုခြင်းအနက်ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(တနည်း) ပပုဗ္ဗ ဉာဓာတ်၏ ပါကဋ္ဌကရဏအနက်ကို ဟော၏ဟု သိစေပါသည်။(ဒု-ဓာတွတ္ထ)

ပညာပနဋ္ဌေန-ဖြင့် ပညာ၌ ပပုဗ္ဗ ဉာဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ကွိပစ္စည်း၊ အ-ပစ္စည်း ကတ္တု, ကရဏ, ဘာဝသာဓနအနက်၌ သက်သည်ကို၄င်း(ဒု-ပစ္စယတ္ထ) ပ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏ အဖြစ်ကို၄င်း(ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ တေန တေန အနိစ္စာဒိနာ-ဖြင့် ပကာရ-အရ ထိုထို အနိစ္စ-စသော အပြားကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **ပကာရေန**-ဖြင့် ပညာ၌ ပ-သဒ္ဒါ ပကာရအနက်ကို ဟော၏ဟု သိစေပါသည်။(ဥပသဂ္ဂလိင်္ဂတ္ထ) **ဓမ္မေ**-ဖြင့် ဇာနာတိ၏ ကံကို သိစေပါသည်။(ဘာဝတ္ထ)

ဇာနာတိ-ဖြင့် ပညာ၌ ပပုဗ္ဗ ဉာဓာတ်၏ အဖြစ်ကို၄င်း(ဒု-ဓာတုပဒ) ဉာဓာတ်၏ အဝဗောဓနအနက် ဟောသည်ကို၄င်း(ဒု-ဓာတွတ္ထ) အ-ပစ္စည်း ကတ္တုသာဓနအနက်၌ သက်သည်ကို၄င်း(ဒု-ပစ္စယတ္ထ) ဇာနာတီတိ ဉာ-ဟု ပြုရမည်ကို၄င်း(အဘိဓာနတ္ထ) သိစေပါသည်။

အပေါင်းသံဝဏ္ဏနာဖြင့် ပကာရေန ဇာနာတီတိ ပညာ-ဟု ကိတန္တ တတိယာတပ္ပုရိသ်သမာသ် ပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ)

http://www.dhammadownload.com

(ဂ) ဖြင့် ဤပညာဟူသော ပုဒ်သည် ပညာ၏ သဘောအားဖြင့်ရသော ပုဒ်ဟု သိ။(ဘာဝတ္ထ)

(ဃ) ၌ ပဇာနနာကာရော-ဖြင့် ပဇာနနာ-၌ ပပုဗ္ဗ ဉာဓာတ်၏ အဖြစ်ကိုရင်း(ဒု-ဓာတုပဒ) ယု ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုရင်း(ဒု-ပစ္စယတ္ထ) ပဇာနိယတေ ပဇာနနာ-ဟု ပြုရမည်ကို ရင်း(အဘိဓာနတ္ထ) သိစေပါသည်။

(င) ၌ အနိစ္စာဒီနိ-ဖြင့် ဝိစိနာတိ-၏ ကံကို သိစေပါသည်။(ဘာဝတ္ထ) **ဝိစိနာတိ**-ဖြင့် ဝိစယော ၌ ဝိပုဗ္ဗ စိဓာတ်၏ အဖြစ်ကိုရင်း(ဒု-ဓာတုပဒ) ဏပစ္စည်း ကတ္တုသာဓနအနက်၌ သက်သည်ကိုရင်း (ဒု-ပစ္စယတ္ထ) ဝိစိနာတီတိ ဝိစယော-ဟု ပြုရမည်ကိုရင်း(အဘိဓာနတ္ထ) သိစေပါသည်။

(စ) ဖြင့် ပဝိစယော-၌ ပ-၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကို သိစေသည်။(ဥပသဂ္ဂလိင်္ဂတ္ထ)

(ဆ) ၌ **စတုသစ္စဓမ္မေ**-ဖြင့် ဓမ္မ-အရ သစ္စာလေးပါးတရားကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **ဝိစိနာတိ**-ဖြင့် ဝိစယော-၌ ဝိပုဗ္ဗ စိဓာတ်၏ အဖြစ်ကိုရင်း(ဒု-ဓာတုပဒ) ဏပစ္စည်း ကတ္တုသာဓနအနက်၌ သက်သည်ကိုရင်း (ဒု-ပစ္စယတ္ထ) ဝိစိနာတီတိ ဝိစယော-ဟု ပြုရ မည်ကိုရင်း(အဘိဓာနတ္ထ) သိစေပါသည်။ အပေါင်းသံဝဏ္ဏနာဖြင့် ဓမ္မေ ဝိစိနာတီတိ ဓမ္မဝိစယော-ဟု ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ် ပြုရမည်ဟု သိစေပါသည်။(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ)

➤ ❾။ **ကြိယာဝါးတန်** ။ ။ **(ခ) ဓမ္မိတံ-၌ ဓမ္မဓာတ်-အရ (ဝါ) ဗောဓာကတ္တာ၌ ကြိယာ-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) အရဟတ္တမဂ် ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။ (၃) "ပဝိစယော"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်,စသည်တို့သည် ဝိဘာဝတ္ထ။ (၅) တရားနာရခြင်း, မဂ် ဖိုလ် နိဗ္ဗာန် ရခြင်း စသည်တို့သည် အနုဘာဝတ္ထ။

➤ ❶❶။ **(က) တဿ တဿ အတ္ထဿ** -အရ ရုပ်ရုံစသော အာရုံခြောက်ပါး ပစ္စည်း တရားသည် **ပါကဋကရဏသင်္ခါတေန ပညာပနဋ္ဌေန ပညာ**-အရ ပညာ စေတသိက် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်= အာ၊ ဓိ၊ နိ၊ ဥပ၊ ပု၊ ဝိပ်၊ အတ္ထိ၊ အဝိ။

(ခ) **ဓမ္မေ**-အရ ရုပ် နာမ် အာရုံ ပစ္စည်းတရားသည် **ဝိစိနာတိ**-အရ ပညာ စေတသိက် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ၊ ပု၊ အတ္ထိ၊ အဝိ(၆)

(င) **အနိစ္စာဒီနိ**-အရ အနိစ္စ လက္ခဏ-စသော အာရုံ ပစ္စည်းတရားသည် **ဝိစိနာတိ**-အရ ပညာ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ၊ ပု၊ အတ္ထိ၊ အဝိ(၆)

(ဆ) **စတုသစ္စဓမ္မေ**-အရ သစ္စာလေးပါး အာရုံ ပစ္စည်းတရားသည် **ဝိစိနာတိ**-အရ ပညာ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ၊ ပု၊ အတ္ထိ၊ အဝိ(၆)

အာဘော်သံဝဏ္ဏနာ

(က) အနိစ္စာဒီနံ သလ္လက္ခဏဝသေန သလ္လက္ခဏာ၊ (ခ) သာမညေ ပုန ဥပသဂ္ဂနာနတ္တေန ဥပလက္ခဏာ ပစ္စုပလက္ခဏာတိ ဝုတ္တာ၊ (ဂ) ပဏ္ဍိတဿ ဘာဝေါ ပဏ္ဍိစ္စံ၊ (ဃ) ကုသလဿ ဘာဝေါ ကောသလ္လံ၊ (င) နိပုဏဿ ဘာဝေါ နေပုညံ။

http://www.dhammadownload.com

(က) ၌ အနိစ္စာဒီနံ-ဖြင့် သလ္လက္ခဏ၏ ဆဋ္ဌီကံကို သိစေပါသည်။(ဘာဝတ္ထ) သလ္လက္ခဏဝသေန-ဖြင့် သလ္လက္ခဏ-၌ သံပုဗ္ဗ လက္ခဏတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ယုပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သလ္လက္ခိယတေ သလ္လက္ခဏ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိ။ (ခ) ဖြင့် ထိုကောင်းစွာမှတ်တတ်သော ပညာကိုသာ ဥပသာရပုဒ်ထူးသည်၏ အဖြစ်ဖြင့် ဥပလက္ခဏာ ပစ္စုပလက္ခဏာ-ဟု ဟောထားသည်ဖြစ်၍ ဥပ, ပတိ ဥပသာရပုဒ်များ အနက်ထူးမရှိ၊ ဓာတွတ္ထာနုဝတ္တကဟု သိစေပါသည်။(ဥပသဂ္ဂလိင်္ဂတ္ထ)

သာဓယေဝ-၌ (၁) ကောင်းစွာမှတ်တတ်သော ပညာသည် (တနည်း) သလ္လက္ခဏာပုဒ်သည် ဂဟေတဗ္ဗတ္ထ။ (၂) ပညာမှတပါးသော တရားသည် (တနည်း) သလ္လက္ခဏာမှ တပါးသော ပုဒ်သည် နိဝတ္တေတဗ္ဗတ္ထ။

(ဂ) ဖြင့် ပဏ္ဍိစ္စပုဒ်ကို ပဏ္ဍိတဿ ဘာဝေါ ပဏ္ဍိစ္စံ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) သိစေပါသည်။

(ဃ) ဖြင့် ကောသလ္လပုဒ်ကို ကုသလဿ ဘာဝေါ ကောသလ္လံ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) သိစေပါသည်။

(င) ဖြင့် နေပုညပုဒ်ကို နိပုဏဿ ဘာဝေါ နေပုညံ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) သိစေပါသည်။

ပါဌ် (၅၆) [ဋ္ဌ၊၁၉၁။ ပြည်၊ဒု၊၁၇၀။ ဘာသာဋီ၊ဒု၊၃၉၄]

(က) အနိစ္စာဒီနံ ဝိဘာဝနဝသေန ဝေဘဗျာ။ (ခ) အနိစ္စာဒီနံ စိန္တနကဝသေန စိန္တာ။

(ဂ) ယဿ ဝါ ဥပ္ပဇ္ဇတိ၊ တံ အနိစ္စာဒီနိ စိန္တာပေတီတိပိ စိန္တာ။

(ဃ) အနိစ္စာဒီနိ ဥပပရိက္ခတီတိ ဥပပရိက္ခာ။ (င) ဘူရီတိ ပထဝိယာ နာမံ။

(စ) အယမ္ပိ သဏှဋ္ဌေန ဝိတ္ထတဋ္ဌေန စ ဘူရီ ဝိယာတိ ဘူရီ။

(ဆ) တေန ဝုတ္တံ ""ဘူရီ ဝုစ္စတိ ပထဝီ၊ တာယ ပထဝီသမာယ ဝိတ္ထတာယ ဝိပုလာယ ပညာယ သမန္နာဂတောတိ ဘူရိပညော""တိ။ (ဇ) အပိစ ပညာယ ဧတံ အဓိဝစနံ ဘူရီတိ။

(ဈ) ဘူတေ အတ္ထေ ရမတီတိပိ ဘူရီ။

➢ ❶ ။ (က) အနိစ္စာဒီနံ၊အနိစ္စ စသည်တို့ကို။ဝိဘာဝနဝသေန၊ထင်စွာပြတတ်သည်၏ အစွမ်းဖြင့်။ ဝေဘဗျာ၊မည်၏။ ✱ **ဝေဘဗျာ=** ဓမ္မ၏ အနိစ္စ-စသော သဘောကို ထင်စွာပြတတ်သော ပညာ။

(ခ) အနိစ္စာဒီနံ၊အနိစ္စ စသည်တို့ကို။စိန္တနကဝသေန၊ကြံတတ်သည်၏ အစွမ်းဖြင့်။စိန္တာ၊မည်၏။

(ဂ) ဝါ၊တနည်းကား။ယဿ၊အကြင်သူအား။ဥပ္ပဇ္ဇတိ၊ဖြစ်၏။တံ ပုဂ္ဂလံ၊ထိုမိမိဖြစ်ရာ ပုဂ္ဂိုလ်ကို။အနိစ္စာဒီနိ၊ အနိစ္စ စသည်တို့ကို။စိန္တာပေတိ၊ကြံစေတတ်၏။ဣတိပိ၊ထို့ကြောင့်လည်း။စိန္တာ၊မည်၏။

(ဃ) အနိစ္စာဒီနိ၊အနိစ္စ စသည်တို့ကို။ဥပပရိက္ခတိ၊ကပ်၍ ရှုတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ ဥပပရိက္ခာ၊မည်၏။ (င) ဘူရီတိ နာမံ၊ဘူရီဟူသော အမည်သည်။ပထဝိယာ၊မြေ၏။နာမံ၊အမည်တည်း။

(စ) အယမ္ပိ၊ဤပညာသည်လည်း။သဏှဋ္ဌေန၊သိမ်မွေ့သော အနက်ကြောင့်၎င်း။ဝိတ္ထတဋ္ဌေန စ၊ပျံ့နှံ့

http://www.dhammadownload.com

ကြီးကျယ်သော အနက်ကြောင့်ၡင်း။ဘူရိ ဝိယ၊မြေကြီးနှင့်တူသည်။ဟောတိ၊၏၊။ဣတိ တသ္မာ၊ထို့ကြောင့်။ ဘူရိ၊မည်၏။ **(ဆ)** တေန၊ထို့ကြောင့်။"ဘူရိ ဝုစ္စတိ ပထဝီ၊ တာယ ပထဝီသမာယ ဝိတ္ထဋ္ဌာယ ဝိပုလာယ ပညာယ သမန္နာဂတောတိ ဘူရိပညော"တိ၊ဟူ၍။(ဘဂဝတာ၊သည်)ဝုတ္တံ၊ဟောတော်မူအပ်ပြီ။ ✱ ပထဝီ၊မြေကြီး ကို။ဘူရီတိ၊ဘူရိဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ပထဝီသမာယ၊မြေကြီးနှင့်တူသော။ဝိတ္ထဋ္ဌာယ၊ပျံ့နှံ့ကြီးသော။ဝိပုလာယ၊ ပြန့်ပြောသော။တာယ ပညာယ၊ထိုပညာနှင့်။သမန္နာဂတော၊ပြည့်စုံသည်တည်း။ဣတိ၊ထို့ကြောင့်။ဘူရိပညော၊ မည်၏။ **(ဇ)** အပိစ၊တနည်းကား။ဘူရီတိ ဇတံ၊ဘူရိဟူသော အမည်သည်။ပညာယ၊၏။အဓိဝစနံ၊အမည်တည်း။

(ဈ) ဘူတေ၊ထင်ရှားသော။(ဝါ)ဟုတ်မှန်သော။အတ္ထေ၊အနက်၌။ရမတိ၊မွေ့လျော်တတ်၏။ဣတိ တသ္မာပိ၊ ထို့ကြောင့်လည်း။ဘူရိ၊မည်၏။(နိ-ဒု၊၁၇၆)

➢ ❷ ။ **(င) သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ ဘူရိ-ဟု ဟောတော်မူ၏။ ဤမျှသာဆိုချေသော် ဘူရိ-အရ ပညာကိုသာ ယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါ လော။ ထိုသို့ မှတ်အပ်လေသောကြောင့် ဘူရိ-ဟုသာ ဟောတော်မမူသင့်။ ဘူရိ-အရ မြေကို ကောက်ယူရမည်ကိုလည်း ပြဆိုသင့်သေး၏။ ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့-(င) မိန့်။

(စ) သို့/ ပါပနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် ဘူရိဟူသော အမည်သည် မြေ၏ အမည်တည်းဟု ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် မြေသည်သာလျှင် ဘူရိ မည်၏ဟူသော အနက်သည် ရောက်ရာသည်။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဘူရိမည်သော အခြားတရားတို့ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား အဗ္ဗာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဘူရိမည်သော အခြားတရားတို့ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။ [**နောက်သမုစ္စယ၊ အဖြေပြ၊ ၈၀-အာဘော်ဆင်-ဟူသည်နှင့်အညီ အယမ္ပိ-၌ ပိ-ကို ရှု၍တက်သည်။**]

(တနည်း) ဆရာ၊ ဆရာသည် (င) ဖြင့် ဘူရိ-အရ မုချတ္ထအားဖြင့် မြေကြီးကို ယူရမည်ဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဘူရိသဒ္ဒါ၏ မုချတ္ထအားဖြင့် ယူရသော အဘိဓေယျတ္ထသာ ရှိ၏ဟူသော အနက်သည် ရောက်ရာ၏။(ပ) ကြောင့် ဘူရိ-သဒ္ဒါ၏ ဥပစာအားဖြင့် ယူအပ် ယူသင့်သော အဘိဓေယျတ္ထ ကိုလည်း ပြဆိုသင့်သေး၏။(ပ) ရာ၏။ ဘူရိ-သဒ္ဒါ၏ ဥပစာအားဖြင့် ယူအပ် ယူသင့်သော အဘိဓေယျတ္ထ ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

(ဆ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (စ)ဖြင့် ပညာသည်လည်း သိမ်မွေ့သော အနက်ကြောင့်ၡင်း၊ ပျံ့နှံ့ကြီးကျယ်သော အနက်ကြောင့်ၡင်း မြေကြီးနှင့်တူရကား ဘူရိမည်သောဟု ဆိုတော် မူ၏။ ထိုသို့သာ ဆိုချေသော် ဆရာ့စကားသည် ဒဠှီယမျှသာဖြစ်၍ ဒဠှီအာဂမ သာဓကဉာပကနှင့်ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ထိုသို့ မခိုင်မြဲရာသောကြောင့် (စ)ဖြင့် --ဘူရိမည်သောဟုသာ မဆို သင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ဒဠှီအာဂမ သာဓကဉာပကကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့ စကားကို မြဲခိုင်စေတတ်သော ဒဠှီအာဂမ သာဓကဉာပကကား အဘယ်ပါနည်း။ ဤသို့- (ဆ) မိန့်။

(ဇ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (စ)ဖြင့် ဘူရိပုဒ်ကို ဥပမာတဒ္ဓိတ်ပြု၍ ပညာကို

http://www.dhammadownload.com

ယူရသည်၏အဖြစ်ကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဘူရီအရ ဥပမာတဒ္ဓိတ် မပြုမူ၍ အထင်ရှင်ဳ ကေဒေသျပ္ပစာအားဖြင့် ပညာယူရသည်ကို မပြဆိုဟု မှတ်အပ်သည် မဟုတ်ပါလော။ ထို့ကြောင့် (စ)ဖြင့် ဘူရိပုဒ်ကို ဥပမာတဒ္ဓိတ်ပြု၍ ပညာကို ယူရသည်၏အဖြစ်ကိုသာ မပြဆိုသင့်။ ဘူရီ-အရ ဥပမာတဒ္ဓိတ် မပြုမူ၍ အထင်ရှင်ဳ ကေဒေသျပ္ပစာအားဖြင့် ပညာယူရသည်ကိုလည်း ပြဆိုသင့်သေး၏။ ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဇ) မိန့်။

သမာနေပိ–၌ ပိ–သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အတိရေကပစ္စယာ–ဟူသော စပ်ပုဒ်သည် မြတ်သောကြောင့် သမ္ဘာဝနာသမုစ္စည်းအနက်ကို ပြလို၍ ပိ(အပိ)ကို ထားရပါသည်။

တသ္မာ–ကို ထားရခြင်းအကြောင်း ။ ။ ဤ၌ ဖဿ–စသော တရားသုံးပါးတို့ကိုသာ အာဟာရဟူ၍ ဟောတော်မူအပ်ကုန်၏ဟု ရအပ်သော အကျိုးဂုဏ်ကို ပြလိုသောကြောင့် တသ္မာ–ကို ထားသည်။

➤ ❾ ။ သမုဋ္ဌာပီယတေတိ **သမုဋ္ဌာနံ**။ (သံ–ရှေး ဥ–ရှေးရှိသော ဌာဓာတ်+ယုပစ္စည်း)

တေဟိ သမုဋ္ဌာနံ **တံသမုဋ္ဌာနံ**။ (၂) တ–ပုဒ်+သမုဋ္ဌာနပုဒ်သည်ငှင်း၊ ငါးဆယ့်သုံးပါးသော တရားတို့၏ ဖြစ်စေအပ်သော ရုပ်တရားနှင့် ဇနက+ဇည အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ငါးဆယ့်သုံးပါးသော တရားတို့သည် ဖြစ်စေအပ်သော ရုပ်တရား၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သမုဋ္ဌာတီတိ သမုဋ္ဌာနံ။ တေဟိ သမုဋ္ဌာနံ **တံသမုဋ္ဌာနံ**။ (၂) ထို ဖဿ, ဝေဒနာ, သညာတရားတို့၏ ဖြစ်သော ရုပ်တရားနှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။

ရုပ္ပတီတိ ရူပံ။ တံသမုဋ္ဌာနဉ္စ တံ ရူပဉ္စာတိ **တံသမုဋ္ဌာနရူပံ**။

(၂) ထို (၅၃)ပါးသော တရားတို့သည် ဖြစ်စေအပ်သော အဖြစ်၏ ရုပ်တရားနှင့် သာမိ+သာမျ၊ ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ထိုတရားတို့သည် ဖြစ်စေအပ်သော ရုပ်ဒြဗ်သည် ပဝတ္တိနိမိတ်။

ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ **ပစ္စယော**။ (ပတိပုဗ္ဗ ဣ–ဓာတ်+ဏပစ္စည်း)

သင်္ခါယတေတိ **သင်္ခါတော**။ (သံပုဗ္ဗ ခါဓာတ်+တ–ပစ္စည်း)

ပစ္စယော ဣတိ သင်္ခါတော **ပစ္စယသင်္ခါတော**။ (၂) ပစ္စယပုဒ်+သင်္ခါတပုဒ်သည်ငှင်း၊ သမ္ဘာဝနာဘောဂုဏ်၏ ဆိုအပ်သော အာဟာရအနက်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အာဟာရပစ္စည်းဟုဆိုအပ်သော အာဟာရအနက်သည် ပဝတ္တိနိမိတ်။

အတ္တနော ဖလံ အာဟရန္တီတိ **အာဟာရာ**။ (၂) အာပုဗ္ဗ ဟရဓာတ်+ဏပစ္စည်းသည်ငှင်း၊ ဆောင်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဆောင်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

အာဟရတီတိ အာဟာရော။ အာဟာရော ဧဝ အတ္ထော **အာဟာရဋ္ဌော**။ (၂) အာဟာရ၏ အနက်နှင့် ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အာဟာရအနက်ဒြဗ်

http://www.dhammadownload.com

သည် ပဝတ္တိနိမိတ်။

အဝသိဿန္တီတိ **အဝသေသာ**။ (အဝပုဗ္ဗ သိသဓာတ်+ဏပစ္စည်း)

အတိရေစန္တီတိ အတိရေကာ။ (အတိပုဗ္ဗ ရိစဓာတ်+ဏပစ္စည်း) အတိရေကာ ပစ္စယာ အတိရေကပစ္စယာ။

(တနည်း) အတိရေစတီတိ အတိရေကော။ အတိရေကေန ပစ္စယာ **အတိရေကပစ္စယာ**။

(၂) အတိရေကပုဒ်+ပစ္စယပုဒ်သည်၎င်း၊ အတိရေကဘောဂဏ်၏ အကြောင်းဖြစ်သော နာမ်အာဟာရတရားကိုယ်သုံးပါးတို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) လွန်ကဲသော အကြောင်း (ဝါ) လွန်ကဲသောအားဖြင့် ကျေးဇူးပြုတတ်သော နာမ်အာဟာရတရားကိုယ် သုံးပါးတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(ခ)** ၌ ပစ္စယသင်္ခါတေန-ဖြင့် အာဟာရ-အရ သဟဇာတ-စသော ပစ္စည်းကို မယူရ၊ အာဟာရပစ္စည်းကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(တနည်း) ပစ္စယသင်္ခါတေန-ဖြင့် အာဟာရဋ္ဌသည် ဇနကဖြစ်သော ဟေတု၊ ဥပတ္ထမ္ဘကဖြစ်သော ပစ္စယ၊ နှစ်ပါးလုံးနှင့် ဆက်ဆံသော်လည်း ဥပတ္ထမ္ဘကဖြစ်သော ပစ္စယကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **အာဟာရဋ္ဌေန**-ဖြင့် အာဟာရာ-၌ အာပုဗ္ဗ ဟရဓာတ်၏အဖြစ်ကိုင်း(ဒ္ဓ-ဓာတုပဒ) ဏပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒ္ဓ-ပစ္စယတ္ထ) အာဟာရန္တီတိ အာဟာရာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) အာဟာရမည်ခြင်း၏ အကြောင်းသကတ်အဖြစ်ကိုင်း(ဘာဝတ္ထ) သိ။

တယောဝေတ္ထ ဓမ္မာ-ဖြင့် တယော အာဟာရာ ဟောန္တိ-၌ အာဟာရာ-အရ ဖဿ, စေတနာ, ဝိညာဉ် သုံးပါးတို့ကိုသာ ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(တနည်း) တယော အာဟာရာ ဟောန္တိ-ကို တယော ဧဝ အာဟာရာ ဟောန္တိ-ဟု ဧဝတ္ထဖလနည်းဖြင့် အနက်ယောဇနာရမည်ဟု သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ၌ အဝသေသာ နော အာဟာရာ-ဖြင့် တယော ဧဝ-၌ ဧဝ-သဒ္ဒါ၏ နိဝတ္တာပနာဝဓာရဏ အနက်ရှိသည်၏ အဖြစ်ကိုင်း(နိပါတလိင်္ဂတ္ထ) ယင်း ဧဝ-သဒ္ဒါဖြင့် သုံးပါးမှကြွင်းသော ငါးဆယ့်သုံးပါးသော တရားတို့သည် အာဟာရ မမည်ကုန်ဟူသော ဧဝတ္ထဖလကိုင်း(ဘာဝတ္ထ) သိစေပါသည်။

➤ ❼ ။ **(ဃ) ပန**-ကား ပက္ခန္တရတ္ထ (တနည်း) ဝါကျာရမ္ဘတ္ထ။ **ဝါ**-သဒ္ဒါနှစ်ခုကား အညမညသမုစ္စယတ္ထ။ (စ) **ပန**-ကား ဝိသေသတ္ထ။ (ဝါ) သမ္ဘာဝနတ္ထ။ **(ဃ) ဧတေ**-၌ ဧတ-သည် ရှေ့၌ဆိုခဲ့ပြီးသော အဝသေသာပုဒ်ကို စွဲယူသောကြောင့် ပက္ကန္တဝိသယ။ **(စ) ဣမေ**-၌ ဣမ-သည် ရှေ့၌ဆိုခဲ့ပြီးသော တယော ဓမ္မာပုဒ်ကို စွဲယူသောကြောင့် ပက္ကန္တဝိသယ။

(ခ) တယောဝ-၌ (၁) ဖဿ, စေတနာ, ဝိညာဉ် သုံးပါးသည် ဂဟေတဗ္ဗတ္ထ။ (၂) ကြွင်းသော (၅၃)ပါးသော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဖဿ, စေတနာ, ဝိညာဉ်တို့၏ (၅၃)ပါးသော တရားတို့ထက် အလွန်အကဲ ကျေးဇူးပြုတတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

(တနည်း) ဖဿ, စေတနာ, ဝိညာဉ်တို့၏ မိမိအကျိုးကို ဆောင်တတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

http://www.dhammadownload.com

(ဆ) တေနေဝ–၌ (၁) ဥပတ္ထမ္ဘကသတ္တိဟူသော အကြောင်းကြောင့် အာဟာရဟု ဆိုခြင်းသည် ဂဟေတဗ္ဗတ္ထ။ (၂) ဥပတ္ထမ္ဘကသတ္တိဟူသော အကြောင်းကြောင့် အာဟာရဟု မဆိုခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အတိရေကပစ္စယာဟူသော အကြောင်းကြောင့် အာဟာရဟူ၍ ဆိုနိုင်ခြင်းသည် အနုညာတတ္ထ။

➢ ❶ ။ **ကြိယာငါးတန်** ။ ။ **(စ) ဝုတ္တာဝုဒ်–အရ** "ဖဿ, မနောသဉ္စေတနာ, ဝိညာဏ်"တို့ကို ယူ၍ (၁) ထို–သည် ဒဿနတ္ထ။ (၂) သင္ဂါယတန, အဝိဇ္ဇာ, သင်္ခါရတို့သည် ဒီပကတ္ထ။ (၃) မိမိမှ ကြွင်းသော စိတ်, စေတသိက်တို့ကို ကျေးဇူးပြုတတ်သော တရားတို့သည်၎င်း၊ ဝေဒနာ, ဝိညာဏ်, နာမ်ရုပ်တို့သည်၎င်း ပကာသနတ္ထ။ (၄) နာမ်ရုပ်, အာသဝတရား, အဝိဇ္ဇာတို့သည် ဝိဘာဝတ္ထ။ (၅) တဏှာ နာမ်ရုပ်, သဠာယတနတို့သည် အနုဘာဝတ္ထ။

ဝုတ္တာ–၌ အန္တတ္တ ဝစခေတ်–အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို–သည် ဒဿနတ္ထ။ (၃) "တယော အာဟာရာ"စသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။(စာ–၄၂၃–ကြည့်)

(ဆ) ဝုတ္တံ–၌ အန္တတ္တ ဝစခေတ်–အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို–သည် ဒဿနတ္ထ။ (၃) "အရူပိနော အာဟာရာ"စသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။(စာ–၄၂၃)

➢ ❶❶ ။ **(ဃ) ဧတေ+အညမညံဝါ+တံသမုဋ္ဌာနရူပဿ ဝါ** ။ ။ ဧတေ–အရ သုံးပါးမှကြွင်းသော (၅၃)ပါး ပစ္စည်းတရားသည် အညမညံ–အရ အချင်းချင်းအား (ဝါ) ပဌမ မဟာကုသိုလ် စိတ္တုပ္ပါဒ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ သံမ်၊ အတ္ထိ၊ အဝိဂတ (၆)

ဧတေ–အရ ငါးဆယ့်သုံးပါးသော ပစ္စည်းတရားသည် **တံ သမုဋ္ဌာနရူပဿ**–အရ တံသမုဋ္ဌာန်ရုပ်အား (ဝါ) စိတ္တဇရုပ်အား ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ နိ၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၅)

ဧတေ–အရ ငါးဆယ့်သုံးပါးသော ပစ္စည်းတရားသည် **အညမညံ ဝါ တံ သမုဋ္ဌာနရူပဿ ဝါ**–အရ အချင်းချင်းအား၎င်း, တံသမုဋ္ဌာန်ရုပ်အား၎င်း ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ နိ၊ အတ္ထိ၊ အဝိဂတ (၄)

ပါဠိ (၅၉) [ဋ္ဌ၊၁၉၇။ ပြည်၊ဒု၊၁၉၇။ ဘာသာဋီ၊ဒု၊၄၁၈]

(က) အဓိပတိယဋ္ဌေန ပန အဋ္ဌေဝ ဓမ္မာ ဣန္ဒြိယာနိ ဟောန္တိ၊ န အဝသေသာ၊

(ခ) တေန ဝုတ္တံ "အဋ္ဌိန္ဒြိယာနိ ဟောန္တိ"တိ၊

(ဂ) ဥပနိဇ္ဈာယနဋ္ဌေန ပဉ္စေဝ ဓမ္မာ ဈာနင်္ဂါနိ ဟောန္တိ၊

(ဃ) တေန ဝုတ္တံ "ပဉ္စင်္ဂိကံ ဈာနံ ဟောတိ"တိ၊

(င) နိယျာနဋ္ဌေန စ ဟေတုဋ္ဌေန စ ပဉ္စေဝ ဓမ္မာ မဂ္ဂင်္ဂါနိ ဟောန္တိ၊

(စ) တေန ဝုတ္တံ "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"တိ၊

(ဆ) ကိဉ္စာပိ ဟိ အဋ္ဌင်္ဂိကော အရိယမဂ္ဂေါ၊ လောကိယစိတ္တေ ပန ဧကက္ခဏေ တီသော ဝိရတိယော န လဗ္ဘန္တိ၊ တသ္မာ ""ပဉ္စင်္ဂိကော""တိ ဝုတ္တော၊

http://www.dhammadownload.com

(ဈ) နနု စ ""ယထာဂတမဂ္ဂေါတိ ခေါ ဘိက္ခု အရိယဿေတံ အဋ္ဌင်္ဂိကဿ မဂ္ဂဿ အဓိဝစန""န္တိ ဣမသ္မိံ သုတ္တေ ယထေဝ လောကုတ္တရမဂ္ဂေါ အဋ္ဌင်္ဂိကော၊ ပုဗ္ဗဘာဂဝိပဿနာမဂ္ဂေါပိ တထေဝ ""အဋ္ဌင်္ဂိကော""တိ ယထာဂတဝစနေန ဣမဿတ္ထဿ ဒီပိတတ္တာ လောကိယမဂ္ဂေနာပိ အဋ္ဌင်္ဂိကေန ဘဝိတဗ္ဗန္တိ? န ဘဝိတဗ္ဗံ။

➤ ❶ ။ **(က)** ပန၊ထိုမှတပါး။အဓိပတိယဋ္ဌေန၊အစိုးရသည်၏အဖြစ်ဟူသော အနက်ကြောင့်။ အဋ္ဌေဝ ဓမ္မာ၊ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟူသော ရှစ်ပါးသော တရားတို့သည်သာလျှင်။ဣန္ဒြိယာနိ၊ဣန္ဒြေမည်ကုန်သည်။ဟောန္တိ၊ကုန်၏။အဝသေသာ၊ရှစ်ပါးမှကြွင်းကုန်သော တရားတို့သည်။ဣန္ဒြိယာနိ၊ဣန္ဒြေတို့သည်။န ဟောန္တိ၊မဖြစ်ကုန်။ **(ခ)** တေန၊ထို့ကြောင့်။"အဋ္ဌိန္ဒြိယာနိ ဟောန္တိ" တိ၊ဟူ၍။(ဘဂဝတာ၊သည်) ဝုတ္တံ၊ဟောတော်မူအပ်၏။ **(ဂ)** ဥပနိဇ္ဈာယနဋ္ဌေန၊ကသိုဏ်းစသော အာရုံသို့ ကပ်၍ ရှုခြင်း ကြံခြင်းဟူသော အနက်ကြောင့်။ပဉ္စေဝ ဓမ္မာ၊ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ–ဟူသော ငါးပါးသော တရားတို့သည်သာလျှင်။ဈာနင်္ဂါနိ၊ဈာနင်တို့သည်။ဟောန္တိ၊ကုန်၏။ **(ဃ)** တေန၊ထို့ကြောင့်။"ပဉ္စင်္ဂိကံ ဈာနံ ဟောတိ"တိ၊ဟူ၍။(ဘဂဝတာ၊သည်) ဝုတ္တံ၊၏။

(င) နိယျာနဋ္ဌေန စ၊ဝဋ်မှထွက်မြောက်ကြောင်းဟူသော အနက်ကြောင့်၎င်း။ဟေတွဋ္ဌေန စ၊နိဗ္ဗာန်သို့ ရောက်ကြောင်းဟူသော အနက်ကြောင့်၎င်း။ပဉ္စေဝ ဓမ္မာ၊သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ–ဟူသော ငါးပါးသော တရားတို့သည်သာလျှင်။မဂ္ဂင်္ဂါနိ၊မဂ္ဂင်တို့သည်။ဟောန္တိ၊ကုန်၏။

(စ) တေန၊ထို့ကြောင့်။"ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"တိ၊ဟူ၍။ဝုတ္တံ၊ဟောတော်မူအပ်၏။

(ဆ) ဟိ၊ဆက်။အဋ္ဌင်္ဂိကော၊အင်္ဂါရှစ်ပါးရှိသော။အရိယမဂ္ဂေါ၊အရိယာမဂ်သည်။ကိဉ္စာပိ ဟောတိ၊အကယ်၍ကား ဖြစ်၏ရှင့်။ပန တထာပိ၊ထိုသို့ပင် ဖြစ်ပါသော်လည်း။လောကိယစိတ္တေ၊လောကီစိတ်၌။ဧကက္ခဏေ၊တခုသော ခဏ၌။တိဿော၊ကုန်သော။ဝိရတိယော၊တို့သည်။န လဗ္ဘန္တိ၊မရအပ်ကုန်။တသ္မာ၊ထို့ကြောင့်။"ပဉ္စင်္ဂိကော"တိ၊ဟူ၍။ဝုတ္တော၊ဟောတော်မူအပ်၏။

(ဈ) နနု စ စောဒေမိ၊စောဒနာဦးအံ့။ဘိက္ခု၊ရဟန်း။ခေါ၊စင်စစ်။ယထာဂတမဂ္ဂေါတိ ဧတံ၊ယထာဂတ မဂ်ဟူသော ဤအမည်သည်။(ဝါ) ရှေးအဖို့၌ဖြစ်သော မဂ်အားလျော်စွာ ဖြစ်တတ်သော မဂ်ဟူသော ဤအမည်သည်။အရိယဿ၊အရိယာဖြစ်သော။အဋ္ဌင်္ဂိကဿ၊အင်္ဂါရှစ်ပါးရှိသော။မဂ္ဂဿ၊မဂ်၏။အဓိဝစနံ၊အမည်တည်း။ဣတိ၊ဤသို့။ဣမသ္မိံ သုတ္တေ၊ဤသုတ်၌။လောကုတ္တရမဂ္ဂေါ၊သည်။အဋ္ဌင်္ဂိကော၊အင်္ဂါရှစ်ပါးရှိသည်။ဟောတိ ယထေဝ၊ဖြစ်၏သို့သာလျှင်။ပုဗ္ဗဘာဂဝိပဿနာမဂ္ဂေါပိ၊မဂ်၏ ရှေ့အဖို့၌ဖြစ်သော ဝိပဿနာနှင့်ယှဉ်သော မဂ်သည်လည်း။အဋ္ဌင်္ဂိကော၊အင်္ဂါရှစ်ပါးရှိသည်။ဟောတိ၊၏။ဣတိ၊ဤသို့။ယထာဂတဝစနေန၊ယထာဂတ–သဒ္ဒါဖြင့်။ဣမဿ အတ္ထဿ၊ဤအနက်၏။ဒီပိတတ္တာ၊ပြအပ်သည်၏ အဖြစ်ကြောင့်။ လောကိယ မဂ္ဂေနာပိ၊လောကီမဂ်သည်လည်း။အဋ္ဌင်္ဂိကေန၊အင်္ဂါရှစ်ပါးရှိသည်။ဘဝိတဗ္ဗံ နနု၊ဖြစ်ရာသည် မဟုတ်လော။ ဣတိ အယံ၊ဤသည်ကား။စောဒနာ၊စောဒနာခြင်းတည်း။(လောကိယမဂ္ဂေနာပိ၊လောကီမဂ်သည်လည်း။ အဋ္ဌင်္ဂိကေန၊အင်္ဂါရှစ်ပါးရှိသည်။) န ဘဝိတဗ္ဗံ၊မဖြစ်ရာ။ (နိ–၃၊၂၀၃)

➤ ❷ ။ **(ခ) သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ရှစ်ပါးသော တရား

http://www.dhammadownload.com

တို့သည်သာလျှင် ဣန္ဒြေမည်ကုန်၏ဟု ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဆရာ့စကားသည် ဒဠှီယမှုသာဖြစ်၍ ဒဠှီအာဂမသာဓက ဉာပကနှင့်ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ထို့ကြောင့် (က) ဖြင့် ရှစ်ပါးသော တရားတို့သည်သာလျှင် ဣန္ဒြေမည်ကုန်၏ဟုသာ မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ဒဠှီအာဂမသာဓက ဉာပကကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ဒဠှီအာဂမသာဓက ဉာပကကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဆ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"ဟူ၍ ဟောတော်မူ၏။ ထိုသို့ပင် ဟောတော်မူပါသော်လည်း အရိယာမဂ်သည် အင်္ဂါရှစ်ပါးရှိသည် မဟုတ်ပါလော။ ထိုသို့ အရိယာမဂ်သည် အင်္ဂါရှစ်ပါးရှိလေသောကြောင့် "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"ဟူ၍ ဟောတော်မမူသင့်။ "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"ဟူ၍ ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"ဟူ၍ ဘုရားရှင် ဟောတော်မူပါသနည်း။ ဤသို့-(ဆ)မိန့်။

(ဆ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ပဉ္စင်္ဂိကော-ဟု ဟောတော်မူ၏။ ထိုသို့သာဆိုချေသော် မဂ်သည် အင်္ဂါငါးပါးသာ ရှိ၏ဟူသော အနက်ရောက်ရာ၏။ စင်စစ်တမူကား မဂ်သည် အင်္ဂါရှစ်ပါးရှိသည်သာဖြစ်၏။ ထိုသို့ မဂ်သည် အင်္ဂါရှစ်ပါးရှိသည်သာဖြစ်သောကြောင့် အဋ္ဌင်္ဂိကော ဟု ဟောသင့် ဟောတန်၏။ ပဉ္စင်္ဂိကော-ဟု မဟောသင့် မဟောတန်။ အကယ်၍ မဟောသင့်ဘဲ ဟောချေသော် မြတ်စွာဘုရားအား သဒ္ဒ အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ အဘယ့်ကြောင့် ပဉ္စင်္ဂိကော-ဟု ဟောတော်မူပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဆ) မိန့်။

အဓိပ္ပါယ်ကား- အရိယာမဂ်သည် အဋ္ဌင်္ဂိကဖြစ်သော်လည်း လောကီစိတ်၌ တစ်ခုသော ခဏ၌ သုံးပါးကုန်သော ဝိရတိစေတသိက်တို့ မရအပ်ကုန်သောကြောင့် ပဉ္စင်္ဂိကော-ဟု မြတ်စွာဘုရား ဟောတော်မူသည်ဖြစ်ရကား သင်တင်တိုင်းသော သဒ္ဒ အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ မြတ်စွာဘုရားအား မရောက် ဆိုသင့် ဆိုတန်၏ဟူလို။

(ဇ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဆ) ဖြင့် လောကီစိတ်၌ တပြိုင်နက်သော ခဏ၌ ဝိရတီသုံးပါးတို့ကို မရအပ်သောကြောင့် ပဉ္စင်္ဂိကော-ဟူ၍ ဟောတော်မူအပ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် သုတ္တန်ပါဠိတော်ကို ထောက်ထား၍ စောဒနာနှင့်တကွ ပရိဟာရကို မပြဆိုဟု အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် စောဒနာနှင့်တကွ ပရိဟာရကိုလည်း ဆရာပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ စောဒနာနှင့်တကွ ပရိဟာရကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဇ) မိန့်။

➤ **❷** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် နိရတ္ထကဒေါသ (ဝါ) ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)(င)** တို့ဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဆ)** ဖြင့် ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ-ဟူ၍ ဟောတော်မူရာ၌ ဖြစ်သင့်သော စောဒကာဘောဂ ပရိဟာရာဘောဂကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဇ)** ဖြင့် သုတ္တန်ပါဠိတော်ကို ထောက်ထား၍ ပဉ္စင်္ဂိကော မဂ္ဂေါ-ဟူသော စကားရပ်နှင့်

http://www.dhammadownload.com

ပတ်သက်၍ စေတနာနှင့်တကွ ပရိဟာရကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(ဆ) ၌ ကိဠာပိ-ကို ထားခြင်းအကြောင်း ။ ။ အရိယာမဂ်သည် အင်္ဂါရှစ်ပါးရှိပါလျက် "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"ဟု ဟောတော်မူသော ပါဠိတော်သဒ္ဒါကို မနှစ်သက်သောကြောင့် ကိဠာပိ- ကို ထားရပါသည်။

(ခ)(ယ)(ဓ) တို့၌ တေန ဝုတ္တံ-သဒ္ဒါကို ထားခြင်းအကြောင်း ။ ။ ဤ၌ လိုအပ်သော အာဂမ သာဓက ဉာပက, ဒဠှီကရဏကို ပြလိုသောကြောင့် (တနည်း) ရအပ်သော အကျိုးဂုဏ်ကို ပြလိုသောကြောင့် တေန ဝုတ္တံ-သဒ္ဒါကို ထားရပါသည်။

(ဓ) ၌ နနု စ-ကို ထားခြင်းအကြောင်း ။ ။ သုတ္တန်ပါဠိတော်ကို ထောက်ထား၍ ပဉ္စင်္ဂိကော မဂ္ဂေါ-ဟူသော အကျိုးစကားရပ်ကို မနှစ်သက်သော စောဒကပုဂ္ဂိုလ်၏ စောဒနာပုံကို ပြလိုသောကြောင့် (ဓ) ၌ နနု စ-ကို ထားရပါသည်။ **ပိ(အပိ)ကို ထားခြင်းအကြောင်း** ။ ။ လောကုတ္တရာမဂ်ကို ပေါင်းသော သမ္မိဏ္ဏနတ္ထ သမုစ္စယတ္ထကို ပြလိုသောကြောင့် ပိ(အပိ)ကို ထားရပါသည်။

➤ ❾ ။ အင်္ဂီယတိ ဉာယတိ ဧတေဟီတိ **အင်္ဂါနိ**။ အဋ္ဌ အင်္ဂါနိ **အဋ္ဌင်္ဂံ**။

အဋ္ဌင်္ဂံ အဿ အတ္ထီတိ **အဋ္ဌင်္ဂိကော**။ (၂) အဋ္ဌင်္ဂပုဒ်+ဏိကပစ္စည်းသည်ငှင်း၊ ရှစ်ပါးသော အင်္ဂါ၏ အရိယာမဂ်နှင့် ဂုဏ်+ဂုဏီ၊ အဝယဝ+အဝယဝီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အရိယာမဂ်၏ အင်္ဂါရှစ်ပါးရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

အဓိပါတီတိ **အဓိပတိ**။ (အဓိပုဗ္ဗ ပါဓာတ်၊တိပစ္စည်း၊ အလွန်စောင့်ရှောက်ခြင်းကြိယာ)

အဓိပတိယံ အတ္တော **အဓိပတိယဋ္ဌော**။

ဥပနိဇ္ဈာယတေ **ဥပနိဇ္ဈာယနံ**။ (ဥပပုဗ္ဗ ဈေဓာတ်+ယုပစ္စည်း၊ ကသိုဏ်းစသော အာရုံကို ကပ်၍ ရှုခြင်း, ကြံခြင်းကြိယာ) * ဥပနိဇ္ဈာယတီတိ ဥပနိဇ္ဈာယနံ။ ဥပနိဇ္ဈာယန အတ္တော **ဥပနိဇ္ဈာယနဋ္ဌော**။

ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။ ဈာနဿ အင်္ဂါနိ **ဈာနင်္ဂါနိ**။ (၂) ဈာန်၏ အင်္ဂါနှင့် အဝယဝီ+အဝယဝ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဈာနင်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

နိယျာတိ ဧတေနာတိ **နိယျာနံ**။ (နိပုဗ္ဗ ယာဓာတ်+ယုပစ္စည်း၊ ထွက်မြောက်ခြင်းကြိယာ)

နိယျာတီတိ နိယျာနံ။ နိယျာနမေဝ အတ္တော **နိယျာနဋ္ဌော**။

ပဉ္စ အင်္ဂါနိ ပဉ္စင်္ဂံ။ ပဉ္စင်္ဂံ အဿ အတ္ထီတိ **ပဉ္စင်္ဂိကော**။ (၂) ပဉ္စင်္ဂပုဒ်+ဏိကပစ္စည်းသည်ငှင်း၊ ငါးပါးသော အင်္ဂါ၏ အရိယာမဂ်နှင့် အဝယဝ+အဝယဝီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အရိယာမဂ်၏ အင်္ဂါငါးပါးရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ပုဗ္ဗဘာဂေ ပဝတ္တမဂ္ဂဿ အနုရူပံ ဂစ္ဆတိ ပဝတ္တတီတိ ယထာဂတော။ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ။ (အစိတ်) ယထာဂတောစ သော မဂ္ဂေါစာတိ **ယထာဂတမဂ္ဂေါ**။ (၂) ရှေ့အဖို့၌ဖြစ်သော မဂ်အားလျော်စွာ ဖြစ်သောဂုဏ်၏ မဂ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ရှေ့ အဖို့ ၌ဖြစ်သော မဂ်အားလျော်စွာဖြစ်သော မဂ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော

http://www.dhammadownload.com

ဓာတ်သည် ပဝတ္တိနိမိတ်။

ပုဗ္ဗော ဘာဂေါ ပုဗ္ဗဘာဂေါ။ ဝိပဿနာယ ယုတ္တော မဂ္ဂေါ ဝိပဿနာမဂ္ဂေါ။ ပုဗ္ဗဘာဂေ ပဝတ္တော ဝိပဿနာမဂ္ဂေါ **ပုဗ္ဗဘာဂဝိပဿနာမဂ္ဂေါ**။ (၂) လောကုတ္တရာမဂ်၏ ရှေ့အဖို့၌ဖြစ်ခြင်းဂုဏ်၏ ဝိပဿနာမဂ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။

(၄) လောကုတ္တရာမဂ်၏ ရှေ့အဖို့၌ဖြစ်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)** ၌ အဓိပတိယဋ္ဌေန-ဖြင့် ဣန္ဒြိယ-သဒ္ဒါသည် အစိုးရခြင်းအနက်ကို ဟောသော အဓိပတိယဋ္ဌဝါစီ ရုဋ္ဌီအနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေပါသည်။(နာမလိင်္ဂတ္ထ၊ သဒ္ဒါဟော အဘိဓေယျတ္ထ)

အဋ္ဌေဝ ဓမ္မာ-ဖြင့် ဣန္ဒြိယာနိ-အရ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟူသော နာမ်က္ခန္ဓာရှစ်ပါးကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

န အဝသေသာ-ဖြင့် အဋ္ဌေဝ ဓမ္မာ-၌ ဧဝသဒ္ဒါ၏ နိဝတ္တာပနာဝဓာရဏအနက်ရှိသည်၏ အဖြစ်ကို ၎င်း(နိပါတလိင်္ဂတ္ထ) ဇီဝိတ, စိတ်, ဝေဒနာ-စသော နာမ်က္ခန္ဓေ (၈)ပါးမှကြွင်းသော တရားတို့သည် ဣန္ဒြိယ မမည်ကုန်ဟူသော အဓိပ္ပါယ်ကို၎င်း(ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ ဥပနိဇ္ဈာယနဋ္ဌေန-ဖြင့် ဈာန်-၌ ဈေဓာတ်၏ အဖြစ်ကို၎င်း(ဒု-ဓာတုပဒ) ယင်း ဈေဓာတ်၏ ဥပနိဇ္ဈာယနအနက် ဟောသည်ကို၎င်း(ဒု-ဓာတွတ္ထ) ယု-ပစ္စည်း၏ ဘာဝသာဓန (တနည်း) ကတ္တုသာဓန အနက်၌ သက်သည်ကို၎င်း(ဒု-ပစ္စယတ္ထ) ဈာယတေ ဥပနိဇ္ဈာယတေ ဈာနံ (တနည်း) ဈာယတိ ဥပ နိဇ္ဈာယတီတိ ဈာနံ-ဟု ပြုရမည်ကို၎င်း(အဘိဓာနတ္ထ) သိစေပါသည်။

ပဉ္စေဝ ဓမ္မာ ဈာနင်္ဂါနိ-ဖြင့် ဈာနဿ အင်္ဂါနိ ဈာနင်္ဂါနိ-ဟု ဝစနတ္ထပြု၍ ဈာနင်္ဂါနိ-အရ ဝိတက် ဝိစာရ-စသော ဈာနင်(၅)ပါးကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(င) ၌ နိယျာနဋ္ဌေန-ဖြင့် မဂ္ဂင်္ဂါနိ-၌ မဂ္ဂ-သဒ္ဒါသည် ဝဋ်မှထွက်မြောက်ကြောင်းအနက်ကိုဟော သော နိယျာနဋ္ဌဝါစီ ရုဋ္ဌီအနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေပါသည်။(နာမလိင်္ဂတ္ထ၊ သဒ္ဒါဟော အဘိဓေယျတ္ထ)

ဟေတွဋ္ဌေန-ဖြင့် မဂ္ဂင်္ဂါနိ-၌ မဂ္ဂ-သဒ္ဒါသည် ဟေတု(ဥပါယ) အနက်ကို ဟော၏ဟု သိစေပါ သည်။(နာမလိင်္ဂတ္ထ) စ-သဒ္ဒါ နှစ်ပုဒ်ဖြင့် အညမညသမုစ္စယတ္ထဇောတကအဖြစ်ကို သိစေ။(ဘာဝတ္ထ)

ပဉ္စေဝ ဓမ္မာ မဂ္ဂင်္ဂါနိ-ဖြင့် မဂ္ဂဿ အင်္ဂါနိ မဂ္ဂင်္ဂါနိ-ဟု ဝစနတ္ထပြု၍ မဂ္ဂင်္ဂါနိ-အရ ဝိရတီကြဉ် သော သမ္မာဒိဋ္ဌိ-စသော မဂ္ဂင်ငါးပါးကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❼ ။ **(က) ပန**-ကား ပက္ခန္တရတ္ထ။ (င) **စ**-တို့ကား အညမညသမုစ္စယတ္ထ။ (ဆ) **ဟိ**-ကား ဝါကျာရမ္ဘတ္ထ (တနည်း)ဒဠ္ဟီကရဏတ္ထ။ **ကိဉ္စာပိ**-ကား သမ္ဘာဝနတ္ထ, အနုဂ္ဂဟတ္ထ။ **ပန**-ကား ဂရဟတ္ထ, အရုစိတ္ထ။ (ဈ) **နနု**-ကား ပုစ္ဆနတ္ထ။ **ယထာဂတာ**-၌ ယထာ-ကား အနုရူပတ္ထ။

တေန-တို့၌ တ-ကား ရှေ့ဝါကျမှ ဟောန္တိကြိယာကို ဖွဲ့ယူသောကြောင့် အနုဘူတဝိသယ။

(ဆ) ၌ တသ္မာ-၌ တ-သည် န လဗ္ဘန္တိ ကြိယာကို ဖွဲ့ယူသောကြောင့် အနုဘူတဝိသယ။

(ဈ) တေ-၌ တေ-သည် အဓိဝစနံ-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။

အဋ္ဌေဝ ဓမ္မာ-၌ (၁) ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ-တို့

http://www.dhammadownload.com

သည် ဂဟေတဗ္ဗတ္ထ။ (၂) ကြွင်းသော ဖဿ-စသော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ ရှစ်ပါးသော တရားတို့၏ အစိုးရသည်၏အဖြစ်ဟူသော အဓိပတိယဋ္ဌဂုဏ်သည် အနုညာတတ္ထ။

(ဂ) ပဉ္စမ ဓမ္မာ-၌ (၁) ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ (၅)ပါးသည် ဂဟေတဗ္ဗတ္ထ။ (၂) ထို ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ (၅)ပါးမှ ကြွင်းသော ဖဿ-စသော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဈာနင်တို့၏ ကပ်၍ရှုခြင်း ဥပနိဇ္ဈာယနဘောဂုဏ်သည် အနုညာတတ္ထ။

(ဃ) ပဉ္စမ ဓမ္မာ-၌ (၁) သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-တို့သည် ဂဟေတဗ္ဗတ္ထ။ (၂) သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟူသော ငါးပါးသော တရားတို့၏ ဝဋ်မှ ထွက်မြောက်တတ်သည်၏ အဖြစ်ဟူသော ဂုဏ်တို့သည် အနုညာတတ္ထ။

➢ **၈** ။ **ကြိယာငါးတန်** ။ ။ **(ခ) တေန ဝုတ္တံ-၌ အန္တတ္ထ ဝစတော်-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "အင်္ဂန္ဒြိယာနိ ဟောန္တိ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

(ဃ) တေန ဝုတ္တံ-၌ အန္တတ္ထ ဝစတော်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "ပဉ္စင်္ဂိကံ ဈာနံ ဟောတိ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။

(စ) တေန ဝုတ္တံ-၌ အန္တတ္ထ ဝစတော်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။

(ဆ) ဝုတ္တော-၌ အန္တတ္ထ ဝစတော်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "ပဉ္စင်္ဂိကော"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃)

(ဆ) လောကိယစိတ္တေ-အရ = (ဌာနာနုရူပ) ပထမ မဟာကုသိုလ်စိတ်ကို ယူ၍ ထုတ်။

(ဇ) လောကုတ္တရမဂ္ဂေ-အရ = လောကုတ္တရာဖြစ်သော မဂ္ဂင်(၈)ပါးရ၏။ (၁) ထိုမဂ္ဂင် (၈)ပါးသည် ဒဿနတ္ထ။ (၂) ပုဗ္ဗဘာဂဝိပဿနာဟုဆိုအပ်သော လောကီမဂ္ဂင် (၈)ပါးသည် ဒီပကတ္ထ။

(၃) ဖိုလ်စိတ္တုပ္ပါဒ် ဖလသမာပတ်တို့သည် ပကာသနတ္ထ။

(၄) ဝိပဿနာ၏ အခြေခံဖြစ်သော ပါရမီဉာဏ်, သပ္ပုရိသူပနိဿယ,စသည် ဝိဘာဝတ္ထ။

(၅) သန္တိသုခ ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း, ချမ်းသာစွာ နေရခြင်း, ဘေးဒုက္ခအပေါင်းမှ ကင်းဝေးခြင်းတို့သည် အနုဘာဝတ္ထ။

➢ **၁ ၀** ။ **(ဆ) လောကိယစိတ္တေ+တိဿော ဝိရတိယော န လဗ္ဘန္တိ** ။ ။ တိဿော ဝိရတိယော-အရ ဝိရတီ စေတသိက်(၃)ပါး ပစ္စည်းတရားသည် လောကိယစိတ္တေ-အရ (ဌာနာနုရူပ) ဝိရတီကြဉ်သော ပထမ မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

http://www.dhammadownload.com

ပါဌ် (၆၀) [ဋ္ဌ၊၁၉၉။ ပြည်၊ဒု၊၁၉၇။ ဘာသာဋီ၊ဒု၊၄၁၈]

(က-၁) ကတမေ ဓမ္မာ ကုသလာ? ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ။

(က-၂) သော ဥဒ္ဒေသနိဒ္ဒေသဝသေန ဒွိဓာ ဝဝတ္ထိတော။

(ခ) တတ္ထ ဥဒ္ဒေသဝါရေ ""ဓမ္မာ ဟောန္တိ""တိ ကုမိနာ သဒ္ဓိံ စတုပဒိကေဟို ကောဋ္ဌာသော ဟောန္တိ၊ သဗ္ဗကောဋ္ဌာသေသုစ ""စတ္တာရော ဒွေ တယော""တိ ဂဏနပရိစ္ဆေဒေါ န ဝုတ္တော။ ကသ္မာ? သင်္ဂဟဝါရေ ပရိစ္ဆိန္နတ္တာ။ (ဂ-၁) တတ္ထ ပရိစ္ဆိန္နဓမ္မာယေဝ ဟိ ကုဓာပိ ဝုတ္တာ၊ (ဂ-၂) န ဟေတ္ထ သတ္တောဝါ ဘာဝေါဝါ အတ္တာဝါ ဥပလဗ္ဘတိ။

➤ ❶ ။ **(က)** ကတမေ၊ယခုအခါ၌။တသ္မိံ ခေါ ပန သမယေ ဓမ္မာ ဟောန္တီတိ၊ဟောန္တိ ဤသို့ အစရှိသော။သုညတဝါရော၊ကို။(ဘဂဝတာ၊သည်) အာရဒ္ဓေါ၊အားထုတ်တော်မူအပ်၏။သော၊ထို သုညတဝါရ ကို။ဥဒ္ဒေသနိဒ္ဒေသဝသေန၊ဥဒ္ဒေသ နိဒ္ဒေသတို့၏ အစွမ်းဖြင့်။ဒွိဓာ၊နှစ်ပါး အပြားအားဖြင့်။ဝဝတ္ထိတော။ ပိုင်းခြား မှတ်သားအပ်၏။ **(ခ)** တတ္ထ၊ထိုဥဒ္ဒေသ နိဒ္ဒေသတို့တွင်။ဥဒ္ဒေသဝါရေ၌။"ဓမ္မာ ဟောန္တိ"တိ ကုမိနာ၊ဓမ္မာ ဟောန္တိ-ဟူသော ဤကောဋ္ဌာသနှင့်။သဒ္ဓိံ၊တကွ။စတုပဒိကေဟို ကောဋ္ဌာသာဝ၊နှစ်ဆယ့်လေးပါးသော ကောဋ္ဌာသတို့သည်သာလျှင်။ဟောန္တိ၊ကုန်၏။သဗ္ဗကောဋ္ဌာသေသုစ၊အလုံးစုံသော ကောဋ္ဌာသတို့၌လည်း။ "စတ္တာရော ဒွေ တယော"တိ၊ဟူ၍။ဂဏနပရိစ္ဆေဒေါ၊ရေတွက်ခြင်း၏ အပိုင်းအခြားကို။န ဝုတ္တော၊မဆိုအပ်။ ကသ္မာ၊အဘယ့်ကြောင့်။န ဝုတ္တော၊မဆိုအပ်သနည်း။သင်္ဂဟဝါရေ၌။ပရိစ္ဆိန္နတ္တာ၊ပိုင်းခြားအပ်သည်၏ အဖြစ် ကြောင့်။န ဝုတ္တော၊မဆိုအပ်။ **(ဂ)** ဟိ၊မှန်၏။တတ္ထ၊ထိုသင်္ဂဟဝါရ၌။ပရိစ္ဆိန္နဓမ္မာယေဝ၊ပိုင်းခြားအပ်သော ဓမ္မတို့ကိုသာလျှင်။ကုဓာပိ၊ဤသုညတဝါရ၌လည်း။ဝုတ္တာ၊ဟောတော်မူအပ်ကုန်၏။ဧတ္ထ ဧတသ္မိံ ယထာဝုတ္တ သမယေ၊ဆိုအပ်ပြီးသော အပြားရှိသော ဤတရားအပေါင်း၌။(ဝါ) ဧတ္ထ ဧတေသု ဓမ္မေသု၊ဆိုအပ်ပြီးသော အပြားရှိသော ဤတရားတို့၌။သတ္တောဝါ၊သတ္တဝါကိုဖြစ်စေ။ဘာဝေါဝါ၊သတ္တဝါကိုဖြစ်စေ(ဝါ) အမှတ်မရှိ တစုံတခု ပညတ်ဖြစ်သော အတ္တကိုဖြစ်စေ။အတ္တာဝါ၊အတ္တကိုဖြစ်စေ။န ဥပလဗ္ဘတိ၊မရအပ်။(နိ-ဒု၊၂၀၇)

➤ ❷ ။ **(က-၂) သို့/ ဋ္ဌပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က-၁) ဖြင့် တသ္မိံ ခေါ ပန ဓမ္မာ ဟောန္တိ အစရှိသော သုညတဝါရကို အားထုတ်တော်မူအပ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေ သော် ဤသုညတဝါရကိုလည်း သင်္ဂဟဝါရကဲ့သို့ ဥဒ္ဒေသ နိဒ္ဒေသ ပဋိနိဒ္ဒေသတို့၏ အစွမ်းဖြင့် ပိုင်းခြား မှတ်သားအပ်ပါသလော။ ထို့ကြောင့် (က-၁) ဖြင့် တသ္မိံ ခေါ ပန ဓမ္မာ ဟောန္တိ အစရှိသော သုညတဝါရကို အားထုတ်တော်မူအပ်၏ဟုသာ မဆိုသင့်။ (က-၂) ဖြင့် ဤသုညတဝါရ၌ ပိုင်းခြားမှတ်သားပုံကိုလည်း ပြဆိုသင့်သေး၏။ ဤသုညတဝါရ၌ ပိုင်းခြားပုံကို အဘယ်သို့ မှတ်သားအပ်ပါသနည်း။ (က-၂)မိန့်။

(ခ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က-၂) ဖြင့် ထိုသုညတဝါရကို ဥဒ္ဒေသ နိဒ္ဒေသတို့၏ အစွမ်းဖြင့် နှစ်ပါးအပြားဖြင့် ပိုင်းခြားမှတ်သားအပ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေ သော် ရှေးဦးစွာ ဥဒ္ဒေသဝါရနှင့် ပတ်သက်၍ ဖြစ်သင့်သော အကျယ်စကားရပ်ကို မပြဆိုဟု အနက် သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသော ကြောင့် (ခ) ဖြင့် ရှေးဦးစွာ ဥဒ္ဒေသဝါရနှင့် ပတ်သက်၍ ဖြစ်သင့်သော အကျယ်စကားရပ်ကိုလည်း ပြဆို

F-17-A

http://www.dhammadownload.com

သင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား သင်္ခေပ+ဝိတ္ထာရ ဆန့်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ရှေးဦးစွာ ဥဒ္ဒေသဝါရနှင့် ပတ်သက်၍ ဖြစ်သင့်သော အကျယ်စကားရပ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဤသုညတဝါရ ဥဒ္ဒေသ၌ အလုံးစုံသော ကောဋ္ဌာသဝယ် သင်္ဂဟဝါရ၌ ပိုင်းခြားအပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့် စတ္တာရော ဒွေ တယော ဟူသော ဂဏနပရိစ္ဆေဒကို ဟောတော်မမူအပ်ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သင်္ဂဟဝါရနှင့် သုညတဝါရတို့သည် ပထမ မဟာကုသိုလ်စိတ်ကိုပင် ဝေဖန်သည်ဖြစ်၍ အတူတူပင် ဟောသင့်သည် မဟုတ်ပါလော။ ထိုသို့ ဟောသင့်လေသောကြောင့် (ခ) ဖြင့် ဤသုညတဝါရ ဥဒ္ဒေသ၌ အလုံးစုံသော ကောဋ္ဌာသဝယ် သင်္ဂဟဝါရ၌ ပိုင်းခြားအပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့် စတ္တာရော ဒွေ တယော ဟူသော ဂဏနပရိစ္ဆေဒကို ဟောတော်မမူအပ်ဟုသာ မဖွင့်ဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေသော သဘာဝယုတ္တိကို လည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေသော သဘာဝယုတ္တိကား အဘယ်ပါနည်း။(ဂ) မိန့်။

(ဂ-၂) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ-၁) ဖြင့် ထိုသင်္ဂဟဝါရ၌ ပိုင်းခြားအပ်ပြီးသော ဓမ္မတို့ကိုသာလျှင် ဤသုညတဝါရ၌လည်း ဟောတော်မူအပ်ကုန်၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဆရာ့စကားကို မြဲခိုင်စေသော သဘာဝယုတ္တိကို မပြဆိုဟု အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဆရာ့စကားကို မြဲခိုင်စေသော သဘာဝယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဆရာ့စကားကို မြဲခိုင်စေသော သဘာဝယုတ္တိကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ-၂) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် သင်္ဂဟဝါရကဲ့သို့ ဥဒ္ဒေသ နိဒ္ဒေသ ပဋိနိဒ္ဒေသတို့၏ အစွမ်းဖြင့် ပိုင်းခြားမှတ်သားအပ်သည် မဟုတ်၊ ဥဒ္ဒေသ နိဒ္ဒေသတို့၏ အစွမ်းဖြင့်သာ ပိုင်းခြားမှတ်သားအပ်၏ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ခ)** ဖြင့် သုညတဝါရ ဥဒ္ဒေသ နိဒ္ဒေသတို့ တွင် ဥဒ္ဒေသကို အကျယ်ချဲ့၍ ပြသောကြောင့် သင်္ခေပ+ဝိတ္ထာရ ဆန့်သော ဝိရောဓိဒေါသကို ပယ်ပါ သည်။ **(ဂ)** ဖြင့် (ခ)ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ-၂)** ဖြင့် (ဂ-၁) ဝါကျကို ဗျတိရေကအားဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

➤ ❸ ။ သုနဿ ဟိတံ သုညံ။ သုနတိ တုစ္ဆဘာဝံ ဂစ္ဆတီတိ **သုညံ**။(သုနဓာတ်+ယ)

သုညဿ ဘာဝေါ သုညတာ။ သုညမေဝ သုညတံ။ ဝရတီတိ ဝါရော။

သုညတာယ ဒီပကော ဝါရော **သုညတဝါရော**။ (၂) သုညတပုဒ်+ဝါရပုဒ်သည်၎င်း၊ သုည အဖြစ်၏ (ဝါ) သတ္တ အတ္တ-မှ ကင်းဆိတ်ခြင်းသဘောကို ပြတတ်သော ဝါရနှင့် ဂုဏ်+ဂုဏေး အဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) သုညတဝါရသည် ပဝတ္တိနိမိတ်။

ပရိစ္ဆိဇ္ဇတေတိ **ပရိစ္ဆိန္နော**။ (ပရိပုဗ္ဗ ဆိဒိဓာတ်+တ-ပစ္စည်း၊ ပိုင်းဖြတ်ခြင်းကြိယာ)

http://www.dhammadownload.com

➤ ❼ ။ **ဥဒ္ဒေသော**-၌ ဥ-ကား ဓာတွတ္ထာနုဝတ္တက။ **စ**-ကား ဝါကျာရမ္ဘတ္ထ။ **ဟိ**-ကား ဒဠှီကရဏတ္ထ။ **ဝါ**-ကား အညမညသမုစ္စယတ္ထ။

သော-၌ တ-သည် ဆိုခဲ့ပြီးသော သုညတဝါရကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။ (ဂ) **တတ္ထ**-၌ တ-သည် ဆိုခဲ့ပြီးသော သင်္ဂဟဝါရကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

ပါဌ် (၆၁) [ဋ္ဌ၊၁၉၉။ ပြည်၊ဒု၊၂၀၃။ ဘာသာဋီ၊ဒု၊၄၂၆]

(က) ဣဒါနိ ဒုတိယစိတ္တာဒီနိ ဒဿေတုံ "ကတမေ ဓမ္မာ"တိ အာဒိ အာရဒ္ဓံ။

(ခ) တေသု သဗ္ဗေသုပိ ပဌမစိတ္တေ ဝုတ္တနယေနေဝ တယော တယော မဟာဝါရာ ဝေဒိတဗ္ဗာ။

(ဂ) န ကေဝလဉ္စ မဟာဝါရာ ဧဝ၊ ပဌမစိတ္တေ ဝုတ္တသဒိသာနံ သဗ္ဗပဒါနံ အတ္ထောပိ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။ (ဃ) ဣတော ပရမ္ပိ အပုဗ္ဗပဒဝဏ္ဏနံယေဝ ကရိဿာမ။

(င) ဣမသ္မိံ တာဝ ဒုတိယစိတ္တနိဒ္ဒေသေ "သသင်္ခါရေန"တိ ဣဒမေဝ အပုဗ္ဗံ။

(စ-၁) တဿတ္ထော သဟ သင်္ခါရေနာတိ သသင်္ခါရော၊

(စ-၂) တေန သသင်္ခါရေန သပ္ပယောဂေန သဥပါယေန ပစ္စယဂဏေနာတိ အတ္ထော။

(ဆ-၁) ယေန ဟိ အာရမ္မဏာဒိနာ ပစ္စယဂဏေန ပဌမံ မဟာစိတ္တံ ဥပ္ပဇ္ဇတိ၊

(ဆ-၂) တေနေဝ သပ္ပယောဂေန သဥပါယေန ဣဒံ ဥပ္ပဇ္ဇတိ။

➤ ❶ ။ **(က)** (ဧဝံ၊ဤသို့။ကတမေ ဓမ္မာ ကုသလာတိ အာဒိနာ၊ကတမေ ဓမ္မာ ကုသလာ အစရှိသော။ပထမစိတ္တံ၊ပထမကုသိုလ်စိတ်ကို။ဒဿေတွာ၊ပြပြီး၍။)ဣဒါနိ၊ယခုအခါ၌။ဒုတိယစိတ္တာဒီနိ၊ဒုတိယစိတ် စသည်တို့ကို။(ကတမေ ဓမ္မာတိ အာဒိနာ၊ကတမေ ဓမ္မာ အစရှိသည်ဖြင့်။)ဒဿေတုံ၊ပြခြင်းငှာ။ "ကတမေ ဓမ္မာ"တိ အာဒိ၊ကတမေ ဓမ္မာ ဤသို့ အစရှိသော စကားကို။(ဘဂဝတာ၊သည်)အာရဒ္ဓံ၊အားထုတ်တော်မူ၏။ **(ခ)** သဗ္ဗေသုပိ၊အလုံးစုံလည်းဖြစ်ကုန်သော။တေသု ဒုတိယစိတ္တာဒီနံ နိဒ္ဒေသေသု၊ထိုဒုတိယစိတ် စသည်တို့၏ နိဒ္ဒေသတို့၌။(ဝါ) တေသု ဒုတိယစိတ္တာဒီသု၊ထိုဒုတိယစိတ္တ စသည်တို့၌။ပဌမစိတ္တေ၊၌။ ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။တယော တယော၊(ဓမ္မဝဝတ္ထာနဝါရ, သင်္ဂဟဝါရ, သုညတဝါရအားဖြင့်) သုံးပါး သုံးပါးကုန်သော။မဟာဝါရာ၊ဝါရကြီးတို့ကို။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

(ဂ) ကေဝလဉ္စ၊သက်သက်ကား။မဟာဝါရာ ဧဝ၊ဝါရကြီးတို့ကိုသာလျှင်။(ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ဝေဒိတဗ္ဗာ၊သိအပ်ကုန်သည်။)န၊မဟုတ်ကုန်သေး။ပဌမစိတ္တေ၊ပဌမစိတ်၌။ဝုတ္တသဒိသာနံ၊ ဟောအပ်ပြီးသည်နှင့်တူကုန်သော။သဗ္ဗပဒါနံ၊အလုံးစုံသော ပုဒ်တို့၏။အတ္ထောပိ၊အနက်ကိုလည်း။ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ဝေဒိတဗ္ဗော၊သိအပ်၏။ **(ဃ)** "ဣတော၊ဤဒုတိယစိတ္တနိဒ္ဒေသမှ။ပရမ္ပိ၊နောက်၌လည်း။အပုဗ္ဗ ပဒဝဏ္ဏနံယေဝ၊မရှေးသေးသော ပုဒ်အဖွင့်ကိုသာလျှင်။ကရိဿာမ၊ပြုကုန်အံ့။။

(င) တာဝ၊ရှေးဦးစွာ။ဣမသ္မိံ ဒုတိယစိတ္တနိဒ္ဒေသေ၊ဤဒုတိယစိတ္တနိဒ္ဒေသ၌။"သသင်္ခါရေန"တိ ဣဒမေဝ ပဒံ၊သသင်္ခါရေနဟူသော ဤပုဒ်သည်သာလျှင်။အပုဗ္ဗံ၊မရှေးသော။ **(စ)** တဿ၊ထိုသသင်္ခါရေန-ဟူသော ပုဒ်၏။အတ္ထော၊အနက်ကို။(ဧဝံ၊ဤသို့။ဝေဒိတဗ္ဗော၊သိအပ်၏။) [ယော ပစ္စယဂဏော၊အကြင် အာရုံ, ယောနိသော မနသိကာရ-စသော ပစ္စည်းအပေါင်းသည်။](ကတ္တား) သင်္ခါရေန၊တွန့်တိုဆုတ်နစ်သော စိတ်ကို ထက်သည်၏

http://www.dhammadownload.com

အဖြစ်ဟုဆိုအပ်သော တန်ဆာ အထူးဖြင့် ပြုပြင်တတ်သော။(ဝါ) ပြုပြင်ကြောင်းဖြစ်သော ပုဗ္ဗပယောဂ ဥပါယနှင့်။သဟ၊တကွ။(ဟောတိ၊ဖြစ်တတ်၏။)ဣတိ တသ္မာ၊ထိုသို့တကွဖြစ်တတ်သည်၏အဖြစ်ကြောင့်။ (သော ပစ္စယဂဏော၊ထိုအာရုံ, ယောနိသော မနသိကာရ-စသော ပစ္စည်းအပေါင်းသည်။)သသင်္ခါရော၊ သသင်္ခါရမည်၏။သသင်္ခါရေန၊တွန့်တိုဆုတ်နစ်သော စိတ်ကို ထက်သည်၏ အဖြစ်ဟုဆိုအပ်သော တန်ဆာ အထူးဖြင့် ပြုပြင်တတ်သော။(ဝါ)ပြုပြင်ကြောင်းဖြစ်သော ပုဗ္ဗပယောဂ ဥပါယနှင့်တကွဖြစ်သော။သပ္ပယောဂေန၊တွန့်တိုဆုတ်နစ်သော စိတ်ကို စေခြင်း, တိုက်တွန်းခြင်းဟုဆိုအပ်သော ပယောဂနှင့်တကွဖြစ်သော။ သဥပါယေန၊ကုသိုလ်ကိုပြုခြင်း, မပြုခြင်းတို့၌ အပြစ်အကျိုးကို ဆင်ခြင်ခြင်း သူတပါးတို့သည် စေခြင်း တိုက်တွန်းခြင်း, ဤသို့ အစရှိသော ကုသိုလ်ပြုခြင်း၏ အကြောင်းဥပါယ်နှင့် တကွဖြစ်သော။တေန ပစ္စယဂဏေန၊ထို အာရုံ, ယောနိသော မနသိကာရ-စသော ပစ္စည်းအပေါင်းဖြင့်။ဣတိ အယံ၊ဤသည်ကား။ အတ္ထော၊အနက်တည်း။ **(ဆ)** ဟိ၊မှန်၏။အာရမ္မဏာဒိနာ၊အာရုံ, ယောနိသော မနသိကာရ-စသော။ယေန ပစ္စယဂဏေန၊အကြင် ပစ္စည်းအပေါင်းဖြင့်။ပဌမံ မဟာစိတ္တံ၊မဟာကုသိုလ် ပထမစိတ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။ သပ္ပယောဂေန၊တွန့်တိုဆုတ်နစ်သော စိတ်ကို စေခြင်း, တိုက်တွန်းခြင်းဟူသော ပယောဂနှင့်တကွဖြစ်သော။ သဥပါယေန၊ကုသိုလ်ကို ပြုခြင်း မပြုခြင်းတို့၌ အပြစ်, အကျိုးကို ဆင်ခြင်းခြင်း, သူတပါးတို့သည် စေခြင်း, တိုက်တွန်းခြင်း ဤသို့ အစရှိသော ကုသိုလ်ကိုပြုခြင်း၏ အကြောင်း ဥပါယနှင့် တကွဖြစ်သော။ တေနေဝ ပစ္စယဂဏေန၊ထိုအာရုံ, ယောနိသောမနသိကာရ-စသော ပစ္စည်းအပေါင်းဖြင့်သာလျှင်။ဣဒံ ဒုတိယ စိတ္တံ၊ဤဒုတိယ မဟာကုသိုလ်စိတ်သည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။(နိ-၁၊၂၁၁)

➢ ❷ ။ **(က) သို့/ ဒွေပနာပဥ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ကတမာ ဓမ္မာ-စသည်ကို ဟောတော်မူ၏။ ထိုသို့ပင်ဟောတော်မူပါသော်လည်း ယင်းကတမေ ဓမ္မာ စသည်ကို ရှေး ပထမ မဟာကုသိုလ် စိတ်၏ ပဒဘာဇနီ၌လည်း ဟောပြီးဖြစ်သည် မဟုတ်ပါလော။ ထိုသို့ ဟောပြီးလေသောကြောင့် ကတမေ ဓမ္မာ စသည်ကို တဖန်ထပ်၍ မဟောသင့်။ ကတမေ ဓမ္မာ စသည်ကို တဖန်ထပ်၍ ဟောတော်မူခြင်း၏ အကြောင်းကို (ဝါ) အကျိုးကိုလည်း ပြဆိုသင့်သေး၏။ အဘယ်ကြောင့် (ဝါ) အဘယ်အကျိုးငှာ ကတမေ ဓမ္မာ စသည်ကို တဖန် ဟောတော်မူပြန်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) မိန့်။

(ခ) သို့/ ဒွေပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဒုတိယစိတ်အစရှိသော စိတ်တို့ကို ပြခြင်းငှာ ကတမေ ဓမ္မာ အစရှိသော စကားရပ်ကို အားထုတ်တော်မူအပ်၏ဟု ဖွင့်ပြတော်မူ၏။ ထိုသို့ ဆိုချေသော် ဒုတိယစိတ် အစရှိသော စိတ်တို့၌ ဖွင့်ဆိုပုံ ဖွင့်ဆိုနည်းကို မသိအပ်သေးသည် မဟုတ်ပါ လော။ ထိုသို့ မသိအပ်သေးသောကြောင့် (က) ဖြင့် ဒုတိယစိတ်အစရှိသော စိတ်တို့ကို ပြခြင်းငှာ ကတမေ ဓမ္မာ အစရှိသော စကားရပ်ကို အားထုတ်တော်မူအပ်၏ဟုသာ မဆိုသင့်။ ဒုတိယစိတ် အစရှိသော စိတ်တို့၌ ဖွင့်ဆိုပုံ ဖွင့်ဆိုနည်းကိုလည်း ဆရာ ပြဆိုသင့်သေး၏။ ဒုတိယစိတ် အစရှိသော စိတ်တို့၌ ဖွင့်ဆိုပုံ ဖွင့်ဆိုနည်းကို အဘယ်သို့ သိအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် အလုံးစုံသော ဒုတိယစိတ် အစရှိသည်တို့၌လည်း ပထမစိတ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် သုံးပါး သုံးပါးကုန်သော ဝါရ

http://www.dhammadownload.com

ကြီးတို့ကို သိအပ်ကုန်၏ဟု (အတိဒေသသံဝဏ္ဏနာနည်းဖြင့်) ဖွင့်ပြတော်မူ၏။ ထိုသို့သာ ဆိုချေသော် အလုံးစုံသော ဒုတိယစိတ် အစရှိသည်တို့၌ ဝါရကြီးတို့ကိုသာလျှင် သိအပ်ကုန်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ပဌမ မဟာကုသိုလ်စိတ်၌ ဆိုအပ်ပြီးသော နည်းဖြင့် သိအပ်သော အခြားတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ပဌမ မဟာကုသိုလ်စိတ်၌ ဆိုအပ်ပြီးသော နည်းဖြင့် သိအပ်သော အခြားတစ်မျိုးကား အဘယ်ပါနည်း။ ဤသို့- (ဂ) မိန့်။

(င) ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဤဒုတိယစိတ္တနိဒ္ဒေသမှ နောက်ဖြစ်သော တတိယစိတ္တနိဒ္ဒေသ စသည်တို့၌ အသစ်ဖြစ်သော ပုဒ်အဖွင့်ကိုသာလျှင် ပြုကုန်အံ့ဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ပဌမစိတ်နှင့် ဒုတိယစိတ်သည် တစ်မျိုးစီဖြစ်ရကား ဤဒုတိယစိတ္တနိဒ္ဒေသ၌ ပုဒ်အားလုံးပင် အသစ်ဖြစ်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဃ) ဖြင့် ဤဒုတိယစိတ္တနိဒ္ဒေသမှ နောက်ဖြစ်သော တတိယစိတ္တနိဒ္ဒေသ စသည်တို့၌ အသစ်ဖြစ်သော ပုဒ်အဖွင့်ကိုသာလျှင် ပြုကုန်အံ့ဟုသာ မဆိုသင့်။ ဤဒုတိယစိတ္တနိဒ္ဒေသ၌ အဘယ်ပုဒ်သည်သာလျှင် အသစ်ဖြစ်၏ဟုလည်း ပြဆိုသင့်သေး၏။ ဤဒုတိယစိတ္တနိဒ္ဒေသ၌ အသစ်ဖြစ်သောပုဒ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(စ) ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် ဤဒုတိယစိတ္တနိဒ္ဒေသ၌ "သသင်္ခါရေန" ဟူသော ပုဒ်သည်သာ အသစ်ဖြစ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ယင်းသသင်္ခါရေနပုဒ်၏ အနက်ကို (ဝါ) ယင်းသသင်္ခါရေနပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထနှင့် အရကောက် အဘိဓေယျတ္ထကို အကျယ် ဝိတ္ထာရအားဖြင့် မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (င) ဖြင့် ဤဒုတိယစိတ္တနိဒ္ဒေသ၌ "သသင်္ခါရေန" ဟူသော ပုဒ်သည်သာ အသစ်ဖြစ်၏ဟုသာ မဆိုသင့်။ သသင်္ခါရေနပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထနှင့် အရကောက် အဘိဓေယျတ္ထကို အကျယ် ဝိတ္ထာရအားဖြင့်လည်း ပြဆိုသင့်သေး၏။ သသင်္ခါရေနပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထနှင့် အရကောက် အဘိဓေယျတ္ထကို အကျယ် ဝိတ္ထာရအားဖြင့် ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

(စ-၂) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (စ-၁) ဖြင့် သသင်္ခါရပုဒ်ကို သဟ သင်္ခါရေန သသင်္ခါရော-ဟု ပဌမန္တဖြင့် ဖွင့်ပြတော်မူ၏။ ထိုသို့ဆိုချေသော် သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ဆရာဖွင့်ဆိုသည့်အတိုင်း ပဌမန္တဖြင့်ပင် ဟောတော်မူ၏ဟု အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ပါဠိတော်၌ အဘယ် ဝိဘတ္တန္တဖြင့် ဟောတော်မူသည်ကိုလည်း ဆရာပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ အကယ်၍ ပါဠိတော်၌ ပဌမန္တဖြင့် မဟောဘဲ ပဌမန္တဖြင့် ဖွင့်ဆိုချေသော် ဆရာ့အား သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ပါဠိတော်၌ အဘယ်ဝိဘတ္တန္တဖြင့် ဟောတော်မူပါသနည်း။(စ-၂)မိန့်။

(ဆ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (စ) ဝါကျ၌ သသင်္ခါရေနပုဒ်ကို သပ္ပယောဂေန သဉပါယေန ပစ္စယဂဏေန-ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ယင်းသို့ ဖွင့်ဆိုသော ဆရာ့စကားသည်

http://www.dhammadownload.com

ယုတ္တိကင်းပ ဒဋ္ဌိယမျှသာဖြစ်၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ထိုသို့ မခိုင်မြဲရာသောကြောင့် (စ) ဝါကျ၌ သသင်္ခါရေနပုဒ်ကို သပ္ပယောဂေန သဉပါယေန ပစ္စယဂဏေန-ဟုသာ မဖွင့်ဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌိကရဏကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဆ) မိန့်။

(ဆ-၂) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဆ-၁) ဖြင့် ပဌမ မဟာကုသိုလ်စိတ်သည် အာရုံ, ယောနိသော မနသိကာရ-စသော အကြောင်းအပေါင်းကြောင့် ဖြစ်၏ဟု ပဌမ မဟာကုသိုလ်စိတ် ဖြစ်ခြင်း၏ အကြောင်းကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပဌမ မဟာကုသိုလ်စိတ် ဖြစ်ခြင်း၏ အကြောင်းကိုသာ ပြဆို၍ ဒုတိယ မဟာကုသိုလ်စိတ် ဖြစ်ခြင်း၏ အကြောင်းကို မပြဆိုဟု အနက်သဘော သင့်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ သင့်ရောက်ရာသောကြောင့် (ဆ-၁) ဖြင့် --အကြောင်းကိုသာ မပြဆိုသင့်။ ဒုတိယ မဟာကုသိုလ်စိတ် ဖြစ်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ဒုတိယ မဟာကုသိုလ်စိတ် ဖြစ်ခြင်း၏ အကြောင်းကို အဘယ်သို့ မှတ်သားအပ်ပါသနည်း။ (ဆ-၂) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် ပုနရုတ္တိ, အဗျာပိတ, နိရတ္ထကဒေါသတို့ကို ပယ်ပါသည်။ **(ခ)** ဖြင့် ဒုတိယစိတ် အစရှိသော စိတ်တို့၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသ ဂန္ထဂရုဒေါသကို ပယ်ပါသည်။ (ဝါ) ညွှန်းသောအားဖြင့် ဖွင့်ပြသောကြောင့် နိရတ္ထကဒေါသကို ပယ်ပါသည်။ **(ဂ-ဃ)** တို့ဖြင့် ပဌမစိတ်၌ ဆိုအပ်ပြီး နည်းအတိုင်း မဟာဝါရတို့ကိုသာ သိအပ်သည် မဟုတ်သေး၊ အလုံးစုံသော ပုဒ်တို့၏ အနက်ကိုလည်း သိအပ်၏ဟု ညွှန်း၍ ဖွင့်ပြသောကြောင့် နိရတ္ထကဒေါသကို ပယ်ပါသည်။ **(င-စ)** တို့ဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဆ)** ဖြင့် ဝိရောဓိဒေါသ, ဩစိတျဟီနဒေါသတို့ကို ပယ်ပါသည်။

(ခ) သဗ္ဗသုပိ-၌ ပိ(အပိ) သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဒုတိယစိတ်, တတိယစိတ် အစရှိသော အစိတ်အစိတ်ကို ပေါင်းဆည်းသော အဝယဝသမ္ပိဏ္ဍနတ္ထ သမုစ္စယတ္ထကို ပြလိုသောကြောင့် သဗ္ဗေသုပိ-၌ ပိ(အပိ)ကို ထားရပါသည်။

(ဂ) အတ္ထောပိ-၌ ပိ(အပိ)ကို ထားရခြင်းအကြောင်း ။ ။ ရှေးမဟာဝါရတို့ကို ပေါင်း, ဆည်း, ရှုငဲ့သော သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ, အပေက္ခနတ္ထကို ပြလိုသောကြောင့်--ထားရပါသည်။

(စ) ပစ္စယဂဏေနာတိ အတ္ထော-၌ အတ္ထော-သဒ္ဒါ ထားရခြင်းအကြောင်း

သသင်္ခါရေနပုဒ်၌ သင်္ခါရဟူသော ပုဒ်တစိတ်အရ ပယောဂ ဉပါယကို ယူပါဟုငင်း၊ သသင်္ခါရဟူသော သမာသ်ပုဒ်လုံးအရ ပစ္စယဂဏကို ယူပါဟုငင်း၊ ဤသို့ သသင်္ခါရေနပုဒ်၌ ငုပ်လျှိုးနေသော ဂူဠ္ဌတ္ထကို ပေါ်လွင်ထင်ရှားအောင် ပြလိုသောကြောင့် (ဝါ) သသင်္ခါရေနပုဒ်၌ ရသင့် ဖြစ်သင့်သော စကားကျ အဓိပ္ပါယ်ကို ပြလိုသောကြောင့် (စ) ပစ္စယဂဏေနာတိ အတ္ထော-၌ အတ္ထော-သဒ္ဒါ ထားရပါသည်။

➤ ❻ ။ သင်္ခရောတီတိ သင်္ခါရော။ သင်္ခရောတိ ဧတေနာတိ **သင်္ခါရော**။ (သံပုဗ္ဗ ကရဓာတ်+ ဏပစ္စည်း၊ ပြုပြင်ခြင်းကြိယာ) ＊ သဟ သင်္ခါရေန ယော ဝတ္တတီတိ **သသင်္ခါရော**။(တေန)

(၂) သဟပုဒ်+သင်္ခါရပုဒ်+ယ-အညပုဒ်သည်ငင်း၊ ပုဗ္ဗပယောဂ ဉပါယ-ဟူသော သင်္ခါရနှင့်တကွ

http://www.dhammadownload.com

ဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၏ အာရုံ, ယောနိသောမနသိကာရ-စသော ပစ္စည်းအပေါင်းနှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှါး ဗျုပ္ပတ္တိနိမိတ်။ (၄) အာရုံ, ယောနိသောမနသိကာရ-စသော ပစ္စည်းအပေါင်း၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ပဋိယတေ အာဒိမှိ ဥစ္စာရိယတေတိ **ပဌမံ**။ (ပထဓာတ်+အမပစ္စည်း၊ အစ၌ ရွတ်ဆိုခြင်းကြိယာ)

ပထတိ အာဒိမှိ ပဝတ္တတီတိ **ပဌမံ**။ (ပုထဓာတ်+အမပစ္စည်း၊ အစ၌ဖြစ်ခြင်းကြိယာ)

န ပုဗ္ဗာနိ အပုဗ္ဗာနိ။ အပုဗ္ဗာနိ ပဒါနိ အပုဗ္ဗပဒါနိ။ အပုဗ္ဗပဒါနံ ဝဏ္ဏနာ **အပုဗ္ဗပဒဝဏ္ဏနာ**။

(၂) ရှေး မဟုတ်သော ပုဒ်တို့၏ ဖွင့်ကြောင်း ဖွင့်ရာ အဋ္ဌကထာနှင့် သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အပုဗ္ဗပဒဝဏ္ဏနာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ပယုဇ္ဇနံ **ပယောဂေါ**။ (ပပုဗ္ဗ ယုဇဓာတ်+ဏပစ္စည်း၊ အားထုတ်ခြင်းကြိယာ)

သဟ ပယောဂေန ယော (ပစ္စယဂဏော) ဝတ္တတီတိ **သပ္ပယောဂေါ**။(တေန)

ဥပယတီတိ **ဥပါယော**။ (ဥပပုဗ္ဗ ဣဓာတ်+ဏပစ္စည်း၊ အကျိုးသို့ ကပ်ရောက်ခြင်းကြိယာ)

ဥပါယနံ ပရေဟိ ဥဿာဟနံ **ဥပါယော**။ (ဥပပုဗ္ဗ ဣဓာတ်+ဏပစ္စည်း၊ အားထုတ်ခြင်းကြိယာ)

ဥပဂစ္ဆတိ ဧတေနာတိ **ဥပါယော**။(ဥပပုဗ္ဗ အယဓာတ်+ဏပစ္စည်း၊ ကပ်ရောက်ခြင်းကြိယာ)

သဟ ဥပါယေန ယော (ပစ္စယဂဏော) ဝတ္တတီတိ **သဥပါယော**။(တေန)

ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ **ပစ္စယော**။ ဂဏီယတိ အဝယဝေန သဟာတိ **ဂဏော**။

ပစ္စယာဒီနံ ဂဏော **ပစ္စယဂဏော**။ (တေန)

➤ ❻ ။ **(စ)** ၌ သဟ သင်္ခါရေန-ဖြင့် သသင်္ခါရပုဒ်ကို သဟ သင်္ခါရေန ယော(ပစ္စဂဏော) ဝတ္တတီတိ သသင်္ခါရော-ဟု သဟပုဗ္ဗပဒ ပဌမာ ဗဟုဗ္ဗီဟိသမာသ် ပြုရမည်ကိုငှါး(သမာသလိင်္ဂတ္ထ) သ-သဒ္ဒါသည် သန္တ, သမာန-သဒ္ဒါတို့၏ ကာရိယမဟုတ်၊ သဟ-သဒ္ဒါ၏ ကာရိယ-၏ အဖြစ်ကိုငှါး (နိပါတလိင်္ဂပဒ) သိစေပါသည်။ **တေန သင်္ခါရေန**-ဖြင့် သဟ သင်္ခါရေနာတိ သသင်္ခါရော-ဟု ပဌမန္တဖြင့် ငါ(အဋ္ဌကထာ)ဆရာ ဖွင့်ပြခဲ့သော်လည်း ပါဠိတော်၌ကား သသင်္ခါရေန-ဟု တတိယာ ဝိဘတျန္တအားဖြင့် ဘုရားရှင်ဟောတော်မူသတည်းဟု သိစေပါသည်။(ဝိဘတ္တိပဒ)

သပ္ပယောဂေန သဥပါယေန-ဖြင့် သသင်္ခါရေန-၌ သင်္ခါရ-အရ ပယောဂ, ဥပါယကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **ပစ္စယဂဏေန**-ဖြင့် သသင်္ခါရေန တစ်ပုဒ်လုံးအရ ပစ္စယဂဏကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❼ ။ **(ဂ) ကေဝလဥ္စ-၌** စ-ကား ပက္ခန္တရတ္ထ။(တနည်း) ဝါကျာရမ္ဘတ္ထ။

သဟ သင်္ခါရေန-၌ သဟ-ကား သမင်္ကိယတ္ထ, တုလျယောဂတ္ထ။ **သသင်္ခါရေန**-၌ သ-ကား သမင်္ကိယတ္ထ, တုလျယောဂတ္ထ။ **ယေန ဟိ**-၌ ဟိ-ကား ဒဠှီကရဏတ္ထ။ **တာဝ**-ကား ပဌမတ္ထ။ **အပုဗ္ဗံ**-၌ အ-ကား ပဋိသေဓတ္ထ။ **သသင်္ခါရေနာတိ**-၌ ဣတိ-ကား ဝိသေသနတ္ထ။

(ခ) တေသု-၌ တ-သည် ဆိုခဲ့ပြီးသော ဒုတိယစိတ် စသည်ကို စွဲယူသောကြောင့် ပက္ကန္တဝိသယ။

http://www.dhammadownload.com

(ခ) တေန-၌ တ-သည် ပစ္စယဂဏေန-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ဆ) တေနေဝ-၌ တ-သည် ရှေးဝါကျမှ ပစ္စယဂဏေန-ကို စွဲယူသောကြောင့် ပက္ကန္တဝိသယ။ (တနည်း) ယေန ပစ္စယဂဏေန-ဟူသော အနိယမ ယ-သဒ္ဒါ စွဲသော အနက်ကိုပင် စွဲသောကြောင့် နိယမဝိသယ ဖြစ်ပါသည်။

(ခ) ဝုတ္တာနယေနေဝ-၌ (၁) ဝုတ္တနယသည် ဂဟေတဗ္ဗတ္ထ။ (၂) အဝုတ္တနယသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သဒိသနယသည် အနုညာတတ္ထ။

မဟာဝါရာဝေ-၌ (၁) ဓမ္မဝဝတ္ထာနဝါရ, သင်္ဂဟဝါရ, သုညတဝါရ-ဟူသော မဟာဝါရ သုံးပါးသည် ဂဟေတဗ္ဗတ္ထ။ (၂) ဝုတ္တသဒိသပုဒ်တို့၏ အနက်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဝုတ္တသဒိသပုဒ်သည် အနုညာတတ္ထ။

(ဆ) တေနေဝ-၌ (၁) ထို အာရုံ, ယောနိသော မနသိကာရ-စသော ပစ္စည်းအပေါင်းသည် ဂဟေတဗ္ဗတ္ထ။ (၂) ထိုမှတပါးသော ပစ္စည်းအပေါင်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပယောဂ, ဥပါယသည် အနုညာတတ္ထ။

(င) ဣဓဒမေဝ-၌ (၁) သသင်္ခါရေန-ဟူသော ပုဒ်သည် ဂဟေတဗ္ဗတ္ထ။ (၂) ကတမေ ဓမ္မာ-စသော ပုဒ်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သသင်္ခါရေနပုဒ်၏ အနက်သည် အနုညာတတ္ထ။

➢ **၈** ။ **ကြိယာဝါးတန်** ။ ။ **ဒသေတုံ-၌ ဒိသဓာတ်-အရ/ ဟေတုကတ္တုရှ ကြိယာ-အရ** (၃) "ကတမေ ဓမ္မာ"စသော ပဒဘာဇနီပါဠိတော် ဒေသနာဟု ဆိုအပ်သော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (ကြွင်း ပထမအုပ်-၃၉၆-ကြည့်)

အာရဒ္ဓံ-၌ အန္တတ္ထ-အရ/ အာပုဗ္ဗ ရဘဓာတ်-အရ = (၃) ကတမေ ဓမ္မာ"စသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။(ကြွင်း စာ-၂၄၇-ကြည့်)

(ဆ) ဣဒံ ဥပ္ပန္နတိ-၌ ဣဒံ-အရ ဒုတိယ မဟာကုသိုလ်စိတ် ကို ယူ၍ (၁) ထိုဒုတိယ မဟာကုသိုလ်စိတ်သည် ဒဿနတ္ထ။ (၂) ပယောဂ, ဥပါယနှင့် တကွဖြစ်သော အာရုံ, ယောနိသောမနသိကာရ-စသော ပစ္စည်းအပေါင်းသည် ဒီပကတ္ထ။ (၃) ကာယိကသုခ, စေတသိကသုခသည် (ဝါ) ကုသလဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်သည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ စသည်သည် (ဝါ) အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➢ **၁ ၉** ။ **(ဆ) တေနေဝ+ဣဒံ ဥပ္ပဇ္ဇတိ** ။ ။ တေနေဝ-အရ အာရုံ, ယောနိသော မနသိကာရ-စသော ပစ္စည်းအပေါင်းကို ယူရပါမည်။ ဣဒံ ဥပ္ပဇ္ဇတိ-အရ ဒုတိယ မဟာကုသိုလ်စိတ်ကို ယူရပါမည်။ **တေနေဝ**-အရ အာရုံ (၆)ပါး ပစ္စည်းတရားသည် ဣဒံ ဥပ္ပဇ္ဇတိ-အရ ဒုတိယ မဟာကုသိုလ်စိတ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်=အာ၊ ပု၊ အတ္ထိ၊ အဝိ(၄)

တေနေဝ-အရ ယောနိသောမနသိကာရ-စသော ပစ္စည်းအပေါင်းသည် ဣဒံ ဥပ္ပဇ္ဇတိ-အရ ဒုတိယ မဟာကုသိုလ်စိတ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

http://www.dhammadownload.com

ပါဠိ (၆၂) [ဋ္ဌ၊၂၀၁။ ပြည်၊ဒု၊၂၀၈။ ဘာသာဋီ၊ဒု၊၄၃၂]

(က) ဆဋ္ဌ သတ္တမ အဋ္ဌမာနိ ဒုတိယတတိယစတုတ္ထေသု ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။

(ခ) ကေဝလဉှိ ဣမေသု ဝေဒနာပရိဝတ္တနမ္ပေဝ ပီတိပရိဟာနဉ္စ ဟောတိ။

(ဂ) သေသံ သဗ္ဗံ ဥပ္ပတ္တိနယေန တာဒိသမေဝ။

(ဃ) ကရုဏာမုဒိတာ ပရိကမ္မကာလေပိ ဟိ ဣမေသံ ဥပ္ပတ္တိ မဟာအဋ္ဌကထာယံ အနုညာတာ ဧဝ။ (င) ဒါနမေဝ ဒါနမယံ၊ ပုညကိရိယာဝ သာ တေသံ တေသံ အာနိသံသာနံ ဝတ္ထုတာတိ ပုညကိရိယဝတ္ထု။

➤ ❶ ။ (က) ဆဋ္ဌ သတ္တမ အဋ္ဌမာနိ၊ဆဋ္ဌစိတ်, သတ္တမစိတ်, အဋ္ဌမစိတ်တို့ကို။ဒုတိယတတိယ စတုတ္ထေသု၊တို့၌။ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

(ခ) ဟိ၊မှန်၏။ကေဝလံ၊သက်သက်။ဣမေသု၊ဤဆဋ္ဌ, သတ္တမ, အဋ္ဌမစိတ်တို့၌။ဝေဒနာပရိဝတ္တနမ္ပေဝ၊ ဝေဒနာ လဲလှယ်ခြင်းသည်ငှင်း။ပီတိပရိဟာနဉ္စ၊ပီတိ၏ ယုတ်ခြင်းသည်ငှင်း။ဟောတိ၊ဖြစ်၏။

(ဂ) ဥပ္ပတ္တိနယေန၊ဖြစ်သော နည်းနှင့်။သဗ္ဗံ၊တကွ။သေသံ၊ကြွင်းသော စကားရပ်သည်။တာဒိသမေဝ၊ ထို ဒုတိယ, တတိယ, စတုတ္ထစိတ်နှင့်တူသည်သာလျှင်။(အဓိပ္ပါယတ္ထ) ထို ဒုတိယ, တတိယ, စတုတ္ထစိတ်တို့၌ ဆိုအပ်ပြီးသော အစီအရင်ကဲ့သို့ ရှုအပ်သည်သာလျှင်။(သဒ္ဒတ္ထ) ဟောတိ၊၏။

(ဃ) ဟိ၊မှန်၏။ကရုဏာမုဒိတာ ပရိကမ္မကာလေပိ၊ကရုဏာ, မုဒိတာ, ပရိကံကိုပြုသော ကာလ၌လည်း။ ဣမေသံ၊ဤ ဆဋ္ဌ, သတ္တမ, အဋ္ဌမစိတ်တို့၏။ဥပ္ပတ္တိ၊ဖြစ်ခြင်းကို။မဟာအဋ္ဌကထာယံ၊မဟာအဋ္ဌကထာ၌။ အနုညာတာဧဝ၊ခွင့်ပြုအပ်သည်သာလျှင်တည်း။ (င) ဒါနမေဝ၊ဒါနသည်သာလျှင်။ဒါနမယံ၊မည်၏။ပုည ကိရိယာဝ၊ပုညကြိယာသည်လည်း။ဟောတိ၊၏။ သာ၊ထိုပုညကြိယာဟူသည်။တေသံ တေသံ အာနိသံသာနံ၊ ထိုထိုအာနိသင်တို့၏။ဝတ္ထုစ၊အကြောင်းသည်လည်း။ဟောတိ၊၏။ဣတိ တသ္မာ၊ထို့ကြောင့်။ပုညကိရိယဝတ္ထု၊ မည်၏။ (နိ-ဒု၊၂၁၆)

➤ ❷ ။ **(ဃ) သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ကြွင်းသော အစီအရင် ကို စိတ်ဖြစ်ပုံနည်းနှင့်တကွ ထို ဒုတိယ, တတိယ, စတုတ္ထစိတ်တို့၌ ဆိုအပ်ပြီးသော အစီအရင်ကဲ့သို့ ရှုအပ်သည်သာ ဖြစ်၏ဟု မိန့်ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဆရာ့စကားသည် ယုတ္တိကင်းပ ဒဋ္ဌီယမျှသာဖြစ်၍ မခိုင်မြဲရာသည် မယုံကြည်အပ် မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မယုံကြည် ရာသောကြောင့် (ဂ) ဖြင့် --ဖြစ်၏ဟုသာ မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

➤ ❸ ။ (က)(ဂ) ဖြင့် အဗျာပိတ, ဂန္ထဂရု, ပုနရုတ္တိ, ဧကတ္ထဒေါသတို့ကို ပယ်ပါသည်။ (ခ)(ဃ) ဖြင့် ဝိရောဓိ, ဩစိတျဟီနဒေါသတို့ကို ပယ်ပါသည်။

➤ ❹ ။ ပုနာတိ သောဓေတီတိ ပုညံ။ ကတ္တဗ္ဗာတိ ကိရိယာ။

ပုညံစ တံ ကိရိယာစာတိ ပုညကိရိယာ။ တေ တေ အာနိသံသာ ဝသန္တိ ဧတ္ထာတိ ဝတ္ထု။

http://www.dhammadownload.com

ပုညကိရိယာစ သာ ဝတ္ထု စာတိ **ပုညကိရိယာဝတ္ထု**။ (၂) ပြုထိုက်သော ကောင်းမှု၏ တည်ရာ အကြောင်းနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပုညကိရိယာဝတ္ထုတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ကေဝလံ ပဝတ္တနံ **ကေဝလံ**။ (ကေဝဓာတ်+အလပစ္စည်း၊ ဖြစ်ခြင်းကြိယာ)

ပရိဝတ္တီယတေ ပရိဝတ္တနံ။ ဝေဒနာယ ပရိဝတ္တနံ **ဝေဒနာပရိဝတ္တနံ**။

ပရိဟီယတေ ပရိဟာနံ။ ပီတိယာ ပရိဟာနံ **ပီတိပရိဟာနံ**။

သိဿတီတိ **သေသံ**။ (သိသဓာတ်+ဏပစ္စည်း၊ ကြွင်းကျန်ခြင်းကြိယာ)

တမိဝ နံ ပဿတီတိ **တာဒိသံ**။(တ-သဒ္ဒူပပဒ ဒုသ(ဒိသ)ဓာတ်+ကွိပစ္စည်း၊ ထိုကဲ့သို့ ရှုခြင်း ကြိယာ) * ဒီယတေ ဧတေနာတိ **ဒါနံ**။

➢ ❻ ။ **(ဃ)** ၌ မဟာအဋ္ဌကထာယံ အနုညာတာ-ဖြင့် ကရဏာ မုဒိတာတို့၏လည်း ဖြစ်ခြင်းကြောင့် ယေဝါပနက တရားတို့ဖြင့်လည်း ပထမ မဟာကုသိုလ်စိတ်မှ အထူးမရှိသည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(င) ၌ ဒါနမေဝ-ဖြင့် ဒါနမယံ-၌ မယ-ပစ္စည်း၏ သွတ္ထအနက်၌ သက်သည်ကိုရှင်း(ပစ္စယတ္ထ) ဒါနမေဝ ဒါနမယံ-ဟု ပြုရမည်ကိုရှင်း(အဘိဓာနတ္ထ) သိစေပါသည်။

ပုညကိရိယာစ သာ ဝတ္ထုစာတိ-ဖြင့် ပုညကိရိယာဝတ္ထုပုဒ်ကို ပုညကိရိယာစ သာ ဝတ္ထုစာတိ- ပုညကိရိယာဝတ္ထု-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

တေသံ တေသံ အာနိသံသာနံ-ဖြင့် ဝတ္ထု၌ တည်ရာအကြောင်းဖြစ်၏ဟူသည် ထိုထို အကျိုးအာနိသင် တို့၏ တည်ရာအကြောင်းဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

➢ ❼ ။ **ကေဝလဉ္စ**-၌ ဟိ-ကား ဒဠှီကရဏတ္ထ၊ ဝိသေသတ္ထ။ **စေဝ**-နှင့် **စ**-ကား အညမညသမုစ္စယတ္ထ။ **သဒ္ဓိံ**-ကား သမကြိယတ္ထ၊ တုလျယောဂတ္ထ။ **ပရိကမ္မကာလေပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ **ဟိ**-ကား ဒဠှီကရဏတ္ထ။

(က) ဝုတ္တာနယေနေဝ-၌ (၁) ဝုတ္တနယသည် ဂဟေတဗ္ဗတ္ထ။ (၂) အဝုတ္တနယသည် နိဝတ္တေ တဗ္ဗတ္ထ။ (၃) သဒိသနယသည် အနုညာတတ္ထ။

(ဂ) တာဒိသမေဝ-၌ (၁) ဒုတိယ, တတိယ, စတုတ္ထစိတ်တို့နှင့် တူသည်၏အဖြစ်ဟူသော သဒိသဘာဝသည် ဂဟေတဗ္ဗတ္ထ။ (၂) ဒုတိယ, တတိယ, စတုတ္ထစိတ်တို့နှင့် မတူသည်၏အဖြစ်ဟူသော အသဒိသဘာဝသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဒုတိယ, တတိယ, စတုတ္ထစိတ်တို့အား လျော်သည်၏အဖြစ်ဟူ သော အနုရူပဘာဝသည် အနုညာတတ္ထ။

(ဃ) အနုညာတာဝေ-၌ (၁) ခွင့်ပြုခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) ခွင့်မပြုခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) မဟာအဋ္ဌကထာ၌ ခွင့်ပြုအပ်သော ကရုဏာ, မုဒိတာ ပရိကံပြုရာကာလ၌ ဆဋ္ဌ, သတ္တမ, အဋ္ဌမစိတ်တို့၏ ဖြစ်ခြင်းသည်ရှင်း၊ ကရုဏာ, မုဒိတာ ပရိကံပြုရာကာလ၌ ဆဋ္ဌ, သတ္တမ, အဋ္ဌမစိတ်တို့၏ ဖြစ်ခြင်းကို ခွင့်ပြုသည်၏ အဖြစ်ဟူသော အနုညာတဘောဂုဏ်သည်ရှင်း အနုညာတတ္ထ။

http://www.dhammadownload.com

➢ **၈** ။ **ကြိယာငါးတန်** ။ ။ **(က) ဝေဒိတဗ္ဗာနိ-၌ ဝိဒဓာတ်-အရ** သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ (၄၀/၂၇၂-ကြည့်)

(ဃ) အနုညာတာ-၌ အနုပုဗ္ဗ ဉာဓာတ်-အရ = သတိ, ဝီရိယ, ဉာဏ်, ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို သတိ, ဝီရိယ, ဉာဏ်, ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) ခွင့်ပြုသဖြင့် သောတုဇနေ ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ် အနက်အဓိပ္ပါယ် သိရှိမှတ်သားရခြင်းသည် ပကာသနတ္ထ။ (၄) သဒ္ဒမ္မယသဝန စသည်သည် ဝိဘာဝတ္ထ။ (၅) သိရှိမှတ်သားရသဖြင့် ကျင့်ရခြင်း, ကျင့်သဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➢ **၁ ၀** ။ **(က) ဆန္ဒသတ္တမအဌမာနိ+ဝေဒိတဗ္ဗာနိ** ။ ။ ဆန္ဒသတ္တမအဌမာနိ-အရ ဆန္ဒ, သတ္တမ, အဌမစိတ် ပစ္စည်းတရားသည် ဝေဒိတဗ္ဗာနိ-၌ ဝိဒဓာတ်-အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်=အာ၊ဓိ၊ဥပ(၃)

ပါဠိ (၆၃) [ဋ္ဌ၊၂၀၇။ ပြည်၊ဒု၊၂၂၅။ ဘာသာဋီ၊ဒု၊၄၄၉]

(က) ကုဒါနိ ရူပါဝစရကုသလံ ဒဿေတုံ "ကတမေ ဓမ္မာ ကုသလာ"တိ အာဒိ အာရဒ္ဓံ။

(ခ) တတ္ထ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတီတိ ရူပံ ဝုစ္စတိ ရူပဘဝေါ။

(ဂ) ဥပပတ္တီတိ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ။ **(ဃ) မဂ္ဂေါတိ ဥပါယော။**

(င) ဝစနတ္ထော ပနေတ္ထ တံ ဥပပတ္တိံ မဂ္ဂတိ ဂဝေသတိ ဇနေတိ နိပ္ဖါဒေတီတိ မဂ္ဂေါ။

(စ) ကုဒံ ဝုတ္တံ ဟောတိ ""ယေန မဂ္ဂေန ရူပဘဝေ ဥပပတ္တိ ဟောတိ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ တံ မဂ္ဂံ ဘာဝေတီ""တိ။

➢ **၁** ။ **(က)** ဇဝံ၊ဤသို့။ကတမေ ဓမ္မာ ကုသလာတိ အာဒိနာ၊ကတမေ ဓမ္မာ ကုသလာ ဤသို့ အစရှိသည်ဖြင့်။ကာမာဝစရကုသလံ၊ကာမာဝစရကုသိုလ်ကို။ဒဿေတွာ၊ပြပြီး၍။(ပုဗ္ဗာနုသန္ဓေ)ကုဒါနိ၊ကာမာဝစရကုသလနိဒ္ဒေသကို ဟောပြီးသည်၏အခြားမဲ့ဖြစ်သော ဤအခါ၌။ကတမေ ဓမ္မာ ကုသလာတိ အာဒိနာ၊ဖြင့်။ (ကရိဏ်း) ရူပါဝစရကုသလံ၊ကို။ဒဿေတုံ၊ပြခြင်းငှာ။"ကတမေ ဓမ္မာ ကုသလာ"တိ အာဒိ၊ဤသို့ အစရှိသော စကားကို။(ဘဂဝတာ၊သည်) အာရဒ္ဓံ၊အားထုတ်တော်မူအပ်၏။

(ခ) တတ္ထ၊ထို ကတမေ ဓမ္မာ အစရှိသော စကား၌။ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတီတိ ဧတ္ထ၊ဟူသော ဤပါဌ်၌။ရူပဘဝေါ၊ရူပဘဝကို။ရူပံ၊ရူပဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ **(ဂ)** ဥပပတ္တီတိ၊ဟူသည်ကား။နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ၊ဖြစ်ခြင်းတည်း။ **(ဃ)** မဂ္ဂေါတိ၊ဟူသည်ကား။ဥပါယော၊အကြောင်းတည်း။

(င) ပန၊အဘိဓေယျတ္ထမှတပါး ဝစနတ္ထကိုဆိုအံ့။ဧတ္ထ၊ဤမဂ္ဂေါဟူသော ပုဒ်၌။ဝစနတ္ထော၊ကို။(ဇဝံ၊ဤသို့။ ဝေဒိတဗ္ဗော၊သိအပ်၏) ယော ဥပါယော၊အကြင်အကြောင်းသည်။တံ ဥပပတ္တိံ၊ထိုရူပဘုံ၌ဖြစ်ခြင်းကို။မဂ္ဂတိ ဂဝေသတိ၊ရှာတတ်၏။ဇနေတိ နိပ္ဖါဒေတိ၊ဖြစ်စေတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။သော ဥပါယော၊ထို အကြောင်းသည်။မဂ္ဂေါ၊မဂ္ဂမည်၏။ **(စ)** ကုဒံ အယံ အဓိပ္ပါယော၊ဤသို့သော အဓိပ္ပါယ်ကို။ဝုတ္တံ ဝုတ္တော၊ဆိုအပ်သည်။ဟောတိ၊၏။ ယေန မဂ္ဂေန၊အကြင် အကြောင်းဖြင့်။ရူပဘဝေ၊ရူပဘုံ၌။ဥပပတ္တိ၊ဖြစ်ခြင်းသည်။

http://www.dhammadownload.com

ဟောတိ၏။နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ၊ဖြစ်ခြင်းသည်။ဟောတိ၏။တံ မဂ္ဂံ၊ထိုရူပဘုံ၌ ဖြစ်ခြင်း၏ အကြောင်းကို။ ဘာဝေတိ၊ပွားစေ၏။ဣတိ အယံ အဓိပ္ပါယော၊ဤသို့သော အဓိပ္ပါယ်ကို။ဝုတ္တံ ဝုတ္တော၊ဆိုအပ်သည်။ဟောတိ။

➢ **၂**။ **(က) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော်၌ ကတမေ ဓမ္မာ ကုသလာ အစရှိသော စကားကို အားထုတ်တော်မူအပ်၏။ ဤသို့ အားထုတ်အပ်သည်ရှိသော် ကတမေ ဓမ္မာ ကုသလာ အစရှိသည်ဖြင့် ကာမာဝစရကုသိုလ်ကို ပြအပ်ပြီးသည် မဟုတ်ပါလော။ ထိုသို့ ပြအပ်ပြီးသောကြောင့် မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော်၌ တဖန် ကတမေ ဓမ္မာ ကုသလာ အစရှိသော စကားကို အားထုတ်တော် မမူသင့်။ တဖန် ကတမေ ဓမ္မာ ကုသလာ အစရှိသော စကားကို အားထုတ်ရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်အကျိုးငှာ (ဝါ) အဘယ်ကြောင့် တဖန် ကတမေ ဓမ္မာ ကုသလာ အစရှိသော စကားကို အားထုတ်ပါသနည်း။ ဤသို့-(က) မိန့်။

အဓိပ္ပါယ်ကား- ကတမေ ဓမ္မာ ကုသလာ အစရှိသည်ဖြင့် ကာမာဝစရကုသိုလ်ကို ပြအပ်ပြီးဖြစ်ငြားသော်လည်း ယခုအခါ၌ ရူပါဝစရကုသိုလ်ကို ပြခြင်းအကျိုးငှာ မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော်၌ တဖန် ကတမေ ဓမ္မာ ကုသလာ အစရှိသော စကားကို အားထုတ်အပ်ပါ၏ဟူလို။

(ခ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် ကတမေ ဓမ္မာ ကုသလာ အစရှိသော ပါဠိတော်စကား၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ယင်းပါဠိတော်စကားရပ်၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထသာရှိ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် အဝယဝတ္ထကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ အဝယဝတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ခ) သို့/ ပါပနာဒိပဥ္စက လီနတ္ထရှေးဒေါသနှာ ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ရူပုပတ္တိယာ မဂ္ဂံ ဘာဝေတိ-ဟု ဟောတော်မူ၏။ ထိုသို့သာဆိုချေသော် ကုန္တာ ပစရန္တိ စသည်၌ ဌာနီဖြစ်သော ကုန္တ၏အမည်ကို ဌာနဖြစ်သော လှံ၌တင်စားသောအားဖြင့် ကုန္တဟူသကဲ့သို့ ဌာနီဖြစ်သော ရူပ၏အမည်ကို ဌာနဖြစ်သော ဘဝ၌ တင်စားသောအားဖြင့် ရူပဟူ၍ ဆိုအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ (ပ) ကြောင့် ရူပပုဒ်၏ ဤ၌ဖြစ်သင့်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဒေသက ဘုရားရှင်အား သဒ္ဒ+အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤ၌ ဖြစ်သင့်သော ရူပပုဒ်၏ အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ရူပုပတ္တိယာ မဂ္ဂံ ဘာဝေတိ-၌ ရူပဟူသော ပုဒ်တစိတ်၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဥပပတ္တိပုဒ်၏ အဖွင့်သံဝဏ္ဏနာကို မပြဆိုဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ခ) ဖြင့် ရူပုပတ္တိယာ မဂ္ဂံ ဘာဝေတိ-၌ ရူပ ဟူသော ပုဒ်တစိတ်၏ အဖွင့်သံဝဏ္ဏနာကိုသာ မဆိုသင့်။ ဥပပတ္တိပုဒ်၏ အဖွင့် သံဝဏ္ဏနာကိုလည်း ပြဆိုသင့်သေး၏။ ဥပပတ္တိပုဒ်၏ အဖွင့် သံဝဏ္ဏနာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

http://www.dhammadownload.com

(င) သို့/ ဥပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် မဂ္ဂ ဘာဝေတိ–၌ မဂ္ဂပုဒ်၏ အဘိဓေယျတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းမဂ္ဂပုဒ်၏ ဝစနတ္ထကို မပြဆိုဟူသော အနက် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဃ) ဖြင့် မဂ္ဂ ဘာဝေတိ–၌ မဂ္ဂပုဒ်၏ အဘိဓေယျတ္ထကိုသာ မဆိုသင့်။ မဂ္ဂပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ မဂ္ဂပုဒ်၏ ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(စ) သို့/ ဥပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ)(ဃ)(င)တို့ဖြင့် ရူပူပပတ္တိယာ မဂ္ဂ ဘာဝေတိပုဒ်တို့၏ အဝယဝတ္ထ ဝင်္ကတ္ထကို ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ရူပူပပတ္တိယာ မဂ္ဂ ဘာဝေတိ ဟူသော ပုဒ်တို့၏ အဝယဝတ္ထ, ဝင်္ကတ္ထကိုသာ သိရ၍ ဥဇုကတ္ထ, ပိဏ္ဍတ္ထကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် ရူပူပပတ္တိယာ မဂ္ဂ ဘာဝေတိပုဒ်တို့၏ အဝယဝတ္ထ ဝင်္ကတ္ထကိုသာ မဆိုသင့်။ ရူပူပပတ္တိယာ မဂ္ဂ ဘာဝေတိ ဟူသော ပုဒ်တို့၏ ဥဇုကတ္ထ, ပိဏ္ဍတ္ထကိုလည်း ပြဆိုသင့်သေး၏။ ရူပူပပတ္တိယာ မဂ္ဂ ဘာဝေတိ ဟူသော ပုဒ်တို့၏ ဥဇုကတ္ထ, ပိဏ္ဍတ္ထကား အဘယ်ပါ နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

➤ **❸** ။ **(ခ)** စသည်ဖြင့် ကတမေ ဓမ္မာ ကုသလာ အစရှိသော ပါဠိတော်၏ အဝယဝတ္ထကို ပြသောကြောင့် ဝိရောဓိ၊ အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဥပပတ္တိပုဒ်အဖွင့်မှတပါး မဂ္ဂေါပုဒ်အဖွင့်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် မဂ္ဂပုဒ်၏ အဘိဓေယျတ္ထမှတပါး ဝစနတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(စ) ဖြင့် မဂ္ဂ–ပုဒ်၏ ဥဇုကတ္ထ ပိဏ္ဍတ္ထကို ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

(ခ) ၌ ဝုစ္စတိ–ကို ထားရခြင်းအကြောင်း ။ ။ ရူပဘဝ–ဟု ဆိုလိုလျက် ဘဝ နောက်ပုဒ်ကို ချေထားသော ဥတ္တရပဒလောပသမာသ်ပုဒ်အားဖြင့် ရူပဘုံကို ဟောသော သဒ္ဒါဟု သိစေလိုသောကြောင့် (ခ) ၌ ဝုစ္စတိ–ကို ထားရပါသည်။

(စ) ၌ ဣဒံ ဝုတ္တံ ဟောတိ–ကို ထားရခြင်းအကြောင်း ။ ။ ရူပူပပတ္တိယာ မဂ္ဂ ဘာဝေတိ– ဟူသော ဝါကျ၏ ဥဇုကတ္ထ, ပိဏ္ဍတ္ထ စကားကျ အဓိပ္ပါယ်ကို ပြလိုသောကြောင့်––ထားရပါသည်။

➤ **❹** ။ ရုပ္ပတီတိ ရူပံ။ ဘဝတိ ဧတ္ထာတိ ဘဝေါ။ ရူပဿ ဘဝေါ **ရူပံ**။**[ရူပဘဝေါ]**

(၂) ရူပပုဒ်+ဘဝ ပုဒ်သည်၎င်း၊ ရုပ်၏ ဖြစ်ရာဘုံဘဝနှင့် ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည်၎င်း ဇျုပ္ပတ္တိနိမိတ်။ (၄) ရူပဘဝတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် (ဝါ) ရူပဘုံသည် ပဝတ္တိနိမိတ်။

ရူပူပပတ္တိ မဂ္ဂတိ ဂဝေသတိ ဧနေတိ နိပ္ဖါဒေတီတိ **မဂ္ဂေါ**။ (၂) မဂ္ဂဓာတ်+အ–ပစ္စည်းသည်၎င်း၊ ရှာမှီးခြင်းကြိယာသည်၎င်း ဇျုပ္ပတ္တိနိမိတ်။ (၄) ဈာန် စေတနာသမ္ပယုတ္တဓမ္မတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဥပပဇ္ဇနံ **ဥပပတ္တိ**။ (ဥပုဗ္ဗ ပဒဓာတ်+တိပစ္စည်း၊ ဖြစ်ခြင်းကြိယာ)

ရူပေ ဥပပတ္တိ **ရူပူပပတ္တိ**။ (၂) ရူပဘုံ၏ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းနှင့် ဌာန+ဌာနီ အဖြစ်ဖြင့်

http://www.dhammadownload.com

စပ်ခြင်းသမွန်သည် ဖျူပ္ပတ္တိနိမိတ်။ (၄) ရူပဘုံ၌ဖြစ်ခြင်းကြိယာသည် (ဝါ) ရူပဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အာရာဇီယတေတိ **အာရဇ္ဇံ**။ (အာပုဗ္ဗ ရာဇာတ်+တ-ပစ္စည်း၊ အားထုတ်ခြင်းကြိယာ)

နိဗ္ဗတ္တနံ **နိဗ္ဗတ္တိ**။ (နိပုဗ္ဗ ဝတုဓာတ်+တိပစ္စည်း၊ ဖြစ်ခြင်းကြိယာ)

ဇနနံ ဇာတိ။ သဥ္စာနနံ **သဥ္ဇာတိ**။ (သံပုဗ္ဗ ဇနဓာတ်+တိပစ္စည်း)

ဥပဂစ္ဆတိ ဧတေနာတိ **ဥပါယော**။ (ဥပပုဗ္ဗ အယဓာတ်+အ-ပစ္စည်း၊ ကပ်ရောက်ခြင်းကြိယာ)

➤ **၆** ။ **(ခ)** ၌ ရူပံ ဝုစ္စတိ ရူပဘဝေါ-ဖြင့် ရူပူပပတ္တိယာ-၌ ရူပပုဒ်ကို ဘဝတိ ဧတ္ထာတိ ဘဝေါ၊ ရူပဿ ဘဝေါ ရူပံ-ဟု ဥတ္တရပဒလောပသမာသ် ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) ရူပ-အရ ရုပ်၏ဖြစ်ရာ ရူပဘုံကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

(ဂ) ၌ နိဗ္ဗတ္တိ-ဖြင့် ဥပပတ္တိသဒ္ဒါသည် ဤ၌ ယုတ္တိအနက်ကို မဟော၊ ဖြစ်ခြင်း နိဗ္ဗတ္တနအနက် ကို ဟော၏ဟု သိစေပါသည်။(နာမလိင်္ဂတ္ထ) (တနည်း) နိဗ္ဗတ္တိ-ဖြင့် ဥပပတ္တိ-၌ ဥပရှေးရှိသော ပဒဓာတ်သည် ဥပဂမနအနက်ကို မဟော၊ ဖြစ်ခြင်း နိဗ္ဗတ္တနအနက် ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) ဥပ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) တိ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း (ဒု-ပစ္စယတ္ထ) ဥပပဇ္ဇနံ ဥပပတ္တိ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

➤ ❶ ။ (က) ဝိဝိစ္စေဝ ကာမေဟီတိ၊ကား။ကာမေဟိ၊ဝတ္ထုကာမ, ကိလေသာကာမတို့မှ။ဝိဝိစ္စိတွာ၊ အသီးအခြားဖြစ်၍။ဝိနာ၊မငြိ, မတွယ်, မယှက်, မစပ်, ကင်းကွာ, လွတ်လပ်သည်။ဟုတွာ၊၍။အပက္ကမိတွာ၊ စွန့်ပယ်သည်၏ အစွမ်းဖြင့် ဖဲခွာ, ဆုတ်နစ်ခဲ့၍။ (ခ) ပန၊ဆက်၍ဆိုအံ့။ဧတ္ထ၊ဤဝိဝိစ္စေဝ ကာမေဟိ, အစ ရှိသော ဝါကျ၌။ယော အယံ ဧဝ ကာရော၊ကို။ဝုတ္တော၊ပြီ။သော ဧဝ ကာရော၊ထိုဧဝ သဒ္ဒါကို။နိယမတ္ထောတိ၊ စင်စစ်မြဲခြင်း မှတ်ခြင်း,အနက်ရှိ၏ဟူ၍။ဝေဒိတဗ္ဗော၊၏။ (ဂ) စ၊ဆက်၍ဆိုအံ့။ယသ္မာ၊ကြောင့်။ဧဝကာရော၊ သည်။နိယမတ္ထော၊နိယမ အနက်ရှိသည်။ဟောတိ၊၏။တသ္မာ၊ထိုသို့ ဧဝသဒ္ဒါ၏ နိယမအနက်ရှိသည်၏အဖြစ် ကြောင့်။တသ္မိံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရဏ သမယေ၊ထိုပဌမဈာန်ကို ပြည့်စုံ၍ နေသောအခါ၌။အဝိဇ္ဇ မာနာနမ္ပိ၊ထင်ရှားမရှိကုန်သော်လည်း။ကာမာနံ၊တို့၏။တဿ ပဌမဇ္ဈာနဿ၏။ပဋိပက္ခဘာဝဉ္စ၊ဆန့်ကျင်ဘက် အဖြစ်ကိုငှင်း။ကာမပရိစ္စာဂေနေဝ၊ကာမတို့ကိုစွန့်ခွာ ရှောင်လွှဲ ဝေးစွာရှဲလျက် ဖဲဆုတ်ခြင်းဖြင့်သာလျှင်။

F-19-B

http://www.dhammadownload.com

အဿ ပဌမဈ္ဈာနဿ၊ကို။အဓိဂမဥ္စ၊ရခြင်းကိုငှင်း။ဝိဝိစ္စေဝ ကာမေဟီတိ ဣမိနာ၊ဖြင့်။ဘဂဝါ၊သည်။ဒီပေတိ၊ ပြတော်မူ၏။ (ဃ) ကထံ ဒီပေတိ၊ကား။ဟိ-တံပါကဋ္ဌ ကရောမိ၊အံ့။(ဝါ) ဟိ-ယသ္မာ၊ကြောင့်။ကာမေဟိ၊ တို့မှ။ဝိဝိစ္စေဝ၊မငြိ, မတွယ် အသီးအခြားဖြစ်၍သာလျှင်။ဣတိ ဓေ၀ံ၊ဤသို့။နိယမေ၊မှတ်ခြင်းကို။ဘဂဝတာ၊ သည်။ကရိယမာနေ၊သော်။ဣဒံ ပဌမဇ္ဈာနံ၊သည်။ပညာယတိ၊ထင်ရှား၏။အန္ဓကာရေ၊သည်။သတိ၊သော်။ပဒီပေါ ဘာသော၊ဆီမီးရောင်သည်။န ပဝတ္တတိ,ဣဝ၊မဖြစ်၏သို့။ယေသု ကာမေသု၊တို့သည်။သတိ သံ့ဇွေသု၊ရှိလတ် ကုန်သော်။ဣဒံ ဈာနံ၊သည်။န ပဝတ္တတိ၊မဖြစ်။တေ ကာမာ၊တို့သည်။ဣမဿ ဈာနဿ၊၏။နနု၊စင်စစ်။ပဋိ ပက္ခဘူတာ၊ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏။သြရိမတီရပရိစ္စာဂေန၊ဤမှာဘက်ကမ်းကို စွန့်ခြင်းဖြင့်။ပါရိ မတီရဿ၊ထိုမှာဘက်ကမ်းကို။အဓိဂမော ဣဝ၊ရခြင်းကဲ့သို့။တေသံ ကာမာနံ၊တို့ကို။ပရိစ္စာဂေနေဝ၊သာလျှင်။ အဿ ဈာနဿ၊ထိုပထဈာန်ကို။အဓိဂမော၊ရခြင်းသည်။ဟောတိ၊၏။ဣတိ ပဌမဇ္ဈာနံ၊သည်။ပညာယတိ၊၏။

(င) တသ္မာ၊ကြောင့်။နိယမံ၊ကို။ဘဂဝါ၊သည်။ကရောတိ၊၏။ဣတိ၊ဤသို့ မှတ်အပ်၏။

➤ ❷ ။ (ခ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဝိဝိစ္စေဝ-ဟု ဟောတော်မူ ၏။ ထိုသို့သာဆိုချေသော် ဤဝိဝိစ္စေဝ-၌ ဧဝ-သဒ္ဒါသည် အဝဓာရဏ သန္နိဋ္ဌာနပဒပူရဏအနက်ကို ဟော၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ဝိဝိစ္စေဝ-၌ ဧဝ-သဒ္ဒါ အဝဓာရဏ-စသော အနက်ဟော မဖြစ်သင့်။ ယင်းသို့ မဖြစ်သင့်သောကြောင့် ဧဝ-သဒ္ဒါ၏ ဤ၌ ဖြစ်သင့်သော အနက်ကို ဆိုသင့် ဆိုတန်၏။ ဧဝ-သဒ္ဒါ၏ ဤ၌ဖြစ်သင့်သော အနက်ကို မဆိုဘဲ မနေသင့် မနေတန်။ (အကယ်၍ ဧဝ-သဒ္ဒါ၏ ဤ၌ဖြစ်သင့်သော အနက်ကို မပြဆိုချေသော် မြတ်စွာဘုရားအား အလွန်ပျံ့နှံ့ခြင်း အတိ ဗျာပိတဒေါသ ရောက်ရာ၏။) ဤဝိဝိစ္စေဝ-၌ ဧဝ-သဒ္ဒါ အဘယ်အနက်ကို ဟောပါသနည်း။ (ခ)မိန့်။

အဓိပ္ပါယ်ကား- (ခ) ဖြင့် ဝိဝိစ္စေဝ-၌ ဧဝ-သဒ္ဒါသည် အဝဓာရဏ-စသော အနက်ကို မဟော၊ နိယမအနက်ကို ဟော၏ဟု ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော အတိဗျာပိတဒေါသ မြတ်စွာဘုရား၌ မရောက် ဟောသင့် ဟောတန်၏ဟူလို။

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဝိဝိစ္စေဝ-၌ ဧဝ-သဒ္ဒါသည် နိယမအနက်ရှိ၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းဧဝ-သဒ္ဒါ၏ နိယမအနက်ကို အကျယ်အားဖြင့် မသိအပ်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ယင်းဧဝ-သဒ္ဒါ၏ နိယမအနက်ဖြစ်ပုံ အကျယ်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ ဧဝ-သဒ္ဒါ၏ နိယမအနက်ဖြစ်ပုံ အကျယ်ကား အဘယ်ပါနည်း။ (ဂ) မိန့်။

(ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ထိုပဌမဈာန်ကို ပြည့်စုံစေ၍ နေသောအခါ၌ ထင်ရှားမရှိကုန်သော်လည်း ကာမတို့၏ ထိုပဌမဈာန်၏ ပဋိပက္ခ၏ အဖြစ်ကိုငှင်း, ကာမ တို့ကို စွန့်ခြင်းဖြင့် ထိုပဌမဈာန်ကို ရခြင်းကိုငှင်း၊ ဝိဝိစ္စေဝ-၌ ဧဝသဒ္ဒါဖြင့် ပြတော်မူ၏ဟု ဆိုတော်မူ ၏။ ထိုသို့ဆိုချေသော် ယင်းဧဝသဒ္ဒါဖြင့် ပြအပ်သောအနက်ကို ထင်ရှားစွာ မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (ဂ) ဖြင့်--ပြတော်မူ၏ဟု မဆိုသင့်။ ဝိဝိစ္စေဝ-၌ ဧဝ-သဒ္ဒါဖြင့် ပြဆိုအပ် သော အနက်ကို ဥပမာဆောင်၍ ထင်ရှားအောင် ပြဆိုသင့်သေး၏။ ဝိဝိစ္စေဝ-၌ ဧဝ-သဒ္ဒါဖြင့် ပြဆိုအပ်

http://www.dhammadownload.com

သော အနက်ကို ဥပမာဆောင်၍ ထင်ရှားအောင် ပြဆိုသော တပ္ပါကဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ဝိဝိစ္စေဝ-၌ ဝေသဒ္ဒါ၏ အနက်ကိုပြသောကြောင့် အဗျာပိတ, အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် နိယမအနက်ရှိသော ဧဝ-သဒ္ဒါဖြင့် ပြအပ်သော အနက်ကိုပြသောကြောင့် အဗျာပိတ, အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် (ဂ) ဝါကျလာ စကားရပ်တို့ကို ပုစ္ဆာ ဝိဿဇ္ဇနာ၊ ဥပမာ ဥပမေယျတို့ဖြင့် ထင်ရှားအောင်ပြသောကြောင့် ဝိရောဓိဒေါသ ပုနရုတ္တိဒေါသ, အဗျာပိတ, အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် အကျိုးလဒ္ဓဂုဏ်ကို ပြသောကြောင့် နိရတ္ထက, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။

(ခ) ၌ ဝေဒိတဗ္ဗော-ကို ထားရခြင်းအကြောင်း ။ ။ ဝေသဒ္ဒါသည် သာမညအားဖြင့် နိယမ, အဝဓာရဏ, သန္နိဋ္ဌာန, ပဒပူရဏအနက်တို့ကို ဟောနိုင်ငြားသော်လည်း ဤဝိဝိစ္စေဝ-၌ ဝေသဒ္ဒါကား နိယမတ္ထကို ဟော၏ဟု နေယျတ္ထ, ဝင်္ကတ္ထ, သံသယတ္ထကို ပြလိုသောကြောင့် (ခ) ၌ ဝေဒိတဗ္ဗောကို ထားရပါသည်။

(ဂ) ၌ တဿာ-ကို ထားရခြင်းအကြောင်း ။ ။ ဧဝ-သဒ္ဒါ၏ နိယမအနက်ရှိခြင်းကြောင့် ရအပ်သော အကျိုးကို ပြလို၍ (ဂ) ၌ တဿာ-ကို ထားရပါသည်။

(င) ၌ တဿာ-ကို ထားရခြင်းအကြောင်း ။ ။ လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် (တနည်း) နိဂုမ်းကို ပြလိုသောကြောင့် (င) ၌ တဿာ-ကို ထားရပါသည်။

➤ ❹ ။ နိယမနံ နိယမော။ နိယမိတဗ္ဗောတိ ဝါ **နိယမော**။ (နိပုဗ္ဗ ယမုဓာတ်+အ-ပစ္စည်း)

နိယမော အတ္တော ဧတဿ ဧဝကာရဿာတိ **နိယမတ္ထော**။ (၂) နိယမပုဒ်+အတ္ထပုဒ်+ဧတအညပုဒ်သည်ငှင်း၊ မှတ်ခြင်းအနက်(ဝါ) မှတ်အပ်သော အနက်၏ ဝေသဒ္ဒါနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မှတ်ခြင်း (ဝါ) မှတ်အပ်သော အနက်ရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ကာမေတီတိ ကာမော။ ကာမီယတေတိ ကာမော။ ကာမောစ ကာမောစ **ကာမာ**။

(၂) ဝတ္ထုကာမ ကိလေသာကာမတို့၏ ကာမအမည်၌ အချင်းချင်းငဲ့ခြင်း အညမညာပေက္ခသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ကာမအမည်သည် (ဝါ) ကာမတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပရိစ္စဇနံ ပရိစ္စာဂေါ။ ကာမာနံ ပရိစ္စာဂေါ **ကာမပရိစ္စာဂေါ**။ (၂) ကာမပုဒ်+ပရိစ္စာဂပုဒ်သည်ငှင်း ကာမတရားတို့၏ စွန့်ခြင်းကြိယာနှင့် သာဓနေ+သာဓေတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကာမတရားတို့ကို စွန့်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ကရီယတိ ဥစ္စာရီယတီတိ ကာရော။ ဧဝ ဣတိ ကာရော **ဧဝကာရော**။

ပဋိဝိရုဒ္ဓါ ပက္ခာ **ပဋိပက္ခာ**။ (၂) ဝိရုဒ္ဓဘောဂုဏ်၏ ပက္ခ-အရ ကာမတရားတို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိရုဒ္ဓဘောဂုဏ်သည် (ဝါ) ပဋိပက္ခကာမတရားတို့၏

http://www.dhammadownload.com

တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ပဋိပက္ခာနံ ဘာဝေါ **ပဋိပက္ခဘာဝေါ**။ (၂) ပဋိပက္ခကာမတရားတို့၏ ဝိရုဒ္ဓဘောဂုဏ်နှင့် ဂုဏေး ဂုဏ်၊ နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိရုဒ္ဓဘောဂုဏ်သည် ပဝတ္တိ နိမိတ်။ * အဓိဂစ္ဆီယတေ **အဓိဂမော**။ (အဓိပုဗ္ဗ ဂမုဓာတ်+အ-ပစ္စည်း၊ ရခြင်းကြိယာ) အင်္ဂမင်္ဂါနံ ရုဇ္ဈနဘာဝံ အမတိ ဂစ္ဆတီတိ **အန္ဓော**။ (အန္ဓ+အမ+ကွိ) အန္ဓံ ကရောတီတိ **အန္ဓကာရော**။

(၂) အန္ဓသဒ္ဒူပပဒ ကရဓာတ်+ဏပစ္စည်းသည်၎င်း၊ အမိုက်၏ ပြုတတ်သော တရားနှင့် ကမ္မ+ကမ္မီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အမိုက်ကို ပြုခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ပဒိပ္ပတီတိ **ပဒီပေါ**။ (ပပုဗ္ဗ ဒိပဓာတ်+ဏ-ပစ္စည်း) ပဋိပက္ခာ ဟုတွာ ဘူတာ **ပဋိပက္ခဘူတာ**။

* အဝရီယတီတိ **ဩရော**။ (အဝပုဗ္ဗ ရဓာတ်+ဏပစ္စည်း၊ ဆုံးဖြတ်သောအားဖြင့် ယူခြင်း)

ဩရေ ဘဝံ **ဩရိမံ**။ ဖလံ တာယတီတိ **တီရံ**။(တာဓာတ်+ရ-ပစ္စည်း)

ဩရိမံ တီရံ **ဩရိမတီရံ**။ ဩရိမတီရဿ ပရိစ္စာဂေါ **ဩရိမတီရပရိစ္စာဂေါ**။(တေန)

(၂) ဩရိမတီရဿ၏ ပရိစ္စာဂ (စွန့်ခြင်းကြိယာ)နှင့် ကမ္မ+ကမ္မီ၊ သာမေတဗ္ဗ+သာဓန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဩရိမတီရကို စွန့်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ပရေဃဝံ **ပါရော**။ ပါရေ ဘဝံ **ပါရိမံ**။ ပါရိမံ တီရံ **ပါရိမတီရံ**။(တဿ) (၂) ထိုမှာဘက်၌ ဖြစ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ တီရ-အရ ကမ်းနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပါရိမတီရ စသည်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

* ဝိဟရတိ ဧတ္ထာတိ **ဝိဟာရဏ**။ သမေန္တိ ဧတ္ထာတိ **သမယော**။

ဝိဟာရဏသင်္ခါတော သမယော **ဝိဟာရဏသမယော**။(တသ္မိံ) (၂) နေရာ၏အဖြစ်တည်းဟူသော ဂုဏ်၏ သမယနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိဟာရဏသမယတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)**၌ ကာမေဟိ ဝိဝိစ္စိတွာ-ဖြင့် ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ- ၌ ကာမေဟိပုဒ်ကို ဝိဝိစ္စဟူသော နောက်ပုဒ်၌ မစပ်ရ၊ ဝိဝိစ္စေဝ-ဟူသော ရှေးပုဒ်၌သာ စပ်၍ အနက်သမ္ဗန် ရမည်ကိုင်း(သမ္ဗန္ဓ) ဝိဝိစ္စ-၌ ဝိပုဗ္ဗ ဝိစဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) စ္စ-သဒ္ဒါသည် ပဏ္ဏိစ္စ စသည်၌ကဲ့သို့ ဏျပစ္စည်း၏ ကာရိယ မဟုတ်၊ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုင်း(ဒု-ပစ္စယပဒ) သိစေပါသည်။ **ဝိနာ ဟုတွာ**-ဖြင့် ဝိဝိစ္စ, ဝိဝိစ္စိတွာ-၌ ဝိပုဗ္ဗ ဝိစဓာတ်သည် ပုထက္ကရဏ=အသီးအခြား ပြုခြင်းအနက်ကို မဟော၊ ဝိဝေစန (ဝါ) ဝိနာဘူတ=ကင်းဆိတ်ခြင်းအနက် ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) ဝိ-၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

အပက္ကမိတွာ-ဖြင့် ကင်း၏ဟူသည် ပယ်ကိုယ်သဘာဝအားဖြင့် ကင်းခြင်းမဟုတ်၊ စွန့်ပယ်သည် ၏ အစွမ်းဖြင့် ဖဲခွာဆုတ်နစ်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ဖြင့် ဝိဝိစ္စေဝ-၌ ဧဝ-သည် အဝဓာရဏ-စသော အနက်တို့ကို မဟော၊ နိယမအနက်ကို

http://www.dhammadownload.com

ဟော၏ဟု သိစေပါသည်။(နိပါတလိင်္ဂတ္ထ)

➢ **၇** ။ (က) **ဣတိ**-ကား ပဒတ္ထဝိပလ္လာသတ္ထ။ **ဝိနာ**-ကား ဝဇ္ဇနတ္ထ။ (ခ) **ပန**-ကား ဝါကျာရမ္ဘတ္ထ။ **(ဂ) အဝိဇ္ဇမာနာနမ္ပိ**-၌ ပိ(အပိ)ကား သမ္ဘာဝနတ္ထ။ **စဿ**-၌ စ-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။ **ပရိစ္စာဂေနေဝ**-၌ ဧဝ-ကား အဝဓာရဏတ္ထ။ (ဃ) **ဟိ**-ကား တပ္ပါကဋီကရဏတ္ထ, ကာရဏတ္ထ၊ ဝိတ္ထာရတ္ထ။ **နနု**-ကား နိစ္ဆယတ္ထ, ဓော်သတ္ထ။ **စဿ**-၌ စ-ကား ပက္ခန္တရတ္ထ။ (င) **ဣတိ**-ကား ပရိသမာပနတ္ထ၊ နိဒဿနတ္ထ။

(က) ဝိဝိစ္စေဝ ကာမေဟိ-၌ (၁) ကာမတို့မှ ကင်းဆိတ်ခြင်း ဝိဝေစနကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) ကာမတို့မှ မကင်းဆိတ်ခြင်း အဝိဝေစနကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဈာန်တရား၏ နီဝရဏတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ခြင်းသည် အနုညာတတ္ထ။

(ဂ) ကာမပရိစ္စာဂေနေဝ-၌ (၁) ကာမတို့ကို စွန့်ခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) ကာမတို့ကို မစွန့်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။ (ဥပစာရသမာဓိနှင့် ဥပစာရဈာန်တို့ကို ရနိုင်ခြင်း ဂုဏ်သည် အနုညာတတ္ထ။)

(ဃ) တေသံ ပရိစ္စာဂေနေဝ-၌ (၁) စွန့်ခြင်း ပရိစ္စာဂကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) မစွန့်ခြင်း အပရိစ္စာဂကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

➢ **၈** ။ **ကြိယာငါးတန်** ။ ။ **(က) ကာမေဟိ-အရ ဝတ္ထုကာမ, ကိလေသာကာမ** တို့ကို ယူ၍ (၁) ထိုဝတ္ထုကာမ, ကိလေသာကာမတို့သည် ဒဿနတ္ထ။ (၂) အယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) သောက, ဘယ စသည်သည် ပကာသနတ္ထ။ (၄) ဗာလူပသေဝန စသည်သည် ဝိဘာဝတ္ထ။ (၅) သံသရာ၌ ကျင်လည်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

ဝိဝိစ္စေဝ ကာမေဟိ-အရ, ဝိဝိစ္စ-အရ = ကာမတို့မှ အသီးအခြားဖြစ်ခြင်း ကင်းဆိတ်ခြင်းသည် ဒဿနတ္ထ။ (၂) ပဌမဈာန်၏ ကာမတို့နှင့် ဆန့်ကျင်ဘက်၏ အဖြစ်သည် ဒီပကတ္ထ။ (၃) ပဌမဈာန်ကို ရခြင်းသည် ပကာသနတ္ထ။ (၄) ပဉ္စာနန္တရိယကံမှကင်းခြင်း, တိဟိတ်ပဋိသန္ဓေ နေခဲ့ရခြင်း စသည်တို့သည် ဝိဘာဝတ္ထ။ (၅) ဈာနသမာပတ္တိသုခနှင့် ရူပဘုံ၌ဖြစ်ခြင်းစသော အကျိုးတို့သည် အနုဘာဝတ္ထ။

(ခ) ဝေဒိတဗ္ဗော-၌ ဝိဒဓာတ်-အရ = ပညာရှိတို့ သန္တာန်၌ (ဧဝ-သဒ္ဒါ၏ နိယမအနက်ရှိသည်၏ အဖြစ်ကိုသိသော အခြင်းအရာအားဖြင့်ဖြစ်သော သုတမယဉာဏ်, စိန္တာမယဉာဏ်ပြဋ္ဌာန်းသော) မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ဖြစ်ပါသည်။ (၁) ထို-သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) "ဝိဝိစ္စေဝ ကာမေဟိ"ဟူသော ပုဒ်၏ အနက်ကို ဟုတ်တိုင်းမှန်စွာ အနက်ယောဇနာခြင်းသည် ပကာသနတ္ထ။ (၄) ပုဗ္ဗေကတပုညတာ အစရှိသော သမ္ပတ္တိ ၄-ပါးသည် ဝိဘာဝတ္ထ။ (၅) ဟုတ်တိုင်းမှန်စွာ အနက်ယောဇနာနိုင်သဖြင့် ဓမ္မဒေသနာကုသိုလ်ဖြစ်သည်အစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။(အကြောင်း-၂၊ အကျိုး-၂)

(တနည်း) **ဝေဒိတဗ္ဗော-၌ ဝိဒဓာတ်-အရ** = ဧဝ-သဒ္ဒါ နိယမအနက်ရှိ၏ဟူ၍ သိသောပုဂ္ဂိုလ်၏ သန္တာန်၌ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂)

http://www.dhammadownload.com

သုတမယဉာဏ်, စိန္တာမယဉာဏ် စသည်သည် ဒီပကတ္ထ။ (၃) ဧဝ-သဒ္ဒါ နိယမအနက်ရှိ၏ဟု သိသဖြင့် ကာမတရားတို့ကို စွန့်ခွါဖို့ရန် စီးဖြန်းပွားများသော အခြင်းအရာအားဖြင့်ဖြစ်သော ပုဗ္ဗဘာဂပဋိပဒါသည် ပကာသနတ္ထ။ (၄) အဓိကာရ, ဆန္ဒ, စတုစက္ကသမ္ပတ္တိ စသည်သည် ဝိဘာဝတ္ထ။ (၅) ပထမဈာန်ကိုရရှိခြင်း အစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

(ဂ) ကာမပရိစ္စာဂေနေဝ စသော အဓိဂမံ ဒီပေတိ-အရ = (၁) ကာမတို့မှ အသီးအခြား ဖြစ်ခြင်းသည် ဒဿနတ္ထ။ (၂) ပထမဈာန်၏ ကာမတို့နှင့် ဆန့်ကျင်ဘက်ကို ပြခြင်းသည် ဒီပကတ္ထ။ (၃) ပထမဈာန်ရခြင်းသည် ပကာသနတ္ထ။ (၄) ပထမဈာန်ကို ပွားများခြင်းသည် ဝိဘာဝတ္ထ။ (၅) ဈာန သမာပတ္တိသုခနှင့် ရူပဘုံ၌ဖြစ်ခြင်းစသော အကျိုးတို့သည် အနုဘာဝတ္ထ။

ဒီပေတိ-အရ = (၁) မြတ်စွာဘုရား၏ **သဗ္ဗညုတဉာဏ်တော်** သည် ဒဿနတ္ထ။ (၂) မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် ဒီပကတ္ထ။ (၃) အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တိဉာဏ်သည် ပကာသနတ္ထ။ (၄) ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ်သည် ဝိဘာဝတ္ထ။ (အကြောင်း) (၅) ဒေသနာဉာဏ်သည် အနုဘာဝတ္ထ။

➤ **၁၀** ။ **ဝိဝိစ္စေဝ+ကာမေဟိ** ။ ။ ကာမေဟိ-အရ ဝတ္ထုကာမ, ကိလေသာကာမ ပစ္စည်းတရားသည် ဝိဝိစ္စေဝ-အရ ပထမဈာန်၏ ရှေ့၌ရှိသော ဥပစာရဈာန်ဟုဆိုအပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သော+ဝေဒိတဗ္ဗော ။ ။ သော(ဝေကာရော)-အရ ဧဝသဒ္ဒါတည်းဟူသော အာရုံပစ္စည်း တရားသည် ဝေဒိတဗ္ဗော-၌ ဝိဒဓာတ်-အရ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

(ဂ) ပဌမံ ဈာနံ+ဥပသမ္ပဇ္ဇ ။ ။ ပဌမံ ဈာနံ-အရ ပထမဈာန် ပစ္စည်းတရားသည် ဥပသမ္ပဇ္ဇ-အရ ထိုနှင့်ယှဉ်ဘက် သမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ကံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

ပါဠိ (၆၉) [ဋ္ဌ၊၂၀၈။ ပြည်၊ဒု၊၂၃၁။ ဘာသာဋီ၊ဒု၊၄၅၆]

(က) တတ္ထ သိယာ ""ကသ္မာ ပနေသ ပုဗ္ဗပဒေယေဝ ဝုတ္တော, န ဥတ္တရပဒေ၊ ကိံ အကု သလေဟိ ဓမ္မေဟိ အဝိဝိစ္စာပိ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရေယျာ"" တိ။ (ခ) န ခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ။

(ဂ) တံ နိဿရဏတော ဟိ ပုဗ္ဗပဒေ ဧသ ဝုတ္တော။

(ဃ) ကာမဓာတုသမတိက္ကမနတော, ဟိ ကာမရာဂပဋိပက္ခတော စ ဣဒံ ဈာနံ ကာမာနမေဝ နိဿရဏံ။ (င) ယထာဟ ""ကာမာနမေတံ နိဿရဏံ၊ ယဒိဒံ နေက္ခမ္မ""န္တိ။

➤ **၁** ။ **(က)** [ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီတိ၊-ဓမ္မေဟိဟူသော။ယံ ဝစနံ၊အကြင်းစကားကို။ဘဂဝတာ၊သည်။ဝုတ္တံ၊ဟောတော်မူအပ်၏။] (အနိယတ်) တတ္ထ၊ထို ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော ပါဌ်၌။[ဋ္ဌတွာ၊ရပ်တန့်၍။စောဒကဿ၊စောဒက၏။ဤဒိသီစောဒနာ၊ ဤသို့သော စောဒနာသည်။] သိယာ၊ဖြစ်ရာ၏။ (တနည်း) တတ္ထ၊၌။ကဿစိ၊တစုံတယောက်သောသူ၏။

http://www.dhammadownload.com

ဇဝံ၊ဤသို့။ပရိဝိတက္ကော၊အကြံသည်။သိယာ၊၏။(တနည်း) တတ္ထ၊၌။ဝက္ခမာနာကာရေန၊ဆိုလတ္တံ့သော အခြင်းအရာအားဖြင့်။ကဒါစိ၊ရံခါ။သိယာ-စောဒေယျ၊စောဒနာရာ၏။(သိယာ-ကား နိပါတ်)

ကသ္မာ ပန၊အဘယ့်ကြောင့်ကား။သေ-ဇသော ဧဝကာရော၊ထိုဧဝ-သဒ္ဒါကို။ပုဗ္ဗပဒေယေဝ၊ရှေးပုဒ်၌သာလျှင်။ဝုတ္တော၊ဟောတော်မူအပ်သနည်း။ဥတ္တရပဒေ၊နောက်ပုဒ်၌။န ဝုတ္တော၊ဟောတော်မမူအပ်သနည်း။ အကုသလေဟိ၊ကုန်သော။ဓမ္မေဟိ၊နီဝရဏတရားတို့မှ။အဝိဝိစ္စာပိ၊အသီးအခြား မဆိတ်မူ၍လည်း။ဈာနံ၊ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ပြီးစေ၍။ဝိဟရေယျ ကိံ၊နေရာသလော။ဣတိ စောဒနာ၊ဤစောဒနာသည်။သိယာ၊ဖြစ်ရာ၏။

(ခ) တံ၊ဤရှေးပုဒ်၌သာလျှင် အဝဓာရဏအနက်ရှိသော ဧဝ-သဒ္ဒါကို ဆိုခြင်းကို။ဇဝံ၊ဤသို့ ဆရာဆိုသော အခြင်းအရာဖြင့်။(ပဏ္ဍိတေန၊ပညာရှိသည်) န ခေါ ပန ဒဋ္ဌဗ္ဗံ၊မမှတ်အပ်။(ကသ္မာ၊အဘယ့်ကြောင့်နည်း။ ကာမေဟိ ဧဝါတိ၊ကာမေဟိ ဧဝ-ဟူ၍။အဝဓာရဏသ၊အဝဓာရဏ၏။အကတတ္တာ၊မပြုအပ်သည်၏ အဖြစ်ကြောင့်တည်း။) **(ဂ)** ဟိ-ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။တံ နိဿရဏံတော၊ထိုကာမတို့သည် (ဝါ) ထိုကာမတို့၏ ထွက်မြောက်ကြောင်း, ကင်းကြောင်း, ပျောက်ကြောင်း, ကင်းရာ, ပျောက်ရာ၏ အဖြစ်ကြောင့်။သေ-ဇသော ဧဝကာရော၊ထိုဧဝ-သဒ္ဒါကို။ပုဗ္ဗပဒေ၊ရှေးပုဒ်၌။ဝုတ္တော၊ဟောတော်မူအပ်၏။

(ဃ) ဟိ၊ဆက်၍ဆိုအံ့။(ဝါ) ဟိ-ယုတ္တံ၊သင့်စွ။ကာမဓာတုသမတိက္ကမနတော၊စခပ်သိမ်းသော ကာမဘဝကို လွန်နိုင်ကြောင်း အကျင့်၏ အဖြစ်ကြောင့်၎င်း။ကာမရာဂပဋိပက္ခတော၊ဆိုလတ္တံ့သော အပြားရှိသော ကိလေသာကာမ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်၎င်း။ဣဒံ ဈာနံ၊ဤပထမဈာန်သည်။ ကာမာနမေဝ၊ကာမတို့၏သာလျှင်။(ဝါ)ကာမတို့သည်သာလျှင်။နိဿရဏံ၊ဝိသေသအားဖြင့် ကင်းကြောင်း, ပျောက်ကြောင်း, ကင်းရာ, ပျောက်ရာသည်။ဟောတိ၊၏။(ဗျာပါဒါဒီနံ၊ဗျာပါဒ အစရှိသည်တို့၏။(ဝါ)တို့သည်။နိဿရဏံ၊သည်။န ဟောတိ၊မဖြစ်။) (ဗျတိရေကထည့်)

(င) [ကေန ကာရဏေန၊အဘယ်အကြောင်းကြောင့်။ဣမဿ ဈာနဿ၊ဤပထမဈာန်၏။ကာမာနမေဝ၊ကာမတို့၏သာလျှင်။နိဿရဏဘာဝေါ၊ထွက်မြောက်ရာ၏ အဖြစ်ကို။ဉာယတိ၊သိအပ်သနည်း။] ယထာ-ယေန ကာရဏေန၊အကြင်အကြောင်းကြောင့်။"ကာမာနမေတံ နိဿရဏံ၊ ယဒိဒံ နေက္ခမ္မ"န္တိ၊ဟူ၍။ပါဠိက ဝဂ္ဂေ၊ပါထိကဝဂ်၌၎င်း။ဣတိဝုတ္တကေ၊ဣတိဝုတ်၌၎င်း။ဘဂဝါ၊သည်။]အာဟ၊ဟောတော်မူ၏။ [တေန-ကာရဏေန၊ထိုအကြောင်းကြောင့်။ဣမဿ ဈာနဿ၊ဤပထမဈာန်၏။ကာမာနမေဝ၊ကာမတို့၏သာလျှင်။ နိဿရဏဘာဝေါ၊ထွက်မြောက်ရာ၏ အဖြစ်ကို။ဉာယတိ၊သိအပ်၏။] * ဇတံ နေက္ခမ္မံ၊ထိုဈာန်သည်။ကာမာနံ၊ ကာမတို့သည်။(ဝါ)တို့၏။နိဿရဏံ၊ဝိသေသအားဖြင့် ကင်းကြောင်း, ပျောက်ကြောင်း, ကင်းရာ, ပျောက်ရာ သည်။ဟောတိ၊၏။ (ပြန်လှန်ပေးသည်) (တနည်း) မယာ၊ငါသည်။ဝုတ္တဿ၊ဆိုအပ်သော။ဝစနဿ၊စကား၏။ (ဝါ)ကို။သာဓကံ၊သက်သေဖြစ်သော။(ဝါ)ပြီးစေတတ်သော။ယထာ ကိံ ဝစနံ၊အဘယ်စကားကို။ဘဂဝါ၊ သည်။အာဟ၊ဟောတော်မူသနည်း။"ကာမာနမေတံ နိဿရဏံ၊ ယဒိဒံ နေက္ခမ္မ"န္တိ၊ဟူသော။ဇတံ ဝစနံ၊ဤ စကားကို။ဘဂဝါ၊သည်။အာဟ၊ဟောတော်မူ၏။ (နိ-၃၊၂၄၀)

➤ **❷** ။ **(ခ) သို့/ ကျမ်းရှိုးငါးချက် စောဒနာ/ပါပနာဒိ** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဝိဝိစ္စေဝ ကာမေဟိ-ဟူသောပါဠိ၌ ဖြစ်သင့်သော စောဒနာ စကားရပ်ကို ဆိုတော်မူ၏။ ထိုသို့ဆိုချေသော်

http://www.dhammadownload.com

စောဒနာကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် သောဓနာကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့် မနေတန်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ ယင်းစောဒနာ၏ သောဓနာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ပါဠ်၌ ရှေးဝိဝိစ္စပုဒ်၌သာ ဧဝသဒ္ဒါကိုဆိုခြင်းကို စောဒကဆရာ ဆိုသည့်အတိုင်း မမှတ်အပ်ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဧဝသဒ္ဒါကို ရှေးပုဒ်၌သာ ဟောသင့်၍ နောက်ပုဒ်၌ မဟောသင့်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ရှေးပုဒ်၌သာ ဧဝသဒ္ဒါကို ဟောရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အကြောင်း+အကျိုး ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ရှေးပုဒ်၌သာ ဧဝသဒ္ဒါကို ဟောရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့-(ဂ) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဝါကျ၌ တံ နိယ္ယာနတော-ဖြင့် ဈာန်သည် ကာမတို့၏ ထွက်မြောက်ကြောင်းဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဈာန်သည် ကာမတို့ကိုသာ ပယ်ခွာ၍ ဗျာပါဒ စသည်တို့ကို မပယ်ခွာဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထို အနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဈာန်သည် ကာမတို့၏သာ ထွက်မြောက်ကြောင်းဟုဆိုသော ဆရာ့စကားကို ခိုင်မြဲစေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဆရာ့စကားကို ခိုင်မြဲစေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကား အဘယ်ပါနည်း။ (ဃ) မိန့်။

(င) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ၌ တံ နိယ္ယာနတော-ဖြင့် ဈာန်သည် ကာမတို့၏ ထွက်မြောက်ကြောင်းတည်းဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝတ္ထုကာမ ကိလေသာ ကာမတို့နှင့် ဗျာပါဒ အစရှိသော အကုသိုလ် နီဝရဏတရားတို့၏ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်အပ်သည်၏ အဖြစ်ဖြင့် တူသည်မဟုတ်ပါလော။ ထိုသို့ တူသည်၏အဖြစ်ကြောင့် (ဂ) ၌ တံ နိယ္ယာနတော-ဖြင့် ဈာန်သည် ကာမတို့၏ ထွက်မြောက်ကြောင်းတည်းဟု မဆိုသင့်။ ဆရာ့စကားကို ယုံကြည်ရာ ယုံကြည်ကြောင်းဖြစ်သော အာဂုမ် သာဓကကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို ယုံကြည်ရာ ယုံကြည်ကြောင်းဖြစ်သော အာဂုမ် သာဓကကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➢ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် အဖြေပရိဟာရကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို (တနည်း) အကြောင်း+အကျိုး ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဝိဝိစ္စေဝ-ဟု ရှေ့ပုဒ်၌သာ ဧဝ-သဒ္ဒါကို ဟောရခြင်း၏အကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို (တနည်း) အကြောင်း+အကျိုး ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် (ဂ)ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် (ဂ) ဝါကျလာ စကားရပ်ကို အာဂမယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

http://www.dhammadownload.com

(က) ၌ တတ္ထ သိယာ-ကို ထားရခြင်းအကြောင်း ။ ။ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော ပါဠိတော်နှင့် စပ်၍ စောဒကပုဂ္ဂိုလ်၏ စောဒနာ· ဖြစ်သင့်ပုံကို (ဝါ) စောဒကပုဂ္ဂိုလ်၏ စောဒနာစကားကို ပရိကပ္ပအားဖြင့် ထုတ်ပြလိုရာ ဌာနဖြစ်သောကြောင့် (က) ၌ တတ္ထ သိယာ-ကို ထားရပါသည်။

(ခ) ၌ န ခဒ္ဓဗ္ဗံ-ကို ထားရခြင်းအကြောင်း ။ ။ ရှေ့ပုဒ်၌သာ အဝဓာရဏအနက်ရှိသော ဧဝသဒ္ဒါဆိုခြင်းကို ဤသို့ စောဒကဆရာဆိုသော အခြင်းအရာဖြင့် ပညာရှိသည် သန္နိဋ္ဌာနကျ မုချတ္ထ နီတတ္ထ ဥဇုကတ္ထ ဧကန္တအာဖြင့် မမှတ်အပ်ဟု ပြလိုသောကြောင့် (ခ) ၌ န ဒဋ္ဌဗ္ဗံ-ကို ထားရသည်။

➤ ❾ ။ နိဿရန္တိ နိဂ္ဂစ္ဆန္တိ ဧတေန, ဧတ္ထ ဝါတိ **နိဿရဏံ**။ (၂) နိပုဗ္ဗ သရဓာတ်+ယုပစ္စည်းသည်၎င်း၊ အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ထွက်မြောက်ခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ထွက်မြောက်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။ ✱ တေသံ ကာမာနံ နိဿရဏံ **တံနိဿရဏံ**။ (၂) တပုဒ်+နိဿရဏပုဒ်သည်၎င်း၊ ကာမတို့၏ ပထမဈာန်နှင့် ပဟာတဗ္ဗ+ပဟာယက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကာမတို့၏ (ဝါ) ကာမတို့မှ ထွက်မြောက်ခြင်းကြိယာသည် (ဝါ) ကာမတို့၏ ထွက်မြောက်ကြောင်း ထွက်မြောက်ရာဖြစ်သော ပထမဈာန်ဒြဗ်သည် ပဝတ္တိနိမိတ်။

ပုဗ္ဗေ ဘဝံ ပုဗ္ဗံ။ ပုဗ္ဗံ ပဒံ **ပုဗ္ဗပဒံ**။(တသို့) ✱ ဥတ္တရေ ဘဝံ ဥတ္တရံ။ ဥတ္တရံ ပဒံ **ဥတ္တရပဒံ**။(တသို့)

ကာမောယေဝ ဓာတု **ကာမဓာတု**။

✱ အတိက္ကမတိ ဧတ္ထ ဈာနေတိ အတိက္ကမနံ။ အတိက္ကမတိ ဧတ္ထ ဈာနေနာတိ ဝါ **အတိက္ကမနံ**။

သုဋ္ဌု အတိက္ကမနံ **သမတိက္ကမနံ**။(တတော) (၂) ကာမဘဝ၏ ကောင်းစွာ လွန်မြောက်ရာဖြစ်သော အကျင့်နှင့် ပဟာယက+ပဟာတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ကာမဓာတုယာ သမတိက္ကမနံ **ကာမဓာတုသမတိက္ကမနံ**။ (၂) ကာမဓာတုပုဒ်+သမတိက္ကမန ပုဒ်သည်၎င်း၊ အလုံးစုံသော ကာမဘဝ၏ လွန်မြောက်ကြောင်းဖြစ်သော အကျင့်ဈာန်နှင့် ပဟာတဗ္ဗ+ ပဟာယက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အလုံးစုံသော ကာမဘဝကို လွန်မြောက် ကြောင်းဖြစ်သော အကျင့်သည် (ဝါ) လွန်မြောက်ခြင်းကြိယာသည် (ဝါ) အလုံးစုံသော ကာမဘဝကို လွန်မြောက်ကြောင်းဖြစ်သော အကျင့်၏အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ကာမေတီတိ ကာမော။ ကာမော ဧဝ ရာဂေါ ကာမရာဂေါ။ ကာမရာဂဿ ပဋိပက္ခံ **ကာမရာဂပဋိပက္ခံ**။(တတော) (၂) ကာမရာဂပုဒ်+ပဋိပက္ခပုဒ်သည်၎င်း၊ ကာမရာဂ၏ ဆန့်ကျင်ဘက်ဖြစ်သော ဈာန်နှင့် ပဟာတဗ္ဗ+ ပဟာယက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကာမရာဂ၏ ဆန့်ကျင်ဘက်၏ အဖြစ်ဟူသော ဂုဏ်သည် (ဝါ) ကာမရာဂပဋိပက္ခဖြစ်သော ဈာန်တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

နိက္ခမတီတိ **နိက္ခမံ**။ (နိပုဗ္ဗ ကမုဓာတ်+ဏ) နိက္ခမံ ဧဝ **နေက္ခမ္မံ**။ (၂) နိက္ခမပုဒ်+ဏျပစ္စည်းသည်၎င်း၊ ထွက်မြောက်ခြင်း၏ ထွက်မြောက်တတ်သော တရားနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်

http://www.dhammadownload.com

သည်၎င်း ဖျုပ္ပတ္တိနိမိတ်။ (၄) ထွက်မြောက်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

နိက္ခမန္တိ နိဂ္ဂစ္ဆန္တိ ဧတ္ထ, ဧတေနာတိ ဝါ **နေက္ခမ္မံ**။ (နိပုဗ္ဗ ကမု+ဏျပစ္စည်း၊ ထွက်မြောက်ခြင်းကြိယာ)

ပထဝီ ကသိဏန္တိ အာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ **ဈာနံ**။ (၂) ဈေဓာတ်+ယုပစ္စည်းသည်၎င်း၊ ကပ်၍ ရှုခြင်းကြိယာသည်၎င်း ဖျုပ္ပတ္တိနိမိတ်။ (၄) ဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(ဃ)**၌ ကာမာနမေဝ နိဿရဏံ-ဖြင့် (ဂ) ဝါကျ တံနိဿရဏတော-၌ တ-သဒ္ဒါ၏ ကာမတရားတို့ကို စွဲယူရမည်၏ အဖြစ်ကိုင်း(သဗ္ဗနာမလိင်္ဂတ္ထ) နိဿရဏပုဒ်ကို နိဿရန္တိ နိဂ္ဂစ္ဆန္တိ ဧတေန ဧတ္ထ ဝါတိ နိဿရဏံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ယုပစ္စည်း၏ ကရဏသာဓန, အဓိကရဏသာဓန အနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) တ-နှင့် နိဿရဏပုဒ်ကို တေသံ ကာမာနံ နိဿရဏံ တံနိဿရဏံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) တံနိဿရဏ-ဟု ဆိုလိုလျက် နိဂ္ဂဟိတ်လာ၍ တံနိဿရဏံ-ဟု ရပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

ဣဒံ ဈာနံ-ဖြင့် တံနိဿရဏတော-၌ တံနိဿရဏ-အရ ဤပထမဈာန်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **ကာမဓာတုသမတိက္ကမနတော**-ဖြင့် ဤဈာန်၏ ကာမကို ပိုင်းခြား၍ သိခြင်း၏ မရှိခြင်းကို သိစေပါသည်။(ဘာဝတ္ထ) **ကာမရာဂပဋိပက္ခတော**-ဖြင့် မေတ္တာသည် ဗျာပါဒ၏, ကရုဏာသည် ဝိဟိံသာ၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်သကဲ့သို့ ဤဈာန်သည် ကာမရာဂ၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

➤ ❼ ။ **(က) သိယာ**-ကား ဝိကပ္ပနအနက်။ **ကသ္မာ**-ကား ကာရဏပုစ္ဆနတ္ထ၊ **ပန**-ကား ဝစနာလင်္ကာရဇောတက။ (တနည်း) **ပန**-ကား ပုစ္ဆာဇောတက။ **အဝိဝိစ္စာပိ**-၌ ပိ(အပိ) ကား ဝိဝိစ္စဟူသော အနက်ကို ရှုငဲ့သော အပေက္ခတ္ထ။ **ဝိဟရေယျ**-၌ ဝိ-ကား ဝိစ္ဆေဒနတ္ထနိဝါသတ္ထ။ **ဣတိ**-ကား ဣဒမတ္ထ၊ နိဒဿနတ္ထ။ (ခ) **ခေါပန**-ကား ပဒါလင်္ကာရဇောတက။ (တနည်း) ခေါ-ကား ဧဝံသတ္ထ ။ ပန-ကား ပဒါလင်္ကာရ။ **ဧဝံ**-ကား နိဒဿနတ္ထ၊ ဣဒမတ္ထ၊ အာကာရတ္ထ။ (ဂ) **ဟိ**-ကား ကာရဏပုစ္ဆနတ္ထ၊ ဝိတ္ထာရတ္ထ။ ကာရဏတ္ထ။ (ဃ) **ဟိ**-ကား ဝါကျာရမ္ဘတ္ထ၊ ဒဠှီကရဏတ္ထ၊ ဝိတ္ထာရတ္ထ။ **စ**-ကား သမုစ္စယတ္ထ သမ္ပိဏ္ဍနတ္ထ။

(က) ပုဗ္ဗပဒေယေဝ-၌ (၁) ရှေးဖြစ်သော ဝိဝိစ္စေဝ ကာမေဟိပုဒ်သည် ဂဟေတဗ္ဗတ္ထ။ (၂) နောက်ဖြစ်သော ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိပုဒ်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဝိဝိစ္စ-ဟူသော ရှေ့ပုဒ်၏ အနက်, ဧဝသဒ္ဒါ၏ အနက်တို့သည် အနုညာတတ္ထ။

ကာမာနမေဝ-၌ (၁) ဝတ္ထုကာမ, ကိလေသာကာမတို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ဗျာပါဒ-စသော အကုသိုလ်တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပထမဈာန်၏ ကာမတို့၏ ကင်းပျောက်ကြောင်း အဖြစ်ဟူသော ဂုဏ်သည် (တနည်း) ပထမဈာန်၏ တစ်ပါးသော သံယောဇဉ် အကုသိုလ်တို့၏ ကင်းပျောက်သည်၏ အဖြစ်ဟူသော ဂုဏ်သည် အနုညာတတ္ထ။

(က) တတ္ထ-၌ တ-ကား ရှေးဝါကျရှိ ဝိဝိစ္စေဝ ကာမေဟိ-ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

သေ-၌ တေ-ကား ရှေးဝါကျရှိ ဧဝကာရောကို စွဲသောကြောင့် ပက္ကန္တဝိသယ။

http://www.dhammadownload.com

(ခ) ဇာတံ-၌ ဇာတ-ကား (က) ဝါကျရှိ ဝုတ္တေကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ။

(ဂ) ဇာယ-၌ ဇာတ-ကား ရှေးဝါကျရှိ ဇေသဒ္ဒါကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဃ) ဏ္ဍံ-၌ ဏ္ဍမ-ကား ဈာန်-ဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ။

(င) ယဒိဒံ-ယံ ဏ္ဍံ-ကား နေက္ခမ္မ-ဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ။

ဇာတံ-ကား ယဒိဒံ ဝါကျ၌ရှိသော နေက္ခမ္မကို စွဲသောကြောင့် ပက္ကန္တဝိသယ။

➢ ❶ ။ **ကြိယာငါးတန်** ။ ။ **(ဃ) ဏ္ဍံ ဈာနံ-အရ "ရူပကုသိုလ် ပထမဈာန်"**ကို ယူ၍ (စာ-၂၆၆-ကြည့်)

(က)(ဂ) ဝုတ္တော-၌ အန္တဋ္ဌ ဝစနတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) ဝိဝိစ္စေဝ-၌ ဧဝ-ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။(စာ-၄၂၃)

ဝုတ္တော-၌ ဗာဟျတ္ထ တ-ပစ္စည်းအရ = ဝိဝိစ္စေဝ-၌ ဧဝ-ဟူသော ဝစီဘေဒသဒ္ဒ ဖြစ်ပါသည်။ (၁) ဝိဝိစ္စေဝ-၌ ဧဝ-ဟူသော ဝစီဘေဒသဒ္ဒသည် ဒဿနတ္ထ။ (၂) ဒေသနာဉာဏ်တော်သည် ဒီပကတ္ထ။ (၃) တရားတော်ကို ကြားနာရခြင်းသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တော်တို့သည် ဝိဘာဝတ္ထ။ (၅) တရားတော်ကို ကြားနာရသဖြင့် ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

➢ ❶❶ ။ **(ဂ) ဇော+ဝုတ္တော** ။ ။ ဇော-အရ ဧဝဟူသော နာမပညတ် ပစ္စည်းတရားသည် ဝုတ္တော-၌ ဝစနတ်-အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ) (တနည်း) ဝုတ္တော-၌ ဝစနတ်-အရ ဒေသနာဉာဏ် ပစ္စည်းတရားသည် ဇော-အရ (ဝါ) ဝုတ္တော-၌ တ-ပစ္စည်းအရ ဧဝဟူသော ဝစီဘေဒပရမတ္ထသဒ္ဒ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ ဓိ၊ သဟ၊ နိ၊ က္လံ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၉)

(ဃ) ကာမာနမေဝ+နိဿရဏံ ။ ။ ကာမာနံ-အရ ဝတ္ထုကာမ, ကိလေသာကာမ ပစ္စည်းတရားသည် နိဿရဏံ-အရ ရူပကုသိုလ် ပထမဈာန် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

ပါဠိ (၇၀) [ဋ္ဌ၊၂၀၉။ ပြည်၊ဒု၊၂၃၃။ ဘာသာဋီ၊ဒု၊၄၅၇]

(က) ဥတ္တရပဒေပိ ပန ယထာ ""ဏ္ဍမေဝ ဘိက္ခဝေ သမဏော။ ဏ္ဍမ ဒုတိယော သမဏော"" တိ ဧတ္ထ ဧဝကာရော အာနေတွာ ဝုစ္စတိ၊ ဇဝံ ဝတ္တဗ္ဗော။

(ခ) န ဟိ သက္ကာ ဏ္ဍတော အညေဟိပိ နီဝရဏသင်္ခါတေဟိ အကုသလေဟိ ဓမ္မေဟိ အဝိဝိစ္စ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာရိတုံ။

(ဂ) တသ္မာ ဝိဝိစ္စေဝ ကာမေဟိ, ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီတိ ဇဝံ ပဒဒ္ဒယေပိ ဇော ဒဋ္ဌဗ္ဗော။

(ဃ) ပဒဒ္ဒယေပိစ ကိဉ္စာပိ ""ဝိဝိစ္စာ"" တိ ဏ္ဍမိနာ သာဓာရဏဝစနေန တဒင်္ဂဝိဝေကာဒယော ကာယဝိဝေကာဒယောစ သဗ္ဗေပိ ဝိဝေကာ သင်္ဂဟံ ဂစ္ဆန္တိ၊ တထာပိ ကာယဝိဝေကော စိတ္တဝိဝေကော ဝိက္ခမ္ဘနဝိဝေကောတိ တယောဧဝ ဏ္ဍမ ဒဋ္ဌဗ္ဗာ။

http://www.dhammadownload.com

➢ ❶ ။ **[က+ခ ဝါကျအပြန်အလှန်] (က)** ပန၊ထိုသို့ ရေးပုဒ်၌သာ ဧဝသဒ္ဒါကို ဟော တော်မူအပ်ပါသော်လည်း။ဥတ္တရပဒေပိ၊နောက်ပုဒ်၌လည်း။ဘိက္ခဝေ၊ရဟန်းတို့။ဣဓ၊ဤငါဘုရား သာသနာ တော်၌သာလျှင်။ပဌမော၊ပဌမဖြစ်သော။သမဏော၊သောတာပန်ရဟန်းကို။လဗ္ဘတိ၊ရအပ်၏။ဣဓ-ဣဓဝေ၊၌ သာလျှင်။ဒုတိယော၊သော။သမဏော၊သကဒါဂါမ်ရဟန်းကို။လဗ္ဘတိ။ရအပ်၏။ဣတိ ဧတ္ထ၊ဤပါဠိ၌။ဧဝကာရော၊ ဧဝသဒ္ဒါကို။အာနေတွာ၊ဆောင်၍။ဝုစ္စတိ ယထာ၊ဆိုအပ်၏သို့။ဧဝံ၊ဤအတူ။(ဧဝကာရော၊ဧဝသဒ္ဒါကို။အာနေတွာ၊ ဆောင်၍။) ဝတ္တဗ္ဗော၊ဆိုအပ်၏ ။[ကသ္မာ၊အဘယ့်ကြောင့်။ဝတ္တဗ္ဗော၊ဆိုအပ်သနည်း။]

(ခ) ဟိ၊မှန်၏။ဟိ-ယသ္မာ၊အကြင်ကြောင့်။ဣတော၊ဤကာမစ္ဆန္ဒမှ။အညေဟိပိ၊တပါးလည်းဖြစ်ကုန် သော။နီဝရဏသင်္ခါတေဟိ၊နီဝရဏဟု ဆိုအပ်ကုန်သော။အကုသလေဟိ၊ကုန်သော။ဓမ္မေဟိ၊တို့မှ။အဝိဝိစ္စ၊အသီး အခြား မဆိတ်မူ၍။ဈာနံ၊ဈာန်ကို။ဥပသမ္ပဇ္ဇ၊ပြည့်စုံ၍။ဝိဟရိတုံ၊နေခြင်းငှာ။န သက္ကာ၊မတတ်ကောင်း။[တသ္မာ၊ ထို့ကြောင့်။ဝတ္တဗ္ဗော၊ဆိုအပ်၏။]

(က) ဥပမာ အပြင်ထုတ်။ ပန၊ထိုသို့ ရေးပုဒ်၌သာ ဧဝသဒ္ဒါကို ဟောတော်မူအပ်ပါသော်လည်း။ ဥတ္တရပဒေပိ၊ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိဟူသော နောက်ပုဒ်၌လည်း။ဧဝံ တထာ၊ဤအတူ။ဧဝကာရော၊ ဧဝသဒ္ဒါကို။အာနေတွာ၊ဆောင်၍။ဝတ္တဗ္ဗော၊ဆိုအပ်ဆိုသင့်၏ ။(ကိမိဝ၊အဘယ်ကဲ့သို့ နည်းဟူမူကား)ဘိက္ခဝေ၊ ရဟန်းတို့။ဣဓဝေ၊ဤငါဘုရား သာသနာတော်၌သာလျှင်။ပဌမော၊ရှေးဦးစွာသော။သမဏော၊သောတာပန် ရဟန်းကို။လဗ္ဘတိ၊ရအပ်၏ ။ဣဓ-ဣဓဝေ၊ဤငါဘုရား သာသနာတော်၌သာလျှင်။ဒုတိယော၊နှစ်ယောက်မြောက် ဖြစ်သော။သမဏော၊သကဒါဂါမ်ရဟန်းကို။လဗ္ဘတိ။ရအပ်၏ ။ဣတိ ဧတ္ထ၊ဤပါဠိ၌။ဧဝကာရော၊ဧဝသဒ္ဒါကို။ အာနေတွာ၊နောက်ပုဒ်သို့ ဆောင်၍။ဝုစ္စတိ ယထာ၊ဆိုအပ်၏သို့တည်း။

(ဂ) တသ္မာ၊ထိုသို့ အတ္ထသမ္ဘဝအားဖြင့် နောက်ပုဒ်သို့လည်းဆောင်၍ ဆိုသင့်သည်၏အဖြစ်ကြောင့်။ ဝိဝိစ္စေဝ ကာမေဟိ, ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီတိ၊ဟူ၍။ဧဝံ၊သို့။ပဒဒွယေပိ၊ပုဒ်နှစ်ပါးအပေါင်း၌လည်း။ ဧသ-ဧသော နိယမော၊ဤ နိယမအနက်ကို။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

(ဃ) စ၊ဆက်။ပဒဒွယေပိ၊ဝိဝိစ္စဟူသော ပုဒ်နှစ်ပါးအပေါင်း၌လည်း။"ဝိဝိစ္စာ"တိ ဣမိနာ သာဓာရဏ ဝစနေန၊ဝိဝိစ္စဟူသော အလုံးစုံသော ဝိဝေကတို့အား ဆက်ဆံသော ဤသဒ္ဒါဖြင့်။တဒင်္ဂဝိဝေကာဒယော၊ တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ, ပဋိပဿဒ္ဓိ, နိဿရဏဝိဝေကလည်း ဖြစ်ကုန်သော။ကာယဝိဝေကာဒယော၊ ကာယ, စိတ္တ, ဥပဓိဝိဝေကလည်း ဖြစ်ကုန်သော။သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ဝိဝေကာ၊ဝိဝေကတို့ သည်။သင်္ဂဟံ၊ပေါင်း၍ ယူခြင်းသို့။ကိဉ္စာပိ ဂစ္ဆန္တိ၊အကယ်၍ကား ရောက်ကုန်၏ရှင့်။တထာပိ၊ထိုသို့ ရောက်ကုန်သော်လည်း။(သမုစ္ဆေဒဝိဝေကာနံ၊သမုစ္ဆေဒဝိဝေက အစရှိသည်တို့၏။အသမ္ဘဝတော၊မဖြစ်သင့်ခြင်း ကြောင့်။)ကာယဝိဝေကော၊ငင်း။စိတ္တဝိဝေကော၊ငင်း။ဝိက္ခမ္ဘနဝိဝေကော၊ငင်း။ဣတိ၊သို့။တယောဧဝ၊သုံးပါးတို့ ကိုသာလျှင်။ဣဓ၊ဤ၌။ဈာနကထာ၌။ဒဋ္ဌဗ္ဗာ၊မှတ်အပ်ကုန်၏။ (နိ-၁၊၂၄၃)

➢ ❷ ။ **(က) သို့/ ပါပနာဒိပဋ္ဌက** ။ ။ ဆရာ၊ ဆရာသည် တံ နိဿရဏံတော ဟိ ပုဗ္ဗပဒေ ဧသ ဝုတ္တော-ဟူသော ဝါကျဖြင့် ကာမတို့၏ ထွက်မြောက်ရာ, ထွက်မြောက်ကြောင်း၏ အဖြစ် ကြောင့် ဤဧဝသဒ္ဒါကို ရှေ့ပုဒ်၌ ဟောတော်မူသောဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ရှေးပုဒ်၌သာ

http://www.dhammadownload.com

ဝေသဒ္ဒါကို ဆိုအပ်, ဆိုသင့်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော နောက်ပုဒ်၌လည်း ဝေသဒ္ဒါကို ဆောင်၍ ဆိုသင့်သည်၏အဖြစ်ကို ဥပမာသာဓကနှင့်တကွ ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏာဒေါသ သင့်ရောက်ရာ၏။ ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) မိန့်။

(ခ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော နောက်ပုဒ်၌လည်း ဝေသဒ္ဒါကို ဆောင်၍ ဆိုအပ်, ဆိုသင့်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ပင် ဆိုသော်လည်း ပါဠိတော်၌ ဝိဝိစ္စေဝ ကာမေဟိ-ဟူသော ရှေ့ပုဒ်၌သာ ဝေသဒ္ဒါကို ဟောတော်မူထားသည် မဟုတ်ပါလော။ ထို့ကြောင့် (က) ဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော နောက်ပုဒ်၌လည်း ဝေသဒ္ဒါကို ဆောင်၍ ဆိုအပ်, ဆိုသင့်၏ဟု မပြဆိုသင့်။ ယင်းသို့ ဆိုရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်ကြောင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော နောက်ပုဒ်၌လည်း ဝေသဒ္ဒါကို ဆောင်၍ ဆိုအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော နောက်ပုဒ်၌လည်း ဝေသဒ္ဒါကို ဆောင်၍ ဆိုအပ်, ဆိုသင့်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ ဆိုချေသော် နောက်ပုဒ်၌လည်း ဝေသဒ္ဒါကို ဆောင်၍ဆိုခြင်းကြောင့် တစုံတခုရအပ်သော အကျိုးမရှိဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် နောက်ပုဒ်၌ ဝေသဒ္ဒါကို ဆောင်၍ ဆိုရခြင်း၏ အကျိုးလဒ္ဓဂုဏ်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ နောက်ပုဒ်၌ ဝေသဒ္ဒါကို ဆောင်၍ ဆိုရခြင်း၏ အကျိုးလဒ္ဓဂုဏ်ကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဤဈာနကထာ၌ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟု ဟောတော်မူ၏။ ထိုသို့ ဟောတော်မူချေသော် ဝိဝိစ္စဟူ၍ ဝိဝေကအားလုံးနှင့် ဆက်ဆံသော စကားကို ဟောတော်မူခြင်းကြောင့် ဝိဝိစ္စ-အရ ဝိဝေကအားလုံးကို ယူသင့်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤဈာနကထာ၌ အလိုရှိအပ်သော ဝိဝေကကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် မြတ်စွာဘုရားအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤဈာနကထာ၌ အလိုရှိအပ်သော ဝိဝေကကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဃ) မိန့်။

(ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ထိုသို့ နောက်ပုဒ်သို့လည်း ဆောင်၍ ဆိုသင့်သည်၏အဖြစ်ကြောင့် ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူ၍ ဤသို့ ပုဒ်နှစ်ခု အပေါင်း၌လည်း ဤနိယမအနက်ရှိသော ဝေသဒ္ဒါကို သိမှတ်အပ်၏ဟု ဆိုတော်မူ၏။ ဤသို့ဆိုအပ်သည် ရှိသော် ဤဈာနကထာ၌ ဝိဝိစ္စဟူသော ပုဒ်နှစ်ခုအပေါင်း၌ သမုစ္ဆေဒဝိဝေက အစရှိသည်တို့ကိုလည်း ယူသင့်ရာသည် မဟုတ်ပါလော။ ထိုသို့ ယူသင့်ရာသောကြောင့် (ဂ) ဖြင့်--သိမှတ်အပ်၏ဟု မဆိုသင့်။

http://www.dhammadownload.com

ဝိဝိစ္စဟူသော ပုဒ်နှစ်ခုအပေါင်း၌ သိမှတ်အပ်သော ဝိဝေကတို့ကိုလည်း ပြဆိုသင့်သေး၏။ ဝိဝိစ္စဟူသော ပုဒ်နှစ်ခုအပေါင်း၌ အဘယ်ဝိဝေကတို့ကို သိမှတ်အပ်ပါသနည်း။ ဤသို့--ကြောင့် (ဃ) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ နောက်ပုဒ်၌လည်း ဧဝ သဒ္ဒါကို ဆောင်၍ ဆိုသင့်ခြင်း၏အကြောင်းကို ပြသောကြောင့် ဉာယဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ နောက်ပုဒ်၌လည်း ဧဝ သဒ္ဒါကို ဆောင်၍ ဆိုရခြင်း၏ အကျိုးလဒ္ဓဂုဏ်ကို ပြသောကြောင့် (က-ခ) တို့၌ တင်နေသော နိရတ္ထကဒေါသကို ပယ်ပါသည်။

(ဃ) ဖြင့် ဝိဝိစ္စပုဒ်ဖြင့် ယူသင့်သော ဝိဝေကတို့ကို ပြသောကြောင့် ပါဠိတော်၌ တင်သင့်သော အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို (ဝါ) ဝိဝေကအားလုံး၌ အလွန်ပျံ့နှံ့သော အတိဗျာပိတဒေါသကို ပယ်ပါသည်။ ✱ **(က) ၌ ဝတ္တဗ္ဗော-ကို ထားရခြင်းအကြောင်း** ။ ။ ရှေးပုဒ်၌သာ ဧဝသဒ္ဒါကို သာမညအားဖြင့် ဟောတော်မူအပ်သော်လည်း နောက်ပုဒ်၌လည်း ဧဝအနက် ဖြစ်သင့်သောကြောင့် ဤနေရာ၌ နောက်ပုဒ်၌လည်း ဧဝသဒ္ဒါကို ဆောင်၍ဆိုရမည်ဟု ဝိသေသအရာ၌ အဓိပ္ပါယ်တည်သည်ကို ပြလိုသောကြောင့် (က) ၌ ဝတ္တဗ္ဗော-ကို ထားရပါသည်။

(ဂ) ၌ တသ္မာ-ကို ထားရခြင်းအကြောင်း ။ ။ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော နောက်ပုဒ်၌လည်း ဧဝသဒ္ဒါကိုဆောင်၍ ဆိုရခြင်း၏ အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့် (ဂ) ၌ တသ္မာ-ကို ထားရပါသည်။

(ဂ) ၌ ဒဋ္ဌဗ္ဗော-ကို ထားရခြင်းအကြောင်း ။ ။ ဝိဝိစ္စ-ဟူသော နောက်ပုဒ်၌လည်း ဧဝ-သဒ္ဒါကို ဆောင်၍ ဆိုသင့်သည်၏အဖြစ်ကြောင့် "ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ" ဟူသော နှစ်ပုဒ်လုံး၌လည်း ဤနိယမအနက်ကို မှတ်ရမည်ဟု သန္နိဋ္ဌာနတ္ထ, မုချတ္ထ, နိတတ္ထအားဖြင့် ပြလိုသောကြောင့် (ဂ) ၌ ဒဋ္ဌဗ္ဗော-ကို ထားရပါသည်။

(ဃ) ၌ ဒဋ္ဌဗ္ဗော-ကို ထားရခြင်းအကြောင်း ။ ။ "ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ"ဟူသော နှစ်ပုဒ်လုံး၌ပါသော ဝိဝိစ္စ-သဒ္ဒါသာမန်ဖြင့် ဝိဝေကအားလုံးကို ယူသင့်သော်လည်း ဤဈာနကထာ၌ သမုစ္ဆေဒဝိဝေက-စသော ဝိဝေကငါးပါးတို့၏ မဖြစ်သင့်ခြင်းကြောင့် ကာယဝိဝေက, စိတ္တဝိဝေက, ဝိက္ခမ္ဘနဝိဝေကဟူသော ဝိဝေကသုံးပါးတို့ကိုသာ ဤဈာနကထာ၌ ယူရမည်ဟု သန္နိဋ္ဌာနတ္ထ, မုချတ္ထ, နိတတ္ထအားဖြင့် ပြလိုသောကြောင့် (ဃ) ၌ ဒဋ္ဌဗ္ဗော-ကို ထားရပါသည်။

➤ ❹ ။ တဿ အင်္ဂ တဒင်္ဂ။ တဒင်္ဂေါ ဝိဝေကော တဒင်္ဂဝိဝေကော။

တဒင်္ဂဝိဝေကော အာဒိ ဧတေသံ ဝိဝေကာနန္တိ **တဒင်္ဂဝိဝေကာဒယော**။ (၂) တဒင်္ဂဝိဝေကပုဒ်+ အာဒိပုဒ်+ဧတ အညပုဒ်သည်ငှင်း၊ အစဖြစ်သော တဒင်္ဂဝိဝေက၏ အလုံးစုံသော ဝိဝေကတို့နှင့် အာဒိ+ အာဒိဝန္တ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) တဒင်္ဂဝိဝေက အစရှိကုန်သော ဝိဝေကတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

စိတ္တံ နီဝရန္တိ ပရိယောနန္ဒန္တီတိ **နီဝရဏာ**။(နိပုဗ္ဗ ဝရဓာတ်+ယုပစ္စည်း)

နီဝရဏာတိ သင်္ခါတာ **နီဝရဏသင်္ခါတာ**။(တေဟိ)

http://www.dhammadownload.com

ဒွိန္နံ သမူဟော ဒွယံ။ ပဒါနံ ဒွယံ **ပဒဒွယံ**။(တသ္မိံ) (၂) ဝိဝိစ္စပုဒ်တို့၏ နှစ်ခုအပေါင်းနှင့် အဝယဝ+အဝယဝီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပဒဒွယတို့၏ တစ်ခုသည် တစ်ခု နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သာဓာရဏံ ဝစနံ **သာဓာရဏဝစနံ**။

* ကုစ္ဆိတာနံ ကေသာဒီနံ အာယော ပဝတ္တိဋ္ဌာနန္တိ **ကာယော**။

ကာယေန ဝိဝေကော **ကာယဝိဝေကော**။ (၂) ကာယပုဒ်+ဝိဝေကပုဒ်သည်၎င်း၊ ကိုယ်၏ အပေါင်းအဖော်မှ ကင်းဆိတ်ခြင်းကြိယာနှင့် သာဓန+သာဓေတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကိုယ်၏ အပေါင်းအဖော်မှ ကင်းဆိတ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ကာယဝိဝေကော အာဒိ ဧတေသံ ဝိဝေကာဒီနန္တိ **ကာယဝိဝေကာဒယော**။

* ဥတ္တရိယတိ အတိက္ကမိယတီတိ ဥတ္တရံ။ (ဥပုဗ္ဗ တရဓာတ်+အ-ပစ္စည်း) ဥတ္တရေ ဘဝံ **ဥတ္တရံ**။ (ဥတ္တရပုဒ်+ဏပစ္စည်း) ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ **ပဒံ**။

ဥတ္တရေ ဌိတ္တံ ပဒံ **ဥတ္တရပဒံ**။(တသ္မိံ) (၂) နောက်၌ဖြစ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဥတ္တရပဒတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သမေတီတိ **သမဏော**။ (၂) သမဓာတ်+ယုပစ္စည်းသည်၎င်း၊ ငြိမ်းအေးခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) သမဏတို့၏ တစ်ပါးသည် တစ်ပါးနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ် သည် ပဝတ္တိနိမိတ်။ (တနည်း) (၂) အစိတ်သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ငြိမ်းအေးစေခြင်း ကြိယာသည် ဗျုပ္ပတ္တိနိမိတ်။ (၄) အပေါင်းသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ငြိမ်းအေးခြင်းကြိယာ သည် ပဝတ္တိနိမိတ်။

သင်္ဂယှတေ သင်္ဂဟော။(သပဒဝိဂ္ဂဟ) သင်္ဂဟဏံ **သင်္ဂဟော**။ (အသပဒဝိဂ္ဂဟ)(တံ သင်္ဂဟံ)

(၂) အစိတ်သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပေါင်း၍ယူခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်။

(၄) အပေါင်းသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပေါင်း၍ယူခြင်းကြိယာသည် ပဝတ္တိနိမိတ်။

➤ ❼ ။ **(က) ဣဓဝေ-၌** (၁) ဤဘုရားသာသနာတော်သည် ဂဟေတဗ္ဗတ္ထ။ (၂) ဘုရား သာသနာတော်မှ တပါးသော အညတိတ္ထိယ သာသနာတော်သည် နိဝတ္တေတဗ္ဗတ္ထ။

(ဃ) တယော ဝေ-၌ (၁) ကာယဝိဝေက, စိတ္တဝိဝေက, ဝိက္ခမ္ဘနဝိဝေကတို့သည် ဂဟေတဗ္ဗတ္ထ။ (၂) တဒင်္ဂ, သမုစ္ဆေဒ, ပဋိပ္ပဿဒ္ဓိ, နိဿရဏ, ဥပဓိဝိဝေကတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ကာယဝိဝေက, စိတ္တဝိဝေက, ဝိက္ခမ္ဘနဝိဝေက သုံးပါးတို့၏ ကင်းဆိတ်ခြင်းဂုဏ်သည် အနုညာတတ္ထ။

(က) **ဥတ္တရပဒေပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ **ပန**-ကား အရုစိတ္တဇောတက။ (ဃ) **ပဒဒွယေပိ**-၌ ပိ-ကား အဝယဝသမုစ္စယတ္ထ, အဝယဝသမ္ဘာဝနတ္ထ။ **စ**-ကား ဝါကျာရမ္ဘတ္ထ။ **ကိဉ္စာပိ**-ကား အနုဂ္ဂဟတ္ထ, သမ္ဘာဝနတ္ထ။ **တထာပိ**-ကား အရုစိတ္တ, ဂရဟတ္ထ။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **(ခ) ဈာနံ ဥပသမ္ပဇ္ဇ-၌ ဈာနံ-အရ** = ရူပါဝစရ

http://www.dhammadownload.com

ကုသိုလ် ပထမဈာန်ကို ယူ၍ (စာ-၂၆၆-ကြည့်)

(ဂ) ဒဋ္ဌဗ္ဗော-၌ ဒိသခေတ်-အရ တရားကား= ပညာရှိတို့သန္တာန်၌ နိယမအနက်ရှိသော ဧဝ-သဒ္ဒါ ကိုသိသော အခြင်းအရာအားဖြင့်ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ဖြစ်ပါသည်။

(၁) ထို--သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) နိယမအနက်ရှိသော ဧဝ-သဒ္ဒါကို သိသဖြင့် ဝိဝိစ္စေဝ ကာမေဟိ အစရှိသော ပါဠိတော်၌ မှန်ကန်စွာအနက်ယောဇနာနိုင်ခြင်းသည် ပကာသနတ္ထ။ (၄) ပုဗ္ဗေကတပုညတာ သမ္ပတ္တိစက် (၄) ပါးသည် ဝိဘာဝတ္ထ။ (၅) မှန်ကန်စွာ အနက် ယောဇနာနိုင်သဖြင့် ဝတ္ထုကာမ, ကိလေသာကာမတို့မှငင်း၊ ဗျာပါဒ အစရှိသော အကုသိုလ်တရားတို့မှ ငင်း ကင်းဆိတ်ရန် အားထုတ်ခြင်း၊ အားထုတ်သဖြင့် ဝမ်းမြောက်ခြင်း ပါမောဇ္ဇ, နှစ်သက်ခြင်း ပီတိ အစရှိသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝတ္ထ။

➢ ⓿ ⓿ ॥ **(ခ) ဝိဝိစ္စေဝ ကာမေဟိ** ॥ ॥ ကာမေဟိ-အရ ဝတ္ထုကာမ, ကိလေသကာမ ပစ္စည်းတရားသည် ဝိဝိစ္စေဝ-အရ ပထမဈာန် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

ပါဠိ (ရ ဿ) [ဋ္ဌ၊၂၀၉။ ပြည်၊ဒု၊၂၃၃။ ဘာသာဋီ၊ဒု၊၄၅၇]

(က) ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီတိ ကိလေသကာမေဟိ, သဗ္ဗာကုသလေဟိဝါ ဝိဝိစ္စာတိ အတ္ထော ယုဇ္ဇတိ၊ (ခ) တေန စိတ္တဝိဝေကော ဝုတ္တော ဟောတိ၊

(ဂ) ပုရိမေန စေတ္ထ ဝတ္ထုကာမေဟိ ဝိဝေကဝစနတော ဧဝ ကာမသုခပရိစ္စာဂေါ၊

(ဃ) ဒုတိယေန ကိလေသကာမေဟိ ဝိဝေကဝစနတော နေက္ခမ္မသုခပရိဂ္ဂဟော ဝိဘာဝိတော ဟောတိ၊ (င) ဧဝံ ဝတ္ထုကာမ ကိလေသကာမဝိဝေကဝစနတောယေဝစ ဧတေသံ ပဌမေန သံကိလေသဝတ္ထုပ္ပဟာနံ၊

(စ) ဒုတိယေန သံကိလေသပ္ပဟာနံ၊ ပဌမေန လောလဘာဝဿ ဟေတုပရိစ္စာဂေါ၊ ဒုတိယေန ဗာလဘာဝဿ၊ ပဌမေနစ ပယောဂသုဒ္ဓိ၊ ဒုတိယေန အာသယပေါသနံ ဝိဘာဝိတံ ဟောတီတိ ဉာတဗ္ဗံ၊

(ဆ) သေ တာဝ နယော ""ကာမေဟိ""တိ ဧတ္ထ ဝုတ္တကာမေသု ဝတ္ထုကာမပက္ခေ၊

➢ ⓿ ॥ (က) ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီတိ၊ဟူသောပုဒ်၏။ကိလေသကာမေဟိ၊ကိလေသာ ကာမတို့မှ။ဝါ၊တနည်းကား။သဗ္ဗာကုသလေဟိ၊အလုံးစုံသော အကုသိုလ်တို့မှ။ဝိဝိစ္စ၊ဆိတ်၍သာလျှင်။ဣတိ အတ္ထော၊ဤ အနက်သည်။ယုဇ္ဇတိ၊သင့်၏။

(ခ) တေန ကိလေသကာမ ဝိဝေကေန၊ဖြင့်။ **တနည်းကား**---တေန သဗ္ဗာကုသလဝိဝေကေန၊ဖြင့်။ စိတ္တဝိဝေကော၊သည်။ဝုတ္တော၊သည်။ဟောတိ၏။ (ဂ) စ၊ဆက်။ဧတ္ထ၊ဤဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စေဝ အကုသ လေဟိဟူသော ပဒဒွယ၌။ပုရိမေန၊ရှေးဖြစ်သော ဝိဝိစ္စေဝ ကာမေဟိဟူသော ပဒဖြင့်။ **တနည်းကား**- ဧတ္ထ၊ဤဝိဝေက နှစ်ပါးအပေါင်း၌။ပုရိမေန၊ရှေးဖြစ်သော ကာယဝိဝေကဖြင့်။ဝတ္ထုကာမေဟိ၊တို့မှ။ဝိဝေက ဝစနတော ဧဝ၊ကင်းခြင်းကို ဟောတော်မူခြင်းကြောင့်ပင်လျှင်။ကာမသုခ ပရိစ္စာဂေါ၊ဝတ္ထုကာမကို ခံစား

http://www.dhammadownload.com

သော သုခကို စွန့်ခြင်းကို။ဝိဘာဝိတော၊ထင်စွာပြအပ်သည်။ဟောတိ၊၏။

(ဃ) ဒုတိယေန၊ဝိဝိစ္စအကုသလေဟိ ဓမ္မေဟိဟူသော ဒုတိယပဒဖြင့်။(ဝါ) ဒုတိယဖြစ်သော စိတ္တဝိဝေကဖြင့်။ကိလေသကာမေဟိ၊တို့မှ။ဝိဝေက ဝစနတော၊ကြောင့်။နေက္ခမ္မသုခ ပရိဂ္ဂဟော၊ချာန်ချမ်းသာကို သိမ်းဆည်းခြင်းကို။ဝိဘာဝိတော၊သည်။ဟောတိ၊၏။ **(င)** စ၊ဆက်။ဧဝံ၊ဤသို့။ဝတ္ထုကာမ, ကိလေသကာမေဟိ၊ ဝတ္ထုကာမ, ကိလေသာကာမတို့မှ။ဝိဝေက ဝစနတော ဧဝ၊ကင်းခြင်းကို ဟောတော်မူခြင်းကြောင့်သာလျှင်။ဧတေသံ၊ထိုဆိုအပ်ပြီးသော နှစ်ပါးတို့တွင်။ပဌမေန၊ရှေးပုဒ်ဖြင့်။သံကိလေသ ဝတ္ထုပ္ပဟာနံ၊တဏှာ, သံကိလေသ စသည်တို့၏ အကြောင်းကို ပယ်ခြင်းကို။ဝိဘာဝိတံ၊သည်။ဟောတိ၊ဖြစ်၏။

(စ) ဒုတိယေန၊ဖြင့်။သံကိလေသပ္ပဟာနံ၊တဏှာ, သံကိလေသ-စသည်ကို ပယ်ခြင်းကို။ဝိဘာဝိတံ၊သည်။ဟောတိ၊၏။ပဌမေန၊ပဌမပုဒ်ဖြင့်။လောလ ဘာဝဿ၊လျှပ်ပေါ်သည်၏ အဖြစ်၏။(ဝါ) ထိုထိုမြင်မြင်ဝါးဝါး ရူပါရုံ-စသည်တို့၌ တဏှာဖြစ်ခြင်း၏။ဟေတု ပရိစ္စာဂေါ၊အကြောင်းဖြစ်သော ဝတ္ထုကာမကို စွန့်ခြင်းကို။ဝိဘာဝိတော၊သည်။ဟောတိ၊၏။ဒုတိယေန၊ဖြင့်။ဗာလ ဘာဝဿ၊မိုက်သည်၏အဖြစ်ဟူသော အဝိဇ္ဇာ၏။(ဝါ) ဒုစိန္တိတ, စိန္တာ-အစရှိသည်၏။ဟေတု ပရိစ္စာဂေါ၊အကြောင်းဖြစ်သော အယောနိသော မနသိကာရ အလုံးစုံသော အကုသိုလ်ဓမ္မကို စွန့်ခြင်းကို။ဝိဘာဝိတော၊သည်။ဟောတိ၊၏။ပဌမေန၊စ၊ဖြင့်လည်း။ပယောဂသုဒ္ဓိ၊ပါဏာတိပါတ-စသော အသုဒ္ဓ ပယောဂမှ စင်ခြင်းကို။ဝိဘာဝိတာ၊သည်။ဟောတိ၊၏။ဒုတိယေန၊ဖြင့်။အာသယ ပေါသနံ၊အဇ္ဈာသယ၏ ပြည့်စုံခြင်းကို။(ဝါ) အဇ္ဈာသယ၏ စင်ခြင်းကို။ဝိဘာဝိတံ၊သည်။ဟောတိ၊ဖြစ်၏။ဣတိ၊သို့။ဉာတဗ္ဗံ၊သိအပ်၏။ **(ဆ)** ဧသ-ဧသော၊ဤဆိုအပ်ခဲ့ပြီးသည်ကား။တာဝ၊စွာ။ကာမေဟီတိ ဧတ္ထ၊ဤပုဒ်၌။ဝုတ္တကာမေသု၊ဆိုအပ်ခဲ့ကုန်ပြီးသော ကာမနှစ်ပါးတို့တွင်။ဝတ္ထုကာမ ပက္ခေ၊ဝတ္ထုကာမအဘို့၌။နယော၊နည်းတည်း။

➤ **၂** ။ **(ခ) သို့/ ပါပနာဒိပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော ပုဒ်၏အနက်ကို ကိလေသာကာမတို့မှ ကင်းဆိတ်ခြင်းဟူသောအနက်, အလုံးစုံသော အကုသိုလ်တို့မှ ကင်းဆိတ်ခြင်းဟူသောအနက်ကို ဖွင့်ဆိုတော်မူ၏။ထိုသို့ဆိုချေသော် ကိလေသာကာမတို့မှ ကင်းဆိတ်ခြင်းဟူသောအနက်, အလုံးစုံသော အကုသိုလ်တို့မှ ကင်းဆိတ်ခြင်းဟူသောအနက်ကို ဖွင့်ဆိုရခြင်း၏ အကျိုးမရှိဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော ပုဒ်၏အနက်ကို ကိလေသာကာမတို့မှ ကင်းဆိတ်ခြင်းဟူသောအနက်, အလုံးစုံသော အကုသိုလ်တို့မှ ကင်းဆိတ်ခြင်းဟူသောအနက်ကို ဖွင့်ဆိုရခြင်း၏ အကျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်၊ မနေတန်။ နေချေသော် ဆရာ၌ နိရုတ္တကဒေါသ ရောက်ရာသည် မဟုတ်ပါလော။ ကိလေသာ ကာမတို့မှ ကင်းဆိတ်ခြင်းဟူသော အနက်, အလုံးစုံသော အကုသိုလ်တို့မှ ကင်းဆိတ်ခြင်းဟူသောအနက်၏ အကျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(တနည်း) ဆရာ၊ ဆရာသည် (က) ဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော ပုဒ်၏အနက်ကို ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်း ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော ပုဒ်ဖြင့် ဟောအပ်သော

F-20-B

http://www.dhammadownload.com

ဝိဝေကကို မသိအပ်ဟူသော အနက်သည် ရောက်၏။ (ပ) ကြောင့် ယင်းဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသောပုဒ်ဖြင့် ဟောအပ်သော ဝိဝေကကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်တန်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ ယင်းဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသောပုဒ်ဖြင့် အဘယ်ဝိဝေကကို ဟောအပ်ပါသနည်း။ ဤသို့-ကြောင့် (ခ) မိန့်။

(ဂ) သို့/ ကျမ်းရှိုးငါးချက် စောဒနာတက် ။ ။ ဆရာ၊ ဆရာသည် ဝိဝိစ္စေဝ ကာမေဟိတိ-မှ တေန စိတ္တဝိဝေကော ဝုတ္တော ဟောတိ-တိုင်အောင် ပါဠိတို့ဖြင့် ဝိဝိစ္စေဝ ကာမေဟိ-ဟူသော ပုဒ်, ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိဟူသော ပါဠိတို့ကို ဖွင့်ပြဆိုတော်မူ၏။ (တနည်း) ဆရာ၊ ဆရာသည် ဆိုအပ်ခဲ့ပြီးသော ဝါကျတို့ဖြင့် ဝိဝိစ္စေဝ ကာမေဟိပုဒ်, ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိဟူသော ပုဒ်တို့၏ အနက်ကို ဖွင့်ဆိုတော်မူ၏။ (တနည်း) ဆရာ၊ ဆရာသည် (က)(ခ) တို့ဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိဟူသောပုဒ်၏ အနက်ကို ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤရှေ့ပုဒ် နောက်ပုဒ်တို့တွင် ဝိဝိစ္စေဝ ကာမေဟိ-ဟူသော ရှေ့ပုဒ်ဖြင့် ပြအပ်သောအနက်ကို မသိအပ်ဟူသောအနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဝိဝိစ္စေဝ ကာမေဟိ-ဟူသော ရှေ့ပုဒ်ဖြင့် ပြအပ်သောအနက်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့် မနေတန်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ ဝိဝိစ္စေဝ ကာမေဟိ-ဟူသော ရှေ့ပုဒ်ဖြင့် ပြအပ်သောအနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ)ဖြင့် ဝိဝိစ္စေဝ ကာမေဟိ-ဟူသော ပုဒ်ဖြင့် ကာမသုခပရိစ္စာဂကို ပြအပ်၏ဟု ဆိုတော်မူ၏။ ဤသို့ ဆိုအပ်သည်ရှိသော် ရှေ့ပုဒ်ဖြင့် ပြအပ်သော အနက်ကိုသာ သိအပ်သည် မဟုတ်ပါလော။ ထိုသို့ သိအပ်သည်၏အဖြစ်ကြောင့် (ဂ)ဖြင့် ဝိဝိစ္စေဝ ကာမေဟိ-ဟူသော ပုဒ်ဖြင့် ကာမသုခပရိစ္စာဂကို ပြအပ်၏ဟု မဖွင့်ဆိုသင့်။ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ ဟူသော ဒုတိယပုဒ်ဖြင့် ပြအပ်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ ဒုတိယပုဒ်ဖြင့် ပြအပ်သော အနက်ကား အဃဘ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ရှေ့ပုဒ်ဖြင့် ကာမသုခပရိစ္စာဂကို ထင်စွာပြအပ်၏ဟု ဆိုတော်မူ၏။ ဤသို့ ဆိုအပ်သည်ရှိသော် ရှေ့ပုဒ်ဖြင့်ပြအပ်သော တပါးသောအနက်ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ တပါးသောအနက်ကို မသိရာသောကြောင့် (ဂ) ဖြင့် ရှေ့ပုဒ်ဖြင့် ကာမသုခပရိစ္စာဂကို ထင်စွာပြအပ်၏ဟု မဆိုသင့်။ ယင်းရှေးပုဒ်ဖြင့် ထင်စွာပြအပ်သော တပါးသောအနက်ကိုလည်း ပြဆိုသင့်သေး၏။ ယင်းရှေးပုဒ်ဖြင့် ထင်စွာပြအပ်သော တပါးသောအနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(င)(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ)(ဃ)တို့ဖြင့် ရှေ့ပုဒ်ဖြင့် ကာမသုခပရိစ္စာဂကို နောက်ပုဒ်ဖြင့် နေက္ခမ္မသုခပရိဂ္ဂဟကို ထင်စွာပြအပ်၏ဟု ဆိုတော်မူ၏။ ဤသို့ဆိုအပ်သည်ရှိသော် ရှေ့ပုဒ် နောက်ပုဒ်တို့ဖြင့် ပြအပ်သော တပါးသောအနက်ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိအပ် မသိနိုင်ရာသောကြောင့် (ဂ)(ဃ)တို့ဖြင့် ရှေ့ပုဒ်ဖြင့် ကာမသုခပရိစ္စာဂကို နောက်ပုဒ်ဖြင့်

http://www.dhammadownload.com

နေက္ခမ္မသုခပရိဂ္ဂဟကို ထင်စွာပြအပ်၏ဟု မဆိုသင့်။ ရှေ့ပုဒ် နောက်ပုဒ်တို့ဖြင့် ပြအပ်သော တပါးသော အနက်ကိုလည်း ပြဆိုသင့်သေး၏။ ယင်းရှေ့ပုဒ် နောက်ပုဒ်တို့ဖြင့် ပြအပ်သော တပါးသော အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င)(စ) ဝါကျတို့ကိုမိန့်။

➤ **၃** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် (က) ၌ တင်သင့်သော နိရုတ္တကဒေါသကို ပယ်ပါသည် **(ခ)** စသည်ဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

➤ **၄** ။ အာရမ္မဏံ စိန္တေတီတိ စိတ္တံ။ ဝိဝေစနံ ဝိဝေကော။ ဝိဝိစ္စနံ ဝိဝေကော။

စိတ္တဿ ဝိဝေကော **စိတ္တဝိဝေကော**။ (၂) စိတ်၏ ဝိဝေကနှင့် သာမီ+သံ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) စိတ်၏ ကင်းဆိတ်ခြင်းကြိယာသည် (ဝါ) စိတ္တဝိဝေကတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဝသန္တိ ဧတ္ထာတိ ဝတ္ထု။ ကာမီယတီတိ ကာမော။ ဝတ္ထု စ ဝ ကာမော **ဝတ္ထုကာမော**။(တေဟိ)

(၂) တည်နေရာ၏ အဖြစ်တည်းဟူသော ဂုဏ်၏ ကာမနှင့် ဂုဏ်+ဂုဏီ၊ ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝတ္ထုကာမ၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်း အရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ကာမီယတိ ကာမော။ သုခယတီတိ သုခံ။ ကာမံ အာရဗ္ဘ ပဝတ္တံ သုခံ ကာမသုခံ။ ပရိစ္စဇနံ ပရိစ္စာဂေါ။ ကာမသုခဿ ပရိစ္စာဂေါ **ကာမသုခပရိစ္စာဂေါ**။ (၂) ကာမသုခ၏ စွန့်ခြင်းကြိယာနှင့် သာဓေတဗ္ဗ+သာဓန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ကာမသုခကို စွန့်ခြင်းကြိယာသည် (ဝါ) ကာမသုခပရိစ္စာဂတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

နေက္ခမ္မနံ နေက္ခမံ။ နေက္ခမ္မမေဝ သုခံ နေက္ခမ္မသုခံ။ ပရိဂ္ဂဟဏံ ပရိဂ္ဂဟော။ ပရိဂ္ဂယှတေ ပရိဂ္ဂဟော။ နေက္ခမ္မသုခဿ ပရိဂ္ဂဟော **နေက္ခမ္မသုခပရိဂ္ဂဟော**။ (၂) နေက္ခမ္မသုခ၏ သိမ်းဆည်းခြင်းကြိယာနှင့် ပရိဂ္ဂဟေတဗ္ဗ+ပရိဂ္ဂဟဏ၊ ကမ္မ+ကမ္မီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) နေက္ခမ္မသုခကို သိမ်းဆည်းခြင်းကြိယာသည် (ဝါ) နေက္ခမ္မသုခပရိဂ္ဂဟတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်း အရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ **၆** ။ **(က)** ၌ ကိလေသကာမေဟိ-ဖြင့် အကုသလေဟိ-အရ ကိလေသာကာမကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **သဗ္ဗာကုသလေဟိဝါ**-ဖြင့် အကုသလေဟိ-အရ အလုံးစုံသော အကုသိုလ်တရားတို့ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

အပေါင်းသံဝဏ္ဏနာပါဌ်ဖြင့် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ကို သဒ္ဒက္ကမရှိတိုင်း အနက်မပေးရ၊ အကုသလေဟိ ဓမ္မေဟိ ဝိဝိစ္စ-ဟု အတ္ထက္ကမအားလျော်စွာ အနက်သမ္ဗန်ရမည်ဟု သိ။(ဘာဝတ္ထ)

➤ **၇** ။ **ဝိဝေကဝစနတောဝေ-၌** (၁) ဝတ္ထုကာမတို့မှ ကင်းခြင်းကို ဟောခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) ဝတ္ထုကာမတို့မှ ကင်းခြင်းကို မဟောခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

(င) ဝတ္ထုကာမ ကိလေသကာမဝိဝေကဝစနတောယေဝ-၌ (၁) ဝတ္ထုကာမ ကိလေသာ

http://www.dhammadownload.com

ကာမတို့မှ ကင်းခြင်းကို ဟောခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) ဝတ္ထုကာမ ကိလေသာ ကာမတို့မှ ကင်းခြင်းကို မဟောခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

➢ ❾ ။ **ကြိယာငါးတန်** ။ ။ **(ခ) ဝုတ္တော-၌ အန္တတ္ထ ဝစခေတ်-အရ** = ဒေသနာ ဉာဏ်တော် ဖြစ်ပါသည်။ (၁) ယင်းဒေသနာဉာဏ်တော်သည် ဒဿနတ္ထ။ (၂) သဗ္ဗညုတဉာဏ်တော်သည် ဒီပကတ္ထ။ (၃) "ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ" ဟူသော ဝစီဘေဒသဒ္ဒသည် (ဝါ) စိတ္တဝိဝေကော- ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တော်တို့သည် ဝိဘာဝတ္ထ။ (၅) တရားတော်ကို နာကြားရခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

➢ ❶❿ ။ **(ခ) စိတ္တဝိဝေကော**-အရ မနသာဝဝတ္ထပိတဖြစ်သော စိတ္တဝိဝေက ပစ္စည်း တရားကို ယူ၍ **ဝုတ္တော-၌ ဝစခေတ်**အရ ဒေသနာဉာဏ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

ဋီကာ (၅၂) [ဋ္ဌ၊၂၀၉။ ပြည်၊ဒု၊၂၄၅။ ဘာသာဋီ၊ဒု၊၄၆၁]

(က) ကိလေသကာမပက္ခေ ပန "ဆန္ဒော" တိစ "ရာဂေါ" တိစ ဧဝမာဒီဟိ အနေကဘေဒေါ ကာမစ္ဆန္ဒောယေဝ "ကာမော" တိ အဓိပ္ပေတော။

(ခ) သောစ အကုသလပရိယာပန္နောပိ သမာနော "တတ္ထ ကတမော ကာမစ္ဆန္ဒော ကာမော" တိ အာဒိနာ နယေန ဝိဘင်္ဂေ ဈာနပဋိပက္ခတော ဝိသုံ ဝုတ္တော။

(ဂ-၁) ကိလေသကာမတ္တာဝါ ပုရိမပဒေ ဝုတ္တော၊

(ဂ-၂) အကုသလပရိယာပန္နတ္တာ ဒုတိယပဒေ၊

(ဃ) အနေကဘေဒတော စဿ "ကာမတော" တိ အဝတွာ "ကာမေဟီ" တိ ဝုတ္တံ။

➢ ❶ ။ **(က)** ပန၊ဝတ္ထုကာမတို့၏ အဘို့၌ဆိုအပ်သော နည်းမှတပါး ကိလေသကာမ အဘို့၌ ဆိုအပ်သော နည်းကိုဆိုဦးအံ့။ကိလေသကာမပက္ခေ၊ကိလေသကာမအဘို့၌။ "ဆန္ဒော" တိစ၊ဆန္ဒောဟူ၍၎င်း။ "ရာဂေါ" တိစ၊၎င်း။ဧဝမာဒီဟိ၊ဤသို့ အစရှိသည်တို့ဖြင့်။အနေကဘေဒေါ၊ကာမာဝ, ကာမရာဂသံယောဇဉ် စသည် ရူပတဏှာစသည်တို့၏ အစွမ်းဖြင့် များသောအပြားရှိသော။ကာမစ္ဆန္ဒောယေဝ-ကာမသဘာဝေါယေဝ ဆန္ဒော၊ကာမသဘော ရှိသည်သာလျှင် ဖြစ်သောဆန္ဒကို။ "ကာမော" တိ၊ကာမဟူ၍။အဓိပ္ပေတော၊လိုအပ်၏။ (ကတ္တုကမျတာဆန္ဒော၊ကတ္တုကမျတာဆန္ဒကို။န အဓိပ္ပေတော၊မလိုအပ်။ကုသလစ္ဆန္ဒောပိ၊ကုသလစ္ဆန္ဒကိုလည်း။ န အဓိပ္ပေတော၊မလိုအပ်။) (ဇျတိရိက်ထည့်)

(ခ) စ၊ဆက်။သော ကာမစ္ဆန္ဒော၊ထိုကာမစ္ဆန္ဒကို။အကုသလပရိယာပန္နော၊အကုသိုလ်၌ အတွင်းဝင် သည်။ သမာနောပိ၊ဖြစ်မူလည်း။ "တတ္ထ ကတမော ကာမစ္ဆန္ဒော ကာမော" တိ အာဒိနာ၊ဤသို့ အစရှိ သော။ နယေန၊နည်းဖြင့်။ဝိဘင်္ဂေ၊ဝိဘင်း၌။ဈာနပဋိပက္ခတော၊ဈာန်၏ ပဋိပက္ခ၏ အဖြစ်ကြောင့်။ဝိသုံ၊သီး သန့်။(ဘဂဝတာ၊သည်)ဝုတ္တော၊ဟောတော်မူအပ်၏။

(ဂ) ဝါ၊တနည်းကား။(သော ကာမော၊ထိုကာမကို။တဿ ကာမဿ၊ထိုကာမသည်။(ဝါ) ထိုကာမ

http://www.dhammadownload.com

၏။)ကိလေသကာမတ္တာ၊ကိလေသာကာမ၏အဖြစ်ကြောင့်။ပုရိမပဒေ၊ရှေ့ပုဒ်၌။(ဘာဝတာ၊သည်)ဝုတ္တော၊၏။ အကုသလပရိယာပန္နတ္တာ၊အကုသိုလ်၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့်။ဒုတိယပဒေ၊ဒုတိယပုဒ်၌။ဝုတ္တော၊ ၏။ **(ယ)** စ၊ဆက်။အဿ၊ထိုကာမ၏။အနေကဘေဒတော၊ကာမာသဝ, ကာမရာဂသံယောဇဉ်စသည် ရူပတဏှာစသည်တို့၏ အစွမ်းဖြင့် များသော အပြားရှိသည်၏အဖြစ်ကြောင့်။"ကာမတော"တိ၊ဟူ၍။အဝတွာ၊ မဆိုမူ၍။"ကာမေဟိ"တိ၊ကာမေဟိဟူ၍။(ဗဟုဝစနံ၊ဗဟုဝုစ်ကို။)ဝုတ္တံ၊ဟောတော်မူအပ်၏။

➤ ❷ ။ **(ခ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ကိလေသကာမအတို့၌ ကာမစ္ဆန္ဒကိုသာ ကာမဟူ၍ အလိုရှိအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ပင်ဆိုသော်လည်း ထိုကာမစ္ဆန္ဒသည် ဝိဝိစ္စ အကုသလဟိ ဓမ္မေဟိ-ဟူသော နောက်ပုဒ်၌ ဟောတော်မူအပ်သော အကုသိုလ်၌ အကျုံးဝင်ပြီးသည် မဟုတ်ပါလော။ ထို့ကြောင့် (က) ဖြင့် ကိလေသကာမအတို့၌ ကာမစ္ဆန္ဒကိုသာ ကာမဟူ၍ အလိုရှိအပ်၏ဟု မဆိုသင့်။ ကာမစ္ဆန္ဒကို တစ်သီးတစ်ခြားဟောရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ထိုကာမစ္ဆန္ဒကို တစ်သီးတစ်ခြားဟောတော်မူအပ်ပါသနည်း။ ဤသို့-ကြောင့် (ခ) မိန့်။

(တနည်း) ဆရာ၊ ဆရာသည် (က)ဖြင့် ကာမေဟိ-ဟူသော ပုဒ်၌ ဟောအပ်ကုန်သော ကာမတို့တွင် ကိလေသာကာမပက္ခ၌ ကာမစ္ဆန္ဒကိုသာ ကာမဟူ၍ အလိုရှိအပ်၏ဟု ဆိုတော်မူ၏။ (ဝါ) ကာမစ္ဆန္ဒကိုသာ ကာမ-အရ ကောက်ယူအပ်၏ဟု ဆိုတော်မူ၏။ ဤသို့ဆိုအပ်သည်ရှိသော ထိုကာမစ္ဆန္ဒသည် နောက်ပုဒ်၌ ဟောအပ်ကုန်သော အကုသိုလ်တရားတို့၌ အတွင်းဝင်ပြီး ပါဝင်ပြီး ဖြစ်သည်မဟုတ်ပါလော။ ထိုသို့ အတွင်းဝင်ပြီး ပါဝင်ပြီးသည်၏အဖြစ်ကြောင့် ကာမေဟိ-ဟူသော ပုဒ်၌ ဟောအပ်ကုန်သော ကာမတို့တွင် ကိလေသာကာမပက္ခ၌ ကာမစ္ဆန္ဒကိုသာ ကာမဟူ၍ အလိုရှိအပ်၏ဟု မဆိုသင့်။ (ဝါ) ကာမစ္ဆန္ဒကိုသာ ကာမ-အရ ကောက်ယူအပ်၏ဟု မဆိုသင့်။ ထိုကာမစ္ဆန္ဒကို ဝိဝိစ္စေဝ ကာမေဟိ-ဟူ၍ သီးသန့် သီးခြား ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ထိုကာမစ္ဆန္ဒကို ဝိဝိစ္စေဝ ကာမေဟိ-ဟူ၍ သီးသန့် သီးခြား ဟောတော်မူအပ်ပါသနည်း။ ဤသို့--ကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား- (ခ) ဖြင့် ထိုကာမစ္ဆန္ဒသည် နောက်ပုဒ်၌ (ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟု) ဟောတော်မမူအပ်ကုန်သော်လည်း ဈာနဝိဘင်း၌ ဈာန်၏ ပဋိပက္ခ၏အဖြစ်ကြောင့် ထိုကာမစ္ဆန္ဒကို ဝိဝိစ္စေဝ ကာမေဟိ-ဟူ၍ သီးသန့် သီးခြား ဟောတော်မူအပ်ပါ၏ဟူလို။

(ဂ-၁) သို့/ ပါပနာဒိပဥ္စက ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ထိုကာမစ္ဆန္ဒသည် ကုသိုလ်တရားတို့၌ အကျုံးဝင်သော်လည်း ထိုကာမစ္ဆန္ဒကို ဝိဘင်း၌ ဈာန်၏ပဋိပက္ခဖြစ်သော (ရှေ့ပုဒ်၌) သီးခြားဟောတော်မူအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ထိုဆိုအပ်ပြီးသော အကြောင်းကြောင့် ထိုကာမစ္ဆန္ဒကို ရှေ့ပုဒ်၌ သီးခြားဟောအပ်၏ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ထိုကာမစ္ဆန္ဒကို ရှေ့ပုဒ်၌ သီးခြားဟောရခြင်း၏ တပါးသော အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့် မနေတန်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏာဒေါသ ရောက်ရာသည် မဟုတ်ပါလော။ ထိုကာမစ္ဆန္ဒကို ရှေ့ပုဒ်၌ သီးခြားဟောတော်မူရခြင်း၏ တပါးသော အကြောင်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ-၁) မိန့်။

http://www.dhammadownload.com

(ဂ–၂) ပါဠိနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ–၁) ဖြင့် ကိလေသာကာမ၏အဖြစ်ကြောင့် ထို ကာမစ္ဆန္ဒကို ရှေးပုဒ်၌ ဟောတော်မူအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ရှေးပုဒ်၌သာ ဟောအပ် ဟူသောအနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေ သောကြောင့် ထိုကာမစ္ဆန္ဒကို ဒုတိယပုဒ်၌ ဟောအပ် မဟောအပ်ဟူသော အဆုံးအဖြတ်ကိုလည်း ပြဆို သင့်သေး၏။ မပြဆိုဘဲ မနေသင့် မနေတန်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ ရောက်ရာ သည် မဟုတ်ပါလော။ ထိုကာမစ္ဆန္ဒကို နောက်ပုဒ်၌ ဟော, မဟော အဆုံးအဖြတ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ–၂) မိန့်။

အဓိပ္ပါယ်ကား– ထိုကာမစ္ဆန္ဒကို အကုသိုလ်၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့် ဒုတိယပုဒ်၌လည်း ဟောကြားအပ်ပါ၏ဟူလို။

(တနည်း) ဆရာ၊ ဆရာသည် (ဂ–၁) ဖြင့် ထိုကာမစ္ဆန္ဒကို ကိလေသာကာမ၏ အဖြစ်ကြောင့် ရှေ့ပုဒ်၌ ဟောကြားအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ထိုကာမစ္ဆန္ဒကို ရှေ့ပုဒ်၌ ဟောအပ်ခြင်း၏ အကြောင်းကိုသာ သိအပ်၏ဟူသော အနက်သည်ရောက်၏။ (ပ) ကြောင့် ထိုကာမစ္ဆန္ဒကို နောက်ပုဒ်၌ ဟောရခြင်း၏အကြောင်းကို ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့် မနေတန်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ ရောက်ရာသည် မဟုတ်ပါလော။ ထိုကာမစ္ဆန္ဒကို နောက်ပုဒ်၌ ဟောရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ (ဝါ) အဘယ့်ကြောင့် နောက်ပုဒ်၌ ထိုကာမစ္ဆန္ဒကို ဟောကြားအပ်ပါ သနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ–၂) မိန့်။

(ဃ) ပါဠိနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ–၁) ဖြင့် ကိလေသ ကာမ၏အဖြစ်ကြောင့် ကာမစ္ဆန္ဒကို ရှေးပုဒ်၌ ဘုရားရှင်ဟောတော်မူအပ်သောဟု ဆို၏။ ထိုသို့ဆိုချေသော် ကာမစ္ဆန္ဒသည် တရားကိုယ်အားဖြင့် လောဘစေတသိက်တစ်ခုတည်းသာဖြစ်သောကြောင့် ကာမတော–ဟု ဧကဝုစ်ဖြစ်သာ ဟောသင့်၍ ကာမေဟိ–ဟု ဗဟုဝုစ်ဖြင့် မဟောသင့်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ကာမတော–ဟု ဧကဝုစ်ဖြင့် မဟောမူ၍ ကာမေဟိ–ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်ကြောင့် ကာမတော–ဟု ဧကဝုစ်ဖြင့် မဟောမူ၍ ကာမေဟိ–ဟု ဗဟုဝုစ်ဖြင့် ဘုရားရှင်ဟောတော် မူအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

အဓိပ္ပါယ်ကား– ကာမတော–ဟု ဧကဝုစ်ဖြင့်သာ ဟောသင့်ငြားသော်လည်း ထိုကာမစ္ဆန္ဒ၏ တပါးမက များသော အပြားရှိသည်၏အဖြစ်ကြောင့် ကာမေဟိ–ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူအပ်ပါ၏ဟူလို။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ကာမစ္ဆန္ဒဟူသော ကာမကို နောက်ပုဒ်မှ သီးခြားဟော တော်မူရခြင်းအကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ကာမစ္ဆန္ဒကို ရှေ့ပုဒ် နောက်ပုဒ် နှစ်ပုဒ်လုံး၌ ဟောတော်မူရခြင်းအကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ကိလေသကာမသည် တရားကိုယ်အားဖြင့် လောဘစေတသိက် တစ်ခုတည်းဖြစ်လျက် ကာမေဟိ–ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူရခြင်းအကြောင်းကို ပြသောကြောင့် အဗျာပိတ

http://www.dhammadownload.com

အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(က) ၌ အဓိပ္ပေတော-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ကာမစ္ဆန္ဒ, ကတ္တုကမျတာဆန္ဒ ကုသလစ္ဆန္ဒတို့တွင် ကိလေသကာမပက္ခ၌ ကာမစ္ဆန္ဒကိုသာ ကာမ-အရ ယူရမည်ဟု ကာမ သာမညမှ ကာမဝိသေသကို စကားလုအားဖြင့် ပြဆိုရာဌာနဖြစ်သောကြောင့် အဓိပ္ပေတော-ကို ထားရပါသည်။

(ဂ) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ ဈာန်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ကာမစ္ဆန္ဒကို သီးခြားဟောတော်မူအပ်၏ဟူသော အကြောင်းအနက်မှတပါး ထိုကာမစ္ဆန္ဒကို ကိလေသကာမ၏ အဖြစ်ကြောင့် ရှေ့ပုဒ်၌ ဟောတော်မူအပ်၏၊ အကုသိုလ်၌ အကျုံးဝင်သောကြောင့် နောက်ပုဒ်၌ ဟောတော်မူ အပ်၏ဟူသော အကြောင်းအနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဝါ-သဒ္ဒါကို ထားရပါသည်။

➤ ❾ ။ ပဋိဝိရုဒ္ဓေါ ပက္ခော ပဋိပက္ခော။ ဈာနဿ ပဋိပက္ခော **ဈာနပဋိပက္ခော**။

(၂) ဈာနပုဒ်+ပဋိပက္ခပုဒ်သည်၎င်း၊ ဈာန်၏ ပဋိပက္ခဘောဂုဏ်နှင့် ဂုဏီ+ဂုဏ် (တနည်း) ဈာန်၏ ဆန့်ကျင်ဘက်ကာမတရားနှင့် ပဟာယက+ပဟာတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဈာနပဋိပက္ခဘောဂုဏ်သည် ပဝတ္တိနိမိတ်။

* ဝတ္ထုကာမံ ကာမေတီတိ ကာမော။ ဆန္ဒေတီတိ ဆန္ဒော။

ကာမောယေဝ ဆန္ဒော **ကာမစ္ဆန္ဒော**။ (၂) ကိလေသာကာမ၏ ဆန္ဒနှင့် ဂုဏ်+ဂုဏီ၊ ဝိသေသန ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (တနည်း) ဝတ္ထုကာမကို အလိုရှိတတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ ဆန္ဒနှင့် ဂုဏ်+ဂုဏီ၊ ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ကာမစ္ဆန္ဒတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။ * အနေကော ဘေဒေါ ယဿ ကာမစ္ဆန္ဒဿာတိ **အနေကဘေဒေါ**။

အနေကာ ဘေဒါ ဧတဿ ကာမစ္ဆန္ဒဿာတိ **အနေကဘေဒေါ**။ (၂) အနေကပုဒ်+ဘေဒပုဒ်+ ဧတအညပုဒ်သည်၎င်း၊ များသော အပြားတို့၏ (ဝါ) များကုန်သော အပြားတို့ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ ကာမစ္ဆန္ဒနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) များကုန်သော အပြားတို့ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

စိတ္တံ ကိလိဿတိ ဥပတပ္ပတိ ဧတေနာတိ **ကိလေသော**။(ကိလသဓာတ်+ဏ)

ကိလေသေတီတိ ကိလေသော။ ကာမေတီတိ ကာမော။ ကိလေသောယေဝ ကာမော ကိလေသကာမော။

ကိလေသကာမဿ ဘာဝေါ **ကိလေသကာမတ္တံ**။ (တဿ) (၂) ကိလေသာကာမ၏ အဖြစ်တည်း ဟူသော ဂုဏ်နှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ကိလေသာကာမ၏ အဖြစ်တည်းဟူသော ဂုစ်သည် (ဝါ) ကိလေသာကာမ၏ ဖြစ်ကြောင်းဖြစ်ရာ ကာမစ္ဆန္ဒသည် ပဝတ္တိနိမိတ်။

ဝိဘဇီယန္တိ ဧတ္ထာတိ **ဝိဘင်္ဂေါ**။ (၂) ဝိပုဗ္ဗ ဘဇဓာတ်+ဏပစ္စည်းသည်၎င်း၊ ဝေဖန်ခြင်းကြိယာ သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိဘင်းကျမ်းတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ် သော ဓာတ်သည် ပဝတ္တိနိမိတ်။ * အကုသလေသု ပရိယာပန္နော **အကုသလပရိယာပန္နော**။

အကုသလပရိယာန္နဿ ဘာဝေါ **အကုသလပရိယာပန္နတ္တာ**။

http://www.dhammadownload.com

➤ ❻ ။ **(က)** ၌ ကာမစ္ဆန္ဒောယေဝ "ကာမော"တိ အဓိပ္ပေတော-ဖြင့် ဝိဝိစ္စေဝ ကာမေဟိ-၌ ကာမ-အရ ကတ္တုကမျတာဆန္ဒ, ကုသလစ္ဆန္ဒတို့ကို မယူရ၊ ကာမစ္ဆန္ဒကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓမ္မတ္ထ) **ကိလေသကာမပက္ခေ (ပ) အနေကဘေဒေါ**-ဖြင့် ကာမစ္ဆန္ဒသည် ကိလေသကာမပက္ခ၌ ကာမစ္ဆန္ဒ-ဟု တရားကိုယ်အားဖြင့် တစ်ပါးတည်းရှိသော်လည်း ဆန္ဒဟူ၍၎င်း၊ ရာဂဟူ၍၎င်း ကာမာသဝ စသည်အားဖြင့်၎င်း အမည်များစွာရှိ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

(ခ) ဖြင့် ထိုကာမစ္ဆန္ဒကို အကုသိုလ်တရားတို့၌ အကျုံးဝင်ပြားသော်လည်း တတ္ထ ကတမေ ကာမစ္ဆန္ဒော ကာမော အစရှိသောနည်းဖြင့် ဝိဘင်း၌ ဈာန်၏ ပဋိပက္ခဖြစ်သောကြောင့် (ကာမေဟိ) ဟု သီးခြားဟောအပ်သတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဂ-၁) ဖြင့် ထိုကာမစ္ဆန္ဒကို ကိလေသာကာမ၏ အဖြစ်ကြောင့် ရှေ့ပုဒ်၌ ဟောအပ်သတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ) **(ဂ-၂)** ဖြင့် ထိုကာမစ္ဆန္ဒကို အကုသိုလ်တရားတို့၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့် ဒုတိယပုဒ်၌ ဟောအပ်သတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ❼ ။ **(က)** **ပန**-ကား ပက္ခန္တရတ္ထ။ **စ**-သဒ္ဒါ နှစ်လုံးကား အညမညသမုစ္စယတ္ထ။ **ဣတိ**-ကား အာကာရတ္ထ၊ ပဒတ္ထဝိပလ္လာသတ္ထ။ (ခ) **စ**-ကား ဝါကျာရမ္ဘတ္ထ။ **ပိ(အပိ)** ကား အရစ္စတ္ထ။ (ဂ) **ဝါ**-ကား နယန္တရတ္ထဇောတက။ (ဃ) **စ**-ကား ဝါကျာရမ္ဘတ္ထ။

(က) ကာမစ္ဆန္ဒောယေဝ-၌ (၁) ကာမစ္ဆန္ဒသည် ဂဟေတဗ္ဗတ္ထ။ (၂) ကတ္တုကမျတာဆန္ဒ, ကုသလစ္ဆန္ဒတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ကာမစ္ဆန္ဒ၏ အလိုရှိတတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

➤ ❽ ။ **ကြိယာဝါးတန်** ။ ။ **(က) အဓိပ္ပေတော-၌ ခတ်-အရ** = ပညာရှိသန္တာန်၌ ဖြစ်သော မဟာကုသိုလ် (မဟာကြိယာ) ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ ထုတ်။

(ခ) ဝုတ္တော (ဂ) ဝုတ္တော ၌ အန္တတ္ထ ဝစခတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ယူ၍ (စာ-၄၂၃)

(ဃ) ဝုတ္တံ-၌ ဓာတွတ္ထ-အရ = ကာမေဟိ-ဟူသော ဝစီဘေဒသဒ္ဒ ဖြစ်ပါသည်။ (၁) ယင်း ကာမေဟိ-ဟူသော ဝစီဘေဒသဒ္ဒသည် ဒဿနတ္ထ။ (၂) ဒေသနာဉာဏ်တော်သည် ဒီပကတ္ထ။ (၃) တရားတော်ကို ကြားနာရခြင်းသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည် ဝိဘာဝတ္ထ။ (၅) တရားတော်ကို နာရသဖြင့် လူ နတ် နိဗ္ဗာန် သုံးတန်သော အကျိုးကို ရရှိခြင်းသည် အနုဘာဝတ္ထ။

(ဃ) ဝုတ္တံ-၌ အန္တတ္ထ ဝစခတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၃) ကာမေဟိ-ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃)

➤ ❾ ။ **(က) အဓိပ္ပေတော-၌ တ-အရ** = ကာမစ္ဆန္ဒ၏ တရားကိုယ်ဖြစ်သော "လောဘ" ကို ယူ၍ လက္ခဏာဒိစတုက္က ထုတ်လေ။

➤ ❶❿ ။ **(က) ကာမစ္ဆန္ဒောယေဝ အဓိပ္ပေတော** ။ ။ ကာမစ္ဆန္ဒော-အရ လောဘ

http://www.dhammadownload.com

ပစ္စည်းတရားသည် အဓိပ္ပတိ-၌ တ-ပစ္စည်းအရ လောဘကြွဲသော လောဘသမ္ပယုတ်စိတ်ဥပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

(တနည်း) ကာမစ္ဆန္ဒော-အရ ရှေးရှေးသော လောဘမူဇော ပစ္စည်းတရားသည် အဓိပ္ပတိ-၌ တ-ပစ္စည်းအရ နောက်နောက်သော လောဘမူဇော ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အနန္တရ, သမနန္တရ, ဥပ, အာသေ, နတ္ထိ, ဝိဂတ (၆)

ပါဠိ (၇၃) [၃၊၂၀၀။ ပြည်၊ဒု၊၂၄၈။ ဘာသာဋီ၊ဒု၊၄၆၁]

(က) အညေသမ္ပိ ဓမ္မာနံ အကုသလဘာဝေ ဝိဇ္ဇမာနေ ""တတ္ထ ကတမေ အကုသလာ ဓမ္မာ၊ ကာမစ္ဆန္ဒော""တိ အာဒိနာ နယေန ဝိဘင်္ဂေ ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခဘာဝဒဿနတော နီဝရဏာနေဝ ဝုတ္တာနိ။ (ခ) နီဝရဏာနိ ဟိ ဈာနင်္ဂပစ္စနီကာနိ၊ တေသံ ဈာနင်္ဂါနေဝ ပဋိပက္ခာနိ။

(ဂ) ဝိဒ္ဓံသကာနိဝိဃာတကာနီတိ ဝုတ္တံ ဟောတိ။

(ဃ) တထာ ဟိ ""သမာဓိ ကာမစ္ဆန္ဒဿ ပဋိပက္ခော၊ ပီတိ ဗျာပါဒဿ၊ ဝိတက္ကော ထိနမိဒ္ဓဿ၊ သုခံ ဥဒ္ဓစ္စကုက္ကုစ္စဿ၊ ဝိစာရော ဝိစိကိစ္ဆာယာ""တိ ပေဋကေ ဝုတ္တံ။

➤ **၁** ။ **(က)** စ၊ဆက်။အညေသံ၊ကာမစ္ဆန္ဒ-စသော နီဝရဏတို့မှ တပါးကုန်သော။ဓမ္မာနံ၊ဒိဋ္ဌိ, မာန, အဟိရိက, အနောတ္တပ္ပ အစရှိကုန်သောတရား, ဖဿ-စသော တရားတို့၏။အကုသလဘာဝေ၊ အကုသိုလ်အဖြစ်သည်။ဝိဇ္ဇမာနေပိ၊ရှိပါသော်လည်း။"တတ္ထ ကတမေ အကုသလာ ဓမ္မာ၊ ကာမစ္ဆန္ဒော"တိ အာဒိနာ၊ဤသို့ အစရှိသော။နယေန၊နည်းဖြင့်။ဝိဘင်္ဂေ၊ဝိဘင်း၌။ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခဘာဝဒဿနတော၊ အထက်၌ဟောလတ့်ကုန်သော ဈာနင်တို့၏ မိမိ၏ ဆန့်ကျင်ဘက် နီဝရဏတို့၏ ပဟာယက ပဋိပက္ခ၏ အဖြစ်ကို ပြခြင်းကြောင့်။(ဝါ) ပြခြင်းငှာ။နီဝရဏာနေဝ၊ဈာနင်၏ ပစ္စနီကဖြစ်သော နီဝရဏတို့ကိုသာလျှင်။ (ဘဂဝတာ၊သည်) ဝုတ္တာနိ၊ဟောတော်မူအပ်ကုန်၏။(အညေ၊ကာမစ္ဆန္ဒ-စသော နီဝရဏတို့မှ တပါးကုန်သော။ ဓမ္မာ၊ဒိဋ္ဌိ, မာန, အဟိရိက, အနောတ္တပ္ပ အစရှိကုန်သောတရား, ဖဿ-စသော တရားတို့ကို။န ဝုတ္တာ၊ ဟောတော်မမူအပ်ကုန်။) **(ခ)** ဟိ၊သင့်စွ။နီဝရဏာနိ၊နီဝရဏတို့သည်။ဈာနင်္ဂပစ္စနီကာနိ၊ဈာနင်တို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏။တေသံ၊ထိုဈာနင်တို့၏။(ပဝတ္တနီဝရဏတော၊ဖြစ်ခြင်းကို တားမြစ်တတ်သည်၏ အဖြစ်ကြောင့်။)တေသံ၊ထိုပစ္စနီကဖြစ်သော နီဝရဏတို့၏။(ဝါ)တို့ကို။ဈာနင်္ဂါနေဝ၊ဈာနင်တို့သည်သာလျှင်။ပဋိပက္ခာနိ၊ ပဟာယက ပဋိပက္ခ ဖြစ်ကုန်၏။ **(ဂ)** ဝိဒ္ဓံသကာနိ၊ဖျက်ဆီးတတ်ကုန်၏။ဝိဃာတကာနိ၊သတ်ညှဉ်းတတ်ကုန်၏။ ဣတိ၊ဤသို့။ဝုတ္တံ၊ဆိုအပ်သည်။ဟောတိ၊၏။ **(ဃ)** တထာ-တံ ဝစနံ၊ထိုစကားသည်။ဟိ-သစ္စံ၊မှန်၏။ "သမာဓိ၊သည်။ကာမစ္ဆန္ဒဿ၊၏။ပဋိပက္ခော၊ပဟာယက ပဋိပက္ခသည်။ဟောတိ၊၏။(ကသ္မာ၊အဘယ့်ကြောင့်နည်း) ရာဂပဏိဓိယာ၊ရာဂဟူသော ဏ္ဍဖြစ်သော ရူပါရုံစသည်တို့၌ စိတ်ကိုထားတတ်သော တရား၏။ဥဇုဝိပစ္စနီက ဘာဝတော၊ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်ငှင်း။နာနာရမ္မဏေဟိ၊အထူးထူးသော အာရုံတို့သည်။ ပလောဘိတဿ၊ဖြားယောင်းအပ်သည်ဖြစ်၍။ပရိဗ္ဘမန္တဿ၊ထက်ဝန်းကျင်လည်သော။စိတ္တဿ၊၏။သမာဓာနတော၊ အညီအညွတ်ကောင်းစွာ တည်ကြောင်း၏ အဖြစ်ကြောင့်ငှင်းတည်း။) ပီတိ၊သည်။ဗျာပါဒဿ၊၏။ပဋိပက္ခော၊

http://www.dhammadownload.com

ပဟာယက ပဋိပက္ခသည်။ဟောတိ၊၏။(ကသ္မာ၊အဘယ့်ကြောင့်နည်း။ပါမောဇ္ဇေန၊သူ့စည်းစိမ်၌ ဝမ်းမြောက်ခြင်း ပါမောဇ္ဇနှင့်။သမာနယောဂက္ခေမတ္တာ၊တူသည်ဖြစ်၍ ဘေးကင်းသည်၏ အဖြစ်ကြောင့်တည်း) ဝိတက္ကော၊ ဝိတက်သည်။ထိနမိဒ္ဓဿ၊၏။ပဋိပက္ခော၊ပဟာယက ပဋိပက္ခသည်။ဟောတိ၊၏။(ကသ္မာ၊အဘယ့်ကြောင့်နည်း။ ယောနိသော၊အသင့်လမ်းကြောင်း မှန်သောအားဖြင့်။သင်္ကပ္ပဝသေန၊ကောင်းစွာ ကြံသည်၏ အစွမ်းဖြင့်။ ဝိပ္ဖာရပဝတ္တိတော၊ပြန့်သောအားဖြင့် ဖြစ်ခြင်းကြောင့်တည်း။(ဝါ) တုန်လှုပ်သောအားဖြင့် ဖြစ်ခြင်းကြောင့်တည်း) သုခံ၊သည်။အဝူပသမာနုတာပသဘာဝဿ၊မငြိမ်သက်ခြင်း, နောင်တပူပန်ခြင်း သဘောရှိသော။ဥဒ္ဓစ္စ ကုက္ကုစ္စဿ၊၏။ပဋိပက္ခံ၊ပဟာယက ပဋိပက္ခသည်။ဟောတိ၊၏။(ကသ္မာ၊အဘယ့်ကြောင့်နည်း။ဝူပသန္တ သီတလသဘာဝတ္တာ၊ငြိမ်သက်ခြင်းသဘော, ချမ်းအေးခြင်းသဘော ရှိသည်၏အဖြစ်ကြောင့်တည်း။) ဝိစာရော၊ သည်။ဝိစိကိစ္ဆာယ၊၏။ပဋိပက္ခော၊ပဟာယက ပဋိပက္ခသည်။ဟောတိ၊၏။(ကသ္မာ၊အဘယ့်ကြောင့်နည်း။ အာရမ္မဏေ၊အာရုံ၌။အနုမဇ္ဇနဝသေန၊သုံးသပ်သည်၏ အစွမ်းဖြင့်။ပညာပဋိရူပကသဘာဝတ္တာ၊ပညာနှင့်အလား တူသော သဘောရှိသည်၏အဖြစ်ကြောင့်တည်း။) ဣတိ၊သို့။ပေဋကေ၊မဟာကစ္စည်းထေရ်ကျော် ဟောတော် မူအပ်သော ပိဋကတ်သုံးပုံ၏ သံဝဏ္ဏနာဖြစ်သော နေတ္တိကျမ်း၌။(ဝါ) ပေဋကောပဒေသကျမ်း၌။)မဟာကစ္စာ ယနတ္ထေရေန၊မဟာကစ္စည်းထေရ်သည်။ဝုတ္တံ၊ဟောတော်မူအပ်ပြီ။(နိ-၃၊၂၄၇)

➤ ❷ ။ **(က) သို့/ ဋ္ဌပနာပဥ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဝိဘင်းပါဠိတော်၌ "တတ္ထ ကတမေ အကုသလာ ဓမ္မာ၊ ကာမစ္ဆန္ဒော" အစရှိသည်ဖြင့် နီဝရဏတို့ကိုသာ ဟောတော်မူ၏။ ယင်းသို့ ဟောတော်မူသည်ရှိသော် နီဝရဏတို့မှတပါးကုန်သော ဒိဋ္ဌိ, မာန, အဟိရိက, အနောတ္တပ္ပ အစရှိကုန် သော အကုသိုလ်တရားတို့သည်လည်း ထင်ရှားရှိကြကုန်သည် မဟုတ်ပါလော။ ထို့ကြောင့် "တတ္ထ ကတမေ အကုသလာ ဓမ္မာ၊ ကာမစ္ဆန္ဒော" အစရှိသည်ဖြင့် နီဝရဏတို့ကိုသာ ဟောတော်မမူသင့်။ ဝိဘင်းပါဠိတော် ၌ "တတ္ထ ကတမေ အကုသလာ ဓမ္မာ၊ ကာမစ္ဆန္ဒော" အစရှိသည်ဖြင့် နီဝရဏတို့ကိုသာ ဟောရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် နီဝရဏတို့ကိုသာလျှင် ဝိဘင်း၌ ဟောတော်မူ အပ်ပါကုန်သနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) မိန့်။

(ခ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ကာမစ္ဆန္ဒနီဝရဏ အစရှိသည်တို့မှ တပါးသော ဒိဋ္ဌိ မာန အစရှိသော တရားတို့၏ အကုသိုလ်၏အဖြစ်သည် ထင်ရှားရှိသော်လည်း ဈာန ဝိဘင်း၌ ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခအဖြစ်ကို ပြခြင်းကြောင့် နီဝရဏတို့ကိုသာလျှင် ဟောအပ်ကုန်၏ဟု ဆိုတော်မူ၏။ ဤသို့ဆိုအပ်သည်ရှိသော် ဆရာ့စကားသည် ယုတ္တိကင်းပ ဒဋ္ဌိယမျှသာဖြစ်၍ လှုပ်ရှားမခိုင် ယိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ လှုပ်ရှားမခိုင် ယိုင်ရာသောကြောင့် (က) ဖြင့်--ဟောအပ်ကုန်၏ ဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့-(ခ) မိန့်။

(ဂ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ၌ တေသံ ဈာနင်္ဂါနေဝ ပဋိပက္ခာနိ-ဖြင့် ထိုနီဝရဏတို့၏ ဈာနင်တို့သည်သာလျှင် ပဋိပက္ခဖြစ်ကုန်၏ဟု ဆိုတော်မူ၏။ ဤသို့ ဆိုအပ်သည်ရှိ သော် ယင်းဝါကျ၏ ဥဇုကတ္ထ စကားကျ ပိဏ္ဍတ္ထကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့

http://www.dhammadownload.com

မသိအပ် မသိနိုင်ရာသောကြောင့် (ခ) ၌ တေသံ ဈာနင်္ဂါနေဝ ပဋိပက္ခာနိ-ဖြင့် ထိုနီဝရဏတို့၏ ဈာနင်တို့သည်သာလျှင် ပဋိပက္ခဖြစ်ကုန်၏ဟု မဆိုသင့်။ ယင်းဝါကျ၏ ဥဒ္ဒကတ္ထ စကားကျ ပိဏ္ဍတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဥဒ္ဒကတ္ထ စကားကျ ပိဏ္ဍတ္ထကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဂ) မိန့်။

(ဂ) သို့/ ပါပနာဒိပဉှက ။ ။ ဆရာ၊ ဆရာသည် (ခ) ၌ တေသံ ဈာနင်္ဂါနေဝ ပဋိပက္ခာနိ-ဖြင့် ထိုနီဝရဏတို့၏ ဈာနင်တို့သည်သာလျှင် ပဋိပက္ခဖြစ်ကုန်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝက်တ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ယင်းဝါကျ၏ ဥဒ္ဒကတ္ထကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်တန်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ ရောက်ရာသည် မဟုတ်ပါလော။ ယင်းဝါကျ၏ ဥဒ္ဒကတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ပါပနာဒိပဉှက ။ ။ ဆရာ၊ ဆရာသည် (ခ) ၌ တေသံ ဈာနင်္ဂါနေဝ ပဋိပက္ခာနိ-ဖြင့် ထိုနီဝရဏတို့၏ ဈာနင်တို့သည်သာလျှင် ပဋိပက္ခဖြစ်ကုန်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဆရာ့စကားကို ပရဝစရ အာဂုံ သာဓကနှင့်ကင်း၍ ယုံကြည်အပ်၏ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဆရာ့စကားကို ယုံကြည်ရာ ယုံကြည်ကြောင်းဖြစ်သော ပရဝစန အာဂုံ သာဓကကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်တန်။ နေချေသော် ဆရာ၌ဝိရောဓိဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ ဆရာ့စကားကို ယုံကြည်ရာ ယုံကြည်ကြောင်းဖြစ်သော ပရဝစန အာဂုံ သာဓကကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဃ)မိန့်

➤ **၃** ။ **ဒေါသပယ်** ။ ။ (ခ) ဖြင့် (က)ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသ (တနည်း) ဥပရိဈာနင်ပစ္စနီကပဋိပက္ခဘာဝဒဿနတော-ဟူသော ဟိတ်ပုဒ်ကို ချဲ့ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် (ခ) ဝါကျလာ ပဋိပက္ခာနိပုဒ်၏ ပဒပိဏ္ဍတ္ထကို ပြသောကြောင့် ဝိရောဓိဒေါသ (ဝါ) အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် (က) ဝါကျလာ စကားရပ်ကို အာဂမ သာဓကဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသ ပယ်။

(ဃ) ၌ တထာ ဟိ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အာဂုမ် သာဓက ဉာပက အဖြစ်ကို ပြလိုသောကြောင့် (ဃ) ၌ တထာဟိ-ကို ထားရပါသည်။

➤ **၄** ။ ပိဋ္ဌီယတိ သဒ္ဒီယတိ ပရိယာပုဏီယတီတိ **ပိဋ္ဌကံ**။ (ပိဋ္ဌဓာတ်+ဏ္ဏုပစ္စည်း သင်ယူခြင်း ကြိယာ) ✱ ပိဋ္ဌီယတိ ဝါ သဃာဋ္ဌီယတိ တံ တဒတ္ထော ဧတ္ထာတိ **ပိဋ္ဌကံ**။

✱ ပိဋ္ဌကာနံ သံဝဏ္ဏနာ **ပေဋ္ဌကံ**။ (၂) ပိဋ္ဌကပုဒ်+ဏပစ္စည်းသည်ငှင်း၊ ပိဋ္ဌကတို့၏ ပေဋ္ဌကောပဒေသကျမ်းနှင့် (ဝါ) နေတ္တိကျမ်းနှင့် သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ၊ နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ငှင်း ဇျူပ္ပတ္တိနိမိတ်။ (၄) ပေဋ္ဌကဟူသော အမည်သည် (ဝါ) ပေဋ္ဌကောပဒေသ ကျမ်းဒြဗ်သည် (ဝါ) နေတ္တိကျမ်းဒြဗ်သည် ပဝတ္တိနိမိတ်။

ဈာနသာ အင်္ဂါနိ ဈာနင်္ဂါနိ။ ဥပရိ ဝုစ္စမာနာနိ ဈာနင်္ဂါနိ **ဥပရိဈာနင်္ဂါနိ**။ (၂) အထက်၌ ဟောလတံ့ဈာနင်တို့နှင့် အာဓာရ+အာဓာရီ (တနည်း) ဥပရိ ဝုစ္စမာန-ဟူသော ဝိသေသနတောဂုဏ်၏

http://www.dhammadownload.com

ဈာနင်တို့နှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အထက်၌ ဟောလတ့်သော ဈာနင်ဒြဗ်သည် ပဝတ္တိနိမိတ်။

ဥပရိဈာနင်္ဂါနံ ပစ္စနီကာနိ **ဥပရိဈာနင်္ဂပစ္စနီကာနိ**။ (၂) အထက်၌ ဟောအပ်လတ့်ကုန်သော ဈာနင်တို့၏ မိမိ၏ ဆန့်ကျင်ဘက်နီဝရဏတို့နှင့် ပဟာယက+ပဟာတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ဥပရိဈာနင်္ဂပစ္စနီကာနံ ပဋိပက္ခာနိ **ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခာနိ**။ (၂) နီဝရဏတို့၏ ဆန့်ကျင်ဘက် ဈာနင်တို့နှင့် ပဟာတဗ္ဗ+ပဟာယက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခာနံ ဘာဝေါ **ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခဘာဝေါ**။

ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခဘာဝဿ ဒဿနံ **ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခဘာဝဒဿနံ**။

နီယတိ ဉာယတိ အတ္တော ဧတေနာတိ **နယော**။(ဧတေန) (၂) နီဓာတ်+အ-ပစ္စည်းသည်ငင်း၊ သိခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) နည်းတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

စိတ္တံ နီဝရန္တိ ပရိယောနန္ဓန္တီတိ **နီဝရဏာနိ**။ (၂) နီပုဗ္ဗ ဝရဓာတ်+ယုပစ္စည်းသည်ငင်း၊ ပိတ်ဖုံး မြှေးကာခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) နီဝရဏတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်း အရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အဝုစ္စိံသူတိ **ဝုတ္တာနိ**။ (၂) ဝစဓာတ်+တ-ပစ္စည်းသည်ငင်း၊ ဟောခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိ နိမိတ်။ (၄) ဟောအပ်သော နီဝရဏတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဝိဒ္ဓံသေန္တီတိ **ဝိဒ္ဓံသကာနိ**။ (၂) ဝိပုဗ္ဗ ဓံသဓာတ်+ဏ္ဍုပစ္စည်းသည်ငင်း၊ ဖျက်ဆီးခြင်းကြိယာ သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဖျက်ဆီးတတ်သော ဈာနင်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်း အရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

(တနည်း) (၂) အစိတ်သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဖျက်ဆီးခြင်းကြိယာသည် ဗျုပ္ပတ္တိ နိမိတ်။ (၄) အပေါင်းသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဖျက်ဆီးခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဝိဟနန္တီတိ **ဝိဃာတကာနိ**။ (၂) ဝိပုဗ္ဗ ဟနဓာတ်+ဏ္ဍုပစ္စည်းသည်ငင်း၊ ညှဉ်းဆဲခြင်းကြိယာ သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ညှဉ်းဆဲတတ်သော ဈာနင်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်း အရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(ခ)** ဌ နီဝရဏာနိ ဈာနင်္ဂပစ္စနီကာနိ-ဖြင့် ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခဘာဝဒဿန- တော-ဖြင့် ဥပရိဈာနင်္ဂပစ္စနီကပုဒ်ကို ဥပရိဈာနင်္ဂါနံ ပစ္စနီကာနိ ဥပရိဈာနင်္ဂပစ္စနီကာနိ-ဟု ဝစနတ္ထပြု၍ ဥပရိဈာနင်္ဂပစ္စနီက-အရ ဈာနင်တို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော နီဝရဏတို့ကို ယူရမည်ဟု သိစေ ပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **တေသံ ပဋိပက္ခာနိ**-ဖြင့် ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခပုဒ်ကို ဥပရိဈာနင်္ဂပစ္စနီကာနံ ပဋိပက္ခာနိ ဥပရိဈာနင်္ဂပစ္စနီကပဋိပက္ခာနိ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ပြုရမည်ဟု

http://www.dhammadownload.com

သိစေပါသည်။(သမာသလိင်္ဂတ္ထ) **ဈာနင်္ဂါနေဝ**-ဖြင့် ဥပရိဈာနင်္ပစ္စနိကပဋိပက္ခာနိ-အရ ဈာနင်တို့ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ဖြင့် ပဋိပက္ခာနိ-၌ ဆန့်ကျင်၏ဟူသည် ဈာနင်တို့က ပဟာယက၊ နီဝရဏတို့က ပဟာတဗ္ဗ အဖြစ်ဖြင့် ဆန့်ကျင်သည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➢ **❼** ။ **(က) အညေသမ္ပိ**-၌ ပိ-ကား ဂရဟတ္ထ, အရုစျတ္ထ။ (တနည်း) ပိ-ကား သမုစ္စယတ္ထ။ ယင်း"ပိ"ဖြင့် နီဝရဏတို့ကို ပေါင်းပါသည်။ (ခ) **တေသံ-၌ တ**-ကား ဆိုခဲ့ပြီးသော နီဝရဏတို့ကို စွဲယူသောကြောင့် ပက္ကန္တဝိသယ။

(က) နီဝရဏာနေဝ-၌ (၁) နီဝရဏတို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ဒိဋ္ဌိ, မာန, အဟိရိက, အနောတ္တပ္ပ အစရှိကုန်သောတရား, ဖဿ-စသော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) နီဝရဏတရားတို့၏ ကုသိုလ်တရားတို့ကို ပိတ်ပင် တားမြစ်တတ်သည်၏ အဖြစ်ဟူသောဂုဏ်သည် အနုညာတတ္ထ။

(ဂ) ဈာနင်္ဂါနေဝ-၌ (၁) ဝိတက်-စသော ဈာနင်တို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ဖဿ-စသော ဈာနင်မထိုက်သော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဈာနင်တို့၏ အာရုံကို ကပ်၍ရှုတတ်, နီဝရဏ တို့ကို ဖျက်ဆီးတတ်သည်၏အဖြစ်ဟူသော ဂုဏ်သည် အနုညာတတ္ထ။

➢ **❽** ။ **(က) ဝုတ္တာနိ-၌ အန္တတ္ထ-အရ** = ဘုရားရှင်၏ သန္တာန်၌ဖြစ်သော ဒေသနာဉာဏ် စိတ္တုပ္ပါဒ် ဖြစ်ပါသည်။ (၁) ထို--သည် ဒဿနတ္ထ။ (၂) ပစ္စဝေက္ခဏာဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့ သည် ဒီပကတ္ထ။ (၃) "တတ္ထ ကတမေ အကုသလာ ဓမ္မာ၊ ကာမစ္ဆန္ဒော" အစရှိသော ဝစီဘေဒသဒ္ဒသည် (ဝါ) နီဝရဏတရားတို့သည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, တို့သည် ဝိဘာဝတ္ထ။ (၅) တရားတော်ကို ကြားနာရခြင်း အစရှိသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝတ္ထ။

(က) နီဝရဏာနိ-အရ ကာမစ္ဆန္ဒ-စသော နီဝရဏတို့ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) အယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) ဈာန်စသည်တို့၏အစွမ်းဖြင့်ဖြစ်သော ကုသိုလ်စိတ်ကို တားမြစ်ခြင်း (ဝါ) ပညာစက္ခုကို ပိတ်ပင်ခြင်းသည် ပကာသနတ္ထ။ (၄) ဗာလူပသေဝန စသည်သည် ဝိဘာဝတ္ထ။ (၅) ကာယိကဒုက္ခ စေတသိကဒုက္ခ-စသည် အပါယ်ဒုဂ္ဂတိသို့ ရောက်ခြင်းစသည်သည် အနုဘာဝတ္ထ။

➢ **❶ ⓿** ။ **(ခ) တေသံ ဈာနင်္ဂါနေဝ ပဋိပက္ခာနိ** ။ ။ တေသံ-အရ နီဝရဏ ပစ္စည်း တရားတို့သည် ပဋိပက္ခာနိ-အရ ဈာနင်တရားကိုယ်ငါးပါး ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

ဈာနင်္ဂါနေဝ-အရ ဈာနင်တရားကိုယ်ငါးပါး ပစ္စည်းတရားတို့သည် **ပဋိပက္ခာနိ**-အရ သမ္ပယုတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ကံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

နီဝရဏာနိ ဈာနင်ပစ္စနီကာနိ ။ ။ နီဝရဏာနိ-အရ နီဝရဏ ပစ္စည်း တရားတို့သည် ဈာနင်

http://www.dhammadownload.com

ပစ္စနီကာနိ-အရ သမ္ပယုတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ သဟ၊ ည၊ နိ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

ပါဠိ (၇၅) [ဠ၊၂၁၀။ ပြည်၊ဒု၊၂၄၈။ ဘာသာဋီ၊ဒု၊၄၆၃]

(က) ဓတ္တာဝတာစ ပဌမဿ ဈာနဿ ပဟာနင်္ဂ ဒဿေတွာ ဣဒါနိ သမ္ပယောဂင်္ဂ ဒဿေတုံ "သဝိတက္ကံ သဝိစာရ"န္တိ အာဒိ ဝုတ္တံ။

(ခ) တတ္ထ ဟေဋ္ဌာ ဝုတ္တလက္ခဏာဒိဝိဘာဂေန အပ္ပနာသမ္ပယောဂတော ရူပါဝစရဘာဝပ္ပတ္တေန ဝိတက္ကေနစေဝ ဝိစာရေနစ သဟ ဝတ္တတိ, ရုက္ခော ဝိယ ပုပ္ဖေနစ ဖလေန စာတိ ဣဒံ ဈာနံ ""သဝိတက္ကံ သဝိစာရ""န္တိ ဝုစ္စတိ။ (ဂ) ဝိဘင်္ဂေ ပန ""ဣမိနာစ ဝိတက္ကေန, ဣမိနာစ ဝိစာရေန ဥပေတော ဟောတိ သမုပေတော""တိ အာဒိနာ နယေန ပုဂ္ဂလာဓိဋ္ဌာနာ ဒေသနာ ကတာ။

(ဃ) အတ္ထော ပန တတြာပိ ဧဝမေဝ ဒဋ္ဌဗ္ဗော။

➤ ❶ ။ **(က)** စ၊အနုသန္ဓေကို ဆက်ဦးအံ့။ဓတ္တာဝတာ၊ဤမျှ အတိုင်းအရှည်ရှိသော ပါဠိရပ်ဖြင့်။ပဌမဿ၊ပဌမဈာန်၏။ပဟာနင်္ဂံ၊ပယ်ထိုက်သော အင်္ဂါကို။ဒဿေတွာ၊ပြပြီး၍။ဣဒါနိ၊ယခုအခါ၌။ သမ္ပယောဂင်္ဂံ၊ ဝိတက်-စသော ယှဉ်ဖက်အင်္ဂါကို။ဒဿေတုံ၊ပြခြင်းငှာ။သဝိတက္ကံ သဝိစာရန္တိအာဒိ၊အစရှိသော စကားရပ်ကို။(ဘဂဝတာ၊သည်) ဝုတ္တံ၊ဟောတော်မူအပ်၏။

(ခ) တတ္ထ၊ထိုသဝိတက္ကံ, သဝိစာရံ-စသောပါဌ်၌။(ဝိနိစ္ဆယော၊အဆုံးအဖြတ်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။)ဟေဋ္ဌာ၊အောက်၌။ဝုတ္တလက္ခဏာဒိ ဝိဘာဂေန၊ဆိုအပ်ပြီးသော လက္ခဏာစသည်ကို ဝေဘန်ခြင်းရှိသော။ အပ္ပနာ သမ္ပယောဂတော၊အပ္ပနာဟု ဆိုအပ်သော သမာဓိနှင့် အညီအညွတ်အပြားတို့ဖြင့် ယှဉ်ခြင်းကြောင့်။ ရူပါဝစရ ဘာဝပ္ပတ္တေန၊ရူပါဝစရအဖြစ်သို့ ရောက်သော။ဝိတက္ကေနစေဝ၊ဝိတက်နှင့်၎င်း။ဝိစာရေနစ၊ဝိစာရနှင့်၎င်း။ယံ ဈာနံ၊အကြင် ဈာန်သည်။သဟ၊တကွ။ဝတ္တတိ၊ဖြစ်တတ်၏။ကောဝိယ၊အဘယ်ကဲ့သို့နည်းဟူမူကား။ရုက္ခော၊သစ်ပင်သည်။ပုပ္ဖေနစ၊အပွင့်နှင့်၎င်း။ဖလေနစ၊အသီးနှင့်၎င်း။သဟ၊တကွ။ဝတ္တတိဝိယ၊ဖြစ်၏သို့။ ဝတ္တတိ၊ဖြစ်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ ဣဒံ ဈာနံ၊ဤပဌမဈာန်ကို။သဝိတက္ကံ၊ဝိတက်နှင့်တကွဖြစ်၏ဟူ၍။သဝိစာရန္တိ၊သဝိစာရနှင့် တကွဖြစ်၏ ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။(ဥပမာအပြင်ထုတ်ပေးသည်)

(ခ) ဥပမာအတွင်းသွင်း/ ပမာပမေ ထင်ရှားစေလျက် ။ ။ တတ္ထ၊ထို သဝိတက္ကံ သဝိစာရံ အစရှိသော စကားရပ်၌။ရုက္ခော၊သစ်ပင်သည်။ပုပ္ဖေနစ၊အပွင့်နှင့်၎င်း။ဖလေနစ၊အသီးနှင့်၎င်း။သဟ၊တကွ။ ဝတ္တတိ ဝိယ၊ဖြစ်သကဲ့သို့။တထာ၊ထို့အတူ။ဟေဋ္ဌာ၊အောက်၌။ဝုတ္တလက္ခဏာဒိ ဝိဘာဂေန၊ဆိုအပ်ပြီးသော လက္ခဏာ အစရှိသော ဝေဖန်အပ်သော အထူးအပြားရှိသော။အပ္ပနာသမ္ပယောဂတော၊အပ္ပနာနှင့် အညီအမျှ ဧကုပ္ပါဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်ခြင်းကြောင့်။ရူပါဝစရ ဘာဝပ္ပတ္တေန၊ရူပါဝစရ၏ အဖြစ်သို့ ရောက်သော။ဝိတက္ကေနစေဝ၊ဝိတက်နှင့်၎င်း။ဝိစာရေနစ၊ဝိစာရနှင့်၎င်း။သဟ၊တကွ။ဝတ္တတိ၊ဖြစ်၏။ဣတိ၊ ထို့ကြောင့်။ဣဒံ ဈာနံ၊ဤပဌမဈာန်ကို။သဝိတက္ကံ သဝိစာရန္တိ၊ရုံ-ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။(ဘာဋီ၊ဒု၊၄၆၃)

(ဂ) ပန၊အထူးကို ဆိုအံ့။ဝိဘင်္ဂေ၌။ဣမိနာစ ဝိတက္ကေန၊နှင့်၎င်း။ဣမိနာစ ဝိစာရေန၊နှင့်၎င်း။ဥပေတော၊ပြည့်စုံသည်။သမုပေတော၊ကောင်းစွာ ပြည့်စုံသည်။ဟောတိ၊၏။ဣတိ အာဒိနာ၊သော။နယေန၊ဖြင့်။

http://www.dhammadownload.com

ပုဂ္ဂလာဓိဋ္ဌာနာ၊ပုဂ္ဂိုလ်လျှင် တည်ရာရှိသော။ဒေသနာ၊ကို။ဘဂဝတာ၊သည်။ကတာ၊ပြုတော်မူအပ်၏။ဝိဘင်ေ၊ ၌။ပုဂ္ဂလာဓိဋ္ဌာနာ၊သော။ဒေသနာ၊ကို။ယဒိပိ ကတာ၊အကယ်၍ ပြုတော်မူအပ်၏ရှင့်။

(ဃ) [ဝိဘင်ေ၊ဝိဘင်း၌။ပုဂ္ဂလာဓိဋ္ဌာနာ၊ပုဂ္ဂလာဓိဋ္ဌာန်ဖြစ်သော။ဒေသနာ၊ကို။ယဒိပိ ကတာ၊အကယ်၍ ပြုတော်မူအပ်၏ရှင့်] (ထည့်) ပန တထာပိ၊ထိုသို့ ဝိဘင်း၌ ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာ၏ ပြုတော်မူအပ်သည်၏အဖြစ်သည် ရှိသော်လည်း။အတ္ထော၊အနက်ကို။(ဣဓ၊ဤအဋ္ဌကထာ၌) [ဣမိနာစ ဝိတက္ကေနာတိ အာဒိနာ၊ဣမိနာစ ဝိတက္ကေန ဤသို့ အစရှိသည်ဖြင့်။ဓမ္မဝသေန၊တရား၏အစွမ်းဖြင့်။ဝုတ္တော ယထာ၊ဟောတော်မူအပ်သကဲ့သို့။] (ဉပမာလင်္ကာရ) တတြပိ၊ထိုဝိဘင်း၌လည်း။ဧဝမေဝ၊ဤအတူသာလျှင်။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။[ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။ပရမတ္ထတော၊ပရမတ္ထအားဖြင့်။ပုဂ္ဂလဿေဝ၊ပုဂ္ဂိုလ်၏သာလျှင်။အဘာဝတော၊မဖြစ်သည်၏အဖြစ်ကြောင့်။(တနည်း) ဈာနသမင်္ဂိနော၊ဈာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏။ဝိတက္က ဝိစာရသမင်္ဂိတာဒဿနေန၊ဝိတက် ဝိစာရနှင့် ပြည့်စုံခြင်းရှိသည်၏အဖြစ်ကို ပြခြင်းဖြင့်။ဈာနဿေဝ၊ဈာန်၏သာလျှင်။သဝိတက္ကသဝိစာရဘာဝဿ၊ဝိတက်နှင့်တကွဖြစ်သည်၏အဖြစ်, ဝိစာရနှင့်တကွဖြစ်သည်၏ အဖြစ်၏။(ဝါ)ကို။ဝုတ္တတ္တာ၊ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်တည်း။] (ဟေတာလင်္ကာရ)

➤ ❷ ။ **(က) သို့/ ဌပနာပဥ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ပါဠိတော်၌ သဝိတက္ကံ သဝိစာရံ အစရှိသော စကားရပ်ကို ဟောတော်မူ၏။ ထိုသို့ပင် ဟောတော်မူပါသော်လည်း ဤမျှအတိုင်း အရှည်ရှိသော "ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ"ဟူသော ပါဌ်ဖြင့် ပထမဈာန်၏ ပဟာနင်္ဂကို ပြပြီးသည် မဟုတ်ပါလော။ ထို့ကြောင့် ပါဠိတော်၌ သဝိတက္ကံ သဝိစာရံ အစရှိသော စကားရပ်ကို ထပ်၍ ဟောတော်မမူသင့်။ "သဝိတက္ကံ သဝိစာရံ"စသော စကားကို ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် (ဝါ) အဘယ်ကို ပြခြင်းငှာ "သဝိတက္ကံ သဝိစာရံ"စသော စကားကို တဖန်ဟောတော်မူပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) မိန့်။

အဓိပ္ပါယ်ကား- ဤဆိုအပ်ပြီးသော စကားဖြင့် (ဝါ) ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ- ဟူသော ပါဌ်တို့ဖြင့် ပထမဈာန်ပဟာနင်္ဂကို ပြအပ်ပြီးသည်ဖြစ်သော်လည်း ဤယခုအခါ၌ ပထမဈာန်၏ သမ္ပယောဂင်္ဂကို ပြခြင်းအကျိုးငှာ (ဝါ) ပြလိုသောကြောင့် ပါဠိတော်၌ "သဝိတက္ကံ သဝိစာရံ" အစရှိသော စကားကို ဟောတော်မူအပ်ပါ၏ဟူလို။

(ခ) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဤဆိုအပ်ပြီးသော စကားအစဉ်ဖြင့် ပထမဈာန်၏ ပဟာနင်္ဂကို ပြပြီး၍ ယခုအခါ၌ သမ္ပယောဂင်္ဂကို ပြခြင်းငှာ "သဝိတက္ကံ သဝိစာရံ"အစရှိသော စကားကို ဟောကြားအပ်၏ဟု အကျဉ်းအားဖြင့် ဖွင့်ဆိုတော်မူ၏။ ဤသို့ဆိုအပ်သည်ရှိသော် "သဝိတက္ကံ သဝိစာရံ"အစရှိသော ပုဒ်တို့၏အနက်ကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ် မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ အကျယ် မသိအပ် မသိနိုင်ရာသောကြောင့် (က) ဖြင့် -- အကျဉ်းအားဖြင့် မဆိုသင့်။ "သဝိတက္ကံ သဝိစာရံ"အစရှိသော ပုဒ်တို့၏အနက်ကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ် ဖွင့်ဆိုသင့်သေး၏။ အသို့လျှင် "သဝိတက္ကံ သဝိစာရံ"အစရှိသော ပုဒ်တို့၏အနက်ကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်သိအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

F-21-A

http://www.dhammadownload.com

(ဂ) သို့/ ပါပနာဒိပဥှက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် သဝိတက္ကံ သဝိစာရံပုဒ်၏ အနက်ကို ဝိတက္ကေနစေဝ ဝိစာရေနစ သဟ ဝတ္တတိ-ဟူ၍ ဓမ္မာဓိဋ္ဌာန ဒေသနာနည်းဖြင့် ဖွင့်ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝိဘင်းပါဠိတော်၌လည်း ဓမ္မာဓိဋ္ဌာနဒေသနာကို ပြုအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဝိဘင်းပါဠိတော်၌ ဤမည်သောနည်းဖြင့် ဤမည်သော ဒေသနာကို ပြုအပ်၏ဟု ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဝိဘင်း၌ အဘယ်နည်းဖြင့် အဘယ်ဒေသနာကို ပြုအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဒွပနာပဥှက ။ ။ ဆရာ၊ ဆရာသည် (ဂ)ဖြင့် ဝိဘင်းပါဠိတော်၌ ပုဂ္ဂလာဓိဋ္ဌာနဒေသနာကို ပြုအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဓမ္မာဓိဋ္ဌာနဖြစ်သော ဓမ္မသင်္ဂဏီပါဠိတော်နှင့် ပုဂ္ဂလာဓိဋ္ဌာနဖြစ်သော ဝိဘင်ပါဠိတော်တို့ မတူထူးခြား ကွဲပြားဆန့်ကျင်နေသည် မဟုတ်ပါလော။ ထိုသို့ မတူထူးခြား ကွဲပြားဆန့်ကျင်နေသောကြောင့် (ဂ)ဖြင့် ဝိဘင်းပါဠိတော်၌ ပုဂ္ဂလာဓိဋ္ဌာနဒေသနာကို ပြုအပ်၏ဟု မဆိုသင့်။ ထိုဝိဘင်းပါဠိတော်၌ မဆန့်ကျင်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ ဝိဘင်းပါဠိတော်၌ မဆန့်ကျင်သော အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် သမ္ပယောဂင်ကို ပြခြင်းငှာ သဝိတက္ကံ သဝိစာရံ အစရှိသော စကားကို ဟောတော်မူ၏ဟု ပြသောကြောင့် ပါဠိတော်၌ တင်သင့်သော ပုနရုတ္တိဒေါသကို ပယ်ပါသည်။ **(ခ)** စသည်ဖြင့် အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထမုတပါး အဝယဝတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသ (ဝါ) ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဝိဘင်းပါဠိတော်၌ "ဣမိနာစ ဝိတက္ကေန" စသည်ဖြင့် ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာကို ပြုအပ်၏ဟု အထူးကိုပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဓမ္မသင်္ဂဏီပါဠိတော်နှင့် ဝိဘင်းပါဠိတော်တို့ ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာ အနေဖြင့် ကွဲပြားသော်လည်း အနက်, အဓိပ္ပါယ်ယူနည်းမှာ အတူတူပင်ဟု မဆန့်ကျင်အောင်ပြသောကြောင့် ရှေ့နောက်ဆန့်ကျင်သော ပုဗ္ဗာပရဝိရောဓိဒေါသကို ပယ်ပါသည်။

(ခ) ၌ ဝုစ္စတိ-ကို ထားရခြင်းအကြောင်း ။ ။ အပေါင်းဖြစ်သော ဝိတက်, ဝိစာရနှင့် တကွဖြစ်သော သမ္ပယုတ္တဓမ္မအားလုံးတို့၏ "သဝိတက္ကံ သဝိစာရံ"ဟူသော အမည်ကို အစိတ်ဖြစ်သော ပဌမဈာန်ကိုပင် "သဝိတက္ကံ သဝိစာရံ"ဟု ဆိုထားရကား သဝိတက္ကသဝိစာရံပုဒ်၏ ဧကဒေသူပစာသဒ္ဒါ အဖြစ်ကို ပြလိုသောကြောင့် (ခ) ၌ ဝုစ္စတိ-ကို ထားရပါသည်။

(ဂ) ၌ ပန-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဓမ္မသင်္ဂဏီပါဠိတော်နှင့် ဈာနဝိဘင်းပါဠိတော်တို့ ဟောပုံအခြင်းအရာ ထူးခြားချက်ကို ပြလိုသောကြောင့် (ဂ) ၌ ပန-သဒ္ဒါ ထားရပါသည်။

(ဃ) ၌ ပန-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဟောပုံထူးခြားသော်လည်း အနက်အားဖြင့်ကား တူသည်ကို ပြလိုသောကြောင့် (ဃ) ၌ ပန-သဒ္ဒါ ထားရပါသည်။

(ဃ) ၌ ဒဋ္ဌဗ္ဗော-ကို ထားရခြင်းအကြောင်း ။ ။ ဝိဘင်းပါဠိတော်၌ ပုဂ္ဂလာဓိဋ္ဌာနဒေသနာကို ပြုတော်မူအပ်ပါသော်လည်း အနက်ကိုကား ဤအဋ္ဌကထာ အဖွင့်အတိုင်းသာ မှတ်ယူရမည်ဟု သန္နိ

http://www.dhammadownload.com

ဌာန်ကျ၊ မုချတ္ထ၊ နီတတ္ထ၊ ကေန္တအားဖြင့် ပြလိုသောကြောင့် ဒုဋ္ဌဗ္ဗော-ကို ထားရပါသည်။

➤ ❻ ။ ဝိဘဇီယန္တိ ဝမ္မာ တွေ့၊ ဧတေနာတိ **ဝိဘင်္ဂေါ**။ (၂) ဝိပုဗ္ဗ ဘန္ဓဓာတ်(ဘဇဓာတ်)+ ဏ ပစ္စည်းသည်ငှ်း၊ ဝေဖန်ခြင်းကြိယာသည်ငှ်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိဘင်းတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

* ပဟာတဗ္ဗန္တိ ပဟာနံ။ အင်္ဂီယတေ ဉာယတေ ဧတေန သမုဒါယောတိ အင်္ဂံ။

ပဟာနံ အင်္ဂံ **ပဟာနင်္ဂံ**။ (၂) ပယ်အပ်သည်၏အဖြစ်တည်းဟူသော ဂုဏ်၏ အင်္ဂါနှင့် ဂုဏ်+ ဂုဏော၊ ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပယ်အပ်သော အင်္ဂါတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပဟာနဋ္ဌ တံ အင်္ဂဉ္စာတိ **ပဟာနင်္ဂံ**။ (၂) ပယ်ထိုက်သော တရား၏ အစိတ်အပိုင်းနှင့် ဝိသေသန ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) တူပြီ။

ပဟာနဿ အင်္ဂံ အဝယဝံ **ပဟာနင်္ဂံ**။ (၂) ပယ်အပ်သော တရားအပေါင်း၏ အစိတ်အပိုင်းနှင့် သမူဟ+သမူဟီ၊ အဝယဝီ+အဝယဝ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပယ်အပ်သော အင်္ဂါတို့၏ ပဟာနင်္ဂ အဖြစ်ဖြင့်ဖြင့် တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

* သမံ သဟ ဝါ ကေပ္ပါဒတာဒီဟိ ပကာရေဟိ ယုဉ္ဇနံ **သမ္ပယောဂေါ**။(သံ-ရှေး ပ-ရှေး ယုဇ+ဏ) * သမ္ပယောဂေါ အင်္ဂံ သမ္ပယောဂင်္ဂံ။ * သမ္ပယောဂံ ဂတံ အင်္ဂံ **သမ္ပယောဂင်္ဂံ**။

(၂) သမ္ပယောဂ၏ အင်္ဂနှင့် ဂမိတဗ္ဗ+ဂမန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) သမ္ပယောဂအင်္ဂါတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိ နိမိတ်။ * သမ္ပယောဂသင်္ခါတံ အင်္ဂံ **သမ္ပယောဂင်္ဂံ**။

ဥပေတီတိ **ဥပေတော**။ (၂) ဥပပုဗ္ဗ ဣဓာတ်+တပစ္စည်းသည်ငှ်း၊ ပြည့်စုံခြင်းကြိယာသည်ငှ်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိတက် အစရှိသည်နှင့် ပြည့်စုံသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) ပြည့်စုံ သော ရဟန်းတို့၏ (ဝိတက်စသည်နှင့်) တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ရုဟတိ ဇာယတီတိ **ရူဠော**။ (ရုဟဓာတ်+ခပစ္စည်း၊ ဖြစ်ခြင်းကြိယာ)

ပုပ္ဖတီတိ **ပုပ္ဖံ**။ (ပုပ္ဖဓာတ်+အ-ပစ္စည်း၊ ပွင့်ခြင်းကြိယာ) * ဝိတက္ကေတီတိ **ဝိတက္ကော**။

သဟ ဝိတက္ကေန ယံ ဝတ္တတီတိ **သဝိတက္ကံ**။ (၂) ဝိတက်နှင့် တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ် ၏ ပထမစျာန်နှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိတက်နှင့်တကွ ဖြစ်ခြင်း ကြိယာသည် (ဝါ) သဝိတက္ကတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

* ပူရေတီတိ ပူတိ။ (ပူရဓာတ်+တိ) ပူတိ သင်္ခါတံ အာဟာရံ ဂိလတိ အဒတီတိ **ပုဂ္ဂလော**။ အဓိတိဋ္ဌတိ ဧတ္ထာတိ **အဓိဋ္ဌာနံ**။ * ပုဂ္ဂလော အဓိဋ္ဌာနံ ဧတိဿာ ဒေသနာယာတိ **ပုဂ္ဂလာဓိဋ္ဌာနာ**။

F-21-B

http://www.dhammadownload.com

(၂) ပုဂ္ဂိုလ်ဟူသော တည်ရာ၏ ဒေသနာတော်နှင့် ဌာန+ဌာနီ၊ ဂုဏ်+ဂုဏီး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပုဂ္ဂိုလ်လျှင် တည်ရာရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဒေသေတဗ္ဗာတိ ဒေသနာ။/ဒေသီယတိ တောယာတိ **ဒေသနာ**။ (၂) ဒိသဓာတ်+ယုပစ္စည်းသည်ငှင်း၊ ဟောခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဒေသနာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

* ဧကဂ္ဂံ စိတ္တံ အာရမ္မဏေ·အပ္ပေတီတိ အပ္ပနာ။ ယုဇ္ဇနံ ယောဂေါ။ ပကာရေဟိ ယောဂေါ ပယောဂေါ။ သမ္မာ သမံ ဝါ ပယောဂေါ သမ္ပယောဂေါ။ အပ္ပနာယ သမ္ပယောဂေါ **အပ္ပနာသမ္ပယောဂေါ**။

(၂) အပ္ပနာပုဒ်+သမ္ပယောဂပုဒ်သည်ငှင်း၊ အပ္ပနာဟုဆိုအပ်သော သမာဓိ၏ ယှဉ်ခြင်းကြိယာနှင့် (ဝါ) ဝိတက်, ဝိစာရတို့နှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အပ္ပနာဟုဆိုအပ်သော သမာဓိနှင့်ယှဉ်ခြင်းကြိယာသည် (ဝါ) ယှဉ်သော ဝိတက်, ဝိစာရတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ (ခ) ၌ ဝိတက္ကေန စေဝ ဝိစာရေနစ သဟ ဝတ္တတိ-ဖြင့် "သဝိတက္ကံ သဝိစာရံ"၌ သ-သည် သန္တ, သမာန-သဒ္ဒါတို့၏ ကာရိယမဟုတ်၊ သဟ-သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုငှင်း(နိပါတလိင်္ဂပဒ) ဝိတက္ကေန သဟ ယံ ဝတ္တတီတိ သဝိတက္ကံ၊ ဝိစာရေန သဟ ယံ ဝတ္တတီတိ သဝိစာရံ-ဟု သဟပုဗ္ဗပဒ ပထမာ ဗဟုဗ္ဗီဟိသမာသ် ပြုရမည်ကိုငှင်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဣဒံ ဈာနံ-ဖြင့် သဝိတက္ကံ, သဝိစာရံ-အရ သဝိတက္က သဝိစာရဓမ္မအားလုံးကို မယူရ၊ ပထမဈာန်ကိုသာ ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

ရုက္ခော ဝိယ ပုပ္ဖေနစ ဖလေနစ-ဖြင့် အပွင့် အသီး သစ်ခက်အစရှိသော အစိတ်တို့မှလွတ်သော သစ်ပင်မရှိသော်လည်း သစ်ပင်ကို "သပုပ္ဖ, သဖလ"ဟူ၍ ဆိုအပ်သကဲ့သို့ ထို့အတူ ဝိတက်စသော အစိတ်အင်္ဂါမှလွတ်သော ဈာန်မရှိငြားသော်လည်း ဈာန်ကို "သဝိတက္ကံ သဝိစာရံ"ဟူ၍ ခေါ်အပ်သည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ဟေဋ္ဌာ ဝုတ္တလက္ခဏာဒိဝိဘာဂေန ရူပါဝစရဘာဝပတ္တေန-ဖြင့် ဝိတက္ကေန စေဝ ဝိစာရေနစ၌ (ဝါ) သဝိတက္ကသဝိစာရံ-၌ ဝိတက္က, ဝိစာရ-အရ အောက်၌ ဆိုအပ်ပြီးသော လက္ခဏာစသည်ကို ဝေဘန်ခြင်းရှိသော ရူပါဝစရအဖြစ်သို့ ရောက်သော ဝိတက်, ဝိစာရကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **အပ္ပနာသမ္ပယောဂတော**-ဖြင့် ရူပါဝစရဘာဝနာပတ္တေန-၌ ရူပါဝစရအဖြစ်သို့ ရောက်၏ ဟူသည် အပ္ပနာသမာဓိနှင့် ယှဉ်ခြင်းကြောင့် ရောက်သတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

➤ ❼ ။ (ခ) **ဟေဋ္ဌာ**-ကား အဓောဘာဂတ္ထ။ **စေဝ**နှင့် **စ**-ကား အညမညသမုစ္စယတ္ထ။ **သဟ**-ကား တုလျယောဂတ္ထ။ **ဝိယ**-ကား ပဋိဘာဂတ္ထ, သြပမ္မတ္ထ။ **ဖလေန ဓာတိ**-၌ ဣတိ-ကား ဟေတွတ္ထ။ **သဝိတက္ကသဝိစာရန္တိ**-၌ ဣတိ-ကား အာကာရတ္ထ။

(ဃ) စေဝစ-၌ (၁) ဓမ္မသင်္ဂဏီပါဠိတော်နှင့် ဝိဘင်းပါဠိတော်တို့ အနက်တူသည်၏အဖြစ်ဟူသော သဒိသဘောဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) ဓမ္မသင်္ဂဏီပါဠိတော်နှင့် ဝိဘင်းပါဠိတော်တို့ အနက်

http://www.dhammadownload.com

မတူသည်၏ အဖြစ်ဟူသော ဝိသဒိသဘောဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဒေသနာတော်ပါဠိသည် အနုညာတတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(က) ဝုတ္တံ-၌ အန္တတ္ထ ဝစခာတ်-အရ** = ဘုရားရှင် သန္တာန်၌ဖြစ်သော ဒေသနာဉာဏ်တော် ဖြစ်ပါသည်။ (၁) ထို--သည် ဒဿနတ္ထ။ (၃) "သဝိတက္ကံ သဝိစာရံ"စသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

ဝုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်းအရ = "သဝိတက္ကံ သဝိစာရံ"စသော ဝစီဘေဒသဒ္ဒကိုယူ၍ (၂၉၀)

(ခ) ဣဒံ ဈာနံ -အရ = ရူပါဝစရကုသိုလ် ပထမဈာန်ကို ယူ၍ (၂၆၆-ကြည့်)

(ဂ) ဒေသနာ ကထာ-၌ ကထာ-ဝယ် ကရခာတ်-အရ = ဘုရားရှင်သန္တာန်၌ဖြစ်သော ဒေသနာဉာဏ်တော် ဖြစ်ပါသည်။ (၁) ယင်းဒေသနာဉာဏ်တော်သည် ဒဿနတ္ထ။ (၂) ပစ္စဝေက္ခဏာဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည် ဒီပကတ္ထ။ (၃) "ဣမိနာစ ဝိတက္ကေန, ဣမိနာစ ဝိစာရေန ဥပေတာ ဟောတိ သမုပေတော" အစရှိသော ဝစီဘေဒသဒ္ဒသည် (ဝါ) ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာတော်သည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ် ဉာဏ်တို့သည် ဝိဘာဝတ္ထ။ (၅) တရားတော်ကို နာကြားရခြင်း အစရှိသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝတ္ထ။

ကထာ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = "ဣမိနာစ ဝိတက္ကေန, ဣမိနာစ ဝိစာရေန ဥပေတာ ဟောတိ သမုပေတော" အစရှိသော ဝစီဘေဒသဒ္ဒကို ယူ၍ (စာ-၂၉၀)

(ဃ) ဒဠ္ဍဗ္ဗော-၌ ဒိသခာတ်-အရ = (၁) သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) ယုံမှားသံသယ ကင်းရှင်းခြင်း မှတ်ထားသည့်အတိုင်း ဟောပြောပြသ ပို့ချခြင်း ကျင့်ခြင်းပဋိပတ်စသည်တို့သည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန စသည်သည် ဝိဘာဝတ္ထ။ (၅) ပီတိပါမောဇ္ဇဖြစ်ခြင်း, ပဋိဝေဓဟူသော မဂ်ဖိုလ်ရခြင်းမှ စ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

➤ **၉** ။ **(ခ) အပ္ပနာသမ္ပယောဂတော-၌** အပ္ပနာ-အရ "သမာဓိ"ကို ယူ၍ထုတ်။

➤ **၁၀** ။ **ဝိတက္ကေန+သဟ ဝတ္တတိ** ။ ။ ဝိတက္ကေန-အရ ဝိတက် ပစ္စည်းတရားသည် သဟ ဝတ္တတိ-အရ ဝိတက်ကြဉ် ပထမဈာန် ပစ္စယုပ္ပန်တရား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

ဝိစာရေန+သဟ ဝတ္တတိ ။ ။ ဝိစာရေန-အရ ဝိစာရ ပစ္စည်းတရားသည် သဟ ဝတ္တတိ-အရ ဝိစာရကြဉ် ပထမဈာန် ပစ္စယုပ္ပန်တရား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

(ခ) ဣဒံ ဈာနံ-အရ, ဝုစ္စတိ-၌ ဝေဝိဘတ်-အရ ပထမဈာန် ပစ္စည်းတရားသည် **ဝုစ္စတိ-၌ ဝစ ခာတ်**-အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် (တနည်း) ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

http://www.dhammadownload.com

(ဃ) အတ္တော+ဒဠှဗ္ဗော ။ ။ အတ္တော-အရ ဓမ္မာဓိဋ္ဌာန်ဒေသနာဟူသော အနက် ပစ္စည်းတရားသည် ဒဠှဗ္ဗော-၌ ဒိသဓာတ်-အရ သုတမယဉာဏ်, စိန္တာမယဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄)

ပါဠိ (ရ၅) [ဋ္ဌ၊၂၁၁။ ပြည်၊ဒု၊၂၄၈။ ဘာသာဋီ၊ဒု၊၄၆၄]

(က) ဝိဝေကဇန္တိ ဧတ္ထ ဝိဝိတ္တိ ဝိဝေကော၊ နီဝရဏဝိဂမောတိ အတ္ထော။

(ခ) ဝိဝိတ္တောတိ ဝါ ဝိဝေကော၊ နီဝရဏဝိဝိတ္တော ဈာနသမ္ပယုတ္တဓမ္မရာသီတိ အတ္ထော။

(ဂ) တသ္မာ ဝိဝေကာ, တသ္မိံဝါ ဝိဝေကေ ဇာတန္တိ ဝိဝေကဇံ။

(ဃ) ပီတိသုခန္တိ ဧတ္ထ ပီတိသုခါနိ ဟေဋ္ဌာ ပကာသိတာနေဝ။

(င) တေသု ပန ဝုတ္တပ္ပကာရာယ ပဉ္စဝိဓာယ ပီတိယာ ယာ အပ္ပနာသမာဓိဿ မူလံ ဟုတွာ ဝဍ္ဎမာနာ သမာဓိသမ္ပယောဂံ ဂတာ ဖရဏာပီတိ၊ အယံ ဣမသ္မိံ အတ္ထေ အဓိပ္ပေတာ ပီတီတိ။

✳ **ဝိဝေကဇံ**= နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော။ (ဝါ) နီဝရဏတို့မှ ကင်းဆိတ်တတ်သော ဈာန်နှင့်ယှဉ်သော တရားအစု၌ဖြစ်သော။(ဝါ) နီဝရဏတို့မှ ဈာန်သည် ကင်းစေအပ်, ဆိတ်စေအပ်သော ဈာန်နှင့်ယှဉ်သော တရားအစု၌ဖြစ်သော။

➤ ❶ ။ **(က)** ဝိဝေကဇန္တိ ဧတ္ထ၌။အတ္ထော၊ကို။ဧဝံ၊ဤသို့။ဝေဒိတဗ္ဗော၊သိအပ်၏။ဝိဝိတ္တိ၊နီဝရဏတို့မှ ကင်းခြင်း, ဆိတ်ခြင်း။ဝိဝေကော၊ကင်းခြင်း, ဆိတ်ခြင်း။နီဝရဏဝိဂမော၊နီဝရဏတို့မှ ကင်းဆိတ်ခြင်း။ ဣတိ အတ္ထော၊အနက်။ **(ခ)** ဝါ၊ကား။ဝိဝိတ္တော ဝိနာဘူတော၊နီဝရဏတို့မှ ကင်း၍ ဖြစ်တတ်သည်။ဣတိ တသ္မာ၊ထို့ကြောင့်။ဝိဝေကော၊မည်၏။ **တနည်းကား**---ဝိဝိတ္တော ဝိဝေစိတော၊နီဝရဏတို့မှ ကင်းစေအပ်, သီးသန့်ခြားနားစေအပ်သည်တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။ဝိဝေကော၊မည်၏။နီဝရဏ ဝိဝိတ္တော၊နီဝရဏတို့မှ ကင်း၍ ဖြစ်တတ်သော။(ဝါ) နီဝရဏတို့မှ ကင်းစေအပ်, သီးသန့် ခြားနားစေအပ်သော။ဈာနသမ္ပယုတ္တဓမ္မရာသိ၊ဈာန်နှင့် ယှဉ်အပ်သော သမ္ပယုတ်တရားအစု။ဣတိ အတ္ထော၊ဤကား အဘိဓေယျတ္ထ။

(ဂ) တသ္မာ ဝိဝေကာ၊ထိုသို့ နီဝရဏတို့မှ ကင်းလွတ် ရှင်းစေခြင်းကြောင့်။ဇာတံ၊ဖြစ်သည်တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။ဝိဝေကဇံ၊ထိုနီဝရဏတို့မှကင်း၍ ဖြစ်တတ်သော။(ဝါ) တို့မှ ကင်းစေအပ်, သီးသန့်ခြားနားစေအပ်သော ဈာနသမ္ပယုတ္တဓမ္မ အစု၌။ဇာတံ၊တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။ဝိဝေကဇံ၊မည်၏။

(ဃ) ပီတိသုခန္တိ ဧတ္ထ၌။ပီတိသုခါနိ၊တို့ကို။ဟေဋ္ဌာ၊အောက်၌။ပကာသိတာနေဝ၊ပြအပ်ကုန်ပြီးသည်သာလျှင်တည်း။ **(င)** တေသု၊ထိုပီတိသုခတို့တွင်။ဝုတ္တပ္ပကာရာယ၊ဆိုအပ်ပြီးသော အပြားရှိသော။ပဉ္စဝိဓာယ၊ငါးပါးအပြားရှိသော။ပီတိယာ၊ပီတိတွင်။အပ္ပနာ သမာဓိဿ၊အပ္ပနာသမာဓိ၏။မူလံ၊အမြစ်အခြေသည်။ဟုတွာ၊၍။ဝဍ္ဎမာနာ၊ပွားသော။သမာဓိသမ္ပယောဂံ၊အပ္ပနာသမာဓိနှင့် အညီအညွတ် ဧကုပ္ပါဒတာ-အစရှိသော အပြားတို့နှင့်ယှဉ်ခြင်းသို့။ဂတာ၊ရောက်သော။ယာ ဖရဏာပီတိ၊အကြင် ဖရဏာပီတိကို။ဣမသ္မိံ အတ္ထေ၊ဤရူပါဝစရကုသိုလ်ကို ဆိုရာ၌။ပီတီတိ၊ပီတိဟူ၍။အဓိပ္ပေတာ၊လိုအပ်၏။

➤ ❷ ။ **(ခ) သို့/ ပါပနာဒိ/ကျမ်းရှိုးငါးချက်စောဒနာတက်** ။ ။ ဆရာ၊ ဆရာသည်

http://www.dhammadownload.com

(က) ဖြင့် ဝိဝေကဇ-၌ ဝိဝေကပုဒ်ကို ဘာဝသာဓန ဝစနတ္ထပြု၍ ဝိဝေက-အရ နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြိယာကို ယူရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝိဝေကပုဒ်ကို ဘာဝသာဓန ဝစနတ္ထသာ ပြုရမည်, ဝိဝေက-အရ နီဝရဏတို့ ကင်းဆိတ်ခြင်းကြိယာကိုသာ ယူရမည်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဝိဝေကပုဒ်၏ အခြားဖြစ်သင့်သော ဝစနတ္ထနှင့် အခြားရသင့်သော အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့် မနေတန်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ ဝိဝေကပုဒ်၏ အခြားဖြစ်သင့်သော ဝစနတ္ထနှင့် အခြားရသင့်သော အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဒွပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) (ခ)တို့ဖြင့် ဝိဝေကဇ-၌ ဝိဝေကဟူသော အစိတ်ပုဒ်၏ ဝစနတ္ထနှင့် အဘိဓေယျတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝိဝေကဟူသော အစိတ်ပုဒ်၏ ဝစနတ္ထနှင့် အဘိဓေယျတ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (က) (ခ)တို့ဖြင့် ဝိဝေကဇ-၌ ဝိဝေကဟူသော အစိတ်ပုဒ်၏ ဝစနတ္ထနှင့် အဘိဓေယျတ္ထကိုသာ မဆိုသင့်။ ဝိဝေကဇဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဝိဝေကဇဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ+င) သို့/ ပါပနာဒိ/ကျမ်းရိုးငါးချက်စောဒနာတက် ။ ။ ဆရာ၊ ဆရာသည် (က-ခ-ဂ) ဝါကျတို့ဖြင့် ဝိဝေကဇဟူသောပုဒ်၏ အစိတ်အပေါင်း ဝစနတ္ထကို ဖွင့်ဆိုတော်မူ၏ ထိုသို့ဆိုချေသော် ဝိဝေကဇဟူသော ပုဒ်၏ အစိတ်အပေါင်း ဝစနတ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသော**ကြောင့်** ပီတိသုခံဟူသော ပုဒ်၏ အစိတ်အပေါင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့် မနေတန်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ ပီတိသုခံဟူသော ပုဒ်၏ အစိတ်အပေါင်း ဝစနတ္ထကာ အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဃ+င) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ (ပ) ကြောင့် ပီတိသုခံ-ဟူသော ပုဒ်၌ ပီတိ-ဟူသော ပုဒ်၏ ဝစနတ္ထ, သုခဟူသောပုဒ်၏ ဝစနတ္ထတို့ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့် မနေတန်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ ပီတိ-ဟူသော ပုဒ်၏ ဝစနတ္ထ, သုခဟူသောပုဒ်၏ ဝစနတ္ထတို့ကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဃ) မိန့်။

အဓိပ္ပါယ်ကား- (ဃ) ဖြင့် ပီတိသုခံ-ဟူသော ပုဒ်၌ ပီတိ-ဟူသော ပုဒ်၏ ဝစနတ္ထ, သုခဟူသော ပုဒ်၏ ဝစနတ္ထတို့ကိုလည်း အတိသေသနည်းအားဖြင့် ငါပြဆိုပါ၏ဟူလို။

(င) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ပီတိသုခံဟူသော ပါဠိ၌ ပီတိ, သုခတို့ကို အောက်ကာမာဝစရကုသလအဖွင့်၌ ထင်ရှားပြအပ်ကုန်ပြီးသည်သာဟု ညွှန်းသောအားဖြင့် ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤရူပါဝစရကုသိုလ်ကိုဆိုရာ၌လည်း ပီတိသုခံ-ဝယ် ပီတိ-အရ ပီတိငါးမျိုးလုံးကိုပင် ယူအပ်, လိုအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည်

http://www.dhammadownload.com

မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤရူပါဝစရကုသိုလ်ကိုဆိုရာ၌ ပီတိသုခံ-ဝယ် ပီတိ-အရ ယူအပ်, လိုအပ်သော ပီတိကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤရူပါဝစရကုသိုလ်ကိုဆိုရာ၌ ပီတိသုခံ-ဝယ် ပီတိ-အရ ယူအပ်, လိုအပ်သော ပီတိကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ဝိဝေက အစိတ်ပုဒ်၏ သုဒ္ဓကတ္တုသာဓနဝစနတ္ထ ဟေတုကမ္မသာဓနဝစနတ္ထနှင့် ဤဝိဝေက-အရ နီဝရဏဝိဝိတ္တ-ဟုဆိုအပ်သော ဈာနသမ္ပယုတ္တဓမ္မကို အရကောက်သော အဘိဓေယျတ္ထတစ်မျိုးကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(ဂ) ဖြင့် ဝိဝေကဇံ-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ဤပီတိသုခံ-၌ ပီတိ-အရ အလိုရှိအပ်သော ပီတိကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသ(ဝါ) ပီတိအားလုံးတို့၌ အလွန်ပျံ့နှံ့သော အတိဗျာပိတဒေါသကို ပယ်သည်။

(ခ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဝိဝေကဇံ-၌ ဝိဝေကပုဒ်၏ ဘာဝသာဓနဝစနတ္ထအကြောင်းမှတပါး သုဒ္ဓကတ္တုသာဓန, ဟေတုကမ္မသာဓန ဝစနတ္ထအကြောင်းကို လဲလှယ်လိုသောကြောင့်၎င်း၊ ဝိဝိတ္တ-အရ နီဝရဏဝိဂမဟူသော အရကောက် အဘိဓေယျတ္ထ အကျိုးမှတပါး နီဝရဏဝိဝိတ္တ ဈာနသမ္ပယုတ္တဓမ္မရာသိဟူသော အရကောက် အဘိဓေယျတ္ထ အကျိုးကို လဲလှယ်လိုသောကြောင့်၎င်း (ခ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(ဂ) တသ္မိံဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဝိဝေကဇံပုဒ်၏ ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထအကြောင်းမှတပါး သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထအကြောင်းကို လဲလှယ်လိုသောကြောင့် (ဂ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(င) ၌ အဓိပ္ပေတာ-ကို ထားရခြင်းအကြောင်း ။ ။ ဤရူပါဝစရကုသိုလ်အရာ၌ ပီတိသုခံ ဝယ် ပီတိ-အရ ပီတိငါးမျိုးလုံးကို မယူရ၊ ဖရဏာပီတိကိုသာ ယူရမည်ဟု ပီတိသာမညမှ ပီတိဝိသေသကို စကားလုအားဖြင့် ပြဆိုရာအရာ၌ဒါနဖြစ်သောကြောင့် (င) ၌ အဓိပ္ပေတာ-ကို ထားရပါသည်။

➤ ❹ ။ စိတ္တံ နီဝရန္တိ ပရိယောနဒ္ဓန္တီတိ **နီဝရဏာ**။ (၂) နိပုဗ္ဗ ဝရဓာတ်+ယုပစ္စည်းသည်၎င်း၊ စိတ်ကိုပိတ်ဖုံးမြွေးကာခြင်း ကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) နီဝရဏတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဝိဂမနံ ဝိဂမော။ (ဝိပုဗ္ဗ ဂမုဓာတ်+အ-ပစ္စည်း) နီဝရဏေဟိ ဝိဂမော **နီဝရဏဝိဂမော**။

(၂) နီဝရဏတို့၏ ကင်းဆိတ်ခြင်းနှင့် အပါဒါန်+အပါဒီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဝိဝိစ္စတီတိ ဝိဝိတ္တော။/ဝိဝေစီယတေတိ ဝိဝိတ္တော။ နီဝရဏေဟိ ဝိဝိတ္တော **နီဝရဏဝိဝိတ္တော**။

(၂) နီဝရဏတို့၏ ကင်းဆိတ်တတ်သော (ဝါ) ကင်းဆိတ်စေအပ်သော ဈာနသမ္ပယုတ္တဓမ္မရာသိနှင့် ပဟာတဗ္ဗ+ပဟာယက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) နီဝရဏတို့မှ ကင်း၍ဖြစ်တတ်သော (ဝါ) ကင်းစေအပ်သော ဈာနသမ္ပယုတ္တဓမ္မရာသိတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော

http://www.dhammadownload.com

အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပစ္စုပ္ပဋ္ဌာန်။

ရသိယတိ အဿာဒဝသေန သမောသရိယတီတိ **ရသော**။(ရသဓာတ်+က္လဏ်ပစ္စည်း)

ဓာယတီတိ ဓာတ်။ ဝိဝေကာ ဇာတံ **ဝိဝေကဇံ**။ (၂) နီဝရဏတို့မှ ကင်းဆိတ်ခြင်း၏ ပဌမဈာန်နှင့် အကြောင်း+ အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) နီဝရဏတို့မှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော ဂုဏ်သည် (ဝါ) နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ပဌမဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ဝိဝေကေ ဇာတံ **ဝိဝေကဇံ**။ (၂) နီဝရဏတို့မှ ကင်းဆိတ်တတ်သော (ဝါ) နီဝရဏတို့မှ ကင်းဆိတ်စေအပ်သော ဈာနသမ္ပယုတ္တခန္ဓာသိ၏ ပဌမဈာန်နှင့် အာဓာရ+အာဓာရီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) နီဝရဏတို့မှ ကင်းဆိတ်တတ်သော (ဝါ) နီဝရဏတို့မှ ကင်းဆိတ်စေ အပ်သော ဈာနသမ္ပယုတ္တခန္ဓာသိ၌ဖြစ်သော ပဌမဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

အပွေတိ သမ္ပယုတ္တခမ္မေ ပါပေတိ အာရမ္မဏတ္တံ **အပ္ပနာ**။ (အပဓာတ်+ယုပစ္စည်း၊ ရောက်စေခြင်း ကြိယာ) * ဖရတိ ဖရဏံ။ (ဖရ+ယု) ပိဏယတီတိ ပီတိ။ ဖရဏာ ပီတိ **ဖရဏာပီတိ**။ (၂) ပျံ့နှံ့ခြင်း ဖရဏာဘောဂုဏ်၏ ပီတိနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပျံ့နှံ့သော ပီတိတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ပကာသိယိံ့သူတိ **ပကာသိတာနိ**။ (၂) ပြခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပြအပ်ပြီးသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) ပြအပ်ပြီးသော ပီတိသုခတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

အဝုစ္စိတိ ဝုတ္တော။ (ဝစဓာတ်+တ-ပစ္စည်း) ပကာရေန ကရီယတေတိ ပကာရော။ (ပပုဗ္ဗ ကရဓာတ်+ဏပစ္စည်း) ဝုတ္တော ပကာရော ယာယာတိ **ဝုတ္တပ္ပကာရော**။(တာယ) (၂) ဆိုအပ်ပြီးသော ပကာရ၏ ပီတိနှင့် ပကာရ+ပကာရဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဆိုအပ်ပြီး သော အပြားရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) ဆိုအပ်ပြီးသော အပြားရှိသော ပီတိတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ပဉ္စ ဝိဓာ ယာယာတိ **ပဉ္စဝိဓာ**။ (၂) ငါးပါးသော အပြား၏ ပီတိနှင့် ပကာရ+ပကာရဝန္တ အဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ငါးပါးအပြားရှိခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

အဓိပ္ပိယတိ ဣစ္ဆိယတီတိ **အဓိပ္ပေတာ**။ (၂) အဓိ-ရှေး အပိ-ရှေးရှိသော ဣဓာတ်+တ-ပစ္စည်း သည်၎င်း၊ အလိုရှိခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အလိုရှိအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) အလိုရှိအပ်သော ဖရဏာပီတိတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)** ၌ ဝိဝိတ္တ-ဖြင့် ဝိဝေကော-၌ ဝိပုဗ္ဗ ဝိစဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္တ) ဝိဝိတ္တိ ဝိဝေကော-ဟု ပြုရမည်ကို

http://www.dhammadownload.com

ငှင်း (အဘိဓာနတ္ထ) သိစေပါသည်။ **နီဝရဏာဝိဂမော**-ဖြင့် ဘာဝသာဓနပြုခိုက် ဝိဂေဝ-အရ နီဝရဏ တို့မှ ကင်းဆိတ်ခြင်းကြိယာကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(တနည်း) နီဝရဏာဝိဂမော-ဖြင့် ကင်းဆိတ်ဟူသည် သတ္တဇီဝမှ ကင်းဆိတ်ခြင်းမဟုတ်၊ နီဝရဏတို့မှ ကင်းဆိတ်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ၌ ဝိဝိတ္တော-ဖြင့် ဝိဝေကော-၌ ဝိပုဗ္ဗ ဝိစဓာတ်၏ အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ကာ-ပစ္စည်း၏ သုဒ္ဓကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဝိဝိတ္တောတိ ဝိဝေကော(သပဒဝိဂ္ဂဟ) ဝိဝိစ္စတီတိ ဝိဝေကော(အသပဒဝိဂ္ဂဟ)-ဟု ပြုရမည်ကိုငှင်း (အဘိဓာနတ္ထ) သိစေပါသည်။

(တနည်း) ဝိဝိတ္တော-ဖြင့် ဝိဝေကော-၌ ဝိပုဗ္ဗ ဝိစဓာတ်၏ အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ဏ- ပစ္စည်း၏ ဟေတုကမ္မသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဝိဝိတ္တောတိ ဝိဝေကော(သပဒဝိဂ္ဂဟ) ဝိဝေစီယတေတိ ဝိဝေကော(အသပဒဝိဂ္ဂဟ)-ဟု ပြုရမည်ကိုငှင်း (အဘိဓာနတ္ထ) သိစေပါသည်။

နီဝရဏာဝိဝိတ္တော ဈာနသမ္ပယုတ္တဓမ္မရာသိ-ဖြင့် သုဒ္ဓကတ္တုသာဓ်, ဟေတုကမ္မသာဓ်ပြုခိုက် ဝိဝေက -အရ နီဝရဏတို့မှ ကင်းဆိတ်တတ်သော (ဝါ) နီဝရဏတို့မှ ဈာန်သည် ကင်းဆိတ်စေအပ်သော ဈာန်နှင့်ယှဉ်သော တရားအစုကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ၌ တသ္မာ ဝိဝေကာ ဇာတံ-ဖြင့် ဝိဝေကပုဒ်ကို ဘာဝသာဓနပြုခိုက် နောက်ပုဒ်နှင့် ဝိဝေကာ ဇာတံ ဝိဝေကဇံ-ဟု ဟေတွတ္ထ ပဥ္စမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေ။(သမာသလိင်္ဂတ္ထ)

တသ္မိံ ဝိဝေကေ ဇာတံ-ဖြင့် ဝိဝေကပုဒ်ကို သုဒ္ဓကတ္တုသာဓန, ဟေတုကမ္မသာဓနပြုခိုက် နောက်ပုဒ် နှင့် ဝိဝေကေ ဇာတံ ဝိဝေကဇံ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေ။(သမာသလိင်္ဂတ္ထ)

➤ **❼** ။ **(က) ဝိဝေကဇန္တိ**-၌ ဣတိ-ကား ပဒတ္ထဝိပလ္လာသတ္ထ၊ သဒ္ဒပဒတ္ထက။ **ဝိဝိတ္တိ**-၌ ဝိ ကား ဓာတွတ္ထာနုဝတ္တက။ **ဝိဂမော**-၌ ဝိ-ကား ဓာတွတ္ထဝိသေသက။

(ဂ) တသ္မာ-၌ တ-သည် ဝိဝေကဟူသော နီဝရဏတို့မှ ကင်းလွတ်ခြင်းကို စွဲပါသည်။ ဝိဝေကာ ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။ **တသ္မိံ-၌ တ**-သည် ဝိဝေကဟူသော နီဝရဏတို့မှကင်း ၍ ဖြစ်တတ်, နီဝရဏတို့မှ ကင်းစေအပ်သီးသန့်ခြားနားစေအပ်သော ဈာနသမ္ပယုတ္တဓမ္မအစုကို စွဲပါ သည်။ ✳ ဝိဝေကေ-ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။ **(င) တေသု-၌ တ**-သည် ဆိုခဲ့ပြီးသော ပီတိသုခကို စွဲသောကြောင့် ပက္ကန္တဝိသယ။

ပကာသိတာနေဝ-၌ (၁) ပကာသိတာနိကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) အပကာသိတာနိ ကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပီတိသုခတို့သည် (ဝါ) အောက်၌ ပြအပ်ပြီးသော ဖဿ ဝေဒနာ- စသည်သည် အနုညာတတ္ထ။

➤ **❽** ။ **ကြိယာငါးတန်** ။ ။ **(က) ဝိဝိတ္တိ, ဝိဝေကော, နီဝရဏာဝိဂမော**-တို့အရ =

(၁) ဥပစာရဘာဝနာ, ကာမာဝစရသမာဓိဇောသည် ဒဿနတ္ထ။ (၂) သီလဝိသုဒ္ဓိသည် ဒီပကတ္ထ။ (၃) ပဌမဈာန်သည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန စသည်သည် ဝိဘာဝတ္ထ။ (၅) ဈာနသမာပတ္တိသုခ စသည်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com

(က) ဝိဝေကဇံ (ဂ) ဇာတံ, ဝိဝေကဇံ (ဃ) ပီတိသုခံ -အရ "ပဌမဈာန်"ကို ယူ၍ ထုတ်။

(ဃ) ပကာသိတာနိ-၌ ပပုဗ္ဗ ကာသဓာတ်-အရ တရားကား= အဋ္ဌကထာဆရာ သန္တာန်၌ဖြစ်သော သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ဖြစ်ပါသည်။ (၁) ထို--သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) ပီတိသုခတို့သည် (ဝါ) ပီဏယတီတိ ပီတိ၊ သုခယတီတိ သုခံ အစရှိသော ဝိဂြိုဟ်ဝါကျတို့သည် ပကာသနတ္ထ။ (၄) ပုဗ္ဗေကတ ပုညတာ အစရှိသော သမ္ပတ္တိစက် ၄-ပါးသည် ဝိဘာဝတ္ထ။ (၅) သောတုဇနတို့ ပီတိသုခတို့၏ ဝစနတ္ထကို သိရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

(င) အဓိပ္ပေတာ-၌ ဇာဟျတ္ထ တ-ပစ္စည်း-အရ = အပ္ပနာသမာဓိနှင့်ယှဉ်သော ဖရဏာပီတိကို ယူ၍ (၁) ထိုဖရဏာပီတိသည် ဒဿနတ္ထ။ (၂) ပါမောဇ္ဇသည် ဒီပကတ္ထ။ (၃) ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိသည် ပကာသနတ္ထ။ (၄) ဣဋ္ဌာရုံနှင့် တွေ့ကြုံရခြင်း စသည်သည် ဝိဘာဝတ္ထ။ (၅) ကာယိကသုခ, စေတသိကသုခ, ခဏိကသမာဓိ, ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့နှင့် ပြည့်စုံခြင်းစသည်သည် အနုဘာဝတ္ထ။

➤ **၉** ။ **(ဃ) ပီတိသုခံ**-၌ သုခ-အရ စေတသိကသုခဟူသော "သောမနဿ ဝေဒနာ"ကို ယူ၍ လက္ခဏာဒိစတုက္ကထုတ်လေ။

➤ **၁ ၀** ။ **(ဂ) တသ္မာ ဝိဝေကာ+ဇာတံ** ။ ။ ဝိဝေကာ-အရ ကာမာဝစရဘာဝနာ ဥပစာရသမာဓိ ပစ္စည်းတရားသည် ဇာတံ-အရ ပဌမဈာန် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

တသ္မိံ ဝိဝေကေ ဇာတံ ။ ။ ဇာတံ-အရ ပဌမဈာန် ပစ္စည်းတရားသည် ဝိဝေကေ-အရ နီဝရဏဝိဝိတ္တဖြစ်သော ဈာနသမ္ပယုတ္တတရားအစု ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉) (တနည်း) ဝိဝေကေ-အရ ဈာနသမ္ပယုတ္တတရားအစု ပစ္စည်းတရားသည် ဇာတံ-အရ ပဌမဈာန် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၆)

(ဃ) ပီတိသုခါနိ+ပကာသိတာနေဝ ။ ။ ပီတိသုခါနိ-အရ ပီတိသုခ ပစ္စည်းတရားသည် ပကာသိတာနေဝ-၌ ပပုဗ္ဗ ကာသဓာတ်-အရ ရှင်မဟာဗုဒ္ဓဃောသ၏ သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

ပါဌ် (ရ၆) [ဋ္ဌ၊၂၁၁။ ပြည်၊ဒု၊၂၄၈။ ဘာသာဋီ၊ဒု၊၄၆၅]

(က) အယဉ္စ ပီတိ ဣဒဉ္စ သုခံ အဿ ဈာနဿ, အသ္မိံဝါ ဈာနေ အတ္ထီတိ ဣဒံ ဈာနံ ""ပီတိသုခ""န္တိ ဝုစ္စတိ။

(ခ) အထ ဝါ ပီတိစ သုခဉ္စ ပီတိသုခံ ဓမ္မဝိနယာဒယော ဝိယ။ ဝိဝေကဇံ ပီတိ သုခမဿ ဈာနဿ အသ္မိံဝါ ဈာနေ အတ္ထီတိ ဧဝမ္ပိ ဝိဝေကဇံပီတိသုခံ။

http://www.dhammadownload.com

(ဂ) ယထေဝ ဟိ ဈာနံ၊ ဧဝံ ပီတိသုခမ္ပေတ္ထ ဝိဝေကဇမေဝ ဟောတိ၊ တဉ္စဿ အတ္ထိ။

(ဃ) တသ္မာ ဧကပဒေနေဝ ""ဝိဝေကဇံ ပီတိသုခ""န္တိ ဝုတ္တံ၊ ယုဇ္ဇတိ။

(င) ဝိဘင်္ဂေ ပန ""ဣဒံ သုခံ ဣမာယ ပီတိယာ သဟဂတ""န္တိ အာဒိနာ နယေန ဝုတ္တံ။

(စ) အတ္ထော ပန တတ္ထာပိ ဧဝမေဝ ဒဋ္ဌဗ္ဗော။

(က) **ဝိဝေကဇံ**=ဝိဝေကကြောင့်ဖြစ်သော (ဝါ) ဝိဝေက၌ဖြစ်သော။ပီတိသုခံ၊ပီတိသုခရှိသော။

(ခ) **ဝိဝေကဇံပီတိသုခံ**=ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိသော။

➤ ❶ ။ **(က)** အယဉ္စပီတိ၊ဤပီတိသည်၎င်း။ဣဒဉ္စ သုခံ၊ဤသုခသည်၎င်း။အဿ ဈာနဿ၊ထို ဈာန်အား။ဝါ၊ကား။အသ္မိံ ဈာနေ၌။အတ္ထိ၊ရှိ၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဣဒံ ဈာနံ၊ကို။ပီတိ သုခန္တိ၊ဟူ၍။ဝုစ္စတိ၊၏။ **(ခ)** အထဝါ၊ကား။ပီတိစ၊လည်း။သုခဉ္စ၊လည်း။ပီတိသုခံ၊ပီတိသုခ။ဓမ္မဝိနယာဒယောဝိယ၊ ဓမ္မဝိနယသဒ္ဒါစသည်တို့ကဲ့သို့တည်း။ဝိဝေကဇံ၊သော။ပီတိသုခံ၊သည်။အဿ ဈာနဿ၊အား။ဝါ၊ကား။အသ္မိံ ဈာနေ၌။အတ္ထိ၊၏။ဣတိ ဧဝမ္ပိ၊ဤသို့ အညပဒတ္ထသမာသ်အနက်အားဖြင့်လည်း။ဣတိ ဈာနံ၊သည်။ဝိဝေကဇံ ပီတိသုခံ၊မည်၏။ **(ဂ)** ဟိ–သစ္စံ၊၏။(ဝါ) ဟိ–ယသ္မာ၊ကြောင့်။ဈာနံ။သည်။ဝိဝေကဇံ၊ဝိဝေကကြောင့်ဖြစ် သည်။ဟောတိယထေဝ၊ဖြစ်၏သို့လျှင်။ဧဝံ၊တူ။ဧတ္ထ၊ဤဈာန်၌။ပီတိသုခမ္ပိ၊ပီတိသုခသည်လည်း။ဝိဝေကဇမေဝ၊ ဝိဝေကကြောင့်ဖြစ်သည်သာလျှင်။ဟောတိ၊၏။တဉ္စ၊ထိုဝိဝေကကြောင့်ဖြစ်သော ပီတိသုခသည်လည်း။အဿ ဈာနဿ၊ထိုဈာန်အား။အတ္ထိ၊၏။ **(ဃ)** တသ္မာ၊ထို့ကြောင့်။ဧကပဒေနေဝ၊တပုဒ်တည်းဖြင့်သာလျှင်။ဝိဝေကဇံ ပီတိသုခန္တိ၊ဟူ၍။ဝုတ္တံ၊ဆိုခြင်းငှာ။ယုဇ္ဇတိ၊သင့်လျော်၏။ **(င)** ပန၊ထူးသည်ကို ဆိုအံ့။ဝိဘင်္ဂေ၌။ဣဒံသုခံ ဣမာယပီတိယာ သဟဂတန္တိ အာဒိနာ၊အစရှိသော။နယေန၊ဖြင့်။ဝုတ္တံ၊၏။ **(စ)** ပန၊ထိုသို့သော်လည်း။ အတ္ထော၊ကို။တတ္ထာပိ၊ထိုဝိဘင်း၌လည်း။ဧဝမေဝ၊ဤအဋ္ဌကထာ၌ ဖွင့်အပ်သည်နှင့်တူစွာသာလျှင်။ဒဋ္ဌဗ္ဗော၊၏။

➤ ❷ ။ **(ခ) သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဝိဝေကဇံပုဒ်ကို ဈာန် ပုဒ်၏ ဝိသေသနပုဒ် အဖြစ်ဖြင့် ဖွင့်ပြတော်မူ၏။ ထိုသို့ဆိုချေသော် ဝိဝေကဇံပုဒ်သည် ဈာန်ပုဒ်၏ ဝိသေသနသာ ဖြစ်ထိုက်၏ဟု အနက်သဘော ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသော ကြောင့် (က) ဖြင့် ဝိဝေကဇံပုဒ်ကို ဈာန် ပုဒ်၏ ဝိသေသနပုဒ် အဖြစ်ဖြင့် မဖွင့်ဆိုသင့်။ ဤဖွင့်ဆိုနည်းမှ တပါးသော ဖွင့်ဆိုနည်းတစ်မျိုးကိုလည်း ဆရာပြဆိုသင့်သေး၏။ ဤဖွင့်ဆိုနည်းမှ တပါးသော ဖွင့်ဆိုနည်းတစ်မျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ)မိန့်။

(ဂ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိ သောကြောင့် ဈာန်သည် ဝိဝေကဇံ ပီတိသုခံ မည်၏ဟု ဖွင့်ဆိုတော်မူ၏။ (တနည်း) (ခ) ဖြင့် ဝိဝေကဇံပုဒ်ကို ပီတိသုခံပုဒ်၏ ဝိသေသန အဖြစ်ဖြင့် ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းသို့ဖွင့်ဆိုသော ဆရာ့စကား သည် ယုတ္တိသဘာဝဒီပကရဏနှင့် ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ထိုသို့ မခိုင်မြဲရာသော ကြောင့် (ခ) ဖြင့် ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိသောကြောင့် ဈာန်သည် ဝိဝေကဇံ ပီတိသုခံ မည်၏ဟု မဖွင့်ဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေသော သဘာဝယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့ စကားကို မြဲခိုင်စေသော သဘာဝယုတ္တိကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

http://www.dhammadownload.com

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ)တို့ဖြင့် ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိသောကြောင့် ဈာန်သည် ဝိဝေကဇံ ပီတိသုခံမည်၏ဟု ဖွင့်ပြဆိုတော်မူ၏။ (တနည်း) ဝိဝေကဇံ ပီတိသုခံပုဒ်ကို ဒွန်အတွင်းငုပ်သော စတုတ္ထီ (တနည်း) သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းသို့ဖွင့်ဆိုသဖြင့် တစ်စုံတစ်ခုရအပ်သော အကျိုးမရှိ နိရတ္ထကသာ ဖြစ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက် သင့်လေသောကြောင့် ယင်းသို့ဖွင့်ဆိုသဖြင့် တစ်စုံတစ်ခုရအပ်သော အကျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ ယင်းသို့ဖွင့်ဆိုသဖြင့် တစ်စုံတစ်ခုရအပ်သော အကျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) စသော ဝါကျတို့ဖြင့် ဝိဝေကဇံ ပီတိ သုခံကို ဒွိပဒ, ဧကပဒနှစ်မျိုးကြံ၍ အသီးအသီး ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝိဘင်းပါဠိတော်၌ လည်း ဆရာဖွင့်ဆိုခဲ့သည့်အတိုင်းပင် ဟောတော်မူထား၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူ ကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက် သင့်လေသောကြောင့် ဝိဘင်းပါဠိတော်၌ ဤမည် သော နည်းဖြင့် ဟောတော်မူအပ်၏ဟု ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဝိဘင်းပါဠိတော်၌ အဘယ်နည်းဖြင့် ဟောတော်မူအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(စ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် ဝိဘင်းပါဠိတော်၌ "ဣဒံ သုခံ ဣမာယ ပီတိယာသဟဂတံ" အစရှိသောနည်းဖြင့် ဟောတော်မူ၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းသို့ ဝိဘင်းပါဠိတော်၌ ဟောတော်မူသည့်အတိုင်းပင် အနက်ကို မှတ်သင့်၏ဟု အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက် သင့်လေသောကြောင့် ထိုဝိဘင်းပါဠိတော်၌ မှတ်အပ်သောအနက်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ အဘယ်အနက်ကို မှတ်အပ်ပါသနည်း။ ဤ သို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

➢ **❷** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ဝိဝေကဇံပုဒ်ကို ဈာန်ပုဒ်၏ ဝိသေသနအဖြစ်ဖြင့် ဖွင့်ပြ သော နည်းမှတပါး ပီတိသုခံပုဒ်၏ ဝိသေသနအဖြစ်ဖြင့် ဖွင့်ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် (ခ)ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိ ဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် (ခ) ဝါကျ (ဝါ) (ဂ)ဝါကျကို ဆိုသဖြင့် ရအပ်သော အကျိုးကိုပြ သောကြောင့် နိရတ္ထကဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ဝိဘင်းပါဠိတော်လာ နည်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် ဝိဘင်းပါဠိတော်၌ မှတ်အပ်သော အနက်ကိုပြ သောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(က) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ပီတိသုခံ အဿ ဈာနဿ အတ္ထီတိ ပီတိသုခံ-ဟူသော ဝစနတ္ထမှတပါး ပီတိသုခံ အသ္မိံ ဈာနေ အတ္ထီတိ ပီတိသုခံ-ဟူသော ဝစနတ္ထအကြောင်း

http://www.dhammadownload.com

တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (က) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(က) ၌ ဝုစ္စတိ-ကို ထားရခြင်းအကြောင်း ။ ။ ဈာန်ကို ပီတိသုခဟူ၍ ဆိုရခြင်း၏ အကြောင်းသကတ်ကို ပြလိုသောကြောင့်၎င်း၊ အပေါင်းဖြစ်သော ပီတိသုခရှိသော ဖဿ-စသော သမ္ပယုတ်တရားတို့၏ ပီတိသုခဟူသော အမည်ကို အစိတ်ဖြစ်သော ပဌမဈာန်၌ တင်စား၍ အစိတ်ဖြစ်သော ပဌမဈာန်ကို ဤ၌ ပီတိသုခံ-ဟု ဆိုထားရကား ပီတိသုခံပုဒ်၏ ကေဒေသျူပစာအဖြစ်ကို ပြလိုသောကြောင့်၎င်း (က) ၌ ဝုစ္စတိ-ကို ထားရပါသည်။

(ခ) ၌ အထဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဝိဝေကဇံတစ်ပုဒ်၊ ပီတိသုခံ တစ်ပုဒ်-ဟူသော နှစ်ပုဒ်ဝါကျသဒ္ဒါမှတပါး ဝိဝေကဇံ ပီတိသုခံ-ဟူသော တစ်ပုဒ်တည်း သမာသ်သဒ္ဒါအဖြစ်ကို လဲလှယ်ပြလိုသောကြောင့်၎င်း၊ ဝိဝေကကြောင့်ဖြစ်သောဈာန်၊ ပီတိသုခရှိသော ဈာန်ဟူသော အနက်မှတပါး ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိသော ဈာန်ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်၎င်း (ခ) ၌ အထဝါ-သဒ္ဒါကို ထားရပါသည်။

(ခ) အသ္မိံ ဝါ ဈာနေ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဝိဝေကဇံ ပီတိသုခံပုဒ်၏ ဒွန္ဒဂဗ္ဘ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထမှတပါး ဒွန္ဒဂဗ္ဘ သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ခ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(ဃ) ၌ ဝတ္တုံ ယုဇ္ဇတိ-ကို ထားရခြင်းအကြောင်း ။ ။ ပဌမံ ဈာန်-အရ ဈာန်သည် ဝိဝေကဇ, ပီတိသုခ နှစ်မျိုးလုံးနှင့်ဆက်ဆံ၍ သာမညဖြစ်နေ၏။ ထိုသို့ သာမညဖြစ်သော်လည်း ပီတိသုခသည် ဈာန်ကဲ့သို့ ဝိဝေကဇ မည်သည်သာ၊ ထိုပီတိသုခသည်လည်း ဈာန်အားရှိ၏ဟု အတ္ထယုတ္တိကို ကြံစည်တွေးဆ၍ "ဝိဝေကဇံ ပီတိသုခံ"ဟူသော ကေပဒဝိသေသအားဖြင့်သာလျှင် ဈာန်ကို ယူရ၏ဟု အတ္ထယုတ္တိစမ်း၍ ယူဆ ဆုံးဖြတ်ထားသော အရာဖြစ်သောကြောင့် (ဃ) ၌ "ဝတ္တုံ ယုဇ္ဇတိ"ကို ထားရပါသည်။

(ဃ) ၌ တသ္မာ-ကို ထားရခြင်းအကြောင်း ။ ။ တစ်ပုဒ်တည်းဖြင့်သာ ဝိဝေကဇံ ပီတိသုခံဟူ၍ ဆိုခြင်းငှာ သင့်လျော်၏ဟူသော ရအပ်သော အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့်--ထားရသည်။

➤ ❹ ။ ပဌဝီကသိဏာဒိအာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ **ဈာနံ**။ (၂) ဈေဓာတ်+ယုပစ္စည်း သည်၎င်း၊ အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပဌဝီကသိုဏ်းစသော အာရုံကို ကပ်၍ ရှုခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော ပဌဝီကသိုဏ်းစသော အာရုံကို ကပ်၍ ရှုခြင်းကြိယာသည် (ဝါ) ဈာန်တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပိဏယတီတိ **ပီတိ**။ (ပီဓာတ်+တိပစ္စည်း၊ နှစ်သက်ခြင်းကြိယာ)

သုခယတီတိ **သုခံ**။ (သုခဓာတ်+အ-ပစ္စည်း၊ ချမ်းသာစေခြင်း ကြိယာ) ပီတိစ သုခဉ္စ ပီတိသုခံ။

ပီတိသုခံ အဿ ဈာနဿ, အသ္မိံ ဝါ ဈာနေ အတ္ထီတိ **ပီတိသုခံ**။ (၂) ပီတိသုခပုဒ်+အ-ပစ္စည်း သည်၎င်း၊ ပီတိသုခ၏ ပဌမဈာန်နှင့် အစိတ်+အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပီတိသုခရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) ပီတိသုခရှိသော ပဌမဈာန်တို့၏

http://www.dhammadownload.com

တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ဝိဝေကာ ဇာတံ ဝိဝေကဇံ။ ပီတိစ သုခဉ္စ ပီတိသုခံ။ ဝိဝေကဇံ ပီတိသုခံ အဿ ဈာနဿ, အသ္မိံ ဝါ ဈာနေ အတ္ထီတိ **ဝိဝေကဇံပီတိသုခံ**။ (၂) ဝိဝေကကြောင့်ဖြစ်သော ပီတိသုခ၏ ပဌမဈာန်နှင့် အစိတ်အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။ (၄) ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➢ **၆** ။ **(က)** ၌ အယဉ္စ ပီတိ ဣဒဉ္စ သုခံ အဿ ဈာနဿ အတ္ထိ-ဖြင့် ပီတိသုခံပုဒ်ကို ပီတိစ သုခဉ္စ ပီတိသုခံ၊ ပီတိသုခံ အဿ ဈာနဿ အတ္ထီတိ ပီတိသုခံ-ဟု ဒွန်အတွင်းငုပ်သော အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) အ-ပစ္စည်း၏ အဿတ္ထိအနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) ပီတိသုခံ-အရ ပီတိသုခရှိသော ဈာန်ကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

အယဉ္စ ပီတိ ဣဒဉ္စ သုခံ အသ္မိံ ဝါ ဈာနေ အတ္ထိ-ဖြင့် ပီတိသုခံ ပုဒ်ကို ပီတိစ သုခဉ္စ ပီတိသုခံ၊ ပီတိသုခံ အသ္မိံ ဈာနေ အတ္ထီတိ ပီတိသုခံ-ဟု ဒွန်အတွင်းငုပ်သော အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) အ-ပစ္စည်း၏ အဿတ္ထိအနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) ပီတိသုခံ-အရ ပီတိသုခရှိသော ဈာန်ကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

ဣဒံ ဈာနံ "ပီတိသုခ"န္တိ ဝုစ္စတိ-ဖြင့် ဒွန်အတွင်းငုပ်သော အဿတ္ထိတဒ္ဓိတ် ဝစနတ္ထဖြင့် ပြီးသော ပီတိသုခံ-ဟူသော နိပ္ဖန္နပုဒ်အရ ပီတိသုခနှင့်ယှဉ်သော ဖဿ-စသော သမ္ပယုတ်တရားများကို ယူသင့်သော်လည်း ဧကဒေသျူပစာအားဖြင့် ဤပဌမဈာန်ကိုသာ ယူရမည်ဟု သိ။(သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ၌ ပီတိသုခဉ္စ ပီတိသုခံ ဓမ္မဝိနယာဒယော ဝိယ-ဖြင့် ဓမ္မောစ ဝိနယောစ ဓမ္မဝိနယံ-စသည်ကဲ့သို့ ပီတိစ သုခဉ္စ ပီတိသုခံ-ဟု သမာဟာရဒွန်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ) **ဝိဝေကဇံ ပီတိသုခံ အဿ ဈာနဿ, အသ္မိံ ဝါ ဈာနေ အတ္ထိ**-ဖြင့် ဝိဝေကဇံ ပီတိသုခံပုဒ်သည် ရှေးဆိုခဲ့ပြီးသော နည်းဖြင့် အနေကပဒသာ ဖြစ်သည်မဟုတ်၊ ဧကပဒပုဒ် ဖြစ်သည်ကိုင်း(ဘာဝတ္ထ) ယင်းဝိဝေကဇံပီတိသုခံပုဒ်ကို ဝိဝေကဇံ ပီတိသုခံ အဿ ဈာနဿာတိ ဝိဝေကဇံပီတိသုခံ (တနည်း) ဝိဝေကဇံ ပီတိသုခံ အသ္မိံ ဈာနေတိ ဝိဝေကဇံပီတိသုခံ-ဟု စတုတ္ထီ သတ္တမီ အလုတ္တဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) ဝိဝေကဇံ-အရ ပီတိသုခကို၊ ဝိဝေကဇံပီတိသုခံ-အရ ပဌမဈာန်ကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

➢ **၇** ။ **(ဂ) ဝိဝေကဇမေဝ-၌** (၁) ဝိဝေကကြောင့် ဖြစ်ခြင်းသည် ဂဟေတဗ္ဗတ္ထ။ (၂) ဝိဝေကကြောင့် မဖြစ်ခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပီတိသုခဒြဗ်သည် အနုညာတတ္ထ။

ယထေဝ-၌ (၁) ဟောတိ ယထာ-ကား ဂဟေတဗ္ဗတ္ထ။ (၂) န ဟောတိ ယထာ-ကား နိဝတ္တေတဗ္ဗတ္ထ။ (၃) ဈာန်ဒြဗ်သည် အနုညာတတ္ထ။

(ဃ) ဧကပဒမေဝ-၌ (၁) "ဝိဝေကဇံ ပီတိသုခံ"ဟူသော ဧကပဒသည် ဂဟေတဗ္ဗတ္ထ။ (၂) ဝိဝေကဇံတစ်ပုဒ်၊ ပီတိသုခံ တစ်ပုဒ်ဟူသော နာနာပဒသည် (ဝါ) ဒွိပဒအဖြစ်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဝိဝေကဇနှင့် ပီတိသုခ နှစ်ပုဒ်ဖြစ်ခြင်းသည် (ဝါ) ဧကပဒဘောဂုဏ်သည် အနုညာတတ္ထ။

http://www.dhammadownload.com

(စ) ဝေမေဝ–၌ (၁) ဤအဋ္ဌကထာ ဖွင့်ဆိုအပ်သည်နှင့် တူသည်၏အဖြစ်ဟူသော သဒိသဘော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) ဤအဋ္ဌကထာ ဖွင့်ဆိုအပ်သည်နှင့် မတူသည်၏အဖြစ်ဟူသော ဝိသဒိသ ဘောဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။

(က) အယံ ဏ္ဍခံ–တို့၌ ဣမ–ကား ပီတိသုခ–ဟူသော အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ။

အသော/အသို့–၌ ဣမ–ကား ဈာန–ဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ။

ဏ္ဍခံ–၌ ဣမ–ကား ဈာန်–ဟူသော အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ခ) အသော/အသို့–၌ ဣမ–ကား ဈာန–ဟု အစွဲတင်းလင်းရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ဂ) ဧတ္ထ–၌ ဧတ–ကား ရှေးဝါကျ၌ ဈာန်–ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

တဥ္စသော–၌ တ–ကား ရှေးဝါကျ၌ ဈာန်–ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဃ) တသ္မာ–၌ တ–ကား ရှေးဝါကျရှိ အတ္ထိသဒ္ဒါကို စွဲသောကြောင့် အနုဘူတဝိသယ။

ပီတိသုခမေ့တ္ထ–၌ ပိ(အပိ)ကား သမုစ္စယဇောတကနိပါတ်။ ယင်း**ပိ**–ဖြင့် ဈာန်သည်သာလျှင် ဝိဝေကဇဖြစ်သည်မဟုတ်၊ ပီတိသုခသည်လည်း ဝိဝေကဇဖြစ်သည်ဟု ဆည်းပါသည်။

တဥ္စသော အတ္ထိ–၌ စ–ကား သမုစ္စယဇောတကနိပါတ်။

ယင်း**စ–သဒ္ဒါဖြင့်** ထိုပထမဈာန်အား ဝိတက် ဝိစာရ ဧကဂ္ဂတာသာ ရှိသည်မဟုတ်၊ ထိုဝိဝေကကြောင့်ဖြစ်သော ပီတိသုခလည်းရှိ၏ဟု ဆည်း ပါသည်။

➤ ❶ ။ **ကြိယာငါးတန်** ။ ။ **ဝိဝေကဇံ ပီတိသုခံ–ကို ဧကပဒကြံလျှင်– ဝိဝေကဇံ**–အရ "ပီတိသုခ" ကို ယူ၍ ထုတ်။ **ပီတိသုခံ**–အရလည်း "ပီတိသုခ" ကိုပင် ယူ၍ ထုတ်။

ဝိဝေကဇံ ပီတိသုခံ–ကို နာနာပဒကြံလျှင်– ဝိဝေကဇံ–အရ "ပထမဈာန်" ကို ယူ၍ ထုတ်။ **ပီတိသုခံ**–အရလည်း **"ပထမဈာန်"** ကို ယူ၍ (၁) ထိုပထမဈာန်သည် ဒဿနတ္ထ။ (၂) ဝေါဟာရသည် ဒီပကတ္ထ။ (၃) ပထမဈာန သမာပတ္တိသုခသည် ပကာသနတ္ထ။ (၄) ပရိကံ, ဥပစာ, အနုလုံတို့သည် ဝိဘာဝတ္ထ။ (၅) ရူပပထမဈာန်ဘုံ၌ ဖြစ်ရခြင်းစသော အကျိုးတို့သည် အနုဘာဝတ္ထ။

(ဂ) ဝိဝေကဇမေဝ–အရ = ပထမဈာန်၌ရှိသော **"ပီတိသုခ"** ကိုယူ၍ (၁) ထို––သည် ဒဿနတ္ထ။ (၂) ပထမဈာန်စိတ်သည် ဒီပကတ္ထ။ (၃) ပထမဈာန်သမာပတ်ချမ်းသာသည် ပကာသနတ္ထ။ (၄) အဓိကာရဆန္ဒသည်ငှင်း, ကသိုဏ်းအာရုံတို့သည်ငှင်း ဝိဘာဝတ္ထ။ (၅) ရူပဘုံ၌ ပဋိသန္ဓေနေရခြင်း, အထက် ဈာန်တို့ကို ရရှိခြင်းစသည်သည် အနုဘာဝတ္ထ။

(စ) ဒဋ္ဌဗ္ဗော–၌ ဒိဿတေတိ–အရ = အနက်ကို အာရုံပြု၍ဖြစ်သော သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို––သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည်ငှင်း၊ သုတမယဉာဏ်, စိန္တာမယဉာဏ် စသည်သည်ငှင်း ဒီပကတ္ထ။ (၃) မှတ်သားထားသည့်အတိုင်း ဟောပြောပြသပို့ချခြင်း, ဈာန်ရအောင်ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းစသော ကာမာဝစရ ဘာဝနာသည် ပကာသနတ္ထ။ (၄) အဓိကာရ, ဆန္ဒ–စသည်သည်ငှင်း, သပ္ပုရိသူပနိဿယ စသည်သည်ငှင်း ဝိဘာဝတ္ထ။ (၅) ပထမဈာန်ကိုရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော

http://www.dhammadownload.com

အကျိုးအဆက်သည် အနုဘာဝတ္တ။

➤ ၁၀ ။ **(က) အယဉ္စ ပီတိ ဉ္စာဒဉ္စ သုခံ+အဿ ဈာနဿ, အဿိံဝါ ဈာနေ အတ္ထိ** ။ ။ အယဉ္စ ပီတိ ဉ္စာဒဉ္စ သုခံ–အရ ပီတိသုခ ပစ္စည်းတရားသည် အဿ ဈာနဿ, အဿိံဝါ ဈာနေ–အရ ကြွင်းသော ပထမဈာန် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

(ခ) ဝိဝေကဇံပီတိသုခံ ။ ။ သမာသ်ပုဒ်အရ ဝိဝေကကြောင့်ဖြစ်သော ပီတိသုခ ပစ္စည်းတရားသည် အညပုဒ်–အရ ပထမဈာန် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

ပါဠိ (၇၇) [ဋ္ဌ၊၂၁၁။ ပြည်၊ဒု၊၂၄၈။ ဘာသာဋီ၊ဒု၊၄၆၅]

(က) ပဌမံ ဈာနန္တိ ဧတ္ထ ဂဏနာနုပုဗ္ဗတာ ပဌမံ။

(ခ) ပဌမံ ဥပ္ပန္နန္တိ ပဌမံ။ (ဂ) ပဌမံ သမာပဇ္ဇိတဗ္ဗန္တိပိ ပဌမံ။

(ဃ) ဣဒံ ပန န ဧကန္တလက္ခဏံ။

(င) စိဏ္ဏဝသီဘာဝေါ ဟိ အဋ္ဌသမာပတ္တိလာဘီ အာဒိတော ပဋ္ဌာယ မတ္ထကံ ပါပေန္တောပိ သမာပဇ္ဇိတုံ သက္ကောတိ၊ မတ္ထကတော ပဋ္ဌာယ အာဒိံ ပါပေန္တောပိ သမာပဇ္ဇိတုံ သက္ကောတိ၊ အန္တရန္တရာ ဩက္ကန္တောပိ သက္ကောတိ။ (စ) ဧဝံ ပုဗ္ဗုပ္ပတ္တိယဋ္ဌေန ပန ပဌမံ နာမ ဟောတိ။

➤ ၁ ။ **(က)** ပဌမံဈာနန္တိ ဧတ္ထ၌။ဂဏနာနုပုဗ္ဗတာ–ဂဏနာနုပုဗ္ဗတာယ၊သင်္ချာအစဉ်အားဖြင့်။ (ဝါ) ရေတွက်ခြင်း အစဉ်အားဖြင့် ရှေးဖြစ်သည်၏အဖြစ်ကြောင့်။ပဌမံ၊မည်၏။(ဝါ) ပဌမန္တိ ဣဒံဝစနံ၊ သည်။ဂဏနာနုပုဗ္ဗတာမတ္တံ၊အရေအတွက် အစဉ်အားဖြင့် ရှေးဖြစ်သည်၏ အမည်မျှကို ပြတတ်သည်။ ဟောတိ၊၏။ **(ခ)** ပဌမံ၊ရှေးဦးစွာ။ဥပ္ပန္နံ၊ရအပ်၏။ဣတိပိ တသ္မာ၊ထို့ကြောင့်လည်း။ပဌမံ၊မည်၏။

(ဂ) ပဌမံ၊စွာ။သမာပဇ္ဇိတဗ္ဗံ၊ဝင်စားအပ်၏။ဣတိပိ၊ထို့ကြောင့်လည်း။ပဌမံ၊ပဌမမည်၏။

(ဃ) ပန၊လဒ္ဓဒေါသကို ဆိုအံ့။ဣဒံ၊ဤပဌမံသမာပဇ္ဇိတဗ္ဗံဟူသော စကားသည်။ဧကန္တ လက္ခဏံ၊ စင်စစ်မုချ မှတ်အပ်သည်။န၊မဟုတ်။ **(င)** ဟိ–သစ္စံ၊၏။စိဏ္ဏ ဝသီဘာဝေါ၊လေ့လာအပ်သော ဝသီဘော် ရှိသော။အဋ္ဌသမာပတ္တိလာဘီ၊ရှစ်ပါးသော သမာပတ်ကို ရသောသူသည်။အာဒိတော၊အစမှ။ပဋ္ဌာယ၊စ၍။မတ္ထကံ၊ အဆုံးသို့။ပါပေန္တောပိ၊ရောက်စေသည်ဖြစ်၍လည်း။သမာပဇ္ဇိတုံ၊ဝင်စားခြင်းငှာ။သက္ကောတိ၊စွမ်းနိုင်၏။မတ္ထက တော၊အဆုံးမှ။ပဋ္ဌာယ၊၍။အာဒိံ၊အစသို့။ပါပေန္တောပိ၊ရောက်စေသည်ဖြစ်၍လည်း။သမာပဇ္ဇိတုံ၊ငှာ။သက္ကောတိ၊၏။ အန္တရန္တရာ၊အကြား အကြား၌။ဩက္ကမန္တောပိ၊သက်သည်ဖြစ်၍လည်း။သမာပဇ္ဇိတုံ၊ငှာ။သက္ကောတိဧဝ၊သည်သာ တည်း။ **(ဃ+င) ဝါကျအပြန်အလှန်** ။ ။ ပန၊ဆက်။ဣဒံ၊ဤရှေးဦးစွာ ဝင်စားရခြင်းဟူသော လက္ခဏာသည်။ဧကန္တလက္ခဏံ၊ဧကန်လက္ခဏာသည်။န၊မဟုတ်။(ကသ္မာ၊အဘယ်ကြောင့်။ဣဒံ၊ဤရှေးဦးစွာ ဝင်စားရခြင်းဟူသော လက္ခဏာသည်။ဧကန္တလက္ခဏံ၊ဧကန်လက္ခဏာသည်။န၊မဟုတ်သနည်း။)

(င) ဟိ–ယသ္မာ၊အကြင်ကြောင့်။စိဏ္ဏဝသီဘာဝေါ၊လေ့လာအပ်ပြီးသော ဝသီဘော်ရှိသော။အဋ္ဌသမာ ပတ္တိလာဘီ၊ရှစ်ပါးသော သမာပတ်ကို ရခြင်းရှိသော ပုဂ္ဂိုလ်သည်။အာဒိတော၊အစဈာန်မှ။ပဋ္ဌာယ၊စ၍။မတ္ထကံ၊

F-22-A

http://www.dhammadownload.com

အပြီးအဆုံးသို့။ပါပေဋ္ဌောပိ၊ရောက်စေလျက်လည်း။သမာပဇ္ဇိတုံ၊ဝင်စားခြင်းငှာ။သက္ကောတိ၊စွမ်းနိုင်၏။မတ္တက တော၊အထွတ်အထိပ်ရှာန်မှ။(ဝါ)နောက်ဆုံးရှာန်မှ။ပဋ္ဌာယ၊စ၍။အာဒိံ အစသို့။ပါပေဋ္ဌောပိ၊လည်း။သမာပဇ္ဇိတုံ၊ ငှာ။သက္ကောတိ၊၏။အန္တရန္တရာ၊အကြားအကြား၌။ဩက္ကန္တောပိ၊သက်ရောက်လျက်လည်း။(သမာပဇ္ဇိတုံ၊ငှာ။) သက္ကောတိ၊၏။(တသ္မာ၊ထို့ကြောင့်။ဣဒံ၊ဤရှေးဦးစွာ ဝင်စားရခြင်းဟူသော လက္ခဏာသည်။ဧကန္တလက္ခဏံ၊ ဧကန်လက္ခဏာသည်။န၊မဟုတ်သတည်း။) (ဘာသာဋီကာ) **(စ)** ပန၊အလျော်ကို ဆိုအံ့။ပုဗ္ဗုပ္ပတ္တိယဝ္ဓေန၊ ရှေးဦးစွာဖြစ်သော အနက်အားဖြင့်။ပဉ္စမံ နာမ၊မည်သည်။ဟောတိ၊ဖြစ်၏။

➢ ❷ ။ **(ခ) သို့/ ဉပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ပဉ္စမံပုဒ်၏ ဒေသိတ တဒ္ဓိတ် ဝစနတ္ထပြုအပ်သည်အဖြစ်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဆိုအပ်ပြီးသော ဒေသိတတဒ္ဓိတ် ဝစနတ္ထသာလျှင် ဖြစ်ကောင်း၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထို့ကြောင့် (က) ဖြင့် ပဉ္စမံပုဒ်၏ ဒေသိတ တဒ္ဓိတ် ဝစနတ္ထပြုအပ်သည်အဖြစ်ကိုသာ မဆိုသင့်။ ပဉ္စမံပုဒ်၏ အခြားဖြစ်သင့်သော ဝစနတ္ထကို လည်း ပြဆိုသင့်သေး၏။ ပဉ္စမံပုဒ်၏ အခြားဖြစ်သင့်သော ဝစနတ္ထကား အဘယ်ပါနည်း။ (ခ) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ပဉ္စမံကို သမာပဇ္ဇိတဗ္ဗ တဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပဉ္စမံကို သမာပဇ္ဇိတဗ္ဗ တဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ဆိုရာ၌ တစုံတခုရအပ်သော အပြစ်ဒေါသ မရှိဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက် သင့်လေသောကြောင့် ပဉ္စမံကို သမာပဇ္ဇိတဗ္ဗ တဒ္ဓိတ် ပြုရမည်ဟုဆိုရာ၌ ရအပ်သော အပြစ်ဒေါသကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား နိဂ္ဂဟဒေါသ သင့်ရောက်ရာ၏။ ပဉ္စမံကို သမာပဇ္ဇိတဗ္ဗ တဒ္ဓိတ်ပြုရမည်ဟုဆိုရာ၌ ရအပ်သော အပြစ်ဒေါသကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ဉပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဤပဉ္စမံ သမာပဇ္ဇိတဗ္ဗံဟူသော စကားသည် ဧကန္တလက္ခဏာ မဟုတ်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပဉ္စမံပုဒ်၏ ဝစနတ္ထသုံးခုတို့တွင် သမာပဇ္ဇိတဗ္ဗ တဒ္ဓိတ် ဝစနတ္ထကိုသာ ဧကန္တလက္ခဏာ မဟုတ်ဟု ထူးဆန်းစွာဆိုသော ဆရာ့စကားသည် ယုတ္တိကင်းပ ဒဋ္ဌိယမျှသာဖြစ်၍ လှုပ်ရှားမခိုင် ယိုင်သည် မဟုတ်ပါလော။ ထို့ကြောင့် (ဃ) ဖြင့် ဤပဉ္စမံ သမာပဇ္ဇိတဗ္ဗံဟူသော စကားသည် ဧကန္တလက္ခဏာ မဟုတ်ဟု မပြဆိုသင့်။ ဆရာ့စကားကို ခိုင်မြဲစေသော သဘာဝယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို ခိုင်မြဲစေသော သဘာဝယုတ္တိကား အဘယ်ပါ နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် ပဉ္စမံ-ကို ဒေသိတတဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ပြသော ကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ခ)** ဖြင့် ပဉ္စမံ-ကို ဥပ္ပန္န တဒ္ဓိတ် ဝစနတ္ထပြုရ မည်ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ပဉ္စမံ-ကို သမာပဇ္ဇိတဗ္ဗ တဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် (ဂ) ဝါကျ၌ သင့်ရောက်သော လဒ္ဓဒေါသကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် (ဃ)ဝါကျကိုဆိုသဖြင့် (က-ခ)နှင့် (ဂ) ဝါကျတို့၌ သင့်ရောက်နေသည့် ပုဗ္ဗာပရဝိရောဓိဒေါသကို

http://www.dhammadownload.com

ပယ်ပါသည်။ **(ခ)** ဖြင့် နိဂုံးကိုပြသောကြောင့် ပုနရုတ္တိဒေါသ (ဝါ) နိရတ္ထကဒေါသကို ပယ်ပါသည်။

(ဂ) ၌ ပိ(အပိ) ထားရခြင်းအကြောင်း ။ ။ ရေတွက်ခြင်းအစဉ်အားဖြင့်သာ ပဌမမည်သည်၊ ရှေးဦးစွာ ရအပ်သောကြောင့်သာ ပဌမ မည်သည်မဟုတ်သေး၊ ရှေးဦးစွာ ဝင်စားအပ်သောကြောင့်လည်း ပဌမ အမည်ရသည်ဟူသော သမုစ္စယတ္ထ, သမ္ဘာဝနတ္ထကို ပြလိုသောကြောင့် ပိ(အပိ)ကို ထားရသည်။

➤ **၄** ။ အစရီယိတ္ထာတိ စိဏ္ဏော။ ဝသီနော ဘာဝေါ ဝသီဘာဝေါ။ ✱ စိဏ္ဏော ဝသီဘာဝေါ ယဿာတိ **စိဏ္ဏဝသီဘာဝေါ**။ (၂) စိဏ္ဏပုဒ်+ဝသီဘာဝပုဒ်+ယ-အညပုဒ်သည်ငှင်း၊ လေ့လာအပ်သော ဝသီဘော်၏ သမာပတ်ရှစ်ပါးကိုရသော ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏီ ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) လေ့လာအပ်သော ဝသီဘော်ရှိသော ပုဂ္ဂိုလ်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဂဏီယတေ သင်္ချာယတေ ဂဏနာ။ အနု အနု ပုဗ္ဗံ အနုပုဗ္ဗံ။ ဂဏနာယ အနုပုဗ္ဗံ **ဂဏနာနုပုဗ္ဗံ**။ (၂) ရေတွက်ခြင်း၏ အစဉ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ဂဏနာနုပုဗ္ဗဿ ဘာဝေါ **ဂဏနာနုပုဗ္ဗတာ**။ (၂) ရေတွက်ခြင်းအစဉ်အားဖြင့် ရှေးဖြစ်သည်၏ အဖြစ်ဟူသော အနုက္ကမဘောဂုဏ်သည်ငှင်း၊ သမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ရေတွက်ခြင်းအစဉ်ဟူသော ဂဏနာနုပုဗ္ဗဘောဂုဏ်သည် ပဝတ္တိနိမိတ်။

ဂဏနာယ အနုပုဗ္ဗတာ **ဂဏနာနုပုဗ္ဗတာ**။(၂) ရေတွက်ခြင်း၏ အစဉ်နှင့် ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ရေတွက်ခြင်းအစဉ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူ သော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပဋီယတေ အာဒိမှိ ဥစ္စာရီယတေတိ ပဌမံ။(အစိတ်) ပဌမံ ဒေသိတန္တိ **ပဌမံ**။(အပေါင်း)

(၂) ရှေးဦးအစဟူသော ပဌမဘောဂုဏ်၏ ဟောအပ်သော ဈာန်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ရှေးဦးစွာ ဟောခြင်းကြိယာသည် ပဝတ္တိနိမိတ်။

လဘနံ လာဘော၊ လာဘော ဧတဿာတိ လာဘီ။ အဋ္ဌသမာပတ္တီနံ လာဘီ **အဋ္ဌသမာပတ္တိလာဘီ**။

➤ **၆** ။ **(က)** ၌ ဂဏနာနုပုဗ္ဗတာ-ဖြင့် ပဌမံ ဈာန်-၌ ပဌမ-သဒ္ဒါသည် ပဓာနအနက်ကို မဟော၊ အာဒိအနက် ဟောသည်ကိုငှင်း(နာမလိင်္ဂတ္ထ) ဥပ္ပတ္တိက္ကမ, ဒက္ခိဏေယျက္ကမအားဖြင့် ပဌမမည် သည် မဟုတ်၊ ဒေသနာက္ကမအားဖြင့် ပဌမ မည်သည်၏အဖြစ်ကိုငှင်း(ဘာဝတ္ထ) ပဌမံ ဒေသိတန္တိ ပဌမံ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) အ-ပစ္စည်း ဒေသိတတဒ္ဓိတ်အနက်၌ သက်သည်ကိုငှင်း(ပစ္စယတ္ထ) သိစေပါသည်။

(ခ) ဖြင့် ပဌမ-၌ အ-ပစ္စည်း၏ ဥပ္ပန္နတဒ္ဓိတ်အနက်၌ သက်သည်ကိုငှင်း(ပစ္စယတ္ထ) ပဌမံ ဥပ္ပန္နန္တိ ပဌမံ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ဥပ္ပတ္တိက္ကမအားဖြင့် ပဌမ မည်သည်၏အဖြစ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ပဌမံ-၌ အ-ပစ္စည်း၏ သမာပဇ္ဇိတဗ္ဗအနက်၌ သက်သည်ကိုငှင်း(ပစ္စယတ္ထ) ပဌမံ သမာ ပဇ္ဇိတဗ္ဗန္တိ ပဌမံ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ပဝတ္တိက္ကမအားဖြင့် ပဌမ မည်သည်၏အဖြစ်

F-22-B

http://www.dhammadownload.com

ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

➢ ❼ ။ (ဂ) **ပိ**-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။ (ဃ) **ပန**-ကား လဒ္ဓဒေါသတ္ထ၊ ဝါကျာရမ္ဘတ္ထ။ **န**-ကား ပဋိသေဓတ္ထ။ (င) **ဟိ**-ကား ဒဠှီကရဏတ္ထ၊ ကာရဏတ္ထ။ **ပိ**-ကား အညမညသမုစ္စယတ္ထ။ (စ) **ပန**-ကား အန္ဝယတ္ထ။ **စေ၀**-ကား နိဂမနတ္ထ။

➢ ❽ ။**ကြိယာဝါးတန်** ။ ။ **အင္ဂသမာပတ္တိလာဘီ-၌ အင္ဂသမာပတ္တိ-အရ** = ရူပဈာန် (၄) ပါး အရူပဈာန်(၄)ပါးကို ယူ၍ (၁) ထိုရူပဈာန် (၄)ပါး အရူပဈာန်(၄)ပါးသည် ဒဿနတ္ထ။ (၂) ပရိကံ ဥပစာ, အနုလုံ, ဂေါတြဘုဟူသော ဥပစာရဘာဝနာသည် ဒီပကတ္ထ။ (၃) ဈာနသမာပတ္တိသုခသည် ပကာသနတ္ထ။ (၄) ပဋ္ဌာနန္တရိယကံမှကင်းခြင်း, တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံခြင်း, အဓိကာရ, ဆန္ဒ, ယောနိသောမနသိကာရ, သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) ဖြဟ္မာ့ပြည်သို့ လားရောက်ရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➢ ❶❷ ။ **စိတ္တာဝသီလာဘော အင္ဂသမာပတ္တိလာဘီ+ပါပေန္တော, ဩက္ကမန္တော, သမာပဇ္ဇိတုံ သက္ကောတိ** ။ ။ အင္ဂသမာပတ္တိလာဘီ-အရ သမာပတ်ရှစ်ပါး ရရှိသောသူတို့၌ရှိသော ဝေဒနာက္ခန္ဓာ ပစ္စည်းတရားသည် ပါပေန္တော, ဩက္ကမန္တော, သမာပဇ္ဇိတုံ သက္ကောတိ-အရ ကြွင်း နာမက္ခန္ဓာ သုံးပါး ပစ္စယုပ္ပန်တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ က္လံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

စိတ္တရေပ်အား- သဟ၊ နိ၊ က္လံ၊ ဈာ၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၇)

မတ္တက်+ပါပေန္တော ။ ။ မတ္တက်-အရ ၁-ပါး ၂-ပါး ၃-ပါးသော နေဝသညာနာသညာယတန နာမက္ခန္ဓာ ပစ္စည်းတရားသည် ပါပေန္တော-၌ ပပုဗ္ဗ အပဓာတ်-အရ ၃-ပါး ၂-ပါး ၁-ပါးသော နေဝသညာနာသညာယတန နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၆)

ပါဠိ (ရ ၈) [ဋ္ဌ၊၂၁၁။ ပြည်၊ဒု၊၂၄၈။ ဘာသာဋီ၊ဒု၊၄၆၆]

(က) ဈာနန္တိ ဒုဝိဓံ ဈာနံ အာရမ္မဏူပနိဇ္ဈာနံ လက္ခဏူပနိဇ္ဈာနံ။

(ခ) တတ္ထ အဋ္ဌ သမာပတ္တိယော ပထဝီကသိဏာဒိအာရမ္မဏံ ဥပနိဇ္ဈာယန္တီတိ "အာရမ္မဏူပနိဇ္ဈာန"န္တိ သင်္ချံ ဂတာ။ (ဂ) ဝိပဿနာမဂ္ဂဖလာနိ ပန လက္ခဏူပနိဇ္ဈာနံ နာမ။

(ဃ) တတ္ထ ဝိပဿနာ အနိစ္စာဒိလက္ခဏဿ ဥပနိဇ္ဈာနတော လက္ခဏူပနိဇ္ဈာနံ။ ဝိပဿနာယ ကတကိစ္စဿ မဂ္ဂေန ဣဇ္ဈနတော မဂ္ဂေါ လက္ခဏူပနိဇ္ဈာနံ။ ဖလံ ပန နိရောဓသစ္စံ တထလက္ခဏံ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာနံ နာမ။

(င) တေသု ဣမသ္မိံ အတ္ထေ အာရမ္မဏူပနိဇ္ဈာနံ အဓိပ္ပေတံ။

(စ) တသ္မာ အာရမ္မဏူပနိဇ္ဈာနတော, ပစ္စနီကဈာပနတော ဝါ ဈာနန္တိ ဝေဒိတဗ္ဗံ။

➢ ❶ ။ (က) ဈာနန္တိ ဈော၌ဈာန်၊သည်။အာရမ္မဏူနိဇ္ဈာနံ၊ကသိုဏ်းစသော အာရုံသို့ ကပ်၍ရှုတတ်သော ဈာန်ငှင်း။လက္ခဏူပနိဇ္ဈာနဥ္စ၊အနိစ္စ-စသော လက္ခဏာသို့ ကပ်၍ ရှုတတ်သော ဈာန်ငှင်း။ဣတိ၊

http://www.dhammadownload.com

သို့။ဒုဝိဓံ၊သည်။ဟောတိ၊၏။ (ခ) တတ္ထ၊ထိုနှစ်ပါးတို့တွင်။အဋ္ဌသမာပတ္တိယော၊ရှစ်ပါးသော သမာပတ်တို့သည်။ပထဝီကသိဏာဒိ အာရမ္မဏံ၊ပထဝီကသိုဏ်းစသော အာရုံသို့။ဥပနိဇ္ဈာယန္တိ၊ကပ်၍ ရှုတတ်ကုန်၏။ ဣတိ တသ္မာ၊ကြောင့်။အာရမ္မဏူပနိဇ္ဈာနန္တိသင်္ချံ၊အာရမ္မဏူပနိဇ္ဈာန်ဟူ၍ ခေါ်ဝေါ်ခြင်းသို့။ဂတာ၊ရောက်ကုန်၏။

(ဂ) ပန၊ထိုမှတပါး။ဝိပဿနာ မဂ္ဂဖလာနိ၊ဝိပဿနာမဂ်, ဖိုလ်တို့သည်။လက္ခဏူပနိဇ္ဈာနံ နာမ၊မည်၏။

(ဃ) တတ္ထ၊ထိုဝိပဿနာမဂ်တို့တွင်။ဝိပဿနာ၊သည်။အနိစ္စာဒိ လက္ခဏာဿ၊အနိစ္စ-စသော လက္ခဏာကို။ဥပနိဇ္ဈာနတော၊ကပ်၍ ရှုတတ်သောကြောင့်။လက္ခဏူပနိဇ္ဈာနံ၊မည်၏။ဝိပဿနာယ၊ဝိပဿနာသည်။ကတကိစ္စဿ၊ပြုအပ်သော ကိစ္စ၏။မဂ္ဂေန၊မဂ်ဖြင့်။ဣဇ္ဈနတော၊ပြည့်စုံခြင်းကြောင့်။မဂ္ဂေါ၊သည်။လက္ခဏူပနိဇ္ဈာနံ၊မည်၏။ပန၊ထိုမှတပါး။ဖလံ၊သည်။တထလက္ခဏံ၊မဖောက်မပြန် ဟုတ်မှန်သော လက္ခဏာရှိသော။နိရောဓ သစ္စံ၊နိရောဓသစ္စာကို။ဥပနိဇ္ဈာယတိ၊ကပ်၍ ရှုတတ်၏။ဣတိ တသ္မာ၊ကြောင့်။လက္ခဏူပနိဇ္ဈာနံ၊မည်၏။

(င) တေသု အာရမ္မဏူပနိဇ္ဈာနာဒီသု၊တို့တွင်။ဣမသ္မိံ အတ္ထေ၊ဤအရာ၌။အာရမ္မဏူနိဇ္ဈာနံ၊ကို။အဓိပ္ပေတံ၊လိုအပ်၏။ (စ) တသ္မာ၊ထို့ကြောင့်။အာရမ္မဏူပနိဇ္ဈာနတော၊ကသိုဏ်း-စသော အာရုံသို့ ကပ်၍ ရှုတတ်သည်၏အဖြစ်ကြောင့်၎င်း။ပစ္စနီကဈာပနတော၊နီဝရဏ-စသော ဆန့်ကျင်ဘက်တရားကို လောင်တတ် ဖုတ်ကြည်းတတ်သည်၏အဖြစ်ကြောင့်၎င်း။[သဒ္ဒတ္ထ](ဝါ) ဝိက္ခမ္ဘနာ၏အစွမ်းဖြင့် စွန့်တတ်, ပယ်တတ်သောကြောင့်၎င်း။[အဓိပ္ပါယတ္ထ] ဈာနံ၊ဈာန်မည်၏။ဣတိ၊သို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

➢ ❷ ။(ခ) သို့/ ဥပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဈာန်သည် အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်အားဖြင့် နှစ်ပါးအပြားရှိသောဟု အကျဉ်းသင်္ခေပကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ထိုအကျဉ်းသင်္ခေပ၏ အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (က) ဖြင့် ဈာန်သည် အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်အားဖြင့် နှစ်ပါးအပြားရှိသောဟု အကျဉ်းသင်္ခေပကိုသာ မပြဆိုသင့်။ ယင်းဈာန်နှစ်မျိုးကို အသီးအသီး အကျယ်ချဲ့၍ ပြဆိုသင့်သေး၏။ ယင်းဈာန်နှစ်မျိုးကို အသီးအသီး အကျယ်ချဲ့၍ ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့-(ခ+ဂ) မိန့်။

(ဂ) သို့/ ဥပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)ဖြင့် အာရမ္မဏူပနိဇ္ဈာန်အရနှင့် အာရမ္မဏူပနိဇ္ဈာန် အမည်ရခြင်းအကြောင်းကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် လက္ခဏူပနိဇ္ဈာန်အရကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ ထို့ကြောင့် (ခ)ဖြင့် အာရမ္မဏူပနိဇ္ဈာန်အရနှင့် အာရမ္မဏူပနိဇ္ဈာန် အမည်ရခြင်း အကြောင်းကိုသာ မပြဆိုသင့်။ လက္ခဏူပနိဇ္ဈာန်အရကိုလည်း ပြဆိုသင့်သေး၏။ လက္ခဏူပနိဇ္ဈာန်အရ ကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဂ) သို့/ ပါပနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် သမာပတ်ရှစ်ပါးတို့သည် ပထဝီကသိုဏ်းစသော အာရုံကို ကပ်၍ ရှုတတ်သောကြောင့် အာရမ္မဏူပနိဇ္ဈာန်မည်၏ဟု အာရမ္မဏူပနိဇ္ဈာန်၏ အကျယ်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် အာရမ္မဏူပနိဇ္ဈာန်၏ အကျယ်ကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် လက္ခဏူပနိဇ္ဈာန်၏ အကျယ်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ လက္ခဏူပနိဇ္ဈာန်၏ အကျယ်ကား အဘယ်

http://www.dhammadownload.com

ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဝိပဿနာ, မဂ်, ဖိုလ်တို့သည် လက္ခဏူပနိဇ္ဈာန်မည်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် [ဝိပဿနာသည် မည်သည့်အကြောင်းကြောင့် လက္ခဏူပနိဇ္ဈာန်မည်၏။ မဂ်သည် မည်သည့်အကြောင်းကြောင့် လက္ခဏူပနိဇ္ဈာန်မည်၏။ ဖိုလ်သည် မည်သည့်အကြောင့် လက္ခဏူပနိဇ္ဈာန်မည်၏ဟူ၍] ဝိပဿနာ, မဂ်, ဖိုလ်တို့၏ လက္ခဏူပနိဇ္ဈာန်မည်ပုံကို အသီးအသီး နာမလာဘဟိတ်တို့ဖြင့် ခွဲခြမ်းစိပ်ဖြာ၍ အကျယ်မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ဂ) ဖြင့် ဝိပဿနာ, မဂ်, ဖိုလ်တို့သည် လက္ခဏူပနိဇ္ဈာန်မည်၏ဟု မဆိုသင့်။ ဝိပဿနာ, မဂ်, ဖိုလ်တို့၏ လက္ခဏူပနိဇ္ဈာန်မည်ပုံကို အသီးအသီး နာမလာဘဟိတ်တို့ဖြင့် ခွဲခြမ်းစိပ်ဖြာ၍ အကျယ်ပြဆိုသင့်သေး၏။ ဝိပဿနာ, မဂ်, ဖိုလ်တို့၏ လက္ခဏူပနိဇ္ဈာန်မည်ပုံကို အသီးအသီး နာမလာဘဟိတ်တို့ဖြင့် ခွဲခြမ်းစိပ်ဖြာ၍ အကျယ်ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့-(ဃ) မိန့်။

(င) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ)(ဃ) ဝါကျတို့ဖြင့် ဈာန်သည် အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်ဟု နှစ်ပါးရှိပုံကို သခေပ ဝိတ္ထာရအားဖြင့် ပြဆိုတော်မူ၏။ ထိုသို့ ဆိုချေသော် ဤ၌ လိုအပ်သော ဈာန်ကို မပြဆိုဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် ဈာန်သည် အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်ဟု နှစ်ပါးရှိပုံကို သခေပ ဝိတ္ထာရ အားဖြင့်သာ မဆိုသင့်။ ဤ၌ လိုအပ်သော ဈာန်ကိုလည်း ပြဆိုသင့်သေး၏။ ဤ၌ လိုအပ်သော ဈာန်ကား အဘယ်ပါနည်း။ (အတိဗျာပိတဒေါသတင်) ဤသို့မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(စ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် ထို အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်တို့တွင် ဤအရာ၌ ဈာန်-အရ အာရမ္မဏူပနိဇ္ဈာန်ကို ယူအပ်၏ဟု မိန့်တော်မူ၏။ ထိုသို့ဆိုချေသော် အာရမ္မဏူပနိဇ္ဈာန် တစ်ပါးသာရှိ၏ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် အာရမ္မဏူပနိဇ္ဈာန်ကို ယူသင့်၏ဟုသာ မဆိုသင့်။ နှစ်ပါးစုံကို ယူသင့်၏။ ယူသင့်လျက် မယူသော် ဆရာ၌ နိရတ္ထကဒေါသ ရောက်ရာ၏။ (စ)မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** စသော ဝါကျတို့ဖြင့် ဈာန်နှစ်မျိုးကို အကျယ်အားဖြင့် ပြသောကြောင့် ဝိရောဓိဒေါသ (ဝါ) ပုနရုတ္တိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဝိပဿနာ, မဂ်, ဖိုလ်တို့၏ လက္ခဏူပနိဇ္ဈာန်မည်ပုံကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဝိပဿနာ, မဂ်, ဖိုလ်တို့၏ လက္ခဏူပနိဇ္ဈာန်မည်ပုံကို အကျယ်အားဖြင့် ခွဲခြမ်းစိပ်ဖြာ၍ ပြသောကြောင့် ဝိရောဓိဒေါသ (ဝါ) ပုနရုတ္တိဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ဤ၌ လိုအပ်သော ဈာန်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို (ဝါ) အတိဗျာပိတဒေါသ ပယ်ပါသည်။ **(စ)** ဖြင့် ရအပ်သော အကျိုး လဒ္ဓဂုဏ်ကို ပြသောကြောင့် နိရတ္ထကဒေါသကို ပယ်ပါသည်။

(င) ၌ အဓိပ္ပေတံ-ကို ထားရှိခြင်းအကြောင်း ။ ။ ဤရူပါဝစရကုသိုလ်အရာ၌ ပဌမံ ဈာန်-ဝယ် ဈာန်-အရ အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်ဟူသော ဈာန်နှစ်မျိုးလုံးကို မယူရ၊ (ပထဝီကသိဏ်-

...သော သဒ္ဒန္တရကိုကို ထောက်ဆ၍) အာရမ္မဏူပနိဇ္ဈာန်ကိုသာ ယူအပ် လိုအပ်၏ဟု ဈာန်သာမညမှ

http://www.dhammadownload.com

ဈာန်ဝိသေသကို စကားလုအားဖြင့် ပြဆိုသော အရာဌာနဖြစ်သောကြောင့် (င) ၌ အဓိပ္ပေတံ-ကို ထားရပါသည်။ **(စ) ၌ တသ္မာ-ကို ထားရခြင်းအကြောင်း** ။ ။ ဤအရာ၌ ဈာန်-အရ အာရမ္မဏူပနိဇ္ဈာန်ကိုသာ ယူအပ်, လိုအပ်၏ဟု ဆိုသဖြင့် ရအပ်သော အကျိုးဂုဏ်ကို ပြလိုသောကြောင့် (စ) ၌ တသ္မာကို ထားရပါသည်။ **(စ) ၌ ဝေဒိတဗ္ဗံ-ကို ထားရခြင်းအကြောင်း** ။ ။ ဈာနနိဒ္ဒေသပါဠိတော်၌ ဈာန်-ဟု သာမညဟောတော်မူထားသည်၊ အာရမ္မဏူပနိဇ္ဈာန်-ဟု ဟောထားသည်မဟုတ်၊ သို့သော်လည်း ပထဝီကသိဏ်-ဟူသော သဒ္ဒန္တရကို ထောက်ဆ၍သာ အာရမ္မဏူပနိဇ္ဈာန်ကို ယူနိုင်၏ဟု ဝက်ဝုတ္တိ, နေယျတ္ထ, အနေကန္တအားဖြင့် ပြသောအရာဌာနဖြစ်သောကြောင့် (စ) ၌ ဝေဒိတဗ္ဗံ-ကို ထားရပါသည်။

(စ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အာရမ္မဏူပနိဇ္ဈာန-ဟူသော အကြောင်းမှတပါး ပစ္စနီကဈာပန-ဟူသော အကြောင်းကို လဲလိုသောကြောင့်၎င်း၊ စေ့စေ့တတ်၏ သြလောကနအနက် အကြောင်းမှတပါး ဒယှနအနက် အကြောင်းတပါးကို လဲလိုသောကြောင့်၎င်း (စ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

➤ ❹ ။ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။ ဥပဂန္တွာ နိဇ္ဈာယတီတိ ဥပနိဇ္ဈာနံ။(ဥပ-ရှေး နိ-ရှေးရှိသော စေ့စေ့တတ်+ယု) * အာရမ္မဏံ ဥပနိဇ္ဈာနံ **အာရမ္မဏူပနိဇ္ဈာနံ**။ (၂) အာရမ္မဏပုဒ်+ဥပနိဇ္ဈာနပုဒ် သည်၎င်း၊ ပထဝီကသိုဏ်းစသော အာရုံ၏ ကပ်၍ရှုတတ်သော ဈာန်နှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အာရုံကို ကပ်၍ရှုခြင်းကြိယာသည် ပဝတ္တိနိမိတ်။

လက္ခီယတိ အနေနာတိ လက္ခဏံ။ လက္ခဏံ ဥပနိဇ္ဈာနံ **လက္ခဏူပနိဇ္ဈာနံ**။ (၂) လက္ခဏပုဒ်+ဥပနိဇ္ဈာနပုဒ်သည်၎င်း၊ လက္ခဏာ၏ ကပ်၍ရှုတတ်သော ဈာန်နှင့် လက္ခဏ+လက္ခဏဝန္တ၊ အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) လက္ခဏာသို့ ကပ်၍ ရှုခြင်းကြိယာသည် ပဝတ္တိနိမိတ်။

အာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ **ဈာနံ**။ (၂) စေ့စေ့တတ်+ယုပစ္စည်းသည်၎င်း၊ ကပ်၍ ရှုခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်တို့၏ ဈာန်အဖြစ်ဖြင့် တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပစ္စနီကဓမ္မေ ဈာပေတီတိ **ဈာနံ**။ (၂) စေ့စေ့တတ်+ယုပစ္စည်းသည်၎င်း၊ လောင်မြိုက်ခြင်း ကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) တူပြီ။ * ဒွေ ဝိဓာ ဧတဿ ဈာနဿာတိ **ဒုဝိဓံ**။

ပထဝီကသိဏံ အာဒိ ဧတဿ အာရမ္မဏဿာတိ ပထဝီကသိဏာဒိ။ ပထဝီကသိဏာဒိစ တံ အာရမ္မဏဉ္စာတိ **ပထဝီကသိဏာဒိအာရမ္မဏံ**။ ဝိပဿနာစ မဂ္ဂေါစ ဖလဉ္စ **ဝိပဿနာမဂ္ဂဖလာနိ**။

နိရုဇ္ဈတိ ဧတ္ထ နိဗ္ဗာနေတိ နိရောဓော။(နိပုဗ္ဗ ရုဓိ+ဏ) သတန် သစ္စံ။ (သာတ+ဏျ)

နိရောဓောယေဝ သစ္စံ **နိရောဓသစ္စံ**။ (၂) နိဗ္ဗာန်၏ တထလက္ခဏာနှင့် လက္ခဏဝန္တ+လက္ခဏ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) နိဗ္ဗာန်၏ တထလက္ခဏာရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

တထန် တထံ။ တထံ လက္ခဏံ ဧတဿာတိ **တထလက္ခဏံ**။ (၂) တထ...

http://www.dhammadownload.com

နိရောဓသစ္စာဟူသော နိဗ္ဗာန်နှင့် လက္ခဏာ+လက္ခဏာဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) နိဗ္ဗာန်၏ တထလက္ခဏာရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)** ဖြင့် ဈာန်သည် အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်အားဖြင့် ဈာန်နှစ်မျိုးရှိသည်၏ အဖြစ်ကို သိစေပါသည်။ (သရူပတ္ထ၊ အဘိဓေယျတ္ထ)

(ခ) ၌ ပထဝိကသိဏာဒိ အာရမ္မဏံ ဥပနိဇ္ဈာယန္တိ-ဖြင့် အာရမ္မဏူပနိဇ္ဈာန်ပုဒ်ကို အာရမ္မဏံ ဥပနိဇ္ဈာယတီတိ အာရမ္မဏူပနိဇ္ဈာန်-ဟု ကတ္တုသာဓနကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) ယုပစ္စည်း ကတ္တုသာဓနအနက်၌ သက်သည်၏ အဖြစ်ကိုငှင်း(ဒု-ပစ္စယတ္ထ) အာရမ္မဏ-အရ ပထဝီကသိုဏ်းစသော အာရုံကို ယူရမည်ကိုငှင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

အဋ္ဌသမာပတ္တိယော-ဖြင့် ဥပနိဇ္ဈာယန္တိ၏ ကတ္တားအဖြစ်ကိုငှင်း(ဘာဝတ္ထ) အာရမ္မဏူပနိဇ္ဈာန်-အရ သမာပတ်ရှစ်ပါးကို ယူရမည်ကိုငှင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

(ဂ) ဖြင့် လက္ခဏူပနိဇ္ဈာန်ပုဒ်ကို လက္ခဏံ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာန်-ဟု ပြု၍ လက္ခဏူပနိဇ္ဈာန် အရ ဝိပဿနာ, မဂ်, ဖိုလ်တို့ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဃ) ၌ ဝိပဿနာ အနိစ္စာဒိလက္ခဏာဿ ဥပနိဇ္ဈာယနတော-ဖြင့် လက္ခဏူပနိဇ္ဈာန်-အရ ဝိပဿနာကို ယူခိုက် လက္ခဏ-အရ အနိစ္စ-စသော လက္ခဏာကို ယူရမည်ကိုငှင်း(ဝါ) လက္ခဏ-အရ အနိစ္စ-စသော လက္ခဏာကို ယူခိုက် ဥပနိဇ္ဈာန-အရ ဝိပဿနာကို ယူရမည်ကိုငှင်း(သရုပ်ကြား အဘိဓေယျတ္ထ) ဥပနိဇ္ဈာန်-၌ ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဥပနိဇ္ဈာယတီတိ ဥပနိဇ္ဈာန်-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) (တနည်း) လက္ခဏံ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာန်-ဟု ကတ္တုသာဓန ကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ပြုရမည်ကိုငှင်း(သမာသလိင်္ဂတ္ထ) အနိစ္စ-စသော လက္ခဏာကို ကပ်၍ ရှုတတ်သောကြောင့် ဝိပဿနာသည် လက္ခဏူပနိဇ္ဈာန်မည်၏ဟူသော အဓိပ္ပါယ်ကိုငှင်း (ဘာဝတ္ထ) သိစေပါသည်။

ဝိပဿနာယ ကတကိစ္စဿ မဂ္ဂေန ဣဇ္ဈနတော မဂ္ဂေါ-ဖြင့် ဝိပဿနာသည် ပြုအပ်သော ကိစ္စ၏ မဂ်ဖြင့် ပြည့်စုံခြင်းကြောင့် မဂ်သည် လက္ခဏူပနိဇ္ဈာန်မည်၏ဟူသော အဓိပ္ပါယ်ကိုငှင်း (ဘာဝတ္ထ) အကြောင်းဖြစ်သော ဝိပဿနာ၏ "လက္ခဏူပနိဇ္ဈာန်"ဟူသော အမည်ကို အကျိုးဖြစ်သော မဂ်၌တင်စား၍ အကျိုးဖြစ်သောမဂ်ကို ကာရဏူပစာရအားဖြင့် လက္ခဏူပနိဇ္ဈာန်-အရ ယူရမည်ကိုငှင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

ဖလံ နိရောဓသစ္စံတထလက္ခဏံ ဥပနိဇ္ဈာယတိ-ဖြင့် လက္ခဏူပနိဇ္ဈာန်-အရ ဖိုလ်ကို ယူခိုက် လက္ခဏ-အရ နိရောဓသစ္စာဟူသော တထလက္ခဏာကို ယူရမည်ကိုငှင်း (ဝါ) လက္ခဏ-အရ နိရောဓသစ္စာဟူသော တထလက္ခဏာကို ယူခိုက် ဥပနိဇ္ဈာန-အရ ဖိုလ်ကို ယူရမည်ကိုငှင်း(သရုပ်ကြား အဘိဓေယျတ္ထ) ဥပနိဇ္ဈာန်-၌ ဥပ-ရှေး နိ-ရှေးရှိသော ဈေဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဥပနိဇ္ဈာယတီတိ ဥပနိဇ္ဈာန်-ဟု ပြုရမည်ကိုငှင်း

http://www.dhammadownload.com

(အဘိဓာနတ္ထ) (တနည်း) လက္ခဏံ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာန်-ဟု ကတ္တုသာဓန ကိတန္တ ဒုတိယာ ဘပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) နိရောဓသစ္စာဟူသော တထလက္ခဏာကို ကပ်၍ ရှုတတ်သောကြောင့် ဖိုလ်သည် လက္ခဏူပနိဇ္ဈာန်မည်၏ဟူသော အဓိပ္ပါယ်ကိုင်း (ဘာဝတ္ထ) သိစေပါသည်။

(ဃ) ဖြင့် ဈာန်သည် အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန်ဟု နှစ်မျိုးရှိသော်လည်း ပထမဈာန် ဥပသမ္ပဇ္ဇ-ဟူသော ပါဠိတော်၌ ဈာန်-အရ ဧကဒေသျူပစာအားဖြင့် အာရမ္မဏူပနိဇ္ဈာန်ကိုသာ ယူရမည် (ဝါ) အာရမ္မဏူပနိဇ္ဈာန်ကိုသာ လိုအပ်သတည်းဟု သိစေပါသည်။(အဘိဓေယျတ္ထ၊ အဓိပ္ပေတတ္ထ)

(ခ) ၌ အာရမ္မဏူပနိဇ္ဈာနတော-ဖြင့် ဈာန်-၌ ဈေဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ယင်း ဈေ ဓာတ်၏ ဩလောကနအနက်ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် သည်ကိုင်း (ဒု-ပစ္စယတ္ထ) အာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာန်-ဟု ပြုရမည်ကိုင်း (အဘိဓာ နတ္ထ) ပထဝီကသိုဏ်း-စသော အာရုံကို ကပ်၍ရှုတတ်သောကြောင့် ဈာန်မည်၏ဟူသော အဓိပ္ပါယ်ကို င်း(ဘာဝတ္ထ) သိစေပါသည်။

ပစ္စနီကဈာပနတော-ဖြင့် ဈာန်-၌ ဈေဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ယင်း ဈေ-ဓာတ်၏ ဒယှနအနက်ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း (ဒု-ပစ္စယတ္ထ) ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာန်-ဟု ပြုရမည်ကိုင်း (အဘိဓာနတ္ထ) နီဝရဏ-စသော ဆန့်ကျင်ဘက် တရားတို့ကို လောင်တတ်, ဖုတ်ကြည်းတတ်သည်၏အဖြစ်ကြောင့် (ဝါ) ဝိက္ခမ္ဘန၏ အစွမ်းဖြင့် စွန့်တတ် ပယ်တတ်သောကြောင့် ဈာန်မည်၏ဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

➤ **၇** ။ **အာရမ္မဏူပနိဇ္ဈာန်-၌** အာ-ကား အာဂန္တာအနက်, အာဂမနအနက်။ ဥပ-ကား ဥပဂမနတ္ထ။ နိ-ကား ဓာတွတ္ထာနုဝတ္တက။ (ဂ+ဃ) **ပန**-ကား ပက္ခန္တရတ္ထ။ **နာမ**-ကား သညာအနက်။

(ခ) တတ္ထ-၌ တ-ကား ဆိုအပ်ပြီးသော အာရမ္မဏူပနိဇ္ဈာန်, လက္ခဏူပနိဇ္ဈာန် နှစ်ပါးကို စွဲသော ကြောင့် ပက္ကန္တဝိသယ။ **(ဃ) တတ္ထ**-၌ တ-ကား ဆိုအပ်ပြီးသော ဝိပဿနာ, မဂ်, ဖိုလ်တို့ကို စွဲသော ကြောင့် ပက္ကန္တဝိသယ။ **(င) တေသု**-၌ တ-ကား ဆိုအပ်ပြီးသော ဈာန်နှစ်ပါးကို စွဲယူသောကြောင့် ပက္ကန္တဝိသယ။(စ) **တသ္မာ**-၌ တ-ကား ကာရကနှင့်တကွ ကြိယာကို စွဲယူသောကြောင့် အနုဘူတဝိသယ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(က) ဈာန်-အရ** = "အာရမ္မဏူပနိဇ္ဈာန်" ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့သည် ဒီပကတ္ထ။ (၃) ဈာနသမာပတ္တိသုခသည် ပကာသနတ္ထ။ (၄) အကုသိုလ် ဂရုကကံမှကင်းခြင်း, တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်းသည် ဝိဘာဝတ္ထ။ (၅) ရူပဘုံ၌ဖြစ်ရခြင်းစသော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

(က) ဈာန်-အရ = "လက္ခဏူပနိဇ္ဈာန်" ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့သည် ဒီပကတ္ထ။ (၃) မဂ္ဂါနန္တရဖိုလ်သည် ပကာသနတ္ထ။ (၄) အကုသိုလ် ဂရုကကံမှကင်းခြင်း, တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်းသည် ဝိဘာဝတ္ထ။ (၅) ဖလသမာပတ္တိသုခ, သုဂတိဘဝသို့ လားရခြင်းမှအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

(ခ) ပထဝီကသိဏာဒိ အာရမ္မဏံ-၌ (၁) ပထဝီကသိုဏ်းအာရုံသည် ဒဿနတ္ထ။ (၂) ပလိ

http://www.dhammadownload.com

ဇောကို ဖြတ်ခြင်း, သပ္ပါယကို မှီဝဲခြင်းသည် ဒီပကတ္တ။ (၃) ပရိကမ္မဘာဝနာသည် ပကာသနတ္တ။ (၄) ကမ္မဋ္ဌာန်းဆရာကို ချဉ်းကပ်မှီဝဲခြင်း စသည်သည် ဝိဘာဝတ္တ။ (၅) ပဋိဘာဂနိမိတ်ထင်ခြင်းစသော အကျိုးသည် အနုဘာဝတ္တ။ **(ဂ) ဝိပဿနာ–အရ** ထုတ်ပုံ (ပထမအုပ်–၅၄၄–ကြည့်) **မဂ္ဂ–အရ** သောတာပတ္တိမဂ်ကို ယူ၍ ထုတ်ပုံ (ပထမအုပ်–၁၈၂–ကြည့်)

ဖလ–အရ "သောတာပတ္တိဖိုလ်" ကို ယူ၍ (၁) သောတာပတ္တိဖိုလ်သည် ဒဿနတ္တ။ (၂) သောတာပတ္တိမဂ်သည် ဒီပကတ္တ။ (၃) ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခသည် ပကာသနတ္တ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်, ဂေါတြဘုဉာဏ် စသည်တို့သည် ဝိဘာဝတ္တ။ (၅) အထက်မဂ်, အထက်ဖိုလ် စသည်တို့သည် အနုဘာဝတ္တ။

ဖလ–အရ "ဖိုလ် ၄–ပါး" ကိုယူ၍ (၁) ယင်းဖိုလ် ၄–ပါးသည် ဒဿနတ္တ။ (၂) မဂ်လေးပါးသည် ဒီပကတ္တ။ (၃) ဖလသမာပတ္တိ, ဖလသမာပတ္တိသုခသည် ပကာသနတ္တ။ (၄) ပရိကံ–စသော ဥပစာရသမာဓိဇောသည် ဝိဘာဝတ္တ။ (၅) ဒိဋ္ဌဓမ္မနိဗ္ဗာနသုခ, အနုပါဒိသေသနိဗ္ဗာနဓာတ်သည် အနုဘာဝတ္တ။

(ဃ) နိရောဓသစ္စ တထလက္ခဏ–အရ "နိဗ္ဗာန်" ကို ယူ၍ (၁) ထိုနိဗ္ဗာန်သည် ဒဿနတ္တ။ (၂) မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် ဒီပကတ္တ။ (၃) သေခြင်းကင်းခြင်း အကျိုးသည် (ဝါ) သံသရာဒုက္ခငြိမ်းခြင်းသည် ပကာသနတ္တ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်သည် ဝိဘာဝတ္တ။ (၅) ဘဝသစ် မဖြစ်ခြင်းသည် အနုဘာဝတ္တ။

(င) အဓိပ္ပာယ်–၌ အဓိ–ရှေး အပိ–ရှေးရှိသော ဣဓာတ်–အရ = အာရမ္မဏူပနိဇ္ဈာန်ကို သိသော အခြင်းအရာအားဖြင့်ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို––သည် ဒဿနတ္တ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္တ။ (၃) အာရမ္မဏူပနိဇ္ဈာန်ကို သိသဖြင့် ယင်းဈာန်ကိုရအောင် အားထုတ်ခြင်းသည် ပကာသနတ္တ။ (၄) အဓိကာရ, ဆန္ဒ, သပ္ပုရိသူပနိဿယ, ပဋ္ဌာနန္တရိယကံမှကင်းခြင်း, တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်း–စသော ရှေးရှေးသော အကြောင်းတရားများသည် ဝိဘာဝတ္တ။ (၅) ဈာန်သမာပတ်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္တ။

(င) အဓိပ္ပာယ်–၌ ဗဟုဗ္ဗီ တ–ပစ္စည်းအရ= အာရမ္မဏူပနိဇ္ဈာန်(သမာပတ်ရှစ်ပါး)ကို ယူ၍ (စာ–၃၂၁–ကြည့်)

➢ **၉** ။ **(ဃ) နိရောဓသစ္စ တထလက္ခဏ–အရ** "နိဗ္ဗာန်"ကို ယူ၍ ထုတ်။

➢ **၁၀** ။ **(ခ) ပထဝီကသိဏာဒိအာရမ္မဏ+ဥပနိဇ္ဈာယန္တိ** ။ ။ ပထဝီကသိဏာဒိ အာရမ္မဏ–အရ ပထဝီကသိုဏ်းစသော အာရုံ ပစ္စည်းတရားသည် ဥပနိဇ္ဈာယန္တိ–အရ သမာပတ်ရှစ်ပါး ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်–မရှိ)

(ဃ) နိရောဓသစ္စ+ဥပနိဇ္ဈာယတိ ။ ။ နိရောဓသစ္စ–အရ နိဗ္ဗာန် ပစ္စည်းတရားသည် ဥပနိဇ္ဈာယတိ–အရ ဖိုလ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်=အာဓိဥပ။

လက္ခဏူပနိဇ္ဈာန် ။ ။ လက္ခဏ–အရ တေဘူမက ပစ္စည်းတရားသည် ဥပနိဇ္ဈာန်–အရ မဂ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်–မရှိ)

http://www.dhammadownload.com

(တနည်း) လက္ခဏာ-အရ နိဗ္ဗာန် ပစ္စည်းတရားသည် ဥပနိဿာန်-အရ မဂ် ပစ္စယုပ္ပန်တရားအား အာရမ္မဏာသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

ပါဠိ (၇၉) [ဋ္ဌ၊၂၁၂။ ပြည်၊ဒု၊၂၄၈။ ဘာသာဋီ၊ဒု၊၄၆၇]

(က) ဥပသမ္ပဇ္ဇာတိ ဥပဂန္တွာ၊ ပါပုဏိတွာတိ ဝုတ္တံ ဟောတိ။

(ခ) ဥပသမ္ပာဒယိတွာ ဝါ၊ နိပ္ဖာဒေတွာတိ ဝုတ္တံ ဟောတိ။

(ဂ) ဝိဘင်္ဂေ ပန ""ဥပသမ္ပဇ္ဇာတိ ပဌမဿ ဈာနဿ လာဘော ပဋိလာဘော ပတ္တိ သမ္ပတ္တိ ဖုသနာ သစ္ဆိကိရိယာ ဥပသမ္ပဒါ""တိ ဝုတ္တံ။

(ဃ) တဿာပိ ဧဝမေဝတ္ထော ဒဋ္ဌဗ္ဗော။

(င) ဝိဟရတီတိ တဒနုရူပေန ဣရိယာပထဝိဟာရေန ဣတိဝုတ္တပ္ပကာရဈာနသမင်္ဂီ ဟုတွာ အတ္တဘာဝဿ ဣရိယနံ ဝုတ္တိံ ပါလနံ ယပနံ ယာပနံ စာရံ ဝိဟာရံ အဘိနိပ္ဖာဒေတိ။

(စ) ဝုတ္တဉှေတံ ဝိဘင်္ဂေ ""ဝိဟရတီတိ ဣရိယတိ ဝတ္တတိ ပါလေတိ ယပေတိ ယာပေတိ စရတိ ဝိဟရတိ၊ တေန ဝုစ္စတိ ဝိဟရတီ""တိ။

➤ ❶ ။ (က) ဥပသမ္ပဇ္ဇာတိ၊ကား။ဥပဂန္တွာ၊ရောက်၍။ပါပုဏိတွာတိ၊ဟူ၍။ဝုတ္တံ၊ဆိုအပ်သည်။ဟောတိ၊၏။ (ခ) ဝါ၊ကား။ဥပသမ္ပာဒယိတွာ၊ပြီးစေ၍။နိပ္ဖာဒေတွာတိ၊နိပ္ဖာဒေတွာဟူ၍။ဝုတ္တံ၊ဆိုအပ်သည် မည်သည်။ဟောတိ၊၏။ (ဂ) ပန၊အထူး။ဝိဘင်္ဂေ၌။ဥပသမ္ပဇ္ဇာတိ၊ကား။ပဌမဈာနဿ၊ကို။လာဘော၊ရခြင်း။ပဋိလာဘော၊ခြင်း။ပတ္တိ၊ရောက်ခြင်း။သမ္ပတ္တိ၊ရောက်ခြင်း။ဖုသနာ၊ထိခြင်း။သစ္ဆိကိရိယာ၊မျက်မှောက်ပြုခြင်း။ ဥပသမ္ပဒါ၊ပြည့်စုံစေခြင်း။ဣတိ၊ဤသို့။ဝုတ္တံ၊၏။ (ဃ) တဿာပိ၊ထိုဘင်း၌ ဆိုအပ်သော စကား၏လည်း။ အတ္ထော၊ကို။ဧဝမေဝ၊ဤအတူလျှင်။ ဒဋ္ဌဗ္ဗော၊၏။ (င) ဝိဟရတီတိ၊ကား။တဒနုရူပေန၊ထိုဈာန်အားလျော်သော။ ဣရိယာပထ ဝိဟာရေန၊ဖြင့်။ဣတိ ဝုတ္တပ္ပကာရ ဈာနသမင်္ဂီ၊ဤသို့ ဆိုအပ်ပြီးသော အပြားရှိသော ဈာန်နှင့် ပြည့်စုံခြင်းရှိသည်။ဟုတွာ၊ဖြစ်၍။အတ္တဘာဝဿ၊အတ္တဘော၏။ကို။ဣရိယနံ-ကိရိယံ၊အမူကို။(ဝါ)ကိစ္စကို။ ဝုတ္တိံ၊သုံးသပ်ခြင်းကို။ပါလနံ၊တခုသော ဣရိယာပုတ်နှင့် ကျင်နာသည်ကို တခုသော ဣရိယာပုတ်ဖြင့် စောင့်ခြင်းကို။ယပနံ ယာပနံ၊မျှခြင်းကို။(ဝါ)ရှည်မြင့်စွာ ကာလတိုင်အောင် ရောက်စေခြင်းကို။စာရံ၊ ကျက်စားခြင်းကို။ဝိဟာရံ၊တခုသော ဣရိယာပုတ်ဖြင့် ကျင်နာခြင်းကို တခုသော ဣရိယာပုတ်ဖြင့် ဖြတ်၍ ဆောင်ခြင်းကို။အဘိနိပ္ဖာဒေတိ၊ပြီးစေ၏။

(စ) ဟိ-သစ္စံ၊မှန်၏။ဝိဘင်္ဂေ၌။ဝိဟရတီတိ၊ (ပ) ဝိဟရတီတိ၊ဟူသော။ဧတံ၊ကို။ဝုတ္တံ၊ပြီ။ဝိဟရတီတိ၊ ကား။ဣရိယတိ၊အတ္တဘော၏အမူကိစ္စကို ပြီးစေ၏။ဝတ္တတိ၊အမူကို ဖြစ်စေ၏။(ဝါ) အတ္တဘောကို ဖြစ်စေ ၏။ပါလေတိ၊တခုသော ဣရိယာပုတ်ဖြင့် ကျင်နာသည်ကို တခုသော ဣရိယာပုတ်ဖြင့် ဖြတ်၍ အတ္တဘော ကို စောင့်၏။ယပေတိ-ယာပေတိ၊အတ္တဘောကို မျှစေ၏။(ဝါ) ရှည်မြင့်စွာသော ကာလတိုင်အောင် အတ္တ ဘောကို ရောက်စေ၏။စရတိ၊ကျက်စား၏။ဝိဟရတိ၊တခုသော ဣရိယာပုတ်ဖြင့် ကျင်နာသည်ကို တခုသော ဣရိယာပုတ်ဖြင့် ဖြတ်၍ အတ္တဘောကိုဆောင်၏။တေန၊ကြောင့်။ဝိဟရတီတိ၊ဟူ၍။ဝုစ္စတိ၊၏။

➤ ❷ ။ **(ခ) သို့/ ပါပနာဒိပဒတ္ထ** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဥပသမ္ပဇ္ဇ-၌ ဥပ,

http://www.dhammadownload.com

သံ-ဥပသာရတို့သည် ဥပလဗ္ဘတိ စသည်တို့၌ကဲ့သို့ နိရတ္ထက, ဓာတွတ္ထာနုဝတ္တကဖြစ်၏၊ ပဒဓာတ်သည် ဂတိအနက်ကိုဟော၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဥပသမ္ပဇ္ဇ-၌ ဥပ, သံ-ဥပသာရတို့သည် နိရတ္ထက, ဓာတွတ္ထာနုဝတ္တက တစ်မျိုးသာဖြစ်သင့်၏၊ ပဒဓာတ်သည် ဂတိအနက်ကိုသာ ဟော၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဥပသမ္ပဇ္ဇ-၌ ဥပ, သံ-ဥပသာရတို့၏ တစ်ခြားဖြစ်သင့်သော အနက်နှင့် ပဒဓာတ်၏ တစ်ခြား ဟောနိုင်သော အနက်တစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဥပသမ္ပဇ္ဇ-၌ ဥပ, သံ-ဥပသာရတို့၏ တစ်ခြားဖြစ်သင့်သော အနက်နှင့် ပဒဓာတ်၏ တစ်ခြား ဟောနိုင်သော အနက်တစ်မျိုးကား အဘယ်ပါနည်း။ (ခ) မိန့်။

(ဂ) သို့/ ပါဝနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် ဥပသမ္ပဇ္ဇာတိ ဥပဂန္ဒွာ စသည်ဖြင့် ဖွင့်ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝိဘင်းပါဠိတော်၌လည်း ဆရာဖွင့်ဆိုသကဲ့သို့ပင် ဟောတော်မူ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဝိဘင်းပါဠိတော်၌ ဟောတော်မူပုံ အထူးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဝိဘင်းပါဠိတော်၌ ဟောကြားပုံ အထူးကို အဘယ်သို့ မှတ်ရပါမည်နည်း။ ဤသို့မေးဖွယ်ရှိသောကြောင့်(ဂ)မိန့်။

(ဃ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဝိဘင်းပါဠိတော်၌ "ဥပသမ္ပဇ္ဇာတိ ပဋ္ဌမဿ ဈာနဿ လာဘော ပဋိလာဘော ပတ္တိ သမ္ပတ္တိ ဖုသနာ သစ္ဆိကိရိယာ ဥပသမ္ပဒါ"ဟု ဘုရားရှင် ဟောတော်မူ၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဥပဂန္ဒွာ စသည်ဖြင့် ဆရာဖွင့်ဆိုအပ်သော သံဝဏ္ဏနာနှင့် ဝိဘင်းပါဠိတော် စကားရပ်တို့ ကွဲပြားဆန့်ကျင်ရာသည် မဟုတ်ပါလော။ ထိုသို့ ကွဲပြားဆန့်ကျင်ရာသောကြောင့် (ဂ) ဖြင့်--မူ၏ဟု မပြဆိုသင့်။ ဥပဂန္ဒွာ စသည်ဖြင့် ဆရာဖွင့်ဆိုအပ်သော သံဝဏ္ဏနာနှင့် မဆန့်ကျင်သော ဝိဘင်းပါဠိတော်၏ အနက်ကိုလည်း ပြဆိုသင့်သေး၏။ ဥပဂန္ဒွာ စသည်ဖြင့် ဆရာဖွင့်ဆိုအပ်သော သံဝဏ္ဏနာနှင့် မဆန့်ကျင်သော ဝိဘင်းပါဠိတော်၏ အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(စ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် ဝိဟရတိပုဒ်၏ အနက်ကို တဒနုရူပေန စသည်ဖြင့် ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝိဟရတိပုဒ်၏ အနက်ကို ဆရာပစ္စက္ခအားဖြင့် မသိနိုင်သည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (င) ဖြင့် ဝိဟရတိပုဒ်၏ အနက်ကို တဒနုရူပေန စသည်ဖြင့် မဖွင့်ဆိုသင့်။ ဝိဟရတိပုဒ်၏အနက်ကို သိကြောင်းဖြစ်သော အာဂမ သာဓကကိုလည်း ပြဆိုသင့်သေး၏။ ဝိဟရတိပုဒ်၏အနက်ကို သိကြောင်းဖြစ်သော အာဂမ သာဓကကား အဘယ်ပါနည်း ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ဥပသမ္ပဇ္ဇ-၌ ဥပ, သံ-ဥပသာရတို့၏ နိရတ္ထကအဖွင့်မှ တပါး သာတ္ထကအဖြစ်ကို ဖွင့်ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဥပသမ္ပဇ္ဇ-ပုဒ်နှင့် ပတ်သက်၍ ဝိဘင်းပါဠိတော်၌ ဟောကြားပုံကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသ

http://www.dhammadownload.com

ကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဝိဘင်းပါဠိတော်၏အနက်နှင့် မဆန့်ကျင်အောင် ပြသောကြောင့် ရှေ့နောက် ဆန့်ကျင်သော ပုဗ္ဗာပရဝိရောဓိဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် (င)ဝါကျလာ စကားရပ်ကို အာဂမ သာဓကဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

(ခ) ၌ ဝါ-သဒ္ဒါကို ထားခြင်းအကြောင်း ။ ။ ဥပသမ္ပဇ္ဇ-၌ ဥပ, သံ-ဥပသာရတို့၏ နိရတ္ထက, ဓာတွတ္ထာနုဝတ္တကမှတပါး သာတ္ထက, ဓာတွတ္ထဝိသေသကအဖြစ်ကို လဲလှယ်ပြလိုသောကြောင့်ငှင်း၊ ပဒဓာတ်၏ ဂတိအနက်မှတပါး ဥပသမ္ပာဒနအနက်ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်ငှင်း (ခ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။ (တနည်း) ဥပသမ္ပဇ္ဇ-ပုဒ်၏ ဥပဂမန, ပါပုဏနအနက်မှတပါး ဥပသမ္ပာဒယန, သာဓန, နိပ္ဖာဒနဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ခ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(ဃ) ၌ ဒဋ္ဌဗ္ဗော-ကို ထားခြင်းအကြောင်း ။ ။ ဝိဘင်းပါဠိတော်၌ ဥပသမ္ပဇ္ဇ-ပုဒ်၏ အနက်ကို ဥပသမ္ပဇ္ဇာတိ ပဋ္ဌမဿ ဈာနဿ စသည်ဖြင့် ဝဏ်ဝုတ္တိ နေယျတ္ထအားဖြင့် ဖွင့်ဆိုအပ်သော်လည်း ဥပသမ္ပဇ္ဇာတိ ဥပဂန္တွာ စသည်ဖြင့် ဤအဋ္ဌကထာ ဖွင့်ဆိုအပ်သည့် အနက်ကိုသာလျှင် မှတ်ယူရမည်ဟု သန္နိဋ္ဌာန်ကျ မုချတ္ထ နီတတ္ထ ဧကန္တအားဖြင့် ပြလိုသောကြောင့် (ဃ) ၌ ဒဋ္ဌဗ္ဗော-ကို ထားရပါသည်။

(စ) ၌ ဝုတ္တံဟေတံ-ကို ထားခြင်းအကြောင်း ။ ။ (င) ဝါကျလာ စကားရပ်ကို ပရဝစန အာဂမ သာဓကတို့ဖြင့် ပြလိုသော အရာဋ္ဌာနဖြစ်သောကြောင့် (စ) ၌ ဝုတ္တံဟေတံ-ကို ထားရပါသည်။

(ဆ) ၌ တေန ဝုစ္စတိ-ကို ထားခြင်းအကြောင်း ။ ။ ဝိဟရတိ-ကို ဣရိယတိ စသည်ဖြင့် ပဒဘာဇနီပြုရခြင်း၏ အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့် တေန ဝုစ္စတိ-ကို ထားရပါသည်။

(တနည်း) ဝိဟရတီတိ ဣရိယတိ စသည်ဖြင့် ဖွင့်ဆိုအပ်ပြီးသော ဝိတ္ထာရ စကားရပ်ကိုပင် အကျဉ်းချုံး၍ နိဂုမ်းအုပ်ပြလိုသောကြောင့် တေန ဝုစ္စတိ-ကို ထားရပါသည်။

➢ **၆** ။ အဝုစ္စိတ္ထာတိ ဝုတ္တော။ (ဝစ+တ) ဝုတ္တော ပကာရော ဝုတ္တပ္ပကာရော။

ဣတိ ဝုတ္တပ္ပကာရော အဿ ဈာနဿာတိ **ဣတိဝုတ္တပ္ပကာရံ**။ (၂) ဤသို့ ဆိုအပ်ပြီးသော အပြား၏ ဈာန်နှင့် ပကာရ+ပကာရဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျပ္ပတ္တိနိမိတ်။

ဣတိဝုတ္တပ္ပကာရံ ဈာနံ ဣတိဝုတ္တပ္ပကာရဈာနံ။

* ဣတိဝုတ္တပ္ပကာရဈာနေန သမင်္ဂီ **ဣတိဝုတ္တပ္ပကာရဈာနသမင်္ဂီ**။ (၂) ဤသို့ဆိုအပ်ပြီးသော အပြားရှိသော ဈာန်၏ မြတ်စွာဘုရားနှင့် ဂုဏ်+ဂုဏီ၊ သံ+သာမိ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျပ္ပတ္တိနိမိတ်။ (၄) ဤသို့ဆိုအပ်ပြီးသော ဈာန်နှင့် ပြည့်စုံတော်မူသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

အတ္တာ ဣတိ ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတ္ထာတိ **အတ္တဘာဝေါ**။ (၂) အတ္တပုဒ်+ဘာဝပုဒ်သည်ငှင်း၊ (ဝါ) အတ္တ-သဒ္ဒါပပဒ ဘူဓာတ်+ဏပစ္စည်းသည်ငှင်း၊ ခန္ဓာပဉ္စက၏ အသိဉာဏ်နှင့် ဝိသယ+ဝိသယီ၊ ဟေတု+ဖလ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျပ္ပတ္တိနိမိတ်။ (၄) ခန္ဓာပဉ္စကဒြဗ်သည် (ဝါ) ခန္ဓာပဉ္စကတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

ပဿိတဗ္ဗောတိ **ဒဋ္ဌဗ္ဗော**။ (ဒိသဓာတ်+တဗ္ဗပစ္စည်း၊ ရှုမှတ်ခြင်းကြိယာ) ဈာနံ ဝိဘဇီယတိ ဧတ္ထ ဧတေနာတိ ဝါ **ဝိဘင်္ဂေါ**။ (ဝိပုဗ္ဗ ဘဇဓာတ်+ဏပစ္စည်း၊ ဝေဖန်ခြင်းကြိယာ)

➢ ❻ ။ **(က)** ၌ ဥပဂန္တွာ-ဖြင့် ဥပသမ္ပဇ္ဇ-၌ ဥပ, သံ-ဥပသာရတို့၏ "ဥပလဗ္ဘတိ" စသည်တို့၌ကဲ့သို့ နိရတ္ထက, ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုငြင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ပဒဓာတ်၏ ဂတိ(ဥပဂမန)အနက်ဟောသည်ကိုငြင်း(ဒု-ဓာတွတ္ထ) ဇ္ဇ-သည် တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုငြင်း(ဒု-ပစ္စယပဒ) သိ။

ပါပုဏိတွာ-ဖြင့် ဥပဂန္တွာ-၌ ဂမုဓာတ်သည် ဉာဏဂတိ, ပဝတ္တနဂတိအနက်တို့ကို မဟော၊ ပါပုဏန ဂတိအနက်ဟောသည်ကိုငြင်း(ဒု-ဓာတွတ္ထ) ဥပ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုငြင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။ (တနည်း:) ပါပုဏိတွာ-ဖြင့် ဥပဂန္တွာ၌ ကပ်တော်မူခြင်းဟူသည် ရောက်တော်မူခြင်း ပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

(ခ) ၌ ဥပသမ္ပာဒယိတွာ-ဖြင့် ဥပသမ္ပဇ္ဇ-၌ ဥပ, သံ-ဥပသာရတို့၏သာတ္ထက, ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုငြင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ပဒဓာတ်၏ ဥပသမ္ပာဒနအနက် ဟောသည်ကိုငြင်း(ဒု-ဓာတွတ္ထ) ဇ္ဇ-သည် တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုငြင်း(ဒု-ပစ္စယပဒ) ဥပသမ္ပဇ္ဇ-၌ ကာရိတ်ပစ္စည်း ကျေနေသည်၏ အဖြစ်ကိုငြင်း(ဘာဝတ္ထ) သိစေပါသည်။

နိပ္ဖာဒေတွာ-ဖြင့် ဥပသမ္ပာဒယိတွာ-၌ ဥပ-ရှေး သံ-ရှေးရှိသော ပဒဓာတ်သည် နိပ္ဖာဒန, သာဓနအနက်ကို ဟော၏ဟု သိစေပါသည်။(ဒု-ဓာတွတ္ထ) (တနည်း:) ပြည့်စုံစေခြင်းဟူသည် ပြီးစေခြင်း ပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ၌ ဝိဟရတီတိ (ပ) အတ္တဘာဝဿ ဣရိယနံ အဘိနိပ္ဖာဒေတိ-ဖြင့် ဝိဟရတိ=တစ်ခုသော ဣရိယာပုထ်ဖြင့် ကျင်နာသည်ကို တစ်ခုသော ဣရိယာပုထ်ဖြင့် ဖြတ်၍ဆောင်၏ဟူသည် အတ္တဘော၏ အမူကိစ္စကို ပြီးစေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဝုတ္တိံ ပါလနံ ယပနံ ယာပနံ စာရံ ဝိဟာရံ-ဖြင့် ဣရိယနံပုဒ်၏ ဝေဝုစ်ပရိယာယ်၏ အဖြစ်ကို သိစေပါသည်။(ပရိယာယ်ပြ အဘိဓေယျတ္ထ)

တဒနုရူပေန ဣရိယာပထဝိဟာရေန ဣတိဝုတ္တပ္ပကာရရဈာနသမင်္ဂီ ဟုတွာ-ဖြင့် အတ္တဘော၏ အမူကိစ္စကို ပြီးစေ၏ဟူသည် ထိုဈာန်အားလျော်သော ဣရိယာပထဝိဟာရဖြင့် ဤသို့ဆိုအပ်ပြီးသော အပြားရှိသော ဈာန်နှင့်ပြည့်စုံခြင်းရှိသည်ဖြစ်၍ ပြီးစေ၏ဟု သိစေပါသည်။(ဘာဝတ္ထ)

➢ ❼ ။ (ဂ) **ပန**-ကား ဝိသေသတ္ထ၊ ဝါကျာရမ္ဘတ္ထ။ (ဃ) **တသော်ပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ **ဝုတ္တာဝေတံ**-၌ ဟိ-ကား ဒဠှီကရဏတ္ထ။

(ဃ) ဝေဓမေဝ-၌ (၁) ဓမ္မသင်္ဂဏီပါဠိတော်နှင့် ဝိဘင်းပါဠိတော်တို့ အနက်တူသည်၏အဖြစ်ဟု ဆိုအပ်သော သဒိသဘောဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) ယင်းပါဠိတော် နှစ်ခုတို့၏ အနက်မတူသည်၏ အဖြစ်ဟု ဆိုအပ်သော ဝိသဒိသဘောဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။

➢ ❽ ။ **ကြိယာဝါးတန်** ။ **(ဃ) ဒဋ္ဌဗ္ဗော-၌ အန္တတ္ထ ဒိသဓာတ်-အရ** = ပညာရှိတို့သန္တာန်၌ အနက်ကို အာရုံပြု၍ ဥပသမ္ပဇ္ဇ-ဟူသော ပါဠိတော်ကို သိသော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏။(ဝါ)

http://www.dhammadownload.com

မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။ (၁) ထို--သည် ဒဿနတ္ထ။ (၂) သင်အံ လေ့ကျက်ဆောင်ရွက်ခြင်း, ကြံစည်တွေးတောခြင်း, ဆုံးဖြတ်ခြင်းဟုဆိုအပ်သော သုတမယဉာဏ်, စိန္တာမယဉာဏ် ပြဋ္ဌာန်းသော ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။ (၃) ပထမဈာန်ကိုရအောင် အားထုတ်ခြင်းဟူသော ကာမာဝစရဘာဝနာသည် ပကာသနတ္ထ။ (၄) အဓိကာရ ဆန္ဒ, သပ္ပုရိသူပနိဿယ, ယောနိသောမနသိကာရ စသည်တို့သည် ဝိဘာဝတ္ထ။ (၅) ပထမဈာန်ကိုရခြင်း, ဈာန်ဝင်စားခြင်း, နီဝရဏကို ပယ်ခွါနိုင်ခြင်း-စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

ဝုတ္တဒွေတံ-၌ ဝုတ္တံ-ဝယ် အန္တတ္ထ ဓာတ်အရ= ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၃) ဝိဟရတီတိ ဣရိယတိ ဝတ္တတိ ပါလေတိ ယပေတိ ယာပေတိ စရတိ ဝိဟရတိ၊ တေန ဝုစ္စတိ ဝိဟရတိ-ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (ဓာ-၄၂၃)

ဝုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = ဝိဟရတီတိ ဣရိယတိ ဝတ္တတိ ပါလတိ ယပေတိ ယာပေတိ စရတိ ဝိဟရတိ၊ တေန ဝုစ္စတိ ဝိဟရတိ-ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (ဓာ-၂၉၀)

➢ **၁၀** ။ **(ဂ) ပဋ္ဌမဿ ဈာနဿ+လာဘော** ။ ။ ပဋ္ဌမဿ ဈာနဿ-အရ ပထမဈာန်ပစ္စည်းတရားသည် လာဘော-အရ ကြွင်းသော သမ္ပယုတ္တနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

ပါဌ် (၈၀) [ဋ္ဌ၊၂၁၂။ ပြည်၊ဒု၊၂၄၉။ ဘာသာဋီ၊ဒု၊၄၆၈]

(က) ပထဝိကသိဏန္တိ ဧတ္ထ ပထဝိမဏ္ဍလမ္ပိ သကလဋ္ဌေန ပထဝိကသိဏန္တိ ဝုစ္စတိ၊

(ခ) တံ နိဿာယ ပဋိလဒ္ဓံ နိမိတ္တမ္ပိ ပထဝိကသိဏနိမိတ္တေ ပဋိလဒ္ဓဈာနမ္ပိ။

(ဂ) တတ္ထ ဣမသ္မိံ အတ္ထေ ဈာနံ ပထဝိကသိဏန္တိ ဝေဒိတဗ္ဗံ။

(ဃ) ပထဝိကသိဏသင်္ခါတံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတီတိ အယမေတ္ထ သင်္ခေပတ္ထော။

➢ **၁** ။ **(က)** ပထဝိကသိဏန္တိ ဧတ္ထ၌။ပထဝီမဏ္ဍလမ္ပိ၊မြေအဝန်းကိုလည်း။သကလဋ္ဌေန၊အလုံးစုံ အကြွင်းမဲ့ကို အာရုံပြုအပ်သော အနက်ကြောင့်။ပထဝိကသိဏန္တိ၊ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ခ) တံ ပထဝိမဏ္ဍလံ၊ထိုမြေအဝန်းကို။နိဿာယ၊မှီ၍။ပဋိလဒ္ဓနိမိတ္တမ္ပိ၊ရအပ်သော ပဋိဘာဂနိမိတ်ကိုလည်း။(ပထဝိကသိဏန္တိ၊ဟူ၍။ဝုစ္စတိ၊၏။မဉ္စာ၊ညောင်စောင်းတို့သည်။ဥက္ကုဋ္ဌိံ၊ကြွေးကြော်ခြင်းကို။ကရောန္တိ၊ပြုကုန်၏။ဣတိ၊သို့။ဝုစ္စတိ ယထာ၊ဆိုအပ်သကဲ့သို့တည်း။) ပထဝိကသိဏနိမိတ္တေ၊ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်၌။ပဋိလဒ္ဓဈာနမ္ပိ၊ရအပ်သော ဈာန်ကိုလည်း။(တံ သဟစရဏတော၊ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ဟူသော အာရုံနှင့်တကွဖြစ်ခြင်းကြောင့်။ပထဝိကသိဏန္တိ၊ဟူ၍။ဝုစ္စတိ၊၏။ကုန္တာ၊လှံတို့သည်။ပစရန္တိ၊ကုန်၏။ဣတိ၊သို့။ဝုစ္စတိ ယထာ၊ဆိုအပ်သကဲ့သို့တည်း။) **(ဂ)** တတ္ထ၊ထိုပထဝိမဏ္ဍလပဋိဘာဂ နိမိတ္တဈာနတို့တွင်။ဣမသ္မိံ အတ္ထေ၊ပဋ္ဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝိကသိဏံဟူသော ဤအရာ၌။ဈာနံ၊ဈာန်ကို။ပထဝိကသိဏန္တိ၊ဟူ၍။ဝေဒိတဗ္ဗံ၊သိအပ်၏။

(ဃ) ပထဝိကသိဏ သင်္ခါတံ၊ပထဝီကသိဏ-ဟု ဆိုအပ်သော။(ဝါ) ပထဝီကသိုဏ်းလျှင် အာရုံရှိသည်ဟု ဆိုအပ်သော။ပဋ္ဌမံ ဈာနံ၊သို့။ဥပသမ္ပဇ္ဇ၊ရောက်၍။ **တနည်းကား**---ပဋ္ဌမံ ဈာနံ၊ကို။ဥပသမ္ပဇ္ဇ၊ပြည့်

http://www.dhammadownload.com

စုံစေပြီး၍။ဝိဟရတိ၊နေ၏။ကွတိအယံ၊ဤဆိုခဲ့ပြီးသည်ကား။ဧတ္တ၊ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝိကသိဏံဟူသော ဤပါဠိ၌။သခေ်ပတ္ထော၊အကျဉ်းဖြစ်သော အနက်တည်း။

➤ ❷ ။ (ခ) သို့/ ပါပနာဒိပဥှက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ပထဝိမဏ္ဍလကို "ပထဝိကသိဏ"ဟူ၍ ဆိုအပ်၏ဟု (ဝါ) ပထဝိမဏ္ဍလသည် ပထဝိကသိဏမည်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပထဝိမဏ္ဍလသည်သာ "ပထဝိကသိဏ"မည်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ပထဝိကသိဏမည်သော တစ်ပါးသော တရားကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ပထဝိကသိဏမည်သော တစ်ပါးသော တရားကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဥပနာပဥှက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)ဝါကျတို့ဖြင့် ပထဝိမဏ္ဍလ, ပဋိဘာဂနိမိတ္တ, ပဋိလဒ္ဓဈာနတို့သည် "ပထဝိကသိဏံ" မည်၏ဟု ဆိုတော်မူ၏။ (ဝါ) ပထဝိကသိဏ၏ သရုပ်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝိကသိဏံ-ဟူသော ဤဈာန်အရာ၌ ပထဝိကသိဏ-အရ ပထဝိမဏ္ဍလ-စသော သုံးမျိုးလုံးကိုပင် ယူအပ်, လိုအပ်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က)(ခ)ဝါကျတို့ဖြင့် ပထဝိမဏ္ဍလ, ပဋိဘာဂနိမိတ္တ, ပဋိလဒ္ဓဈာနတို့သည် "ပထဝိကသိဏံ" မည်၏ဟု မဆိုသင့်။ ဤဈာန်အရာ၌ ပထဝိကသိဏံ ပုဒ်အရ ယူအပ် လိုအပ်သော အတ္ထဝိသေသ, အဓိပ္ပေတတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဤဈာန်အရာ၌ ပထဝိကသိဏံ ပုဒ်အရ ယူအပ် လိုအပ်သော အတ္ထဝိသေသ, အဓိပ္ပေတတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

➤ ❸ ။ ဒေါသပယ် ။ ။ (ခ) ဖြင့် ပဋိလဒ္ဓနိမိတ္တ ပဋိလဒ္ဓဈာနတို့၏လည်း ပထဝိကသိဏမည်ပုံကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ (ဂ) ဖြင့် ဤ၌ ဈာန်ကို ပထဝိကသိဏဟူ၍ သိအပ်၏ဟု ပြဆိုသဖြင့် ပဋိလဒ္ဓနိမိတ္တစသည်တို့၌ အလွန်ပျံ့နှံ့သော အတိဗျာပိတ ဒေါသကို ပယ်ပါသည်။ (ဃ) ဖြင့် (ဂ) ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသ (ဝါ) အကျိုးလဒ္ဓဂုဏ်ကို ပြသောကြောင့် နိရတ္ထကဒေါသကို ပယ်ပါသည်။

(က) ၌ ဝုစ္စတိ-ကို ထားရခြင်းအကြောင်း ။ ။ အလုံးစုံ အကြွင်းမဲ့ အာရုံပြုအပ်သော အနက်ကြောင့် ပထဝိမဏ္ဍလကို "ပထဝိကသိဏံ"ဟူ၍ ဆိုအပ်၏ဟူသော သကတ်အနက်ကို ပြလိုသောကြောင့် (က) ၌ ဝုစ္စတိ-ကို ထားရပါသည်။

(တနည်း) ပထဝိကသိဏ-သဒ္ဒါသည် အလုံးစုံသော မြေကြီးကို ဟောနိုင်ငြားသော်လည်း အထင်ရှား ကေဒေသျူပစာအားဖြင့် ပရိကံ၏ အာရုံဖြစ်သော ပထဝိမဏ္ဍလကိုသာ ယူအပ်၏ဟု "ပထဝိကသိဏံ" ပုဒ်၏ ကေဒေသျူပစာသဒ္ဒါအဖြစ်ကို ပြလိုသောကြောင့် (က) ၌ ဝုစ္စတိ ကို ထားရပါသည်။

(ဂ) ၌ ဝေဒိတဗ္ဗံ-ကို ထားရခြင်းအကြောင်း ။ ။ ပထဝိမဏ္ဍလသည် မုချအားဖြင့် ပထဝိကသိဏမည်၏၊ ပဋိဘာဂနိမိတ်နှင့် ပဋိလဒ္ဓဈာန်တို့သည် ဥပစာအားဖြင့် ပထဝိကသိဏမည်၏။ ထိုတွင်

http://www.dhammadownload.com

ပဋ္ဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ-ဟူသော ဤအရာ၌ ပထဝီကသိဏ-အရ ဌာနျူပစာရတ္တ ဖြစ်သော (ဝါ) ကာရဏူပစာရတ္တဖြစ်သော ပဋိလဒ္ဓဈာန်ကိုသာ ယူရမည်ဟု ဥပစာရတ္တ, နေယျတ္တ, ဝင်္ကတ္တ သံသယတ္တကို ပြလိုသောကြောင့် (ဂ)၌ ဝေဒိတဗ္ဗံ-ကို ထားရပါသည်။

➤ ❾ ။ ပဋိလဗ္ဘတီတိ ပဋိလဒ္ဓံ။ (အသပဒ) ပဋိလာဘိတဗ္ဗန္တိ ပဋိလဒ္ဓံ။(သပဒ)

ပဋိလဒ္ဓံ ဈာနံ **ပဋိလဒ္ဓဈာနံ**။ (၂) ပဋိလဒ္ဓပုဒ်+ဈာနပုဒ်သည်ငှင်း၊ ရအပ်သည်၏အဖြစ်တည်းဟူသော ပဋိလဒ္ဓဘောဂုဏ်၏ ဈာန်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ရအပ်သည်၏ အဖြစ်တည်းဟူသော ပဋိလဒ္ဓဘောဂုဏ်သည် (ဝါ) ရအပ်သော ဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပထန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ပထဝီ။ (ပထဓာတ်+အဝပစ္စည်း၊ နဒါဒိ ဤပစ္စည်း)

ပထတိ ဂစ္ဆတိ ဧတ္ထာတိ ဝါ ပထဝီ။ (ပထ+အဝ-ဤ)

ပထဝတိ ဂစ္ဆတိ ဧတ္ထာတိ **ပထဝီ**။ (၂) ပပုဗ္ဗ ထဝဓာတ်+အ-ပစ္စည်း ဣတ္ထိဇောတက ဤပစ္စည်းသည်ငှင်း၊ သွားခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မြေကြီး၏ ဖြစ်ကြောင်းဖြစ်ရာ ခက်မာသော ဂုဏ်သည် (ဝါ) မြေကြီးဟူသော အမည်သည် ပဝတ္တိနိမိတ်။

ကသတီတိ **ကသိဏံ**။(ကသဓာတ်+ဣဏပစ္စည်း) * ပထဝီယေဝ ကသိဏံ **ပထဝီကသိဏံ**။

(၂) မြေကြီးဒြဗ်၏ သကလဘောဂုဏ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပထဝီကသိုဏ်းတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

မဏ္ဍယတေတိ **မဏ္ဍလံ**။ (၂) မဍိဓာတ်+အလပစ္စည်းသည်ငှင်း၊ တန်ဆာဆင်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကသိုဏ်းဝန်း၏ ဖြစ်ကြောင်းဖြစ်ရာ မြေသားဒြဗ်သည် ပဝတ္တိနိမိတ်။

မဏ္ဍော ပသန္နော ဟုတွာ လာတိ ဂစ္ဆတီတိ ဝါ **မဏ္ဍလံ**။(မဏ္ဍ-သဒ္ဒူပပဒ လာ+အ)

ပထဝီယေဝ မဏ္ဍလံ **ပထဝီမဏ္ဍလံ**။

➤ ❿ ။ **(က)** ၌ သကလဋ္ဌေန-ဖြင့် ပထဝီကသိဏံ-၌ ကသိဏသဒ္ဒါသည် သကလတ္ထဝါစီ ရုဠ္ဌီအနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေပါသည်။(နာမလိင်္ဂပဒတ္တ)

ပထဝီမဏ္ဍလမ္ပိ ပထဝီကသိဏန္တိ ဝုစ္စတိ-ဖြင့် ပထဝီယေဝ ကသိဏံ ပထဝီကသိဏံ-ဟု ဝစနတ္ထ ပြု၍ ပထဝီကသိဏ-အရ ပထဝီမဏ္ဍလကို ယူရမည်ဟု သိစေသည်။(သရုပ်ကြား အဘိဓေယျတ္တ)

(ခ) ၌ တံ နိဿာယ ပဋိလဒ္ဓံ နိမိတ္တမ္ပိ-ဖြင့် ပထဝီကသိဏ-အရ မုချအားဖြင့် ပထဝီမဏ္ဍလ ကိုသာ ယူအပ်သည် မဟုတ်သေး၊ ထိုပထဝီကသိုဏ်းဝန်းကို မှီ၍ရအပ်သော ပဋိဘာဂနိမိတ်ကိုလည်း ဌာနူပစာအားဖြင့် ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္တ)

ပထဝီကသိဏနိမိတ္တေ ပဋိလဒ္ဓဈာနမ္ပိ-ဖြင့် ပထဝီကသိဏ-အရ ပထဝီမဏ္ဍလနှင့် ပဋိဘာဂ နိမိတ်တို့ကိုသာ ယူအပ်သည်မဟုတ်သေး၊ ပထဝီကသိုဏ်း, ပဋိဘာဂနိမိတ်၌ရအပ်သော ဈာန်ကိုလည်း ဌာနျူပစာရအားဖြင့် (ဝါ) ကာရဏူပစာရအားဖြင့် ယူအပ်၏ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္တ)

http://www.dhammadownload.com

(ဂ) ဖြင့် ပထဝီကသိဏ်-အရ ပထဝီမဏ္ဍလကိုင်၊ ပဋိဘာဂနိမိတ်ကိုင်၊ ပဋိလဒ္ဓဈာန်ကိုင်း ယူသင့်သော်လည်း ဤအရာ၌ ပထဝီကသိဏ-အရ ဧကဒေသျူပစာအားဖြင့် ဈာန်ကိုသာ ယူအပ်၊ လို အပ်၏ဟု သိစေပါသည်။(အဘိဓမ္မတ္ထ၊ အဓိပ္ပေတတ္ထ)

➢ **၇** ။ **(က) ပထဝီကသိဏမ္ဗိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘိဏ္ဍနတ္ထ။ (ခ) **ပိ**-ကား အညမညသမုစ္စယတ္ထ။ (ခ) **တံ**-၌ တ-သည် ဆိုခဲ့ပြီးသော ပထဝီမဏ္ဍလပုဒ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ (ဂ) **တဇ္ဇာ**-၌ တ-သည် ဆိုခဲ့ပြီးသော ပထဝီမဏ္ဍလ ပဋိဘာဂနိမိတ္တ ပဋိလဒ္ဓဈာနကို စွဲသောကြောင့် ပက္ကန္တဝိသယ။

➢ **၈** ။ **ကြိယာဝါးတန်** ။ ။ **(ခ) နိမိတ္တမ္ဗိ-အရ** = ပထဝီကသိုဏ်းဝန်းကြောင့်ဖြစ်သော ပထဝီကသိုဏ်းဝန်းနှင့်တူသော အဖို့ရှိသော ပဋိဘာဂနိမိတ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) ပထဝီကသိုဏ်းကို အာရုံပြု၍ဖြစ်သော ဥပစာရဘာဝနာသည် ဒီပကတ္ထ။ (၃) ဈာန်တရားကို ရရှိခြင်း သည် ပကာသနတ္ထ။ (၄) မြေအဝန်းအဝိုင်းသည်ငှင်း, ပရိကမ္မဘာဝနာသည်ငှင်း ဝိဘာဝတ္ထ။ (၅) အာဝဇ္ဇန စသော ဝသီဘော်ငါးပါးကိုရရှိခြင်းသည် အနုဘာဝတ္ထ။

(ဂ) သံဝဏ္ဏနာကို ထောက်၍ ပထဝီကသိဏ-အရ, ပဋိလဒ္ဓဈာန-အရ = ပထမဈာန် ကို ယူ၍ (စာ-၂၆၆-ကြည့်)

➢ **၁၀** ။ **(ခ) တံ+နိဿာယ** ။ ။ တံ-အရ ပထဝီကသိုဏ်းဝန်း ပစ္စည်းတရားသည် နိဿာယ-အရ ပဋိဘာဂနိမိတ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပထဝီကသိဏနိမိတ္တေ ပဋိလဒ္ဓဈာနမ္ဗိ ။ ။ ပထဝီကသိဏနိမိတ္တေ-အရ ပထဝီကသိုဏ်း ပဋိဘာဂနိမိတ် ပစ္စည်းတရားသည် ပဋိလဒ္ဓဈာန်-အရ ပထမဈာန် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါ သည်။ (ပြိုင်-မရှိ)

ပါဠိ (၈၁) [ဋ္ဌ၊၂၁၂။ ပြည်၊ဒု၊၂၅၂။ ဘာသာဋီ၊ဒု၊၄၇၀]

(က) အယမေတ္ထ သင်္ခေပေါ။ (ခ) ဝိတ္ထာရော ပန ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

(ဂ) ယထာ စေတ္ထ၊ ဧဝံ ဣတော ပရေသုပိ။

(ဃ) သဗ္ဗကမ္မဋ္ဌာနာနဉ္ဟိ ဘာဝနာဝိဓာနံ သဗ္ဗံ အဋ္ဌကထာနယေန ဂဟေတွာ ဝိသုဒ္ဓိမဂ္ဂေ ဝိတ္ထာရိတံ။ (င) ကိံ တေန တတ္ထ တတ္ထ ပုန ဝုတ္တေနာတိ န နံ ပုန ဝိတ္ထာရယာမ။

➢ **၁** ။ **(က)** အယံ၊ဤဆိုအပ်ခဲ့ပြီးသည်ကား။ဧတ္ထ၊ဤအဋ္ဌကထာ၌။သင်္ခေပေါ၊တည်း။ **(ခ)** ဝိတ္ထာရောပန၊ကိုကား။ဝိသုဒ္ဓိမဂ္ဂေ၌။ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ဝေဒိတဗ္ဗော၊သိအပ်၏။

(ဂ) စ၊ဆက်။ဧတ္ထ၊ဤပဌမဈာန်၌။ဝိတ္ထာရော၊အကျယ်ကို။ဝိသုဒ္ဓိမဂ္ဂေ၊ဝိသုဒ္ဓိမဂ်၌။ဝုတ္တနယေနေဝ၊သာလျှင်။ဝေဒိတဗ္ဗော ယထာ၊သိအပ်၏သို့။ဧဝံ၊ဤအတူ။ဣတော၊ဤပဌမဈာန်မှ။ပရေသု၊နောက်ဖြစ်ကုန်သော။ဒုတိယဇ္ဈာနာဒီသုပိ၊ဒုတိယဈာန် စသည်တို့၌လည်း။ဝိတ္ထာရော၊ကို။ဝိသုဒ္ဓိမဂ္ဂေ၌။ဝုတ္တနယေနေဝ၊သာလျှင်။ ဝေဒိတဗ္ဗော၊သိအပ်၏။ **(ဃ)** ဟိ-သစ္စံ၊မှန်၏။သဗ္ဗ ကမ္မဋ္ဌာနာနံ၊အလုံးစုံသော ကမ္မဋ္ဌာန်းတို့၏။သဗ္ဗံ၊အလုံး စုံသော။ဘာဝနာ ဝိဓာနံ၊ဘာဝနာအစီအရင်ကို။အဋ္ဌကထာနယေန၊အဋ္ဌကထာနည်းဖြင့်။ဂဟေတွာ၊ယူ၍။ဝိသုဒ္ဓိ

http://www.dhammadownload.com

မဂ္ဂေ၌။ဝိတ္ထာရိတံ၊ချဲ့အပ်ပြီ။ (င) တတ္ထ တတ္ထ၊ထိုထိုအရာ၌။ပုန၊အထပ်ထပ်။ဝုတ္တေန၊ဆိုအပ်သော။တေန ဘာဝနာ ဝိဓာနေန၊ထိုဘာဝနာ အစီအရင်ဖြင့်။ကိံ၊အဘယ်အကျိုးရှိအံ့နည်း။ဣတိ တသ္မာ၊ထိုသို့ အကျိုး မရှိသည်၏အဖြစ်ကြောင့်။ပုန၊အထပ်ထပ်။နံ ဘာဝနာ ဝိဓာနံ၊ထိုဘာဝနာ အစီအရင်ကို။ယမံ၊ငါတို့သည်။ န ဝိတ္ထာရယာမ၊မချဲ့ကုန်အံ့။

➤ ❷ ။ **(ခ) သို့/ ပါပနာဒိပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဤဆိုအပ်ပြီးသည်ကား ဤအဋ္ဌကထာ၌ အကျဉ်းသင်္ခေပတည်းဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤအဋ္ဌကထာ၌ အကျဉ်းသင်္ခေပ ကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း။ ဤ သို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား- (ခ) ဖြင့် အကျယ်ဝိတ္ထာရကို အတိဒေသသံဝဏ္ဏနာနည်းဖြင့် ငါပြဆို၏ဟူလို။

(င) သို့/ ဥပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ)တို့ဖြင့် အကျယ်ဝိတ္ထာရကို ဝိသုဒ္ဓိမဂ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ သိအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤအဋ္ဌကထာ၌လည်း တဖန် အကျယ်ဖွင့်ဆိုသင့်သည် မဟုတ်ပါလော။ ထိုသို့ အကျယ်ဖွင့်ဆိုသင့်လေသောကြောင့် (ခ)(ဂ)တို့ဖြင့် အကျယ်ဝိတ္ထာရကို ဝိသုဒ္ဓိမဂ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ သိအပ်၏ဟု မဆိုသင့်။ ဤအဋ္ဌကထာ၌ တဖန်အကျယ် မဖွင့်ဆိုခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ဤအဋ္ဌကထာ၌ တဖန်အကျယ် မဖွင့်ဆိုခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)(ဂ)** ဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသ (တနည်း) ဂန္ထဂရုဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(ခ) ၌ ဝေဒိတဗ္ဗော-ကို ထားရခြင်းအကြောင်း ။ ။ အကျယ်ဖြစ်သော နည်းကို ဤအဋ္ဌကထာ၌ တိုက်ရိုက်မရှု မသိအပ်၊ ဝိသုဒ္ဓိမဂ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ သိအပ်၏ဟု နေယျတ္ထ, ဝင်္ကတ္ထ, သံသယတ္ထကို ပြလိုသောကြောင့် (ခ) ၌ ဝေဒိတဗ္ဗော-ကို ထားရပါသည်။

➤ ❹ ။ အတ္ထော ကထီယတိ ဇောတယာတိ အဋ္ဌကထာ။

အဋ္ဌကထာယံ အာဂတော နယော **အဋ္ဌကထာနယော**။ (၂) အဋ္ဌကထာပုဒ်+နယပုဒ်သည်ငှင်း ရှေးအဋ္ဌကထာ၏ လာသောနည်းနှင့် ဌာန+ဌာနီ၊ နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျူပ္ပတ္တိနိမိတ်။ (၄) အဋ္ဌကထာနယတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❺ ။ **(င) ပုန**-ကား အပဋ္ဌမတ္ထ။ **န**-ကား ပဋိသေဓတ္ထ။

(ခ) ဝုတ္တနယေနေဝ-၌ (၁) ဝုတ္တနယသည် ဂဟေတဗ္ဗတ္ထ။ (၂) အဝုတ္တနယသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သဒိသနယသည် အနုညာတတ္ထ။

F-25-B

http://www.dhammadownload.com

➤ **၁၀** ॥ (ဃ) **မယာ+ဝိတ္ထာရိတံ** ॥ ॥ မယာ-ဟူသော ပါဠိသေသ ကတ္တားအရ ဝေဒနာက္ခန္ဓာ ပစ္စည်းတရားသည် ဝိတ္ထာရိတံ-၌ ဝိပုဗ္ဗ ထရဓာတ်-အရ ကြွင်း နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဝိ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိ (၈)

ပါဌ် (၈၂) [ဋ္ဌ၊၂၁၃။ ပြည်၊ဒု၊၂၅၃။ ဘာသာဋီ၊ဒု၊၄၇၁]

(က) တသ္မိံ သမယေတိ တသ္မိံ ပဌမဇ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရဏသမယေ။

(ခ) ဖဿော ဟောတီ (ပ) အဝိက္ခေပေါ ဟောတီတိ ဣမေ ကာမာဝစရပဌမကုသလ စိတ္တေ ဝုတ္တပ္ပကာရာယ ပဒပဋိပါဋိယာ ဆပဏ္ဏာသဓမ္မာ ဟောန္တိ။

(ဂ) ကေဝလဉှိ တေ ကာမာဝစရာ၊ ဣမေ ဘူမန္တရဝသေန မဟဂ္ဂတာ ရူပါဝစရာတိ အယမေတ္ထ ဝိသေသော။ (ဃ) သေသံ တာဒိသမေဝ။

(င) ယေဝါပနကာ ပနေတ္ထ ဆန္ဒာဒယော စတ္တာရောဝ လဗ္ဘန္တိ။

(စ) ကောဋ္ဌာသဝါရသုညတဝါရာ ပါကတိကာ ဧဝါတိ။

➤ **၁** ॥ **(က)** တသ္မိံ သမယေတိ၊ကား။တသ္မိံ ပဌမဇ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရဏသမယေ၊ထိုပဌမဈာန်ကို ပြည့်စုံစေ၍ နေသောအခါ၌။ **(ခ)** ဖဿော၊ဖဿသည်။ဟောတိ၊ဖြစ်၏။(ပ) အဝိက္ခေပေါ၊သည်။ ဟောတိ၊၏။ဣတိ၊ဤသို့။ကာမာဝစရ ပဌမ ကုသလစိတ္တေ၌။ဝုတ္တပ္ပကာရာဝ၊ဟောအပ်ပြီးသော အပြားရှိသည်သာလျှင် ဖြစ်ကုန်သော။ပဒပဋိပါဋိယာ၊ပုဒ်စဉ်အားဖြင့်။ဆပဏ္ဏာသ၊ငါးဆယ့်ခြောက်ပါးကုန်သော။ဣမေ ဓမ္မာ၊တို့သည်။ဟောန္တိ၊ကုန်၏။ **(ဂ)** ဟိ-သစ္စံမှန်၏။ကေဝလံ၊သက်သက်။တေ၊ထိုကာမာဝစရ ပဌမ မဟာကုသိုလ်၌ ဟောတော်မူအပ်ကုန်သော ဖဿစသော ငါးဆယ့်ခြောက်ပါးသော တရားတို့သည်။ကာမာဝစရာ၊ ကာမာဝစရတို့သည်။ဟောန္တိ၊ကုန်၏။ဣမေ၊ဤပဌမဈာန်၌ ဟောတော်မူအပ်ကုန်သော ဖဿစသော ငါးဆယ့်ခြောက်ပါးသော တရားတို့သည်။ဘူမန္တရဝသေန၊ဘုံအထူး၏ အစွမ်းဖြင့်။မဟဂ္ဂတာ၊မဟဂ္ဂုတ်ဖြစ်ကုန်သော။ ရူပါဝစရာ၊တို့သည်။ဟောန္တိ၊ကုန်၏။အယံ၊ဤဆိုအပ်ခဲ့ပြီးသော မဟဂ္ဂုတ်အဖြစ်သည်ကား။ဧတ္ထ၊ဤပဌမဈာန် ၌။(ဝါ) ဤ(၅၆)ပါးသော တရားတို့၌။ဝိသေသော၊အထူးတည်း။ **(ဃ)** သေသံ၊ကြွင်းသော စကားရပ်သည်။ တာဒိသမေဝ၊ထိုကာမာဝစရ ပဌမ မဟာကုသိုလ်စိတ်နှင့် တူသည်သာတည်း။ **(င)** ပန၊အထူးကို ဆိုအံ့။ ဧတ္ထ၊ဤပဌမဈာန်၌။(တနည်း)ဤရူပါဝစရကုသိုလ်အဖွင့်၌။ဆန္ဒာဒယော၊ဆန္ဒ အစရှိကုန်သော။စတ္တာရောဝ၊ လေးပါးသာလျှင် ဖြစ်ကုန်သော။ယေဝါပနကာ၊ယေဝါပနက တရားတို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏။

(စ) ကောဋ္ဌာသဝါရ သုညတဝါရာ၊တို့သည်။ပါကတိကာဧဝ၊ပြကတေ့ ရှိကုန်သည်သာလျှင်တည်း။ ဣတိ၊ဤသည်လျှင် စကားတရပ် အပြီးသတ်တည်း။

➤ **၂** ॥ **(ဂ) သို့/ ဋ္ဌပနာပဋ္ဌက** ॥ ॥ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဤရူပါဝစရကုသိုလ်ဈာန် စိတ်၌ ဟောအပ်သော ဖဿ-စသော တရားတို့သည် ကာမာဝစရ ပဌမ မဟာကုသိုလ်စိတ်၌ ဆိုအပ် ပြီးသော (၅၆)ပါးသော တရားတို့**ပင်တည်းဟု** ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ကာမာဝစရ ပဌမကုသိုလ် စိတ်၌ ဟောအပ်သော ဖဿ-စသော တရားတို့သည်လည်း တစ်ပါး၊ ဤရူပကုသိုလ် ပဌမဈာန်စိတ်၌ ဟောအပ်သော ဖဿ-စသော တရားတို့သည်လည်း တစ်ပါးသာ ဖြစ်သည်မဟုတ်ပါလော။ ထို့ကြောင့်

http://www.dhammadownload.com

(ခ) ဖြင့်--ပင်တည်းဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော သဘာဝယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော သဘာဝယုတ္တိကား အဘယ်ပါနည်း။ (ဂ) မိန့်။

(တနည်း) (ပ) ဆိုချေသော် ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်၌ ဟောအပ်သော ဖဿ-စသော တရားတို့နှင့် ဤရူပါဝစရ ကုသိုလ်ပထမဈာန်စိတ်၌ ဟောအပ်သော ဖဿ-စသော တရားတို့သည် ထူးခြားမှုမရှိ၊ အတူတူပင်ဖြစ်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသော ကြောင့် (ခ) ဖြင့်--ပင်တည်းဟု မဆိုသင့်။ ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်၌ ဟောအပ်သော ဖဿ-စသော တရားတို့နှင့် ဤရူပါဝစရ ကုသိုလ်ပထမဈာန်စိတ်၌ ဟောအပ်သော ဖဿ-စသော တရားတို့၏ အထူးကိုလည်း ပြဆိုသင့်သေး၏။ ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်၌ ဟောအပ်သော ဖဿ-စသော တရားတို့နှင့် ဤရူပါဝစရ ကုသိုလ်ပထမဈာန်စိတ်၌ ဟောအပ်သော ဖဿ-စသော တရားတို့၏ အထူးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဖဿ-အစရှိကုန်သော (၅၆)ပါးသော တရားတို့သည် ကာမာဝစရအနေအားဖြင့် ထူးခြားပုံကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤ(၅၆)ပါးမှ ကြွင်းကုန်သော တရားတို့သည်လည်း (၅၆)ပါးသော တရားတို့ကဲ့သို့ ထူးခြား၏ဟု အနက်သဘော ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် (၅၆) ပါးမှ ကြွင်းကုန်သော တရားတို့၏ အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ (၅၆)ပါးမှ ကြွင်းကုန်သော တရားတို့၏ အဖွင့်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ကြွင်းသော စကားသည် ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်နှင့် တူသည်သာတည်းဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ကြွင်းသော စကားရပ် အားလုံးသည်ပင် ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်နှင့် တူ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဤ ရူပါဝစရကုသိုလ် ပထမဈာန်စိတ်၌ ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်နှင့် မတူသော ယေဝါပနက သရုပ်အထူးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား သာမည+ဝိသေသ ဆန့်ကျင်သော ဝိရောဓိဒေါသ (တနည်း) အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤ ရူပါဝစရကုသိုလ် ပထမဈာန်စိတ်၌ ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်နှင့် မတူသော ယေဝါပနက သရုပ်အထူးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(စ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် ယေ ဝါပနက၏ သရုပ်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယေ ဝါပနက ပါဠိ၏ သရုပ်အနက်ကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ကောဋ္ဌာသဝါရ, သုညတဝါရ ပါဠိတော်တို့၏ အနက်တို့ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ကောဋ္ဌာသဝါရ, သုညတဝါရ

http://www.dhammadownload.com

ပါဠိတော်တို့၏ အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

➤ **၃** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် (ခ) ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသ (ဝါ) ထူးခြားဟန်ကို ပြသောကြောင့် သာမညႇဝိသေသ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် (၅၆)ပါးမှ ကြွင်းသော တရားတို့၏ အဖွင့်ကိုပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသ (ဝါ) ကြွင်းသော တရားတို့၏ အဖွင့်ကို အတိဒေသသံဝဏ္ဏနာနည်းအားဖြင့် ဖွင့်ပြသောကြောင့် ဂန္ထဂရုဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် ကြွင်းကုန်သော ယေဝါပနကဓမ္မတို့၏ ထူးခြားဟန်ကို ပြသောကြောင့် သာမညႇဝိသေသ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် ကောဋ္ဌာသဝါရ သုညတဝါရတို့၏ အဖွင့်ကိုပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသ (ဝါ) အတိဒေသ သံဝဏ္ဏနာနည်းအားဖြင့် ဖွင့်ပြသောကြောင့် ဂန္ထဂရုဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။

➤ **၄** ။ ပထမံ ကရီယတီတိ ပကတိ။ ပကတိ ဧတေသံ အတ္ထီတိ **ပါကတိကာ**။

(၂) ပကတိပုဒ်ႇဏိက ပစ္စည်းသည်ငင်း၊ ပကတိဘောဂုဏ်၏ ကောဋ္ဌာသဝါရ, သုညတဝါရတို့နှင့် ဂုဏ်ႇဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။(၄) ပကတိဘောဂုဏ်သည် ပဝတ္တိနိမိတ်။

ပဋိရူပေန ပတနံ **ပဋိပါဋိ**။ (ပတဓာတ်ႇက္လပစ္စည်း)

တမိဝ နံ ဒိဿတီတိ **တာဒိသံ**။ (တ-သဒ္ဒူပပဒ ဒိသႇက္ဝိ)

ယေ ဝါပန ဣတိ ကာယန္တိ ကထီယန္တီတိ **ယေဝါပနကာ**။

ယေဝါပနာတိ ပဒေန ဒေသိတာ **ယေဝါပနကာ**။ (၂) ယေဝါပနပုဒ်ႇကပစ္စည်းသည်ငင်း၊ ယေဝါပန-ဟူသော ပုဒ်၏ ဟောအပ်သော ဆန္ဒ-စသော တရားတို့နှင့် အပေါင်းႇအစိတ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ယေဝါပနပုဒ်ဖြင့် ဟောအပ်သော ဆန္ဒ-စသော တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ **၆** ။ **(က)** ဖြင့် တသ္မိံ သမယေ-အရ ပထမဈာန်ကို ပြည့်စုံစေ၍ နေရာဖြစ်သောအခါ ကာလသမယကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ဖြင့် ရူပါဝစရကုသိုလ် ပထမဈာန်စိတ်၌ ဖဿ (ပ) အဝိက္ခေပတို့သည် ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်၌ ဟောအပ်ပြီးသော အပြားရှိသော ပုဒ်တို့၏ အစဉ်အားဖြင့် ဤ(၅၆)ပါးသော တရားတို့ပင်တည်းဟု သိစေပါသည်။ (သရူပတ္ထ၊ သဒ္ဒါဟော အဘိဓေယျတ္ထ)

➤ **၇** ။ **(ဃ) တာဒိသမေဝ-၌** (၁) သဒိသဘောဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) အသဒိသဘောဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အနုရူပဘောဂုဏ်သည် အနုညာတတ္ထ။

(င) စတ္တာရောဝ-၌ (၁) ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ (၄)ပါးသည် ဂဟေတဗ္ဗတ္ထ။ (၂) ကရုဏာ, မုဒိတာ, ကာယဒုစ္စရိတဝိရတိ, ဝစီဒုစ္စရိတဝိရတိ, မိစ္ဆာဒုစ္စရိတဝိရတိ (၃)ပါး ပေါင်း(၅)ပါးသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဈာန်နှင့် ဆန့်ကျင်ခြင်းသည် အနုညာတတ္ထ။

(စ) ပါကတိကာဝေ-၌ (၁) ပကတိဘောဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) ဝိကတိဘောဂုဏ်သည်

http://www.dhammadownload.com

နိဝတ္တေတဗ္ဗတ္တ။ (၃) ဝုတ္တတ္ထဘာဝသည် အနုညာတတ္တ။

➤ ၉ ။ **ကြိယာငါးတန်** ။ ။ **(က) ပဌမဈ္ဈာနံ-အရ** "ပထမဈာန်"ကို ယူ၍ (စာ-၂၆၆)

သမယဝဏ္ဏနမ္ဘ-ကား "ပဌမဈာန်" ဖြစ်ပါသည်။ (၁) ထိုပဌမဈာန်သည် ဒဿနတ္တ။ (၂) ပထဝီ, ပထဝီ စသည်ဖြင့် စီးဖြန်းပွားများသည်မှစ၍ ဥပစာရဈာန်တိုင်အောင်သည် ဒီပကတ္တ။ (၃) ပစ္စဝေက္ခဏာနှင့် ဒုတိယဈာန် စသည်တို့သည် ပကာသနတ္တ။ (၄) အဓိကာရဆန္ဒ, စတုစက္ကသမ္ပတ္တိ, ယောနိသော မနသိကာရတို့သည် ဝိဘာဝတ္တ။ (၅) နိဗ္ဗေဓဘာဂိယဖြစ်အံ့- ဝိပဿနာ, မဂ်, ဖိုလ်နှင့် နိဗ္ဗာန်တိုင်အောင်သော အကျိုးသည်ငှင်း၊ ဝါသနာဘာဂိယဈာန်ဖြစ်အံ့- ဗြဟ္မာ့ပြည်သို့ လားရခြင်းစသော အကျိုးအဆက်ဆက်သည်ငှင်း အနုဘာဝတ္တ။

➤ ၁၀ ။ **(ခ) ကာမာဝစရပဌမကုသလစိတ္တေ+ဝုတ္တာပ္ပကာရောယ** ။ ။ ကာမာဝစရပဌမကုသလစိတ္တေ-အရ ကာမာဝစရ ပထမ မဟာကုသိုလ်စိတ်၏ နိဒ္ဒေသ သဒ္ဒပဗန္ဓ ပစ္စည်းတရားသည် ဝုတ္တပ္ပကာရောယ-၌ ဝစခတ်-အရ ဒေသနာဉာဏ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

ပါဠိ (၈၃) [ဠ၊၂၁၃။ ပြည်၊ဒု၊၂၅၃။ ဘာသာဋီ၊ဒု၊၄၇၁]

(က) ဒုတိယဇ္ဈာနနိဒ္ဒေသေ ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဝိတက္ကဿစ ဝိစာရဿ စာတိ ဣမေသံ ဒွိန္နံ ဝူပသမာ သမတိက္ကမာ။

(ခ) ဒုတိယဇ္ဈာနက္ခဏေ အပါတုဘာဝါတိ ဝုတ္တံ ဟောတိ။

(ဂ-၁) တတ္ထ ကိဉ္စာပိ ဒုတိယဇ္ဈာနေ သဗ္ဗေပိ ပဌမဇ္ဈာနဓမ္မာ န သန္တိ၊

(ဂ-၂) အညေယေဝ ဟိ ပဌမဇ္ဈာနေ ဖဿာဒယော၊ အညေ ဣဓ၊

(ဂ-၃) ဩဠာရိကဿ ပန ဩဠာရိကဿ အင်္ဂဿ သမတိက္ကမာ ပဌမဇ္ဈာနတော ပရေသံ ဒုတိယဇ္ဈာနာဒီနံ အဓိဂမော ဟောတီတိ ဒီပနတ္ထံ ""ဝိတက္ကဝိစာရာနံ ဝူပသမာ""တိ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (ဃ) အဇ္ဈတ္တန္တိ ဣဓ နိယကဇ္ဈတ္တံ အဓိပ္ပေတံ။

(င) ဝိဘင်္ဂေ ပန ""အဇ္ဈတ္တံ ပစ္စတ္တံ""န္တိ ဧတ္တကမေဝ ဝုတ္တံ။

(စ) ယသ္မာ နိယကဇ္ဈတ္တံ အဓိပ္ပေတံ၊ တသ္မာ အတ္တနိ ဇာတံ, အတ္တနော သန္တာနေ နိဗ္ဗတ္တန္တိ အယမေတ္ထ အတ္ထော။

* **ဝိတက္ကဝိစာရာနံ**=ဝိတက် ဝိစာရတို့၏။(ဝါ)တို့ကို။ဝူပသမာ=ငြိမ်းခြင်းကြောင့်။(ဝါ) လွန်မြောက်ခြင်းကြောင့်။(ဝါ) ဒုတိယဈာန်ခဏ၌ မဖြစ်ခြင်းကြောင့်။(ဝါ) ပယ်ခြင်းကြောင့်။ (က-ခ-နှင့်အညီ)

➤ ၁ ။ **(က)** ဒုတိယဇ္ဈာန နိဒ္ဒေသေ၊၌။ဝိတက္ကဝိစာရာနံ ဝူပသမာတိ၊ကား။ဝိတက္ကဿစ၊ဝိတက်၏ငှင်း။(ဝါ)ကိုငှင်း။ဝိစာရဿစ၊၏ငှင်း။ကိုငှင်း။ဣတိ၊သို့။ဣမေသံဒွိန္နံ၊ဤနှစ်ပါးသော တရားတို့၏။(ဝါ) တို့ကို။ဝူပသမာ၊ငြိမ်းခြင်းကြောင့်။(ဝါ) ငြိမ်းစေခြင်းကြောင့်။သမတိက္ကမာ၊လွန်မြောက်ခြင်းကြောင့်။ **(ခ)** ဒုတိယဇ္ဈာနက္ခဏေ၊ဒုတိယဈာန်ခဏ၌။အပါတုဘာဝါ၊ထင်ရှားမဖြစ်ခြင်းကြောင့်။ဣတိအတ္ထဇာတံ၊ဤ အနက်သဘောကို။ဝုတ္တံ၊ဆိုအပ်သည်။ဟောတိ၊၏။ **(ဂ)** တတ္ထတသ္မိံ ဒုတိယဇ္ဈာန နိဒ္ဒေသေ၊၌။(တနည်း)

http://www.dhammadownload.com

တတ္ထ၊ထိုဝိတက္က ဝိစာရာနံ ဝူပသမာဟူသော ပါဌ်၌။(စောဒနာသောဓနာနယော၊စောဒနာ သောဓနာနည်းကို။ ဧဝံ၊ဤဆိုအပ်လတ္တံ့သော နည်းဖြင့်။ဝေဒိတဗ္ဗော၊သိအပ်၏။) ဒုတိယဈာနေ၌။သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ပဌမဈာနဓမ္မာ၊ပဌမဈာန်တရားတို့သည်။ကိဉ္စာပိ န သန္တိ၊အကယ်၍ကား မရှိကုန်၏ရှင့်။ဟိ-သစ္စံ၊မှန်၏။ (တနည်း) ဟိ-ယသ္မာ၊အကြင်ကြောင့်။ပဌမဇ္ဈာနေ၌။ဖဿာဒယော၊ဖဿ-စသော တရားတို့သည်။အညေယေဝ၊ဒုတိယဈာန်ဖဿ, စသည်တို့မှတပါးတို့သည်သာလျှင်။ဟောန္တိ၊ကုန်၏။ဣဓ၊ဤဒုတိယဈာန်၌။ဖဿာဒယော၊တို့သည်။အညေ-အညေယေဝ၊ပဌမဈာန် ဖဿ-စသည်တို့မှတပါးတို့သည်သာလျှင်။ဟောန္တိ၊ကုန်၏။(တသ္မာ၊ထို့ကြောင့်။ဒုတိယဇ္ဈာနေ၌။သဗ္ဗေပိ၊ကုန်သော။ပဌမဈာနဓမ္မာ၊ပဌမဈာန် တရားတို့သည်။ကိဉ္စာပိ န သန္တိ၊မရှိကုန်။) * ပန၊ထိုသို့ မရှိသော်လည်း။ဩဠာရိကဿ ဩဠာရိကဿ၊ရုန့်ရင်း, ရုန့်ရင်းသော။အင်္ဂဿ၊ဈာန်အင်္ဂါကို။သမတိက္ကမာ၊လွန်မြောက်ခြင်းကြောင့်။ပဌမဈာနတော၊မှ။ပရေသံ၊တပါးကုန်သော။ဒုတိယဈာနာဒီနံ၊ဒုတိယဈာန် အစရှိသည်တို့ကို။အဓိဂမော၊ရခြင်းသည်။ဟောတိ၊၏။ဣတိ ဣမဿ အတ္ထဿ၊ဤအနက်ကို။ဒီပနတ္ထံ၊ပြတော်မူခြင်းအကျိုးငှာ။ဝိတက္က ဝိစာရာနံ ဝူပသမာတိ-မာဟူ၍။ဧဝံ၊ဤသို့။(ဘဂဝတာ၊သည်) ဝုတ္တံ၊ဟောတော်မူအပ်၏။(ဝိတက္က ဝိစာရာနံ တံ သဟဂတာနဉ္စ ဝူပသမာတိဟူသော စကားကို။န ဝုတ္တံ၊ဟောတော်မမူအပ်။) ဣတိ၊သို့။ဝေဒိတဗ္ဗံ၊၏။ **(ဃ)** ဣဓ၊ဤဈာနကထာ၌။နိယကဇ္ဈတ္တံ၊မိမိကိုမှီ၍ဖြစ်သော ။အဇ္ဈတ္တကို။အဇ္ဈတ္တန္တိ။အဇ္ဈတ္တဟူ၍။အဓိပ္ပေတံ၊အလိုရှိအပ်၏။(အဇ္ဈတ္တဇ္ဈတ္တာဒိ၊အဇ္ဈတ္တဇ္ဈတ္တ-စသည်ကို။န အဓိပ္ပေတံ၊မလိုအပ်။) **(င)** ပန ဟိ-သစ္စံ၊မှန်၏။(ဝါ) ပန-ယသ္မာ၊ကြောင့်။ဝိဘင်္ဂေ-ဝိဘင်္ဂေပိ၊ဈာနဝိဘင်းပါဠိတော်၌လည်း။အဇ္ဈတ္တံ ပစ္စတ္တန္တိဟူ၍။ဧတ္တကမေဝ၊ဤမျှလောက်ကိုသာလျှင်။(ဘဂဝတာ၊သည်) ဝုတ္တံ၊ဟောတော်မူအပ်၏။တသ္မာ၊ကြောင့်။အဓိပ္ပေတံ၊အလိုရှိအပ်၏။ **(စ)** စ၊ဆက်။ယသ္မာ၊ကြောင့်။နိယကဇ္ဈတ္တံ၊ကို။အဓိပ္ပေတံ၊အလိုရှိအပ်၏။တသ္မာ၊ကြောင့်။အတ္တနိ၊မိမိ၌။ဇာတံ၊ဖြစ်သော။အတ္တနော၊မိမိ၏။သန္တာနေ၊သန္တာန်၌။နိဗ္ဗတ္တံ၊ဖြစ်သော။ဣတိ အယံ အတ္ထော၊ကို။ဧတ္ထ၊ဤအဇ္ဈတ္တံဟူသော ပုဒ်၌။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

➤ ❷ ။ **(ဂ) သို့/ ဌပနာပဉ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော် ဒုတိယဈာနနိဒ္ဒေသ၌ "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု ဟောတော်မူ၏။ ထိုသို့ဟောတော်မူသော်လည်း ဒုတိယဈာန်၌ ဝိတက်, ဝိစာရသာ မရှိသည် မဟုတ်၊ အလုံးစုံသော ပဌမဈာန်တရားတို့လည်း မရှိကြသည် မဟုတ်ပါလော။ ထိုသို့ မရှိကြသောကြောင့် "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု ဝိသေသ မဟောသင့်။ ဝိတက္ကဝိစာရာနံ တံ သဟဂတာနဉ္စ ဝူပသမာ-ဟု သာမည မဟောမူ၍ "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု ဝိသေသဟောတော်မူရခြင်း၏ အကြောင်းကိုလည်း (ဝါ) အကျိုးကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် (ဝါ) အဘယ်အကျိုးငှာ "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု ဝိသေသ ဟောတော်မူပါသနည်း။ (ဂ) မိန့်။

(ဂ) သို့/ ပါပနာဒိပဉ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟု ဟောတော်မူ၏။ ထိုသို့သာဟောချေသော် ဒုတိယဈာန်၌ ဝိတက် ဝိစာရမှတပါး ပဌမဈာနဓမ္မတို့ မငြိမ်းသေး၊ ရှိကုန်သေး၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ဒုတိယဈာန်၌ အလုံးစုံလည်း ဖြစ်ကုန်သော ပဌမဈာနဓမ္မတို့ မရှိကုန်။ ယင်းသို့ မရှိကုန်သောကြောင့် ဝိတက္ကဝိစာရာနံ တံ သဟဂတာနဉ္စ ဝူပသမာ-ဟု သာမညဟောသင့် ဟောတန်၏။ ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟု ဝိသေသ မဟောသင့်၊

http://www.dhammadownload.com

မဟောတန်။ မဟောသင့်ဘဲလျက် ဟောချေသော် မြတ်စွာဘုရားအား အဗျာပိတဒေါသ, အညမညဝိရောဓိဒေါသ သင့်ရောက်ရာ၏။ အဘယ်ကိုပြခြင်းငှာ ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟု ဟောတော်မူပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ)မိန့်။

အဓိပ္ပါယ်ကား- (ဂ) ဖြင့် ဒုတိယဈာန်၌ အလုံးစုံလည်းဖြစ်ကုန်သော ပဌမဈာန်တရားတို့သည် မရှိကုန်သော်လည်း ရုန့်ရင်းရုန့်ရင်းသော အင်္ဂါကို လွန်မြောက်ခြင်းကြောင့် ပဌမဈာန်မှတပါးကုန်သော ဒုတိယဈာန်စသည်တို့ကို ရခြင်းသည်ဖြစ်၏ဟူသော အနက်ကိုပြခြင်းငှာ ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟု ဝိသေသဟောတော်မူ၍ ဝိတက္ကဝိစာရာနံ တံ သဟဂတာနဉ္စ ဝူပသမာ-ဟု သာမညဟောတော်မူ၏ဟူလို။

(ဂ-၂) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ-၁) ဖြင့် ဒုတိယဈာန်၌ ပဌမဈာန် တရားအားလုံး မရှိကြကုန်ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဒုတိယဈာန်၌ ဖဿ-စသော တရားများလည်း ယှဉ်ကြကုန်သည် မဟုတ်ပါလော။ ထိုသို့ယှဉ်ကြကုန်သောကြောင့် (ဂ-၁) ဖြင့် ဒုတိယဈာန်၌ ပဌမဈာန် တရားအားလုံး မရှိကြကုန်ဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏ ကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ် ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ-၂) မိန့်။

(ဃ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် အဇ္ဈတ္တံ-ဟု ဟောတော်မူ၏။ ဤ မှာသာ ပြဆိုချေသော် အဇ္ဈတ္တ-အရ ဂေါစရဇ္ဈတ္တ, အဇ္ဈတ္တဇ္ဈတ္တ, ဝိသယဇ္ဈတ္တတို့ကိုလည်း ဤ၌ လိုအပ်၏ ဟု မှတ်အပ်သည် မဟုတ်ပါလော။ ထိုသို့ မှတ်အပ်သည်၏အဖြစ်ကြောင့် အဇ္ဈတ္တံ-ဟု ဟောတော်မမူ သင့်။ ဤ၌ လိုအပ်သော နိယကဇ္ဈတ္တကိုလည်း ပြဆိုသင့်သေး၏။ ဤ၌ လိုအပ်သော နိယကဇ္ဈတ္တကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဤဈာနကထာ၌ နိယကဇ္ဈတ္တကို "အဇ္ဈတ္တံ"ဟူ၍ အလိုရှိအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပါဠိတော်၌ အဇ္ဈတ္တံ-ဟု သာမည ဟော တော်မူထားပါလျက် နိယကဇ္ဈတ္တကို လိုအပ်၏ဟု ထူးဆန်းစွာ ဖွင့်ဆိုသော ဆရာ့စကားသည် အာဂုမ်သာဓကေ ဒဋ္ဌီကရဏနှင့်ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ထိုသို့ မခိုင်မြဲရာသောကြောင့် (ဃ) ဖြင့် ဤ ဈာနကထာ၌ နိယကဇ္ဈတ္တကို "အဇ္ဈတ္တံ"ဟူ၍ အလိုရှိအပ်၏ဟု မဆိုသင့်။ ဆရာ့စကားကို ခိုင်မြဲစေတတ်, ပြီးစေတတ်သော အာဂုမ်သာဓကေ, ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို ခိုင်မြဲစေတတ်, ပြီးစေတတ်သော အာဂုမ်သာဓကေ, ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (င) မိန့်။

(စ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် အဇ္ဈတ္တံပုဒ်၏ အဓိပ္ပေတတ္ထ, အဘိဓေယျတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် အဇ္ဈတ္တံပုဒ်၏ အဓိပ္ပေတတ္ထ, အဘိဓေယျတ္ထကိုသာ ပြဆို၍ ဝစနတ္ထ အဘိဓာနတ္ထကို မပြဆိုဟု အနက်သဘော သင့်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ သင့်ရောက်ရာသောကြောင့် (င) ဖြင့် အဇ္ဈတ္တံပုဒ်၏ အဓိပ္ပေတတ္ထ, အဘိဓေယျတ္ထကိုသာ မဆိုသင့်။ အဇ္ဈတ္တံပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထကိုလည်း ပြဆိုသင့်သေး၏။ အဇ္ဈတ္တံပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

http://www.dhammadownload.com

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ဝိရောဓိဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် ပါဠိတော်၌ ဝိတက္ကဝိစာရာနံ တံ သဟဂတာနန္တ ဝူပသမာ-ဟု မဟောဘဲ ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟု ဟောတော်မူခြင်း၏အကြောင်း (ဝါ) အကျိုးကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် အဇ္ဈတ္တ-အရ နိယကဇ္ဈတ္တကို ယူရာ၌ အကြောင်းကိုပြသောကြောင့် (ဝါ) ဝိဘင်း၌ ဟောကြားပုံအထူးကို ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် အဇ္ဈတ္တံပုဒ်၏ အဓိပ္ပေတတ္ထ မှတပါး ဝစနတ္ထကိုပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ (တနည်း) ရအပ်သော အကျိုးလဒ္ဓဂုဏ်ကို ပြသောကြောင့် နိရတ္ထကဒေါသကို ပယ်ပါသည်။

(ခ) ၌ ဣတိ ဝုတ္တံ ဟောတိ-ကို ထားရခြင်းအကြောင်း ။ ။ ဝိတက်, ဝိစာရတို့ကို လွန်မြောက်ခြင်းဟူသော အတ္ထ, သဘာဝအားဖြင့် ဒုတိယဈာန်ခဏ၌ ဝိတက်, ဝိစာရတို့ ထင်ရှားမဖြစ်ခြင်းပင်တည်းဟူသော ဥဇုကတ္ထ, ပဒပိဏ္ဍတ္ထကို ပြလိုသောကြောင့် (ခ) ၌ ဣတိ ဝုတ္တံ ဟောတိ-ကို ထားရပါသည်။ **(ဂ) ၌ ကိဉ္စာပိ-ကို ထားရခြင်းအကြောင်း** ။ ။ ဒုတိယဈာန်ခဏ၌ အလုံးစုံသော ပဌမဈာန်တရားတို့ကို လွန်မြောက်ပြီးဖြစ်ပါလျက် ဝိတက် ဝိစာရ နှစ်ပါးကို လွန်မြောက်သည်ဟု ပြဆိုထားသော "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟူသော ပါဠိတော် ဒေသနာစကားကို မနှစ်သက်၍ (ဂ) ၌ ကိဉ္စာပိ-ကို ထားရပါသည်။

(ဃ) ၌ အဓိပ္ပေတံ-ကို ထားရခြင်းအကြောင်း ။ ။ အဇ္ဈတ္တ-အရ အဇ္ဈတ္တ (၄)မျိုးလုံးနှင့် ဆက်ဆံသော်လည်း ဤဈာနကထာ၌ သမ္ပသာဒနံ စေတောဒိဘာဝံ-ဟူသော ပါဠိတော်ကို ထောက်၍ အဇ္ဈတ္တ-အရ အဇ္ဈတ္တ (၄)မျိုးလုံးကို မယူရ၊ နိယကဇ္ဈတ္တကိုသာ ယူအပ် လိုအပ်၏ဟု အဇ္ဈတ္တ သာမညမှ အဇ္ဈတ္တ ဝိသေသကို စကားလုအားဖြင့် ပြဆိုသောအရာဌာနဖြစ်သောကြောင့် (ဃ)၌ အဓိပ္ပေတံ-ကို ထားရသည်။

(စ) ၌ တသ္မာ-ကို ထားရခြင်းအကြောင်း ။ ။ နိယကဇ္ဈတ္တကို အလိုရှိအပ်သည်၏ အဖြစ်ဟူသော အကြောင်းကာရဏကို ပြလိုသောကြောင့် (စ) ၌ တသ္မာ-ကို ထားရပါသည်။

➤ ❹ ။ ပဌမဇ္ဈာနေ ဥပ္ပန္နာ ဓမ္မာ **ပဌမဇ္ဈာနဓမ္မာ**။ (၂) ပထမဈာန်၏ ဖဿ-စသော တရားတို့နှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျူပ္ပတ္တိနိမိတ်။ (၄) ပထမဈာန်တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဝူပသမနံ **ဝူပသမော**။ (ဝိ-ရှေး ဥပ-ရှေးရှိသော သမုဓာတ်+ဏပစ္စည်း၊ ငြိမ်းခြင်းကြိယာ)

သမတိက္ကမနံ **သမတိက္ကမော**။ (၂) သံ-ရှေး အတိ-ရှေးရှိသော ကမုဓာတ်+အ-ပစ္စည်းသည်ငှါ၊ ကောင်းစွာ လွန်မြောက်ခြင်းကြိယာသည်ငှါ ဖျူပ္ပတ္တိနိမိတ်။ (၄) လွန်မြောက်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။ * ဥဠာရေ နိယုတ္တံ **ဩဠာရိကံ**။ (၂) ဥဠာရပုဒ်+ဏိကပစ္စည်းသည်ငှါ၊ ရုန့်ရင်းသော တရားနှင့်ယှဉ်သော ဈာန်အင်္ဂါတို့၏ နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှါ ဖျူပ္ပတ္တိနိမိတ်။ (၄) ရုန့်ရင်းကြမ်းတမ်းခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

* ဒုတိယံ ဈာနံ ဒုတိယဇ္ဈာနံ။ ဒုတိယဇ္ဈာနဿ ခဏော **ဒုတိယဇ္ဈာနက္ခဏော**။ (တသ္မိံ)

ဖဿော အာဒိ ယေသံ ဓမ္မာနန္တိ **ဖဿာဒယော**။ (၂) ဖဿ-ဟူသော အစ၏ (ဝါ) အစဖြစ်

http://www.dhammadownload.com

သော ဖဿ၏ ပဋမဈ္ဈာနသမ္ပယုတ္တဓမ္မနှင့် အာဒိ+အာဒိဝန္တ (ဝါ) အစိတ်+အပေါင်း အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဖဿ-ဟူသော အစရှိခြင်းဂုဏ်သည် (ဝါ) ဖဿာဒိတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ဝိတက္ကေတီတိ **ဝိတက္ကော**။ အာရမ္မဏေ တေန စိတ္တံ ဝိစရတီတိ **ဝိစာရော**။ (၂) ဝိပုဗ္ဗ စရ ဓာတ်+ဏပစ္စည်းသည်၎င်း၊ လှည့်လည်ခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) စေတသိက်၏ ဝိစာရ အမည်သည် ပဝတ္တိနိမိတ်။

ဝိတက္ကော စ ဝိစာရော စ **ဝိတက္ကဝိစာရော**။ (၂) ဝိတက် ဝိစာရတို့၏ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော (ဝါ) ဝိတက်၏ ဝိစာရနှင့် ငြိမ်းသည်၏အဖြစ်ဖြင့် အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိတက် ဝိစာရတို့၏ အချင်းချင်း ငဲ့ခြင်းဂုဏ်သည် (ဝါ) ဝိတက် ဝိစာရဟူသော အမည်သည် ပဝတ္တိနိမိတ်။

* နိဿာယ ဓာတ် နိယံ။ (နိပုဗ္ဗ ဧန+က္ဂိ) နိယံ ဧဝ **နိယကံ**။

နိယကဉ္စ တံ အဇ္ဈတ္တဉ္စာတိ **နိယကဇ္ဈတ္တံ**။ (၂) မိမိသန္တာန်ကို မှီ၍ဖြစ်ခြင်း နိယကဘောဂုဏ်၏ ဒုတိယဈာန်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) နိယကဇ္ဈတ္တတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

အတ္တနိ ဓာတံ အဇ္ဈတ္တံ။ အတ္တာနံ အဓိကိစ္စ ပဝတ္တံ **အဇ္ဈတ္တံ**။ (၂) မိမိဟူသော အတ္တဘော၏ စွဲ၍ဖြစ်သော ဒုတိယဈာန်နှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) မိမိ၌ဖြစ်ခြင်း (ဝါ) မိမိကို စွဲ၍ဖြစ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)** ၌ ဝိတက္ကဿ စ ဝိစာရဿ စ-ဖြင့် ဝိတက္ကဝိစာရပုဒ်ကို ဝိတက္ကော စ ဝိစာရော စ ဝိတက္ကဝိစာရာ-ဟု ဒွန်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

ဣတိ ဣမေသံ ဒွိန္နံ-ဖြင့် ဝူပသမာ-ကို ငဲ့၍ ဝိတက္ကဝိစာရာနံ-ဟု ဒွန္ဒသောဓနနည်းဖြင့် ဝိဘတျန္တ ခံရမည်ဟု သိစေပါသည်။(ဘာဝတ္ထ) **သမတိက္ကမာ**-ဖြင့် ဝူပသမာ-၌ ငြိမ်းအေးစေခြင်းဟူသည်လည်း ပဟာန်ကို ဤ၌ လိုအပ်၏၊ သန္တိလက္ခဏာရှိသော ငြိမ်သက်ခြင်းကိုကား မလိုအပ်၊ ထိုပဟာန်သည်လည်း ဝိတက်၊ ဝိစာရတို့ကို လွန်ခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(ခ) ၌ ဒုတိယဇ္ဈာနက္ခဏေ အပါတုဘာဝါ-ဖြင့် သမတိက္ကမာ-၌ လွန်မြောက်ခြင်းဟူသည် အတ္ထအားဖြင့် (ဝါ) သဘာဝအားဖြင့် ဒုတိယဈာန်ခဏ၌ ဝိတက်၊ ဝိစာရတို့ ထင်ရှားမဖြစ်ခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(ဃ) ဖြင့် ဤဈာနကထာ၌ အဇ္ဈတ္တံ-အရ ဂေါစရဇ္ဈတ္တ၊ အဇ္ဈတ္တဇ္ဈတ္တ၊ ဝိသယဇ္ဈတ္တတို့ကို မယူရ၊ နိယကဇ္ဈတ္တကိုသာ ယူရမည်(ဝါ) လိုအပ်သတည်းဟု သိစေပါသည်။(အဘိဓေယျတ္ထ၊ အဓိပ္ပေတတ္ထ)

(စ) ၌ အတ္တနိ ဓာတံ-ဖြင့် အဇ္ဈတ္တံပုဒ်ကို အတ္တနိ ဓာတံ အဇ္ဈတ္တံ-ဟု အဗျယီဘာဝသမာသ် ဝစနတ္ထပြုရမည်ကို၎င်း(သမာသလိင်္ဂတ္ထ) အဓိ-ဥပသာရ၏ ဓာတအနက် ဟောသည်ကို၎င်း(ဥပသဂ္ဂလိင်္ဂတ္ထ) သိ။

အတ္တနော သန္တာနေ နိဗ္ဗတ္တံ-ဖြင့် အတ္တနိ ဓာတံ-၌ မိမိ၌ ဖြစ်၏ဟူသည် မိမိသန္တာန်၌ ဖြစ်သတည်း

http://www.dhammadownload.com

(ဝါ) မိမိ၏ စိတ်အစဉ်၌ ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်သတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

➤ ❽ ။ (က) **စ-သဒ္ဒါ** နှစ်လုံးကား အညမညသမုစ္စယတ္ထ။ **ဏ္ဍတိ**-ကား နိဒ္ဒေသနတ္ထ။ (ဂ) **ကိဉ္စာပိ**-ကား အနုဂ္ဂဟတ္ထ, သမ္ဘာဝနတ္ထ။ **ဩဠာရိကဿ ပန**-၌ **ပန**-ကား ဂရဟတ္ထ, အရုစိတ္ထ။ (င) **ဝိဘင်္ဂေ ပန**-၌ ပန-ကား ဒဠှီကရဏတ္ထ၊ ကာရဏတ္ထ။ (တနည်း) အပိသဒ္ဒတ္ထ၊ ဝိသေသတ္ထ။ **ဧတ္တကမေဝ**-၌ ဧဝ-ကား အဝဓာရဏတ္ထ။

(ဂ) အညေယေဝ ဟိ-၌ (၁) ပထမစျာန်ဖဿ စသည်တို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ဒုတိယစျာန် ဖဿ စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပထမစျာန် ဖဿ စသည်တို့၏ ဖုသန-စသော ဂုဏ်တို့သည် အနုညာတတ္ထ။ ✻ **အညေ(ဧဝ) ဏ္ဍစ-၌** (၁) ဒုတိယစျာန်ဖဿ စသည်တို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ပထမစျာန် ဖဿ စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဒုတိယစျာန် ဖဿ စသည်တို့၏ ဖုသန-စသော ဂုဏ်တို့သည် အနုညာတတ္ထ။

(င) ဧတ္တကမေဝ-၌ (၁) အဇ္ဈတ္တံ ပစ္စတ္တံ-ဟူသော စကားသည် ဂဟေတဗ္ဗတ္ထ။ (၂) အဇ္ဈတ္တံ, နိယကဇ္ဈတ္တံ, ဂေါစရဇ္ဈတ္တံ စသော စကားသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အဇ္ဈတ္တံ ပစ္စတ္တံပုဒ်၏ အနက်သည် အနုညာတတ္ထ။

➤ ❾ ။ **ကြိယာငါးတန်** ။ ။ **(ဂ) ဧဝံ ဝုတ္တံ-၌ ဝုတ္တံ-ဝယ် အန္တတ္ထ ဝစနတ်-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

ဝုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်းအရ =ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသော ဝစီဘေဒသဒ္ဒကိုယူ၍ (စာ-၂၉၀-ကြည့်) **ဝေဒိတဗ္ဗံ-၌ ဓာတ်-အရ** = သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူ။

ဩဠာရိကဿ အင်္ဂဿ-၌ အင်္ဂဿ-အရ = ဝိတက်, ဝိစာရကို ယူ၍ ထုတ်။

ဒုတိယဇ္ဈာနာဒီနံ အဓိဂမော ဟောတိ-၌ ဒုတိယစျာန် ကို ယူ၍ (၁) ထိုဒုတိယစျာန်သည် ဒဿနတ္ထ။ (၂) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့သည် ဒီပကတ္ထ။ (၃) ဒုတိယဇ္ဈာန သမာပတ္တိသုခသည် ပကာသနတ္ထ။ (၄) ပထမစျာန် စသည်တို့သည် (ဝါ) အဓိကာရ, ဆန္ဒ, ယောနိသော မနသိကာရစသည်၊ ပဋ္ဌာနန္တရိယကံမှကင်းခြင်း, တိဟိတ်ပဋိသန္ဓေနေခဲ့ခြင်း စသည်သည် ဝိဘာဝတ္ထ။ (၅) ဒုတိယစျာန် ဗြဟ္မာဘုံ၌ ဖြစ်ရခြင်းစသော အကျိုးအဆက်ဆက်တို့သည် အနုဘာဝတ္ထ။

အဇ္ဈတ္တံ, နိယကဇ္ဈတ္တံ အဓိပ္ပေတံ ပုဒ်လုံးအရ= "ဒုတိယစျာန်" ကို ယူ၍ထုတ်။

ဝိတက္ကဝိစာရာနံ ဝူပသမာ-အရ = (၁) ဒုတိယစျာန်၏ ရှေ့အဖို့၌ဖြစ်သော ဥပစာရဘာဝနာသည် ဒဿနတ္ထ။ (၂) ဝိတက် ဝိစာရတို့ငြိမ်းခြင်း, ပထမစျာန်ကို လွန်မြောက်ခြင်းအကြောင်းသည် ဒီပကတ္ထ။ (၃) ဒုတိယစျာန်ကို ရရှိခြင်းအကျိုးသည် ပကာသနတ္ထ။ (၄) တိဟိတ်ပဋိသန္ဓေ နေခဲ့ရခြင်း, ပဋ္ဌာနန္တရိယကံမှ လွတ်မြောက်ခြင်း, ပထမစျာန်ကို ရရှိပြီးခဲ့ခြင်း အကြောင်းတို့သည် ဝိဘာဝတ္ထ။ (၅) ဒုတိယစျာန် သမာပတ် ချမ်းသာကို ခံစားရခြင်း, ဒုတိယစျာန်ဘုံ၌ ပဋိသန္ဓေနေရခြင်း စသည်သည် အနုဘာဝတ္ထ။

➤ ❶❿ ။ **ဝိတက္ကဝိစာရာနံ ဝူပသမော** ။ ။ ဝိတက္ကဝိစာရာနံ-အရ ပထမစျာန်

http://www.dhammadownload.com

ဝိတက်, ဝိစာရ ပစ္စည်းတရားသည် ရူပသမာ-အရ ဒုတိယဈာန် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ **(ဂ) ပဌမဇ္ဈာနတော+ဒုတိယဇ္ဈာနာဒီနံ** ။ ။ ပဌမဇ္ဈာနတော-အရ ပထမဈာန် ပစ္စည်းတရားသည် ဒုတိယဇ္ဈာနာဒီနံ-အရ ဒုတိယဈာန်စသည် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

အင်္ဂဿ-အရ ရှန့်ရင်းသော ဝိတက် ဝိစာရ ပစ္စည်းတရားသည် **သမတိက္ကမာ**-အရ ဥပစာရ ဘာဝနာ စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သမတိက္ကမာ-အရ ဥပစာရ ဘာဝနာ စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် **ဒုတိယဇ္ဈာနာဒီနံ အဓိဂမော** -အရ ဒုတိယဈာန် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(စ) အတ္တနိ+ဇာတံ ။ ။ ဇာတံ-အရ ဒုတိယဈာန် ပစ္စည်းတရားသည် အတ္တနိ-အရ ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

အတ္တနော သန္တာနေ နိဗ္ဗတ္တံ ။ ။ အတ္တနော သန္တာနေ-အရ ဒုတိယဈာန်နှင့်ယှဉ်သော စိတ် ပစ္စည်းတရားသည် နိဗ္ဗတ္တံ-အရ ဒုတိယဈာန် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဓိ၊ သဟ၊ ည၊ နိ၊ ဟာ၊ ဣ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

ပါဠိ (၈၄) [ဋ္ဌ၊၂၁၃။ ပြည်၊ဒု၊၂၆၀။ ဘာသာဋီ၊ဒု၊၄၇၃]

(က) **သမ္ပသာဒနန္တိ သမ္ပသာဒနံ ဝုစ္စတိ သဒ္ဓါ။**

(ခ) **သမ္ပသာဒနယောဂတော ဈာနမ္ပိ သမ္ပသာဒနံ၊ နီလဝဏ္ဏယောဂတော နီလဝတ္ထံ ဝိယ။**

(ဂ) **ယသ္မာ ဝါ တံ ဈာနံ သမ္ပသာဒနသမန္နာဂတတ္တာ ဝိတက္ကဝိစာရက္ခောဘဝူပသမနေနစ စေတော သမ္ပသာဒယတိ၊ တသ္မာပိ ""သမ္ပသာဒန""န္တိ ဝုတ္တံ။**

(ဃ) **ဣမသ္မိဉ္စ အတ္ထဝိကပ္ပေ ""သမ္ပသာဒနံ စေတသော""တိ ဧဝံ ပဒသမ္ဗန္ဓော ဝေဒိတဗ္ဗော။**

(င) **ပုရိမသ္မိံ ပန အတ္ထဝိကပ္ပေ ""စေတသော""တိ ဧတံ ဧကောဒိဘာဝေန သဒ္ဓိံ ယောဇေတဗ္ဗံ။**

* **သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ-ကို အဖွင့်နှင့်အညီ** ။ ။ စေတသော၊စိတ်ကို။သမ္ပသာဒနံ၊သမ္ပသာဒန-ဟု ဆိုအပ်သော သဒ္ဓါနှင့် ပြည့်စုံခြင်းကြောင့်၎င်း, ဝိတက် ဝိစာရတို့၏ ချောက်ချားခြင်းမှ ငြိမ်းခြင်းကြောင့်၎င်း ကြည်လင်စေတတ်သော။ (ဂ-ဃ-နှင့်အညီ)

(တနည်း) သမ္ပသာဒနံ၊သဒ္ဓါနှင့်ယှဉ်သော(ဝါ) သဒ္ဓါနှင့်ယှဉ်ခြင်းကြောင့် သမ္ပသာဒနမည်သော။ စေတသော၊စိတ်၏။ဧကောဒိဘာဝံ၊မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကို တိုးပွားစေတတ်သော။(က-ခ-င)

➤ ❶ ။ **(က)** သမ္ပသာဒနန္တိ ဧတ္ထ၊-နံဟူသော ဤပါဌ်၌။သဒ္ဓါ၊ကို။သမ္ပသာဒနံ၊ဟူ၍။ဝုစ္စတိ၊၏။ **(ခ)** သမ္ပသာဒန ယောဂတော၊သဒ္ဓါနှင့်ယှဉ်ခြင်းကြောင့်။ဈာနမ္ပိ၊ကိုလည်း။သမ္ပသာဒနံ၊ဟူ၍။ဝုစ္စတိ၊၏။ကိမိဝ၊အဘယ်ကဲ့သို့နည်းဟူမူကား။နီလဝဏ္ဏယောဂတော၊ညိုသော အဆင်းနှင့်ယှဉ်ခြင်းကြောင့်။နီလဝတ္ထံ၊ အဝတ်ကို နီလဟူ၍။ဝုစ္စတိ ဝိယ၊ဆိုအပ်၏သို့တည်း။ **(ဂ)** ဝါ၊တနည်းကား။ယသ္မာ၊ကြောင့်။တံ ဈာနံ၊ ထိုဒုတိယဈာန်သည်။ကို။သမ္ပသာဒန သမန္နာဂတတ္တာ၊သမ္ပသာဒနဟု ဆိုအပ်သော သဒ္ဓါနှင့်အညီအညွတ်

http://www.dhammadownload.com

တကွ တစပ်တည်းဖြစ်ခြင်းကြောင့်၎င်း။ဝိတက္က ဝိစာရက္ခောဘဝူပသမနေနစ၊မငြိမ်မသက် လောက်လက်ချောက်ချား မြူးစားတတ်သော ဝိတက် ဝိစာရကို ငြိမ်းစေခြင်းကြောင့်၎င်း။စေတသော၊စိတ်ကို။သမ္ပသာဒယတိ၊ကြည်စေတတ်၏။တသ္မာပိ၊ထို့ကြောင့်လည်း။သမ္ပသာဒနန္တိ၊ဟူ၍။(ဘဂဝတာ၊သည်)ဝုတ္တံ၊၏။

(ဃ) စ၊စာစပ်သမ္ဗန် ထူးဟန်ကိုဆိုအံ့။ဣမသ္မိံ အတ္ထဝိကပ္ပေ၊စေတသော သမ္ပသာဒယတိဟူသော ဤဒုတိယအတ္ထဝိကပ်၌။စေတသော၊စိတ်ကို။သမ္ပသာဒနံ၊ကြည်စေတတ်သော။ဣတိ ဧဝံ၊ဤသို့။(ကမ္မကမ္မိဘာဝေန၊ကမ္မ+ကမ္မိ အဖြစ်ဖြင့်။)ပဒသမ္ဗန္ဓော၊ပုဒ်တို့၏ ဆက်စပ်ခြင်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

(င) ပန၊ရှေးဝိကပ်၌ ယောဇနာကို ပြန်၍ဆိုအံ့။ပုရိမသ္မိံ၊သမ္ပသာဒနယောဂတော ဈာနံ သမ္ပသာဒနံ ဟူ၍ ရှေး၌ ဆိုခဲ့သော။အတ္ထဝိကပ္ပေ၌။စေတသောတိဧတံ၊စေတသောဟူသော ဤပုဒ်ကို။ဧကောဒိဘာဝေန၊ဧကောဒိဘာဝသဒ္ဒါနှင့်။သဒ္ဓိံ၊တကွ။(သာမိသံဘာဝေန၊သာမိ+သံ အဖြစ်ဖြင့်။) ယောဇေတဗ္ဗံ၊ယှဉ်အပ်၏။

➢ **၂** ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က)ဖြင့် သဒ္ဓါကို သမ္ပသာဒနဟူ၍ ဆိုအပ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သဒ္ဓါသည်သာလျှင် သမ္ပသာဒနမည်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် သမ္ပသာဒနမည်သော တပါးသော တရားတို့ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ သမ္ပသာဒနမည်သော တပါးသော တရားတို့ကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။ [ဈာနမ္ဘိ-၌ ပိ-ကို ရှုသည်။]

(ဂ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် သမ္ပသာဒန-ဟု ဆိုအပ်သော သဒ္ဓါနှင့်ယှဉ်ခြင်းကြောင့် ဒုတိယဈာန်ကို သမ္ပသာဒနဟူ၍ ဆိုအပ်သောဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းအကြောင်းတစ်မျိုးကြောင့်သာ ဒုတိယဈာန်သည် သမ္ပသာဒနမည်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ခ) ဖြင့် သမ္ပသာဒန-ဟု ဆိုအပ်သော သဒ္ဓါနှင့်ယှဉ်ခြင်းကြောင့် ဒုတိယဈာန်ကို သမ္ပသာဒနဟူ၍ ဆိုအပ်သောဟု မဆိုသင့်။ ဒုတိယဈာန်၏ သမ္ပသာဒန မည်ခြင်း၏ အကြောင်းတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ ဒုတိယဈာန်၏ သမ္ပသာဒန မည်ခြင်း၏ အကြောင်းတစ်မျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ) ဝါကျတို့ဖြင့် သမ္ပသာဒနံပုဒ်၏ ပဒတ္ထသံဝဏ္ဏနာကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပဒသမ္ဗန္ဓကို မပြဆိုဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် သမ္ပသာဒနံပုဒ်၏ ပဒတ္ထသံဝဏ္ဏနာကို သာ မပြဆိုသင့်။ သမ္ပသာဒနံပုဒ်၏ ပဒသမ္ဗန္ဓကိုလည်း ပြဆိုသင့်သေး၏။ သမ္ပသာဒနံပုဒ်၏ ပဒသမ္ဗန္ဓကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(ဃ)(င) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ) ဝါကျတို့ဖြင့် သမ္ပသာဒနပုဒ်၏ ဉပစာ မုချအားဖြင့် အတ္ထဝိကပ် နှစ်မျိုးကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဆိုခဲ့ပြီးသော အတ္ထဝိကပ်များအရ ပါဠိတော်၌ စာစပ်သမ္ဗန် ထူးခြားမှု မရှိဟု အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဆိုခဲ့ပြီးသော အတ္ထဝိကပ်များအရ

http://www.dhammadownload.com

ပါဠိတော်၌ စာစပ်သမ္ဗန်ထူးခြားဟန်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ဆိုခဲ့ပြီးသော အတ္ထဝိကပ်များအရ ပါဠိတော်၌ စာစပ်သမ္ဗန်ထူးခြားဟန်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ)(င) တို့ကိုမိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် သဒ္ဒါ-ဟုဆိုအပ်သော ဂုဏ်၏ မုချအားဖြင့် သမ္ပသာဒနမည်သည်မှတပါး ဈာန်ဟုဆိုအပ်သော ဂုဏော၏ ဥပစာရအားဖြင့် သမ္ပသာဒနမည်ပုံ တစ်မျိုးကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဈာန်၏ ဂုဏူပစာအားဖြင့် သမ္ပသာဒနမည်သည်မှတပါး ဈာန်၏ မုချအားဖြင့် သမ္ပသာဒနမည်ပုံတစ်မျိုးကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဃ)(င)** တို့ဖြင့် အတ္ထဝိကပ်အားလျော်စွာ စာစပ်သမ္ဗန် ထူးခြားဟန်ကို ပြသောကြောင့် (ဝါ) ပဒတ္ထမှတပါး ပဒသမ္ဗန္ဓကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(င) ဖြင့် စေတော သမ္ပသာဒယတိ-ဟူသော ပစ္ဆိမ(ဒုတိယ) အတ္ထဝိကပ်၌ ပဒသမ္ဗန္ဓမှတပါး သမ္ပသာဒနယောဂတော ဈာနမ္ပိ သမ္ပသာဒနံ-ဟူသော ပုရိမအတ္ထဝိကပ်၌ ပဒသမ္ဗန္ဓကို ပြသောကြောင့် ကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(က) ၌ ဝုစ္စတိ-ကို ထားရခြင်းအကြောင်း ။ ။ စောဒကအားကြီး၍ ယုံမှားခြင်း အာသင်္ကာကို ပြလိုသောကြောင့် (က) ၌ ဝုစ္စတိ-ကို ထားရပါသည်။

(ဂ) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ သမ္ပသာဒနဟူ၍ဆိုအပ်သော သဒ္ဓါနှင့် ယှဉ်ခြင်းကြောင့် ဈာန်သည် သမ္ပသာနမည်သောဟူသော အကြောင်းသကတ်အနက်မှတပါး စိတ်ကို ကြည်လင်စေတတ်သောကြောင့် ဈာန်သည် သမ္ပသာဒနမည်၏ဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်လိုသောကြောင့် (ဂ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(တနည်း) ဂုဏူပစာရတ္တအားဖြင့် ဈာန်၏ သမ္ပသာဒနမည်ပုံမှတပါး မုချအားဖြင့် ဈာန်၏ သမ္ပသာဒနအမည်ရပုံကို ပြလိုသောကြောင့် (ဂ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

➢ ❹ ။ သမ္ပသီဒတီတိ **သမ္ပသာဒနံ**။ (၂) သံ-ရှေး ပ-ရှေးရှိသော သဒဓာတ်+ယုပစ္စည်းသည်၎င်း၊ ကြည်လင်ခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကြည်လင်ခြင်းကြိယာသည် ပဝတ္တိနိမိတ်

သမ္ပယုတ္တဓမ္မေ သမ္ပသာဒယတီတိ **သမ္ပသာဒနံ**။ (သဒ္ဒါရ၏)

(၂) သံ-ရှေး ပ-ရှေးရှိသော သဒဓာတ်+ယုပစ္စည်းသည်၎င်း၊ ကြည်လင်စေခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကြည်လင်စေခြင်းကြိယာသည် ပဝတ္တိနိမိတ်။

စေတော သမ္ပသာဒယတီတိ **သမ္ပသာဒနံ**။ (ဈာန် ရ၏။) (တူပြီ)

နီလတီတိ **နီလံ**။ (နီလ+အ) ဝသီယတေ အစ္ဆာဒီယတေတိ **ဝတ္ထံ**။ (ဝသဓာတ်+ထပစ္စည်း၊ ဖုံးလွှမ်းခြင်းကြိယာ) ဟိရောတ္တပ္ပံ ဝုဏောတိ သံဝရတိ ဧတေနာတိ **ဝတ္ထံ**။ (ဝု+ထ)

နီလံ ဝတ္ထံ **နီလဝတ္ထံ**။ (၂) နီလပုဒ်+ဝတ္ထပုဒ်သည်၎င်း၊ အညိုဂုဏ်၏ အဝတ်နှင့် ဂုဏ်+ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အညိုဂုဏ်သည် ပဝတ္တိနိမိတ်။

ယုဇ္ဇတီတိ **ယောဂေါ**။ (ယုဇဓာတ်+ဏ) သမ္ပသာဒနေန ယောဂေါ **သမ္ပသာဒနယောဂေါ**။

http://www.dhammadownload.com

(တတော) * နီလတီတိ နီလော။ ဝဏ္ဏီတဗ္ဗော ဒဋ္ဌဗ္ဗောတိ ဝဏ္ဏော။(ဝဏ္ဏ+အ) ဝိရူပတ္တံ ဝါရေတီတိ ဝဏ္ဏော။(ဝရ+ဏ) နီလော ဝဏ္ဏော နီလဝဏ္ဏော။ ယုဇ္ဇနံ ယောဂေါ။

နီလဝဏ္ဏေန ယောဂေါ **နီလဝဏ္ဏယောဂေါ**။ (၂) နီလဝဏ္ဏပုဒ်+ယောဂပုဒ်သည်၎င်း၊ ညိုသောအဆင်း၏ ယှဉ်ခြင်းကြိယာနှင့် သာဓန+သာဓေတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ညိုသော အဆင်းနှင့် ယှဉ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

သမ္ပသာဒနေန သမန္နာဂတံ **သမ္ပသာဒနသမန္နာဂတံ**။

သမ္ပသာဒနသမန္နာဂတဿ ဘာဝေါ **သမ္ပသာဒနသမန္နာဂတတ္တံ**။

ဝိတက္ကဝိစာရာနံ ခေါဘော **ဝိတက္ကဝိစာရက္ခောဘော**။

ဝိတက္ကဝိစာရက္ခောဘဿ ဝူပသမနံ **ဝိတက္ကဝိစာရက္ခောဘဝူပသမနံ**။(တေန)

စေတေတီတိ **စေတော**။(စိတဓာတ်+ဏပစ္စည်း) အရီယတိ ဉာယတီတိ **အတ္ထော**။

ဝိသုံ ဝိသုံ ကပ္ပီယတိ ဝိဓီယတိ ဌပိယတီတိ **ဝိကပ္ပေါ**။

ဝိဝိဓံ ကပ္ပီယတိ ဇာနာတိ **ဝိကပ္ပေါ**။ အတ္ထဿ ဝိကပ္ပေါ **အတ္ထဝိကပ္ပေါ**။(တသ္မိံ)

သမ္ဗန္ဓနံ သမ္ဗန္ဓော။ ပဒါနံ သမ္ဗန္ဓော **ပဒသမ္ဗန္ဓော**။

ပုရေ ဇာတော **ပုရိမော**။ (၂) ပုရပုဒ်+ဣမပစ္စည်းသည်၎င်း၊ ရှေးကာလ၏ အတ္တဝိကပ်နှင့် ကာလ+ကာလဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ရှေးဖြစ်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)** ဖြင့် သမ္ပသာဒယတီတိ သမ္ပသာဒနံ-ဟု ဝစနတ္ထပြု၍ သမ္ပသာဒန-အရ မုချ အားဖြင့် သဒ္ဓါကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ၌ ဈာနမ္ပိ သမ္ပသာဒနံ-ဖြင့် သမ္ပသာဒန-အရ သဒ္ဓါကိုသာ အရကောက်ရသည် မဟုတ်သေး၊ ဈာန်ကိုလည်း အရကောက်ရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

သမ္ပသာဒနယောဂတော-ဖြင့် သမ္ပသာဒနမည်သော သဒ္ဓါနှင့်ယှဉ်ခြင်းကြောင့် ဈာန်သည် ဂုဏူပစာ အားဖြင့် သမ္ပသာဒနမည်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

နီလဝဏ္ဏယောဂတော နီလဝတ္ထံ ဝိယ-ဖြင့် ဈာန်ကို သမ္ပသာဒနဟုဆိုရာ၌ လောကူပမာအဖြစ် ကို သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ၌ သမ္ပသာဒယတိ-ဖြင့် သမ္ပသာဒနံ-၌ သံ-ရှေး ပ-ရှေးရှိသော သဒဓာတ်၏ အဖြစ်ကို၎င်း (ဒ-ဓာတုပဒ) ယုပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက်သည်ကို၎င်း(ဒ-ပစ္စယတ္ထ) သမ္ပသာဒယတီတိ သမ္ပသာဒနံ-ဟု ပြုရမည်ဟု၎င်း(အဘိဓာနတ္ထ) သိစေပါသည်။

စေတော-ဖြင့် သမ္ပသာဒယတိ-၌ ကြည်လင်စေ၏ဟူသည် တစုံတခုသော ဝတ္ထုကို ကြည်လင် စေသည်ကား မဟုတ်၊ စိတ်ကို ကြည်လင်စေ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

တံ ဈာနံ-ဖြင့် သမ္ပသာဒန-အရ ဒုတိယဈာန်ကို မုချအားဖြင့် ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **သမ္ပသာဒနသမန္နာဂတတ္တာ ဝိတက္ကဝိစာရက္ခောဘဝူပသမနေန စ**-ဖြင့် စိတ်ကို ကြည်လင်စေ၏ဟူသည် ပင်ကိုယ်သဘာဝအားဖြင့် ကြည်လင်စေသည်ကား မဟုတ်၊ ဤအကြောင်း

http://www.dhammadownload.com

နှစ်ချက်ကြောင့် စိတ်ကို ကြည်လင်စေ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

တသ္မာပိ-ဖြင့် ဆိုအပ်ပြီးသော သမ္ပသာဒနယောဂတော-ဟူသော အကြောင်းကြောင့်သာ သမ္ပသာဒန မည်သည် မဟုတ်သေး၊ စေတော သမ္ပသာဒယတိဟူသော အကြောင်းကြောင့်လည်း သမ္ပသာဒနမည်သေး ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

➢ **၇** ။ **(ခ) ဈာနမ္ပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ **ဝိယ**-ကား ပဋိဘာဂတ္ထ, ဩပမ္မတ္ထ။ (ဂ) **ဝါ**-ကား အတ္ထန္တရဝိကပ္ပနတ္ထ။ **စ**-ကား သမုစ္စယတ္ထ။ **တသ္မာပိ**-၌ ပိ-ကား ဝုတ္တာပေက္ခ သမ္ဘာဝနတ္ထ။ (ဃ) **စ**-ကား ဝိသေသတ္ထ၊ ဝါကျာရမ္ဘတ္ထ၊ ပဒပူရဏတ္ထ။

➢ **၈** ။ **ကြိယာငါးတန်** ။ ။ **(ဂ) ဝုတ္တံ-၌ အန္တတ္ထ ဝစဓာတ်-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၃) "သမ္ပသာဒနံ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

ဝုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်းအရ= "သမ္ပသာဒနံ"ဟူသော ဝစီဘေဒသဒ္ဒကိုယူ၍ (စာ-၂၉၀)

(ခ) ဈာနံ, သမ္ပသာဒနံ-အရ = "ဒုတိယဈာန်" ကို ယူ၍ (စာ-၃၄၀)

(ဂ) ဝိတက္ကဝိစာရက္ခောဘဝူပသမေန-အရ = ဒုတိယဈာန်၏ ရှေ့အဖို့၌ရှိသော ဥပစာရဘာဝနာကို ယူ၍ ထုတ်။(စာ-၃၄၀-ကြည့်)

➢ **၉** ။ **(က) သံဝဏ္ဏနာနှင့်အညီ သမ္ပသာဒန-အရ** = "သဒ္ဓါ"ကို ယူ၍ ထုတ်။

➢ **၁၀** ။ (က) **သဒ္ဓါနှင့် ဝုစ္စတိ**-၌ တေဝိဘတ်တို့အရ သဒ္ဓါ စေတသိက် ပစ္စည်း တရားသည် **ဝုစ္စတိ**-၌ ဝစဓာတ်-အရ သတိ ဝီရိယ ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ် (တနည်း) ဒေသနာ ဉာဏ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

(ခ) သမ္ပသာဒနယောဂတော+ဈာနမ္ပိ ။ ။ သမ္ပသာဒန-အရ သဒ္ဓါ ပစ္စည်းတရားသည် ဈာနံ-အရ ဒုတိယဈာန် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

(ဂ) စေတော+သမ္ပသာဒယတိ ။ ။ သမ္ပသာဒယတိ-အရ ဒုတိယဈာန် ပစ္စည်းတရားသည် စေတော-အရ ဒုတိယဈာန်နှင့်ယှဉ်သော စိတ်အား (ဝါ) စိတ်, စေတသိက် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

ပါဌ် (၈၅) [ဋ္ဌ၊၂၁၃။ ပြည်၊ဒု၊၂၆၁။ ဘာသာဋီ၊ဒု၊၄၇၃]

(က) **ဧကော ဥဒေတီတိ ဧကောဒိ။**

(ခ) **ဝိတက္ကဝိစာရေဟိ အနဇ္ဈာရူဠတ္တာ အဂ္ဂေါ သေဋ္ဌော ဟုတွာ ဥဒေတီတိ အတ္ထော။**

(ဂ) **သေဋ္ဌောပိ ဟိ လောကေ ""ဧကော""တိ ဝုစ္စတိ။**

(ဃ) **ဝိတက္ကဝိစာရဝိရဟိတော ဝါ ဧကော အသဟာယော ဟုတွာတိပိ ဝတ္တုံ ဝဋ္ဋတိ။**

(င) **အထ ဝါ သမ္ပယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ၊ ဥဋ္ဌာပေတီတိ အတ္ထော။**

(စ) **သေဋ္ဌဋ္ဌေန ဧကော စ သော ဥဒိစာတိ ဧကောဒိ။**

F-24-A

http://www.dhammadownload.com

(ဆ) သမာဓိသောတံ အဓိဝစနံ။

(ဇ) က္ကတိ က္ကမံ ဧကောဒိ ဘာဝေတိ ဝဍ္ဎေတီတိ က္ကဒံ ဒုတိယဇ္ဈာနံ ဧကောဒိဘာဝံ။

(ဈ) သော ပနာယံ ဧကောဒိ ယသ္မာ စေတသော၊ န သတ္တဿ န ဇီဝဿ။ တသ္မာ ဧတံ ""စေတသော ဧကောဒိဘာဝ""န္တိ ဝုတ္တံ။

* **ဧကောဒိဘာဝံ**= မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကို တိုးပွားစေတတ်သော(ဝါ) ဝိတက် ဝိစာရ အဖော်မပါသည်ဖြစ်၍ဖြစ်သော သမာဓိကို တိုးပွားစေတတ်သော။(ဝါ) မြတ်လည်းမြတ် သမ္ပယုတ် တရားတို့ကိုလည်း တက်ကြွစေတတ်သော သမာဓိကို တိုးပွားစေတတ်သော။

➤ ❶ ။ **(က)** ဧကော၊မြတ်သည်၊ဟုတွာ၊ဖြစ်၍၊ဥဒေတိ၊သူ့ထက်ကဲတတ် တက်တတ်ဖြစ်တတ်၏။ က္ကတိ တသ္မာ၊ထို့ကြောင့်၊ဧကောဒိ၊မည်၏။ **(ခ)** ဝိတက္ကဝိစာရေဟိ၊တို့သည်၊အနဇ္ဈာရုဠ္ဟတ္တာ၊မလွှမ်းမိုး မနှိပ်စက်အပ်သည်၏အဖြစ်ကြောင့်၊အဂ္ဂေါ သေဋ္ဌော၊မြတ်သည်၊ဟုတွာ၊ဖြစ်၍၊ဥဒေတိ၊ဖြစ်တတ်၏၊က္ကတိ အတ္ထော၊ ဤကားအနက်။ **(ဂ)** ဟိ-သစ္စံ၊မှန်၏၊လောကေ၊၌၊ယာဝ ပရေ ဧကောဟံ တေ ကရောမီတိ အာဒီသု၊-မိ အစရှိသည်တို့၌၊သေဋ္ဌောပိ၊မြတ်သောအရာကိုလည်း၊ဧကောတိ၊ဧကောဟူ၍၊ဝုစ္စတိ၊၏။ **(ဃ)** ဝါ၊တနည်းကား၊ ဝိတက္က ဝိစာရဝိရဟတော၊ဝိတက် ဝိစာရမှ ကင်းခြင်းကြောင့်၊ဧကော အသဟာယော၊အဖော်မဲ့သည်၊ဟုတွာ၊ ၍၊ဥဒေတိ၊ဖြစ်၏၊က္ကတိ တသ္မာ၊ထို့ကြောင့်၊ဧကောဒိ၊မည်၏။က္ကတိပိ၊ဤသို့လည်း၊ဝတ္တုံ၊ဆိုခြင်းငှာ၊ဝဋ္ဋတိ၊၏။

(င) အထဝါ၊ထို့ပြင်တနည်းကား၊သမ္ပယုတ္တဓမ္မေ၊သမ္ပယုတ်တရားတို့ကို၊ဥဒါယတိ၊ထစေတတ် ဖြစ်စေတတ်၏၊က္ကတိ တသ္မာ၊ကြောင့်၊ဥဒိ၊မည်၏၊ဥဋ္ဌာပေတိ၊ထစေတတ် ဖြစ်စေတတ်၏၊က္ကတိ အယံ၊ဤသည်ကား၊(ဥဒါယတီတိ ပဒဿ၊ဥဒါယတိဟူသော ပုဒ်၏။)အတ္ထော၊အနက်တည်း။

(စ) သောသဘာဝေါ၊သည်၊သေဋ္ဌဋ္ဌေန၊မြတ်သည်၏အဖြစ်ဟူသော သကတ်အနက်ကြောင့်၊ဧကောစ၊ ဧကမည်သည်လည်း၊ဟောတိ၊ဟုတ်တည်း၊ဥဒိစ၊သမ္ပယုတ္တဓမ္မတို့ကို ထစေတတ်သည်၏အဖြစ်ဟူသော သကတ် အနက်ကြောင့် ဥဒိမည်သည်လည်း၊ဟောတိ၊ဟုတ်၏၊က္ကတိ တသ္မာ၊ထိုသို့ ဧက-ဥဒိနှစ်ပါးစုံ အမည်ရှိ သည်၏ အဖြစ်ကြောင့်၊သောသဘာဝေါ၊ထိုဝါကျအခိုက်၌ အမည်ဒွယ၏ အာဓာရဖြစ်သော သဘာဝဓမ္မ သည်၊ဧကောဒိ၊မည်၏။ **(ဆ)** ဧတံ၊ဤဧကောဒိဟူသော အမည်သည်၊သမာဓိဿ၊၏၊အဓိဝစနံ၊တည်း။

(ဇ) ဧဝံ ဝုတ္တပ္ပကာရံ၊ဤသို့ ဝစနတ္ထဒွယဖြင့် ဆိုအပ်ပြီးသောအာကာရရှိသော၊က္ကမံ ဧကောဒိံ၊ဤ သည့် ဧကောဒိမည်သော သမာဓိကို၊(ဝါ) ဤမြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကို၊(ဝါ) ဤ ဝိတက် ဝိစာရ အဖော်မပါသည်ဖြစ်၍ ဖြစ်သော သမာဓိကို၊(ဝါ) ဤမြတ်လည်းမြတ် သမ္ပယုတ်တရားတို့ကိုလည်း တက်ကြွစေတတ်သော သမာဓိကို၊ဘာဝေတိ-ဝဍ္ဎေတိ၊တိုးပွားစေတတ်၏၊က္ကတိ တသ္မာ၊ထို့ကြောင့်၊က္ကဒံ ဒုတိယဇ္ဈာနံ၊ဤဒုတိယဈာန်သည်၊ဧကောဒိဘာဝံ၊ဧကောဒိဘာဝမည်၏။

(ဈ) ပန၊ဆက်၊သော-အယံ ဧကောဒိ၊ထိုဆိုအပ်ပြီးသော အာကာရရှိသော ဤသည့်ဧကောဒိသည်၊ ယသ္မာ၊ကြောင့်၊စေတသော၊၏၊ဧကောဒိ၊သည်၊ဟောတိ၊၏၊သတ္တဿ၊ဝေါဟာရမျှရှိဖြစ်သော သတ္တ၏၊န ဧကောဒိ၊ဧကောဒိမဟုတ်၊ဇီဝဿ၊မိစ္ဆာဝါဒီတို့သည် ကြံဆတတ်သော ဇီဝ၏၊န ဧကောဒိ၊ မဟုတ်၊တသ္မာ၊ကြောင့်၊ ဧတံ စေတသော ဧကောဒိဘာဝန္တိ၊ဤသို့ ပါဠိလာတိုင်းသော စေတသော ဧကောဒိ ဘာဝံဟူ၍၊ဝုတ္တံ၊၏။

http://www.dhammadownload.com

နပါလာသည်မှတထွေ သတ္တသ ကောဒိဘာဝံ ဓိဝသ ကောဒိဘာဝံဟူ၍ မဟော သင့်ပြီ။

➢ ❷ ။ **(ခ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ကောဒိကို ကော ဥဒေတီတိ ကောဒိ-ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤ၌ ကေ-သဒ္ဒါ၏ ဖြစ်သင့်သောအနက်ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ (ဝါ) ဤ၌ ကေ-သဒ္ဒါသည် သချ-စသော အနက်တို့၌ လည်း ဖြစ်၏ဟူသော အနက်သဘော ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က) ဖြင့် ကောဒိကို ကော ဥဒေတီတိ ကောဒိ-ဟု မဖွင့်ဆိုသင့်။ ဤ၌ ကေ-သဒ္ဒါ၏ ဖြစ်သင့်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ ဤ၌ ကေ-သဒ္ဒါ၏ ဖြစ်သင့်သော အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ကောဒိ-၌ ကေ-သဒ္ဒါသည် အဂ္ဂသေဋ္ဌအနက်ကို ဟော၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ကောဒိ-၌ ကေ-သဒ္ဒါ အဂ္ဂသေဋ္ဌ အနက်ကို ဟော၏ဟု ဖွင့်ဆိုသော ဆရာ့စကားသည် လောကသဘာဝယုတ္တိကင်းပ ဒဠှီယမျှသာဖြစ်၍ လျှပ်ရှားမခိုင် ယိုင်သည် မဟုတ်ပါလော။ ထိုသို့ လျှပ်ရှားမခိုင် ယိုင်ရာသောကြောင့် ဆရာဖွင့်ဆိုသော စကားကို မြဲခိုင်စေသော သဘာဝယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ ဆရာဖွင့်ဆိုသော စကားကို မြဲခိုင်စေသော သဘာဝယုတ္တိကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ကေ-သဒ္ဒါသည် သေဋ္ဌအနက် ဟောဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤ၌ ကေ-သဒ္ဒါသည် သေဋ္ဌအနက်၌သာ ဖြစ်၏ဟူသော အနက် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ခ) ဖြင့် ကေ-သဒ္ဒါသည် သေဋ္ဌ အနက် ဟောဟုသာ မဆိုသင့်။ ကေ-သဒ္ဒါ၏ အသဟာယအနက် ဟောနိုင်ပုံကိုလည်း ပြဆိုသင့်သေး ၏။ ကေ-သဒ္ဒါ၏ အသဟာယအနက် ဟောနိုင်ပုံကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဃ)မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် ရှေ့ဝါကျတို့ဖြင့် ကောဒိ၌ ဥဒိပုဒ်၏ သုဒ္ဓကတ္တုသာဓ် ဝစနတ္ထပြုအပ်သည်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သုဒ္ဓကတ္တုသာဓ် ဝစနတ္ထသာလျှင် ဖြစ်ကောင်း၏ဟူသော အနက်အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော့။ ထိုသို့ ရောက်ရာသောကြောင့် ကောဒိ၌ ဥဒိပုဒ်၏ သုဒ္ဓကတ္တုသာဓ် ဝစနတ္ထပြုအပ်သည်ကိုသာ မဆိုသင့်။ ဥဒိပုဒ်၏ ဟေတုကတ္တုသာဓ် ဝစနတ္ထပြုအပ်သည်ကိုလည်း ပြဆိုသင့်သေး၏။ ဥဒိပုဒ်၏ ဟေတုကတ္တုသာဓ် ဝစနတ္ထပြုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(ဆ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (စ) ဖြင့် ကောဒိပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ကောဒိ-အရ သဒ္ဓါ, ပညာ စသည်တို့ကိုလည်း ယူရမည်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤ၌ ကောဒိ-အရ ယူအပ် လိုအပ်သော အဘိဓေယျတ္ထကိုလည်း တိကျစွာ ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤ၌ ကောဒိ-အရ ယူအပ် လိုအပ်သော အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့- (ဆ) မိန့်။

F-24-B

http://www.dhammadownload.com

(ဓ) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ ဆရာသည် ရှေ့ဆိုခဲ့ပြီးသော ဝါကျတို့ဖြင့် ကောဒိဘာဝ၌ ကောဒိဟူသော အစိတ်ပုဒ်၏ ဝစနတ္ထ အဘိဓေယျတ္ထတို့ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ကောဒိ ဘာဝံ-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထ အဘိဓေယျတ္ထသည်လည်း ရှိသင့်သေးသည် မဟုတ်ပါလော။ ထိုသို့ရှိသင့်သောကြောင့် ကောဒိဘာဝ၌ ကောဒိဟူသော အစိတ်ပုဒ်၏ ဝစနတ္ထ အဘိဓေယျတ္ထတို့ကို သာ မဆိုသင့်။ ကောဒိဘာဝံ-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ ကောဒိဘာဝံ-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ် ရှိသောကြောင့် (ဓ) မိန့်။

(ဈ) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ မြတ်စွာဘုရားသည် "သမ္ပသာဒနံ စေတသော ကောဒိဘာဝံ" ဟု ဟောတော်မူ၏။ ထိုသို့ပင်ဟောတော်မူသော်လည်း သမ္ပသာနံ ကောဒိဘာဝံဟူသော နှစ်ပုဒ်ဖြစ်ပင် လိုအပ်သောအနက် ပြီးရာသည် မဟုတ်ပါလော။ ထို့ကြောင့် "သမ္ပသာဒနံ စေတသော ကောဒိဘာဝံ" ဟု ဟောတော်မမူသင့်။ သမ္ပသာဒနံ ကောဒိဘာဝံဟူ၍သာ မဟောဘဲ စေတသောပုဒ်ကို ဟောရခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် စေတသောပုဒ်ကို ဟောတော်မူအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဈ) မိန့်။

➤ **❷** ॥ **ဒေါသပယ်** ॥ ॥ **(ခ)** ဖြင့် ကောဒိပုဒ်၏ ဝိဂ္ဂဟအနက်ကိုငင်း၊ ကေ-သဒ္ဒါ၏ အနက်ကိုငင်း ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် (ခ) ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ကောဒိ-၌ ကေ-သဒ္ဒါ၏ အနက်တစ်မျိုးကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ဥဒိပုဒ်၏ သုဒ္ဓကတ္တုသာဓနမှတပါး ဟေတုကတ္တုသာဓန တစ်မျိုးကို ဖွင့်ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် ကောဒိ-၌ ဥဒိဟူသော အစိတ်ပုဒ်၏ ဝစနတ္ထမှတပါး ကောဒိဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဆ)** ဖြင့် ကောဒိ-အရ သဒ္ဓါ ပညာ စသည်ကို မယူရ၊ သမာဓိကိုသာ ယူရမည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ **(ဇ-ဈ)** ဖြင့် အဗျာပိတဒေါသကို ပယ်သည်။

(ဂ) ၌ ဝုစ္စတိ-ကို ထားရခြင်းအကြောင်း ॥ ॥ အပေါင်းဖြစ်သော သေဋ္ဌ, အသဟာယ, သဉ္ဇာ, အညု, တုလျတို့၏ ကေဟူသောအမည်ကို အစိတ်ဖြစ်သော သေဋ္ဌ၌ တင်စား၍ အစိတ်ဖြစ်သော သေဋ္ဌကို ဤ၌ ကော-ဟု ဆိုထားရကား ယင်းကေပုဒ်၏ ကေဒေသျူပစာသဒ္ဒါအဖြစ်ကို ပြလိုသောကြောင့် (ဂ) ၌ ဝုစ္စတိ-ကို ထားရပါသည်။

(ဂ) သေဋ္ဌောပိ-၌ ပိ-သဒ္ဒါဖြင့် = အသဟာယကိုသာ ကေ-ဟု ဆိုအပ်သည် မဟုတ်သေး၊ အမြတ်သေဋ္ဌကိုလည်း ကေဟူ၍ ဆိုအပ်သေး၏ဟု ပေါင်းပါသည်။

(ဃ) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ॥ ॥ ကောဒိ-၌ ကေ-သဒ္ဒါ၏ သေဋ္ဌအနက်မှ တပါး အသဟာယအနက်ကို လဲလှယ်ပြလိုသောကြောင့် (ဃ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(ဃ) ဟုတွာတိပိ-၌ ပိ(အပိ)ကို ထားရခြင်းအကြောင်း ॥ ॥ မြတ်သည်ဖြစ်၍ ဖြစ်တတ်

http://www.dhammadownload.com

၏ဟူသော သကတ်အနက်အကြောင်းမှတပါး အဖော်မပါသည်ဖြစ်၍ ဖြစ်တတ်၏ဟူသော သကတ်အနက်အကြောင်းတပါးကို လဲပြလိုသောကြောင့် (ဃ) ဟုတွာတိပိ-၌ ပိ(အပိ)ကို ထားရပါသည်။

(င) ၌ အထဝါ-ကို ထားရခြင်းအကြောင်း ။ ။ ကောဒိ၌ ဉဒိပုဒ်၏ သုဒ္ဓကတ္တုသာဓ်ဝစနတ္ထမှတပါး ဟေတုကတ္တုသာဓ်ကို လဲလှယ်ပြလိုသောကြောင့် (င) ၌ အထဝါ-ကို ထားရပါသည်။

(ဆ) ၌ အဓိဝစနံ-ကို ထားရခြင်းအကြောင်း ။ ။ ကောဒိ-အရ မြတ်သည်ဖြစ်၍ဖြစ်သော သဒ္ဓါ, ပညာစသည်တို့ကို မယူရ၊ သမာဓိကိုသာ ယူရမည်ဟု ဤ၌ လိုအပ်သော အနက်ကို အထင်ရှား ကေဒေသျပစာအားဖြင့် ပြလိုသောကြောင့် (ဆ) ၌ အဓိဝစနံ-ကို ထားရပါသည်။

➤ ❻ ။ အရိယတေ ဉာယတေတိ အတ္တော။ ယုဇ္ဇတေ ယောဇနာ။ အတ္တောစ ယောဇနာစ **အတ္ထယောဇနာ**။ (၂) အနက်အတ္ထ၏ ယှဉ်ခြင်းယောဇနာနှင့် အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အနက် အတ္ထ, ယှဉ်ခြင်း ယောဇနာတို့၏ အချင်းချင်းငဲ့ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

ဉဒေတီတိ ဉဒိ။ ကော ဟုတွာ ဉဒိ **ကောဒိ**။ (၂) မြတ်သောဂုဏ်၏ တက်တတ်, ဖြစ်တတ်သော သမာဓိတရားတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ကောဒိမည်သော သမာဓိတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

* အဇ္ဈာရုယှတေတိ အဇ္ဈာရုဠှော။(အဓိ-အာ-ရုဟ+တ) န အဇ္ဈာရုဠှော အနဇ္ဈာရုဠှော။

အနဇ္ဈာရုဠှဿ ဘာဝေါ **အနဇ္ဈာရုဠှတ္တံ**။ (တဿ) (၂) မလွှမ်းမိုး မနှိပ်စက်အပ်သော တရား၏ မလွှမ်းမိုး မနှိပ်စက်အပ်သည်၏အဖြစ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) မလွှမ်းမိုး မနှိပ်စက်အပ်သည်၏အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

သဟ အယတိ ကိစ္စေသူတိ သဟာယော။ နတ္ထိ သဟာယော ဧတဿာတိ **အသဟာယော**။

(၂) ဝိတက်, ဝိစာရဟူသော အဖော်မရှိခြင်း အဘာဝဘောဂုဏ်၏ သမာဓိနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိတက်, ဝိစာရ အဖော်မရှိခြင်းဟူသော အဘာဝဘောဂုဏ်သည် ပဝတ္တိနိမိတ်။ * ဉဒေတီတိ ဉဒိ။ ကော ဟုတွာ ဉဒိ **ကောဒိ**။ (တနည်း) ဘာဝေတီတိ ဘာဝံ။ ကောဒိ ဘာဝံ ကောဒိဘာဝံ။ (တနည်း) ဉဒါယတီတိ ဉဒိ။ ကောစ သော ဉဒိစာတိ ကောဒိ။ ကောဒိ ဘာဝေတီတိ **ကောဒိဘာဝံ**။ (၂) ကောဒိမည်သော သမာဓိ၏ ပွားစေတတ်သော ဒုတိယဈာန်နှင့် ကမ္မ+ကမ္မီ၊ အဝယဝ+အဝယဝီ၊ အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ကောဒိမည်သော သမာဓိကို ပွားစေခြင်းကြိယာသည် ပဝတ္တိနိမိတ်။

အဇတိ သေဋ္ဌဘာဝံ ဂစ္ဆတီတိ **အဂ္ဂေါ**။ သေဋ္ဌဘာဝေန အဇတိ ဂစ္ဆတိ ပဝတ္တတီတိ **အဂ္ဂေါ**။ (အဇဓာတ်+အ-ပစ္စည်း၊ မြတ်သည်၏အဖြစ်ဖြင့် ဖြစ်ခြင်းကြိယာ)

ပသတ္ထာနံ ဝိသေသောတိ **သေဋ္ဌော**။ (၂) ပသတ္ထပုဒ်+ဣဋ္ဌပစ္စည်းသည်ငှင်း၊ ချီးမွမ်းအပ်သော သဒ္ဓါ, ပညာ စသည်တို့၏ အထူးသဖြင့် ချီးမွမ်းအပ်သော သမာဓိနှင့် သာမည+ဝိသေသ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အထူးသဖြင့် ချီးမွမ်းအပ်သော ဂုဏ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

ဝိတက္ကဝိစာရေဟိ ဝိရဟော **ဝိတက္ကဝိစာရဝိရဟော**။(တတော)

သမ္ပယုတ္တာ ဓမ္မာ **သမ္ပယုတ္တဓမ္မာ**။(တေ)

အာရမ္မဏေ စိတ္တံ သမ္မာ အာဓီယတိ ဌပေတီတိ **သမာဓိ**။ (၂) သံ-ရှေး အာ-ရှေးရှိသော ဓာ-ဓာတ်+က္လပစ္စည်းသည်ငင်း၊ အာရုံ၌ စိတ်ကို ကောင်းစွာထားခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သမာဓိ ဟူသော အမည်သည် ပဝတ္တိနိမိတ်။

ဒီဝန္တိ သတ္တာ ယေနာတိ **ဒီဝေါ**။ (၂) ဒိဝဓာတ်+အ-ပစ္စည်းသည်ငင်း၊ အသက်ရှင်ခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မိစ္ဆာဝါဒီတို့ ကြံဆအပ်သော အခြင်းအရာသည် ပဝတ္တိနိမိတ်။

➤ ❻။ **(က)** ဖြင့် ကောဒိ-၌ (ကေ+ဥဒိ) ဥဒိ-ဝယ် ဥ-ပုဗ္ဗ က္လဓာတ်၏အဖြစ်ကိုငင်း(ဒု-ဓာတုပဒ) ဏိ(ကွိ) ပစ္စည်း၏ သုဒ္ဓကတ္တုသာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စယတ္ထ) ဥ-၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုငင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဒ-၏ အာဂုမ်၏အဖြစ်ကိုငင်း(ဘာဝတ္ထ) ဥဒေတီတိ ဥဒိ-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) ကေနှင့် ဥဒိကို ကော ဟုတွာ ဥဒိ ကောဒိ-ဟု သမ္ဘာဝနာ ကမ္မဓာရယ် သမာသ် တွဲစပ်ရမည်ကိုငင်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ အဂ္ဂေါ-ဖြင့် ကောဒိ-၌ ကေ-သဒ္ဒါသည် သချာ-စသော အနက်တို့ကို မဟော၊ အဂ္ဂ အမြတ်ဟူသောအနက်ကို ဟော၏ဟု သိစေပါသည်။(နာမလိင်္ဂတ္ထ) **သေဋ္ဌော**-ဖြင့် အဂ္ဂ-သဒ္ဒါသည် ဤ၌ ကောဋ္ဌာသ, ကောဋိ-စသော အနက်တို့ကို မဟော၊ သေဋ္ဌအနက်ကို ဟော၏ဟု သိစေပါသည်။(နာမလိင်္ဂတ္ထ) (တနည်း) အဂ္ဂ-သဒ္ဒါသည် သေဋ္ဌ၏ ပရိယာယ်တည်းဟု သိ။(ပရိယာယ်ပြ အဘိဓေယျတ္ထ)

ဟုတွာ-ဖြင့် ကော ဥဒေတိ-၌ ကော-ကို ဟုတွာ-ဟူသော ပါဌသေသထည့်၍ စပ်ရမည်ဟု သိစေပါသည်။(သမ္ဗန္ဓ၊ ဘာဝတ္ထ) **ဝိတက္ကဝိစာရေဟိ အနုပ္ပဒ္ဒုတ္တာ**-ဖြင့် အဂ္ဂသေဋ္ဌ=မြတ်၏ဟူသည် နီဝရဏ-စသော ကိလေသာတို့မှ ကင်းသောကြောင့် မြတ်သည်မဟုတ်၊ ဝိတက်, ဝိစာရတို့သည် မလွှမ်းမိုး မနှိပ်စက်နိုင်သောကြောင့် မြတ်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

(ဃ) ၌ ကော အသဟာယော ဟုတွာတိပိ-ဖြင့် ကောဒိ-၌ ကေ-သဒ္ဒါသည် အဂ္ဂသေဋ္ဌအနက်ကို ဟောသည် မဟုတ်သေး၊ အသဟာယအနက်ကိုလည်း ဟောသည်ကိုငင်း(နာမလိင်္ဂတ္ထ) ကော အသဟာယော ဟုတွာ ဥဒိ ကောဒိ-ဟု သမ္ဘာဝနာ ကမ္မဓာရယ်သမာသ် ပြုရမည်ကိုငင်း(သမာသလိင်္ဂတ္ထ) သိစေ။

ဝိတက္ကဝိစာရဝိရဟတော-ဖြင့် အသဟာယော-၌ အဖော်မရှိဟူသည် ဝိတက်, ဝိစာရတို့မှ ကင်းခြင်းကြောင့် အဖော်မရှိသည်၏အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ)

(င) ၌ ဥဒါယတိ-ဖြင့် ဥဒိ-၌ ဥ-ပုဗ္ဗ က္လဓာတ်၏အဖြစ်ကိုငင်း(ဒု-ဓာတုပဒ) ဥ-၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုငင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဏိ(ကွိ) ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက်သည် ကိုငင်း(ဒု-ပစ္စယတ္ထ) ဥဒါယတီတိ ဥဒိ-ဟု ပြုရမည်ကိုငင်း(အဘိဓာနတ္ထ) သိစေပါသည်။

သမ္ပယုတ္တဓမ္မေ-ဖြင့် ဥဒါယတိ-၌ ဖြစ်စေခြင်းဟူသည် သမ္ပယုတ်တရားတို့ကို ဖြစ်စေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) **ဥဋ္ဌာပေတီတိ အတ္ထော**-ဖြင့် ဥဒါယတိ-၌ ဥ-ရှေးရှိသော က္လဓာတ်သည် ဂတိအနက်ကို ဟော၏ဟု သိစေပါသည်။(ဓာတွတ္ထ)

http://www.dhammadownload.com

(စ) ၌ သေဋ္ဌဋ္ဌေန-ဖြင့် ကောဒိ-၌ ကေ-သဒ္ဒါ သေဋ္ဌအနက်ဟောဟု သိစေပါသည်။(နာမလိင်္ဂတ္ထ)

ကောစ သော ဥဒ္ဒိဋ္ဌာတိ-ဖြင့် ကောဒိပုဒ်ကို ကောစ သော ဥဒ္ဒိဋ္ဌာတိ ကောဒိ-ဟု ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(ဆ) ဖြင့် ကောဒိ-အရ သဒ္ဒါ, ပညာ စသည်ကို မယူရ၊ သမာဓိကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) ကောဒိ-သဒ္ဒါ၏ ကေဒေသျူပစာသဒ္ဒါ၏ အဖြစ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

ကောဒိ ဘာဝေတိ-ဖြင့် ကောဒိဘာဝံ-၌ ကောဒိ-သဒ္ဒူပပဒ ဘူဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏ-ပစ္စည်း၏ ဟေတုကတ္တုသာနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ကောဒိ ဘာဝေတီတိ ကောဒိဘာဝံ-ဟု ဟေတုကတ္တုသာနေ ကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဣတိ ဣမံ-ဖြင့် ကောဒိ ဘာဝေတိ-၌ ကောဒိ-ဟူသည် ဆိုအပ်ပြီးသော ပကာရရှိသော ကောဒိပင်တည်း (ဝါ) ကောဒိ-အရ ဆိုအပ်ပြီးသော ဝစနတ္ထဖြင့်ပြီးသော ကောဒိကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

ဝဓေတိ-ဖြင့် ဘာဝေတိ-၌ ဘူဓာတ်သည် ဝဓုနအနက်ကို ဟော၏ဟု သိစေသည်။(ဓာတွတ္ထ)

ဣဒံ ဒုတိယဈာနံ-ဖြင့် ကောဒိဘာဝံ-အရ ဒုတိယဈာန်ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ **❼** ။ (ဂ) **ပိ**-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ **ဟိ**-ကား ဒဠှီကရဏတ္ထ။ (ဃ) **ဝါ**-ကား ပက္ခန္တရတ္ထ၊ နယန္တရဇောတက, ဝိကပ္ပနတ္ထ။ **ဣတိပိ**-၌ ဣတိ-ကား နိဒဿနတ္ထ။ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ (င) **အထဝါ**-ကား ပက္ခန္တရတ္ထ၊ **ဥဒါယတီတိ**-၌ ဣတိ-ကား ဟေတွတ္ထဇောတက။ **ဥဋ္ဌာပေတီတိ**-၌ ဣတိ-ကား ဣဒံအနက်, နိဒဿနအနက်။

➤ **❽** ။ **ကြိယာဝါးတန်** ။ ။ **ကောဒိ-အရ "သမာဓိ"** ကို ယူ၍ (၁) ထိုသမာဓိသည် ဒဿနတ္ထ။ (၂) ဝိတက် ဝိစာရတို့သည် မလွှမ်းမိုး မနှိပ်စက်နိုင်ခြင်း, ယင်းတို့မှကင်းခြင်းအကြောင်းတို့သည် ဒီပကတ္ထ။ (၃) ဒုတိယဈာန်ကို ရရှိခြင်းအကျိုးသည် ပကာသနတ္ထ။ (၄) ပထမဈာန်ကို ရရှိခြင်းအကျိုးသည် ဝိဘာဝတ္ထ။ (၅) ဒုတိယဈာန်သမာပတ်ချမ်းသာကို ခံစားရခြင်း, တတိယဈာန်စသော အထက်ဈာန်တို့ကို ရရှိခြင်းသည် အနုဘာဝတ္ထ။ **ကောဒိဘာဝံ-အရ "ဒုတိယဈာန်"** ကို ယူ၍ (စာ-၃၄၀-ကြည့်)

(ဈ) ဇုတ္တံ-၌ အန္တတ္ထ ဝစဓာတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "စေတသော ကောဒိဘာဝံ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

ဇုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = "စေတသော ကောဒိဘာဝံ"ဟူသော ဝစီဘေဒသဒ္ဒကိုယူ၍ (စာ-၂၉၀-ကြည့်)

➤ **❾** ။ **(ခ) အဇ္ဈတ္တံ သေဋ္ဌော (ဃ) အသဟာယော**-တို့အရ "သမာဓိ"ကို ယူ၍ထုတ်။

➤ **❶❶** ။ **(င) သမ္ပယုတ္တဓမ္မေ+ဥဒါယတိ** ။ ။ ဥဒါယတိ-အရ ဒုတိယဈာန် ပစ္စည်းတရား

http://www.dhammadownload.com

သည် သမ္ပယုတ္တဓမ္မေ-အရ ထိုနှင့်ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

(ဓ) ကောဒိ+ဘာဝေတိ ။ ။ ကောဒိ-အရ သမာဓိ ပစ္စည်းတရားသည် ဘာဝေတိ-အရ ဒုတိယဈာန် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

(တနည်း) ဘာဝေတိ-အရ ဒုတိယဈာန် ပစ္စည်းတရားသည် ကောဒိ-အရ သမာဓိ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု။ ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

ပါဠိ (၈၆) [ဋ္ဌ၊၂၁၄။ ပြည်၊ဒု၊၂၆၂။ ဘာသာဋီ၊ဒု၊၄၇၄]

(က) **နနု စာယံ သဒ္ဓါ ပဌမဇ္ဈာနေပိ အတ္ထိ၊ အယဉ္စ ကောဒိနာမကော သမာဓိ။**

(ခ) **အထ ကသ္မာ ဣဒမေဝ "သမ္ပသာဒနံ စေတသော ဧကောဒိဘာဝဥ္စာ" တိ ဝုတ္တန္တိ ?။**

(ဂ) **ဝုစ္စတေ။ (ဃ) အဒုံ ဟိ ပဌမဇ္ဈာနံ ဝိတက္ကဝိစာရက္ခောဘေန ဝီစိတရင်္ဂသမာကုလမိဝ ဇလံ န သုပ္ပသန္နံ ဟောတိ၊ တသ္မာ သတိယာပိ သဒ္ဓါယ သမ္ပသာဒနန္တိ န ဝုတ္တံ။**

(င) **န သုပ္ပသန္နတ္တာ ဧဝ စေတ္ထ သမာဓိပိ န သုဋ္ဌု ပါကဋော။ တသ္မာ ဧကောဒိ ဘာဝန္တိပိ န ဝုတ္တံ။**

(စ-၁) **ဣမသ္မိံ ပန ဈာနေ ဝိတက္ကဝိစာရပလိဗောဓာဘာဝေန လဒ္ဓေါကာသာ ဗလဝတီ သဒ္ဓါ၊**

(စ-၂) **ဗလဝသဒ္ဓါသဟာယပဋိလာဘေနေဝစ သမာဓိပိ ပါကဋော။**

(စ-၃) **တသ္မာ ဣဒမေဝ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။**

(ဆ) **ဝိဘင်္ဂေ ပန "သမ္ပသာဒနန္တိ ယာ သဒ္ဓါ သဒ္ဒဟနာ ဩကပ္ပနာ အဘိပ္ပသာဒေါ။ စေတသော ဧကောဒိဘာဝန္တိ ယာ စိတ္တဿ ဌိတိ (ပ) သမ္မာသမာဓီ" တိ ဧတ္တကမေဝ ဝုတ္တံ။**

➤ ❶ ။ **(က)** နနု-စောဒေတိ၊အံ့။အယံ သဒ္ဓါ၊သည်။ပဌမဇ္ဈာနေပိ၌လည်း။အတ္ထိ၊ရှိ၏၊မဟုတ်လော။ ကောဒိနာမကော၊ကောဒိအမည်ရှိသော။အယဉ္စ သမာဓိ၊သည်လည်း။အတ္ထိ၊ရှိသည်မဟုတ်လော။

(ခ) အထ၊ထိုသို့ရှိပါလျက်။ကသ္မာ၊ကြောင့်။ဣဒမေဝ၊ဤဒုတိယဈာန်ကိုသာလျှင်။သမ္ပသာဒနန္တိစ၊ဟူ၍ ၎င်း။စေတသော ဧကောဒိဘာဝန္တိစ၊ဟူ၍၎င်း။(ဘဂဝတာ၊သည်)ဝုတ္တံ၊ဟောတော်မူအပ်သနည်း။[ပဌမဇ္ဈာနံ၊ ပထမဈာန်ကို။သမ္ပသာဒနန္တိစ၊ဟူ၍၎င်း။စေတသော ဧကောဒိဘာဝန္တိစ၊ဟူ၍၎င်း။န ဝုတ္တံ၊ဟောတော် မမူ အပ်သနည်း။ဣတိအယံ၊ဤသည်ကား။စောဒနာ၊စောဒနာတည်း။]

(ဂ) [ဧတ္ထ-ဌာနေ၊ဤသို့စောဒနာရာ၌။စောဒကဿ၊စောဒက၏။စောဒနာယ၊စောဒနာ၏။ပရိဟာရော၊ အဖြေကို။မယာ၊သည်။]ဝုစ္စတေ၊ဆိုအံ့။ **(ဃ)** ဟိ-ယသ္မာ၊ကြောင့်။အဒုံပဌမဇ္ဈာနံ၊ဤပဌမဈာန်သည်။ဝိတက္က ဝိစာရက္ခောဘေန၊ဝိတက်၊ ဝိစာရတို့၏ လောက်လက်ခတ်ခြင်းကြောင့်။ဝီစိတရင်္ဂသမာကုလံ၊ တံပိုးငယ်၊ တံပိုးကြီးတို့ဖြင့် ပြွမ်းသော။ဇလံ ဣဝ၊သို့။သုပ္ပသန္နံ၊ကောင်းစွာကြည်သည်။န ဟောတိ၊မဖြစ်။ တသ္မာ၊ထို့သို့ ဝိတက် ဝိစာရတို့ လှုပ်ရှားသည့်အတွက် ကောင်းစွာ မကြည်လင်သည်၏ အဖြစ်ကြောင့်။သဒ္ဓါယ၊သည်။ သတိယာပိ၊ရှိသော်လည်း။သမ္ပသာဒနန္တိ၊ဟူ၍။(ဘဂဝတာ၊သည်)န ဝုတ္တံ၊ဟောတော်မမူအပ်။

(င) န သုပ္ပသန္နတ္တာယေဝစ၊ဆိုအပ်ပြီးသည်သာဖြစ်သော ကောင်းစွာ မကြည်သည်၏အဖြစ်ဟူသော

http://www.dhammadownload.com

အကြောင်းကြောင့်ငှာ။(ဝိတက္ကဝိစာရက္ခောဘေနေ၀စ၊ဆိုအပ်ပြီးသည်သာဖြစ်သော ဝိတက် ဝိစာရတို့၏ လောက်လက်ခက်ခြင်းဟူသော အကြောင်းကြောင့်ငှာ။ဣန္ဒြိယ သမတ္တော၊သဒ္ဓိန္ဒြေ, ပညိန္ဒြေတို့၏မျှသည်၏ အဖြစ်သည်။သတိစ၊ရှိသော်ငှာ။ဝီရိယသမတာယ၊ဝီရိယ၏ သမာဓိနှင့် မျှသည်၏အဖြစ်သည်။သတိယာစ၊ ရှိသော်ငှာ။)တွေ၊ဤပဌမစျာန်၌။သမာဓိပိ၊သည်လည်း။ဗဟလေ၊တလည်နှောက်နှစ် ပျစ်ချွဲသော။ဧလေ၊ရေ၌။ မစ္ဆောဝိယ၊ငါးကဲ့သို့။သမာဓိပိ၊သည်လည်း။သုဋ္ဌု၊ကောင်းစွာ။ပါကဋ္ဌော၊ထင်ရှားသည်။န ဟောတိ၊မဖြစ်။ တသ္မာ၊ထိုသို့ မကြည်လင်သည့်အတွက် သမာဓိ၏လည်း ကောင်းစွာ မထင်ရှားသည်၏အဖြစ်ကြောင့်။ ဧကောဒိ ဘာဝန္တိပိ၊ဟူ၍လည်း။န ဝုတ္တံ၊ဟောတော်မမူအပ်။

(စ) ပန၊အထူးကို ဆိုအံ့။ဣမသ္မိံ ဈာနေ၊ဤဒုတိယစျာန်၌။ဝိတက္က ဝိစာရ ပလိဗောဓာဘာဝေန၊ဝိတက်, ဝိစာရတို့၏ ထက်ဝန်းကျင်မှ နှောင့်ယှက်, မှောင့်ရောက်ခြင်း မရှိသည်၏အဖြစ်ကြောင့်။သဒ္ဓါ၊သဒ္ဓါသည်။ လဒ္ဓေါကာသာ၊အခွင့်ရသည်ဖြစ်၍။ဗလဝတီ၊အားရှိသည်။ဟောတိ၊ဖြစ်၏။ဗလဝသဒ္ဓါ သဟာယ ပဋိလာဘေန၀၊အားရှိသော သဒ္ဓါဟူသော သဟဲကိုရခြင်းကြောင့်ပင်လျှင်။သမာဓိပိ၊သမာဓိသည်လည်း။ပါကဋ္ဌော၊ ထင်ရှားသည်။ဟောတိ၊၏။တသ္မာ၊ထိုသို့ သဒ္ဓါအားရှိသည့်အတွက် သမာဓိ၏ ထင်ရှားသည်၏အဖြစ်ကြောင့်။ ဣဒမေ၀၊ဤဒုတိယစျာန်ကိုသာလျှင်။ဧဝံ၊ဤသို့ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံဟူ၍။ဝုတ္တံ၊ဟောတော် မူအပ်၏။ဣတိ၊သို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

(ဆ) ပန၊အထူးကိုဆိုအံ့။ဝိဘင်္ဂေ၊ဝိဘင်း၌။သမ္ပသာဒနန္တိ ယာသဒ္ဓါ သဒ္ဒဟနာ ဩကပ္ပနာ အဘိပ္ပသာဒေါ စေတသော ဧကောဒိဘာဝန္တိ ယာ စိတ္တဿဌိတိ (ပ) သမ္မာသမာဓိတိ၊ဟူ၍။ဧတ္တကမေ၀၊ဤမျှကိုသာလျှင်။ ဝုတ္တံ၊ဟောတော်မူအပ်၏။

➤ **❷** ။ **(ခ) သို့/ ပါပနာဒိပဋ္ဌက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် စောဒကာဘောဂကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် စောဒကာဘောဂကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် စောဒနာကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ စောဒနာကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဠပနာပဋ္ဌက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် အဘယ့်ကြောင့် ဒုတိယစျာန်ကိုသာ လျှင် "သမ္ပသာဒနံ"ဟူ၍ငှာ၊ "စေတသော ဧကောဒိဘာဝံ"ဟူ၍ငှာ ဘုရားရှင်ဟောတော်မူအပ်ပါသနည်း ဟူသော စောဒနာကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းစောဒနာ၏ အဖြေပရိဟာရကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ခ) ဖြင့်---စောဒနာကိုသာ မပြဆို သင့်။ ယင်းစောဒနာ၏ အဖြေပရိဟာရကိုလည်း ပြဆိုသင့်သေး၏။ ယင်းစောဒနာ၏ အဖြေပရိဟာရ ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) စသည် မိန့်။

(ဃ) သို့/ ဠပနာပဋ္ဌက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် အဖြေပရိဟာရကို ငါဆိုအံ့ဟု အကျဉ်းအားဖြင့် ဖြေဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းအဖြေပရိဟာရကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ် မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ဂ) ဖြင့် အဖြေပရိဟာရကို

http://www.dhammadownload.com

ငါဆိုအံ့ဟု အကျဉ်းအားဖြင့် မဖြေဆိုသင့်။ ယင်းအဖြေပရိဟာရကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်ကို ပြဆိုသင့်သေး၏။ ယင်းအဖြေပရိဟာရကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်ကို အဘယ်သို့ သိအပ်ပါသနည်း။ (ဃ)စသည်မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် လိုင်းပုတ်သော ရေကဲ့သို့ ဝိတက် ဝိစာရတို့ တုန်လှုပ်ခြင်းကြောင့် အလွန်ကြည်လင်မှု မရှိမူ၍ သဒ္ဓါရှိသော်လည်း ပထမစျာန်ကို သမ္ပသာဒန ဟူ၍ ဟောတော်မမူအပ်သည်၏ အဖြစ်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပထမစျာန်ကို သမ္ပသာဒနဟူ၍ သာ မဆိုအပ်ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (ဃ) ဖြင့် (ပ) ကို မပြဆိုသင့်။ ပထမစျာန်ကို "စေကောဒိဘာဝံ"ဟူ၍လည်း ဟောတော်မမူအပ်သည်၏အဖြစ်ကို ပြဆိုသင့် သေး၏။ ပထမစျာန်ကို "စေကောဒိဘာဝံ"ဟူ၍လည်း ဟောတော်မမူအပ်သည်၏အဖြစ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ)(င)တို့ဖြင့် ပထမစျာန်ကို သမ္ပသာဒနဟူ၍၎င်း, စေကောဒိဘာဝံဟူ၍၎င်း ဟောတော်မမူအပ်သည်၏ အဖြစ်ကို (အသီး အသီး အကြောင်းနှင့်တကွ အကျယ်) ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပထမစျာန်ကို သမ္ပသာဒနဟူ၍၎င်း, စေကောဒိဘာဝံဟူ၍၎င်း ဟောတော် မမူအပ်သည်၏အဖြစ်ကိုသာ သိအပ်၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (ဃ)(င)တို့ဖြင့် ပထမစျာန်ကို သမ္ပသာဒနဟူ၍၎င်း, စေကောဒိဘာဝံဟူ၍၎င်း ဟောတော်မမူအပ်သည်၏ အဖြစ်ကိုသာ မဆိုသင့်။ ဒုတိယစျာန်ကိုလည်း သမ္ပသာဒနံ စေတသော စေကောဒိဘာဝံဟူ၍ ဟောတော်မူအပ် သည်၏ အဖြစ်ကိုလည်း အကြောင်းနှင့်တကွ အကျယ် ပြဆိုသင့်သေး၏။ ပြဆိုပုံကား အဘယ်ပါနည်း ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

(စ-၃) သို့/ ဥပနာပဥ္စကစောဒနာ ။ ။ ဆရာ၊ ဆရာသည် (စ-၁+၂) ဝါကျတို့ဖြင့် ဤဒုတိယစျာန်ကို "သမ္ပသာဒနံ စေတသော စေကောဒိဘာဝံ"ဟု ဟောတော်မူရခြင်း၏ အကြောင်းကို ပြဆို တော်မူ၏။ ထိုသို့ဆိုချေသော် အကြောင်းကိုသာ သိအပ်၏ဟူသော အနက်သဘော သင့်ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (စ-၁+၂) ဝါကျတို့ဖြင့် ဤဒုတိယစျာန်ကို "သမ္ပသာဒနံ စေတသော စေကောဒိဘာဝံ"ဟု ဟောတော်မူရခြင်း၏ အကြောင်းကိုသာ ဆရာ မပြဆိုသင့်။ အကျိုးကိုလည်း ပြဆို သင့်သေး၏။ မပြဆိုချေသော် ဆရာ့အပေါ်၌ အကြောင်း+အကျိုးဆန့်ကျင်သော ဝိရောဓိဒေါသ သင့် ရောက်ရာ၏။ ယင်းအကြောင်း၏ အကျိုးကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (စ-၃) မိန့်။

➤ **❸** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် စောဒကာဘောဂမှတပါး စောဒနာကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် စောဒနာမှတပါး အဖြေပရိဟာရကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် အဗျာပိတ, ဝိရောဓိ, ပုနရုတ္တိဒေါသတို့ကို ပယ် ပါသည်။ **(င+စ)** ဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဆ)** ဖြင့် ဝိဘင်းကျမ်း၌လာသော အထူးကို ပြသောကြောင့် အတိဗျာပိတဒေါသ (တနည်း) ဝိရောဓိဒေါသကို ပယ်ပါသည်။

(က) ၌ နန္ဒစ-ကို ထားရခြင်းအကြောင်း ။ ။ ပထမစျာန်ကို "သမ္ပသာဒနံ စေတသော စေကောဒိဘာဝံ"ဟု မဟောဘဲ ဒုတိယစျာန်ကိုသာလျှင် "သမ္ပသာဒနံ စေတသော စေကောဒိဘာဝံ"ဟု ဟော

http://www.dhammadownload.com

တော်မူခြင်းနှင့်စပ်၍ ဖြစ်သင့်သော စောဒကာဘောဂနှင့် စောဒနာကို ပြလိုသောကြောင့် (က) ၌ နနုစ-ကို ထားရပါသည်။ **(ဂ) ၌ ဝုစ္စတေ-ကို ထားရခြင်းအကြောင်း** ။ ။ စောဒကပုဂ္ဂိုလ်၏ စောဒနာနှင့်စပ်၍ အဖြေပရိဟာရကို ပြလိုသောကြောင့် (ဂ) ၌ ဝုစ္စတေ-ကို ထားရပါသည်။

➤ **၉** ။ ဝိမုယ် ဝိစိတ္တံ စိနောတီတိ **ဝိစိ**။ (ဝိပုဗ္ဗ စိဓာတ်+ကွိပစ္စည်း၊ စီခြင်းကြိယာ)

တရန္တော ဂစ္ဆတီတိ တရင်္ဂေါ။ တီရံ ဝါ ဂစ္ဆတီတိ **တရင်္ဂေါ**။ (တီရ-သဒ္ဒူပပဒ ဂမုဓာတ် ကွိပစ္စည်း၊ ဖီလာသွားခြင်းကြိယာ)

အာကုလတီတိ အာကုလံ။(အာပုဗ္ဗ ကုလဓာတ်+အ-ပစ္စည်း) သုဋ္ဌု အာကုလံ **သမာကုလံ**။

ဝီစိစ တရင်္ဂေါစ ဝီစိတရင်္ဂါ။ ဝီစိတရင်္ဂေဟိ သမာကုလံ **ဝီစိတရင်္ဂသမာကုလံ**။ (၂) ဝီစိတရင်္ဂ ပုဒ်+သမာကုလပုဒ်သည်၎င်း၊ တံပိုးငယ်, တံပိုးကြီးတို့၏ လွန်စွာပြွမ်းသော ရေနှင့် ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်၎င်း ဇျုပ္ပတ္တိနိမိတ်။ (၄) တံပိုးငယ်, တံပိုးကြီးတို့ဖြင့် လွန်စွာရောပြွမ်းသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဧကောဒီတိ နာမံ အဿ သမာဓိဿာတိ **ဧကောဒိနာမကော**။ (၂) ဧကောဒိဟူသော အမည်၏ သမာဓိနှင့် နာမ+နာမီ၊ သညာ၊သညီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဇျုပ္ပတ္တိနိမိတ်။

* ဝိတက္ကောစ ဝိစာရောစ ဝိတက္ကဝိစာရော။ ခေါဘိယတေ ခေါဘော။ (အစိတ်)

ဝိတက္ကဝိစာရာနံ ခေါဘော **ဝိတက္ကဝိစာရခေါဘော**။ (တေန) (၂) ဝိတက် ဝိစာရတို့၏ လောက်လက်ခတ်ခြင်းနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဇျုပ္ပတ္တိနိမိတ်။ (၄) ဝိတက် ဝိစာရတို့၏ လောက်လက်ခတ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဇလတိ သန္ဒတီတိ **ဇလံ**။ (၂) ဇလဓာတ်+အ-ပစ္စည်းသည်၎င်း၊ စီးဆင်းခြင်းကြိယာသည်၎င်း ဇျုပ္ပတ္တိနိမိတ်။ (၄) ရေ၏ဖြစ်ကြောင်းဖြစ်ရာ ယိုစီးခြင်းဂုဏ်သတ္တိသည် ပဝတ္တိနိမိတ်။

သုဋ္ဌု ပသန္နံ **သုပ္ပသန္နံ**။ (၂) ကောင်းခြင်း သုဋ္ဌုဘောဂုဏ်၏ ကြည်လင်သော ရေနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဇျုပ္ပတ္တိနိမိတ်။ (၄) ကြည်လင်သော ရေဒြဗ်သည် ပဝတ္တိနိမိတ်။

ဒဿနံ ကဋ္ဌတီတိ **ပါကဋော**။ (ပပုဗ္ဗ ကဋ္ဌဓာတ်+အ-ပစ္စည်း)

ပရိသမန္တတော ဗုန္ဓေတီတိ **ပလိဗောဓော**။ (ပရိပုဗ္ဗ ဗုန္ဓိဓာတ်+ဏပစ္စည်း၊ ထက်ဝန်းကျင်မှ နှိပ်စက်တားမြစ်ခြင်းကြိယာ) * ဝိတက္ကဝိစာရာနံ ပလိဗောဓော **ဝိတက္ကဝိစာရပလိဗောဓော**။(တေန)

* အလဗ္ဘိတိ လဒ္ဓေါ။ အဝကသန္တိ ဧတ္ထာတိ ဩကာသော။(အဝပုဗ္ဗ ကသဓာတ်+ဏ)

လဒ္ဓေါ ဩကာသော ဧတာယ သဒ္ဓါယာတိ **လဒ္ဓေါကာသော**။ (၂) ရအပ်ပြီးသော အခွင့်၏ သဒ္ဓါနှင့် သံ+သာမီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဇျုပ္ပတ္တိနိမိတ်။ (၄) ရအပ်ပြီးသော အခွင့်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

* ဗလံ ဧတိဿာ သဒ္ဓါယ အတ္ထီတိ ဗလဝတီ။ (ဗလပုဒ်+ဝန္တုပစ္စည်း၊ ဤ-ဤပစ္စည်း)

ဗလဝတီ သဒ္ဓါ ဗလဝသဒ္ဓါ။ ဗလဝသဒ္ဓါစ သာ သဟာယောစာတိ ဗလဝသဒ္ဓါသဟာယော။

ဗလဝသဒ္ဓါသဟာယဿ ပဋိလာဘော **ဗလဝသဒ္ဓါသဟာယပဋိလာဘော**။

http://www.dhammadownload.com

➤ ❻ ။ **(ခ-၁)** ၌ ပန-ဖြင့် ဝိသေသဇောတက နိပါတ်အဖြစ်ကို သိစေပါသည်။(နိပါတလိင်္ဂတ္ထ) **ဣမဿ်ိ ဈာနေ**-ဖြင့် ဈာန-အရ ဒုတိယဈာန်ကို ယူရမည်ဟု သိ။(သရုပ်ကြား အဘိဓေယျတ္ထ) **ဝိတက္ကဝိစာရပလိဗောဓာဘာဝေန လဒ္ဓေါကာသာ ဗလဝတီ**-ဖြင့် သဒ္ဓါ-အရ ဝိတက် ဝိစာရ တို့၏ ထက်ဝန်းကျင်မှ နှောင်ယှက်မှောင့်ရှောက်ခြင်း မရှိသည်၏အဖြစ်ကြောင့် အခွင့်ရသည်ဖြစ်၍ အားရှိသော သဒ္ဓါ စေတသိက်ကို ကောက်ယူရမည့်အဖြစ်ကို သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❼ ။ **(က)** **နန္ဒုစ**-ကား ဝိရောဓတ္ထ။(တနည်း) စောဒနတ္ထ။ **ပဌမဇ္ဈာနေပိ**-၌ ပိ-နှင့် **အယဉ္စ**-၌ စ-တို့ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ (ဃ) **သတိယာပိ**-၌ ပိ-ကား သမ္ဘာဝနတ္ထ။ (င) **စ**-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ၊ ဝါကျာရမ္ဘတ္ထ။ **ဧကောဒိဘာဝဋ္ဌိပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။

(စ) **ပန**-ကား ဝိသေသတ္ထဇောတက။ **ပလိ**-ကား သမန္တတ္ထဇောတက။ **ပိ**-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။ * **(ခ) (င) ဣဒမေဝ-၌** (၁) ဒုတိယဈာန်သည် ဂဟေတဗ္ဗတ္ထ။ (၂) ပထမဈာန်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဤဒုတိယဈာန်ကို ဝိတက္ကဝိစာရာနံ ဝူပသမာ အစရှိတဲ့ စသည် ဟောအပ်သည်၏ အဖြစ်သည် အနုညာတတ္ထ။

(င) န သုပ္ပသန္နတ္တာဝေ-၌ (၁) န သုပ္ပသန္နတ္တာသည် (ဝါ) ကောင်းစွာ မကြည်သည်၏ အဖြစ်ဟုဆိုအပ်သော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) သုပ္ပသန္နတ္တာသည် (ဝါ) ကောင်းစွာ ကြည်သည်၏ အဖြစ်ဟုဆိုအပ်သော ဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဆိုအပ်ပြီး အဟောင်းဖြစ်သော ဝိတက္ကဝိစာရက္ခောဘ အကြောင်းသည် အနုညာတတ္ထ။

(တနည်း) တသ္မာ-ဟူ၍ ဆိုခဲ့ပြီးသော သုပ္ပသာဒါဘာဝသည် ဂဟေတဗ္ဗတ္ထ။ (၂) မဆိုရသေးသော အသစ်စက်စက် အကြောင်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သမာဓိ သမ္ပယုတ်တရားတို့သည် အနုညာတတ္ထ။

(စ) ဗလဝသဒ္ဓါသဟာယပဋိလာဘေနေဝ-၌ (၁) အားရှိသော သဒ္ဓါဟုဆိုအပ်သော အဖော်သဟဲကို ရခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) အားရှိသော သဒ္ဓါဟုဆိုအပ်သော အဖော်သဟဲကို မရခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **(ခ) ဝုတ္တံ-၌ အနန္တတ္ထ ဝစနတ်-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၃) "သမ္ပသာဒနံ စေတသော ဧကောဒိဘာဝဥ္စ" ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

(ခ) ဝုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = "သမ္ပသာဒနံ စေတသော ဧကောဒိဘာဝဥ္စ" ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (စာ-၂၉၀)

(ဆ) ဝုတ္တံ-၌ အနန္တတ္ထ ဝစနတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၃) "သမ္ပသာဒနန္တိ ယာ သဒ္ဓါ သဒ္ဒဟနာ ဩကပ္ပနာ အဘိပ္ပသာဒေါ။ စေတသော ဧကောဒိဘာဝန္တိ ယာ စိတ္တဿ ဌိတိ (ပ) သမ္မာသမာဓိ" ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

➤ ❾ ။ **(စ) ၌ ပါကဋ္ဌော**-အရ တရားကား = "သမာဓိ" ဖြစ်ပါသည်။(လက္ခဏာဒိထုတ်) **ဝိစိတရင်္ဂနှင့်တူသော ပရမတ္ထတရားကား**= ဝိတက်, ဝိစာရ ဖြစ်ပါသည်။ (လက္ခဏာဒိ ထုတ်)

http://www.dhammadownload.com

➤ **၁၀** ။ **(က) အယံ သဒ္ဓါ+ပထမဇ္ဈာနေပိ** ။ ။ အယံ သဒ္ဓါ-အရ သဒ္ဓါ စေတသိက် ပစ္စည်းတရားသည် ပဌမဈာနေ-အရ ပထမဈာန်ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ကံ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

အယဉ္စ သမာဓိ+ပဌမဇ္ဈာနေပိ ။ ။ အယဉ္စ သမာဓိ-အရ သမာဓိ ဧကဂ္ဂတာ ပစ္စည်းတရားသည် ပဌမဈာနေ-အရ ပထမဈာန် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ကံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

(ဃ) သတိယာ+န ဝုတ္တံ ။ ။သတိယာ-အရ သဒ္ဓါ စေတသိက် ပစ္စည်းတရားသည် န ဝုတ္တံ-အရ ပထမဈာန် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ကံ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

ဧတ္ထ+ န သုဋ္ဌု ပါကဋော ဟောတိ ။ ။ ဧတ္ထ-အရ ဝိတက် ဝိစာရ-ဟုဆိုအပ်သော ပထမဈာန် ပစ္စည်းတရားသည် န သုဋ္ဌု ပါကဋော ဟောတိ-အရ သမာဓိ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

(စ-၂) ကတ္တားပုဒ်အရ သမာဓိ ဧကဂ္ဂတာ ပစ္စည်းတရားသည် **အာဓာရဖြစ်သင့်သော ပုဒ်အရ** ဒုတိယဈာန် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ကံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

ပါဠိ (၈၇) [ဋ္ဌ၊၂၁၄။ ပြည်၊ဒု၊၂၆၈။ ဘာသာဋီ၊ဒု၊၄၇၅]

(က) **အဝိတက္ကံ အဝိစာရန္တိ ဘာဝနာယ ပဟီနတ္တာ ဧတသ္မိံ, ဧတဿ ဝါ ဝိတက္ကော နတ္ထီတိ အဝိတက္ကံ။** (ခ) **ဣမိနာဝ နယေန အဝိစာရံ။**

(ဂ) **ဝိဘင်္ဂေပိ ဝုတ္တံ ""ဣတိ အယဉ္စ ဝိတက္ကော, အယဉ္စ ဝိစာရော သန္တာ ဟောန္တိ သမိတာ ဝူပသန္တာ အတ္ထင်္ဂတာ အဗ္ဘတ္ထင်္ဂတာ အပ္ပိတာ ဗျပ္ပိတာ သောသိတာ ဝိသောသိတာ ဗျန္တီကတာ၊ တေန ဝုစ္စတိ အဝိတက္ကံ အဝိစာရ""န္တိ။**

➤ **၁** ။ **(က)** အဝိတက္ကံ အဝိစာရန္တိ၊ကား။ဘာဝနာယ၊ဖြင့်။(ဝိတက္ကဿ၊ဝိတက်၏။(ဝါ)ကို။) ပဟီနတ္တာ၊ပယ်အပ်သည်၏အဖြစ်ကြောင့်။ဧတသ္မိံ ဈာနေ၌။ဝါ၊ကား။ဧတဿ ဈာနဿ၊အား။ဝိတက္ကော၊သည်။ နတ္ထိ၊မရှိ။ဣတိ တသ္မာ၊ကြောင့်။တံ ဈာနံ၊ထိုဈာန်သည်။အဝိတက္ကံ၊မည်၏။

(ခ) ဣမိနာဝ နယေန၊ဤနည်းဖြင့်သာလျှင်။အဝိစာရံ၊မည်၏။

(ဂ) ဝိဘင်္ဂေပိ၊ဝိဘင်း၌လည်း။ဣတိ အယဉ္စ (ပ) အဝိစာရန္တိ၊ဟူ၍။ဝုတ္တံ၊ဟောတော်မူအပ်၏။ဣတိ၊သို့။ အယဉ္စ ဝိတက္ကော၊ဤဝိတက်သည်၎င်း။အယဉ္စ ဝိစာရော၊ဤဝိစာရသည်၎င်း။(ဣမေသံ ဝိတက္ကဝိစာရာနံ၊ ဤဝိတက်, ဝိစာရတို့၏။(ဝါ)တို့ကို။ဘာဝနာယ၊ဘာဝနာဖြင့်။ပဟီနတ္တာ၊ပယ်အပ်သည်၏အဖြစ်ကြောင့်။) သန္တာ-သမ်နိရောဓံဂတာ၊ချုပ်ခြင်းသို့ ရောက်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။သမိတာ၊ဘာဝနာဖြင့် ချုပ်ခြင်းသို့ ရောက်စေအပ်ကုန်သည်။ဝူပသန္တာ၊ဘာဝနာဖြင့် ချုပ်စေအပ်သည်ဖြစ်၍ လွန်စွာငြိမ်းကုန်သည်။အတ္ထင်္ဂတာ၊ပျက်ခြင်းသို့ ရောက်ကုန်သည်။အဗ္ဘတ္ထင်္ဂတာ၊လွန်စွာ ပျက်ခြင်းသို့ ရောက်ကုန်သည်။အပ္ပိတာ၊ပျက်ခြင်းသို့ ရောက်စေ

http://www.dhammadownload.com

အပ်ကုန်သည်။ဇုပ္ပိတာ၊အထူးသဖြင့် ပျက်ခြင်းသို့ ရောက်စေအပ်ကုန်သည်။သောသိတာ၊ပဝတ္တိဟု ဆိုအပ်သော သန္တာန်၏မရှိခြင်းဖြင့် ခြောက်သွေ့ခြင်းသို့ ရောက်ကုန်သည်။ဝိသောသိတာ၊ခြောက်သွေ့ခြင်းသို့ ရောက်ပြီး ကုန်သည်။ဗျန္တီကတာ–ဝိဂတန္တ ကတာ၊အစွန်းအမြိတ် အစဘင်မျှမကျန် အသန့်ကင်းသည်ကို ပြုအပ် ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။တေန၊ထို့ကြောင့်။အဝိတက္ကံ အဝိစာရန္တိ–ရံဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

➢ ❷ ။ **(ခ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အဝိတက္ကံပုဒ်ကို သတ္တမီ ဗဟုဗ္ဗီဟိသမာသ် (ဝါ) စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုအပ်၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် အဝိစာရံပုဒ်၏ ဝစနတ္ထကို ဗဟုဗ္ဗီဟိ ဝစနတ္ထမှတပါး အခြားသော သမာသ်ဝစနတ္ထ ပြုအပ်၏ဟူသော အနက်သဘော ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က) ဖြင့် အဝိတက္ကံပုဒ်ကို သတ္တမီ ဗဟုဗ္ဗီဟိသမာသ် (ဝါ) စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုအပ်၏ဟု မဆိုသင့်။ အဝိစာရံပုဒ် ၏ ဝစနတ္ထကိုလည်း အတိဒေသနည်းဖြင့် ပြဆိုသင့်သေး၏။ အဝိစာရံပုဒ်၏ ဝစနတ္ထကို အတိဒေသနည်း ဖြင့် ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် အဝိတက္ကံပုဒ်၌ ဆိုအပ်ပြီးသော ဝစနတ္ထနည်းဖြင့်သာလျှင် အဝိစာရမည်၏ဟု ဆိုတော်မူ၏။ (တနည်း) (က)(ခ) ဝါကျတို့ဖြင့် ဘာဝနာဖြင့် ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် ဝိတက်, ဝိစာရ မရှိရကား ဒုတိယဈာန်သည် အဝိတက္က, အဝိစာရမည်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းသို့ဆိုသော ဆရာ့ စကားသည် သကဝစနမျှသာဖြစ်၍ ပရဝစန အာဂုမ် သာဓကကင်း၍ မယုံကြည်အပ်, မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ (ဝါ) အဝိတက္ကံနှင့် အဝိစာရံသည် ပုဒ်တစ်မျိုးစီဖြစ်၍ ဝစနတ္ထလည်း ကွဲပြား ခြားနားသင့်သည် မဟုတ်ပါလော။ ထို့ကြောင့် (ခ) ဖြင့် အဝိတက္ကံပုဒ်၌ ဆိုအပ်ပြီးသော ဝစနတ္ထနည်း ဖြင့်သာလျှင် အဝိစာရမည်၏ဟုသာ မဆိုသင့်။ (တနည်း) (က)(ခ) ဝါကျတို့ဖြင့် ဘာဝနာဖြင့် ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် ဝိတက်, ဝိစာရ မရှိရကား ဒုတိယဈာန်သည် အဝိတက္က, အဝိစာရမည်၏ဟု မဆိုသင့်။ ဆရာ့စကားကို ယုံကြည်စေကြောင်း ဖြစ်သော ပရဝစန, အာဂုမ်, သာဓကကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို ယုံကြည်စေကြောင်းဖြစ်သော ပရဝစန, အာဂုမ်, သာဓကကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် အဝိစာရံပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတ အပရိ ပုဏ္ဏဒေါသတို့ကို (ဝါ) အဝိစာရံပုဒ်၏ ဝစနတ္ထကိုလည်း အဝိတက္ကံပုဒ်၌ ဆိုခဲ့ပြီးသော နည်းအတိုင်းပင် ဟု ညွှန်းသောအားဖြင့် ဖွင့်ပြသောကြောင့် ဂန္ထဂရုဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် (ခ) ဝါကျလာ စကားရပ်ကို အာဂမ သာဓကဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်သည်။

(က) ၌ ဝါ–သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ အဝိတက္ကံပုဒ်၏ သတ္တမီ ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထမှတပါး စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (က) ၌ ဝါ–သဒ္ဒါကို ထားရပါသည်။

(ဂ) ဝိဘင်္ဂေပိ–၌ ပိ–ဖြင့် ဘာဝနာဖြင့် ပယ်ခြင်းကြောင့် ဝိတက် ဝိစာရ မရှိခြင်းဟူသော အဓိပ္ပါယ်ကို ဤအဋ္ဌကထာ၌သာ ဆိုသည်မဟုတ်၊ ဝိဘင်း၌လည်း ဆိုအပ်၏ဟု ပေါင်းဆည်းပါသည်။

http://www.dhammadownload.com

➤ ❾ ။ ပဟီယိတ္ထာတိ ပဟီနော။ ပဟီနဿ ဘာဝေါ **ပဟီနတ္တံ**။ (တသ္မာ) (၂) ပဟီနပုဒ်+တ္တ-ပစ္စည်းသည်၎င်း၊ ပယ်အပ်ပြီးသော ဝိတက်၏ ပယ်အပ်ပြီးသည်၏ အဖြစ်တည်းဟူသော ပဟီနဘောဂုဏ်နှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပယ်အပ်ပြီးသည်၏ အဖြစ်တည်းဟူသော ပဟီနဘောဂုဏ်သည် ပဝတ္တိနိမိတ်။

နိယတိ ဉာယတိ အတ္တော ဧတေနာတိ **နယော**။ (နီဓာတ်+ဏပစ္စည်း၊ သိခြင်းကြိယာ)

ဝိတက္ကေတီတိ ဝိတက္ကော။ နတ္ထိ ဝိတက္ကော ဧတဿာတိ **အဝိတက္ကံ**။ (၂) ဝိတက် မရှိခြင်း၏ ဒုတိယစျာန်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိတက်မရှိခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

နတ္ထိ ဝိစာရော ဧတသ္မိန္တိ **အဝိစာရံ**။ (၂) ဝိစာရ မရှိခြင်း နတ္ထိဘောဂုဏ်၏ ဒုတိယစျာန်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိစာရ မရှိခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

သမိံသု နိရုဇ္ဈိံသူတိ **သန္တာ**။ (၂) သမုဓာတ်+တ-ပစ္စည်းသည်၎င်း၊ ချုပ်ငြိမ်းခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိတက် ဝိစာရတို့၏ မရှိခြင်း အဘာဝဘောဂုဏ်သည် ပဝတ္တိနိမိတ်။

သမိယိံသူတိ သမိတာ။ (သမုဓာတ်+တ-ပစ္စည်း)

ဝိသေသေန ဥပသမိံသူတိ **ဝူပသန္တာ**။ (ဝိ-ရှေး ဥပ-ရှေးရှိသော သမုဓာတ်+တ)

အတ္ထံ ဂမိံသူတိ **အတ္ထင်္ဂတာ**။ (အတ္ထ-သဒ္ဒူပပဒ ဂမု+တ)

အတိ အတိရေကံ အတ္ထင်္ဂတာ **အဗ္ဗတ္ထင်္ဂတာ**။ အပ္ပိံသူတိ **အပ္ပိတာ**။ ဝိသေသေန အပ္ပိတာ **ဗျပ္ပိတာ**။ သုသိံသူတိ **သောသိတာ**။(သုသဓာတ်+တ) သုသံ ဣတာ **သောသိတာ**။(သုသ-သဒ္ဒူပပဒ ဣဓာတ်+တ) ဝိသေသေန သောသိတာ **ဝိသောသိတာ**။ ကရိယိံသူတိ ကတာ။ ဗျန္တိံ ကတာ **ဗျန္တီကတာ**။

➤ ❿ ။ **(က)** ၌ ဧတသ္မိံ ဝိတက္ကော နတ္ထိ-ဖြင့် အဝိတက္ကံ-၌ အ-သည် န-၏ ကာရိယ၏ အဖြစ်ကိုင်၎င်း(နိပါတလိင်္ဂပဒ) ယင်းအ-၏ ပဋိသေဓအနက်ကို အဦးမူ၍ ဝိရဟအနက် ဟောသည်ကို၎င်း(နိပါတလိင်္ဂတ္ထ) နတ္ထိ ဝိတက္ကော ဧတသ္မိန္တိ အဝိတက္ကံ-ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ပြုရမည်ကို၎င်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။ **ဝါ**-ဖြင့် နယန္တရဓောတက၏ အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ)

ဧတဿ ဝိတက္ကော နတ္ထိ-ဖြင့် အဝိတက္ကံ-၌ အ-သည် န-၏ ကာရိယ၏ အဖြစ်ကိုင်၎င်း(နိပါတလိင်္ဂပဒ) ယင်းအ-၏ ပဋိသေဓအနက်ကို အဦးမူ၍ ဝိရဟအနက် ဟောသည်ကို၎င်း(နိပါတလိင်္ဂတ္ထ) နတ္ထိ ဝိတက္ကော ဧတဿာတိ အဝိတက္ကံ-ဟု စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ပြုရမည်ကို၎င်း(သမာသလိင်္ဂတ္ထ) သိစေ။

ဘာဝနာယ ပဟီနတ္တာ-ဖြင့် ဒုတိယစျာန်၌ ဝိတက်မရှိဟူသည် ပင်ကိုယ်သဘောအားဖြင့် မရှိသည်ကား မဟုတ်၊ ဘာဝနာဖြင့် ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် မရှိခြင်းပင်တည်းဟု သိစေသည်။(ဘာဝတ္ထ)

(ခ) ၌ ဣမိနာ နယေန-ဖြင့် အဝိစာရံ၌လည်း အဝိတက္ကနည်းတူ အ-သည် န-၏ ကာရိယ၏ အဖြစ်ကိုင်၎င်း(နိပါတလိင်္ဂပဒ) ယင်းအ-၏ ဝိရဟအနက် ဟောသည်ကို၎င်း(နိပါတလိင်္ဂတ္ထ) နတ္ထိ ဝိစာရော

http://www.dhammadownload.com

တေသွိန္တိ အဝစာရံ၊ နတ္ထိ ဝိစာရောတေသာ ဘာတိ အဝိစာရံ--ဟု ပြုရမည်ကိုင်ငံး(သမာသလိင်္ဂတ္ထ) သိစေ။

➤ **၇** ။ **(ဂ) ဝိဘင်္ဂေပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ **စ**-ကား အညမညသမုစ္စယတ္ထ။

(ခ) ဣမိနာ ဝ နယေန-၌ (၁) အဝိတက္ကပုဒ်၌ ဆိုအပ်ပြီးသော သတ္တမီ စတုတ္ထီ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထနည်းသည် (ဝါ) အဝိတက္ကံပုဒ်၌ ဆိုအပ်ပြီးသော နည်းသည် ဂဟေတဗ္ဗတ္ထ။ (၂) အခြားတပါးသော ဝစနတ္ထနည်းတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဤနည်း၏ အနက် အဓိပ္ပါယ်တို့သည် အနုညာတတ္ထ။

➤ **၈** ။ **ကြိယာဝါးတန်** ။ ။ **(က) ဘာဝနာယ-အရ** = ဒုတိယဈာန်၏ ရှေ့အဖို့၌ဖြစ်သော ဥပစာရဘာဝနာကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) ပဌမဈာန်ကို ရရှိပြီးခြင်းသည် ဒီပကတ္ထ။ (၃) ဒုတိယဈာန်ကို ရရှိခြင်းသည် ပကာသနတ္ထ။ (၄) ကသိုဏ်းအာရုံတို့သည်ငှင်း, တိဟိတ်ပဋိသန္ဓေ နေခဲ့ခြင်းသည်ငှင်း ဝိဘာဝတ္ထ။ (၅) အထက်ဖြစ်သော တတိယဈာန် စတုတ္ထဈာန်တို့ကို ရရှိခြင်း, ရူပဘုံ၌ ပဋိသန္ဓေနေရခြင်း စသည်သည် အနုဘာဝတ္ထ။

(ဂ) ဝုတ္တံ-၌ အန္တတ္ထ ဝစဓာတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၃) "ကတ္ထ အယဥ္စ ဝိတက္ကော, အယဥ္စ ဝိစာရော သန္တာ ဟောန္တိ သမိတာ ဝူပသန္တာ အတ္ထင်္ဂတာ အဗ္ဘတ္ထင်္ဂတာ အပ္ပိတာ ဗျပ္ပိတာ သောသိတာ ဝိသောသိတာ ဗျန္တီ ကတာ၊ တေန ဝုစ္စတိ အဝိတက္ကံ အဝိစာရံ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

(ဂ) ဝုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = "ကတ္ထ အယဥ္စ ဝိတက္ကော, အယဥ္စ ဝိစာရော သန္တာ ဟောန္တိ သမိတာ ဝူပသန္တာ အတ္ထင်္ဂတာ အဗ္ဘတ္ထင်္ဂတာ အပ္ပိတာ ဗျပ္ပိတာ သောသိတာ ဝိသောသိတာ ဗျန္တီ ကတာ၊ တေန ဝုစ္စတိ အဝိတက္ကံ အဝိစာရံ"ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (စာ-၂၉၀)

➤ **၉** ။ **ပဟီနတ္တာ-၌ ဘာဝယောဂပုဒ် ပဟီန-အရ** = (က) ဝါကျ သံဝဏ္ဏနာအလို- "ဝိတက်"ကိုယူ၊ (ခ) ဝါကျသံဝဏ္ဏနာအလို- "ဝိစာရ"ကို ယူ၍ လက္ခဏာဒိစတုက္ကထုတ်။

➤ **၁၀** ။ **(က) တေသံ့ တေသ+ဝိတက္ကော နတ္ထိ** ။ ။ ဝိတက္ကော နတ္ထိ-အရ ဝိတက်မရှိခြင်းတည်းဟူသော အဘာဝပညတ် ပစ္စည်းတရားသည် တေသံ့, တေသ-အရ ဒုတိယဈာန် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

ဘာဝနာယ-အရ ဒုတိယဈာန်၏ ရှေ့အဖို့၌ဖြစ်သော ဥပစာရဘာဝနာ ပစ္စည်းတရားသည် **ပဟီနတ္တာ-၌ ပဟီန**-အရ ပယ်အပ်ပြီးသော ဝိတက် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ **ဘာဝနာယ**-အရ ဒုတိယဈာန်၏ ရှေ့အဖို့၌ဖြစ်သော ဥပစာရဘာဝနာ ပစ္စည်းတရားသည် **တေသံ့**-အရ ဒုတိယဈာန် ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အနန္တရ၊ သမနန္တရ၊ ဥပ၊ အာသေ၊ နတ္ထိ၊ ဝိဂတ (၆)

(ဂ) တေန ဝုစ္စတိ+အဝိတက္ကံ အဝိစာရန္တိ ။ ။ ဝုစ္စတိ-ဝယ် ဝစဓာတ်-အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် တေ-ဝိဘတ်နှင့် အဝိတက္ကံ အဝိစာရံ-အရ အဝိတက္ကံ အဝိစာရံ-ဟူသော ဝစီဘေဒသဒ္ဒ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ ဓိ၊ သဟ၊ နိ၊ ကံ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၁၂)

http://www.dhammadownload.com

တေ-ဝိဘတ်, အဝိတက္ကံ အဝိစာရံ-အရ အဝိတက္ကံ အဝိစာရံ-ဟူသော မနသာဝဝတ္ထုပိတာသဒ္ဒ ပစ္စည်းတရားသည် **ဝူပသမာ-ဝယ် ဝစဓာတ်-အရ** ဒေသနာဉာဏ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

ပါဠိ (ဓဓ) [ဠ၊၂၁၄။ ပြည်၊ဒု၊၂၆၈။ ဘာသာဋီ၊ဒု၊၄၇၆]

(က) **ဓတ္တောဟ ""နနုစ "ဝိတက္ကဝိစာရာနံ ဝူပသမာ"တိ ဣမိနာပိ အယမတ္ထော သိဒ္ဓေါ၊ အထ ကသ္မာ ပုန ဝုတ္တံ "အဝိတက္ကံ အဝိစာရ"န္တိ""။** (ခ) **ဝုစ္စတေ။**

(ဂ) **ဝေမေတံ, သိဒ္ဓေါ ဝါယမတ္ထော။** (ဃ) **န ပနေတံ တဒတ္ထဒီပကံ။**

(င) **နန အဝေါစုမှ ""ဩဠာရိကဿ ပန ဩဠာရိကဿ အင်္ဂဿ သမတိက္ကမာ ပဌမဇ္ဈာနတော ပရေသံ ဒုတိယဇ္ဈာနာဒီနံ သမဓိဂမော ဟောတီတိ ဒီပနတ္ထံ ဝိတက္က ဝိစာရာနံ ဝူပသမာတိ ဧဝံ ဝုတ္တံ""န္တိ။**

➢ ❶ ။ **(က)** ဓတ္တော၊ဤအဝိတက္ကံ အဝိစာရံဟူသော ပုဒ်နှစ်ခုအပေါင်း၌။(တနည်း)ဓတ္တော၊ဤ အဝိတက္ကံ အဝိစာရံဟူသော ပါဌ်၌။(ဌတ္တာ၊ရပ်တန့်၍။စောဒကော၊စောဒကသည်။)အာဟ၊ဆို၏။ကိံ၊အဘယ်သို့။ အာဟ၊ဆိုသနည်း။အမ္ဘောဘဒြမုခ၊ကောင်းသော မျက်နှာရှိသော အိုဆရာ။ဘဝန္တံ၊အရှင်ကို။နနုစ စောဒေမိ၊စောဒနာဦးအံ့။ ဝိတက္က ဝိစာရာနံ ဝူပသမာတိ ဣမိနာပိ၊ဤပါဌ်ဖြင့်လည်း။အယံ အတ္ထော၊ဘာဝနာဖြင့် ပယ်အပ်ပြီးသည် အဖြစ်ကြောင့် ဝိတက်, ဝိစာရတို့၏ မရှိခြင်းဟူသော ဤအနက်သည်။သိဒ္ဓေါ၊နနု၊ပြီးကောင်းပြီ မဟုတ်လော။ အထ၊ထိုသို့ပြီးလျက်။ကသ္မာ၊အဘယ့်ကြောင့်။ပုန၊တဖန်။အဝိတက္ကအဝိစာရန္တိပဒံ၊ကို။ဝုတ္တံ၊နည်း။ဣတိ၊ဤသို့။ အာဟ၊ဆို၏။ **(ခ)** ပရိဟာရော၊ကို။မယာ၊ငါသည်။ဝုစ္စတေ၊၏။ **(ဂ)** ဓတေန၊ဤဝိတက္က ဝိစာရာနံ ဝူပသမာ ဟူသော ပါဌ်ဖြင့်။အယံအတ္ထော၊သည်။ဧဝံ၊ဤသို့ စောဒကဆရာဆိုတိုင်း။သိဒ္ဓေါဝ၊ပြီးပေသလျှင်ကတည်း။

(ဃ) ပန၊ထိုသို့ ပြီးကောင်းသော်လည်း။ဧတံ၊ဝိတက္က ဝိစာရာနံ ဝူပသမာ-ဟူသော ဤစကားသည်။ တဒတ္ထဒီပကံ၊ထိုဝိတက်, ဝိစာရတို့၏ အဘာဝမျှဟု ဆိုအပ်သော အနက်ကို ပြတတ်သည်။န ဟောတိ၊မဟုတ်။

(င) ဩဠာရိကဿ ပန (ပ) ဝုတ္တန္တိ၊ဟူသော စကားကို။ဟေဋ္ဌာ၊အောက်၌။မယံ၊ငါတို့သည်။အဝေါစုမှ နနု၊ဆိုခဲ့ကုန်ပြီမဟုတ်လော။

➢ ❷ ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က)ဖြင့် စောဒကာဘောဂနှင့် တကွ စောဒနာကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် စောဒကာဘောဂနှင့်တကွ စောဒနာကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ယင်းစောဒနာ၏ အဖြေပရိဟာရကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ယင်းစောဒနာ၏ အဖြေပရိဟာရကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် အဖြေပရိဟာရကို ငါဆိုအံ့ဟု အကျဉ်းအားဖြင့် ဖြေဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းအဖြေပရိဟာရကို ခွဲခြမ်းစိပ်ဖြာ၍ မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ခ) ဖြင့် အဖြေပရိဟာရကို ငါဆိုအံ့ဟု အကျဉ်းအားဖြင့် မဆိုသင့်။ ယင်းအဖြေပရိဟာရကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်အားဖြင့်လည်း ပြဆိုသင့်သေး၏။

F-27-A

http://www.dhammadownload.com

ယင်းအဖြေပရိဟာရကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်အားဖြင့် ပြဆိုပုံကား အဘယ်ပါနည်း။ (ဂ) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ)ဖြင့် စောဒကဆရာဆိုသော စကားသည် စောဒကဆရာဆိုတိုင်း မှန်၏၊ ဘာဝနာဖြင့် ပယ်အပ်ပြီးသည်၏အဖြစ်ကြောင့် ဝိတက်, ဝိစာရမရှိဟူသော အနက်သည် ပြီးသည်သာတည်းဟု စောဒကဆရာ၏ စကားကို ဝန်ခံတော်မူ၏။ ထိုသို့ဆိုချေသော် ဝန်ခံအပ်သော စကားကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် အဖြေပရိဟာရကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗ္ဗာပိတဒေါသ သင့်ရောက်ရာ၏။ အဖြေပရိဟာရကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဤဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသော စကားသည် ထိုဝိတက်, ဝိစာရတို့၏ အဘာဝမျှဟု ဆိုအပ်သော အနက်ကို ပြတတ်သည် မဟုတ်ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝိတက္ကဝိစာရာနံ ဝူပသမာ-ပါဠ်ဖြင့် ပြအပ်သောအနက်ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ဃ) ဖြင့်--မဟုတ်ဟု မဆိုသင့်။ ဝိတက္ကဝိစာရာနံ ဝူပသမာ-ပါဠ်ဖြင့် ပြအပ်သောအနက်ကိုလည်း ပြဆိုသင့်သေး၏။ ဝိတက္ကဝိစာရာနံ ဝူပသမာ-ပါဠ်ဖြင့် ပြအပ်သောအနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➢ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် အဖြေပရိဟာရကို ပြသောကြောင့် အဗ္ဗာပိတဒေါသ (တနည်း) ပုစ္ဆာ+ဝိဿဇ္ဇနာ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ပုနရုတ္တိဒေါသ (တနည်း) ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် အဗ္ဗာပိတဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ဝိတက္ကဝိစာရာနံ ဝူပသမာ-ဖြင့် ပြအပ်သောအနက်ကို ဖွင့်ပြသောကြောင့် အဗ္ဗာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(က) ၌ ဧတ္ထာဟ-ကို ထားရခြင်းအကြောင်း ။ ။ စောဒကပုဂ္ဂိုလ်၏ စောဒနာ စကားကို ပရိကပ္ပအားဖြင့် ပြလိုသော ဌာနဖြစ်သောကြောင့် (က) ၌ ဧတ္ထာဟ-ကို ထားရပါသည်။

(ခ) ၌ ဝုစ္စတေ-ကို ထားရခြင်းအကြောင်း ။ ။ စောဒကပုဂ္ဂိုလ်၏ စောဒနာနှင့်စပ်၍ အဖြေပရိဟာရကို ပြလိုသောကြောင့် (ခ) ၌ ဝုစ္စတေ-ကို ထားရပါသည်။

➢ ❸ ။ အရီယတိ ဉာယတီတိ အတ္ထော။ သောယေဝ အတ္ထော တဒတ္ထော။ ဒီပေတီတိ ဒီပကံ။ တဒတ္ထဿ ဒီပကံ **တဒတ္ထဒီပကံ**။ (၂) တဒတ္ထပုဒ်+ဒီပကပုဒ်သည်ငှင်း၊ ထိုဝိတက်, ဝိစာရတို့၏ အဘာဝမျှဟုဆိုအပ်သော အနက်၏ ပြတတ်သော ဝိတက္ကဝိစာရာနံ ဝူပသမာဟူသော သဒ္ဒါနှင့် ဝါစ္စ+ဝါစက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ထိုဝိတက်, ဝိစာရတို့၏ အဘာဝမျှဟုဆိုအပ်သော အနက်ကို ပြတတ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) ထိုဝိတက်, ဝိစာရတို့၏ အဘာဝမျှဟုဆိုအပ်သော အနက်ကို ပြတတ်သော သဒ္ဒါတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အသိဇ္ဈိတိ **သိဒ္ဓေါ**။ (သိဓာတ်+တပစ္စည်း၊ ပြီးစီးခြင်းကြိယာ)

http://www.dhammadownload.com

အင်္ဂီယတိ ဉာယတိ ဧတေန သမုဒါယောတိ **အင်္ဂံ**။ အဝုစ္စိတိ **ဝုတ္တံ**။(ဝစ+တ)

➤ **၇** ။ **(က) ဣမိနာပိ**-၌ ပိ-ကား သမ္ပိဏ္ဍနတ္ထ။ **ပုန**-ကား အပဒေသတ္ထ။ (ဂ) **ဝေမေတံ**-၌ ဝေ-ကား သမ္ပဋိစ္ဆနတ္ထ။ (ဃ) **ပန**-ကား အရုစိတ္ထ။ (င) **နနု**-ကား ပုစ္ဆနတ္ထ။

(ဂ) သိဒ္ဓေဝ-၌ (၁) ပြီးစီးခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) မပြီးစီးခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပြီးစီးခြင်းကြိယာ၏ တည်ရာဖြစ်သော ဝိတက်, ဝိစာရတို့၏ အဘာဝမျှသာဟုဆို အပ်သော အနက်ဒြဗ်သည် အနုညာတတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(က) ဝုတ္တံ-၌ အနုတ္တ ဝစဓာတ်-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၃) "အဝိတက္ကံ အဝိစာရံ"ဟူသော ဝစီဘေဒသဒ္ဒ သည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

(က) ဝုတ္တံ-၌ ဗာဟုဏ္တ တ-ပစ္စည်း-အရ = "အဝိတက္ကံ အဝိစာရံ"ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (စာ-၂၉၀)

➤ **၉** ။ **ဩဠာရိကဿ အင်္ဂဿ-အရ** = ဝိတက်, ဝိစာရကို ယူ၍ ထုတ်။

➤ **၁၀** ။ **(င) ပဌမဇ္ဈာနတော+ဒုတိယဇ္ဈာနာဒီနံ** ။ ။ ပဌမဇ္ဈာနတော-အရ ပထမစျာန် ပစ္စည်းတရားသည် ဒုတိယဇ္ဈာနာဒီနံ-အရ ဒုတိယစျာန်စသည် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

ပါဠိ (၈၉) [ဋ္ဌ၊၂၁၅။ ပြည်၊ဒု၊၂၇၀။ ဘာသာဋီ၊ဒု၊၄၇၇]

(က) **သမာဓိဇန္တိ ပဌမဇ္ဈာနသမာဓိတော, သမ္ပယုတ္တသမာဓိတောဝါ ဇာတန္တိ အတ္ထော။**

(ခ) **တတ္ထ ကိဉ္စာပိ ပဌမမ္ပိ သမ္ပယုတ္တသမာဓိတော ဇာတံ၊ အထခေါ အယမေဝ သမာဓိ ""သမာဓိ""တိ ဝတ္တဗ္ဗတံ အရဟတိ၊ ဝိတက္ကဝိစာရက္ခောဘဝိရဟေန အတိဝိယ အစလတ္တာ, သုပ္ပသန္နတ္တာစ။ တသ္မာ ဣမဿ ဝဏ္ဏဘဏနတ္ထံ ဣဒမေဝ ""သမာဓိဇ""န္တိ ဝုတ္တံ။**

(ဂ) **ပီတိသုခန္တိ ဣဒံ ဝုတ္တနယမေဝ။**

* **သမာဓိဇံ**= ဥပနိဿယပစ္စည်းဖြစ်သော ပထမစျာန်သမာဓိကြောင့်ဖြစ်သော။(ဝါ) သမ္ပယုတ်သမာဓိ ကြောင့် ဖြစ်သော။(က-နှင့်အညီ)

➤ **၁** ။ **(က)** သမာဓိဇန္တိ၊ကား။ပဌမဇ္ဈာန သမာဓိတော၊ဥပနိဿယပစ္စည်းဖြစ်သော ပဌမစျာန် သမာဓိကြောင့်။ဇာတံ၊ဖြစ်သည်တည်း။ဝါ၊ကား။သမ္ပယုတ္တသမာဓိတော၊သမ္ပယုတ်သမာဓိကြောင့်။ဇာတံ၊တည်း။ ဣတိ အတ္ထော၊ဤကား အနက်။ **(ခ)** တတ္ထ-တသ္မိံ ဒုတိယဇ္ဈာနာဓိကာရေ၌။ **တနည်းကား**---တတ္ထ၊ထို နှစ်ပါးသော ပဌမစျာန် ဒုတိယစျာန်တို့တွင်။ပဌမမ္ပိ၊သည်လည်း။သမ္ပယုတ္တသမာဓိတော၊ကြောင့်။ကိဉ္စာပိ ဇာတံ၊ အကယ်၍ကား ဖြစ်၏ ရှင့်။အထ ခေါ၊ထိုသို့ ဖြစ်သော်လည်း။အယမေဝ သမာဓိ၊ဤဒုတိယစျာန် သမာဓိသည် သာလျှင်။သမာဓီတိ၊ဟူ၍။ဝတ္တဗ္ဗတံ၊ဆိုအပ်သည်၏ အဖြစ်ကို။အရဟတိ၊ထိုက်၏။ကသ္မာ၊ကား။ဝိတက္က ဝိစာရက္ခော ဘ ဝိရဟေန၊ဝိတက်, ဝိစာရတို့၏ လောက်လက်ချောက်ချားခြင်း ကင်းသဖြင့်။(ဝါ) လောက်လက်ချောက် ချား မြူးစားတတ်သော ဝိတက်, ဝိစာရ ကင်းသဖြင့်။အတိဝိယ၊အလွန်လျှင်။အစလတ္တာစ၊လှုပ်ခြင်းကင်း

F-25-B

http://www.dhammadownload.com

သည်၏ အဖြစ်ကြောင့်ငှင်း။သုပ္ပသန္နတ္တာစ၊ကောင်းစွာ ကြည်လင်သည်၏ အဖြစ်ကြောင့်ငှင်းတည်း။တသ္မာ၊ ထိုသို့ ဒုတိယဈာန်၏ သမာဓိ၏သာလျှင် သမာဓိဟူ၍ ဆိုခြင်းငှာ ထိုက်သည်၏အဖြစ်ကြောင့်။ဣမဿ ဈာနဿ၊ဤဒုတိယဈာန်၏။ဝဏ္ဏဘဏနတ္ထံ၊ကျေးဇူးကို ချီးမွမ်းခြင်းငှာ။ဣဒမေဝ၊ဤဒုတိယဈာန်ကိုသာလျှင်။ သမာဓိဇန္တိ၊ဟူ၍။(ဘဂဝတာ၊သည်။)ဝုတ္တံ၊ဟောတော်မူအပ်၏။(ပဌမဇ္ဈာနံ၊ပထမဈာန်ကို။သမာဓိဇန္တိ၊သမာဓိဇ ဟူ၍။န ဝုတ္တံ၊ဟောတော်မမူအပ်။) (ဗျတိရိက်ထည့်)

(ဂ) ပီတိသုခန္တိဣဒံ၊ဟူသော ဤပုဒ်သည်။ဝုတ္တနယေနမေဝ၊ဖွင့်ဆိုအပ်ပြီးသော နည်းရှိသည်သာတည်း။

➤ ❶ ။ **(ခ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ၌ သမ္ပယုတ္တသမာဓိတော ဝါ ဇာတံ-ဖြင့် ဤဒုတိယဈာန်သည် သမ္ပယုတ်သမာဓိကြောင့်ဖြစ်သောကြောင့် သမာဓိဇမည်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပထမဈာန်သည်လည်း သမ္ပယုတ်သမာဓိကြောင့် ဖြစ်သည်မဟုတ်ပါလော။ ထိုသို့ ပထမဈာန်သည်လည်း သမ္ပယုတ်သမာဓိကြောင့် ဖြစ်သောကြောင့် (က) ၌ သမ္ပယုတ္တသမာဓိတော ဝါ ဇာတံ-ဖြင့် ဤဒုတိယဈာန်သည် သမ္ပယုတ်သမာဓိကြောင့်ဖြစ်သောကြောင့် သမာဓိဇမည်၏ဟု မဆိုသင့်။ (ပဌမဈာနနိဒ္ဒေသ၌ ပထမဈာန်ကို "သမာဓိဇ"ဟု မဟောမူ၍ ဤဒုတိယဈာနနိဒ္ဒေသ၌) ဤဒုတိယဈာန်ကိုသာ "သမာဓိဇ"ဟူ၍ ဟောတော်မူရခြင်း၏ အကျိုးကိုလည်း (ဝါ)အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်အကျိုးငှာ (ဝါ) အဘယ်ကြောင့် (ဤဒုတိယဈာနနိဒ္ဒေသ၌) ဤဒုတိယဈာန်ကိုသာ "သမာဓိဇ" ဟူ၍ ဟောတော်မူပါသနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား-(ခ) ဖြင့် ဤဒုတိယဈာန်ကို ဂုဏ်ကို ချီးမွမ်းခြင်းအကျိုးငှာ (ဝါ) ချီးမွမ်းလိုသော ကြောင့် --ဟူလို။

(ခ) သို့/ ပါပနာဒိပဥ္စက ။ ။ (ပ) ဆိုချေသော် ဤဒုတိယဈာန်သည်သာ သမ္ပယုတ်သမာဓိ ကြောင့်ဖြစ်၏၊ ပဌမဈာန်ကား သမ္ပယုတ်သမာဓိကြောင့် မဖြစ်ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ် တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤဒုတိယဈာန်ကိုသာ "သမာဓိဇ"ဟူ၍ ဟောတော်မူရခြင်း၏ အကျိုးကိုလည်း (ဝါ)အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြ ဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤဒုတိယဈာန်ကိုသာ "သမာဓိဇ"ဟူ၍ ဟောတော်မူရခြင်း၏ အကျိုး (ဝါ)အကြောင်းကား အဘယ်ပါနည်း။ (ခ) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ဤဒုတိယဈာန်ကိုသာ သမာဓိဇ-ဟု ဟောတော်မူရခြင်း အကျိုးကို ပြသောကြောင့် နိရုတ္တကဒေါသ (တနည်း) အကြောင်းကိုပြသောကြောင့် အကြောင်း+အကျိုး ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ပီတိသုခံပုဒ်၏ အဖွင့်ကို (အတိဒေသသံဝဏ္ဏနာ နည်းဖြင့်) ဖွင့်ပြသောကြောင့် ဂန္ထဂရုဒေါသ, ပုနရုတ္တိဒေါသ, အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(က) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ သမာဓိဇ-၌ သမာဓိ-အရ ပထမဈာန် သမာဓိဟူသော အဘိဓေယျတ္ထမှတပါး သမ္ပယုတ်သမာဓိဟူသော အဘိဓေယျတ္ထတစ်မျိုးကို လဲလှယ်ပြလို သောကြောင့်ငှင်း၊ ပထမဈာန်သမာဓိကြောင့် ဖြစ်သောကြောင့် ဒုတိယဈာန်သည် သမာဓိဇမည်၏ဟူသော အကြောင်းသကတ်မှတပါး သမ္ပယုတ်သမာဓိကြောင့်ဖြစ်သောကြောင့် သမာဓိဇမည်၏ဟူသော အကြောင်း

http://www.dhammadownload.com

သကတ်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (က) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(ခ) ၌ ကိဉ္စာပိ-ကို ထားရခြင်းအကြောင်း ။ ။ ပထမဈာန်သည်လည်း သမ္ပယုတ်သမာဓိကြောင့် ဖြစ်ပါလျက် ပထမဈာန်ကို "သမာဓိဇံ"ဟု မဟောဘဲ ဒုတိယဈာန်ကိုသာ "သမာဓိဇံ"ဟု ဟောတော်မူထားသည်ကို မနှစ်သက်သောကြောင့် (ခ) ၌ ကိဉ္စာပိ-ကို ထားရပါသည်။

(ခ) ၌ ဝတ္တာဗ္ဗတံ အရဟတိ-ကို ထားရခြင်းအကြောင်း ။ ။ ပထမဈာန်သည် သမ္ပယုတ်သမာဓိကြောင့်ဖြစ်ငြားသော်လည်း ယင်းပဌမဈာန်သမာဓိသည် လောက်လက်ချောက်ချား မြူးစားတတ်သော ဝိတက် ဝိစာရတို့နှင့် ယှဉ်သဖြင့် တုန်လှုပ်သည်၏အဖြစ်ကြောင့်၎င်း၊ မကြည်လင်သည်၏အဖြစ်ကြောင့်၎င်း သမာဓိဇံဟူ၍ မဆိုထိုက်။ ဤဒုတိယဈာန်သမာဓိသည်သာလျှင် လောက်လက်ချောက်ချား မြူးစားတတ်သော ဝိတက် ဝိစာရတို့နှင့်ကင်းသဖြင့် အလွန်လျှင် တုန်လှုပ်ခြင်း ကင်းသည်၏အဖြစ်ကြောင့်၎င်း၊ အလွန်ကြည်လင်သည်၏ အဖြစ်ကြောင့်၎င်း သမာဓိဇံဟူ၍ ဆိုသင့်ဆိုထိုက်၏ဟု အတ္ထယုတ္တိကို စမ်းထောက်၍ ယူအပ်သော အရာဖြစ်သောကြောင့် (ခ) ၌ ဝတ္တာဗ္ဗတံ အရဟတိ-ကို ထားရပါသည်။

တသ္မာ-ကို ထားရခြင်းအကြောင်း ။ ။ ရသင့်ရထိုက်သော အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့် တသ္မာ-ကို ထားရပါသည်။

➤ **❾** ။ စလနံ စလော။ နတ္ထိ စလော ဧတဿ သမာဓိဿာတိ **အစလော**။ (၂) နပုဒ်+စလပုဒ်+ယ-အည်ပုဒ်သည်၎င်း၊ တုန်လှုပ်မှု မရှိခြင်း အစလဘောဂုဏ်၏ ဒုတိယဈာန်သမာဓိနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဖျူပ္ပတ္တိနိမိတ်။ (၄) မတုန်လှုပ်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

အစလဿ ဘာဝေါ **အစလတ္တံ**။ (တသ္မာ) (၂) အစလပုဒ်+တ္တ-ပစ္စည်းသည်၎င်း၊ တုန်လှုပ်ခြင်းမရှိသော သမာဓိ၏ အစလဘောဂုဏ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဖျူပ္ပတ္တိနိမိတ်။ (၄) တုန်လှုပ်ခြင်းမရှိသည်၏ အဖြစ်တည်းဟူသော အစလဘောဂုဏ်သည် ပဝတ္တိနိမိတ်။

အာရမ္မဏေ စိတ္တံ သမ္မာ အာဓိယတိ ဌပယတီတိ သမာဓိ။ သမာဓိယတီတိ သမာဓိ။ သမာဓိယန္တိ ဧတေနာတိ **သမာဓိ**။ ဇာယတီတိ ဇာတံ။ သမာဓိတော ဇာတံ **သမာဓိဇံ**။ (၂) သမာဓိကြောင့်ဖြစ်သော ဒုတိယဈာန်နှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဖျူပ္ပတ္တိနိမိတ်။ (၄) သမာဓိကြောင့် ဖြစ်ခြင်းကြိယာသည် (ဝါ) သမာဓိကြောင့်ဖြစ်သော ဒုတိယဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပဋိယတေ ဥစ္စာရီယတေတိ ပဌမံ။ ပဌမဉ္စ တံ ဈာနဉ္စာတိ **ပဌမဈာနံ**။ (၂) ပဌမပုဒ်+ဈာနပုဒ်သည်၎င်း၊ ရှေးဦးစွာ ဖြစ်ခြင်းဂုဏ်၏ ဈာန်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဖျူပ္ပတ္တိနိမိတ်။ (၄) ရှေးဦးစွာဖြစ်ခြင်းဂုဏ် (ဝါ) ရှေးဦးစွာ ဝင်စားရခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ပဌမဈာနဉ္စ တံ သမာဓိစာတိ **ပဌမဈာနသမာဓိ**။(တတော)

သမ္ပယုတ္တော သမာဓိ **သမ္ပယုတ္တသမာဓိ**။(တတော) ✳ ဝတ္တာဗ္ဗဿ ဘာဝေါ **ဝတ္တာဗ္ဗတာ**။ (တံ)

ဝိတက္ကဝိစာရာနံ ခေါဘော ဝိတက္ကဝိစာရက္ခောဘော။ ✳ ဝိတက္ကဝိစာရက္ခောဘတော ဝိရဟော ဝိတက္ကဝိစာရက္ခောဘဝိရဟတော။(တေန)

http://www.dhammadownload.com

ပသီဒတီတိ **ပသန္နော**။(ပပုဗ္ဗ သဒဓာတ်+တ) သုဋ္ဌု ပသန္နော သုပ္ပသန္နော။(သမာဓိ)

သုပ္ပသန္နသ ဘာဝေါ **သုပ္ပသန္နတ္တံ**။ (တသ္မာ) (၂) သုပ္ပသန္နပုဒ်+တ္တပစ္စည်းသည်ငှင်း၊ ကောင်းစွာကြည်လင်သော သမာဓိ၏ သုပ္ပသန္န ဘောဂဏ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကောင်းစွာကြည်လင်သည်၏ အဖြစ်တည်းဟူသော သုပ္ပသန္နဘောဂဏ်သည် ပဝတ္တိနိမိတ်။ ＊ ဝဏ္ဏိယတေတိ ဝဏ္ဏော။(ဝဏ္ဏ+အ) ဘဏီယတေ ဘဏနံ။

ဝဏ္ဏသ ဘဏနံ **ဝဏ္ဏဘဏနံ**။(တဿ) (၂) ဝဏ္ဏပုဒ်+ဘဏနပုဒ်သည်ငှင်း၊ ဂုဏ်ကျေးဇူး၏ ရွတ်ဆိုခြင်းကြိယာနှင့် ကမ္မ+ကမ္မီ၊ ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဂုဏ်ကျေးဇူးကို ရွတ်ဆိုခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဝုတ္တော နယော ဣမဿ ပီတိသုခန္တိ ပဒဿာတိ **ဝုတ္တနယံ**။

➤ ❻ ။ **(က)** ၌ ပဌမဈာနသမာဓိတော ဇာတံ-ဖြင့် သမာဓိဇံ-၌ သမာဓိ-အရ ပထမဈာန် သမာဓိကို ယူရမည်ကိုငှင်း(သရုပ်ကြား အဘိဓေယျတ္ထ) ဇံ-၌ ဇနဓာတ်၏ အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ကွိပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်၏အဖြစ်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဇာတန္တိ ဇံ-ဟု ကတ္တုသာဓနေ ဝဇနတ္ထပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သမာဓိတော ဇာတံ သမာဓိဇံ-ဟု ကတ္တုသာဓနေ ကိတန္တ ပဥ္စမီ တပ္ပုရိသ်သမာသ် ပြုရမည်ကိုငှင်း(သမာသလိင်္ဂတ္ထ) ပဌမဈာနံ ဒုတိယဈာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော-ဟူသော ပဋ္ဌာန်းပါဠိတော်အရ ပဌမဈာန်သမာဓိက ဒုတိယဈာန်သမာဓိအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကိုငှင်း(ဘာဝတ္ထ) ဥပနိဿယပစ္စည်းဖြစ်သော ပထမဈာန် သမာဓိကြောင့် ဖြစ်သောကြောင့် ဒုတိယဈာန်သည် သမာဓိဇမည်သည်၏ အဖြစ်ကိုငှင်း(ဘာဝတ္ထ) သိ။

သမ္ပယုတ္တသမာဓိတော ဇာတံ-ဖြင့် သမာဓိဇံ-၌ သမာဓိ-အရ သမ္ပယုတ်သမာဓိကို ယူရမည် ကိုငှင်း(သရုပ်ကြား အဘိဓေယျတ္ထ) သမာဓိဇပုဒ်ကို သမာဓိတော ဇံ သမာဓိဇံ-ဟု ပဥ္စမီ တပ္ပုရိသ်သမာသ် ဝဇနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း(သမာသလိင်္ဂတ္ထ) ဇ-သဒ္ဒါ ဇာတအနက်ဟောသည်၏ အဖြစ်ကိုငှင်း (နာမလိင်္ဂတ္ထ) (တနည်း) ဇံ-၌ ဇနဓာတ်၏ အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ဇံပုဒ်ကို ဇာတန္တိတိ ဇံ-ဟု ကတ္တုသာဓနေ ဝဇနတ္ထပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ကွိပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်၏ အဖြစ်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဒုတိယဈာန သမ္ပယုတ္တသမာဓိက ဒုတိယဈာန်အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

➤ ❼ ။ ဝါ-ကား အတ္ထန္တရဇောတက။ **ကိဥ္စာပိ**-ကား အနုဂ္ဂဟတ္ထ, သမ္ဘာဝနတ္ထ။ **အထခေါ**-ကား အရုစျတ္ထ, ဂရဟတ္ထ။ **ပဌမမ္ပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။ **အတိဝိယ**-ကား အတိရေကတ္ထ။ **စ**-ကား သမုစ္စယ ဇောတက။

တတ္ထ-၌ တ-ကား ရှေ့ဝါကျရှိ ဈာန် (ဝါ) သမာဓိဇံကို စွဲသောကြောင့် ပက္ကန္တဝိသယ။

တသ္မာ-၌ တ-ကား "အရဟတိ"ကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ။

ဣဒမေဝ-၌ ဣမ-ကား ရှေ့ဝါကျရှိ ဒုတိယဈာန်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ခ) အယမေဝ သမာဓိ-၌ (၁) ဒုတိယဈာန် သမာဓိသည် ဂဟေတဗ္ဗတ္ထ။ (၂) ပထမဈာန်

http://www.dhammadownload.com

သမာဓိသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဒုတိယဈာန် သမာဓိ၏ အစလဘောဂုဏ်, သုပ္ပသန္နဘောဂုဏ်တို့သည် အနုညာတတ္ထ။ * **ဣာဒမေဝ-၌** (၁) ဒုတိယဈာန်သည် ဂဟေတဗ္ဗတ္ထ။ (၂) ပထမဈာန်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဒုတိယဈာန် သမာဓိဇံဟူ၍ ဆိုအပ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

(ဂ) ဝုတ္တာနယေနေဝ-၌ (၁) ဖွင့်ဆိုအပ်ပြီးသော နည်းရှိသော ပီတိသုခသည် ဂဟေတဗ္ဗတ္ထ။ (၂) ဖွင့်ဆိုအပ်ပြီးသော နည်းမရှိသော ပုဒ်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဖွင့်ဆိုအပ်ပြီးသော နည်းသည် အနုညာတတ္ထ။

➤ **❼** ။ **ကြိယာငါးတန်** ။ ။ **သမာဓိဇံ-အရ, ဣဒမေဝ-အရ** "ဒုတိယဈာန်" ကို ယူ ထုတ်။

(ခ) ဝုတ္တံ-၌ အန္တတ္ထ ဝစနာတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၃) "သမာဓိဇံ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

(ခ) ဝုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = "သမာဓိဇံ"ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (စာ-၂၉၀-ကြည့်)

(ဂ) ဝုတ္တနယမေဝ-၌ ဝုတ္တ-ဝယ် ဝစနာတ်အရ = သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍

➤ **❽** ။ **ပဌမဇ္ဈာသမာဓိတော, သမ္ပယုတ္တသမာဓိတော-တို့အရ** - သမာဓိ(စေတ္ဂတာ) ယူ။

➤ **❶❵** ။ **(က) ပဌမဇ္ဈာနသမာဓိတော+ဓာတ်** ။ ။ ပဌမဇ္ဈာနသမာဓိတော-အရ ပထမဈာန်သမာဓိ ပစ္စည်းတရားသည် ဓာတ်-အရ ဒုတိယဈာန် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

သမ္ပယုတ္တသမာဓိတော+ဓာတ် ။ ။ သမ္ပယုတ္တသမာဓိတော-အရ ဒုတိယဈာန်နှင့် ယှဉ်ဘက် သမာဓိ ပစ္စည်းတရားသည် ဓာတ်-အရ ဒုတိယဈာန် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

ပါဠိ (၉၀) [ဋ္ဌ၊၂၁၅။ ပြည်၊ဒု၊၂၇၀။ ဘာသာဋီ၊ဒု၊၄၇၇]

(က) **ဒုတိယန္တိ ဂဏနာနုပုဗ္ဗတာ ဒုတိယံ။** (ခ) **ဣဒံ ဒုတိယံ သမာပဇ္ဇတီတိပိ ဒုတိယံ။**

(ဂ) **တသ္မိံ သမယေ ဖဿော ဟောတီတိအာဒီသု ဈာနပဉ္စကေ ဝိတက္ကဝိစာရပဒါနိ မဂ္ဂပဉ္စကေစ သမ္မာသင်္ကပ္ပပဒံ ပရိဟီနံ။**

(ဃ) **တေသံ ဝသေန သဝိဘတ္တိကာဝိဘတ္တိကပဒဝိနိစ္ဆယော ဝေဒိတဗ္ဗော။**

(င) **ကောဋ္ဌာသဝါရေပိ တိဝင်္ဂိကံ ဈာနံ ဟောတိ၊ စတုရင်္ဂိကော မဂ္ဂေါ ဟောတီတိ အာဂတံ။** (စ) **သေသံ ပဌမဇ္ဈာနသဒိသမေဝါတိ။**

➤ **❶** ။ **(က)** ဒုတိယန္တိ၊ကား။ဂဏနာနု ပုဗ္ဗတာ-ဂဏနာနုပုဗ္ဗတာယ၊အရေအတွက် အစဉ်အားဖြင့် ဒုတိယဖြစ်သည်၏အဖြစ်ကြောင့်။ဒုတိယံ၊မည်၏။ **(ခ)** ဣဒံ ဈာန်၊ကို။ဒုတိယံ၊နှစ်ကြိမ်မြောက်။သမာပဇ္ဇတိ၊ဝင်စားအပ်၏။ဣတိပိ၊ဤသို့သော အနက်ကြောင့်လည်း။ဒုတိယံ၊မည်၏။

(ဂ) တသ္မိံ သမယေ ဖဿော ဟောတီတိ အာဒီသု၊တို့၌။ဈာန ပဉ္စကေ၊၌။ဝိတက္က ဝိစာရပဒါနိ၊တို့

http://www.dhammadownload.com

သည်။ပရိဟီနာနိ၊ယုတ်ကုန်၏။မဂ္ဂပဋ္ဌကေ၊၌။သမ္ပာသက်ပ္ပပဒဋ္ဌ၊သည်လည်း။ပရိဟီနံ၊ယုတ်၏။

(ဃ) တေသံ၊ထိုယုတ်ကုန်သော ဝိတက္ကဝိစာရပုဒ် သမ္ပာသက်ပ္ပပုဒ်တို့၏။ဝသေန၊ဖြင့်။သဝိဘတ္တိကာ ဝိဘတ္တိက ပဒဝိနိစ္ဆယော၊ကို။ဝေဒိတဗ္ဗော၊၏။ **(င)** ကောဋ္ဌာသဝါရေပိ၊၌လည်း။တိဝင်္ဂိကံ ဈာနံ ဟောတိ စတုရင်္ဂိကော မဂ္ဂေါ ဟောတီတိ၊ဟူ၍။အာဂတံ၊လာ၏။ **(စ)** သေသံ၊သည်။ပဌမဈာန သဒိသမေဝ၊ပဌမဈာန်၌ လာသော စကားနှင့်တူသည်သာတည်း။ဣတိ၊ဤသည်လျှင် စကားတရပ် အပြီးသတ်တည်း။

➤ ❷ ။ **(ခ) သို့/ ဋ္ဌပနာပဋ္ဌက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဒုတိယံပုဒ်ကို ဒေသိတတဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဒုတိယံပုဒ်ကို ဒေသိတတဒ္ဓိတ် ဝစနတ္ထသာ ပြုသင့်၏ဟူသော အနက်သဘော ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသော ကြောင့် (က) ဖြင့် ဒုတိယံပုဒ်ကို ဒေသိတတဒ္ဓိတ် ဝစနတ္ထပြုရမည်ဟုသာ မဆိုသင့်။ ဒုတိယံပုဒ်ကို အခြား သမာပဇ္ဇတိတဒ္ဓိတ် ဝစနတ္ထပြုရပုံကိုလည်း ပြဆိုသင့်သေး၏။ ဒုတိယံပုဒ်၏ အခြား သမာပဇ္ဇတိတဒ္ဓိတ် ဝစနတ္ထပြုရပုံကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဋ္ဌပနာပဋ္ဌက ။ ။ ဆရာ၊ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် ဒုတိယံပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် တသ္မိံ သမယေ ဖဿော ဟောတိ-စသော ပါဠိရပ်တို့၌ ဈာနပဋ္ဌက, မဂ္ဂပဋ္ဌကတို့၌ ယုတ်လျော့သောပုဒ်တို့ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (က)(ခ) ဝါကျတို့ဖြင့် ဒုတိယံပုဒ်၏ ဝစနတ္ထကိုသာ မဆိုသင့်။ တသ္မိံ သမယေ ဖဿော ဟောတိ-စသော ပါဠိရပ်တို့၌ ဈာနပဋ္ဌက, မဂ္ဂပဋ္ဌကတို့၌ ယုတ်လျော့သောပုဒ်တို့ကိုလည်း ပြဆိုသင့်သေး၏။ တသ္မိံ သမယေ ဖဿော ဟောတိ-စသော ပါဠိရပ်တို့၌ ဈာနပဋ္ဌက, မဂ္ဂပဋ္ဌကတို့၌ ယုတ်လျော့သောပုဒ်တို့ကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဋ္ဌပနာပဋ္ဌက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် တသ္မိံ သမယေ ဖဿော ဟောတိ-စသော ပါဠိရပ်တို့၌ ဈာနပဋ္ဌကဝယ် ဝိတက္ကဝိစာရပုဒ်, မဂ္ဂပဋ္ဌက-ဝယ် သမ္မာသက်ပ္ပပုဒ်တို့ ယုတ်လျော့ကုန်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သဝိဘတ္တိကပဒဝိနိစ္ဆယ, အဝိဘတ္တိကပဒဝိနိစ္ဆယကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ဂ) ဖြင့်--ယုတ်လျော့ကုန်၏ဟု မဆိုသင့်။ ဤမည်သော ပုဒ်တို့၏ အစွမ်းဖြင့် သဝိဘတ္တိကပဒဝိနိစ္ဆယ, အဝိဘတ္တိကပဒဝိနိစ္ဆယကို သိမှတ်အပ်၏ဟု ပြဆိုသင့်သေး၏။ အဘယ်ပုဒ်တို့၏ အစွမ်းဖြင့် သဝိဘတ္တိကပဒဝိနိစ္ဆယ, အဝိဘတ္တိကပဒဝိနိစ္ဆယကို သိမှတ်အပ်ပါသနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ဋ္ဌပနာပဋ္ဌက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ယုတ်ကုန်သော ဝိတက္ကဝိစာရပုဒ် သမ္မာသက်ပ္ပပုဒ်တို့၏ အစွမ်းဖြင့် သဝိဘတ္တိကပဒဝိနိစ္ဆယ, အဝိဘတ္တိကပဒဝိနိစ္ဆယကို သိမှတ်အပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ကောဋ္ဌာသဝါရ၌ ဟောတော်မူအပ်သော ပါဠိကို မသိအပ် မသိနိုင်ရာ သည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ဃ) ဖြင့် -- သိမှတ်အပ်၏ဟု မဆိုသင့်။ ကောဋ္ဌာသဝါရ၌ ဟောတော်မူအပ်သော ပါဠိကိုလည်း ပြဆိုသင့်သေး၏။ ကောဋ္ဌာသဝါရ၌ ဟောတော်မူ အပ်သော ပါဠိကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (င) မိန့်။

http://www.dhammadownload.com

(ခ) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)စသော ဝါကျတို့ဖြင့် ဒုတိယံ-စသော ပုဒ်တို့၏ အနက်ကို ဖွင့်ပြတော်မူ၏။ ထိုသို့ဆိုချေသော် ကြွင်းသော ပုဒ်တို့၏ အဖွင့်ကိုလည်း မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (က)စသော ဝါကျတို့ဖြင့် ဒုတိယံ-စသော ပုဒ်တို့၏ အနက်ကိုသာ မဖွင့်ဆိုသင့်။ ကြွင်းသောပုဒ်တို့၏ အနက်ကိုလည်း (အတိဒေသနည်းအားဖြင့်) ပြဆိုသင့်သေး၏။ ကြွင်းသောပုဒ်တို့၏ အနက်ကို (အတိဒေသနည်းအားဖြင့်) ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။ (အဗျာပိတ ဂဏ္ဌိဂရု ပုနရုတ္တိဒေါသ-တင်)

➢ **၄** ။ အာရမ္မဏံ ဈာယန္တိ ဥပနိဇ္ဈာယန္တီတိ ဈာနာနိ။ ပဉ္စန္နံ သမူဟော ပဉ္စကံ။

ဈာနာနံ ပဉ္စကံ **ဈာနပဉ္စကံ**။ (တသ္မိံ) (၂). ဈာနပုဒ်+ပဉ္စကပုဒ်သည်ငှင်း၊ ဈာန်တို့၏ ပဉ္စကနှင့် အဝယဝ+အဝယဝီ၊ သမူဟီ+သမူဟ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဇျုပ္ပတ္တိနိမိတ်။ (၄) ဈာနပဉ္စက တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ပရိဟာယတီတိ **ပရိဟီနံ**။ (ပရိပုဗ္ဗ ဟာဓာတ်+တ-ပစ္စည်း၊ ယုတ်လျော့ခြင်းကြိယာ)

အင်္ဂီယတေ ဉာယတေ သမုဒါယော ဧတေနာတိ အင်္ဂံ။ တီဏိ အင်္ဂါနိ တိဝင်္ဂံ။

တိဝင်္ဂံ အဿ အတ္ထီတိ **တိဝင်္ဂိကံ**။ (၂) တိဝင်္ဂပုဒ်+ဏိကပစ္စည်းသည်ငှင်း၊ လေးပါးသော အင်္ဂါ တို့၏ မင်္ဂနှင့် အဝယဝ+အဝယဝီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဇျုပ္ပတ္တိနိမိတ်။

စတ္တာရိ အင်္ဂါနိ စတုရင်္ဂံ။ စတုရင်္ဂံ အဿ အတ္ထီတိ **စတုရင်္ဂိကော**။ (၂) စတုရင်္ဂပုဒ်+ဏိကပစ္စည်း သည်ငှင်း၊ လေးပါးသော အင်္ဂါတို့၏ မင်္ဂနှင့် အဝယဝ+အဝယဝီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဇျုပ္ပတ္တိနိမိတ်။ * စတ္တာရိ အင်္ဂါနိ ဣမဿ မဂ္ဂဿာတိ **စတုရင်္ဂိကော**။

➢ **၆** ။ **(က)** ၌ ဂဏနာနုပုဗ္ဗတာ ဒုတိယံ-ဖြင့် ဒုတိယံပုဒ်ကို ဒုတိယံ ဒေသိတန္တိ ဒုတိယံ-ဟု ဒေသိတတဒ္ဓိတ် ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ဏ-ပစ္စည်း ဒေသိတတဒ္ဓိတ်အနက်၌ သက်သည်ကိုငှင်း (ပစ္စယတ္ထ) ဒေသနာက္ကမအားဖြင့် ဒုတိယမည်သည်၏ အဖြစ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

(ခ) ၌ ဒုတိယံ သမာပဇ္ဇတိ-ဖြင့် ဒုတိယံ-ပုဒ်ကို ဒုတိယံ သမာပဇ္ဇတီတိ ဒုတိယံ-ဟု သမာပဇ္ဇတိ တဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ သမာပဇ္ဇတိအနက်၌ သက်သည်ကိုငှင်း(ပစ္စယတ္ထ) သိစေပါသည်။

➢ **၇** ။ **(ဃ) တေသံ**-၌ တ-ကား ဆိုခဲ့ပြီးသော ပရိဟီနပဒါနံ-ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ (င) **ဝိ**-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။

(စ) ပဌမဈာနသဒိသမေဝ–၌ (၁) ပဌမဈာန်၌ လာသော စကားနှင့် တူသည်၏ အဖြစ်တည်းဟူသော သဒိသဘောဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) ပဌမဈာန်၌ လာသော စကားနှင့် မတူသည်၏ အဖြစ်တည်းဟူသော ဝိသဒိသဘောဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပဌမဈာန်၌လာသော စကားအား သင့်လျော်လျောက်ပတ်သည်၏ အဖြစ်တည်းဟူသော အနုရူပဘောဂုဏ်သည် အနုညာတတ္ထ။

➢ **၈** ။ **ကြိယာငါးတန်** ။ ။ **(ဃ) ဝေဒိတဗ္ဗော–၌ ဝိဒဓာတ်–အရ** = ပညာရှိတို့ သန္တာန်၌ဖြစ်သော သဝိဘတ္တိကပဒဝိနိစ္ဆယ, အဝိဘတ္တိကပဒဝိနိစ္ဆယကိုသိသော အခြင်းအရာအားဖြင့်ဖြစ်သော

http://www.dhammadownload.com

မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) သဝိဘတ္တိကပဒဝိနိစ္ဆယ, အဝိဘတ္တိကပဒဝိနိစ္ဆယကို သိသဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည် ပကာသနတ္ထ။ (၄) ပုဗ္ဗေစ ကတပုညတာ, သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) ကျင့်ကြံကြိုးကုတ် အားထုတ်သဖြင့် ရရှိအပ်သော ပါမောဇ္ဇ, ပီတိ, ပဿဒ္ဓိ, သုခ, သမာဓိ-စသော အကျိုးတရား အဆက်ဆက်သည် အနုဘာဝတ္ထ။

➤ ❶ ⓿ ။ **(ဃ) သဝိဘတ္တိကာဝိဘတ္တိကပဒဝိနိစ္ဆယော+ဝေဒိတဗ္ဗော** ॥ ॥

သဝိဘတ္တိကာဝိဘတ္တိကပဒဝိနိစ္ဆယော-အရ သဝိဘတ္တိကပဒဝိနိစ္ဆယ, အဝိဘတ္တိကပဒဝိနိစ္ဆယ အဆုံးအဖြတ်ဟူသော အာရုံ(တနည်း) ဓမ္မာရုံ ပစ္စည်းတရားသည်+ဝေဒိတဗ္ဗော-၌ ဝိဒဓာတ်-အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ မိ၊ ဥပ (၃) (တနည်း) အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄)

ပါဠိ (၉၁) [ဋ္ဌ၊၂၁၅။ ပြည်၊ဒု၊၂၇၁။ ဘာသာဋီ၊ဒု၊၄၇၈]

(က) **တတိယဇ္ဈာနနိဒ္ဒေသေ ပီတိယာစ ဝိရာဂါတိ ဝိရာဂေါ နာမ ဝုတ္တပ္ပကာရာယ ပီတိယာ ဇိဂုစ္ဆနံ ဝါ သမတိက္ကမော ဝါ။** (ခ) **ဥဘိန္နံ ပန အန္တရာ စသဒ္ဒေါ သမ္ပိဏ္ဍနတ္ထော။**

(ဂ) **သော ဝူပသမံ ဝါ သမ္ပိဏ္ဍေတိ ဝိတက္ကဝိစာရဝူပသမံ ဝါ။**

(ဃ) **တတ္ထ ယဒါ ဝူပသမမေဝ သမ္ပိဏ္ဍေတိ၊ တဒါ ပီတိယာ ဝိရာဂါစ ကိဉ္စ ဘိယျော ဝူပသမာစာတိ ဧဝံ ယောဇနာ ဝေဒိတဗ္ဗာ။**

(င) **ဣမိဿာစ ယောဇနာယ ဝိရာဂေါ ဇိဂုစ္ဆနတ္ထော ဟောတိ။**

(စ) **တသ္မာ ပီတိယာ ဇိဂုစ္ဆနာစ ဝူပသမာစာတိ အယမတ္ထော ဒဋ္ဌဗ္ဗော။**

* **ပီတိယာ**=ပီတိကို။ဝိရာဂါစ=စက်ဆုပ်ခြင်းကြောင့်၎င်း။ပီတိယာစ၊ပီတိ၏။ဝူပသမာစ၊ပယ်ခွါလွန်မြောက် ငြိမ်းပျောက်ခြင်းကြောင့်၎င်း။ (တနည်း) ပီတိယာ၊ကို။ဝိရာဂါစ၊လွန်မြောက်ခြင်းကြောင့်၎င်း။ဝိတက္ကဝိစာရာနံ၊ဝိတက်, ဝိစာရတို့၏။ဝူပသမာစ၊ပယ်ခွါလွန်မြောက် ငြိမ်းပျောက်ခြင်းကြောင့်၎င်း။

➤ ❶ ။ **(က)** တတိယဇ္ဈာန နိဒ္ဒေသေ၌။ပီတိယာစ ဝိရာဂါတိ၊ကား။ဝုတ္တပ္ပကာရာယ၊ဆိုအပ်ပြီးသော ပကာရရှိသော။ပီတိယာ၊ကို။ဇိဂုစ္ဆနံ ဝါ၊စက်ဆုပ်ခြင်းသည်၎င်း။သမတိက္ကမော ဝါ၊လွန်ခြင်းသည်၎င်း။ဝိရာဂေါ နာမ၊မည်၏။ **(ခ)** ပန၊ကား။ဥဘိန္နံ၊ပီတိဟူသော ဝိရာဂဟူသော နှစ်ပါးသောပုဒ်တို့၏။အန္တရာ၊အကြား၌။စ သဒ္ဒေါ၊စသဒ္ဒါသည်။သမ္ပိဏ္ဍနတ္ထော၊ပေါင်းဆည်းခြင်းအနက်ရှိ၏။ **(ဂ)** သောစ သဒ္ဒေါ၊ထိုစသဒ္ဒါသည်။ဝူပသမံ ဝါ၊ပီတိကို ငြိမ်းစေခြင်းကိုမူလည်း။သမ္ပိဏ္ဍေတိ၊ပေါင်း၏။ဝိတက္က ဝိစာရ ဝူပသမံ ဝါ၊ဝိတက်, ဝိစာရတို့ကို ငြိမ်းစေခြင်းကိုမူလည်း။သမ္ပိဏ္ဍေတိ၏။ **(ဃ)** တတ္ထ၊ထိုနှစ်ပါးသော သမ္ပိဏ္ဍနတို့တွင်။ယဒါ၊အကြင်အခါ၌။ဝူပသမမေဝ၊ဝူပသမကြိယာကိုသာလျှင်။သမ္ပိဏ္ဍေတိ၏။တဒါ၊ထိုအခါ၌။ပီတိယာ၊ကို။ဝိရာဂါစ၊စက်ဆုပ်ခြင်းကြောင့်၎င်း။ဘိယျော၊ထို့ထက်အလွန် ဆိုဘွယ်သည်။ကိဉ္စ၊အဘယ်နည်း။ပီတိယာ၊ကို။ဝူပသမာစ၊ငြိမ်းစေခြင်းကြောင့်၎င်း။ဣတိ ဧဝံ၊ဤသို့။ယောဇနာ၊ပုဒ်တို့ကို ယှဉ်စေခြင်းကို။ဝေဒိတဗ္ဗာ၏။

(င) စ၊ဆက်။ဣမိဿာ ယောဇနာယ၊ဤယောဇနာနည်း၌။ဝိရာဂေါ၊ဝိရာဂသဒ္ဒါသည်။ဇိဂုစ္ဆနတ္ထော၊ဇိဂုစ္ဆန

http://www.dhammadownload.com

အနက်ရှိသည်။ဟောတိ၊ဖြစ်၏။ (စ) တသ္မာ၊ထိုသို့ ဝိရာဂသဒ္ဒါ၏ ဇိဂုစ္ဆနအနက်ရှိသည်၏ အဖြစ်ကြောင့်။ ပီတိယာ၊ကို။ဇိဂုစ္ဆနာစ၊စက်ဆုပ်ခြင်းကြောင့်၎င်း။(ပီတိယာ၊ပီတိ၏)ဝူပသမာစ၊ပယ်ခွားလွန်မြောက် ငြိမ်းပျောက်ခြင်းကြောင့်၎င်း။ဣတိ အယံ အတ္ထော၊ဤအနက်ကို။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

➤ **J** ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ပီတိယာစ ဝိရာဂါ၌ ပီတိယာပုဒ်၊ ဝိရာဂါပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပီတိ, ဝိရာဂ နှစ်ပုဒ်တို့၏ အနက်ကိုသာ သိအပ်၏ဟု အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ယင်းနှစ်ပုဒ်တို့၏ အလယ်၌ပါသော စ–သဒ္ဒါ၏ အနက်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ယင်းနှစ်ပုဒ်တို့၏ အလယ်၌ပါသော စ–သဒ္ဒါ၏ အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ပီတိယာ, ဝိရာဂါ နှစ်ပုဒ်တို့၏ အလယ်၌ စ–သဒ္ဒါသည် သမ္ပိဏ္ဍနအနက်ရှိ၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းသမ္ပိဏ္ဍန၏ သမ္ပိဏ္ဍိတဗ္ဗကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ခ) ဖြင့် ပီတိယာ, ဝိရာဂါ နှစ်ပုဒ်တို့၏ အလယ်၌ စ–သဒ္ဒါသည် သမ္ပိဏ္ဍနအနက်ရှိ၏ဟု မဆိုသင့်။ ယင်းသမ္ပိဏ္ဍန၏ သမ္ပိဏ္ဍိတဗ္ဗကိုလည်း ပြဆိုသင့်သေး၏။ ယင်းသမ္ပိဏ္ဍန၏ သမ္ပိဏ္ဍိတဗ္ဗကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ)ဝါကျတို့ဖြင့် ဝိရာဂ–သဒ္ဒါသည် ဇိဂုစ္ဆနအနက်, သမတိက္ကမနအနက်ကို ဟော၏၊ စ–သဒ္ဒါသည် ပီတိ၏ ဝူပသမကို၎င်း, ဝိတက် ဝိစာရတို့၏ ဝူပသမကို၎င်း ပေါင်း၏ဟု အကျဉ်းအားဖြင့် ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝိရာဂ–သဒ္ဒါ၏ နှစ်ပါးကုန်သော အနက်တို့ကို၎င်း, စ–သဒ္ဒါ၏ နှစ်ပါးကုန်သော ပေါင်းခြင်းတို့ကို၎င်း ခွဲခြမ်းစိပ်ဖြာ၍ အကျယ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ အကျယ် မသိနိုင်ရာသောကြောင့် (က)(ခ)(ဂ)ဝါကျတို့ဖြင့် ဝိရာဂ–သဒ္ဒါသည် ဇိဂုစ္ဆနအနက်, သမတိက္ကမနအနက်ကို ဟော၏၊ စ–သဒ္ဒါသည် ပီတိ၏ ဝူပသမကို၎င်း, ဝိတက် ဝိစာရတို့၏ ဝူပသမကို၎င်း ပေါင်း၏ဟု အကျဉ်းအားဖြင့် မဆိုသင့်။ ဝိရာဂ–သဒ္ဒါ၏ နှစ်ပါးကုန်သော အနက်တို့ကို၎င်း, စ–သဒ္ဒါ၏ နှစ်ပါးကုန်သော ပေါင်းခြင်းတို့ကို၎င်း ခွဲခြမ်းစိပ်ဖြာ၍ အကျယ်အားဖြင့် ပြဆိုသင့်သေး၏။ အကျယ်အားဖြင့် ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့–(ဃ) မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် စ–သဒ္ဒါသည် ပီတိ၏ ဝူပသမကို ပေါင်းသောအခါ၌ ပီတိယာ ဝိရာဂါစ(ကိဥ္စဘိယျော) ဝူပသမာစ–ဟူ၍ ယောဇနာကို သိမှတ်အပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းယောဇနာ၌ ဝိရာဂ–သဒ္ဒါ၏ အနက်ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ဃ) ဖြင့် စ–သဒ္ဒါသည် ပီတိ၏ ဝူပသမကို ပေါင်းသော အခါ၌ ပီတိယာ ဝိရာဂါစ(ကိဥ္စဘိယျော) ဝူပသမာစ–ဟူ၍ ယောဇနာကို သိမှတ်အပ်၏ဟု မဆိုသင့်။ ဝိရာဂ–သဒ္ဒါ၏ အနက်ကိုလည်း ပြဆိုသင့်သေး၏။ ဝိရာဂ–သဒ္ဒါ၏ အနက်ကား အဘယ်ပါနည်း။ ဤ

http://www.dhammadownload.com

သို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ပီတိယာ ဝိရာဂါ နှစ်ပုဒ်တို့၏ အလယ်၌ စသဒ္ဒါ၏ အနက်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် သမ္ပဇာနစ်၏ သမ္ပဇာနတ္တိတဗ္ဗကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် ပဒယောဇနာနှင့် ဝိရာဂ-သဒ္ဒါ၏ အနက်ကို အကျယ်ချဲ့၍ ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် ဝိရာဂ-သဒ္ဒါ၏ အနက်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(စ)** ဖြင့် ရအပ်သော အကျိုးလဒ္ဓဂုဏ်ကို ပြသောကြောင့် နိရတ္ထကဒေါသ (ဝါ) နိဂုံးကို ပြသောကြောင့် ပုနရုတ္တိဒေါသကို ပယ်ပါသည်။

(က) ဇိဂုစ္ဆနံ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဝိရာဂ-သဒ္ဒါ၏ သမတိက္ကမနတ္ထမှတပါး ဇိဂုစ္ဆနတ္ထကို လဲလှယ်ပြလိုသောကြောင့် (က) ဇိဂုစ္ဆနံ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

သမတိက္ကမောဝါ-၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ ဝိရာဂ-သဒ္ဒါ၏ ဇိဂုစ္ဆနတ္ထမှ တပါး သမတိက္ကမနတ္ထကို လဲလှယ်ပြလိုသောကြောင့် သမတိက္ကမောဝါ-၌ ဝါ-သဒ္ဒါကို ထားရသည်။

(ဂ) ဝူပသမံ ဝါ-၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ ဝိတက္ကဝိစာရ ဝူပသမနတ္ထမှ တပါး ပီတိ ဝူပသမနတ္ထကို လဲလှယ်ပြလိုသောကြောင့် (ဂ) ဝူပသမံ ဝါ-၌ ဝါ-သဒ္ဒါကို ထားရသည်။

ဝိတက္ကဝိစာရ ဝူပသမံ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ပီတိ ဝူပသမနတ္ထမှ တပါး ဝိတက္ကဝိစာရဝူပသမနတ္ထကို လဲလှယ်ပြလိုသောကြောင့် ဝိတက္ကဝိစာရ ဝူပသမံ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။ **(ဃ) ၌ ဝေဒိတဗ္ဗော-ကို ထားရခြင်းအကြောင်း** ။ ။ ပီတိယာစ ဝိရာဂါ-ဟူသော ပါဠိတော်ကို "ပီတိယာစ ဝိရာဂါစ ကိဥ္စ ဘိယျော ဝူပသမာစ"ဟု စသဒ္ဒါဖြင့် ဆောင်ယူ၍ နေယျတ္ထဝဏ်တ္ထ, သံသယတ္ထ, အနေကန္တအားဖြင့် ယောဇနာရမည်ဟု သံသယတ္ထကို ပြလိုသောကြောင့် (ဃ) ၌ ဝေဒိတဗ္ဗော-ကို ထားရပါသည်။

(စ) ၌ တသ္မာ-ကို ထားရခြင်းအကြောင်း ။ ။ ဤသို့ ဆိုအပ်ခဲ့ပြီးသော ယောဇနာ၌ ဝိရာဂ-သဒ္ဒါသည် ဇိဂုစ္ဆနအနက်ရှိ၏ဟုဆိုသဖြင့် ရအပ်သော အကျိုးဂုဏ်ကို ပြလိုသောကြောင့် (တနည်း) ဝူပသမမေဝ သမ္ပိဏ္ဍေတိ စသည်ဖြင့် အကျယ်ဖွင့်ဆိုအပ်ပြီးသော အနက်ကိုပင် အကျဉ်းချုံး၍ နိဂုံးအုပ်ပြလိုသောကြောင့် (စ) ၌ တသ္မာ-ကို ထားရပါသည်။

(စ) ၌ ဒဋ္ဌဗ္ဗော-ကို ထားရခြင်းအကြောင်း ။ ။ ဤယောဇနာနည်း၌ ဝိရာဂ-သဒ္ဒါသည် ဇိဂုစ္ဆနအနက်ရှိသောကြောင့် "ပီတိယာစ ဇိဂုစ္ဆနာစ ဝူပသမာစ"ဟူသော ဤအနက်ကို မုချတ္ထ, နီတတ္ထ, ဥဇုကတ္ထ, ဧကန္တအားဖြင့် မှတ်ယူရမည်ဟု သန္နိဋ္ဌာနတ္ထကို ပြလိုသောကြောင့် (စ) ၌ ဒဋ္ဌဗ္ဗော-ကို ထားရပါသည်။

➤ ❹ ။ သမ္ပဇ္ဇာယတေ **သမ္ပဇာနံ**။ (သံပုဗ္ဗ ပိဉာတ်+ယုပစ္စည်း၊ ပေါင်းခြင်းကြိယာ)

သမ္ပဇာနံ အတွော အသ စသဒ္ဒသာတိ **သမ္ပဇာနတ္တော**။ (၂) သမ္ပဇာနပုဒ်+အတ္ထပုဒ်+ဣမပုဒ်သည် ၎င်း၊ သမ္ပဇာနအနက်၏ စသဒ္ဒါနှင့် ဝါစ္စ+ဝါစက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄)

http://www.dhammadownload.com

သမ္ပိဏ္ဍနအနက်ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဝိရဇ္ဇနံ **ဝိရာဂေါ**။ (ဝိပုဗ္ဗ ရန္ဇဓာတ်+ဏပစ္စည်း၊ တပ်ခြင်းကင်းခြင်းကြိယာ)

ယောဇီယတေ **ယောဇနာ**။ (ယုဇ+ယု၊ ယှဉ်ခြင်းကြိယာ)

ဝုတ္တော ပကာရော ယဿာ ပီတိယာတိ **ဝုတ္တပ္ပကာရော**။ (တာယ) (၂) ဝုတ္တပုဒ်+ပကာရပုဒ်+ယ–အညပုဒ်သည်ငှင်း၊ ဆိုအပ်ပြီးသော အပြား၏ ပီတိနှင့် ပကာရ+ပကာရဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပီတိ၏ ငါးပါးပြားခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

ဝိတက္ကဝိစာရာနံ ဝူပသမော **ဝိတက္ကဝိစာရဝူပသမော**။ (တံ)

ဇိဂုစ္ဆီယတေ ဇိဂုစ္ဆနံ။ ဇိဂုစ္ဆနံ အတ္ထော အဿ ဝိရာဂဿာတိ **ဇိဂုစ္ဆနတ္ထော**။ (၂) ဇိဂုစ္ဆနပုဒ်+အတ္ထပုဒ်+တ–အညပုဒ်သည်ငှင်း၊ ဇိဂုစ္ဆနအနက်၏ ဝိရာဂသဒ္ဒါနှင့် ဝါစ္စ+ဝါစက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဇိဂုစ္ဆနအနက်ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➢ **၆** ။ **(က)**၌ ဝုတ္တပ္ပကာရာယ ပီတိယာ–ဖြင့် ပီတိယာစ ဝိရာဂါ–၌ ပီတိ–အရ ပထမစျာန်၌ ဆိုအပ်ပြီးသော ဖရဏာပီတိကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

ဝိရာဂေါ နာမ ဇိဂုစ္ဆနံ ဝါ သမတိက္ကမောဝါ–ဖြင့် ဝိရာဂါ–၌ (ဝိပုဗ္ဗ ရန္ဇ+ဏ) ဏပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု–ပစ္စယတ္ထ) ဝိရဇ္ဇနံ ဝိရာဂေါ–ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ဝိရာဂ=တပ်ခြင်းကင်းခြင်းဟူသည် ငြီးငွေ့ခြင်းကို အဦးပြုသဖြင့် စက်ဆုပ်ရွံရှာခြင်း, ရှုတ်ချခြင်း၊ ထိုပီတိနှင့်စပ်သော ရာဂကို ပယ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

(ခ) ဖြင့် စ–သဒ္ဒါသည် သမ္ပိဏ္ဍနအနက်ကို ဟော၏ဟု သိစေပါသည်။(နိပါတလိင်္ဂတ္ထ)

➢ **၇** ။ **(က+ဂ)** **ဝါ**-ကား ဝိကပ္ပနတ္ထ။ (တနည်း) အညမညသမုစ္စယတ္ထ။ (ခ) **ပန**–ကား ပက္ခန္တရတ္ထ၊ ဝါကျာရမ္ဘတ္ထ။ (ဃ) **ကိဥ္စ**– ကား ပုစ္ဆနတ္ထ။ **အဘိဓေယျ**–ကား အတိရေကတ္ထ (တနည်း) ဗဟုဝါစက။ **ဝိရာဂါစ**–၌ စ–ကား သမုစ္စယတ္ထ။ (င) **စ**–ကား ဝါကျာရမ္ဘတ္ထ။

(ဃ) ဝူပသမမေဝ–၌ (၁) ပီတိဝူပသမ(ပီတိ၏ ငြိမ်းခြင်း) သည် ဂဟေတဗ္ဗတ္ထ။ (၂) ဝိတက္ကဝိစာရ ဝူပသမ(ဝိတက်, ဝိစာရတို့၏ငြိမ်းခြင်း) သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပီတိဇိဂုစ္ဆန (ပီတိကို စက်ဆုပ်ခြင်း) သည် အနုညာတတ္ထ။

➢ **၈** ။ **ကြိယာငါးတန်** ။ ။ **ပီတိယာ စ ဝိရာဂါ ဥပေက္ခကောစ ဝိဟရတိ–၌** = (၁) **တတိယစျာန်** သည် ဒဿနတ္ထ။ (၂) ပီတိ ဝိရာဂသည် ဒီပကတ္ထ။ (၃) တတိယဈာနသမာပတ္တိသုခသည် ပကာသနတ္ထ။ (၄) ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းသည် ဝိဘာဝတ္ထ။ (၅) တတိယစျာန်ဘုံ၌ဖြစ်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

ဝိရာဂ–အရ = တတိယစျာန်၏ ရှေ့အဖို့၌ဖြစ်သော ဥပစာရဘာဝနာကို ယူ၍ (၁) ထို–သည် ဒဿနတ္ထ။ (၂) ဝိတက် ဝိစာရတို့ငြိမ်းခြင်းသည် ဒီပကတ္ထ။ (၃) တတိယစျာန်ကို ရရှိခြင်းသည် ပကာသနတ္ထ။ (၄) ပထမစျာန် ဒုတိယစျာန်တို့ရရှိပြီးခြင်းသည် ဝိဘာဝတ္ထ။ (၅) တတိယစျာန်သမာပတ် ချမ်းသာကို ခံစားရခြင်း, တတိယစျာန်ဘုံ၌ ပဋိသန္ဓေနေရခြင်း စသည်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com

(စ) ဒဋ္ဌဗ္ဗော-၌ အန္တတ္ထ ဒီသဓာတ်-အရ = ပညာရှိတို့၏ သန္တာန်၌ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) ပီတိယာစ ဝိရာဂါ-ဟူသော ပါဠိတော်ကို မှန်ကန်စွာ ယောဇနာနိုင်ခြင်း, သင်ကြားပို့ချနိုင်ခြင်းသည် ပကာသနတ္ထ။ (၄) ပုဗ္ဗေစ ကတပုညတာ စသည်သည် ဝိဘာဝတ္ထ။ (၅) သင်ကြားပို့ချပေးသဖြင့် သောတုဇနတို့ ပီတိယာစ ဝိရာဂါပါဠိ၏ အနက်ကို မှန်ကန်စွာ သိရခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➢ ❶ ⓿ ။ **ပီတိယာစ ဝိရာဂါ** ။ ။ ပီတိယာ-အရ ဒုတိယစျာန်နှင့်ယှဉ်သော ပီတိ ပစ္စည်းတရားသည် ဝိရာဂါ-အရ တတိယစျာန်၏ ရှေ့အဖို့၌ဖြစ်သော ကာမာဝစရ ပရိကမ္မဘာဝနာ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပီတိယာ ဇိဂုစ္ဆနံ ။ ။ ပီတိယာ-အရ ဒုတိယစျာန်၌ယှဉ်သော ပီတိ ပစ္စည်းတရားသည် ဇိဂုစ္ဆနံ အရ တတိယစျာန်၏ ရှေ့အဖို့၌ဖြစ်သော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်=အာ၊ ဓိ၊ ဥပ (၃)

(စ) အတ္ထော+ဒဋ္ဌဗ္ဗော ။ ။ အတ္ထော-အရ "ပီတိယာစ ဇိဂုစ္ဆနာစ ဝူပသမာစ"ဟူသော အနက် အတ္ထပညတ် ပစ္စည်းတရားသည် ဒဋ္ဌဗ္ဗော-၌ ဒီသဓာတ်-အရ ပညာရှိတို့၏ သန္တာန်၌ အနက်ကို အာရုံပြု၍ဖြစ်သော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

ပါဌ (၉၂) [ဋ္ဌ၊၂၁၆။ ပြည်၊ဒု၊၂၇၁။ ဘာသာဋီ၊ဒု၊၄၇၉]

(က) **ကာမဉ္စေတေ ဝိတက္ကဝိစာရာ ဒုတိယဇ္ဈာနေယေဝ ဝူပသန္တာ၊ ဣမဿ ပန ဈာနဿ မဂ္ဂ ပရိဒီပနတ္ထံ, ဝဏ္ဏဘဏနတ္ထဉ္စေတံ ဝုတ္တံ။**

(ခ) ""**ဝိတက္ကဝိစာရာနဉ္စ ဝူပသမာ""တိ ဟိ ဝုတ္တေ ဣဒံ ပညာယတိ ""နူန ဝိတက္က ဝိစာရဝူပသမော မဂ္ဂေါ ဣမဿ ဈာနဿာ""တိ။**

(ဂ) **ယထာစ တတိယေ အရိယမဂ္ဂေ အပ္ပဟီနာနမ္ပိ သက္ကာယဒိဋ္ဌာဒီနံ ""ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပဟာနာ""တိ ဧဝံ ပဟာနံ ဝုစ္စမာနံ ဝဏ္ဏဘဏနံ ဟောတိ၊ တဒဓိဂမာယ ဉဿုက္ကာနံ ဉဿာဟဇနကံ၊ ဧဝမေဝ ဣဓ အဝူပသန္တာနမ္ပိ ဝိတက္ကဝိစာရာနံ ဝူပသမော ဝုစ္စမာနော ဝဏ္ဏဘဏနံ ဟောတိ။**

(ဃ) **တေနာယမတ္ထော ဝုတ္တော ""ပီတိယာစ သမတိက္ကမာ, ဝိတက္ကဝိစာရာနဉ္စ ဝူပသမာ""တိ။**

➢ ❶ ။ **(က)** စေတေ ဝိတက္ကဝိစာရာ၊တို့သည်။ဒုတိယဇ္ဈာနေယေဝ၊၌ပင်လျှင်။ကာမဉ္စ ဝူပသန္တာ၊ အကယ်၍ကား ငြိမ်းကုန်၏ရှင့်။ပန တထာပိ၊ထိုသို့ပင် ငြိမ်းအေးပါကုန်သော်လည်း။ဣမဿ ဈာနဿ၊ ဤတတိယစျာန်၏။မဂ္ဂ ပရိဒီပနတ္ထဉ္စ၊အကြောင်းဥပါယ်ကို ပြခြင်းငှာလည်း။ဝဏ္ဏဘဏနတ္ထဉ္စ၊ကျေးဇူးကို ချီးမွမ်းခြင်းငှာလည်း။ဧတံ၊ဤဝိတက္က ဝိစာရာနဉ္စ ဝူပသမာဟူသော စကားကို။(ဘဂဝတာ၊သည်)ဝုတ္တံ၊ပေါင်းဆည်း သောအားဖြင့် ဟောတော်မူအပ်ပြီ။ **(ခ)** ဟိ-သစ္စံမှန်၏။ဝိတက္က ဝိစာရာနဉ္စ ဝူပသမာတိ၊

http://www.dhammadownload.com

ဟူသော စကားကို။ဝုတ္တော၊သမ္ပိဏ္ဍနတ္ထ အဖြစ်ဖြင့် ဟောတော်မူအပ်သော်။ဝိတက္က ဝိစာရ ဝူပသမော၊ဝိတက်, ဝိစာရတို့၏ ငြိမ်းစေခြင်းသည်။ဣမဿ ဈာနဿ၊ဤတတိယဈာန်၏။မဂ္ဂနနု၊အကြောင်း မဟုတ်လော။ (နနု၊စင်စစ်။မဂ္ဂေါ၊အကြောင်းဖြစ်သည်။)ဣတိ ဣဒံ အတ္ထဇာတံ၊ဤအနက်သဘောသည်။ပညာယတိ၊ထင်၏။

(ခ) အာကာရအပြင်ထုတ် ။ ။ ဟိ၊ချဲ့။။ဝိတက္က ဝိစာရာနဉ္စ ဝူပသမာတိ၊–မာဟူ၍။ဝုတ္တေ၊ သမ္ပိဏ္ဍနတ္ထ အဖြစ်ဖြင့် ဟောတော်မူအပ်သော်။ဣဒံ၊ဤအနက်သဘောသည်။ပညာယတိ၊ထင်ရှား၏။(ကိံ၊ အဘယ်အနက် သဘောသည်။ပညာယတိ၊ထင်ရှားသနည်း။) နနု၊စင်စစ်။ဝိတက္ကဝိစာရဝူပသမော၊ဝိတက် ဝိစာရတို့၏ ငြိမ်းအေးခြင်းသည်။ဣမဿ ဈာနဿ၊၏။မဂ္ဂေါ၊လမ်းကြောင်းတည်း။ဣတိ၊ဤအနက် သဘော သည်။ပညာယတိ၊ထင်ရှား၏။

(ဂ) စ၊ထို မဂ္ဂပရိဒီပနတ္ထမှတပါး ဝဏ္ဏဘဏနတ္ထကို ဆိုအံ့။တတိယေ၊တတိယဖြစ်သော။အရိယမဂ္ဂေ၊ အနာဂါမိ အရိယမဂ်၌။အပ္ပဟီနာနံ၊ပယ်အပ်သည် မဟုတ်ကုန်သည်ဖြစ်၍။သမာနာနမ္ပိ၊ဖြစ်ပါကုန်သော်လည်း။ သက္ကာယဒိဋ္ဌာဒီနံ၊သက္ကာယဒိဋ္ဌိ အစရှိသည်တို့ကို။ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သညောဇနာနံ ပဟာနာတိ၊ဟူ၍။ ဧဝံ၊သို့။ပဟာနံ၊ပယ်ခြင်းကို။ဝုစ္စမာနံ၊ဆိုအပ်သည်ရှိသော်။ဝဏ္ဏဘဏနံ၊ကျေးဇူးကို ချီးမွမ်းခြင်းသည်။ဟောတိ ယထာ၊ဖြစ်၏သို့။တဒဓိဂမာယ၊ထိုတတိယမဂ်ကိုရခြင်းငှာ။ဥဿုက္ကာနံ၊အားထုတ်ပေကုန်သသူတို့၏။ဥဿာဟ ဇနကံ၊အားထုတ်ခြင်းကို ဖြစ်စေတတ်သည်။ဟောတိ ယထာ၊ဖြစ်၏သို့။ဧဝမေဝ၊တူ။ဣမ၊ဤတတိယဈာန်၌။ အဝူပသန္တာနမ္ပိ၊မငြိမ်းကုန်သော်လည်း။ဝိတက္က ဝိစာရာနံ၊တို့၏။ဝူပသမော၊ငြိမ်းခြင်းကို။ဝုစ္စမာနော၊သော်။ ဝဏ္ဏဘဏနံ၊ကျေးဇူးကို ချီးမွမ်းခြင်းသည်။ဟောတိ၊၏။ **(ဃ)** တေန၊ထိုသို့အကြောင်းကို ပြခြင်း, ဂုဏ်ကိုဆိုခြင်းကြောင့်။(ဝါ) ထိုသို့ မဂ္ဂပရိဒီပန, ဝဏ္ဏဘဏန အကျိုးရှိသောကြောင့်။ပီတိယာစ သမတိက္ကမာ ဝိတက္က ဝိစာရာနဉ္စ ဝူပသမာတိ၊ဟူသော။အယံ အတ္ထော၊ဤအနက်ကို။ဝုတ္တော၊ဆိုအပ်သည်။ဟောတိ၊၏။

➢ **❷** ။ **(က) သို့/ ဒွပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် ဥဘိန္နမန္တရာ စသဒ္ဒေါ စသည်ဖြင့် ပီတိယာစ ဝိရာဂါ-၌ စ-သဒ္ဒါသည် ပီတိဝူပသမကိုငှင်း, ဝိတက္ကဝိစာရဝူပသမကိုငှင်း ပေါင်းဆည်း၏ ဟု ဆိုတော်မူ၏။ ထိုသို့ပင်ဆိုသော်လည်း ဝိတက်, ဝိစာရတို့သည် ဒုတိယဈာန်ခဏ၌ပင် ငြိမ်းကုန်ပြီး သည် မဟုတ်ပါလော။ ထိုသို့ ငြိမ်းကုန်ပြီးသောကြောင့် ဥဘိန္နမန္တရာ စသဒ္ဒေါ စသည်ဖြင့် ပီတိယာစ ဝိရာဂါ-၌ စ-သဒ္ဒါသည် ပီတိဝူပသမကိုငှင်း, ဝိတက္ကဝိစာရဝူပသမကိုငှင်း ပေါင်းဆည်းဟု မဆိုသင့်။ စသဒ္ဒါဖြင့် ပေါင်းဆည်းအပ်သော "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟူသော စကားကို ဆိုရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ စသဒ္ဒါဖြင့် ပေါင်းဆည်းအပ်သော "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟူသော စကားကို ဆိုရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) မိန့်။

(ခ) သို့/ ဒွပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဤဝိတက်, ဝိစာရတို့သည် ဒုတိယဈာန်ခဏ၌ ငြိမ်းကုန်ပြီးသော်လည်း ဤတတိယဈာန်၏ အကြောင်းဥပါယကို ပြခြင်းငှာရင်း၊ ကျေးဇူးကို ချီးမွမ်းခြင်းငှာရင်း စသဒ္ဒါဖြင့် ပေါင်းအပ်သော ဤ ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသော စကားကို **ဆိုအပ်၏ဟု** ဆိုတော်မူ၏။ ထိုသို့ဆိုချေ**သော်** ဤဝိတက် ဝိစာရတို့သည် ဒုတိယဈာန်ခဏ၌သာ ငြိမ်းကုန် ပြီးသည် မဟုတ်ပါလော။ ထိုသို့ ငြိမ်းကုန်ပြီးသောကြောင့် (က) ဖြင့်--ဆိုအပ်၏ဟု မဆိုသင့်။ ဆရာ့စကား

http://www.dhammadownload.com

ကို မြိုင်စေသော သဘာဝယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြိုင်စေသော သဘာဝ ယုတ္တိကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ခ+ဂ) သို့/ ဠပနာပဥ္စက ။ ။ (ပ) သော် ဤတတိယဈာန်၏ မဂ္ဂပရိဒီပနဖြစ်ပုံ, ဝဏ္ဏဘဏနဖြစ်ပုံ အကျယ်ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (က) ဖြင့် -- ဆိုအပ်၏ဟု မဆိုသင့်။ ဤတတိယဈာန်၏ မဂ္ဂပရိဒီပနဖြစ်ပုံ, ဝဏ္ဏဘဏနဖြစ်ပုံ အကျယ်ကိုလည်း ပြဆိုသင့်သေး၏။ ဤတတိယဈာန်၏ မဂ္ဂပရိဒီပနဖြစ်ပုံ, ဝဏ္ဏဘဏနဖြစ်ပုံ အကျယ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ+ဂ) မိန့်။

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဤတတိယဈာန်၏ မဂ္ဂပရိဒီပန ဖြစ်ပုံ အကျယ်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤတတိယဈာန်၏ မဂ္ဂပရိဒီပနဖြစ်ပုံ အကျယ်ကို သာ သိအပ်၏ဟူသော အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက် သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤတတိယဈာန်၏ ဝဏ္ဏဘဏနဖြစ်ပုံ အကျယ်ကိုလည်း ပြ ဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက် ရာ၏။ ဤတတိယဈာန်၏ ဝဏ္ဏဘဏနဖြစ်ပုံ အကျယ်ကား အဘယ်ပါနည်း။ ဤသို့-- (ဂ) မိန့်။

(ဃ) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ) ဝါကျတို့ဖြင့် တတိယဈာန်၏ မဂ္ဂပရိဒီပန, ဝဏ္ဏဘဏနအကျိုးငှာ စသဒ္ဒါဖြင့် ဆည်းအပ်သော "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟူသော စကားကို ဆိုအပ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် တတိယဈာန်၏ မဂ္ဂပရိဒီပန, ဝဏ္ဏဘဏနအကျိုးငှာ စသဒ္ဒါဖြင့် ဆည်းအပ်သော "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟူသော စကားကို ဆိုရခြင်း၏ အကျိုးမရှိ၊ နိရတ္ထကဖြစ်ရာသည် မဟုတ်ပါလော။ ထိုသို့ အကျိုးမရှိ နိရတ္ထကဖြစ်ရာသောကြောင့် (က)(ခ)(ဂ) ဝါကျတို့ဖြင့် တတိယဈာန်၏ မဂ္ဂပရိဒီပန, ဝဏ္ဏဘဏနအကျိုးငှာ စသဒ္ဒါဖြင့် ဆည်းအပ်သော "ဝိတက္က ဝိစာရာနံ ဝူပသမာ"ဟူသော စကားကို ဆိုအပ်၏ဟု မဆိုသင့်။ တတိယဈာန်၏ မဂ္ဂပရိဒီပန, ဝဏ္ဏဘဏန အကျိုးငှာ စသဒ္ဒါဖြင့် ဆည်းအပ်သော "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟူသော စကားကို ဆိုရခြင်း၏ အကျိုးကိုလည်း ပြဆိုသင့်သေး၏။ ရအပ်သော အကျိုးဂုဏ်ကား အဘယ်ပါနည်း။ ဤသို့-(ဃ) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် (က) ဝါကျလာ ဣမဿ ဈာနဿ မဂ္ဂပရိဒီပနတ္ထံ ဇောတ် ဝုတ္တံ-ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် (ဝါ) အကျယ်ချဲ့၍ပြသောကြောင့် ဝိရောဓိဒေါသ(ဝါ) ပုနရုတ္တိဒေါသ, အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် (က) ဝါကျလာ ဣမဿ ဈာနဿ မဂ္ဂပရိဒီပနတ္ထံ ဇောတ် ဝုတ္တံ-ဟူသော စကားရပ်၏ အကျယ်ကို ပြသောကြောင့် (ဝါ) ခိုင်မြဲ စေသောကြောင့် ဝိရောဓိဒေါသ(ဝါ) ပုနရုတ္တိဒေါသ, အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် ရအပ်သော အကျိုးလဒ္ဓဂုဏ်ကို ပြသောကြောင့် နိရတ္ထကဒေါသကို ပယ်ပါသည်။

(က) ၌ ကာမဥ္စ-သဒ္ဒါ ထားရှိခြင်းအကြောင်း ။ ။ ဒုတိယဈာန်ခဏ္ဍပင် ဝိတက်, ဝိစာရ ငြိမ်းပြီးဖြစ်ပါလျက် (ပီတိယာစ ဝိရာဂါ-ဝယ်) စ-သဒ္ဒါဖြင့် "ဝိတက္ကဝိစာရာနဥ္စ ဝူပသမာ"ကို ပေါင်းဆည်း၏ဟု ဖွင့်ဆိုသော အဋ္ဌကထာစကားကို မနှစ်သက်သောကြောင့် (က) ၌ ကာမဥ္စ-သဒ္ဒါ ထားရပါသည်။

http://www.dhammadownload.com

(ဃ) တေန ဝုတ္တော–ကို ထားရခြင်းအကြောင်း ။ ။ မဂ္ဂပရိဒီပန, ဝဏ္ဏဘဏန အကျိုး ရှိ၏ဟုဆိုသဖြင့် ရအပ်သော အကျိုးဂုဏ်ကို ပြလိုသောကြောင့် (ဃ) တေန ဝုတ္တော–ကို ထားရသည်။

➤ **၄** ။ တံ တံ ကိစ္စံ ဟိတံ ဝါ နိပ္ဖာဒေတုကာမေဟိ မဂ္ဂီယတိ ဂဝေသီယတီတိ **မဂ္ဂေါ**။

ပရိဒီပိယတေ **ပရိဒီပနံ**။ မဂ္ဂဿ ပရိဒီပနံ **မဂ္ဂပရိဒီပနံ**။ (၂) မဂ္ဂပုဒ်+ပရိဒီပနပုဒ်သည်ငှင်း၊ အကြောင်းဥပါယ်၏ ပြခြင်းကြိယာနှင့် ပရိဒီပေတဗ္ဗ+ပရိဒီပန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အကြောင်းဥပါယ်ကို ပြခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဝဏ္ဏဿ ဘဏနံ **ဝဏ္ဏဘဏနံ**။(တဿ) ဝိတက္ကဝိစာရာနံ ဝူပသမော **ဝိတက္ကဝိစာရဝူပသမော**။

တိဏ္ဏံ သမူဟော **တတိယော**။(တသ္မိံ) အရိယော မဂ္ဂေါ **အရိယမဂ္ဂေါ**။(တသ္မိံ)

သန္တော ကာယော **သက္ကာယော**။ မိစ္ဆာ ပဿတီတိ **ဒိဋ္ဌိ**။

သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ **သက္ကာယဒိဋ္ဌိ**။ (၂) သက္ကာယပုဒ်+ဒိဋ္ဌိပုဒ်သည်ငှင်း၊ ထင်ရှားရှိသော ခန္ဓာငါးပါး၏ ဒိဋ္ဌိနှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ခန္ဓာငါးပါး၌ဖြစ်သော ဒိဋ္ဌိသည် (ဝါ) သက္ကာယဒိဋ္ဌိတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ (၁၃၇၁–ခု အဖြေမှန်)

ကာယေ ပဝတ္တာ ဒိဋ္ဌိ ကာယဒိဋ္ဌိ။ သတီ ကာယဒိဋ္ဌိ **သက္ကာယဒိဋ္ဌိ**။ (၂) ထင်ရှားရှိခြင်းဂုဏ်၏ ခန္ဓာငါးပါး၌ဖြစ်သော ဒိဋ္ဌိနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ထင်ရှား ရှိခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။ (၁၃၇၁–ခု အဖြေမှန်)

သက္ကာယဒိဋ္ဌိ အာဒိ ဧတေသံ သံယောဇနာနန္တိ **သက္ကာယဒိဋ္ဌာဒီနိ**။(တေသံ) (၂) သက္ကာယဒိဋ္ဌိ ပုဒ်+အာဒိပုဒ်+ဧတ–အညပုဒ်သည်ငှင်း၊ သက္ကာယဒိဋ္ဌိ အစရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ သံယော ဇဉ်တို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သက္ကာယဒိဋ္ဌိ အစရှိ သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) သက္ကာယဒိဋ္ဌိ အစရှိသော သံယောဇဉ်တို့သည် ပဝတ္တိနိမိတ်။

ဘဇန္တီတိ ဘာဂိယာနိ။ ဩရံ ဘာဂိယာနိ **ဩရမ္ဘာဂိယာနိ**။ (၂) ဩရပုဒ်+ဘာဂိယပုဒ်သည်ငှင်း ဩရ–အရ ကာမဓာတ်, ကာမဘုံ၏ ဆည်းကပ်တတ်ကုန်သော သံယောဇဉ် ငါးပါးတို့နှင့် အာရုံ+အာရမ္မ ဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။

ဩရမ္ဘာဂဿ ဟိတာနိ **ဩရမ္ဘာဂိယာနိ**။ (၂) ဩရမ္ဘာဂပုဒ်+ဏိကပစ္စည်းသည်ငှင်း၊ ကာမဓာတ် ကာမဘုံ၏ အစီးအပွားဖြစ်သော သံယောဇဉ်ငါးပါးတို့နှင့် ဌာန+ဌာနီ၊ အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။

ဘဉ္ဇိတဗ္ဗာနိ ပဟာတဗ္ဗာနီတိ ဘာဂိယာနိ။ ဩရေဟိ ဘာဂိယာနိ **ဩရမ္ဘာဂိယာနိ**။ (၂) ဩရပုဒ် ဘာဂိယပုဒ်သည်ငှင်း၊ ဩရံ–အရ အောက်မင်္ဂသုံးပါး၏ သံယောဇဉ်ငါးပါးတို့နှင့် ပဟာယက+ပဟာတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သံယောဇဉ်တရားတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အဓိဂမီယတေ အဓိဂမော။ တဿ အဓိဂမော **တဒဓိဂမော**။(တဿ) (၂) တ–ပုဒ်+အဓိဂမပုဒ်

F-26-A

http://www.dhammadownload.com

သည်၎င်း၊ တတိယမဂ်၏ အဓိဂမကြိယာနှင့် အဓိဂမိတဗ္ဗ+အဓိဂမ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) တတိယမဂ်ကို ရခြင်းကြိယာသည် ပဝတ္တိနိမိတ်။

* ဥဋ္ဌာနံ သုဋ္ဌု ကာယတီတိ **ဥဿုကော**။ (ဥ-ရှေး သု-ရှေးရှိသော ကာဓာတ်+အ)

ဥဿုကောယေဝ ဥဿုက္ကော။ ဥဿုက္ကဿ ဘာဝေါ **ဥဿုက္ကံ**။

ဥဿုက္ကော စေတေသံ ပုဂ္ဂလာနံ အတ္ထီတိ **ဥဿုက္ကာ**။ (၂) ဥဿုက္ကပုဒ်+ဏပစ္စည်းသည်၎င်း၊ အားထုတ်ခြင်း ကြောင့်ကြခြင်းရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ ပုဂ္ဂိုလ်တို့နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အာထုတ်ခြင်းရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) အားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❷ ။ **(က) ကာမစ္ဆ**-ကား အနုဂ္ဂဟတ္ထ, သမ္ဘာဝနတ္ထ။ **ပန**-ကား ဂရဟတ္ထ, အရုစျတ္ထ။ **စ**-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။ (ဂ) **အပ္ပဟီနာနမ္ပိ, အဝူပသန္တာနမ္ပိ**-တို့၌ ပိ-ကား သမ္ဘာဝနတ္ထ။

(က) ဒုတိယဇ္ဈာနေယေဝ-၌ (၁) ဒုတိယဈာန်သည် ဂဟေတဗ္ဗတ္ထ။ (၂) တတိယဈာန်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဒုတိယဈာန်၏ ဝိတက်, ဝိစာရ ဝူပသမဂုဏ်သည် အနုညာတတ္ထ။

➤ ❸ ။ **ကြိယာငါးတန်** ။ ။ **(ဂ) ဥဿာဟဇနက-၌ ဟေတုကတ္တုဋ္ဌ-အရ** = "ပဥ္စန္နံ သြရမ္ဘာဂိယာနံ သံယောဇနာနံ ပဟာနံ"ဟူသော ဝစီဘေဒသဒ္ဒဒေသနာတော်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) ဒေသနာဉာဏ်တော်သည် (ဝါ) ဒေသနာဉာဏ် စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။ (၃) ဒေသနာတော်ကို ကြားနာရခြင်း, အနာဂါမိမဂ်ကိုရအောင် အားထုတ်ခြင်းသည် ပကာသနတ္ထ။ (၄) မဟာကရုဏာဉာဏ်, ပါရမီ, စာဂ, စရိယ စသည်သည် ဝိဘာဝတ္ထ။ (၅) အနာဂါမိမဂ်ကိုရခြင်း-စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။ **(က) ဝုတ္တံ-၌ အန္တတ္ထ ဝစဓာတ်-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်တော်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) ဝိတက္ကဝိစာရာနန္တ ဝူပသမာ-ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

ဝုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = ဝိတက္ကဝိစာရာနန္တ ဝူပသမာ-ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ ထို--သည် ဒဿနတ္ထ။ (ကြွင်း-၂၉၀-ကြည့်)

(ခ) ဣမဿ ဈာနဿ-အရ, (ဂ) ဣဓ-အရ = တတိယဈာန်ကို ယူ၍ (၃၈၃)

(ဂ) တတိယေ အရိယမဂ္ဂေ-အရ, တဒဓိဂမာယ-အရ = အနာဂါမိမဂ်ကို ယူ၍ထုတ် (ပထမအုပ်-၁၃၂-ကြည့်) **သံယောဇနာနံ ပဟာနာ**-၌ ပဟာနာ-ဝယ် ဓာတ်အရ = အနာဂါမိမဂ်ကို ယူ။

➤ ❶ ❶ ။ **မဂ္ဂပရိဒီပနတ္ထံ+ဝုတ္တံ** ။ ။ မဂ္ဂပရိဒီပနတ္ထံ-အရ မြတ်စွာဘုရား၏ သန္တာန်၌ ဤ တတိယဈာန်၏ အကြောင်းဥပါယကို ပြလိုသော အခြင်းအရာအားဖြင့်ဖြစ်သော မဟာကြိယာ ဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် ဝုတ္တံ-၌ ဝစဓာတ်-အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(ခ) မဂ္ဂေါ+ဣမဿ ဈာနဿ ။ ။ မဂ္ဂေါ-အရ အကြောင်းဖြစ်သော ဝိတက်, ဝိစာရတို့၏

http://www.dhammadownload.com

ငြိမ်းအေးခြင်းကြိယာ ပစ္စည်းတရားသည် ဣမယေ ဈာနဿ-အရ တတိယဈာန် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သံယောဇနာနံ+ပဟာနာ ။ ။ သံယောဇနာနံ-အရ သြရမ္ဘာဂိယသံယောဇဉ် ငါးပါး ပစ္စည်းတရားသည် ပဟာနာ-အရ အနာဂါမိမဂ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပါဠိ (၉၂) [ဋ္ဌ၊၂၁၆။ ပြည်၊ဒု၊၂၇၂။ ဘာသာဋီ၊ဒု၊၄၈၁]

(က) **ဥပေက္ခကောစ ဝိဟရတီတိ ဧတ္ထ ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ**။

(ခ) **သမံ ပဿတိ, အပက္ခပတိတာ ဟုတွာ ပဿတီတိ အတ္ထော**။

(ဂ) **တာယ ဝိသဒါယ ဝိပုလာယ ထာမဂတာယ သမန္နာဂတတ္တာ တတိယဈာနသမင်္ဂီ ""ဥပေက္ခကော""တိ ဝုစ္စတိ**။

(ဃ) **ဥပေက္ခာ ပန ဒသဝိဓာ ဟောတိ ဆဠင်္ဂုပေက္ခာ ဗြဟ္မဝိဟာရုပေက္ခာ ဗောဇ္ဈင်္ဂုပေက္ခာ ဝီရိယုပေက္ခာ သင်္ခါရုပေက္ခာ ဝေဒနုပေက္ခာ ဝိပဿနုပေက္ခာ တတြမဇ္ဈတ္တုပေက္ခာ ဈာနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာတိ၊** (င) **ဣမာသု ဒသသု ဥပေက္ခာသု ဈာနုပေက္ခာ ဣဓ အဓိပ္ပေတာ**။

* **ဥပေက္ခကောစ**=အသင့်အားဖြင့် ရှုသည်ဖြစ်၍လည်း။(ဝါ) အညီအမျှရှုသည်ဖြစ်၍လည်း။(ဝါ) သုခ, ဒုက္ခဟူသော အဖို့၌ မကျအောင်ရှုသည်ဖြစ်၍လည်း။ဝိဟရတိ၊နေ၏။

➤ **❶** ။ **(က)** ဥပေက္ခကောစ ဝိဟရတီတိ ဧတ္ထ၌။ဥပပတ္တိတော၊အသင့်အားဖြင့်။(သဒ္ဒတ္ထ) ထပ်တူထပ်မျှဆောင်တတ်သည်၏အဖြစ်ဖြင့် သင့်တင့်လျောက်ပတ်သောအားဖြင့်။(အဓိပ္ပါယတ္ထ)ဣက္ခတိ၊ရှုတတ်၏။ဣတိ တသ္မာ၊ကြောင့်။ဥပေက္ခာ၊မည်၏။ **(ခ)** သမံ၊အညီအညွတ်။ပဿတိ၊ရှုတတ်၏။အပက္ခပတိတာ၊သုခ, ဒုက္ခ-ဟူသော အဘို့၌ မကျသည်။ဟုတွာ၊၍။ပဿတိ၊၏။ဣတိ အတ္ထော၊ဤကား အနက်။

(ဂ) ဝိသဒါယ၊နီဝရဏဟုဆိုအပ်သော ညစ်ညူးကြောင်း သံကိလေသတို့မှကင်းခြင်းကြောင့် သန့်ရှင်းသော။ဝိပုလာယ၊သာတိသယ မဟဂ္ဂတအဖြစ်သို့ ရောက်ခြင်းကြောင့် ပြန့်ပြောကြီးမားသော။ထာမဂတာယ၊ပီတိကင်းခြင်းကြောင့် မြဲမြံခိုင်ခံ့သည်၏အဖြစ်သို့ ရောက်သော။တာယ ဥပေက္ခာယ၊ထိုဥပေက္ခာနှင့်။သမန္နာဂတတ္တာ၊ပြည့်စုံသည်၏အဖြစ်ကြောင့်။တတိယဈာန သမင်္ဂီ၊တတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ဥပေက္ခကောတိ၊ဥပေက္ခကောဟူ၍။ဝုစ္စတိ၊၏။ **(ဃ)** ပန၊ဆက်။ဥပေက္ခာ၊သည်။ဆဠင်္ဂုပေက္ခာ၊ငင်း။ဗြဟ္မဝိဟာရုပေက္ခာ၊ငင်း။ဗောဇ္ဈင်္ဂုပေက္ခာ၊ငင်း။ဝီရိယုပေက္ခာ၊ငင်း။သင်္ခါရုပေက္ခာ၊ငင်း။ဝေဒနုပေက္ခာ၊ငင်း။ဝိပဿနုပေက္ခာ၊ငင်း။တတြမဇ္ဈတ္တုပေက္ခာ၊ငင်း။ဈာနုပေက္ခာ၊ငင်း။ပါရိသုဒ္ဓိဥပေက္ခာ၊ငင်း။ဣတိ၊ဤသို့။ဒသဝိဓာ၊ဆယ်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

➤ **❷** ။ **(ခ) သို့/ ပါပနာဒိပဠက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဥပေက္ခကော-၌ ဥပေက္ခာပုဒ်ကို ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ-ဟု ဝစနတ္ထပြုရမည်ကို ပြဆိုတော်မူ၏။ ထိုသို့ ဆိုချေသော် ဥပေက္ခာပုဒ်၏ ဝစနတ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဥပပတ္တိတော ဣက္ခတိ-ဟူသော ဝိဂ္ဂြိုဟ်ဝါကျ၏ အနက်အဓိပ္ပါယ်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား

F-02-D

http://www.dhammadownload.com

အဗျာပိတ အပရိပုဏ္ဏဒေါသ (တနည်း) သခေ်ပ+ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဥပပတ္တိတော ဣက္ခတိ-ဟူသော ဝိဂြိုဟ် ဝါကျ၏ အနက်အဓိပ္ပါယ်ကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဒုပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် ဥပေက္ခာဟူသော အစိတ်ပုဒ်၏ ဝစနတ္ထ, အဓိပ္ပါယတ္ထတို့ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဥပေက္ခာဟူသော အစိတ်ပုဒ်၏ ဝစနတ္ထ, အဓိပ္ပါယတ္ထတို့ကိုသာ သိအပ်၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က)(ခ) ဝါကျတို့ဖြင့် ဥပေက္ခာဟူသော အစိတ်ပုဒ်၏ ဝစနတ္ထ, အဓိပ္ပါယတ္ထတို့ကိုသာ မဆိုသင့်။ ဥပေက္ခကော-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဥပေက္ခကော-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ကံကိလေသာကင်းသဖြင့် သန့်ရှင်းသော ကြီးကျယ်ပြန့်ပြောသော အားအစွမ်းသို့ ရောက်သော ထိုဥပေက္ခာနှင့် ပြည့်စုံသောကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို "ဥပေက္ခကော"ဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဤတတိယဈာန်၌ ဥပေက္ခာ ဝေဒနာရှိ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ဤတတိယဈာန်၌ ဥပေက္ခာ ဝေဒနာ မရှိသည်သာဖြစ်၏။ ထိုသို့ မရှိသည်သာ ဖြစ်သောကြောင့် ဤ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို အနုပေက္ခကော-ဟုသာ ဆိုသင့်ဆိုတန်၏။ ဤတတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကော-ဟု မဆိုသင့်မဆိုတန်။ အကယ်၍ မဆိုသင့်ဘဲ ဆိုချေသော် ဆရာ့အား သဒ္ဒ+အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ ရောက်ရာ၏။ အဘယ့်ကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို "ဥပေက္ခကော"ဟု ဆိုပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

အဓိပ္ပါယ်ကား- (ဃ) ဖြင့် ဝေဒနုပေက္ခာကိုသာလျှင် ဥပေက္ခာ-ဟု ဆိုအပ်သည်မဟုတ်၊ စင်စစ်သော်ကား ဝေဒနုပေက္ခာမှတပါး အခြားဥပေက္ခာ အမျိုးပင်ရှိသေးသောကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို "ဥပေက္ခကော"ဟု ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော သဒ္ဒ+အတ္ထ ဆန့်ကျင်သော ဝိရောဓိဒေါသ ငါ့အား မရောက် ဆိုသင့် ဆိုတန်၏ဟူလို။

(ဃ) သို့/ ဒုပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဥပေက္ခာနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကဟူ၍ ဆိုအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤတတိယဈာန်၌ ဥပေက္ခာဝေဒနာသည်ပင် မရှိသည် မဟုတ်ပါလော။ ထိုသို့ မရှိသောကြောင့် (ဂ) ဖြင့် ဥပေက္ခာနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကဟူ၍ ဆိုအပ်၏ဟု မဆိုသင့်။ ဥပေက္ခာဝေဒနာနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကဟူ၍ ဆိုနိုင်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ဥပေက္ခာဝေဒနာနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကဟူ၍ ဆိုနိုင်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ (ဃ) မိန့်

(တနည်း) ဆရာ၊ ဆရာသည် (က)(ခ)(ဂ) ဝါကျတို့ဖြင့် ဥပေက္ခကပုဒ်၏ အစိတ် အပေါင်း ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဥပေက္ခကပုဒ်၏ အစိတ် အပေါင်း ဝစနတ္ထကိုသာ သိအပ်၏

http://www.dhammadownload.com

ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ (ဝါ) ဥပေက္ခကော–၌ ဥပေက္ခာ၏ အပြားဘေဒကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (က)(ခ)(ဂ) ဝါကျတို့ဖြင့် ဥပေက္ခကပုဒ်၏ အစိတ် အပေါင်း ဝစနတ္ထကိုသာ မဆိုသင့်။ ဥပေက္ခကော–၌ ဥပေက္ခာ၏ အပြားဘေဒကိုလည်း ပြဆိုသင့်သေး၏။ ဥပေက္ခကော–၌ ဥပေက္ခာ၏ အပြားဘေဒကား အဘယ်ပါနည်း။ ဤသို့–(ဃ) မိန့်။

(င) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဥပေက္ခာ (၁၀)ပါးကို ထုတ်ပြတော်မူ၏။ ထိုသို့ဆိုချေသော် ဥပေက္ခကောစ ဝိဟရတိ–ဟူသောပါဠိ၌ ဥပေက္ခာဆယ်ပါးလုံးကိုပင် လိုအပ်၏ဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဃ) ဖြင့် ဥပေက္ခာ (၁၀)ပါးကိုသာ မထုတ်ပြသင့်။ ဤ၌ လိုအပ်သော ဥပေက္ခာကိုလည်း ပြဆိုသင့်သေး၏။ ဤ၌ လိုအပ်သော ဥပေက္ခာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➤ **❷** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ဥပေက္ခာပုဒ်၏ ဝိဂ္ဂြိုဟ်အနက်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဥပေက္ခကော–ဟူသော အပေါင်းပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကော–ဟု ဆိုရခြင်း၏အကြောင်းကို ပြသောကြောင့် ဉာယဝိရောဓိဒေါသ (ဝါ) ဥပေက္ခာပုဒ်၏ ဝစနတ္ထမှတပါး ဘေဒကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

ဥပေက္ခကောစ–၌ စ–သဒ္ဒါဖြင့် = တတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည် ပီတိကိုသာ စက်ဆုပ်အပ်သည် မဟုတ်သေး၊ အသင့်အားဖြင့် ရှုတတ်သော တတြမဇ္ဈုပေက္ခာရှိ၍လည်း နေနိုင်၏ဟု ပေါင်းဆည်းပါသည်။

(ဂ) ၌ ဝုစ္စတိ–ကို ထားရခြင်းအကြောင်း ။ ။ ဥပေက္ခကမည်ခြင်း၏ အကြောင်းသကတ်ကို ပြလိုသောကြောင့် (ဂ) ၌ ဝုစ္စတိ–ကို ထားရပါသည်။

(င) ၌ အဓိပ္ပေတာ–ကို ထားရခြင်းအကြောင်း ။ ။ ဥပေက္ခာ ဆယ်ပါးဟူသော သာမညအနက်မှ အတ္ထယုတ္တိရှိသည်အားလျော်စွာ ဈာနုပေက္ခာဟူသော ဝိသေသအနက်ကို ယူစေလိုသောကြောင့်၎င်း၊ စောဒကနှင့် စကားလုယက် ဆွဲငင်၍ အချက်ကျကျ ဆုံးဖြတ်ပြရာဌာနဖြစ်သောကြောင့်၎င်း (င) ၌ အဓိပ္ပေတာ–ကို ထားရပါသည်။

➤ **❹** ။ တိဏ္ဏံ သမူဟော တတိယော။ တတိယံ သမာပဇ္ဇတီတိပိ **တတိယံ**။

ဈာယတိ ဥပနိဇ္ဈာယတီတိ **ဈာနံ**။ တတိယံ ဈာနံ **တတိယဇ္ဈာနံ**။ သမဂ္ဂနံ **သမင်္ဂေါ**။ သမ္မာ အင်္ဂနံ **သမင်္ဂေါ**။ * သမင်္ဂေါ ဧတဿ အတ္ထီတိ **သမင်္ဂီ**။ (၂) သမင်ပုဒ်+ဤပစ္စည်းသည်၎င်း၊ သမင်–အရ ကောင်းစွာဖြစ်ခြင်း၏ ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကောင်းစွာဖြစ်ခြင်းရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

တတိယဇ္ဈာနေန သမင်္ဂီ **တတိယဇ္ဈာနသမင်္ဂီ**။ တတိယဇ္ဈာနပုဒ်+သမင်္ဂီပုဒ်သည်၎င်း၊ တတိယဈာန်၏ ပြည့်စုံသော ပုဂ္ဂိုလ်နှင့် ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) တတိယဇ္ဈာနသမင်္ဂီပုဂ္ဂိုလ်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

ပဇ္စေ ပတိတာ ပဇ္စပတိတာ။ န ပဇ္စပတိတာ **အပဇ္စပတိတာ**။ (၂) န-အရ ပဋိသေဓဘောဂဏ်၏ သုခ ဒုက္ခအဖို့၌ မကျသော ဥပေက္ခာနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) သုခ ဒုက္ခအဖို့၌ မကျခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ။ ဣက္ခတီတိ ဣက္ခာ။ ဥပပတ္တိတော ဣက္ခာ **ဥပေက္ခာ**။

ဥပေက္ခာ အဿ အတ္ထီတိ **ဥပေက္ခကော**။ (၂) ဥပေက္ခာ၏ ဥပေက္ခာရှိသော တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဥပေက္ခာရှိခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ * ဥပေက္ခတီတိ **ဥပေက္ခကော**။ (ဥပပုဗ္ဗ ဣက္ခဓာတ်+ဏွုပစ္စည်း၊ အသင့် အားဖြင့် ရှုခြင်းကြိယာ) * ဥပပတ္တိတော ဣက္ခတီတိ **ဥပေက္ခကော**။ (တူပြီ)

ဝိသဒတီတိ **ဝိသဒေါ**။(တာယ) (ဝိပုဗ္ဗ သဒဓာတ်+အ-ပစ္စည်း၊ သန့်ရှင်းစင်ကြယ်ခြင်းကြိယာ)

ဝိသေသေန ပုလတီတိ **ဝိပုလော**။ (ဝိပုဗ္ဗ ပုလဓာတ်+အ-ပစ္စည်း၊ အထူးသဖြင့် ပြန့်ပြောကြီးမားခြင်း ကြိယာ) * ဌာတိ ဓောနာတိ **ထာမော**။ (ဌာဓာတ်+မပစ္စည်း) ဂစ္ဆတီတိ **ဂတော**။ ထာမံ ဂတော **ထာမဂတော**။ (တာယ) (၂) ထာမပုဒ်+ဂတပုဒ်သည်ငှး၊ ပီတိကင်းခြင်းကြောင့် မြဲမြံခိုင်ခံ့သည်၏ အဖြစ်တည်းဟူသော ထာမဘောဂဏ်၏ ဥပေက္ခာနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှး ဗျုပ္ပတ္တိနိမိတ်။ (၄) ပီတိကင်းခြင်းကြောင့် မြဲမြံခိုင်ခံ့သည်၏အဖြစ်သို့ ရောက်သော ဥပေက္ခာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

* သမန္တတော အနုပုနပ္ပုနံ အာဂတောတိ **သမန္နာဂတော**။

သမန္နာဂတဿ ဘာဝေါ **သမန္နာဂတတ္တံ**။ (တသ္မာ) (၂) သမန္နာဂတပုဒ်+တ္တပစ္စည်းသည်ငှး၊ ပြည့်စုံသော ပုဂ္ဂိုလ်၏ ပြည့်စုံသည်၏အဖြစ်ဟုဆိုအပ်သော ဂုဏ်နှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ငှး ဗျုပ္ပတ္တိနိမိတ်။ (၄) ပြည့်စုံသည်၏အဖြစ်ဟုဆိုအပ်သော ဂုဏ်သည် ပဝတ္တိနိမိတ်။

* ဒသ ဝိဓာ အဿာ ဥပေက္ခာယာတိ **ဒသဝိဓာ**။

➤ ❻ ။ **(က)** ၌ ဥပပတ္တိတော ဣက္ခတီတိ-ဖြင့် ဥပေက္ခာ၌ ဥပ-ရှေးရှိသော ဣက္ခဓာတ်၏ အဖြစ်ကိုငှး(ဒ္ဒ-ဓာတုပဒ) ဥပ-၏ ဥပပတ္တိအနက် ဟောသည်ကိုငှး(ဒ္ဒ-ဓာတွတ္ထ) ဏ-ပစ္စည်း၏ ကတ္တု သာဓနအနက်၌ သက်သည်ကိုငှး(ဒ္ဒ-ပစ္စယတ္ထ) ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာ-ဟု ပြုရမည်ကိုငှး (အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ သမံ ပဿတိ-ဖြင့် ဥပပတ္တိတော ဣက္ခတီ-၌ အသင့်အားဖြင့် ရှု၏ဟူသည် အညီအမျှ ရှုခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုငှး(ဘာဝတ္ထ) ဣက္ခတီ-၌ ဣက္ခဓာတ်သည် အက်(အမှတ်ပြုခြင်း) အနက်ကို မဟော၊ ဒဿန(ရှုခြင်း) အနက်ဟောသည်ကိုငှး(ဓာတွတ္ထ) သိစေပါသည်။

အပဇ္စပတိတာ ဟုတွာ ပဿတီတိ အတ္ထော-ဖြင့် သမံ ပဿတိ-၌ အညီအမျှရှု၏ဟူသည် သုခ ဒုက္ခဟူသော အဖို့၌ မကျသည်ဖြစ်၍ ရှုခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ၌ တာယ သမန္နာဂတတ္တာ-ဖြင့် ဥပေက္ခကော-၌ ဏွုပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက် သည်ကိုငှး(ဒ္ဒ-ပစ္စယတ္ထ) ဥပေက္ခတီတိ ဥပေက္ခကော-ဟု ပြုရမည်ကိုငှး(အဘိဓာနတ္ထ) သိစေသည်။

http://www.dhammadownload.com

(တနည်း) တာယ သမန္နာဂတတ္တာ-ဖြင့် ဥပေက္ခကော-၌ ကပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) ဥပေက္ခာ အဿ အတ္ထီတိ ဥပေက္ခကော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။ (တနည်း) တာယ သမန္နာဂတတ္တာ-ဖြင့် ဥပေက္ခကော-၌ ကပစ္စည်း၏ သမန္နာဂတ တဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) ဥပေက္ခာယ သမန္နာဂတော ဥပေက္ခကော-ဟု ပြုရမည် ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

တတိယဈာနသမင်္ဂီ-ဖြင့် ဥပေက္ခကာ-အရ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) ဝိသဒါယ ဝိပုလာယ ထာမဂတာယ-ဖြင့် ဥပေက္ခာ-အရ ဝိသဒ, ဝိပုလ, ထာမဂတဂုဏ်တို့နှင့် ပြည့်စုံသော ဥပေက္ခာကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➢ **၇** ။ **(က) ဥပေက္ခာ**-၌ ဥပ-ကား ဥပပတ္တိအနက်။ (ခ) **အပက္ခ**-၌ အ-ကား ပဋိသေဓတ္ထ။ (ဂ) **ဝိသဒါယ**-၌ ဝိ-ကား ဝိဂတတ္ထ။ **ဝိပုလာယ**-၌ ဝိ-ကား ဝိသေသတ္ထ။ (ဃ) **ပန**-ကား ဝါကျာရမ္ဘဇောတက။ **ဣတိ**-ကား နိဒဿနတ္ထ။ (တနည်း) ဣဒမတ္ထ။ **(င) တာယ**-၌ တ-သည် ဥပေက္ခာယ-ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

➢ **၈** ။ **ကြိယာငါးတန်** ။ ။ **ဥပေက္ခကော ဝိဟရတိ, တတိယဈာနသမင်္ဂီ-၌ တတိယဈာန-အရ** = (၁) **တတိယဈာန်**သည် ဒဿနတ္ထ။ (၂) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့သည် ဒီပကတ္ထ။ (၃) တတိယဈာနသမာပတ္တိသုခသည် ပကာသနတ္ထ။ (၄) ပထမဈာန်, ဒုတိယဈာန်တို့သည် ဝိဘာဝတ္ထ။ (၅) တတိယဈာန်ဘုံ၌ဖြစ်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

ဥပေက္ခကော-၌ ရှေ့ပုဒ် ဥပေက္ခာ-အရ, ဣက္ခတိ-အရ, ပဿတိ-အရ, (ဂ) တာယ-အရ = **"တတြမဇ္ဈတ္တတာ စေတသိက်"** ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) ဝိသဒဂုဏ်, ဝိပုလဂုဏ်, ထာမဂတဂုဏ်နှင့် ပြည့်စုံသော တတြမဇ္ဈတ္တုပေက္ခာ အကြောင်းသည် ဒီပကတ္ထ။ (၃) အညီ အမျှ ရှုနိုင်ခြင်း, သုခ ဒုက္ခအဖို့သို့ မကျရောက်သည်ဖြစ်၍ ရှုခြင်းအကျိုးသည် ပကာသနတ္ထ။ (၄) တတိယဈာန်သည် ဝိဘာဝတ္ထ။ (၅) တတိယဈာန် သမာပတ်ချမ်းသာကို ခံစားနိုင်ခြင်းသည် အနုဘာဝတ္ထ

ဆဠင်္ဂုပေက္ခာ-အရ = ရဟန္တာ၏ သန္တာန်၌ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ စေတသိက်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) ဝိပလ္လာသတရား ပယ်ထားပြီးခြင်းသည် ဒီပကတ္ထ။ (၃) ဒွါရ ၆-ပါး အာရုံ ၆-ပါး တွေ့ဆုံရာ၌ သုမန ဒုမ္မန မဖြစ်ခြင်းသည် ပကာသနတ္ထ။ (၄) အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ် တို့သည် ဝိဘာဝတ္ထ။ (၅) အနုပါဒိသေသနိဗ္ဗာန် ဝင်စံရခြင်းအကျိုးသည် အနုဘာဝတ္ထ။

ဝုစ္စတိ-၌ အန္တတ္ထ ဝစနတ်-အရ = သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ် ကို ယူ။ (တနည်း) ဒေသနာဉာဏ်ကို ယူ၍ ထုတ်။

➢ **၉** ။ **ဥပေက္ခကော-၌ ဥပေက္ခာ-အရ** ဈာနုပေက္ခာ (တတြမဇ္ဈတ္တတာ စေတသိက်) ကို ယူ၍-- သာ- မဇ္ဈတ္တလက္ခဏာ၊ အနာဘောဂရသာ။ အဗျာပါရပစ္စုပဋ္ဌာနာ၊ ပီတိဝိရာဂပဒဋ္ဌာနာ။

ဆဠင်္ဂုပေက္ခာ, ဗြဟ္မဝိဟာရုပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ, တတြမဇ္ဈုပေက္ခာ, ဈာနုပေက္ခာ, ပါရိသုဒ္ဓု ပေက္ခာ-တို့၏အရ = တတြမဇ္ဈတ္တတာ စေတသိက်ကို ယူ။ **သင်္ခါရုပေက္ခာ, ဝိပဿနုပေက္ခာ-အရ** =

http://www.dhammadownload.com

ပညာ ကိုယူ။ **ဝီရိယုပေက္ခာ-အရ** = ဝီရိယကို ယူ။ **ဝေဒနုပေက္ခာ-အရ** = ဝေဒနာကိုယူ ထုတ်။

➢ ❶ ⓿ ။ (ဂ) **တာယ+ သမန္နာဂတတ္တာ** ။ ။ တာယ-အရ ဈာနုပေက္ခာ-ဟုဆိုအပ်သော တတြမဇ္ဈတ္တတာ ပစ္စည်းတရားသည် သမန္နာဂတ-အရ တတြမဇ္ဈတ္တတာကြဉ်သော တတိယဈာန်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။ ပြိုင်- သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိ။

သမန္နာဂတတ္တာ-အရ (ဝါ) ဗာဟုလ္လ တ္တ-ပစ္စည်း-အရ တတြမဇ္ဈတ္တုပေက္ခာ ပစ္စည်းတရားသည် ဝုစ္စတိ-၌ ဝစဓာတ်-အရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

တတိယဇ္ဈာနသမင်္ဂီ ဝုစ္စတိ ။ ။ တတိယဇ္ဈာနသမင်္ဂီ-အရ တတိယဈာန် သမင်္ဂီပုဂ္ဂိုလ်ဟူသော အာရုံ ပစ္စည်းတရားသည် ဝုစ္စတိ-၌ ဝစဓာတ်-အရ ဝဒန္တပုဂ္ဂိုလ်၏ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ မိ၊ ဥပ၊ ပု၊ အတ္ထိ၊ အဝိဂတ (၆)

ဥပေက္ခကောတိ-အရ ဥပေက္ခက-ဟူသော နာမပညတ္တိသဒ္ဒါ ပစ္စည်းတရားသည် **ဝုစ္စတိ**-၌ ဝစဓာတ်-အရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ) (တနည်း) **ဝုစ္စတိ**-၌ ဝစဓာတ်-အရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် **ဥပေက္ခကောတိ**-အရ တစ်လုံးတစ်လုံးသော ပရမတ္ထ ဝဏ်ဘေဒသဒ္ဒ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ မိ၊ သဟ၊ နိ၊ ကံ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၁၂)

(င) ဈာနုပေက္ခာနှင့် အခိပ္ပေတာ-၌ တ-ပစ္စည်းအရ ဈာနုပေက္ခာ ပစ္စည်းတရားသည် **အခိပ္ပေတာ**-၌ ဣဓာတ်-အရ ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ မိ၊ ဥပ (၃)

စက္ခုနာ ရူပံ ဒိသွာ နေဝ သုမနော ဟောတိ။ (၄၅-၂၀၆) စက္ခုနာ-အရ စက္ခုပသာဒရုပ် ပစ္စည်းတရားသည် ဒိသွာ-အရ စက္ခုဝိညာဉ် ပစ္စယုပ္ပန်တရားအား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= နိ၊ ပု၊ ဣံ၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၆)

ရူပံ-အရ ရူပါရုံ ပစ္စည်းတရားသည် **ဒိသွာ**-အရ စက္ခုဝိညာဉ်ဒွေး စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄)

ဋီကာ (၉၃) [၄၅၊၂၀၈။ ပြည်၊ဒု၊၂၈၄။ ဘာသာဋီ၊ဒု၊၄၈၈]

(က) **ဧတ္ထာဟ ""နနု စာယံ အတ္ထတော တတြမဇ္ဈတ္တုပေက္ခာဝ ဟောတိ၊ သာစ ပဌမ ဒုတိယဇ္ဈာနေသုပိ အတ္ထိ၊ တသ္မာ တတြာပိ "ဥပေက္ခကော စ ဝိဟရတီ"တိ ဧဝမယံ ဝတ္တဗ္ဗာ သိယာ၊ သာ ကသ္မာ န ဝုတ္တာ""တိ။** (ခ) **အပရိဗျတ္တကိစ္စတော။**

(ဂ) **အပရိဗျတ္တဉှိ တဿာ တတ္ထ ကိစ္စံ, ဝိတက္ကာဒီဟိ အဘိဘူတတ္တာ။**

(ဃ) **ဣဓ ပနာယံ ဝိတက္ကဝိစာရပီတီဟိ အနဘိဘူတတ္တာ ဥက္ခိတ္တသိရာ ဝိယ ဟုတွာ**

http://www.dhammadownload.com

ပရိဗျတ္တကိစ္စာ ဇာတာ၊ တသ္မာ ဝုတ္တာတိ။

➢ ❶ ။ **(က)** ဧတ္ထဌာနေ၊ဤအရာ၌။(ဝါ) ဧတ္ထ-ဧတသ္မိံ တတိယဇ္ဈာနာဓိကာရေ၊ဤတတိယ ဈာန်အရာ၌။(ဝါ) ဧတ္ထ၊ဤဥပေက္ခကောစ ပုဒ်အဖွင့်၌။ဌတွာ၊တန့်၍။ဓောဒကော၊ဓောဒကပုဂ္ဂိုလ်သည်။ဓောဒနံ၊ ဓောဒနာကို။အာဟ၊ဆို၏။နနုစ-ဓောဒေမိ၊ဓောဒနာဦးအံ့။အယံ ဈာနုပေက္ခာ၊ဤဈာနုပေက္ခာသည်။အတ္ထတော၊ အနက်အားဖြင့်။တတြမဇ္ဈတ္တုပေက္ခာဝ၊သည်သာလျှင်။ဟောတိ နနု၊ဖြစ်သည်မဟုတ်လော။သာစ၊ထိုတတြမဇ္ဈတ္တု ပေက္ခာသည်လည်း။ပဌမဒုတိယဇ္ဈာနေသုပိ၊ပထမဈာန် ဒုတိယဈာန်တို့၌လည်း။အတ္ထိ၊ရှိသည်မဟုတ်လော။ တသ္မာ၊ထိုသို့ တတြမဇ္ဈတ္တုပေက္ခာ၏ ပထမဈာန် ဒုတိယဈာန်တို့၌လည်း ရှိသည်ဖြစ်သောကြောင့်။တတြာပိ၊ ထိုပဌမဈာန်, ဒုတိယဈာန်တို့၌လည်း။ဥပေက္ခကောစ ဝိဟရတီတိ၊-တိဟူ၍။ဧဝံ၊ဤသို့။အယံ၊ဤ တတြမဇ္ဈတ္တု ပေက္ခာကို။ဝတ္တဗ္ဗာ၊ဟောသင့်သည်။သိယာ၊ဖြစ်ကောင်း၏။သာ၊ထို တတြမဇ္ဈတ္တုပေက္ခာကို။ကသ္မာ၊အဘယ့် ကြောင့်။(ဘဂဝတာ၊သည်)န ဝုတ္တာ၊မဟောအပ်သနည်း။ဣတိ၊သို့။အာဟ၊ဆို၏။(ဣတိ၊ဤကား ဓောဒနာ တည်း။)**(ခ)** အပရိဗျတ္တကိစ္စတော၊မထင်သော ကိစ္စရှိသည်၏အဖြစ်ကြောင့်။န ဝုတ္တာ၊ဟောတော်မမူအပ်။

(ဂ) ဟိ၊ချဲ့အံ့။ဝိတက္ကာဒီဟိ၊သမ္ပယုတ်တရားတို့၏ ချောက်ချားခြင်းကို ပြုတတ်သော ဝိတက်, ဝိစာရ ပေါ်လွင်ခြင်းကို ပြုတတ်သော ပီတိတို့သည်။အဘိဘူတတ္တာ၊လွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့်။တတ္ထ၊ထို ပဌမဈာန်, ဒုတိယဈာန်တို့၌။တဿာ၊ထိုတတြမဇ္ဈတ္တတာ၏။ကိစ္စံ၊သည်။အပရိဗျတ္တံ၊သည်။ဟောတိ၊၏။

(ဂ) ဟိတ်အပြင်ထုတ်/ဝါကျ အပြန်အလှန် ။ ။ ဟိ၊ချဲ့။တဿာ၊ထိုတတြမဇ္ဈတ္တုပေက္ခာ၏။ တတ္ထ၊ထိုပထမဈာန် ဒုတိယဈာန်တို့၌။ကိစ္စံ၊ကိစ္စသည်။အပရိဗျတ္တံ၊မထင်ရှား။(ကသ္မာ၊အဘယ့်ကြောင့်။အပရိ ဗျတ္တံ၊မထင်ရှားသနည်း။) ဝိတက္ကာဒီဟိ၊ဝိတက် အစရှိသည်တို့သည်။(ဝါ) ဝိတက်, ဝိစာရ, ပီတိတို့သည်။ အဘိဘူတတ္တာ၊လွှမ်းမိုးအပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း။

(ဃ) ပန၊အထူး။ဣဓ၊ဤတတိယဈာန်၌။အယံ၊ဤတတြမဇ္ဈတ္တတာသည်။ဝိတက္က ဝိစာရ ပီတိဟိ၊ တို့သည်။အနဘိဘူတတ္တာ၊မလွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့်။ဥက္ခိတ္တသိရာ ဝိယ၊ထောင်သော ဦးခေါင်း ရှိသကဲ့သို့။ဟုတွာ၊၍။ပရိဗျတ္တကိစ္စာ၊ထင်သော ကိစ္စရှိသည်။ဇာတာ၊ဖြစ်၏။တသ္မာ၊ထိုသို့ ထင်ရှားသော ကိစ္စ ရှိသည်၏အဖြစ်ကြောင့်။ဝုတ္တာ၊ဟောတော်မူအပ်၏။ဣတိအယံ၊ဤသည်ကား။ပရိဟာရော၊အဖြေတည်း။

➢ ❷ ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က)ဖြင့် ဓောဒကာဘောဂနှင့် တကွ ဓောဒနာကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဓောဒကာဘောဂနှင့်တကွ ဓောဒနာကိုသာ သိအပ် ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက် သင့်လေသောကြောင့် ယင်းဓောဒနာ၏ အဖြေပရိဟာရကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ယင်းဓောဒနာ၏ အဖြေပရိဟာရကား အဘယ် ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် တတြမဇ္ဈတ္တုပေက္ခာ၏ မထင်ရှား သော ကိစ္စရှိသည်၏အဖြစ်ကြောင့် ပထမဈာန်, ဒုတိယဈာန်တို့၌ တတြမဇ္ဈတ္တုပေက္ခာကို ဘုရားရှင် မဟောအပ်ဟု အကျဉ်းအားဖြင့် ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် တတြမဇ္ဈတ္တုပေက္ခာ၏ မထင်ရှား

http://www.dhammadownload.com

သော ကိစ္စရှိသည်၏အဖြစ်ကို အကျယ် မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ခ) ဖြင့် တတြမဇ္ဈတ္တုပေက္ခာ၏ မထင်ရှားသော ကိစ္စရှိသည်၏အဖြစ်ကြောင့် ပထမဈာန်, ဒုတိယဈာန်တို့၌ တတြမဇ္ဈတ္တုပေက္ခာကို ဘုရားရှင် မဟောအပ်ဟု အကျဉ်းအားဖြင့် မပြဆိုသင့်။ တတြမဇ္ဈတ္တုပေက္ခာ၏ မထင်ရှားသော ကိစ္စရှိသည်၏ အဖြစ်ကို အကျယ်ပြဆိုသင့်သေး၏။ အဘယ်သို့လျှင် တတြ မဇ္ဈတ္တုပေက္ခာ၏ မထင်ရှားသော ကိစ္စရှိသည်၏ အဖြစ်ကို အကျယ်သိအပ်ပါသနည်း။ (ဂ) မိန့်

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ) ဝါကျတို့ဖြင့် ဝိတက်, ဝိစာရ, ပီတိတို့သည် လွှမ်းမိုးနှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ထိုပထမဈာန် ဒုတိယဈာန်တို့၌ တတြမဇ္ဈတ္တုပေက္ခာ၏ ကိစ္စမထင်ရှားသောကြောင့် ပထမဈာန် ဒုတိယဈာန်တို့၌ တတြမဇ္ဈတ္တုပေက္ခာကို ဘုရားရှင် ဟောတော်မမူအပ်ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပထမဈာန် ဒုတိယဈာန်တို့၌ တတြမဇ္ဈတ္တုပေက္ခာကို မဟောခြင်း၏ အကြောင်းကိုသာ (ဝါ) မဟောအပ်သည်၏အဖြစ်ကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤတတိယဈာန်၌ တတြမဇ္ဈတ္တုပေက္ခာကို ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ အဘယ်ကြောင့် ဤတတိယဈာန်၌ တတြမဇ္ဈတ္တုပေက္ခာကို ဟောတော်မူအပ်ပါသနည်း။ ဤသို့--ကြောင့် (ဃ) မိန့်။

➢ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် အဖြေ ပရိဟာရကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ (တနည်း) ပုစ္ဆာ+ဝိဿဇ္ဇနာ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် တတြမဇ္ဈတ္တုပေက္ခာ၏ ကိစ္စ မထင်ရှားခြင်း၏ အကြောင်းကို အကျယ်အားဖြင့် ပြသောကြောင့် ပုနရုတ္တိဒေါသ၊ အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် တတြမဇ္ဈတ္တုပေက္ခာ၏ အပရိဗျတ္တကိစ္စမှ ထူးသောကိစ္စကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ (ဝါ) အန္ဝယကို ပြသောကြောင့် ဗျတိရေက+အန္ဝယ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။

(က) ၌ ဧတ္ထာဟ–ကို ထားခြင်းအကြောင်း ။ ။ စောဒကပုဂ္ဂိုလ်၏ စောဒနာ စကားကို ပရိကပ္ပအားဖြင့် ပြလိုသော ဌာနဖြစ်သောကြောင့် (က) ၌ ဧတ္ထာဟ–ကို ထားရပါသည်။

(ဃ) ၌ တသ္မာ–ကို ထားခြင်းအကြောင်း ။ ။ ရသင့်ရထိုက်သော အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့် (တနည်း) နိဂုံးအုပ်လိုသောကြောင့် (ဃ) ၌ တသ္မာ–ကို ထားရပါသည်။

➢ ❻ ။ ပရိဗျတ္တတိတိ ပရိဗျတ္တံ။ (ပရိ–ရှေး ဝိ–ရှေးရှိသော အဥ္စဓာတ်+တ) ကတ္တာဗ္ဗန္တ် ကိစ္စံ။ န ပရိဗျတ္တံ အပရိဗျတ္တံ။ * အပရိဗျတ္တံ ကိစ္စံ ဧတိဿာတိ **အပရိဗျတ္တကိစ္စာ**။ (တတော)

(၂) အပရိဗျတ္တပုဒ်+ကိစ္စပုဒ်+ဧတ–အညပုဒ်သည်ငှင်း၊ မထင်ရှားသော ကိစ္စ၏ တတြမဇ္ဈတ္တုပေက္ခာနှင့် ဂုဏ်+ဂုဏေး၊ ကိစ္စ+ကိစ္စဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မထင်ရှားသော ကိစ္စရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ပရိဗျတ္တံ ကိစ္စံ **ပရိဗျတ္တကိစ္စံ**။ နတ္ထိ ပရိဗျတ္တကိစ္စံ ဧတိဿာတိ **အပရိဗျတ္တကိစ္စာ**။ (တတော)

န–ပုဒ်+ ပရိဗျတ္တကိစ္စပုဒ်+ ဧတ–အညပုဒ်သည်ငှင်း၊ ထင်သော ကိစ္စမရှိခြင်း နတ္ထိဘာဝဂုဏ်၏

http://www.dhammadownload.com

တတြမဇ္ဈတ္တုပေက္ခာနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ထင်သော ကိစ္စ မရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ပရိဝိသိဋ္ဌော အတ္တာ အဿာတိ ပရိဗျတ္တံ။ န ပရိဗျတ္တံ **အပရိဗျတ္တံ**။ (၂) ပဋိသေဓဘောဂုဏ်၏ ထင်ရှားသည်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) မထင်ရှားသော ဂုဏ်သည် ပဝတ္တိနိမိတ်။ * ဝိတက္ကော အာဒိ ယေသံ ဝိစာရပီတီနန္တိ **ဝိတက္ကာဒယော**။(တာဟိ)

အဘိဘာဝီယတိ အဇ္ဈောတ္ထရီယတီတိ အဘိဘူတာ။ အဘိဘူတာယ ဘာဝေါ **အဘိဘူတတ္တံ**။ န အဘိဘာဝီယတီတိ အနဘိဘူတာ။ အနဘိဘူတာယ ဘာဝေါ **အနဘိဘူတတ္တံ**။ (တသ္မာ)

ဥက္ကိပီယတေတိ **ဥက္ခိတ္တော**။ (ဥပုဗ္ဗ ခိပဓာတ်+တ-ပစ္စည်း၊ မြှောက်ချီခြင်းကြိယာ)

ကုသုမာဒီဟိ သေဝီယတေတိ သိရော။ သေဝန္တိ ဧတေနာတိ ဝါ **သိရော**။ (၂) သိဓာတ်+ရ-ပစ္စည်းသည်၎င်း၊ မှီဝဲခြင်းကြိယာသကတ်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဦးခေါင်းဒြဗ်သည် ပဝတ္တိနိမိတ်။

ဥက္ခိတ္တော သိရော ဣမိဿာ တတြမဇ္ဈတ္တုပေက္ခာယာတိ **ဥက္ခိတ္တသိရာ**။ (၂) ဥက္ခိတ္တပုဒ်+သိရပုဒ် ဣမ-အညပုဒ်သည်၎င်း၊ ထောင်သော ဦးခေါင်း၏ တတြမဇ္ဈတ္တုပေက္ခာနှင့် ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ထောင်သော ဦးခေါင်းရှိသကဲ့သို့ ဖြစ်ခြင်းဟူသော ဂုဏ်သည် (ဝါ) တတြမဇ္ဈတ္တုပေက္ခာတို့၏ ဥက္ခိတ္တသိရ သဘောရှိသကဲ့သို့ ဖြစ်ခြင်းရှိသည်၏ အဖြစ်ဖြင့် တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ (ဂ) ၌ အပရိဗျတ္တံ တဿာ ကိစ္စံ-ဖြင့် အပရိဗျတ္တကိစ္စတော-၌ အပရိဗျတ္တကိစ္စပုဒ်ကို အပရိဗျတ္တံ ကိစ္စံ တဿာတိ အပရိဗျတ္တကိစ္စာ-ဟု စတုတ္ထီ ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ) **တတ္ထ**-ဖြင့် မထင်ရှားသော ကိစ္စရှိ၏ဟူသည် တတိယဈာန်၌ မဟုတ်၊ ထိုပဌမဈာန် ဒုတိယဈာန်တို့၌ ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

ဝိတက္ကာဒီဟိ အဘိဘူတတ္တာ-ဖြင့် ဝိတက်စသည်တို့ လွှမ်းမိုးအပ်သည်၏ အဖြစ်ကြောင့် မထင်ရှားသော ကိစ္စရှိ၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ❼ ။ **(က) ပဋ္ဌမဒုတိယဈာနေသုပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ **သာစ**-၌ စ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ **အပရိဗျတ္တာဟိ**-၌ ဟိ-ကား ဝိတ္ထာရတ္ထ။ **ဣမ ပနာယံ**-၌ ပန-ကား ဝိသေသတ္ထ၊ ပက္ခန္တရတ္ထ။ **ဥက္ခိတ္တသိရာ ဝိယ**-၌ ဝိယ-ကား ဥပရိက္ခာဇောတက။

(က) တတြမဇ္ဈတ္တုပေက္ခာဝ-၌ (၁) တတြမဇ္ဈတ္တုပေက္ခာသည် ဂဟေတဗ္ဗတ္ထ။ (၂) သခ်ီရုပေက္ခာ စသည်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သခ်ီရုပေက္ခာ စသည်တို့၏ မရှိခြင်းသည် အနုညာတတ္ထ။

➤ ❽ ။ ကြိယာငါးတန် ။ ။ **(ခ) အပရိဗျတ္တကိစ္စတော-အရ** = ပဌမဈာန် ဒုတိယဈာန်၌ရှိသော တတြမဇ္ဈတ္တုပေက္ခာကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) ဝိတက် ဝိစာရ ပီတိတို့ လွှမ်းမိုး ခံရခြင်းသည် ဒီပကတ္ထ။ (၃) ထင်ရှားသော ကိစ္စမရှိ၍ ယင်းဈာန်တို့၌ "ဥပေက္ခကောစ ဝိဟရတိ"ဟု မဟောရခြင်းသည် ပကာသနတ္ထ။ (၄) ဝိတက် ဝိစာရတို့ကို မလွန်မြောက်ခြင်း, ပီတိကို မစက်ဆုပ်ခြင်း သည် ဝိဘာဝတ္ထ။ (၅) "ဥပေက္ခကောစ ဝိဟရတိ" ကို မဟောရခြင်း၏ အဖွင့်သံဝဏ္ဏနာကို သောတုဇန

http://www.dhammadownload.com

တို့ လေ့လာရခြင်း, တတိယစျာန်၌ "ဥပေက္ခကောစ ဝိဟရတိ"ဟု ဟောရခြင်းကို သိရှိရခြင်းအကျိုး သည် အနုဘာဝတ္ထ။ **(ဃ) ဝုတ္တာ-၌ အန္တတ္ထ ဝစဓာတ်-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "ဥပေက္ခကောစ ဝိဟရတိ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

(ဃ) ဝုတ္တာ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = "ဥပေက္ခကောစ ဝိဟရတိ"ဟူသော ဝစီဘေဒသဒ္ဒ ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (စာ-၂၉၀-ကြည့်)

(ဃ) ဣမ-အရ = တတိယစျာန်ကို ယူ၍ (စာ-၃၈၃-ကြည့်)

➤ **၉** ။ (ဂ) **ဝိတက္ကာဒီဟိ-၌ အာဒိဝဏ္ဏ-ကား** ဝိစာရနှင့် ပီတိ ဖြစ်ပါသည်။

➤ **၁၀** ။ (ဂ) **ဝိတက္ကာဒီဟိ+အဘိဘူတတ္တာ** ။ ။ ဝိတက္ကာဒီဟိ-အရ ဝိတက်, ဝိစာရ, ပီတိ ပစ္စည်းတရားသည် အဘိဘူတတ္တာ-၌ အဘိဘူတ-အရ ပထမစျာန် ဒုတိယစျာန်၌ရှိသော တတြ မဇ္ဈတ္တုပေက္ခာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

(ဃ) ဣမ+အယံ ဓာတာ ။ ။ ဣမ-အရ တတိယစျာန် ပစ္စည်းတရားသည် အယံ ဓာတာ- အရ တတြမဇ္ဈတ္တုပေက္ခာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၆)

အယံ ဓာတာ-အရ တတြမဇ္ဈတ္တုပေက္ခာ ပစ္စည်းတရားသည် **ဣမ**-အရ တတိယစျာန် ပစ္စယုပ္ပန် တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၆)

ပါဌ် (၉၄) [ဋ္ဌ၊၂၁၉။ ပြည်၊ဒု၊၂၈၄။ ဘာသာဋီ၊ဒု၊၄၈၈]

(က) **ဣဒါနိ သတောစ သမ္ပဇာနောတိ ဧတ္ထ သရတီတိ သတော။**

(ခ) **သမ္ပဇာနာတီတိ သမ္ပဇာနော။**

(ဂ) **ဣတိ ပုဂ္ဂလေန သတိစ သမ္ပဇညဉ္စ ဝုတ္တံ။**

(ဃ) **တတ္ထ သရဏလက္ခဏာ သတိ၊ အသမ္မုဿနရသာ၊ အာရက္ခပစ္စုပဋ္ဌာနာ။**

(င) **အသမ္မောဟလက္ခဏံ သမ္ပဇညံ၊ တီရဏရသံ၊ ပဝိစယပစ္စုပဋ္ဌာနံ။**

➤ **၁** ။ **(က)** ဣဒါနိ၊၌၊သတော စ သမ္ပဇာနောတိ ဧတ္ထ၊၌၊အတ္ထ ဝဏ္ဏနာ၊အနက်အဖွင့်ကို၊ ဝုစ္စတေ၊အံ့။သရတိ၊ကြံတတ်, အောက်မေ့တတ်၏။ဣတိ တသ္မာ၊ကြောင့်။သတော၊မည်၏။

(ခ) သမ္ပဇာနာတိ၊ထက်ဝန်းကျင် အပြားအားဖြင့် သိတတ်၏။ဣတိ တသ္မာ၊ကြောင့်။သမ္ပဇာနော၊မည်၏။

(ဂ) ဣတိ၊သို့၊ပုဂ္ဂလေန၊ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့်။သတိစ၊ကိုငင်း။သမ္ပဇညဉ္စ၊ကိုငင်း။(ဘဂဝတာ၊သည်။ ဝုတ္တံ၊ဟောတော်မူအပ်ပြီ။ **(ဃ)** တတ္ထ၊ထို သတိ သမ္ပဇဉ နှစ်ပါးတို့တွင်။သတိ၊သည်။သရဏလက္ခဏာ၊ အောက်မေ့ခြင်း လက္ခဏာရှိ၏။အသမ္မုဿနရသာ၊မေ့လျော့ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော ကိစ္စရှိ၏။ အာရက္ခ ပစ္စုပဋ္ဌာနာ၊ကိလေသာတို့မှ စောင့်တတ်သော တရားဖြစ်၍ ရှေးရှု ထင်တတ်၏။(ဝါ) ကိလေသာတို့မှ စောင့်ခြင်းကို ဖြစ်စေတတ်၏။ **(င)** သမ္ပဇညံ၊သည်။အသမ္မောဟ လက္ခဏံ၊မတွေမဝေ ကောင်းစွာသိခြင်း

http://www.dhammadownload.com

လက္ခဏာရှိ၏။(ဝါ) တွေဝေခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော လက္ခဏာရှိ၏။တီရဏရသံ၊ကူးခပ်ခြင်း ကိစ္စရှိ၏။(ဝါ) ပြအပ်သော ကိစ္စ၏ အဆုံးကမ်းသို့ ကူးခပ်ရောက်နိုင်သော ကိစ္စရှိ၏။ပဝိစယပစ္စုပဋ္ဌာနံ၊စိစစ်စူးစမ်းတတ်သော တရားဟူ၍ ရှေးရှုထင်တတ်၏။

➤ **၂** ။ **(ဂ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) (ခ)တို့ဖြင့် သရတီတိ သတော၊ သမ္ပဇာနာတီတိ သမ္ပဇာနော-ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သတော, သမ္ပဇာနော-ဖြင့် သတိ, ပညာကို ရည်ရွယ်၍ ဘုရားရှင် ဟောတော်မူသည် မဟုတ်ပါလော။ ထို့ကြောင့် (က) (ခ)တို့ဖြင့် သရတီတိ သတော၊ သမ္ပဇာနာတီတိ သမ္ပဇာနော-ဟု မဖွင့်ဆိုသင့်။ ယင်းသို့ ပုဂ္ဂိုလ်ရအောင် ဖွင့်ဆိုနိုင်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ယင်းသို့ ပုဂ္ဂိုလ်ရအောင် ဖွင့်ဆိုနိုင်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ) ဝါကျတို့ဖြင့် သတော သမ္ပဇာနောပုဒ်တို့၏ ဝစနတ္ထ အဘိဓေယျတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သတော သမ္ပဇာနော ပုဒ်တို့၏ ဝစနတ္ထ အဘိဓေယျတ္ထကိုသာ သိအပ်၏ဟု အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် သတိ, သမ္ပဇညပုဒ်တို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်တို့ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား အဗျာပိ အပရိပုဏ္ဏာဒေါသ သင့်ရောက်ရာ၏။ သတိ, သမ္ပဇညပုဒ်တို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်တို့ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) (င) တို့ကို မိန့်။

➤ **၃** ။ **ဒေါသပယ်** ။ ။ **(ဂ)** ဖြင့် ပုဂ္ဂလာဓိဋ္ဌာန်အနက်အားဖြင့် ဖွင့်ဆိုနိုင်ခြင်း၏အကြောင်းကို ပြသောကြောင့် (ဝါ) သတော, သမ္ပဇာနော နှစ်ပုဒ်ဖြင့် ဟောအပ်သော အနက်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏာဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် သတိ-၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်တို့ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏာဒါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် သမ္ပဇည-၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်တို့ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏာဒါသတို့ကို ပယ်ပါသည်။

(ဂ) ၌ ဝုတ္တံ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ ဌာနဖြစ်သော အောက်မေ့တတ်, ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပုဂ္ဂိုလ်၏ "သတော သမ္ပဇာနော"အမည်ကို ဌာနီဖြစ်သော သတိ, သမ္ပဇည တို့၌ တင်စား၍ ဌာနီဖြစ်သော သတိ, သမ္ပဇညကို "သတော သမ္ပဇာနော"ဟု ဆိုရကား "သတော သမ္ပဇာနော"ပုဒ်၏ ဌာနူပစာသဒ္ဒါအဖြစ်ကို ပြလိုသောကြောင့် (ဂ) ၌ ဝုတ္တံ-ကို ထားရပါသည်။

➤ **၄** ။ သမ္ပဇာနာတီတိ သမ္ပဇာနော။ သမ္ပဇာနဿ ဘာဝေါ **သမ္ပဇညံ**။ သမ္ပဇာနပုဒ်+ဏျပစ္စည်းသည်ငှင်း၊ ထက်ဝန်းကျင် အပြားအားဖြင့် သိတတ်သော ပုဂ္ဂိုလ်၏ ထက်ဝန်းကျင် အပြားအားဖြင့် သိတတ်သည်၏ အဖြစ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ထက်ဝန်းကျင် အပြားအားဖြင့် သိတတ်သည်၏ အဖြစ် (ဝါ) သိခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

သမ္မုဿတေ **သမ္မုဿနံ**။ န သမ္မုဿနံ **အသမ္မုဿနံ**။ ရသီယတီတိ **ရသော**။

အသမ္မုဿနံ ရသော ဧတဿာတိ **အသမ္မုဿနရသာ**။ (၂) အသမ္မုဿနပုဒ်+ရသပုဒ်+ဧတ-

http://www.dhammadownload.com

အညပုဒ်သည်ငှင်း၊ အသမ္မုဿနရသကိစ္စ၏ သတိနှင့် ကိစ္စ+ကိစ္စဝန္တ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အသမ္မုဿန ရသကိစ္စရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ * သရီယတေ သရဏံ။ (သရ+ယု) လက္ခီယတေ အနေနာတိ လက္ခဏံ။ (လက္ခ+ယု)

သရဏံ လက္ခဏံ ဧတိဿာ သတိယာတိ **သရဏလက္ခဏာ**။ (၂) သရဏပုဒ်+လက္ခဏပုဒ်+ဧတ အညပုဒ်သည်ငှင်း၊ သရဏလက္ခဏာ၏ သတိနှင့် လက္ခဏ+လက္ခဝန္တ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သရဏလက္ခဏာရှိခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

အာရက္ခတီတိ **အာရက္ခာ**။ ပစ္စုပတိဋ္ဌတီတိ **ပစ္စုပဋ္ဌာနာ**။ အာရက္ခာ ဟုတ္វာ ပစ္စုပဋ္ဌာနာ **အာရက္ခ ပစ္စုပဋ္ဌာနာ**။ (၂) စောင့်ရှောက်တတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ ရှေးရှုထင်တတ်သော သတိနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) စောင့်ရှောက်တတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။ * အာရက္ခံ ပစ္စုပဋ္ဌပေတီတိ **အာရက္ခပစ္စုပဋ္ဌာနော**။

အာရက္ခော ပစ္စုပဋ္ဌာနံ ဧတိဿာ သတိယာတိ **အာရက္ခပစ္စုပဋ္ဌာနော**။ (၂) အာရက္ခပစ္စုပဋ္ဌာန်၏ သတိနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

သမ္မုယှနံ သမ္မောဟော။ န သမ္မောဟော အသမ္မောဟော။ အသမ္မောဟော လက္ခဏံ ဧတဿ သမ္ပဇညဿာတိ **အသမ္မောဟလက္ခဏံ**။ * သမ္မောဟဿ ပဋိပက္ခော အသမ္မောဟော။ အသမ္မောဟော လက္ခဏံ ဧတဿ သမ္ပဇညဿာတိ **အသမ္မောဟလက္ခဏံ**။

တီရဏံ ရသော ဧတဿ သမ္ပဇညဿာတိ **တီရဏရသံ**။

ဝိစယနံ ဝိစယော။ ပကာရေန ဝိစယော **ပဝိစယော**။

ပဝိစယော ပစ္စုပဋ္ဌာနံ ဧတဿ သမ္ပဇညဿာတိ **ပဝိစယပစ္စုပဋ္ဌာနံ**။

➤ ❻ ။ **(က)** ၌ သရတိ-ဖြင့် သတော-၌ သရဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) တ-ပစ္စည်း ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) သရတီတိ သတော-ဟု ပြုရမည်ကိုငှင်း (အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ သမ္ပဇာနာတိ-ဖြင့် သမ္ပဇာနော-၌ သံ-ရှေး ပ-ရှေးရှိသော ဉာဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ယု-ပစ္စည်း ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) သမ္ပဇာနာတီတိ သမ္ပဇာနောဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ပုဂ္ဂလာဓိဋ္ဌာန်, ဓမ္မာဓိဋ္ဌာန် နှစ်မျိုးတွင် "သတော သမ္ပဇာနော"ကား ပုဂ္ဂလာဓိဋ္ဌာန် ဒေသနာမျိုးပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ) (တနည်း) သတော သမ္ပဇာနော-ဟု ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဟောတော်မူသော်လည်း ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်မည်သည် မရှိသောကြောင့် သတိ, သမ္ပဇညတရားကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❼ ။ **(က)** စ-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။ **(ခ) သမ္ပဇာနော**-၌ သံ-ကား သမန္တတ္ထ။ (တနည်း) သမ္မာအနက်။ ပ-ကား ပကာရတ္ထ။ (ဂ) **ဉာတိ**-ကား နိဒဿနတ္ထ။ စ-ကား အညမည သမုစ္စယတ္ထ။ (ဃ) **အသမ္မောဟ**-၌ အ-ကား ပဋိသေဓတ္ထ၊ ပဋိပက္ခတ္ထ။

http://www.dhammadownload.com

➢ ❶ ။ **ကြိယာငါးတန်** ။ ။ **(ဂ) ဝုတ္တံ-၌ အန္တတ္တ ဝစဓာတ်-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "သတော သမ္ပဇာနော"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

ဝုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = "သတော သမ္ပဇာနော"ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (စာ-၂၉၀-ကြည့်)

➢ ❽ ။ **သမ္ပဇည-အရ** = "ပညာ"ကို ယူ၍ လက္ခဏာဒိစတုက္က ထုတ်။

➢ ❶❶ ။ **(ဂ) သတိစ သမ္ပဇညဥ္စ+ ဝုတ္တံ** ။ ။ သတိ, သမ္ပဇည-အရ သတိ, ပညာ ပစ္စည်းတရားသည် **ဝုတ္တံ-၌ ဝစဓာတ်-အရ** ဒေသနာဉာဏ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ မိ၊ ဥပ (၃)

သမ္ပဇညံ-၌ ဗာဟျတ္ထ ဏျပစ္စည်းအရ ပညာ ပစ္စည်းတရားသည် **အန္တတ္ထ သမ္ပဇာနပုဒ်**-အရ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ မိ၊ သဟ၊ ည၊ နိ၊ ကွံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀)

ဓါကျ (၉၅) [ဋ္ဌ၊၂၁၉။ ပြည်၊ဒု၊၂၈၅။ ဘာသာဋီ၊ဒု၊၄၈၉]

(က) **တတ္ထ ကိဥ္စာပိ ဣဒံ သတိသမ္ပဇညံ ပုရိမဈာနေသုပိ အတ္ထိ၊**

(ခ) **မုဋ္ဌဿတိဿ ဟိ အသမ္ပဇာနဿ ဥပစာရမတ္တမ္ပိ န သမ္ပဇ္ဇတိ၊ ပဂေဝ အပ္ပနာ၊**

(ဂ) **ဩဠာရိကတ္တာ ပန တေသံ ဈာနာနံ ဘူမိယံ ဝိယ ပုရိသဿ စိတ္တဿ ဂတိ သုခါ ဟောတိ၊ အဗျတ္တံ တတ္ထ သတိသမ္ပဇညကိစ္စံ၊**

(ဃ) **ဩဠာရိကင်္ဂပ္ပဟာနေန ပန သုခုမတ္တာ ဣမဿ ဈာနဿ ပုရိသဿ ခုရဓာရာယံ ဝိယ သတိသမ္ပဇညကိစ္စပရိဂ္ဂဟိတာ ဧဝ စိတ္တဿ ဂတိ ဣစ္ဆိတဗ္ဗာတိ ဣဓေဝ ဝုတ္တံ၊**

➢ ❶ ။ **(က)** တတ္ထ၊ထိုစျာန်တို့တွင်။(တနည်း) တတ္ထ၊ထို သတော သမ္ပဇာနော ဟူသော ပါဌ်၌။(စောဒနာ သောဓနာနယော၊စောဒနာ သောဓနာနည်းကို။ဧဝံ၊ဤသို့။ဝေဒိတဗ္ဗော၊သိအပ်၏။)ဣဒံ သတိသမ္ပဇညံ၊သည်။ပုရိမဈာနေသုပိ၊ရှေးဖြစ်သော ပဌမစျာန်, ဒုတိယစျာန်တို့၌လည်း။ကိဥ္စာပိ အတ္ထိ၊အကယ်၍ကား ရှိ၏ရှင့်။

(ခ) ဟိ-သစ္စံ၊မှန်၏။(တနည်း) ဟိ-ယသ္မာ၊အကြင်ကြောင့်။မုဋ္ဌဿတိဿ၊လွတ်သော သတိရှိသော။ အသမ္ပဇာနဿ၊သမ္ပဇဉ်ကင်းသသူအား။ဥပစာရမတ္တမ္ပိ၊ဥပစာရစျာန်မျှသည်လည်း။န သမ္ပဇ္ဇတိ၊မပြည့်စုံသေး၏ရှင့်။အပ္ပနာ၊အပ္ပနာစျာန်သည်။ပဂေဝ ပဌမမေဝ၊လက်ဦးပင်လျှင်။န သမ္ပဇ္ဇတိ၊မပြည့်စုံနိုင်ရာ။(တသ္မာ၊ထိုသို့ မုဋ္ဌဿတိ အသမ္ပဇာနပုဂ္ဂိုလ်မှာ အပ္ပနာစျာန်ကို မဆိုထားဘိ ဥပစာရစျာန်ကိုသော်မှလည်း မပြီးစီးနိုင်သည်၏ အဖြစ်ကြောင့်။ဣဒံ သတိသမ္ပဇညံ၊ဤသတိ သမ္ပဇညသည်။ပုရိမဈာနေသုပိ၊တို့၌လည်း။ကိဥ္စာပိ အတ္ထိ၊အကယ်၍ကား ရှိပါပေ၏။) (ပြန်လှည့်စပ်)

(ဂ) ပန၊ထိုသို့ ရှေးဖြစ်သော ပဌမစျာန်, ဒုတိယစျာန်တို့၌ ရှိသော်လည်း။တေသံ ဈာနာနံ၊တို့၏။ ဩဠာရိကတ္တာ၊ရုန့်ရင်းသည်၏ အဖြစ်ကြောင့်။တတ္ထ ဈာနေသု၊ထိုပဌမစျာန်, ဒုတိယစျာန်တို့၌။စိတ္တဿ၊၏။

http://www.dhammadownload.com

ဂတိ၊အလားသည်။သုခါ၊ချမ်းသာသည်။ဟောတိ၊၏။(ကိမိဝ၊အဘယ်ကဲ့သို့ နည်းဟူမူကား)ဘူမိယံ၊၌။ပုရိသဿ၊၏။ဂတိ၊အလားသည်။သုခါ၊လွယ်သည်။ဟောတိ ဝိယ၊ဖြစ်သကဲ့သို့တည်း။ဒုက္ကရံ၊ခဲယဉ်းသော။ဣဒံ နာမ၊ဤမည်သော အမှုကို။ကရိယတီတိ၊ပြုအပ်၏ဟူ၍။ဝတ္တဗ္ဗဿ၊ဆိုအပ်သော ကိစ္စ၏။အဘာဝတော၊မရှိခြင်း**ကြောင့်**။တတ္တ ဈာနေသု၊တို့၌။သတိသမ္ပဇညကိစ္စံ၊သည်။အဗျတ္တံ၊မထင်ရှားသည်။ဟောတိ၊ဖြစ်၏။

(ဃ) ပန၊အထူး။သြဠာရိကင်္ဂပ္ပဟာနေန၊ရုန့်ရင်းသော အင်္ဂါကို ပယ်ခြင်းကြောင့်။ဣမဿ ဈာနဿ၊ဤတတိယဈာန်၏။သုခုမတ္တာ၊သိမ်မွေ့သည်၏ အဖြစ်ကြောင့်။ပုရိသဿ၊၏။ခုရဓာရာယံ၊သင်ဓုန်းသွားအပေါ်၌။သတိသမ္ပဇည ကိစ္စ ပရိဂ္ဂဟိတာ၊သတိသမ္ပဇဉ် ကိစ္စဖြင့် သိမ်းဆည်းအပ်သော။ဂတိ၊အလားကို။ဣစ္ဆိတဗ္ဗာ ဝိယ၊အလိုရှိအပ်သကဲ့သို့။(တထာ၊ထို့အတူ)သတိသမ္ပဇညကိစ္စ ပရိဂ္ဂဟာဧဝ၊သတိသမ္ပဇညဖြင့် သိမ်းဆည်းအပ်သည်သာလျှင်ဖြစ်သော။စိတ္တဿ၊၏။ဂတိ၊အလားကို။ဣစ္ဆိတဗ္ဗာ၊အလိုရှိထိုက်၏။ဣတိ တသ္မာ၊ထိုသို့ ဤဈာန်၏ နူးညံ့သည့်အတွက် သတိ သမ္ပဇညဖြင့် သိမ်းဆည်းအပ်သော စိတ်၏အဖြစ်ခြင်းကို အလိုရှိထိုက်သည်၏အဖြစ်ကြောင့်။ဣဓေဝ၊ဤ တတိယဈာန်၌သာလျှင်။ဣဒံ၊ဤသတော သမ္ပဇာနောဟူသော ပုဒ်နှစ်ခုအပေါင်းကို။(ဘဂဝတာ၊သည်) ဝုတ္တံ၊ဟောတော်မူအပ်၏။

➢ ❷ ။ **(က) စသည်သို့/ ဠပနာပဥှက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော်၌ တတိယဈာနနိဒ္ဒေသ၌ သတော သမ္ပဇာနော–ဟူ၍ ဟောတော်မူ၏။ ထိုသို့ဟောတော်မူသည်ရှိသော် ဤ သတိ, သမ္ပဇညသည် ရှေးဖြစ်သော ပထမဈာန်, ဒုတိယဈာန်တို့၌လည်း ရှိသည်မဟုတ်ပါလော။ ထို့ကြောင့် တတိယဈာနနိဒ္ဒေသ၌ သတော သမ္ပဇာနော–ဟူ၍ ဟောတော်မမူသင့်။ ဤတတိယဈာနနိဒ္ဒေသ၌သာ သတော သမ္ပဇာနော–ဟူ၍ ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ဤတတိယဈာနနိဒ္ဒေသ၌သာ သတော သမ္ပဇာနော–ဟူ၍ ဟောတော်မူရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) စသည်ကိုမိန့်။

(က) စသည်သို့/ ပါပနာဒိပဥှက ။ ။ (ပ) သော် ရှေးဖြစ်သော ပထမဈာန် ဒုတိယဈာန်တို့၌ သတိ, သမ္ပဇည မရှိဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့် ထိုသို့ မရောက်သင့်လေသောကြောင့် ဤတတိယဈာနနိဒ္ဒေသ၌သာ သတော သမ္ပဇာနော–ဟူ၍ ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဒေသကဘုရားရှင်အား ပုဗ္ဗာပရဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤတတိယဈာနနိဒ္ဒေသ၌သာ သတော သမ္ပဇာနော–ဟူ၍ ဟောတော်မူရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က)စသည်မိန့်

(ခ) သို့/ ဠပနာပဥှက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဤသတိ, သမ္ပဇညသည် ရှေးဖြစ်သော ပထမဈာန်, ဒုတိယဈာန်တို့၌လည်းရှိ၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ရှေးဖြစ်သော ပထမဈာန်, ဒုတိယဈာန်တို့၌ သတော သမ္ပဇာနောဟူ၍ ဘုရားရှင် မဟောကြားအပ်သည် မဟုတ်ပါလော ထိုသို့ ဘုရားရှင် မဟောကြားအပ်သောကြောင့် (က) ဖြင့် ဤသတိ, သမ္ပဇညသည် ရှေးဖြစ်သော ပထမဈာန်, ဒုတိယဈာန်တို့၌လည်းရှိ၏ဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကား

http://www.dhammadownload.com

အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ+ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)တို့ဖြင့် ပဌမဈာန် ဒုတိယဈာန်တို့၌ သတိ သမ္ပဇဉ်ရှိနိုင်ပုံကို ယုတ္တိကြောင်းနှင့်တကွ ဖွင့်ပြတော်မူ၏။ ထိုသို့ဆိုချေသော် ထိုပဌမဈာန် ဒုတိယဈာန်တို့၌ သတော သမ္ပဇာနောဟူ၍လည်း သတိ သမ္ပဇဉ်ကို မဟောသင့်သည် မဟုတ်ပါလော။ ထို့ကြောင့် (က)(ခ)တို့ဖြင့် ပဌမဈာန် ဒုတိယဈာန်တို့၌ သတိ သမ္ပဇဉ်ရှိနိုင်ပုံကိုသာ မဆိုသင့်။ တတိယဈာန်ကိုသာ သတော သမ္ပဇာနောဟူ၍ ဟောဆိုရခြင်းကို ဥပမာနှင့်တကွ ပြဆိုသင့်သေး၏။ ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ+ဃ) မိန့်။

(တနည်း) ဆရာ၊ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် ဤသတိ, သမ္ပဇဉ်သည် ရှေးဈာန်တို့၌လည်း ရှိသည်မဟုတ်ပါလောဟု စောဒကာဘောဂကို ယုတ္တိသဘာဝဒဋ္ဌိကရဏနှင့်တကွ ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် စောဒကာဘောဂကိုသာ သိအပ်၏ဟူသော အနက်သဘော ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က)(ခ) ဝါကျတို့ဖြင့် ဤသတိ, သမ္ပဇဉ်သည် ရှေးဈာန်တို့၌လည်း ရှိသည်မဟုတ်ပါလောဟု စောဒကာဘောဂကိုသာ မဆိုသင့်။ ပရိဟာရာဘောဂနှင့် ပရိဟာရကိုလည်း ပြဆိုသင့်သေး၏။ ပရိဟာရာဘောဂနှင့် ပရိဟာရကား အဘယ်ပါနည်း။ ဤသို့-(ဂ+ဃ) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ပဌမဈာန် ဒုတိယဈာန်တို့၏ ရှန့်ရင်းသည်၏အဖြစ်ကြောင့် ထိုပဌမဈာန် ဒုတိယဈာန်တို့၌ စိတ်၏ အလားသည် ချမ်းသာ လွယ်ကူ၏၊ ထို့ကြောင့် ပဌမဈာန် ဒုတိယဈာန်တို့၌ သတိ သမ္ပဇဉ်ကိစ္စ မထင်ရှား။(ထိုသို့ မထင်ရှားသောကြောင့် ထိုပဌမဈာန် ဒုတိယဈာန်တို့၌ ဤသတိ, သမ္ပဇဉ်ကို မဟောအပ်)ဟု ဗျတိရေကအနက်ကို ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဗျတိရေကအနက်ကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် အန္ဓယဖြစ်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ အန္ဓယဖြစ်သော အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➢ **❷** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ရှေးဈာန်တို့၌ သတိ သမ္ပဇဉ်ရှိနိုင်ပုံကို ယုတ္တိကြောင်းဖြင့် ဖွင့်ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)(ဃ)** ဖြင့် အဗျာပိတဒေါသကို ပယ်သည်။

(က) ၌ ကိဋ္ဌာပိ-ကို ထားခြင်းအကြောင်း ။ ။ ရှေးပဌမဈာန် ဒုတိယဈာန်တို့၌ သတိ, သမ္ပဇဉ် ရှိသည်ဖြစ်ပါလျက် သတော သမ္ပဇာနော-ဟု မဟောဘဲ ဤတတိယဈာန်ကိုသာ "သတော သမ္ပဇာနော"ဟု ဟောတော်မူထားသည်ကို မနှစ်သက်သောကြောင့် (က) ၌ ကိဋ္ဌာပိ-ကို ထားရပါသည်။

➢ **❸** ။ မုသတီတိ **မုဋ္ဌာ**။ (မုသဓာတ်+တ-ပစ္စည်း၊ လွတ်ခြင်းကြိယာ) သရတီတိ **သတိ**။ (သရ+တိ) * မုဋ္ဌာ သတိ ဧတဿာတိ **မုဋ္ဌသတိ**။(တဿ) (၂) မုဋ္ဌာပုဒ်+သတိပုဒ်+ဧတ-အညပုဒ် သည်ငှင်း၊ လွတ်သော သတိ၏ ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) လွတ်သော သတိရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ပုရေ ဇာတာနိ ပုရိမာနိ။ ပုရိမာနိ ဈာနာနိ **ပုရိမဇ္ဈာနာနိ**။(တေသု)

F-27-A

http://www.dhammadownload.com

သတိစ သမ္ပဇညဉ္စ **သတိသမ္ပဇညံ**။ * နတ္ထိ သမ္ပဇာနံ ဧတဿ ပုဂ္ဂလဿာတိ **အသမ္ပဇာနော**။ (တဿ) * ဥပစာရောစ သော ဈာနဉ္စာတိ ဥပစာရဈာနံ။ ဥပစာရဈာနမေဝ မတ္တံ **ဥပစာရဈာနမတ္တံ**။

အပ္ပေတိ သမ္ပယုတ္တဓမ္မေ ပါပေတိ အာရမ္မဏန္တိ **အပ္ပနာ**။ (၂) အပဓာတ်+ယုပစ္စည်းသည်ငှင်း၊ ရောက်စေခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အပ္ပနာဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဥဋ္ဌာရေ ဘဝါနိ **ဩဠာရိကာနိ**။ ဩဠာရိကာနံ ဘာဝေါ **ဩဠာရိကတ္တံ**။ (တသ္မာ) (၂) ဩဠာရိကပုဒ်+တ္တပစ္စည်းသည်ငှင်း၊ ရုန့်ရင်းသော ပဌမဈာန် ဒုတိယဈာန်တို့၏ ရုန့်ရင်းသည်၏ အဖြစ်ဟုဆိုအပ်သော ဂုဏ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ရုန့်ရင်းသည်၏ အဖြစ်ဟုဆိုအပ်သော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဘဝန္တိ ဧတ္ထာတိ **ဘူမိ**။ (ဘူဓာတ်+မိပစ္စည်း၊ ဖြစ်ခြင်းကြိယာ)

သတိသမ္ပဇညဿ ကိစ္စံ **သတိသမ္ပဇညကိစ္စံ**။

ဩဠာရိကံ အင်္ဂံ ဩဠာရိကင်္ဂံ။ ဩဠာရိကင်္ဂဿ ပဟာနံ **ဩဠာရိကင်္ဂပဟာနံ**။ (တေန)

သုခယတိ အနုဘဝတီတိ **သုခံ**။ (သုခဓာတ်+ဥမ) သုခဿ ဘာဝေါ **သုခမတ္တံ**။(တသ္မာ)

(၂) သုခပုဒ်+တ္တပစ္စည်းသည်ငှင်း၊ သိမ်မွေ့သော တတိယဈာန်၏ သိမ်မွေ့သည်၏ အဖြစ်ဟုဆို အပ်သော ဂုဏ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သိမ်မွေ့သည်၏ အဖြစ်ဟုဆိုအပ်သော ဂုဏ်သည် ပဝတ္တိနိမိတ်။

ခုရတိ ဆိန္ဒတိ အနေနာတိ **ခုရော**။ (ခုရဓာတ်+အ-ပစ္စည်း၊ ဖြတ်ခြင်းကြိယာ)

ဝေဂံ ဓာရေတီတိ ဓာရာ။ (ဓရဓာတ်+ဏ) ခုရဿ ဓာရာ **ခုရဓာရာ**။ (တိဿံ)

(၂) သင်ခုန်းဓား၏ အသွားနှင့် အဝယဝီ+အဝယဝ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

သတိသမ္ပဇညကိစ္စေန ပရိဂ္ဂဟိတာ **သတိသမ္ပဇညကိစ္စပရိဂ္ဂဟိတာ**။

➢ ❻ ။ **(ဃ)** ၌ သတိသမ္ပဇညကိစ္စ ပရိဂ္ဂဟိတာဝေ-ဖြင့် သတိသမ္ပဇညကိစ္စဖြင့် စိတ်၏ဖြစ်ပုံ အလားကို အလိုရှိအပ်သောကြောင့် တတိယဈာန်၌ သတိသမ္ပဇညကို ဟောအပ်၏ဟု ဟောဆိုရခြင်း အကြောင်းကို သိစေပါသည်။(ဘာဝတ္ထ) **ပုရိသဿ**-စသည်ဖြင့် သတိသမ္ပဇညကိစ္စဖြင့် သိမ်းဆည်းအပ်ပုံ ဥပမာကို သိစေပါသည်။(ဘာဝတ္ထ) **သုခမတ္တာ ဣမဿ ဈာနဿ**-ဖြင့် တတိယဈာန်၏ သိမ်မွေ့သည်၏ အဖြစ်ကြောင့် သတိသမ္ပဇညကိစ္စဖြင့် သိမ်းဆည်းအပ်၏ဟု သိမ်းဆည်းအပ်ပုံအကြောင်းကို သိစေပါ သည်။(ဘာဝတ္ထ) **ဩဠာရိကင်္ဂပဟာနေန**-ဖြင့် တတိယဈာန် သိမ်မွေ့ခြင်းသည် ရုန့်ရင်းသော ဝိတက် ဝိစာရ ပီတိဈာန်အင်္ဂါကို ပယ်ခြင်းကြောင့် ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

➢ ❼ ။ **(က) ကိဉ္စာပိ**-ကား အနုဂ္ဂဟတ္ထ, သမ္ဘာဝနတ္ထ။ (ဂ) **ပန**-ကား အရုစျတ္ထ, ဂရဟတ္ထ။

(ဃ) သတိသမ္ပဇညကိစ္စပရိဂ္ဂဟိတာဝေ-၌ (၁) သတိသမ္ပဇညကိစ္စဖြင့် သိမ်းဆည်းအပ်သည် ၏ အဖြစ်တည်းဟူသော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) သတိသမ္ပဇညကိစ္စဖြင့် မသိမ်းဆည်းအပ်သည် ၏ အဖြစ်တည်းဟူသော ဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။

http://www.dhammadownload.com

ဏ္ဍစေဝ-၌ (၁) ဤတတိယစျာန်သည် ဂဟေတဗ္ဗတ္ထ။ (၂) ပထမစျာန်, ဒုတိယစျာန်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) တတိယစျာန်၏ သိမ်းမွေ့သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

➢ **၁** ။ **ကြိယာဝါးတန်** ။ ။ **(ခ) မုဋ္ဌဿတိ-အရ** = သတိပျောက်ကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) အယောနိသော မနသိကာရသည်ငှင်း, လောဘ, ဒေါသ ဖြစ်စရာ အာရုံတို့သည်ငှင်း ဒီပကတ္ထ။ (၃) ဥပစာရစျာန်မှ မပြည့်စုံခြင်းသည် ပကာသနတ္ထ။ (၄) ဗာလူပသေဝန စသည်သည် ဝိဘာဝတ္ထ။ (၅) သတိပျောက်ကင်းသဖြင့် ရရှိနိုင်သော ပစ္စုပ္ပန် သသရာ အစီးအပွားမှ ဆုတ်ယုတ်ခြင်း, တရားထူးတရားမြတ်များ မရရှိနိုင်ခြင်း အကျိုးသည် အနုဘာဝတ္ထ။

(ဃ) ဝုတ္တံ-၌ အနုတ္တ ဝစဓာတ်-အရ = ဘုရားရှင်၏ ဒေသနာဉာဏ်စိတ္တုပ္ပါဒ် ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "သတော သမ္ပဇာနော"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာ သနတ္ထ။ (စာ-၄၂၃-ကြည့်)

ဝုတ္တံ-၌ ဗာဟျတ္ထ တ-ပစ္စည်း-အရ = "သတော သမ္ပဇာနော"ဟူသော ဝစီဘေဒသဒ္ဒကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (စာ-၂၉၀-ကြည့်)

* **ဣမဿ ဈာနဿ, ဣစေဝ-တို့-အရ** တတိယစျာန်ကို ယူ၍ (စာ-၃၈၃-ကြည့်)

(ဃ) စိတ္တဿ ဂတိ ဣစ္ဆိတဗ္ဗာ-၌ လိုအပ်သော ဂတိ-ကား တတိယစျာန်စိတ္တုပ္ပါဒ် ဖြစ်ပါသည်။ (၁) ထိုတတိယစျာန်စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ဒုတိယစျာန်စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။ (၃) စတုတ္ထစျာန်စိတ္တုပ္ပါဒ်သည် ပကာသနတ္ထ။ (၄) ပထမစျာန်စိတ္တုပ္ပါဒ်သည် ဝိဘာဝတ္ထ။ (၅) စတုတ္ထစျာန် ဘုံ၌ ဖြစ်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➢ **၁ ၀** ။ **(က) ပုရိမဈ္ဈာနေသုပိ+အတ္ထိ** ။ ။ ပုရိမဈ္ဈာနေသု-အရ ပထမစျာန်, ဒုတိယစျာန် ပစ္စည်းတရားသည် အတ္ထိ-အရ သတိ, ပညာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

(ဃ) စိတ္တဿ ဂတိ+ဣစ္ဆိတဗ္ဗာ ။ ။ စိတ္တဿ ဂတိ-အရ တတိယစျာန်စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် ဣစ္ဆိတဗ္ဗာ-၌ ဣသုဓာတ်-အရ ပညာရှိတို့သန္တာန်၌ဖြစ်သော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

ဩဠာရိကင်-အရ ဝိတက် ဝိစာရ ပီတိ ဈာန်အင်္ဂါ ပစ္စည်းတရားသည် ပဟာန-အရ တတိယစျာန်၏ ရှေး၌ဖြစ်သော ဥပစာရဘာဝနာ စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

* **ဩဠာရိကင်ပဟာနေန**-အရ တတိယစျာန်၏ ရှေး၌ဖြစ်သော ဥပစာရဘာဝနာ စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် **ဣမဿ ဈာနဿ**-အရ တတိယစျာန် ပစ္စယုပ္ပန်တရားအား အနန္တရ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေ၊ နတ္ထိ၊ ဝိဂတ (၆)

F-27-B

http://www.dhammadownload.com

ပါဠိ (၉၆) [ဋ္ဌ၊၂၁၉။ ပြည်၊ဒု၊၂၈၆။ ဘာသာဋီ၊ဒု၊၄၉၁]

(က) **ဣဓာဒိနိ သုခဉ္စ ကာယေန ပဋိသံဝေဒေတီတိ ဧတ္ထ ကိဉ္စာပိ တတိယဇ္ဈာနသမင်္ဂိနော သုခပဋိသံဝေဒနာဘောဂေါ နတ္ထိ။**

(ခ) **ဧဝံ သန္တေပိ ယသ္မာ တဿ နာမကာယေန သမ္ပယုတ္တံ သုခံ။**

(ဂ) **ယံ ဝါ တံ နာမကာယသမ္ပယုတ္တံ သုခံ၊ တံ သမုဋ္ဌာနေနဿ ယသ္မာ အတိပဏီတေန ရူပေန ရူပကာယော ဖုဋ္ဌော၊ ယဿ ဖုဋ္ဌတ္တာ ဈာနာ ဝုဋ္ဌိတောပိ သုခံ ပဋိသံဝေဒေယျ။**

(ဃ) **တသ္မာ ဧတမတ္ထံ ဒဿေန္တော ""သုခဉ္စ ကာယေန ပဋိသံဝေဒေတီ"" တိ အာဟ။**

(ခ–နှင့်အညီ) သုခဉ္စ=စေတသိကသုခကိုလည်း။ကာယေန၊တတိယဈာန် စိတ္တုပ္ပါဒ်ဟုဆိုအပ်သော နာမကာယဖြင့်။ပဋိသံဝေဒေတိ၊ခံစား၏။ (တနည်း) သုခဉ္စ၊စေတသိကသုခ, ကာယိကသုခကိုလည်း။ ကာယေန၊တတိယဈာန် စိတ္တုပ္ပါဒ်ဟုဆိုအပ်သော နာမကာယ, ကာယဝိညာဏ်ဟူသော နာမကာယဖြင့်။ ပဋိသံဝေဒေတိ၊ခံစား၏။ **(ဂ–နှင့်အညီ)** သုခဉ္စ၊ကာယိကသုခကိုလည်း။ကာယေန၊ကာယဝိညာဏ်ဖြင့်။ ပဋိသံဝေဒေတိ၊ခံစား၏။

➤ **၁** ။ **(က)** ဣဓာဒိနိ၌။သုခဉ္စ ကာယေန ပဋိသံဝေဒေတီတိ ဧတ္ထ–တိဟူသော ဤပါဌ်၌။ ဝိနိစ္ဆယော၊အဆုံးအဖြတ်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။တတိယဇ္ဈာနသမင်္ဂိနော၊တတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏။သုခပဋိသံဝေဒနာဘောဂေါ၊သုခကို ခံစားအံ့ဟု နှလုံးသွင်းခြင်းသည်။ကိဉ္စာပိ နတ္ထိ၊အကယ်၍ကား မရှိ၏ရှင့်။ **(ခ)** ဧဝံ သန္တေပိ၊ဤသို့ မရှိသည်ဖြစ်သော်လည်း။ယသ္မာ၊ကြောင့်။တဿ တတိယဇ္ဈာနသမင်္ဂိနော၊ ထိုတတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏။နာမ ကာယေန၊နာမကာယနှင့်။သမ္ပယုတ္တံ၊ယှဉ်သော။ယံ သုခံ၊အကြင်သုခ သည်။အတ္ထိ၊ရှိ၏။တံ သုခံ၊ထိုသုခကို။သော တတိယဇ္ဈာနသမင်္ဂီ၊ထိုတတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည်။ပဋိ သံဝေဒေယျ၊ခံစားရာ၏။

(ဂ) ဝါ–အထဝါ၊ကား။ယံ တံ နာမကာယသမ္ပယုတ္တံ သုခံ၊ဆိုအပ်ပြီးသော ပကာရရှိသော နာမ ကာယ သမ္ပယုတ်ဖြစ်သော အကြင်သုခသည်။အတ္ထိ၊၏။တံ သမုဋ္ဌာနေန၊ထိုသုခကြောင့် ဖြစ်သော။အတိ ပဏီတေန၊အလွန်မြတ်သော။ရူပေန၊စိတ္တဇရုပ်ဖြင့်။အဿ ဈာနသမင်္ဂိနော၊ထိုတတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏။ ရူပကာယော၊တိဇကာယသည်။ယသ္မာ၊ကြောင့်။ဖုဋ္ဌော၊နှံ့၏။ယဿ ရူပကာယဿ၊အကြင်တိဇကာယ၏။ ဖုဋ္ဌတ္တာ၊နှံ့သည်၏အဖြစ်ကြောင့်။ဈာနာ၊မှ။ဝုဋ္ဌိတောပိ၊ထသော်လည်း။ဈာန သမင်္ဂီ၊တတိယဈာနသမင်္ဂီပုဂ္ဂိုလ် သည်။တံ ကာယိကသုခံ၊ထိုကာယိကသုခကို။ပဋိသံဝေဒေယျ၊ခံစားရာ၏။ **(ဃ)** တသ္မာ၊ထိုသို့ အတိပဏီတ ရုပ်သည် ရူပကာယ၏ တွေ့ထိအပ်သည်၏ အဖြစ်ကြောင့်။ဧတံ စေတသိက ကာယိက သုခ ပဋိသံဝေဒန သင်္ခါတံ အတ္ထံ၊စေတသိကသုခ ကာယိကသုခကို ခံစားရာ၏ဟူသော ဤအနက်ကို။ဒဿေန္တော၊ပြတော် မူလိုသည်။ဟုတွာ၊ဖြစ်၍။သုခဉ္စ (ပ) သံဝေဒေတီတိ၊ဟူ၍။(ဘဂဝါ၊သည်) အာဟ၊ဟောတော်မူ၏။(၂၉၂)

➤ **၂** ။ **(က) စသည်သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် "သုခဉ္စ ကာယေန ပဋိသံဝေဒေတိ"ဟု ဟောတော်မူ၏။ ထိုသို့ ဟောတော်မူချေသော် တတိယဈာန သမင်္ဂီပုဂ္ဂိုလ် အား သုခကို ခံစားအံ့ဟု နှလုံးသွင်းခြင်း မရှိသည် မဟုတ်ပါလော။ ထိုသို့ နှလုံးသွင်းခြင်း မရှိသော

http://www.dhammadownload.com

ကြောင့် "သုခဉ္စ ကာယေန ပဋိသံဝေဒေတိ"ဟု ဟောတော်မမူသင့်။ "သုခဉ္စ ကာယေန ပဋိသံဝေဒေတိ"ဟု ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ "သုခဉ္စ ကာယေန ပဋိသံဝေဒေတိ"ဟု ဟောတော်မူရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (က) စသည်ကိုမိန့်။

(ခ) သို့/ ဥပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် စောဒကာဘောဂကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပရိဟာရဘောဂနှင့် ပရိဟာရကို မပြဆိုဟူသော အနက်သဘော ရောက်သည် မဟုတ်ပါလော။ ထိုသို့ရောက်ရသောကြောင့် (က) ဖြင့် စောဒကာဘောဂကိုသာ မဆိုသင့်။ ပရိဟာရဘောဂနှင့် ပရိဟာရကိုလည်း ပြဆိုသင့်သေး၏။ ပရိဟာရဘောဂနှင့် ပရိဟာရကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ)(ဂ)(ဃ) ဝါကျတို့ကိုမိန့်။

(ဂ) သို့/ ပါပနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်သည် ဈာန်ဝင်စားခိုက် တတိယဈာန်စိတ်ဟုဆိုအပ်သော နာမကာယဖြင့် စေတသိကသုခကို ခံစား၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်သည် ဈာန်ဝင်စားသောအခါ၌သာ သုခကို ခံစား၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဈာန်မှထသောအခါ၌ သုခကို ခံစားသည်၏အဖြစ်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ အဘယ်သို့လျှင် ဈာန်မှထသောအခါ၌ သုခကို ခံစားပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် စောဒကာဘောဂမှတပါး ပရိဟာရဘောဂနှင့် ပရိဟာရကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဈာန်မှထသောအခါ၌ သုခဝေဒနာကို ခံစားသည်ဟူသော အနက်တစ်မျိုးကို ပြသောကြောင့် (ဝါ) နှလုံးသွင်းအာဘောဂနှင့်တကွ သုခဝေဒနာကို ခံစားသည်ဟူသော အနက်တစ်မျိုးကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် အကျိုးကိုပြသောကြောင့် ကာရဏ+ဖလ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။ ✳ **(က) ၌ ကိဉ္စာပိ-ကို ထားရခြင်းအကြောင်း** ။ ။ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်အား သုခကို ခံစားအံ့ဟူသော နှလုံးသွင်း မရှိပါဘဲလျက် "သုခဉ္စ ကာယေန ပဋိသံဝေဒေတိ"ဟု ဟောတော်မူသော ပါဠိတော်စကားကို မနှစ်သက်သောကြောင့် (က) ၌ ကိဉ္စာပိ-ကို ထားရပါသည်။

(ဂ) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ ဈာန်ဝင်စားခိုက် သုခကို ခံစားခြင်းဟူသော အနက်မှတပါး ဈာန်မှထသောအခါ၌ သုခကို ခံစားခြင်းဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ဂ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။ (တနည်း) နှလုံးသွင်းမှု မရှိဘဲ သုခကို ခံစားခြင်းဟူသော အနက်မှတပါး နှလုံးသွင်းခြင်းနှင့်တကွ သုခကို ခံစားခြင်းဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ဂ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

➤ ❻ ။ တတော သမုဋ္ဌာန် **တံသမုဋ္ဌာနံ**။(တေန) (၂) တ-ပုဒ်+သမုဋ္ဌာနပုဒ်သည်ငှင်း၊ တ-အရ နာမကာယသမ္ပယုတ္တသုခ၏ သမုဋ္ဌာန-အရ အတိပဏီတစိတ္တဇရုပ်နှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) နာမကာယသမ္ပယုတ္တသုခကြောင့် ဖြစ်သည်၏ အဖြစ်

http://www.dhammadownload.com

တည်းဟူသော ဂုဏ်သည် (ဝါ) နာမကာယသမ္ပယုတ္တသုခကြောင့်ဖြစ်သော အတိပဏီတစိတ္တဇရုပ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

* ပဋိသံဝေဒီယတေ **ပဋိသံဝေဒနာ**။ အာဘုဇန် **အာဘောဂေါ**။

သုခဿ ပဋိသံဝေဒနာ **သုခပဋိသံဝေဒနာ**။ သုခပဋိသံဝေဒနာယ အာဘောဂေါ **သုခပဋိသံဝေဒနာ ဘောဂေါ**။ (၂) သုခပဋိသံဝေဒနာပုဒ်+အာဘောဂပုဒ်သည်ငှ်း၊ သုခကို ခံစားခြင်း၏ နှလုံးသွင်း အာဘောဂနှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှ်း ဗျုပ္ပတ္တိနိမိတ်။ (၄) သုခကို ခံ စားခြင်းငှာ နှလုံးသွင်းခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ပဓာနဘာဝံ နီတံ **ပဏီတံ**။ (ပပုဗ္ဗ နီဓာတ်+တ) အတိဝိယ ပဏီတံ **အတိပဏီတံ**။(တေန)

(၂) အတိယသဘောဂုဏ်၏ မြတ်သော စိတ္တဇရုပ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ * နာမဿ ကာယော **နာမကာယော**။

ဖုသတီတိ ဖုဋ္ဌော။ (ဖုသဓာတ်+တ) ဖရတီတိ **ဖုဋ္ဌော**။ (၂) ဖရဓာတ်+တ-ပစ္စည်းသည်ငှ်း၊ ပျံ့နှံ့ခြင်းကြိယာသာမညသည်ငှ်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပျံ့နှံ့ခြင်းကြိယာဝိသေသသည် ပဝတ္တိနိမိတ်။

ဖုဋ္ဌဿ ဘာဝေါ **ဖုဋ္ဌတ္တံ**။ (တဿ) (၂) ဖုဋ္ဌပုဒ်+တ္တပစ္စည်းသည်ငှ်း၊ တိဇရူပကာယ၏ နှံ့ခြင်း ကြိယာနှင့် ဌာန+ဌာနီ၊ နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှ်း ဗျုပ္ပတ္တိနိမိတ်။ (၄) တိဇ ရူပကာယ၏ ပျံ့နှံ့ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဝုဋ္ဌာတီတိ **ဝုဋ္ဌိတော**။ (ဝိ-ရှေး ဥ-ရှေးရှိသော ဌာဓာတ်+တပစ္စည်း၊ ထခြင်းကြိယာ)

ကုစ္ဆိတာနံ ကေသာဒီနံ အာယော ပဝတ္တိဋ္ဌာနန္တိ **ကာယော**။ (၂) ကုပုဒ်+အာယပုဒ်သည်ငှ်း၊ စက်ဆုပ်အပ်သော ဆံပင်စသည်တို့၏ ဖြစ်ရာအရပ် ခန္ဓာကိုယ်နှင့် ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည်ငှ်း ဗျုပ္ပတ္တိနိမိတ်။ (၄) ခန္ဓာကိုယ်ဒြဗ်သည် ပဝတ္တိနိမိတ်။

➢ ❻ ။ **(ခ)** ၌ နာမကာယေန သမ္ပယုတ္တံ သုခံ-ဖြင့် သုခဥ္စ ကာယေန ပဋိသံဝေဒေတိ-၌ ကာယေန-အရ ဈာန်စိတ္တုပ္ပါဒ်ဟုဆိုအပ်သော နာမကာယကိုယူ၊ သုခံ-အရ သမ္ပယုတ်ဖြစ်သော စေတသိက သုခကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ၌ ယံဝါ တံ (ပ) ဈာနာ ဝုဋ္ဌိတောပိ သုခံ-ဖြင့် သုခဥ္စ ကာယေန ပဋိသံဝေဒေတိ-၌ သုခ- အရ ကာယိကသုခကို ယူရမည်ကိုငှ်း(သရုပ်ကြား အဘိဓေယျတ္ထ) ကာယေန-အရ ကာယဝိညာဉ် စိတ္တု ပ္ပါဒ်ဟုဆိုအပ်သော နာမကာယကို ယူရမည်ကိုငှ်း(သရုပ်ကြား အဘိဓေယျတ္ထ) နာမကာယနှင့် သမ္ပယုတ် ဖြစ်သော စေတသိကသုခကြောင့်ဖြစ်သော အလွန်မွန်မြတ်သော စိတ္တဇရုပ်ဖြင့် တိဇရူပကာယ၏ ပျံ့နှံ့သည်၏ အဖြစ်ကြောင့် ဈာန်မှထသော်လည်း တတိယဈာနသမင်္ဂီပုဂ္ဂိုလ်သည် ကာယိကသုခကို ခံစားရာ၏ဟူသော အဓိပ္ပါယ်ကိုငှ်း(ဘာဝတ္ထ) သိစေပါသည်။

➢ ❼ ။ **(က) ကိဥ္စာပိ**-ကား အနုဂ္ဂဟတ္ထ, သမ္ဘာဝနတ္ထ။ (ခ) **သစေ္စပိ**-၌ ပိ-ကား အရုစျတ္ထ, ဂရဟတ္ထ။ (ဂ) **ယံဝါ**-၌ ဝါ-ကား ပက္ခန္တရတ္ထ။ **ဝုဋ္ဌိတောပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘိဏ္ဍနတ္ထ။

➢ ❽ ။ **ကြိယာငါးတန်** ။ ။ **တံ သမုဋ္ဌာနေန-အရ** - အတိပဏီတရုပ်ကို ယူ၍ (၁) ထို-

http://www.dhammadownload.com

သည် ဒဿနတ္ထ။ (၂) တတိယဈာန်သုခသည် ဒီပကတ္ထ။ (၃) တိဇကောယကို ပုံ့နှံ၍ ဈာန်မှထရာအခါ၌လည်း ကာယိကသုခကို ခံစားနိုင်ခြင်းသည် ပကာသနတ္ထ။ (၄) တတိယဈာန်သည် ဝိဘာဝတ္ထ။ (၅) သုခဥ္စ ကာယေန ပဋိသံဝေဒေတိ-ဟု ဒေသနာတော်ဟောဆိုရခြင်း, သာဝကတို့ နာကြားရခြင်း စသည်သည် အနုဘာဝတ္ထ။

(ဃ) အာဟ-အရ (ဝါ) အာဟ-၌ အန္တတ္ထ-အရ = (၁) ဘုရားရှင်၏ သန္တာန်၌ဖြစ်သော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။ (၃) ဟောသဖြင့် ဓမ္မပဋိဂ္ဂဟကပုဂ္ဂိုလ်တို့ အနက်အဓိပ္ပါယ်သိနားလည်ရခြင်း အကျိုးသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်,စသည်တို့သည် ဝိဘာဝတ္ထ။ (၅) သိသဖြင့် ကျင့်ရခြင်း, ကျင့်သဖြင့် မဂ် ဖိုလ် နိဗ္ဗာန်ရခြင်းစသော အကျိုးတို့သည် အနုဘာဝတ္ထ။

➤ **၉** ။ **(ဂ) ဈာနာ ဝုဋ္ဌိတောပိ သုခံ**-၌ သုခ-အရ = သုခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဝေဒနာ(သုခဝေဒနာ)ကို ယူထုတ်။

➤ **၁၀** ။ **သုခံ ပဋိသံဝေဒေတိ** ။ ။ သုခံ-အရ တတိယဈာန်နှင့်ယှဉ်သော စေတသိကသုခဝေဒနာ ပစ္စည်းတရားသည် ပဋိသံဝေဒေတိ-အရ တတိယဈာန်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

(တနည်း) သုခံ-အရ သုခသဟဂုတ် ကာယဝိညာဏ်၌ရှိသော စေတသိက သုခဝေဒနာ ပစ္စည်းတရားသည် ပဋိသံဝေဒေတိ-အရ ကာယဝိညာဉ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

တံ-အရ တတိယဈာန်သုခ ပစ္စည်းတရားသည် **သမ္ပယုတ္တ္ဘာန**-အရ အတိပဏီတရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ နိ၊ ဣံ၊ ဈာ၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၇)

ရူပေန-အရ စိတ္တဇရုပ် ပစ္စည်းတရားသည် **ရူပကာယော**-အရ တိဇရုပ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သုခ-အရ ကာယိကသုခ ပစ္စည်းတရားသည် **ကာယေန**-အရ ဈာန်စိတ္တုပ္ပါဒ်ဟူသော နာမကာယ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (တနည်း) **သုခ**-အရ ကာယိကသုခ ပစ္စည်းတရားသည် **ကာယေန**-အရ ကာယဝိညာဉ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဝိ၊ ဣံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

ပါဠိ (၉၇) [ဋ္ဌ၊၂၁၉။ ပြည်၊ဒု၊၂၈၇။ ဘာသာဋီ၊ဒု၊၄၉၂]

(က) **ဏ္ဍဒါနိ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ တွေ့ ယံဈာနဟေတု ယံဈာနကာရဏာ တံ တတိယဇ္ဈာနသမင်္ဂိပုဂ္ဂလံ ဗုဒ္ဓါဒယော အရိယာ အာစိက္ခန္တိ ဒေသေန္တိ ပညာပေန္တိ ပဋ္ဌပေန္တိ ဝိဝရန္တိ ဝိဘဇန္တိ ဥတ္တာနီ ကရောန္တိ ပကာသေန္တိ။**

(ခ) **ပသံသန္တီတိ အဓိပ္ပါယော။** (ဂ) **ကိန္တိ?** (ဃ) **ဥပေက္ခကော သတိမာ သုခဝိဟာရီတိ။**

(င) **တံ တတိယဇ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာရီတိ ဧဝမေတ္ထ ယောဇနာ ဝေဒိတဗ္ဗာ။**

http://www.dhammadownload.com

➤ ❶ ။ **(က)** ကွဒါနိ၊ဒွ။ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခန္တိ ဥပေက္ခကောသတိမာ သုခဝိဟာရီတိ ဧတ္ထ၊–ရီဟူသော ဤပါဌ်၌။ယံ ဈာနဟေတု–ယံ ဈာနကာရဏာ၊အကြင် တတိယဈာန်ဟူသော အကြောင်းကြောင့်။ တံ တတိယဈာန သမင်္ဂိပုဂ္ဂလံ၊ထိုတတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ဗုဒ္ဓါဒယော၊ဘုရား အစရှိကုန်သော။ အရိယာ၊တို့သည်။အာစိက္ခန္တိ၊ကြားကုန်၏။ဒေသေန္တိ၊ဟောတော်မူကုန်၏။ပညာပေန္တိ၊အပြား အားဖြင့် သိစေကုန်၏။ပဋ္ဌပေန္တိ၊ထားကုန်၏။ဝိဝရန္တိ၊ဖွင့်ကုန်၏။ဝိဘဇန္တိ၊ဝေဘန်ကုန်၏။ဥတ္တာနီ ကရောန္တိ၊ ပေါ်ပေါ်ပေါ်အောင် ပြုကုန်၏။ပကာသေန္တိ၊ပြစားကုန်၏။

(ခ) ပသံသန္တိ၊ချီးမွမ်းမြှောက်စားကုန်၏။ကွတိ၊သို့။အဓိပ္ပါယော၊ဒေသကပုဂ္ဂိုလ် လိုအပ်သောအနက်ကို။ ဝေဒိတဗ္ဗော၊သိအပ်၏။ **(ဂ)** ကိန္တိ၊အတီသို့လျှင်။ပသံသန္တိ၊ချီးမွမ်းမြှောက်စားကုန်သနည်း။

(ဃ) ဥပေက္ခကော၊လျစ်လျူ ရှုနိုင်ပေသသူ။သတိမာ၊သတိကောင်းပေသသူ။သုခဝိဟာရီ၊ချမ်းသာစွာ နေလေ့ရှိပေသသူ။ကွတိ၊သို့။ပသံသန္တိ၊ကုန်၏။ **(င)** တံ တတိယဈာနံ၊ထိုတတိယဈာန်ကို။ဥပသမ္ပဇ္ဇ၊ပြည့် စုံ၍။ဝိဟရတိ၊နေ၏။ကွတိ ဧဝံ၊သို့။ဧတ္ထ၊ဤဝါကျ၌။ယောဇနာ၊ယှဉ်စေခြင်းကို။ဝေဒိတဗ္ဗာ၊သိအပ်၏။

➤ ❷ ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အကြင်ဈာန်ဟူသော အကြောင်းကြောင့် ထိုတတိယဈာနသမင်္ဂိပုဂ္ဂိုလ်ကို ဘုရား–စသော အရိယာပုဂ္ဂိုလ်တို့သည် ကြားကုန်၏၊ ဟောတော်မူကုန်၏၊ အပြားအားဖြင့် သိစေကုန်၏၊ ထားကုန်၏၊ ဖွင့်ကုန်၏၊ ဝေဘန်ကုန်၏၊ ပေါ်ပေါ် ပေါ်အောင် ပြုကုန်၏၊ ပြကြကုန်၏ဟု ဆိုတော်မူ၏။ (တနည်း) (က) ဖြင့် ယံ တံ အရိယာ အာစိက္ခန္တိ စသည်၌ အာစိက္ခန္တိ–ကို ဒေသေန္တိ ပကာသေန္တိ စသည်ဖြင့် ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် အာစိက္ခန္တိ ပုဒ်၏ သဒ္ဒတ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် အာစိက္ခန္တိ–ပုဒ်၏ အဓိပ္ပါယတ္ထကိုလည်း ပြဆိုသင့်သေး ၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ, အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ အာစိက္ခန္တိ–ပုဒ်၏ အဓိပ္ပါယတ္ထကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(င) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ) ဝါကျတို့ဖြင့် အကြင်ဈာန်ဟူသော အကြောင်းကြောင့် ထိုတတိယဈာနသမင်္ဂိပုဂ္ဂိုလ်ကို ဘုရား–စသော အရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်းကုန်၏ ဟု အနိယမကို ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းအနိယမသည် နိယမနှင့် မကင်းကောင်း, မကင်း ရာသည် မဟုတ်ပါလော။ ထိုသို့ မကင်းကောင်းသောကြောင့် (က)(ခ) ဝါကျတို့ဖြင့် အကြင်ဈာန်ဟူသော အကြောင်းကြောင့် ထိုတတိယဈာနသမင်္ဂိပုဂ္ဂိုလ်ကို ဘုရား–စသော အရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်းကုန်၏ ဟု အနိယမကိုသာ မဆိုသင့်။ ယင်းအနိယမ၏ နိယမကိုလည်း ပြဆိုသင့်သေး၏။ ယင်းအနိယမ၏ နိယမကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ (ခ) ဖြင့် အာစိက္ခန္တိ–ပုဒ်၏ သဒ္ဒတ္ထမှတပါး အဓိပ္ပါယတ္ထကို ပြ သောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ပသံသနာကာရပုစ္ဆာကို ပြ သောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ပုစ္ဆာမှတပါး ဝိဿဇ္ဇနာကို ပြ သောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ယံ–ဟူသော အနိယတ်၏ တံ

http://www.dhammadownload.com

ဟူသော နိယတ်ကို ထည့်၍ တံ တတိယံ ဈာနံ-နှင့် ယှဉ်၏ဟု ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ခ) ၌ အဓိပ္ပါယော-ကို ထားရခြင်းအကြောင်း** ။ ။ အာစိက္ခန္တိ-အစ ပကာသေန္တိ အဆုံးရှိသော ဤအလုံးစုံသည် မနေနိုင် စောင်းတီးစကားစပ်၍သာ ဆိုသည်မဟုတ်၊ ကဲ့ရဲ့သဂြိုဟ် နိုပ်နယ်လို၍ ဆိုသည်လည်းမဟုတ်၊ ချီးမွမ်းမြှောက်စားလို၍ဟု ဒေသကပုဂ္ဂိုလ် အလိုတော်ကို (ဝါ) ဒေသကပုဂ္ဂိုလ် လိုအပ်သော အနက်ကို ဖော်ပြရာဌာနဖြစ်သောကြောင့် (ခ) ၌ အဓိပ္ပါယော-ကို ထားရပါသည်။

➤ ❾ ။ အရန္တိ အဓိဂစ္ဆန္တိ မဂ္ဂဖလမေဝေတိ **အရိယာ**။ (၂) အရဓာတ်+ဏျပစ္စည်းသည်ငင်း၊ ရခြင်း, သိခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အရိယာတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဗုဒ္ဓါ အာဒိ ယေသံ ဗုဒ္ဓသာဝကာနန္တိ **ဗုဒ္ဓါဒယော**။

သတိ ယဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ **သတိမာ**။ (၂) သတိပုဒ်+မန္တုပစ္စည်းသည်ငင်း၊ သတိ၏ ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေး၊ နိဿိတ+နိဿယ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သတိရှိသူ၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) သတိရှိသူတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သုခံ ဝိဟရိတုံ သီလံ ယဿာတိ **သုခဝိဟာရီ**။

သုခံ ဝိဟရတိ သီလေနာတိ **သုခဝိဟာရီ**။ (၂) ချမ်းသာစွာ နေခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ် (၄) ချမ်းသာစွာ နေလေ့ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

အဓိပ္ပီယတိ စိတ္တေတိ **အဓိပ္ပါယော**။ (အဓိပုဗ္ဗ ပယဓာတ်+ဏပစ္စည်း၊ စိတ်၌ဖြစ်ခြင်းကြိယာ)

➤ ❿ ။ **(က)** ၌ ယံ ဈာနဟေတု-ဖြင့် ယံ တံ အရိယာ-၌ ယံ-သဒ္ဒါ၏ ဟိတ်အနက်၌ နိပါတ်ပုဒ်၏ အဖြစ်ကိုငင်း(နိပါတလိင်္ဂပဒ) ယင်း ယံ-သဒ္ဒါဖြင့် ဈာန်ကို စွဲယူရမည်ကိုငင်း(နိပါတလိင်္ဂတ္ထ)

(တနည်း) ယံ ဈာနဟေတု-ဖြင့် ယံ တံ အရိယာ-၌ ယံ-သည် အနိယမဝါစက သဗ္ဗနာမ်ပုဒ်၏ အဖြစ်ကိုငင်း(သဗ္ဗနာမလိင်္ဂပဒ) ယင်းယံ-သဒ္ဒါဖြင့် ဈာန်ကို စွဲယူရမည်ကိုငင်း(သဗ္ဗနာမလိင်္ဂတ္ထ) ယံ-၌ ပထမာဝိဘတ်သည် ဟိတ်အနက်၌ သက်သည်ကိုငင်း(ဝိဘတျတ္ထ) သိစေပါသည်။

ယံ ဈာနကာရဏာ-ဖြင့် ယံ ဈာနဟေတု-၌ ဟေတု-သည် ကာရဏအနက်ဟောသည်ကိုငင်း (နာမလိင်္ဂတ္ထ) (ဝါ) ကာရဏ၏ ပရိယာယ်၏ အဖြစ်ကိုငင်း(ပရိယာယ်ပြ အဘိဓေယျတ္ထ) ယ-နောင် ဈာနဟေတု-နောင် ပထမာဝိဘတ်၏ ပဉ္စမီဟိတ်အနက်၌ သက်သည်ကိုငင်း(ဝိဘတျတ္ထ) သိစေပါသည်။

တံ တတိယဈာနသမင်္ဂီပုဂ္ဂလံ-ဖြင့် ယံ တံ အရိယာ-၌ တံ-ဖြင့် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို စွဲယူရမည်ဟု သိစေပါသည်။(သဗ္ဗနာမလိင်္ဂတ္ထ) **ဗုဒ္ဓါဒယော အရိယာ**-ဖြင့် ယံ တံ အရိယာ-၌ အရိယာ-အရ အာစာရအရိယာ, ဒဿနအရိယာ, လိင်္ဂအရိယာတို့ကို မယူရ၊ ဘုရားအစရှိသော ပဋိဝေဓအရိယာတို့ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

ဒေသေန္တိ-ဖြင့် အာစိက္ခန္တိ-၌ အာပုဗ္ဗ စိက္ခဓာတ်သည် ဒေသနအနက်ကို ဟောသည်ကိုငင်း(ဓာတွတ္ထ) အာ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုငင်း(ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

http://www.dhammadownload.com

(တနည်း) ဒေသေန္တိ-ဖြင့် အာစိက္ခန္တိ-၌ ပြောကြားကုန်၏ဟူသည် ပေါ့ပေါ့စာစား ပြောကြားသည် မဟုတ်၊ တတိယဈာနလာဘီကျေးဇူးကို ဒေသနာအစဉ်သို့ တင်၍ ဓမ္မဂရုအားဖြင့် ဟောတော်မူသတည်းဟု သိစေပါသည်။ **ပညာပေန္တိ**-ဖြင့် ဒေသေန္တိ-၌ ဒိသီဓာတ်သည် ပညာပနအနက်ကို ဟော၏ဟု သိစေပါသည်၊(ဓာတွတ္ထ) (တနည်း) **ပညာပေန္တိ**-ဖြင့် ဒေသေန္တိ-ဟောခြင်းဟူသည် အပြားအားဖြင့် သိစေခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ) **ပဋ္ဌပေန္တိ**-ဖြင့် ပညာပေန္တိ-၌ ပပုဗ္ဗ ဉာဓာတ်သည် ဌပနအနက်ကို ဟော၏ဟု သိစေပါသည်၊(ဓာတွတ္ထ) (တနည်း) ပညာပေန္တိ-၌ အပြားအားဖြင့် သိစေခြင်းဟူသည် ထားခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ) **ဝိဝရန္တိ**-ဖြင့် ပဋ္ဌပေန္တိ-၌ ပပုဗ္ဗ ပဋ္ဌဓာတ်သည် ဝိဝရဏအနက်ကို ဟော၏ဟု သိစေပါသည်၊(ဓာတွတ္ထ) (တနည်း) ပဋ္ဌပေန္တိ-၌ ထားခြင်းဟူသည် ဖွင့်ခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ) **ဝိဘဇန္တိ**-ဖြင့် ဝိဝရန္တိ-၌ ဝိပုဗ္ဗ ဝရဓာတ်သည် ဝိဘဇနအနက်ကို ဟော၏ဟု သိစေပါသည်၊(ဓာတွတ္ထ) (တနည်း) ဝိဝရန္တိ-၌ ဖွင့်ခြင်းဟူသည် ဝေဖန်ခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ) **ဥတ္တာနီ ကရောန္တိ**-ဖြင့် ဝိဘဇန္တိ-၌ ဝိပုဗ္ဗ ဘဇဓာတ်သည် ဥတ္တာနီကရဏအနက်ကို ဟော၏ဟု သိစေပါသည်၊(ဓာတွတ္ထ) (တနည်း) ဝိဘဇန္တိ-၌ ဝေဖန်ခြင်းဟူသည် ပေါ်ပေါ် ပေါ်အောင် ပြုခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ) **ပကာသေန္တိ**-ဖြင့် ဥတ္တာနီ ကရောန္တိ-၌ ပေါ်လွင်အောင် ပြုခြင်းဟူသည် ပြစား(ထင်ရှားပြ)ခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(ခ) ဖြင့် ပကာသေန္တိ-၌ ပြစား(ထင်ရှားပြ)ခြင်းဟူသည် ချီးမွမ်းမြှောက်စားခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ဖြင့် ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ-၌ ယံ တံ အရိယာ အာစိက္ခန္တိနောင် "ကိန္တိ"ဟု ထည့်၍ အနက်သမ္ဗန်ရမည်ကိုငှင်း(သမ္ဗန္ဓ) ဥပေက္ခကော သတိမာ သုခဝိဟာရီတိသည် အာစိက္ခန္တိကြိယာ၏ အာစိက္ခဏာကာရ, ပသံသနာကာရ၏ အဖြစ်ကိုငှင်း(ဘာဝတ္ထ) သိစေသည်။

(ဃ) ဖြင့် အာစိက္ခန္တိ-၌ အာစိက္ခဏာကာရ အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ)

(င) ဖြင့် ယံ တံ အရိယာ အာစိက္ခန္တိ-၌ ယံ-ဟူသော အနိယတ်၏ နိယတ်ကို တံ-ဟု တတိယဈာန်နှင့် တွဲစပ်၍ အနက်သမ္ဗန်ရမည်ဟု သိစေပါသည်။ (သမ္ဗန္ဓ)

➢ **၈** ॥ **ကြိယာငါးတန်** ॥ ॥ **အာစိက္ခန္တိ-၌ အာပုဗ္ဗ စိက္ခဓာတ်-အရ** = ဘုရား-စသော အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ချီးမွမ်းပြောကြားသော အခြင်းအရာအားဖြင့်ဖြစ်သော ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည် ဒီပကတ္ထ။ (၃) "ဥပေက္ခကော သတိမာ သုခဝိဟာရီ"ဟူသော ဝစီဘေဒသဒ္ဒသည် (ဝါ) ဂုဏ်တို့သည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်,စသည်သည် ဝိဘာဝတ္ထ။ (၅) ထိုသို့ ချီးမွမ်းသဖြင့် နောင်လာနောင်သား ပုဂ္ဂိုလ်များ တတိယဈာန်ရအောင် အားထုတ်လိုခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➢ **၁၀** ॥ **ယံ+တံ အရိယာ+အာစိက္ခန္တိ** ॥ ॥ ယံ-အရ တတိယဈာန် ပစ္စည်းတရားသည် အာစိက္ခန္တိ-၌ အာပုဗ္ဗ စိက္ခဓာတ်-အရ. ဒေသနာဉာဏ်တော်အား (ဝါ) ဒေသနာဉာဏ် ပြဋ္ဌာန်းသော

http://www.dhammadownload.com

မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်

တံ-အရ တတိယဈာနသမင်္ဂီပုဂ္ဂိုလ် (ဝါ) တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ ခန္ဓာပဉ္စက ပစ္စည်းတရားသည် **အာစိက္ခန္တိ**-၌ အာပုဗ္ဗ စိက္ခဓာတ်-အရ ဒေသနာဉာဏ်တော်အား (ဝါ) ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ ပု၊ အတ္ထိ။ အဝိဂတ (၄)

အာစိက္ခန္တိ-၌ ဓာတ်အရ- မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် **အာကာရဗုဒ္ဓ်**-အရ ဥပေက္ခကော သတိမာ သုခဝိဟာရီ-ဟူသော ပရမတ္ထ ဝစီဘေဒသဒ္ဒ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ ဓိ၊ သဟ၊ နိ၊ ကံ၊ ဟာ၊ ဣ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၁၂)

အရိယာ-အရ အရိယာတို့၏ သန္တာန်၌ဖြစ်သော ဒေသနာဉာဏ်တော် ပစ္စည်းတရားသည် **အာစိက္ခန္တိ**-၌ အာပုဗ္ဗ စိက္ခဓာတ်-အရ ဒေသနာဉာဏ်တော်နှင့် သမ္ပယုတ်ဖြစ်သော မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဣ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀)

ပါဌ် (၉၈) [ဋ္ဌ၊၂၂၀။ ပြည်၊ဒု၊၂၈၈။ ဘာသာဋီ၊ဒု၊၄၉၂]

(က) ကသ္မာ ပန တံ တေ ဧဝံ ပသံသန္တီတိ? (ခ) ပသံသာရဟတော။

(ဂ) အယဉှိ ယသ္မာ အတိမဓုရသုခေ သုခပါရမိပ္ပတ္တေပိ တတိယဈာနေ ဥပေက္ခကော၊ န တတ္ထ သုခါဘိသင်္ဂေန အာကဍ္ဎိယတိ။

(ဃ) ယထာစ ပီတိ န ဥပ္ပဇ္ဇတိ၊ ဧဝံ ဥပဋ္ဌိတသတိတာယ သတိမာ။

(င) ယသ္မာစ အရိယကန္တံ အရိယဇနသေဝိတမေဝ အသံကိလိဋ္ဌံ သုခံ နာမကာယေန ပဋိသံဝေဒေတိ၊ တသ္မာ ပသံသာရဟော။

(စ) ဣတိ ပသံသာရဟတော နံ အရိယာ တေ ဧဝံ ပသံသာဟေတုဘူတေ ဂုဏေ ပကာသေန္တော ""ဥပေက္ခကော သတိမာ သုခဝိဟာရီ"" တိ ဧဝံ ပသံသန္တီတိ ဝေဒိတဗ္ဗံ။

➤ **၁** ။ **(က)** ပန၊စောဒနာဦးအံ့။ကသ္မာ၊အဘယ့်ကြောင့်။တံ တတိယဈာန သမင်္ဂီပုဂ္ဂလံ၊ထို တတိယဈာန သမင်္ဂီပုဂ္ဂိုလ်ကို။တေ ဗုဒ္ဓါဒယော အရိယာ၊ထိုဘုရား-စသော အရိယာတို့သည်။ဧဝံ၊ဤသို့ ဥပေက္ခကော သတိမာ သုခဝိဟာရီဟူ၍။ပသံသန္တိ၊ချီးမွမ်းကုန်သနည်း။ဣတိ အယံ၊ဤသည်ကား။ပုစ္ဆာ၊ အမေးတည်း။ **(ခ)** တဿ တတိယဈာန သမင်္ဂီပုဂ္ဂလဿ၊ထိုတတိယဈာန သမင်္ဂီပုဂ္ဂိုလ်၏။(ဝါ) သည်။ တေသံ အရိယာနံ၊ထိုအရိယာတို့၏။ဧဝံ၊ဤသို့ ဥပေက္ခကော သတိမာ သုခဝိဟာရီဟူ၍။ပသံသာရဟတော၊ ချီးမွမ်းခြင်းငှာ ထိုက်ပေသည်၏အဖြစ်ကြောင့်။(တံ တတိယဈာန သမင်္ဂီပုဂ္ဂလံ၊ထို တတိယဈာန သမင်္ဂီပုဂ္ဂိုလ်ကို။ တေ ဗုဒ္ဓါဒယော အရိယာ၊ထိုဘုရား-စသော အရိယာတို့သည်။ဧဝံ၊ဤသို့ ဥပေက္ခကော သတိမာ သုခဝိဟာရီဟူ၍။ ပသံသန္တိ၊ချီးမွမ်းကုန်၏။)

(ဂ) ဟိ၊ချဲ့။အယံ၊ဤတတိယဈာန သမင်္ဂီပုဂ္ဂိုလ်သည်။ကို။ယသ္မာ၊ကြောင့်။အတိမဓုရ သုခေ၊အလွန်

http://www.dhammadownload.com

ကောင်းမြတ်သော သုခရှိသော။သုခပါရမိပ္ပတ္တော၊သုခ၏ အထွဋ်အထိပ်သို့ ရောက်သော။တတိယဈာနေပိ၊ တတိယဈာန်၌သော်လည်း။ဥပေက္ခကော၊လျစ်လျူရှုနိုင်ပေ၏။တတ္ထ၊ထိုသုခပါရမိပ္ပတ္တ တတိယဈာန်၌။သုခါဘိသင်္ဂေန၊သုခနှင့်ကပ်ငြိသော တဏှာသည်။န အာကမ္မိယတိ၊မဆွဲငင်အပ်။

(ဃ) စ၊ထိုမှတပါး။ယထာ၊အကြင်အခြင်းအရာအားဖြင့်။ဥပ္ပန္နမာနေ၊ဖြစ်လတ်သော်။ပီတိ၊သည်။န ဥပ္ပဇ္ဇတိ၊မဖြစ်။ဧဝံ တထာ၊ပီတိ မဖြစ်နိုင်လောက်အောင်သော ဤအခြင်းအရာအားဖြင့်။ဥပဋ္ဌိတ သတိတာယ၊ ထင်သော သတိရှိသည်၏အဖြစ်ကြောင့်။(တနည်း) ဥပဋ္ဌိတသတာယ၊ကပ်၍တည်သော သတိရှိသည်၏ အဖြစ်ဖြင့်။(ဝိသေသန)သတိမာ၊သတိနှင့် ပြည့်စုံပေ၏။

(င) စ၊ပါး။ယသ္မာ၊ကြောင့်။အရိယကန္တံ၊အရိယာတို့သည် နှစ်သက်အပ်သော။အရိယဇနေ သေဝိတမေဝစ၊အရိယာသူတော်ကောင်းတို့သည်သာ မှီဝဲထိုက်သည်လည်းဖြစ်သော။အသံကိလိဋ္ဌ၊မညစ်နွမ်းသော။သုခံ၊စေတသိက သုခကို။နာမ ကာယေန၊နာမကာယဖြင့်။ပဋိသံဝေဒေတိ၊ခံစား၏။တသ္မာ၊ကြောင့်။ပသံသာရဟတော၊ချီးမွမ်းခြင်းငှာ ထိုက်ပေသည်။ဟောတိ၊ဖြစ်၏။ **(စ)** ဣတိ၊သို့။ပသံသာရဟတော၊ချီးမွမ်းထိုက်သည်၏အဖြစ်ကြောင့်။နံ တတိယဈာန သမင်္ဂီပုဂ္ဂလံ၊ထိုတတိယဈာန သမင်္ဂီပုဂ္ဂိုလ်ကို။အရိယာ၊တို့သည်။ဧဝံ၊သို့။(ဝါ) ဤဆိုအပ်ပြီးသော နည်းဖြင့်။ပသံသာရဟ ဟေတုဘူတေ၊ချီးမွမ်းခြင်း၏ အကြောင်းဖြစ်၍ဖြစ်ကုန်သော။တေ ဂုဏေ၊ထိုကျေးဇူးတို့ကို။ပကာသေန္တော၊ပြစားလိုကုန်သည်ဖြစ်၍။ဥပေက္ခကော (ပ) ဝိဟာရီတိ၊-ရီဟူ၍။ဧဝံ၊သို့။ပသံသန္တိ၊ချီးမွမ်းကုန်၏။ဣတိ၊သို့။ဝေဒိတဗ္ဗံ၊သိအပ်၏။

➤ **၂** ။ **(ဂ) သို့/ ဋ္ဌပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ချီးမွမ်းခြင်းငှာ ထိုက်ပေသည်၏ အဖြစ်ကြောင့် ထိုတတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဘုရားအစရှိသော အရိယာတို့သည် "ဥပေက္ခကော သတိမာ သုခဝိဟာရီ"ဟူ၍ ချီးမွမ်းကြကုန်၏ဟု **အကျဉ်းအားဖြင့်** ဆိုတော်မူ၏။ ထိုသို့ ဆိုချေသော် တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"ဟူ၍ ချီးမွမ်းထိုက်သည်၏အဖြစ်ကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ခ) ဖြင့်--အကျဉ်းအားဖြင့် မဆိုသင့်။ ဤတတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"ဟူ၍ ချီးမွမ်းထိုက်သည်၏အဖြစ်ကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်ပြဆိုသင့်သေး၏။ ဤတတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"ဟူ၍ ချီးမွမ်းထိုက်သည်၏အဖြစ်ကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) စသည်ကိုမိန့်။

➤ **၃** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် အမေးပုစ္ဆာ စောဒနာမှတပါး အဖြေဝိဿဇ္ဇနာ သောနောကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ-ဃ-င)** တို့ဖြင့် တတိယဈာန သမင်္ဂီပုဂ္ဂိုလ်၏ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"ဟူ၍ ချီးမွမ်းထိုက်ခြင်း၏ အကြောင်း အကျယ်ကို ပြသောကြောင့် ပုနရုတ္တိ, အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ ထိုတွင် (ဂ) ဖြင့် တတိယဈာန သမင်္ဂီပုဂ္ဂိုလ်၏ "ဥပေက္ခကော"ဟု ချီးမွမ်းထိုက်ခြင်း၏ အကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် တတိယဈာန သမင်္ဂီပုဂ္ဂိုလ်၏ သတိမာ-ဟု ချီးမွမ်းထိုက်ခြင်း၏ အကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့်

http://www.dhammadownload.com

တတိယဈာန သမင်္ဂီပုဂ္ဂိုလ်၏ သုခဝိဟာရီ-ဟု ချီးမွမ်းထိုက်ခြင်း၏ အကြောင်းကို ပြသောကြောင့် အဇ္ဈာ ပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် နိဂုံးကို ပြသောကြောင့် ပုနရုတ္တိဒေါသကို ပယ်ပါသည်။

သုခပါရမိပ္ပတ္တေပိ-၌ ပိ-သဒ္ဒါဖြင့် ထိပ်ဆုံးရောက်သော တတတိဈာန်သုခ၌သော်မှလည်း လျစ်လျူ ရှုနိုင်သေး၏၊ အောက်ဈာန်ရှိ သုခတို့၌ လျစ်လျူရှုနိုင်သည်ကား ဆိုဖွယ်မရှိ ဤသို့ သမ္ဘာဝနာ အနက်ကို ပြလိုသောကြောင့် ပိ(အပိ)ကို ဆိုရပါသည်။

➤ ❾ ။ မဓု ယဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ မဓုရံ။ (မဓုပုဒ်+ရပစ္စည်း)

အတိဝိယ မဓုရံ အတိမဓုရံ။ * အတိမဓုရံ သုခံ ယသ္မိံ တတိယဇ္ဈာနေတိ **အတိမဓုရသုခံ**။ (တသ္မိံ) (၂) အတိမဓုရပုဒ်+သုခပုဒ်+ယ-အညပုဒ်သည်၎င်း၊ အလွန်ကောင်းမြတ်သော သုခ၏ တတိယ ဈာန်နှင့် ဂုဏ်+ဂုဏေး၊ ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အလွန် ကောင်းမြတ်သော သုခရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ပသံသနံ ပသံသာ။ အရဟတီတိ အရဟော။ ပသံသံ အရဟော **ပသံသာရဟော**။

ပသံသိတုံ အရဟတီတိ **ပသံသာရဟော**။ (၂) ချီးမွမ်းခြင်း၏ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဗျုပ္ပတ္တိနိမိတ်။

ပရမာနံ ဘာဝေါ ပါရမီ။ ပရမာနံ ဝါ ကမ္မံ **ပါရမီ**။(ပရမပုဒ်+ဤပစ္စည်း) ပရမံယေဝ ပါရမီ။

သုခဿ ပါရမီ သုခပါရမီ။ သုခပါရမိံ ပတ္တံ **သုခပါရမိပ္ပတ္တံ**။ (တသ္မိံ) (၂) သုခပါရမီပုဒ်+ ပတ္တပုဒ်သည်၎င်း၊ သုခ၏ အထွတ်အထိပ်သို့ရောက်သော တတိယဈာန်နှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) တတိယဈာန် သုခ၏ အထွတ်အထိပ်သို့ ရောက်ခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

အဘိအတိရေကံ သင်္ဂေါ အဘိသင်္ဂေါ။ သုခသ္မိံ အဘိသင်္ဂေါ **သုခါဘိသင်္ဂေါ**။(တေန)

အဘိသဇ္ဇတီတိ အဘိသင်္ဂေါ။ သုခသ္မိံ အဘိသင်္ဂေါ **သုခါဘိသင်္ဂေါ**။(တေန) (၂) သုခပုဒ်+ အဘိသင်္ဂပုဒ်သည်၎င်း၊ သုခဝေဒနာ၏ ငြိကပ်တတ်သော တဏှာနှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) သုခ၌ငြိကပ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဥပဋ္ဌိတာ သတိ အဿ တတိယဈာနသမင်္ဂီပုဂ္ဂလဿာတိ **ဥပဋ္ဌိတသတိ**။

ဥပဋ္ဌိတသတိဿ ဘာဝေါ **ဥပဋ္ဌိတသတိတာ**။(တာယ)

ကိလေသာရယော ဟနန္တီတိ **အရဟာ**။ (အရိ-သဒ္ဒူပပဒ ဟနဓာတ်+ကွိပစ္စည်း)

အရဟာ ဧဝ **အရိယာ**။ (၂) အရဟာပုဒ်+ဏျပစ္စည်းသည်၎င်း၊ ကိလေသာတို့ကို သတ်ဖြတ် တတ်သော ကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အရိယာတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူ သော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

မဂ္ဂဖလဓမ္မေ အရန္တိ အဓိဂစ္ဆန္တီတိ **အရိယာ**။ (၂) အရဓာတ်+ဏျပစ္စည်းသည်၎င်း၊ မဂ် ဖိုလ်တို့ကို ရခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) မဂ်ဖိုလ်တို့ကို ရခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ကာမီယတီတိ ကန္တံ။ (ကမုဓာတ်+တ) * အရိယေဟိ ကန္တံ **အရိယကန္တံ**။

http://www.dhammadownload.com

အရိယာစ တေ ဇနာ စာတိ အရိယဇနာ။ အရိယဇနေဟိ သေဝိတံ **အရိယဇနသေဝိတံ**။

ပသံသာယ ဟေတု ပသံသာဟေတု။ ပသံသာဟေတု ဟုတွာ ဘူတာ **ပသံသာဟေတုဘူတာ**။

(တေ) ＊ အတ္တနော ဒဗ္ဗံ ဂုဏေဟိ ပကာသေတီတိ **ဂုဏော**။ (ဂုဏဓာတ်+အ-ပစ္စည်း)

➤ **၆** ။ **(ဃ)**၌ ဥပဋ္ဌိတသတိတာယ-ဖြင့် သတိမာ-၌ (သတိ+မန္တု) မန္တုပစ္စည်း၏ အဿတ္ထိ တဒ္ဓိတ်အနက်၌ သက်သည်ကိုင်၊(ပစ္စယတ္ထ) သတိ အဿ အတ္ထိ, အသ္မိံ ဝါ ဝိဇ္ဇတီတိ သတိမာ-ဟု ပြုရမည်ကိုင်၊(အဘိဓာနတ္ထ) သိစေပါသည်။

➤ **၇** ။ **(ဂ) ဟိ**-ကား ဝိတ္ထာရတ္ထ။ **ပိ**-ကား သမ္ဘာဝနတ္ထ။ (ခ) **စ**-ကား ပက္ခန္တရတ္ထ။ (င) **စ**-ကား ပက္ခန္တရတ္ထ။ ＊ **(င) အရိယကန္တမေဝ(ဓေဝ) ၌** (၁) အရိယာတို့သည် နှစ်သက်အပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) အရိယာတို့သည် မနှစ်သက်အပ်သည်၏ အဖြစ်တည်း ဟူသော ဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အရိယာတို့သည် နှစ်သက်အပ်သော တတိယဈာနစေတသိက သုခသည် အနုညာတတ္ထ။

အရိယဇနသေဝိတမေဝ-၌ (၁) အရိယာတို့သည် မှီဝဲအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) အရိယာတို့သည် မမှီဝဲအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် နိဝတ္တေ တဗ္ဗတ္ထ။ (၃) အရိယာတို့သည် မှီဝဲအပ်သော တတိယဈာနစေတသိက သုခသည် အနုညာတတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **ပသံသန္တိ-၌ ဓာတ်-အရ** ချီးမွမ်းသော အခြင်းအရာ အားဖြင့်ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ ဥပေက္ခက, သတိမာ, သုခဝိဟာရီ-ဟူသော ဂုဏ်တို့သည် ဒီပကတ္ထ။ (၃) တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ ဂုဏ်ထူးဝိသေသကို သိရခြင်းသည် ပကာသနတ္ထ။ (၄) ပါရမီ စာဂ စရိယ-စသော ဝေးသော အကြောင်းသည် ဝိဘာဝတ္ထ။ (၅) တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ ဂုဏ်ထူးဝိသေသကို သိရသဖြင့် ထိုပုဂ္ဂိုလ်ကဲ့သို့ ဈာန်ကိုရခြင်းအကျိုးငှာ အားထုတ်ခြင်းအစရှိသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➤ **၉** ။ **သုခါဘိသင်္ခေန-အရ** = တဏှာ လောဘ-ကို ယူ၍ လက္ခဏာဒိထုတ်။

➤ **၁၀** ။ **(က) တံ+ပသံသန္တိ** ။ ။ တံ-အရ တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၏ ခန္ဓာပဥ္စက ပစ္စည်းတရားသည် ပသံသန္တိ-၌ ပဟုဗ္ဗ သံသဓာတ်-အရ ချီးမွမ်းသော အခြင်းအရာအားဖြင့်ဖြစ်သော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄)

(ဂ) အယံ+တတိယဈာနေ ဥပေက္ခကော ။ ။ အယံ-အရ ဈာနုပေက္ခာ-ဟုဆိုအပ်သော တတြမဇ္ဈတ္တတာ စေတသိက် ပစ္စည်းတရားသည် ဥပေက္ခကော-အရ တတိယဈာန် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန် တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိ (၇)

ဥပေက္ခာ-ဟူသော အန္တတ္ထ-အရ ဈာနုပေက္ခာ-ဟုဆိုအပ်သော တတြမဇ္ဈတ္တတာ စေတသိက် ပစ္စည်းတရားသည် ဗာဟျတ္ထ ဏျပစ္စည်း-အရ ၎င်းနှင့်ယှဉ်သော သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန် တရားအား

http://www.dhammadownload.com

သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိ (၆)

ပါဠိ (၉၉) [ဋ္ဌ၊၂၂၀။ ပြည်၊ဒု၊၂၈၉။ ဘာသာဋီ၊ဒု၊၄၉၃]

(က) **စတုတ္ထဇ္ဈာနနိဒ္ဒေသေ သုခဿ စ ပဟာနာ, ဒုက္ခဿ စ ပဟာနာတိ ကာယိက သုခဿ စ ကာယိကဒုက္ခ ဿ စ ပဟာနာ။**

(ခ-၁) **ပုဗ္ဗေဝါတိ တဉ္စ ခေါ ပုဗ္ဗေဝ၊** (ခ-၂) **န စတုတ္ထဇ္ဈာနက္ခဏေ။**

(ဂ) **သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာတိ စေတသိကသုခဿ စ စေတသိက ဒုက္ခဿစာတိ ဣမေသမ္ပိ ဒွိန္နံ ပုဗ္ဗေဝ အတ္ထင်္ဂမာ၊ ပဟာနာ ဣစ္စေဝ ဝုတ္တံ ဟောတိ။**

(ဃ) **ကဒါ ပန နေသံ ပဟာနံ ဟောတိ?** (င) **စတုန္နံ ဈာနာနံ ဥပစာရက္ခဏေ။**

(စ-၁) **သောမနဿံ ဟိ စတုတ္ထဇ္ဈာနဿ ဥပစာရက္ခဏေယေဝ ပဟီယတိ၊**

(စ-၂) **ဒုက္ခဒေါမနဿသုခါနိ ပဌမဒုတိယတတိယဇ္ဈာနာနံ ဥပစာရက္ခဏေသု။**

(ဆ)**ဧဝမေတေသံ ပဟာနက္ကမေန အဝုတ္တာနံ ဣန္ဒြိယဝိဘင်္ဂေ ပန ဣန္ဒြိယာနံ ဥဒ္ဒေသ က္ကမေနေဝ ဣဓာပိ ဝုတ္တာနံ သုခဒုက္ခသောမနဿဒေါမနဿာနံ ပဟာနံ ဝေဒိတဗ္ဗံ။**

သံဝဏ္ဏနာနှင့်အညီ သံဝဏ္ဏေတဗ္ဗအနက် ။ ။ **ပုဗ္ဗေဝ**=ရှေးဦးကလျှင်။သုခဿစ၊ကာယိကသုခ ကိုလည်း။ပဟာနာ၊ပယ်ခြင်းကြောင့်။ဒုက္ခဿစ၊ကာယိကဒုက္ခကိုလည်း။ပဟာနာ၊ကြောင့်။သောမနဿ ဒေါ မနဿာနံ၊စေတသိကသုခ, စေတသိကဒုက္ခတို့၏။ပုဗ္ဗေဝ၊လျှင်။အတ္ထင်္ဂမာ၊ချုပ်ခြင်းကြောင့်။

➢ ❶ ။ **(က)** စတုတ္ထဇ္ဈာန နိဒ္ဒေသေ၊၌။သုခဿ စ ပဟာနာ ဒုက္ခဿစ ပဟာနာတိ၊ကား။ ကာယိကသုခဿစ၊ကာယိကသုခကိုင်း။ကာယိက ဒုက္ခဿစ၊ကာယိကဒုက္ခကိုင်း။ပဟာနာ၊ကြောင့်။

(ခ) ပုဗ္ဗေဝါတိ၊ကား။တဉ္စခေါ၊ထိုပယ်ခြင်းသည်လည်း။ပုဗ္ဗေဝ၊ရှေးမဆွ၌သာ။ဟောတိ၊ဖြစ်၏။စတုတ္ထဇ္ဈာ နက္ခဏေ၊၌။န ဟောတိ၊မဖြစ်။ **(ဂ)** သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာတိ၊ကား။စေတသိကသုခဿစ၊ စေတသိကသုခ၏ငင်း။စေတသိက ဒုက္ခဿစ၊စေတသိက ဒုက္ခ၏ငင်း။ဣတိ၊သို့။ဣမေသံ ဒွိန္နမ္ပိ၊ဤနှစ်ပါးတို့ ၏လည်း။ပုဗ္ဗေဝ၊ရှေးမဆွ၌လျှင်။အတ္ထင်္ဂမာ၊ချုပ်ခြင်းကြောင့်။ပဟာနာ၊ပယ်ခြင်းကြောင့်။ဣစ္စေဝ၊ဤသို့သာလျှင်။ ဝုတ္တံ၊သည်။ဟောတိ၊ဖြစ်၏။ **(ဃ)** ကဒါပန၊အဘယ်အခါ၌ကား။နေသံ၊ထိုသုခဒုက္ခ, သောမနဿ, ဒေါမနဿ တို့ကို။ပဟာနံ၊ပယ်ခြင်းသည်။ဟောတိ၊ဖြစ်သနည်း။ဣတိ စောဒနာယံ၊သည်။သတိ၊သော်။

(င) စတုန္နံ၊ကုန်သော။ဈာနာနံ၊တို့၏။ဥပစာရက္ခဏေ၊၌။ပဟာနံ၊သည်။ဟောတိ၊၏။ဣတိ၊သို့။ဝိဿဇ္ဇေ တဗ္ဗော၊၏။ **(စ)** ဟိ၊ချဲ့။သောမနဿံ၊စေတသိကသုခကို။စတုတ္ထဇ္ဈာနဿ၊၏။ဥပစာရက္ခဏေယေဝ၊ဥပစာရ ခဏ၌ပင်လျှင်။ပဟီယတိ၊ပယ်အပ်၏။(စတုတ္ထဇ္ဈာနေ၊စတုတ္ထဈာန်၌။န ပဟီယတိ၊မပယ်အပ်။) ဒုက္ခဒေါမနဿ သုခါနိ၊တို့ကို။ပဌမ ဒုတိယ တတိယဇ္ဈာနာနံ၊တို့၏။ဥပစာရက္ခဏေသု၊တို့၌။ပဟီယန္တိ၊ပယ်အပ်ကုန်၏။

(ဆ) ဧဝံ၊သို့။ပဟာနက္ကမေန၊ပဟာယကမ္မတို့၏ ဖြစ်စဉ်အားဖြင့်။အဝုတ္တာနမ္ပိ၊ကုန်သော်လည်း။ ပန၊ဆက်။ **တနည်းကား**---ပန၊အသင့်ကိုဆိုအံ့။ဣန္ဒြိယဝိဘင်္ဂေပိ၌ငင်း။ဣဓာပိ၊ဤရှာန်ပါဠိ၌ငင်း။ဣန္ဒြိယာ နံ၊တို့၏။ဥဒ္ဒေသက္ကမေနေဝ၊ဥဒ္ဒေသအစဉ်အားဖြင့်သာလျှင်။ဝုတ္တာနံ၊ဟောတော်မူအပ်ကုန်သော။ဧတေသံ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿာနံ၊ဤ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို။ပဟာနံ၊ပယ်ခြင်းကို။

http://www.dhammadownload.com

ဝေဒိတဗ္ဗံ၊သိအပ်၏။

➢ ❷ ။ **(ခ-၁) သို့/ ပါဠိနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာဟူသော ပုဒ်တို့၏ အနက်ကို ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သုခဿစ ပဟာနာပုဒ်တို့၏ အနက်ကိုသာ သိအပ်၏ဟူသော အနက်သည်ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ပုဗ္ဗေဝဟူသော ပုဒ်၏အနက်နှင့် အစပ်သမ္ဗန္ဓကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ၌ အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ ပုဗ္ဗေဝဟူသော ပုဒ်၏အနက်နှင့် အစပ်သမ္ဗန္ဓကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ-၁) ဝါကျကိုမိန့်။

(ခ-၂) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ-၁) ဖြင့် သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာဟူသော ပါဠိတော်၌ ပုဗ္ဗေဝ-ကို အတ္ထင်္ဂမာ ဟူသော နောက်ပုဒ်၌သာ စပ်ရမည်မဟုတ်၊ ပဟာနာ-ဟူသော ရှေ့ပုဒ်၌လည်း စပ်၍ အနက်ပေးရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပုဗ္ဗေဝ-၌ ဧဝ-၏ ဧဝတ္ထဖလ (ဝါ) နိဝတ္တေတဗ္ဗတ္ထကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (ခ-၁) ဖြင့် --အနက်ပေးရမည်ဟု မဆိုသင့်။ ပုဗ္ဗေဝ-၌ ဧဝ-၏ ဧဝတ္ထဖလ (ဝါ) နိဝတ္တေတဗ္ဗတ္ထကိုလည်း ပြဆိုသင့်သေး၏။ ပုဗ္ဗေဝ-၌ ဧဝ-၏ ဧဝတ္ထဖလ (ဝါ) နိဝတ္တေတဗ္ဗတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ-၂) မိန့်။

(ဃ+င) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ) တို့ဖြင့် သုခဿစ ပဟာနာစသော ပုဒ်တို့၏ အဘိဓေယျတ္ထနှင့်တကွ အစပ်သမ္ဗန်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပုဗ္ဗေဝ-ဟု သာမညအားဖြင့် ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် ရှေးဖြစ်သော အခါမှန်သမျှကို ယူအပ်၏ဟူသော အနက်သဘော သင့်ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (က)(ခ)(ဂ) တို့ဖြင့် သုခဿစ ပဟာနာစသော ပုဒ်တို့၏ အဘိဓေယျတ္ထနှင့်တကွ အစပ်သမ္ဗန်ကိုသာ မဆိုသင့်။ ကာလအထူးကို ထင်ရှားသိနိုင်ရန် ပုစ္ဆာ ဝိဿဇ္ဇနာထုတ်၍ ပြဆိုသင့်သေး၏။ ကာလအထူးကို ထင်ရှားသိနိုင်ရန် ပုစ္ဆာ ဝိဿဇ္ဇနာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ+င) ဝါကျတို့ကို မိန့်။

(တနည်း) ဆရာ၊ မြတ်စွာဘုရားသည် သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ-ဟု ဟောတော်မူ၏။ ထိုသို့ဆိုချေသော် ပုဗ္ဗေဝ-ဟု သာမညအားဖြင့် ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် ရှေးဖြစ်သော အခါမှန်သမျှကို ယူအပ်၏ဟူသော အနက်သဘော သင့်ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ-ဟု ဟောတော်မမူသင့်။ ကာလအထူးကို ထင်ရှားသိနိုင်ရန် ပုစ္ဆာ ဝိဿဇ္ဇနာထုတ်၍ ပြဆိုသင့်သေး၏။ ကာလအထူးကို ထင်ရှားသိနိုင်ရန် ပုစ္ဆာ ဝိဿဇ္ဇနာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ+င) ဝါကျတို့ကို မိန့်။

(င) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် အဘယ်အခါ၌ ထို သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို ပယ်ခြင်းသည် ဖြစ်ပါသနည်း(ဝါ) ပယ်ပါသနည်းဟု အမေးပုစ္ဆာ ပြဿနာ

http://www.dhammadownload.com

ကို ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းအမေးပုစ္ဆာ ပြဿနာသည် အဖြေဝိဿဇ္ဇနာနှင့် မကင်းရာသည် မဟုတ်ပါလော။ ထိုသို့ မကင်းရာသောကြောင့် (ဃ) ဖြင့် အဘယ်အခါ၌ ထို သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို ပယ်ခြင်းသည် ဖြစ်ပါသနည်း (ဝါ) ပယ်ပါသနည်းဟု အမေးပုစ္ဆာ ပြဿနာကိုသာ မဆိုသင့်။ ယင်းအမေးပုစ္ဆာ ပြဿနာ၏ အဖြေဝိဿဇ္ဇနာကိုလည်း ပြဆိုသင့်သေး၏။ ယင်းအမေးပုစ္ဆာ ပြဿနာ၏ အဖြေဝိဿဇ္ဇနာကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(င) သို့/ ပါပနာဒိပဥ္စက ။ ။ (ဃ) ဆိုချေသော် အမေးပုစ္ဆာ ပြဿနာကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ယင်းအမေးပုစ္ဆာ ပြဿနာ၏ အဖြေဝိဿဇ္ဇနာကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ၌ အဗျာပိတဒေါသ (ဝါ) ပုစ္ဆာ ဝိဿဇ္ဇနာ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ ယင်းအမေးပုစ္ဆာ ပြဿနာ၏ အဖြေဝိဿဇ္ဇနာကား အဘယ်ပါနည်း။ (င) မိန့်။

(စ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို ဈာန်လေးပါးတို့၏ ဥပစာရက္ခဏ၌ ပယ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤမည်သော ဝေဒနာကို ဤမည်သော ဈာန်၏ ဥပစာရက္ခဏ၌ ပယ်အပ်၏ဟူ၍ အကျယ်အားဖြင့် မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ အကျယ် မသိနိုင်ရာသောကြောင့် (င) ဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို ဈာန်လေးပါးတို့၏ ဥပစာရက္ခဏ၌ ပယ်၏ဟု မဆိုသင့်။ ဤမည်သော ဝေဒနာကို ဤမည်သော ဈာန်၏ ဥပစာရက္ခဏ၌ ပယ်အပ်၏ဟူ၍ အကျယ်အားဖြင့် ပြဆိုသင့်သေး၏။ ဤမည်သော ဝေဒနာကို ဤမည်သော ဈာန်၏ ဥပစာရက္ခဏ၌ ပယ်အပ်၏ဟူ၍ အကျယ်အားဖြင့် ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

(စ-၂) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (စ-၁) ဖြင့် သောမနဿကို စတုတ္ထဈာန်၏ ဥပစာရခဏ၌သာ ပယ်အပ်၏ဟု ဖွင့်ဆိုတော်မူ၏။ ဤသို့ဆိုချေသော် သောမနဿကိုသာ ပယ်ရာကာလကို သာ သိအပ်သည် မဟုတ်ပါလော။ ထိုသို့သိအပ်သည်၏အဖြစ်ကြောင့် (တနည်း) ဒုက္ခ, ဒေါမနဿ, သုခတို့ကို ပယ်ရာကာလကို မသိအပ်သည် မဟုတ်ပါလော။ ထိုသို့မသိအပ်သည်၏အဖြစ်ကြောင့် (စ-၁) ဖြင့် သောမနဿကို စတုတ္ထဈာန်၏ ဥပစာရခဏ၌သာ ပယ်အပ်၏ဟု မဖွင့်ဆိုသင့်။ ဒုက္ခ, ဒေါမနဿ, သုခတို့ကို ပယ်ရာကာလကိုလည်း ပြဆိုသင့်သေး၏။ ဒုက္ခ, ဒေါမနဿ, သုခတို့ကို ပယ်ရာကာလကား အဘယ်ပါနည်း။ (ဝါ) ဒုက္ခ, ဒေါမနဿ, သုခတို့ကို အဘယ်အခါ၌ ပယ်အပ်ပါသနည်း။ (စ-၂)မိန့်။

အဓိပ္ပါယ်ကား- ဒုက္ခကို ပဌမဈာန်၏ ဥပစာရခဏ၌, ဒေါမနဿကို ဒုတိယဈာန်၏ ဥပစာရခဏ၌, သုခကို တတိယဈာန်၏ ဥပစာရခဏ၌ ပယ်အပ်ပါ၏ဟူလို။

(ဆ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (စ) ဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ ဝေဒနာတို့ကို ပယ်ခြင်းကို အကျယ်အားဖြင့် ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ ဝေဒနာတို့ကို ပယ်ခြင်းကို အကျယ်အားဖြင့်သာ သိအပ်၏ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ထို

http://www.dhammadownload.com

အကျယ်ဖွင့်ဆိုအပ်ပြီးသော စကား၏ အကျဉ်းချုပ်နိဂုံးစကားကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေရှေးသော် ဆရာ၌ ပုနရုတ္တိဒေါသ သင့်ရောက်ရာသည် မဟုတ်ပါလော။ ထို အကျယ်ဖွင့်ဆိုအပ်ပြီးသော စကား၏ အကျဉ်းချုပ်နိဂုံးစကား အဘယ်ပါနည်း။ ဤသို့--ကြောင့် (ဆ) မိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ **(ဃ)** ဖြင့် အမေးပုစ္ဆာကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏ ဒေါသတို့ကို ပယ်ပါသည်။ **(ဃ+င)** တို့ဖြင့် ကာလအထူးကို ထင်ရှား သိသာစေရန် ပုစ္ဆာ ဝိဿဇ္ဇနာကို ပြသောကြောင့် ပါဠိတော်၌တင်သင့်သော အတိဗျာပိတဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် အဖြေ ပရိဟာရကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏ ဒေါသတို့ကို ပယ်ပါသည်။ **(စ)** ဖြင့် ဤမည်သော ဝေဒနာကို ဤမည်သော ဈာန်၌ ပယ်၏ဟု အကျယ်အားဖြင့် ပြသောကြောင့် ဝိရောဓိဒေါသ၊ ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။

➢ ❹ ။ ကာယေ နိယုတ္တံ ကာယိကံ။ ကာယိကံ သုခံ **ကာယိကသုခံ**။(တဿ)

(၂) သုခသဟဂုတ်ကာယဝိညာဏ်၌ ယှဉ်သည်၏အဖြစ်တည်းဟူသော ဂုဏ်၏ သုခဝေဒနာနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) သုခဝေဒနာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ကာယေ ပဝတ္တံ **ကာယိကံ**။ (၂) ကာယပုဒ်+ဣကပစ္စည်းသည်၎င်း၊ ကာယဒွါရ၏ သုခဝေဒနာနှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကိုယ်၌မှီ၍ ဖြစ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဒုက္ခယတီတိ **ဒုက္ခံ**။ * ကာယိကံ ဒုက္ခံ **ကာယိကဒုက္ခံ**။ (တဿ) (၂) ကာယိကပုဒ်+ဒုက္ခပုဒ်သည်၎င်း၊ ကာယဝိညာဉ်၌ ဖြစ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ ဒုက္ခနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကာယိကဒုက္ခတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပဟီယတေ **ပဟာနံ**။ (တသ္မာ) (ပပုဗ္ဗ ဟာဓာတ်+ယုပစ္စည်း၊ ပယ်ခြင်းကြိယာ)

စတုတ္ထဇ္ဈာနဿ ခဏော **စတုတ္ထဇ္ဈာနက္ခဏော**။ (တသ္မိံ)

စေတသိ နိယုတ္တံ **စေတသိကံ**။ (၂) စေတပုဒ်+ဣကပစ္စည်းသည်၎င်း၊ စိတ်၏ စေတသိက်နှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။

စေတသိကံ သုခံ **စေတသိကသုခံ**။ စေတသိကံ ဒုက္ခံ **စေတသိကဒုက္ခံ**။

အပ္ပနာယ သမီပေ စရတီတိ **ဥပစာရံ**။ ခဏောတီတိ **ခဏော**။ သတ္တာနံ အာယု ခီယတိ ဟာယတိ ဧတ္ထ ကာလေတိ **ခဏော**။(ခီ+ယု) ဥပစာရဿ ခဏော **ဥပစာရက္ခဏော**။ (တသ္မိံ)

(၂) ဥပစာရဈာန်၏ ခဏနှင့် ခဏဝန္တ+ခဏ၊ ကာလဝန္တ+ကာလ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဥပစာရက္ခဏတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သုန္ဒရံ မနော ယဿာတိ **သုမနော**။ သုမနဿ ဘာဝေါ **သောမနဿံ**။

http://www.dhammadownload.com

(၂) သုမနပုဒ်+ဏျပစ္စည်းသည်ငင်း၊ ကောင်းသော စိတ်ရှိသော ပုဂ္ဂိုလ်၏ စေတသိကသုခနှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကောင်းသော စိတ်ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ ကောင်းသော စိတ် (ဝါ) စေတသိကသုခသည် ပဝတ္တိနိမိတ်။

က္လန္ဒတိ ပရမိဿရိယံ ကရောတီတိ **ဣန္ဒြိယံ**။ ဝိဘဇိယန္တိ ဧတ္ထာတိ **ဝိဘင်္ဂေါ**။

ဣန္ဒြိယာနံ ဝိဘင်္ဂေါ **ဣန္ဒြိယဝိဘင်္ဂေါ**။ (တဿ) (၂) ဣန္ဒြိယပုဒ်+ဝိဘင်္ဂပုဒ်သည်ငင်း၊ ဣန္ဒြေတို့၏ ဝိဘင်းကျမ်းနှင့် ဌာနီ+ဌာန၊ နိဿိတ+နိဿယ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဣန္ဒြိယဝိဘင်းကျမ်းတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ * ဥဒ္ဒိသနံ **ဥဒ္ဒေသော**။ ကမတိ ပဝတ္တတိ ဧတ္ထာတိ **ကမော**။ ကမီယတီတိ **ကမော**။

ဥဒ္ဒေသဿ ကမော **ဥဒ္ဒေသက္ကမော**။(တေန) (၂) ဥဒ္ဒေသပုဒ်+ကမပုဒ်သည်ငင်း၊ ဥဒ္ဒေသ၏ ကမနှင့် သာမီ+သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဥဒ္ဒေသက္ကမတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➢ ❻ ။ **(က)** ဖြင့် သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ-၌ သုခ-အရ ကာယိကသုခကို ဒုက္ခ-အရ ကာယိကဒုက္ခကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ၌ တစ္စခေါ် ပုဗ္ဗေဝ-ဖြင့် သုခဿစ ပဟာနာ-စသော ပါဠိတော်၌ ပုဗ္ဗေဝ-ကို အတ္ထင်္ဂမာ-ဟူသော နောက်ပုဒ်၌သာ စပ်အပ်သည် မဟုတ်သေး၊ ပဟာနာ-ဟူသော ရှေ့ပုဒ်၌လည်း စပ်ရမည်ဟု သိစေပါသည်။(သမ္ဗန္ဓ, ဘာဝတ္ထ) (တနည်း) သုခဿစ ပဟာနာ-စသော ပါဠိတော်၌ ပုဗ္ဗေဝပုဒ်သည် အတ္ထင်္ဂမာ-ဟူသော နောက်ပုဒ်ကိုသာ ငဲ့သည် မဟုတ်သေး၊ ပဟာနာ-ဟူသော ရှေ့ပုဒ်ကိုလည်း ငဲ့၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

စတုတ္ထဇ္ဈာနက္ခဏေ-ဖြင့် ပုဗ္ဗေဝ-၌ ဧဝ-သဒ္ဒါသည် သန္နိဋ္ဌာနတ္ထကို မဟော၊ အဝဓာရဏတ္ထကို ဟောသည်ကိုငင်း(နိပါတလိင်္ဂတ္ထ) ယင်းဧဝ-၏ ဧဝတ္ထဖလကား (ဝါ) နိဝတ္တေတဗ္ဗတ္ထကား န စတုတ္ထ ဈာနက္ခဏေ-ပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ၌ စေတသိကသုခဿစ စေတသိကဒုက္ခဿစ-ဖြင့် သောမနဿဒေါမနဿာနံ-၌ သောမနဿ အရ စေတသိကသုခကို, ဒေါမနဿ-အရ စေတသိကဒုက္ခကို ယူရမည်ကိုငင်း(သရုပ်ကြား အဘိဓေယျတ္ထ) သောမနဿဉ္စ ဒေါမနဿဉ္စ သောမနဿဒေါမနဿာနိ-ဟု ဒွန်သမာသ် ဝစနတ္ထပြုရမည်ကိုငင်း(သမာသ လိင်္ဂတ္ထ) သိစေပါသည်။

ဣတိ ဣမေသမ္ပိ ဒွိန္နံ-ဖြင့် သောမနဿဒေါမနဿ-ဟူသော ဒွန်သည် သမာဟာရဒွန်မဟုတ် အသမာဟာရဒွန်အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ) **ပုဗ္ဗေဝ အတ္ထင်္ဂမာ**- ဖြင့် ပုဗ္ဗေဝ-ကို ပဟာနာ-ဟူသော ရှေးပုဒ်၌သာ စပ်ရသည်မဟုတ်၊ အတ္ထင်္ဂမာဟူသော နောက်ပုဒ်၌လည်း စပ်ရမည်ဟု သိစေ။(ဘာဝတ္ထ)

ပဟာနာ ဣစ္စေဝ ဝုတ္တံ ဟောတိ-ဖြင့် အတ္ထင်္ဂမာ-၌ သောမနဿ ဒေါမနဿ-တို့၏ ချုပ်ခြင်းသို့ ရောက်ခြင်းဟူသည် သောမနဿ ဒေါမနဿတို့ကို ပယ်ခြင်းပင်တည်းဟု သိစေ။(ဘာဝတ္ထ)

F-28-B

http://www.dhammadownload.com

➤ ❼ ။ **(က)** **စ**-ကား အညမညသမုစ္စယတ္ထ။ (ခ) **စ**-ကား သမုစ္စယတ္ထ, ဝါကျာရမ္ဘတ္ထ။ **ခေါ**-ကား ပဒပူရဏမတ္တ။ (ဂ) **ဣမေသမ္ပိ**-၌ ပိ-ကား အဝယဝသမ္ပိဏ္ဍနတ္ထ, သမုစ္စယတ္ထ။ (ဃ) **ပန**-ကား ပက္ခန္တရတ္ထ (တနည်း) ဝါကျာရမ္ဘတ္ထ။

(ခ) ပုဗ္ဗဝ-၌ (၁) ဈာန်လေးပါးတို့၏ ဥပစာရက္ခဏသည် ဂဟေတဗ္ဗတ္ထ။ (၂) စတုတ္ထဇ္ဈာနက္ခဏသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ကိလေ္လသတို့ကို ပယ်ခြင်းသည် အနညာတတ္ထ။

(ဂ) ပဟာနာ ဏ္ဍစ္စေဝ-၌ (၁) ပယ်ခြင်းဟူသော အနက်သည် ဂဟေတဗ္ဗတ္ထ။ (၂) အကြွင်းမဲ့ ချုပ်ခြင်းဟူသော အနက်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ချုပ်ခြင်းအနက်သည် အနညာတတ္ထ။

(စ) စတုတ္ထဇ္ဈာနဿ ဥပစာရက္ခဏေယေဝ-၌ (၁) စတုတ္ထဈာန်၏ ဥပစာရက္ခဏသည် ဂဟေတဗ္ဗတ္ထ။ (၂) စတုတ္ထဇ္ဈာနက္ခဏသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပထမဈာန် ဒုတိယဈာန်. တတိယဈာန် တို့၏ ဥပစာရက္ခဏသည် အနညာတတ္ထ။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **စတုတ္ထဇ္ဈာနဿ-အရ = စတုတ္ထဈာန်** ကိုယူ၍ (၁) စတုတ္ထဈာန်သည် ဒဿနတ္ထ။ (၂) တတိယဈာန်သည် (ဝါ) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့သည် ဒီပကတ္ထ။ (၃) စတုတ္ထဇ္ဈာနသမာပတ္တိသုခသည် ပကာသနတ္ထ။ (၄) ပထမဈာန်, ဒုတိယဈာန်စသည်သည် ဝိဘာဝတ္ထ။ (၅) စတုတ္ထဈာန်ဘုံ၌ ဖြစ်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

သုခဿစ ပဟာနာ-၌ ဓာတ်အရ = တတိယဈာန်၏ ဥပစာရဘာဝနာကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) ပရိကမ္မဘာဝနာသည် ဒီပကတ္ထ။ (၃) တတိယဈာန်သည် ပကာသနတ္ထ။ (၄) တိဟိတ် ပဋိသန္ဓေနေခဲ့ရခြင်း, ပထမဈာန် ဒုတိယဈာန်တို့ကို ရရှိပြီးခြင်းအကြောင်းတို့သည် ဝိဘာဝတ္ထ။ (၅) တတိယဈာန်၏ သမာပတ်ချမ်းသာ စသည်သည် အနုဘာဝတ္ထ။

(ဆ) ဝေဒိတဗ္ဗံ-၌ ဝိဒဓာတ်-အရ = ပညာရှိတို့သန္တာန်၌ (သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ တို့ကို ပယ်ခြင်းကို သိသောအခြင်းအရာအားဖြင့်ဖြစ်သော) မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ဖြစ်ပါသည်။ (၁) ထို--သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ တို့ကို ပယ်ခြင်းကို သိသဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို ပယ် နိုင်ဖို့ရာ ကျင့်ကြံအားထုတ်ခြင်းသည် ပကာသနတ္ထ။ (၄) ပုဗ္ဗေကတပုညတာ-စသော သမ္ပတ္တိစက်လေးပါးသည် ဝိဘာဝတ္ထ။ (၅) ကျင့်ကြံအားထုတ်သဖြင့် ဝမ်းမြောက်ခြင်းပါမောဇ္ဇ, နှစ်သက်ခြင်း ပီတိ-အစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။(အကြောင်းနှစ်ချက်/အကျိုးနှစ်ချက်)

(တနည်း) (၁) ထိုမဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ပုဗ္ဗေကတပုညတာ-စသော အကြောင်းတရားတို့သည် ဒီပကတ္ထ။ (၃) သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို ပယ်ခြင်းကို သိသဖြင့် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿတို့ကို ပယ်နိုင်ဖို့ရာ ကျင့်ကြံအားထုတ်ခြင်းသည် ပကာ သနတ္ထ။ (၄) ကျင့်ကြံကြိုးကုတ်အားထုတ်သဖြင့် ဝမ်းမြောက်ခြင်းပါမောဇ္ဇ, နှစ်သက်ခြင်း ပီတိ, ပဿဒ္ဓိ, သုခ သမာဓိကို ရရှိခြင်းသည် ဝိဘာဝတ္ထ။ (၅) သမာဓိကို ရရှိဖြင့် ယထာဘူတဉာဏ် နိဗ္ဗိဒါဉာဏ် ဝိမုတ္တိဉာဏ် ဝိမုတ္တိဉာဏဒဿနဉာဏ် အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည်

http://www.dhammadownload.com

အနုဘာဝတ္တ။ (အကြောင်း တစ်ချက်/အကျိုး သုံးချက်)

➢ ⓫ ⓪ ။ **ဒုက္ခသာ ပဟာနာ** ။ ။ ဒုက္ခဿ-အရ ဒုက္ခဝေဒနာ ပစ္စည်းတရားသည် ပဟာနာ-၌ ခါတ်အရ ပထမဈာန်၏ ရှေ့အဖို့၌ဖြစ်သော ကာမာဝစရ ဥပစာရသမာဓိဇော ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ကာယိက သုခဿ ။ ။ ကာယေ-အရ သုခသဟဂုတ် ကာယဝိညာဉ်စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် ဣက-ပစ္စည်းအရ သုခဝေဒနာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ကံ၊ ဝိ၊ ဟာ၊ ဣ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀)

(ဂ) **ဘဂဝတာ**-ပါဠိသေသ-အရ ပညာ ဉာဏ် ပစ္စည်းတရားသည် **ဝုတ္တံ**-၌ ဝစဓာတ်အရ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေး ဇူးပြုပါသည်။ ပြိုင်= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဣ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀)

(င) စတုန္နံ ဈာနာနံ+ဥပစာရက္ခဏေ ။ ။ ဥပစာရက္ခဏေ-အရ ဥပစာရဈာန် ပစ္စည်းတရား သည် စတုန္နံ ဈာနာနံ-အရ ဈာန်လေးပါး ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါ သည်။ (တနည်း) အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အနန္တရ၊ သမနန္တရ၊ ဥပ၊ အာသေ၊ နတ္ထိ၊ ဝိဂတ (၆)

ပါဌ် (၁၈၀) [ဋ္ဌ၊၂၂၁။ ပြည်၊ဒု၊၂၉၅။ ဘာသာဋီ၊ဒု၊၄၉၇]

(က) **တတ္ထာဟ ""အထေဝံ တဿ တဿ ဈာနဿုပစာရေ ပဟီနာတိ တော ဝေဒနာ ကသ္မာ သမာဟဋာ""တိ။ (ခ) သုခဂ္ဂဟဏတ္ထံ။**

(ဂ) **ယာ ဟိ အယံ ""အဒုက္ခမသုခ""န္တိ ဧတ္ထ အဒုက္ခမသုခါ ဝေဒနာ ဝုတ္တာ၊ သာ သုခုမာ ဒုဗ္ဗိညေယျာ၊ န သက္ကာ သုခေန ဂဟေတုံ၊**

(ဃ) **တသ္မာ ယထာ နာမ ဒုဋ္ဌဿ ယထာ တထာ ဝါ ဥပသင်္ကမိတွာ ဂဟေတုံ အသက္ကုဏေယျဿ ဂေါဏဿ ဂဟဏတ္ထံ ဂေါပေါ ဧကသ္မိံ ဝဇေ သဗ္ဗာ ဂါဝေါ သမာဟရတိ၊ အထေကေကံ နီဟရန္တော ပဋိပါဋိယာ အာဂတံ ""အယံ သော၊ ဂဏှထ န""န္တိ တမ္ပိ ဂါဟာပယတိ။ ဧဝမေဝ ဘဂဝါ သုခဂ္ဂဟဏတ္ထံ သဗ္ဗာပိ တော သမာဟရီတိ။**

(င) **ဧဝံ ဟိ သမာဟဋာ တော ဒဿေတွာ ""ယံ နေဝ သုခံ, န ဒုက္ခံ, န သောမနဿံ, န ဒေါမနဿံ၊ အယံ အဒုက္ခမသုခါဝေဒနာ""တိ သက္ကာ ဟောတိ သော ဂါဟယိတုံ။**

➢ ❶ ။ **(က)** တတ္ထ ဌာနေ၊ဤအရာ၌။ဌတွာ၊ရပ်တန့်၍။စောဒကော၊စောဒကသည်။အာဟ၊၏။ အထ၊ထိုမြို့။ဧဝံ၊သို့။တဿ တဿ ဈာနဿ၊ထိုထိုဈာန်၏။ဥပစာရေ၌။ပဟီနာပိ၊ပယ်အပ်ပြီးလည်းဖြစ်ကုန် သော။တော ဝေဒနာ၊ထိုဝေဒနာတို့ကို။ကသ္မာ၊ဤစတုတ္ထဈာန်၌။ကသ္မာ၊အဘယ့်ကြောင့်။သမာဟဋာ၊ပေါင်း၍ ဆောင်အပ်ကုန်သနည်း။(ဝါ)တပေါင်းတည်း ဆောင်တော်မူအပ်ပါကုန်သနည်း။ **တနည်းကား**- သမာဟဋာ အထ သမာဟဋာနုစ၍ ဆိုအပ်ကုန်သနည်း။ဣတိ၊ဤသို့။စောဒကော၊သည်။အာဟ၊ဆို၏။

(ခ) သုခဂ္ဂဟဏတ္ထံ၊အဒုက္ခမသုခဝေဒနာကို ယူလွယ်စေခြင်း အကျိုးငှာ။သမာဟဋာ၊ပေါင်း၍ ဆောင်

http://www.dhammadownload.com

အပ်ကုန်၏။ (ဂ) ဟိ၊ချဲ့အံ့။(တနည်း) ဟိ-ယသ္မာ၊အကြင်ကြောင့်။အဒုက္ခ မသုခန္တိ ဧတ္ထ၊-ခံဟူသော ဤပါဠ်၌။ယာ အဒုက္ခ မသုခဝေဒနာ၊အကြင်အဒုက္ခ မသုခဝေဒနာကို။ဝုတ္တာ၊ဟောတော်မူအပ်၏။သာ၊ထိုအဒုက္ခ မသုခါဝေဒနာသည်။သုခမာ၊သုခ, ဒုက္ခတို့ကဲ့သို့ မရုန့်ရင်း သိမ်မွေ့စွာ၏။ဒုဗ္ဗိညေယျာ၊သိမ်မွေ့လှ၍ ဆ, သဖြင့်သာ သိအပ်သော သဘောရှိသည်၏ အဖြစ်ကြောင့် သိနိုင်ခဲ၏။သုခေန၊ဖြင့်။ဂဟေတုံ၊ဉာဏ်ဖြင့် ဖမ်းခြင်းငှာ။န သက္ကာ၊မတတ်ကောင်း။ (ဃ) တသ္မာ၊ထို့ကြောင့်။(ဝါ) ထိုသို့ အဒုက္ခ မသုခဝေဒနာ၏ လွယ်ကူစွာယူခြင်းငှာ မတတ်ကောင်းသည်၏အဖြစ်ကြောင့်။ယထာနာမ၊ဥပမာမည်သည်ကား။ဒုဋ္ဌဿ၊ပျက်သော ပယောဂရှိသော။ဝါ၊ဆုံးမခက်သော။ယထာ တထာဝါ၊ဟုတ်ဟုတ်ကြားကြားဖြင့်။(ဝါ)တော်သလို လျော်သလို။ ဥပသင်္ကမိတွာ၊ချဉ်းကပ်၍။ဂဟေတုံ၊ဖမ်းခြင်းငှာ။အသက္ကုဏေယျဿ၊မတတ်နိုင်သော။ဂေါဏဿ၊နွားကို။ ဂဟဏတ္ထံ၊ဖမ်းယူခြင်းငှာ။ဂေါပေါ၊နွားထိန်းသည်။(ဝါ)နွားကျောင်းသားသည်။ဧကသ္မိံ ဝဇေ၊တခုသော ခြံ၌။သဗ္ဗာ၊ကုန်သော။ဂါဝေါ၊နွားတို့ကို။သမာဟရတိ၊စု၍ သွင်း၏။(ဝါ)တပေါင်းတည်း ဆောင်၏။အထ၊ ထို့နောက်မှ။ဧကေကံ၊တကောင်တကောင်သော နွားကို။နီဟရန္တော၊ထုတ်လသ်သော်။ပါဋိပါဋိယာ၊အစဉ်အားဖြင့်။ အာဂတံ၊လာသော။အယံ၊ဤသည်မားမား လာသောနွားသည်။သော၊ဖမ်းခြင်းငှာ လိုအပ်သော ထိုပျက်ချော်သော နွားပင်တည်း။နံ၊ထိုပျက်ချော်သော နွားကို။ဂဏှထ၊ဖမ်းကြကုန်။ဣတိ၊သို့။တမ္ပိ၊ထိုပျက်ချော်သော နွားကိုလည်း။ ဂါဟာပယတိ ယထာ၊ဖမ်းစေ၏သို့။ဧဝမေဝ၊ဤအတူလျှင်။ဘဂဝါ၊သည်။တဿာ၊ထိုအဒုက္ခ မသုခဝေဒနာကို။ သုခေန၊လွယ်ကူသဖြင့်။ဂဟဏတ္ထံ၊ဖမ်းယူခြင်းငှာ။သဗ္ဗာ၊ကုန်သော။ဧတာ၊ထိုဝေဒနာတို့ကို။သမာဟရတိ၊စု၍ ဆောင်တော်မူ၏။ (င) ဟိ၊အကျိုးကို ဆိုအံ့။ဧဝံ၊သို့။သမာဟဋ္ဌာ၊စု၍ ပေါင်းအပ်ကုန်သော။ဧတာ၊ထိုဝေဒနာတို့ကို။ ဒဿေတွာ၊ပြတော်မူ၍။ယံ၊အကြင် သဘောတရားသည်။သုခံ၊သည်။န ဟောတိ၊မဖြစ်။ဒုက္ခံ၊သည်။န ဟောတိ၊ မဖြစ်။သောမနဿံ၊သည်။န ဟောတိ၊မဖြစ်။ဒေါမနဿံ၊သည်။န ဟောတိ၊မဖြစ်။အယံ၊ဤသုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ မဟုတ်သော သဘောတရားသည်။အဒုက္ခ မသုခဝေဒနာ၊အဒုက္ခ, မသုခ ဝေဒနာ ပင်တည်း။ဣတိ၊ဤသို့။သော၊ဤအဒုက္ခ မသုခဝေဒနာကို။ဂါဟယိတုံ၊ယူစေခြင်းငှာ။သက္ကာ၊တတ်ကောင်းသည်။ ဟောတိ၊ဖြစ်၏။

➢ ❷ ။ (ခ) သို့/ ပါပနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ထိုထိုစျာန်၏ ဥပစာ၌ ပယ်အပ်ကုန်ပြီးသော ထိုသုခ, ဒုက္ခ, သောမနဿ, ဒေါမနဿဝေဒနာတို့ကို အဘယ့်ကြောင့် ဤစတုတ္ထစျာန်၌ ပေါင်း၍ ဆောင်အပ်ကုန်သနည်းဟု (ဝါ) ပေါင်း၍ဟောအပ်ကုန်သနည်းဟု စောဒနာ ကို ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် စောဒနာကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်၏။ စင်စစ် တမူကား ထိအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ယင်းစောဒနာ၏ အဖြေ ပရိဟာရကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ၌ အဗျာပိတဒေါသ သင့် ရောက်ရာသည် မဟုတ်ပါလော။ ယင်းစောဒနာ၏ အဖြေပရိဟာရကား အဘယ်ပါနည်း။ (ခ) မိန့်။

(ဂ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ယူလွယ်စေခြင်းအကျိုးငှာ (ဝါ) ယူလွယ်စေလိုသောကြောင့် ထို သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ ဝေဒနာတို့ကို ဤစတုတ္ထစျာန်၌ ပေါင်း၍ဆောင်အပ်ကုန်၏ (ဝါ) ပေါင်း၍ဟောအပ်ကုန်၏ဟု အကျဉ်းအားဖြင့် ဖြေဆိုတော်မူ၏။ ဤသို့

http://www.dhammadownload.com

ဆိုအပ်သည်ရှိသော် အကျဉ်းအားဖြင့်သာ သိအပ်သည် မဟုတ်ပါလော။ ထိုသို့ အကျဉ်းအားဖြင့်သာ သိအပ်သည်၏အဖြစ်ကြောင့် (ခ) ဖြင့်--အကျဉ်းအားဖြင့် မဖွင့်ဆိုသင့်။ ထိုအကျဉ်းဖြစ်သော အနက်ကို အကျယ်အားဖြင့် ပြဆိုသင့်သေး၏။ အသို့လျှင် ထိုအကျဉ်းဖြစ်သော အနက်ကို အကျယ်အားဖြင့် သိအပ်ပါသနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဂ)(ဃ) မိန့်။

(ဃ) သို့/ ပါပနာဒိပဥ္စက ॥ ॥ ဆရာ၊ ဆရာသည် (ဂ) ဖြင့် အဒုက္ခမသုခ ဝေဒနာသည် သိမ်မွေ့၏၊ သိနိုင်ခဲ၏၊ ချမ်းသာသဖြင့် ဉာဏ်ဖြင့် ဖမ်းယူခြင်းငှာ မတတ်ကောင်းဟု ဆိုတော်မူ၏။ ထိုသို့ ဆိုချေသော် အဒုက္ခမသုခဝေဒနာသည် သိမ်မွေ့၏၊ သိနိုင်ခဲ၏၊ ချမ်းသာသဖြင့် ဉာဏ်ဖြင့် ဖမ်းယူခြင်းငှာ မတတ်ကောင်းဟု ဆိုရသဖြင့် ရအပ်သော အကျိုးမရှိဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် အဒုက္ခမသုခဝေဒနာသည် သိမ်မွေ့၏၊ သိနိုင်ခဲ၏၊ ချမ်းသာသဖြင့် ဉာဏ်ဖြင့် ဖမ်းယူခြင်းငှာ မတတ်ကောင်းဟု ဆိုရခြင်း၏ အကျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့၌ နိရတ္ထကဒေါသ ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ဆိုရခြင်း၏ အကျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ ဆရာသည် (ဃ) ဖြင့် မြတ်စွာဘုရားသခင်သည် ယူလွယ်စေခြင်းအကျိုးငှာ အလုံးစုံသော ထိုဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဆောင်တော်မူ၏၊ ပေါင်း၍ ဟောတော်မူ၏ဟု ဆိုတော်မူ၏။ ဤသို့ဆိုအပ်သည်ရှိသော် အလုံးစုံသော ထိုဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဆောင်ရခြင်း, ပေါင်း၍ ဟောရခြင်းသည် အကျိုးမရှိ နိရတ္ထကဖြစ်ရာသည် မဟုတ်ပါလော။ ထိုသို့ အကျိုးမရှိ နိရတ္ထဖြစ်ရာသောကြောင့် (ဃ) ဖြင့် မြတ်စွာဘုရားသခင်သည် ယူလွယ်စေခြင်းအကျိုးငှာ အလုံးစုံသော ထိုဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဆောင်တော်မူ၏၊ ပေါင်း၍ ဟောတော်မူ၏ဟု မဆိုသင့်။ အလုံးစုံသော ထိုဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဆောင်ရခြင်း, ပေါင်း၍ ဟောရခြင်း၏ အကျိုးကိုလည်း ပြဆိုသင့်သေး၏။ အလုံးစုံသော ထိုဝေဒနာတို့ကို ဤစတုတ္ထဈာန်၌ ပေါင်း၍ ဆောင်ရခြင်း, ပေါင်း၍ ဟောရခြင်း၏ အကျိုးကား အဘယ်ပါနည်း။ ဤ သို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➤ ❸ ॥ **ဒေါသပယ်** ॥ ॥ **(ခ)** ဖြင့် (က)၌တင်သင့်သော အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ (ဂါ) ပါဠိတော်၌တင်သင့်သော နိရတ္ထကဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် (ခ)၌ တင်သင့်သော ပုနရုတ္တိဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် (ဂ)၌ တင်သင့်သော နိရတ္ထကဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် (ဃ) ၌ တင်သင့်သော နိရတ္ထကဒေါသကို ပယ်ပါသည်။

(ဃ) ၌ တသ္မာ-ကို ထားရခြင်းအကြောင်း ॥ ॥ လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် (တနည်း) အကြောင်းကို ပြလိုသောကြောင့် (ဃ) ၌ တသ္မာ-ကို ထားရပါသည်။

(င) ၌ ဝေဒိ-ကို ထားရခြင်းအကြောင်း ॥ ॥ ရအပ်သော အကျိုးလဒ္ဓဂုဏ်ကို ပြလိုသောကြောင့် (င) ၌ ဝေဒိ-ကို ထားရပါသည်။

➤ ❹ ॥ သမာဟရီယိ်သူတိ သမာဟဋာ။ သင်္ဟေတွာ အာဟရီယန္တေတိ **သမာဟဋာ**။

http://www.dhammadownload.com

(၂) သံ-ရှေး အာ-ရှေးရှိသော ဟရဓာတ်+တ-ပစ္စည်းသည်ငင်း၊ ပေါင်း၍ ဆောင်ခြင်းကြိယာသည် ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပေါင်း၍ဆောင်အပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) ပေါင်း၍ ဆောင်အပ်သော ဝေဒနာတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ပဟီယိံသူတိ **ပဟီနာ**။ (ပပုဗ္ဗ ဟာဓာတ်+တ-ပစ္စည်း၊ ပယ်ခြင်းကြိယာ)

ဂယှတေ ဂဟဏံ။ သုခေန ဂဟဏံ **သုခဂ္ဂဟဏံ**။ (တဿ)

ဒုဗ္ဗေန ဝိညာတဗ္ဗာတိ **ဒုဗ္ဗိညေယျာ**။ (၂) ဒု-ရှေး ဝိ-ရှေးရှိသော ဉာဓာတ်+ဏျပစ္စည်းသည်ငင်း ဆင်းရဲငြိုငြင်သဖြင့် သိခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဆင်းရဲငြိုငြင်သဖြင့် သိအပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

* ဒူသိတောတိ **ဒုဋ္ဌော**။ ပယုဥ္စနံ **ပယောဂေါ**။ (ပယောဂ နောက်ပုဒ်ကျေ) (အစိတ်)

ပရိတ္တာရမ္မဏံ-အရ = ပရိတ္တာရမ္မဏရူပါဝစရဈာန်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) သုပ္ပမတ္တ, သရာဝမတ္တ, ပရိတ္တအာရုံသည် ဒီပကတ္ထ။ (၃) ဈာနသမာပတ္တိသုခသည် ပကာသနတ္ထ။ (၄) တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်းသည် ဝိဘာဝတ္ထ။ (၅) ဗြဟ္မာ့ဘုံ၌ဖြစ်ရခြင်းသည် အနုဘာဝတ္ထ။

http://www.dhammadownload.com

➤ ၁၀ ။ **ပရိတ္တံ အာရမ္မဏံ+အဿ** ။ ။ ပရိတ္တံ အာရမ္မဏံ-အရ ကျဉ်းသော, ငယ်သော ပထဝီကသိုဏ်းအာရုံ ပစ္စည်းတရားသည် အဿ-အရ ရူပါဝစရစျာန် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ) (ပရိတ္တာရမ္မဏံ-၌ သမာသ်ပုဒ်+အညပုဒ် တူပြီ)

ဥပရိဇ္ဈာနဿ+ပစ္စယော ။ ။ ပစ္စယော-အရ အောက်အောက် စျာန်တည်းဟူသော အကြောင်းပစ္စည်းတရားသည် ဥပရိဇ္ဈာနဿ-အရ အထက်အထက် စျာန်တည်းဟူသော အကျိုး ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ယံ ပဂုဏံ သုဘာဝိတံ ။ ။ ယံ-အရ စျာန် ပစ္စည်းတရားသည် ပဂုဏံ သုဘာဝိတံ-၌ ဓာတ်အရ လေ့လာအပ်သော အခြင်းအရာအားဖြင့်ဖြစ်သော သမာဓိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

(င) အာရမ္မဏေ+သတိ ။ ။အာရမ္မဏေ-အရ ကသိုဏ်းပဋိဘာဂနိမိတ် အာရုံ ပစ္စည်းတရားသည် ပဝတ္တံ-အရ စျာန် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။(ပြိုင်-မရှိ)

ပါဠိ (၁၁၈) [ဋ္ဌ၊၂၂၉။ ပြည်၊ဒု၊၃၂၃။ ဘာသာဋီ၊တ၊၁၈]

(က) **ဣဒါနိ အာရမ္မဏပဋိပဒါမိဿကံ သောဠသက္ခတ္တုကနယံ ဒဿေတုံ ပုန "ကတမေ ဓမ္မာ ကုသလာ"တိ အာဒိ အာရဒ္ဓံ။**

(ခ) **တတ္ထ ပဌမနယေ ဝုတ္တဇ္ဈာနံ ဒုက္ခပဋိပဒတ္တာ ဒန္ဓာဘိညတ္တာ ပရိတ္တတ္တာ ပရိတ္တာရမ္မဏတ္တာတိ စတူဟိ ကာရဏေဟိ ဟီနံ။**

(ဂ) **သောဠသမနယေ ဝုတ္တဇ္ဈာနံ သုခပဋိပဒတ္တာ ခိပ္ပါဘိညတ္တာ အပ္ပမာဏတ္တာ အပ္ပမာဏာရမ္မဏတ္တာတိ စတူဟိ ကာရဏေဟိ ပဏီတံ။**

(ဃ) **သေသေသု စုဒ္ဒသသု ဧကေန, ဒွီဟိ, တီဟိစ ကာရဏေဟိ ဟီနပ္ပဏီတတာ ဝေဒိတဗ္ဗာ။**

➤ ၁ ။ **(က)** ဣဒါနိ၌။အာရမ္မဏ ပဋိပဒါ မိဿကံ၊အာရုံ ပဋိပဒါအရောဖြစ်သော။သောဠသက္ခတ္တုက နယံ၊သောဠသက္ခတ္တုကနည်းကို။ဒဿေတုံ၊ငှာ။ပုန၊တဖန်။ကတမေ ဓမ္မာ ကုသလာတိ အာဒိ၊ဤသို့အစရှိသော စကားကို။အာရဒ္ဓံ၊၏။ **(ခ)** တတ္ထ၊ထို"ကတမေ ဓမ္မာ"အစရှိသော စကား၌။ဝိနိစ္ဆယော၊ကို။ဝေဒိတဗ္ဗော၊၏။ပဌမ နယေ၌။ဝုတ္တဇ္ဈာနံ၊ဟောတော်မူအပ်သော စျာန်သည်။ဒုက္ခပဋိပဒတ္တာ၊ဆင်းရဲသော အကျင့်ရှိသည်၏အဖြစ်ကြောင့်၎င်း။ဒန္ဓာဘိညတ္တာ၊နှေးသော အဘိညာရှိသည်၏အဖြစ်ကြောင့်၎င်း။ပရိတ္တတ္တာ၊နည်းသော အာနုဘော်ရှိသည်၏အဖြစ်ကြောင့်၎င်း။ပရိတ္တာရမ္မဏတ္တာ၊ငယ်သော အာရုံရှိသည်၏အဖြစ်ကြောင့်၎င်း။ဣတိ၊ဤသို့။စတူဟိ၊ကုန်သော။ကာရဏေဟိ၊တို့ဖြင့်။ဟီနံ၊ယုတ်၏။

(ဂ) သောဠသမနယေ၌။ဝုတ္တဇ္ဈာနံ၊ဟောတော်မူအပ်သော စျာန်သည်။သုခ ပဋိပဒတ္တာ၊လွယ်သော အကျင့်ရှိသည်၏အဖြစ်ကြောင့်၎င်း။ခိပ္ပါဘိညတ္တာ၊လျင်သော အဘိညာရှိသည်၏အဖြစ်ကြောင့်၎င်း။အပ္ပမာဏတ္တာ၊မနှိုင်းယှဉ်အပ်သော အာနုဘော်ရှိသည်၏အဖြစ်ကြောင့်၎င်း။အပ္ပမာဏာရမ္မဏတ္တာ၊ကြီးကျယ်ပြန့်ပြောသော အာရုံရှိသည်၏အဖြစ်ကြောင့်၎င်း။ဣတိ၊သို့။စတူဟိ၊ကုန်သော။ကာရဏေဟိ၊တို့ဖြင့်။ပဏီတံ၊မြတ်၏။

(ဃ) သေသေသု၊ပဌမနည်း သောဠသမနည်းတို့မှ ကြွင်းကုန်သော။စုဒ္ဒသသု၊ကုန်သော။နယေသု၊

F-51-B

http://www.dhammadownload.com

နည်းတို့၌။ဧကေန၊တစ်ခုသော။ကာရဏေန၊အကြောင်းဖြင့်၎င်း။ဒွီဟိ၊ကုန်သော။ကာရဏေဟိ၊တို့ဖြင့်၎င်း။တီဟိ၊ ကုန်သော။ကာရဏေဟိစ၊တို့ဖြင့်၎င်း။သေသာနံ စုဒ္ဒသဈာနာနံ၊ကြွင်းကုန်သော တစ်ဆယ့်လေးပါးသော ဈာန် တို့၏။(သမ္ဗန္ဓ်)ဟီန, ပဏီတတာ၊ယုတ်သည်၏အဖြစ်, မြတ်သည်၏အဖြစ်ကို။ဝေဒိတဗ္ဗာ၊သိအပ်၏။

➢ ❷ ။ (ခ) စသည်သို့/ ပါဠိနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ယခုအခါ၌ အာရုံ ပဋိပဒါရောသော သောဠသကစ္စတ္တုကနည်းကို ပြခြင်းအကျိုးငှာ တဖန် "ကတမေ ဓမ္မာ ကုသလာ" အစရှိသော စကားကို အားထုတ်တော်မူအပ်၏ဟု "ကတမေ ဓမ္မာ ကုသလာ"အစရှိသော ပုဒ်တို့၏ အနက် ကို အကျဉ်းအားဖြင့် ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ထို "ကတမေ ဓမ္မာ ကုသလာ"အစရှိသော ပုဒ်တို့၏ အနက်ကို အကျဉ်းအားဖြင့်သာ သိအပ်၏ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ထို "ကတမေ ဓမ္မာ ကုသလာ"အစရှိသော ပုဒ်တို့၏ အနက်ကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့် မနေတန်။ နေချေသော် ဆရာ၌ အဗျာပိတဒေါသ သင့်ရောက်ရာ၏။ "ကတမေ ဓမ္မာ ကုသလာ"အစရှိသော ပုဒ်တို့၏ အနက်ကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) စသည်မိန့်။

(ဂ) သို့/ ပါဠိနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ပဋ္ဌမနည်း၌ ဟောတော်မူအပ် သော ဈာန်သည် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ-စသော လေးပါးသော အကြောင်းတို့ကြောင့် ဟီနမည်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပဋ္ဌမနည်း၌ ဟောတော်မူအပ်သော ဈာန်၏ ဟီနမည်သည်၏ အဖြစ်ကို သာ သိအပ်၏ဟူသော အနက်သည်ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက် သင့်လေသောကြောင့် သောဠသမနည်း၌ ဟောတော်မူအပ်သော ဈာန်၏ ဟီန, ပဏီတ အဆုံးအဖြတ် ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့် မနေတန်။ နေချေသော် ဆရာ၌ အဗျာပိတဒေါသ သင့် ရောက်ရာ၏။ ဟီန, ပဏီတ အဆုံးအဖြတ်ကို အသို့လျှင် သိအပ်ပါသနည်း။ ဤသို့-(ဂ) မိန့်။

(ဂ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ပဌမနည်း၌ ဟောတော်မူအပ်သော ဈာန်သည် ဒုက္ခပဋိပဒါ-စသော လေးပါးသော အကြောင်းကြောင့် ဟီနမည်၏ဟု ဆိုတော်မူ၏။ ဤသို့ဆိုချေသော် ပဌမနည်း၌ ဟောတော်မူအပ်သော ဈာန်၏ ဟီနမည်သည်၏အဖြစ်ကိုသာ သိအပ်သည် မဟုတ်ပါလော။ ထိုသို့ သိအပ်သည်၏ အဖြစ်ကြောင့် (တနည်း) သောဠသမနည်း၌ ဟောတော်မူအပ်သော ဈာန်၏ ဟီန, ပဏီတ အဆုံးအဖြတ်ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင် သောကြောင့် (ခ) ဖြင့် ပဌမနည်း၌ ဟောတော်မူအပ်သော ဈာန်သည် ဒုက္ခပဋိပဒါ-စသော လေးပါးသော အကြောင်းကြောင့် ဟီနမည်၏ဟု မဆိုသင့်။ သောဠသမနည်း၌ ဟောတော်မူအပ်သော ဈာန်၏ ဟီန, ပဏီတ အဆုံးအဖြတ်ကိုလည်း ပြဆိုသင့်သေး၏။ သောဠသမနည်း၌ ဟောတော်မူအပ်သော ဈာန်၏ ဟီန, ပဏီတ အဆုံးအဖြတ်ကို အသို့လျှင် သိမှတ်အပ်ပါသနည်း။ ဤသို့-ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ)တို့ဖြင့် ပဌမနည်း၌ ဟောတော်မူ အပ်သော ဈာန်သည် (ဒုက္ခပဋိပဒါ-စသော လေးပါးသော အကြောင်းကြောင့်) ဟီနမည်၏၊ သောဠသမ နည်း၌ ဟောတော်မူအပ်သော ဈာန်သည် (သုခပဋိပဒါ-စသော လေးပါးသော အကြောင်းကြောင့်) ပဏီတ

http://www.dhammadownload.com

မည်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပထမနည်း သောဠသမနည်း၌ ဟောတော်မူအပ်သော ဈာန်တို့၏ ဟီန ပဏီတ အဖြစ်ကို သိအပ်သည် မဟုတ်ပါလော။ (တနည်း) ကြွင်းသော (၁၄)ပါးသော နည်းတို့၌ ဟောတော်မူအပ်သော ဈာန်တို့၏ ဟီန ပဏီတ အဆုံးအဖြတ်ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (ခ)(ဂ)တို့ဖြင့်--မည်၏ဟု မဖွင့်ဆိုသင့်။ ကြွင်းသော (၁၄)ပါးသော နည်းတို့၌ ဟောတော်မူအပ်သော ဈာန်တို့၏ ဟီန ပဏီတ အဆုံးအဖြတ်ကိုလည်း ပြဆိုသင့်သေး၏။ ကြွင်းသော (၁၄)ပါးသော နည်းတို့၌ ဟောတော်မူအပ်သော ဈာန်တို့၏ ဟီန ပဏီတ အဆုံးအဖြတ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** စသည်ဖြင့် ဤမည်သော ဈာန်သည် ဤမည်သောအကြောင်းကြောင့် ဟီနမည်၏ စသည်ဖြင့် ခွဲခြမ်းစိပ်ဖြာ၍ အကျယ်အားဖြင့် ပြသောကြောင့် ပုနရုတ္တိဒေါသ (ဝါ) အဝယဝတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် သောဠသမနည်း၌ ဟောတော်မူအပ်သော ဈာန်၏ "ပဏီတ" ဖြစ်ရခြင်းအကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏ ဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ကြွင်းသော (၁၄)နည်းတို့၌ ဟောတော်မူအပ်သော ဈာန်၏ "ဟီန, ပဏီတ" ဖြစ်ရခြင်းအကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(ဃ) ၌ ဝေဒိတဗ္ဗာ–ကို ထားရခြင်းအကြောင်း ။ ။ ဒုတိယနယမှ ပန္နရသမနယအထိ (၁၄)နယတို့၌ ဟောတော်မူအပ်သော ဈာန်၏ ဟီန, ပဏီတဖြစ်ပုံကို တိုက်ရိုက်မပြ၊ (ခ)(ဂ) ဝါကျများကို ထောက်ဆ၍ ဆောင်၍သာ သိအပ်ရကား နေယျတ္ထ, ဝင်္ကတ္ထ ဖြစ်နေ၏။ ယင်းသို့ နေယျတ္ထ, ဝင်္ကတ္ထဖြစ်သဖြင့် သံသယရှိအပ်သော အရာဌာနဖြစ်၏ဟု ပြလိုသောကြောင့် (ဃ) ၌ ဝေဒိတဗ္ဗာ–ကို ထားရပါသည်။

➤ ❹ ။ ဆဝ ဒသဝ သောဠသ။ သောဠသန္နံ ပူရဏော **သောဠသမော**။ နီယန္တိ ဉာယန္တိ ဧတေနာတိ **နယော**။ (နီ+ဏ) သောဠသမောစ သော နယော စာတိ **သောဠသမနယော**။

(၂) သောဠသမပုဒ်+နယပုဒ်သည်၎င်း၊ (၁၆)ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဂုဏ်၏ နည်းနှင့် ဂုဏ်+ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဖျုပ္ပတ္တိနိမိတ်။ (၄) သောဠသမနည်းတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပဋိပဇ္ဇတိ ဈာနံ ဧတာယာတိ **ပဋိပဒါ**။(ပဋိပုဗ္ဗ ပဒဓာတ်+အ–ပစ္စည်း)

ဒုက္ခာ ပဋိပဒါ အဿ ဈာနဿာတိ **ဒုက္ခပဋိပဒံ**။ (တဒ္ဓိ)

ဒန္ဓတီတိ ဒန္ဓာ။ (ဒဓိ+အ) ဒမေတဗ္ဗာတိ **ဒန္ဓာ**။ (ဒမ+ဓ)

အဘိဝိသေသတော ဇာနာတီတိ **အဘိညာ**။ (အဘိပုဗ္ဗ ဉာ+အ)

ဒန္ဓာ အဘိညာ အဿ ဈာနဿာတိ ဒန္ဓာဘိညံ။ ဒန္ဓာဘိညဿ ဘာဝေါ **ဒန္ဓာဘိညတ္တံ**။ (တဒ္ဓိ)

ဖလံ ကရောတီတိ **ကာရဏံ**။ (တေဟိ) (၂) ကရဓာတ်+ယုပစ္စည်းသည်၎င်း၊ ပြုခြင်းကြိယာသည်၎င်း ဖျုပ္ပတ္တိနိမိတ်။ (၄) အကြောင်းတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဟီယတေတိ **ဟီနံ**။ (၂) ဟာဓာတ်+ဏ္ဍနပစ္စည်းသည်၎င်း၊ စွန့်ခြင်းကြိယာသည်၎င်း ဖျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com

(၄) ယုတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဟာယတီတိ **ဟီနံ**။ (ဟာဓာတ်+တ-ပစ္စည်း၊ ယုတ်လျော့ခြင်းကြိယာ)

ဟီယိတ္ထာတိ **ဟီနံ**။ (၂) ဟာဓာတ်+တ-ပစ္စည်းသည်ငှင်း၊ စွန့်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) စွန့်ခြင်းကြိယာသည် (ဝါ) ဟီနဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပဓာနဘာဝံ နီတန္တိ **ပဏီတံ**။ (၂) ပပုဒ်+နီတ-ပုဒ်သည်ငှင်း၊ ပဓာနဘောဂုဏ်၏ နီတ တရားတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပဏီတဖြစ်သော ဈာန်၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

(တနည်း) (၂) ပပုဗ္ဗ နီဓာတ်+တ-ပစ္စည်းသည်ငှင်း၊ ပြဓာန်းသည်၏အဖြစ်သို့ ဆောင်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မြတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

* ဒုက္ခယတီတိ ဒုက္ခာ။ ပဋိပဇ္ဇတိ ဧတာယာတိ ပဋိပဒါ။ ဒုက္ခာ ပဋိပဒါ အဿာတိ ဒုက္ခပဋိပဒံ။

ဒုက္ခပဋိပဒဿ ဘာဝေါ **ဒုက္ခပဋိပဒတ္တံ**။(တသ္မာ) (၂) ဒုက္ခပဋိပဒပုဒ်+တ္တပစ္စည်းသည်ငှင်း၊ ဆင်းရဲငြိုငြင်သော အကျင့်ရှိသော ဈာန်၏ ဆင်းရဲငြိုငြင်သော အကျင့်ရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဆင်းရဲငြိုငြင်သော အကျင့်ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

သုခါ ပဋိပဒါ အဿ ဈာနဿာတိ **သုခပဋိပဒံ**။ သုခပဋိပဒဿ ဘာဝေါ **သုခပဋိပဒတ္တံ**။(တသ္မာ) ခိပ္ပါ အဘိညာ အဿ ဈာနဿာတိ **ခိပ္ပါဘိညံ**။ ခိပ္ပါဘိညဿ ဘာဝေါ **ခိပ္ပါဘိညတ္တံ**။(တသ္မာ)

➤ ❻ ။ **(ခ)** ဖြင့် ပထမနည်း၌ ဟောတော်မူအပ်သော ဈာန်သည် ဒုက္ခပဋိပဒါ-စသော လေးပါးသော အကြောင်းတို့ကြောင့် ဟီနဈာန်မည်သတည်းဟူသော အဓိပ္ပါယ်ကို သိစေ။(ဘာဝတ္ထ)

(ဂ) ဖြင့် သောဠသမနည်း၌ ဟောတော်မူအပ်သော ဈာန်သည် သုခပဋိပဒ ခိပ္ပါဘိည အပ္ပမာဏ အပ္ပမာဏာရမ္မဏ အကြောင်းလေးပါးတို့ကြောင့် ပဏီတဈာန်မည်သတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ) **(ဃ)** ဖြင့် ပထမနည်း သောဠသမနည်းတို့မှကြွင်းကုန်သော (၁၄)ပါးကုန်သော နည်းတို့၌ ဟောတော်မူအပ်သော ဈာန်တို့၏ တစ်ခုသော, နှစ်ခုသော, သုံးခုသော အကြောင်းဖြင့်ငှင်း ဟီန ပဏီတမည်သည်၏ အဖြစ်ကို သိမှတ်အပ်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

➤ ❼ ။ **(က) ပုန**-ကား အပဋ္ဌမတ္ထ။ (ဃ) **စ**-ကား သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ။

➤ ❶❿ ။ **(က) ကတမေ ဓမ္မာ ကုသလာတိ အာဒိ+အာရဒ္ဓံ** ။ ။ ကတမေ ဓမ္မာ ကုသလာတိ အာဒိ-အရ ကတမေ ဓမ္မာ ကုသလာ-စသော အပေါင်းပညတ္တိသဒ္ဒ ပစ္စည်းတရားသည် အာရဒ္ဓံ-၌ ဓာတ်-အရ ဝီရိယပုဗ္ဗင်္ဂမ ဒေသနာဉာဏ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

(တနည်း) ကတမေ ဓမ္မာ ကုသလာတိ အာဒိ-အရ ဒေသေတဗ္ဗဓမ္မ ပစ္စည်းတရားသည် အာရဒ္ဓံ-၌ ဓာတ်-အရ ဝီရိယပုဗ္ဗင်္ဂမ ဒေသနာဉာဏ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူး

http://www.dhammadownload.com

ပြပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

(တနည်း) အာရဗ္ဘ-၌ ဓာတ်-အရ ဝီရိယပုဗ္ဗင်္ဂမ ဒေသနာဉာဏ်တော် ပစ္စည်းတရားသည် ကတမေ ဓမ္မာ ကုသလာတိ အာဒိ-အရ ဝစီဘေဒသဒ္ဒ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ ဓိ၊ သဟ၊ နိ၊ ကံ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၉)

ပါဠိ (၁၁၁) [ဋ္ဌ၊၂၃၁။ ပြည်၊ဒု၊၃၂၈။ ဘာသာဋီ၊တ၊၂၂]

(က) ဣဒါနိ ယသ္မာ အာပေါကသိဏာဒီသုပိ တေသနိ ဈာနာနိ ဥပ္ပဇ္ဇန္တိ တသ္မာ တေသံ ဒဿနတ္ထံ ပုန "ကတမေ ဓမ္မာ ကုသလာ"တိ အာဒိ အာရဒ္ဓံ။

(ခ) တေသု သဗ္ဗော ပါဠိနယောစ အတ္ထဝိဘာဝနာစ စိတ္တဂဏနာစ ဝါရသင်္ခေပေါစ ပထဝီကသိဏေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

(ဂ) ဘာဝနာနယော ပန ကသိဏပရိကမ္မံ အာဒိံ ကတွာ သဗ္ဗော ဝိသုဒ္ဓိမဂ္ဂေ ပကာသိတော ယေဝ။ (ဃ) မဟာသကုလုဒါယိသုတ္တေ ပန ဒသကသိဏာနိ ဝုတ္တာနိ။

(င) တေသု ဝိညာဏကသိဏံ အာကာသေ ပဝတ္တိတမဟဂ္ဂတဝိညာဏမ္ပိ တတ္ထ ပရိကမ္မံ ကတွာ နိဗ္ဗတ္တာ ဝိညာဏဉ္စာယတနသမာပတ္တိပိ ဟောတီတိ သဗ္ဗပ္ပကာရေန အာရုပ္ပဒေသနမေဝ ဘဇတိ။ တသ္မာ ဣမသ္မိံ ဌာနေ န ကထိတံ။

➤ ❶ ။ **(က)** ဣဒါနိ၊ပထဝီကသိဏဈာန်ကို ပြပြီးရာ ယခုအခါ၌။ယသ္မာ၊အကြင်ကြောင့်။ အာပေါကသိဏာဒီသုပိ၊တို့၌လည်း။တေသနိ ဈာနာနိ၊ဤဈာန်တို့သည်။ဥပ္ပဇ္ဇန္တိ၊ကုန်၏။တသ္မာ၊ထို့ကြောင့်။ တေသံ၊ထိုအာပေါကသိုဏ်းစသည်တို့ကို။ဒဿနတ္ထံ၊ပြခြင်းငှာ၊ပုန၊တဖန်။ကတမေ ဓမ္မာ ကုသလာတိ အာဒိ၊ကို။ အာရဒ္ဓံ၊၏။ **(ခ)** တေသု၊ထိုအာပေါကသိုဏ်းစသည်တို့၌။သဗ္ဗော၊သော။ပါဠိနယောစ၊ပါဠိနည်းကိုငင်း။ အတ္ထဝိဘာဝနာစ၊အနက်ကိုထင်စွာ ပြခြင်းကိုငင်း။စိတ္တဂဏနာစ၊စိတ်အရေအတွက်ကိုငင်း။ဝါရသင်္ခေပေါစ၊ ဝါရကိုချုံးခြင်းကိုငင်း။ပထဝီကသိဏေ၌။ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသောနည်းဖြင့် သာလျှင်။ဝေဒိတဗ္ဗော၊ သိအပ်၏။ **(ဂ)** ပန၊ထိုမှတပါး။ကသိဏပရိကမ္မံ၊ကသိုဏ်းပရိကံကို။အာဒိံ ကတွာ၊အစပြု၍။သဗ္ဗော၊သော။ ဘာဝနာနယော၊ဘာဝနာနည်းကို။ဝိသုဒ္ဓိမဂ္ဂေ၌။ပကာသိတောယေဝ၊ပြအပ်ပြီးသည်သာလျှင်တည်း။

(ဃ) ပန၊အထူး။မဟာသကုလုဒါယိသုတ္တေ၌။ဒသကသိဏာနိ၊တို့ကို။ဝုတ္တာနိ၊ကုန်၏။

(င) တေသု၊ထိုဆယ်ပါးသော ကသိုဏ်းတို့တွင်။ဝိညာဏကသိဏံ၊ဝိညာဏကသိုဏ်းကို။ဝါ၊သည်။ အာကာသေ၊ကသိုဏ်းကိုခွာ၍ ရအပ်သော ကောင်းကင် ပညတ်၌။ပဝတ္တိတ မဟဂ္ဂတဝိညာဏမ္ပိ၊ဖြစ်စေအပ်သော မဟဂ္ဂုတ် ဝိညာဉ်သည်ငင်း။တတ္ထ၊ထိုမဟဂ္ဂုတ်ဝိညာဉ်၌။ပရိကမ္မံ၊စီးဖြန်းခြင်း ပရိကံကို။ကတွာ၊၍။ နိဗ္ဗတ္တာ၊ဖြစ်စေအပ်သော။ဝိညာဏဉ္စာယတန သမာပတ္တိပိ၊ဝိညာဏဉ္စာယတန သမာပတ်သည်ငင်း။ဟောတိ၊ ဖြစ်၏။ဣတိ၊သို့။သဗ္ဗပ္ပကာရေန၊ခပ်သိမ်းသော အပြားအားဖြင့်။အာရုပ္ပ ဒေသနမေဝ၊အာရုပ္ပဒေသနာသို့သာ လျှင်။ဘဇတိ၊ငင်၏။(ဝါ)ကပ်ဝင်၏။တသ္မာ၊ထို့ကြောင့်။ဣမသ္မိံ ဌာနေ၊ဤရူပါဝစရ ဒေသနာအရာ၌။ (ဘဂဝတာ၊သည်။)န ကထိတံ၊ဟောတော်မမူအပ်။

➤ ❷ ။ **(ခ) သို့/ ပါဠိနာဒိပဥ္စက** ။ ။ [ဝုတ္တနယေနေဝ-ကိုရှု] ဆရာ၊ ဆရာသည် (က)

http://www.dhammadownload.com

ဖြင့် အာပေါကသိုဏ်း စသည်တို့ကို ပြခြင်းအကျိုးငှာ "ကတမေ ဓမ္မာ ကုသလာ"စသည်ကို ထပ်မံ အားထုတ်တော်မူအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ထိုအာပေါကသိုဏ်း စသည်တို့၌ ပါဠိနယ–စသည်ကို ဆိုအပ်ခဲ့ပြီးသော နည်းမှတပါး အခြားသောနည်းဖြင့်လည်း သိအပ်, သိထိုက်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် အာပေါကသိုဏ်းစသည်တို့၌ ပါဠိနယစသည်တို့ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ အာပေါကသိုဏ်းစသည်တို့၌ ပါဠိနယစသည်တို့ကို အဘယ်သို့လျှင် သိအပ်, သိရပါမည်နည်း။ ဤသို့--ကြောင့် (ခ) မိန့်။

(တနည်း) ဆရာ၊ ဆရာသည် (က) ဖြင့် ယခုအခါ၌ ထိုအာပေါကသိုဏ်း အစရှိသည်တို့ကို ပြခြင်းအကျိုးငှာ တဖန် "ကတမေ ဓမ္မာ ကုသလာ" အစရှိသော စကားကို ဘုရားရှင် အားထုတ်တော်မူအပ်၏ဟု "ကတမေ ဓမ္မာ ကုသလာ"အစရှိသော ပုဒ်တို့၏ အနက်ကို အကျဉ်းအားဖြင့် ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် "ကတမေ ဓမ္မာ ကုသလာ"အစရှိသော ပုဒ်တို့၏ အနက်ကို အကျဉ်းအားဖြင့်သာ သိအပ်၏ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ထိုအာပေါကသိုဏ်း စသည်တို့၌ အလုံးစုံသော ပါဠိနည်း စသည်တို့ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ထိုအာပေါကသိုဏ်း စသည်တို့၌ အလုံးစုံသော ပါဠိနည်း စသည်တို့ကို အသို့လျှင် သိမှတ်အပ်ပါသနည်း ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဌပနာပဋိက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် အာပေါကသိုဏ်း စသည်တို့၌ ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် သိအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဘာဝနာနည်းကိုလည်း ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသော နည်းဖြင့်ပင် သိအပ်, သိထိုက်၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ခ) ဖြင့် အာပေါကသိုဏ်း စသည်တို့၌ ပထဝီ ကသိုဏ်း၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် သိအပ်၏ဟု မဆိုသင့်။ ဘာဝနာနည်းကိုလည်း ပြဆိုသင့်သေး၏။ ဘာဝနာနည်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ပါဠိနာဒိပဋိက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော်၌ ကသိုဏ်းရှစ်ပါးကိုသာ ဟောကြားတော်မူ၏။ ထိုသို့ ဟောကြားတော်မူသည်ရှိသော် အခြားတပါးသော ပါဠိတော်တို့၌ (ဓမ္မသင်္ဂဏီပါဠိတော်၌ကဲ့သို့) ကသိုဏ်းရှစ်ပါးကိုသာ ဟောတော်မူ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤဓမ္မသင်္ဂဏီပါဠိတော်နှင့် မတူထူးခြားကွဲပြားနေသော ပါဠိတော်ကိုလည်း ပြဆိုသင့်သေး၏။ (တနည်း) အခြားတပါးသော ပါဠိတော်တို့၌ တစ်မျိုးတစ်ဖုံ ဟောကြားထားပုံကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဓမ္မသင်္ဂဏီ ပါဠိတော်နှင့် မတူထူးခြားကွဲပြားနေသော ပါဠိတော်ကား အဘယ်ပါနည်း။ (တနည်း) အခြားတပါးသော ပါဠိတော်တို့၌ တစ်မျိုးတစ်ဖုံ ဟောကြားထားပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

http://www.dhammadownload.com

အဓိပ္ပါယ်ကား- (ဃ) ဖြင့် မဇ္ဈိမပဏ္ဏာသပါဠိတော် မဟာသကုလုဒါယိသုတ်၌ ကသိုဏ်း(၁၀)ပါး ဟောကြားတော်မူအပ်ကုန်၏ဟု ငါပြဆိုပါ၏ဟူလို။

(ဃ) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ ဘုရားရှင်သည် ဤရူပါဝစရဒေသနာအရာ၌ ပထဝီကသိုဏ်း အစရှိသော ရှစ်ပါးသော ကသိုဏ်းတို့ကို ဟောကြားတော်မူအပ်၏။ ဤသို့ဆိုချေသော် ဤရူပါဝစရဒေသနာ နှင့် မတူထူးခြားသော သုတ္တန်ဒေသနာကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင် သောကြောင့် ဘုရားရှင်သည် ဤရူပါဝစရဒေသနာအရာ၌ ပထဝီကသိုဏ်း အစရှိသော ရှစ်ပါးသော ကသိုဏ်းတို့ကို ဟောကြားတော် မမူသင့်။ ဤရူပါဝစရဒေသနာနှင့် မတူထူးခြားသော သုတ္တန်ဒေသနာကို လည်း ပြဆိုသင့်သေး၏။ ဤရူပါဝစရဒေသနာနှင့် မတူထူးခြားသော သုတ္တန်ဒေသနာကား အဘယ်ပါ နည်း။ (ဝါ) အဘယ်သုတ္တန်၌ အဘယ်မျှသော တရားတို့ကို ဟောကြားအပ်ပါသနည်း။ (ဃ) မိန့်။

(င) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ ဆရာသည် (ဃ) ဖြင့် မဟာသကုလုဒါယိသုတ်၌ ကသိုဏ်း (၁၀)ပါးကို ဟောတော်မူသောဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းမဟာသကုလုဒါယိသုတ်၌ကဲ့သို့ ဤဓမ္မသင်္ဂဏီပါဠိတော်၌လည်း ကသိုဏ်း(၁၀)ပါး အပြည့်အစုံ ဟောကြားသင့်သည် မဟုတ်ပါလော။ ထို သို့ ဟောကြားသင့်သောကြောင့် (ဃ) ဖြင့် မဟာသကုလုဒါယိသုတ်၌ ကသိုဏ်း (၁၀)ပါးကို ဟောတော် မူသောဟု မဆိုသင့်။ ဤဓမ္မသင်္ဂဏီပါဠိတော်၌ ကသိုဏ်းရှစ်ပါးကိုသာ ဟောတော်မူရခြင်းအကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် ဤဓမ္မသင်္ဂဏီပါဠိတော်၌ ကသိုဏ်းရှစ်ပါးကိုသာ ဟောကြား ထားပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➢ ❷ ॥ **ဒေါသပယ်** ॥ ॥ **(ခ)** ဖြင့် အာပေါကသိုဏ်း စသည်တို့၌ ပါဠိနယစသည်ကို ပထဝီ ကသိုဏ်း၌ ဆိုအပ်ပြီးသောနည်းဖြင့်သာ သိအပ်၏ဟု အတိဒေသသံဝဏ္ဏနာနည်းအားဖြင့် ဖွင့်ပြသော ကြောင့် ဂန္ထဂရုဒေါသကို ပယ်ပါသည်။ (တနည်း) အာပေါကသိုဏ်းနည်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ဝိညာဏကသိုဏ်း, အာကာသကသိုဏ်းကို ဓမ္မသင်္ဂဏီပါဠိတော်၌ မဟောခြင်း၏အကြောင်းကို ပြသောကြောင့် ဖလ+ကာရဏ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်။

(ခ) ၌ ဝေဒိတဗ္ဗော-ကို ထားရခြင်းအကြောင်း ॥ ॥ ထိုအာပေါကသိုဏ်းစသည်တို့၌ ပါဠိ နယ အတ္ထဝိဘာဝနာ စသည်ကို ပထဝီကသိုဏ်း၌ တိုက်ရိုက်ဆိုထားသည် မဟုတ်၊ အဋ္ဌကထာစကားကို မှီ၍ (ဝါ) ဆောင်၍သာ သိရခြင်းဖြစ်ပါသည်။ ယင်းသို့ သိရခြင်းသည် သန္နိဋ္ဌာနတ္ထမျိုး မဟုတ်၊ သံသယတ္ထမျိုးသာ ဖြစ်၏ဟု ပြလိုသောကြောင့် (ခ) ၌ ဝေဒိတဗ္ဗော-ကို ထားရပါသည်။

➢ ❻ ॥ အတ္ထံ ပါတိ ရက္ခတီတိ ပါဠိ။ (ပါဓာတ်+ဠိပစ္စည်း) ပကဋ္ဌာနံ ဝစနပ္ပဗန္ဓာနံ အာဠီတိ ပါဠိ။ နီယန္တိ ဉာယန္တိ ဧတေနာတိ နယော။ ✱ ပါဠိယံ အာဂတော နယော **ပါဠိနယော**။

(၂) ပါဠိပုဒ်+နယပုဒ်သည်ငှင်း၊ ပါဠိ၏ နယနှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပါဠိနည်းတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ် သည် ပဝတ္တိနိမိတ်။

န ကဿတီတိ အာကာသော။ (နပုဗ္ဗ ကသဓာတ်+ဏ) န ကဿတိ ကသိတုံ ဆိန္ဒိတုံ န သက္ကာ,

http://www.dhammadownload.com

န ဝါ ကသတိ ဒိဗ္ဗတီတိ အကာသံ။ အကာသမေဝ **အာကာသံ**။

အရီယတိ ဉာယတီတိ အတ္တော။ ဝိဘာဝိယတီတိ ဝိဘာဝနာ။ အတ္ထဿ ဝိဘာဝနာ **အတ္ထဝိဘာဝနာ**။

(၂) အတ္ထပုဒ်+ဝိဘာဝနာပုဒ်သည်၄င်း၊ အနက်၏ ထင်စွာပြခြင်းကြိယာနှင့် သာဓေတဗ္ဗ+သာဓန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၄င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အတ္ထဝိဘာဝနာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် (ဝါ) အနက်ကို ထင်စွာပြခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဝါရိယတိ ပရိစ္ဆိန္ဒိယတိ ဧတေနာတိ ဝါရော။ သင်္ခိပနံ သင်္ခေပေါ။ ဝါရဿ သင်္ခေပေါ **ဝါရသင်္ခေပေါ**။

(၂) ဝါရပုဒ်+သင်္ခေပပုဒ်သည်၄င်း၊ ဝါရ၏ အကျဉ်းချုံးခြင်းကြိယာနှင့် သာဓေတဗ္ဗ+သာဓန၊ သင်္ခိပိတဗ္ဗ+သင်္ခိပန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၄င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဝါရသင်္ခေပတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် (ဝါ) ဝါရကို ချုံးခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဘာဝေတိ ကုသလေ ဓမ္မေ ဧတာယာတိ ဘာဝနာ။ ဘာဝနာယ နယော **ဘာဝနာနယော**။

(၂) ဘာဝနာပုဒ်+နယပုဒ်သည်၄င်း၊ ဘာဝနာ၏ နယနှင့် ဝိသေသန+ဝိသေသျ၊ သာမီ+သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၄င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဘာဝနာနယတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(ဂ)** ဖြင့် ကသိုဏ်းပရိကံကို အစပြု၍ အလုံးစုံသော ဘာဝနာနည်းကို ဝိသုဒ္ဓိမဂ်၌ ငါပြအပ်ပြီးသတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် မဟာသကုလုဒါယိသုတ်၌ ကသိုဏ်း(၁၀)ပါးတို့ကို ဟောသတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(င) ၌ အာကာသေ (ပ) ဝိညာဏမ္ပိ-ဖြင့် ဝိညာဏကသိုဏ်-အရ ကောင်းကင်ပညတ်၌ ဖြစ်စေအပ်သော ကောင်းကင်ပညတ်အာရုံကို အာရုံပြု၍ဖြစ်သော မဟဂ္ဂုတ်ဝိညာဏ်ကို ယူရမည်ဟု သိစေပါသည် (သရုပ်ကြား အဘိဓေယျတ္ထ) **တတ္ထ ပရိကမ္မံ (ပ) သမာပတ္တိပိ**-ဖြင့် ဝိညာဏကသိုဏ်-အရ ပဌမာရုပ္ပဝိညာဏ်၌ ပရိကံပြု၍ ဖြစ်စေအပ်သော ဝိညာဏဥ္စာယတနသမာပတ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❼ ။ **(ခ)** **စ**-ကား အညမညသမုစ္စယတ္ထ။ **(င)** **ပိ**-ကား အညမညသမုစ္စယတ္ထ။

(ခ) ပထဝီကသိဏေ ဝုတ္တနယေနေဝ-၌ (၁) ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသော နည်းသည် ဂဟေတဗ္ဗတ္ထ။ (၂) ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသောနည်းမှ တပါးသော နည်းသည် နိဝတ္တေတဗ္ဗတ္ထ။

ဝိသုဒ္ဓိမဂ္ဂေ(ဧဝ) ၌ (၁) ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းသည် ဂဟေတဗ္ဗတ္ထ။ (၂) ဝိသုဒ္ဓိမဂ်မှတပါးသော ကျမ်းတို့သည် နိဝတ္တေတဗ္ဗတ္ထ။

(ဂ) ပကာသိတောယေဝ-၌ (၁) ပကာသိတနည်းသည် ဂဟေတဗ္ဗတ္ထ။ (၂) အပကာသိတနည်းသည် နိဝတ္တေတဗ္ဗတ္ထ။

(င) အာရုပ္ပဒေသနမေဝ-၌ (၁) အာရုပ္ပဒေသနာသည် ဂဟေတဗ္ဗတ္ထ။ (၂) ရူပါဝစရဒေသနာသည် နိဝတ္တေတဗ္ဗတ္ထ။

http://www.dhammadownload.com

➤ **၈** ။ **ကြိယာဝါးတန်** ။ ။ **ပကာသိတော-၌ ပဟုဗ္ဗ ကာသ(ကာသ)ဓာတ်-အရ** = အဋ္ဌကထာ ဆရာ၏ သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ဖြစ်ပါသည်။ (၁) ယင်းစိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) အလုံးစုံသော ဘာဝနာနည်းသည် ပကာသနတ္ထ။ (၄) ပုဗ္ဗေစ ကတပုညတာ-စသော သမ္ပတ္တိစက် ၄-ပါးသည် ဝိဘာဝတ္ထ။ (၅) သောတုဇနတို့ အလုံးစုံသော ဘာဝနာနည်းကို သိရခြင်းအစရှိသော အကျိုး အဆက်ဆက်တို့သည် အနုဘာဝတ္ထ။

(ဃ) ဝုတ္တာနိ-၌ အန္တတ္ထ ဝစဓာတ်-အရ = ဘုရားရှင် သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် (တနည်း) ဒေသနာဉာဏ်တော် ဖြစ်ပါသည်။

(၁) ယင်းဒေသနာ ဉာဏ်တော်သည် ဒဿနတ္ထ။ (၂) မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည် ဒီပကတ္ထ။ (၃) ကသိုဏ်းဆယ်ပါးတို့သည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်တော်တို့သည် ဝိဘာဝတ္ထ။ (၅) ကသိုဏ်းဆယ်ပါးတို့ကို သိရခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

➤ **၉** ။ **ဝိသုဒ္ဓိမဂ္ဂေ-၌ ဝိသုဒ္ဓိ-အရ** = "နိဗ္ဗာန်"ကို ယူ၍ ထုတ်။

စိတ္တဂဏနာ-အရ = "ရူပကုသိုလ်စိတ်"ကို ယူထုတ်။

➤ **၁၀** ။ **(ခ) ပထဝီကသိဏေ+ဝုတ္တနယေနေဝ** ။ ။ ပထဝီကသိဏေ-အရ ပထဝီ ကသိဏနိဒ္ဒေသဟူသော သဒ္ဒါအစဉ် ပစ္စည်းတရားသည် ဝုတ္တနယေနေဝ-၌ ဝုတ္တ-ဝယ် ဝစဓာတ်-အရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(ဂ) အာကာသေ+ပဝတ္တိတမဟဂ္ဂတဝိညာဏမ္ပိ ။ ။ အာကာသေ-အရ ကသိဏုဂ္ဃာဋိမာကာသ ပစ္စည်းတရားသည် ပဝတ္တိတမဟဂ္ဂတဝိညာဏ်-အရ ပထမာရုပ္ပဝိညာဏ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

တတ္ထ+ဝိညာဏဉ္စာယတနသမာပတ္တိပိ ။ ။ တတ္ထ-အရ ပထမာရုပ္ပဝိညာဏ် ပစ္စည်းတရား သည် ဝိညာဏဉ္စာယတနသမာပတ္တိ-အရ ဝိညာဏဉ္စာယတနစိတ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

ပါဠိ (၁၁၁) [ဌ၊၂၃၁။ ပြည်၊ဒု၊၃၂၉။ ဘာသာဋီ၊တ၊၂၃]

(က) **အာကာသကသိဏန္တိ ပန ကသိဏုဂ္ဃာဋိမာကာသမ္ပိ တံ အာရမ္မဏံ ကတွာ ပဝတ္တာကာသာနဉ္စာယတန ဝိညာဏမ္ပိ တတ္ထ ဇာတံ ဝိညာဏံ၊ တတ္ထ သာ ဝိညာဏဉ္စာယတန-ဂဟေတဗ္ဗနိမိတ္တပရိစ္ဆေဒါကာသမ္ပိ တံ အာရမ္မဏံ ကတွာ ဥပ္ပန္န စတုက္ကပဉ္စကဈာနမ္ပိ ဝုစ္စတိ။**

(ခ) **တတ္ထ ပုရိမနယော အာရုပ္ပဒေသနံ ဘဇတိ၊ ပစ္ဆိမနယော ရူပါဝစရဒေသနံ။ ကသ္မာ တတ္ထ ကမ္မံ ရူပါဝစရဒေသနံ န အာရုဠှံ။**

(ဂ) ပရိစ္ဆေဒါကာသေ နိဗ္ဗတ္တဇ္ဈာနံ ပန ရူပူပပတ္တိယာ မဂ္ဂေါ ဟောတိ၊ တသ္မာ တံ ဂဟေတဗ္ဗံ။

http://www.dhammadownload.com

(ဃ) **တသ္မိံ ပန စတုက္ကပဉ္စကဇ္ဈာနမေဝ ဥပ္ပဇ္ဇတိ၊ အရူပဇ္ဈာနံ နုပ္ပဇ္ဇတိ။**

(င) **ကသ္မာ? ကသိဏုဂ္ဃါဋိမနုသ္သ အလာဘတော။**

(စ) **တဉှိ ပုနပ္ပုနံ ဥဂ္ဃါဋိယမာနာနမ္ပိ အာကာသမေဝ ဟောတီတိ န တတ္ထ ကသိဏုဂ္ဃါဋနံ လဗ္ဘတိ။**

(ဆ) **တသ္မာ တတ္ထုပ္ပန္နံ ဈာနံ ဒိဋ္ဌဓမ္မသုခဝိဟာရာယ သံဝတ္တတိ၊ အဘိညာပါဒကံ ဟောတိ၊ ဝိပဿနာပါဒကံ ဟောတိ၊ နိရောဓပါဒကံ န ဟောတိ။**

➢ ❶ ။ **(က)** ပန၊ထိုမှတပါး။အာကာသကသိဏန္တိ၊အာကာသကသိုဏ်းဟူ၍။ကသိဏုဂ္ဃါဋိမံ၊ကသိုဏ်း ကိုခွာ၍ ရအပ်သော။အာကာသမ္ပိ၊ကောင်းကင်ပညတ်ကိုင်း။တံ အာကာသံ၊ထိုကောင်းကင်ပညတ်ကို။ အာရမ္မဏံ၊ကို။ကတွာ၍။ပဝတ္တက္ခန္ဓာပိ၊ဖြစ်သော ခန္ဓာတို့ကိုင်း။ဘိတ္တိစ္ဆိဒ္ဒါဒီသု၊နံရံပေါက်-စသည်တို့တွင်။ အညတရသ္မိံ၊အမှတ်မရှိ တပါးပါး၌။ဂဟေတဗ္ဗ, နိမိတ္တ, ပရိစ္ဆေဒါကာသမ္ပိ၊ယူအပ်သော နိမိတ်ဖြစ်သော ပရိစ္ဆေဒါကာသကိုင်း။တံ ပရိစ္ဆေဒါကာသံ၊ထိုပရိစ္ဆေဒါကာသကို။အာရမ္မဏံ၊ကို။ကတွာ၍။ဥပ္ပန္နံ၊ဖြစ်သော။ စတုက္က ပဉ္စကဇ္ဈာနမ္ပိ၊စတုက္ကဈာန်, ပဉ္စကဈာန်ကိုင်း။ဝုစ္စတိ၊ဆိုအပ်၏။

(ခ) တတ္ထ၊ထိုပုရိမ ပစ္ဆိမနည်းတို့တွင်။ပုရိမနယော်၊"ကသိဏုဂ္ဃါဋိမာကာသမ္ပိ တံ အာရမ္မဏံ ကတွာ ပဝတ္တက္ခန္ဓာပိ"ဟူသော ရှေ့နည်းသည်။အာရုပ္ပဒေသနံ၊သို့။ဘဇတိ၊ငင်၏။(ဝါ)ကပ်ဝင်၏။ပစ္ဆိမနယော၊ဘိတ္တိ စ္ဆိဒ္ဒါဒီသု အညတရသ္မိံ ဂဟေတဗ္ဗနိမိတ္တပရိစ္ဆေဒါကာသမ္ပိ တံ အာရမ္မဏံ ကတွာ ဥပ္ပန္နံ စတုက္ကပဉ္စကဇ္ဈာနမ္ပိ ဟူသော နောက်နည်းသည်။ရူပါဝစရ ဒေသနံ၊သို့။ဘဇတိ၊ငင်၏။ဣတိ၊ဤသို့။မိဿကတ္တာ၊ရူပ, အရူပ ရောသည်၏အဖြစ်ကြောင့်။ဣမံ အာကာသကသိဏံ၊ဤအာကာသကသိုဏ်းကို။ရူပါဝစရ ဒေသနံ၊သို့။(ဘဂဝတာ၊သည်)န အာရုဠှံ၊မတင်အပ်။ **(ဂ)** ပန၊ထိုသို့ပင် ဓမ္မသင်္ဂဏီပါဠိတော်၌ ရူပါဝစရဒေသနာတော်သို့ မတင်အပ်ပါသော် လည်း။ပရိစ္ဆေဒါကာသေ၌။နိဗ္ဗတ္တဇ္ဈာနံ၊ဖြစ်သော ဈာန်သည်။ရူပူပပတ္တိယာ၊ရူပဘုံ၌ဖြစ်ခြင်း၏။ မဂ္ဂေါ၊အကြောင်းသည်။ဟောတိ၊ဖြစ်၏။တသ္မာ၊ထို့ကြောင့်။တံ၊ထိုပရိစ္ဆေဒါကာသကို။ဂဟေတဗ္ဗံ၊ယူအပ်၏။

(ဃ) ပန၊ဂရုဟာကို ဆိုအံ့။တသ္မိံ၊ထိုပရိစ္ဆေဒါကာသ၌။စတုက္က ပဉ္စကဇ္ဈာနမေဝ၊သည်သာလျှင်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။အရူပဇ္ဈာနံ၊သည်။နုပ္ပဇ္ဇတိ၊မဖြစ်။ **(င)** ကသ္မာ၊ကား။ကသိဏုဂ္ဃါဋိမနုသ္သ၊ကသိုဏ်းကို ခွာခြင်း၏။ အလာဘတော၊မရခြင်းကြောင့်တည်း။ **(စ)** ဟိ-သစ္စံ၊မှန်၏။တံ၊ထိုပရိစ္ဆေဒါကာသသည်။ပုနပ္ပုနံ၊အဖန်တ လဲလဲ။ဥဂ္ဃါဋိယမာနမ္ပိ၊ခွာအပ်သော်လည်း။အာကာသမေဝ၊ကောင်းကင်သည်သာလျှင်။ဟောတိ၊၏။ဣတိ တသ္မာ၊ထို့ကြောင့်။တတ္ထ၊ထိုပရိစ္ဆေဒါကာသ၌။ကသိဏုဂ္ဃါဋနံ၊ကသိုဏ်းကိုခွာခြင်းကို။န လဗ္ဘတိ၊မရအပ်။

(ဆ) တသ္မာ၊ထို့ကြောင့်။(ဝါ)ထိုသို့ ပရိစ္ဆေဒါကာသဝယ် ကသိဏုဂ္ဃါဋနကို မရအပ်သည်၏ အဖြစ် ကြောင့်။တတ္ထ၊ထိုပရိစ္ဆေဒါကာသ၌။ဥပ္ပန္နံ၊ဖြစ်သော။ဈာနံ၊ရူပါဝစရဈာန်သည်။ဒိဋ္ဌဓမ္မသုခဝိဟာရာယ၊မျက်မှောက် ဘဝ၌ ချမ်းသာစွာနေရခြင်း အကျိုးငှာ။သံဝတ္တတိ၊ဖြစ်၏။အဘိညာပါဒကံ၊အဘိညာ၏အခြေသည်။ဟောတိ၊ ဖြစ်၏။ဝိပဿနာပါဒကံ၊ဝိပဿနာ၏ အခြေသည်။ဟောတိ၊ဖြစ်၏။နိရောဓပါဒကံ၊နိရောဓ သမာပတ်၏ အခြေသည်။န ဟောတိ၊မဖြစ်။

➢ ❷ ။ **(က+ခ) သို့/ ပါပနာဒိပဉ္စက** ။ ။ ဆရာ၊ ဆရာသည် ရှေးဆိုခဲ့ပြီး ဝါကျတို့ဖြင့် ဤဓမ္မသင်္ဂဏီပါဠိတော်၌ ဝိညာဏကသိုဏ်းကို ဟောတော်မမူခြင်း၏ အကြောင်းကို ပြဆိုတော်မူ၏။

http://www.dhammadownload.com

ထိုသို့သာ ဆိုချေသော် ဤဓမ္မသင်္ဂဏီပါဠိတော်၌ ဝိညာဏကသိုဏ်းကို ဟောတော်မမူခြင်း၏ အကြောင်းကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤဓမ္မသင်္ဂဏီပါဠိတော်၌ အာကာသကသိုဏ်းကို ဟောတော်မမူခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤဓမ္မသင်္ဂဏီပါဠိတော်၌ အာကာသကသိုဏ်းကို ဟောတော်မမူခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ (ဝါ) အဘယ့်ကြောင့် ဤဓမ္မသင်္ဂဏီပါဠိတော်၌ အာကာသကသိုဏ်းကို ဟောတော်မမူအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က+ခ) ဝါကျတို့ကိုမိန့်။

အဓိပ္ပါယ်ကား- (က+ခ) တို့ဖြင့် အာကာသကသိုဏ်းဟူသည် ရူပ, အရူပနှစ်မျိုး ရောနှောနေသည်၏ အဖြစ်ကြောင့် ယင်းအာကာသကသိုဏ်းကို ဤဓမ္မသင်္ဂဏီပါဠိတော်၌ ရူပါဝစရဒေသနာသို့တင်၍ ဘုရားရှင် ဟောတော်မမူဟူလို။

(ခ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်စသည်ကို အာကာသကသိဏ-ဟု ဆိုအပ်၏ဟု အာကာသကသိဏ၏ သရုပ် အဘိဓေယျတ္ထကို ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် အာကာသကသိဏ၏ သရုပ် အဘိဓေယျတ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထို သို့ မရောက်သင့်လေသောကြောင့် ယင်းအာကာသကသိုဏ်းကို ရူပါဝစရဒေသနာသို့ မတင်ခြင်း၏ အကြောင်းကိုလည်း (ဝါ) ယင်းအာကာသကသိုဏ်းကို ရူပါဝစရဒေသနာအရာ၌ မဟောခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ယင်းအာကာသ ကသိုဏ်းကို ရူပါဝစရဒေသနာအရာ၌ မဟောခြင်း၏အကြောင်းကား အဘယ်ပါနည်း။ ဤသို့--ကြောင့် (ခ) မိန့်။

(ခ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ကသိဏုဂ္ဃါဋိမာကာသကိုငှင်း, ထိုကောင်းကင်ပညတ်ကို အာရုံပြု၍ဖြစ်သော ခန္ဓာတို့ကိုငှင်း, နံရံပေါက်-စသည်တို့တွင် အမှတ်မရှိ တပါးပါး၌ ယူအပ်သော နိမိတ်ဖြစ်သော ပရိစ္ဆေဒါကာသကိုငှင်း, ထိုပရိစ္ဆေဒါကာသကို အာရုံပြု၍ဖြစ်သော စတုက္ကဈာန်, ပဥ္စကဈာန်ကိုငှင်း "အာကာသကသိဏ"ဟူ၍ **ဆိုအပ်သောဟု** ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် စတုက္ကဈာန် ပဥ္စကဈာန်ဟုဆိုအပ်လျှင် ရူပါဝစရဒေသနာသို့ တင်အပ်ကောင်းသည် မဟုတ်ပါလော။ ထိုသို့ တင်အပ်ကောင်းသောကြောင့် (က) ဖြင့်--ဆိုအပ်သောဟု မဆိုသင့်။ အာကာသကသိုဏ်းကို ရူပါဝစရဒေသနာသို့ တင်၍ ဟောတော်မမူခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အာကာသကသိုဏ်းကို ရူပါဝစရ ဒေသနာသို့ တင်၍ ဟောတော်မမူခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ (ခ) မိန့်။

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် အာကာသကသိုဏ်း၏ အာရုပ္ပဒေသနာ ရူပါဝစရဒေသနာ ရောနှောသည်၏အဖြစ်ကြောင့် ယင်းအာကာသကသိုဏ်းကို ရူပါဝစရဒေသနာသို့ မတင်အပ်ဟု ဆိုတော်မူ၏။ (ဝါ) မဟောအပ်ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပရိစ္ဆေဒါကာသ၌ဖြစ်သော ရူပါဝစရ ဈာန်ကို ဤရူပါဝစရဒေသနာအရာ၌ မဟောအပ်ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤရူပါဝစရအရာ၌ ယူသင့် မယူသင့်

http://www.dhammadownload.com

အဆုံးအဖြတ်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့၌ အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤရူပါဝစရအရာ၌ ယူသင့် မယူသင့် အဆုံးအဖြတ်ကား အဘယ်ပါနည်း။ (ဂ) မိန့်

(ဂ) သို့/ ဠပနာပဠက ။ ။ (ပ) သော် ပရိစ္ဆေဒါကာသ၌ဖြစ်သော စတုက္ကပဥ္စကစျာန်ကို ဤရူပါဝစရအရာ၌ ယူသင့် မယူသင့်သော အဆုံးအဖြတ်ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (ခ) ဖြင့် အာကာသကသိုဏ်း၏ အာရုပ္ပဒေသနာ ရူပါဝစရ ဒေသနာ ရောနှောသည်၏အဖြစ်ကြောင့် ယင်းအာကာသကသိုဏ်းကို ရူပါဝစရဒေသနာသို့ မတင်အပ်ဟု မဆိုသင့်။ ဤပရိစ္ဆေဒါကာသ၌ဖြစ်သော စတုက္ကပဥ္စကစျာန်ကို ဤရူပါဝစရအရာ၌ ယူသင့် မယူသင့်သော အဆုံးအဖြတ်ကိုလည်း ပြဆိုသင့်သေး၏။ ဤပရိစ္ဆေဒါကာသ၌ဖြစ်သော စတုက္ကပဥ္စကစျာန်ကို ဤရူပါဝစရအရာ၌ ယူသင့် မယူသင့်သော အဆုံးအဖြတ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဠပနာပဠက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဓမ္မသင်္ဂဏီပါဠိတော်ဝယ် အာကာသ ကသိုဏ်းကို ရူပါဝစရဒေသနာသို့ မတင်အပ်သော်လည်း အဋ္ဌကထာနည်းအားဖြင့် ယူထိုက်ကြောင်းကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤအဋ္ဌကထာနည်း၌လည်း ထိုအာကာသကသိုဏ်းသည် ရူပ, အရူပ နှစ်မျိုးရောနှောနေ၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဂ) ဖြင့် ဓမ္မသင်္ဂဏီပါဠိတော်ဝယ် အာကာသ ကသိုဏ်းကို ရူပါဝစရဒေသနာသို့ မတင်အပ်သော်လည်း အဋ္ဌကထာနည်းအားဖြင့် ယူထိုက်ကြောင်းကို မဆိုသင့်။ ပရိစ္ဆေဒါကာသ၌ ဖြစ်-မဖြစ်သော စျာန်ကိုလည်း ပြဆိုသင့်သေး၏။ ပရိစ္ဆေဒါကာသ၌ အဘယ်စျာန်ဖြစ်၍ အဘယ်စျာန်သည် မဖြစ်ပါသနည်း။ (ဃ)မိန့်

(င) သို့/ ဠပနာပဠက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ထိုပရိစ္ဆေဒါကာသ၌ စတုက္ကပဥ္စက စျာန်သာ ဖြစ်၏၊ အရူပစျာန် မဖြစ်ဟု ဆိုတော်မူ၏။ ဤသို့ဆိုချေသော် ထိုပရိစ္ဆေဒါကာသ၌ စတုက္ကပဥ္စက စျာန်သာ ဖြစ်၍၊ အရူပစျာန် မဖြစ်သည်၏အဖြစ်ကို ထင်စွာ မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ဃ) ဖြင့် ထိုပရိစ္ဆေဒါကာသ၌ စတုက္ကပဥ္စက စျာန်သာ ဖြစ်၏၊ အရူပစျာန် မဖြစ်ဟု မဆိုသင့်။ ထိုပရိစ္ဆေဒါကာသ၌ စတုက္ကပဥ္စက စျာန်သာ ဖြစ်၍၊ အရူပစျာန် မဖြစ်သည်၏အဖြစ်ကို ထင်စွာ ပြဆိုသင့်သေး၏။ ထိုပရိစ္ဆေဒါကာသ၌ စတုက္ကပဥ္စက စျာန်သာ ဖြစ်၍၊ အရူပစျာန် မဖြစ်သည်၏ အဖြစ်ကို အသို့လျှင် ထင်စွာ သိမှတ်အပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(စ) သို့/ ဠပနာပဠက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် ကသိုဏ်းခွါခြင်းကို မရခြင်းကြောင့် ပရိစ္ဆေဒါကာသ စတုက္က, ပဥ္စကစျာန်သာဖြစ်၏၊ အရူပစျာန် မဖြစ်ဟု ဆို၏။ ထိုသို့ဆိုချေသော် ထို ပရိစ္ဆေဒါကာသကို ယောဂီပုဂ္ဂိုလ်သည် ဘာဝနာဖြင့် အထပ်ထပ် ပယ်ခွါအပ်သည် မဟုတ်ပါလော။ ထိုသို့ ပယ်ခွါအပ်သည်၏အဖြစ်ကြောင့် (င) ဖြင့် ကသိုဏ်းခွါခြင်းကို မရခြင်းကြောင့် ပရိစ္ဆေဒါကာသ စတုက္က, ပဥ္စကစျာန်သာဖြစ်၏၊ အရူပစျာန် မဖြစ်ဟု **မဆိုသင့်။** ကသိုဏ်းခွါခြင်းကို မရခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ကသိုဏ်းခွါခြင်းကို မရခြင်း၏အကြောင်းကား အဘယ်ပါနည်း။ (စ) မိန့်။

(တနည်း) (ပ) မဆိုသင့်။ ကသိုဏ်းကို ခွါခြင်းကို မရဟု ထုံးဆန်းစွာဆိုသော ဆရာ့ကားကို ခိုင်မြဲ စေတတ်သော သဘာဝယုတ္တိဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။ ကသိုဏ်းကို ခွါခြင်းကို မရဟု

http://www.dhammadownload.com

ထူးဆန်းစွာဆိုသော ဆရာ့ကားကို ခိုင်မြဲစေတတ်သော သဘာဝယုတ္တိဒဠှီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

(ဆ) သို့/ ပါပနာဒိပဋ္ဌက ။ ။ ဆရာ၊ ဆရာသည် (ဃ)(င)(စ) ဝါကျတို့ဖြင့် ထိုပရိစ္ဆေဒါကာသ၌ စတုက္က, ပဉ္စကဈာန်သာဖြစ်၏၊ အရူပဈာန် မဖြစ်ဟု ဆို၏။ ထိုသို့ဆိုချေသော် ထိုပရိစ္ဆေဒါကာသ၌ အရူပဈာန် မဖြစ်ဟု ဆိုသဖြင့် တစ်စုံတစ်ခုရအပ်သော အကျိုးမရှိ နိရတ္ထကသာ ဖြစ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ထိုပရိစ္ဆေဒါကာသ၌ အရူပဈာန် မဖြစ်ဟု ဆိုရခြင်းအကျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ ထိုပရိစ္ဆေဒါကာသ၌ အရူပဈာန် မဖြစ်ဟု ဆိုရခြင်းအကျိုးကား အဘယ်ပါနည်း။ (ဆ) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ **(ခ)** ဖြင့် (က) ၌ တင်သင့်သော အဗျာပိတဒေါသကို **(ဂ)** ဖြင့် (ခ) ၌ တင်သင့်သော အဗျာပိတဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ထိုပရိစ္ဆေဒါကာသ၌ အရူပဈာန် မဖြစ်ခြင်း၏ အကြောင်းကို ပြသောကြောင့် (ဝါ) ပုစ္ဆာ ဝိဿဇ္ဇနာကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(စ)** ဖြင့် (င)ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ပုနရုတ္တိဒေါသ, အဗျာပိတ အပရိပုဏ္ဏ ဒေါသတို့ကို ပယ်ပါသည်။ **(ဆ)** ဖြင့် ရအပ်သော အကျိုးလဒ္ဓဂုဏ်ကို ပြသောကြောင့် နိရတ္ထကဒေါသကို ပယ်ပါသည်။

(ဆ) ၌ တသ္မာ–ကို ထားခြင်းအကြောင်း ။ ။ ပရိစ္ဆေဒါကာသ၌ စတုက္က, ပဉ္စကဈာန်သာဖြစ်၏၊ အရူပဈာန် မဖြစ်ဟုဆိုသဖြင့် ရအပ်သော အကျိုးဂုဏ်ကို ပြလိုသော အရာဌာနဖြစ်သောကြောင့် (ဆ) ၌ တသ္မာ–ကို ထားရပါသည်။

➤ ❹ ။ * ဥဂ္ဃါဋ္ဌေန် ဥဂ္ဃါဋ္ဌော။ ကသိဏာသ ဥဂ္ဃါဋ္ဌော ကသိဏုဂ္ဃါဋ္ဌော။ ကသိဏုဂ္ဃါဋ္ဌေန လဒ္ဓံ **ကသိဏုဂ္ဃါဋိမံ**။ (၂) ကသိဏုဂ္ဃါဋ္ဌပုဒ်+က္ကမပစ္စည်းသည်၎င်း၊ ကသိုဏ်းကို ခွါခြင်း၏ ရအပ်သော ကောင်းကင်ပညတ်နှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကသိုဏ်းကို ခွါခြင်းကြောင့် ရအပ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဘိဒိယတိ ဒွိဓာ ကရိယတီတိ **ဘိတ္တိ**။ (ဘိဒိဓာတ်+တိ–ပစ္စည်း) ဆိဇ္ဇတီတိ **ဆိဒ္ဒံ**။ (ဆိဒိဓာတ်+ဒ–ပစ္စည်း) * ဘိတ္တိယာ ဆိဒ္ဒံ **ဘိတ္တိဆိဒ္ဒံ**။ (၂) နံရံ၏ အပေါက်နှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပေါက်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ဥဂ္ဃါဋိယတေ ဥဂ္ဃဋ္ဌနံ။ ကသိဏာသ ဥဂ္ဃါဋ္ဌနံ **ကသိဏုဂ္ဃါဋ္ဌနံ**။(တဿ) (၂) ကသိုဏ်းအာရုံ၏ ခွါသော ကာမာဝစရနှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

ဝိဝိစ္စေန အာကာရေန ပဿတီတိ **ဝိပဿနာ**။ ပဇ္ဇတေ အနေနာတိ **ပါဒကံ**။(ဈာန်)

ဝိပဿနာယ ပါဒကံ **ဝိပဿနာပါဒကံ**။ (၂) ဝိပဿနာ၏ အခြေခံဖြစ်သော ဈာန်နှင့် အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိပဿနာ၏ အခြေဖြစ်သော ဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

အဘိညာန် ပါဒကံ **အဘိညာပါဒကံ**။ နိရောဓဿ သမာပတ္တိယာ ပါဒကံ **နိရောဓပါဒကံ**။

စိတ္တစေတသိကာ အာဂန္တွာ ရမန္တိ ဧတ္ထာတိ **အာရမ္မဏံ**။ (၂) အာပုဗ္ဗ ရမုဓာတ်+ယု ပစ္စည်းသည်၎င်း၊ လာရောက်၍ မွေ့လျော်ခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အာရုံတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

* ပုရေ ဘာဝေါ ပုရိမော။ နီယတိ ဉာယတိ အတ္ထော ဧတေနာတိ နယော။

ပုရိမော စ သော နယော စာတိ **ပုရိမနယော**။ (၂) ရှေး၌ဖြစ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ နယနှင့် ဂုဏ်+ဂုဏေး၊ ဝိသေသန၊ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပုရိမနယတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

မိဿေတီတိ **မိဿကံ**။ (မိဿ+ဏ္ဍု) မိဿကဿ ဘာဝေါ **မိဿကတ္တံ**။ (တဿ) (၂) မိဿက ပုဒ်+တ္တပစ္စည်းသည်၎င်း၊ ရောနှောသော အာကာသကသိုဏ်း၏ ရောနှောသည်၏အဖြစ်တည်းဟူသော ဂုဏ် နှင့် ဂုဏေး+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ရောနှောသည်၏အဖြစ်တည်း ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

အာရုယှတီတိ အာရုဠ္ဟံ။ အာရုယှိတ္ထာတိ **အာရုဠ္ဟံ**။ (၂) အာပုဗ္ဗ ရုဟဓာတ်+တ-ပစ္စည်းသည်၎င်း၊ အစိတ်သဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော တင်ခြင်း, တက်ခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အပေါင်းသဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော တင်ခြင်း, တက်ခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်။

* ရုပ္ပတီတိ ရူပံ။ ဘဝန္တိ ဧတ္ထာတိ ဘဝေါ။ ရူပဿ ဘဝေါ ရူပဘဝေါ။ ဥပပဇ္ဇနံ ဥပပတ္တိ။

ရူပဘဝေ ဥပပတ္တိ **ရူပူပပတ္တိ**။(တဿ) (၂) ရူပဘုံ၏ ဥပပတ္တိ-အရ ပဋိသန္ဓေနှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ရူပူပပတ္တိတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

* ဉာဏေန ဒဋ္ဌဗ္ဗောတိ **ဒိဋ္ဌော**။(ဒိသ+အ) အတ္တနော ဘာဝံ ဓာရေတီတိ **ဓမ္မော**။ (ဓရ+ရမ္မ)

ဒိဋ္ဌော စ သော ဓမ္မော စာတိ **ဒိဋ္ဌဓမ္မော**။ ဝိဟရဏံ **ဝိဟာရော**။ သုခီယတေ **သုခံ**။

သုခံ ဝိဟာရော သုခဝိဟာရော။ သုခေန ဝိဟာရော **သုခဝိဟာရော**။

ဒိဋ္ဌဓမ္မေ သုခဝိဟာရော **ဒိဋ္ဌဓမ္မသုခဝိဟာရော**။(တဿ) (၂) ဒိဋ္ဌဓမ္မ၏ သုခဝိဟာရနှင့် ကာလ+ကာလိက၊ အာဓာရ+အာဓာရီ၊ နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဒိဋ္ဌဓမ္မသုခဝိဟာရတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ * အဘိဝိသေသတော ဇာနာတီတိ **အဘိညာ**။ ပဇ္ဇတိ ဂစ္ဆတီတိ **ပါဒေါ**။(ပဒ+ဏ)

အဘိညာယ ပါဒကံ **အဘိညာပါဒကံ**။ (၂) အဘိညာဉ်၏ အခြေခံဖြစ်သော ဈာန်နှင့် သာမီ+သံ၊ ဖလ+ကာရဏ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အဘိညာဉ်၏ အခြေခံဖြစ်သော ဈာန် တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)** ဖြင့် အာကာသကသိဏ်-အရ ကသိုဏ်းကို ခွါ၍ရအပ်သော ကောင်းကင်ပညတ်ကို ၎င်း၊ ထိုကောင်းကင်ပညတ်ကို အာရုံပြု၍ဖြစ်သော ပဋ္ဌမာရုပ္ပခန္ဓာကို၎င်း၊ နံရံပေါက်စသည်တို့တွင် အမှတ်

http://www.dhammadownload.com

မရှိ တပါးပါး၌ ယူအပ်သော နိမိတ်ဖြစ်သော ပရိစ္ဆေဒါကာသကိုရင်း၊ ထိုပရိစ္ဆေဒါကာသကို အာရုံပြု၍ ဖြစ်သော ရူပါဝစရ စတုက္က, ပဉ္စကဈာန်ကိုရင်း ယူရမည်ဟု သိစေသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ **၇** ။ **(က)** **ပိ**-ကား အညမညသမုစ္စယတ္ထ။ (ဂ) **ပန**-ကား လက္ခဏာအရုစျတ္ထ။

(ဃ) စတုက္ကပဉ္စကဈာနမေဝ–၌ (၁) ရူပါဝစရ စတုက္က, ပဉ္စကဈာန်သည် ဂဟေတဗ္ဗတ္ထ။ (၂) အရူပဈာန်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ရူပဈာန်၏ ပရိစ္ဆေဒါကာသကို အာရုံပြု၍ဖြစ်ရခြင်းသည် အနုညာတတ္ထ။ **(စ) အာကာသမေဝ–၌** (၁) ပရိစ္ဆေဒါကာသသည် ဂဟေတဗ္ဗတ္ထ။ (၂) ကသိဏုဂ္ဃါဋိမာကာသသည် နိဝတ္တေတဗ္ဗတ္ထ။ * (က)၌ (ပထမ) **တံ**-ဖြင့် တံ အာကာသံ-ဟု စွဲရမည်။ (ဒုတိယ) **တံ**-ဖြင့် တံပရိစ္ဆေဒါကာသံ-ဟု စွဲရပါမည်။ (ခ) ၌ **တဿ**-ဖြင့် တဿ တေသု ပုရိမနယပစ္ဆိမနယေသု-ဟု စွဲရပါမည်။ **ဣမံ**-ဖြင့် ဣမံ အာကာသကသိဏံ-ဟု စွဲရပါမည်။ (ဂ) ၌ **တံ**-ဖြင့် တံ ပရိစ္ဆေဒါကာသေ နိဗ္ဗတ္တဈာနံ (တနည်း) တံ ဈာနံ-ဟု စွဲရပါမည်။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **ဂဟေတဗ္ဗံ–၌ ဂဟဓာတ်–အရ** = ပညာရှိတို့ သန္တာန်၌ဖြစ်သော ပရိစ္ဆေဒါကာသ၌ဖြစ်သော ဈာန်သည် ဈာန်ကိုသိသော အခြင်းအရာဖြင့်ဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ဖြစ်ပါသည်။ (၁) ယင်းစိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) ပရိစ္ဆေဒါကာသ၌ဖြစ်သော ဈာန်ကို သိသဖြင့် ၎င်းဈာန်တို့ကို ရအောင်အားထုတ်ခြင်းသည် ပကာသနတ္ထ။ (၄) ပုဗ္ဗေစကတပုညတာ-စသော သမ္ပတ္တိစက် လေးပါးသည် ဝိဘာဝတ္ထ။ (၅) ဈာန်ရအောင် အားထုတ်သဖြင့် ၎င်းဈာန်တို့ကိုရရှိခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးတရားတို့သည် အနုဘာဝတ္ထ။

(က) ပဝတ္တကုန္ဒာပိ–အရ = အာကာသာနဉ္စာယတနဈာန်ကို ယူထုတ်။

(ဆ) တတ္ထုပ္ပန္နံ ဈာနံ–အရ = ပရိစ္ဆေဒါကာသကို အာရုံပြု၍ဖြစ်သော ရူပါဝစရစတုက္က, ပဉ္စကဈာန်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာတို့သည် ဒီပကတ္ထ။ (၃) ဒိဋ္ဌဓမ္မသုခဝိဟာရ-စသော အကျိုးသည် ပကာသနတ္ထ။ (၄) အဓိကာရဆန္ဒ, ယောနိသောမနသိကာရစသည်သည် ဝိဘာဝတ္ထ။ (၅) ရူပဗြဟ္မာဘုံ၌ ဖြစ်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➤ **၉** ။ **(င)(စ) တို့၌ ကသိဏုဂ္ဃါဋိမ–အရ** = ကာမာဝစရဘာဝနာ ဖြစ်ပါသည်။ ထိုတွင် ပဓာန-ကား "သမာဓိ" ဖြစ်ပါသည်။

ရူပူပပတ္တိယာ မဂ္ဂေ–၌ မဂ္ဂ–အရ ရူပါဝစရကုသိုလ်ဈာန် ဖြစ်ပါသည်။ "ဈာန်"၏ လက္ခဏာဒိ စတုက္ကကို ထုတ်လေ။ **(ဆ) ဝိပဿနာပါဒကံ–၌ ဝိပဿနာ–အရ** "ပညာ"ကို ယူ၍ထုတ်။

➤ **၁၀** ။ **(ဃ) တသ္မိံ+စတုက္ကပဉ္စကဈာနမေဝ ဥပ္ပဇ္ဇတိ** ။ ။ တသ္မိံ-အရ ပရိစ္ဆေဒါကာသ ပစ္စည်းတရားသည် စတုက္ကပဉ္စကဈာနမေဝ ဥပ္ပဇ္ဇတိ-အရ ရူပါဝစရ စတုက္က ပဉ္စကဈာန် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

(ဆ) တတ္ထုပ္ပန္နံ ဈာနံ ။ ။ တတ္ထ-အရ ပရိစ္ဆေဒါကာသ ပစ္စည်းတရားသည် ဈာနံ-အရ ရူပါဝစရ စတုက္က ပဉ္စကဈာန် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။(ပြိုင်-မရှိ)

F-32-A

http://www.dhammadownload.com

ပါဠိ (၁၁၂) [ဋ္ဌ၊၂၃၁။ ပြည်၊ဒု၊၃၂၉။ ဘာသာဋီ၊တ၊၂၃]

(က) **တသ္မာ တတ္ထျပ္ပန္နံ ဈာနံ ဒိဋ္ဌဓမ္မသုခဝိဟာရာယ သံဝတ္တတိ၊ အဘိညာပါဒကံ ဟောတိ၊ ဝိပဿနာပါဒကံ ဟောတိ၊ နိရောဓပါဒကံ န ဟောတိ။**(အနက်ပေးခဲ့ပြီး)

(ခ) **အနုပုဗ္ဗနိရောဓော ပနေတ္ထ ယာဝ ပဌမဇ္ဈာနာ လဗ္ဘတိ၊** (ဂ) **ဝဋ္ဋပါဒကံ ဟောတိယေဝ။**

(ဃ) **ယထာ စေတံ၊ ဧဝံ ပုရိမကသိဏေသု ဥပ္ပန္နံ ဈာနမ္ပိ။**

(င) **နိရောဓပါဒကဘာဝေါ ပနေတ္ထ ဝိသေသော။**

(စ) **သေသမေတ္ထ အာကာသကသိဏေ ယံ ဝတ္တဗ္ဗံ သိယာ၊ တံ သဗ္ဗံ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တမေဝ။**

➤ ❶ ။ **(ခ)** ပန၊ဆက်၍ဆိုအံ့။ဧတ္ထ၊ဤပရိစ္ဆေဒါကာသဥ္၌။အနုပုဗ္ဗ နိရောဓော၊အစဥ်အတိုင်း ချုပ်ခြင်းကို။ယာဝ ပဌမဇ္ဈာနာ၊ပဌမဈာန်တိုင်အောင်။လဗ္ဘတိ၊ရအပ်၏။

(ဂ) ဝဋ္ဋ ပါဒကံ၊ဝဋ်၏အခြေသည်။ဟောတိ ယေဝ၊ဖြစ်သည်သာလျှင်တည်း။

(ဃ) စ၊ဆက်။ဧတံ ဈာနံ၊ဤပရိစ္ဆေဒါကာသဥ္၌ဖြစ်သော ဈာန်သည်။အဘိညာပါဒကံ၊အဘိညာ၏ အခြေသည်။ဟောတိ ယထာ၊ဖြစ်သကဲ့သို့။ဧဝံ တထာ၊တူ။ပုရိမ ကသိဏေသု၊ရှေးဖြစ်သော ကသိဏ်းတို့ ၌။ဥပ္ပန္နဇ္ဈာနမ္ပိ၊ဖြစ်သော ဈာန်သည်လည်း။အဘိညာပါဒကံ၊သည်။ဟောတိ၊ဖြစ်၏။ **(တနည်း)**

(ဃ) စ၊သည်သာမကသေး။ဧတံ၊ဤပရိစ္ဆေဒါကာသဥ္၌ဖြစ်သော ဈာန်သည်။(ဒိဋ္ဌဓမ္မသုခဝိဟာရာယ၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းအကျိုးငှာ။သံဝတ္တတိ ယထာ၊ဖြစ်သကဲ့သို့၎င်း။အဘိညာပါဒကံ၊ အဘိညာဥ်၏ အခြေခံသည်။ဟောတိ ယထာ၊ဖြစ်သကဲ့သို့၎င်း။ဝိပဿနာပါဒကံ၊ဝိပဿနာ၏ အခြေခံသည်။ ဟောတိ ယထာ၊ဖြစ်သကဲ့သို့၎င်း)ဧဝံ၊ဤအတူ။ပုရိမကသိဏေသု၊ရှေးကသိဏ်းတို့၌။ဥပ္ပန္နံ၊ဖြစ်သော။ဈာနံပိ၊ ဈာန်သည်လည်း။(ဒိဋ္ဌဓမ္မသုခဝိဟာရာယ၊မျက်မှောက် ဘဝ၌ ချမ်းသာစွာနေရခြင်း အကျိုးငှာ။သံဝတ္တတိ၊ဖြစ်၏။ အဘိညာပါဒကံ၊အဘိညာ၏အခြေသည်။ဟောတိ၊ဖြစ်၏။ဝိပဿနာပါဒကံ၊ဝိပဿနာ၏ အခြေသည်။ ဟောတိ၊ဖြစ်၏။)

(င) ပန၊အထူးကို ဆိုအံ့။ဧတ္ထ၊ဤပုရိမ ကသိဏ်းတို့၌ဖြစ်သော ဈာန်တို့၌။(ဥပ္ပန္နသ၊ဖြစ်သော။ ဈာနဿ၊ဈာန်၏)နိရောဓ ပါဒကဘာဝေါ၊နိရောဓသမာပတ်၏ အခြေ၏အဖြစ်သည်။ဝိသေသော၊ထူး၏။

(စ) ဧတ္ထ ဧတသ္မိံ ရူပါဝစရာဓိကာရေ၊ဤရူပါဝစရဈာန်အရာ၌။အာကာသ ကသိဏေ၊အာကာသ ကသိဏ်း၌။ဝတ္တဗ္ဗံ၊ဆိုထိုက်သော။ယံ ဝစနံ၊အကြင်စကားသည်။သေသံ၊ကြွင်းသည်။သိယာ၊ဖြစ်ရာ၏။တံ သဗ္ဗံ၊ထိုအလုံးစုံကို။ဝိသုဒ္ဓိမဂ္ဂေ၊ဝိသုဒ္ဓိမဂ်၌။(မယာ၊ငါသည်)ဝုတ္တမေဝ၊ဆိုအပ်ပြီးသည်သာတည်း။

➤ ❷ ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က)ဝါကျဖြင့် ထိုပရိစ္ဆေဒါကာသဥ္၌ဖြစ်သော ဈာန်သည် ဒိဋ္ဌဓမ္မသုခဝိဟာရအကျိုးငှာ ဖြစ်၏၊ အဘိညာပါဒကဖြစ်၏၊ ဝိပဿနာပါဒက ဖြစ်၏၊ နိရောဓပါဒက မဖြစ်ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် နေယျတ္ထ နီတတ္ထ နှစ်ပါးကို ထင်စွာ မသိအပ်ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက် သင့်လေသောကြောင့် နေယျတ္ထ နီတတ္ထ နှစ်ပါးကို ထင်စွာပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေ ချေသော် ဆရာ၌ အဗျာပိတဒေါသ သင့်ရောက်ရာ၏။ နေယျတ္ထ နီတတ္ထ နှစ်ပါးကို အသို့လျှင် ထင်စွာ

http://www.dhammadownload.com

သိအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)တို့ဖြင့် ထိုပရိစ္ဆေဒါကာသ၌ဖြစ်သော ဈာန်သည် ဒိဋ္ဌဓမ္မသုခဝိဟာရအကျိုးငှာ ဖြစ်၏၊ အဘိညာပါဒကဖြစ်၏၊ ဝိပဿနာပါဒက ဖြစ်၏၊ နိရောဓပါဒက မဖြစ်ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝဋ္ဋပါဒက မဖြစ်ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ထိုပရိစ္ဆေဒါကာသ၌ဖြစ်သော ဈာန်၏ ဝဋ္ဋပါဒက ဖြစ်-မဖြစ်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့၌ အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ထိုပရိစ္ဆေဒါ ကာသ၌ဖြစ်သော ဈာန်၏ ဝဋ္ဋပါဒက ဖြစ်-မဖြစ် အဆုံးအဖြတ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ)တို့ဖြင့် ထိုပရိစ္ဆေဒါကာသ၌ ဖြစ်သော ဈာန်သည် ဒိဋ္ဌဓမ္မသုခဝိဟာရ စသည်ဖြစ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပုရိမကသိဏ ဈာန်တို့၏ ဒိဋ္ဌဓမ္မသုခဝိဟာရ-စသည် ဖြစ်-မဖြစ်ကို မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (က)(ခ)(ဂ)တို့ဖြင့် ထိုပရိစ္ဆေဒါကာသ၌ ဖြစ်သော ဈာန်သည် ဒိဋ္ဌဓမ္မသုခဝိဟာရ စသည်ဖြစ်၏ဟု မဆိုသင့်။ ပုရိမကသိဏ ဈာန်တို့၏ ဒိဋ္ဌဓမ္မသုခဝိဟာရ-စသည် ဖြစ်-မဖြစ်ကိုလည်း ပြဆိုသင့်သေး၏။ ပုရိမကသိဏ ဈာန်တို့၏ ဒိဋ္ဌဓမ္မသုခဝိဟာရ-စသည် ဖြစ်-မဖြစ်ကို အသို့လျှင် သိမှတ်အပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဤပရိစ္ဆေဒါကာသ ကသိဏဈာန်သည် ဒိဋ္ဌဓမ္မသုခဝိဟာရ-စသည် ဖြစ်သကဲ့သို့ ပုရိမကသိဏဈာန်သည်လည်း ဒိဋ္ဌဓမ္မသုခဝိဟာရစသည် ဖြစ်၏ဟု ဆိုတော်မူ၏။ ဤသို့ဆိုချေသော် ဤပုရိမကသိဏဈာန်၌ အထူးဝိသေသကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (ဃ) ဖြင့် ဤပရိစ္ဆေဒါကာသ ကသိဏဈာန်သည် ဒိဋ္ဌဓမ္မသုခဝိဟာရ-စသည် ဖြစ်သကဲ့သို့ ပုရိမကသိဏဈာန်သည်လည်း ဒိဋ္ဌဓမ္မသုခဝိဟာရစသည် ဖြစ်၏ဟု မဆိုသင့်။ ဤပုရိမကသိဏဈာန်၌ အထူးဝိသေသကိုလည်း ပြဆိုသင့်သေး၏။ ဤပုရိမကသိဏဈာန်၌ အထူးဝိသေသကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(တနည်း) ဆရာ၊ ဆရာသည် (ဃ) ဖြင့် ယထာ စေတ၊ ဧဝံ ပုရိမကသိဏေသု ဥပ္ပန္နံ ဈာနမ္ပိ-ဟု ဖွင့်ဆိုတော်မူ၏။ ဤသို့ဆိုချေသော် ပရိစ္ဆေဒါကာသကသိဏဈာန်နှင့် ပုရိမကသိဏဈာန်တို့သည် အလုံးစုံတူ၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဃ) ဖြင့် ယထာ စေတ၊ ဧဝံ ပုရိမကသိဏေသု ဥပ္ပန္နံ ဈာနမ္ပိ-ဟု မဖွင့်ဆိုသင့်။ ပရိစ္ဆေဒါကာသ ကသိဏဈာန်နှင့် မတူ ထူးသော အနက်ကိုလည်း ပြဆိုသင့်သေး၏။ ပရိစ္ဆေဒါကာသ ကသိဏဈာန်နှင့် မတူ ထူးသော အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➤ ❷ ။ **(ခ)** စသည်ဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

➤ ❻ ။ ဝိသုဇ္ဈတိ သတ္တာ ဧတာယ ရာဂါဒိမလေဟီတိ **ဝိသုဒ္ဓိ**။ (နိဗ္ဗာန်) မဂ္ဂတိ ဂဝေသတိ အဓိဂစ္ဆတိ ဧတေနာတိ **မဂ္ဂေါ**။ ဝိသုဒ္ဓိယာ မဂ္ဂေါ **ဝိသုဒ္ဓိမဂ္ဂေါ**။ (တသ္မိံ) (၂) နိဗ္ဗာန်၏ လောကုတ္တရာမဂ်နှင့်

F-32-B

http://www.dhammadownload.com

ဖလ+ ကာရဏ၊ သာမီ+သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ဝိသုဒ္ဓိမဂ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

➤ **၆** ။ **(ခ)** ဖြင့် ဤပရိစ္ဆေဒါကာသ၌ အစဉ်အတိုင်းချုပ်ခြင်းကို ပဉ္စမဈာန်တိုင်အောင် ရအပ်သတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ) **(ဂ)** ဖြင့် ထိုထိုပရိစ္ဆေဒါကာသ၌ဖြစ်သော ဈာန်သည် ဝဋ္ဋပါဒက ဖြစ်သတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် ထိုထိုပရိစ္ဆေဒါကာသ၌ဖြစ်သော ဈာန်သည် ဒိဋ္ဌဓမ္မသုခဝိဟာရအလို့ငှာ ဖြစ်သကဲ့သို့ အဘိညာပါဒက ဝိပဿနာပါဒက ဝဋ္ဋပါဒကဖြစ်သကဲ့သို့ ထို့အတူ ပုရိမကသိဏ်းတို့၌ဖြစ်သော ဈာန်သည်လည်း ဒိဋ္ဌဓမ္မသုခဝိဟာရအလို့ငှာဖြစ်၏၊ အဘိညာပါဒက ဝိပဿနာပါဒက ဝဋ္ဋပါဒကဖြစ်သတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ) **(င)** ဖြင့် ဤပုရိမကသိဏ်းတို့၌ နိရောဓပါဒကအဖြစ်သည် ပရိစ္ဆေဒါကာသ ကသိဏဈာန်မှ ထူးသတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(စ) ဖြင့် ဤရူပါဝစရအရာ၌ အာကာသကသိဏ်း၌ ဆိုသင့်ဆိုထိုက်သော စကားအားလုံးကို ဝိသုဒ္ဓိမဂ်ကျမ်း၌ ငါဖွင့်ဆိုအပ်ပြီးသည်သာ ဖြစ်သတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ **၇** ။ **(ခ) ပန**-ကား ဝါကျာရမ္ဘဇောတက။ (ဃ) **စ**-ကား ဝါကျာရမ္ဘဇောတက။ (င) **ပန**-ကား ဝိသေသတ္ထ။ (ခ) **တွေ**-ကို တွေ-ပရိစ္ဆေဒါကာသေ-ဟု စွဲရပါမည်။ (ဃ) **တေ**-ကို တေ ပရိစ္ဆေဒါကာသကသိဏဈာန်-ဟု စွဲရပါမည်။ (င) **တွေ**-ကို တွေ-ပုရိမကသိဏဈာနေ-ဟု စွဲရပါမည်။ (စ) **တွေ**-ကို တွေ-ရူပါဝစရာဓိကာရေ-ဟု စွဲရပါမည်။

(ဂ) ဟောတိယေဝ-၌ (၁) ဟောတိကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) န ဟောတိ ကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။ **(စ) ဝုတ္တာမေဝ-၌** (၁) ဝုတ္တံ ကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) န ဝုတ္တံ ကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(စ) ဝုတ္တံ-၌ ဗာဟုလ္လ-အရ တရားကား** = ဝိသုဒ္ဓိမဂ်ကျမ်း အာကာသကသိဏ်း၌ ဖွင့်ဆိုအပ်သော အဋ္ဌကထာစကားရပ် ဖြစ်ပါသည်။

(၁) ထို--သည် ဒဿနတ္ထ။ (၂) အဋ္ဌကထာဆရာ၏ သန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒီပကတ္ထ။ (၃) ဝိသုဒ္ဓိမဂ်ကျမ်းလာ အာကာသကသိဏ်းနှင့် ပတ်သက်သော အကြောင်းအရာကို သောတုဇနတို့ သိရှိရခြင်းသည် ပကာသနတ္ထ။ (၄) ယောနိသော မနသိကာရသည် ဝိဘာဝတ္ထ။ (၅) ဝိသုဒ္ဓိမဂ်ကျမ်းလာ အာကာသ ကသိဏ်းနှင့် ပတ်သက်သော အကြောင်းအရာကို သိရသဖြင့် သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားရခြင်းအစ အနုပါဒိသေသနိဗ္ဗာန် တိုင်အောင်သော အကျိုးတို့သည် အနုဘာဝတ္ထ။

➤ **၁၀** ။ **(ခ) တွေ**-အရ ပရိစ္ဆေဒါကာသ ပစ္စည်းတရားသည် **လဗ္ဘတိ**-၌ လာဘဓာတ်-အရ ပညာရှိတို့ သန္တာန်၌ဖြစ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

အနုပ္ပါဒနိရောဓ-အရ ရူပါဝစရဈာန်တို့၏ အစဉ်အတိုင်း ချုပ်ခြင်း ပစ္စည်းတရားသည်

http://www.dhammadownload.com

လဗ္ဘတိ-၌ လဘဓာတ်-အရ ပညာရှိတို့ သန္တာန်၌ဖြစ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ယာဝပဥ္စမဇ္ဈာနာ-အရ ရူပါဝစရပထမဈာန် ပစ္စည်းတရားသည် **လဗ္ဘတိ**-၌ လဘဓာတ်-အရ ပညာရှိတို့ သန္တာန်၌ဖြစ်သော ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပါဠိ (၁၁၃) [ဋ္ဌ၊၂၃၂။ ပြည်၊ဒု၊၃၂၉။ ဘာသာဋီ၊တ၊၂၇]

(က) **ဝဝံ အဋ္ဌသု ကသိဏေသု ရူပါဝစရကုသလံ နိဒ္ဒိသိတွာ ဣဒါနိ ယသ္မာ သမာနေပိ အာရမ္မဏေ ဘာဝနာယ အသမာနံ ဣမေသု အဋ္ဌသု ကသိဏေသု အညမ္ပိ အဘိဘာယတနသင်္ခါတံ ရူပါဝစရကုသလံ ပဝတ္တတိ၊ တသ္မာ တံ ဒဿေတုံ ပုန "ကတမေ ဓမ္မာ ကုသလာ"တိ အာဒိ အာရဒ္ဓံ။**

(ခ) **တတ္ထ အဇ္ဈတ္တံ အရူပသညီတိ အလာဘိတာယ ဝါ အနတ္ထိကတာယဝါ အဇ္ဈတ္တ ရူပေ ပရိကမ္မသညာဝိရဟိတော။**

(ဂ) **ဗဟိဒ္ဓါ ရူပါနိ ပဿတီတိ ဗဟိဒ္ဓါ အဋ္ဌသု ကသိဏေသု ကတပရိကမ္မတာယ ပရိကမ္မဝသေန စေဝ အပ္ပနာဝသေနစ တာနိ ဗဟိဒ္ဓါ အဋ္ဌသု ကသိဏေသု ရူပါနိ ပဿတိ။**

(ဃ) **ပရိတ္တာနီတိ အဝဍ္ဎိတာနိ။**

➤ ❶ ။ **(က)** ဝဝံ၊ဤသို့။အဋ္ဌသု၊ကုန်သော။ကသိဏေသု၊တို့၌။ရူပါဝစရ ကုသလံ၊ကို။နိဒ္ဒိသိတွာ၊ ၍။ဣဒါနိ၊၌။ယသ္မာ၊ကြောင့်။အာရမ္မဏေ၊ပထဝီကသိုဏ်းအစရှိသော အာရုံသည်။သမာနေပိ၊တူပါသော်လည်း။ ဘာဝနာယ၊ပရိကမ္မ-စသော ဘာဝနာအားဖြင့်။အသမာနံ၊မတူသော။အဋ္ဌသု၊ကုန်သော။ဣမေသု ကသိဏေသု၊ တို့၌။အညမ္ပိ၊ကသိဏာယတနကုသိုလ်မှ တပါးလည်းဖြစ်သော။အဘိဘာယတန သင်္ခါတံ၊အဘိဘာယတနဟု ဆိုအပ်သော။ရူပါဝစရ ကုသလံ၊သည်။ပဝတ္တတိ၏။တသ္မာ၊ထို့ကြောင့်။တံ၊ထိုအဘိဘာယတနဟု ဆိုအပ်သော ရူပါဝစရ ကုသိုလ်ကို။ဒဿေတုံ၊ပြခြင်းငှာ။ပုန၊တဖန်။ကတမေ ဓမ္မာ ကုသလာတိ အာဒိ၊ဤသို့ အစရှိသော စကားကို။အာရဒ္ဓံ၊အားထုတ်အပ်၏။ **(ခ)** တတ္ထ၊ထိုကတမေ ဓမ္မာ ကုသလာ အစရှိသော စကားရပ်၌။ဝိနိစ္ဆယော၊အဆုံးအဖြတ်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။အဇ္ဈတ္တံ အရူပသညီတိ၊ကား။အလာဘိတာယဝါ၊ မရသည်၏အဖြစ်ကြောင့်၎င်း။အနတ္ထိကတာယဝါ၊အလိုမရှိသည်၏ အဖြစ်ကြောင့်၎င်း။အဇ္ဈတ္တ ရူပေ၊အဇ္ဈတ္တရုပ်၌။ ပရိကမ္မသညာ ဝိရဟိတော၊ပရိကမ္မသညာမှ ကင်းသည်ဖြစ်၍။

(ဂ) ဗဟိဒ္ဓါ ရူပါနိ ပဿတီတိ၊ကား။ဗဟိဒ္ဓါ၊အပ၌။အဋ္ဌသု၊ကုန်သော။ကသိဏေသု၊တို့၌။ကတပရိကမ္မ တာယ၊ပြုအပ်ပြီးသော ပရိကံရှိသည်၏ အဖြစ်ကြောင့်၊ပရိကမ္မဝသေန စေဝ၊ပရိကံ၏အစွမ်းဖြင့်၎င်း။အပ္ပနာ ဝသေန စ၊ဖြင့်၎င်း။ဗဟိဒ္ဓါ၊အပ၌။တာနိ အဋ္ဌကသိဏရူပါနိ၊ထိုရှစ်ပါးသော ကသိုဏ်းရုပ်တို့ကို။(ဈာနစက္ခုနာ၊ ဈာန်စက္ခုဖြင့်။)ပဿတိ၊ရှု၏။ **(ဃ)** ပရိတ္တာနီတိ၊ကား။အဝဍ္ဎိတာနိ၊မပွားစေအပ်ကုန်သော။

➤ ❷ ။ **(က) သို့/ ဒွေပနာပဥ္စက** ။ ။ ဆရာ၊ ဘုရားရှင်သည် ပါဠိတော်၌ တဖန် "ကတမေ ဓမ္မာ ကုသလာ" အစရှိသော စကားကို အားထုတ်တော်မူအပ်၏။ ဤသို့ဆိုချေသော် ရှစ်ပါးသော ကသိုဏ်း တို့၌ ရူပါဝစရကုသိုလ်ကို ပြအပ်ပြီးသည် မဟုတ်ပါလော။ ထိုသို့ ပြအပ်ပြီးသောကြောင့် ဘုရားရှင်သည်

http://www.dhammadownload.com

ပါဠိတော်၌ တဖန် “ကတမေ ဓမ္မာ ကုသလာ” အစရှိသော စကားကို အားထုတ်တော် မမူသင့်။ တဖန် “ကတမေ ဓမ္မာ ကုသလာ” အစရှိသော စကားကို အားထုတ်တော်မူရခြင်း အကြောင်းကိုလည်း(ဝါ) အကျိုးကိုလည်း ပြဆိုသင့်သေး၏။ တဖန် “ကတမေ ဓမ္မာ ကုသလာ” အစရှိသော စကားကို အားထုတ်တော်မူရခြင်း အကြောင်း (ဝါ) အကျိုးကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (က) မိန့်။

(က) ယသ္မာ(ပ) တသ္မာ သို့/ ဥပနာပဋ္ဌကထွက် ။ ။ ဆရာ၊ ဆရာသည် (က) ၌ တံ ဒဿေတုံ (ပ) အာရဒ္ဓ-ဖြင့် အဘိဘာယတန ရူပါဝစရကုသိုလ်ကို ပြခြင်းအကျိုးငှာ “ကတမေ ဓမ္မာ ကုသလာ”စသည်ကို ထပ်မံ အားထုတ်တော်မူအပ်၏ဟု ဆို၏။ ထိုသို့ပင်ဆိုသော်လည်း ကသိဏာယတန နှင့် အဘိဘာယတန အတူ မဟုတ်ပါလော။ (တနည်း) ကသိဏာယတနရူပါဝစရကုသိုလ်နှင့် အဘိဘာယတန ရူပါဝစရကုသိုလ်တို့သည် အာရုံအားဖြင့် တူကြသည် မဟုတ်ပါလော။ ထို့ကြောင့် (က) ၌ တံ ဒဿေတုံ (ပ) အာရဒ္ဓ-ဖြင့် အဘိဘာယတန ရူပါဝစရကုသိုလ်ကို ပြခြင်းအကျိုးငှာ “ကတမေ ဓမ္မာ ကုသလာ”စသည်ကို ထပ်မံ အားထုတ်တော်မူအပ်၏ဟု မဆိုသင့်။ ထိုသို့ အားထုတ်ရာ၌ ဒေသကဘုရားရှင်အလိုကျ အာဘောဂ ကိုလည်း ပြဆိုသင့်သေး၏။ ဒေသကဘုရားရှင်အလိုကျ အာဘောဂကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ယသ္မာ (ပ) တသ္မာ-ကို မိန့်။

အဓိပ္ပါယ်ကား အာရုံတူသော်လည်း ဘာဝနာအားဖြင့် မတူသောကြောင့် အဘိဘာယတန ရူပါဝစရ ကုသိုလ်ကို ပြခြင်းငှာ “ကတမေ ဓမ္မာ ကုသလာ” စသည်ကို ထပ်မံ အားထုတ်တော်မူအပ်၏ဟူလို။

(ခ) သို့/ ပါပနာဒိပဋ္ဌက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ထိုအဘိဘာယတနကုသိုလ်ကို ပြခြင်းအကျိုးငှာ တဖန် “ကတမေ ဓမ္မာ ကုသလာ” အစရှိသော စကားကို အားထုတ်တော်မူအပ်၏ဟု အကျဉ်းအားဖြင့် ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် “ကတမေ ဓမ္မာ ကုသလာ” အစရှိသော စကားကို အကျဉ်းအားဖြင့် သိအပ်၏ဟူသော အနက်သည် ရောက်၏။ စင်စစ်တမူကား ထိုအနက်သည် မရောက် သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် “ကတမေ ဓမ္မာ ကုသလာ” အစရှိသော စကားကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့၌ ပုနရုတ္တိဒေါသ (တနည်း) အဗျာပိတဒေါသ ရောက်ရာသည် မဟုတ်ပါလော။ “ကတမေ ဓမ္မာ ကုသလာ” အစရှိသော စကားကို ခွဲခြမ်းစိပ်ဖြာ၍ အကျယ်ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ခ) စသည်မိန့်။

(ခ) သို့/ ဥပနာပဋ္ဌက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် အဇ္ဈတ္တံ အရူပသညီ-ဟု ဟောတော်မူ ၏။ ထိုသို့ဆိုချေသော် အဇ္ဈတ္တ-အရ ဂေါစရဇ္ဈတ္တ စသည်ကို (ဝါ) အဇ္ဈတ္တ လေးမျိုးလုံးကို ယူရမည် ဟူသော အနက်အဓိပ္ပါယ် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် အဇ္ဈတ္တံ အရူပသညီ- ဟု ဟောတော် မမူသင့်။ အဇ္ဈတ္တ-အရ ဖြစ်သင့်သော အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ အဇ္ဈတ္တ- အရ ဖြစ်သင့်သော အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

➢ ❷ ။ **(ခ)** ဖြင့် အဇ္ဈတ္တ-အရ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အဗျာပိတ အပရိပုဏ္ဏ ဒေါသ (တနည်း) ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။

(ခ) အလာဘိတာယဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အနတ္ထိကတာယ-

http://www.dhammadownload.com

ဟူသော အကြောင်းမှတပါး အလာဘိတာယ-ဟူသော အကြောင်းတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ခ) အလာဘိတာယဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

အနတ္ထိကတာယဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အလာဘိတာယ-ဟူသော အကြောင်းမှတပါး အနတ္ထိကတာယဟူသော အကြောင်းတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် အနတ္ထိကတာယဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

ဝါ-သဒ္ဒါ နှစ်ပုဒ် ထားရခြင်းအကြောင်း ။ ။ သမုစ္စယတ္ထဇောတက (တနည်း) ဝိကပ္ပနတ္ထဇောတကအဖြစ်ကို ပြလိုသောကြောင့် ဝါ-သဒ္ဒါ နှစ်ပုဒ် ထားရပါသည်။

➤ ❾ ။ အဘိဘဝတီတိ **အဘိဘူ**။ (အဘိပုဗ္ဗ ဘူဓာတ်+က္ဂိ) အာယတန္တိ ဝါယမန္တိ ဧတ္ထာတိ **အာယတနံ**။ (အာပုဗ္ဗ ယတဓာတ်+ယု) အဘိဘု အာယတနံ ဧတဿာတိ **အဘိဘာယတနံ**။

(၂) အဘိဘုပုဒ်+အာယတနပုဒ်+ဧတပုဒ်သည်ငင်း၊ နိုပ်နင်းလွှမ်းမိုးတတ်သော ပရိကံ, ဉာဏ်တည်းဟူသော အကြောင်း၏ ဈာန်နှင့် အကြောင်း+အကျိုး၊ အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျူပ္ပတ္တိနိမိတ်။ (၄) အဘိဘာယတနဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

အဘိဘဝိတဗ္ဗန္တိ **အဘိဘု**။ အဘိဘု အာယတနံ ဧတဿာတိ **အဘိဘာယတနံ**။(ဈာန်)

(၂) နှိပ်နင်းအပ်သော အာရုံဟုဆိုအပ်သော တည်ရာ၏ ဈာန်နှင့် အာရုံ+အာရမ္မဏိက၊ ဌာန+ဌာနီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။

အာရမ္မဏံ အဘိဘဝတီတိ အဘိဘု။ အဘိဘုစ တံ အာယတနဉ္စာတိ **အဘိဘာယတနံ**။

(၂) အဘိဘဝနဂုဏ်, အာယတနဘာဝဂုဏ်တို့၏ ဈာန်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။

* လဘတိ သီလေနာတိ လာဘီ။ လဘနံ လာဘော။ လာဘော အဿ အတ္ထီတိ လာဘီ။

န လာဘီ အလာဘီ။ အလာဘိဿ ဘာဝေါ **အလာဘိတာ**။(တာယ) (၂) အလာဘီပုဒ်+တာပစ္စည်းသည်ငင်း၊ ရလေ့မရှိသူ၏ (ဝါ) ရခြင်းမရှိသူ၏ ရခြင်းမရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်နှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျူပ္ပတ္တိနိမိတ်။ (၄) ရခြင်းမရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) ရလေ့မရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

* ကာရဏေန အရီယတိ ပဝတ္တီယတီတိ **အတ္ထော**။ အတ္ထော အဿ အတ္ထီတိ **အတ္ထိကော**။

န အတ္ထိကော အနတ္ထိကော။ အနတ္ထိကဿ ဘာဝေါ **အနတ္ထိကတာ**။ (တာယ)

(၂) အနတ္ထိကပုဒ်+တာပစ္စည်းသည်ငင်း၊ အလိုမရှိအပ်သော ပုဂ္ဂိုလ်၏ အလိုမရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်နှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျူပ္ပတ္တိနိမိတ်။ (၄) အလိုမရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➤ ❿ ။ (ခ) ၌ အဇ္ဈတ္တရူပေ-ဖြင့် အဇ္ဈတ္တံ အရူပသညီ၌ အဇ္ဈတ္တံ-ဝယ် အံ-သည် သတ္တမီဝိဘတ်၏ ကာရိယ၏အဖြစ်ကိုငင်း(ဝိဘတ္တိပဒ) အဇ္ဈတ္တံ-အရ ဂေါစရဇ္ဈတ္တ စသည်ကို မယူရ၊ အဇ္ဈတ္တရုပ်ကို ယူ

http://www.dhammadownload.com

ရမည်၏အဖြစ်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

ပရိကမ္မသညာဝိရဟိတော-ဖြင့် အရူပသညီ-၌ ရူပသညာ-အရ ပရိကမ္မသညာကို ယူရမည်၏အဖြစ်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) န-၏ ကာရိယ အ-၏ ဝိရဟအနက် ဟောသည်ကိုင်း (နိပါတလိင်္ဂတ္ထ) ရူပေ သညာ ရူပသညာ၊ ရူပသညာ အဿ အတ္ထီတိ ရူပသညီ၊ န ရူပသညီ အရူပသညီ- ဟု မိဿက တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ဟိ၊ချဲ့အံ့။ဧတာသု၊ဤအရူပသမာပတ်တို့တွင်။ပဌမာ၊လက်ဦးစွာသော အရူပသမာပတ်သည်။ ရူပနိမိတ္တာ တိက္ကမတော၊ ကသိုဏ်းရုပ်ဟု ဆိုအပ်သော ပဋိဘာဂနိမိတ်ကို လွန်သောအားဖြင့်။ဘဝတိ၊ဖြစ်၏။ ဒုတိယာ၊နှစ်ခုမြောက်သော အရူပသမာပတ်သည်။အာကာသာ တိက္ကမတော၊ကသိုဏ်းကိုခွာရာ အာကာသကို လွန်သောအားဖြင့်။ဘဝတိ၊ဖြစ်၏။တတိယာ၊သည်။အာကာသေ ပဝတ္တိတ ဝိညာဏာ တိက္ကမတော၊အာကာသ၌ ဖြစ်စေအပ်သော ပဌမာရုပ္ပဝိညာဉ်ကို လွန်သောအားဖြင့်။ဘဝတိ၊ဖြစ်၏။န ဒုတိယာရုပ္ပဝိညာဏာ တိက္ကမတော၊ဒုတိယာ ရုပ္ပဝိညာဉ်ကို လွန်သောအားဖြင့် မဖြစ်။စတုတ္ထာ၊စတုတ္ထ အရူပသမာပတ်သည်ကား။ အာကာသေ ပဝတ္တိတ ဝိညာဏဿ၊အာကာသ၌ ဖြစ်စေအပ်သော ပဌမာရုပ္ပဝိညာဉ်၏။အပဂမာ တိက္ကမတော၊ ကင်းခြင်းဟု ဆိုအပ်သော နတ္ထိဘာဝပညတ်ကို လွန်သောအားဖြင့်။ဘဝတိ၊၏။ဣတိ၊သို့။စတသောပိ၊ကုန်သော။ ဣမာ အရူပသမာ ပတ္တိယော၊တို့သည်။သဗ္ဗထာ၊ခပ်သိမ်းသော အပြားအားဖြင့်။အာရမ္မဏာ တိက္ကမတော၊အာရုံကို လွန်သောအားဖြင့်။ဘဝင်္ဂါ၊ကုန်၏။ဣတိ၊သို့။ဝေဒိတဗ္ဗာ၊ကုန်၏။ **(ဂ)** ပန၊ဗျတိရိက်ကို ဆိုအံ့။ဧတာသံ၊ ဤအရူပသမာပတ်တို့၏။အင်္ဂါတိက္ကမံ၊အင်္ဂါကို လွန်ခြင်းကို။ပဏ္ဍိတာ၊တို့သည်။န ဣစ္ဆန္တိ၊အလိုမရှိကုန်။

(ဃ) ဟိ-သစ္စံ၊၏။(တနည်း) ကသ္မာ၊အဘယ့်ကြောင့်။ဧတာသံ၊ဤအရူပသမာပတ်တို့၏။အင်္ဂါတိက္ကမံ၊ အင်္ဂါကို လွန်ခြင်းကို။ပဏ္ဍိတာ၊တို့သည်။န ဣစ္ဆန္တိ၊အလိုမရှိကုန်သနည်း။ဟိ-ယသ္မာ၊အကြင်ကြောင့်။ ရူပါဝစရသမာပတ္တီသု၊တို့၌။အင်္ဂါတိက္ကမော၊အောက်အောက် ဈာန်အင်္ဂါကို လွန်မြောက်ခြင်းသည်။အတ္ထိဝိယ၊ ရှိသကဲ့သို့။တထာ၊ထို့အတူ။ဧတာသု၊ဤအရူပသမာပတ်တို့၌။အင်္ဂါတိက္ကမော၊အောက်အောက် ဈာန်အင်္ဂါကို လွန်မြောက်ခြင်းသည်။နတ္ထိ၊မရှိ။(တသ္မာ၊ထို့ကြောင့်။ဧတာသံ၊ဤအရူပသမာပတ်တို့၏။အင်္ဂါတိက္ကမံ၊အင်္ဂါကို လွန်ခြင်းကို။န ဣစ္ဆန္တိ၊အလိုမရှိကုန်။) **(င)** ဟိ-ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။သဗ္ဗာသုပိ၊ကုန်သော။ ဧတာသု၊ဤအာရုပ္ပသမာပတ်တို့၌။ဥပေက္ခာ၊ငင်း။စိတ္တေကဂ္ဂတာ၊ငင်း။ဣတိ၊ဤသို့။ဒွေ ဧဝ၊နှစ်ပါးသာလျှင် ဖြစ်ကုန်သော။ဈာနင်္ဂါနိ၊ဈာနင်တို့သည်သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။တသ္မာ၊ထို့ကြောင့်။အင်္ဂါတိက္ကမော၊ ရူပသမာပတ်တို့ကဲ့သို့ အောက်အောက်ဈာန်အင်္ဂါကို လွန်မြောက်ခြင်းသည်။နတ္ထိ၊မရှိ။

➤ ❷ ။ **(ခ) သို့/ ဒွဲပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အာရုံကို လွန်သောအား ဖြင့် ဤအရူပသမာပတ်လေးပါးတို့သည် ဖြစ်ကြကုန်သောဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် မည်သည့်

http://www.dhammadownload.com

သမာပတ်သည် မည်သည့်အာရုံကို လွန်၏ဟု ခွဲခြမ်းစိတ်ဖြာ၍ အကျယ်အားဖြင့် မပြဆိုဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် (က) ဖြင့် အာရုံကို လွန်သောအားဖြင့် ဤအရူပသမာပတ်လေးပါးတို့သည် ဖြစ်ကြကုန်သောဟုသာ မဆိုသင့်။ မည်သည့် သမာပတ်သည် မည်သည့် အာရုံကို လွန်၏ဟု ခွဲခြမ်းစိတ်ဖြာ၍ အကျယ်အားဖြင့် ပြဆိုသင့်သေး၏။ ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဃ) သို့/ ဥပနာပဉ္စက ။ ။ ဆရာ၊ဆရာသည် (ဂ) ဖြင့် အရူပသမာပတ်တို့၏ အင်္ဂါကို လွန်မြောက်ခြင်းကို ပညာရှိတို့ အလိုမရှိကြကုန်ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် အရူပသမာပတ်သည် ရူပသမာပတ်ကဲ့သို့ မဟဂ္ဂုတ်အဖြစ်ဖြင့် တူသည် မဟုတ်ပါလော။ ထိုသို့ တူသောကြောင့် (ဂ) ဖြင့် အရူပသမာပတ်တို့၏ အင်္ဂါကို လွန်မြောက်ခြင်းကို ပညာရှိတို့ အလိုမရှိကြကုန်ဟု မဆိုသင့်။ ဆရာ့ စကားကို ခိုင်မြဲစေတတ်သော ယုတ္တိဒဋ္ဌီကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့ စကားကို ခိုင်မြဲစေတတ်သော ယုတ္တိဒဋ္ဌီကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ပါနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ)ဖြင့် ရူပါဝစရသမာပတ်တို့၌ အောက်အောက် ဈာန်အင်္ဂါကို လွန်မြောက်ခြင်းရှိသကဲ့သို့ အရူပသမာပတ်တို့၌ အောက်အောက် ဈာန်အင်္ဂါကို လွန်မြောက်ခြင်းသည်မရှိဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ရူပသမာပတ်နှင့် အရူပသမာပတ်သည် မဟဂ္ဂုတ်အဖြစ်ဖြင့် မတူထူးခြား ကွဲပြား၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထို အနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် မဟဂ္ဂုတ်အဖြစ်ဖြင့် တူသည်ဖြစ်ပါလျက် ရူပါဝစရသမာပတ်တို့၌ကဲ့သို့ အရူပသမာပတ်တို့၌ အင်္ဂါတိက္ကမ မရှိခြင်းအကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား ဖလ+ကာရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ အရူပသမာပတ်တို့၌ အင်္ဂါတိက္ကမ မရှိခြင်းအကြောင်းကား အဘယ်ပါနည်း။ ဤသို့-(င) မိန့်။

➤ ❷ ။ (ဂ) ဖြင့် အာရမ္မဏာတိက္ကမတော စတသောပိ ဘဝန္တိမာဟူသော ဂါထာ ပုဗ္ဗမှု၏ အဖွင့်မှတပါး ဂါထာ အပရမှု၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

➤ ❻ ။ အတ္တေ ဝိဘာဝေန္တိ ပကာသေန္တိ သီလေနာတိ **ဝိဘာဝိနော**။

(၂) ဝိပုဗ္ဗ ဘူဓာတ်+ ဏီပစ္စည်းသည်ငင်း၊ အကျိုးစီးပွားတို့ကို အလေ့အားဖြင့် ထင်ရှားပြခြင်း ကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပညာရှိတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ (ဂ) ၌ အင်္ဂါတိက္ကမံ စေတာသံ-ဖြင့် အင်္ဂါတိက္ကမမေတာသံ-ကို အင်္ဂါတိက္ကမံ+စေတာသံ ဟု ပုဒ်ဖြတ်ရမည်ဟု သိစေပါသည်။(သန္ဓိလိင်္ပဒ) **ပဏ္ဍိတာ**-ဖြင့် ဝိဘာဝိနော-သည် ပဏ္ဍိတပုဒ်၏ ဝေဝုစ်ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

➤ ❼ ။ **(ခ) အာကာသေ ပဝတ္တံတဝိညာဏာတိက္ကမတော(ဓဝ) တတိယာ-၌**

(၁) အာကာသေ ပဝတ္တိတဝိညာဏာတိက္ကမသည် ဂဟေတဗ္ဗတ္ထ။

(၂) ဒုတိယာရုပ္ပဝိညာဏာတိက္ကမသည် နိဝတ္တေတဗ္ဗတ္ထ။

http://www.dhammadownload.com

(င) ဓမ္မ ဓေ ဈာနင်္ဂါနီ–၌ (၁) ဥပေက္ခာ, စိတ္တေကဂ္ဂတာတို့သည် ဂဟေတဗ္ဗတ္ထ။

(၂) ဥပေက္ခာ, စိတ္တေကဂ္ဂတာထက် အလွန် အယုတ်သည် နိဝတ္တေတဗ္ဗတ္ထ။

(ဣ) တေဿာပိ (င) သဗ္ဗာသုပိ–တို့၌ ပိ–ကား အဝယဝသမုစ္စယတ္ထ။

➤ **၁၀** ။ **(ခ) ရူပနိမိတ္တာတိက္ကမတော ပဋ္ဌမာ** ။ ။ ရူပနိမိတ္တာတိက္ကမတော–အရ ရူပါဝစရစတုတ္ထဈာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်ဟုဆိုအပ်သော ပဋိဘာဂနိမိတ် အာရုံ ပစ္စည်းတရားသည် ပဌမာ–အရ အာကာသာနဉ္စာယတနသမာပတ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= မရှိ။

ပါဠိ (၁၆၀) [ဋ္ဌ၊၂၅၇။ ပြည်၊ဒု၊၄၄၀။ ဘာသာဋီ၊တ၊၁၁၆]

(က) **ဣဒါနိ ယသ္မာ သဗ္ဗာနိပေတာနိ တေဘူမကကုသလာနိ ဟီနာဒိနာ ပဘေဒေန ဝတ္တန္တိ၊ တသ္မာ တေသံ တံ ပဘေဒံ ဒဿေတုံ “ကတမေ ဓမ္မာ ကုသလာ”**တိ အာဒိ အာရဒ္ဓံ။

(ခ) **တတ္ထ ဟီနန္တိ လာမကံ။** (ဂ) **တံ အာယူဟနဝသေန ဝေဒိတဗ္ဗံ။**

(ဃ) **ဟီနုတ္တမာနံ မဇ္ဈေ ဘဝံ မဇ္ဈိမံ။ ပဓာနဘာဝံ နီတံ ပဏီတံ၊ ဥတ္တမန္တိ အတ္ထော။**

(င) **တာနိပိ အာယူဟနဝသေနေဝ ဝေဒိတဗ္ဗာနိ။**

(စ) **ယဿ ဟိ အာယူဟနက္ခဏေ ဆန္ဒော ဝါ ဟီနော ဟောတိ ဝီရိယံ ဝါ စိတ္တံ ဝါ ဝီမံသာ ဝါ၊ တံ ဟီနံ နာမ။ ယဿ တေ ဓမ္မာ မဇ္ဈိမာ စေဝ ပဏီတာ စ၊ တံမဇ္ဈိမဉ္စေဝ ပဏီတဉ္စ။**

(ဆ) **ယံ ပန ကတ္တုကာမတာသင်္ခါတံ ဆန္ဒံ ဓုရံ ဆန္ဒံ ဇေဋ္ဌကံ ဆန္ဒံ ပုဗ္ဗင်္ဂမံ ကတွာ အာယူဟိတံ၊ တံ ဆန္ဒာဓိပတိတော အာဂတတ္တာ ဆန္ဒာဓိပတေယျံ နာမ။**

➤ **၁** ။ **(က)** ဣဒါနိ၊၌။ယသ္မာ၊ကြောင့်။သဗ္ဗာနိပိ၊ကုန်သော။ဧတာနိ တေဘူမကကုသလာနိ၊ဤ တေဘူမကကုသိုလ်တို့သည်။ဟီနာဒိဘေဒေန၊ဟီန–စသည်တို့၏ အပြားဖြင့်။ဝတ္တန္တိ၊ဖြစ်ကုန်၏။တသ္မာ၊ထို့ကြောင့်။(တနည်း)တသ္မာ၊ထိုသို့ တေဘူမကကုသိုလ်တို့၏ ဟီန အစရှိသော အပြားအားဖြင့် ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်။တေသံ တေဘူမကကုသလာနံ၊ထိုတေဘူမကကုသိုလ်တို့၏။တံ ပဘေဒံ၊ထိုဟီန–စသော အပြားကို။ဒဿေတုံ၊ပြတော်မူခြင်းငှာ။ပုန၊တဖန်။ကတမေ ဓမ္မာ ကုသလာတိ အာဒိ၊ကတမေ ဓမ္မာ ကုသလာ အစရှိသည်ကို။အာရဒ္ဓံ၊အားထုတ်တော်မူအပ်၏။ **(ခ)** တတ္ထ၊ထို“ကတမေ ဓမ္မာ ကုသလာ”စသော စကား၌။(ဝိနိစ္ဆယော၊အဆုံးအဖြတ်ကို။ဧဝံ၊သို့။ဝေဒိတဗ္ဗော၊သိအပ်၏။)ဟီနန္တိ၊ကား။လာမကံ၊ယုတ်သော။

(ဂ) တံ ဟီနံ၊ထိုယုတ်သော ကုသိုလ်ကို။အာယူဟနဝသေန၊အားထုတ်ခြင်း၏ အစွမ်းဖြင့်။ဝေဒိတဗ္ဗံ၊သိအပ်၏။ **(ဃ)** ဟီနုတ္တမာနံ၊အယုတ်, အမြတ်တို့၏။မဇ္ဈေ၊အလယ်၌။ဘဝံ၊ဖြစ်သည်တည်း။မဇ္ဈိမံ၊အယုတ်, အမြတ်တို့၏ အလယ်၌ဖြစ်သည်။ပဓာနဘာဝံ၊ပြဓာန်းသည်၏အဖြစ်သို့။နီတံ၊ဆောင်အပ်သော စိတ်တည်း။ပဏီတံ၊ပြဓာန်းသည်၏အဖြစ်သို့ ဆောင်အပ်သော စိတ်။ဥတ္တမံ၊မြတ်သော စိတ်တည်း။ဣတိ အတ္ထော၊ဤအနက်။ **(င)** တာနိပိ၊ထိုမဇ္ဈိမ ပဏီတ ကုသိုလ်စိတ်တို့ကိုလည်း။အာယူဟနဝသေနေဝ၊အားထုတ်ခြင်း၏ အစွမ်းဖြင့်ပင်။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

(စ) ဟိ၊ချဲ့အံ့။ယဿ၊အကြင် ကုသိုလ်၏။(ဝါ)ကို။အာယူဟနက္ခဏေ၊ အားထုတ်ခြင်း၏ ခဏ၌။

http://www.dhammadownload.com

(ဝါ) အားထုတ်ရာခဏ၌။ဆန္ဒောဝါ၊ဆန္ဒသည်မူလည်း။ဟီနော၊ယုတ်သည်။ဟောတိ၊ဖြစ်၏။ဝီရိယံဝါ၊ ဝီရိယသည်မူလည်း။ဟီနံ၊သည်။ဟောတိ၊၏။စိတ္တံဝါ၊စိတ်သည်မူလည်း။ဟီနံ၊သည်။ဟောတိ၊၏။ဝီမံသံဝါ၊ ပညာသည်မူလည်း။ဟီနံ၊သည်။ဟောတိ၊၏။တံ ကုသလံ၊သည်။ဟီနံနာမ၊မည်၏။ယဿ၊အကြင် ကုသိုလ်၏။ ကို။မဇ္ဈိမာ၊အလတ်ဖြစ်ကုန်သည်။ပဏီတာ၊မြတ်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။တံ ကုသလံ၊သည်။မဇ္ဈိ မဇ္ဈေ၀၊မဇ္ဈိမမည်သည်လည်း။ဟောတိ၊၏။ပဏီတဥ္စ၊ပဏီတမည်သည်လည်း။ဟောတိ၊ဖြစ်၏။

(ဆ) ပန၊ထိုမှတပါး။ယံ ကုသလံ၊အကြင် ကုသိုလ်ကို။ကတ္တုကာမတာ သခ်ါတံ၊ပြုလိုသည်၏အဖြစ် ဟု ဆိုအပ်သော။ဆန္ဒံ၊ဆန္ဒကို။ဓုရံ၊အဦးကို။ဆန္ဒံ၊ကို။ဇေဋ္ဌကံ၊အကြီးကို။ဆန္ဒံ၊ကို။ပုဗ္ဗင်္ဂမံ၊ရှေ့သွားကို။ကတွာ၊၍။ အာယူဟိတံ၊အားထုတ်အပ်၏။တံ ကုသလံ၊သည်။ဆန္ဒာဓိပတိတော၊ဆန္ဒာဓိပတိမှ။အာဂတတ္တာ၊လာသည်၏ အဖြစ်ကြောင့်။ဆန္ဒာဓိပေတေယျံနာမ၊ဆန္ဒာဓိပေတေယျ မည်၏။(ဝါ) ဆန္ဒာဓိပတိမှလာသော ကုသိုလ်မည်၏။

➤ **❷** ။ **(ဂ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဟီနံ-ကို လာမကံ-ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပင်ကိုယ်ပကတိ သဘောအားဖြင့်ပင် ဟီနမည်၏ဟူသော အနက် သည် ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (ခ) ဖြင့် ဟီနံ-ကို လာမကံ-ဟု မဖွင့်ဆိုသင့်။ ဟီန ဟူ၍ သိရခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ်၏ အစွမ်းဖြင့် ကုသိုလ်ကို ဟီနဟူ၍ သိအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(င) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဟီနကုသိုလ်ကို အာယူဟန၏ အစွမ်းဖြင့် သိအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဟီနကုသိုလ်ကိုသာ အာယူဟန၏ အစွမ်းဖြင့် သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် အာယူဟန၏ အစွမ်းဖြင့် သိအပ်သော အခြားတပါးသော ကုသိုလ်တို့ကို လည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ အာယူဟန၏ အစွမ်းဖြင့် သိအပ်သော အခြားတပါးသော ကုသိုလ်တို့ကား အဘယ်ပါနည်း။ (င)မိန့်။

(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) (င)ဝါကျတို့ဖြင့် ဟီန, မဇ္ဈိမ, ပဏီတကုသိုလ် တို့ကို အာယူဟန၏ အစွမ်းဖြင့် သိအပ်ကုန်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဆရာ့စကားသည် အကျဉ်းသင်္ခေပမျှသာဖြစ်၍ တေဘူမကကုသိုလ်တို့၏ ဟီန, မဇ္ဈိမ, ပဏီတဖြစ်ပုံ အကျယ်ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်ရာသောကြောင့် (ဂ) (င)ဝါကျတို့ဖြင့် ဟီန, မဇ္ဈိမ, ပဏီတကုသိုလ်တို့ကို အာယူဟန၏ အစွမ်းဖြင့် သိအပ်ကုန်၏ဟုမဆိုသင့်။ တေဘူမကကုသိုလ် တို့၏ ဟီန, မဇ္ဈိမ, ပဏီတဖြစ်ပုံ အကျယ်ကိုလည်း ပြဆိုသင့်သေး၏။ တေဘူမကကုသိုလ်တို့၏ ဟီန, မဇ္ဈိမ, ပဏီတဖြစ်ပုံ အကျယ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

➤ **❸** ။ **ဒေါသပယ်** ။ ။ **(ဂ)** ဖြင့် တေဘူမကကုသိုလ်ကို ဟီန-ဟု သိရခြင်း၏ အကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် တေဘူမကကုသိုလ်ကို မဇ္ဈိမ, ပဏီတ-ဟု သိရခြင်း၏ အကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် တေဘူမကကုသိုလ်၏ ဟီန, မဇ္ဈိမ, ပဏီတ ဖြစ်ပုံကို ပေါ်လွင်ထင်ရှားအောင် အကျယ်ချဲ့၍

F-38-A

http://www.dhammadownload.com

ပြသောကြောင့် ဝိရောစိဒေါသ ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။ **(ဆ)** ဖြင့် ဟီန, မဇ္ဈိမ, ပဏီတ အဖွင့်မှတပါး ဆန္ဒာဓိပတေယျပုဒ် အဖွင့်ကိုပြသောကြောင့် (တနည်း) တေဘူမကကုသိုလ်၏ ဟီန, မဇ္ဈိမ, ပဏီတမည်ပုံမှတပါး ဆန္ဒာဓိပတေယျမည်ပုံကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်သည်။

(စ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ တေဘူမကကုသိုလ်၏ ဟီနအမည်ရခြင်း၌ ဆန္ဒယုတ်ခြင်းဟူသော အကြောင်းမှ ဝီရိယ, စိတ္တ, ဝီမံသ ယုတ်ခြင်းဟူသော အကြောင်းကို (ပ) ဝီမံသ ယုတ်ခြင်းဟူသော အကြောင်း ဆန္ဒ, ဝီရိယ, စိတ္တမည်ခြင်းဟူသော အကြောင်းကို လဲလှယ်လိုသောကြောင့် (စ) ၌ ဝါသဒ္ဒါကို ထားရပါသည်။

➤ ❾ ။ ဟေယျာတိ ဟီနတ္တံ အဂမိတိ **ဟီနံ**။ (ဟီဓာတ်+က္တပစ္စည်း၊ ယုတ်သည်၏အစွမ်းဖြင့် ရောက်ခြင်းကြိယာ)

ဥဂ္ဂစ္ဆတီတိ ဥဂ္ဂတော။ ဥဂ္ဂတာနံ ဝိသိဋ္ဌံ **ဥတ္တမံ**။ (၂) ကျော်စောကုန်သော မြတ်ကုန်သော တရားတို့၏ အထူးသဖြင့် ကျော်စောသော (ဝါ) မြတ်သော တရားနှင့် သာမည+ဝိသေသ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အလွန်ကြီးမားသော (ဝါ) မြတ်သောတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် (ဝါ) အတိရေကဘောဂဏ်သည် ပဝတ္တိနိမိတ်။

ဝုမှာနံ ဝိသေသေန ဇေဋ္ဌော။ ဇေဋ္ဌောယေဝ **ဇေဋ္ဌကော**။ (နည်းတူ)

တိဿော ဘူမိယော တိဘူမံ။ တိဘူမေ ဘဝံ **တေဘူမကံ**။

တေဘူမကဉ္စ တံ ကုသလဉ္စာတိ **တေဘူမကကုသလံ**။ (တာနိ)

➤ ❿ ။ **(ခ)** ၌ လာမကံ-ဖြင့် ဟီနသည် လာမကတ္တဝါစီ ရုဋ္ဌီအနိပ္ဖန္နပါဋိပဒိကပုဒ်တည်းဟု သိစေပါသည်။ (နာမလိင်္ဂပဒတ္ထ) (တနည်း) ဟီနသည် လာမက၏ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

(ဃ) ၌ မဇ္ဈေ ဘဝံ-ဖြင့် မဇ္ဈိမံ-၌ ဣမပစ္စည်းသည် ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း (ပစ္စယတ္ထ) မဇ္ဈေ ဘဝံ မဇ္ဈိမံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

ဟီနုတ္တမာနံ-ဖြင့် မဇ္ဈေ၌ အလယ်ဟူသည် ယုတ်သော ဈာန်, မြတ်သော ဈာန်တို့၏ အလယ်ပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

ပဓာနဘာဝံ နီတံ-ဖြင့် ပဏီတံ-၌ ပ-၏ ပဓာနဘောဂဏ်ကို ဟောသည်၏အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ပဓာနဘာဝံ နီတံ ပဏီတံ-ဟု ဒုတိယာ တပ္ပုရိသ်သမာသ် ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) ပနီတံ-ဟု ဆိုလိုလျက် န-ကို ဏပြု၍ ပဏီတံ-ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

ဥတ္တမန္တိ အတ္ထော-ဖြင့် ပဏီတဟူသည် မြတ်သောတရားတည်းဟု သိစေပါသည်။(ဘာဝတ္ထ) (တနည်း) ပဏီတ-သည် အမြတ်ကို ဟောသတည်းဟု သိစေပါသည်။(နာမလိင်္ဂတ္ထ) (တနည်း) ပဏီတသည် ဥတ္တမ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

(ဆ) ၌ ဆန္ဒာဓိပတိတော အာဂတတ္တာ-ဖြင့် ဆန္ဒာဓိပတေယျံ-၌ ဏေယျပစ္စည်း၏ အာဂတတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) ဆန္ဒာဓိပတိတော အာဂတံ ဆန္ဒာဓိပတေယျံ-ဟု ပြုရမည်ကိုင်း

http://www.dhammadownload.com

(အဏိဓာနတ္ထ) သိစေပါသည်။

ယံ ကတ္တုကမျတာသင်္ခါတံ (ပ) တံ-ဖြင့် ဆန္ဒာဓိပတေယျံ-၌ ဆန္ဒ-အရ ကတ္တုကမျတာဆန္ဒကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) ဆန္ဒာဓိပတေယျံ-အရ ဆန္ဒကို အကြီးအဦးပြု၍ အားထုတ်သော ဈာန်ကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

➤ ❼ ။ **(က) သဗ္ဗာနိပိ-၌** ပိ-ကား အဝယဝတ္ထ, သမ္ပိဏ္ဍနတ္ထ။ (င) တာနိပိ-၌ ပိ-ကား ဝုတ္တသမုစ္စယတ္ထ။ ✱ **အာယူဟနဝသေနေဝ-၌** (၁) အာယူဟနဝသသည် (ဝါ) အာယူဟန၏အစွမ်းဖြင့် မဖျိမ ပဏီတသည် ဂဟေတဗ္ဗတ္ထ။ (၂) ပကတိ သဘာဝသသည် (ဝါ) ဘူမန္တရ၏ အစွမ်းဖြင့် မဖျိမ ပဏီတသည် နိဝတ္တေတဗ္ဗတ္ထ။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **မဟာပကရဏေ ဟီနတ္တိကေ ဝိဘတ္တာ**-(၁၅၇)၌

ဝိဘတ္တာ-ဝယ် တ-ပစ္စည်းအရ = နှစ်ဆယ်သော မဟာနယတို့ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ (၂) ဝေဘန်တတ်သော ဘုရားရှင်၏ ဒေသနာဉာဏ်တော်သည် ဒီပကတ္ထ။ (၃) မဟာနယကို နတ်ဗြဟ္မာတို့ ကြားသိရခြင်းသည် ပကာသနတ္ထ။ (၄) ပါရမီ, စာဂ, စရိယ စသည်သည် ဝိဘာဝတ္ထ။ (၅) မဟာနယကို သိရသဖြင့် ကျင့်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➤ ❶❶ ။ **ဆန္ဒာဓိပတိတော+အာဂတတ္တာ** ။ ။ ဆန္ဒာဓိပတိတော-အရ ဆန္ဒာဓိပတိ ပစ္စည်းတရားသည် အာဂတ-အရ လောကီကုသိုလ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဓိ၊ သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

(ဆ) ယံ+အာယူဟိတံ ။ ။ ယံ (ကုသလံ) အရ ၁-ပါး ၂-ပါး ၃-ပါးသော တေဘူမက ကုသိုလ် နာမက္ခန္ဓာ ပစ္စည်းတရားသည် အာယူဟိတံ-အရ ၃-ပါး ၂-ပါး ၁-ပါးသော တေဘူမက ကုသိုလ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပါဠိ (၁၄၁) [၌၊၂၅၈။ ပြည်၊ဒု၊၄၅၉။ ဘာသာဋီ၊တ၊၁၂၅]

(က) **ဇဝံ ဘဝတ္တယသမ္ပတ္တိနိဗ္ဗတ္တကံ ကုသလံ ဒဿေတွာ က္ကာဒါနိ သဗ္ဗဘဝသမတိက္ကမနာယ လောကုတ္တရကုသလံ ဒဿေတုံ ပုန "ကတမေ ဓမ္မာ ကုသလာ" အာဒိ အာရဒ္ဓံ။**

(ခ) **တတ္ထ လောကုတ္တရန္တိ ကေနဋ္ဌေန လောကုတ္တရံ?**

(ဂ) **လောကံ တရတီတိ လောကုတ္တရံ။** (ဃ) **လောကံ ဥတ္တရတီတိ လောကုတ္တရံ။**

(င) **လောကံ သမတိက္ကမ္မ အဘိဘုယျ တိဋ္ဌတီတိ လောကုတ္တရံ။**

(စ) **ဈာနံ ဘာဝေတီတိ ဧကစိတ္တက္ခဏိကံ အပ္ပနာဈာနံ ဘာဝေတိ ဇနေတိ ဝဍ္ဍေတိ။**

➤ ❶ ။ **(က)** ဧဝံ၊သို့။ဘဝတ္တယ သမ္ပတ္တိ နိဗ္ဗတ္တကံ၊ဘဝသုံးပါး၏ ပြည့်စုံခြင်းကို ဖြစ်စေတတ်သော။(ဝါ) ဘဝသုံးပါး၌ဖြစ်သော စည်းစိမ်ကို ဖြစ်စေတတ်သော။ကုသလံ၊ကို။ဒဿေတွာ၊၍။က္ကာဒါနိ၌။ သဗ္ဗဘဝ သမတိက္ကမနာယ၊အလုံးစုံသော ဘဝကိုလွန်ခြင်းငှာ။လောကုတ္တရကုသလံ၊ကို။ဒဿေတုံ၊ငှာ။ပုန၊တဖန်။ ကတမေ ဓမ္မာ ကုသလာတိ အာဒိ၊ကတမေ ဓမ္မာ ကုသလာ အစရှိသည်ကို။အာရဒ္ဓံ၊အားထုတ်တော်မူ

http://www.dhammadownload.com

အပ်၏။ **(ခ)** တတ္ထ၊ထို'ကတမေ ဓမ္မာ ကုသလာ' အစရှိသော စကား၌။ လောကုတ္တရန္တိ၊ကား။ကေနဋ္ဌေန၊ အဘယ်အနက်သဘောကြောင့်။လောကုတ္တရံ၊လောကုတ္တရ မည်သနည်း။(က္ကတိ၊ဤကား အမေးတည်း။)

(ဂ) (ယံ ဈာနံ၊အကြင်ဈာန်သည်) လောကံ၊လောကကို။(ဝါ) ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သခ်ါရလောကကို။တရတိ၊ကူးခပ်တတ်၏။က္ကတိ တသ္မာ၊ထို့ကြောင့်။(တံ ဈာနံ၊ထိုဈာန်သည်) လောကုတ္တရံ၊ မည်၏။ **(ဃ)** (ယံ ဈာနံ၊သည်)လောကံ၊လောကကို။ဥတ္တရတိ၊လွန်မြောက်တတ်၏။က္ကတိ တသ္မာ၊ကြောင့်။ (တံ ဈာနံ၊သည်) လောကုတ္တံ၊မည်၏။ **(င)** (ယံ ဓမ္မဇာတံ၊တရားသဘောသည်။)လောကံ၊လောကကို။ သမတိက္ကမ္မ၊လွန်၍။(ဝါ)ထွက်၍။အဘိဘုယျ၊လွှမ်းမိုး၍။(ဝါ) နှိပ်စက်၍။(ဝါ)လောက၌ မယှဉ်သည်ဖြစ်၍။ တိဋ္ဌတိ၊တည်တတ်၏။က္ကတိ တသ္မာ၊ထို့ကြောင့်။(တံ ဓမ္မဇာတံ၊ထိုတရားသဘောသည်)လောကုတ္တရံ၊မည်၏။

(စ) ဈာနံ ဘာဝေတီတိ၊ကား။ဧကေ စိတ္တက္ခဏေ၊တခုသော စိတ္တက္ခဏရှိသော။အပ္ပနာဈာနံ၊အပ္ပနာဈာန်ကို။(ဓမ္မာနံ၊တရားတို့၏။အညမညံ၊အချင်းချင်း။အနတိဝတ္တနာဒိသာဓိကာယ၊မလွန်ခြင်း အစရှိသည်ကို ပြီးစေတတ်သော။ပညာ၊ပညာဖြစ်၍။) ဘာဝေတိ ဇနေတိ၊ဖြစ်စေတတ်၏။ဘာဝေတိ ဝဍ္ဍေတိ၊ပွားစေတတ်၏။

➤ **❷** ။ **(ဃ) သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် လောကကို ကူးခတ်တတ်သောကြောင့် လောကုတ္တရာမည်သောဟု ဖွင့်ပြတော်မူ၏။ ဤမျှသာဆိုချေသော် ဤဆိုအပ်ပြီးသော အကြောင်းကြောင့်သာလျှင် လောကုတ္တရာမည်၏ဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် (ဂ) ဖြင့် လောကကို ကူးခတ် တတ်သောကြောင့် လောကုတ္တရာမည်၏ဟူ၍သာ မဖွင့်ပြသင့်။ တစ်ပါးသော ဖြစ်သင့်သော လောကုတ္တရာမည်ခြင်းအကြောင်းကိုလည်း ပြဆိုသင့်သေး၏။ (မပြဆိုခဲ့သော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။) တစ်ပါးသော ဖြစ်သင့်သော လောကုတ္တရာမည်ခြင်းအကြောင်းကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဃ) မိန့်။

➤ **❸** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထမှတပါး အဝယဝတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို (တနည်း) ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် အမေးပုစ္ဆာမှတပါး အဖြေ ဝိဿဇ္ဇနာကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် လောကုတ္တရာမည်ခြင်းအကြောင်းတပါးကို ပြဆိုသဖြင့် လိုအပ်သော အနက် အဓိပ္ပါယ် နှံ့စပ် ပြည့်စုံသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

➤ **❹** ။ တိဏ္ဏံ သမူဟော တယံ။(တိပုဒ်+ဏ) ဘဝါနံ တယံ ဘဝတ္တယံ။ သမ္ဗဇ္ဇနံ သမ္ဗတ္တိ။ (သံပုဗ္ဗ ပဒဓာတ်+တိ) နိဗ္ဗတ္တေတီတိ နိဗ္ဗတ္တကံ။ (နိပုဗ္ဗ ဝတ္တဓာတ်+ဏွု) ဘဝတ္တယဿ သမ္ဗတ္တိ ဘဝတ္တယ သမ္ဗတ္တိ။ (တနည်း) ဘဝတ္တယေ ပဝတ္တာ သမ္ဗတ္တိ ဘဝတ္တယသမ္ဗတ္တိ။

* ဘဝတ္တယသမ္ဗတ္တိယာ နိဗ္ဗတ္တကံ **ဘဝတ္တယသမ္ဗတ္တိနိဗ္ဗတ္တကံ**။ (၂) ဘဝတ္တယသမ္ဗတ္တိပုဒ်+ နိဗ္ဗတ္တကပုဒ်သည်၎င်း၊ ဘဝတ္တယသမ္ဗတ္တိ၏ ဖြစ်စေတတ်သော ကုသိုလ်နှင့် အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) တေဘူမကကုသိုလ်တို့၏ ဘဝတ္တယသမ္ဗတ္တိကို ဖြစ်စေတတ်သည်၏အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) တေဘူမကကုသိုလ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

လောကံ တရတီတိ **လောကုတ္တရံ**။ (၂) လောကသဒ္ဒူပပဒ တရဓာတ်+အ-ပစ္စည်းသည်၎င်း၊ ယင်းလောက၏ လွန်မြောက်ခြင်းကြိယာနှင့် ကမ္မ+ကမ္မီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း၊ တရဓာတ်-အရ ကူးမြောက်ခြင်းကြိယာသကတ်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) လောကုတ္တရာစျာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

လုဇ္ဇတိ ပလုဇ္ဇတီတိ **လောကော**။ (၂) လုဇဓာတ်+ဏပစ္စည်းသည်၎င်း၊ ပျက်စီးခြင်းကြိယာသကတ်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) လောကတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အပ္ပေတီတိ အပ္ပနာ။ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။ အပ္ပနာစ သာ ဈာနဉ္စာတိ **အပ္ပနာဈာနံ**။

(၂) အပ္ပနာ၏ ဈာန်နှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အပ္ပနာဈာန်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)** ၌ လောကံ တရတိ-ဖြင့် လောကုတ္တရံ၌ လောက-သဒ္ဒူပပဒ ဥ-ရှေးရှိသော တရဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဥ-၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) လောကံ တရတီတိ လောကုတ္တရံ-ဟု ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ် ဝဇနတ္ထပြုရမည်ကိုင်း(တနည်း) ဥတ္တရတီတိ ဥတ္တရံ၊ လောကံ ဥတ္တရံ လောကုတ္တရံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) လောကုတ္တရံ-အရ မဂ်ကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) (ဝါ) လောကုတ္တရာဟူသည် လောကကို လွန်မြောက်ကြောင်း အကျင့်ဖြစ်သော မဂ်ပင်တည်းဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

(ဃ) ၌ လောကံ ဥတ္တရတိ-ဖြင့် လောကုတ္တရံ၌ လောက-သဒ္ဒူပပဒ ဥ-ရှေးရှိသော တရ ဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဥ-၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဏ- ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) လောကံ ဥတ္တရတီတိ လောကုတ္တရံ-ဟု ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ် ဝဇနတ္ထပြုရမည်ကိုင်း(တနည်း) ဥတ္တရတီတိ ဥတ္တရံ၊ လောကံ ဥတ္တရံ လောကုတ္တရံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) လောကုတ္တရံ-အရ ဖိုလ်ကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) (ဝါ) လောကုတ္တရာဟူသည် လောက၏ အဆုံးသို့ ရောက်ကြောင်းဖြစ်သော ဖိုလ်တရားပင် တည်းဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

(င) ၌ လောကံ သမတိက္ကမ္မ အဘိဘုယျ တိဋ္ဌတိ-ဖြင့် လောကုတ္တရံ၌ လောက-သဒ္ဒူပပဒ ဥ-ရှေးရှိသော တရဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဥ-၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုင်း (ဂနည်း) ဥ-၏ သမတိက္ကမန, အဘိဘဝနအနက် ဟောသည်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) တရဓာတ်၏ ပတိဋ္ဌာန အနက် ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) လောကံ သမတိက္ကမ္မ အဘိဘုယျ တိဋ္ဌတီတိ လောကုတ္တရံ-ဟု ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ် ဝဇနတ္ထပြုရမည်ကိုင်း(တနည်း) ဥတ္တရတီတိ ဥတ္တရံ၊ လောကံ ဥတ္တရံ လောကုတ္တရံ-ဟု ပြုရမည်ကိုင်း

http://www.dhammadownload.com

(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) လောကုတ္တရံ-အရ နိဗ္ဗာန်ကို ယူရမည်ကိုင်ငး(သရုပ်ကြား အဘိဓေယျတ္ထ) (ဝါ) လောကုတ္တရာဟူသည် နိဗ္ဗာန်ပင်တည်းဟူသော အဓိပ္ပါယ်ကိုင်ငး(ဘာဝတ္ထ) သိစေပါသည်။

(ခ) ၌ အပ္ပနာ ဈာန်-ဖြင့် ဈာန် ဘာဝေတိ-၌ ဈာန်-အရ ဥပစာရဈာန်ကို မယူရ၊ အပ္ပနာဈာန် ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

ဧကစိတ္တက္ခဏိက်-ဖြင့် မဂ်စိတ်သည် နှစ်ကြိမ် သုံးကြိမ်စသည် မဖြစ်၊ စိတ္တက္ခဏ တစ်ကြိမ်သာ ဖြစ်သည်ဟု သိစေပါသည်။ (ဘာဝတ္ထ) **ဇနေတိ**-ဖြင့် ဘာဝေတိ-၌ ဘူဓာတ်သည် ဇနနအနက်ကို ဟော၏ဟု သိစေပါသည်။(ဓာတွတ္ထ) **ဝဍ္ဎေတိ**-ဖြင့် ဘာဝေတိ-၌ ဘူဓာတ်သည် ဝဍ္ဎနအနက်ကို ဟော၏ ဟု သိစေပါသည်။(ဓာတွတ္ထ)

➤ **၇** ။ **(ခ) ဈာနံ (ဝေ) ၌** (၁) အပ္ပနာဈာန်သည် ဂဟေတဗ္ဗတ္ထ။ (၂) ဥပစာရဈာန်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဧကစိတ္တက္ခဏိက်-ဟူသော ဂုဏ်သည် အနုညာတတ္ထ။

ဘာဝေတိ(ဝေ) ၌ (၁) ဘာဝေတိသည် ဂဟေတဗ္ဗတ္ထ။ (၂) န ဘာဝေတိသည် နိဝတ္တေတဗ္ဗတ္ထ (၃) အပ္ပနာဈာန်ဟူသော ဒြဗ်နှင့် ဧကစိတ္တက္ခဏိက်-ဟူသော ဂုဏ်သည် အနုညာတတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(က) အာရဒ္ဓ-၌ အာပုဗ္ဗ ရဘဓာတ်-အရ** = ဝီရိယပုဗ္ဗင်္ဂမ ဒေသနာဉာဏ်တော်ကို ယူ၍ (စာ-၂၄၇/၄၅၈-ကြည့်)

(ဂ) လောကုတ္တရံ-အရ = မဂ်လေးပါး ကို ယူ၍ (၁) ထိုမဂ်လေးပါးသည် ဒဿနတ္ထ။ (၂) ဝေါဟာရ, ဝေါဒါန်တို့သည် ဒီပကတ္ထ။ (၃) မဂ္ဂါနန္တရဖိုလ်တို့သည် ပကာသနတ္ထ။ (၄) ပရိကံ, ဥပစာ အနုလုံနှင့် တိဟိတ်ပဋိသန္ဓေ စသည်တို့သည် ဝိဘာဝတ္ထ။ (၅) ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခ မှ စ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် အနုဘာဝတ္ထ။

(ခ) ဈာနံ-အရ = (၁) အပ္ပနာဈာန်သည် ဒဿနတ္ထ။ (၂) ဝေါဟာရ, ဝေါဒါန်သည် ဒီပကတ္ထ (၃) အခြားမဲ့၌ဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ်သည် ပကာသနတ္ထ။ (၄) ပရိကံ, ဥပစာ, အနုလုံ, တိဟိတ်ပဋိသန္ဓေ နေခြင်း စသည်သည် ဝိဘာဝတ္ထ။ (၅) ပစ္စဝေက္ခဏာစိတ္တုပ္ပါဒ်, ဖလသမာပတ်အစ အနုပါဒိသေသ နိဗ္ဗာန် တိုင်အောင်သော အကျိုးတရားသည် အနုဘာဝတ္ထ။

➤ **၉** ။ **(ဂ) လောကုတ္တရံ-အရ** = မဂ်လေးပါး ရ၏။ **(ဃ) လောကုတ္တရံ-အရ** = ဖိုလ် လေးပါးရ၏။ **(င) လောကုတ္တရံ-အရ** = နိဗ္ဗာန်ရ၏။ (တနည်း) လောကုတ္တရာကုသိုလ်ကို ပြရာ၌ မဂ်ကို လိုအပ်သောကြောင့် သုံးဝိကပ်လုံး၌ မဂ်ကို ယူရပါမည်။

➤ **၁၀** ။ **(က) ကတမေ ဓမ္မာ ကုသလာတိအာဒိ+အာရဒ္ဓ** ။ ။ အာပုဗ္ဗ ရဘဓာတ်အရ ဝီရိယပုဗ္ဗင်္ဂမ ဒေသနာဉာဏ် ပစ္စည်းတရားသည် ကတမေ ဓမ္မာ ကုသလာတိ အာဒိ-အရ, တ-ပစ္စည်း အရ ကတမေ ဓမ္မာ ကုသလာ-စသော ဝစီဘေဒသဒ္ဒ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူး ပြုပါသည်။ ပြိုင်= ဟေ၊ မိ၊ သဟ၊ နိ၊ ဣံ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၉)

(တနည်း) တ-ပစ္စည်းအရ ကတမေ ဓမ္မာ ကုသလာ-စသော ဒေသေတဗ္ဗဓမ္မာရုံ ပစ္စည်းတရားသည် အာပုဗ္ဗ ရဘဓာတ်-အရ သေဒနာဉာဏ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု

http://www.dhammadownload.com

ပါသည်။ ပြိုင်= အာ၊ မိ၊ ဥပ (၃)

လောကံ+တရတိ ။ ။ လောကံ-အရ ဥပါဒါနက္ခန္ဓာ ပစ္စည်းတရားသည် တရတိ-အရ မဂ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(စ) အပ္ပနာ ဈာနံ+ဘာဝေတိ ။ ။ ဘာဝေတိ-အရ ကာမာဝစရကုသိုလ် ကြိယာ ပစ္စည်းတရားသည် အပ္ပနာ ဈာနံ-အရ လောကုတ္တရာ အပ္ပနာဈာန် ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အနန္တရ၊ သမနန္တရ၊ ဥပ၊ အာသေ၊ နတ္ထိ၊ ဝိဂတ (၆)

ပါဠိ (၁၅၂) [ဋ္ဌ၊၂၅၉။ ပြည်၊ဒု၊၄၅၉။ ဘာသာဋီ၊တ၊၁၂၆]

(က) **လောကတော နီယျတိ, ဝဋ္ဋတော နီယျာတီတိ နီယျာနိကံ၊**

(ခ) **နီယျာတိ ဝါ ဧတေနာတိ နီယျာနိကံ။**

(ဂ) **တံသမင်္ဂီ ဟိ ပုဂ္ဂလော ဒုက္ခံ ပရိဇာနန္တော နီယျာတိ၊ သမုဒယံ ပဇဟန္တော နီယျာတိ၊ နိရောဓံ သစ္ဆိကရောန္တော နီယျာတိ၊ မဂ္ဂံ ဘာဝေန္တော နီယျာတိ။**

(ဃ) **ယထာစ ပန တေဘူမကကုသလံ ဝဋ္ဋသ္မိံ စုတိပဋိသန္ဓိယော အာစိနာတိ ဝဍ္ဎေတီတိ အာစယဂါမိနာမ ဟောတိ၊ န တထာ ဣဒံ။**

(င) **ဣဒံ ပန ယထာ ဧကေသ္မိံ ပုရိသေ အဋ္ဌာရသဟတ္ထံ ပါကာရံ စိနန္တေ အပရော မဟာမုဂ္ဂရံ ဂဟေတွာ တေန စိတစိတဋ္ဌာနံ အပစိနန္တော ဝိဒ္ဓံသေန္တော ဧဝံ ဂစ္ဆေယျ၊ ဧဝမေဝ တေဘူမကကုသလေန စိတာ စုတိပဋိသန္ဓိယော ပစ္စယဝေကလ္လကရဏေန အပစိနန္တံ ဝိဒ္ဓံသေန္တံ ဂစ္ဆတီတိ အပစယဂါမိ။**

နီယျာနိကံ = လောကုတ္တရာဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ လောက-ဟုဆိုအပ်သော ဝဋ်ဆင်းရဲမှ ဒုက္ခသစ္စာကို ပိုင်းခြား၍သိလျှက် သမုဒယသစ္စာကို ပယ်စွန့်လျှက် နိရောဓသစ္စာကို မျက်မှောက်ပြုလျှက် မဂ္ဂသစ္စာကို ပွားစေလျှက် ထွက်မြောက်ကြောင်းဖြစ်သော။(ဈာနံ၊ဈာန်ကို)

အပစယံ = ဘုံသုံးပါး၌ဖြစ်သော ကုသိုလ်သည် စီအပ်ကုန်သော စုတိ ပဋိသန္ဓေတို့ကို အကြောင်းချို့တဲ့ခြင်းကို ပြုခြင်းကြောင့် ဖျက်ဆီးလျှက် သွားတတ်သော။(ဈာနံ၊ဈာန်ကို)

➤ **❶** ။ **(က)** (ယံ ဈာနံ၊အကြင်လောကုတ္တရာဈာန်သည်)လောကတော၊တေဘူမကဒုက္ခဟူသော လောကမှ။နိယျာတိ၊ထွက်မြောက်တတ်၏။ဝဋ္ဋတော၊ဝဋ်မှ။နိယျာတိ၊ထွက်မြောက်တတ်၏။ဣတိ တသ္မာ၊ကြောင့်။(တံ ဈာနံ၊ထိုလောကုတ္တရာဈာန်သည်)နိယျာနိကံ၊မည်၏။ **(ခ)** ဝါ၊တနည်းကား။ဧတေန ဈာနေန၊ဤ လောကုတ္တရာဈာန်ဖြင့်။(ဝါ)ကြောင့်။(တံ သမင်္ဂီပုဂ္ဂလော၊ထိုလောကုတ္တရာဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ လောကတော၊လောကမှ။(ဝါ) ဝဋ္ဋတော၊ဝဋ်မှ။)နိယျာတိ၊ထွက်မြောက်တတ်၏။ဣတိ တသ္မာ၊ထိုသို့ ထွက်မြောက်ကြောင်း၏ အဖြစ်ကြောင့်။တံ ဈာနံ၊ထိုလောကုတ္တရာဈာန်သည်။နိယျာနိကံ၊မည်၏။ **(ဂ)** ဟိ၊ချဲ့။ တံ သမင်္ဂီ၊ထိုလောကုတ္တရာဈာန်နှင့် ပြည့်စုံသော။ပုဂ္ဂလော၊သည်။ဒုက္ခံ၊ဒုက္ခသစ္စာကို။ပရိဇာနန္တော၊ပိုင်းခြား၍ သိလျက်။နိယျာတိ၊ထွက်မြောက်တတ်၏။သမုဒယံ၊သမုဒယသစ္စာကို။ပဇဟန္တော၊ပယ်စွန့်လျက်။နိယျာတိ၊၏။ နိရောဓံ၊နိရောဓသစ္စာကို။သစ္ဆိကရောန္တော၊မျက်မှောက်ပြုလျက်။နိယျာတိ၊၏။မဂ္ဂံ၊မဂ္ဂသစ္စာကို။ဘာဝေန္တော၊ပွားစေလျက်။နိယျာတိ၊၏။ **(ဃ)** ပန၊ထိုမှတပါး။တေဘူမက ကုသလံ၊သည်။ဝဋ္ဋသ္မိံ၊ဝဋ်ဒုက္ခ၌။စုတိပဋိသန္ဓိယော၊

http://www.dhammadownload.com

စုတိပဋိသန္ဓေတို့ကို။အာစိနတိ ဝဍ္ဎေတိ၊ပွားစေတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။အာစယဂါမိနာမ၊အာစယဂါမိမည်သည်။ဟောတိ ယထာ၊ဖြစ်၏သို့။တထာ၊တူ။ဣဒံ ဈာနံ၊ဤလောကုတ္တရာဈာန်သည်။အာစယဂါမိနာမ၊မည်သည်။န ဟောတိ၊မဖြစ်။ (င) ပန၊အထူးကိုဆိုအံ့။ဣဒံ ဈာနံ၊ဤလောကုတ္တရာဈာန်သည်။ကေသွိံ၊တဦးသော။ပုရိသေ၊ယောကျ်ားသည်။အဋ္ဌာရသဟတ္ထံ၊တစ်ဆယ့်ရှစ်တောင်ရှိသော။ပါကာရံ၊တံတိုင်းကို။စိနန္တေ၊စီသည်ရှိသော်။အပရော၊တယောက်သော။ပုရိသော၊[...]။မဟာမုဂ္ဂရံ၊ဆောက်ပုတ်ကြီးကို။ဂဟေတွာ၊၍။စိနေန ပုရိသေန၊သည်။စိတ စိတဋ္ဌာနံ၊စီရာ, စီရာအရပ်ကို။အပစိနန္တော ဝိဒ္ဓံသေန္တော၊ဖျက်ဆီးလျက်။ဂစ္ဆေယျ ယထာ၊သွား၏သို့။ဧဝမေဝ၊ဤအတူသာလျှင်။တေဘူမက ကုသလေန၊ဘုံသုံးပါး၌ဖြစ်သော ကုသိုလ်သည်။အာစိတာ၊စီအပ်ကုန်သော။(ဝါ) ပွားစေအပ်ကုန်သော။စုတိပဋိသန္ဓိယော၊စုတိပဋိသန္ဓေတို့ကို။ပစ္စယဝေကလ္လကရဏေန၊အကြောင်းချို့တဲ့ခြင်းကို ပြုခြင်းကြောင့်။အပစိနန္တံ ဝိဒ္ဓံသေန္တံ၊ဖျက်ဆီးလျက်။ဂစ္ဆတိ၊သွားတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။အပစယဂါမီ၊မည်၏။

➤ ၂ ။ **(ခ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် နိယျာနိကံပုဒ်ကို ကတ္တုသာဓန ဝစနတ္ထ ပြုရသောဟု ဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် နိယျာနိကံပုဒ်ကို ကတ္တုသာဓန ဝစနတ္ထသာ ပြုရမည်လော။ ထိုသို့ပြုရသောကြောင့် (က) ဖြင့် နိယျာနိကံပုဒ်ကို ကတ္တုသာဓန ဝစနတ္ထ ပြုရသောဟု မဆိုသင့်။ နိယျာနိကံပုဒ်၏ တစ်ပါးသော ဝစနတ္ထကိုလည်း ဆိုသင့်ဆိုတန်၏။ နိယျာနိကံပုဒ်၏ တစ်ပါးသော ဝစနတ္ထကား အဘယ်ပါနည်း။ (အကယ်၍ နိယျာနိကံပုဒ်၏ ကတ္တုသာဓန ဝစနတ္ထကိုသာ ပြဆို၍ တစ်ပါးသော ဝစနတ္ထကို မပြဆိုချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ ရောက်ရာ၏။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်.

(ဂ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)တို့ဖြင့် တေဘူမကဝဋ် ဆင်းရဲဟူသော လောကမှ ထွက်မြောက်တတ်, ထွက်မြောက်ကြောင်းဖြစ်သောကြောင့် နိယျာနိကမည်သောဟု ဆို၏။ ထိုသို့ဆိုချေသော် တေဘူမကဝဋ်ဆင်းရဲဟူသော လောကမှ ထွက်မြောက်ပုံအခြင်းအရာ အကျယ်ဝိတ္ထာရကို မသိနိုင်ရာသည်မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (က)(ခ)တို့ဖြင့် တေဘူမကဝဋ် ဆင်းရဲဟူသော လောကမှ ထွက်မြောက်တတ်, ထွက်မြောက်ကြောင်းဖြစ်သောကြောင့် နိယျာနိကမည်၏ဟုသာ မဆိုသင့်။ တေဘူမကဝဋ်ဆင်းရဲဟူသော လောကမှ ထွက်မြောက်ပုံအခြင်းအရာ အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်သေး၏။ တေဘူမကဝဋ်ဆင်းရဲဟူသော လောကမှ ထွက်မြောက်ပုံအခြင်းအရာ အကျယ် ဝိတ္ထာရကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် တေဘူမကကုသိုလ်သည် ဝဋ်ဆင်းရဲ၌ စုတိပဋိသန္ဓေတို့ကို စီတတ်, ပွားစေတတ်သောကြောင့် အာစယဂါမိမည်၏၊ လောကုတ္တရာကုသိုလ်သည်ကား ထိုသို့ မစီတတ်, မပွားစေတတ်သောကြောင့် အာစယဂါမိ **မမည်ဟု** ဆို၏။ ထိုသို့ဆိုချေသော် တေဘူမကကုသိုလ်နှင့် လောကုတ္တရာကုသိုလ်တို့သည် ကုသိုလ်အဖြစ်ဖြင့် အတူတူပင်ဖြစ်ကြသည် မဟုတ်ပါလော။ ထိုသို့ဖြစ်ကြသောကြောင့် (ဃ) ဖြင့် (ပ) မမည်ဟု မဆိုသင့်။ တေဘူမကကုသိုလ်ထက် လောကုတ္တရာကုသိုလ်၏ ထူးခြားပုံကိုလည်း ပြဆိုသင့်သေး၏။ တေဘူမကကုသိုလ်ထက် လောကုတ္တရာ

http://www.dhammadownload.com

ကုသိုလ်၏ ထူးခြားပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် နိယျာနိကံပုဒ်၏ ကတ္တုသာဓန ဝစနတ္ထမှတပါး ကရဏသာဓန ဝစနတ္ထကို ဖွင့်ပြသောကြောင့် အဇ္ဈာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဝဋ်ဆင်းရဲမှ ထွက်မြောက်ပုံ အကျယ်ကို ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဃ)(င)** ဖြင့် အပစယဂါမိပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဇ္ဈာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် တေဘူမကကုသိုလ်ထက် လောကုတ္တရာကုသိုလ်၏ ထူးခြားပုံကို ပြသောကြောင့် အဇ္ဈာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

(ခ) ၌ ဝါ-သဒ္ဒါကို ထားခြင်းအကြောင်း ။ ။ နိယျာနိကံ၌ အနီယပစ္စည်း၏ ကတ္တုသာဓနအနက်မှတပါး ကရဏသာဓနအနက်ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ခ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။ (တနည်း) နိယျာနိကံပုဒ်၏ ကတ္တုသာဓနဝစနတ္ထမှတပါး ကရဏသာဓန ဝစနတ္ထကို လဲလှယ်ပြလိုသောကြောင့် (ခ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

➢ ❹ ။ ဝဋ္ဋတိ ဧတ္ထ ကမ္မံ, တဗ္ဗိပါကော စာတိ **ဝဋ္ဋံ**။ (၂) ဝဋ္ဋဓာတ်+အ-ပစ္စည်းသည်ငှင်း၊ အကြောင်းကံ, အကျိုးဝိပါက်တို့၏ လည်၍ဖြစ်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) တေဘူမကဝဋ်တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

လုဇ္ဇတိ ပလုဇ္ဇတီတိ **လောကော**။ (လုဇဓာတ်+ဏပစ္စည်း၊ ပျက်ခြင်းကြိယာ)

သမဂ္ဂနံ သမင်္ဂေါ။ သမင်္ဂေါ အဿ အတ္ထီတိ **သမင်္ဂီ**။ (သမင်္ဂပုဒ်+ဏီ)

တေန ဉာဏေန သမင်္ဂီ **တံသမင်္ဂီ**။ (၂) တ-ပုဒ်+သမင်္ဂီပုဒ်သည်ငှင်း၊ လောကုတ္တရာဉာဏ်၏ ပြည့်စုံသော ပုဂ္ဂိုလ်နှင့် သံ+သာမီ၊ ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) လောကုတ္တရာဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဒြဗ်သည် (ဝါ) ပုဂ္ဂိုလ်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သမုဒေတိ ဧတသ္မာ ဒုက္ခန္တိ **သမုဒယော**။ (၂) သံ-ရှေး ဥ-ရှေးရှိသော ဣဓာတ်+ဏပစ္စည်းသည်ငှင်း၊ ဖြစ်ခြင်း ဖြစ်စေခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဖြစ်ခြင်း ဖြစ်စေခြင်းကြိယာသည် (ဝါ) သမုဒယဖြစ်သော တဏှာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ * နိရုဇ္ဈတိ ဧတ္တာတိ **နိရောဓော**။ (နိပုဗ္ဗ ရုဓဓာတ်+ဏ)

ပရိသမန္တတော ကရီယတေတိ **ပါကာရော**။ (၂) ပပုဗ္ဗ ကရဓာတ်+ဏပစ္စည်းသည်ငှင်း၊ ပြုခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) တံတိုင်းဒြဗ်သည် ပဝတ္တိနိမိတ်။

ပရိဇာနာတီတိ **ပရိဇာနန္တော**။ (၂) ပရိပုဗ္ဗ ဉာဓာတ်+ နာပစ္စည်း အန္တပစ္စည်းသည်ငှင်း၊ သိခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သိခြင်းကြိယာဝိသေသသည် ပဝတ္တိနိမိတ်။

ပဇဟတီတိ **ပဇဟန္တော**။ (၂) ပပုဗ္ဗ ဟာဓာတ် အန္တပစ္စည်းသည်ငှင်း၊ ပယ်စွန့်ခြင်းကြိယာသာမညသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပယ်စွန့်ခြင်းကြိယာဝိသေသသည် ပဝတ္တိနိမိတ်။

မုဒံ ဂိရတီတိ မုဂ္ဂရော။ မုဋ္ဌတီတိ မုဂ္ဂရော။ (မုစ+အရ) မဟန္တော မုဂ္ဂရော **မဟာမုဂ္ဂရော**။

http://www.dhammadownload.com

➤ ၆ ။ (က) ၌ နိယျာတိ-ဖြင့် နိယျာနိကံ-၌ နိပုဗ္ဗ ယာဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) အနီယပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) နိယျာတီတိ နိယျာနိကံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) နိယျာနီယံ-ဟု ဆိုလိုလျက် နီ-၌ ဤ-ကို ရဿပြု၊ ယ-ကို က-ပြု၍ နိယျာနိကံ-ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

လောကတော-ဖြင့် ထွက်မြောက်၏ဟူသည် အမှတ်မရှိသော ဝတ္ထုဗမ္မမှ ထွက်မြောက်သည်မဟုတ်၊ လောကမှ ထွက်မြောက်သည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

ဝဋ္ဋတော-ဖြင့် လောကမှ ထွက်မြောက်၏ဟူသည် တေဘူမကဝဋ္ဋဆင်းရဲဟု ဆိုအပ်သော လောကမှ ထွက်မြောက်ခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) (တနည်း) လောကတော-၌ လောက-အရ သတ္တလောက, ဩကာသလောကတို့ကို မယူရ၊ တေဘူမကဝဋ္ဋဆင်းရဲဟုဆိုအပ်သော သင်္ခါရလောကကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ဖြင့် နိယျာနိကံ-၌ နိပုဗ္ဗ ယာဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) အနီယပစ္စည်း၏ ကရဏ သာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) နိယျာတိ ဧတေနာတိ နိယျာနိကံ-ဟု ပြုရမည်ကိုင်း (အဘိဓာနတ္ထ) နိယျာနီယံ-ဟု ဆိုလိုလျက် နီ-၌ ဤ-ကို ရဿပြု၊ ယ-ကို က-ပြု၍ နိယျာနိကံ-ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ဝဋ္ဋမှထွက်မြောက်၏ဟူသည် ထိုအရိယာမဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် သစ္စာလေးပါး ကို သိ, ပယ်, ဆိုက်, ပွား လေးပါးသော ကိစ္စကိုပြုလျက် ထွက်မြောက်သည်ဟု ထွက်မြောက်ပုံ အခြင်း အရာကို သိစေပါသည်။(ဘာဝတ္ထ)

(ဃ) ၌ ယထာစ ပန စသည်ဖြင့် ဥပမာနကို သိစေပါသည်။(ဘာဝတ္ထ) **တေဘူမကကုသလံ** စသည်ဖြင့် အာစယဂါမိကို အာစိနာတီတိ အာစိနန္တံ၊ ဂစ္ဆတီတိ ဂါမိ၊ အာစိနန္တံ ဟုတ္វာ ဂါမိ အာစယ ဂါမိ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) အာစိနန္တဂါမိ-ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် အာစယဂါမိ ပြီးသည်၏အဖြစ်ကိုင်း(ဘာဝတ္ထ) ရှေ့ပုဒ် အာစယ-၏ ကာရိဖြစ်သော အာစိနန္တ၌ အာ-ရှေ့ရှိသော စိဓာတ် နာပစ္စည်း အန္တပစ္စည်း၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ) ယင်းအန္တပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏အဖြစ်ကိုင်း(ဒု-ပစ္စယတ္ထ) စိဓာတ်၏ ဝဍ္ဎနတ္ထဝါစက ၏ အဖြစ်ကိုင်း(ဒု-ဓာတွတ္ထ) နောက်ပုဒ်ဖြစ်သော ဂါမိ-၌ ဂမုဓာတ် ဏီပစ္စည်း၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ) ယင်းဏီပစ္စည်း၏ ကတ္တားအနက်ကို ဟောသည်၏အဖြစ်ကိုင်း(ဒု-ပစ္စယတ္ထ) အာစယဂါမိ-အရ တေဘူမကကုသိုလ်ကို ကောက်ယူရမည်၏အဖြစ်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) တေဘူမကကုသိုလ်သည် ဝဋ္ဋ၌ စုတိပဋိသန္ဓေတို့ကို စီလျက်သွားတတ်သောကြောင့် အာစယဂါမိ မည်သည်၏ အဖြစ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

န တထာ ဣဒံ-ဖြင့် လောကုတ္တရာစျာန်သည်ကား ထိုတေဘူမကကုသိုလ်ကဲ့သို့ ဝဋ္ဋ၌ စုတိ ပဋိသန္ဓေတို့ကို စီလျက် မသွားတတ် မဖြစ်တတ်ဟု သိစေပါသည်။(ဘာဝတ္ထ)

(င) ၌ အပစိနန္တံ ဂစ္ဆတိ-ဖြင့် အပစယပုဒ်ကို အပစိနာတီတိ အပစယံ-ဟု ကတ္တုသာဓန ဝစနတ္ထ

http://www.dhammadownload.com

ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) အပ စယပုဒ်၏ အပပုဗ္ဗ စိဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဂါမိ-ဟူသော ပုဒ်ကို ဂစ္ဆတီတိ ဂါမီ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဏီ-ပစ္စည်း၏ ကတ္တုသာဓနအနက် သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) အပစယံ ဂါမိ အပစယဂါမိ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဝိဒ္ဓံသေန္တံ-ဖြင့် အပစိနန္တံ-၌ စိဓာတ်၏ ဤ၌ စီခြင်းအနက်ကို မဟော၊ ဖျက်ဆီးခြင်း=ဝိဒ္ဓံသနအနက် ကို ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) အပ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏ အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

➢ **၇** ။ **(ခ) ဝါ**-ကား နယန္တရတ္ထ၊ ဝိကပ္ပနတ္ထ။ (ဂ) **ဟိ**-ကား ဒဠှီကရဏတ္ထ၊ ဝိတ္ထာရတ္ထ။ **ပရိဇာနန္တော**-၌ ပရိ-ကား ပရိစ္ဆိန္ဒနတ္ထ။ (ဃ) **ပန**-ကား ပက္ခန္တရတ္ထ။ **စ**-ကား ပဒါလင်္ကာရ, ပဒပူရဏတ္ထ။ (င) **ပန**-ကား ဝိသေသတ္ထ။ **ယထာ**-ကား ဥပမာအနက်။ **ဣတိ**-ကား ဟေတွတ္ထ။ **နာမ**-ကား သညာဝါစက။ **န**-ကား ပဋိသေဓတ္ထ။

ဝိဒ္ဓံသန္တော (စ) ၌ (၁) တစ်ပါးသော ယောက်ျားဒြဗ်သည် ဂဟေတဗ္ဗတ္ထ။ (၂) အုဌ်တံတိုင်း စီသော တစ်ယောက်သော ယောက်ျားဒြဗ်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဖျက်ဆီးခြင်းကြိယာသည် အနုညာတတ္ထ။

➢ **၈** ။ **ကြိယာဝါးတန်** ။ ။**နိယျာတိ, နိယျာနိကံ, အပစယဂါမိ-အရ "လောကုတ္တရာ ကုသိုလ်စျာန်"** ကို ယူ၍ (၁) ထိုလောကုတ္တရာကုသိုလ်စျာန်သည် ဒဿနတ္ထ။ (၂) ဝေါဘာ, ဝေါဒါန်သည် ဒီပကတ္ထ။ (၃) မဂ္ဂါနန္တရဖိုလ်တို့သည် ပကာသနတ္ထ။ (၄) ပရိကံ, ဥပစာ, အနုလုံတိုင်အောင် သော ရှေးရှေးသော ပါရမီပုညဉာဏသမ္ဘာရ စသည်သည် ဝိဘာဝတ္ထ။ (၅) ပစ္စဝေက္ခဏာဉာဏ်, ဖလ သမာပတ္တိသုခမှ စ၍ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(ဂ) ပုဂ္ဂလာဓိဋ္ဌာနဝါကျ၌ ဓမ္မာဓိဋ္ဌာန်အားဖြင့် "လောကုတ္တရာကုသိုလ်စျာန်"ကို ယူထုတ်။

အာစယဂါမိ-၌ အာစယ-အရ, ဂါမိ-အရ, အာစယဂါမိ-အရ = တေဘူမကကုသိုလ်ကို ယူ၍ (၁) ထိုတေဘူမကကုသိုလ်သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရ, ဥပစာရဇောတို့သည် ဒီပကတ္ထ (၃) ပီတိ ပါမောဇ္ဇနှင့် စျာနသမာပတ္တိသုခတို့သည် ပကာသနတ္ထ။ (၄) အဝိဇ္ဇာ, တဏှာ-စသော အကြောင်း သပ္ပုရိသူပနိဿယ-စသောအကြောင်း၊ တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်း-စသော အကြောင်းတို့သည် ဝိဘာ ဝတ္ထ။ (၅) ကာမသုဂတိ ရူပါရူပ ပဋိသန္ဓေ စုတိတို့ကို ဖြစ်စေခြင်း စသည်တို့သည် အနုဘာဝတ္ထ။

စုတိပဋိသန္ဓိယော-အရ = ကာမသုဂတိ ရူပါရူပ ပဋိသန္ဓေ စုတိတို့ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) တေဘူမကကုသိုလ်ကံသည် ဒီပကတ္ထ။ (၃) ကာမသုဂတိချမ်းသာ စျာန်ချမ်းသာတို့ကို ခံစားခြင်းသည် ပကာသနတ္ထ။ (၄) ယောနိသောမနသိကာရ, ဥပစာရဇော-စသည်နှင့် အဝိဇ္ဇာ တဏှာတို့ သည် ဝိဘာဝတ္ထ။ (၅) ထိုက်သည့်အားလျော်စွာ သုခ ဒုက္ခတို့ကို ခံစားရခြင်းသည် အနုဘာဝတ္ထ။

➢ **၉** ။ **ဒုက္ခံ** -အရ ဒုက္ခသစ္စာကို။ **သမုဒယံ-အရ** သမုဒယသစ္စာကို။ **နိရောဓံ-အရ** နိရောဓ သစ္စာကို။ **မဂ္ဂံ-အရ** မဂ္ဂသစ္စာကို ယူထုတ်။

http://www.dhammadownload.com

➤ **၁ ၀** ။ **(ခ) နိယျာတိ+စေတေန** ॥ ॥ စေတေန-အရ လောကုတ္တရာစျာန် ပစ္စည်းတရားသည် နိယျာတိ-အရ ထိုနှင့်ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

လောကတော-အရ တေဘူမက စိတ် စေတသိက် ရုပ် ပစ္စည်းတရားသည် **နိယျာတိ**-အရ မဂ်စျာန် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဒုက္ခ+ပရိဇာနန္တော ॥ ॥ ဒုက္ခ-အရ လောဘကြဉ်သော လောကီစိတ္တုပ္ပါဒ်၊ ရုပ်(၂၈)ပါး ပစ္စည်းတရားသည် ပရိဇာနန္တော-အရ လောကုတ္တရာစျာန် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

သမုဒယံ+ပဇဟန္တော ॥ ॥ သမုဒယံ-အရ သမုဒယသစ္စာ(လောဘ) ပစ္စည်းတရားသည် ပဇဟန္တော အရ လောကုတ္တရာစျာန် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

နိရောဓံ+သစ္ဆိကရောန္တော ॥ ॥ နိရောဓံ-အရ နိရောဓသစ္စာ(နိဗ္ဗာန်) ပစ္စည်းတရားသည် +သစ္ဆိကရောန္တော-အရ လောကုတ္တရာစျာန် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

မဂ္ဂံ+ဘာဝေန္တော ॥ ॥ မဂ္ဂံ-အရ မဂ္ဂင်တရားကိုယ်ရှစ်ပါး ပစ္စည်းတရားသည် ဘာဝေန္တော-အရ မဂ္ဂင်တရားကိုယ်ရှစ်ပါးကြဉ်သော မဂ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဣံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၁)

တေဘူမကကုသလေန-အရ တေဘူမကကုသိုလ် စေတနာ ပစ္စည်းတရားသည် **စိတာ**-အရ စုတိ, ပဋိသန္ဓေ ပစ္စယုပ္ပန်တရားတို့အား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= နာနာက္ခဏိကကမ္မ၊ ပကတူပနိဿယ (၂)

ပါဌ် (၁၅၃) [ဋ္ဌ၊၂၅၉။ ပြည်၊ဒု၊၄၅၉။ ဘာသာဋီ၊တ၊၁၂၇]

(က-၁) **ဒိဋ္ဌိဂတာနံ ပဟာနာယာတိ ဧတ္ထ ဒိဋ္ဌိယော ဧဝ ဒိဋ္ဌိဂတာနံ**

(က-၂) **"ဂူထဂတံ မုတ္တဂတ"န္တိ အာဒီနိ ဝိယ။**

(ခ) **ဒွါသဋ္ဌိယာ ဝါ ဒိဋ္ဌီနံ အန္တောဂဓတ္တာ ဒိဋ္ဌိသု ဂတာနီတိပိ ဒိဋ္ဌိဂတာနိ။**

(ဂ) **ဒိဋ္ဌိယာဝါ ဂတံ ဧတေသန္တိပိ ဒိဋ္ဌိဂတာနိ။**

(ဃ) **ဒိဋ္ဌိသဒိသဂမနာနိ ဒိဋ္ဌိသဒိသပ္ပဝတ္တာနီတိ အတ္ထော။**

(င) **ကာနိ ပန တာနီတိ? သသမ္ပယုတ္တာနိ သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာသီလဗ္ဗတပရာမာသ အပါယဂမနီယရာဂဒေါသမောဟာကုသလာနိ။**

(စ) **တာနိ ဟိ ယာဝ ပဌမမဂ္ဂဘာဝနာ၊ တာဝ ပဝတ္တိသဗ္ဘာဝတော ဒိဋ္ဌိသဒိသဂမနာနီတိ ဝုစ္စန္တိ။**

(ဆ) **ဣတိ ဒိဋ္ဌိယောစ ဒိဋ္ဌိဂတာနိစ ဒိဋ္ဌိဂတာနိ။** (ဇ) **တေသံ ဒိဋ္ဌိဂတာနံ။**

ဒိဋ္ဌိဂတာနံ= မိစ္ဆာဒိဋ္ဌိတို့ကို။(က-နှင့်အညီ) ဒိဋ္ဌိဂတာနံ=၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့၌ အတွင်းဝင်သော ဒိဋ္ဌိတို့ကို။ (ခ-နှင့်အညီ) ဒိဋ္ဌိဂတာနံ=ဒိဋ္ဌိ, ဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်းရှိကုန်သော အကုသိုလ်တရားတို့ကို။

http://www.dhammadownload.com

(ဂ-ဃ-နှင့်အညီ)

➢ ❶ ။ **(က)** ဒိဋ္ဌိဂတာနံ ပဟာနာယာတိ ဧတ္ထ၊ဋ္ဌ။ဒိဋ္ဌိယော ဧဝ၊ဒိဋ္ဌိတို့သည်ပင်လျှင်။ဒိဋ္ဌိဂတာနံ၊ဒိဋ္ဌိဂတတို့မည်ကုန်၏။ကာနိဝ၊အဘယ်ကဲသို့နည်းဟူမူကား။ဂူထဂတံ မုတ္တဂတန္တိ အာဒီနိဝိယ၊ဂူထဂတံ မုတ္တဂတံ အစရှိသည်တို့ကဲ့သို့တည်း။

(က) ပမာပမေ ထင်ရှားစေလျက်/ဥပမာအတွင်းသွင်း ။ ။ ဒိဋ္ဌိဂတာနံ ပဟာနာယာတိ ဧတ္ထ၊ဟူသော ဤပါဌ်၌။ဂူထဂတံ၊ကျင်ကြီး။မုတ္တဂတံ၊ကျင်ငယ်။ဣတိ အာဒီနိ ဝိယ၊ဤပုဒ်တို့ကဲ့သို့။ဒိဋ္ဌိယောဧဝ၊ဒိဋ္ဌိတို့သည်ပင်လျှင်။(ဂတသဒ္ဒဿ၊ဂတ-သဒ္ဒါ၏။တဗ္ဘာဝ ဝုတ္တိတ္တာ၊တဗ္ဘောအနက်၌ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။) ဒိဋ္ဌိဂတာနိ၊ဒိဋ္ဌိဂတတို့မည်၏။

(ခ) ဝါ၊တနည်းကား။ဒွါသဋ္ဌိယာ၊ခြောက်ဆယ့်နှစ်ပါးသော။ဒိဋ္ဌီနံ၊မိစ္ဆာအယူတို့၏။အန္တောဂဓတ္တာ၊အတွင်းဝင်သည်၏အဖြစ်ကြောင့်။ဒိဋ္ဌီသု၊ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့၌။ဂတာနိ အန္တောဂတာနိ၊အတွင်းဝင်သည်တို့တည်း။ဣတိပိ တသ္မာ၊ထိုအကြောင်းကြောင့်လည်း။ဒိဋ္ဌိဂတာနံ၊ဒိဋ္ဌိဂတတို့မည်ကုန်၏။

(ဂ) ဝါ၊ကား။ဒိဋ္ဌိယာ၊၏။ဂတံဝိယ၊ဖြစ်ခြင်းကဲ့သို့။ဧတေသံ၊ထိုဝိစိကိစ္ဆာ-စသော တရားတို့၏။ဂတံ၊ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ဣတိပိ တသ္မာ၊ထိုအကြောင်းကြောင့်လည်း။(တာနိ၊ထိုဝိစိကိစ္ဆာ-စသော တရားတို့သည်။) ဒိဋ္ဌိဂတာ၊ဒိဋ္ဌိဂတတို့မည်ကုန်၏။

(ဃ) ဒိဋ္ဌိသဒိသဂမနာနိ ဒိဋ္ဌိသဒိသပ္ပဝတ္တာနိ၊ဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်းရှိကုန်သော။ဣတိ အယံ၊ကား။အတ္ထော၊အနက်တည်း။ **(င)** တာနိ၊ထိုဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်းရှိသော တရားတို့သည်။ကာနိပန၊အဘယ်သည်တို့နည်း။ဣတိစေ၊ဤသို့မေးငြားအံ့။သသမ္ပယုတ္တာနိ၊သမ္ပယုတ်တရားတို့ နှင့်တကွ ဖြစ်ကုန်သော။ဝိစိကိစ္ဆာသီလဗ္ဗတ ပရာမာသ အပါယဂမနီယ ရာဂဒေါသ မောဟာကုသလာနိ၊ ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, အပါယ်သို့လားကြောင်းဖြစ်သော ရာဂ, ဒေါသ, မောဟ-ဟု ဆိုအပ်သော အကုသိုလ်တရားတို့တည်း။

(စ) ဟိ-သစ္စံ၊၏။တာနိ၊ထိုဝိစိကိစ္ဆာ-စသော တရားတို့ကို။ယာဝ၊အကြင် ရွေ့လောက်။ပဌမမဂ္ဂဘာဝနာ၊ပဌမမဂ်ကို ပွားစေခြင်းသည်။ဟောတိ၊ဖြစ်၏။တာဝ၊ထိုရွေ့လောက်။(ဝါ)ထိုရှေးဦးစွာသော သောတာပတ္တိမဂ်ကို ဖြစ်စေရာ ကာလတိုင်အောင်။ပဝတ္တိသဗ္ဘာဝတော၊ဖြစ်ခြင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ဒိဋ္ဌိသဒိသဂမနာနီတိ၊ဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်းရှိသော တရားတို့ဟူ၍။ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။

(ဆ) ဣတိ၊ဤသို့။ဒိဋ္ဌိယောစ၊ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့လည်း။ဒိဋ္ဌိဂတာနိစ၊ဒိဋ္ဌိနှင့် တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာ-စသော တရားတို့လည်း။ဒိဋ္ဌိဂတာနိ၊ဒိဋ္ဌိ-ဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာ-စသော တရားတို့ကို။ **(ဇ)** တေသံ ဒိဋ္ဌိဂတာနံ၊ထိုဒိဋ္ဌိ-ဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်းရှိကုန်သော ဝိစိကိစ္ဆာ-စသော တရားတို့ကို။

➢ ❷ ။ **(က-၂) သို့/ ဋ္ဌပနာပဋ္ဌက** ။ ။ ဆရာ၊ ဆရာသည် (က-၁) ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဒိဋ္ဌိယော ဧဝ ဒိဋ္ဌိဂတာနိ-ဟု ဂတသဒ္ဒါ အနက်မဲ့ကြံ၍ တဗ္ဘာဝဝုတ္တိ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဂတသဒ္ဒါအနက်မဲ့ဖြစ်ပုံကို ဥပမာန အကိုးသာဓက မပြတော့ပြီလော။ ထို့ကြောင့် (က-၁) ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဒိဋ္ဌိယော ဧဝ ဒိဋ္ဌိဂတာနိ-ဟု ဂတသဒ္ဒါ အနက်မဲ့ကြံ၍

http://www.dhammadownload.com

တဗ္ဗဝုတ္တိ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု မဆိုသင့်။ ဂတသဒ္ဒါအနက်မဲ့ဖြစ်ပုံကို ဥပမာန အကိုးသာဓကနှင့်တကွ ပြဆိုသင့်သေး၏။ အဘယ်ပုဒ်တို့ကဲ့သို့ မှတ်ရပါမည်နည်း။ (က-၂) မိန့်။

အဓိပ္ပါယ်ကား (က-၂) ဖြင့် ဂူထဂတ် မုတ္တဂတ်-စသော ပုဒ်တို့ကဲ့သို့ ဒိဋ္ဌိဂတာနိ၌ ဂတသဒ္ဒါသည် အနက်မဲ့ တဗ္ဗဝုတ္တိ ကမ္မဓာရယ်သမာသ် ဖြစ်၏ဟု ဥပမာန အကိုးသာဓကကို ငါပြဆို၏ဟူလို။

(ခ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို တဗ္ဗာဝုတ္တိ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဒိဋ္ဌိဂတာနိပုဒ်ကို တဗ္ဗာဝုတ္တိ ကမ္မဓာရယ်သမာသ် ဝစနတ္ထကိုသာလျှင် ပြုအပ်၏ဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က) ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို တဗ္ဗာဝုတ္တိ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုသာ မပြဆိုသင့်။ တစ်ပါးသော ဖြစ်သင့်သော သမာသ်ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ တစ်ပါးသော ဖြစ်သင့်သော သမာသ်ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ် ရှိသောကြောင့် (ခ) မိန့်။

(ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ)ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို စတုတ္ထီ, ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဒိဋ္ဌိဂတာနိပုဒ်၏ သဒ္ဒတ္ထအကျယ်ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (ဂ)ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို စတုတ္ထီ, ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု မဆိုသင့်။ ဒိဋ္ဌိဂတာနိပုဒ်၏ သဒ္ဒတ္ထအကျယ်ကိုလည်း ပြဆိုသင့်သေး၏။ ဒိဋ္ဌိဂတာနိပုဒ်၏ သဒ္ဒတ္ထအကျယ်ကား အဘယ်ပါနည်း။ (ဃ) မိန့်။

(င) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ)(ဃ)တို့ဖြင့် ဒိဋ္ဌိဂတာနိ-ကို ဂမနံ ဂတံ၊ ဒိဋ္ဌိယာ ဂတံ ဝိယ ဂတံ ဧတေသန္တိ ဒိဋ္ဌိဂတာနိ-ဟု ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဒိဋ္ဌိဂတာနိပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ယင်းဒိဋ္ဌိဂတာနိပုဒ်၏ အရကောက် အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ ယင်းဒိဋ္ဌိဂတာနိပုဒ်၏ အရကောက် အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် ဒိဋ္ဌိ, ဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်းရှိသော တရားတို့ဟူသည် သမ္ပယုတ်တရားတို့နှင့် တကွဖြစ်ကုန်သော ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, အပါယ်သို့ လားကြောင်းဖြစ်သော ရာဂ, ဒေါသ, မောဟ-ဟု ဆိုအပ်သော အကုသိုလ်တရားတို့ပင်တည်းဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းသို့ဖွင့်ဆိုသော ဆရာ့စကားသည် ယုတ္တိကင်းပ ဒဋ္ဌီယမျှသာဖြစ်၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ထို့ကြောင့် ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

➤ **❸** ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို တဗ္ဗာဝုတ္တိ ကမ္မဓာရယ်သမာသ်

http://www.dhammadownload.com

ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ခ)** ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဥပမာပုဗ္ဗပဒ စတုတ္ထီ, ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဂတံပုဒ်ကို ကတ္တုသာဓ် ဝစနတ္ထ စသည်မပြုရ၊ ဘာဝသာဓ် ဝစနတ္ထကိုသာ ပြုရမည်၊ ဂမုဓာတ်သည် ပါပုဏန-စသောအနက်ကိုမဟော၊ ပဝတ္တနအနက်ကိုသာ ဟောသည်ဟု အလွန်မပျံ့နှံ့အောင်ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။

(ခ) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ ဒိဋ္ဌိဂတာနိပုဒ်၏ တဗ္ဘာဝဝုတ္တိ ကမ္မဓာရယ်သမာသ် ဝစနတ္ထမှတပါး သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထကို လဲလှယ်ပြုလိုသောကြောင့် (ခ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။ (တနည်း) ဒိဋ္ဌိဂတာနိ-၌ ဂတပုဒ်၏ တဗ္ဘောအနက်မှတပါး အန္တောဂတအနက်ကို လဲလှယ်ပြုလိုသောကြောင့် (ခ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(ဂ) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ ဒိဋ္ဌိဂတာနိပုဒ်၏ တဗ္ဘာဝဝုတ္တိကမ္မဓာရယ်သမာသ်, သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထမှတပါး ဥပမာပုဗ္ဗပဒ စတုတ္ထီ, ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထကို လဲလှယ်ပြုလိုသောကြောင့် (ဂ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

➤ **၆** ။ ပဋိကူလတ္တာ ဂေါပီယတီတိ **ဂူထော**။ (၂) ဂုပဓာတ်+ထပစ္စည်းသည်ငှင်း၊ စောင့်ရှောက်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကျင်ကြီးတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဂူထော ဧဝ **ဂူထဂတံ**။ (၂) ဂူထပုဒ်+ဂတပုဒ်သည်ငှင်း၊ စောင့်ရှောက်အပ်, လုံခြုံစေအပ်သည်၏ အဖြစ်ဟူသော ဂုဏ်၏ ကျင်ကြီးနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကျင်ကြီးတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

မိဟတိ သိဉ္စတီတိ **မုတ္တံ**။ (၂) မိဟဓာတ်+တ-ပစ္စည်းသည်ငှင်း၊ သွန်းလောင်းခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကျင်ငယ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ * မုတ္တံ ဧဝ **မုတ္တဂတံ**။

အန္တော ဩဂါဓိန္တီတိ **အန္တောဂဓာနိ**။ (အန္တော-သဒ္ဒူပပဒ အဝပုဗ္ဗ ဂါဓဓာတ်+အ-ပစ္စည်း)

အန္တောဂတာနံ ဘာဝေါ **အန္တောဂဓတ္တံ**။ (တဒ္ဓိ)

* ဒိဋ္ဌိယာ သဒိသံ ဒိဋ္ဌိသဒိသံ။ ဂမိယတေ ပဝတ္တိယတေ ဂမနံ။

ဒိဋ္ဌိသဒိသံ ဂမနံ ဧတေသန္တိ **ဒိဋ္ဌိသဒိသဂမနာနိ**။ (၂) ဒိဋ္ဌိသဒိသပုဒ်+ဂမနပုဒ်+ဧတပုဒ်သည်ငှင်း ဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်း၏ အကုသိုလ်တရားတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဒိဋ္ဌိနှင့်တူသော ဖြစ်ခြင်းရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဒိဋ္ဌိသဒိသံ ပဝတ္တံ ဧတေသန္တိ **ဒိဋ္ဌိသဒိသပ္ပဝတ္တာနိ**။

သန္တဿ ဘာဝေါ သဗ္ဘာဝေါ။ ပဝတ္တိယာ သဗ္ဘာဝေါ **ပဝတ္တိသဗ္ဘာဝေါ**။

http://www.dhammadownload.com

ပဟီယတေ **ပဟာနံ**။ (တဿ) (၂) ပဟုဗ္ဗ ဟာဓာတ်+ယုပစ္စည်းသည်ငှင်း၊ ပယ်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပယ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)** ၌ ဒိဋ္ဌိယောဓေ-ဖြင့် ဒိဋ္ဌိဂတာနိ၌ ဂတ-သဒ္ဒါ၏ တဗ္ဘောအနက်၌ ဖြစ်သည်ကိုငှင်း (နာမလိင်္ဂတ္ထ) ဒိဋ္ဌိယော ဧဝ ဒိဋ္ဌိဂတာနိ-ဟု တဗ္ဘာဝဝုတ္တိကမ္မဓာရယ်သမာသ် ဝဓနတ္ထပြုရမည်ကိုငှင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ ဒိဋ္ဌိသု ဂတာနိ-ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဒိဋ္ဌိသု ဂတာနိ ဒိဋ္ဌိဂတာနိ-ဟု သတ္တမီ တပ္ပုရိသ်သမာသ် ဝဓနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

ဒွါသဋ္ဌိယာ ဒိဋ္ဌီနံ အန္တောဂဓတ္တာ-ဖြင့် ဒိဋ္ဌိဂတာနိ၌ ဒိဋ္ဌိ-အရ (၆၂)ပါးသော ဒိဋ္ဌိတို့ကို ယူရမည်၏အဖြစ်ကိုငှင်း(သရုပ်ကြား အဘိဓေယျတ္ထ) ဂတ-သဒ္ဒါ၏ အန္တောဂဓအနက် ဟောသည်၏အဖြစ်ကိုငှင်း(နာမလိင်္ဂတ္ထ) သိစေပါသည်။

အပိ-ဖြင့် တဗ္ဘာဝဝုတ္တိကမ္မဓာရယ်သမာသ် ဝဓနတ္ထကြောင့်သာ ဒိဋ္ဌိဂတ မည်သည် မဟုတ်သေး၊ သတ္တမီ တပ္ပုရိသ်သမာသ် ဝဓနတ္ထကြောင့်လည်း ဒိဋ္ဌိဂတမည်၏ဟူသော သမုစ္စည်းအဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ၌ ဒိဋ္ဌိယာ ဂတံ ဓေတသိက္ခိ-ဖြင့် ဒိဋ္ဌိဂတာနိ-ပုဒ်ကို ဒိဋ္ဌိယာ ဂတံ ဣဝ ဂတံ ဓေတသိက္ခိ ဒိဋ္ဌိဂတာနိ-ဟု ဥပမာပုဗ္ဗပဒ ဗဟုဗ္ဗိဟိသမာသ် ဝဓနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း(သမာသလိင်္ဂတ္ထ) ဒိဋ္ဌိဂတ ဂတာနိ-ဟု ဆိုလိုလျက် ဂတ-သဒ္ဒါ တစ်ခုကျေသည်၏အဖြစ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

ဝါ-ဖြင့် အတ္ထန္တရဝိကပ္ပနတ္ထ, နယန္တရဇောတကအဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ)

အပိ-ဖြင့် တဗ္ဘာဝဝုတ္တိကမ္မဓာရယ်သမာသ် ဝဓနတ္ထ, သတ္တမီတပ္ပုရိသ်သမာသ် ဝဓနတ္ထတို့ကြောင့်သာ ဒိဋ္ဌိဂတမည်သည်မဟုတ်သေး၊ ဥပမာပုဗ္ဗပဒ စတုတ္ထီ, ဆဋ္ဌီ ဗဟုဗ္ဗိဟိသမာသ် ဝဓနတ္ထကြောင့်လည်း ဒိဋ္ဌိဂတမည်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

(ဃ) ၌ ဒိဋ္ဌိသဒိသဂမနာနိ-ဖြင့် (ဂ)ဝါကျ၌ ဥပမာဇောတက ဝိယ-သဒ္ဒါ ကျေနေသည်၏အဖြစ်ကိုငှင်း(ဘာဝတ္ထ) ဂတံ-၌ တ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဂမနံ ဂတံ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

ဒိဋ္ဌိသဒိသပ္ပဝတ္တာနိ-ဖြင့် ဒိဋ္ဌိသဒိသဂမနာနိ၌ ဂမန-သဒ္ဒါသည် (ဝါ) ဂမုဓာတ်သည် ဉာဏဂတိအနက်ကို မဟော၊ ပဝတ္တနဂတိအနက်ကို ဟော၏ဟု သိစေပါသည်။ (ဒု-ဓာတွတ္ထ)

(င) ဖြင့် ဒိဋ္ဌိသဒိသဂမနာနိ-အရ (ဝါ) ဒိဋ္ဌိဂတာနိ-အရ သမ္ပယုတ်တရားတို့နှင့်တကွ ဖြစ်ကုန်သော ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, အပါယ်သို့လားကြောင်းဖြစ်သော ရာဂ, ဒေါသ, မောဟ-ဟု ဆိုအပ်သော အကုသိုလ်တရားတို့ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ဆ) ၌ ဒိဋ္ဌိယောစ ဒိဋ္ဌိဂတာနိစ-ဖြင့် ဒိဋ္ဌိဂတာနိပုဒ်ကို ဒိဋ္ဌိယောစ ဒိဋ္ဌိဂတာနိစ ဒိဋ္ဌိဂတာနိ-ဟု သရူပေကသေသတဒ္ဓိတ် ဝဓနတ္ထပြုရမည်ဟု သိစေပါသည်။(အဘိဓာနတ္ထ)

➤ ❼ ။ **ပန**-ကား ပုစ္ဆနတ္ထ (ဝါ) ပက္ခန္တရတ္ထ။

http://www.dhammadownload.com

(က) ဒိဋ္ဌိယောဝေ-၌ (၁) မိစ္ဆာဒိဋ္ဌိဟူသော အနက်သည် (ဝါ) ဂတ-သဒ္ဒါ၏ တဗ္ဘော၀ဟူသော အနက်သည် ဂဟေတဗ္ဗတ္ထ။ (၂) သမ္မာဒိဋ္ဌိဟူသော အနက်သည် (ဝါ) ဂတ-သဒ္ဒါ၏ ပါပုဏနဂတိ, ဉာဏဂတိအနက်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဂတ-သဒ္ဒါ၏ အဉ္ဇောဂအနက်, ပဝတ္တနဂတိအနက်တို့ သည် အနုညာတတ္ထ။

➢ **❶** ။ **ကြိယာငါးတန်** ။ ။ **ဒိဋ္ဌိဂတာနံ ပဟာနာယ-၌ ပဟာနာယ-ဝယ် ပဟုဗ္ဗ ဟာစာတ်-အရ** = သောတာပတ္တိမဂ်(ဝါ) သောတာပတ္တိမဂ်ဉာဏ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ (၂) ပရိက်, ဥပစာ, အနုလုံ, ဂေါတြဘူတို့သည် ဒီပကတ္ထ။ (၃) သောတာပတ္တိမဂ္ဂါနန္တရဖိုလ်သည် ပကာ သနတ္ထ။ (၄) တိဟိတ်ပဋိသန္ဓေနှင့် စတုစက္ကသမ္ပတ္တိ စသည်တို့သည် ဝိဘာဝတ္ထ။ (၅) ဖလ သမာပတ္တိ သုခ, အထက်မဂ် အထက်ဖိုလ် အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် အနုဘာဝတ္ထ။

ပထမ ဒုတိယ ဝိကပ်အလို- ဒိဋ္ဌိဂတ-အရ = သက္ကာယဒိဋ္ဌိ ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ (၂) ပရတောဃောသ, သဿတုစ္ဆေဒဟူသော အာသယရှိသူ၏ အဖြစ်သည် ဒီပကတ္ထ။ (၃) များစွာသော မကောင်းမှု အကုသိုလ် တိုးပွားခြင်းသည် ပကာသနတ္ထ။ (၄) အဝိဇ္ဇာနုသယ အသပ္ပုရိသူပ နိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) အပါယ်ဆင်းရဲ သံသရာဆင်းရဲ ခံစားရခြင်းသည် အနုဘာဝတ္ထ။

➢ **❾** ။ **(က) ဒိဋ္ဌိယော-အရ** = ဒိဋ္ဌိကို ယူ၍ ထုတ်။

➢ **❶ ⓿** ။ **ဒိဋ္ဌိဂတာနံ ပဟာနာယ** ။ ။ ဒိဋ္ဌိဂတာနံ-အရ ဒိဋ္ဌိ, ဝိစိကိစ္ဆာစသည် ပစ္စည်း တရားသည် ပဟာနာယ-အရ သောတာပတ္တိမဂ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဒိဋ္ဌိဂတာနံ ။ ။ (ပထမဝိကပ်အလို) ဒိဋ္ဌိ-အရ သက္ကာယဒိဋ္ဌိ ပစ္စည်းတရားသည် ဂတာနံ-အရ ကြွင်းသမ္ပယုတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

(ဒုတိယဝိကပ်အလို) ဒိဋ္ဌိ-အရ မိစ္ဆာဒိဋ္ဌိ(ဒိဋ္ဌိ စေတသိက်) ပစ္စည်းတရားသည် ဂတာနံ-အရ သက္ကာယဒိဋ္ဌိ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(တတိယဝိကပ်အလို) အန္တတ္တ-အရ သက္ကာယဒိဋ္ဌိ ပစ္စည်းတရားသည် ဗာဟုတ္တ-အရ ဝိစိကိစ္ဆာ စသည် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

(ဂ) ဒိဋ္ဌိယာ ဂတံ+ဓေတသံ ။ ။ ဒိဋ္ဌိယာ ဂတံ-အရ ဒိဋ္ဌိစေတသိက် ပစ္စည်းတရားသည် ဓေတသံ-အရ ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

(တနည်း) ဒိဋ္ဌိယာ ဂတံ-အရ ဒိဋ္ဌိ စေတသိက် ပစ္စည်းတရားသည် ဓေတသံ-အရ ဒိဋ္ဌိနှင့်တူသော ဝိစိကိစ္ဆာ-စသော ကြွင်းသောအကုသိုလ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

F-39-A

http://www.dhammadownload.com

ပါဌ် (၁၄၅) [ဋ္ဌ၊၂၅၉။ ပြည်၊ဒု၊၄၅၉။ ဘာသာဋီ၊တ၊၁၂၉]

(က) **ပဟာနာယာတိ သမုစ္ဆေဒဝသေနေဝ ပဇဟနတ္ထာယ။ ပဌမာယာတိ ဂဏနဝသေနပိ ပဌမုပ္ပတ္တိဝသေနပိ ပဌမာယ။**

(ခ-၁) **ဘူမိယာတိ ""အနန္တရဟိတာယ ဘူမိယာ""တိ အာဒီသု တာဝ အယံ မဟာပထဝီ ""ဘူမိ""တိ ဝုစ္စတိ။** (ခ-၂) **""သုခဘူမိယံ ကာမာဝစရေ""တိ အာဒီသု စိတ္တုပ္ပါဒေါ။**

(ဂ) **ဣဓ ပန သာမညဖလံ အဓိပ္ပေတံ။**

(ဃ) **တဉှိ သမ္ပယုတ္တာနံ နိဿယဘာဝတော တေ ဓမ္မာ ဘဝန္တိ ဧတ္ထာတိ ဘူမိ။**

(င) **ယသ္မာ ဝါ သမာနေပိ လောကုတ္တရဘာဝေ သယမ္ပိ ဘဝတိ ဥပ္ပဇ္ဇတိ, န နိဗ္ဗာနံ ဝိယ အပါတုဘာဝံ၊ တသ္မာပိ ""ဘူမိ""တိ ဝုစ္စတိ။** (စ) **တဿာ ပဌမာယ ဘူမိယာ။**

ဘူမိယာ=သမ္ပယုတ်တရားတို့၏ မှီရာအားဖြင့်ဖြစ်ရာ သောတာပတ္တိဖိုလ်တည်းဟူသော ဘုံသို့။ (ဝါ) နိဗ္ဗာန်ကဲ့သို့ ထင်ရှားမဖြစ် မဟုတ်၊ ထင်ရှားဖြစ်စေတတ်သော သောတာပတ္တိဖိုလ်သို့။

➤ **❶** ။ **(က)** ပဟာနာယာတိ၊ကား။သမုစ္ဆေဒ ဝသေနေဝ၊သမုစ္ဆေဒပဟာန်၏ အစွမ်းဖြင့်သာလျှင်။ပဇဟနတ္ထာယ၊ပယ်ခြင်း, စွန့်ခြင်းအကျိုးငှာ။ပဌမာယာတိ၊ကား။ဂဏနဝသေနပိ၊ရေတွက်ခြင်း၏အစွမ်းဖြင့်၎င်း။ပဌမုပ္ပတ္တိဝသေနပိ၊ရှေးဦးစွာဖြစ်ခြင်း၏ အစွမ်းဖြင့်၎င်း။ပဌမာယ၊ရှေးဦးစွာသော။

(ခ) ဘူမိယာတိ၊ကား။အနန္တရဟိတာယ၊အခင်းအနှီးမရှိသော။ဘူမိယာ၊မြေ၌။ဣတိ အာဒီသု၊ဤသို့အစရှိသော ပါဠိတို့၌။တာဝ၊စိတ္တုပ္ပါဒမှ ရှေးဦးစွာ။(နိဒ္ဒိဋ္ဌာ၊ညွှန်ပြအပ်သော) အယံ မဟာပထဝီ၊ဤမြေကြီးကို။ဘူမိတိ၊ဘူမိဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။သုခ ဘူမိယံ၊သုခဝေဒနာ၏ ဖြစ်ရာဖြစ်သော။ကာမာဝစရေ၊ကာမာဝစရတရား၌။ဣတိ အာဒီသု၊တို့၌။စိတ္တုပ္ပါဒေါ၊စိတ္တုပ္ပါဒ်ကို။ဘူမိတိ၊ဘူမိဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ဂ) ပန၊အတ္ထုဒ္ဓါရမှတပါး အတ္ထုဒ္ဒေသကို ဆိုအံ့။ဣဓ၊ဤဘူမိယာဟူသော ပုဒ်၌။သာမညဖလံ၊သာမညဖိုလ်ကို။(ဝါ) သမဏ၏ ဖြစ်ကြောင်းဖြစ်ရာ မဂ်၏အကျိုးဖြစ်သော သောတာပတ္တိဖိုလ်ကို။အဓိပ္ပေတံ၊အလိုရှိအပ်၏။ **(ဃ)** ဟိ-သစ္စံ၊မှန်၏။တံ သာမညဖလံ၊ထိုသာမညဖိုလ်ကို။(ဝါ)ထိုသောတာပတ္တိဖိုလ်ကို။သမ္ပယုတ္တာနံ၊သမ္ပယုတ် တရားတို့၏။နိဿယဘာဝတော၊မှီရာ၏အဖြစ်ကြောင့်။ဧတ္ထ သာမညဖလေ၊ဤသာမညဖိုလ်၌။(ဝါ) သောတာပတ္တိဖိုလ်၌။တေ ဓမ္မာ၊ထိုသမ္ပယုတ် တရားတို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဘူမိ၊မည်၏။

(င) ဝါ၊ကား။ယသ္မာ၊ကြောင့်။လောကုတ္တရဘာဝေ၊လောကကို လွန်မြောက်သည်၏အဖြစ်သည်။သမာနေပိ၊တူလျှင်းမူလည်း။သယမ္ပိ၊မိမိဟု ဆိုအပ်သော သာမညဖိုလ်(သောတာပတ္တိဖိုလ်)သည်လည်း။ဘဝတိ ဥပ္ပဇ္ဇတိ၊ဖြစ်၏။နိဗ္ဗာနံ ဝိယ၊နိဗ္ဗာန်ကဲ့သို့။အပါတုဘာဝံ၊ထင်ရှားမဖြစ်သည်ကား။န၊မဟုတ်။တသ္မာ၊ထို့ကြောင့်လည်း။"ဘူမိ"တိ၊ဟူ၍။ ဝုစ္စတိ၊၏။ **(စ)** တဿာ-တာဒိသာယ၊ထိုသို့ သဘောရှိသော။ပဌမာယ၊လက်ဦးစွာသော။ဘူမိယာ၊ဘုံသို့။ဝါ၊သာမညဖိုလ်သို့။(ဝါ)သောတာပတ္တိဖိုလ်ဟူသော ဘုံသို့။

➤ **❷** ။ **(ခ-၂) သို့/ ဋ္ဌပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (ခ-၁)ဖြင့် အနန္တရဟိတာယ ဘူမိယာ စသည်တို့၌ ဤမြေကြီးကို ဘူမိဟူ၍ ဆိုအပ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် မြေကြီးကို

http://www.dhammadownload.com

ဘူမိဟူ၍သာ သိအပ်၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ခ-၁)ဖြင့် အန္တရဟိတာယ ဘူမိယာ စသည်တို့၌ ဤမြေကြီးကို ဘူမိဟူ၍ ဆိုအပ်၏ဟု မဆိုသင့်။ ဘူမိ သဒ္ဒါ၏ အနက်တစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ ဘူမိ သဒ္ဒါ၏ အနက်တစ်မျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ-၂) မိန့်။

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဘူမိ-သဒ္ဒါသည် မြေကြီး, စိတ္တုပ္ပါဒ်ဟူသော အနက်တို့ကို ဟော၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤဘူမိယာဟူသော ပါဠိ၌ ဘူမိ-သဒ္ဒါသည်လည်း မြေကြီး, စိတ္တုပ္ပါဒ်ဟူသော အနက်တို့ကို ဟော၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ဤ ဘူမိယာဟူသော ပုဒ်၌ ဘူမိသဒ္ဒါ၏ လိုအပ်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤ ဘူမိယာဟူသော ပုဒ်၌ ဘူမိသဒ္ဒါ၏ လိုအပ်သော အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဤဘူမိယာဟူသောပုဒ်၌ သာမညဖိုလ်ကို အလိုရှိအပ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပါဠိတော်၌ ဘူမိယာ-ဟု သာမညဟောသည် ဖြစ်၍ စိတ္တုပ္ပါဒ်ကိုလည်း အလိုရှိအပ်သည် မဟုတ်ပါလော။ ထိုသို့ အလိုရှိအပ်သောကြောင့် (ဂ) ဖြင့် ဤဘူမိယာဟူသောပုဒ်၌ သာမညဖိုလ်ကို အလိုရှိအပ်၏ဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဘူမိပုဒ်ကို ဘဝန္တိ ဧတ္ထာတိ ဘူမိ-ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဘူမိပုဒ်ကို အဓိကရဏသာဓန ဝစနတ္ထသာ ပြုရမည်ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဃ) ဖြင့် ဘူမိပုဒ်ကို ဘဝန္တိ ဧတ္ထာတိ ဘူမိ-ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်ဟု မဆိုသင့်။ ဘူမိသဒ္ဒါ၏ အခြားဖြစ်သင့်သော ဝစနတ္ထတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ ဘူမိသဒ္ဒါ၏ အခြားဖြစ်သင့်သော ဝစနတ္ထတစ်မျိုးကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (င) မိန့်။

➤ **❷** ။ **ဒေါသပယ်** ။ ။ **(ဃ)** ဖြင့် (ဂ)ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် ဘူမိပုဒ်၏ အဓိကရဏသာဓန ဝစနတ္ထမှတပါး ကတ္တုသာဓန ဝစနတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

(ခ)(င)တို့၌ ဝုစ္စတိ-ကို ထားရခြင်းအကြောင်း ။ ။ ဘူမိသဒ္ဒါ၏ ကေဒေသျှပစာအဖြစ်ကို ပြလိုသောကြောင့် (ခ)(င)တို့၌ ဝုစ္စတိ-ကို ထားရပါသည်။

(ဂ) ၌ အဓိပ္ပေတာ-ကို ထားရခြင်းအကြောင်း ။ ။ ဘူမိ-သဒ္ဒါ၏ မြေကြီး, စိတ္တုပ္ပါဒ်, သာမညဖိုလ်ဟူသော အနက်သာမညမှ သာမညဖိုလ်(သောတာပတ္တိဖိုလ်)ဟူသော အနက်ဝိသေသကို ယူရမည်ဟု ဤ၌လိုအပ်သော အနက်ထူးကို လုယက်၍ ပြလိုရာဌာနဖြစ်သောကြောင့် (ဂ) ၌ အဓိပ္ပေတာ-ကို

F-39-B

http://www.dhammadownload.com

ထားရပါသည်။

(င) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ ဘူမိ-သဒ္ဒါ၏ အဓိကရဏသာဓန ဝစနတ္ထ မှတပါး ကတ္တုသာဓနဝစနတ္ထကို လဲလှယ်ပြလိုသောကြောင့် (င) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

(င) ၌ တသ္မာ-ကို ထားရခြင်းအကြောင်း ။ ။ မိမိဟူသော သာမညဖိုလ်၏ ဖြစ်တတ်သည်၏ အဖြစ်ဟူသော အကြောင်း ကာရဏကို ပြလိုသောကြောင့် (င) ၌ တသ္မာ-ကို ထားရပါသည်။

တသ္မာပိ-၌ ပိ(အပိ)ကို ထားရခြင်းအကြောင်း ။ ။ ဘဝန္တိ ဧတ္ထ-ဟူသော အဓိကရဏသာဓ် ဝစနတ္ထကြောင့်သာ ဘူမိမည်သည် မဟုတ်သေး၊ ဘဝတီတိ ဘူမိ-ဟူသော ကတ္တုသာဓ် ဝစနတ္ထကြောင့် လည်း ဘူမိမည်သေး၏ဟု ပြလိုသောကြောင့် တသ္မာပိ-၌ ပိ(အပိ)ကို ထားရပါသည်။

➤ ❾ ။ အန္တရေ ဓီယတိ ထပီယတီတိ အန္တရဟိတံ။(အန္တရ-သဒ္ဒါပုဗ္ဗ ဓာ-ဓာတ်+တ)

နတ္ထိ အန္တရဟိတံ ယဿာတိ **အနန္တရဟိတာ**။ (၂) နပုဒ်+အန္တရဟိတပုဒ်+ယပုဒ်သည်ငင်း၊ အကြား၌ထားအပ်သော အခင်းမရှိသည်၏ အဖြစ်တည်းဟူသော အဘာဝဘောဂဏ်၏ မြေကြီးနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အကြား၌ထားအပ်သော အခင်းမရှိသည်၏ အဖြစ်တည်းဟူသော အဘာဝဘောဂဏ်သည် ပဝတ္တိနိမိတ်။

(တနည်း) နတ္ထိ အန္တရဟိတံ ဧတိဿံ ဘူမိယန္တိ **အနန္တရဟိတာ**။

သမုန္တိန္နံ သမုဒ္ဒဝေါ။ (သံ-ရှေး ဥ-ရှေးရှိသော ဆိဒိ+တ) သမုဒ္ဒေါဿ ဝသော **သမုဒ္ဒဝသော**။

* သုခယတီတိ သုခံ။ သုခန် ဝါ သုခံ။ ဘဝန္တိ ဧတ္ထာတိ ဘူမိ။ (ဘူဓာတ်+မိ) .

သုခဿ ဘူမိ **သုခဘူမိ**။ (၂) သုခပုဒ်+ဘူမိပုဒ်သည်ငင်း၊ သုခဝေဒနာ၏ ဖြစ်ရာဖြစ်သော ကာမာ ဝစရ စိတ္တုပ္ပါဒ်နှင့် ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သုခဝေဒနာ၏ ဖြစ်ရာစိတ္တုပ္ပါဒ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ကိလေသေ သမေတီတိ သမဏော။ သမဏဿ ဘာဝေါ သာမညံ။ (သမဏပုဒ်+ဏျ) ဟေတုတော ဖလတိ နိပ္ဖဇ္ဇတီတိ ဖလံ။ ဖလတိ ဧတေနာတိ ဝါ ဖလံ။ (အစိတ်)

သာမညဿ ဖလံ **သာမညဖလံ**။ (၂) သာမညပုဒ်+ဖလပုဒ်သည်ငင်း၊ သမဏ၏ဖြစ်ကြောင်း ဖြစ်ရာ သောတာပတ္တိမဂ်၏ သောတာပတ္တိဖိုလ်နှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သာမညဖိုလ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဘဝတီတိ **ဘူမိ**။ (၂) အစိတ် အစိတ် ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဖြစ်ခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်။ (၄) အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဖြစ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။ * ဥတ္တိဏ္ဏန္တိ ဥတ္တရံ။ ဥတ္တရီယိတ္ထာတိ **ဥတ္တရံ**။ (ဥပုဗ္ဗ တရဓာတ်+ဏ)

လောကံ ဥတ္တရံ လောကုတ္တရံ။ လောကုတ္တရဿ ဘာဝေါ **လောကုတ္တရဘာဝေါ**။

➤ ❿ ။ **(က)** ၌ ပဇဟနတ္တာယ-ဖြင့် ပဟာနာယ-၌ ပပုဗ္ဗ ဟာဓာတ်၏ ပဇဟနအနက် ဟော သည်ကိုငင်း(ဒု-ဓာတွတ္ထ) အာယ-သည် စတုတ္ထီ သဝိဘတ်၏ ကာရိယဇ် အဖြစ်ကိုငင်း(ဝိဘတ္တိပဒ)

http://www.dhammadownload.com

ယင်းသဝိဘတ်၏ တဒတ္ထသမ္ဗန္ဓအနက်၌ သက်သည်ကိုင်း(ဝိဘတျတ္ထ) သိစေပါသည်။

သမုစ္ဆေဒဝသေနေဝ-ဖြင့် ပဟာနာယ-၌ ဒိဋ္ဌိဂတတို့ကို ပယ်၏ဟူသည် တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန် တို့ဖြင့် ပယ်သည်မဟုတ်၊ သမုစ္ဆေဒပဟာန်ဖြင့်သာ ပယ်သတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(တနည်း) ပဟာနာယ-၌ ပဟာန်-အရ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန် တို့ကို မယူရ၊ သမုစ္ဆေဒ ပဟာန်ကိုသာ ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

ပဌမုပ္ပတ္တိဝသေန-ဖြင့် ပဌမာယ၌ ဏ-ပစ္စည်း၏ ဥပ္ပတ္တိတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) ပဌမံ ဥပ္ပတ္တိ ပဌမာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဥပ္ပတ္တိက္ကမအားဖြင့် ပဌမမည်၏ဟူသော အဓိပ္ပါယ် ကိုင်း (ဘာဝတ္ထ) သိစေပါသည်။

(ခ) ၌ အနန္တရဟိတာယ (ပ) ဘူမိတိ ဝုစ္စတိ-ဖြင့် အနန္တရဟိတာယ ဘူမိယာ-စသော ပါဠိရပ် တို့၌ ဘူမိသဒ္ဒါသည် မြေကြီးဟူသော အနက်ကို ဟော၏ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

သုခဘူမိယံ (ပ) စိတ္တုပ္ပါဒေါ-ဖြင့် ဘူမိသဒ္ဒါသည် သုခဘူမိယံ ကာမာဝစရေ-စသော ပါဠိရပ် တို့၌ ဘူမိသဒ္ဒါသည် စိတ္တုပ္ပါဒ်ဟူသော အနက်ကို ဟော၏ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(ဂ) ဖြင့် ဤပဌမာယ ဘူမိယာ-ဟူသော ပါဠိရပ်၌ကား ဘူမိသဒ္ဒါသည် သာမညဖိုလ်(သောတာပတ္တိ ဖိုလ်)ဟူသော အနက်ကို ဟော၏ဟု သိစေပါသည်။(နာမလိင်္ဂတ္ထ) (တနည်း) ဤပဌမာယ ဘူမိယာ၌ ဘူမိ-အရ မြေကြီး, စိတ္တုပ္ပါဒ်ဟူသော အနက်တို့ကို မယူအပ်၊ သာမညဖိုလ်(သောတာပတ္တိဖိုလ်)ဟူသော အနက်ကိုသာ လိုအပ်သတည်းဟု သိစေပါသည်။(အဓိပ္ပေတတ္ထ)

(ဃ) ၌ ဘဝန္တိ ဧတ္ထာတိ-ဖြင့် ဘူမိ-၌ မိ-ပစ္စည်း၏ အဓိကရဏသာဓနအနက်၌ သက်သည်ကို ငင်း(ဒု-ပစ္စယတ္ထ) ဘဝန္တိ ဧတ္ထာတိ ဘူမိ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

တေ ဓမ္မာ-ဖြင့် ဘဝန္တိ၏ ကတ္တားအဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ) **တံ**-ဖြင့် ဘူမိယာ၌ ဘူမိ-အရ သာမညဖိုလ်(သောတာပတ္တိဖိုလ်)ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

သမ္ပယုတ္တာနံ နိဿယဘာဝတော-ဖြင့် သမ္ပယုတ်တရားတို့၏ မှီရာ, တည်ရာဖြစ်သောကြောင့် သာမညဖိုလ်(သောတာပတ္တိဖိုလ်)သည် ဘူမိမည်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

(င) ၌ သယံ ဘဝတိ-ဖြင့် ဘူမိပုဒ်ကို ဘဝတီတိ ဘူမိ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကို ငင်း(အဘိဓာနတ္ထ) မိ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သိစေပါသည်။

ယသ္မာ သမာနေပိ လောကုတ္တရဘာဝေ သယံ ဘဝတိ၊ တသ္မာ-ဖြင့် ဖိုလ်, နိဗ္ဗာန်တို့သည် လောကကို လွန်မြောက်သည်၏အဖြစ် တူကြသော်လည်း ဖိုလ်ကိုသာ ဖြစ်တတ်သောကြောင့် "ဘူမိ"ဟု ဆိုအပ်သည်၏အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ) **ဥပ္ပဇ္ဇတိ**-ဖြင့် ဘဝတိ၌ ဘူဓာတ်သည် ဥပ္ပဇ္ဇနအနက်ကို ဟော၏ဟု သိစေပါသည်။(ဓာတွတ္ထ) န နိဗ္ဗာနံ ဝိယ အပါတုဘာဝံ-ဖြင့် ယင်းဖိုလ်သည် နိဗ္ဗာန်ကဲ့သို့ အပါတုဘာဝမဟုတ်၊ ပါတုဘာဝဖြစ်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

(စ) ဖြင့် သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ပဌမာယ, ဘူမိယာ-ဟု ဆဋ္ဌီဝိဘတျန္တနှင့် ရှိသည်၏အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ) (တနည်း) ပဌမာယ ဘူမိယာ၌ ယာ-သည် ဆဋ္ဌီ သဝိဘတ်၏ ကာရိယတည်းဟု

http://www.dhammadownload.com

သိစေပါသည်။(ဝိဘတ္တိပဒ)

➤ ❼ ။ **(က)** **ပိ**-ကား အညမညသမုစ္စယတ္ထ။ (ဂ) **ပန**-ကား ပက္ခန္တရတ္ထ၊ ဝိသေသတ္ထ။ (ဃ) **ဟိ**-ကား ဒဠ္ဟီကရဏတ္ထ။ (င) **ဝါ**-ကား ပက္ခန္တရတ္ထ၊ **သမာနေပိ**-၌ ပိ-ကား သမ္ဘာဝနတ္ထ။ **သယမ္ပိ, တသ္မာပိ**-တို့၌ ပိ-ကား သမုစ္စယတ္ထ သမ္ဘာဝနတ္ထ။ **သယံ**-ကား အတ္တဝါစကတ္ထ။ **ဝိယ**-ကား ဩပမ္မတ္ထ၊ ပဋိဘာဂတ္ထ။

သမ္မုစ္ဆေဒဝသေနေဝ-၌ (၁) သမုစ္ဆေဒပဟာန်သည် ဂဟေတဗ္ဗတ္ထ။ (၂) တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သမုစ္ဆေဒပဟာန်၏ သမ္ပယုတ်နှင့်တကွ အပါယဂမနိယ အကုသိုလ်တို့ကို အကြွင်းမဲ့ပယ်သတ်နိုင်ခြင်းဂုဏ်သည် အနုညာတတ္ထ။

➤ ❽ ။ **ကြိယာဝါးတန်** ။ ။ **ပဟာနာယ-၌ ဓာတ်-အရ, (ဂ) သာမညဖလံ-၌ သာမည-အရ** = သောတာပတ္တိမဂ်ကို ယူ၍ (၁) သောတာပတ္တိမဂ်သည် ဒဿနတ္ထ။ (၂) ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘုဟူသော ဥပစာရသမာဓိဇောသည် ဒီပကတ္ထ။ (၃) သောတာပတ္တိဖိုလ်သည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်သည် ဝိဘာဝတ္ထ။ (၅) ပစ္စဝေက္ခဏာဉာဏ် စသည်သည် အနုဘာဝတ္ထ။

သာမညဖလ-အရ, ဖလ-အရ, ဘူမိ-အရ = သောတာပတ္တိဖိုလ် ကို ယူ၍ (၁) သောတာပတ္တိဖိုလ်သည် ဒဿနတ္ထ။ (၂) သောတာပတ္တိမဂ်သည် ဒီပကတ္ထ။ ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်, ဂေါတြဘုဉာဏ် စသည်တို့သည် ဝိဘာဝတ္ထ။ (၅) အထက်မဂ်, အထက်ဖိုလ် စသည်တို့သည် အနုဘာဝတ္ထ။

သုခဘူမိယံ-၌ သုခ-အရ = သုခဝေဒနာကို ယူ၍ ထုတ်။

* **(င) လောကုတ္တရဘာဝေ-အရ** ဖိုလ်နှင့် နိဗ္ဗာန် ကို ယူ၍ (၁) ထို **ဖိုလ်** သည် ဒဿနတ္ထ။ (၂) မဂ်သည် ဒီပကတ္ထ။ (၃) ဖလသမာပတ် (ဝါ) ပစ္စဝေက္ခဏာဉာဏ်သည် ပကာသနတ္ထ။ (၄) ကာမာဝစရ ဥပစာရ သမာဓိဇောသည် ဝိဘာဝတ္ထ။ (၅) အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

(၁) ထို**နိဗ္ဗာန်** သည် ဒဿနတ္ထ။ (၂) မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် ဒီပကတ္ထ။ (၃) သေခြင်းကင်းခြင်း အကျိုးသည် (ဝါ) သင်္ခါရဒုက္ခငြိမ်းခြင်းသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်သည် ဝိဘာဝတ္ထ။ (၅) ဘဝသစ် မဖြစ်ခြင်းသည် အနုဘာဝတ္ထ။

ဝုစ္စတိ-၌ ဝစဓာတ်-အရ = (၁) သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) "ဘူမိ"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (၄) သဒ္ဒမ္ဗသဝန စသည်သည် ဝိဘာဝတ္ထ။ (၅) "ဘူမိ"ဟူသော ဝစီဘေဒသဒ္ဒ အသံကိုကြားနာရခြင်း ကြားသည့်အတိုင်း အနက်အဓိပ္ပါယ် သိရှိရခြင်း စသည်တို့သည် အနုဘာဝတ္ထ။

➤ ❶❶ ။ **(ခ) အယံ မဟာပထဝီ+ဘူမီတိ ဝုစ္စတိ** ။ ။ အယံ မဟာပထဝီ-အရ မြေကြီးဟူသော ပစ္စည်းတရားသည် ဝုစ္စတိ-၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄)

http://www.dhammadownload.com

သုခ+ဘူမိယံ ။ ။ သုခ-အရ သုခဝေဒနာ ပစ္စည်းတရားသည် ဘူမိယံ-အရ တံသမ္ပယုတ္တဓမ္မ စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဝိ၊ က္လံ၊ ဈာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

သာမည+ဖလံ ။ ။ သာမည-အရ သောတာပတ္တိမဂ် ပစ္စည်းတရားသည် ဖလံ-အရ မဂ္ဂါနန္တရ ဖိုလ် ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အနန္တရ၊ သမနန္တရ၊ ဥပ၊ အာသေ၊ နတ္ထိ၊ ဝိဂတ (၆)

(ဃ) တေဓမ္မာ ဘဝန္တိ+ဓေတ္တ ။ ။ ဓေတ္တ-အရ သာမညဖိုလ်(သောတာပတ္တိဖိုလ်) ပစ္စည်းတရားသည် တေဓမ္မာ ဘဝန္တိ-အရ တံသမ္ပယုတ္တဓမ္မ စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဓိ၊ သဟ၊ ည၊ နိ၊ ဝိ၊ ဟာ၊ က္လံ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀)

(တနည်း) ဓေတ္တ-အရ သမ္မာဒိဋ္ဌိ-စသော ဖိုလ်အင်္ဂါ (၈)ပါး ပစ္စည်းတရားသည် တေဓမ္မာ ဘဝန္တိ-အရ ဖဿ, ဝေဒနာ-စသော သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဝိ၊ က္လံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၂)

ပါဠိ (၁၄၅) [ဋ္ဌ၊၂၅၉။ ပြည်၊ဒု၊၄၅၉။ ဘာသာဋီ၊တ၊၁၃၀]

(က) **ပတ္တီယာတိ သောတာပတ္တိဖလသင်္ခါတဿ ပဌမဿ သာမညဖလဿ ပတ္တတ္ထာယ ပဋိလာဘတ္ထာယာတိ ဝေမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။ ဝိဝိစ္စာတိ သမုစ္ဆေဒဝိဝေကဝသေန ဝိဝိစ္စိတွာ ဝိနာ ဟုတွာ။**

(ခ) **က္လာဒိနိ ကိဉ္စာပိ လောကိယဈာနမ္ပိ န ဝိနာ ပဋိပဒါယ ဣဇ္ဈတိ ဧဝံ သန္တေပိ က္လာဓ သုဒ္ဓိကနယံ ပဟာယ လောကုတ္တရဈာနံ ပဋိပဒါယ သဒ္ဓိံယေဝ ဂရုံ ကတွာ ဒေသေတုကာမတာယ "ဒုက္ခံ ပဋိပဒံ ဒန္ဓာဘိည"န္တိ အာဒိမာဟ။**

(ဂ) **တတ္ထ ယော အာဒိတောဝ ကိလေသေ ဝိက္ခမ္ဘေန္တော ဒုက္ခေန သသင်္ခါရေ သပ္ပယောဂေန ကိလမန္တော ဝိက္ခမ္ဘေတိ၊ တဿာ ဒုက္ခာ ပဋိပဒါ ဟောတိ။**

(ဃ) **ယော ပန ဝိက္ခမ္ဘိတကိလေသော ဝိပဿနာပရိဝါသံ ဝသန္တော စိရေန မဂ္ဂပါတုဘာဝံ ပါပုဏာတိ၊ တဿ ဒန္ဓာဘိညာ ဟောတိ။**

(င) **ဣတိ ယော ကောစိ ဝါရော ဒုက္ခပဋိပဒဒန္ဓာဘိညော နာမ ကတော။**

➤ ❶ ။ **(က)** ပတ္တိယာတိ၊ကား။သောတာပတ္တိဖလ သင်္ခါတဿ၊သောတာပတ္တိဖိုလ်ဟု ဆိုအပ်သော။ ပဌမဿ၊လက်ဦးစွာသော။သာမည ဖလဿ၊သာမညဖိုလ်သို့။(ဝါ)သမဏ၏ ဖြစ်ကြောင်းဖြစ်ရာ မဂ်၏ အကျိုးဖြစ်သော ဖိုလ်သို့။ပတ္တတ္ထာယ၊ရောက်ခြင်း အကျိုးငှာ။ပဋိလာဘတ္ထာယ၊ရခြင်း အကျိုးငှာ။ဣတိ ဧဝံ၊ဤသို့။ ဧတ္ထ၊ဤ ပဌမာယ ဘူမိယာ ပတ္တိယာဟူသော ပါဌ်၌။အတ္ထော၊အနက်ကို။ဝေဒိတဗ္ဗော၊၏။ဝိဝိစ္စာတိ၊ကား။ သမုစ္ဆေဒ ဝိဝေကဝသေန၊သမုစ္ဆေဒ ဝိဝေက၏အစွမ်းဖြင့်။ဝိဝိစ္စိတွာ၊ဆိတ်၍။ဝိနာ ဟုတွာ၊သီးသန့်ကင်းကွာ သည်ဖြစ်၍။ **(ခ)** က္လာဒိနိ၊"ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"ဟု ဟောတော်မူပြီးရာ ယခုအခါ၌။လောကိယ ဈာနမ္ပိ၊လောကီဈာန်သည်လည်း။ပဋိပဒါယ၊ဈာန်သို့ရောက်ကြောင်း အကျင့်နှင့်။ဝိနာ၊ကင်း၍။ကိဉ္စာပိ န

http://www.dhammadownload.com

ဣစ္ဆတိ၊အကယ်၍ မပြီး၏ရှင့်။ဓေ၀၊ဤသို့ မပြီးသည်။သန္တေပိ၊သော်လည်း။ဣဓ လောကုတ္တရေ၊ဤ လောကုတ္တရာစျာန်အရာ၌။သုဒ္ဓိကနယံ၊သုဒ္ဓိကနည်းကို။ပဟာယ၊ပယ်၍။လောကုတ္တရဈာနံ၊ကို။ပဋိပဒါယ၊ပဋိပဒါ နှင့်။သဒ္ဓိံ၊ယေဝ၊တကွသာလျှင်။ဂဏှိတွာ၊အလေးပြု၍။ဒဿေတုံ ကာမတာယ၊ပြလိုသည်၏အဖြစ်ကြောင့်။ ဒုက္ခပဋိပဒံ ဒန္ဓာဘိညန္တိ အာဒိ၊ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ အစရှိသော စကားကို။(ဘဂဝါ၊သည်)အာဟ၊၏။

[(ဂ) ဒေသနကိရိယာယ၊ဒေသနကြိယာ၏။က[illegible]ဘူတော၊[illegible]ကျ်ားဖြစ်၍ဖြစ်သော။ဗျူဓာတုယာ၊ဗျူဓာတ်၏။ကမ္မဘူတော၊ကံဖြစ်၍ဖြစ်သော။တတ္ထ-တသ္မိံ ဒုက္ခပဋိပဒံ ဒန္ဓာဘိညန္တိ အာဒိ၀စနေ၌။]

(ဂ) တတ္ထ၊ထို"ဒုက္ခပဋိပဒံ"စသော စကား၌။ဝိနိစ္ဆယော၊အဆုံးအဖြတ်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။ယော ပုဂ္ဂလော၊အကြင် ပုဂ္ဂိုလ်သည်။အာဒိတော၀၊အစ၌သာလျှင်။ကိလေသေ၊ကိလေသာတို့ကို။ဝိက္ခမ္ဘေန္တော၊ခွာသည် ရှိသော်။ဒုက္ခေန၊ဆင်းရဲသဖြင့်။သသင်္ခါရေန၊သင်္ခါရနှင့်တကွသော။သပ္ပယောဂေန၊ပယောဂနှင့်တကွသော။ပစ္စယ ဂဏှေန၊ပစ္စည်းအပေါင်းဖြင့်။ကိလမန္တော၊ပင်ပန်းသည်ဖြစ်၍။ဝိက္ခမ္ဘေတိ၊ခွာ၏။တဿ ပုဂ္ဂလဿ၊၏။ဒုက္ခာ၊ သော။ပဋိပဒါ၊သည်။ဟောတိ၊ဖြစ်၏။ (ဃ) ပန၊တပါး။ဝိက္ခမ္ဘိတကိလေသော၊ခွာအပ်ပြီးသော ကိလေသာ ရှိသော။ယော ပုဂ္ဂလော၊အကြင် ပုဂ္ဂိုလ်သည်။ဝိပဿနာ ပရိဝါသံ၊ဝိပဿနာဖြင့် နေခြင်းကို။ဝသန္တော၊နေ သည်ရှိသော်။စိရေန၊ကြာမြင့်သော ကာလ၌။မဂ္ဂပါတုဘာဝံ၊မဂ်၏ ထင်ရှားဖြစ်ခြင်းသို့။ပါပုဏာတိ၊ရောက် ၏။တဿ ပုဂ္ဂလဿ၊၏။(ဝါ)အား။ဒန္ဓာ၊လေးနှေးသော။အဘိညာ၊ထူးသော အဘိညာဉ်သည်။ဟောတိ၊၏။ (င) ဣတိ၊သို့။သကိံ ဒ္ဒိက္ခတ္တုံ တိက္ခတ္တုံ စတုက္ခတ္တုံတိ ဧဝမာဒိသု ဝိက္ခမ္ဘန ဝါရေသု၊သကိံ ဒ္ဒိက္ခတ္တုံ တိက္ခတ္တုံ စတုက္ခတ္တုံ အနေကက္ခတ္တုံ အစရှိသော ဝိက္ခမ္ဘနဝါရတို့တွင်။ယော ကောစိ၊အမှတ်မရှိ တပါးပါးသော။ဝါရော၊ဝါရသည်။ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာ၊ဟူ၍။နာမ ကတော၊အဋ္ဌကထာဆရာတို့ ပြုအပ် သော အမည်ရှိသည်။ဟောတိ၊ဖြစ်၏။(နာမကတောကို သမာသ်ကြံ)

(တနည်း) ဝါရော၊ဝါရကို။ဒုက္ခာပဋိပဒါ ဒန္ဓာဘိညော နာမ၊ဒုက္ခာပဋိပဒါ ဒန္ဓာဘိညမည်၏ဟူ၍။ အာစရိယေဟိ၊အဋ္ဌကထာဆရာတို့သည်။ကတော၊ပြုအပ်၏။(နာမကတော-ကို ဝါကျကြံ)

➤ ❷ ။ (ခ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် "ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ" စသည်ကို ဟောတော်မူ၏။ (ဝါ) လောကုတ္တရာ ဈာန်အရာ၌ "ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ" စသော ပဋိပဒါ နှင့်တကွ သုဒ္ဓိကနယကို ဟောတော်မူ၏။ ထိုသို့ဟောတော်မူသည်ရှိသော် လောကီဈာန်သော်မှလည်း ပဋိပဒါ နှင့် ကင်း၍ မပြီးသည်မဟုတ်ပါလော။ ထိုသို့ မပြီးသောကြောင့် လောကုတ္တရာ ဈာန်အရာ၌ "ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ" စသော ပဋိပဒါနှင့်တကွ သုဒ္ဓိကနယကို ဟောတော်မမူသင့်။ ဤလောကုတ္တရာဈာန်၌လည်း သုဒ္ဓိကနယကို ပြတော်မူသင့်သေး၏။ အဘယ့်ကြောင့် ဤလောကုတ္တရာဈာန်၌ "ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ" စသည်ကို ဟောတော်မူပါသနည်း။ (ဝါ) "ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ" စသော ပဋိပဒါနှင့်တကွ သုဒ္ဓိကနယကို ဟောတော်မူပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

➤ ❸ ။ ဒေါသပယ် ။ ။ (ခ) ဖြင့် အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ ကို ပြသောကြောင့် ပုနရုတ္တိဒေါသကို ပယ်ပါသည်။ (ဂ)(ဃ) တို့ဖြင့် အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထ မှတပါး အဝယဝတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသ, ဝိရောဓိဒေါသတို့ကို ပယ်ပါသည်။

http://www.dhammadownload.com

(ဂ) ဖြင့် ဒုက္ခပဋိပဒ်ပုဒ်၏ အကျယ်ဝိတ္ထာရကို ပြသောကြောင့် ဝိရောစိဒေါသကို ပယ်ပါသည်။ **(ဃ)** ဒန္ဓာဘိညပုဒ်၏ အကျယ်ဝိတ္ထာရကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် နိဂုံးကို ပြသောကြောင့် ပုနရုတ္တိဒေါသကို ပယ်ပါသည်။

(ခ) ၌ ကိဉ္စာပိ-ကို ထားရခြင်းအကြောင်း ။ ။ လောကီစျာန်သော်မှလည်း ပဋိပဒါနှင့်ကင်း၍ မပြီး မပြည့်စုံနိုင်သည်ဖြစ်ပါလျက် ဤလောကုတ္တရာစျာန်၌ ပဋိပဒါနှင့်တကွ ဟောတော်မူသော "ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ"စသည်ကို မနှစ်သက်သောကြောင့် (ခ) ၌ ကိဉ္စာပိ-ကို ထားရပါသည်။

➢ ❹ ။ နာမံ အာစရိယေဟိ ကတံ ယဿ ဝါရဿ သော **နာမကတော**။ (၂) နာမပုဒ်+ကတပုဒ်+ယ-ပုဒ်သည်ငင်း၊ ဆရာတို့သည် ပြုအပ်သော အမည်၏ ဝါရနှင့် နာမ+နာမီ၊ သညာ+သညီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အဋ္ဌကထာဆရာတို့ ပြုအပ်သော အမည်ရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) အဋ္ဌကထာဆရာတို့ ပြုအပ်သောအမည်ရှိသော ဝါရတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပဌမံ ဒေသိတတ္တာ ပဌမံ။ ပဌမံ ဥပ္ပတ္တိ **ပဌမံ**။(တဿ)

ပဋိပဇ္ဇတိ ဧတာယာတိ **ပဋိပဒါ**။ (၂) ပဋိပုဗ္ဗ ပဒဓာတ်+အ-ပစ္စည်းသည်ငင်း၊ ကျင့်ခြင်းကြိယာသည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သမထဘာဝနာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ ✻ ဂရု ကာတဗ္ဗောတိ **ဂရု**။

ဂရတိ သိဉ္စတိ သိဿေသု သိနေဟန္တိတိ **ဂရု**။ (ဂရဓာတ်+ဥပစ္စည်း)

ဒေသေတုံ ကာမေတီတိ **ဒေသေတုကာမော**။(ဒေသေတုံ-ကမုဓာတ်+ဏ)

ဒေသေတုကာမဿ ဘာဝေါ **ဒေသေတုကာမတာ**။(တာယ) (၂) ဒေသေတုကာမပုဒ်+တာပစ္စည်းသည်ငင်း၊ ဟောကြားခြင်းငှာ အလိုရှိတော်မူသော မြတ်စွာဘုရား၏ ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်နှင့် ဂုဏေ+ဂုဏ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဟောကြားခြင်းငှာ အလိုရှိတော်မူသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဝိက္ခမ္ဘေတီတိ **ဝိက္ခမ္ဘေန္တော**။(ဝိပုဗ္ဗ ခဘိ(ဝါ) ခမ္ဘဓာတ်+ဏေ-အန္တပစ္စည်း၊ ကိလေသာတို့ကို ပယ်ခွါခြင်းကြိယာ) ✻ ကိလမတီတိ **ကိလမန္တော**။ (ကိလမုဓာတ်+အန္တ)

ဝိက္ခမ္ဘိယန္တေတိ **ဝိက္ခမ္ဘိတာ**။ ကိလေသေန္တီတိ **ကိလေသာ**။ ✻ ဝိက္ခမ္ဘိတာ ကိလေသာ ယေနာတိ **ဝိက္ခမ္ဘိတကိလေသော**။ (၂) ဝိက္ခမ္ဘိတပုဒ်+ကိလေသပုဒ်+ယပုဒ်သည်ငင်း၊ ပယ်ခွါအပ်ပြီးသော ကိလေသာတို့၏ (ဝါ) ကိလေသာမရှိခြင်း၏ ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏေ+ဂုဏ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကိလေသာမရှိခြင်းဂုဏ်သည် ပဝတ္တိနိမိတ်။

ပရိဝသန္တံ ပရိဝါသော။ (ပရိပုဗ္ဗ ဝသဓာတ်+ဏ) ဝိပဿနာ ပရိဝါသော **ဝိပဿနာပရိဝါသော**။

မဂ္ဂဿ ပါတုဘာဝေါ **မဂ္ဂပါတုဘာဝေါ**။(တံ)

➢ ❻ ။ **(က)** ၌ ပတ္တတ္တာယ-ဖြင့် ပတ္တိယာ၌ ပတ္တိသဒ္ဒါ၏ ရောက်ခြင်းအနက်ဟောသည်ကို ငင်း(နာမလိင်္ဂတ္ထ) (တနည်း) ပတ္တိ-၌ တိပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုငင်း(ဒု-ပစ္စ

http://www.dhammadownload.com

ယတ္တ) ပဋ္ဌနံ ပတ္တိ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္တ) ယာ-သည် သဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုင်း (ဝိဘတ္တိပဒ) ယင်း သဝိဘတ်၏ တဒတ္ထသမ္ဗဒါန်အနက်၌ သက်သည်ကိုင်း(ဝိဘတျတ္ထ) သိစေပါသည်။

ပဋိလာဘတ္ထာယ-ဖြင့် ရောက်ခြင်းဟူသည် ရခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

သောတာပတ္တိဖလသစ္ဆိကိရိယာယ-ဖြင့် ပဌမ, သာမညဖလတို့အရ သောတာပတ္တိဖိုလ်ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

သောတာပတ္တိဖလသစ္ဆိကိရိယာယ (ပ) အတ္ထော ဝေဒိတဗ္ဗော-ဟူသော တစ်ဝါကျလုံးဖြင့် ပဌမာယ ဘူမိယာ ပတ္တိယာ-ကို ပဌမာယ၊သော။ဘူမိယာ၊သောတာပတ္တိဖိုလ်သို့။(ဝါ)ကို။ပတ္တိယာ၊ရောက်ခြင်းအကျိုးငှာ (ဝါ) ရခြင်းအကျိုးငှာ ဤသို့အနက်သမ္ဗန်ရမည်ဟု သိစေပါသည်။(ဘာဝတ္ထ)

ဝိဝိစ္စိတွာ-ဖြင့် ဝိဝိစ္စ၌ ဝိပုဗ္ဗ ဝိစဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) စ္စ-သည် တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုင်း(ဒု-ပစ္စယပဒ) သိစေပါသည်။

ဝိနာ ဟုတွာ-ဖြင့် ဝိဝိစ္စ၌ ဝိပုဗ္ဗ ဝိစဓာတ်၏ ဝိဝစနအနက်ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) ဝိ-၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

သမုစ္ဆေဒဝိဝေကဝသေန-ဖြင့် ဝိဝိစ္စိတွာ၌ ကင်းဆိတ်၍ဟူသည် သမုစ္ဆေဒဝိဝေက၏ အစွမ်းဖြင့် ကင်းဆိတ်၍ဟု သိစေပါသည်။(ဘာဝတ္ထ) (တနည်း) **သမုစ္ဆေဒဝိဝေကဝသေန**-ဖြင့် ဝိဝိစ္စ၌ ဝိစဓာတ်-အရ တဒင်္ဂဝိဝေက, ဝိက္ခမ္ဘနဝိဝေကတို့ကို မယူရ၊ သမုစ္ဆေဒဝိဝေကကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ဖြင့် အစမှသာလျှင် ကိလေသာတို့ကို ပယ်ခွါသည်ရှိသော် ဆင်းရဲသဖြင့် သခ်ါရနှင့်တကွသော ပယောဂနှင့်တကွသော အကြောင်းအပေါင်းဖြင့် ပင်ပန်းသည်ဖြစ်၍ ပယ်ခွါသော ပုဂ္ဂိုလ်၏ ဆင်းရဲသော အကျင့်သည် ဒုက္ခပဋိပဒါမည်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် ဝိပဿနာဖြင့် နေခြင်းကို နေသည်ရှိသော် ကြာမြင့်စွာသော ကာလ၌ မဂ်၏ ထင်ရှားဖြစ်ခြင်းသို့ ရောက်သော ခွါအပ်ပြီးသော ကိလေသာရှိသော ပုဂ္ဂိုလ်၏ နှေးသော အသိဉာဏ်သည် ဒန္ဓာဘိညမည်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

➤ ❼ ။ **(ခ) ကိဥ္စာပိ**-ကား ဂရဟာဇောတက (ဝါ) အရုစျတ္ထဇောတက။ **ဧဝံ သန္တေပိ**-၌ ပိ-ကား သမ္ဘာဝနာဇောတက။ **လောကိယစ္ဆာနမ္ပိ**-၌ ပိ-ကား လောကုတ္တရာစျာန်ကို ငဲ့သော အပေက္ခနတ္ထ။ (တနည်း) **လောကိယစ္ဆာနမ္ပိ**-၌ ပိ-ကား ဂရဟာဇောတက။ ယင်း **ပိ**-ဖြင့် လောကုတ္တရာစျာန်ကို သမ္ဘာဝနာပြုသောအားဖြင့် ဆည်းပါသည်။

(ခ) သန္ဒိဋ္ဌိယောဝ-၌ (၁) ပဋိပဒါနှင့်တကွဖြစ်ခြင်းသည် ဂဟေတဗ္ဗတ္ထ။ (၂) ပဋိပဒါနှင့်ကင်းခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပဋိပဒါနှင့်တကွသာလျှင် ဟောတော်မူသော မြတ်စွာဘုရားသည် အနုညာတတ္ထ။

(ဂ) အာဒိတောဝ-၌ (၁) အစသည် ဂဟေတဗ္ဗတ္ထ။ (၂) မဇ္ဈေ, ပရိယောသာနသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အစ၌ ပယ်ခွါသော ပုဂ္ဂိုလ်ဒြဗ်သည် အနုညာတတ္ထ။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **(ခ) ဒေသေတုကာမတာယ-အရ** = မြတ်စွာဘုရား၏ ဆန္ဒ

http://www.dhammadownload.com

ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) မဟာကရုဏာတော်သည် ဒီပကတ္ထ (၃) ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ-စသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (၄) ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဝိဘာဝတ္ထ။ (၅) ဝေနေယျတို့အား သုတမယဉာဏ် ဖြစ်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

ပဥ္စမဿ, သာမညဖလဿ-အရ = သောတာပတ္တိဖိုလ်ကို ယူ၍ (၅၉၀-ကြည့်)

(ဃ) မဂ္ဂပါတုဘာဝံ ပါပုဏာတိ-၌ (၁) မဂ်၏ ထင်ရှားဖြစ်ခြင်းသို့ ရောက်ခြင်းသည် (ဝါ) သောတာပတ္တိမဂ်သည် ဒဿနတ္ထ။ (၂) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟူသော ဥပစာရဘာဝနာ ကာမာဝစရသမာဓိသည် ဒီပကတ္ထ။ (၃) သောတာပတ္တိဖိုလ်သည် ပကာသနတ္ထ။ (၄) ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်, ဝိပဿနာဉာဏ်တို့သည် ဝိဘာဝတ္ထ။ (၅) ပစ္စဝေက္ခဏာဉာဏ်အစ အနုပါဒိသေသနိဗ္ဗာန် တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

➤ **၉** ။ **ပဋိပဒါယ-အရ** = လောကီယဈာနမဂ္ဂကို ထောက်၍ သမထဘာဝနာကို။ လောကုတ္တရဈာန်-ကိုထောက်၍ ဝိပဿနာကို ယူရပါမည်။

➤ **၁၀** ။ **(ခ) ဒုက္ခပဋိပဒံ ဒန္ဓာဘိညန္တိ အာဒိ+မာဟ** ။ ။ အာဟ-၌ ဗြူဓာတ်အရ ကရုဏာပုဗ္ဗင်္ဂမဒေသနာဉာဏ် ပစ္စည်းတရားသည် ဒုက္ခပဋိပဒံ ဒန္ဓာဘိညန္တိ အာဒိ-အရ ဝစီဘေဒသဒ္ဒ (တနည်း) မနသာဝဝတ္ထပိတသဒ္ဒ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပါဠိ (၁၄၆) [ဋ္ဌ၊၂၆၀။ ပြည်၊ဒု၊၄၇၀။ ဘာသာဋီ၊တ၊၁၃၅]

(က) **တတ္ထ အနညာတညဿာမီတိန္ဒြိယန္တိ "အနမတဂ္ဂေ သံသာရဝဋ္ဋေ အနညာတံ အမတံ ပဒံ, စတုသစ္စဓမ္မမေဝ ဝါ ဇာနိဿာမီ" တိ ပဋိပန္နဿ ဣမိနာ ပုဗ္ဗာဘောဂေန ဥပ္ပန္နံ ဣန္ဒြိယံ။**

(ခ) **လက္ခဏာဒီနိ ပနဿ ဟေဋ္ဌာ ပညိန္ဒြိယေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။**

(ဂ) **သုန္ဒရာ, ပသတ္ထာဝါ ဝါစာ သမ္မာဝါစာ။**

(ဃ) **ဝစီဒုစ္စရိတသမုဂ္ဃာတိကာယ မိစ္ဆာဝါစာ ဝိရတိယာ ဇေတံ အဓိဝစနံ။**

အနညာတညဿာမီတိန္ဒြိယံ=မသိအပ်သော အစရှိသော သံသရာဝဋ်၌ မသိအပ်ဘူးသော သေခြင်းကင်းသော နိဗ္ဗာန်ကို။ (ဝါ) သစ္စာလေးပါးတရားကိုပင်လျှင် သိအံ့ဟူ၍ နှလုံးသွင်း၍ဖြစ်သော ဣန္ဒြေသည်။(အဖွင့်နှင့်အညီ)

➤ **၁** ။ **(က)** တတ္ထ ဖသော ဟောတီတိ အာဒီသု၊တို့တွင်။အနညာတညဿာမီတိန္ဒြိယန္တိ ပဒဿ။၏။အတ္ထော၊ကို။ဝေဒိတဗ္ဗော၊သိအပ်၏။"အနမတဂ္ဂေ၊မသိအပ်သော အစရှိသော။သံသာရဝဋ္ဋေ၊သံသရာ ဝဋ်၌။အနညာတံ၊မသိဘူးသော။အမတံ၊သေခြင်းကင်းသော။ပဒံ၊နိဗ္ဗာန်ကို။ဝါ၊တနည်းကား။စတုသစ္စ ဓမ္မမေဝ၊ သစ္စာလေးပါး တရားကိုသာလျှင်။ဇာနိဿာမိ၊သိအံ့။"ဣတိ၊ဤသို့ နှလုံးသွင်း၍။ပဋိပန္နဿ၊ကျင့် သသူအား။ ဣမိနာ ပုဗ္ဗာဘောဂေန၊ဤရှေးအဘို့၌ဖြစ်သော နှလုံးသွင်းခြင်းဖြင့်။ဥပ္ပန္နံ၊ဖြစ်သော။ဣန္ဒြိယံ၊ဣန္ဒြေတည်း။

(ခ) ပန၊ထိုမှတပါး။ဿ၊ထိုအနညာတညဿာမီတိန္ဒြေ၏။လက္ခဏာဒီနိ၊တို့ကို။ဟေဋ္ဌာ၊အောက်၌။ ပညိန္ဒြိယေ၊၌။ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

http://www.dhammadownload.com

(ဂ) သုန္ဒရာ၊ကောင်းသော။ဝါ၊ကား။ပသတ္ထာ၊ချီးမွမ်းအပ်သော။ဝါစာ၊ဝါစာတည်း။သမ္မာဝါစာ၊ကောင်းသော ချီးမွမ်းအပ်သော ဝါစာ။ (ဃ) ဇော်၊ဤသမ္မာဝါစာဟူသော အမည်သည်။ဝစီဒုစ္စရိတ သမုဂ္ဃါတိကာယ၊ဝစီဒုစရိုက်ကို အကြွင်းမဲ့ခွာတတ်သော။မိစ္ဆာဝါစာ ဝိရတိယာ၊မိစ္ဆာဝါစာမှ ကြဉ်ကြောင်းဖြစ်သော ကြဉ်တတ်သော ကြဉ်ခြင်းဟူသော တရား၏။အဓိဝစန်၊အမည်တည်း။

➢ ❷ ။ **(ခ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အနညာတညဿာမိတိန္ဒြိယ် ပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထ, အဘိဓေယျတ္ထတို့ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းပုဒ်၏ လက္ခဏ, ရသ စသည်တို့ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (က) ဖြင့် အနညာတညဿာမိတိန္ဒြိယ် ပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထ, အဘိဓေယျတ္ထတို့ကိုသာ မဆိုသင့်။ ယင်းပုဒ်၏ လက္ခဏ, ရသ စသည်တို့ကိုလည်း ပြဆိုသင့်သေး၏။ ယင်းပုဒ်၏ လက္ခဏ, ရသ စသည်တို့ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဃ) သို့/ ပါပနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် သမ္မာဝါစာပုဒ်၏ ဝစနတ္ထကိုငင်း သမ္မာနိပါတ်၏ သုန္ဒရအနက်, ပသတ္ထအနက်ကိုငင်း ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သမ္မာဝါစာ-အရ သုဘာသိတဝါစာဟူသော သဒ္ဒရုပ်ကို ကောက်ယူအပ်၏ဟူသော အနက် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် သမ္မာဝါစာပုဒ်၏ အဘိဓေယျတ္ထကို လည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ သမ္မာဝါစာပုဒ်၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် အနညာတညဿာမိတိန္ဒြိယ်ပုဒ်၏ လက္ခဏ, ရသစသည်ကို (အတိဒေသသံဝဏ္ဏနာနည်းဖြင့်) ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် သမ္မာဝါစာပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် သမ္မာဝါစာပုဒ်၏ အရကောက် အဘိဓေယျတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

(က) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ အနညာတ်-အရ နိဗ္ဗာန်ဟူသော အဘိဓေယျတ္ထမှတပါး သစ္စာလေးပါးဟူသော အဘိဓေယျတ္ထကို ပြလိုသောကြောင့် (က) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။ **(ဃ) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း** ။ ။ သမ္မာဝါစ၌ သမ္မာပုဒ်၏ သုန္ဒရ အနက်မှတပါး ပသတ္ထ-ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ဃ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။ **(ဃ) ၌ အဓိဝစန်-ကို ထားရခြင်းအကြောင်း** ။ ။ အကျိုးဖြစ်သော ကောင်းသော စကားသံ (သဒ္ဒရုပ်)၏ သမ္မာဝါစာဟူသော အမည်ကို အကြောင်းဖြစ်သော မိစ္ဆာဝါစာဝိရတီ၌ တင်စား၍ အကြောင်းဖြစ်သော မိစ္ဆာဝါစာဝိရတီကို ဤ၌ သမ္မာဝါစာအရ ယူရသောကြောင့် သမ္မာဝါစာပုဒ်၏ ဖလူပစာသဒ္ဒါအဖြစ်ကို ပြလို၍ အဓိဝစန်-သဒ္ဒါကို ထားရပါသည်။

➢ ❹ ။ အာဇာနီယိတ္တာတိ **အညာတံ**။(အာပုဗ္ဗ ဉာဓာတ်+တ) န အညာတံ **အနညာတံ**။

(၂) နပုဒ်+အညာတပုဒ်သည်ငင်း၊ ပဋိသေဓဘောဂုဏ်၏ နိဗ္ဗာန်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်

http://www.dhammadownload.com

ခြင်း သမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မသိခြင်း အဘာဝဘောဂုဏ်သည် ပဝတ္တိနိမိတ်။

န အညာတော **အနညာတော**။ (၂) နပုဒ်+အညာတပုဒ်သည်ငှင်း၊ ပဋိသေဓဘောဂုဏ်၏ သစ္စာလေးပါးနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။

ဣန္ဒတိ ပရမိဿရိယံ ကရောတီတိ ဣန္ဒြိယံ။ အနညာတညဿာမီတိ ဥပ္ပန္နံ ဣန္ဒြိယံ **အနညာတညဿာ မီတိန္ဒြိယံ**။ (၂) အနညာတညဿာမီတိပုဒ်+ဣန္ဒြိယပုဒ်သည်ငှင်း၊ မသိအပ်သော အစရှိသော သံသရာဝဋ်၌ မသိအပ်သော နိဗ္ဗာန်၏ (ဝါ) သစ္စာလေးပါးတရား၏ ဖြစ်သော ဣန္ဒြေနှင့် ဂုဏ်+ဂုဏီ၊ အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အနညာတညဿာမီတိန္ဒြေ၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သံပုနပ္ပုနံ သရန္တိ ပဝတ္တန္တိ ခန္ဓာဒယော ဧတ္ထာတိ **သံသာရော**။ (၂) သံပုဗ္ဗ သရဓာတ်+ဏ-ပစ္စည်းသည်ငှင်း၊ ထပ်တလဲလဲဖြစ်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ခန္ဓာ, အာယတန, ဓာတ်တို့သည် ပဝတ္တိနိမိတ်။

ဝတ္တတီတိ ဧတ္ထ ကမ္မံ, တဗ္ဗိပါကော စာတိ ဝဋ္ဋံ။ (ဝတ္တ+အ) သံသာရောဧဝ ဝဋ္ဋံ **သံသာရဝဋ္ဋံ**။

နတ္ထိ မတံ ဧတ္ထာတိ **အမတံ**။(နိဗ္ဗာန်) အရိယေဟိ ပဇ္ဇိတဗ္ဗံ ဂန္တဗ္ဗန္တိ **ပဒံ**။(နိဗ္ဗာန်)

စတ္တာရိ သစ္စာနိ စတုသစ္စံ။ စတုသစ္စမေဝ ဓမ္မော **စတုသစ္စဓမ္မော**။

ပဋိပဇ္ဇတီတိ **ပဋိပန္နော**။(တဿ) (ပဋိပုဗ္ဗ ပဒဓာတ်+တ)

အာဘုဇနံ အာဘောဂေါ။ (အာပုဗ္ဗ ဘုဇဓာတ်+ဏ) ပုဗ္ဗေ အာဘောဂေါ **ပုဗ္ဗာဘောဂေါ**။

လက္ခဏံ အာဒိ ဧတေသန္တိ **လက္ခဏာဒိနိ**။ (၂) လက္ခဏာဟူသော အစ၏ ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့နှင့် အာဒိ+အာဒိဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

သုဋ္ဌု ဒရီယတေတိ **သုန္ဒရံ**။ (သုပုဗ္ဗ ဒရဓာတ်+အ-ပစ္စည်း၊ အရိုအသေပြုခြင်းကြိယာ)

ပသံသီယိတ္ထာတိ **ပသတ္ထော**။(ပပုဗ္ဗ သံသဓာတ်+တ) ဝစိတဗ္ဗာတိ **ဝါစာ**။(ဝစ+ဏ)

သမုဋ္ဌာပေတီတိ **သမုဋ္ဌာပိကာ**။ (သံ-ရှေး ဥ-ရှေးရှိသော ဌာဓာတ်+ဏွု)

ဝစီဒုစ္စရိတဿ သမုဋ္ဌာပိကာ **ဝစီဒုစ္စရိတသမုဋ္ဌာပိကာ**။ (တာယ)

➤ **၆** ။ **(က)** ၌ အနညာတံ ဇာနိဿာမီတိ ဥပ္ပန္နံ ဣန္ဒြိယံ-ဖြင့် အနညာတညဿာမီတိန္ဒြိယံပုဒ်ကို အနညာတညဿာမီတိ ဥပ္ပန္နံ ဣန္ဒြိယံ အနညာတညဿာမီတိန္ဒြိယံ-ဟု ဥပ္ပန္နအလယ်ပုဒ်ကျေသော မဇ္ဈေလောပီ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုငှင်း(သမာသလိင်္ဂတ္ထ) ဥ ဿာမိ-၌ ဉာဓာတ်၏ ကီယာဒိဂဏိကဓာတ်၏အဖြစ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

အမတံ ပဒံ, စတုသစ္စဓမ္မမေဝဝါ-ဖြင့် အနညာတညဿာမီတိန္ဒြိယံ၌ အနညာတ-အရ နိဗ္ဗာန်ကို (တစ်နည်း) သစ္စာလေးပါးတရားကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

အနမတဂ္ဂေ သံသာရဝဋ္ဋေ-ဖြင့် အနညာတံ-၌ မသိဘူးသော နိဗ္ဗာန် (ဝါ) သစ္စာလေးပါးတရားဟူသည် အနမတဂ္ဂသံသရာဝဋ်၌ မသိဘူးသော တရားတို့ပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ၌ သုန္ဒရာ ဝါစာ-ဖြင့် သမ္မာဝါစာ-၌ သမ္မာနိပါတ်ပုဒ်၏ သုန္ဒရအနက်ဟောသည်ကိုငှင်း

http://www.dhammadownload.com

(နိပါတလိင်္ဂတ္တ) သုန္ဒရာ ဝါစာ သမ္မာဝါစာ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္တပြုရမည်ကိုင်း(သမာသလိင်္ဂတ္တ) သိစေပါသည်။ **ပသတ္ထာ ဝါစာ**-ဖြင့် သမ္မာနိပါတ်ပုဒ်၏ ပသတ္ထအနက်ဟောသည်ကိုင်း (နိပါတလိင်္ဂတ္တ) ပသတ္ထာ ဝါစာ သမ္မာဝါစာ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္တပြုရမည်ကိုင်း(သမာသလိင်္ဂတ္တ) သိစေပါသည်။

(ဃ) ဖြင့် သမ္မာဝါစာ-အရ အကျိုးဖြစ်သော ကောင်းသော စကားကို မယူရ၊ ထို၏ အကြောင်းဖြစ်သော ဝစီဒုစရိုက်ကို အကြွင်းမဲ့ပယ်ခွါသော မိစ္ဆာဝါစာဝိရတီကို ယူရမည်ဟု သိစေ။(အဘိဓေယျတ္ထ)

➤ **၇** ။ **(က) စတုသစ္စဓမ္မေဝ-၌** (၁) စတုသစ္စဓမ္မသည် ဂဟေတဗ္ဗတ္ထ။ (၂) သစ္စဝိနိမုတ္တဓမ္မသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) စတုသစ္စဓမ္မတို့၏ မဖောက်မပြန် မှန်ကန်ခြင်းဂုဏ်သည် (ဝါ) စတုသစ္စဓမ္မတို့၏ အနမတဂ္ဂသံသရာဝဋ်၌ မသိအပ်, မသိဘူးသည်၏ အဖြစ်ဟူသော ဂုဏ်သည် အနုညာတတ္ထ။ * **ဝုတ္တာနုယောနေဝ-၌** (၁) ဩဘာသလက္ခဏာစ ပညာပဇာနနလက္ခဏာစ အစရှိသော ဆိုအပ်ပြီးသော နည်းသည် ဂဟေတဗ္ဗတ္ထ။ (၂) ပညိန္ဒြေ၌ မဆိုအပ်သော နည်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပညိန္ဒြေ၌ လက္ခဏာစသည် ဆိုပြီးခြင်းဂုဏ်သည် အနုညာတတ္ထ။

(ဂ) ဝါ-ကား နယန္တရဇောတကတ္ထ။ **အဓိဝစနံ-၌ အဓိ**-ကား ဥပရိ (တနည်း) အဓိကိစ္စ (တနည်း) အဓိကအနက်။ **အမတ-၌ အ**-ကား ဝိဂတအနက်၊ ဝိရဟအနက်။

➤ **၈** ။ **ကြိယာဝါးတန်** ။ ။ **အနုညာတ်-အရ = "နိဗ္ဗာန်"** ကို ယူ၍ (၁) ထိုနိဗ္ဗာန်သည် ဒဿနတ္ထ။ (၂) မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် ဒီပကတ္ထ။ (၃) သေခြင်းကင်းခြင်းအကျိုးသည် (ဝါ) သင်္ခါရဒုက္ခငြိမ်းခြင်းသည် ပကာသနတ္ထ။ (၄) ပါရမီဉာဏ်, ဝိပဿနာဉာဏ်,စသည်သည် ဝိဘာဝတ္ထ။ (၅) ဘဝသစ် မဖြစ်ခြင်းသည် အနုဘာဝတ္ထ။

ဣန္ဒြိယံ-အရ = (၁) သောတာပတ္တိမဂ်၌ရှိသော ပညိန္ဒြေသည် ဒဿနတ္ထ။ (၂) သောတာပတ္တိမဂ်စိတ်သည် ဒီပကတ္ထ။ (၃) သောတာပတ္တိဖိုလ်စိတ်သည် ပကာသနတ္ထ။ (၄) ဥပစာရစျာန်တို့သည်ငှင်း၊ တိဟိတ်ပဋိသန္ဓေနေခဲ့ရခြင်းသည်ငှင်း ဝိဘာဝတ္ထ။ (၅) အထက်မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် အနုဘာဝတ္ထ။

➤ **၁၀** ။ **(က) အမတံ ပဒံ+ဇာနိဿာမိ** ။ ။ အမတံ ပဒံ-အရ နိဗ္ဗာန်ပစ္စည်းတရားသည် ဇာနိဿာမိ-၌ ဉာတတ်အရ သောတာပတ္တိမဂ်ဉာဏ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ မိ၊ ဥပ (၃)

(ဃ) **ဝစီဒုစ္စရိတာ**-အရ ဝစီဒုစရိုက် ပစ္စည်းတရားသည် သမုစ္ဆိန္ဒကာ-အရ သောတာပတ္တိမဂ်၌ ယှဉ်သော ဝိရတီ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပါဠိ (၁၄၇) [ဋ္ဌ၊၂၆၀။ ပြည်၊ဒု၊၄၇၀။ ဘာသာဋီ၊တ၊၁၃၇]

(က) **အပိစ ပေဟ္ဌာ ဝိရတိ ဝိရတိတ္တယေ ဝုတ္တဝသေနပေတ္ထ လက္ခဏာဒီနိ ဝေဒိတဗ္ဗာနိ။**

(ခ) **ကာတိ ကာမေသံ တိကာ ဓမ္မာန ဝသေန ဟေဋ္ဌာ ဝုတ္တံ မဂ္ဂပစ္စက်ံ ကာမ မဂ္ဂဋ္ဌက်ံ ဝေဒိတဗ္ဗံ၊**

(ဂ) **ယေ ဝါပနကေသုစ ကာမေသံ အဘာဝေါ၊ တထာ ကရဏာမုဒိတာနံ။**

(ဃ) **ကာမေဟိ တယော ဓမ္မာ ကာမ ပါဠိယံ အာဂတတ္တာဝ ယေဝါပနကေသု န ဂဟိတာ။**

http://www.dhammadownload.com

(င) ကရုဏာ မုဒိတာ ပန သတ္တာရမ္မဏာ၊ ဣမေ ဓမ္မာ နိဗ္ဗာနာရမ္မဏာတိ တာပေတ္ထ န ဂဟိတာ။

(စ) အယံ တာဝ ဥဒ္ဒေသဝါရေ ဝိသေသော။

(ဆ) နိဒ္ဒေသဝါရေ ပန မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နန္တိ ဧတ္ထ တာဝ မဂ္ဂဿ အင်္ဂန္တိ မဂ္ဂင်္ဂံ၊ မဂ္ဂကောဋ္ဌာသောတိ အတ္ထော။

(ဇ) ယထာ ပန အရညေ ပရိယာပန္နံ အရညပရိယာပန္နံ နာမ ဟောတိ၊ ဧဝံ မဂ္ဂေ ပရိယာပန္နန္တိ မဂ္ဂပရိယာပန္နံ၊ မဂ္ဂသန္နိဿိတန္တိ အတ္ထော။

➤ **၁** ။ **(က)** အပိစ၊တနည်းလည်း။ဟေဋ္ဌာ၌။ဝိရတိတ္တယေ၊ဝိရတီ သုံးခုတို့၏ အပေါင်း၌။ ဝုတ္တဝသေနပိ၊ဆိုအပ်ပြီးသည်၏ အစွမ်းဖြင့်လည်း။ဧတ္ထ၊ဤသမ္မာဝါစာ-စသော တရားတို့၌။လက္ခဏာဒီနိ၊ လက္ခဏာ-စသည်တို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။ **(ခ)** ဣတိ၊သို့။တိဏ္ဏံ၊သုံးပါးကုန်သော။ဣမေသံ ဓမ္မာနံ၊ဤတရားတို့၏။ဝသေန၊အစွမ်းဖြင့်။ဟေဋ္ဌာ၊အောက်၌။ဝုတ္တံ၊ဆိုအပ်သော။မဂ္ဂပဉ္စကံ၊မဂ္ဂပဉ္စကကို။ဣဓ၊ဤ လောကုတ္တရာစိတ်၌။မဂ္ဂဋ္ဌကံ၊မဂ္ဂဋ္ဌက-ဟူ၍။ဝေဒိတဗ္ဗံ၊သိအပ်၏။ **(ဂ)** ယေဝါပနကေသု၊ယေဝါပနက တရားတို့၌လည်း။ဣမေသံ၊ဤသမ္မာဝါစာ-စသော တရားတို့၏။အဘာဝေါ၊မရှိခြင်းကို။ဝေဒိတဗ္ဗော၊သိအပ် ၏။တထာ၊ထို့အတူ။ကရုဏာမုဒိတာနံ၊ကရုဏာ, မုဒိတာတို့၏။အဘာဝေါ၊မရှိခြင်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။

(ဃ) ဟိ-သစ္စံ၊မှန်၏။တယော၊သုံးပါးကုန်သော။ဣမေ ဓမ္မာ၊ဤသမ္မာဝါစာ-စသော တရားတို့ကို။ ဣဓ၊ဤလောကုတ္တရာစိတ်၌။ပါဠိယံ၊ပါဠိတော်၌။အာဂတတ္တာ၊လာသည်၏ အဖြစ်ကြောင့်သာလျှင်။ယေဝါ ပနကေသု၊တို့၌။န ဂဟိတာ၊မယူအပ်ကုန်။ **(င)** ပန၊ထိုမှတပါး။ကရုဏာ မုဒိတာ၊တို့သည်။သတ္တာရမ္မဏာ၊ သတ္တဝါလျှင် အာရုံရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣမေ ဓမ္မာ၊ဤလောကုတ္တရာ တရားတို့သည်။နိဗ္ဗာနာ ရမ္မဏာ၊နိဗ္ဗာန်လျှင် အာရုံရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ တသ္မာ၊ကြောင့်။တာပိ၊ထိုကရုဏာ, မုဒိတာ တို့ကိုလည်း။ဧတ္ထ၊ဤလောကုတ္တရာစိတ်၌။န ဂဟိတာ၊မယူအပ်ကုန်။ **(စ)** အယံ၊ဤဆိုအပ်ပြီးသည်ကား။ တာဝ၊နိဒ္ဒေသမှ ရှေးဦးစွာ။(နိဒ္ဒိဋ္ဌေ၊ညွှန်ပြအပ်သော) ဥဒ္ဒေသဝါရေ၌။ဝိသေသော၊ထူးသော အနက်တည်း။ **(ဆ)** ပန၊တပါး။နိဒ္ဒေသ ဝါရေ၌။မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နန္တိ ဧတ္ထ၊-နှဲ့ဟူသော ဤပါဌ်၌။တာဝ၊မဂ္ဂပရိယာပန္နမှ ရှေးဦးစွာ။မဂ္ဂဿ၊အဋ္ဌင်္ဂိကမဂ်၏။အင်္ဂံ၊အဘို့တည်း။ဣတိ တသ္မာ၊ကြောင့်။မဂ္ဂင်္ဂံ၊မည်၏။မဂ္ဂကောဋ္ဌာသော၊ မဂ်၏အဘို့။ဣတိ အယံ၊ဤသည်ကား။အတ္ထော၊တည်း။ **(ဇ)** ပန၊ပါး။အရညေ၊တော၌။ပရိယာပန္နံ၊ အကျုံးဝင်သော ဝတ္ထုသည်။အရည ပရိယာပန္နံ နာမ၊တော၌ အကျုံးဝင်သည် မည်သည်။ဟောတိ ယထာ၊ ဖြစ်၏သို့။ဧဝံ၊ဤအတူ။မဂ္ဂေ၊မဂ်၌။ပရိယာပန္နံ၊အကျုံးဝင်သည်တည်း။ဣတိ တသ္မာ၊ကြောင့်။မဂ္ဂပရိယာပန္နံ၊ မည်၏။မဂ္ဂသန္နိဿိတံ၊အပေါင်းဖြစ်သော မဂ်ကိုမှီသည်။ဣတိ အယံ၊ကား။အတ္ထော၊တည်း။

➤ **၂** ။ **(ခ) သို့/ ပါပနာဒိပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အောက်ဖြစ်သော ကာမာဝစရကုသိုလ် ဓမ္မုဒ္ဒေသဝါရ၌ ဝိရတီသုံးပါး အပေါင်း၌ ဆိုအပ်ပြီးသောနည်းဖြင့် လက္ခဏာ, ရသ စသည်တို့ကို သိအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ကာမာဝစရကုသိုလ် ဓမ္မုဒ္ဒေသဝါရနှင့် ဤ လောကုတ္တရာကုသလနိဒ္ဒေသသည် အလုံးစုံတူ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ကာမာဝစရကုသိုလ် ဓမ္မုဒ္ဒေသဝါရမှ

http://www.dhammadownload.com

ဤလောကုတ္တရကုသလနိဒ္ဒေသ၏ အထူးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ကာမာဝစရကုသိုလ် ဓမ္မုဒ္ဒေသဝါရမှ ဤလောကုတ္တရ ကုသလနိဒ္ဒေသ၏ အထူးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဈ) သို့/ ဒုပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဆ) ဖြင့် မဂ္ဂင်ပုဒ်၏ အဖွင့်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် မဂ္ဂပရိယာပန္နပုဒ်၏ အဖွင့်ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (ဆ) ဖြင့် မဂ္ဂင်ပုဒ်၏ အဖွင့်ကိုသာ မဆိုသင့်။ မဂ္ဂပရိယာပန္နပုဒ်၏ အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။ မဂ္ဂပရိယာပန္နပုဒ်၏ အဖွင့်ကား အဘယ်ပါနည်း။ ဤသို့--ကြောင့် (ဈ) မိန့်။

➢ ❷ ။ **(က) ၌ အပိစ–သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ ရှေး၌ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်အနက်တို့ကို စွန့်၍ ထိုအနက်မှ မတူကွဲပြား ခြားနားသော အောက်ဓမ္မုဒ္ဒေသဝါရ၌ ဖွင့်ဆိုအပ်ပြီးသော လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်အနက်တို့ကို လဲလှယ်ပြလိုသောကြောင့် (က) ၌ အပိစ–သဒ္ဒါကို ထားရပါသည်။

➢ ❺ ။ မဂ္ဂေ ပရိယာပန္နံ **မဂ္ဂပရိယာပန္နံ**။ (၂) မဂ္ဂပုဒ်+ပရိယာပန္နပုဒ်သည်ငှး၊ အဋ္ဌင်္ဂိကမဂ်၏ ဝိတက်နှင့်- အဘေဒ+ဘေဒ၊ သမူဟ+သမူဟီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှး ဗျုပ္ပတ္တိနိမိတ်။

မဂ္ဂေ သန္နိဿိတံ **မဂ္ဂသန္နိဿိတံ**။ (၂) မဂ္ဂပုဒ်+သန္နိဿိတပုဒ်သည်ငှး၊ အဋ္ဌင်္ဂိက မဂ်၏ ဝိတက်နှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှး ဗျုပ္ပတ္တိနိမိတ်။

ယေဝါပနကဝသေန ဒေသိတာ **ယေဝါပနကာ**။ (တေသု)

နိဗ္ဗာနံ အာရမ္မဏံ ဣမေသံ ဓမ္မာနန္တိ **နိဗ္ဗာနာရမ္မဏာ**။

သတ္တော အာရမ္မဏံ ဧတေသံ ကရဏာမုဒိတာနန္တိ **သတ္တာရမ္မဏာ**။

➢ ❻ ။ **(ဆ)** ၌ မဂ္ဂဿ အင်္ဂံ–ဖြင့် မဂ္ဂင်္ဂံ–ကို မဂ္ဂဿ အင်္ဂံ မဂ္ဂင်္ဂံ–ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

မဂ္ဂကောဋ္ဌာသော–ဖြင့် မဂ္ဂင်္ဂံ–၌ အင်္ဂ–သဒ္ဒါသည် အင်္ဂတိုင်း ခန္ဓာကိုယ် အကြောင်းဟူသော အနက်တို့ကို မဟော၊ အဝယဝ (ဝါ) ကောဋ္ဌာသအနက်ကို ဟော၏ဟု သိစေပါသည်။(နာမလိင်္ဂတ္ထ)

(ဈ) ၌ မဂ္ဂေ ပရိယာပန္နံ–ဖြင့် မဂ္ဂပရိယာပန္နပုဒ်ကို မဂ္ဂေ ပရိယာပန္နံ မဂ္ဂပရိယာပန္နံ–ဟု သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

မဂ္ဂသန္နိဿိတံ–ဖြင့် အဋ္ဌင်္ဂိကမဂ်၌ အကျုံးဝင်သော တရားဟူသည် အဋ္ဌင်္ဂိကမဂ်၌ရှိသော (ဝါ) အဋ္ဌင်္ဂိကမဂ်ကိုမှီသော တရားပင်တည်းဟု သိစေပါသည်။

➢ ❼ ။ **(က) ဝုတ္တာဝသေနပိ**–၌ ပိ–ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ (ခ) **ဣတိ**–ကား နိဒဿနတ္ထ။ (ဂ) **စ**–ကား ဝါကျာရမ္ဘတ္ထ၊ သမုစ္စယတ္ထ။

(ဃ) ပါဠိယံ အာဂတတ္တာဝ–၌ (၁) ပါဠိတော်၌ လာသည်၏အဖြစ်သည် ဂဟေတဗ္ဗတ္ထ။ (၂) ပါဠိတော်၌ မလာသည်၏အဖြစ်သည် နိဝတ္တေတဗ္ဗတ္ထ။

➢ ❽ ။ **ကြိယာငါးတန်** ။ ။ **(င) ဣမေ ဓမ္မာ နိဗ္ဗာနာရမ္မဏာ–အရ** = လောကုတ္တရာ

http://www.dhammadownload.com

ကုသိုလ်ဓမ္မကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) ဝိပဿနာသည် ဒီပကတ္ထ။ (၃) ဖိုလ်သည် ပကာသနတ္ထ။ (၄) စတုစက္ကသမ္ပတ္တိ, ယောနိသောမနသိကာရစသည်သည် ဝိဘာဝတ္ထ။ (၅) ပစ္စဝေက္ခဏာ ဉာဏ်, အဘိညာဏ်သမာပတ် စသည်သည် အနုဘာဝတ္ထ။

➢ **၉** ။ **သတ္တာရမ္မဏာ–အရ** = "ကရုဏာ, မုဒိတာ" ကို ယူ၍ ထုတ်ပါ။

ပရိယာပန္န–အရ "ဝိတက်"ကို ယူ၍ လက္ခဏာဒိစတုက္ကထုတ်ပါ။

➢ **၁ ၀** ။ **(က) ဝိရတိတ္တယေ+ဝုတ္တဝသေန** ။ ။ ဝိရတိတ္တယေ–အရ ဝိရတိ (၃)ပါးကို ဖွင့်သော သံဝဏ္ဏနာအစဉ်ဟူသော ပစ္စည်းတရားသည် ဝစဓာတ်–အရ ရှင်မဟာဗုဒ္ဓဃောသ၏ သုတမယ ဉာဏ်, စိန္တာမယဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(ခ) မဂ္ဂေ+ပရိယာပန္န ။ ။ ပရိယာပန္န–အရ ဝိတက် ပစ္စည်းတရားသည် မဂ္ဂေ–အရ ဝိတက်ကြဉ် မဂ္ဂင်(၇)ပါးနှင့် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

ပါဠ် (၁၄၈) [ဋ္ဌ၊၂၆၂။ ပြည်၊ဒု၊၄၇၀။ ဘာသာဋီ၊တ၊၁၃၈]

(က) **ပီတိသမ္ဗောဇ္ဈင်္ဂေါတိ ဧတ္ထ ပီတိ ဧဝ သမ္ဗောဇ္ဈင်္ဂေါတိ ပီတိသမ္ဗောဇ္ဈင်္ဂေါ။**

(ခ) **တတ္ထ ဗောဓိယာ, ဗောဓိဿ ဝါ အင်္ဂေါတိ ဗောဇ္ဈင်္ဂေါ။**

(ဂ) **ကိံ ဝုတ္တံ ဟောတိ- ယာ အယံ ဓမ္မသာမဂ္ဂီ ယာယ လောကုတ္တရမဂ္ဂက္ခဏေ ဥပ္ပဇ္ဇမာနာယ လီနုဒ္ဓစ္စပတိဋ္ဌာနာယူဟနကာမသုခတ္တကိလမထာနုယောဂဥစ္ဆေဒသဿတာဘိနိဝေသာဒီနံ အနေကေသံ ဥပဒ္ဒဝါနံ ပဋိပက္ခဘူတာယ သတိဓမ္မဝိစယ ဝီရိယပီတိပဿဒ္ဓိ သမာဓိဥပေက္ခာ သင်္ခါတာယ ဓမ္မသာမဂ္ဂိယာ အရိယသာဝကော ဗုဇ္ဈတီတိ ကတွာ "ဗောဓိ"တိ ဝုစ္စတိ၊**

(ဃ-၁) **ဗုဇ္ဈတီတိ ကိလေသသန္တာနနိဒ္ဒါယ ဥဋ္ဌဟတိ၊**

(ဃ-၂) **စတ္တာရိဝါ အရိယသစ္စာနိ ပဋိဝိဇ္ဈတိ၊ နိဗ္ဗာနမေဝဝါ သစ္ဆိကရောတိ။**

(င) **တဿာ ဓမ္မသာမဂ္ဂီသင်္ခါတာယ ဗောဓိယာ အင်္ဂေါတိပိ ဗောဇ္ဈင်္ဂေါ, ဈာနင်္ဂမဂ္ဂင်္ဂါဒီနိ ဝိယ။**

(စ) **ယော ပေသ ယထာဝုတ္တပ္ပကာရာယ ဧတာယ ဓမ္မသာမဂ္ဂိယာ ဗုဇ္ဈတီတိ ကတွာ အရိယသာဝကော "ဗောဓိ"တိ ဝုစ္စတိ၊ တဿ ဗောဓိဿ အင်္ဂေါတိ ဗောဇ္ဈင်္ဂေါ, သေနင်္ဂရထင်္ဂါဒယော ဝိယ။ (ဆ) တေနာဟု အဋ္ဌကထာစရိယာ ""ဗုဇ္ဈနကဿ ပုဂ္ဂလဿ အင်္ဂါတိဝါ ဗောဇ္ဈင်္ဂါ""တိ။**

(ခ) ဗောဓိယာ ဗောဓိဿ ဝါ အင်္ဂေါ = ဗောဓိယာ=ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြောင်းဖြစ်သော ဓမ္မသာမဂ္ဂီ၏။ (ဝါ) သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သော ဓမ္မသာမဂ္ဂီ၏။ (ဝါ) နိဗ္ဗာန်ကို မျက်မှောက်ပြုကြောင်းဖြစ်သော ဓမ္မသာမဂ္ဂီ၏။ အင်္ဂေါ၊အစိတ်တည်း။ (ဂ–ဃ–င–တို့နှင့်အညီ) ဝါ၊တစ်နည်းကား။ဗောဓိဿ၊ဓမ္မသာမဂ္ဂီဖြင့် ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးတတ်သော အရိယာသာဝက၏။(ဝါ) သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သော အရိယာသာဝက၏။ (ဝါ) နိဗ္ဗာန်ကို မျက်မှောက်ပြုတတ်သော အရိယာသာဝက၏။ အင်္ဂေါ၊အစိတ်အကြောင်းတည်း။(ဃ+စ)

F-40-A

http://www.dhammadownload.com

➤ ❶ ။ **(က)** ပီတိ သမ္ဗောဇ္ဈင်္ဂေါတိ ဧတ္ထ၌။ပီတိ ဧဝ၊ပီတိသည်သာလျှင်။သမ္ဗောဇ္ဈင်္ဂေါ၊သမ္ဗောဇ္ဈင် မည်၏။ဣတိ တသ္မာ၊ကြောင့်။ပီတိ သမ္ဗောဇ္ဈင်္ဂေါ၊မည်၏။ **(ခ)** တတ္ထ၊ထိုပီတိသမ္ဗောဇ္ဈင်္ဂေါဟူသော ပုဒ်၌။ အတ္ထော၊ကို။ဝေဒိတဗ္ဗော၊သိအပ်၏။ဗောဓိယာ၊သစ္စာလေးပါးကို သိကြောင်းဖြစ်သော တရားအပေါင်း၏။ အင်္ဂေါ၊အစိတ်တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။ဗောဇ္ဈင်္ဂေါ၊မည်၏။ဝါ၊ကား။ဗောဓိဿ၊သစ္စာလေးပါးကို သိတတ်သော အရိယာပုဂ္ဂိုလ်၏။အင်္ဂေါ၊အကြောင်းတည်း။ဣတိ တသ္မာ၊ကြောင့်။ဗောဇ္ဈင်္ဂေါ၊မည်၏။

(ဂ) ဣဒံ အယံ အဓိပ္ပါယော၊ကို။ဝုတ္တံ-ဝုတ္တော၊သည်။ဟောတိ၊၏။ယာ အယံ ဓမ္မသာမဂ္ဂီ၊အကြင် သတိ ဓမ္မဝိစယ-စသော တရားအပေါင်းကို။လောကုတ္တရ မဂ္ဂက္ခဏေ၊လောကုတ္တရာ မဂ်ခဏ၌။ဥပ္ပဇ္ဇ မာ နာယ၊ဖြစ်သော။လီနုဒ္ဓစ္စ ပတိဋ္ဌာနာယူဟနကာမသုခတ္တ ကိလမထာနုယောဂ ဥစ္ဆေဒသဿတာဘိနိ ဝေသာဒီနံ၊ တွန့်ခြင်း, ပျံ့လွင့်ခြင်း, တည်တံ့ခြင်း, ကာမချမ်းသာကို ခံစားခြင်း, ကိုယ်၏ ပင်ပန်းခြင်းနှင့် ယှဉ်ခြင်း, ဥစ္ဆေဒ, သဿတ-တည်းဟူသော နှလုံးသွင်းခြင်း အစရှိကုန်သော။အနေကေသံ၊များစွာကုန်သော။ ဥပဒ္ဒဝါနံ၊ ကပ်၍ နှိပ်စက်တတ်သော ဥပဒ္ဒဝေါတို့၏။ပဋိပက္ခဘူတာယ၊ဆန့်ကျင်ဘက်ဖြစ်၍ဖြစ်သော။သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ သင်္ခါတာယ၊သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာဟု ဆိုအပ်သော။ယာယ ဓမ္မသာမဂ္ဂိယာ၊အကြင် တရားအပေါင်းဖြင့်။အရိယသာဝကော၊သည်။ **ဗုဇ္ဈတိ**၊ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးတတ်၏။(ဝါ) သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍ သိတတ်၏။(ဝါ) နိဗ္ဗာန်ကို မျက်မှောက် ပြုသောအားဖြင့် သိတတ်၏။ဣတိ ကတွာ-ဣမိနာ ကာရဏေန၊ဤသို့သော အကြောင်းကြောင့်။"ဗောဓိ"တိ၊ ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ဃ) ဗုဇ္ဈတီတိ၊ကား။ကိလေသ သန္တာန နိဒ္ဒါယ၊ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ။ဥဋ္ဌဟတိ၊ နိုးတတ်၏။(ဝါ)၊ကား။စတ္တာရိ၊လေးပါးကုန်သော။အရိယသစ္စာနိ၊အရိယသစ္စာတို့ကို။ပဋိဝိဇ္ဈတိ၊ထိုးထွင်း၍ သိ တတ်၏။ဝါ၊ကား။နိဗ္ဗာန မေဝ၊ကိုသာလျှင်။သစ္ဆိကရောတိ၊မျက်မှောက် ပြုတတ်၏။

(င) တဿာ-တာဒိသာယ၊ထို့သို့ သဘောရှိသော။ဓမ္မသာမဂ္ဂီ သင်္ခါတာယ၊သတိ, ဓမ္မဝိစယ-စသော တရားအပေါင်းဟု ဆိုအပ်သော။ဗောဓိယာ၊ဗောဓိ၏။အင်္ဂေါ၊အစိတ်တည်း။ဣတိပိ၊ကြောင့်လည်း။ ဗောဇ္ဈင်္ဂေါ၊ဗောဇ္ဈင်္ဂ်မည်၏။(ကာနိဝိယ၊အဘယ်တို့ကဲ့သို့နည်း)ဈာနင်္ဂ မဂ္ဂင်္ဂါဒီနိဝိယ၊စသည်တို့ကဲ့သို့တည်း။

(စ) ယထာဝုတ္တပ္ပကာရာယ၊အကြင်အကြင် ဆိုအပ်ပြီးသော အပြားရှိသော။ဧတာယ ဓမ္မသာမဂ္ဂိယာ၊ ဤသတိ, ဓမ္မဝိစယ-စသော တရားအပေါင်းဖြင့်။သေ ဧသော၊ဤပဋ္ဌမဝိကပ်၌ ဆိုအပ်ပြီးသော သဘော ရှိသော။ယော အရိယသာဝကော၊သည်။(ဝါ) ကို။ဗုဇ္ဈတိ၊ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးတတ် ၏။(ဝါ)သစ္စာလေးပါးတရားကို သိတတ်၏။(ဝါ) နိဗ္ဗာန်ကို မျက်မှောက် ပြုတတ်၏။ဣတိ ကတွာ ဣမိနာ ကာရဏေန၊ကြောင့်။"ဗောဓိ"တိ၊ဟူ၍။ဝုစ္စတိ၊၏။တဿာ တာဒိသဿ၊ထိုသို့ သဘောရှိသော။ဗောဓိဿ၊ဗောဓိ ဟု ဆိုအပ်သော အရိယာသာဝက၏။အင်္ဂေါ၊အကြောင်းတည်း။ဣတိပိ၊ကြောင့်လည်း။ဗောဇ္ဈင်္ဂေါ၊မည်၏။ (ကေဝိယ၊အဘယ်တို့ကဲ့သို့နည်း)သေနင်္ဂ ရထင်္ဂါဒယော ဝိယ၊စသည်တို့ကဲ့သို့တည်း။ **(ဆ)** တေန၊ထို့ကြောင့်။ အဋ္ဌကထာစရိယာ၊တို့သည်။"ဗုဇ္ဈနကဿ ပုဂ္ဂလဿ အင်္ဂါတိဝါ ဗောဇ္ဈင်္ဂါ"တိ၊ဟူ၍။အာဟု၊ကုန်ပြီ။ဝါ၊ကား။ ဗုဇ္ဈနကဿ၊ကိလေသာအစဉ် ဟူသော အိပ်ပျော်ခြင်းမှ နိုးတတ်သော။ပုဂ္ဂလဿ၊၏။အင်္ဂါ၊အကြောင်းတို့တည်း။

http://www.dhammadownload.com

ဣတိ တသ္မာ၊ထိုကြောင့်။ဖောဿ၊ဂါ၊မည်ကုန်၏။

➤ ❷ ॥ **(ခ) သို့/ ဥပနာပဥ္စက** ॥ ॥ ဆရာ၊ ဆရာသည် (က) ဖြင့် ပီတိသမ္ဘောဇ္ဈင်္ဂေါပုဒ်ကို အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု အပေါင်းဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဖောဇ္ဈင်္ဂေါ-ဟူသော အစိတ်ပုဒ်၏ ဝစနတ္ထ မရှိဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က) ဖြင့် ပီတိသမ္ဘောဇ္ဈင်္ဂေါပုဒ်ကို အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ဟု အပေါင်းဝစနတ္ထကိုသာ မဆိုသင့်။ ဖောဇ္ဈင်္ဂေါ-ဟူသော အစိတ်ပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဖောဇ္ဈင်္ဂေါ-ဟူသော အစိတ်ပုဒ်၏ ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့-(ခ) မိန့်။

(ဂ) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဖောဇ္ဈင်္ဂပုဒ်ကို ဖောဓိယာ အင်္ဂေါ ဖောဇ္ဈင်္ဂေါ၊ ဖောဓိဿ အင်္ဂေါ ဖောဇ္ဈင်္ဂေါ-ဟု ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းတို့၏ ဝါကျပိဏ္ဍတ္ထအကျယ်ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (ခ) ဖြင့် ဖောဇ္ဈင်္ဂပုဒ်ကို ဖောဓိယာ အင်္ဂေါ ဖောဇ္ဈင်္ဂေါ၊ ဖောဓိဿ အင်္ဂေါ ဖောဇ္ဈင်္ဂေါ-ဟု ဝစနတ္ထပြုရမည်ဟု မဆိုသင့်။ ဝါကျပိဏ္ဍတ္ထအကျယ်ကိုလည်း ပြဆိုသင့်သေး၏။ ဝါကျပိဏ္ဍတ္ထအကျယ်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ-၁) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဖောဇ္ဈင်္ဂေါပုဒ်၏ ဝါကျပိဏ္ဍတ္ထ အကျယ်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဗုဇ္ဈတိဒ္ဓိ ဗုဓဓာတ်၏ ဖြစ်သင့်သော အနက်တို့ကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဂ) ဖြင့် ဖောဇ္ဈင်္ဂေါပုဒ်၏ ဝါကျပိဏ္ဍတ္ထ အကျယ်ကိုသာ မဆိုသင့်။ ဗုဇ္ဈတိဒ္ဓိ ဗုဓဓာတ်၏ ဖြစ်သင့်သော အနက်တို့ကိုလည်း ပြဆိုသင့်သေး၏။ ဗုဇ္ဈတိဒ္ဓိ ဗုဓဓာတ်၏ ဖြစ်သင့်သော အနက်တို့ကား အဘယ်ပါနည်း။ (ဃ-၁) မိန့်

(ဃ-၂) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ ဆရာသည် (ဃ-၁) ဖြင့် ဗုဇ္ဈတိဒ္ဓိ ဗုဓဓာတ်၏ ဇာဂရဏအနက် ဟောသည်၏အဖြစ်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဗုဓဓာတ်သည် ဇာဂရဏအနက်ကိုသာလျှင် ဟော၏ဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဃ-၁) ဖြင့် ဗုဇ္ဈတိဒ္ဓိ ဗုဓဓာတ်၏ ဇာဂရဏအနက် ဟောသည်၏အဖြစ်ကိုသာ မဆိုသင့်။ ဗုဓဓာတ်၏ အခြားဖြစ်သင့်သော အနက်တစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ ဗုဓဓာတ်၏ အခြားဖြစ်သင့်သော အနက်တစ်မျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ-၂) မိန့်။

(စ) သို့/ ဥပနာပဥ္စက ॥ ॥ ဆရာ၊ ဆရာသည် (ဂ)(ဃ)(င)ဝါကျတို့ဖြင့် ဖောဓိယာ အင်္ဂေါ၏ အဓိပ္ပါယတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဖောဓိဿ အင်္ဂေါ-၏ အဓိပ္ပါယတ္ထ မရှိဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် ဖောဓိယာ အင်္ဂေါ၏ အဓိပ္ပါယတ္ထကိုသာ မဆိုသင့်။ ဖောဓိဿ အင်္ဂေါ-၏ အဓိပ္ပါယတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဖောဓိဿ အင်္ဂေါ-၏ အဓိပ္ပါယတ္ထကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

➤ ❸ ॥ **(ခ) ဗောဓိဿ ဝါ-ဠှ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း** ॥ ॥ ဖောဓိယာ အင်္ဂေါ ဖောဇ္ဈင်္ဂေါဟူသော ဝစနတ္ထမှတပါး ဖောဓိဿ အင်္ဂေါ ဖောဇ္ဈင်္ဂေါဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြုလို

F-40-B

http://www.dhammadownload.com

သောကြောင့် (ခ) ဗောဓိဿ ဝါ-၌ ဝါသဒ္ဒါကို ထားရပါသည်။ (တနည်း) ဗောဇ္ဈင်္ဂ၌ ဗောဓိ-အရ ဓမ္မသာမဂ္ဂီဟူသော အရကောက် အဘိဓေယျတ္ထမှတပါး အရိယာသာဝကဟူသော အရကောက် အဘိဓေယျတ္ထ တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ခ) ဗောဓိဿ ဝါ-၌ ဝါသဒ္ဒါကို ထားရပါသည်။

(တနည်း) ဗောဇ္ဈင်္ဂ၌ ဗောဓိပုဒ်၏ ကရဏသာဓန ဝစနတ္ထမှတပါး ကတ္တုသာဓန ဝစနတ္ထ တစ်မျိုးဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ခ) ဗောဓိဿ ဝါ-၌ ဝါသဒ္ဒါကို ထားရပါသည်။

(ဃ) စတ္တာရိ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဗုဇ္ဈတိ-၌ (ဝါ) ဗောဓိ-၌ ဗုဓဓာတ်၏ ဓာဂရဏတ္ထမှတပါး ဉာဏတ္ထဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ဃ) စတ္တာရိ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။ (တနည်း) ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးကြောင်း ထကြောင်းဖြစ်သောကြောင့် ဗောဓိမည်၏ဟူသော အကြောင်းသကတ်မှတပါး သစ္စာလေးပါးတို့ကို သိကြောင်း ဖြစ်သောကြောင့် ဗောဓိမည်၏ဟူသော အကြောင်းသကတ်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ဃ) စတ္တာရိ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

နိဗ္ဗာနဿ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဗုဓဓာတ်၏ ဓာဂရဏတ္ထ, ဉာဏတ္ထ မှတပါး သစ္ဆိကရဏတ္ထဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် နိဗ္ဗာနဿ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။ (တနည်း) ကိလေသာ အစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးကြောင်းဖြစ်သောကြောင့် ဗောဓိ မည်၏၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောကြောင့် ဗောဓိမည်၏ဟူသော အကြောင်းသကတ်မှတပါး နိဗ္ဗာန်ကို မျက်မှောက်ပြုကြောင်းဖြစ်သောကြောင့် ဗောဓိမည်၏ဟူသော အကြောင်းသကတ်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် နိဗ္ဗာနဿ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

ဒေါသပယ် ။ ။ **(က)** ဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ခ)** ဖြင့် အဗျာပိတ (တနည်း) သင်္ခေပ+ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ (တနည်း) ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် အဗျာပိတ (တနည်း) သင်္ခေပ+ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ (တနည်း) ဗောဓိ-အရ သာမည ဖြစ်နေ၍ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသတို့ကို ပယ်ပါသည်။ **(ဃ-၁)** ဖြင့် အဗျာပိတဒေါသ (တနည်း) ဗုဓဓာတ်၏ ဂတိ-စသော အနက်တို့၌ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသတို့ကို ပယ်ပါသည်။ **(ဃ-၂)** ဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။

➤ ❾ ။ အတ္တနော သဘာဝံ ဓာရေန္တီတိ ဓမ္မာ။ သမဂ္ဂါနံ ဘာဝေါ သာမဂ္ဂီ။(သမဂ္ဂပုဒ်+ဏ-ဤ)

ဓမ္မာနံ သာမဂ္ဂီ **ဓမ္မသာမဂ္ဂီ**။ (၂) ဓမ္မပုဒ်+သာမဂ္ဂီပုဒ်သည်ငင်း၊ သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာဟုဆိုအပ်သော တရားတို့၏ ညီညွတ်ကုန်သည်၏ အဖြစ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာဟုဆိုအပ်သော တရားတို့၏ ညီညွတ်ကုန်သည်တို့၏ အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ပသတ္ထော ဗောဇ္ဈင်္ဂေါ **သမ္ဗောဇ္ဈင်္ဂေါ**။ (၂) သံပုဒ်+ဗောဇ္ဈင်္ဂပုဒ်သည်ငင်း၊ ပသတ္ထဂုဏ်၏ ဗောဇ္ဈင် တရားတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ချီးမွမ်းခြင်းဂုဏ် သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

သုန္ဒရော ဗောဇ္ဈင်္ဂေါ **သမ္ဗောဇ္ဈင်္ဂေါ**။ (၂) သံပုဒ်+ဗောဇ္ဈင်္ဂပုဒ်သည်၄င်း၊ သုန္ဒရဂုဏ်၏ ဗောဇ္ဈင် တရားတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်၄င်း ဖျူပ္ပတ္တိနိမိတ်။

ဗုဇ္ဈတိ ဧတာယာတိ **ဗောဓိ**။ ဗုဇ္ဈတီတိ **ဗောဓိ**။ (၂) ဗုဓာတ်+က္လပစ္စည်းသည်၄င်း၊ သိခြင်းကြိယာသည် ၄င်း ဖျူပ္ပတ္တိနိမိတ်။ (၄) သိခြင်းကြိယာသည် ပဝတ္တိနိမိတ်။

ကိလိဿတီတိ ကိလေသော။ သမ္မာ တနောတီတိ သန္တာနော။ (သံပုဗ္ဗ တနု+ဏ) ကိလေသောယေဝ သန္တာနော ကိလေသသန္တာနော။ ကိလေသာနံ သန္တာနော **ကိလေသသန္တာနော**။

နိဒ္ဒှနံ နိဒ္ဒါ။ ကိလေသသန္တာနောယေဝ နိဒ္ဒါ **ကိလေသသန္တာနနိဒ္ဒါ**။(တာယ)

သေတိ ဗန္ဓတီတိ **သေနာ**။ (သိ+န) သေနာယ အင်္ဂံ **သေနင်္ဂံ**။(၂) သေနပုဒ်+အင်္ဂပုဒ်သည်၄င်း၊ စစ်တပ်၏ စစ်အင်္ဂါနှင့် အစိတ် အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်၄င်း ဖျူပ္ပတ္တိနိမိတ်။ (၄) ခြေ လျင်တပ် စသည်သည် ပဝတ္တိနိမိတ်။

ရမတေ ကီဠတေ အနေနာတိ **ရထော**။ (ရမုဓာတ်+ထပစ္စည်း၊ မွေ့လျော်ခြင်းကြိယာ)

ရဟိယတိ ဥပ္ပါဒီယတီတိ ရထော။(ရဟ+ထ) ရထဿ အင်္ဂံ **ရထင်္ဂံ**။

➤ ❻ ။ **(က)** ၌ ပီတိ ဧဝ သမ္ဗောဇ္ဈင်္ဂေါ-ဖြင့် ပီတိသမ္ဗောဇ္ဈင်္ဂေါပုဒ်ကို ပီတိ ဧဝ သမ္ဗောဇ္ဈင်္ဂေါ ပီတိသမ္ဗောဇ္ဈင်္ဂေါ-ဟု အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝဓနတ္ထ ပြုရမည်ဟု သိ။(သမာသလိင်္ဂတ္ထ)

(ခ) ၌ ဗောဓိယာ အင်္ဂေါ-ဖြင့် ဗောဇ္ဈင်္ဂေါ-ကို ဗောဓိ+အင်္ဂေါ-ဟု ပုဒ်ဖြတ်ရမည်ကို၄င်း(သန္ဓိလိင်္ဂ ပဒ) ဗောဓိယာ အင်္ဂေါ ဗောဇ္ဈင်္ဂေါ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝဓနတ္ထပြုရမည်ကို၄င်း(သမာသလိင်္ဂတ္ထ) ဗောဓိအင်္ဂ-ဟု ဆိုလိုလျက် ဓကို ယပြု၊ ဈကို ဈပြု၊ အသဒိသဒွေဘော်လာ၍ ဗောဇ္ဈင်္ဂ-ဟု ရုပ်ပြီးနေ သည်၏ အဖြစ်ကို၄င်း(ဘာဝတ္ထ) သိစေပါသည်။

ဗောဓိဿ အင်္ဂေါ-ဖြင့် ဗောဇ္ဈင်္ဂေါ-ကို ဗောဓိ+အင်္ဂေါ-ဟု ပုဒ်ဖြတ်ရမည်ကို၄င်း(သန္ဓိလိင်္ဂပဒ) ဗောဓိဿ အင်္ဂေါ ဗောဇ္ဈင်္ဂေါ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝဓနတ္ထပြုရမည်ကို၄င်း(သမာသလိင်္ဂတ္ထ) ဗောဓိ အင်္ဂ-ဟု ဆိုလိုလျက် ဓကို ယပြု၊ ဈကို ဈပြု၊ အသဒိသဒွေဘော်လာ၍ ဗောဇ္ဈင်္ဂ-ဟု ရုပ်ပြီးနေသည်၏ အဖြစ်ကို၄င်း(ဘာဝတ္ထ) သိစေပါသည်။

(ဂ) ၌ ယာယ ဗုဇ္ဈတိ-ဖြင့် ဗောဓိ၌ ဗုဓာတ်၏အဖြစ်ကို၄င်း(ဒု-ဓာတုပဒ) က္လပစ္စည်း၏ ကရဏ သာဓနအနက်၌ သက်သည်ကို၄င်း(ဒု-ပစ္စယတ္ထ) ဗုဇ္ဈတိ ဧတာယာတိ ဗောဓိ-ဟု ကရဏသာဓန ဝဓနတ္ထ ပြုရမည်ကို၄င်း(အဘိဓာနတ္ထ) သိစေပါသည်။

ဓမ္မသာမဂ္ဂိယာ-ဖြင့် ယာယ၏ အစွဲကို သိစေပါသည်။(သဗ္ဗနာမလိင်္ဂတ္ထ) **အရိယသာဝကော**-ဖြင့် ဗုဇ္ဈတိ၏ ကတ္တားကို သိစေပါသည်။(ဘာဝတ္ထ) **ယာ အယံ ဓမ္မသာမဂ္ဂီ**-ဖြင့် ဗောဓိ-အရ ဓမ္မသာမဂ္ဂီ ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

သတိ ဓမ္မဝိစယ(ပ) သဒ္ဓါတာယ-ဖြင့် ဓမ္မသာမဂ္ဂိယာ-အရ သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ-ဟု ဆိုအပ်သော တရားအပေါင်းကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **ဥပဒ္ဒဝါနံ ပဋိပက္ခဘူတာယ**-ဖြင့် သတိ-စသော ဓမ္မသာမဂ္ဂီသည် ဥပဒ္ဒဝတို့၏ ဆန့်ကျင်

http://www.dhammadownload.com

ဘက် ဖြစ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ) **အနေကော်**-ဖြင့် ဥပဒ္ဒဝတို့သည် တစ်ပါးမက များသတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

လီနုဒ္ဒစ္စ (ပ) နိဝေသာဒီနံ-ဖြင့် ဓမ္မသာမဂ္ဂီ၏ (ဝါ) ဗောဓိ၏ ဆန့်ကျင်ဘက်ဖြစ်သော ဥပဒ္ဒဝတို့ ကား တွန့်ခြင်း, ပျံ့လွင့်ခြင်း, တည်တံ့ခြင်း, ကာမချမ်းသာကို ခံစားခြင်း, ကိုယ်၏ ပင်ပန်းခြင်းနှင့် ယှဉ်ခြင်း, ဥစ္ဆေဒ, သဿတ-တည်းဟူသော နှလုံးသွင်းခြင်း စသည်တို့တည်းဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ဃ) ၌ ဥဋ္ဌဟတိ-ဖြင့် ဗုဇ္ဈတိ-၌ (ဝါ) ဗောဓိ၌ ဗုဓဓာတ်သည် ဇာဂရဏအနက်ကို ဟော၏ဟု သိစေပါသည်။(ဓာတွတ္ထ) **ကိလေသသန္တာနနိဒ္ဒါယ**ဖြင့် ဥဋ္ဌဟတိ၏ အပါဒါန်ကို သိစေသည်။(ဘာဝတ္ထ)

ပဋိဝိဇ္ဈတိ-ဖြင့် ဗုဇ္ဈတိ၌ ဗုဓဓာတ်သည် ဉာဏအနက်ကို ဟော၏ဟု သိစေသည်။(ဓာတွတ္ထ)

စတ္တာရိ အရိယသစ္စာနိ-ဖြင့် ပဋိဝိဇ္ဈတိ၏ ကံကို သိစေပါသည်။(ဘာဝတ္ထ)

နိဗ္ဗာနံ-ဖြင့် သစ္ဆိကရောတိ၏ ကံကို သိစေပါသည်။ (ဘာဝတ္ထ) **ဓဝ**-ဖြင့် အရိယသာဝကသည် နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို မုချ မျက်မှောက်သိသည်၊ ကျန်သုံးပါးကို အသမ္မောဟပဋိဝေဓအားဖြင့် သိသတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

သစ္ဆိကရောတိ-ဖြင့် ဗုဇ္ဈတိ-၌ ဗုဓဓာတ်သည် ဝိကာသနအနက်ကို ဟော၏ဟု သိစေ။(ဓာတွတ္ထ)

(င) ၌ ဗောဓိယာ အင်္ဂေါ-ဖြင့် ဗောဇ္ဈင်္ဂေါ-ကို ဗောဓိ+အင်္ဂေါ-ဟု ပုဒ်ဖြတ်ရမည်ကိုင်း(သန္ဓိလိင်ပဒ) ဗောဓိယာ အင်္ဂေါ ဗောဇ္ဈင်္ဂေါ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) ဗောဓိအင်္ဂ-ဟု ဆိုလိုလျက် ဣကို ယပြု၊ ဓျကို ဈပြု၊ အသဒိသဒွေဘော်လာ၍ ဗောဇ္ဈင်-ဟု ရုပ်ပြီးနေသည်၏ အဖြစ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

ဓမ္မသာမဂ္ဂိသင်္ခါတာယ-ဖြင့် ဗောဓိ-အရ ဓမ္မသာမဂ္ဂီကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **တဿာ**-ဖြင့် ဗောဓိယာ-၌ ယာ-သည် သဝိဘတ်၏ ကာရိယတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ) **ဈာနင်္ဂမဂ္ဂင်္ဂါနိ ဝိယ**-ဖြင့် ဈာန်နှင့် ဈာနင်၊ မဂ်နှင့် မဂ္ဂင်တို့သည် အပေါင်း+အစိတ်ဖြစ်ကုန်သကဲ့သို့ ဗောဓိနှင့် ဗောဇ္ဈင်သည်လည်း အပေါင်း+အစိတ် ဖြစ်သတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(စ) ၌ ယော ဧသ ဗုဇ္ဈတီတိ-ဖြင့် ဗောဓိ-၌ ဗုဓဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဣပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဗုဇ္ဈတီတိ ဗောဓိ-ဟု ပြုရမည်ကိုင်း (အဘိဓာနတ္ထ) သိစေပါသည်။ **အရိယသာဝကော**-ဖြင့် ဗောဓိ-အရ အရိယသာဝကကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **တာယ ဓမ္မသာမဂ္ဂိယာ**-ဖြင့် သိဟူသည် သတိ, ဓမ္မဝိစယ-စသော ဓမ္မသာမဂ္ဂီတို့ဖြင့် သိသတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

ယထာဝုတ္တပ္ပကာရာယ-ဖြင့် ဓမ္မသာမဂ္ဂီ-ဟူသည် အကြင်အကြင် ဆိုအပ်ပြီးသော အပြားရှိသော ဓမ္မသာမဂ္ဂီပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

သေနင်္ဂရထင်္ဂါဒယော ဝိယ-ဖြင့် ပုဂ္ဂလပညတ်အားဖြင့် အဝိဇ္ဇမာနပညတ်အဖြစ်ကို သိ။(ဘာဝတ္ထ)

➤ ❼ ။ (ဂ) **ယာ အယံ** -ကား ဓမ္မသာမဂ္ဂီဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။

http://www.dhammadownload.com

ယာယ-ကား ဓမ္မသာမဂ္ဂိယာ-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။

(က) ပီတိဝေ-၌ (၁) ပီတိသည် ဂဟေတဗ္ဗတ္ထ။ (၂) ဖဿ-စသော ဗောဇ္ဈင် မထိုက်သော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သတိ-စသော ဗောဇ္ဈင်ထိုက်သော တရားတို့သည် အနုညာတတ္ထ။

(ဃ) နိဗ္ဗာနဓမ္မဝ-၌ (၁) နိဗ္ဗာန်သည် ဂဟေတဗ္ဗတ္ထ။ (၂) ဒုက္ခ, သမုဒယ, မဂ္ဂ သုံးပါးသည် နိဝတ္တေတဗ္ဗ တ္ထ။ (၃) နိဗ္ဗာန်၏ သန္တိလက္ခဏာသဘောသည် အနုညာတတ္ထ။

➤ ❶ ။ **ကြိယာငါးတန်** ။ ။ **(ဃ) ဥဋ္ဌဟတိ, ပဋိဝိဇ္ဈတိ, သစ္ဆိကရောတိ-တို့၌ အန္တတ္ထ-အရ** = အရိယာမဂ် လေးပါးကို ယူ၍ (ပထမအုပ်-၇၀၀-ကြည့်)

ပီတိသမ္ဗောဇ္ဈင်္ဂေါ-အရ ။ ။ (၁) ပီတိသမ္ဗောဇ္ဈင်သည် ဒဿနတ္ထ။ (၂) ဗုဒ္ဓါနုဿတိ-စသည်ကို ပွားခြင်း ရတနာသုံးပါး၌ ကြည်ညိုသည့် သဒ္ဓါတရား ခြောက်ကပ်သည့်လူပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း-စသည်သည် ဒီပကတ္ထ။ (၃) အရိယာမဂ်ကိုရခြင်းသည် ပကာသနတ္ထ။ (၄) သပ္ပုရိသူပနိဿယ-စသည် ဝိဘာဝတ္ထ။ (၅) ဖလသမာပတ် ချမ်းသာသည် အနုဘာဝတ္ထ။

ဗောဓိ-အရ ။ ။ (၁) သတိသမ္ဗောဇ္ဈင်-စသည် ၇-ပါးသည် ဒဿနတ္ထ။ (၂) သတိသမ္ပဇဉ်နှင့်ပြည့်စုံခြင်း သတိလွတ်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း-စသော အကြောင်းများသည် ဒီပကတ္ထ။ (၃) အရိယာမဂ်ကိုရခြင်းသည် ပကာသနတ္ထ။ (၄) သပ္ပုရိသူပနိဿယ-စသည်သည် ဝိဘာဝတ္ထ။ (၅) ဖလသမာပတ်ချမ်းသည်-စသည်သည် အနုဘာဝတ္ထ။

➤ ❶❶ ။ **ဗောဇ္ဈင်္ဂေါ** ။ ။ ဗောဓိ-အရ သတိ, ဓမ္မဝိစယ-စသော ၆-ပါး ပစ္စည်းတရားသည် အင်-အရ ဥပေက္ခာ သမ္ဗောဇ္ဈင် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ က္ကံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၃)

(ဃ) နိဗ္ဗာနဓမ္မဝ+သစ္ဆိကရောတိ ။ ။ နိဗ္ဗာန်-အရ နိဗ္ဗာန် ပစ္စည်းတရားသည် သစ္ဆိကရောတိ-အရ မဂ်ဖိုလ်စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု။ ပြိုင်= အာ၊ ဓိ၊ ဉပ (၃)

ကိလေသသန္တာနနိဒ္ဓါယ-အရ ကိလေသာ ပစ္စည်းတရားသည် **ဥဋ္ဌဟတိ**-အရ သတိ, ဓမ္မဝိစယ-စသော ဗောဇ္ဈင်(၇)ပါး ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဗုဇ္ဈတိ-၌ ဓာတ်အရ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စည်းတရားသည် **ယော ပေသ**-အရ အရိယာ ပုဂ္ဂိုလ်၏ ခန္ဓာပဉ္စက ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပါဌ် (၁၄၉) [ဋ္ဌ၊၂၆၂။ ပြည်၊ဒု၊၄၇၀။ ဘာသာဋီ၊တ၊၁၄၁]

(က) **အပိစ "ဗောဇ္ဈင်္ဂေါတိ ကေနဋ္ဌေန ဗောဇ္ဈင်္ဂေါ? ဗောဓာယ သံဝတ္တန္တီတိ ဗောဇ္ဈင်္ဂါ၊ ဗုဇ္ဈန္တီတိ ဗောဇ္ဈင်္ဂါ၊ အနုဗုဇ္ဈန္တီတိ ဗောဇ္ဈင်္ဂါ၊ ပဋိဗုဇ္ဈန္တီတိ ဗောဇ္ဈင်္ဂါ၊ သမ္ဗုဇ္ဈန္တီတိ ဗောဇ္ဈင်္ဂါ" တိ ဣမိနာ ပဋိသမ္ဘိဒါ နယေနပိ ဗောဇ္ဈင်္ဂတ္ထော ဝေဒိတဗ္ဗော။**

(ခ) **ပသတ္ထော. သုန္ဒရော ဝါ ဗောဇ္ဈင်္ဂေါတိ သမ္ဗောဇ္ဈင်္ဂေါ။**

(ဂ) **ဓေဝံ ပီတိ ဧဝ သမ္ဗောဇ္ဈင်္ဂေါ ပီတိသမ္ဗောဇ္ဈင်္ဂေါတိ။**

(ဃ) **စိတ္တေကဂ္ဂတာနိဒ္ဒေသာဒီသုပိ ဣမိနာဝ နယေန အတ္ထော ဝေဒိတဗ္ဗော။**

http://www.dhammadownload.com

➤ ❶ ॥ **(က)** အပိစ အပရော နယော၊တပါးသော နည်းကို॥မယာ၊ငါသည်॥ဝုစ္စတေ၊ဆိုအပ်॥ဗောဇ္ဈင်္ဂါတိ၊ကား॥ကေနဋ္ဌေန၊အဘယ် အနက်သဘောကြောင့်॥ဗောဇ္ဈင်္ဂါ၊ဗောဇ္ဈင်မည်ကုန်သနည်း॥ဗောဓာယ၊ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးခြင်းငှာ॥(ဝါ)သစ္စာလေးပါးတရားကို သိခြင်းငှာ॥(ဝါ) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ॥သံဝတ္တန္တိ၊ကုန်၏॥ဣတိ ဣမိနာ အတ္ထေန၊ဤအနက်ကြောင့်॥ဗောဇ္ဈင်္ဂါ၊မည်ကုန်၏॥ဗုဇ္ဈန္တိ၊ကိလေသာအစဉ်ဟူသော အိ ပျော်ခြင်းမှ နိုးတတ်ကုန်၏॥ဣတိ တသ္မာ၊ကြောင့်॥ဗောဇ္ဈင်္ဂါ၊မည်ကုန်၏॥အနုဗုဇ္ဈန္တိ၊ဝိပဿနာ-စသောအကြောင်း ဗုဇ္ဈိတဗ္ဗဖြစ်သော သစ္စာတို့အားလျော်စွာ သိတတ်ကုန်၏॥ဣတိ တသ္မာ၊ထို့ကြောင့်॥ဗောဇ္ဈင်္ဂါ၊မည်ကုန်၏॥ပဋိဗုဇ္ဈန္တိ၊ပစ္စက္ခ၏အဖြစ်ဖြင့် ရှေးရှုတုရှု တိုက်ရိုက်သိတတ်ကုန်၏॥ဣတိ တသ္မာ၊ကြောင့်॥ဗောဇ္ဈင်္ဂါ၊မည်ကုန်၏॥သမ္မာ ဗုဇ္ဈန္တိ၊မဖောက်မပြန် သိတတ်ကုန်၏॥ဣတိပိ၊ထို့ကြောင့်လည်း॥ဗောဇ္ဈင်္ဂါ၊မည်ကုန်၏॥

(ခ) ပသတ္ထော၊ချီးမွမ်းအပ်သော॥ဝါ၊တနည်းကား॥သုန္ဒရော၊ကောင်းသော॥ဗောဇ္ဈင်္ဂေါ၊ဗောဇ္ဈင်တည်း॥သမ္ဗောဇ္ဈင်္ဂေါ၊သမ္ဗောဇ္ဈင်॥ **(ဂ)** ပီတိ ဧဝ၊ပီတိသည်ပင်လျှင်॥သမ္ဗောဇ္ဈင်္ဂေါ၊တည်း॥ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ပီတိသည်ပင်လျှင်သမ္ဗောဇ္ဈင်॥ **(ဃ)** စိတ္တေကဂ္ဂတာ နိဒ္ဒေသာဒီသုပိ၊စိတ္တေကဂ္ဂတာ နိဒ္ဒေသ-အစရှိသည်တို့၌လည်း॥ဣမိနာဝနယေန၊ ဤနည်းဖြင့်သာလျှင်॥အတ္ထော၊ကို॥ဝေဒိတဗ္ဗော၊သိအပ်၏॥

➤ ❷ ॥ **(က) သို့/ ဋ္ဌပနာပဉ္စက** ॥ ॥ ဆရာ၊ ဆရာသည် တတ္ထ ဗောဓိယာ, ဗောဓိဿ ဝါ အင်္ဂေါ-စသော ဝါကျဖြင့် အဋ္ဌကထာနည်းဖြင့် ဗောဇ္ဈင်ပုဒ်၏အနက်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဗောဇ္ဈင်ပုဒ်၏အနက်ကို အဋ္ဌကထာနည်းဖြင့်သာ သိအပ်၏ဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် အဋ္ဌကထာနည်းဖြင့် ဗောဇ္ဈင်ပုဒ်၏အနက်ကိုသာ မပြဆိုသင့်။ ပဋိသမ္ဘိဒါ၌ လာသောနည်းဖြင့်လည်း ဗောဇ္ဈင်ပုဒ်၏အနက်ကို ပြဆိုသင့်သေး၏။ ပဋိသမ္ဘိဒါ၌ လာသောနည်းဖြင့် ဗောဇ္ဈင်ပုဒ်၏အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) မိန့်။

(ဃ) သို့/ ပါပနာဒိပဉ္စက ॥ ॥ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ပီတိသမ္ဗောဇ္ဈင်္ဂေါပုဒ်၏ ဗျုပ္ပတ္တိကို ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပီတိသမ္ဗောဇ္ဈင်္ဂေါပုဒ်၏ ဗျုပ္ပတ္တိကိုသာ သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် စိတ္တေကဂ္ဂတာနိဒ္ဒေသ စသည်တို့၌ ဗောဇ္ဈင်ပုဒ်၏အနက်ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့် နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ စိတ္တေကဂ္ဂတာနိဒ္ဒေသ စသည်တို့၌ ဗောဇ္ဈင်ပုဒ်၏အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➤ ❸ ॥ **ဒေါသပယ်** ॥ ॥ (ဃ) ဖြင့် ဂန္ထဂရုဒေါသ (တနည်း) အဗျာပိတဒေါသကို ပယ်ပါသည်။ **(က) ပဋိသမ္ဘိဒါနယေနပိ-၌ ပိ(အပိ)ကို ထားရခြင်းအကြောင်း** ॥ ॥ ဗောဓိယာ, ဗောဓိဿ ဝါ အင်္ဂေါ-ဟူသော အဋ္ဌကထာနည်းဖြင့်သာ ဗောဇ္ဈင်သဒ္ဒါ၏ အနက်ကို သိအပ်သည် မဟုတ်သေး၊ ပဋိသမ္ဘိဒါနည်းဖြင့်လည်း ဗောဇ္ဈင်သဒ္ဒါ၏အနက်ကို သိအပ်၏ဟူသော သမုစ္စည်း သမ္ပိဏ္ဍနအနက်ကို ပြလိုသောကြောင့် ပဋိသမ္ဘိဒါနယေနပိ-၌ ပိ(အပိ)ကို ထားရပါသည်။

(ခ) သုန္ဒရော ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ॥ ॥ သမ္ဗောဇ္ဈင်္ဂေါ၌ သံ-ဥပသာရ၏

http://www.dhammadownload.com

ပသတ္ထအနက်မှ သုန္ဒရအနက်ကို လဲလှယ်ပြလိုသောကြောင့် သုန္ဒရော ဝါ-၌ ဝါ-သဒ္ဒါ ထားရသည်။

➤ ❺ ။ ဗုဇ္ဈနံ ဗောဓိ။ အင်္ဂန္တိ သံဝတ္တန္တိ ဧတေဟီတိ အင်္ဂါ။ ဗောဓိယာ အင်္ဂါ **ဗောဇ္ဈင်္ဂါ**။

(၂) ဗောဓိပုဒ်+အင်္ဂပုဒ်သည့်ငှငး၊ သစ္စာလေးပါးကို သိခြင်း၏ အကြောင်းဖြစ်သော သတိ, ဓမ္မဝိစယ စသည်တို့နှင့် အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည့်ငှငး ရှုပ္ပတ္တိနိမိတ်။ (၄) သတိ, ဓမ္မဝိစယ-စသော ဗောဇ္ဈင်တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

နီယတိ ဉာယတိ ဗောဇ္ဈင်္ဂတ္တော ဧတေနာတိ **နယော**။ ပဋိသမ္ဘိဒါယံ အာဂတော နယော **ပဋိသမ္ဘိဒါနယော**။ ဗောဇ္ဈင်္ဂဿ အတ္တော **ဗောဇ္ဈင်္ဂတ္တော**။

➤ ❻ ။ **(က)** ၌ ဗောဓာယ သံဝတ္တန္တိ-ဖြင့် ဗောဇ္ဈင်္ဂါ၌ (ဗောဓိ+အင်္ဂ) ဗောဓိပုဒ်ကို ဗုဇ္ဈနံ ဗောဓိ-ဟု ပြုရမည်ကိုငှငး (အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုငှငး (ဒု-ပစ္စယတ္ထ) အင်္ဂပုဒ်ကို အင်္ဂန္တိ သံဝတ္တန္တိ ဧတေဟီတိ အင်္ဂါ-ဟု ကရဏသာဓန ဝစနတ္ထပြုရမည်ကိုငှငး(အဘိဓာနတ္ထ) အ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်ကိုငှငး(ဒု-ပစ္စယတ္ထ) အင်-သဒ္ဒါ၏ ကာရဏအနက် ဟောသည်ကိုငှငး(နာမလိင်္ဂတ္ထ) ဗောဓိနှင့် အင်္ဂပုဒ်ကို ဗောဓိယာ အင်္ဂါ ဗောဇ္ဈင်္ဂါ-ဟု ဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုငှငး(သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဗုဇ္ဈန္တိ-ဖြင့် ဗောဇ္ဈင်္ဂါ၌ ဗောဓိပုဒ်ကို ဗုဇ္ဈန္တီတိ ဗောဓိယော-ဟု ပြုရမည်ကိုငှငး (အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှငး(ဒု-ပစ္စယတ္ထ) ဗောဓိနှင့် အင်္ဂပုဒ်ကို ဗောဓိယော ဧဝ အင်္ဂါ ဗောဇ္ဈင်္ဂါ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ကိုငှငး(သမာသလိင်္ဂတ္ထ) သိစေပါသည်။

အနုဗုဇ္ဈန္တီတိ-ဖြင့် ဗောဇ္ဈင်္ဂါ၌ ဗောဓိပုဒ်ကို အနုဗုဇ္ဈန္တီတိ ဗောဓိယော-ဟု ပြုရမည်ကိုငှငး (အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှငး(ဒု-ပစ္စယတ္ထ) ဗုဓဓာတ်သည် သက်သက်သော သိခြင်းကြိယာသာမညကို မဟော၊ အနုပုဗ္ဗ ဗုဓဓာတ်ကဲ့သို့ လျော်စွာသိခြင်းဟူသော အနက်ဝိသေသကို ဟောသည်ကိုငှငး(ဒု-ဓာတွတ္ထ) ဗောဓိနှင့် အင်္ဂကို ဗောဓိယာ ဧဝ အင်္ဂါ ဗောဇ္ဈင်္ဂါ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ကိုငှငး(သမာသလိင်္ဂတ္ထ) သိစေပါသည်။

ပဋိဗုဇ္ဈန္တီတိ-ဖြင့် ဗောဇ္ဈင်္ဂါ၌ ဗောဓိပုဒ်ကို ပဋိဗုဇ္ဈန္တီတိ ဗောဓိယော-ဟု ပြုရမည်ကိုငှငး (အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှငး(ဒု-ပစ္စယတ္ထ) ဗောဓိနှင့် အင်္ဂကို ဗောဓိယာ ဧဝ အင်္ဂါ ဗောဇ္ဈင်္ဂါ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ကိုငှငး(သမာသလိင်္ဂတ္ထ) သိစေပါသည်။

သမ္ဗုဇ္ဈန္တီတိ-ဖြင့် ဗောဇ္ဈင်္ဂါ၌ ဗောဓိပုဒ်ကို သမ္ဗုဇ္ဈန္တီတိ ဗောဓိယော-ဟု ပြုရမည်ကိုငှငး (အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှငး(ဒု-ပစ္စယတ္ထ) ဗောဓိနှင့် အင်္ဂကို ဗောဓိယာ ဧဝ အင်္ဂါ ဗောဇ္ဈင်္ဂါ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ကိုငှငး(သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ ပသတ္ထော ဗောဇ္ဈင်္ဂေါ-ဖြင့် သမ္ဗောဇ္ဈင်္ဂေါ-၌ သံ-ဥပသာရ၏ ပသတ္ထအနက် ဟောသည်ကိုငှငး(ဥပသဂ္ဂလိင်္ဂတ္ထ) ပသတ္ထော ဗောဇ္ဈင်္ဂေါ သမ္ဗောဇ္ဈင်္ဂေါ-ဟု ပြုရမည်ကိုငှငး(သမာသလိင်္ဂတ္ထ) သိ။

သုန္ဒရော ဗောဇ္ဈင်္ဂေါ-ဖြင့် သမ္ဗောဇ္ဈင်္ဂေါ-၌ သံ-ဥပသာရ၏ သုန္ဒရအနက် ဟောသည်ကိုငှငး

http://www.dhammadownload.com

(ဥပသဂ္ဂလိင်္ဂတ္ထ) သုန္ဒရော ဗောဇ္ဈင်္ဂေါ သမ္ဗောဇ္ဈင်္ဂေါ-ဟု ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သိစေသည်။

➤ ❼ ။ **စိဇ္ဈောကဂ္ဂတာနိဒ္ဒေသာဒိသုပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘိဏ္ဍနတ္ထ။

(ဃ) ဏ္ကမိနာ၀ နယေန-၌ (၁) သမာဝိ၀ေ သမ္ဗောဇ္ဈင်္ဂေါ-ဟူသော နည်းသည် ဂဟေတဗ္ဗတ္ထ (၂) သမာဓိဿ သမ္ဗောဇ္ဈင်္ဂေါ-စသော သမာသ်နည်းသည် နိ၀တ္တေတဗ္ဗတ္ထ။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **ဗောဓာယ-၌ ဗုဓေတိ-အရ** = သစ္စာလေးပါးကိုသိသော အရိယာမဂ်ကုသိုလ်ကို ယူ၍ (ပထမအုပ် စာမျက်နှာ-၇၀၀-ကြည့်)

➤ ❶❶ ။ **ပီတိသမ္ဗောဇ္ဈင်္ဂေါ** ။ ။ ပီတိ-အရ ပီတိ စေတသိက် ပစ္စည်းတရားသည် သမ္ဗောဇ္ဈင်္ဂေါ-အရ ယှဉ်ဘက်သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ရှာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

ပါဠိ (၁၅၈) [ဋ္ဌ၊၂၆၂။ ပြည်၊ဒု၊၄၇၀။ ဘာသာဋီ၊တ၊၈၄၂]

(က) **ဓောသံ ဓမ္မာနန္တိ ယေ တသ္မိံ သမယေ ပဋိဝေဓံ ဂစ္ဆန္တိ စတုသစ္စဓမ္မာ၊ ဓောသံ ဓမ္မာနံ။**

(ခ) **အနညာတာနန္တိ ကိဉ္စာပိ ပဌမမဂ္ဂေန တေ ဓမ္မာ ဉာတာ နာမ ဟောန္တိ။**

(ဂ-၁) **ယထာ ပန ပကတိယာ အနာဂတပုဗ္ဗံ ဝိဟာရံ အာဂန္တွာ ဝိဟာရမဇ္ဈေ ဋ္ဌိတောပိ ပုဂ္ဂလော ပကတိယာ အနာဂတဘာဝံ ဥပါဒါယ ""အနာဂတပုဗ္ဗံ ဌာနံ အာဂတောမှိ""တိ ဝဒတိ၊**

(ဂ-၂) **ယထာစ ပကတိယာ အပိဠန္ဓပုဗ္ဗံ မာလံ ပိဠန္ဓိတွာ ၊ အနိဝတ္ထပုဗ္ဗံ ဝတ္ထံ နိဝါသေတွာ၊ အဘုတ္တပုဗ္ဗံ ဘောဇနံ ဘုဉ္ဇိတွာ ပကတိယာ အဘုတ္တဘာဝံ ဥပါဒါယ ""အဘုတ္တပုဗ္ဗံ ဘောဇနံ ဘုတ္တောမှိ""တိ ဝဒတိ၊ ဇဝမိဓာပိ ယသ္မာ ပကတိယာ ဣမိနာ ပုဂ္ဂလေန ဣမေ ဓမ္မာ န ဉာတပုဗ္ဗာ၊ တသ္မာ အနညာတာနန္တိ ဝုတ္တံ။** (ဃ) **အဒိန္ဒြိယသုပိ ဧသေဝ နယော။**

➤ ❶ ။ **(က)** တေသံ ဓမ္မာနန္တိ၊ကား။တသ္မိံ သမယေ၊ထိုလောကုတ္တရာစိတ်၌ဖြစ်သော ခဏ၌။ ယေ စတုသစ္စဓမ္မာ၊အကြင် သစ္စာလေးပါး တရားတို့သည်။ပဋိဝေဓံ၊ထိုးထွင်း၍ သိခြင်းသို့။(ဝါ) ထိုးထွင်း၍ သိအပ်ကုန်သည်၏အဖြစ်သို့။ဂစ္ဆန္တိ၊ကုန်၏။တေသံ ဓမ္မာနံ၊ထိုသစ္စာလေးပါးတို့ကို။ **(ခ)** အနညာတာနန္တိ၊ကား။ ပဌမမဂ္ဂေန၊ပဌမမဂ်ဖြင့်။(သောတာပတ္တိမဂ်ဖြင့်) တေ ဓမ္မာ၊ထို သစ္စာလေးပါး တရားတို့သည်။ဉာတာ နာမ၊သိအပ်သည် မည်ကုန်သည်။ကိဉ္စာပိ ဟောန္တိ၊အကယ်၍ကား ဖြစ်ကုန်၏ရှင့်။ **(ဂ)** ပန တထာပိ၊ထိုသို့ ပင် ဉာတဖြစ်နေပါသော်လည်း။ပကတိယာ၊ပြကတေ့အားဖြင့်။အနာဂတပုဗ္ဗဝိဟာရံ၊ရှေး၌ မရောက်စဘူးသော ကျောင်းသို့။အာဂန္တွာ၊ရောက်၍။ဝိဟာရမဇ္ဈေ၌။ဋ္ဌိတောပိ၊တည်လျက်လည်း။ပုဂ္ဂလော၊သည်။ ပကတိယာ၊အားဖြင့်။ အနာဂတဘာဝံ၊ရှေး၌မရောက်စဘူးသည်၏ အဖြစ်ကို။ဥပါဒါယ၊စွဲ၍။အနာဂတ ပုဗ္ဗဋ္ဌာနံ၊ မရောက်စဘူးသော အရပ်သို့။အာဂတော၊ရောက်သည်။အမှိ၊ဖြစ်၏။ဣတိ၊သို့။ဝဒတိယထာစ၊ဆို၏သို့ငှင်း။ ပကတိယာ၊အားဖြင့်။ အပိဠန္ဓပုဗ္ဗံ၊ရှေး၌ မပန်စဘူးသော။မာလံ၊ပန်းကို။ပိဠန္ဓိတွာ၊ပန်ဆင်၍။အနိဝတ္ထပုဗ္ဗံ၊ရှေး၌ မဝတ်စဘူးသော။ ဝတ္ထံ၊အဝတ်ကို။နိဝါသေတွာ၊ဝတ်၍။အဘုတ္တပုဗ္ဗံ၊ရှေး၌ မသုံးဆောင်ဘူးသော။ဘောဇနံ၊ဘောဇဉ်ကို။ဘုဉ္ဇိတွာ၊ သုံးဆောင်၍။ပကတိယာ၊ပင်ကိုယ်အားဖြင့်။အဘုတ္တဘာဝံ၊ရှေး၌ မသုံးဆောင်ဘူးသည်၏ အဖြစ်ကို။ဥပါဒါယ၊ ၍။"အဘုတ္တပုဗ္ဗံ၊သော။ဘောဇနံ၊ကို။ဘုတ္တော၊သုံးဆောင်ရသည်။အမှိ၊၏"။ဣတိ၊ဤသို့။ဝဒတိယထာစ၊ဆို၏

http://www.dhammadownload.com

သို့ငင်း။ဇဝံ၊ဤအတူ။ဣဓာပိ ပဌမမဂ္ဂါဓိကာရေ၊ဤပဌမမဂ်အရာ၌လည်း။(တနည်း) ဣဓာပိ၊ဤအနညာ တညဿာမီတိန္ဒြေ အရာ၌လည်း။ယသ္မာ၊ကြောင့်။ပကတိယာ၊ဖြင့်။ဣမိနာ ပုဂ္ဂလေန၊သည်။ဣမေ ဓမ္မာ၊ဤ သစ္စာလေးပါး တရားတို့ကို။န ဉာတပုဗ္ဗာ၊ရှေး၌ မသိစဘူးကုန်။တသ္မာ၊ထို့ကြောင့်။"အနညာတာန"န္တိ၊ဟူ၍။ (ဘဂဝတာ၊သည်) ဝုတ္တံ၊ဟောတော်မူအပ်၏။

(ဂ-၂) အဌကထာအာဘော်ကျ ။ ။ စ၊သည်သာမကသေး။ပကတိယာ၊ပင်ကိုယ်အားဖြင့်။ အပိဋ္ဌန္နပုဗ္ဗံ၊မပန်ဆင်အပ်ဘူးသော။မာလံ၊ပန်းကို။ပိဋ္ဌန္ဓိတွာ၊ပန်ဆင်၍။(ပကတိယာ၊ဖြင့်။အပိဋ္ဌန္ဓဘာဝံ၊မပန်ဆင် အပ်သည်၏အဖြစ်ကို။ဥပါဒါယ၊စိတ်ဖြင့်ယူ၍။အဟံ၊ငါသည်။အပိဋ္ဌန္နပုဗ္ဗံ၊မပန်ဆင်အပ်ဘူးသော။မာလံ၊ပန်းကို။ ပိဋ္ဌန္ဓိတော၊ပန်ဆင်ရသည်။အမှိ၊ဖြစ်၏။ဣတိ၊သို့။ဝဒတိ ယထာ၊ပြောဆိုသကဲ့သို့ငင်း) (ပကတိယာ၊ဖြင့်) အနိဝတ္ထပုဗ္ဗံ၊မဝတ်အပ်ဘူးသော။ဝတ္ထံ၊အဝတ်ကို။နိဝါသေတွာ၊ဝတ်ရ၍။(ပကတိယာ၊ဖြင့်။အနိဝတ္ထဘာဝံ၊မဝတ် အပ်သည်၏ အဖြစ်ကို။ဥပါဒါယ၊၍။အဟံ၊ငါသည်။အနိဝတ္ထပုဗ္ဗံ၊မဝတ်အပ်ဘူးသော။ဝတ္ထံ၊အဝတ်ကို။နိဝတ္ထော၊ ဝတ်ရသည်။အမှိ၊ဖြစ်၏။ဣတိ၊သို့။ဝဒတိ ယထာ၊ငင်း)

(ဃ) အဒိဋ္ဌာဒီသုပိ၊အဒိဋ္ဌ စသည်တို့၌လည်း။ဧသေဝ နယော၊ကိုသာလျှင်။ဝေဒိတဗ္ဗော၊၏။

➤ **❷** ။ **(ခ) သို့/ ဥပနာပဉ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် အနညာတာန်-ဟု ဟောတော်မူ၏။ ထိုသို့ ဟောတော်မူချေသော် သောတာပတ္တိမဂ်ဖြင့် ထိုသစ္စာလေးပါးတရားတို့ကို သိအပ်သည် မည်ကုန်သည် မဟုတ်ပါလော။ ထို့ကြောင့် အနညာတာန်-ဟု ဟောတော် မမူသင့်။ အနညာတာန်-ဟု ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် အနညာတာန်-ဟု ဟောတော်မူပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား- (ခ) ဖြင့် သောတာပတ္တိမဂ်ဖြင့် ထိုသစ္စာလေးပါးတရားတို့ကို သိအပ်သည် မည်ကုန်သည် ဖြစ်သော်လည်း ပြကတေ့အားဖြင့် ဤပုဂ္ဂိုလ်သည် ဤသစ္စာလေးပါးတရားတို့ကို ရှေး၌ မသိဘူးကုန်သော ကြောင့် အနညာတာန်-ဟု မြတ်စွာဘုရား ဟောတော်မူအပ်၏ဟု ငါပြဆိုပါ၏ဟူလို။

(ဂ) သို့/ ဥပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် အနညာတာန်ပုဒ်နှင့် စပ်လျဉ်း၍ ဖြစ်သင့်သော စောဒကာဘောဂကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် စောဒကာဘောဂကိုသာ သိအပ်သည် မဟုတ်ပါလော။ ထို့ကြောင့် (ခ) ဖြင့် အနညာတာန်ပုဒ်နှင့် စပ်လျဉ်း၍ ဖြစ်သင့်သော စောဒကာဘောဂကိုသာ မဆိုသင့်။ စောဒနာ, ပရိဟာရဘောဂ, ပရိဟာရကိုလည်း ပြဆိုသင့်သေး၏။ စောဒနာ, ပရိဟာရဘောဂ, ပရိဟာရကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဂ) မိန့်။

➤ **❸** ။ **ဒေါသပယ်** ။ ။ (ဃ) ဖြင့် အတိဒေသသံဝဏ္ဏနာကို ပြသောကြောင့် ဂန္ထဂရုဒေါသကို (တနည်း) အဗျာပိတဒေါသကို ပယ်ပါသည်။

(ခ) ၌ ကိဉ္စာပိ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ သောတာပတ္တိမဂ်ဖြင့် သစ္စာလေးပါးတို့ ကို သိအပ်ပြီးသည်မည်ပါလျက် "အနညာတာန"ဟု ဟောတော်မူသော ပါဠိတော်စကားကို မနှစ်သက် သောကြောင့် (ခ) ၌ ကိဉ္စာပိ-သဒ္ဒါကို ထားရပါသည်။

➤ **❹** ။ ဉာယိ'သူတိ ဉာတာ။ ဉာတာ ဧဝ အညာတာ။ (တနည်း) အာဇာနိယိ'သူတိ အညာတာ။

http://www.dhammadownload.com

န အညာတာ **အနညာတာ**။(တေသံ) နပုဒ်+အညာတပုဒ်သည်ငြင်း၊ အညာတောဂုဏ်၏ (ဝါ) ပဋိသေဓတောဂုဏ်၏ မသိအပ်သော သစ္စာလေးပါးတရားနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငြင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သောတာပတ္တိမဂ်ဖြင့် မသိအပ်ကုန်သည်တို့၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

နိဗ္ဗာနတ္တိကေဟိ မဂ္ဂီယတိ ဂဝေသီယတီတိ မဂ္ဂေါ။ * နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီတိ **မဂ္ဂေါ**။

ပဌမောစ သော မဂ္ဂေါ စာတိ **ပဌမမဂ္ဂေါ**။ (၂) ပဌမပုဒ်+မဂ္ဂပုဒ်သည်ငြင်း၊ ရှေးဦးစွာ ဖြစ်ခြင်းဂုဏ်၏ သောတာပတ္တိမဂ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငြင်း ဗျုပ္ပတ္တိနိမိတ်။

(၄) ရှေးဦးစွာဖြစ်ခြင်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ပုဗ္ဗေ အနာဂတော **အနာဂတပုဗ္ဗော**။ (၂) အနာဂတပုဒ်+ပုဗ္ဗပုဒ်သည်ငြင်း၊ ရှေးကာလ၏ မရောက်ဘူးသော ကျောင်းနှင့် ကာလ+ကာလဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငြင်း ဗျုပ္ပတ္တိနိမိတ်။

➤ ❻ ။ **(က)** ၌ ယေ တသ္မိံ သမယေ (ပ) စတုသစ္စဓမ္မာ-ဖြင့် တေသံ ဓမ္မာနံ-၌ ဓမ္မ-သဒ္ဒါသည် သဘာဝ, ပရိယတ္တိ-စသော အနက်တို့ကို မဟော၊ သစ္စာလေးပါးဟူသော အနက်ကို ဟောသည်ကိုင်ငြင်း(နာမလိင်္ဂတ္ထ) တေသံ ဓမ္မာနံ-အရ ပညတ္တိဓမ္မကို မယူရ၊ ပထမမဂ်ဖြစ်ရာအခါ၌ ထိုးထွင်း၍ သိခြင်းသို့ရောက်သော သစ္စာလေးပါးတရားတို့ကို ယူရမည်ကိုင်ငြင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

(ဂ) ၌ ဣမိနာ ပုဂ္ဂလေန ဉာတပုဗ္ဗာ-ဖြင့် အနညာတာနံ-၌ (န+အညာတာနံ) အညာတာနံ-ဝယ် အာ-ရှေးရှိသော ဉာဓာတ်၏အဖြစ်ကိုင်ငြင်း(ဒု-ဓာတုပဒ) တ-ပစ္စည်း၏ အတိတ်ကမ္မသာဓနအနက်၌ သက်သည်ကိုင်ငြင်း(ဒု-ပစ္စယတ္ထ) ဉာယိံသူတိ ဉာတာ-ဟု ပြုရမည်ကိုင်ငြင်း(အဘိဓာနတ္ထ) အာ-ဥပသာရ၏ တဗ္ဗောအနက်ဟောသည်ကိုင်ငြင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဉာတာ စေဝ အညာတာ-ဟု တဗ္ဗာဝုတ္တိ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်ငြင်း(သမာသလိင်္ဂတ္ထ) (တနည်း) အာ-ရှေးရှိသော ဉာဓာတ်၏အဖြစ်ကိုင်ငြင်း(ဒု-ဓာတုပဒ) တ-ပစ္စည်း၏ အတိတ်ကမ္မသာဓနအနက်၌ သက်သည်ကိုင်ငြင်း(ဒု-ပစ္စယတ္ထ) အာဇာနိယိံသူတိ အညာတာ-ဟု ပြုရမည်ကိုင်ငြင်း(အဘိဓာနတ္ထ) သိစေပါသည်။

န ဉာတပုဗ္ဗာ-ဖြင့် အနညာတာနံ-ကို န အညာတာ အနညာတာ၊(တေသံ) ဟု နနိပါတ ပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်ငြင်း(သမာသလိင်္ဂတ္ထ) အန်သည် န-၏ ကာရိယ၏ အဖြစ်ကိုင်ငြင်း(နိပါတလိင်္ဂပဒ) သိစေပါသည်။

ဣမေ ဓမ္မာ-ဖြင့် အနညာတာနံ-အရ တေသံ ဓမ္မာနံ၌ ဆိုအပ်ပြီးသော သစ္စာလေးပါး တရားတို့ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

အဝိဒိတာနန္တိ ဉာဏေန အပါကဋကတာနံ။ (ဌ၂၆၃) အပါကဋကတာနံ-ဖြင့် အဝိဒိတာနံ-၌ ဝိဒိတ-သဒ္ဒါသည် ပါကဋအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ဉာဏေန-ဖြင့် ထင်ရှားအောင် မပြုအပ်ဘူးဟူသည် ဉာဏ်အားဖြင့် ထင်ရှားအောင် မပြုအပ်ဘူးခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

http://www.dhammadownload.com

သန္တိကိရိယာ တိ ပစ္စက္ခကရဏတ္ထံ။ (ဋ္ဌ၊၂၆၃) ပစ္စက္ခကရဏတ္ထံ-ဖြင့် သန္တိကိရိယာယ၌ သန္တိ နိပါတ်၏ ပစ္စက္ခအနက် ဟောသည်ကိုငြင်း(နိပါတလိင်္ဂတ္တ) ကိရိယာ၌ ကရဓာတ်၏အဖြစ်ကိုငြင်း(ဒု-ဓာတုပဒ) ရိရိယ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုငြင်း(ဒု-ပစ္စယတ္တ) ကရဏံ ကိရိယာ-ဟု ပြုရမည်ကိုငြင်း(အဘိဓာနတ္တ) အာယ-သည် စတုတ္ထီ သဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုငြင်း(ဝိဘတ္တိပဒ) ယင်း သဝိဘတ်သည် တဒတ္ထသမ္ပဒါန်အနက်၌ သက်သည်ကိုငြင်း(ဝိဘတျတ္ထ) သိစေပါသည်။

➤ ❾ ။ (ခ) **ကိစ္စာပိ**-ကား အနုဂ္ဂဟတ္ထ၊ သမ္ဘာဝနတ္ထ။ (ဂ) **ပန**-ကား အရုစျတ္ထ၊ ဂရဟတ္ထ **ဋ္ဌိတောပိ**-၌ ပိ-ကား အနုဂ္ဂဟတ္ထ၊ သမ္ဘာဝနတ္ထ။ **ယထာစ**-၌ စ-ကား ပက္ခန္တရတ္ထ။ **ဝေမိဓာပိ**-၌ ပိ-ကား သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။ (ဃ) **ပိ**-ကား သမုစ္စယတ္ထ၊ သမ္ပိဏ္ဍနတ္ထ။

ဧသေဝ နယော-၌ (၁) ဣမိနာ ပုဂ္ဂလေန ဣမေ ဓမ္မာ န ဒိဋ္ဌပုဗ္ဗာ-စသော နည်းသည် ဂဟေတဗ္ဗတ္ထ။ (၂) တပါးသော နည်းသည် နိဝတ္တေတဗ္ဗတ္ထ။

➤ ❶❶ ။ (ခ) **ပဋ္ဌမမဂ္ဂေန+ဉာတာ** ။ ။ ဉာတာ-အရ နိရောဓသစ္စာ(နိဗ္ဗာန်) ပစ္စည်း တရားသည် ပဋ္ဌမမဂ္ဂေန-အရ သောတာပတ္တိမဂ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါ သည်။ ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

ဉာတာ-အရ သမုဒယသစ္စာ(လောဘ) ပစ္စည်းတရားသည် ပဋ္ဌမမဂ္ဂေန-အရ သောတာပတ္တိမဂ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဉာတာ-အရ ဒုက္ခသစ္စာတွင်ပါဝင်သော ဂေါတြဘုကိစ္စတပ်သည့် မဟာကုသိုလ် ပစ္စည်းတရားသည် ပဋ္ဌမမဂ္ဂေန-အရ သောတာပတ္တိမဂ် ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အနန္တရ၊ သမနန္တရ၊ ဥပ၊ အာသေ၊ နတ္ထိ၊ ဝိဂတ (၆)

ဋ္ဌိတော+ပုဂ္ဂလော ။ ။ ဋ္ဌိတော-အရ ၁-ပါး ၂-ပါး ၃-ပါးသော နာမက္ခန္ဓာ ပစ္စည်းတရား သည် ပုဂ္ဂလော-အရ ၃-ပါး ၁-ပါး ၂-ပါးသော နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၆)

ပါဠိ (၁၅၁) [ဋ္ဌ၊၂၆၂။ ပြည်၊ဒု၊၄၇၀။ ဘာသာဋီ၊တ၊၁၄၂]

(က) **စတူဟိ ဝစီဒုစ္စရိတေဟီတိ အာဒီသု ဝစီတိ ဝစီဝိညတ္တိ ဝေဒိတဗ္ဗာ။**

(ခ) **တိဏ္ဏံ ဒေါသာနံ ယေန ကေနစိ ဒုဋ္ဌာနိ စရိတာနီတိ ဒုစ္စရိတာနိ။**

(ဂ) **ဝစီတော ပဝတ္တာနိ ဒုစ္စရိတာနိ ဝစီဒုစ္စရိတာနိ။**

(ဃ) **ဝစိယာဝါ နိပ္ဖာဒိတာနိ ဒုစ္စရိတာနိ ဝစီဒုစ္စရိတာနိ။**

(င) **တေဟိ ဝစီဒုစ္စရိတေဟိ။**

➤ ❶ ။ (က) စတူဟိ ဝစီဒုစ္စရိတေဟီတိ အာဒီသု၊စသည်တို့၌။ဝစီဝိညတ္တိ၊ဝစီဝိညတ်ကို။ဝစီတိ၊ ဟူ၍။ဝေဒိတဗ္ဗာ၊၏။ (ခ) တိဏ္ဏံ၊ကုန်သော။ဒေါသာနံ၊ရာဂ, ဒေါသ, မောဟ-ဟူသော ဒေါသတို့တွင်။ ယေနကေနစိ၊အမှတ်မရှိသော ဒေါသသည်။ဒုဋ္ဌာနိ၊ဖျက်ဆီးအပ်ကုန်သော။စရိတာနိ၊အကျင့်တို့တည်း။ဣတိ တသ္မာ၊ကြောင့်။ဒုစ္စရိတာနိ၊မည်ကုန်၏။ဒုစ္စရိတာနိ၊ရာဂ, ဒေါသ, မောဟ-ဟူသော ဒေါသတို့သည် ဖျက်

http://www.dhammadownload.com

ဆီးအပ်ကုန်သော အကျင့်တို့။ **(ဂ)** ဝစီတော၊ဝစီဝိညတ်မှ၊ပဝတ္တာနိ၊ဖြစ်ကုန်သော၊ဒုစ္စရိတာနိ၊တို့တည်း။ ဝစီဒုစ္စရိတာနိ၊ဝစီဝိညတ်မှ ဖြစ်ကုန်သော ရာဂ, ဒေါသ, မောဟ-ဟူသော ဒေါသတို့သည် ဖျက်ဆီးအပ်ကုန်သော အကျင့်တို့။ **(ဃ)** ဝါ၊တနည်းကား၊ဝစီယာ၊ဝစီဝိညတ်ဖြင့်၊နိပ္ဖာဒိတာနိ၊ပြီးစေအပ်ကုန်သော၊ ဒုစ္စရိတာနိ၊ဒုစရိုက်တို့တည်း။ဝစီဒုစ္စရိတာနိ၊ဝစီဝိညတ်ဖြင့် ပြီးစေအပ်ကုန်သော ဒုစရိုက်တို့။ **(င)** တေဟိ ဝစီဒုစ္စရိတေဟိ၊ထိုဝစီဒုစရိုက်တို့မှ၊(ဝါ) ဝစီဝိညတ်ကြောင့်ဖြစ်သော ရာဂ-စသော အပြစ်တို့တွင် တစ်ပါးပါးသည် ဖျက်ဆီးအပ်သော အကျင့်တို့မှ။

➤ **❷** ။ **(ခ) သို့/ ဥပနာပဥှက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဝစီ-အရ ဝစီဝိညတ်ကို ယူရသောဟု ဝစီပုဒ်အရကို ဖွင့်ပြတော်မူ၏။ ထိုသို့ဆိုချေသော် ဒုစ္စရိတေဟိပုဒ်၏ အနက်ကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (က) ဖြင့် ဝစီ-အရ ဝစီဝိညတ်ကို ယူရသောဟု ဝစီပုဒ်အရကိုသာ မဆိုသင့်။ ဒုစ္စရိတေဟိပုဒ်၏ အနက်ကိုလည်း ပြဆိုသင့်သေး၏။ ဒုစ္စရိတေဟိ ပုဒ်၏ အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(င) သို့/ ပါပနာဒိပဥှက ။ ။ ဆရာ၊ ဆရာသည် (ဂ)(ဃ)တို့ဖြင့် ဝစီဒုစ္စရိတာနိပုဒ်ကို ဝစီတော ပဝတ္တာနိ ဒုစ္စရိတာနိ ဝစီဒုစ္စရိတာနိ-ဟူ၍၎င်း၊ ဝစီယာ နိပ္ဖာဒိတာနိ ဒုစ္စရိတာနိ ဝစီဒုစ္စရိတာနိ ဟူ၍၎င်း ပဒါဝဓိကန္တ ပဉ္စမန္တအားဖြင့် ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပါဠိတော်၌လည်း ဆရာဖွင့်ဆိုသကဲ့သို့ပင် ပဉ္စမန္တအားဖြင့် ဟောတော်မူ၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထို အနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ပါဠိတော် သံဝဏ္ဏေတဗ္ဗ၌ရှိသော ဝိဘတျန္တ ကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား သံဝဏ္ဏေတဗ္ဗ+သံဝဏ္ဏနာ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ပါဠိတော် သံဝဏ္ဏေတဗ္ဗ၌ရှိသော ဝိဘတျန္တကား အဘယ် ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➤ **❸** ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် ဝစီဟူသော အစိတ်ပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ခ)** ဖြင့် ဒုစ္စရိတ-ဟူသော အစိတ်ပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဝစီဒုစ္စရိတာနိကို ပဝတ္တ အလယ်ပုဒ်ကျေသော ပဥ္စမီတပ္ပုရိသ် ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဝစီဒုစ္စရိတာနိကို နိပ္ဖာဒိတ အလယ်ပုဒ်ကျေသော ပဥ္စမီတပ္ပုရိသ် ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ * **(က) ၌ ဝေဒိတဗ္ဗာ-ကို ထားရခြင်းအကြောင်း** ။ ။ ဝစီဒုစ္စရိတေဟိ-၌ ဝစီ-အရ မုချဖြစ်သော စကားသံကို မယူရ၊ ဖလူပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တအားဖြင့် ဝစီဝိညတ်ကို ယူရမည်ဟု ပြလိုသောကြောင့် (က) ၌ ဝေဒိတဗ္ဗာ-ကို ထားရပါသည်။

(ဃ) ဝစီယာ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဝစီဒုစ္စရိတာနိပုဒ်၏ ပဝတ္တ အလယ်ပုဒ်ကျေသော မဇ္ဈေလောပီ ပဥ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထမှတပါး နိပ္ဖာဒိတ အလယ်ပုဒ် ကျေသော မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထဟူသော အကြောင်းသကတ်တစ်မျိုးကို လဲလှယ် ပြလို သောကြောင့် (ဃ) ၌ ဝစီယာ ဝါ-၌ ဝါ-သဒ္ဒါကို ထားရပါသည်။

http://www.dhammadownload.com

➤ ❹ ။ ဝုစ္စတေတိ **ဝစီ**။(ဝစဓာတ်+အ-ဤပစ္စည်း၊ ဆိုခြင်းကြိယာ) ဝိညာပေတီတိ ဝိညတ္တိ။ ဝိညာယတိ ဧတာယာတိ ဝါ **ဝိညတ္တိ**။ (ဝိပုဗ္ဗ ဉာ+တိ) * ဝစိယာ ဝိညတ္တိ **ဝစီဝိညတ္တိ**။

(၂) ဝစီပုဒ်+ဝိညတ္တိပုဒ်သည်၎င်း၊ စကားသံ၏ သိစေတတ်သော အမူအရာ ဝိညတ်နှင့် အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဝစီဝိညတ်ဟူသော အမည်သည် (ဝါ) ဝစီဝိညတ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဒုဿန္တိ ဧတေဟီတိ **ဒေါသာ**။(တေသံ) (ဒုသဓာတ်+ဏ)

ဒုဿိယန္တေတိ **ဒုဋ္ဌာနိ**။ (ဒုသဓာတ်+တ-ပစ္စည်း၊ ဖျက်ဆီးခြင်းကြိယာ)

ဒူသိယန္တေတိ **ဒုဋ္ဌာနိ**။ (ဒူသဓာတ်+တ-ပစ္စည်း၊ ဖျက်ဆီးခြင်းကြိယာ)

စရိတဗ္ဗာနီတိ **စရိတာနိ**။ (စရဓာတ်+တ-ပစ္စည်း၊ ကျင့်ခြင်းကြိယာ)

➤ ❻ ။ **(က)** ၌ ဝစီဝိညတ္တိ ဝေဒိတဗ္ဗာ-ဖြင့် ဝစီဒုစ္စရိတေဟိ-၌ ဝစီ-အရ စကားသံကို မယူရ၊ ဖလူပစာရအားဖြင့် ဝစီဝိညတ်ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ၌ ဒုဋ္ဌာနိ စရိတာနိ-ဖြင့် ဒုစ္စရိတာနိကို ဒု+စရိတာနိ-ဟု ပုဒ်ဖြတ်ရမည်ကို၎င်း(သန္ဓိလိင်္ဂပဒ) ဒု-ဥပသာရ၏ ဒုဋ္ဌအနက် ဟောသည်ကို၎င်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဒုနှင့် စရိတာနိကို ဒုဋ္ဌာနိ စရိတာနိ ဒုစ္စရိတာနိ-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကို၎င်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

တိဋ္ဌံ ဒေါသာနံ ယေန ကေနစိ-ဖြင့် ဒုဋ္ဌာနိ-၌ ဖျက်ဆီးအပ်၏ဟူသည် ရာဂ, ဒေါသ, မောဟ တို့တွင် အမှတ်မရှိ တပါးပါးသည် ဖျက်ဆီးအပ်၏ဟူသော အဓိပ္ပါယ်ကို၎င်း(ဘာဝတ္ထ) ဒုဋ္ဌာနိ-၌ တ-ပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်သည်ကို၎င်း(ဒု-ပစ္စယတ္ထ) ဒူသိယန္တေတိ ဒုဋ္ဌာနိ-ဟု ပြုရမည်ကို၎င်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ဝစီဒုစ္စရိတာနိပုဒ်ကို ဝစီတော ပဝတ္တာနိ ဒုစ္စရိတာနိ ဝစီဒုစ္စရိတာနိ-ဟု ပဝတ္တ အလယ်ပုဒ်ကျေသော မဇ္ဈေလောပီ ပဥ္စမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

(ဃ) ဖြင့် ဝစီဒုစ္စရိတာနိ-ပုဒ်ကို ဝစိယာ နိပ္ဖာဒိတာနိ ဒုစ္စရိတာနိ ဝစီဒုစ္စရိတာနိ-ဟု နိပ္ဖါဒိတ အလယ်ပုဒ်ကျေသော မဇ္ဈေလောပီ တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(င) ဖြင့် ဝစီဒုစ္စရိတာနိ-ဟု ပဌမန္တအားဖြင့် ငါဖွင့်ဆိုခဲ့သော်လည်း သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ကား ပဉ္စမျန္တအားဖြင့် ဘုရားရှင်ဟောတော်မူထား၏ဟု သိစေပါသည်။(ဝိဘတ္တိပဒ)

➤ ❼ ။ **(ခ) ကေနစိ**-၌ စိ-ကား အသာကလျတ္ထ။ (ဂ) **ဝစီတော**-၌ တော-ပစ္စည်း၏အနက်ကား= ဟေတုအနက် (တနည်း) အဝဓိအနက်။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **(က) ဝစီဝိညတ္တိ (ဂ) ဝစီတော (ဃ) ဝစိယာ-တို့အရ** =

စိတ္တဇပထဝီဓာတ်၏ အခြင်းအရာ အထူးဟုဆိုအပ်သော **ဝစီဝိညတ်** ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) စိတ္တဇပထဝီဓာတ်သည် ဒီပကတ္ထ။ (၃) ဤသူသည် ဤအမှုကို ပြုစေလို၏ဟု သိစေသော သတ္တိသည် ပကာသနတ္ထ။ (၄) စိတ်သည် ဝိဘာဝတ္ထ။ (၅) အလိုရှိအပ်သော အကျိုး၏ ပြည့်စုံခြင်းသည်

http://www.dhammadownload.com

အနုဘာဝတ္ထ။ **ဒုစ္စရိတာနိ, ဝစီဒုစ္စရိတာနိ–အရ** = စေတနာပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍ (ပထမအုပ်–၁၄၈–ကြည့်)

ဝေဒိတဗ္ဗာ–၌ ဝိဒဓာတ်–အရ = (၁) ပညာရှိပုဂ္ဂိုလ်၏ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) ဝစီဒုစ္စရိတေဟိ–၌ ဝစီ–အရ ဝစီဘေဒသဒ္ဒဟူသော အသံကို မယူရ၊ ဝစီဝိညတ်ကို ယူရခြင်းသည် ပကာသနတ္ထ။ (၄) သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) ဝစီဒုစ္စရိတေဟိ–၌ ဝစီ–အရ ဝစီဝိညတ်ကိုသာ ယူရမည်လောဟု ယုံမှားသက်ကာ ကင်းပျောက်ခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် အနုဘာဝတ္ထ။

➤ ❾ ။ **တိဏ္ဏံ ဒေါသာနံ**–အရ "လောဘ, ဒေါသ, မောဟ"တို့ကို ယူ၍ထုတ်။

➤ ❶❿ ။ **(က) ဝစီဝိညတ္တိ+ဝေဒိတဗ္ဗာ** ။ ။ ဝစီဝိညတ္တိ–အရ (ဝါ) တဗ္ဗပစ္စည်းအရ ဝစီဝိညတ်ပစ္စည်းတရားသည် ဝိဒဓာတ်–အရ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်–မရှိ)

ယေန ကေနစိ+ဒုဋ္ဌာနိ စရိတာနိ ။ ။ ယေန ကေနစိ–အရ လောဘ,ဒေါသ, မောဟ–တို့တွင် တပါးပါး ပစ္စည်းတရားသည် ဒုဋ္ဌာနိ စရိတာနိ–အရ ဝစီဒုစရိုက် အကုသိုလ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိ (၇)

(ဂ) ဝစီတော+ပဝတ္တာနိ ဒုစ္စရိတာနိ ။ ။ ဝစီတော–အရ ဝစီဝိညတ် ပစ္စည်းတရားသည် ဒုစ္စရိတာနိ–အရ ဝစီဒုစရိုက် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။(သုတ္တန်)

ဒုစ္စရိတာနိ–အရ ဝစီဒုစရိုက် အကုသိုလ် စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် **ဝစီတော**–အရ ဝစီဝိညတ် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။(အဘိဓမ္မာနည်း)

ပြိုင်= ဟေ၊ ဓိ၊ သဟ၊ နိ၊ ကံ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ ဝိပ်၊ အတ္ထိ၊ အဝိ (၁၂)

ပါဠိ (၁၅၂) [ဋ္ဌ၊၂၆၂။ ပြည်၊ဒု၊၄၇၁။ ဘာသာဋီ၊တ၊၁၄၅]

(က) **အာရကာ ရမတီတိ အာရတိ။ ဝိနာ တေဟိ ရမတီတိ ဝိရတိ။ တတော တတော ပဋိနိဝတ္တာဝ ဟုတွာ တေဟိ ဝိနာ ရမတီတိ ပဋိဝိရတိ။**

(ခ) **ဥပသဂ္ဂဝသေန ဝါ ပဒံ ဝဍ္ဎိတံ။** (ဂ) **သဗ္ဗမိဒံ ဩရမဏဘာဝဿေဝါဓိဝစနံ။**

(ဃ) **ဝေရံ မဏတိ ဝိနာသေတီတိ ဝေရမဏီ။** (င) **ဣဒမ္ပိ ဩရမဏဿေဝ ဝေဝစနံ။**

➤ ❶ ။ **(က)** အာရကာ၊ဝေးစွာ။ရမတိ၊ကြဉ်တတ်၏။ဣတိ တသ္မာ၊ကြောင့်။အာရတိ၊မည်၏။ တေဟိ၊ထိုဝစီဒုစရိုက်တို့မှ။(ဝါ)တို့နှင့်။ဝိနာ၊ကင်း၍။(တနည်း) တေဟိ၊ထိုဝစီဒုစရိုက်တို့ကို။ဝိနာ၊ကြဉ်၍။ ရမတိ၊ကြဉ်တတ်၏။(ဝါ)မွေ့လျော်တတ်၏။ဣတိ တသ္မာ၊ကြောင့်။ဝိရတိ၊မည်၏။တတော တတော၊ထိုထို ဝစီဒုစရိုက်မှ။ပဋိနိဝတ္တာ၊ဆုတ်နစ်သည်။ဟုတွာ၍။တေဟိ၊ထိုဝစီဒုစရိုက်တို့မှ။(ဝါ)တို့နှင့်။ဝိနာ၊ကင်း၍။ (တနည်း) တေဟိ၊ထိုဝစီဒုစရိုက်တို့ကို။ဝိနာ၊ကြဉ်၍။ရမတိ၊ကြဉ်တတ်၏။ဣတိ တသ္မာ၊ကြောင့်။ပဋိဝိရတိ၊မည်၏။

(ခ) ဝါ၊တနည်းကား။ဥပသဂ္ဂ ဝသေန၊ အာ, ဝိ, ပဋိ–ဟူသော ဥပသာရပုဒ်၏ အစွမ်းအားဖြင့်။ ပဒံ၊ပုဒ်ကို။ဝဍ္ဎိတံ၊ပွားစေအပ်၏။

http://www.dhammadownload.com

(ဂ) သဗ္ဗ၊အလုံးစုံသော။ဣဒံ ပဒတ္တယံ၊ဤ အာရတိ, ဝိရတိ, ပဋိဝိရတိ-ဟူသော ပုဒ်သုံးခုတို့၏ အပေါင်းသည်။ဩရမဏာ ဘာဝသေဝ၊ဝစီဒုစ္စရိုက်တို့မှ ကြဉ်ခြင်းဟူသော အနက်၏သာလျှင်။အဓိဝစနံ၊ အမည်တည်း။ **(ဃ)** ဝေရံ၊ဝစီဒုစရိုက်တည်းဟူသော ရန်ကို။မဏာတိ ဝိနာသေတိ၊ဖျက်ဆီးတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဝေရမဏီ၊ဝေရမဏီ မည်၏။ **(င)** ဣဒမ္ပိ၊ဤဝေရမဏီဟူသော ပုဒ်သည်လည်း။ ဩရမဏာသေဝ၊ဝစီဒုစရိုက်တို့မှ ကြဉ်ခြင်း၏သာလျှင်။ဝေဝစနံ၊ဝေဝုစ်တည်း။

➢ **❷** ။ **(ခ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အာရတိ, ဝိရတိ, ပဋိဝိရတိတို့၌ အာ, ဝိ, ပဋိ-ဥပသာရတို့၏ သာတ္ထကအဖြစ်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် အာ, ဝိ, ပဋိ-ဥပသာရတို့၏ အနတ္ထက, ပဒါလင်္ကာရ, ပဒပူရဏမတ္တ အဖြစ်ကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (က) ဖြင့် အာရတိ, ဝိရတိ, ပဋိဝိရတိတို့၌ အာ, ဝိ, ပဋိ-ဥပသာရတို့၏ သာတ္ထကအဖြစ်ကိုသာ မဆိုသင့်။ အနတ္ထက, ပဒါလင်္ကာရ, ပဒပူရဏမတ္တ အဖြစ်ကိုလည်း ပြဆိုသင့်သေး၏။ အနတ္ထက, ပဒါလင်္ကာရ, ပဒပူရဏမတ္တ အဖြစ်ကား အဘယ်ပါနည်း။ (ခ) မိန့်။

(ဂ) သို့/ ပဠနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အာရတိ-ကို အာရကာ ရမတီတိ အာရတိ-ဟူ၍၎င်း၊ ဝိရတိ-ကို ဝိနာ တေဟိ ရမတီတိ ဝိရတိ-ဟူ၍၎င်း၊ ပဋိဝိရတိ-ကို ပဋိနိဝတ္တာဝ ဟုတွာ တေဟိ ဝိနာ ရမတီတိ ပဋိဝိရတိ-ဟူ၍၎င်း ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် အာရတိ, ဝိရတိ, ပဋိဝိရတိတို့၏ အရကောက် အဘိဓေယျတ္ထလည်း မတူထူးခြား ကွဲပြား၏ ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က) ဖြင့် အာရတိ-ကို အာရကာ ရမတီတိ အာရတိ-ဟူ၍၎င်း၊ ဝိရတိ-ကို ဝိနာ တေဟိ ရမတီတိ ဝိရတိ-ဟူ၍၎င်း၊ ပဋိဝိရတိ-ကို ပဋိနိဝတ္တာဝ ဟုတွာ တေဟိ ဝိနာ ရမတီတိ ပဋိဝိရတိ-ဟူ၍၎င်း ဝစနတ္ထပြုရမည်ဟု မဆိုသင့်။ ဤ၌ အာရတိ, ဝိရတိ, ပဋိဝိရတိတို့၏ အရကောက် အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ အာရတိ, ဝိရတိ, ပဋိဝိရတိတို့၏ အရကောက် အဘိဓေယျတ္ထကား အဘယ်ပါနည်း။ (ဂ) မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဝေရမဏီပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝေရမဏီပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထကိုသာ သိအပ်သည် မဟုတ်ပါလော။ ထို့ကြောင့် (ဃ) ဖြင့် ဝေရမဏီပုဒ်၏ ဝစနတ္ထ အဘိဓာနတ္ထကိုသာ မဆိုသင့်။ ဝေရမဏီပုဒ်၏ ပရိယာယ် အဘိဓေယျတ္ထ (ဝါ) အရကောက် အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဝေရမဏီပုဒ်၏ ပရိယာယ် အဘိဓေယျတ္ထ (ဝါ) အရကောက် အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➢ **❸** ။ **ဒေါသပယ်** ။ ။ (က) စသည် အဗျာပိတ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

(ခ) ၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အာရတိ, ဝိရတိ, ပဋိဝိရတိတို့၌ အာ-၏ အာရကာအနက်, ဝိ-၏ ဝိနာအနက်, ပဋိ-၏ ပဋိနိဝတ္တနအနက်မှတပါး အနတ္ထက, ပဒါလင်္ကာရ, ပဒပူရဏမတ္တဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ခ) ၌ ဝါ-သဒ္ဒါ ထားရပါသည်။

(တနည်း) အာ, ဝိ, ပဋိ-ဥပသာရတို့၏ ဓာတွတ္ထဝိသေသကအဖြစ်မှတပါး ဓာတွတ္တာနုဝတ္တကအဖြစ်

F-41-A

http://www.dhammadownload.com

ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ခ) ၌ ဝါ-သဒ္ဒါ ထားရပါသည်။

➤ ❺ ။ ဓာတွတ္ထံ ဥပေစ္စ သဇ္ဇန္တီတိ **ဥပသဂ္ဂါ**။ (၂) ဥပ-ရှေးရှိသော သဇဓာတ်+ဏပစ္စည်းသည်ငှင်း၊ ထွန်ပြခြင်းကြိယာသည်ငှင်း ဖျူပွတ္တိနိမိတ်။ (၄) အာ, ဝိ, ပဋိ ဥပသာရပုဒ်တို့သည် ပဝတ္တိနိမိတ်။

ဩရမီယတေ **ဩရမဏံ**။ (အဝပုဗ္ဗ ရမုဓာတ်+ယုပစ္စည်း၊ ဝစီဒုစရိုက်တို့မှကြဉ်ခြင်းကြိယာ)

ဩရမဏံ ဘာဝေါ **ဩရမဏဘာဝေါ**။ (၂) ဩရမဏပုဒ်+ဘာဝပုဒ်သည်ငှင်း၊ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း၏ အနက်ဒြဗ်နှင့် (ဝါ) ကြိယာနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဖျူပွတ္တိနိမိတ်။ (၄) ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

* ဝိရူပေန အရတိ ဂစ္ဆတီတိ **ဝေရံ**။ (ဝိပုဗ္ဗ အရဓာတ်+အ)

➤ ❻ ။ **(က)** ၌ အာရကာ ရမတိ-ဖြင့် အာရတိ-၌ အာပုဗ္ဗ ရမုဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) အာ-ဥပသာရ၏ အာရကာအနက် ဟောသည်ကိုငှင်း(ဥပသဂ္ဂလိင်္ဂတ္ထ) တိ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) အာရကာ ရမတီတိ အာရတိ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

ဝိနာ ရမတိ-ဖြင့် ဝိရတိ-၌ ဝိပုဗ္ဗ ရမုဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ဝိ-ဥပသာရ၏ ဝိနာ(ဝိယောဂ)အနက် ဟောသည်ကိုငှင်း(ဥပသဂ္ဂလိင်္ဂတ္ထ) တိ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဝိနာ ရမတီတိ ဝိရတိ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

တေဟိ-ဖြင့် ရှောင်ကြဉ်၏ဟူသည် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သတည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ) **ပဋိနိဝတ္တာဝ ဟုတွာ ဝိနာ ရမတိ**-ဖြင့် ပဋိဝိရတိ-၌ ပဋိ-ရှေး ဝိ-ရှေးရှိသော ရမုဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ပဋိ-ဥပသာရ၏ ပဋိနိဝတ္တနအနက် ဟောသည်ကိုငှင်း၊ ဝိ-ဥပသာရ၏ ဝိနာ(ဝိယောဂ)အနက် ဟောသည်ကိုငှင်း(ဥပသဂ္ဂလိင်္ဂတ္ထ) တိ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ပဋိနိဝတ္တာ ဟုတွာ ဝိနာ ရမတီတိ ပဋိဝိရတိ-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

တတော တတော တေဟိ-ဖြင့် ရှောင်ကြဉ်၏ဟူသည် ထိုထို ဝစီဒုစရိုက်မှ ဆုတ်နစ်၍ ထိုဝစီဒုစရိုက်တို့မှ ကင်းခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

(ခ) ဖြင့် အာရတိ, ဝိရတိ, ပဋိဝိရတိတို့၌ အာ, ဝိ, ပဋိ-တို့၏ အနတ္ထက, ပဒပူရဏမတ္တအဖြစ်ကို သိစေပါသည်(ဥပသဂ္ဂလိင်္ဂတ္ထ)

(ဂ) ဖြင့် အာရတိ, ဝိရတိ, ပဋိဝိရတိတို့-အရ ဩရမဏဘာဝ=ရှောင်ကြဉ်ခြင်းအနက်ကို (ဝါ) ရှောင်ကြဉ်ခြင်းကြိယာကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(တနည်း) အာရတိ, ဝိရတိ, ပဋိဝိရတိ-သဒ္ဒါတို့သည် ရှောင်ကြဉ်ခြင်းအနက်ကို ဟော၏ဟု သိစေပါသည်။(နာမလိင်္ဂတ္ထ) (တနည်း) အာရတိ, ဝိရတိ, ပဋိဝိရတိတို့သည် ရှောင်ကြဉ်ခြင်းအနက်ဟော ဩရမဏ-သဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။(ပရိယာယ်ပြ အဘိဓေယျတ္ထ)

(ဃ) ၌ ဝေရံ မဏတိ-ဖြင့် ဝေရမဏီ-၌ ဝေရ-သဒ္ဒါပုပဒ မဏဓာတ်၏ အဖြစ်ကိုငှင်း(ဒု-ဓာတု

http://www.dhammadownload.com

ပဒ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဝေရံ မဏာတီတိ ဝေရမဏီ ဟု ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိ။

ဝိနာသေတိ-ဖြင့် မဏာတိ-၌ မဏာဓာတ်သည် ဝိနာသန(ဟိံသန)=ညှဥ်းဆဲဖျက်ဆီးခြင်းအနက်ကို ဟော၏ဟု သိစေပါသည်။(ဒု-ဓာတွတ္ထ)

(င) ဖြင့် ဝေရမဏီ-သဒ္ဒါသည် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းအနက်ကို ဟော၏ဟု သိစေပါသည်။(နာမလိင်္ဂတ္ထ) (တနည်း) ဩရမဏာသဒ္ဒါ၏ ဝေဝစ်ပရိယာယ်တည်းဟု သိစေပါသည်။(သဒ္ဒါဟော အဘိဓေယျတ္ထ) (တနည်း) ဝေရမဏီ-အရ ရှောင်ကြဉ်ခြင်းကို ယူရမည်ဟု သိ။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❾ ။ **(င) ဣဒမ္ပိ-၌** ပိ-ကား ဝုတ္တသမုစ္စယတ္ထ, . သမ္ဘာဝနတ္ထ။

(က) ပဋိနိဝတ္တာဝ-၌ (၁) ထိုထိုဝစီဒုစရိုက်တို့မှ ဆုတ်နစ်ခြင်းသည် ဂဟေတဗ္ဗတ္ထ။ (၂) ထိုထို ဝစီဒုစရိုက်တို့မှ မဆုတ်နစ်ခြင်းသည် (ဝါ) လွန်ကျူးခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဝိရတီ စေတသိက်၏ ဒုစရိုက်မှ ရှောင်ကြဉ်ခြင်းဂုဏ်သည် အနုညာတတ္ထ။

(ဂ) ဩရမဏာဘာဝသေ၀-၌ (၁) ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းအနက်သည် ဂဟေတဗ္ဗတ္ထ (၂) ဝစီဒုစရိုက်တို့မှ မရှောင်ကြဉ်ခြင်း (ဝါ) လွန်ကျူးခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ရှောင်ကြဉ်ခြင်း အနက်ကိုဟောသော အာရတိ, ဝိရတိ, ပဋိဝိရတိသဒ္ဒါတို့သည် အနုညာတတ္ထ။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **(က) တတော တတော-အရ** = ဝစီဒုစရိုက် လေးပါး အကုသိုလ်တရားကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) အယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) သီလဝိပတ္တိ, ကာယိကဒုက္ခ, စေတသိကဒုက္ခ စသည်သည် ပကာသနတ္ထ။ (၄) ဗာလူပသေဝန စသည်သည် ဝိဘာဝတ္ထ။ (၅) အပါယ်ဒုဂ္ဂတိသို့ လားရောက်ရခြင်းစသည်သည် အနုဘာဝတ္ထ။

➤ ❶ ⓿ ။ **(က) ဝေရံ+မဏာတိ ဝိနာသေတိ** ။ ။ ဝေရံ-အရ ဝစီဒုစရိုက် အကုသိုလ် ပစ္စည်းတရားသည် မဏာတိ-အရ (ဤနေရာ၌) သောတာပတ္တိမဂ်၌ ယှဥ်သော သမ္မာဝါစာ ပစ္စယုပ္ပန် တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အာဓော်သံဝဏ္ဏနာ

(က) **ယာယ ပန စေတနာယ မုသာဝါဒါဒီနိ ဘာသမာနော ကရောတိ နာမ၊ အယံ လောကုတ္တရ မဂ္ဂဝိရတိ ဥပ္ပဇ္ဇိတွာ တံ ကိရိယံ ကာတုံ န ဒေတိ၊ ကိရိယာပထံ ပစ္ဆိန္ဒတီတိ အကိရိယာ။**

(ခ) **တထာ တံ ကာရဏံ ကာတုံ န ဒေတိ၊ ကရဏပထံ ပစ္ဆိန္ဒတီတိ အကာရဏံ။**

(ဂ) **ယာယ စ စေတနာယ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ ဘာသမာနော အဇ္ဈာပဇ္ဇတိ နာမ၊ အယံ ဥပ္ပဇ္ဇိတွာ တထာ အဇ္ဈာပဇ္ဇိတုံ န ဒေတီတိ အနဇ္ဈာပတ္တိ။**(ဌ၊၂၆၃။ ဘာဋီ၊တ၊၁၄၆))

(က) ၌ ကာတုံ န-ဖြင့် အကိရိယာ-၌ ကိရိယာပုဒ်ကို ကရဏံ ကိရိယာ-ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ရိရိယပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) န ကိရိယာ အကိရိယာ-ဟု နနိပါတ ပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည် ကိုင်း(သမာသလိင်္ဂတ္ထ) အ-သဒ္ဒါ၏ န-နိပါတ်၏ ကာရိယအဖြစ်ကိုင်း(နိပါတလိင်္ဂပဒ) သိစေပါသည်။

http://www.dhammadownload.com

အယံ လောကုတ္တရမဂ္ဂဝိရတိ-ဖြင့် အကိရိယာပုဒ်ကို ကရဏံ ကိရိယာ၊ န ကိရိယာ အကိရိယာ-ဟု ဝစနတ္ထပြု၍ အကိရိယာ-အရ ကာမာဝစရကုသိုလ်စိတ်နှင့် ယှဉ်သော ဝိရတီကို မယူရ၊ လောကုတ္တရ မဂ္ဂဝိရတီကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

ကိရိယာပထံ ပစ္ဆိန္ဒတိ-ဖြင့် ထိုပြုကြောင်း စေတနာကို ဖြစ်ခွင့် မပေးဟူသည် မုသာဝါဒ-စသော အမှုကိုပြုခြင်း၏ အကြောင်း စေတနာကို ဖြတ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေ။(ဘာဝတ္ထ)

ယာယ ကရောတိ-ဖြင့် တံ ကိရိယံ-၌ ကိရိယာပုဒ်ကို ကရောတိ ဧတာယာတိ ကိရိယာ-ဟု ကရဏသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုင်း(အဘိဓာနတ္ထ) ရိရိယပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သိစေပါသည်။

(ခ) ၌ ကာတုံ န-ဖြင့် အကရဏံ-၌ ကရဏံပုဒ်ကို ကရိယတေ ကရဏံ-ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ယုပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) န ကရဏံ အကရဏံ-ဟု နနိပါတ ပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) အ-သဒ္ဒါ၏ န-နိပါတ်၏ ကာရိယအဖြစ်ကိုင်း(နိပါတလိင်္ဂပဒ) သိစေပါသည်။

(ဂ)၌ အဇ္ဈာပဇ္ဇိတုံ န-ဖြင့် အနဇ္ဈာပတ္တိ၌ အဇ္ဈာပတ္တိပုဒ်ကို အဇ္ဈာပဇ္ဇနံ အဇ္ဈာပတ္တိ-ဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်ကိုင်း(အဘိဓာနတ္ထ) တိပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) အနဇ္ဈာပတ္တိပုဒ်ကို န အဇ္ဈာပတ္တိ အနဇ္ဈာပတ္တိ-ဟု နနိပါတ ပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရ မည်ကိုင်း(သမာသလိင်္ဂတ္ထ) အန-သဒ္ဒါ၏ န-နိပါတ်၏ ကာရိယအဖြစ်ကိုင်း(နိပါတလိင်္ဂပဒ) သိစေသည်။

ပါဠိ (၁၅၃) [ဋ္ဌ၊၂၆၃။ ပြည်၊ဒု၊၄၇၃။ ဘာသာဋီ၊တ၊၁၄၇]

(က-၁) **ဝေလာ အနတိက္ကမောတိ ဧတ္ထ ""တာယ ဝေလာယာ""တိ အာဒီသု တာဝ ကာလော ""ဝေလာ""တိ အာဂတော၊** (က-၂) **""ဥရုဝေလာယံ ဝိဟရတီ""တိ ဧတ္ထ ရာသိ၊**

(က-၃) **""ဌိတဓမ္မော ဝေလံ နာတိ ဝတ္တတီ""တိ ဧတ္ထ သီမာ၊** (ခ) **က္လဓာပိ သီမာဝ၊**

(ဂ) **အနတိက္ကမနီယဋ္ဌေန ဟိ စတ္တာရိ ဝစီသုစရိတာနိ ဝေလာတိ အဓိပ္ပေတာနိ၊**

(ဃ) **က္လတိ ယာယ စေတနာယ စတ္တာရိ ဝစီဒုစ္စရိတာနိ ဘာသမာနော ဝေလံ အတိက္ကမတိ နာမ၊ အယံ ဥပ္ပဇ္ဇိတွာ တံ ဝေလံ အတိက္ကမိတုံ န ဒေတီတိ ""ဝေလာအနတိက္ကမော""တိ ဝုတ္တာ။**

ဝေလာ အနတိက္ကမော= ဝစီသုစရိုက် လေးပါးဟုဆိုအပ်သော အပိုင်းအခြားကို မလွန်ခြင်း။

➤ **❶** ။ **(က)** ဝေလာအနတိက္ကမောတိ ဧတ္ထ၊၌။ဝိနိစ္ဆယော၊အဆုံးအဖြတ်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။ တာဝ၊ရာသိ အစရှိသော အနက်တို့မှ ရှေးဦးစွာ။တာယ ဝေလာယ၊ထိုအခါ၌။က္လတိ အာဒီသု၊ဤသို့ အစရှိသည်တို့၌။ကာလော၊ကာလသည်။ဝေလာတိ၊ဝေလာဟူ၍။အာဂတော၊လာ၏။"ဥရုဝေလာယံ၊များစွာသော သဲစု၌။ ဝိဟရတိ၊နေ၏"။က္လတိ ဧတ္ထ၊ဤပါဠိ၌။ရာသိ၊အစုသည်။ဝေလာတိ၊ဟူ၍။အာဂတော၊၏။ဌိတဓမ္မော၊တည်ရပ် ခြင်း သဘောရှိသည်ဖြစ်၍။ဝေလံ၊အပိုင်းအခြားကို။နာတိဝတ္တတိ၊မလွန်တတ်။က္လတိ ဧတ္ထ၌။သီမာ၊အပိုင်း အခြားသည်။ဝေလာ၊ဟူ၍။အာဂတော၊လာ၏။

(ခ) က္လဓာပိ၊ဤ"ဝေလာအနတိက္ကမော"ဟူသော ပုဒ်၌လည်း။သီမာဝ၊အပိုင်းအခြားသည်သာလျှင်။

http://www.dhammadownload.com

ဝေလာ၊မည်၏။ (ဂ) ဟိ-သစ္စံ၊မှန်၏။အနတိက္ကမနီယဋ္ဌေန၊မလွန်ကျူးအပ်သော သဘောကြောင့်။စတ္တာရိ၊ ကုန်သော။ဝစီသုစရိတာနိ၊ဝစီသုစရိုက်တို့ကို။ဝေလာတိ၊ဝေလာဟူ၍။အဓိပ္ပေတာနိ၊လိုအပ်ကုန်၏။

(ဃ) ဣတိ၊သို့။ယာယ၊စေတနာယ၊ဖြင့်။စတ္တာရိ၊ကုန်သော။ဝစီဒုစ္စရိတာနိ၊ဝစီဒုစရိုက်တို့ကို။ဘာသမာနော၊ ဆိုသောသူသည်။ဝေလံ၊ဝစီသုစရိုက်ဟု ဆိုအပ်သော အပိုင်းအခြားကို။အတိက္ကမတိနာမ၊လွန်ကျူးသည်မည်၏။ အယံ လောကုတ္တရမဂ္ဂဝိရတိ၊သည်။ဥပ္ပဇ္ဇိတွာ၊၍။တဿာ စေတနာယ၊အား။တံ ဝေလံ၊ထိုဝစီသုစရိုက်ဟု ဆို အပ်သော အပိုင်းအခြားကို။အတိက္ကမိတုံ၊လွန်ကျူးခြင်းငှာ။န ဒေတိ၊မပေး။ဣတိ တသ္မာ၊ထို့ကြောင့်။"ဝေလာ အနတိက္ကမော"တိ၊ဟူ၍။ဝုတ္တာ၊ဟောတော်မူအပ်၏။

➢ ❷ ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ [သီမာဝ-၌ ၈ဝ-ကိုရှု] ဆရာ၊ ဆရာသည် (က) ဖြင့် ဝေလာ-သဒ္ဒါသည် ကာလ, ရာသိ, သီမာ အနက်သုံးမျိုးကို ဟော၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေ သော် ဤဝေလာ အနတိက္ကမော ဟူသော ပါဌ်၌လည်း ကာလ, ရာသိ, သီမာ အနက်သုံးမျိုးလုံးကို ဟော၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤဝေလာ အနတိက္ကမော ဟူသောပါဌ်၌ ဝေလာသဒ္ဒါ၏ ဖြစ်သင့်သော အနက်ကိုလည်း တိကျစွာ ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤဝေလာ အနတိက္ကမော ဟူသော ပါဌ်၌ ဝေလာသဒ္ဒါ၏ ဖြစ်သင့်သော အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

[ဣတာပိ-သမုစ္စည်း ပိ-ကိုရှု] ဆရာ၊ ဆရာသည် (က-၃) ဖြင့် ဠိတဓမ္မော ဝေလံ နာတိဝတ္တတိ- ဟူသောပါဌ်၌ ဝေလာသဒ္ဒါသည် သီမာအနက်ကို ဟော၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်း ဠိတဓမ္မော ဝေလံ နာတိဝတ္တတိ-ဟူသောပါဌ်ရပ်၌သာလျှင် ဝေလာသဒ္ဒါသည် သီမာအနက်ကို ဟော၏ဟူ သော အနက်သည် ရောက်ရာ၏။ (ကြွင်းတူ) ✱ **နောက်သမုစ္စယ၊ အဖြေပြ၊ ၈ဝ-အာဘော်ဆင်**။

(ဂ) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဤဝေလာ အနတိက္ကမော ဟူသော ပါဌ်၌ ဝေလာသဒ္ဒါသည် သီမာအနက်၌သာ ဖြစ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝေလာသဒ္ဒါ၏ အနက်သုံးမျိုးရှိပါလျက် ဤနေရာ၌ သီမာအနက်၌သာဖြစ်၏ဟု ထူးဆန်းစွာဆိုသော ဆရာ့စကားသည် လှုပ်ရှားမခိုင် ယိုင်သည် မဟုတ်ပါလော။ ထို့ကြောင့် ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏ ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ)တို့ဖြင့် ဝေလာအနတိက္ကမော၌ ဝေလာ-ဟူသော အစိတ်ပုဒ်၏ အနက်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝေလာ-ဟူသော အစိတ်ပုဒ်၏ အနက်ကိုသာ သိအပ်သည် မဟုတ်ပါလော။ ထိုသို့သိအပ်သောကြောင့် ဝေလာအနတိက္ကမော၌ ဝေလာ- ဟူသော အစိတ်ပုဒ်၏ အနက်ကိုသာ မဆိုသင့်။ ဝေလာအနတိက္ကမော-ဟူသော အပေါင်းပုဒ်၏ အနက်ကို လည်း ပြဆိုသင့်သေး၏။ ဝေလာအနတိက္ကမော-ဟူသော အပေါင်းပုဒ်၏ အနက်ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

http://www.dhammadownload.com

(တနည်း) ဆရာ၊ ဆရာသည် (ခ) ဖြင့် ဤဝေလာ အနတိက္ကမော ဟူသော ပါဠ်၌လည်း အပိုင်း အခြားသည်သာလျှင် ဝေလာမည်၏ဟု ဝေလာပုဒ်၏ အနက်ကို ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝေလာ အနတိက္ကမော-၌ အတိက္ကမောပုဒ်ကို အတိက္ကမတိ ဧတ္တာတိ အတိက္ကမော၊ ဝေလာယ အအတိက္ကမော ဝေလာ အနတိက္ကမော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟူသော အနက် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ခ) ဖြင့် ဤဝေလာ အနတိက္ကမောဟူသော ပါဠ်၌လည်း အပိုင်း အခြားသည်သာလျှင် ဝေလာမည်၏ဟု ဝေလာပုဒ်၏ အနက်ကိုသာ မဆိုသင့်။ အတိက္ကမောပုဒ်၏ ဝစနတ္ထနှင့် ဝေလာနှင့် အနတိက္ကမော သမာသ်တွဲစပ်ပုံကိုလည်း ပြဆိုသင့်သေး၏။ အတိက္ကမောပုဒ်ကို အဘယ် ဝစနတ္ထပြု၍၊ ဝေလာနှင့် အနတိက္ကမောကို အဘယ်သမာသ် တွဲစပ်ရမည်နည်း။ (ဃ) မိန့်။

➤ **၃** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ဝေလာသဒ္ဒါ ကာလ, ရာသိအနက်တို့ကို မဟော၊ သီမာအနက်ကိုသာ ဟောသည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဝိရောဓိဒေါသကို ပယ်သည်။ **(ဃ)** ဖြင့် ဝေလာပုဒ်၏ အဖွင့်ဟူသော အဖို့မှတပါး ဝေလာ အနတိက္ကမော ပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

(ဂ) ၌ အစိပ္ပေတာနိ-ကို ထားချေင်းအကြောင်း ။ ။ ဝေလာ-သဒ္ဒါ၏ ကာလ, ရာသိ, သီမာဟူသော အနက်သာမည်မှ အတ္ထယုတ္တိရှိသည်အားလျော်စွာ ဤ၌ သီမာဟူသော ဝစီဒုစရိုက်လေးပါး ဟုဆို..ခပ်သော အနက်ဝိသေသကို ယူစေလိုသောကြောင့်၎င်း၊ စောဒကပုဂ္ဂိုလ်နှင့် စကားလုယက်၍ ဆုံးဖြတ်ပြ ဆိုရာ ဌာနဖြစ်သောကြောင့်၎င်း (ဂ) ၌ အစိပ္ပေတာနိ-ကို ထားရပါသည်။

➤ **၄** ။ **[(က) တာယ ဝေလာယ-၌]** ဝိနာသံ လာတီတိ **ဝေလာ**။ (၂) ဝိနာသ-သဒ္ဒူပပဒ လာဓာတ်+ကွိပစ္စည်းသည်၎င်း ပျက်စီးခြင်းကို ယူခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) အချိန်အခါ ကာလသည် ပဝတ္တိနိမိတ်။

အရတိ မဟန္တဘာဝံ ဂစ္ဆတီတိ **ဥရူ**။(အရဓာတ်+ဏု) ဝိဂစ္ဆန္တိ ဣရာ ယဿံ သာ **ဝေလာ**။

ဥရု(မဟတီ) ဝေလာ **ဥရုဝေလာ**။ (ကြီးစွာသော မြစ်ကမ်း)

ဥရုဝေလာ ဝိယာတိ **ဥရုဝေလာ**။ (ကြီးစွာသော မြစ်ကမ်းနှင့်တူသော သဲအစု)

[ဝေလံ နာတိဝတ္တတိ-၌] ဝိဂစ္ဆန္တိ ဣရာ ယဿံ သာ **ဝေလာ**။(တံ) (၂) ဝိပုဒ်+ဣရပုဒ်+ယပုဒ် သည်၎င်း၊ ရေပြတ်စဲခြင်း၏ အပိုင်းအခြားဟူသော ကမ်းနှင့် ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ၎င်း ဗျုပ္ပတ္တိနိမိတ်။

[ဝေလာ အနတိက္ကမော-၌] ဝိဂစ္ဆန္တိ ဣရာ ယဿံ သာ **ဝေလာ**။ (ပကတိကမ်း ရှ၏)

ဝေလာ ဝိယာတိ **ဝေလာ**။ (၂) ပကတိကမ်း၏ ဝစီသုစရိုက်နှင့် သဒိသ+သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပကတိကမ်းနှင့် တူခြင်းကြိယာသည် ပဝတ္တိနိမိတ်။

* အတိက္ကမတီတိ **အတိက္ကမော**။ န အတိက္ကမော **အနတိက္ကမော**။

ဝေလံ အနတိက္ကမော **ဝေလာနတိက္ကမော**။ (၂) သုစရိုက်ဟူသော ကမ်း၏ မလွန်တတ်သော တရားနှင့် ကမ္မ+ကမ္မီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) သုစရိုက်ဟူသော ကမ်းကို

http://www.dhammadownload.com

မလွန်ခြင်းကြိယာသည် (ဝါ) သုစရိုက်ဟူသော ကမ်းကို မလွန်တတ်သော တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဠိတော ဓမ္မော ဇ္ဈာတိ **ဠိတဓမ္မော**။ (၂) ဠိတပုဒ်+ဓမ္မပုဒ်+တေပုဒ်သည်ငှင်း၊ ရပ်တည်ခြင်းသဘော ၏ မဟာသမုဒ္ဒရာနှင့် ဂုဏ်+ဂုဏေး၊ သဘာဝ+သဘာဝဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိ နိမိတ်။ (၄) ရပ်တည်ခြင်းသဘောရှိခြင်းတည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

➢ ❻ ။ **(က)** ၌ တာယ (ပ) ကာလော-ဖြင့် တာယ ဝေလာယ-စသော ပါဠိရပ်၌ ဝေလာ-သဒ္ဒါသည် ကာလအနက်ကို ဟော၏ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(က-၂) ဖြင့် ဥရုဝေလာယံ၌ ဝေလာသဒ္ဒါသည် ရာသိအနက်ကို ဟောသတည်းဟု သိစေပါ သည်။ (နာမလိင်္ဂတ္ထ) **(က-၃)** ဖြင့် ဌိတဓမ္မော ဝေလံ နာတိဝတ္တတိ-ဟူသော ပြယုဂ်၌ ဝေလာသဒ္ဒါ သည် သီမာအနက်ကို ဟောသတည်းဟု သိစေပါသည်။(နာမလိင်္ဂတ္ထ)

(ခ) ဖြင့် ဝေလာ-သဒ္ဒါသည် သာမညအားဖြင့် ကာလ, ရာသိ, သီမာအနက်တို့ကို ဟောသော် လည်း ဤဝေလာအနတိက္ကမောပါဠိ၌ ဝေလာသဒ္ဒါကား သီမာအနက်ကိုသာ ဟော၏ (ဝါ) သီမာအနက်ကို သာ လိုအပ်သတည်းဟု သိစေပါသည်။(အဓိပ္ပေတတ္ထ)

(ဃ) ၌ အယံ ဥပ္ပန္နံတွာ တံ ဝေလံ အတိက္ကမိတုံ န ဒေတိ-ဖြင့် အတိက္ကမော-ကို အတိက္ကမနံ အတိက္ကမော-ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း(အဘိဓာနတ္ထ) အ-ပစ္စည်း၏ ဘာဝ သာဓနအနက်၌ သက်သည်၏အဖြစ်ကိုငှင်း(ဒု-ပစ္စယတ္ထ) နနှင့် အတိက္ကမောကို န အတိက္ကမော အနတိက္ကမော-ဟု နနိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုငှင်း(သမာသလိင်္ဂတ္ထ) အန-သဒ္ဒါ၏ နနိပါတ်၏ ကာရိယ၏အဖြစ်ကိုငှင်း(နိပါတလိင်္ဂပဒ) ဝေလံနှင့် အနတိက္ကမကို ဝေလံ အနတိက္ကမော ဝေလာ အနတိက္ကမော-ဟု ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုငှင်း (သမာသလိင်္ဂတ္ထ) ဝေလာ အနတိက္ကမော-အရ လောကုတ္တရာမဂ္ဂသီလကို ယူရမည်၏အဖြစ်ကိုငှင်း(သရုပ် ကြား အဘိဓေယျတ္ထ) သိစေပါသည်။

➢ ❼ ။ **(ခ)** **ဏ္ဍာဓာပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ ယင်း **ပိ**-သဒ္ဒါဖြင့် ဌိတဓမ္မော ဝေလံ နာတိဝတ္တတိ-ဟူသော ပါဠိရပ်၌သာ ဝေလာသဒ္ဒါ သီမာအနက်ကို ဟောသည် မဟုတ်သေး၊ ဝေလာ အနတိက္ကမောဟူသော ဤဓမ္မသင်္ဂဏီပါဠိရပ်၌လည်း ဝေလာသဒ္ဒါ သီမာအနက်ကို ဟော၏ဟု ပေါင်းဆည်းပါသည်။ **တာဝ**-ကား ပဌမတ္ထ။ (ဂ) **အနတိက္ကမနီယဋ္ဌေန**-၌ အန(န) ကား ပဋိသေဓတ္ထ။ **ဟိ**-ကား ဒဠှီကရဏတ္ထ။ **သီမာဝ-၌** (၁) သီမာအနက်သည် ဂဟေတဗ္ဗတ္ထ။ (၂) ကာလ, ရာသိ အနက်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) မရောယှက်ခြင်းဂုဏ်သည် (တနည်း) စလနတ္ထ, ဝိဒ္ဓံသနတ္ထ အနက် တို့သည် အနုညာတတ္ထ။

➢ ❶ ။ **ကြိယာဝါးတန်** ။ ။ **ဝေလာအနတိက္ကမော-အရ** = သမ္မာဝါစာ ဝိရတီ ကို ယူ၍ (စာ-၆၂၆-ကြည့်)

(ဂ) အဓိပ္ပေတာနိ-၌ ဗဟုဝုတ္တ တ-ပစ္စည်းအရ, ဝစီသုစရိတာနိ အရ = (၁) ထိုဝစီသုစရိုက်

http://www.dhammadownload.com

လေးပါးသည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) ကာယိကသုခ, စေတသိကသုခ စသည်သည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ-စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

* **ဓာတွတ္ထ, ဋ္ဌာဓာတ်-အရ** = (၁) ဉာဏပုဗ္ဗင်္ဂမ ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။ (၂) ယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) ဝစီသုစရိုက် လေးပါးသည် ပကာသနတ္ထ။ (၄) သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) ဝစီသုစရိုက်လေးပါးကို ဝစီ-ဟု သိရခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် အနုဘာဝတ္ထ။

➤ **၁၀** ॥ **ဝေလာ+အနတိက္ကမော** ॥ ॥ ဝေလာ-အရ ဝစီသုစရိုက် စေတနာ ပစ္စည်းတရားသည် အနတိက္ကမော-အရ သမ္မာဝါစာ ဝိရတီ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (တနည်း) ဝေလာ-အရ မဂ်၌ရှိသော စေတနာ ပစ္စည်းတရားသည် အနတိက္ကမော-အရ သမ္မာဝါစာ ဝိရတီ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ကံ၊ ဟာ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

(ဂ) ဝစီသုစရိတာနိ+အဓိပ္ပေတာနိ ॥ ॥ ဝစီသုစရိတာနိ-အရ ဝစီသုစရိုက် လေးပါး (အာရုံ) ပစ္စည်းတရားသည် အဓိပ္ပေတာနိ-၌ အဓိ-ရှေး အပိ-ရှေးရှိသော ဣဓာတ်-အရ ပညာရှိတို့သန္တာန်၌ဖြစ်သော ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ ဓိ၊ ဥပ (၃)

ပါဠိ (၁၅၅) [ဋ္ဌ၊၂၆၄။ ပြည်၊ဒု၊၄၇၄။ ဘာသာဋီ၊တဲ၊၁၄၇]

(က) **ဝေလာယတီတိ ဝါ ဝေလာ**။ (ခ) **စလယတိ ဝိဒ္ဓံသေတီတိ အတ္ထော၊**

(ဂ) **ကိံ ဝေလာယတိ ? စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ၊** (ဃ) **ဣတိ ဝေလာယနတော ဝေလာ၊**

(င) **ပုရိသဿ ပန ဟိတသုခံ အနတိက္ကမိတွာ ဝတ္တတီတိ အနတိက္ကမော**။

(စ) **ဝေမေတ္ထ ပဒဒွယဝသေနာပိ အတ္ထော ဝေဒိတဗ္ဗော**။

ဝေလာ= ဝစီဒုစရိုက်ကို လှုပ်ရှားစေတတ် ဖျက်ဆီးတတ်သော သဘောတရားသည်။

အနတိက္ကမော= ဟိတသုခကို မလွန်တတ်သော သဘောတရားသည်။

➤ **၁** ॥ **(က)** ဝါ၊ကား။ဝေလာယတိ၊ဖျက်ဆီးတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဝေလာ၊မည်၏။

(ခ) ဝေလာယတိ ဝိဒ္ဓံသေတိ၊ဖျက်ဆီးတတ်၏။ဣတိ အယံ၊ကား။အတ္ထော၊အနက်တည်း။

(ဂ) ကိံ၊အဘယ်ကို။ဝေလာယတိ၊ဖျက်ဆီးသနည်း။စတုဗ္ဗိဓံ၊သော။ဝစီဒုစ္စရိတံ၊ကို။ဝေလာယတိ၊၏။

(ဃ) ဣတိ၊ဤသို့။ဝေလာယနတော၊လေးပါးအပြားရှိသော ဝစီဒုစရိုက်ကို ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့်။ဝေလာ၊မည်၏။ **(င)** ပန၊တပါး။ပုရိသဿ၊သတ္တဝါ၏။ဟိတ သုခံ၊စီးပွားချမ်းသာကို။အတိက္ကမိတွာ၊လွန်၍။န ဝတ္တတိ၊မဖြစ်တတ်။ဣတိ တသ္မာ၊ထို့ကြောင့်။အနတိက္ကမော၊မည်၏။

(စ) ဧဝံ၊သို့။ဧတ္ထ၊ဤ"ဝေလာ အနတိက္ကမော"ဟူသော ပုဒ်၌။ပဒ ဒွယေ ဝသေနာပိ၊ပုဒ်နှစ်ခုအပေါင်း၏ အစွမ်းဖြင့်လည်း။အတ္ထော၊ကို။ဝေဒိတဗ္ဗော၊သိအပ်၏။

http://www.dhammadownload.com

➢ ❷ ။ **(က) စသည်သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် ရှေးဆိုအပ်ခဲ့ပြီး ဝါကျတို့ဖြင့် ဝေလာအနတိက္ကမော၌ ဝေလာသဒ္ဒါသည် သီမာအနက်ကို ဟော၏၊ ဝေလာအနတိက္ကမောကို ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝေလာအနတိက္ကမောပုဒ်ကို ဧကပဒ, သမာသ်ပုဒ်အနေဖြင့်သာ အနက်ကို သိအပ်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ပဒဒွယ(ဝါကျ) အနေဖြင့်လည်း အနက်ကို ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ပဒဒွယအနေဖြင့် ပြဆိုပုံကား အဘယ်ပါနည်း။ (က) စသည်မိန့်။

(ခ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဝေလာပုဒ်ကို ဝေလာယတီတိ ဝေလာ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤ၌ ဝေလဓာတ်သည် ဂတိအနက်၌လည်း ဖြစ်၏ဟူသောအနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဤ၌ ဝေလဓာတ်၏ ဖြစ်သင့်သောအနက်ကိုလည်း တိကျစွာ ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဝေလဓာတ်၏ ဖြစ်သင့်သောအနက်ကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ခ) မိန့်။

အဓိပ္ပါယ်ကား- (ခ) ဖြင့် ဤ၌ ဝေလဓာတ်သည် ဤ၌ စလနအနက်၌ ဖြစ်ဟူလို။

(ဃ) သို့/ ဒွပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ)တို့ဖြင့် ဝေလာယတီတိ ဝေလာဟု ဝစနတ္ထပြု၍ ဝေလဓာတ်သည် စလနအနက်ကို ဟော၏၊ ဝစီဒုစရိုက်လေးပါးကို တုန်လှုပ်စေတတ် ဖျက်ဆီးတတ်သောကြောင့် ဝေလာမည်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းဆိုခဲ့ပြီးသော စကားရပ်ကို အကျဉ်းချုံး၍ နိဂုံးကို မပြဆိုဟူသော အနက်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က)(ခ)(ဂ)တို့ဖြင့် ဝေလာယတီတိ ဝေလာ ဟု ဝစနတ္ထပြု၍ ဝေလဓာတ်သည် စလနအနက်ကို ဟော၏၊ ဝစီဒုစရိုက်လေးပါးကို တုန်လှုပ်စေတတ် ဖျက်ဆီးတတ်သောကြောင့် ဝေလာမည်၏ဟု မဆိုသင့်။ အကျဉ်းချုံး၍ နိဂုံးကိုလည်း ပြဆိုသင့်သေး၏။ နိဂုံးကား အဘယ်ပါနည်း။ (ဃ) မိန့်။

(စ) သို့/ ဒွပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ)(ဃ)(င) တို့ဖြင့် ဝေလာပုဒ်, အနတိက္ကမောပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာ အတ္ထဝိနိစ္ဆယကို ပြတော်မူ၏။ ထိုသို့ဆိုချေသော် ဝေလာအနတိက္ကမောဟူသော ပါဠိတော်ပါဌ်ကို ဧကပဒ တစ်ပုဒ်တည်း၏ အစွမ်းဖြင့်သာ (ဝါ) သမာသ်ပုဒ်၏ အစွမ်းဖြင့်သာ အနက်ကို သိအပ်၏ဟူသော အဖြစ်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် ဝေလာပုဒ်, အနတိက္ကမောပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာ အတ္ထဝိနိစ္ဆယကိုသာ မဆိုသင့်။ ယင်းဝေလာအနတိက္ကမောဟူသော ပါဠိတော်ပါဌ်ကို မည်သို့အနက်ပေးသင့်သည်ကိုလည်း ပြဆိုသင့်သေး၏။ ယင်းဝေလာအနတိက္ကမောဟူသော ပါဠိတော်ပါဌ်ကို မည်သို့အနက်ပေးသင့်ပါသနည်း။ ဤသို့--ကြောင့် (စ) မိန့်။

အဓိပ္ပါယ်ကား- (စ) ဖြင့် ဝေလာအနတိက္ကမောကို ဝေလာ တစ်ပုဒ်၊ အနတိက္ကမော တစ်ပုဒ်၊ ဤသို့ ပဒဒွယ၏ အစွမ်းဖြင့်လည်း အနက်ကို သိအပ်ပါသေး၏ဟူလို။

➢ ❸ ။ **(က) ဋ္ဌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း** ။ ။ ဝေလာအနတိက္ကမော-၌

http://www.dhammadownload.com

ဝေလာသဒ္ဒါ၏ သီမာအနက်မှတပါး စလနအနက်ကို လဲလှယ်ပြလိုသောကြောင့်၎င်း၊ ဝေလာအနတိက္ကမော ၏ ဧကပဒ သမာသ်ပုဒ်မှတပါး ဒွိပဒဝါကျသဒ္ဒါအဖြစ်ကို လဲလှယ်ပြလိုသောကြောင့်၎င်း (က) ၌ ဝါ- သဒ္ဒါကို ထားရပါသည်။

(ခ) ၌ အတ္တော-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဝေလာတတ်၏ ၄တ်နေသည့် ဓာတွတ္တ ကို ဖော်ပြလိုသောကြောင့် (ခ) ၌ အတ္တော-သဒ္ဒါ ထားရပါသည်။

➤ ❾ ။ စတ္တာရော ဝိဓာ ယဿ ဝစီဒုစ္စရိတဿာတိ **စတုဗ္ဗိဓံ**။ (၂) စတုပုဒ်+ဝိဓပုဒ်+ယပုဒ်သည် ၎င်း၊ လေးပါးကုန်သော အပြားတို့၏ ဝစီဒုစရိုက်နှင့် ဂုဏ်+ဂုဏေး၊ ပကာရ+ပကာရဝန္တ အဖြစ်ဖြင့် စပ် ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဝစီဒုစရိုက်လေးပါးတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်း အရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

➤ ❻ ။ **(က)** ၌ ဝေလာယတိ-ဖြင့် ဝေလာ၌ ဝေလဓာတ်၏အဖြစ်ကို၎င်း(ဒု-ဓာတုပဒ) အ ပစ္စည်း၏ ကတ္တုသာဓန (တနည်း) ဟေတုကတ္တုသာဓနအနက်၌ သက်သည်ကို၎င်း(ဒု-ပစ္စယတ္ထ) ဝေလာ ယတီတိ ဝေလာ-ဟု ပြုရမည်ကို၎င်း(အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ စလယတိ-ဖြင့် ဝေလာယတိ-၌ ဝေလဓာတ်သည် ဂတိအနက်ကို မဟော၊ စလနအနက် ကို ဟော၏ဟု သိစေပါသည်။(ဓာတွတ္ထ)

ဝိဒ္ဓံသေတိ-ဖြင့် စလယတိ-၌ လှုပ်ရှားစေတတ်၏ဟူသည် သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖျက်ဆီးခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ) (တနည်း) ဝေလာယတိ-၌ ဝေလဓာတ်သည် ဝိဒ္ဓံသန အနက်ကို ဟော၏ဟု သိစေပါသည်။ (ဓာတွတ္ထ)

(င) ၌ အနတိက္ကမိတွာ-ဖြင့် အနတိက္ကမော၌ န-ရှေး အတိ-ရှေးရှိသော ကမုဓာတ်၏ အဖြစ်ကို ၎င်း(ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကို၎င်း(ဒု-ပစ္စယတ္ထ) အတိက္ကမတီတိ အတိက္ကမော၊ န အတိက္ကမော အနတိက္ကမော-ဟု ပြုရမည်ကို၎င်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိ။

တစ်ဝါကျလုံးဖြင့် သတ္တဝါ၏ အစီးအပွားကို မလွန်မူ၍ ဖြစ်တတ်သောကြောင့် အနတိက္ကမ မည် သည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ❼ ။ **(င) ပန**- ကား ပက္ခန္တရတ္ထ။ **(စ) ပဒဒွယဝသေနာပိ**-၌ ပိ-ကား သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။ ယင်း **ပိ**-သဒ္ဒါဖြင့် ဝေလာအနတိက္ကမောဟူသော ပါဠိတော်ကို ဧကပဒ တစ်ပုဒ်တည်း၏ အစွမ်းဖြင့်သာ (ဝါ) သမာသ်ပုဒ်၏အစွမ်းဖြင့်သာ အနက်ကို သိအပ်သည် မဟုတ်သေး၊ ပဒဒွယ(ဝါကျ) ၏ အစွမ်းအားဖြင့်လည်း အနက်ကို သိအပ်၏ဟု ပေါင်းဆည်းပါသည်။ (တနည်း) ရှေး၌ဆိုအပ်ပြီး သော တစ်ပုဒ်တည်းဖြစ်သော ဝေလာ အနတိက္ကမောပုဒ်ကို ရှင့်သောကြောင့် အပေက္ခတ္ထ။

➤ ❶ ။ **ကြိယာငါးတန်** ။ ။ **(က) ဝေလာယတိ-အရ = သမ္မာဝါစာ ဝိရတီ** ကို ယူ ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) မဂ်စိတ်သည် ဒီပကတ္ထ။ (၃) ဝစီဒုစရိုက်တို့ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ဖျက်ဆီးခြင်းသည် ပကာသနတ္ထ။ (၄) ဥပစာရဘာဝနာ, ကာမာဝစရသမာဓိဇောတို့သည် ဝိဘာဝတ္ထ။ (၅) ဖိုလ်စိတ္တုပ္ပါဒ်စသော အကျိုးအဆက်ဆက်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com

➤ **၁ ၀** ။ **(စ) အဇ္ဈော+ဝေဒိတဗ္ဗော** ။ ။ အဇ္ဈော-အရ ဝေလာ, အနတိက္ကမောပုဒ်တို့၏ အနက်ဟုဆိုအပ်သော အတ္ထုပ္ပတ် ပစ္စည်းတရားသည် ဝေဒိတဗ္ဗော-၌ ဝိဒဓာတ်-အရ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ် ကြိယာ စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ)

ပါဌ် (၁၅၅) [မူ၊၂၆၄။ ပြည်၊ဒု၊၄၇၄။ ဘာသာဋီ၊တ၊၁၄၈]

(က) **သေတုံ ဟနတီတိ သေတုဃာတော။**

(ခ) **စတုန္နံ ဝဓိဒုစ္စရိတာနံ ပဒဃာတော၊ ပစ္စယဃာတောတိ အတ္ထော။**

(ဂ) **ပစ္စယော ဟိ ဣဓ ""သေတူ""တိ အဓိပ္ပေတော။**

(ဃ) **တတြာယံ ဝစနတ္ထော- ရာဂါဒိကော စတုန္နံ ဝစီဒုစ္စရိတာနံ ပစ္စယော ဝဋ္ဋေသ္မိံ ပုဂ္ဂလံ သိနောတိ ဗန္ဓတီတိ သေတု။** (င) **သေတုဿ ဃာတော သေတုဃာတော။**

(စ) **ဝစီဒုစ္စရိတပစ္စယသမုဂ္ဃါတိကာယ ဝိရတိယာ ဧတံ အဓိဝစနံ။**

(ဆ) **အယံ ပန သမ္မာဝါစာသင်္ခါတာ ဝိရတိ ပုဗ္ဗဘာဂေ နာနာစိတ္တေသု လဗ္ဘတိ။**

(ဇ) **အညေနေဝ ဟိ စိတ္တေန မုသာဝါဒါ ဝိရမတိ၊ အညေန ပေသုညာဒီဟိ။**

(ဈ) **လောကုတ္တရမဂ္ဂက္ခဏေ ပန ဧကစိတ္တသ္မိံယေဝ လဗ္ဘတိ။**

(ည) **စတုဗ္ဗိဓာယ ဟိ ဝစီဒုစ္စရိတစေတနာယ ပဒပစ္ဆေဒံ ကုရုမာနော မဂ္ဂင်္ဂံ ပူရယမာနာ ဧကာဝ ဝိရတိ ဥပ္ပဇ္ဇတိ။**

➤ **၁** ။ **(က)** သေတုံ၊အကြောင်းကို။ဟနတိ၊ဖျက်ဆီးတတ်၏။ဣတိ တသ္မာ၊ကြောင့်။သေတု ဃာတော၊မည်၏။ **(ခ)** စတုန္နံ၊ကုန်သော။ဝစီဒုစ္စရိတာနံ၊တို့၏။ပဒဃာတော ပစ္စယဃာတော၊အကြောင်းကို ဖျက်ဆီးတတ်, သတ်တတ်၏။ဣတိ အယံ၊ကား။အတ္ထော၊တည်း။ **(ဂ)** ဟိ-သစ္စံ၊မှန်၏။ပစ္စယော၊အကြောင်း ကို။ဣဓ၊ဤ"သေတု ဃာတော"ဟူသော ပုဒ်၌။"သေတူ"တိ၊ဟူ၍။အဓိပ္ပေတော၊လိုအပ်၏။

(ဃ) တတြ၊ထိုသေတုဃာတော-ဟူသော ပုဒ်၌။အယံ၊ဤဆိုလတ္တံ့သည်ကား။ဝစနတ္ထော၊တည်း။ရာဂါ ဒိကော၊ရာဂ-အစရှိသော။စတုန္နံ၊ကုန်သော။ဝစီဒုစ္စရိတာနံ၊တို့၏။ပစ္စယော၊အကြောင်းသည်။ဝဋ္ဋေသ္မိံ၊ဝဋ်၌။ပုဂ္ဂလံ၊ ကို။သိနောတိ ဗန္ဓတိ၊ဖွဲ့တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။သေတု၊မည်၏။ **(င)** သေတုဿ၊ဝစီဒုစရိုက်၏ အကြောင်းဖြစ်သော ရာဂ-စသည်ကို။ဃာတော၊သတ်တတ်သည်တည်း။သေတုဃာတော၊ဝစီဒုစရိုက်၏ အကြောင်းဖြစ်သော ရာဂ-စသည်ကို သတ်တတ်, ဖျက်ဆီးတတ်သည်။ **(စ)** ဧတံ၊ဤ"သေတု ဃာတော" ဟူသော အမည်သည်။ဝစီဒုစ္စရိတပစ္စယ သမုဂ္ဃါတိကာယ၊ဝစီဒုစရိုက်၏ အကြောင်းဖြစ်သော ရာဂ-စသည်ကို အကြွင်းမဲ့ ခွာတတ်သော။ဝိရတိယာ၊၏။အဓိဝစနံ၊အမည်တည်း။ **(ဆ)** ပန၊ထိုမှတပါး။သမ္မာဝါစာ သင်္ခါ တာ၊သမ္မာဝါစာဟု ဆိုအပ်သော။အယံ ဝိရတိ၊ကို။ပုဗ္ဗဘာဂေ၊မင်္ဂ၏ ရှေးအဘို့၌။နာနာ စိတ္တေသု၊အထူးထူး သော စိတ်တို့၌။လဗ္ဘတိ၊ရအပ်၏။ **(ဇ)** ဟိ-သစ္စံ၊မှန်၏။အညေနေဝ၊ပေသုည စသည်ကို ရှောင်ကြဉ် ကြောင်းစိတ်မှ တပါးသာလျှင်ဖြစ်သော။စိတ္တေန၊စိတ်ဖြင့်။မုသာဝါဒါ၊မုသာဝါဒမှ။ဝိရမတိ၊ကြဉ်တတ်၏။ အညေန(ဧဝ)၊မုသာဝါဒမှ ရှောင်ကြဉ်ကြောင်းစိတ်မှ တပါးသာလျှင်ဖြစ်သော။စိတ္တေန၊စိတ်ဖြင့်။ပေသုညာ ဒီဟိ၊ပေသုည စသည်တို့မှ။ဝိရမတိ၊ကြဉ်တတ်၏။ **(ဈ)** ပန၊အထူး။လောကုတ္တရ မဂ္ဂက္ခဏေ၌။ဧကစိတ္တသ္မိံ

http://www.dhammadownload.com

ယေဝ၊တခုသော စိတ်၌သာလျှင်။လဗ္ဘတိ၊ရအပ်၏။ **(ည)** ဟိ-သစ္စံ၊မှန်၏။စတုဗ္ဗိဓာယ၊သော။ဝစီဒုစ္စရိတ စေတနာယ၊ဝစီဒုစရိုက်တည်းဟူသော စေတနာ၏။ပဒပစ္ဆေဒံ၊အကြောင်းကို ဖြတ်ခြင်းကို။ကုရုမာနာ၊ပြုလျက်။ မဂ္ဂံ၊မဂ္ဂင်ကို။ပူရယမာနာ၊ပြည့်စေလျက်။ဧကာဝ၊တခုသာလျှင်ဖြစ်သော။ဝိရတိ၊ဝိရတိသည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။

➤ ❷ ။ **(ခ) သို့/ ပါပနာဒိပဉှက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သေတုဃာတောပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းသေတုဃာတော၌ သေတုသဒ္ဒါသည် တံတား, ကန်သင်း, ကန်ပေါင်-စသော အနက်တို့ကိုလည်း ဟော၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထို အနက်သည် မရောက်သည်။ ထိုသို့မရောက်သင့်လေသောကြောင့် ဤသေတုဃာတောပါဠ်၌ ဖြစ်သင့်သော အနက်ထူးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ ဤသေတုဃာတောပါဠ်၌ ဖြစ်သင့်သော အနက်ထူးကား အဘယ်ပါနည်း။ (ခ)မိန့်။

(ဂ) သို့/ ဌပနာပဉှက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် သေတုဃာတောကို ပဒဃာတော, ပစ္စယဃာတော-ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သေတုသဒ္ဒါသည် တံတား, ကန်သင်း, ကန်ပေါင်-စသော အနက်များစွာ ဟောနိုင်ပါလျက် ဤ၌ ပဒဃာတော, ပစ္စယဃာတော-ဟု ဖွင့်ဆိုသော ဆရာ့စကား သည် လှုပ်ရှားမခိုင် ယိုင်သည် မဟုတ်ပါလော။ ထို့ကြောင့် ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိ သဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဌပနာပဉှက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ)တို့ဖြင့် သေတုပုဒ်၏ ဟောနက် ပဒတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သေတုပုဒ် ဝစနတ္ထကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရာ သည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ခ)(ဂ)တို့ဖြင့် သေတုပုဒ်၏ ဟောနက် ပဒတ္ထကို သာ မဆိုသင့်။ သေတုပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ သေတုပုဒ်၏ ဝစနတ္ထကား အဘယ်ပါ နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(ဃ+င) သို့/ ဌပနာပဉှက ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သေတုဃာတောပုဒ်၏ ဝစနတ္ထ ကို လဟုကနည်းအားဖြင့် ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဂရုကနည်းအားဖြင့် သေတုဃာတော-ပုဒ်၏ အစိတ်အပေါင်း ဝစနတ္ထကိုလည်း သိအပ် သိနိုင်ကောင်းသည် မဟုတ်ပါလော။ ထို့ကြောင့် (က) ဖြင့် သေတုဃာတောပုဒ်၏ ဝစနတ္ထကို လဟုကနည်းအားဖြင့် မဆိုသင့်။ ဂရုကနည်းအားဖြင့် သေတု ဃာတောပုဒ်၏ အစိတ် အပေါင်း ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဂရုကနည်းအားဖြင့် သေတု ဃာတောပုဒ်၏ အစိတ် အပေါင်း ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ဃ+င) မိန့်။

(င) သို့/ ဌပနာပဉှက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် သေတုပုဒ်၏ အစိတ် ဝစနတ္ထ, အဓိပ္ပါယတ္ထ, အဘိဓေယျတ္ထတို့ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သေတုဃာတောပုဒ်၏ အပေါင်းဝစနတ္ထ ကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဃ) ဖြင့် သေတုပုဒ်၏ အစိတ် ဝစနတ္ထ, အဓိပ္ပါယတ္ထ, အဘိဓေယျတ္ထတို့ကိုသာ မဆိုသင့်။ သေတုဃာတောပုဒ်၏ အပေါင်းဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ သေတုဃာတောပုဒ်၏ အပေါင်းဝစနတ္ထကား အဘယ်ပါ

http://www.dhammadownload.com

နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် သေတုဃာတောပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သေတုဃာတောပုဒ်၏ အဘိဓေယျတ္ထကို မသိအပ် မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (င) ဖြင့် သေတုဃာတောပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထကိုသာ မဆိုသင့်။ သေတုဃာတောပုဒ်၏ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ သေတုဃာတောပုဒ်၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

(ဆ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (စ) ဖြင့် သေတုဃာတောပုဒ်၏ အရကောက် အဘိဓေယျတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သေတုဃာတောပုဒ်၏ အရကောက် အဘိဓေယျတ္ထကိုသာ သိအပ်သည် မဟုတ်ပါလော။ ထို့ကြောင့် (စ) ဖြင့် သေတုဃာတောပုဒ်၏ အရကောက် အဘိဓေယျတ္ထကိုသာ မဆိုသင့်။ ယင်းသေတုဃာတ အမည်ရသော သမ္မာဝါစာ ဝိရတီ၏ လောကီ, လောကုတ္တရာစိတ်၌ ယှဉ်ပုံကိုလည်း ပြဆိုသင့်သေး၏။ သေတုဃာတ အမည်ရသော သမ္မာဝါစာ ဝိရတီ၏ လောကီ, လောကုတ္တရာစိတ်၌ ယှဉ်ပုံကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဆ) မိန့်။

(ဇ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဆ) ဖြင့် သမ္မာဝါစာဟု ဆိုအပ်သော ဝိရတီသည် မဂ်၏ ရှေ့အဘို့၌ အမျိုးမျိုးသော စိတ်တို့၌ ရအပ်၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဝိရတီသည် ပုဗ္ဗဘာဂဖြစ်သော မဟာကုသိုလ်စိတ် တစ်မျိုးတည်း၌သာ ယှဉ်အပ်သည် မဟုတ်ပါလော။ ထိုသို့ ယှဉ်အပ်သည်အဖြစ်ကြောင့် (ဆ) ဖြင့် သမ္မာဝါစာဟု ဆိုအပ်သော ဝိရတီသည် မဂ်၏ ရှေ့အဘို့၌ အမျိုးမျိုးသော စိတ်တို့၌ ရအပ်၏ဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ဇ) မိန့်။

(ဈ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဆ)(ဇ)တို့ဖြင့် လောကီကုသိုလ်၌ သမ္မာဝါစာ ဝိရတီ ယှဉ်ပုံကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် လောကုတ္တရာစိတ်၌ သမ္မာဝါစာဝိရတီ ယှဉ်ပုံကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (ဆ)(ဇ)တို့ဖြင့် လောကီကုသိုလ်၌ သမ္မာဝါစာ ဝိရတီ ယှဉ်ပုံကိုသာ မပြဆိုသင့်။ လောကုတ္တရာစိတ်၌ သမ္မာဝါစာဝိရတီ ယှဉ်ပုံကိုလည်း ပြဆိုသင့်သေး၏။ လောကုတ္တရာစိတ်၌ သမ္မာဝါစာဝိရတီ ယှဉ်ပုံကား အဘယ်ပါနည်း။ (ဈ) မိန့်။

(ည) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဈ) ဖြင့် လောကုတ္တရာမဂ်ခဏ၌ တစ်ခုတည်းသော မဂ်စိတ်၌သာလျှင် ဝိရတီကို ရအပ်၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် မဂ်၏ရှေ့ ပုဗ္ဗဘာဂကဲ့သို့ တပါးသောစိတ်ဖြင့် မုသာဝါဒမှရှောင်ကြဉ်၍ တပါးသောစိတ်ဖြင့် ပေသုညစသည်မှ ရှောင်ကြဉ်ရကား တပြိုင်နက်သော ခဏ၌ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းငှာ မတတ်ကောင်းသည် မဟုတ်ပါလော။ ထိုသို့ မတတ်ကောင်းသောကြောင့် (ဈ) ဖြင့် လောကုတ္တရာမဂ်ခဏ၌ တစ်ခုတည်းသော မဂ်စိတ်၌သာလျှင် ဝိရတီကို ရအပ်၏ဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား

http://www.dhammadownload.com

အဘယ်ပါနည်း။ ဤသို့မေးဖွယ်ရှိသောကြောင့် (ည) မိန့်။

(င) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ)(ဃ) တို့ဖြင့် အဟိရိကံ အနောတ္တပ္ပံပုဒ် တို့၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်း အဟိရိကံ အနောတ္တပ္ပံပုဒ်တို့၏ လက္ခဏာကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် အဟိရိကံ အနောတ္တပ္ပံပုဒ် တို့၏ ဝစနတ္ထကိုသာ မဆိုသင့်။ အဟိရိကံ အနောတ္တပ္ပံပုဒ်တို့၏ လက္ခဏာကိုလည်း ပြဆိုသင့်သေး၏။ အဟိရိကံ အနောတ္တပ္ပံပုဒ်တို့၏ လက္ခဏာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

➤ **❸** ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် အတိဒေသသံဝဏ္ဏနာနည်းဖြင့် ဖွင့်ပြသောကြောင့် ဂန္ထ ဂရုဒေါသကို ပယ်ပါသည်။ **(ခ)** အဟိရိကောပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ် ပါသည်။ **(ဂ)** ဖြင့် အဟိရိကောဟူသော အစိတ်ပုဒ်၏ ဝစနတ္ထမှတပါး အဟိရိကံဟူသော အပေါင်းပုဒ် ၏ ဝစနတ္ထကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် အဟိရိကံပုဒ်အဖွင့်မှတပါး အနောတ္တပ္ပံပုဒ်အဖွင့်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် အဟိရိကံပုဒ်၏ ဝစနတ္ထမှတပါး လက္ခဏာကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

(င) အလဇ္ဇာ လက္ခဏံဝါ-၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ အဟိရိက-၏ အဇိဂုစ္ဆနလက္ခဏာအနက်မှတပါး အလဇ္ဇာလက္ခဏာအနက်ကို လဲလှယ်ပြလိုသောကြောင့် (င) ၌ ဝါ- သဒ္ဒါကို ထားရပါသည်။

အနုတ္တာသနလက္ခဏံ ဝါ-၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ အနောတ္တပ္ပ-၏ အသာရဇ္ဇနလက္ခဏာအနက်မှတပါး အနုတ္တာသနလက္ခဏာအနက်ကို လဲလှယ်ပြလိုသောကြောင့် အနုတ္တာ သန လက္ခဏံ ဝါ-၌ ဝါ-သဒ္ဒါကို ထားရပါသည်။

➤ **❹** ။ ကာယဒုစ္စရိတာဒီဟိ ဟိရိယတီတိ ဟိရီ။ (ဟိရီဓာတ်+ကွိ (တနည်း) ဤ)

ဟိရီ ဧဝ ဟိရိကော။ (ဟိရိပုဒ်+ကပစ္စည်း) (တနည်း) ဟိရိယတီတိ ဟိရိကော။ (ဟိရီ+ဏွု)

F-43-B

http://www.dhammadownload.com

န ဟိရိကော **အဟိရိကော**။ (၂) နပုဒ်-ဟိရိကပုဒ်သည်၎င်း၊ န-အရ ပဋိပက္ခဘောဂုဏ်၏ မရှက်တတ်သော ပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကာယ ဒုစရိုက် စသည်တို့မှ မရှက်ခြင်းကြီးဟာသည် (ဝါ) မရှက်တတ်သော ပုဂ္ဂိုလ်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

အဟိရိကဿ ဘာဝေါ **အဟိရိက်ံ**။ (၂) အဟိရိကပုဒ်+ဏျပစ္စည်းသည်၎င်း၊ မရှက်တတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ အဟိရိက စေတသိက်နှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) မရှက်တတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

သြတ္တပ္ပတီတိ သြတ္တပ္ပံ။ န သြတ္တပ္ပံ **အနောတ္တပ္ပံ**။ (၂) နပုဒ်+သြတ္တပ္ပပုဒ်သည်၎င်း၊ န-အရ ပဋိပက္ခဘောဂုဏ်၏ အနောတ္တပ္ပ စေတသိက်နှင့် ဂုဏီ+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ကာယ ဒုစရိုက် စသည်တို့မှ မလန့်ခြင်းကြီးဟာသည် (ဝါ) မလန့်တတ်သော ပုဂ္ဂိုလ်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

➢ ❻ ။ **(ခ)** ၌ န ဟိရိယတိတိဖြင့် အဟိရိကော၌ ဟိရီပုဒ်ကို ဟိရိယတိတိ ဟိရီ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကို၎င်း(အဘိဓာနတ္ထ) ကွိပစ္စည်း (ဘနည်း) ဤပစ္စည်း ကတ္တုသာဓနအနက်၌ သက်သည်ကို၎င်း(ဒု-ပစ္စယတ္ထ) ဟိရိကောပုဒ်ကို ဟိရီ ဧဝ ဟိရိကော-ဟု ဝစနတ္ထပြုရမည်ကို၎င်း(အဘိဓာနတ္ထ) ကပစ္စည်း၏ သွတ္ထဒဗ္ဗိတ်အနက်၌ သက်သည်ကို၎င်း(ပစ္စယတ္ထ) အပေါင်းပုဒ်ကို န ဟိရိကော အဟိရိကော-ဟု မိဿက တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို၎င်း(သမာသလိင်္ဂတ္ထ) အ-၏ န-နိပါတ်၏ ကာရိယအဖြစ်ကို၎င်း(နိပါတလိင်္ဂပဒ) သိစေပါသည်။

(ဂ) ၌ အဟိရိကဿ ဘာဝေါ-ဖြင့် အဟိရိက်ံ-၌ (အဟိရိက+ဏျ) ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ် အနက်၌ သက်သည်ကို၎င်း(ပစ္စယတ္ထ) အဟိရိကဿ ဘာဝေါ အဟိရိက်ံ-ဟု ပြုရမည်ကို၎င်း(အဘိဓာနတ္ထ) အဟိရိက္ကံ-ဟု ဆိုလိုလျက် က-တစ်လုံးကိုချေ၍ အဟိရိက်ံ-ဟု ရုပ်ပြီးနေသည်ကို၎င်း(ဘာဝတ္ထ) သိစေပါသည်။

(ဃ) ၌ န သြတ္တပ္ပံ-ဖြင့် အနောတ္တပ္ပံ-၌ အန-၏ န-၏ ကာရိယ၏ အဖြစ်ကို၎င်း(နိပါတလိင်္ဂပဒ) န သြတ္တပ္ပံ အနောတ္တပ္ပံ-ဟု မိဿက တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို၎င်း(သမာသလိင်္ဂတ္ထ) သိ။

➢ ❼ ။ (က) **နိဒ္ဒေသ**-၌ နိ-ကား ဝိဘဇနတ္ထ။ **အာဝိ**-ကား ပါတုအနက်။ (ခ) **ပန**-ကား ပက္ခန္တရတ္ထ။ (ဃ) **န**-ကား ပဋိသေဓတ္ထ၊ ဝိရုဒ္ဓတ္ထ။ **အနောတ္တပ္ပံ**-၌ အန-ကား ပဋိသေဓတ္ထ၊ ဝိရုဒ္ဓတ္ထ။

(င) တေသု-၌ တ-ကား ဆိုအပ်ပြီးသော အဟိရိက, အနောတ္တပ္ပ ဓမ္မဒြပ်ကို စွဲယူသောကြောင့် ပက္ကန္တ ဝိသယ။

တေဟေဝ-၌ တ-ကား ဆိုခဲ့ပြီးသော ကာယဒုစ္စရိတာဒီဟိ-ကို စွဲယူသောကြောင့် ပက္ကန္တ ဝိသယ။

တေဟေဝ-၌ (၁) ကာယဒုစရိုက် စသည်တို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ကာယသုစရိုက် စသည် တို့သည် နိဝတ္တေတဗ္ဗတ္ထ။

အဟိရိကမေဝ ဇလံ-၌ (၁) အဟိရိက စေတသိက်သည် ဂဟေတဗ္ဗတ္ထ။ (၂) သတ္တ, ဇီဝ,

http://www.dhammadownload.com

အတ္တသည်၄င်း၊ အဟိရိကမှတပါးသော ဗိုလ်မထိုက်သော ဖဿ-စသည်တို့သည်၄င်း နိဝတ္တောတဗ္ဗတ္ထ။ (၃) အဟိရိက၏ ကာယဒုစရိုက်စသည်တို့မှ မရှက်ခြင်းလက္ခဏာသည် (ဝါ) ကာယဒုစရိုက်စသည်တို့မှ မရှက်တတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

အနောတ္တပ္ပမေဝ ဗလံ-၌ (၁) အနောတ္တပ္ပ စေတသိက်သည် ဂဟေတဗ္ဗတ္ထ။ (၂) သတ္တ, ဇီဝ, အတ္တသည်၄င်း၊ အနောတ္တပ္ပမှတပါးသော ဗိုလ်မထိုက်သော ဖဿ-စသည်တို့သည်၄င်း နိဝတ္တောတဗ္ဗတ္ထ။ (၃) အနောတ္တပ္ပ၏ ကာယဒုစရိုက်စသည်တို့မှ မလန့်ခြင်းလက္ခဏာသည် (ဝါ) ကာယဒုစရိုက်စသည်တို့မှ မလန့်တတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

➤ ❶ ။ **ကြိယာငါးတန်** ။ ။ **ကာယဒုစ္စရိတာဒီဟိ-အရ** = ကာယဒုစရိုက် စေတနာ (တနည်း) ပါဏာတိပါတ-စသော ကာယဒုစရိုက် အကုသိုလ်တရားများကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၂) အယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) ဒုက္ခ, ဒေါမနဿ, ဝိပ္ပဋိသာရ စသည်သည် ပကာသနတ္ထ။ (၄) ဗာလူပသေဝန စသည်သည် ဝိဘာဝတ္ထ။ (၅) ဒုဂ္ဂတိဘဝ၌ လားရခြင်းစသည်သည် အနုဘာဝတ္ထ။

➤ ❶ ❶ ။ **(ဂ) အဟိရိကဿ+ဘာဝေါ/အဟိရိကံ** ။ ။ ဘာဝေါ-အရ, ဗဟုဇ္ဈတ္တဏျ-ပစ္စည်းအရ အဟိရိက စေတသိက် ပစ္စည်းတရားသည် အဟိရိကဿ-အရ, အဟိရိက-အရ ထိုနှင့်ယှဉ်ဘက် သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၆)

အဟိရိကဿ-အရ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ နိ၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၅)

(င) ကာယဒုစ္စရိတာဒီဟိ-အရ ကာယဝိညတ်, ကာယဒုစရိုက်-စသော ပစ္စည်းတရားသည် **အဟိရိကံ**-အရ အဟိရိက စေတသိက် ပစ္စယုပ္ပန်တရားအား အာရမ္မဏ (တနည်း) ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ပြိုင်-မရှိ) (တနည်း) **အဟိရိကံ**-အရ အဟိရိက စေတသိက် ပစ္စည်းတရားသည် **ကာယဒုစ္စရိတာဒီဟိ**-အရ ကာယဒုစရိုက်-စသော စေတနာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၆)

ပါဠိ (၁၆၂) [ဋ္ဌ၊၂၉၀။ ပြည်၊တ၊၈။ ဘာသာဋီ၊တ၊၂၃၀]

(က-၁) **လုဗ္ဘန္တိ တေန. (၂) သယံ ဝါ လုဗ္ဘတိ. (၃) လုဗ္ဘနမတ္တမေဝ ဝါ တန္တိ လောဘော**။

(ခ) **မုယှန္တိ တေန. သယံ ဝါ မုယှတိ. မုယှနမတ္တမေဝ ဝါ တန္တိ မောဟော**။

(ဂ) **တေသု လောဘော အာရမ္မဏဂ္ဂဟဏလက္ခဏော မက္ကဋာလေပေါ ဝိယ၊ အဘိသင်္ဂရသော တတ္တကပါလေ ခိတ္တမံသပေသိ ဝိယ၊ အပရိစ္စာဂပစ္စုပဋ္ဌာနော တေလဉ္ဇနရာဂေါ ဝိယ၊ သံယောဇနီယဓမ္မေသု အဿာဒဒဿနပဒဋ္ဌာနော၊ သော တဏှာနဒီဘာဝေန ဝဍ္ဎမာနော သီဃသောတာ နဒီ ဝိယ မဟာသမုဒ္ဒံ. အပါယမေဝ ဂဟေတွာ ဂစ္ဆတီတိ ဒဋ္ဌဗ္ဗော**။

➤ ❶ ။ **(က)** တေန၊ထို သဘောတရားဖြင့်၊သမ္ပယုတ္တဓမ္မာ၊တို့သည်၊လုဗ္ဘန္တိ၊တပ်မက်တတ်ကုန်၏။

http://www.dhammadownload.com

ဣတိ၊ထိုသို့ သမ္ပယုတ္တတရားတို့၏ လိုချင်ခြင်း၏အဖြစ်ကြောင့်။(သော၊ထိုသဘောတရားသည်) လောဘော၊ လောဘမည်၏။ဝါ၊တနည်းကား။(ယော သဘာဝေါ၊အကြင်သဘောတရားသည်)သယံ၊မိမိဟူသော လောဘကိုယ်တိုင်။လုဗ္ဘတိ၊တက်မက်တတ်၏။ဣတိ၊ထိုသို့ လိုချင်တတ်သည်၏အဖြစ်ကြောင့်။(သော၊ထိုသဘောတရားသည်) လောဘော၊မည်၏။ဝါ၊ကား။တံ ဓမ္မဇာတံ၊ထိုသဘောတရားသည်။လုဗ္ဘနမတ္တမေဝ၊တပ်မက်ခြင်းမျှသာတည်း။ဣတိ တသ္မာ၊ထို့ကြောင့်။လောဘော၊မည်၏။ (**ခ**) တေန၊ထိုသဘောတရားဖြင့်။သမ္ပယုတ္တဓမ္မာ၊တို့သည်။မုယှန္တိ န ဗုဇ္ဈန္တိ၊တွေဝေတတ်ကုန်၏။(ဝါ) မသိတတ်ကုန်။ဣတိ၊ထိုသို့ သမ္ပယုတ္တ တရားတို့၏ တွေဝေကြောင်း၏အဖြစ်ကြောင့်။(သော၊ထိုသဘောတရားသည်) မောဟော၊မည်၏။ဝါ၊ကား။(ယော သဘာဝေါ၊သည်။)သယံ၊မိမိဟူသော မောဟကိုယ်တိုင်။မုယှတိ၊တွေဝေတတ်၏။ဣတိ၊ထိုသို့ တွေဝေတတ်သည်၏အဖြစ်ကြောင့်။(သော၊သည်) မောဟော၊မည်၏။ဝါ၊ကား။တံ ဓမ္မဇာတံ၊ထိုသဘောတရားသည်။မုယှနမတ္တမေဝ၊တွေဝေခြင်းမျှသာတည်း။ဣတိ တသ္မာ၊ကြောင့်။မောဟော၊မည်၏။

(**ဂ**) တေသု၊ထိုနှစ်ပါးတို့တွင်။လောဘော၊သည်။အာရမ္မဏဂ္ဂဟဏလက္ခဏော၊ငါ၏ဥစ္စာ ငါ့ဟာဟူ၍ အာရုံကို ကိုင်ခြင်း စွဲလမ်းခြင်း လက္ခဏာရှိ၏။မက္ကဋာလေပေါ ဝိယ၊မျောက်နဲ့စေးကဲ့သို့တည်း။အဘိသင်္ဂရသော၊အာရုံ၌ ရေးရှုကပ်ခြင်း ငြိခြင်းကိစ္စရှိ၏။တတ္တကပါလေ၊အိုးကင်းပူ၌။ခိတ္တမံသပေသိ ဝိယ၊ချအပ်သော သားတစ်ကဲ့သို့တည်း။အပရိစ္စာဂပစ္စုပဋ္ဌာနော၊မစွန့်မလွှတ် မြဲစွာ ဆွဲလျက် လွှတ်စေကျွတ်စေနိုင်ခဲသည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။တေလဉ္ဇန ရာဂေါ ဝိယ၊ဆီ, မင်, စွန်းခြင်းကဲ့သို့တည်း။သံယောဇနိယ ဓမ္မေသု၊သံယောဇဉ်၏ အာရုံဖြစ်သော တရားတို့၌။အဿာဒ ဒဿန ပဒဋ္ဌာနော၊သာယာသည်၏ အစွမ်းအားဖြင့် ရှုခြင်းလျှင် နီးသော အကြောင်းရှိ၏။တဏှာနဒီ ဘာဝေန၊တဏှာမြစ်၏အဖြစ်ဖြင့်။ ဝဍ္ဎမာနော၊စည်ပင် ပွားစီး ကြီးမားလတ်သော်။သီဃသောတာ၊လျင်မြန်သော ရေအယဉ်ရှိသော။နဒီ၊မြစ်သည်။ ပတိတံ၊မိမိအပေါ်၌ ကျသောဝတ္ထုကို။ဂဟေတွာ၊ယူ၍။မဟာသမုဒ္ဒံ၊မဟာသမုဒ္ဒရာသို့။ဂစ္ဆတိ ဣဝ၊သွား၏သို့။ (တထာ၊ထိုအတူ)သတ္တေ၊သတ္တဝါတို့ကို။ဂဟေတွာ၊ယူ၍။အပါယ မေဝ၊အပါယ်သို့သာလျှင်။ဂစ္ဆတိ၊သွား၏။ ဣတိ၊ဤသို့။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

➢ ❷ ။ **(က–၂) သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က–၁) ဖြင့် လောဘော၌ ဏပစ္စည်း ကရဏသာဓနအနက်ကိုဟော၍ ကရဏသာဓန ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ ထိုသို့ဆို ချေသော် ဆိုအပ်ပြီးသောအနက်နှင့် ဆိုအပ်ပြီးသော ဝစနတ္ထသာလျှင် ဖြစ်၏ဟူသော အဓိပ္ပါယ်ရောက်ရာ သည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က–၁) ဖြင့် လောဘော၌ ဏပစ္စည်း ကရဏ သာဓနအနက်ကိုဟော၍ ကရဏသာဓန ဝစနတ္ထပြုရမည်ဟုသာ မဆိုသင့်။ ဏပစ္စည်း၏ အခြားဖြစ်သင့် သော အနက်နှင့် ဝစနတ္ထ တစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ ဏပစ္စည်း၏ အခြားဖြစ်သင့်သော အနက်နှင့် ဝစနတ္ထ တစ်မျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က–၂) မိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ (က)(ခ)(ဂ) တို့ဖြင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

(က) သယံ ဝါ–၌ ဝါ–သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ လောဘ၏ ကရဏသာဓန ဝစနတ္ထမှတပါး ကတ္တုသာဓန ဝစနတ္ထဟူသော အကြောင်းသကတ်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်

http://www.dhammadownload.com

သယံ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။ (တနည်း) လောဘော-၌ ဏပစ္စည်း၏ ကရဏသာဓနအနက် အကြောင်း မှ တပါး ကတ္တုသာဓနအနက်အကြောင်းတပါးကို လဲလှယ်ပြလိုသောကြောင့် သယံ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။ ✻ **လုဗ္ဘနမတ္တမေဝ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ လောဘ၏ ကရဏ, ကတ္တုသာဓန ဝစနတ္ထမှတပါး ဘာဝသာဓန ဝစနတ္ထဟူသော အကြောင်းသကတ် တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် လုဗ္ဘနမတ္တမေဝ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။ (တနည်း) လောဘော-၌ ဏပစ္စည်း၏ ကရဏ, ကတ္တုသာဓနအနက် အကြောင်းမှ တပါး ဘာဝသာဓနအနက် အကြောင်းတပါးကို လဲလှယ်ပြလိုသောကြောင့် လုဗ္ဘနမတ္တမေဝ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

(ခ) ၌လည်း "လောဘ" နေရာတွင် "မောဟ" ပြောင်းလဲပေးပါ။

➤ **၉** ။ မက္ကတိ စလတီတိ **မက္ကဋော**။ (မက္က ဓာတ်+အဋပစ္စည်း၊ တုန်လှုပ်ခြင်းကြိယာ)

အာလိမ္ပတိ တေနာတိ **အာလေပေါ**။ မက္ကဋဿ အာလေပေါ **မက္ကဋာလေပေါ**။

(၂) မက္ကဋပုဒ်+အာလေပပုဒ်သည်၎င်း၊ မျောက်၏ လိမ်းကျံကြောင်း သစ်စေးနှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဇျပ္ပတ္တိနိမိတ်။ (၄) မျောက်နှေးစေးတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အဿာဒီယတေ အဿာဒေါ။ ဒဿီယတေ ဒဿနံ။ အဿဒေန ဒဿနံ **အဿာဒဒဿနံ**။

ပဒါနံ ဌာနံ ပဒဋ္ဌာနံ။ (အကြောင်းတို့၏+အကြောင်း) ပဒဋ္ဌ တံ ဌာနဥ္စာတိ ဝါ ပဒဋ္ဌာနံ။

✻ အဿာဒဒဿနံ ပဒဋ္ဌာနံ ဧတဿာတိ **အဿာဒဒဿနပဒဋ္ဌာနော**။ (၂) သာယာသည်၏အစွမ်းဖြင့် ရှုခြင်းလျှင် နီးစွာသောအကြောင်း၏ လောဘနှင့် အကြောင်း+အကျိုး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဇျပ္ပတ္တိနိမိတ်။

တေလဿ အဋ္ဋနံ **တေလဋ္ဋနံ**။ (ဆီ၏+စွန်းခြင်း) တေလဋ္ဋနဿ ရာဂေါ **တေလဋ္ဋနရာဂေါ**။ (ဆီစွန်းခြင်း၏+တပ်စွဲခြင်း) ✻ အဘိက္ခဏံ နဒတီတိ နဒီ။ (နဒ+အ-ဤ)

တဏှာ ဧဝ နဒီ တဏှာနဒီ။ တဏှာနဒိယာ ဘာဝေါ **တဏှာနဒီဘာဝေါ**။

➤ **၆** ။ **(က)** ၌ လုဗ္ဘန္တိ တေန-ဖြင့် လောဘော-၌ လုဘဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကရဏသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) လုဗ္ဘန္တိ တေနာတိ လောဘော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

သယံ လုဗ္ဘတိ-ဖြင့် လောဘော-၌ လုဘဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) လုဗ္ဘတီတိ လောဘော-ဟု ပြုရမည်ကိုင်း (အဘိဓာနတ္ထ) လောဘမှတပါး လိုချင်တပ်မက်သော ကတ္တားမည်သည် မရှိဟူသော အဓိပ္ပါယ်ကိုင်း (ဘာဝတ္ထ) သိစေပါသည်။ **လုဗ္ဘနမတ္တမေဝ**-ဖြင့် လောဘော-၌ လုဘဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) လုဗ္ဘနံ လောဘော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) လောဘသည် မိမိအလိုသို့ လိုက်၍ ဖြစ်သည်မဟုတ်၊ အာရုံစသော အကြောင်းညီညွတ်သောကြောင့် ဖြစ်၏ဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

http://www.dhammadownload.com

(ခ) ၌ မုယှန္တိ တေန-ဖြင့် မောဟော-၌ မုဟာတတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကရဏသာဓနေအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) မုယှန္တိ တေနာတိ မောဟော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။ **သယံ မုယှတိ**-ဖြင့် မောဟော-၌ မုဟာတတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်ကိုင်း(ဒု ပစ္စယတ္ထ) မုယှတီတိ မောဟော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။ **မုယှနမတ္တမေဝ** ဖြင့် မောဟော-၌ မုဟာတတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ဘာဝသာဓနေအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) မုယှနံ မောဟော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

➤ **❼** ။ **လုဗ္ဘနမတ္တမေဝ-၌** (၁) ဘာဝသာဓနေသည် ဂဟေတဗ္ဗတ္ထ။ (၂) ကမ္မ, သမ္ပဒါန, အဓိကရဏသာဓနေတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ကတ္တု, ကရဏသာဓနေတို့သည် အနုညာတတ္ထ။

(တနည်း) (၁) လိုချင်တပ်မက်ခြင်း အမူအရာကြိယာမျှသည် ဂဟေတဗ္ဗတ္ထ။ (၂) လိုချင်တပ်မက်ကြောင်း ကရဏသတ္တိ, လိုချင်တပ်မက်သော ကတ္တုသတ္တိတို့သည် နိဝတ္တေတဗ္ဗတ္ထ။

မုယှနမတ္တမေဝ-၌ (ရှေ့နည်းတူပြီ) (၁) တွေဝေခြင်း, မသိခြင်းကြိယာမျှသည် ဂဟေတဗ္ဗတ္ထ (၂) တွေဝေကြောင်း, မသိကြောင်း ကရဏသတ္တိ, တွေဝေတတ် မသိတတ်သော ကတ္တုသတ္တိတို့သည် နိဝတ္တေတဗ္ဗတ္ထ။ **အပါယမေဝ-၌** (၁) အပါယ် လေးပါးသည် ဂဟေတဗ္ဗတ္ထ။ (၂) သုဂတိဘဝသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) အပါယ်လေးပါး၏ ကောင်းမှုကုသိုလ်မှ ကင်းခြင်းဂုဏ်သည် အနုညာတတ္ထ။

(ဂ) တေသု-၌ တ-ကား ရှေးဝါကျ၌ဆိုခဲ့ပြီးသော လောဘ, မောဟတို့ကို စွဲသောကြောင့် ပဋ္ကန္တ ဝိသယ။ **မက္ကဋာလေပေါ ဝိယ**-၌ ဝိယ-ကား ဥပရိက္ချဇောတက (တနည်း) ဥပမာဇောတက။

➤ **❽** ။ **ကြိယာငါးတန်** ။ ။ **(က) တေန, သယံ, လုဗ္ဘတိ, လုဗ္ဘနမတ္တမေဝ, တံ, လောဘော-တို့အရ "လောဘ"** ကို ယူ၍

(၁) ထိုလောဘ စေတသိက်သည် ဒဿနတ္ထ။ (၂) အယောနိသော မနသိကာရသည်ငင်း, လောဘနိယဝတ္ထုသည်ငင်း ဒီပကတ္ထ။ (၃) သောကဘယသည်ငင်း, အကြောင်း အကျိုးကို ဟုတ်တိုင်းမှန်စွာ မသိခြင်းသည်ငင်း ပကာသနတ္ထ။ (၄) အသဒ္ဓမ္မဿဝန, ဗာလူပသေဝန စသည်သည် ဝိဘာဝတ္ထ။ (၅) ပြိတ္တာဘုံဘဝသို့ ရောက်ရခြင်း စသည်သည် အနုဘာဝတ္ထ။

(ခ) တေန, သယံ, မုယှနမတ္တမေဝ, တံ, မောဟော-တို့အရ = မောဟ ကို ယူ၍

(၁) ထိုမောဟသည် ဒဿနတ္ထ။ (၂) အာသဝေါတရားတို့၏ ဖြစ်ခြင်းသည် ဒီပကတ္ထ။ (၃) ဇရာ, မရဏတို့ဖြင့် အမြဲမပြတ်နှိပ်စက်ခံရ ခြင်းသည် ဝိဘာဝတ္ထ။ (၄) အဝိဇ္ဇာဖြစ်သဖြင့် ကမ္မဘဝ, သင်္ခါရတို့ကို အားထုတ်ခြင်းသည် ပကာသနတ္ထ။ (၅) ပဋိသန္ဓေဝိညာဉ်ဖြစ်ခြင်း စသော အဆက်မပြတ် သံသရာ စက်လည်ရခြင်းသည် အနုဘာဝတ္ထ။

➤ **❶❶** ။ **(က) လုဗ္ဘန္တိ+တေန** ။ ။ တေန-အရ လောဘ ပစ္စည်းတရားသည် လုဗ္ဘန္တိ-အရ လောဘကြဉ်သော လောဘမူစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

http://www.dhammadownload.com

သယံ-အရ လောဘ ပစ္စည်းတရားသည် **လုဒ္ဓတိ**-အရ လောဘကြဉ်သော လောဘမူစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၇)

လုဒ္ဓနမတ္တံ-အရ လောဘ ကြဉ်သော လောဘမူစိတ္တုပ္ပါဒ် ပစ္စည်းတရားသည် **တံ**-အရ လောဘ စေတသိက် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ကံ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၃)

ပါဌ် (၁၆၃) [ဋ္ဌ၊၂၉၁။ ပြည်၊တ၊၁၀။ ဘာသာဋီ၊တ၊၂၃၂]

(က) **အဘိဇ္ဈာယန္တိ တာယ, (ခ) သယံ ဝါ အဘိဇ္ဈာယတိ, (ဂ) အဘိဇ္ဈာယနမတ္တ မေဝ ဝါ ဧသာတိ အဘိဇ္ဈာ။**

(ဃ) **သာ ပရသမ္ပတ္တီနံ သကကရဏဣစ္ဆာလက္ခဏာ၊ တေနာကာရေန ဧသနဘာဝရသာ၊ ပရသမ္ပတ္တိအဘိမုခဘာဝပစ္စုပဋ္ဌာနာ၊ ပရသမ္ပတ္တီသု အဘိရတိပဒဋ္ဌာနာ။**

(င-၁) **ပရသမ္ပတ္တိအဘိမုခါဝ ဟိ သာ ဥပဋ္ဌာတိ၊** (င-၁) **တာသုစ အဘိရတိယာ သတိ ပဝတ္တတိ။** (စ) **ပရသမ္ပတ္တီသု စေတသော ဟတ္ထပ္ပသာရော ဝိယာတိ ဒဋ္ဌဗ္ဗော။**

➤ **၁** ။ **(က)** တာယ ဓမ္မဇာတိယာ၊ထိုသဘောတရားဖြင့်။(သမ္ပယုတ္တဓမ္မာ၊သမ္ပယုတ်တရားတို့သည်) အဘိဇ္ဈာယန္တိ၊သူတပါးစည်းစိမ်သို့ ရှေးရှုကြံတတ်ကုန်၏။ဣတိ၊ထို့ကြောင့်။(သာ၊ထိုသဘောတရားသည်။ အဘိဇ္ဈာ၊မည်၏။ **(ခ)** ဝါ၊တနည်းကား။(ယာဓမ္မဇာတိ၊အကြင်သဘောတရားသည်)သယံ၊မိမိဟူသော အဘိဇ္ဈာကိုယ်တိုင်။အဘိဇ္ဈာယတိ၊သူတပါးစည်းစိမ်သို့ ရှေးရှုကြံတတ်၏။ဣတိ၊ထို့ကြောင့်။(သာ ဓမ္မဇာတိ၊ ထိုသဘောတရားသည်။အဘိဇ္ဈာ၊မည်၏။

(ဂ) ဝါ၊ကား။ဧသာ ဓမ္မဇာတိ၊ဤသဘောတရားသည်။အဘိဇ္ဈာယနမတ္တမေဝ၊သူတပါးစည်းစိမ်သို့ ရှေးရှုကြံခြင်းမျှသည် သာ။ဟောတိ၊၏။ဣတိ တသ္မာ၊ထို့ကြောင့်။အဘိဇ္ဈာ၊မည်၏။ **(ဃ)** သာ အဘိဇ္ဈာ၊ထို အဘိဇ္ဈာသည်။ပရသမ္ပတ္တီနံ၊သူတပါးစည်းစိမ်တို့ကို။သကကရဏဣစ္ဆာလက္ခဏာ၊မိမိဥစ္စာပြုလိုခြင်း လက္ခဏာ ရှိ၏။တေနာကာရေန၊ထို သူတပါးစည်းစိမ်ကို မိမိဥစ္စာပြုလိုသော အခြင်းအရာအားဖြင့်။ဧသန ဘာဝရသာ၊ ရှာတတ်သည်၏ အဖြစ်ဟူသော ကိစ္စရှိ၏။ပရသမ္ပတ္တိအဘိမုခဘာဝပစ္စုပဋ္ဌာနာ၊သူတပါးစည်းစိမ်သို့ ရှေးရှု သည်၏အဖြစ်ဖြင့် ဉာဏ်အား ထင်တတ်၏။ပရသမ္ပတ္တီသု၊သူတပါးစည်းစိမ်တို့၌။အဘိရတိ ပဒဋ္ဌာနာ၊အလွန် မွေ့လျော်သော ရှေ့သွားတဏှာလျှင် နီးစွာသော အကြောင်းရှိ၏။ **(င)** ဟိ-သစ္စံ၊မှန်၏။ပရသမ္ပတ္တိ အဘိမုခါ ဧဝ၊သူတပါးစည်းစိမ်သို့ ရှေးရှုသည်ဖြစ်၍သာလျှင်။သာ အဘိဇ္ဈာ၊ထိုအဘိဇ္ဈာသည်။ဥပဋ္ဌာတိ၊ဉာဏ် အား ထင်တတ်၏။

(စ) စ၊ထိုမှတပါး။တာသု၊ထိုသူတပါး စည်းစိမ်တို့၌။အဘိရတိယာ၊အလွန်မွေ့လျော်သော ရှေ့သွား တဏှာသည်။သတိ၊ရှိသော်။သာ အဘိဇ္ဈာ၊သည်။ပဝတ္တတိ၊ဖြစ်၏။(သာ အဘိဇ္ဈာ၊ထိုအဘိဇ္ဈာကို။) ပရ သမ္ပတ္တီသု၊သူတပါးစည်းစိမ်တို့၌။စေတသော၊စိတ်၏။ဟတ္ထပ္ပသာရော ဝိယာတိ၊ဥစ္စာထုပ်ကိုယူအံ့ဟု ဆန့်တန်း စမ်းသပ်သော ခိုးသူလက်နှင့် တူ၏ဟူ၍။ဒဋ္ဌဗ္ဗော၊၏။

http://www.dhammadownload.com

➢ ❷ ။ **(င) သို့/ ဠပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် အဘိဇ္ဈာ၏ ပစ္စုပ္ပဋ္ဌာန်ကို ပရသမ္ပတ္တိအဘိမုခပစ္စုပ္ပဋ္ဌာနာ-ဟူ၍၎င်း၊ အဘိဇ္ဈာ၏ ပဒဋ္ဌာန်ကို ပရသမ္ပတ္တိသု အဘိရတိပဒဋ္ဌာနာ-ဟူ၍၎င်း ဖွင့်ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဆရာ့စကားသည် ယုတ္တိကင်းပ ဒဠှီယမျှသာဖြစ်၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ထိုသို့ မခိုင်မြဲသောကြောင့် (ဃ) ဖြင့်--ဟူ၍၎င်း မဖွင့်ဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (င) မိန့်။

(င-၂) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င-၁) ဖြင့် ပရသမ္ပတ္တိအဘိမုခပစ္စုပ္ပဋ္ဌာန်၏ အသင့်ယုတ္တိကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပရသမ္ပတ္တိအဘိမုခပစ္စုပ္ပဋ္ဌာန်၏ အသင့်ယုတ္တိကိုသာ သိအပ်၏ဟူသော အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ပရသမ္ပတ္တိသု အဘိရတိပဒဋ္ဌာန်၏ အသင့်ယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ပရသမ္ပတ္တိသု အဘိရတိပဒဋ္ဌာန်၏ အသင့်ယုတ္တိကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (င-၂)မိန့်။

(စ) သို့/ ဠပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င-၁) ဖြင့် ထိုအဘိဇ္ဈာသည် သူတစ်ပါးစည်းစိမ်သို့ ရှေးရှုသည်ဖြစ်၍သာလျှင် ဉာဏ်အား ရှေးရှုထင်လာတတ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သူတစ်ပါးစည်းစိမ်သို့ ရှေးရှုပုံကို ဥပမာဖြင့် ထင်စွာမပြဆိုဟူသော အနက်သဘော ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (င-၁) ဖြင့် ထိုအဘိဇ္ဈာသည် သူတစ်ပါးစည်းစိမ်သို့ ရှေးရှုသည်ဖြစ်၍သာလျှင် ဉာဏ်အား ရှေးရှုထင်လာတတ်၏ဟု မဆိုသင့်။ သူတစ်ပါးစည်းစိမ်သို့ ရှေးရှုပုံကို ဥပမာဖြင့် ထင်စွာပြဆိုသင့်သေး၏။ ပြဆိုပုံကား အဘယ်ပါနည်း။ ဤသို့--ကြောင့် (စ)မိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ **(က)(ခ)(ဂ)(ဃ)** တို့ဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(င)** ဖြင့် (ဃ) ကို ယုတ္တိအားဖြင့် ခိုင်မြဲအောင်ပြုသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် (င-၁) ဝါကျကို ဥပမာဖြင့် ထင်ရှားအောင်ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

➢ ❹ ။ ဟရန္တိ အနေနာတိ ဟတ္ထော။ (ဟရ+ထ) ဟသန္တိ အနေနာတိ ဟတ္ထော။ (ဟသ+ထ)

ပသာရတီတိ ပသာရော။ (ပပုဗ္ဗ သရဓာတ်+ဏပစ္စည်း၊ ဆန့်တန်းစမ်းသပ်ခြင်းကြိယာ)

ပသာရော ဟတ္ထော ဟတ္ထပ္ပသာရော။

(တနည်း) ပသာရောစ သော ဟတ္ထောစာတိ **ဟတ္ထပ္ပသာရော**။ (၂) ပသာရပုဒ်+ဟတ္ထပုဒ်သည်၎င်း ဥစ္စာထုပ်ကိုယူအံ့ဟူ၍ ဆန့်တန်းစမ်းသပ်ခြင်း ပသာရဘောဂုဏ်၏ ခိုးသူလက်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ခိုးသူလက်၏ ဥစ္စာထုပ်ကို ယူအံ့ဟူ၍ ဆန့်တန်စမ်းသပ်သည်၏ အဖြစ်ဟူသော ပသာရဘောဂုဏ်သည် ပဝတ္တိနိမိတ်။

အဘိရမန် အဘိရတိ။ (အဘိပုဗ္ဗ ရမု+တိ) အဘိရတိ ပဒဋ္ဌာန် ဧတိဿာတိ **အဘိရတိပဒဋ္ဌာနာ**။ (အဘိဇ္ဈာ ရ၏။) ပရဿ သမ္ပတ္တိ ပရသမ္ပတ္တိ။ သမ္ပတ္တိ အဘိမုခါ **သမ္ပတ္တိအဘိမုခါ**။

➢ ❺ ။ **(က)** ဌ္ဌ အဘိဇ္ဈာယန္တိ တာယ-ဖြင့် အဘိဇ္ဈာ-ဌ္ဌ အဘိပုဗ္ဗ ဈေဓာတ်၏အဖြစ်ကို၎င်း(ဒု-

http://www.dhammadownload.com

ဓာတုပဒ) အပစ္စည်း၏ ကရဏသာဓနေအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) အဘိဇ္ဈာယန္တိ တာယာတိ အဘိဇ္ဈာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ သယံ အဘိဇ္ဈာယတိ-ဖြင့် အဘိဇ္ဈာ-၌ အဘိပုဗ္ဗ ဈေဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) အပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) အဘိဇ္ဈာယတီတိ အဘိဇ္ဈာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ၌ အဘိဇ္ဈာယနမတ္တမေဝ-ဖြင့် အဘိဇ္ဈာ-၌ အဘိပုဗ္ဗ ဈေဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) အပစ္စည်း၏ ဘာဝသာဓနေအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) အဘိဇ္ဈာယနံ အဘိဇ္ဈာ-ဟု ပြုရမည် ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

➤ **❼** ။ **အဘိဇ္ဈာ**-၌ အဘိ-ကား အဘိမုခတ္ထ။ (င) **ဟိ**-ကား ဒဠှီကရဏတ္ထ။ **တာသုစ**-၌ စ-ကား ပက္ခန္တရတ္ထ၊ ဝါကျာရမ္ဘတ္ထ။ **တာသု**-၌ တ-ကား ဆိုခဲ့ပြီးသော ပရသမ္ပတ္တိကို စွဲယူသောကြောင့် ပက္ကန္တဝိသယ။ **(ဂ) အဘိဇ္ဈာယနမတ္တမေဝ-၌** (၁) ရှေးရှုကြံခြင်းကြိယာမျှသည် ဂဟေတဗ္ဗတ္ထ။ (၂) ရှေးရှုကြံကြောင်း ကရဏသတ္တိ, ရှေးရှုကြံတတ်သော ကတ္တုသတ္တိသည် နိဝတ္တေတဗ္ဗတ္ထ။(တနည်း) (၁) ဘာဝသာဓနေသည် ဂဟေတဗ္ဗတ္ထ။ (၂) ကမ္မ, သမ္ပဒါန, အဓိကရဏသာဓနေတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ကတ္တု, ကရဏသာဓနေတို့သည် အနုညာတတ္ထ။

(င) ပရသမ္ပတ္တိအဘိမုခါဝေ-၌ (၁) သူတစ်ပါးစည်းစိမ်သို့ ရှေးရှုခြင်းသည် ဂဟေတဗ္ဗတ္ထ။ (၂) မိမိစည်းစိမ်သို့ ရှေးရှုခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သူတစ်ပါးစည်းစိမ်၏ နှစ်သက်ဖွယ်ကောင်းသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် အနုညာတတ္ထ။

➤ **❽** ။ **ကြိယာငါးတန်** ။ ။ **(စ) ဒဠှဗ္ဗာ-၌ ဗဟုဇုတ္တ-အရ = "အဘိဇ္ဈာ"** ကို ယူ၍

(၁) ထိုအဘိဇ္ဈာသည် ဒဿနတ္ထ။ (၂) အယောနိသောမနသိကာရသည် (ဝါ) ပရသမ္ပတ္တိအဘိရတိသည် ဒီပကတ္ထ။ (၃) ကာယိကဒုက္ခ, စေတသိကဒုက္ခဖြစ်ရခြင်းသည် ပကာသနတ္ထ။ (၄) ဗာလူပသေဝန စသည်သည်ငှင်း, သူတစ်ပါးစည်းစိမ်ဥစ္စာသည်ငှင်း ဝိဘာဝတ္ထ။ (၅) ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရခြင်းစသည် သည် အနုဘာဝတ္ထ။

➤ **❾ ❿** ။ **(င) ပရသမ္ပတ္တိ အဘိမုခါ+ဥပဋ္ဌဟာတိ** ။ ။ ပရသမ္ပတ္တိအဘိမုခါ-အရ အဘိဇ္ဈာ ပစ္စည်းတရားသည် ဥပဋ္ဌာတိ-အရ အဘိဇ္ဈာ(လောဘ)ကြဉ် လောဘမူစိတ္တုပ္ပါဒ် ပစ္စယုပ္ပန် တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိ။

တာသု+ပဝတ္တတိ ။ ။ တာသု-အရ သူတစ်ပါးစည်းစိမ်ဘဏ္ဍာ ပစ္စည်းတရားသည် ပဝတ္တတိ - အရ အဘိဇ္ဈာ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ ဓိ၊ ဥပ၊ ပု၊ အတ္ထိ၊ အဝိဂတ (၆)

ပါဠိ (၁၆၄) [ဋ္ဌ၊၂၉၁။ ပြည်၊တ၊၁၁။ ဘာသာဋီ၊တ၊၂၃၃]

(က) **သမထော ဖောတီတိ အာဒီသု အညေသု ကိစ္စေသု ဝိက္ခေပသာနတော သမထော။ အကုသလပ္ပဝတ္တိယံ စိတ္တံ ပဂ္ဂဏှာတီတိ ပဂ္ဂါဟော။ န ဝိက္ခိပတီတိ အဝိက္ခေပေါ။**

http://www.dhammadownload.com

(ခ) ကုမသ္မိံ စိတ္တေ သဒ္ဓါ သတိ ပညာ ဆ ယုဂဠကာနီတိ ကုမေ ဓမ္မာ န ဂဟိတာ။

(ဂ) ကသ္မာ? အသဒ္ဓိယစိတ္တေ ပသာဒေါ နာမ နတ္ထိ။ တသ္မာ တာဝ သဒ္ဓါ န ဂဟိတာ။

(ဃ) ကိံ ပန ဒိဋ္ဌိဂတိကာ အတ္တနော အတ္တနော သတ္ထာရာနံ န သဒ္ဒဟန္တီတိ ? ။

(င) သဒ္ဒဟန္တိ။ (စ) သာ ပန သဒ္ဓါ နာမ န ဟောတိ။

(ဆ) ဝစနသမ္ပဋိစ္ဆနမတ္တမေဝေတံ။ (ဇ) အတ္ထတော အနုပပရိက္ခာ ဝါ ဟောတိ ဒိဋ္ဌိ ဝါ။

➤ ❶ ။ **(က)** သမထော ဟောတီတိ အာဒီသု၊အစရှိသော ပါဠိတို့၌။အညေသု၊တပါးသော အာရုံတို့၌။ဝိက္ခေပ သမနတော၊ပျံ့လွင့်ခြင်းကို ငြိမ်းစေတတ်သည်၏ အဖြစ်ကြောင့်။သမထော၊မည်၏။ အကုသလပ္ပဝတ္တိယံ၊အကုသိုလ်၏ ဖြစ်ခြင်း၌။စိတ္တံ၊ကို။ပဂ္ဂဏှာတိ၊ချီးပင့်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ ပဂ္ဂါဟော၊မည်၏။န ဝိက္ခိပတိ၊မပျံ့လွင့်တတ်။ဣတိ တသ္မာ၊ထို့ကြောင့်။အဝိက္ခေပေါ၊မည်၏။

(ခ) ဣမသ္မိံ စိတ္တေ၊ဤပဌမ အကုသိုလ်စိတ်၌။သဒ္ဓါ၊သဒ္ဓါဒ္ဒင်း။သတိ၊သတိဒင်း။ပညာ၊ပညာဒင်း။ ဆ၊ခြောက်ပါးကုန်သော။ယုဂဠကာနိ၊ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ-စသော အစုံတရားတို့ဒင်း။ဣတိ ဣမေ ဓမ္မာ၊ဤကိုးပါးသော တရားတို့ကို။နဂဟိတာ၊ မယူအပ်ကုန်။ **(ဂ)** ကသ္မာ၊အဘယ့်ကြောင့်။န ဂဟိတာ၊ယူတော် မမူအပ်ကုန်သနည်း။(ယသ္မာ၊အကြင်ကြောင့်။အသဒ္ဓိယ စိတ္တေ၊သဒ္ဓါခြင်း ကင်းသောစိတ်၌။ပသာဒေါ နာမ၊ကြည်ညိုခြင်းမည်သည်။နတ္ထိ၊မရှိ။တသ္မာ၊ထို့ကြောင့်။တာဝ၊သတိ, ပညာ စသည်တို့မှ ရှေးဦးစွာ။ (နိဒ္ဒိဋ္ဌာ၊ညွှန်ပြအပ်သော). သဒ္ဓါ၊ကို။န ဂဟိတာ၊ပါဠိတော်၌ ယူတော်မမူအပ်။

(ဃ) ဒိဋ္ဌိ ဂတိကာ၊ဒိဋ္ဌိအယူရှိကုန်သော သူတို့သည်။အတ္တနော အတ္တနော၊မိမိ မိမိ၏။သတ္ထာရာဒီနံ၊ဆရာ-စသည်တို့ကို။ဝါ၊တို့၏။ဝစနံ၊ကို။န သဒ္ဒဟန္တိ ကိံ ပန၊မယုံကြည်ကုန်သလော။ဣတိ အယံ၊ကား။ ပုစ္ဆာ၊တည်း။ **(င)** သဒ္ဒဟန္တိ၊ယုံကြည်ကုန်၏။ **(စ)** ပန၊ထိုသို့ ယုံကြည်သော်လည်း။သာ သဒ္ဒဟနာ၊ ထိုသို့ ယုံကြည်ခြင်းသည်။သဒ္ဓါနာမ၊သဒ္ဓါမည်သည်။န ဟောတိ၊မဖြစ်။ **(ဆ)** ဧတံ၊ဤသို့ ယုံကြည်ခြင်းသည်။ ဝစနသမ္ပဋိစ္ဆနမတ္တမေဝ၊စကားကို ဝန်ခံခြင်းမျှသာလျှင်။ဟောတိ၊ဖြစ်၏။ **(ဇ)** အတ္ထတော၊သရုပ်အားဖြင့်။ အနုပပရိက္ခာဝါ၊ဆင်ခြင်ခြင်းကင်းသော မောဟသည်မူလည်း။ဝါ၊ဆင်ခြင်တတ်သော ပညာ၏ ဆန့်ကျင် ဘက်ဖြစ်သော မောဟသည်မူလည်း။ဟောတိ၊ဖြစ်၏။ဒိဋ္ဌိဝါ၊ဒိဋ္ဌိသည်မူလည်း။ဟောတိ၊၏။

➤ ❷ ။ **(ဂ) သို့/ ဌပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဤပထမ အကုသိုလ်စိတ်၌ သဒ္ဓါ, သတိ, ပညာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ-စသော (၉)ပါးသော တရားတို့ကို ပါဠိတော်၌ မယူ အပ်ကုန်ဟု ဆို၏။ ထိုသို့ဆိုချေသော် ယင်းသို့ မယူရခြင်း၏ အကြောင်းကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (ခ) ဖြင့် ဤပထမ အကုသိုလ်စိတ်၌ သဒ္ဓါ, သတိ, ပညာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ-စသော (၉)ပါးသော တရားတို့ကို ပါဠိတော်၌ မယူအပ်ကုန်ဟု မဆို သင့်။ ယင်းတရားကိုးပါးတို့ကို ပါဠိတော်၌ မယူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့် ကြောင့် ယင်းတရားကိုးပါးတို့ကို ပါဠိတော်၌ မယူအပ်ပါကုန်သနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ကိုယ်တိုင်မေး၍ ဖြေကြားတော်မူလိုသော အဋ္ဌကထာဆရာသည် (ဂ) မိန့်။

(စ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် မိစ္ဆာအယူရှိသူတို့သည် မိမိ မိမိ

http://www.dhammadownload.com

တို့၏ ဆရာစသည်တို့၏ စကားကို ယုံကြည်ကြကုန်သောဟု ဆို၏။ ထိုသို့ဆိုချေသော် ယင်းသို့ ယုံကြည်ခြင်းသည် သဒ္ဓါမည်၏ဟူသော အနက်သဘောသည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် ယင်းသို့ ယုံကြည်ခြင်းသည် သရုပ်တရားကိုယ် အနက်အားဖြင့် မည်သည့်တရားဖြစ်သည်ဟု ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ယင်းသို့ ယုံကြည်ခြင်းသည် သရုပ်တရားကိုယ်အားဖြင့် မည်သည့်တရား ဖြစ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ)(ဆ)(ဇ) ဝါကျတို့ကို မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ဆ)** ဖြင့် ဗျာဘိရေကမှတပါး အနွယ်ကို ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။ **(ဇ)** ဖြင့် (ဆ) ဝါကျ စကားရပ်၌ စောဒနာဖွယ်ရှိ၍ ဆက်လက်ပြသောကြောင့် အဗျာပိတဒေါသကို ပယ်ပါသည်။

➤ ❹ ။ ဒိဋ္ဌိ ဧဝ ဒိဋ္ဌိဂတံ။ ဒိဋ္ဌိဂတံ ဧတေသံ အတ္ထီတိ **ဒိဋ္ဌိဂတိကာ**။ (၂) ဒိဋ္ဌိဂတပုဒ်+ဣကပစ္စည်းသည်၎င်း၊ မိစ္ဆာအယူ၏ ပုဂ္ဂိုလ်တို့နှင့် ဂုဏ်+ဂုဏီ၊ ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) မိစ္ဆာအယူရှိသူတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

နတ္ထိ သဒ္ဓါ ယဿာတိ အဿဒ္ဓေါ။ အဿဒ္ဓဿ ဘာဝေါ **အဿဒ္ဓိယံ**။ (၂) အဿဒ္ဓပုဒ်+ဣယပစ္စည်းသည်၎င်း၊ သဒ္ဓါမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ်နှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) သဒ္ဓါ မရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

အဿဒ္ဓိယဉ္စ တံ စိတ္တဉ္စာတိ **အဿဒ္ဓိယစိတ္တံ**။(တသိ)

ဥပပရိက္ခတီတိ ဥပပရိက္ခာ။ (ဥပ-ရှေး ပရိ-ရှေးရှိသော ဣက္ခဓာတ်+အ-ပစ္စည်း)

န ဥပပရိက္ခာ **အနုပပရိက္ခာ**။ (၂) နပုဒ်+ဥပပရိက္ခာပုဒ်သည်၎င်း၊ ပဋိပက္ခဘောဂုဏ်၏ မစူးစမ်းမဆင်ခြင်တတ်သော မောဟနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။

➤ ❻ ။ **(က)** ၌ ဝိက္ခေပသမနတော-ဖြင့် သမထော၌ သမုဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ထ-ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သမေတီတိ သမထောဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ငြိမ်းစေတတ်၏ဟူသည် ကိလေသာတို့ကို ငြိမ်းစေသည်ကား မဟုတ်၊ ပျံ့လွင့်ခြင်းကို ငြိမ်းစေသတည်းဟူသော အဓိပ္ပါယ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

အညေသု ကိစ္စေသု-ဖြင့် ပျံ့လွင့်၏ဟူသည် တပါးကုန်သော ကိစ္စတို့၏ ပျံ့လွင့်ခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ) **ပဂ္ဂဏှာတိ**-ဖြင့် ပဂ္ဂါဟော-၌ ပပုဗ္ဗ ဂဟဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏပစ္စည်း ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ပဂ္ဂဏှာတီတိ ပဂ္ဂဟော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

အကုသလပ္ပဝတ္တိယံ စိတ္တံ-ဖြင့် ချီမြှောက်တတ်၏ဟူသည် အကုသိုလ်ဖြစ်ခြင်း၌ စိတ်ကို ချီမြှောက်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

န ဝိက္ခိပတိ-ဖြင့်အဝိက္ခေပေါ-၌ ဝိက္ခေပ-ဝယ် ဝိပုဗ္ဗ ခိပဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ)

http://www.dhammadownload.com

ဏပစ္စည်း ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဝိက္ခိပတိတိ ဝိက္ခေပေါ-ဟု ပြုရမည်ကိုင်း (အဘိဓာနတ္ထ) အ-သည် န-၏ ကာရိယ၏ အဖြစ်ကိုင်း(နိပါတလိင်္ဂပဒ) န ဝိက္ခေပေါ အဝိက္ခေပေါ-ဟု နနိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

➤ ❼ ။ (ခ) **သာ ပန**-၌ ပန-ကား လက္ခဏအရုစ္စတ္ထ။ **သာ**-၌ တ-ကား အနုဘူတဝိသယ။ (ဓ) **ဝါ**-ကား ဝိကပ္ပနတ္ထ။

➤ ❽ ။ **ကြိယာဝါးတန်** ။ ။ **(ခ) ဂဟိတာ-၌ ဂဟဓာတ်-အရ** ဘုရားရှင်၏ ဒေသနာ ဉာဏ်တော်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) သဒ္ဓါ, သတိ, ပညာ-စသော ကိုးပါးသော တရား တို့သည် ပကာသနတ္ထ။ (စာ-၄၂၃-ကြည့်)

(င) သဒ္ဒဟန္တိ-အရ = မိစ္ဆာအယူရှိသူတို့၏ မောဟ (ဝါ) ဒိဋ္ဌိကို ယူ၍ (၁) ထို-သည် ဒဿ နတ္ထ။ (၂) အယောနိသောမနသိကာရသည် ဒီပကတ္ထ။ (၃) နောက်နောက်၌ဖြစ်သော အကုသိုလ်စိတ်တို့ သည် ပကာသနတ္ထ။ (၄) တိတ္ထိဆရာတို့ကို ဆည်းကပ်ခြင်းဟူသော အသပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) အပါယဂတိ စသည်သည် အနုဘာဝတ္ထ။

➤ ❾ ။ **(င) သဒ္ဒဟန္တိ-အရ** = မိစ္ဆာအယူရှိသူတို့၏ မောဟ (ဝါ) ဒိဋ္ဌိကို ယူ၍ ထုတ်။

➤ ❶❿ ။ **သတ္ထာရာနံ+သဒ္ဒဟန္တိ** ။ ။ သတ္ထာရာနံ(ဝစနံ) အရ ဆရာတို့၏ စကား အာရုံ ပစ္စည်းတရားသည် သဒ္ဒဟန္တိ-အရ မိစ္ဆာအယူရှိသူတို့၏ မောဟ (ဝါ) ဒိဋ္ဌိ ပစ္စယုပ္ပန်တရားအား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄)

သဒ္ဒဟန္တိ-အရ မောဟ (ဝါ) ဒိဋ္ဌိ ပစ္စည်းတရားက **ဒိဋ္ဌိဂတိကာ**-အရ မိစ္ဆာအယူရှိကုန်သော သူတို့၏ ရုပ်နာမ်ဓမ္မ ပစ္စယုပ္ပန်တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ သဟ၊ ည၊ နိ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၈)

ပါဠိ (၁၆၅) [ဋ္ဌ၊၂၉၄။ ပြည်၊တ၊၁၁။ ဘာသာဋီ၊တ၊၂၄၀]

(က) **နိဒ္ဒေသဝါရေ စိတ္တဿေကဂ္ဂတာနိဒ္ဒေသေ ဟာဝ သဏ္ဌိတိ အဝဋ္ဌိတိ ဣဒံ ဒွယံ ဌိတိ ဝေဝစနမေဝ။** (ခ) **ယံ ပန ကုသလနိဒ္ဒေသေ ""အာရမ္မဏံ ဩဂါဟေတွာ အနုပဝိသိတွာ တိဋ္ဌတီတိ အဝဋ္ဌိတီ""တိ ဝုတ္တံ၊ တံ ဣဓ န လဗ္ဘတိ။**

(ဂ) **အကုသလသ္မိဉှိ ဒုဗ္ဗလာ စိတ္တဿေကဂ္ဂတာတိ ဟေဋ္ဌာ ဒီပိတမေဝ။**

(ဃ) **""ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေန ပဝတ္တဿ ဝိသာဟာရဿ ပဋိပက္ခတော အဝိသာဟာရော""တိ ဧဝရူပေါပိ အတ္ထော ဣဓ န လဗ္ဘတိ။**

(င) **သဟဇာတဓမ္မေ ပန န ဝိသာဟရတီတိ အဝိသာဟာရော။**

➤ ❶ ။ **(က)** နိဒ္ဒေသဝါရေ၌။တာဝ၊ဝီရိယိန္ဒြိယနိဒ္ဒေသ စသည်တို့မှ ရှေးဦးစွာ။(နိဒ္ဒိဋ္ဌေ၊ညွှန် ပြအပ်သော)စိတ္တဿေကဂ္ဂတာ နိဒ္ဒေသေ၌။သဏ္ဌိတိ အဝဋ္ဌိတီတိ ဣဒံ ဒွယံ။ဤသဏ္ဌိတိ, အဝဋ္ဌိတိ- ဟူသော ပုဒ်နှစ်ခုအပေါင်းသည်။ဌိတိဝေဝစန မေဝ၊ဌိတိ၏ ဝေဝုစ်သည်သာလျှင်။ဟောတိ၊၏။ **(ခ)** ပန၊ ဗျတိရိက်ကို ဆိုအံ့။ကုသလ နိဒ္ဒေသေ၌။"အာရမ္မဏံ ဩဂါဟေတွာ အနုပဝိသိတွာ တိဋ္ဌတီတိ အဝဋ္ဌိတီ"တိ၊

http://www.dhammadownload.com

ဟူ၍။ယံ ဝစနံ၊ကို။ဝုတ္တံ၊၏။ဝစနံ၊ကို။ဣဓ၊ဤအကုသလ နိဒ္ဒေသ၌။န လဗ္ဘတိ၊မရအပ်။ **(ဂ)** ဟိ-သစ္စံ၊မှန်၏။ အကုသလစိတ္တသို့်၊၌။ဒုဗ္ဗလာ စိတ္တဿေကဂ္ဂတာတိ၊ဟူ၍။ဟေဋ္ဌာ၊၌။ဒီပိတ မေဝ၊ပြအပ်ပြီးသည်သာလျှင်တည်း။

(ခ+ဂ) ဝါကျ အပြန်အလှန် ။ ။ ပန၊ဆက်။ယံ အတ္ထဇာတံ၊အကြင်အနက်ကို။ကုသလနိဒ္ဒေသေ၊ ကုသလနိဒ္ဒေသ၌။"အာရမ္မဏံ ဩဂါဟေတွာ အနုပဝိသိတွာ တိဋ္ဌတီတိ အဝဋ္ဌိတီ"တိ၊-တိဟူ၍။ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။တံ အတ္ထဇာတံ၊ထိုအနက်ကို။ဣဓ၊ဤအကုသလနိဒ္ဒေသ၌။န လဗ္ဘတိ၊မရအပ်။(ကသ္မာ၊ အဘယ့်ကြောင့်။န လဗ္ဘတိ၊မရအပ်သနည်း။) ဟိ-ယသ္မာ၊အကြင်ကြောင့်။အကုသလသို့်၊အကုသိုလ်စိတ်၌။ စိတ္တဿေကဂ္ဂတာ၊သည်။ဒုဗ္ဗလာ၊အားမရှိ။(ဣတိ၊ထို့ကြောင့်။ဣဓ၊ဤအကုသလနိဒ္ဒေသ၌။န လဗ္ဘတိ၊မရအပ်) ဣတိ၊ဤအဓိပ္ပါယ်ကို။ဟေဋ္ဌာ၊အောက်ကုသလနိဒ္ဒေသ၌။ဒီပိတမေဝ၊(စိတ္တေကဂ္ဂတာ ပနေတ္ထ န ဗလဝတီ ဟောတိ-ဟု) ပြအပ်ပြီးသည်သာ။ **(ဃ)** ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေန၊ဖြင့်။ပဝတ္တဿ၊ဖြစ်သော။ဝိသာဟာရဿ၊ အထူးထူးသော အာရုံသို့ ရှေးရှုဆောင်ခြင်း၏။ပဋိပက္ခတော၊ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်။အဝိသာဟာရော၊ မည်၏။ဣတိ ဧဝရူပေ၊ပ၊ဤသို့ သဘောရှိသည်လည်းဖြစ်သော၊အတ္ထော၊ကို။ဣဓ၊ဤကုသလနိဒ္ဒေသ၌။န လဗ္ဘတိ၊မရအပ်။ **(င)** ပန၊အလျော်ကို ဆိုအံ့။သဟဇာတဓမ္မေ၊သဟဇာတ တရားတို့ကို။န ဝိသာဟရတိ၊ မရွေ့စေတတ်။ဣတိ တသ္မာ၊ထို့ကြောင့်။အဝိသာဟာရော၊မည်၏။

➤ **❶** ။ **(ခ) သို့/ ဋ္ဌပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဤနိဒ္ဒေသဝါရ စိတ္တဿေကဂ္ဂတာ နိဒ္ဒေသ၌ သဏ္ဌိတိ အဝဋ္ဌိတိ နှစ်ပုဒ်သည် ဌိတိသဒ္ဒါ၏ ဝေဝုစ်မျှသာဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ကုသလစိတ္တ ဧကဂ္ဂတာနိဒ္ဒေသ အဝဋ္ဌိတိပုဒ်အဖွင့်၌ ဖွင့်ဆိုထားသော "အာရမ္မဏံ ဩဂါဟေတွာ အနုပဝိသိတွာ တိဋ္ဌတီတိ အဝဋ္ဌိတိ"ဟူသော အဖွင့်ကို ဤအကုသလစိတ္တ ဧကဂ္ဂတာနိဒ္ဒေသ အဝဋ္ဌိတိပုဒ် အဖွင့်၌လည်း ရသည်ဟု မှတ်ရမည်လော။ ထို့ကြောင့် (က) ဖြင့် ဤနိဒ္ဒေသဝါရ စိတ္တဿေကဂ္ဂတာ နိဒ္ဒေသ၌ သဏ္ဌိတိ အဝဋ္ဌိတိ နှစ်ပုဒ်သည် ဌိတိသဒ္ဒါ၏ ဝေဝုစ်မျှသာဟု မဆိုသင့်။ ဤအကုသလစိတ္တ ဧကဂ္ဂတာနိဒ္ဒေသ အဝဋ္ဌိတိပုဒ် အဖွင့်၏ ထူးခြားမှုကိုလည်း ပြဆိုသင့်သေး၏။ ဤအကုသလစိတ္တ ဧကဂ္ဂတာနိဒ္ဒေသ အဝဋ္ဌိတိပုဒ် အဖွင့်၏ ထူးခြားမှုကို အဘယ်သို့ မှတ်ရမည်နည်း။ (ခ) မိန့်။

(ဂ) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ကုသလစိတ္တ ဧကဂ္ဂတာနိဒ္ဒေသ အဝဋ္ဌိတိ ပုဒ်အဖွင့်၌ ဆိုခဲ့ပြီးသော အာရမ္မဏံ-စသော အဖွင့်ကို ဤအကုသလစိတ္တ ဧကဂ္ဂတာနိဒ္ဒေသ အဝဋ္ဌိတိပုဒ် အဖွင့်၌ မရအပ်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပါဠိတော်၌ နိဒ္ဒေသနှစ်ခုတို့သည် ဟောကြားပုံ အစီအစဉ် တူညီသည်ဖြစ်သောကြောင့် ဤ၌ မရအပ်ဟု ထူးဆန်းစွာဆိုသော ဆရာ့စကား ကို မြဲခိုင်စေသော သဘာဝယုတ္တိကို မပြဆိုဟု အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထို အနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဆရာ့စကား မြဲခိုင်စေသော ယုတ္တိ သဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မသေင့်။ နေချေသော် ဆရာ့အား ဝိရောဓိ ဒေါသ သင့်ရောက်ရာ၏။ ဆရာ့စကား မြဲခိုင်စေသော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် အဝဋ္ဌိတိ-ဟူသော ပါဠိတော်

http://www.dhammadownload.com

အတွက် အာရမ္မဏ-စသော အဖွင့်မျိုးကို ဤအကုသလစိတ္တ ဧကဂ္ဂတာနိဒ္ဒေသ အဝဋ္ဌိတိပုဒ် အဖွင့်၌ မရ အပ်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် အဝိသာဟာရရောပုဒ်၌ မရအပ်သော အဖွင့်ကို မပြဆိုဟု အနက်သဘော သင့်ရောက်ရာသည် မဟုတ်ပါလော။ ထို့ကြောင့် (ခ) ဖြင့် အဝဋ္ဌိတိ-ဟူသော ပါဠိတော် အတွက် အာရမ္မဏ-စသော အဖွင့်မျိုးကို ဤအကုသလစိတ္တ ဧကဂ္ဂတာနိဒ္ဒေသ အဝဋ္ဌိတိပုဒ် အဖွင့်၌ မရ အပ်ဟု မဆိုသင့်။ ဤအဝိသာဟာရ ပုဒ်အဖွင့်၌ မရအပ်သော အဖွင့်ကိုလည်း ပြဆိုသင့်သေး၏။ ဤ အဝိသာဟာရ ပုဒ်အဖွင့်၌ မရအပ်သော အဖွင့်ကို အဘယ်သို့ မှတ်ရပါမည်နည်း။ ဤသို့-(ဃ) မိန့်။

➤ **၃** ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် အဝဋ္ဌိတိပုဒ်အတွက် အာရမ္မဏ-စသော အဖွင့်ကို မရခြင်း၏ အကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် (ခ) ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ယ်ပါသည်။ **(ဃ)** ဖြင့် အဝိသာဟာရော ပုဒ်အတွက် ဝိသာဟာရဿ ပဋိပက္ခဘော-ဟူသော အဖွင့် မရအပ်ပုံကို ပြသော ကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် ဝိသာဟာရောပုဒ်အတွက် ဤ၌ ရ အပ်သော အဖွင့်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

➤ **၄** ။ သံဟရဏံ သာဟာရော။ (သံပုဗ္ဗ ဟရဓာတ်+ဏ)

ဝိရူပံ ဝိဝိဓံ ဝါ သာဟာရော **ဝိသာဟာရော**။ (၂) ဝိပုဒ်+သာဟာရပုဒ်သည်ငှါး ဝိရူပသော ဂုဏ်၏ (ဝါ) ဝိဝိဓသောဂုဏ်၏ ရွေ့ရှားခြင်းနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်ငှါး ဗျုပ္ပ တ္တိ နိမိတ်။ (၄) ဖောက်ပြန်သော (ဝါ) အထူးထူးအပြားပြားသော ရွေ့ရှားခြင်းကြိယာသည် ပဝတ္တိနိမိတ်

သံဟရဏံ သမ္ပိဏ္ဍနံ သာဟာရော။ သာဟာရတော ဝိဂတော **ဝိသာဟာရော**။

ဗလတိ အဘိဘဝတိ ပဋိပက္ခေတိ ဗလံ။ * နတ္ထိ ဗလံ ဧတိဿာတိ **ဒုဗ္ဗလာ**။

➤ **၆** ။ **(င)** ၌ န ဝိသာဟရတိ-ဖြင့် အဝိသာဟာရော-၌ ဝိသာဟရပုဒ်ဝယ် ဝိ-ရှေး သံ-ရှေးရှိသော ဟရဓာတ်၏အဖြစ်ကိုငှါး(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကို ငှါး(ဒု-ပစ္စယတ္ထ) ဝိသာဟရတီတိ ဝိသာဟာရော-ဟု ပြုရမည်ကိုငှါး(အဘိဓာနတ္ထ) အပေါင်းပုဒ်ကို န ဝိသာဟာရော အဝိသာဟာရော-ဟု ပြုရမည်ကိုငှါး(သမာသလိင်္ဂတ္ထ) သိစေပါသည်။

သဟဇာတဓမ္မေ-ဖြင့် မရွေ့ရှားဟူသည် သဟဇာတ်တရားတို့ကို မရွေ့ရှားစေခြင်းပင်တည်းဟု သိ စေပါသည်။ (ဘာဝတ္ထ)

➤ **၇** ။ **(ခ) ပန**-ကား ဝါကျာရမ္ဘတ္ထ၊ ဗျတိရေကတ္ထ။ (ဂ) **ဟိ**-ကား ဒဠှီကရဏတ္ထ၊ ကာရဏတ္ထ။ (င) **ပန**-ကား အန္ဒယတ္ထ။ **ဝိသာဟာရော**-၌ ဝိ-ကား ဝိရူပတ္ထ၊ ဝိဝိဓတ္ထ၊ ဝိဂတတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(ဃ) ဝိသာဟာရဿ-အရ** = အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ (စာ-၂၅၆-ကြည့်)

➤ **၁၀** ။ **ဥဒ္ဒစ္စဝိစိကိစ္ဆာဝသေန+ပဝတ္တဿ ဝိဟာရဿ** ။ ။ ဥဒ္ဒစ္စဝိစိကိစ္ဆာဝသေန အရ ဥဒ္ဒစ္စ ဝိစိကိစ္ဆာ ပစ္စည်းတရားသည်+ပဝတ္တဿ ဝိဟာရဿ-အရ ယင်းတို့၏ သမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန် တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ ည၊ နိ၊ သမ်၊ အတ္ထိ၊ အဝိ (၆)

http://www.dhammadownload.com

ပါဌ် (၁၆၆) [ဋ္ဌ၊၂၉၄။ ပြည်၊တ၊၂၁။ ဘာသာဋီ၊တ၊၂၄၁]

(က) **မိစ္ဆာဒိဋ္ဌိနိဒ္ဒေသေ အယာထာဝဒဿနဋ္ဌေန မိစ္ဆာဒိဋ္ဌိ။**

(ခ) **ဒိဋ္ဌိသု ဂတံ ဣဒံ ဒဿနံ, ဒွါသဋ္ဌိဒိဋ္ဌိ အန္တောဂတတ္တာတိ ဒိဋ္ဌိဂတံ။**

(ဂ) **ဟေဋ္ဌာပိဿ အတ္ထော ဝုတ္တောယေဝ။**

(ဃ) **ဒိဋ္ဌိယေဝ ဒုရတိက္ကမနဋ္ဌေန ဒိဋ္ဌိဂဟနံ, တိဏဂဟန ဝနဂဟန ပဗ္ဗတဂဟနာနိ ဝိယ။**

(င) **ဒိဋ္ဌိယေဝ သာသင်္ကသပ္ပဋိဘယဋ္ဌေန ဒိဋ္ဌိကန္တာရော, စောရကန္တာရ ဝါဠကန္တာရ မရုကန္တာရ နိရုဒကကန္တာရ ဒုဗ္ဘိက္ခကန္တာရာ ဝိယ။**

(စ) **သမ္မာဒိဋ္ဌိယာ ဝိနိဝိဇ္ဈနဋ္ဌေန, ဝိလောမနဋ္ဌေနစ ဒိဋ္ဌိဝိသူကာယိကံ။**

(ဆ) **မိစ္ဆာဒဿနဉှိ ဥပ္ပဇ္ဇမာနံ သမ္မာဒဿနံ ဝိနိဝိဇ္ဈတိ စေဝ ဝိလောမေတိစ။**

➤ **၁** ။ **(က)** မိစ္ဆာဒိဋ္ဌိ နိဒ္ဒေသေ၌။အယာထာဝဒဿနဋ္ဌေန၊မှားယွင်းဖောက်ပြန် မမှန်သောအားဖြင့် မြင်တတ်သော အနက်ကြောင့်။မိစ္ဆာဒိဋ္ဌိ၊မည်၏။ **(ခ)** ဒွါသဋ္ဌိဒိဋ္ဌိအန္တောဂတတ္တာ၊ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူ၌ အတွင်းဝင်သည်၏ အဖြစ်ကြောင့်။ဣဒံ ဒဿနံ၊ဤအမြင်သည်။ဒိဋ္ဌိသု၊ခြောက်ဆယ့်နှစ်ပါးသော အယူတို့၌။ဂတံ အန္တောဂတံ၊အတွင်းဝင်သည်တည်း။ဣတိ တသ္မာ၊ကြောင့်။ဒိဋ္ဌိဂတံ၊မည်၏။

(ခ) ပောတ္ထကပိဋ္ဌနည်းဖြင့် သမ္ဗန်ထည့်၍ ။ ။ ဣဒံ ဒဿနံ၊ဤမိစ္ဆာအယူသည်။ဒိဋ္ဌိသု၊(၆၂)ပါးသော မိစ္ဆာ အယူတို့၌။ဂတံ အန္တောဂတံ၊အတွင်းဝင်သည်တည်း။(ကသ္မာ၊အဘယ့်ကြောင့်။ဣဒံ ဒဿနံ၊ဤမိစ္ဆာ အယူသည်။ဒိဋ္ဌိသု၊(၆၂)ပါးသော မိစ္ဆာ အယူတို့၌။ဂတံ အန္တောဂတံ၊အတွင်းဝင်သနည်း။) ဣမဿ ဒဿနဿ၊ ဤမိစ္ဆာ အယူ၏။(သမ္ဗန်) ဒွါသဋ္ဌိဒိဋ္ဌိအန္တောဂတတ္တာ၊ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူ၌ အတွင်းဝင်သည်၏ အဖြစ်ကြောင့်။ဣဒံ ဒဿနံ၊ဤအမြင်သည်။ဒိဋ္ဌိသု၊ခြောက်ဆယ့်နှစ်ပါးသော အယူတို့၌။ဂတံ အန္တောဂတံ၊ အတွင်းဝင်သည်တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။ဒိဋ္ဌိဂတံ၊ဒိဋ္ဌိဂတမည်၏။

(ဂ) ဟေဋ္ဌာပိ၊အောက်၌လည်း။အဿ ဒိဋ္ဌိဂတဿ၊ထိုဒိဋ္ဌိဂတသဒ္ဒါ၏။အတ္ထော၊ကို။ဝုတ္တောယေဝ၊(ဒိဋ္ဌိဂတာနံ ပဟာယ အဖွင့်၌) ဆိုအပ်ပြီးသည်သာတည်း။

(ဃ) ဒိဋ္ဌိယေဝ၊ဒိဋ္ဌိပင်လျှင်။ဒုရတိက္ကမနဋ္ဌေန၊လွန်နိုင်ခဲသော အနက်ကြောင့်။ဒိဋ္ဌိဂတံ၊မည်၏။ဒိဋ္ဌိဂဟနံ၊ဒိဋ္ဌိသည်ပင်လျှင် လွန်နိုင်ခဲ၏။ဝါ၊လွန်နိုင်ခဲသော ဒိဋ္ဌိ။တိဏဂဟန ဝနဂဟန ပဗ္ဗတဂဟနာနိဝိယ၊ လွန်နိုင်ခဲ သက်ဝင်နိုင်ခဲသော မြက်တော, လွန်နိုင်ခဲ သက်ဝင်နိုင်ခဲသော သစ်ပင် ချုံနွယ်တော, လွန်နိုင်ခဲ သက်ဝင်နိုင်ခဲသော တောင်တို့ကဲ့သို့တည်း။

(ဃ) ဥပမာအပြင်ထုတ် ။ ။ ဒိဋ္ဌိယေဝ၊ဒိဋ္ဌိသည်ပင်။ဒုရတိက္ကမနဋ္ဌေန၊ခဲယဉ်းသဖြင့် လွန်မြောက်အပ်သည်၏ အဖြစ်ကြောင့်။ဒိဋ္ဌိဂဟနံ၊ဒိဋ္ဌိဂဟန မည်၏။(ကာနိ ဝိယ၊အဘယ်တို့ကဲ့သို့နည်း။ဒုရတိက္ကမာနိ၊ လွန်မြောက်နိုင်ခဲကုန်သော။တိဏဝနပဗ္ဗတာနိ၊မြက်, တော, တောင်တို့သည်။) တိဏဂဟန ဝနဂဟန ပဗ္ဗတဂဟနာနိ ဝိယ၊တိဏဂဟန ဝနဂဟန ပဗ္ဗတဂဟန မည်ကုန်သကဲ့သို့တည်း။

(င) ဥပမာအပြင်ထုတ် ။ ။ ဒိဋ္ဌိယေဝ၊ဒိဋ္ဌိသည်ပင်။သာသင်္ကသပ္ပဋိဘယဋ္ဌေန၊ရွံ့ရှာဖွယ်နှင့်တကွ ဖြစ်သည်၏အဖြစ်ဟူသော အနက်, ဘေးဘျမ်းနှင့်တကွ ဖြစ်သည်၏အဖြစ်ဟူသော အနက်သဘောကြောင့်။

F-44-A

http://www.dhammadownload.com

ဒိဋ္ဌိကန္တာရော၊ဒိဋ္ဌိကန္တာရ မည်၏။(ကေ ဝိယ၊အဘယ်တို့ကဲ့သို့နည်း) စောရကန္တာရ ဝါဠကန္တာရ မရု ကန္တာရ နိရုဒကကန္တာရ ဒုဗ္ဘိက္ခကန္တာရာ ဝိယ၊တောပုန်း ဒမြတို့ စိုးအုပ်တည်နေအပ်သော ခရီးခဲ, ခြင်္သေ့, သစ်, ကျား-စသော သားရဲတို့ စိုးအုပ်တည်နေအပ်သော ခရီးခဲ, များစွာသော သဲရှိသော ခရီးခဲ, ရေမရှိသော ခရီးခဲ, ငတ်မွတ်ခေါင်းပါး အစာရှားသော ခရီးခဲတို့ကဲ့သို့တည်း။(ဘာသာဋီကာ-တ၊၂၄၁)

(င) ဒိဋ္ဌိယေဝ၊ဒိဋ္ဌိသည်သာလျှင်။သာသက်သပ္ပဋိဘယဋ္ဌေန၊ရှုံ့ရှာဘွယ်သော အနက်, ဘေးဘျမ်းနှင့်တကွဖြစ်သော အနက်ကြောင့်၊ဒိဋ္ဌိကန္တာရော၊မည်၏။စောရကန္တာရ ဝါဠကန္တာရမရုကန္တာရနိရုဒကကန္တာရ ဒုဗ္ဘိက္ခကန္တာရာ ဝိယ၊ခိုးသူတို့ ကျင်လည်ရာ ခရီးခဲ, သားရဲတို့ ကျင်လည်ရာ ခရီးခဲ, သဲ ဖုတ်ရှိသော ခရီးခဲ, ရေမရှိသော ခရီးခဲ, အစာခေါင်းပါးသော ခရီးခဲတို့ကဲ့တည်း။

(စ) သမ္မာဒိဋ္ဌိယာ၊သမ္မာဒိဋ္ဌိကို။ဝါ၊၏။ဝိနိဝိဇ္ဈနဋ္ဌေန၊ဖောက်ထွင်းတတ်သော အနက်ကြောင့်ငှင်း။ဝိလောမနဋ္ဌေနစ၊ဆန့်ကျင်သော အနက်ကြောင့်ငှင်း။ဒိဋ္ဌိဝိသူကာယိကံ၊မည်၏။**ဒိဋ္ဌိဝိသူကာယိကံ**=သမ္မာဒိဋ္ဌိကို ဖောက်ထွင်းတတ်သော မိစ္ဆာအယူ။ဝါ၊သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာအယူ။ **(ဆ)** ဟိ-သစ္စံ၊မှန်၏။မိစ္ဆာဒဿနံ၊မိစ္ဆာအမြင်သည်။ဥပ္ပဇ္ဇမာနံ၊ဖြစ်သည်ရှိသော်။သမ္မာဒဿနံ၊ကောင်းသော အမြင်ကို။ဝိနိဝိဇ္ဈတိစေဝ၊ဖောက်ထွင်းလည်း ဖောက်ထွင်း၏။ဝိလောမေတိစ၊ဆန့်ကျင်ဘက်လည်း ဆန့်ကျင်၏။

➤ **❷** ။ **(ဂ) သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဒိဋ္ဌိဂတံပုဒ်ကို ဒိဋ္ဌီသု ဂတံ စသည်ဖြင့် ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဒိဋ္ဌိဂတံပုဒ်၏ အနက်ကို ဤအကုသလနိဒ္ဒေသ၌သာလျှင် ဖွင့်အပ်၏ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ခ) ဖြင့် ဒိဋ္ဌိဂတံပုဒ်ကို ဒိဋ္ဌီသု ဂတံ စသည်ဖြင့် မဖွင့်ဆိုသင့်။ ဖွင့်ဆိုအပ်ပြီးသည်ကိုလည်း ပြဆိုသင့်သေး၏။ အဘယ်၌ ဖွင့်ပြအပ်ပါသေးသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဆ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (စ) ဖြင့် သမ္မာဒိဋ္ဌိကို ဖောက်ထွင်းတတ်သောကြောင့်ငှင်း, သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ငှင်း မိစ္ဆာဒိဋ္ဌိသည် ဒိဋ္ဌိဝိသူကာယိက မည်၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် သမ္မာဒိဋ္ဌိယာ ဝိနိဝိဇ္ဈနဋ္ဌေန စသည်ဖြင့် ဖွင့်ဆိုအပ်သော ဆရာ့စကားသည် လှုပ်ရှားမခိုင် ယိုင်သည်မဟုတ်ပါလော။ ထိုသို့ယိုင်ရာသောကြောင့် (စ) ဖြင့် သမ္မာဒိဋ္ဌိကို ဖောက်ထွင်းတတ်သောကြောင့်ငှင်း, သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ငှင်း မိစ္ဆာဒိဋ္ဌိသည် ဒိဋ္ဌိဝိသူကာယိက မည်၏ဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဆ) မိန့်။

➤ **❸** ။ **ဒေါသပယ်** ။ ။ (က) စသည် အဗျာပိတဒေါသကို ပယ်ပါသည်။

(စ) ၌ စ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဝိနိဝိဇ္ဈနဋ္ဌကြောင့်သာ ဒိဋ္ဌိဝိသူကာယိက မည်သည်မဟုတ်သေး၊ ဝိလောမနဋ္ဌကြောင့်လည်း ဒိဋ္ဌိဝိသူကာယိက မည်သေး၏ဟူသော အကြောင်း သကတ်တစ်မျိုးကို ပေါင်းဆည်းပြလိုသောကြောင့် (စ) ၌ စ-သဒ္ဒါ ထားရပါသည်။

(ဆ) ၌ စေဝနှင့် စ-သဒ္ဒါတို့ကို ထားရခြင်းအကြောင်း ။ ။ သမ္မာဒိဋ္ဌိကို ဖောက်ထွင်း

http://www.dhammadownload.com

တတ်သောကြောင့်သာ ဒိဋ္ဌိဝိသုကာယိက မည်သည် မဟုတ်သေး၊ သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်ဖြစ်သော ကြောင့်လည်း ဒိဋ္ဌိဝိသုကာယိကမည်သေး၏ဟူ၍ရှင်း၊ သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်သာ ဒိဋ္ဌိဝိသုကာယိက မည်သည်မဟုတ်သေး၊ သမ္မာဒိဋ္ဌိကို ဖောက်ထွင်းတတ်သောကြောင့်လည်း ဒိဋ္ဌိဝိသုကာ ယိက မည်သေး၏ဟူ၍ရှင်း ဤသို့ အချင်းချင်း ပေါင်းဆည်းပြလိုသောကြောင့် (ဆ) ၌ စေဝနှင့် စ- သဒ္ဒါတို့ကို ထားရပါသည်။

➤ ❺ ။ စောရေတိတိ **စောရော**။ ကံ ဥဒကံ တာရေန္တိ ဧတ္ထာတိ **ကန္တာရော**။

* ကေန တရေန္တိ ဧတ္ထာတိ ဝါ **ကန္တာရော**။ (က-သဒ္ဒူပပဒ တရဓာတ်+ဏ)

စောရေဟိ အဓိဋ္ဌိတော ကန္တာရော **စောရကန္တာရော**။ (၂) စောရပုဒ်+ကန္တာရပုဒ်သည်ရှင်း၊ ခိုးသူ တို့၏ စိုးအုပ်တည်နေရာ ခရီးခဲနှင့် ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ရှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) စောရကန္တာရတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

ဂဏ္ဍန္တိ ဧတ္ထ မနုဿာ မယူရာဒယော သတ္တာစ ဒဗ္ဗသမ္ဘာရာဒီနိ အတ္တနော နိဝါသံ ဝါတိ **ဂဟနံ**။

ဂဟနံ ဝိယ ဂဟနံ။ ဒိဋ္ဌိယေဝ ဂဟနံ **ဒိဋ္ဌိဂဟနံ**။ * အတိက္ကမတီတိ **အတိက္ကမနံ**။(အတိပုဗ္ဗ ကမု+ယု) * ဒုက္ခေန အတိက္ကမနံ ဒုရတိက္ကမနံ။ ဒုရတိက္ကမနံ ဧဝ အတ္ထော **ဒုရတိက္ကမနဋ္ဌော**။

တိဏီယတေ တိဏာဘက္ခေဟိ ဂေါဏာဒီဟိ အဒီယတေ ခါဒိယတေတိ တိဏံ။ တေဇေတိ ဧတေနာတိ **တိဏံ**။ တိဏံ ဧဝ ဂဟဏံ **တိဏဂဟနံ**။ * ပဗ္ဗံ အဿ အတ္ထီတိ ပဗ္ဗတော။(ပဗ္ဗပုဒ်+တ-ပစ္စည်း) ပဗ္ဗတီတိ **ပဗ္ဗတော**။ (ပဗ္ဗဓာတ်+တ) ဝနန္တိ တံ ဘဇန္တိ မယူရကောကိလာဒယော သတ္တာတိ **ဝနံ**။ ဝနီယတေ ဘဇီယတေတိ ဝနံ။ * ဝနတိ သဒ္ဒံ ကရောတီတိ ဝနံ။ ဝနံ ဧဝ ဂဟနံ **ဝနဂဟနံ**။ * အာသက်တီတိ အာသက်ာ။ (အာပုဗ္ဗ သကိ+အ) သဟ အာသက်ာယ ယာ ဝတ္တတီတိ **သာသက်ာ**။ (ဒိဋ္ဌိ ရ၏။) * သဟ ပဋိဘယေန ယာ ဝတ္တတီတိ **သပ္ပဋိဘယာ**။ (ဒိဋ္ဌိ ရ၏။) သာသက်ာစ သာ သပ္ပဋိဘယာစာတိ သာသက်သပ္ပဋိဘယာ။ သာသက်သပ္ပဋိဘယာ ဧဝ အတ္ထော **သာသက်သပ္ပဋိ ဘယဋ္ဌော**။ * သီဟာဒိဝါဠေဟိ အဓိဋ္ဌိတော ကန္တာရော **ဝါဠကန္တာရော**။ * မရန္တိ သတ္တာ ဧတေနာတိ **မရု**။(မရဓာတ်+ဥပစ္စည်း၊ အသက်ကို စွန့်ခြင်း) မရူနံ ပတိဋ္ဌိတဋ္ဌာနော ကန္တာရော **မရုကန္တာရော**။

နတ္ထိ ဥဒကံ ဧတ္ထာတိ **နိရုဒကော**။ နိရုဒကောစ သော ကန္တာရော စာတိ **နိရုဒကကန္တာရော**။

နတ္ထိ ဘိက္ခာ ဧတ္ထာတိ **ဒုဗ္ဘိက္ခော**။ ဒုဗ္ဘိက္ခောစ သော ကန္တာရောစာတိ **ဒုဗ္ဘိက္ခကန္တာရော**။

➤ ❻ ။ **(က)** ၌ အယာထာဝဒဿနဋ္ဌေန-ဖြင့် မိစ္ဆာဒိဋ္ဌိ၌ မိစ္ဆာနိပါတ်၏ အယာထာဝအနက် ဟောသည်ကိုရှင်း(နိပါတလိင်္ဂတ္ထ) ဒိဋ္ဌိ-၌ ဒိသဓာတ်၏အဖြစ်ကိုရှင်း(ဒု-ဓာတုပဒ) တိ-ပစ္စည်း၏ ကတ္တု သာဓနအနက်၌ သက်သည်ကိုရှင်း(ဒု-ပစ္စယတ္ထ) မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ-ဟု ပြုရမည်ကိုရှင်း(အဘိ ဓာနတ္ထ) (တနည်း) ပဿတီတိ ဒိဋ္ဌိ၊ မိစ္ဆာ ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ-ဟု ပြုရမည်ကိုရှင်း(အဘိဓာနတ္ထ၊ သမာသ လိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ ဒိဋ္ဌီသု ဂတံ-ဖြင့် ဒိဋ္ဌိဂတံပုဒ်ကို ဒိဋ္ဌီသု ဂတံ ဒိဋ္ဌိဂတံ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ) **ဣဒံ ဒဿနံ**-ဖြင့် ဒိဋ္ဌိဂတံ-အရ မိစ္ဆာအယူ,

F-44-B

http://www.dhammadownload.com

မိစ္ဆာအဖြစ်ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

ဒွါသဋ္ဌိဒိဋ္ဌိ အန္တောဂဓတ္တာ-ဖြင့် ဒိဋ္ဌိဂတံ-၌ ဒိဋ္ဌိ-အရ (၆၂)ပါးသော မိစ္ဆာ အယူကို ယူရမည် ကိုင်ရင်း(သရုပ်ကြား အဘိဓေယျတ္ထ) ဂတ-သဒ္ဒါ၏ အန္တောဂဓအနက် ဟောသည်ကိုင်ရင်း(နာမလိင်္ဂတ္ထ) တ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်ရင်း(ဒု-ပစ္စယတ္ထ) ဂစ္ဆတိ အန္တော ဩဂါဓတီတိ ဂတံ ဟု ပြုရမည်ကိုင်ရင်း(အဘိဓာနတ္ထ) ဒိဋ္ဌိဂတမည်ခြင်း၏ အကြောင်းသကတ်ကိုင်ရင်း(ဘာဝတ္ထ) သိစေ။

(ဃ) ၌ ဒိဋ္ဌိယေဝ-ဖြင့် ဒိဋ္ဌိဂဟနံ-ကို ဒိဋ္ဌိယေဝ ဂဟနံ ဒိဋ္ဌိဂဟနံ-ဟု အဝဓာရဏကမ္မဓာရယ် သမာသ် ဝဂ္ဂနတ္ထ ပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

ဒုရတိက္ကမနဋ္ဌေန-ဖြင့် လွန်မြောက်နိုင်ခဲသော အနက်သဘောကြောင့် ဒိဋ္ဌိသည်ပင်လျှင် ဒိဋ္ဌိဂဟန မည်သတည်းဟု သိစေပါသည်။(ဘာဝတ္ထ) **တိဏဂဟန (ပ) ဝိယ**-ဖြင့် တိဏဂဟနံ-၌ ဂဟန-ဝယ် ဏပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌ သက်သည်ကိုင်ရင်း(ပစ္စယတ္ထ) ဂဟနံ ဝိယာတိ ဂဟနံ-ဟု ပြုရမည် ကိုင်ရင်း(အဘိဓာနတ္ထ) ဒိဋ္ဌိဂဟနဟူသည် မြက်, တော, သစ်ပင်, ချုံနွယ်, တောတောင်ကဲ့သို့ လွန်မြောက် နိုင်ခဲသည်၏ အဖြစ်ကိုင်ရင်း(ဘာဝတ္ထ) သိစေပါသည်။

(င) ၌ ဒိဋ္ဌိယေဝ-ဖြင့် ဒိဋ္ဌိကန္တာရော-ကို ဒိဋ္ဌိယေဝ ကန္တာရော ဒိဋ္ဌိကန္တာရော-ဟု အဝဓာရဏကမ္မ ဓာရယ်သမာသ် ဝဂ္ဂနတ္ထ ပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

သာသင်္ကသပ္ပဋိဘယဋ္ဌေန-ဖြင့် ရွံရှာဖွယ်နှင့်တကွ ဖြစ်သည်၏အဖြစ်ဟူသောအနက်, ဘေးဘျမ်း နှင့်တကွ ဖြစ်သည်၏အဖြစ်ဟူသော အနက်သဘောကြောင့် ဒိဋ္ဌိသည်ပင်လျှင် ဒိဋ္ဌိကန္တာရမည်သတည်း ဟု သိစေပါသည်။(ဘာဝတ္ထ)

စောရကန္တာရ (ပ) ဝိယ-ဖြင့် ဒိဋ္ဌိကန္တာရ-၌ ကန္တာရ-ဝယ် ဏပစ္စည်း၏ ဥပမာတဒ္ဓိတ်အနက်၌ သက်သည်ကိုင်ရင်း(ပစ္စယတ္ထ) ကန္တာရော ဝိယာတိ ကန္တာရော-ဟု ပြုရမည်ကိုင်ရင်း(အဘိဓာနတ္ထ) ဒိဋ္ဌိကန္တာရ- ဟူသည် တောပုန်း ဒမြတို့ စိုးအုပ်တည်နေအပ်သော ခရီးခဲ, ခြင်္သေ့, သစ်, ကျား-စသော သားရဲတို့ စိုးအုပ်တည်နေအပ်သော ခရီးခဲ, များစွာသော သဲရှိသော ခရီးခဲ, ရေမရှိသော ခရီးခဲ, ငတ်မွတ်ခေါင်းပါး အစာရှားသော ခရီးခဲတို့ကဲ့သို့ ရွံရှာဘွယ် ဘေးဘျမ်းနှင့်တကွ ဖြစ်သည်၏အဖြစ်ကိုင်ရင်း(ဘာဝတ္ထ) သိ။

(စ) ၌ သမ္မာဒိဋ္ဌိယာ ဝိနိဝိဇ္ဈနဋ္ဌေန ဝိလောမနဋ္ဌေန-ဖြင့် ဒိဋ္ဌိဝိသူကာယိကံ၌ ဒိဋ္ဌိ-အရ သမ္မာဒိဋ္ဌိ ကို ယူရမည်ကိုင်ရင်း(သရုပ်ကြား အဘိဓေယျတ္ထ) ဝိသူကာယိကံ၌ ဝိသူက-ဝယ် ဝိ-၏ ဓာတွတ္ထဝိသေသက ၏ အဖြစ်ကိုင်ရင်း(ဥပသဂ္ဂလိင်္ဂတ္ထ) သူစဓာတ်၏ ဝိနိဝိဇ္ဈနအနက်, ဝိလောမနအနက် ဟောသည်ကိုင်ရင်း (ဒု-ဓာတွတ္ထ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်ရင်း(ဒု-ပစ္စယတ္ထ) ဝိသူစေတိ ဝိနိဝိဇ္ဈတိ ဝိလောမေတီတိ ဝိသူကံ-ဟု ပြုရမည်ကိုင်ရင်း(အဘိဓာနတ္ထ) အာယိကပစ္စည်း၏ သွတ္ထတဒ္ဓိတ်အနက်၌ သက်သည်ကိုင်ရင်း(ပစ္စယတ္ထ) ဝိသူကံ ဧဝ ဝိသူကာယိကံ-ဟု ပြုရမည်ကိုင်ရင်း(အဘိဓာနတ္ထ) အပေါင်းပုဒ်ကို ဒိဋ္ဌိယာ ဝိသူကာယိကံ ဒိဋ္ဌိဝိသူကာယိကံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝဂ္ဂနတ္ထပြုရမည်ကိုင်ရင်း(သမာသ လိင်္ဂတ္ထ) သိစေပါသည်။

စ-သဒ္ဒါဖြင့် ဝိသူကာယိကဉ္စ ဝိသူကာယိကဉ္စ ဝိသူကာယိကံ-ဟု ဝဂ္ဂနတ္ထပြု၍ ဧကသေသ, သာမည

http://www.dhammadownload.com

နိဒ္ဒေသနည်းဖြင့် တစ်ခုအကြွင်း ပြုထားသည်၏ အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ)

(ဆ) ၌ သမ္မာဒဿနံ-ဖြင့် သမ္မာဒိဋ္ဌိယာ-၌ ဒိဋ္ဌိ-ဝယ် ဒိသဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) တိ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဒဿနံ ဒိဋ္ဌိ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။ **ဝိနိဝိဗ္ဗတိ**-ဖြင့် ဝိနိဝိဗ္ဗနဋ္ဌေန-၌ ဝိနိဝိဗ္ဗနပုဒ်ကို ဝိနိဝိဗ္ဗတီတိ ဝိနိဝိဗ္ဗနံ ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ယု-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သိစေပါသည်။ **မိစ္ဆာဒဿနံ**-ဖြင့် ဒိဋ္ဌိဝိသူကာယိကံပုဒ်လုံးအရ မိစ္ဆာအယူကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **ဝိလောမေတိ**-ဖြင့် ဝိလောမနပုဒ်ကို ဝိလောမေတီတိ ဝိလောမနံ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

➤ **၇** ။ **(က) အယာထာဝ**-၌ အ-ကား ပဋိပက္ခတ္ထ၊ ဝိရုဒ္ဓတ္ထ။ (ဃ) **ဒုရတိက္ကမနဋ္ဌေန**-၌ ဒု-ကား ကိစ္ဆတ္ထ။ **(ဃ)(င) ဒိဋ္ဌိယောဝ-၌** (၁) ဒိဋ္ဌိသည် ဂဟေတဗ္ဗတ္ထ။ (၂) သတ္တ, ဇီဝ စသည်သည် နိဝတ္တေတဗ္ဗတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **ဒိဋ္ဌိဝိသူကာယိကံ-၌ ဒိဋ္ဌိ-အရ** = **"သမ္မာဒိဋ္ဌိ"** ကို ယူ၍

(၁) ထိုသမ္မာဒိဋ္ဌိသည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) မိစ္ဆာဉာဏ် ပျောက်ကင်းခြင်းအကျိုးသည် ပကာသနတ္ထ။ (၄) သပ္ပုရိသူပနိဿယ စသည်သည် ဝိဘာဝတ္ထ။ (၅) သုဂတိဘုံဘဝ၌ ဖြစ်ရခြင်းစသည်သည် အနုဘာဝတ္ထ။

➤ **၁၀** ။ **(ဂ) မယာ အဋ္ဌကထာစရိယေန+ဝုတ္တော** ။ ။ ဝုတ္တော-၌ ဝစဓာတ်အရ ရှင်မဟာဗုဒ္ဓဃောသ၏ အတ္တကောသလ္လဉာဏ် (ဝါ) သံဝဏ္ဏနာ ကောသလ္လဉာဏ် ပစ္စည်းတရားသည် မယာ အဋ္ဌကထာစရိယေန-အရ ထိုနှင့်ယှဉ်ဘက် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ မိ၊ သဟ၊ ည၊ နိ၊ ကံ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀)

ဂါထာ (၁၆၇) [၌၊၂၉၅။ ပြည်၊တ၊၂၂။ ဘာသာဋီ၊တ၊၂၄၂]

(က) **ကဒါစိ သဿတဿ, ကဒါစိ ဥစ္ဆေဒဿ ဂဟဏတော ဒိဋ္ဌိယာ ဝိရူပံ ဖန္ဒိတန္တိ ဒိဋ္ဌိဝိပ္ဖန္ဒိတံ။**

(ခ) **ဒိဋ္ဌိဂတိကော ဟိ ဧကသ္မိံ ပတိဋ္ဌာတုံ န သက္ကောတိ၊ ကဒါစိ သဿတံ အနုပတတိ၊ ကဒါစိ ဥစ္ဆေဒံ။**

(ဂ) **ဒိဋ္ဌိယေဝ ဗန္ဓနဋ္ဌေန သံယောဇနန္တိ ဒိဋ္ဌိသံယောဇနံ။ သုသုမာရာဒယော ဝိယ ပုရိသံ, အာရမ္မဏံ ဒဠှံ ဂဏှာတီတိ ဂါဟော။** (ဃ) **ပတိဋ္ဌဟနတော ပတိဋ္ဌာဟော။**

(င) **အယဉှိ ဗလဝပ္ပဝတ္တိဘာဝေန ပတိဋ္ဌဟိတွာ ဂဏှာတိ။**

(စ) **နိစ္စာဒိဝသေန အဘိနိဝိသတီတိ အဘိနိဝေသော။ ဓမ္မသဘာဝံ အတိက္ကမိတွာ နိစ္စာဒိဝသေန ပရတော အာမသတီတိ ပရာမာသော။** (ဆ-၁) **အနတ္ထာဝဟတ္တာ ကုစ္ဆိတော မဂ္ဂေါ,** (ဆ-၂) **ကုစ္ဆိတာနံ ဝါ အပါယာနံ မဂ္ဂေါတိ ကုမ္မဂ္ဂေါ။**

ဒိဋ္ဌိဝိပ္ဖန္ဒိတံ= ဒိဋ္ဌိ၏ ဖောက်ပြန်သော တုန့်လှုပ်ခြင်း။(သဒ္ဒတ္ထ) ဖောက်ပြန်သည်ဖြစ်၍ တုန်လှုပ်

http://www.dhammadownload.com

သော ဒိဋ္ဌိ။(အဓိပ္ပါယတ္ထ)

➤ ❶ ။ (က) ကဒါစိ၊ရံခါ။သဿတသ၊သဿတအယူကို။ကဒါစိ၊ရံခါ။ဥစ္ဆေဒသ၊ကို။ဂဟဏ တော၊ယူခြင်းကြောင့်။ဒိဋ္ဌိယာ၊၏။ဝိရူပံ၊ဖောက်ပြန်သော။ဖန္ဒိတံ၊တုန်လှုပ်ခြင်းတည်း။ဣတိ တသ္မာ၊ကြောင့်။ ဒိဋ္ဌိ ဝိပ္ဖန္ဒိတံ၊မည်၏။ဒိဋ္ဌိဝိပ္ဖန္ဒိတံ၊ဒိဋ္ဌိ၏ ဖောက်ပြန်သော တုန်လှုပ်ခြင်း။ဝါ၊ဖောက်ပြန်သည်ဖြစ်၍ တုန် လှုပ်သော ဒိဋ္ဌိ။ (ခ) ဟိ-သစ္စံ၊မှန်၏။ဒိဋ္ဌိ ဂဟိကော၊ဒိဋ္ဌိအယူရှိသော သူသည်။ကေသ္မိံ၊တခုသော အယူ၌။ ပတိဋ္ဌာတုံ၊တည်ရပ်ခြင်းငှာ။န သက္ကောတိ၊မတတ်နိုင်။ကဒါစိ၊ရံခါ။သဿတံ၊သဿတ အယူသို့။အနုပတတိ၊ အစဉ်လိုက်တတ်၏။ကဒါစိ၊ရံခါ။ဥစ္ဆေဒံ၊သို့။အနုပတတိ၊၏။ (ဂ) ဒိဋ္ဌိယေဝ၊ဒိဋ္ဌိသည်ပင်လျှင်။ဗန္ဓနဋ္ဌေန၊ ဖွဲ့တတ်သော အနက်ကြောင့်။သံယောဇနံ၊မည်၏။ဣတိ တသ္မာ၊ကြောင့်။ဒိဋ္ဌိသံယောဇနံ၊မည်၏။သံသုမာရာ ဒယော၊မိကျောင်း-စသော သတ္တဝါတို့သည်။ပုရိသံ၊ယောကျာ်းကို။ဂဏှန္တိ ဝိယ၊ဖမ်းယူကုန်၏သို့။(တထာ၊ထို့ အတူ) ဒဠှံ၊မြဲမြံစွာ။အာရမ္မဏံ၊ကို။ဂဏှာတိ၊ဖမ်းယူတတ်၏။ဣတိ တသ္မာ၊ကြောင့်။ဂါဟော၊မည်၏။

(ဃ) ပတိဋ္ဌဟနတော၊တည်ရပ်တတ်သည်၏ အဖြစ်ကြောင့်။ပတိဋ္ဌာဟော၊မည်၏။

(င) ဟိ-သစ္စံ၊ထိုစကားသည် မှန်၏။အယံ ဓမ္မော၊ဤဒိဋ္ဌိဟူသော တရားသည်။ဗလဝပ္ပတ္တိဘာဝေန၊ အားကြီးစွာ ဖြစ်သည်၏ အဖြစ်ကြောင့်။ပတိဋ္ဌဟိတွာ၊တည်ရပ်၍။ဂဏှာတိ၊ဖမ်းယူတတ်၏။

(စ) နိစ္စာဒိဝသေန၊နိစ္စ-စသည်တို့၏ အစွမ်းဖြင့်။အဘိနိဝိသတိ၊နှလုံးသွင်း၏။ဣတိ တသ္မာ၊ထို့ကြောင့်။ အဘိနိဝေသော၊မည်၏။ဓမ္မသဘာဝံ၊ဓမ္မတို့၏ အနိစ္စ-စသော သဘောကို။အတိက္ကမိတွာ၊လွန်၍။နိစ္စာဒိဝသေန၊ နိစ္စ-စသည်တို့၏ အစွမ်းဖြင့်။ပရတော၊ဓမ္မတို့၏ အနိစ္စ-စသော သဘောမှတပါး နိစ္စ-စသော သဘော အားဖြင့်။အာမသတိ၊သုံးသပ်တတ်၏။ဣတိ တသ္မာ၊ကြောင့်။ပရာမာသော၊ပရာမာသ မည်၏။

(ဆ) အနတ္ထာဝဟတ္တာ၊အကျိုးစီးပွားကို ဆောင်တတ်သည်၏အဖြစ်ကြောင့်။ကုစ္ဆိတော၊စက်ဆုပ်အပ် သော။မဂ္ဂေါ၊ခရီးတည်း။ဣတိ တသ္မာ၊ထို့ကြောင့်။ကုမ္မဂ္ဂေါ၊မည်၏။ဝါ၊တနည်းကား။ကုစ္ဆိတာနံ၊ကုန်သော။ အပါယာနံ၊အပါယ်တို့၏။မဂ္ဂေါ၊တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။ကုမဂ္ဂေါ၊မည်၏။

➤ ❷ ။ **(ခ) သို့/ ဋ္ဌပနာပဉ္စက** ။ ။ဆရာ၊ ဆရာသည် (က)ဖြင့် ရံခါ သဿတအယူကို, ရံခါ ဥစ္ဆေဒ အယူကို ယူခြင်းကြောင့် အယူ၏ ဖောက်ပြန်သော တုန်လှုပ်ခြင်းသည် ဒိဋ္ဌိဝိပ္ဖန္ဒိတ မည် သောဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဆရာ့စကားသည် ယုတ္တိကင်းပ ဒဠှီယမျှသာဖြစ်၍ မယုံကြည်အပ် မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မယုံကြည်နိုင်သောကြောင့် (က)ဖြင့် ရံခါ သဿတအယူကို, ရံခါ ဥစ္ဆေဒ အယူကို ယူခြင်းကြောင့် အယူ၏ ဖောက်ပြန်သော တုန်လှုပ်ခြင်းသည် ဒိဋ္ဌိဝိပ္ဖန္ဒိတ မည် သောဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကိုလည်း ပြဆိုသင့် သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဠှီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(င) သို့/ ဋ္ဌပနာပဉ္စက ။ ။ဆရာ၊ ဆရာသည် (ဃ) ဖြင့် တည်ရပ်တတ်သည်၏အဖြစ်, စွဲမြဲ စွာ တည်တတ်သည်၏အဖြစ်ကြောင့် ပတိဋ္ဌာဟ မည်သောဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဤမိစ္ဆာ ဒိဋ္ဌိသည် တည်ရပ်တတ်သည်၏အဖြစ်, စွဲမြဲစွာ တည်တတ်သည်၏အဖြစ် မရှိသည် မဟုတ်ပါလော။

http://www.dhammadownload.com

ထိုသို့ မရှိလေသောကြောင့် (ဃ) ဖြင့် တည်ရပ်တတ်သည်၏အဖြစ်, စွဲမြဲစွာ တည်တတ်သည်၏အဖြစ်ကြောင့် ပတိဋ္ဌာဟ မည်သောဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (င) မိန့်။

(ဆ-၂) သို့/ ဥပနာပဥ္စက ။ ။ဆရာ၊ ဆရာသည် (ဆ-၁) ဖြင့် ကုမ္မဂ္ဂေါပုဒ်ကို ကုနိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းဆိုအပ်ပြီးသော ဝစနတ္ထ သာလျှင် ဖြစ်ကောင်း၏ဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ဆ-၁) ဖြင့် ကုမ္မဂ္ဂေါပုဒ်ကို ကု-နိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုသာ မဆိုသင့်။ အခြား ဖြစ်သင့်သော ဝစနတ္ထ တစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ အခြား ဖြစ်သင့်သော ဝစနတ္ထ တစ်မျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဆ-၂) မိန့်။

➢ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)(င)** ဖြင့် ဝိရောဓိ, ဩစိတျဟီနဒေါသတို့ကို ပယ်ပါသည်။ (ကြွင်း အဗျာပိတဒေါသကို ပယ်ပါသည်။)

(ဆ) ကုစ္ဆိတာနံ ဝါ-ဠ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ ကုမ္မဂ္ဂပုဒ်၏ ကု-နိပါတ ပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထမှတပါး ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ဆ) ကုစ္ဆိတာနံ ဝါ-ဠ ဝါ-သဒ္ဒါကို ထားရပါသည်။ (တနည်း) ကု-အရ စက်ဆုပ်အပ်သော ခရီးဟူသော မိစ္ဆာဒိဋ္ဌိ-ဟုဆိုအပ်သော အဘိဓေယျတ္ထ အနက်အကျိုးမှတပါး စက်ဆုပ်အပ်သော အပါယ်ဟူသော အဘိဓေယျတ္ထ အနက်အကျိုးတစ်စိတ်ကို လဲလှယ်ပြလိုသောကြောင့် (ဆ) ကုစ္ဆိတာနံ ဝါ-ဠ ဝါ-သဒ္ဒါကို ထားရပါသည်။

➢ ❻ ။ သသတိ ဟိံသတီတိ **သုသု**။(သသဓာတ်+ဥ) မာရေတီတိ **မာရော**။(မရ+ဏ)

သုသု စ ဝ မာရော **သုသုမာရော**။ (၂) သုသုပုဒ်+မာရပုဒ်သည်ငင်း၊ ညှဥ်းဆဲတတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ သတ်တတ်သော မိကျောင်းနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မိကျောင်းတို့၏ တစ်ကောင်သည် တစ်ကောင်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

သုသုမာရော အာဒိ ယေသန္တိ **သုသုမာရာဒယော**။ (၂) သုသုမာရပုဒ်+အာဒိပုဒ်+ယပုဒ်သည်ငင်း၊ မိကျောင်းဟူသော အစ၏ ကြွင်းသော သတ္တဝါတို့နှင့် အာဒိ+အာဒိဝန္တ၊ အစိတ်+အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မိကျောင်းဟူသော အစရှိခြင်းဂုဏ်သည် (ဝါ) မိကျောင်း-စသော သတ္တဝါတို့၏ တစ်ကောင်သည် တစ်ကောင်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ ✱ အာမသတီတိ **အာမာသော**။ ပရတော အာမာသော **ပရာမာသော**။

(၂) ပရပုဒ်+အာမာသပုဒ်သည်ငင်း၊ တစ်ပါးသော မှားသော ပရတောဂုဏ်၏ သုံးသပ်တတ်သော မိစ္ဆာဒိဋ္ဌိနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) တစ်ပါးသော မှားသော အားဖြင့် သုံးသပ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

သဗ္ဗဒါ သရတီတိ **သဿတော**။ (သရဓာတ်+တပစ္စည်း)

ဥစ္ဆိဇ္ဇတီတိ **ဥစ္ဆေဒေါ**။ (ဥပုဗ္ဗ ဆိဒိဓာတ်+ဏပစ္စည်း)

* ဝိရုပ္ပတီတိ **ဝိရူပံ**။ (ဝိပုဗ္ဗ ရူပ+အ) ဖန္ဒိယတေ **ဖန္ဒိတံ**။(ဖဒိ+တ) ဝိရူပံ ဖန္ဒိတံ **ဝိပ္ဖန္ဒိတံ**။

ဒိဋ္ဌိယာ ဝိပ္ဖန္ဒိတံ **ဒိဋ္ဌိဝိပ္ဖန္ဒိတံ**။ (၂) ဒိဋ္ဌိပုဒ်+ဝိပ္ဖန္ဒိတပုဒ်သည့်ရင်း၊ ဒိဋ္ဌိ၏ တုန်လှုပ်ခြင်းကြိယာနှင့် အဘေဒ+ဘေဒ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ဝ် ဖျူပ္ပတ္တိမုတ်။ (၄) ဒိဋ္ဌိ၏ တုန်လှုပ်ခြင်းကြိယာသည် (ဝါ) တုန်လှုပ်တတ်သော ဒိဋ္ဌိ စေတသိက်ဒြဗ်သည် ပဝတ္တိနိမိတ်။

ဒိဋ္ဌိ ဧဝ ဒိဋ္ဌိဂတံ။ ဒိဋ္ဌိဂတံ အဿ အတ္ထီတိ **ဒိဋ္ဌိဂတိကော**။ (ဒိဋ္ဌိဂတပုဒ်+ဣက)

ပတိဋ္ဌဟတီတိ **ပတိဋ္ဌဟနော**။ (ပတိပုဗ္ဗ ဌာ+ယု) အနတ္ထံ အာဝဟတီတိ **အနတ္ထာဝဟာ**။

အနတ္ထာဝဟာယ ဘာဝေါ **အနတ္ထာဝဟတ္တံ**။ (တဒ္ဓာ)

➤ ❻ ။ **(က)** ၌ ဒိဋ္ဌိယာ ဝိရူပံ ဖန္ဒိတံ-ဖြင့် ဒိဋ္ဌိဝိပ္ဖန္ဒိတံ-ကို ဒိဋ္ဌိ+ဝိ+ဖန္ဒိတ-ဟု ပုဒ်ဖြတ်ရမည်ကိုင်း(သန္ဓိလိင်္ဂတ္ထ) ဝိ-ဥပသာရ၏ ဝိရူပတ္ထကို ဟောသည်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဝိ-နှင့် ဖန္ဒိတ ပုဒ်ကို ဝိရူပံ ဖန္ဒိတံ ဝိပ္ဖန္ဒိတံ-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) အပေါင်းပုဒ်ကို ဒိဋ္ဌိယာ ဝိပ္ဖန္ဒိတံ ဒိဋ္ဌိဝိပ္ဖန္ဒိတံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) ဒိဋ္ဌိဝိပ္ဖန္ဒိတံ-ဟူသည် ဒိဋ္ဌိ၏ ဖောက်ပြန်သည်ဖြစ်၍ တုန်လှုပ်ခြင်းကြိယာမျှကို ရသည်မဟုတ်၊ ဖောက်ပြန်သည်ဖြစ်၍ တုန်လှုပ်သော ဒိဋ္ဌိကိုပင်လျှင် အဘေဒူပစာရအားဖြင့် ဒိဋ္ဌိဝိပ္ဖန္ဒိတ ဟူ၍ ဆိုအပ်သည်၏အဖြစ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

ကဒါစိ သဿတဿ (ပ) ဂဟဏတော-ဖြင့် ရံခါ သဿတအယူကို, ရံခါဥစ္ဆေဒ အယူကို ယူခြင်းကြောင့် မိစ္ဆာအယူ၏ တုန်လှုပ်သည်၏အဖြစ်ကို သိစေပါသည်။(ဘာဝတ္ထ)

(ဃ) စက္ခုတော ဝါ–၌ ဝါ–သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ စက္ခုဝိညာဏပုဒ်၏ အကြောင်းဖြစ်သော စက္ခု၏ ဝိညာဏ်ဟူသော ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထအကြောင်းသကတ်မှတပါး အကြောင်းဖြစ်သော စက္ခုမှဖြစ်သော ဝိညာဏ်ဟူသော ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထ အကြောင်းသကတ် တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ဃ) စက္ခုတော ဝါ–၌ ဝါ–သဒ္ဒါကို ထားရပါသည်။

စက္ခုသ္မိံ ဝါ–၌ ဝါ–သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ စက္ခုဝိညာဏပုဒ်၏ အကြောင်းဖြစ်သော စက္ခုမှဖြစ်သော ဝိညာဏ်ဟူသော ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထအကြောင်း သကတ်မှတပါး အကြောင်းဖြစ်သော စက္ခု၌မှီသော ဝိညာဏ်ဟူသော မဇ္ဈေလောပီ သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထ အကြောင်းသကတ် တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် စက္ခုသ္မိံ ဝါ–၌ ဝါ–သဒ္ဒါကို ထားရပါသည်။

➢ ❹ ။ စက္ခတိ ဝိညာဏာဓိဋ္ဌိတံ ဟုတွာ သမဝိသမံ အာစိက္ခန္တံ ဝိယ ဟောတီတိ **စက္ခု**။

စက္ခဓာတ်+ဥပစ္စည်းသည်ငှင်း၊ ဝိညာဏ်၏ တည်ရာဖြစ်၍ ညီညွတ် မညီညွတ်သည်ကို ပြောကြား သကဲ့သို့ ဖြစ်ခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) စက္ခုပသာဒဒြဗ်သည် ပဝတ္တိနိမိတ်။

ကရီယိတ္ထာတိ ကတံ။ ကတဿ ဘာဝေါ **ကတတ္တံ**။(တဿ္မာ) (၂) ကတပုဒ်+တ္တပစ္စည်းသည်ငှင်း၊ ပြုအပ်ပြီးသော ကံ၏ ပြုပြီးခြင်းကြိယာနှင့် သာရျ+သာဓက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိ နိမိတ်။ (၄) ပြုအပ်ပြီးသော ကံ၏ ဖြစ်ကြောင်းဖြစ်ရာ ပြုပြီးခြင်းကြိယာသည် ပဝတ္တိနိမိတ်။

* ဥပစိယိတ္ထာတိ **ဥပစိတံ**။ (၂) ဥပပုဗ္ဗ စိဓာတ်+တ–ပစ္စည်းသည်ငှင်း၊ စီခြင်းကြိယာသည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) စီခြင်းကြိယာသည် ပဝတ္တိနိမိတ်။

➢ ❻ ။ **(က)** ၌ ကတကာရဏာ–ဖြင့် ကတတ္တာ–၌ တ္တ–ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုငှင်း(ပစ္စယတ္ထ) ကတဿ ဘာဝေါ ကတတ္တံ–ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ကတတ္တာ– ၌ အာ–သည် သ္မာဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုငှင်း(ဝိဘတ္တိပဒ) ယင်းသ္မာဝိဘတ်၏ ကာရဏအနက် ၌ သက်သည်ကိုငှင်း(ဝိဘတျတ္ထ) သိစေပါသည်။

(ခ) ၌ အာစိတတ္တာ–ဖြင့် ဥပစိတတ္တာ၌ ဥပစိတ–ဝယ် ဥပ–ရှေးရှိသော စိဓာတ်၏ အဖြစ်ကိုငှင်း (ဒု–ဓာတုပဒ) ယင်း စိဓာတ်၏ အာစယ=စီခြင်းအနက် ဟောသည်ကိုငှင်း(ဒု–ဓာတွတ္ထ) တ–ပစ္စည်း၏ အတိတ်ကမ္မသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု–ပစ္စယတ္ထ) ဥပစိယိတ္ထာတိ ဥပစိတံ–ဟု ပြုရမည်ကို ငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

ဝမိတကာရဏာ–ဖြင့် ဥပစိတတ္တာ အာစိတတ္တာ၌ စီခြင်းဟူသည် အထပ်ထပ် တိုးပွားစေခြင်းပင် တည်း၊ အခြားကံ၏ အကျိုးပေးခွင့်ကို တားမြစ်၍ မိမိသည်သာ အကျိုးပေးခွင့်ရလောက်အောင် အထပ်

http://www.dhammadownload.com

ထပ် တိုးပွားစေခြင်းပင်တည်းဟူသော အခိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

(တနည်း) **ဝမိုတကာရဏာ**-ဖြင့် ဥပစိတတ္တာ၌ တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) ဥပစိတဿ ဘာဝေါ ဥပစိတတ္တံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ကတတ္တာ-၌ အာ-သည် သွာဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုင်း(ဝိဘတ္တိပဒ) ယင်းသွာဝိဘတ်၏ ကာရဏာအနက်၌ သက်သည်ကိုင်း(ဝိဘတျတ္ထ) သိစေပါသည်။

(ဂ) ၌ စက္ခုဿ ဝိညာဏံ-ဖြင့် စက္ခုဝိညာဏံပုဒ်ကို စက္ခုဿ ဝိညာဏံ စက္ခုဝိညာဏံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

ကာရဏဘူတဿ-ဖြင့် စက္ခုဝိညာဏံ၌ စက္ခု-အရ စက္ခုဝိညာဏ်၏ အကြောင်းဖြစ်သော စက္ခုပသာဒကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(ဃ) ၌ စက္ခုတော ပဝတ္တံ-ဖြင့် စက္ခုဝိညာဏံကို စက္ခုတော ပဝတ္တံ ဝိညာဏံ စက္ခုဝိညာဏံ-ဟု ပဝတ္တ အလယ်ပုဒ်ကျေသော ပဉ္စမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

ဝါ-ဖြင့် နယန္တရကို သိစေပါသည်။(ဘာဝတ္ထ)

စက္ခုသ္မိံ နိဿိတံ ဝိညာဏံ-ဖြင့် စက္ခုဝိညာဏံ ကို စက္ခုသ္မိံ နိဿိတံ ဝိညာဏံ စက္ခုဝိညာဏံ-ဟု နိဿိတ အလယ်ပုဒ်ကျေသော သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

➤ **၇** ။ **(ဃ)** **ဝါ**-ကား နယန္တရဇောတကနိပါတ်။ (င) **ပိ**-ကား သမုစ္စယဇောတကနိပါတ်။ ယင်း **ပိ-သဒ္ဒါဖြင့်** စက္ခုဝိညာဏံပုဒ်၌သာ ဆဋ္ဌီတပ္ပုရိသ်, ပဉ္စမီတပ္ပုရိသ်, သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထနည်းကို မှတ်အပ်သည်မဟုတ်သေး၊ သောတဝိညာဏံ-စသော ပုဒ်တို့၌လည်း ဤဆိုခဲ့ပြီး ဝစနတ္ထနည်းတို့ကို မှတ်အပ်၏ဟု ဆည်းပါသည်။

(င) ဒေသေဝနယော-၌ (၁) စက္ခုဝိညာဏံပုဒ်၌ ဆိုခဲ့ပြီးသော ဆဋ္ဌီတပ္ပုရိသ်, ပဉ္စမီတပ္ပုရိသ်, သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထနည်းတို့သည် ဂဟေတဗ္ဗတ္ထ။ (၂) တပါးသော ဝစနတ္ထနည်းတို့သည် နိဝတ္တေတဗ္ဗတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(က) ဟိတ်ဆိုက်လေရာ ကြိယာ၏ ပကတိ ကတ္တားကို ကိုယ်ပြု၍** = ကြိယာ၏ ကတ္တားကား "စက္ခုဝိညာဏံ" ဖြစ်ပါသည်။(ပထမအုပ်-၂၅၇/ ၅၆၅-ကြည့်)

ကတတ္တာ-၌ ကတ-အရ = (၁) ကာမာဝစရကုသိုလ်ကံသည် ဒဿနတ္ထ။ (၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) ကြိယာမနောဓာတ်သည် ပကာသနတ္ထ။ (၄) ပဋိရူပဒေသ စသည်သည် ဝိဘာဝတ္ထ။ (၅) ကုသလဝိပါက် စက္ခုဝိညာဏ်သည် အနုဘာဝတ္ထ။

➤ **၁ ဝ** ။ **စက္ခုဝိညာဏံ** ။ ။ စက္ခု-အရ စက္ခုပသာဒရုပ် ပစ္စည်းတရားသည် ဝိညာဏ-အရ စက္ခုဝိညာဏ် ပစ္စယုပ္ပန်တရားအား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= နိ၊ ပု၊ ဣံ၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၆)

http://www.dhammadownload.com

ပါဠိ (၁၈၂) [ဋ္ဌ၊၇၂၈။ ပြည်၊တ၊၁၃၂။ ဘာသာဋီ၊တ၊၃၄၁]

(က) **လောကုတ္တရဝိပါကမ္ပိ ကုသလသဒိသတ္တာ ကုသလာနုဂတိကမေဝ ကတ္ဗာ ဘာဇိတံ။**

(ခ) **ယသ္မာ ပန တေဘူမကကုသလံ စုတိပဋိသန္ဓိဝသေန ဝဋ္ဋံ အာစိနာတိ ဝဍ္ဍေတိ၊ တသ္မာ တတ္ထ ""ကတတ္တာ ဥပစိတတ္တာ"" တိ ဝုတ္တံ။**

(ဂ) **လောကုတ္တရံ ပန တေန အာစိတမ္ပိ အပစိနာတိ၊ သယမ္ပိ စုတိပဋိသန္ဓိဝသေန န အာစိနာတိ၊ တေနေတ္ထ "ကတတ္တာ ဘာဝိတတ္တာ"တိ ဝုတ္တံ။**

➤ **၁** ။ **(က)** လောကုတ္တရဝိပါကမ္ပိ၊လောကုတ္တရာဝိပါက်ကိုလည်း။လောကုတ္တရ ကုသလ သဒိသတ္တာ၊လောကုတ္တရာ ကုသိုလ်နှင့်တူသည်၏ အဖြစ်ကြောင့်။ကုသလာနုဂတိကမေဝ၊ကုသိုလ်သို့ အစဉ်လိုက်သည်ကိုသာလျှင်။ကတွာ၊ပြု၍။(ဘဂဝတာ၊သည်)ဘာဇိတံ၊ဝေဘန်အပ်၏။

(ခ) ပန၊ထိုမှတပါး။ယသ္မာ၊ကြောင့်။တေဘူမက ကုသလံ၊သည်။စုတိပဋိသန္ဓိ ဝသေန၊စုတိ ပဋိသန္ဓေ၏အစွမ်းဖြင့်။ဝဋ္ဋံ၊ဝဋ္ဋတရားကို။အာစိနတိ၊စီတတ်၏။ဝဍ္ဍေတိ၊ပွားစေတတ်၏။တသ္မာ၊ထို့ကြောင့်။(ထိုသို့ တေဘူမက ကုသိုလ်၏ စုတိ ပဋိသန္ဓေ၏အစွမ်းဖြင့် ဝဋ္ဋတရားကို စီတတ်သည်၏ အဖြစ်ကြောင့်) တတ္ထ၊ထိုတေဘူမက ကုသိုလ်၌။"ကတတ္တာ ဥပစိတတ္တာ"တိ၊ဟူ၍။ဝုတ္တံ၊ဟောတော်မူအပ်၏။ **(ဂ)** ပန၊ထိုသို့မဟုတ်။ လောကုတ္တရံ၊သည်။တေန၊ထိုတေဘူမက ကုသိုလ်သည်။အာစိတမ္ပိ၊စီအပ်ပွားစေအပ်သည်လည်းဖြစ်သော။ ဝဋ္ဋံ၊ကို။အပစိနတိ၊ဖျက်ဆီးတတ်၏။သယမ္ပိ၊မိမိသည်လည်း။စုတိပဋိသန္ဓိ ဝသေန၊ဖြင့်။ဝဋ္ဋံ၊ကို။န အာစိနတိ၊ မစီတတ် မပွားစေတတ်။တေန၊ထို့ကြောင့်။ ဧတ္ထ၊ဤလောကုတ္တရာ ဝိပါက်၌။"ကတတ္တာ ဥပစိတတ္တာ"တိ၊ဟူ၍။ အဝတွာ၊မဟောမူ၍။ကတတ္တာ ဘာဝိတတ္တာတိ၊ဟူ၍။(ဘဂဝတာ၊သည်)ဝုတ္တံ၊ဟောတော်မူအပ်၏။

➤ **၂** ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော် တေဘူမကဝိပါကကထာ၌ ကတတ္တာ ဥပစိတတ္တာ-ဟု ဟောတော်မူ၏။ ထိုသို့ဟောတော်မူချေသော် ယင်းသို့ ဟောတော်မူခြင်း၏ အကြောင်းကို မပြဆိုဟု အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ကတတ္တာ ဥပစိတတ္တာ-ဟု ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား ဝိရောဓိဒေါသ, အဗျာပိတဒေါသ သင့်ရောက်ရာ၏။ ကတတ္တာ ဥပစိတတ္တာ-ဟု ဟောတော်မူရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ခ)(ဂ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော် လောကုတ္တရ ဝိပါကကထာ၌ "ကတတ္တာ ဘာဝိတတ္တာ"ဟု ဟောတော်မူ၏။ ထိုသို့ဟောတော်မူချေသော် တေဘူမက ဝိပါက်နှင့် လောကုတ္တရဝိပါက်တို့သည် အဗျာကတချင်း အတူတူပင်ဖြစ်၍ တေဘူမကဝိပါကကထာ၌ ကဲ့သို့ "ကတတ္တာ ဥပစိတတ္တာ"ဟု ဟောတော်မူသင့်သည် မဟုတ်ပါလော။ ထိုသို့ဟောတော်မူသင့်သော ကြောင့် "ကတတ္တာ ဘာဝိတတ္တာ"ဟု ဟောတော်မမူသင့်။ တေဘူမကဝိပါကကထာ၌ကဲ့သို့ "ကတတ္တာ ဥပစိတတ္တာ"ဟု မဟောဘဲ "ကတတ္တာ ဘာဝိတတ္တာ"ဟု ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် လောကုတ္တရဝိပါကကထာ၌ "ကတတ္တာ ဘာဝိတတ္တာ"ဟု ဟောတော်မူရ

http://www.dhammadownload.com

ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ)(ဂ) ဝါကျတို့ကိုမိန့်။

(ဂ) သို့/ ဋ္ဌပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် တေဘူမကဝိပါကကထာ၌ "ကတတ္တာ ဥပစိတတ္တာ"ဟု ဟောတော်မူရခြင်း၏အကြောင်းကို ပြဆိုတော်မူ၏။ ထိုသို့ ဆိုချေသော် လောကုတ္တရဝိပါကကထာ၌ "ကတတ္တာ ဘာဝိတတ္တာ"ဟု ဟောတော်မူရခြင်း၏ အကြောင်းကို မပြဆိုဟု အနက်သဘော သင့်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (ခ)ဖြင့် တေဘူမက ဝိပါကကထာ၌ "ကတတ္တာ ဥပစိတတ္တာ"ဟု ဟောတော်မူရခြင်း၏အကြောင်းကိုသာ မဆိုသင့်။ လောကုတ္တရ ဝိပါကကထာ၌ "ကတတ္တာ ဘာဝိတတ္တာ"ဟု ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် လောကုတ္တရဝိပါကကထာ၌ "ကတတ္တာ ဘာဝိတတ္တာ"ဟု ဟောတော်မူအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် တေဘူမကဝိပါကကထာ၌ "ကတတ္တာ ဥပစိတတ္တာ"ဟု ဟောတော်မူရခြင်း၏အကြောင်းကို ပြဆိုသောကြောင့် ဝိရောဓိဒေါသ, အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် လောကုတ္တရဝိပါကကထာ၌ "ကတတ္တာ ဘာဝိတတ္တာ"ဟု ဟောတော်မူရခြင်း၏ အကြောင်းကို ပြဆိုသောကြောင့် ဝိရောဓိဒေါသ, အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

➤ ❻ ။ ဝတ္တတိ ဧတ္ထ ကမ္မံ တဗ္ဗိပါကောစာတိ **ဝဋ္ဋံ**။ (၂) ဝတ္တဓာတ်+အ-ပစ္စည်းသည်ငှင်း၊ လောကီကုသိုလ်, အကုသိုလ်ကံ, ဝိပါက်တို့၏ ဝဋ္ဋတရားနှင့် အာဓာရ+အာဓာရီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဝဋ္ဋတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆို အပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

➤ ❼ ။ **(က) ပိ**-ကား (ရူပါဝစရ အရူပါဝစရ ဝိပါက်ကို ပေါင်းသောကြောင့်) သမ္ပိဏ္ဍနတ္ထ (ခ) **ပန**-ကား ဝါကျာရမ္ဘတ္ထ၊ ပက္ခန္တရတ္ထ။ (ဂ) **ပန**-ကား ပက္ခန္တရတ္ထ။

➤ ❽ ။ **ကြီးယားငါးတန်** ။ ။ **(က) ဘာဝိတံ-၌ အန္တဂ္ဂတ ဘဝေဓာတ်-အရ** = ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၄၂၃)

➤ ❶❿ ။ **ဝဋ္ဋ+အာစိနာတိ** ။ ။ အာစိနာတိ-အရ တေဘူမကကုသိုလ်ကံ ပစ္စည်းတရားက ဝဋ္ဋ-အရ ကံနှင့် ကံ၏အကျိုး ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

(တနည်း) အာစိနာတိ-အရ တေဘူမကကုသိုလ်ကံ ပစ္စည်းတရားက ဝဋ္ဋ-အရ ဝိပါက်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= နာနာက္ခဏိကကမ္မ၊ ပကတူပနိဿယ (၂)

ပါဠိ (၁၈၃) [ဋ္ဌ၊၃၃၀။ ပြည်၊တ၊၁၃၆။ ဘာသာဋီ၊တ၊၃၄၅]

စတုတ္ထဖလနိဒ္ဒေသေ (က) **အညာတာဝိန္ဒြိယန္တိ အညာတာဝိနော စတူသု သစ္စေသု နိဋ္ဌိတ ဉာဏကိစ္စဿ ဣန္ဒြိယံ။**

(ခ) **အညာတာဝီနံ ဝါ စတူသု သစ္စေသု နိဋ္ဌိတကိစ္စာနံ စတ္တာရိ သစ္စာနိ ဥ_တွာ ပဋိဝိဇ္ဈိတွာ ဌိတာနံ ဓမ္မာနံ အဗ္ဘန္တရေ ဣန္ဒဋ္ဌသာဓနေန ဣန္ဒြိယံ။**

http://www.dhammadownload.com

(ဂ) **နိဒ္ဒေသဝါရေပိသာ အညာတာဝီနန္တိ အာဇာနိတွာ ဌိတာနံ၊ ဓမ္မာနန္တိ သမ္ပယုတ္တဓမ္မာနံ အဗ္ဘန္တရေ၊ အညာတိ အာဇာနနာ။** (ဃ) **ပညာ ပဇာနနာတိ အာဒီနိ ဝုတ္တတ္ထာနေဝ။**

(င) **မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နန္တိ ဖလမဂ္ဂသာ အင်္ဂံ, ဖလမဂ္ဂေစ ပရိယာပန္နန္တိ အတ္ထော။**

အညာတာဝိန္ဒြိယံ = သောတာပတ္တိမဂ်သည် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ လေးပါးသော သစ္စာတို့ကို သိပြီးသော လေးပါးသော သစ္စာတို့၌ ပြီးပြီးသော ဉာဏ်ကိစ္စရှိသော ရဟန္တာပုဂ္ဂိုလ်၏ ဣန္ဒြေ။(က-နှင့်အညီ) * **အညာတာဝိန္ဒြိယံ** = သောတာပတ္တိမဂ်သည် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ လေးပါးသော သစ္စာတို့ကို သိပြီးသော လေးပါးသော သစ္စာတို့၌ ပြီးပြီးသော ကိစ္စရှိကုန်သော လေးပါးသော သစ္စာတို့ကို ထိုးထွင်း၍ သိပြီး၍တည်ကုန်သော သမ္ပယုတ်တရားတို့၏ အတွင်း၌ အစိုးရခြင်း သဘောကို ပြီးစေသော ဣန္ဒြေ။(ခ-နှင့်အညီ)

➢ **❶** ။ **(က)** စတုတ္ထဖလ နိဒ္ဒေသေ၌။အတ္ထော၊ကို။ဝေဒိတဗ္ဗော၊သိအပ်၏။အညာတာဝိန္ဒြိယန္တိ၊ကား။အညာတာဝိနော၊သောတာပတ္တိမဂ်သည် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ လေးပါးသော သစ္စာတို့ကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်၏။စတူသု သစ္စေသု၊လေးပါးသော သစ္စာတို့၌။နိဋ္ဌိတ ဉာဏကိစ္စဿ၊ပြီးပြီးသော ဉာဏ်ကိစ္စရှိသော ရဟန္တာပုဂ္ဂိုလ်၏။ဣန္ဒြိယံ၊ဣန္ဒြေတည်း။ **(ခ)** ဝါ၊တနည်းကား။အညာတာဝီနံ၊သောတာပတ္တိမဂ်သည် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ လေးပါးသော သစ္စာတို့ကို သိပြီးသော သမ္ပယုတ်တရားတို့၏။စတူသု သစ္စေသု၊တို့၌။နိဋ္ဌိတ ကိစ္စာနံ၊ပြီးပြီးသော ကိစ္စရှိကုန်သော သမ္ပယုတ်တရားတို့၏။စတ္တာရိ သစ္စာနိ၊တို့ကို။ဉတွာ-ပဋိဝိဇ္ဈိတွာ၊ထိုးထွင်း၍ သိပြီး၍။ဌိတာနံ၊တည်ကုန်သော။ဓမ္မာနံ၊သမ္ပယုတ်တရားတို့၏။အဗ္ဘန္တရေ၊အတွင်း၌။ဣန္ဒဋ္ဌသာဓနေန၊အစိုးရခြင်း သဘောကို ပြီးစေခြင်းဖြင့်။ဣန္ဒြိယံ၊ဣန္ဒြေမည်၏။ **(ဂ)** အဿ အညာတာဝိန္ဒြိယဿ ပဒဿ၊၏။နိဒ္ဒေသဝါရေပိ၌လည်း။အညာတာဝီနန္တိ၊ကား။အာဇာနိတွာ၊သောတာပတ္တိမဂ်သည် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ လေးပါးသော သစ္စာတို့ကို သိပြီး၍။ဌိတာနံ၊တည်ကုန်သော။ဓမ္မာနန္တိ၊ကား။သမ္ပယုတ္တ ဓမ္မာနံ၊သမ္ပယုတ်ဖြစ်သော တရား၏။အဗ္ဘန္တရေ၊အတွင်း၌။အညာတိ၊ကား။အာဇာနနာ၊သောတာပတ္တိမဂ်သည် သိအပ်သော အပိုင်းအခြားကို မလွန်မူ၍ လေးပါးသော သစ္စာတို့ကို သိခြင်း။ **(ဃ)** ပညာ ပဇာနနာတိ အာဒီနိ၊ပညာ, ပဇာနနာ-အစရှိသော ပုဒ်တို့ကို။ဝုတ္တာနေဝ၊ဖွင့်အပ်ကုန်ပြီးသည်သာလျှင်တည်း။ **(င)** မဂ္ဂင်္ဂံ မဂ္ဂပရိယာပန္နန္တိ၊ကား။ဖလမဂ္ဂဿ၊ဖိုလ်၌ဖြစ်သော မဂ်၏။အင်္ဂံ၊အင်္ဂါတည်း။ဖလမဂ္ဂေစ၊ဖိုလ်၌ဖြစ်သော မဂ်၌လည်း။ပရိယာပန္နံ၊အကျုံးဝင်သည်တည်း။ဣတိ အယံ၊ဤသည်ကား။အတ္ထော၊အနက်တည်း။

➢ **❷** ။ **(ခ) သို့/ ပါဠနာဒိပဋ္ဌက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အညာတာဝိန္ဒြိယံ- ၌ အညာတာဝီ-အရ ရဟန္တာပုဂ္ဂိုလ်ကို ယူရမည်၊ အညာတာဝိန္ဒြိယံပုဒ်ကို အညာတာဝိနော ဣန္ဒြိယံ အညာတာဝိန္ဒြိယံ-ဟု သာမျတ္ထဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် အညာတာဝိန္ဒြိယံ၌ အညာတာဝီ-အရ ရဟန္တာပုဂ္ဂိုလ်ကိုသာ ယူအပ်၏၊ အညာတာဝိန္ဒြိယံပုဒ်ကို သာမျတ္ထဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထ တစ်မျိုးသာ ပြုသင့်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဆိုခဲ့ပြီးသည်မှ

http://www.dhammadownload.com

တစ်ပါးသော အရကောက်နှင့် ဝစနတ္ထတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာအား အဇ္ဈာပိတဒေါသ သင့်ရောက်ရာ၏။ ဆိုခဲ့ပြီးသည်မှ တစ်ပါးသော အရကောက်နှင့် ဝစနတ္ထတစ်မျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

➢ ❷ ။ **ဒေါသပယ်** ။ ။ (က) စသည် အဇ္ဈာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

(ခ) အညာတာဝီနံ ဝါ-၌ ဝါ-သဒ္ဒါကို ထားခြင်းအကြောင်း ။ ။ အညာတာဝိန္ဒြိယ်၌ အညာတာဝီ-အရ ရဟန္တာပုဂ္ဂိုလ်ဟူသော အဘိဓေယျတ္ထမှတစ်ပါး သမ္ပယုတ္တဓမ္မဟူသော အဘိဓေယျတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်၎င်း၊ အညာတာဝိန္ဒြိယ်ပုဒ်၏ သာမညတ္ထဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထမှတပါး နိဒ္ဒါရဏတ္ထ ဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထဟူသော ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့်၎င်း (ခ) အညာတာဝီနံ ဝါ-၌ ဝါ-သဒ္ဒါကို ထားရပါသည်။

➢ ❸ ။ နိဋ္ဌာသီတိ **နိဋ္ဌိတံ**။ (နိပုဗ္ဗ ဌာဓာတ်+တ) ✱ နိဋ္ဌံ ဣတံ ဂတံ ပတ္တံ **နိဋ္ဌိတံ**။ ဉာဏာယ ကိစ္စံ **ဉာဏကိစ္စံ**။ ✱ နိဋ္ဌိတံ ဉာဏကိစ္စံ ယဿာတိ **နိဋ္ဌိတဉာဏကိစ္စော**။

(၂) နိဋ္ဌိတပုဒ်+ဉာဏကိစ္စပုဒ်+ယ-ပုဒ်သည်၎င်း၊ ပြီးပြီးသော ဉာဏ်ကိစ္စ၏ ရဟန္တာပုဂ္ဂိုလ်နှင့် ဂုဏ်+ဂုဏော၊ သံ+သာမီ၊ ကိစ္စ+ကိစ္စဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပြီးပြီးသော ဉာဏ်ကိစ္စရှိသည်၏ အဖြစ်တည်းဟူသော နိဋ္ဌိတဉာဏကိစ္စဘောဂုဏ်သည် (ဝါ) ရဟန္တာပုဂ္ဂိုလ်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

(က) စတ္တာရိ သစ္စာနိ အာဇာနိတ္ထာတိ **အညာတာဝီ**။(တဿ) (၂) အာပုဗ္ဗ ဉာဓာတ်+တာဝီပစ္စည်းသည်၎င်း၊ သစ္စာလေးပါးတို့ကို သိခြင်းကြိယာသည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) သစ္စာလေးပါးတို့ကို သိခြင်းကြိယာသည် (ဝါ) လေးပါးသော သစ္စာတို့ကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

(ခ) စတ္တာရိ သစ္စာနိ အာဇာနိံသူတိ **အညာတာဝိနော**။ (တေသံ) (သမ္ပယုတ္တဓမ္မ ရ၏။)
နိဋ္ဌိတံ ကိစ္စံ ယေသံ ဓမ္မာနန္တိ **နိဋ္ဌိတကိစ္စာ**။ (တေသံ)
ဖလေ ပဝတ္တော မဂ္ဂေါ **ဖလမဂ္ဂေါ**။ (တဿ)

➢ ❹ ။ **(က)** ၌ အညာတာဝိနော ဣန္ဒြိယံ-ဖြင့် အညာတာဝိန္ဒြိယ်ကို အညာတာဝိနော ဣန္ဒြိယံ အညာတာဝိန္ဒြိယ်-ဟု ဆဋ္ဌီတပ္ပုရိသမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

စတုသု သစ္စေသု နိဋ္ဌိတဉာဏကိစ္စဿ-ဖြင့် အညာတာဝိန္ဒြိယ်၌ အညာတာဝီ-အရ သစ္စာလေးပါးတို့၌ ပြီးပြီးသော ဉာဏ်ကိစ္စရှိသော ရဟန္တာပုဂ္ဂိုလ်ကို ယူရမည်ဟု သိစေ။(သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ၌ အညာတာဝီနံ ဣန္ဒြိယံ-ဖြင့် အညာတာဝိန္ဒြိယ်ကို အညာတာဝီနံ ဣန္ဒြိယံ အညာတာဝိန္ဒြိယ်-ဟု ဆဋ္ဌီတပ္ပုရိသမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

စတုသု သစ္စေသု နိဋ္ဌိတကိစ္စာနံ-ဖြင့် အညာတာဝိန္ဒြိယ်၌ အညာတာဝီ-အရ သစ္စာလေးပါးတို့၌ ပြီးပြီးသော ကိစ္စရှိကုန်သော သမ္ပယုတ်တရားတို့ကို ယူရမည်ဟု သိစေ။(သရုပ်ကြား အဘိဓေယျတ္ထ)

စတ္တာရိ သစ္စာနိ ဉတွာ ပဋိဝိဇ္ဈိတွာ ဌိတာနံ ဓမ္မာနံ-ဖြင့် သစ္စာလေးပါးတို့၌ ပြီးပြီးသော

http://www.dhammadownload.com

ကိစ္စရှိကုန်သော သမ္ပယုတ်တရားတို့ဟူသည် သစ္စာလေးပါးတို့ကို ထိုးထွင်းသိပြီး၍ တည်ကုန်သော သမ္ပယုတ်တရားတို့ပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

အဗ္ဘန္တရေ-ဖြင့် အညာတာဝီနံ-၌ ဆဋ္ဌီဝိဘတ်သည် နိဒ္ဓါရဏအနက်၌ သက်၏ဟု သိစေပါသည်။ (ဝိဘတျတ္ထ) (တနည်း) အညာတာဝီနံပုဒ်ကို အဗ္ဘန္တရေဟူသော ပါဌသေသ၌ စပ်ရမည်ဟု သိ။(သမ္ဗန္ဓ)

ဣန္ဒြိယသာဓနေန-ဖြင့် ဣန္ဒြိယံ၌ ဣယ-ပစ္စည်း၏ သာဓေတိ တဒ္ဓိတ်အနက်၌ သက်သည်ကိုင်း (ပစ္စယတ္ထ) ဣန္ဒြ သာဓေတီတိ ဣန္ဒြိယံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ၌ အာဇာနိတွာ-ဖြင့် အညာတာဝီနံ၌ အာ-ရှေးရှိသော ဉဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) အာ-ဥပသာရ၏ မရိယာဒအနက်ဟောသည်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဉဓာတ်၏ သိခြင်း=ဇာနနအနက် ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) တာဝီ-ပစ္စည်း၏ အတိတ်ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) အာဇာနိံသူတိ အညာတာဝိနော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

ဋ္ဌိတာနံ-ဖြင့် အညာတာဝီနံပုဒ်သည် ဝိသေသနပုဒ်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

သမ္ပယုတ္တဓမ္မာနံ-ဖြင့် ဓမ္မာနံ-အရ သမ္ပယုတ္တဓမ္မတို့ကို ယူရမည်ဟု သိစေသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **အဗ္ဘန္တရေ**-ဖြင့် အညာတာဝီနံပုဒ်ကို အဗ္ဘန္တရေဟူသော ပါဌသေသ၌ စာစပ်ရမည်ဟု သိစေပါသည်။(သမ္ဗန္ဓ) **အာဇာနနာ**-ဖြင့် အညာ၌ အာ-ရှေးရှိသော ဉဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) အာ-ဥပသာရ၏ မရိယာဒအနက်ဟောသည်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ဉဓာတ်၏ သိခြင်း=ဇာနနအနက် ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) အ-ပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) အာဇာနနာ အညာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(င) ဖြင့် ဖလမဂ္ဂသ အင်္ဂ-၌ မဂ္ဂ-အရ ဖိုလ်၌ဖြစ်သော မဂ်ကို (ဝါ) ဖိုလ်စိတ္တုပ္ပါဒ်တွင် ပါဝင်သော အပေါင်းဖြစ်သော သမ္မာဒိဋ္ဌိစသည်ကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) မဂ္ဂင်ပုဒ်ကို မဂ္ဂသ အင်္ဂံ မဂ္ဂင်္ဂံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဖလမဂ္ဂေစ ပရိယာပန္န-ဖြင့် မဂ္ဂပရိယာပန္န၌ မဂ္ဂ-အရ ဖိုလ်၌ဖြစ်သော မဂ်ကို (ဝါ) ဖိုလ်စိတ္တုပ္ပါဒ်တွင် ပါဝင်သော အပေါင်းဖြစ်သော သမ္မာဒိဋ္ဌိစသည်ကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) မဂ္ဂ ပရိယာပန္နပုဒ်ကို မဂ္ဂေ ပရိယာပန္နံ မဂ္ဂပရိယာပန္နံ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

➢ **၇** ။ **(က) နိဋ္ဌိတာ**-၌ နိ-ကား ဓာတွတ္ထဝိသေသက။ **အညာ**၌ အာ-ကား မရိယာဒတ္ထ။ (ခ) **ဝါ**-ကား နယန္တရဇောတက။ **ပဋိဝိဇ္ဈိတွာ**-၌ ပဋိ-ကား ဓာတွတ္ထဝိသေသက။ **အဗ္ဘန္တရေ**-၌ အဘိ-ကား ဓာတွတ္ထာနုဝတ္တက။ (ဂ) **ပိ**-ကား သမုစ္စယတ္ထ။

(ဃ) ဝုတ္တတ္ထာနေဝ-၌ (၁) ဆိုအပ်ပြီးသောအနက်ရှိသော ပညာ, ပဇာနနာ-စသော ပုဒ်တို့သည် ဂဟေတဗ္ဗတ္ထ။ (၂) ဆိုအပ်ပြီးသော အနက်မရှိသော ပုဒ်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဆိုအပ်ပြီးသော အနက်သည် အနုညာတတ္ထ။

➢ **၈** ။ **ကြိယာငါးတန်** ။ ။ **(က) အညာတာဝိနော-အရ, နိဋ္ဌိတဉာဏကိစ္စံ-အရ**

http://www.dhammadownload.com

ရဟန္တာပုဂ္ဂိုလ်ရ၏။ **နိဋ္ဌိတဉာဏကိစ္စဿ–၌ နိဋ္ဌိတဉာဏကိစ္စ–ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်–အရ** = အရဟတ္တဖိုလ်ကို ရ၏။ **(ခ) အညာတာဝိနံ–အရ** = သမ္မယုတ်တရား ရ၏။ **အညာတာဝိန္ဒြိယံ–အရ** = အရဟတ္တဖိုလ် ရ၏။ **မဂ္ဂင်္ဂ–အရ** = ဖိုလ်၌ဖြစ်သော မဂ္ဂင် ရ၏။

➤ **၁၀**။ **(ခ) အညာတာဝိနံ+ဣန္ဒြိယံ** ။ ။ အညိန္ဒြိယံ–အရ အရဟတ္တဖိုလ်ဉာဏ် ပစ္စည်းတရားသည် အညာတာဝိနံ–အရ တံသမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဣ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၀)

ဖလမဂ္ဂဿ+အင်္ဂ ။ ။ အင်္ဂ–အရ ဖိုလ်၌ဖြစ်သော သမ္မာဒိဋ္ဌိ ပစ္စည်းတရားက ဖလမဂ္ဂဿ–အရ ကြွင်းသော ဖိုလ်၌ဖြစ်သော မဂ္ဂင် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဝိ၊ ဣ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၁)

ပါဌ် (၁၈၅) [ဋီ၁၃၁။ ပြည်၊တ၊၁၃၇။ ဘာသာဋီ၊တ၊၃၄၉]

(က) **တတ္ထ ကိရိယာတိ ကရဏမတ္တံ။**

(ခ) **သဗ္ဗေသုယေဝ ဟိ ကိရိယစိတ္တေသု ယံ ဇဝနဘာဝံ အပ္ပတ္တံ၊ တံ ဝါတပုပ္ဖံ ဝိယ,**

(ဂ) **ယံ ဇဝနဘာဝပ္ပတ္တံ၊ တံ ဆိန္နမူလကရုက္ခပုပ္ဖံဝိယ အဖလံ ဟောတိ။**

(ဃ) **တံတံကိစ္စသာဓနဝသေန ပဝတ္တတ္တာ ပန ကရဏမတ္တမေဝ ဟောတိ။ တသ္မာ ""ကိရိယာ""တိ ဝုတ္တံ။**

➤ **၁**။ **(က)** တတ္ထ၊ထို"ကုသလာ ဓမ္မာ အဗျာကတာ"အစရှိသော စကား၌။ကိရိယာတိ၊ကား။ ကရဏမတ္တံ၊ထိုထိုကိစ္စကိုပြုခြင်း ပြီးစေခြင်းမျှသာတည်း။ **(ခ)** ဟိ–သစ္စံ၊မှန်။သဗ္ဗေသုယေဝ၊အလုံးစုံသာလျှင် ဖြစ်ကုန်သော။ကိရိယ စိတ္တေသု၊တို့တွင်။ယံ ကိရိယစိတ္တံ၊အကြင်ကြိယာစိတ်သည်။(တနည်း) ယံ၊အကြင် အာဝဇ္ဇန်းဒွေးသည်။ဇဝနဘာဝံ၊ဇော၏အဖြစ်သို့။အပ္ပတ္တံ၊မရောက်။တံ ကိရိယစိတ္တံ၊ထိုကြိယာစိတ်သည်။(တနည်း) တံ၊ထိုအာဝဇ္ဇန်းဒွေးသည်။ဝါတပုပ္ဖံဝိယ မောဃပုပ္ဖံဝိယ၊သီးကင်းမပါ အချည်းနှီးသာဖြစ်သော ပန်းကဲ့သို့။ အဖလံ၊အကျိုးမရှိသည်။ဟောတိ၊ဖြစ်၏။ **(ဂ)** ယံ ကိရိယစိတ္တံ၊သည်။ဇဝနဘာဝပ္ပတ္တံ၊ဇောအဖြစ်သို့ ရောက် သည်။ဟောတိ၊ဖြစ်၏။တံ ကိရိယစိတ္တံ၊သည်။ဆိန္နမူလက ရုက္ခပုပ္ဖံ ဝိယ၊ပြတ်သော အမြစ်ရှိသော သစ်ပင်၏ ပန်းကဲ့သို့။အဖလံ၊အကျိုးမရှိသည်။ဟောတိ၊ဖြစ်၏။ **(ဃ)** ပန၊ထိုသို့အကျိုးကို မဖြစ်စေသော်လည်း။တံတံ ကိစ္စံ၊ထိုထိုကိစ္စကို။သာဓနဝသေန၊ပြီးစေတတ်သည်၏ အစွမ်းဖြင့်။ပဝတ္တတ္တာ၊ဖြစ်သည်၏ အဖြစ်ကြောင့်။ ကရဏမတ္တမေဝ၊ပြီးခြင်း ပြီးစေခြင်းမျှသည်သာလျှင်။ဟောတိ၏။တသ္မာ၊ကြောင့်။'ကိရိယာ'တိ၊ဟူ၍။ဝုတ္တံ၊၏။

➤ **၂**။ **(ခ)(ဂ) သို့/ ဥပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ကိရိယာဟူသည် ထိုထိုကိစ္စကို ပြုခြင်း, ပြီးစေခြင်းမျှသာတည်းဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပါဋ္ဌိတော်၌ ကိရိယာ–ဟူသာ ရှိသည် မဟုတ်ပါလော။ ထိုသို့ရှိလေသောကြောင့် (က) ဖြင့် ကိရိယာဟူသည် ထိုထိုကိစ္စကို ပြုခြင်း, ပြီးစေခြင်းမျှသာတည်းဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီ ကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ)(ဂ)ဝါကျတို့ကို မိန့်။

http://www.dhammadownload.com

(ဂ) သို့/ ပါပနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဇောမထိုက်သော ကြိယာစိတ်၏ အကျိုးမရှိပုံ, အဖလဖြစ်ပုံကို ဥပမာနှင့်တကွ ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ဇောထိုက်သော ကြိယာစိတ်၏ အကျိုးမရှိပုံကို ဥပမာနှင့်တကွ မပြဆိုဟု အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထို အနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဇောထိုက်သော ကြိယာစိတ်၏ အကျိုး မရှိပုံကိုလည်း ဥပမာနှင့်တကွ ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာ ပိတဒေါသ သင့်ရောက်ရာ၏။ ဇောထိုက်သော ကြိယာစိတ်၏ အကျိုး မရှိပုံကို အဘယ် ဥပမာကဲ့သို့ မှတ်ရပါမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ)(ဂ)တို့ဖြင့် ကြိယာစိတ်ဟူသည် အကျိုးမရှိ အဖလဟူ၍ ဥပမာနှင့်တကွ ပြဆိုတော်မူ၏။ ထိုသို့ ကြိယာစိတ်ဟူသမျှ အကျိုးမရှိ အဖလ ဖြစ်ခဲ့သော် "ကိရိယာ"ဟူ၍ပင် မဟောကြားထိုက်သည် မဟုတ်ပါလော။ ထိုသို့ မဟောကြားထိုက်သောကြောင့် (ခ)(ဂ) တို့ဖြင့် ကြိယာစိတ်ဟူသည် အကျိုးမရှိ အဖလဟူ၍ မဆိုသင့်။ "ကိရိယာ"ဟူ၍ ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် "ကိရိယာ"ဟူ၍ ဟောတော်မူပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ+ဂ)** တို့ဖြင့် (က)ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဇောကိစ္စတပ်သော ကြိယာစိတ်၏ အကျိုး မရှိပုံကို ဥပမာနှင့်တကွပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် ပါဠိတော်၌ မနောဓာတု ဥပ္ပန္နာ ဟောတိ ကိရိယာ-ဟု ဟောတော်မူရခြင်း၏အကြောင်းကို ပြသော ကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

➤ ❹ ။ အဆိဗ္ဗိတ္တာတိ ဆိန္နံ။ (ဆိဒိ+တ) မူလတိ ပတိဋ္ဌာတိ ရုဟတိ ရုက္ခော ဧတေနာတိ မူလံ။

ဆိန္နံ မူလံ ယဿာတိ **ဆိန္နမူလကော**။ (၂) ဆိန္နပုဒ်+မူလပုဒ်+ယ-ပုဒ်သည်ငှင်း၊ ဖြတ်အပ်ပြီး သော (ဝါ) ပြတ်ပြီးသော အမြစ်ရှိသည်၏ အဖြစ်တည်းဟူသော ဆိန္နမူလ်ဘောဂုဏ်၏ သစ်ပင်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဖြတ်အပ်ပြီးသော (ဝါ) ပြတ်ပြီးသော အမြစ်ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) သစ်ပင်ဒြဗ်သည် ပဝတ္တိနိမိတ်။

ရုဟတီတိ **ရုက္ခော**။ (ရုဟဓာတ်+ခ) ဆိန္နမူလကောဧ ရုက္ခော **ဆိန္နမူလကရုက္ခော**။

(၂) ဆိန္နမူလကပုဒ်+ရုက္ခပုဒ်သည်ငှင်း၊ ပြတ်ပြီးသော အမြစ်ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ် ၏ သစ်ပင်ဒြဗ်နှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) သစ်ပင်ဒြဗ်၏ ပြတ်ပြီးသော အမြစ်ရှိသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ) သစ်ပင်ဒြဗ်သည် ပဝတ္တိနိမိတ်။

ပုပ္ဖတီတိ ပုပ္ဖံ။ ဆိန္နမူလကရုက္ခဿ ပုပ္ဖံ **ဆိန္နမူလကရုက္ခပုပ္ဖံ**။

ဖဝတီတိ ဖဝနံ။ (ဖု+ယု) ဖဝနဿ ဘာဝေါ **ဖဝနဘာဝေါ**။(အဘေဒ+ဘေဒ စပ်)

ပစ္စတိ ပါပုဏာတီတိ **ပတ္တံ**။ (ပဒဓာတ်+တ-ပစ္စည်း၊ ရောက်ခြင်းကြိယာ)

န ပတ္တံ **အပ္ပတ္တံ**။ (အာဝဇ္ဇန်းဒွေးဟူသော ကြိယာစိတ် ရှ၏။)

http://www.dhammadownload.com

ဝါယတိ ဂစ္ဆတီတိ **ဝါတော**။ ဝါယတိ ဝါ ပုပ္ဖာဒီနံ ဂန္ဓော ယေနာတိ **ဝါတော**။(ဝါ+တ) ဝါတော မေဃော ပုပ္ဖံ **ဝါတပုပ္ဖံ**။ ✱ ဖဝနဘာဝံ ပတ္တံ **ဖဝနဘာဝပ္ပတ္တံ**။ ဖလတိ နိပ္ဖဇ္ဇတီတိ ဖလံ။ နတ္ထိ ဖလံ ဧတဿာတိ **အဖလံ**။ (ကြိယာစိတ်ရဏ်။)

(ခ) ဥပမာနဘက်၌- နတ္ထိ ဖလံ ဧတဿ ဝါတပုပ္ဖဿာတိ **အဖလံ**။ (၂) အသီးမရှိခြင်း အဘာဝဘောဂဏ်၏+ဝါတပုပ္ဖနှင့် အဘာဝ+အဘာဝဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အသီးမရှိခြင်း အဘာဝဘောဂဏ်သည် ပဝတ္တိနိမိတ်။

ဥပမေယျဘက်၌- နတ္ထိ ဖလံ ဧတဿ ကိရိယစိတ္တဿာတိ **အဖလံ**။ (၂) အကျိုးမရှိခြင်း အဘာဝ ဘောဂဏ်၏ အာဝဇ္ဇန်းဒွေးကြိယာစိတ်နှင့် အဘာဝ+အဘာဝဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အကျိုးမရှိခြင်း အဘာဝ ဘောဂဏ်သည် ပဝတ္တိနိမိတ်။

(ဂ) ဥပမာနဘက်၌- နတ္ထိ ဖလံ ဧတဿ ဆိန္နမူလကရုက္ခပုပ္ဖဿာတိ **အဖလံ**။ (၂) အသီးမရှိခြင်း အဘာဝဘောဂဏ်၏+ဆိန္နမူလကရုက္ခပုပ္ဖနှင့် အဘာဝ+အဘာဝဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အသီးမရှိခြင်း အဘာဝဘောဂဏ်သည် ပဝတ္တိနိမိတ်။

ဥပမေယျဘက်၌- နတ္ထိ ဖလံ ဧတဿ ကိရိယစိတ္တဿာတိ **အဖလံ**။ (၂) အကျိုးမရှိခြင်း အဘာဝ ဘောဂဏ်၏ အာဝဇ္ဇန်းဒွေးမှတပါးသော ကြိယာစိတ်နှင့် အဘာဝ+အဘာဝဝန္တ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) အကျိုးမရှိခြင်း အဘာဝ ဘောဂဏ်သည် ပဝတ္တိနိမိတ်။

➤ **၆** ။ **(က)** ၌ ကရဏမတ္တံ-ဖြင့် ကိရိယာ၌ ကရဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) ရိရိယပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ကရဏံ ကိရိယာ-ဟု ပြုရမည်ကိုငှင်း (အဘိဓာနတ္ထ) ကိရိယာဟူသည် ထိုထိုကိစ္စကို ပြုခြင်း, ပြီးစေခြင်းမျှသာ ဖြစ်၏၊ အကျိုးကား မပေးဟူသော အဓိပ္ပါယ်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

➤ **၇** ။ **(ဃ) ပန**-ကား ဝါကျာရမ္ဘတ္ထ။ **ကရဏမတ္တမေဝ**-၌ မတ္တ-ကား အဝဓာရဏတ္ထ။ **ဧဝ** -ကား သန္နိဋ္ဌာနတ္ထ။ (ခ) **သဗ္ဗေသု**-၌ သဗ္ဗ-ကား ကိရိယစိတ္တေသု-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။ (ဃ) **တေသ္မာ**-ကား ဟောတိကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ။

(ခ) သဗ္ဗေသုယေဝ-၌ (၁) အလုံးစုံသော သဗ္ဗဘောဂဏ်သည် ဂဟေတဗ္ဗတ္ထ။ (၂) တစ်စိတ်တစ်ဒေသဖြစ်သော ဧကဒေသဘောဂဏ်စသည်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) သဗ္ဗဘောဂဏ်၏ တည်ရာဖြစ်သော ကြိယာစိတ်သည် အနုညာတတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(ဂ) ယံ ဖဝနဘာဝပ္ပတ္တံ၊ တံ-အရ = "ကြိယာဇော အဋ္ဌာရသ"** ကို ယူ၍ (၁) ထိုကြိယာဇော အဋ္ဌာရသသည် ဒဿနတ္ထ။ (၂) နိရာနုသယသန္တာနပဝတ္တိ သည် ဒီပကတ္ထ။ (၃) အမြစ်ပြတ်ပြီးသော သစ်ပင်၏ပန်းကဲ့သို့ အကျိုးမရှိ ဖြစ်ရခြင်းသည်ငှင်း, ထိုထိုကိစ္စကို ပြီးစေခြင်း၏ အစွမ်းဖြင့်ဖြစ်ခြင်းသည်ငှင်း ပကာသနတ္ထ။ (၄) အရဟတ္တမဂ်, အရဟတ္တဖိုလ်-စသော ရှေးရှေးဖြစ်သော တရားတို့သည် ဝိဘာဝတ္ထ။ (၅) ဒိဋ္ဌဓမ္မသုခသုခဝိဟာရ-စသော အကျိုးတရား အဆက် ဆက်သည် အနုဘာဝတ္ထ။

http://www.dhammadownload.com

➤ **၁၀** ။ **(ခ) ယံ+ဇဝနဘာဝံ အပ္ပတ္တံ** ။ ။ ယံ-အရ အာဝဇ္ဇန်းဒွေး ကြိယာစိတ်သည် ဇဝနဘာဝံ အပ္ပတ္တံ-အရ တံသမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= မိ၊ သဟ၊ ည၊ နိ၊ ဟာ၊ ဣံ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

(ဂ) ယံ+ဇဝနဘာဝပ္ပတ္တံ ။ ။ ယံ-အရ ကြိယာဇောစိတ် အဋ္ဌာရသ ပစ္စည်းတရားသည် ဇဝနဘာဝပ္ပတ္တံ-အရ တံသမ္ပယုတ္တဓမ္မ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= မိ၊ သဟ၊ ည၊ နိ၊ ဟာ၊ ဣံ၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

(တနည်း) ယံ-အရ ရှေးရှေးသော ကြိယာဇော ပစ္စည်းတရားသည် ဇဝန ဘာဝပ္ပတ္တံ-အရ နောက်နောက်သော ကြိယာဇော ပစ္စယုပ္ပန်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အနန္တရ၊ သမနန္တရ၊ ဥပ၊ အာသေ၊ နတ္ထိ၊ ဝိဂတ (၆)

ပါဠိ (၁၈၅) [ဋ္ဌ၊၃၃၄။ ပြည်၊တ၊၁၅၂။ ဘာသာဋီ၊တ၊၃၅၆]

ရူပါဝစရာ ရူပါဝစရ ကိရိယနိဒ္ဒေသေသု (က) **ဒိဋ္ဌဓမ္မသုခဝိဟာရန္တိ ဒိဋ္ဌဓမ္မေ ဣမသ္မိံယေဝ အတ္တဘာဝေ သုခဝိဟာရမတ္တံ။**

(ခ) **တတ္ထ ခီဏာသဝဿ ပုထုဇ္ဇနကာလေ နိဗ္ဗတ္တိတာ သမာပတ္တိ ယာဝ န နံ သမာပဇ္ဇတိ။ တာဝ ကုသလာဝ။ သမာပန္နကာလေ ကိရိယာ ဟောတိ။**

(ဂ) **ခီဏာသဝကာလေ ပနဿ နိဗ္ဗတ္တိတာ သမာပတ္တိ ကိရိယာဝ ဟောတိ။**

(ဃ) **သေသံ သဗ္ဗံ တံ သဒိသတ္တာ ကုသလနိဒ္ဒေသေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗန္တိ။**

➤ **၁** ။ **(က)** ရူပါဝစရာရူပါဝစရ ကိရိယနိဒ္ဒေသေသု၊ရူပါဝစရ အရူပါဝစရ ကိရိယာနိဒ္ဒေသ တို့၌။ဒိဋ္ဌဓမ္မ သုခဝိဟာရန္တိ၊ကား။ဒိဋ္ဌဓမ္မေ ဣမသ္မိံ ယေဝ အတ္တဘာဝေ၊မျက်မြင်ပစ္စက္ခဖြစ်သော ဤအတ္တဘော၌သာလျှင်။(တနည်း)ဒိဋ္ဌဓမ္မေ၊မျက်မှောက်ထင်ထင် ရှုမြင်အပ်သော သဘောရှိသော။ဣမသ္မိံယေဝ အတ္တဘာဝေ၊ ဤအတ္တဘော၌ပင်။သုခဝိဟာရမတ္တံ၊ချမ်းသာစွာ နေကြောင်းမျှဖြစ်သော။ **(ခ)** တတ္ထ တာသု သမာပတ္တီသု၊ ထိုသမာပတ်တို့တွင်။(ဝါ) တတ္ထ၊ထိုစျာန်တို့တွင်။ခီဏာသဝေါ၊ရဟန္တာပုဂ္ဂိုလ်သည်။ယာဝ ယတ္တကံ ကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။နံ သမာပတ္တိံ၊ထိုသမာပတ်ကို။န သမာပဇ္ဇတိ၊မဝင်စားသေး။တာဝ-တတ္တကံ ကာလံ၊ထိုမဝင်စားသမျှကာလပတ်လုံး။ခီဏာသဝဿ၏။ပုထုဇ္ဇနကာလေ၊ပုထုဇဉ်ဖြစ်ရာအခါ၌။ နိဗ္ဗတ္တိတ သမာပတ္တိ၊ဖြစ်စေအပ်သော သမာပတ်သည်။ကုသလာဝ၊ကုသိုလ်သည်သာလျှင်။ဟောတိ၏။ သမာပန္နကာလေ၊ဝင်စားသော ကာလ၌။ကိရိယာဝ၊ကြိယာသမာပတ်သည်သာလျှင်။ဟောတိ၏။ **(ဂ)** ပန၊ ထိုသို့မဟုတ်။ခီဏာသဝကာလေ၊ရဟန္တာဖြစ်ရာအခါ၌။အဿ အနေန ခီဏာသဝေန၊ထိုရဟန္တာပုဂ္ဂိုလ်သည်။ နိဗ္ဗတ္တိတာ၊ဖြစ်စေအပ်သော။သမာပတ္တိ၊သမာပတ်သည်။ကိရိယာဝ၊ကြိယာစင်းစင်းသာတည်း။

(ဃ) သေသံ၊ကြွင်းသော။သဗ္ဗံ၊အလုံးစုံသော စကားရပ်ကို။တံ သဒိသတ္တာ၊ထိုကုသိုလ်နှင့် တူသည်၏ အဖြစ်ကြောင့်။ကုသလနိဒ္ဒေသေ၌။ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ဝေဒိတဗ္ဗံ၊သိအပ်၏။ဣတိ၊ဤသည်လျှင် စကားတရပ် အပြီးသတ်တည်း။

➤ **၂** ။ **(ခ)(ဂ) သို့/ ဋ္ဌပနာပဋ္ဌက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် မျက်မြင်ပစ္စက္ခ

http://www.dhammadownload.com

ဖြစ်သော ဤအတ္တဘော၌ ချမ်းသာစွာ နေကြောင်းမျှဖြစ်သော ဈာန်သည် ဒိဋ္ဌဓမ္မသုခဝိဟာရမည်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ယင်းဒိဋ္ဌဓမ္မသုခဝိဟာရ အမည်ရသောဈာန်၏ ကုသိုလ်, ကြိယာဖြစ်ပုံကို ဘဝ, ကာလအားလျော်စွာ ခွဲခြမ်းစိပ်ဖြာ၍ မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (က) ဖြင့် မျက်မြင်ပစ္စက္ခ ဖြစ်သော ဤအတ္တဘော၌ ချမ်းသာစွာ နေကြောင်းမျှဖြစ်သော ဈာန်သည် ဒိဋ္ဌဓမ္မသုခဝိဟာရမည်၏ဟု မဆိုသင့်။ ဒိဋ္ဌဓမ္မသုခဝိဟာရ အမည်ရသောဈာန်၏ ကုသိုလ်, ကြိယာဖြစ်ပုံကို ဘဝ, ကာလအားလျော်စွာ ခွဲခြမ်းစိပ်ဖြာ၍ ပြဆိုသင့်သေး၏။ အဘယ်သို့လျှင် ဒိဋ္ဌဓမ္မသုခဝိဟာရ အမည်ရသောဈာန်၏ ကုသိုလ်, ကြိယာဖြစ်ပုံကို ဘဝ, ကာလအားလျော်စွာ သိရပါမည်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ)(ဂ) ဝါကျတို့ကိုမိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ဒိဋ္ဌဓမ္မသုခဝိဟာရဈာန်၏ ပုထုဇဉ်ဘဝ၌ ကုသိုလ် ကြိယာ ဖြစ်ပုံကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် ရဟန္တာဖြစ်ရာ အခါ၌ ကြိယာဖြစ်ပုံကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် ကြွင်းသော ပုဒ်တို့၏ အဖွင့်ကို အတိဒေသအားဖြင့် ဖွင့်ပြသောကြောင့် ဂန္ထဂရုဒေါသ (ဝါ) အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

➤ ❹ ။ အာဟိတော အဟံမာနော ဧတ္ထာတိ အတ္တာ။ (အာပုဗ္ဗ ဓာ-ဓာတ်+တ)

ဘဝတိ ဥပ္ပဇ္ဇတီတိ ဘာဝေါ။ အတ္တာ စ ဝ ဘာဝေါ **အတ္တဘာဝေါ**။ (၂) အတ္တပုဒ်+ဘာဝပုဒ်သည်ငှင်း ငါဟူသော မာန်မာနကို တင်သွင်းထားအပ်ရာဖြစ်သော ဂုဏ်၏ အတ္တဘောနှင့် (ဝါ) ခန္ဓာငါးပါးနှင့် ဂုဏ် ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ငါဟူသော မာန်မာနကို တင်သွင်းထားရာ ဖြစ်သော အတ္တဘောတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် (ဝါ) ခန္ဓာငါးပါးသည် ပဝတ္တိနိမိတ်။

အတ္တာတိ ဘာဝေါ **အတ္တဘာဝေါ**။ (၂) အတ္တပုဒ်+ဘာဝပုဒ်သည်ငှင်း၊ အတ္တ၏ ယူထိုက်လောက် သော အခြင်းအရာအားဖြင့်ဖြစ်သော ကိုယ်နှင့် (ဝါ) ခန္ဓာငါးပါးနှင့် ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အတ္တဟူ၍ ယူထိုက်လောက်သော အခြင်းအရာအားဖြင့်ဖြစ်သော ကိုယ်သည် (ဝါ) ခန္ဓာငါးပါးသည် ပဝတ္တိနိမိတ်။

* ပဿိတဗ္ဗောတိ **ဒိဋ္ဌော**။ (ဒိသ+တ) အတ္တနော သဘာဝံ ဓာရေတီတိ **ဓမ္မော**။

ဒိဋ္ဌော ဓမ္မော **ဒိဋ္ဌဓမ္မော**။ (၂) ဒိဋ္ဌပုဒ်+ဓမ္မပုဒ်သည်ငှင်း၊ မျက်မှောက်ထင်ထင် ရှုမြင်ခြင်း၏ သဘောနှင့် (ဝါ) အတ္တဘောနှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မျက်မှောက်ထင်ထင် ရှုမြင်အပ်သော သဘောသည်(ဝါ) အတ္တဘောသည် ပဝတ္တိ နိမိတ်။ * ဝိဟရတိ ဧတေနာတိ **ဝိဟာရံ**။ သုခံ ဝိဟာရံ **သုခဝိဟာရံ**။ သုခဝိဟာရံ စ ဝ မတ္တံ **သုခ ဝိဟာရမတ္တံ**။ * တေန သဒိသံ တံသဒိသံ။ တံသဒိသဿ ဘာဝေါ **တံသဒိသတ္တံ**။(တသ္မာ)

➤ ❻ ။ **(က)** ၌ ဒိဋ္ဌဓမ္မေ သုခဝိဟာရမတ္တံ-ဖြင့် ဒိဋ္ဌဓမ္မသုခဝိဟာရံ-ကို ဒိဋ္ဌဓမ္မေ သုခဝိဟာရံ ဒိဋ္ဌဓမ္မသုခဝိဟာရံ-ဟု သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

http://www.dhammadownload.com

ဣမသ္မိံ ယေဝ အတ္တဘာဝေ-ဖြင့် ဒိဋ္ဌဓမ္မသုခဝိဟာရ-၌ ဒိဋ္ဌဓမ္မ-အရ မျက်မြင်ပစ္စက္ခဖြစ်သော ဤ အတ္တဘောကို (ဝါ) ခန္ဓာပဉ္စကကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❼ ။ **(ဂ) ပန**-ကား ဝါကျာရမ္ဘဇောတက။ (ဃ) **ဝေဒိတဗ္ဗန္တိ**-၌ ဣတိ-ကား ပရိသမာပနတ္ထ။ (စ) **ယာဝ, တာဝ**-တို့ကား ပရိစ္ဆေဒတ္ထ။ **သုခဝိဟာရမတ္တံ**-၌ မတ္တ-သဒ္ဒါဖြင့် နောက်ဘဝ အကျိုးမရှိကြောင်းကို ကန့်သည်။(ဝါ) နစ်စေသည်။

(ဂ) ကိရိယာဝ ဟောတိ-၌ (၁) ကြိယာသမာပတ်သည် ဂဟေတဗ္ဗတ္ထ။ (၂) ကုသိုလ်သမာပတ်သည် နိဝတ္တေတဗ္ဗတ္ထ။ (တနည်း) (၁) ကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) ကုသိုလ်, အကုသိုလ်, ကမ္မဝိပါကတို့သည် နိဝတ္တေတဗ္ဗတ္ထ။

➤ ❽ ။ **ကြိယာဝါးတန်** ။ ။ **(ဃ) တံ သဒ္ဒိသတ္တာ၌ တံ-အရ = ရူပါဝစရကုသိုလ်** ကို ယူ၍ (၁) ရူပါဝစရကုသိုလ်ဈာန်သည် ဒဿနတ္ထ။ (၂) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု-ဟူသော ဥပစာရသမာဓိဇောသည် ဒီပကတ္ထ။ (၃) ဈာနသမာပတ္တိ သုခသည် ပကာသနတ္ထ။ (၄) ပဉ္စာနန္တရိယကံမှကင်းခြင်း, တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံခြင်း, သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် ဝိဘာဝတ္ထ။ (၅) ရူပဘုံ၌ ပဋိသန္ဓေနေရခြင်းမှစ၍ မဂ်, ဖိုလ်, နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်တို့သည် အနုဘာဝတ္ထ။

(တနည်း) **အရူပါဝစရကုသိုလ်** ကို ယူ၍ (၁) အရူပါဝစရကုသိုလ်သည် ဒဿနတ္ထ။ (၂) ပရိကံ-စသော ဥပစာရသမာဓိဇောသည် ဒီပကတ္ထ။ (၃) အရူပဈာန သမာပတ္တိသုခသည် ပကာသနတ္ထ။ (၄) ရူပါဝစရဈာန်ကို ရခဲ့ခြင်း, ပဉ္စာနန္တရိယကံမှ ကင်းခြင်း, တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံခြင်း စသည်တို့သည် ဝိဘာဝတ္ထ။ (၅) အရူပဘုံ၌ ပဋိသန္ဓေနေရခြင်း-စသော အကျိုးတို့သည် အနုဘာဝတ္ထ။

ဒိဋ္ဌဓမ္မသုခဝိဟာရ-အရ = ရူပါဝစရကြိယာဈာန်စိတ် ကို ယူ၍ (၁) ပထဝီကသိဏာဒိပညတ္တာရမ္မဏ ဝိဇာနနလက္ခဏာသည် ဒဿနတ္ထ။ (၂) အရဟတ္တဖလ ပဒဋ္ဌာန်သည် ဒီပကတ္ထ။ (ဝါ) ဟဒယဝတ္ထုပဒဋ္ဌာန်သည် ဒီပကတ္ထ။ (၃) ဇဝနသမ္ပတ္တိရသသည် ပကာသနတ္ထ။ (၄) ဇဝနကိစ္စရသသည် ဝိဘာဝတ္ထ။ (၅) သန္တာနပစ္စုပဋ္ဌာန် (ဝါ) တထာဘာဝ ပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ မည်၏။

(တနည်း) **အရူပါဝစရကြိယာဈာန်** ကို ယူ၍ အာကာသပညတ္တာဒိရမ္မဏ ဝိဇာနနလက္ခဏာသည် ဒဿနတ္ထ။ (၂) အရဟတ္တဖလ ပဒဋ္ဌာန်သည် ဒီပကတ္ထ။ (ဝါ) ဟဒယဝတ္ထုပဒဋ္ဌာန်သည် ဒီပကတ္ထ။ (၃) ဇဝနသမ္ပတ္တိရသသည် ပကာသနတ္ထ။ (၄) ဇဝနကိစ္စရသသည် ဝိဘာဝတ္ထ။ (၅) သန္တာနပစ္စုပဋ္ဌာန် (ဝါ) တထာဘာဝ ပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ မည်၏။

➤ ❶❿ ။ **(ခ) နိဗ္ဗတ္တိတာ သမာပတ္တိ+ကုသလာဝ** ။ ။ နိဗ္ဗတ္တိတာ သမာပတ္တိ-အရ ရူပါဝစရကုသိုလ်ဈာန် ပစ္စည်းတရားသည် ကုသလာဝ-အရ ကြွင်းသော ရူပါဝစရကုသိုလ် သမ္ပယုတ္တနာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= သဟ၊ ည၊ နိ၊ ကံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၉)

http://www.dhammadownload.com

ပါဠိ (၁၈၆) [ဋ္ဌ၊၃၃၈။ ပြည်၊တ၊၁၆၄။ ဘာသာဋီ၊တ၊၃၆၇]

(က) **မဟာပရိဟာရဘောတိ မဟန္တေဟိ ပစ္စယေဟိ ပရိဟာရိတဗ္ဗတော။**

(ခ) **ဖောနိ ဟိ ဒိဝသေ ဒိဝသေ ဥပနေတဗ္ဗတ္တာ မဟန္တေဟိ ဃာသစ္ဆာဒနာဒီဟိ ဘူတာနိ ပဝတ္တာနီတိ မဟာဘူတာနိ။** (ဂ) **မဟာပရိဟာရာနိ ဝါ ဘူတာနီတိ မဟာဘူတာနိ။**

(ဃ) **မဟာဝိကာရဘောတိ ဘူတာနံ မဟာဝိကာရတော။**

➤ **၁** ။ **(က)** မဟာပရိဟာရတောတိ၊ကား။မဟန္တေဟိ၊များပြားကုန်သော။ပစ္စယေဟိ၊အကြောင်းတို့ဖြင့်။ပရိဟာရိတဗ္ဗတော၊ထက်ဝန်းကျင် ဆောင်အပ်သည်၏အဖြစ်ကြောင့်။မဟာဘူတာနိ၊မဟာဘူတတို့ မည်၏။ **(ခ)** ဟိ၊ချဲ့အံ့။ဖောနိ ရူပါနိ၊ဤပထဝီ အစရှိသော ရုပ်တို့သည်။ဒိဝသေ ဒိဝသေ၊နေ့တိုင်းနေ့တိုင်း၌။ဥပနေတဗ္ဗတ္တာ၊ဆောင်အပ်သည်၏အဖြစ်ကြောင့်။မဟန္တေဟိ၊များစွာကုန်သော။ဃာသစ္ဆာဒနာဒီဟိ၊ အစား အဝတ်-စသည်တို့ဖြင့်။ဘူတာနိ ပဝတ္တာနိ၊ဖြစ်ကုန်၏။ဣတိ တသ္မာ၊ထို့ကြောင့်။မဟာဘူတာနိ၊ကုန်၏။

(ဂ) ဝါ၊ကား။မဟာပရိဟာရာနိ၊များစွာသော အကြောင်းတို့ဖြင့် ဆောင်အပ်ကုန်သော။ဘူတာနိ၊ဘုတ်တို့တည်း။ဣတိပိ တသ္မာ၊ထို့ကြောင့်လည်း။မဟာဘူတာနိ၊မည်ကုန်၏။ **(ဃ)** မဟာဝိကာရတောတိ၊ကား။ဘူတာနံ၊ဘုတ်တို့၏။မဟာဝိကာရတော၊ကြီးမားသော ဖောက်ပြန်ခြင်းရှိသည်၏ အဖြစ်ကြောင့်။(မဟာဘူတာနိ၊ မဟာဘူတတို့ မည်၏။)

➤ **၂** ။ **(ဂ) သို့/ ဋ္ဌပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က)(ခ)ဝါကျတို့ဖြင့် မဟာဘူတာနိကို တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် မဟာဘူတာနိကို တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ တစ်မျိုးသာ ပြုသင့်၏ဟူသော အနက်သဘော ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် မဟာဘူတာနိကို တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟုသာ မဆိုသင့်။ မဟာဟူသော ရှေ့ပုဒ်၌ ပရိဟာရနောက်ပုဒ်ကျေသော ပုဗ္ဗပဒေ ဥတ္တရပဒလောပ ကမ္မဓာရယ်သမာသ် ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ ပုဗ္ဗပဒေ ဥတ္တရပဒလောပ ကမ္မဓာရယ်သမာသ် ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

➤ **၃** ။ **ဒေါသပယ်** ။ ။ **(က)** စသည်ဖြင့် မဟာဘူတသာမညတော-ဟူသော ဟိတ်၏ အကျယ်မှတပါး မဟာပရိဟာရတော-ဟူသော ဟိတ်၏ အကျယ်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏ ဒေါသတို့ကို ပယ်ပါသည်။ **(ခ)** ဖြင့် (က) ဝါကျကို ချဲ့ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် မဟာဘူတာနိပုဒ်၏ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထမှတပါး မဟာဟူသော ရှေ့ပုဒ်၌ ပရိဟာရနောက်ပုဒ်ကျေသော ပုဗ္ဗပဒေ ဥတ္တရပဒလောပ ကမ္မဓာရယ်သမာသ် ဝစနတ္ထကိုပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏ ဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် မဟာဝိကာရတော-ဟူသော အဖွင့်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏ ဒေါသတို့ကို ပယ်ပါသည်။

(ဂ) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ မဟာဘူတာနိပုဒ်၏ တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထမှတပါး မဟာဟူသော ရှေ့ပုဒ်၌ ပရိဟာရနောက်ပုဒ်ကျေသော ပုဗ္ဗပဒေ ဥတ္တရပဒလောပ ကမ္မဓာရယ်သမာသ် ဝစနတ္ထကို လဲလှယ်ပြလိုသောကြောင့် (ဂ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

F-48-A

http://www.dhammadownload.com

➢ ❻ ။ မဟန္တော ဝိကာရော ယေသန္တိ **မဟာဝိကာရာနိ**။ (၂) မဟန္တပုဒ်+ဝိကာရပုဒ်+ယပုဒ် သည်၎င်း၊ ကြီးစွာသော ဖောက်ပြန်ခြင်း၏ ပထဝီ-စသော ရုပ်တို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်၎င်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပထဝီ-စသော ရုပ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

မဟန္တိ ပစုရဘာဝံ ဂစ္ဆန္တီတိ **မဟန္တာ**။ (မဟ+အန္တ) ပဋိစ္စ ဖလံ ဧတိ ဧတေဟီတိ **ပစ္စယော**။

ပရိဟာရိယန္တေတိ **ပရိဟာရိတဗ္ဗာနိ**။ (တဘော) ဒိဗ္ဗန္တိ ကီဠန္တိ ဧတ္ထာတိ **ဒိဝသော**။ (ဒိဝု+သ)

ဃသိတဗ္ဗော အသိတဗ္ဗောတိ **ဃာသော**။ (ဃသ+ဏ) အာဘုသော ဆာဒေတိ ပရိဒဟတိ ဧတေနာတိ **အစ္ဆာဒနံ**။ (အာပုဗ္ဗ ဆဒဓာတ်+ယု) * ဃာသော စ အစ္ဆာဒနဉ္စ **ဃာသစ္ဆာဒနံ**။

ဃာသစ္ဆာဒနံ အာဒိ ဧတေသန္တိ **ဃာသစ္ဆာဒနာဒယော**။ (တေဟိ)

➢ ❻ ။ **(က)** ဖြင့် မဟာပရိဟာရတော၌ မဟာ-သည် မဟန္တသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကို ၎င်း(နာမလိင်္ဂပဒ) မဟန္တ-အရ ပစ္စယ-အကြောင်းတို့ကို ယူရမည်ကို၎င်း(သရုပ်ကြား အဘိဓေယျတ္ထ) ပရိဟာရတော၌ ပရိ-ရှေးရှိသော ဟရဓာတ်၏ အဖြစ်ကို၎င်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်သည်ကို၎င်း(ဒု-ပစ္စယတ္ထ) ပရိဟာရိတဗ္ဗာနီတိ ပရိဟာရာနိ-ဟု ပြုရမည်ကို၎င်း(အဘိဓာနတ္ထ) အပေါင်းပုဒ်ကို မဟန္တေဟိ ပရိဟာရာနိ မဟာပရိဟာရာနိ-ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရ မည်ကို၎င်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ မဟန္တေဟိ ဃာသစ္ဆာဒနာဒီဟိ ဘူတာနိ-ဖြင့် မဟာဘူတာ၌ မဟာသဒ္ဒါသည် မဟန္တသဒ္ဒါ ၏ ကာရိယ၏ အဖြစ်ကို၎င်း(နာမလိင်္ဂပဒ) မဟန္တေဟိ-အရ အစား, အဝတ်-အစရှိသော များစွာသော ပစ္စည်းဝတ္ထုတို့ကို ယူရမည်ကို၎င်း(သရုပ်ကြား အဘိဓေယျတ္ထ) မဟန္တေဟိ ဘူတာနိ မဟာဘူတာနိ-ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို၎င်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

ပဝတ္တာနိ-ဖြင့် ဘူတာနိ-၌ ဘူဓာတ်သည် ပဝတ္တနအနက် ဟောသည်ကို၎င်း(ဒု-ဓာတွတ္ထ) တ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကို၎င်း(ဒု-ပစ္စယတ္ထ) ဘဝန္တိ ပဝတ္တန္တီတိ ဘူတာနိ-ဟု ပြုရမည်ကို ၎င်း(အဘိဓာနတ္ထ) ဤ၌ ဘူတ-သဒ္ဒါသည် သစ်ပင်စသည်ကို မဟော၊ ဖြစ်ခြင်း=ပဝတ္တနကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ မဟာဘုတ်ကို ဟောသည်ကို၎င်း(နာမလိင်္ဂတ္ထ) သိစေပါသည်။

တာနိ ဒိဝသေ ဒိဝသေ ဥပနေတဗ္ဗတ္တာ-ဖြင့် နေ့တိုင်း နေ့တိုင်း ကပ်၍ ဆောင်အပ်သည်၏ အဖြစ်ကြောင့် ပထဝီ-စသော ရုပ်တို့သည် မဟာဘုတ်မည်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ၌ မဟာပရိဟာရာနိ ဘူတာနိ-ဖြင့် မဟာဘူတာနိ-ကို မဟာပရိဟာရာနိ ဘူတာနိ မဟာဘူတာနိ-ဟု ပြုရမည်ကို၎င်း(သမာသလိင်္ဂတ္ထ) မဟာပရိဟာရဘူတာနိ-ဟု ဆိုလိုလျက် ပရိဟာရပုဒ်ကို ချေ၍ မဟာဘူတာနိ-ဟု ရုပ်ပြီးနေသည်ကို၎င်း(ဘာဝတ္ထ) သိစေပါသည်။

ဝါ-ဖြင့် နယန္တရ ဝိကပ်ကို သိစေပါသည်။(ဘာဝတ္ထ)

➢ ❼ ။ **မဟာဘူတာနိ**-၌ မဟာ-ကား ပစုရတ္ထ။ **ဥပနေတဗ္ဗတ္တာ**-၌ ဥပ-ကား ဥပဂမနတ္ထ။ (ဂ) **ဝါ**-ကား နယန္တရဝိကပ္ပနတ္ထ။

http://www.dhammadownload.com

➢ **၁** ။ **ကြိုယာငါးတန်** ။ ။ **မဟာဘူတာနံ-အရ မဟာဘုတ် ၄-ပါး** ရုပ်တရားများကို ယူ၍ (၁) ထိုမဟာဘုတ် ၄-ပါး ရုပ်တရားများသည် ဒဿနတ္ထ။ (၂) ဃာသဇ္ဈာဒန စသည်သည် ဒီပကတ္ထ။ (၃) ဥပါဒါရုပ်တို့၏ ဖြစ်ခြင်းသည် ပကာသနတ္ထ။ (၄) ကံ, စိတ်, ဥတု, အာဟာရတို့သည် ဝိဘာဝတ္ထ။ (၅) သဟဇာတ်တရားတို့ကို ခံလင့်သောအခြင်းအရာအားဖြင့် ဉာဏ်အားရေးရှုဆင်ခြင်းခြင်း စသည်သည် အနုဘာဝတ္ထ။

ပါဠိ (၁၈၇) [ဋ္ဌ၊၃၃၉။ ပြည်၊တ၊၁၆၇။ ဘာသာဋီ၊တ၊၃၇၁၊]

(က) **မဟန္တဘူတတ္တာစာတိ ဧတာနိ ဟိ မဟန္တာနိ မဟတာ ဝါယာမေန ပရိဂ္ဂဟေ တဗ္ဗတ္တာ ဘူတာနိ ဝိဇ္ဇမာနတ္တာတိ မဟန္တဘူတတ္တာစ မဟာဘူတာနိ။**

(ခ) **ဧဝံ မဟန္တပါတုဘာဝါဒီဟိ ကာရဏေဟိ မဟာဘူတာနိ။**

(ဂ) **စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပန္တိ ဥပယောဂတ္ထေ သာမိဝစနံ။**

(ဃ) **စတ္တာရိ မဟာဘူတာနိ ဥပါဒါယ နိဿာယ အမုဉ္စိတွာ ပဝတ္တရူပန္တိ အတ္ထော။**

မဟာဘူတာနိ= ကြီးစွာသော ဖောက်ပြန်ခြင်းရှိကုန်သည်ဖြစ်၍ ဖြစ်သော ရုပ်တို့။ (တနည်း) မဟာဘူတာနိ= ကြီးစွာသော ဖောက်ပြန်ခြင်းရှိကုန်သည်ဖြစ်၍ ထင်ရှားရှိသော ရုပ်တို့။

➢ **၁** ။ **(က)** မဟန္တ ဘူတတ္တာစာတိ၊ဟူသော ပါဌ်၏။ဟိ၊အကျယ်ကို ချဲ့ဦးအံ့။ဧတာနိ ရူပါနိ၊ ဤရုပ်တို့သည်။မဟတာ၊ကြီးကျယ်သော။ဝါယာမေန၊လုံ့လဖြင့်။ပရိဂ္ဂဟေတဗ္ဗတ္တာ၊သိမ်းဆည်းအပ်သည်၏ အဖြစ်ကြောင့်။မဟန္တာနိစ၊ကြီးကျယ်ကုန်သည်လည်း။ဟောန္တိ၊ကုန်၏။ဝိဇ္ဇမာနတ္တာ၊ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ဘူတာနိစ၊ဖြစ်ကုန်သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။မဟန္တ ဘူတတ္တာစ၊ကြီးကျယ်သည်၏အဖြစ် ထင်ရှားသည်၏အဖြစ်ကြောင့်လည်း။မဟာဘူတာနိ၊မည်ကုန်၏။ **(ခ)** ဧဝံ၊ဤသို့။မဟန္တပါတုဘာဝါဒီဟိ၊ မဟန္တပါတုဘာဝ အစရှိကုန်သော။ကာရဏေဟိ၊အကြောင်းတို့ကြောင့်။မဟာဘူတာနိ၊မည်ကုန်၏။

(ဂ) စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပန္တိ ဧတ္ထ၌။ဥပယောဂတ္ထေ၊ဒုတိယာ အနက်၌။သာမိ ဝစနံ၊ ဆဋ္ဌီဝိဘတ်တည်း။ **(ဃ)** စတ္တာရိ၊ကုန်သော။မဟာဘူတာနိ၊တို့ကို။ဥပါဒါယ-နိဿာယ၊မှီ၍။အမုဉ္စိတွာ၊မလွှတ်မူ၍။ပဝတ္တရူပံ၊ဖြစ်သော ရုပ်။ဣတိ အယံ၊ကား။အတ္ထော၊တည်း။

➢ **၂** ။ **(ဂ) သို့/ ပါပနာဒိပဉ္စက** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ-ဟု ဟောတော်မူ၏။ ထိုသို့ဟောတော်မူချေသော် ယင်းပါဠိတော်ဝါကျရှိ စတုန္နံ မဟာဘူတာနံ-၌ နံ-ဝိဘတ်သည် စတုတ္ထီဝိဘတ်ဖြစ်၍ သမ္ပဒါန်, သမ္ပန်အနက်တို့၌ ဖြစ်၏ဟူသော အနက်သဘော သင့်ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် စတုန္နံ မဟာဘူတာနံ-၌ ဖြစ်သင့်သော ဝိဘတ္တိ, ဝိဘတျတ္ထကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ စတုန္နံ မဟာဘူတာနံ-၌ ဖြစ်သင့်သော ဝိဘတ္တိ, ဝိဘတျတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဒွပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် စတုန္နံ မဟာဘူတာနံ-၌ ဆဋ္ဌီဝိဘတ်သည် ကံအနက်၌ဖြစ်၏ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ

F-48-B

http://www.dhammadownload.com

ဟူသော တစ်ဝါကျလုံး၏ အဓိပ္ပေါတ္ထကို မသိအပ်, မသိနိုင်ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (ဂ) ဖြင့် စတုန္န မဟာဘူတာနံ-၌ ဆဋ္ဌီ ဝိဘတ်သည် ကံအနက်၌ဖြစ်၏ဟုသာ မဆိုသင့်။ စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ-ဟူသော တစ်ဝါကျလုံး၏ အဓိပ္ပေါတ္ထကိုလည်း ပြဆိုသင့်သေး၏။ စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ ဟူသော တစ်ဝါကျလုံး၏ အဓိပ္ပေါတ္ထကား အဘယ်ပါနည်း။ ဤ သို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် မဟာဝိကာရတောဟူသော အကြောင်း(ဟိတ်)၏ အကျယ်မှတပါး မဟန္တဘူတတ္တာစ-ဟူသော အကြောင်း(ဟိတ်)၏ အကျယ်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ခ)** ဖြင့် အကြောင်း(ဟိတ်) အားလုံး၏ နိဂုံးကို ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် စတုန္န မဟာဘူတာနံ-၌ ဖြစ်သင့်သော ဝိဘတ္တိ, ဝိဘတျတ္ထကို ပြသောကြောင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် စတုန္န မဟာဘူတာနံ ဥပါဒါယရူပံ ဟူသော တစ်ဝါကျလုံး၏ အဓိပ္ပေါတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်သည်။

➤ ❸ ။ ဥပါဒါယ ပဝတ္တံ ရူပံ ဥပါဒါရူပံ။ ✱ ဥပါဒါယတိ နိဿယတီတိ ဥပါဒါယံ။

ဥပါဒါယမေဝ ရူပံ **ဥပါဒါရူပံ**။ (၂) ဥပါဒါပုဒ်+ရူပပုဒ်သည်ငှး၊ မဟာဘုတ်တို့ကို မှီတတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်၏ ဥပါဒါရုပ်နှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှး ဗျုပ္ပတ္တိနိမိတ်။ (၄) မဟာဘုတ်တို့ကို မှီတတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဥပယုဇ္ဇိတဗ္ဗောတိ ဥပယောဂေါ။ ဥပယောဂမေဝ အတ္ထော ဥပယောဂတ္ထော။

ဝုစ္စတိ အနေနာတိ **ဝစနံ**။ သာမိသ္မိံ ပဝတ္တံ ဝစနံ **သာမိဝစနံ**။

➤ ❹ ။ **(က)** ၌ တောနိ-ဖြင့် မဟာဘူတ-အရ ပထဝီ-စသော ရုပ်တို့ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

မဟတာ ဝါယာမေန ပရိဂ္ဂဟေတဗ္ဗတ္တာ-ဖြင့် ကြီးစွာသော သီလဝိသုဒ္ဓိ စသည်သို့ ရောက်ကြောင်း လုံ့လဖြင့် (ဝါ) ဓာတ်လေးပါးကို ပိုင်းခြားကြောင်း စတုဓာတုဝဝတ္ထာန်လုံ့လဖြင့် သိမ်းယူ, သိမ်းဆည်းအပ်သည်၏ အဖြစ်ကြောင့် မဟန္တမည်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

ဝိဇ္ဇမာနတ္တာ-ဖြင့် ထင်ရှားရှိသည်၏အဖြစ်ကြောင့် ဘူတ=ဘုတ်မည်သည်ကိုငှး(ဘာဝတ္ထ) ဘူတ-၌ ဘူဓာတ်သည် ဥပ္ပါဒဝါစီ မဟုတ်၊ ဝိဇ္ဇမာနတ္ထဝါစီ ဖြစ်သည်ကိုငှး(ဒု-ဓာတွတ္ထ) တ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှး(ဒု-ပစ္စယတ္ထ) ဘဝန္တိ သံဝိဇ္ဇန္တီတိ ဘူတာနိ-ဟု ပြုရမည်ကိုငှး(အဘိဓာနတ္ထ) ဤ၌ ဘူတ-သဒ္ဒါ ရက္ခ-စသည်ကို မဟော၊ ဝိဇ္ဇမာနအနက်ကို ဟောသည်ကိုငှး(နာမလိင်္ဂတ္ထ) သိစေပါသည်။

မဟန္တာနိ ဘူတာနိ-ဖြင့် မဟာဘူတာနိ-ကို မဟန္တာနိ ဘူတာနိ မဟာဘူတာနိ-ဟု ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ **ဣတိ မဟန္တဘူတတ္တာ**-ဖြင့် မဟာဘုတ်မည်ကြောင်း သကတ်ကို သိစေပါသည်။ **စ**-ဖြင့် မဟန္တပါတုဘာဝ စသည်တို့ကြောင့်သာ မဟာဘုတ်မည်သည် မဟုတ်သေး၊ မဟန္တဘူတတ္တာကြောင့်လည်း မဟာဘုတ်မည်သေး၏ဟု သိစေပါသည်။(ဘာဝတ္ထ)

http://www.dhammadownload.com

(ဂ) ဖြင့် စတုန္န မဟာဘူတာနံ-၌ ဆဋ္ဌီ နံ-ဝိဘတ်၏ အဖြစ်ကိုင်း(ဝိဘတ္တိပဒ) ယင်း ဆဋ္ဌီ နံ-ဝိဘတ်၏ ကမ္မတ္ထ၌ သက်သည်ကိုင်း(ဝိဘတျတ္ထ) သိစေပါသည်။

(ဃ) ၌ စတ္တာရိ မဟာဘူတာနိ-ဖြင့် စတုန္န မဟာဘူတာနံ-ကို စတ္တာရိ မဟာဘူတာနိ-ဟု ကမ္မတ္ထသမ္ဗန်ရမည်ဟု သိစေပါသည်။(ဝိဘတျတ္ထ)

နိဿာယ-ဖြင့် ယူ၏ဟူသည် မှီခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

အမုဉ္စိတွာ-ဖြင့် သာမည မှီသည် မဟုတ်၊ မလွတ်မူ၍ အမြဲတန်းမှီသည်၏ အဖြစ်ကိုင်း(ဘာဝတ္ထ) ဥပါဒါယ-၌ ဥပ-၏ ဘုသတ္ထဟောသည်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) ယ-သည် တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) သိစေပါသည်။

ဥပါဒါယ ပဝတ္တရူပံ နှစ်ပုဒ်အပေါင်းဖြင့် ဥပါဒါယ-ဟူသော တွာပစ္စယန္တပုဒ်သည် ပုဗ္ဗကာလ ကြိယာဝိသေသနဖြစ်၍ အပရကာလကြိယာကို ငဲ့သောကြောင့် ထို၏ အပရကာလကြိယာကို ပဝတ္တဟူ၍ ထည့်ရမည်ကိုင်း(ဘာဝတ္ထ) ဥပါဒါယ ပဝတ္တံ ရူပံ ဥပါဒါရူပံ-ဟု ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

➤ **❼** ။ **(က) တောနိ ဟိ**-၌ ဟိ-ကား ဝိတ္ထာရတ္ထ။ **မဟန္တဘူတတ္တာစ**-၌ စ-ကား သမုစ္စယတ္ထ။ (ဃ) **ဥပါဒါယ**-၌ ဥပ-ကား ဘုသတ္ထ။

➤ **❽** ။ **ကြိယာဝါးတန်** ။ ။ **မဟာဘူတာနိ-အရ မဟာဘုတ် ၄-ပါး** ကို ယူ၍

➤ **❶❶** ။ **(က) မဟတာ ဝါယာမေန+ပရိဂဟေတဗ္ဗတ္တာ** ။ ။ ပရိဂဟေတဗ္ဗ-ဟူသော ဘာဝသမ္ဗန်ပုဒ်အရ ပစ္စုပ္ပန် မဟာဘုတ်လေးပါး ပစ္စည်းတရားသည် မဟတာ ဝါယာမေန-အရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်၌ရှိသော အာရမ္မဏိကဖြစ်သော ဝီရိယ ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ ပု၊ အတ္ထိ၊ အဝိဂတ (၄)

(ဃ) စတ္တာရိ မဟာဘူတာနိ+ဥပါဒါယ ပဝတ္တရူပံ ။ ။ စတ္တာရိ မဟာဘူတာနိ-အရ မဟာဘုတ် လေးပါး ပစ္စည်းတရားသည် ဥပါဒါယ ပဝတ္တရူပံ-အရ ဥပါဒါရုပ် ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= သဟ၊ နိ၊ အတ္ထိ၊ အဝိဂတ (၄)

ပါဌ် (၁၈၈) [ဋ္ဌ၊၃၄၂။ ပြည်၊တ၊၁၇၅။ ဘာသာဋီ၊တ၊၃၇၈]

(က) ဣဒါနိ တဿာ အတ္ထံ ဘာဇေတွာ ဒဿေတုံ **"သဗ္ဗံ ရူပံ န ဟေတုမေဝ"**တိ အာဒိ **အာရဒ္ဓံ။** (ခ) **ကသ္မာ ပနေတ္ထ ""ကတမံ တံ သဗ္ဗံ ရူပံ န ဟေတု""တိ ပုစ္ဆာ န ကတာတိ။ ဘေဒါ ဘာဝတော။**

(ဂ) **ယထာ ဟိ ဒုကာဒီသု ဥပါဒါရူပမ္ပိ အတ္ထိ နောဥပါဒါရူပမ္ပိ၊ ဝေမိဓ ဟေတု. န ဟေတူတိပိ သဟေတုကမဟေတုကန္တိပိ ဘေဒေါ နတ္ထိ၊ တသ္မာ ပုစ္ဆံ အကတွာဝ ဝိဘတ္တံ။**

(ဃ) **တတ္ထ သဗ္ဗန္တိ သကလံ နိရဝသေသံ။ ရူပန္တိ အယမဿ သီတာဒီဟိ ရုပ္ပနဘာဝဒီပနော သာမညလက္ခဏနိဒ္ဒေသော။ န ဟေတုကမေဝါတိ သာဓာရဏဟေတုပဋိက္ခေပနိဒ္ဒေသော။**

➤ **❶** ။ **(က)** ဣဒါနိ၊မာတိကာကို ပြပြီးရာ ယခုအခါ၌။တဿာ မာတိကာယ၊ထိုမာတိကာ၏။

http://www.dhammadownload.com

အတ္ထံ၊ကို။ဘာဇေတွာ၊ဝေဖန်တော်မူ၍။ဒဿေတုံ၊ပြခြင်းငှာ။သဗ္ဗံ ရူပံ နဟေတု မေဝါတိ အာဒိ၊သဗ္ဗံ ရူပံ နဟေတု မေဝ အစရှိသော စကားရပ်ကို။အာရဒ္ဓံ၊အားထုတ်တော်မူအပ်၏။ (ခ) ကသ္မာ ပန၊ကား။ဧတ္ထ၊ဤ သဗ္ဗံ ရူပံ နဟေတု မေဝ အစရှိသော စကားရပ်၌။"ကတမံ တံ သဗ္ဗံ ရူပံ နဟေတူ"တိ၊ဟူ၍။ပုစ္ဆာ၊ကို။န ကတာ၊ပြုတော်မမူအပ်သနည်း။ဣတိ အယံ၊ဤသည်ကား။ပုစ္ဆာ၊အမေးတည်း။ဘေဒါဘာဝတော၊အထူး၏ မရှိခြင်းကြောင့်။(ပုစ္ဆာ၊ကို။န ကတာ၊ပြုတော်မမူအပ်) (ဂ) ဟိ–သစ္စံ၊မှန်၏။ဒုကာဒီသု၊ဒုကသင်္ဂဟ အစရှိ သည်တို့၌။အတ္ထိ ဥပါဒါရူပံ၊အတ္ထိ နောဥပါဒါရူပံ၊–ပံ၊ဟူ၍။ဘေဒေါ၊အထူးသည်။အတ္ထိယထာ၊ရှိ၏ သို့။ ဧဝံ၊တူ။ဣဓ၊ဤ"သဗ္ဗံ ရူပံ န ဟေတုမေဝ"အစရှိသော စကား၌။ဟေတု နဟေတူတိပိ၊ဟူ၍၎င်း။"သဟေတုက မဟေတုက"န္တိပိ၊–ကံ၊ဟူ၍၎င်း။ဘေဒေါ၊အထူးသည်။နတ္ထိ၊မရှိ။ဥပါဒါရူပံ၊ဟူ၍၎င်း။နောဥပါဒါ ရူပံ၊ရုပ်ဟူ ၍၎င်း။ဘေဒေါ၊သည်။အတ္ထိယထာ၊ရှိ၏ သို့။တသ္မာ၊ကြောင့်။ပုစ္ဆံ၊ကို။အကတွာ၊ပြုတော်မမူ၍သာလျှင်။ဝိဘတ္တံ၊ဝေဖန် တော်မူအပ်၏။ (ဃ) တတ္ထ၊ထို"သဗ္ဗံ ရူပံ န ဟေတုကမေဝ"အစရှိသော စကား၌။အတ္ထော၊ကို။ဝေဒိတဗ္ဗော၊ သိအပ်၏။သဗ္ဗန္တိ၊ကား။သကလံ၊အလုံးစုံသော။နိရဝသေသံ၊အကြွင်းမရှိသော။ရူပန္တိ အယံ သဒ္ဒေါ၊ရူပံဟူသော ဤသဒ္ဒါသည်။သီတာဒီဟိ၊အချမ်း–အစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့်။ရုပ္ပနဘာဝ ဒီပနေ၊ဖောက်ပြန်သည်၏အဖြစ်ကို ပြတတ်သော။သာမညလက္ခဏာ နိဒ္ဒေသော၊သာမညဖြစ်သော လက္ခဏာ ကို ပြကြောင်းဖြစ်သော သဒ္ဒါတည်း။န ဟေတုမေဝါတိ အယံ သဒ္ဒေါ၊န ဟေတုကမေဝဟူသော ဤသဒ္ဒါ သည်။သာဝဓာရဏဟေတုပဋိက္ခေပ နိဒ္ဒေသော၊အဝဓာရဏနှင့်တကွ ဟေတုကို ပယ်ခြင်းကို ညွှန်ကြောင်း ဖြစ်သော သဒ္ဒါတည်း။

➤ ❷ ။ **(ဂ) သို့/ ဒွေပနာပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဤ "သဗ္ဗံ ရူပံ န ဟေတုကမေဝ" အစရှိသော စကားရပ်၌ အထူးအပြား၏ မရှိခြင်းကြောင့် "ကတမံ တံ သဗ္ဗံ ရူပံ န ဟေတု" ဟူသော ပုစ္ဆာကို ပြုတော်မမူအပ်ဟု အကျဉ်းအားဖြင့် ဖြေဆိုတော်မူ၏။ ထိုသို့ဆိုချေသော် မန္ဒ ဗုဒ္ဓိတို့အတွက် ယင်းစကားရပ်၏ အကျယ်ဖြစ်သော အဖြေစကားရပ်ကို မသိအပ်သေးသည် မဟုတ်ပါလော။ ထို့ကြောင့် (ခ) ဖြင့် ဤ "သဗ္ဗံ ရူပံ န ဟေတုကမေဝ" အစရှိသော စကားရပ်၌ အထူးအပြား၏ မရှိခြင်း ကြောင့် "ကတမံ တံ သဗ္ဗံ ရူပံ န ဟေတု" ဟူသော ပုစ္ဆာကို ပြုတော်မမူအပ်ဟု အကျဉ်းအားဖြင့် မဆိုသင့်။ အကျယ်ဖြစ်သော အဖြေစကားရပ်ကိုလည်း ပြဆိုသင့်သေး၏။ အကျယ်ဖြစ်သော အဖြေစကားရပ် ကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

➤ ❸ ။ **ဒေါသပယ်** ။ ။ (ဂ) ဖြင့် အထူးအပြားမရှိပုံကို အကျယ်ချဲ့၍ ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ (ဝါ) သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ် ပါသည်။ **(ဃ)** ဖြင့် အစိတ် အစိတ်သော ပုဒ်တို့၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏ ဒေါသတို့ကို ပယ်ပါသည်။

➤ ❹ ။ ရုပ္ပတီတိ ရုပ္ပနံ။ ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေသ္မာတိ ဘာဝေါ။ ရုပ္ပနဿ ဘာဝေါ ရုပ္ပနဘာဝေါ။ ဒီပေတီတိ ဒီပနော။ * ရုပ္ပနဘာဝေါ ဒီပနော **ရုပ္ပနဘာဝဒီပနော**။ (၂) ရုပ္ပနဘာဝပုဒ်+ဒီပနပုဒ်သည် ၎င်း၊ ဖောက်ပြန်တတ်သော ရုပ်သဘော၏ ပြတတ်သော သာမညလက္ခဏာ နိဒ္ဒေသရူပသဒ္ဒါနှင့် ဝိသေသန+

http://www.dhammadownload.com

ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်ရှင်း ဗျူပ္ပတ္တိနိမိတ်။ (၄) ရုပ္ပနဘာဝသာမညလက္ခဏာ နိဒ္ဒေသရူပသဒ္ဒါသည် ပဝတ္တိနိမိတ်။ * ဥဏ္ဏာဘိတဏ္ဍေတိ သေဝိယတေတိ **သိတံ**။(သိ+တ)

➢ **❻** ။ **(ဃ)** ၌ သကလံ နိရဝသေသံ-ဖြင့် သဗ္ဗ-သဒ္ဒါသည် သကလ-သဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကိုရှင်း(ပရိယာယ်ပြ အဘိဓေယျတ္ထ) နိရဝသေသအနက်ကို ဟောသည်၏အဖြစ်ကိုရှင်း(သဗ္ဗနာမလိင်္ဂတ္ထ) သိစေပါသည်။

➢ **❼** ။ **(ခ)** **ပန**-ကား ပက္ခန္တရတ္ထ၊ ဝါကျာရမ္ဘတ္ထ။ (ဂ) **ဟိ**-ကား ဒဠှီကရဏတ္ထ၊ ဝိတ္ထာရတ္ထ။

➢ **❽** ။ **ကြိယာငါးတန်** ။ ။ **ကတာ-၌ ဓာတ်-အရ** = ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ဒဿနတ္ထ။ (၃) "ကတံ တံ သဗ္ဗံ ရူပံ န ဟေတု"ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (စာ-၄၂၃- ဝုတ္တ-နှင့် တူပြီ)

ပါဠိ (၁၈၉) [ဌ၊၃၄၃။ ပြည်၊တ၊၁၈၀။ ဘာသာဋီ၊တ၊၃၈၂]

(က) **ဥပ္ပန္နံ ဆဟိ ဝိညာဏေဟီတိ ပစ္စုပ္ပန္နရူပမေဝ စက္ခုဝိညာဏာဒီဟိ ဆဟိ ဝေဒိတဗ္ဗံ။**

(ခ) **နိယာမော ပန စက္ခုဝိညာဏာဒီနိ သန္ဓာယ ဂဟိတော။**

(ဂ) **န ဟိ တာနိ အတီတာနာဂတံ ဝိဇာနန္တိ။**

(ဃ) **မနောဝိညာဏံ ပန အတီတမ္ပိ အနာဂတမ္ပိ ဝိဇာနာတိ။**

(င) **တံ ဣမသ္မိံ ပဉ္စဝိညာဏသောတေ ပတိတတ္တာ သောတပတိတမေဝ ဟုတွာ ဂတံ။**

(စ) **ဟုတွာ အဘာဝဋ္ဌေန ပန အနိစ္စမေဝ။**

(ဆ) **ဇရာယ အဘိဘဝိတဗ္ဗမ္မကတ္တာ ဇရာဘိဘူတမေဝ။**

(ဇ) **ယသ္မာ ဝါ ရူပကာယေ ဇရာ ပါကဋာ ဟောတိ၊ တသ္မာပိ ""ဇရာဘိဘူတမေဝါ""တိ ဝုတ္တံ။**

➢ **❶** ။ **(က)** ဥပ္ပန္နံ ဆဟိ ဝိညာဏေဟီတိ၊ကား။ပစ္စုပ္ပန္န မေဝ၊ပစ္စုပ္ပန်ဖြစ်သော ရုပ်ကိုသာလျှင်။ စက္ခုဝိညာဏာဒီဟိ၊ကုန်သော။ဆဟိ၊ကုန်သော။ဝိညာဏေဟိ၊တို့ဖြင့်။ဝေဒိတဗ္ဗံ၊သိအပ်၏။

(ခ) ပန၊ဆက်။နိယမော၊ဥပ္ပန္နသဒ္ဒါဖြင့် မှတ်ခြင်းကို။စက္ခုဝိညာဏာဒီနိ၊စက္ခုဝိညာဉ် အစရှိသော ပဉ္စဝိညာဉ်တို့ကို။သန္ဓာယ၊ရည်၍။(မယာ၊ငါသည်)ဂဟိတော၊ယူအပ်၏။(မနောဝိညာဏံ၊မနောဝိညာဉ်ကို။သန္ဓာယ၊ရည်၍။နိယမော၊ဥပ္ပန္နသဒ္ဒါဖြင့် မှတ်ခြင်းကို။မယာ၊ငါသည်။န ဂဟိတော၊မယူအပ်။)(ဗျတိရိက်ထည့်)

(ဂ) ဟိ-သစ္စံ၊မှန်၏။တာနိ စက္ခုဝိညာဏာဒီနိ၊တို့သည်။အတီတာ နာဂတံ၊ကို။န ဝိဇာနန္တိ၊မသိကုန်။

(ဃ) ပန၊အထူး။မနောဝိညာဏံ၊သည်။အတီတမ္ပိ၊ကိုရှင်း။အနာဂတမ္ပိ၊ကိုရှင်း။ဇာနာတိ၊သိ၏။

(င) တံ မနောဝိညာဏံ၊သည်။ဣမသ္မိံ ပဉ္စဝိညာဏသောတေ၊ဤပဉ္စဝိညာဉ်၏ အယဉ်၌။ပတိတတ္တာ၊ကျ၍။သောတပတိတမေဝ၊အယဉ်၌ကျသည်သာလျှင်။ဟုတွာ၊ဖြစ်၍။ဂတံ၊သွား၏။

(စ) ပန၊ထိုမှတပါး။ဟုတွာ အဘာဝဋ္ဌေန၊ဖြစ်ထည့်၍ ချက်တဖြုတ်ပျက်သောအနက်ကြောင့်။အနိစ္စမေဝ၊အနိစ္စသည်သာလျှင်။ဟောတိ၊၏။ **(ဆ)** ဇရာယ၊ ဇရာသည်။အဘိဘဝိတဗ္ဗမ္မကတ္တာ၊နှိပ်စက်အပ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ဇရာဘိဘူတမေဝ၊ဇရာသည် ထောင်းထုနယ်ချေ နှိပ်စက်လေအပ်သည်သာလျှင်။ဟောတိ၊၏။ **(ဇ)** ဝါ၊တနည်းကား။ယသ္မာ၊အကြင်ကြောင့်။ရူပကာယေ၌။ဇရာ၊သည်။ပါကဋာ၊ထင်

http://www.dhammadownload.com

ရှားသည်။ဟောတိ၊၏။ တသ္မာပိ၊ထို့ကြောင့်လည်း။ဇရာဘိဘူတမေဝါတိ၊ဟူ၍။(ဘဂဝတာ၊သည်)ဝုတ္တံ၊၏။

* **ဥပ္ပန္နံ**=ပစ္စုပ္ပန်ဖြစ်သော ရုပ်ကိုသာလျှင်။ဆဟိ၊စက္ခုဝိညာဏ် စသည်တို့၏ အစွမ်းဖြင့် ခြောက်ပါးကုန်သော။ဝိညာဏေဟိ၊ဝိညာဏ်တို့ဖြင့်။(ဝါ)တို့သည်။ဝိညေယျံ၊သိအပ်၏။(ဝါ)သိထိုက်၏။

➤ ❷ ။ **(ခ) သို့/ ဋ္ဌပနာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ-၌ ဥပ္ပန္နံ-ကို ပစ္စုပ္ပန္နရူပမေဝ-ဟု ဖွင့်ပြတော်မူ၏။ ထိုသို့ ဆိုချေသော် အတိတ်, အနာဂတ်ရုပ်တို့သည် ဝိညေယျ မဟုတ်ဟူသော အနက်သည် ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က) ဖြင့် ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ-၌ ဥပ္ပန္နံ-ကို ပစ္စုပ္ပန္နရူပမေဝ-ဟု မဆိုသင့်။ ပစ္စုပ္ပန္နရူပမေဝ-ဟု နိယမ ဧဝ-သဒ္ဒါဖြင့် အဘယ်ကို ရည်ရွယ်၍ ဖွင့်ဆိုသည်ကို လည်း ပြဆိုသင့်သေး၏။ နိယမ ဧဝ-သဒ္ဒါဖြင့် အဘယ်ကို ရည်ရွယ်၍ ယူအပ်ပါသနည်း။ (ခ) မိန့်။

(ဂ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် နိယမဧဝ-သဒ္ဒါကို စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးမျိုးကို ရည်ရွယ်၍ ယူအပ်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပါဠိတော်၌ ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ-ဟု အထင်အရှားရှိသည် မဟုတ်ပါလော။ ထိုသို့ ထင်ရှားသောကြောင့် (ခ) ဖြင့် နိယမဧဝ-သဒ္ဒါကို စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးမျိုးကို ရည်ရွယ်၍ ယူအပ်၏ဟု မဆိုသင့်။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီ ကရဏကိုလည်း ပြဆိုသင့်သေး၏။ ဆရာ့စကားကို မြဲခိုင်စေတတ်သော ယုတ္တိသဘာဝ ဒဋ္ဌီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ)ဝါကျကို မိန့်။

(ဃ) သို့/ ပါပနာဒိပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့သည် အတိတ်, အနာဂတ်ရုပ်ကို မသိနိုင်ကုန်, အာရုံ မပြုနိုင်ကုန်ဟု ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် မနောဝိညာဏ်သည်လည်း အတိတ်, အနာဂတ်ရုပ်ကို မသိနိုင်, အာရုံမပြုနိုင်ဟူသော အနက်သဘောသည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့မရောက်သင့်လေသောကြောင့် မနောဝိညာဏ်၏ သိပုံ, အာရုံပြုပုံ အထူးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသသင့်ရောက်ရာ၏။ မနောဝိညာဏ်၏ သိပုံ, အာရုံပြုပုံ အထူးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် မနောဝိညာဏ်သည် အတိတ်, အနာဂတ်ရုပ်ကိုလည်း သိနိုင်၏ဟု ဆိုတော်မူ၏။ ထိုသို့ဆိုချေသော် မနောဝိညာဏ်ကို ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ-၌ မယူအပ်, မယူသင့်သည် မဟုတ်ပါလော။ ထိုသို့ မယူသင့်သောကြောင့် (ဃ) ဖြင့် မနောဝိညာဏ်သည် အတိတ်, အနာဂတ်ရုပ်ကိုလည်း သိနိုင်၏ဟု မဆိုသင့်။ မနောဝိညာဏ်ကို ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ-၌ ထည့်သွင်း၍ ယူရခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ မနောဝိညာဏ်သည် အတိတ်, အနာဂတ်ရုပ်ကို သိပါလျက် ယင်းမနောဝိညာဏ်ကို အဘယ့်ကြောင့် ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ-၌ ထည့်သွင်း၍ ယူအပ်ပါသနည်း။ (င) မိန့်။

အဓိပ္ပါယ်ကား- မနောဝိညာဏ်သည် ပဉ္စဝိညာဏ်ဒေသနာအယဉ်၌ ပါဝင်သွားသောကြောင့် ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျမေဝ-၌ ထည့်သွင်းယူအပ်ပါ၏ဟူလို။

http://www.dhammadownload.com

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** ဖြင့် ပစ္စုပ္ပန္နရူပမေဝ-၌ နိယမ ဧဝ-သဒ္ဒါကို ထည့်သွင်း၍ ဖွင့်ဆိုရခြင်း၏ ရည်ရွယ်ချက်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် (ခ) ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဃ)** ဖြင့် မနောဝိညာဉ်၏ သိပုံ အာရုံပြုနိုင်ပုံ အထူးကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် အတိတ် အနာဂတ်ရုပ်ကိုလည်းအာရုံပြုနိုင်သော မနောဝိညာဉ်ကို ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ-၌ ထည့်သွင်း၍ ယူရခြင်း၏ အကြောင်းကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

(ဇ) ၌ ဝါ-သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ ဇရာယ အဘိဘဝိတဗ္ဗဓမ္မကတ္တာ-ဟူသော အကြောင်းသကတ်အနက်မှတပါး ရူပကာယေ ဇရာပါကဋ္ဌာ ဟောတိ-ဟူသော အကြောင်းသကတ် အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ဇ) ၌ ဝါ-သဒ္ဒါကို ထားရပါသည်။

➤ ❹ ။ တံ တံ ကာရဏံ ပဋိစ္စ ဥပ္ပန္နံ **ပစ္စုပ္ပန္နံ**။ (၂) ပဋိပုဒ်+ဥပ္ပန္နပုဒ်သည်ငင်း၊ ပဋိစ္စဘောဂဏ်၏ ဖြစ်သောရုပ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ပစ္စုပ္ပန်ရုပ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အတိက္ကမ္မ ဣတံ ဂတံ **အတီတံ**။ (၂) အတိပုဒ်+ဣတပုဒ်သည်ငင်း၊ အတိက္ကမနဘောဂဏ်၏ ဖြစ်သော ရုပ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၂) အတိတ်ရုပ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အာဂမိဿတီတိ အာဂတံ။ န အာဂတံ **အနာဂတံ**။ (၂) နပုဒ်+အာဂတပုဒ်သည်ငင်း၊ ပဋိသေဓဘောဂဏ်၏ အနာဂတ်ရုပ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) အနာဂတရုပ်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

(ဂ) ကာယေ ဒိဋ္ဌိ ကာယဒိဋ္ဌိ၊ သတီ ကာယဒိဋ္ဌိ **သက္ကာယဒိဋ္ဌိ**။ ထင်ရှားရှိသော ဂုဏ်၏ ခန္ဓပဉ္စကၡဖြစ်သော ဒိဋ္ဌိနှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) သက္ကာယဒိဋ္ဌိတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ဝိဇ္ဇတီတိ **ဝိဇ္ဇမာနော**။(ဝိဒဓာတ်+ဏျ+မာန) ဝိဇ္ဇမာနော အတ္တော **ဝိဇ္ဇမာနဋ္ဌော**။(တေန)

သိနောတိ ဗန္ဓတိ စိတ္တံ ဧတေနာတိ **သီလံ**။ (သီ+လ)

ဝတ္တနံ **ဝတံ**။ (ဝတုဓာတ်+အ-ပစ္စည်း၊ ကျင့်ခြင်း, ဆောက်တည်ခြင်းကြိယာ)

သီလဉ္စ တံ ဝတဉ္စာတိ **သီလဗ္ဗတာနိ**။ အာမသနံ ဂဟဏံ **အာမာသော**။ (အာပုဗ္ဗ မသ+ဏ)

ပရတော အာမာသော **ပရာမာသော**။ သီလဗ္ဗတာနံ ပရာမာသော **သီလဗ္ဗတပရာမာသော**။

➢ ❻ ။ **(က)** ၌ ဗန္ဓနာနိ-ဖြင့် သညောဇနာနိ-၌ သံ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုငှင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ယုဇဓာတ်၏ ဗန္ဓနအနက် ဟောသည်ကိုငှင်း(ဒု-ဓာတွတ္ထ) ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာနိ-ဟု ပြုရ မည်ကိုငှင်း(အဘိဓာနတ္ထ) သိစေပါသည်။

http://www.dhammadownload.com

(ခ) ၌ ဝိဇ္ဇမာနဋ္ဌေန-ဖြင့် သတိ-၌ အသဓာတ်၏ ဝိဇ္ဇမာနအနက် ဟောသည်ကိုင်း(ဒု-ဓာတွတ္ထ) အန္တ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) အသတိ ဝိဇ္ဇတီတိ သန္တော(တသ္မိံ သတိ) ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

သတိ ကာယေ ဒိဋ္ဌိ-ဖြင့် သက္ကာယဒိဋ္ဌိ-၌ သက္ကာယပုဒ်ကို သန္တော သံဝိဇ္ဇမာနော ကာယော သက္ကာယော-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း (သမာသလိင်္ဂတ္ထ) သန္တကာယ-ဟု ဆိုလိုလျက် သန္တ-ကို သ-ပြု၍ သက္ကာယ-ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) (တနည်း) သက္ကာယ-၌ သ-သည် သဟ, သမာန စသည်တို့၏ ကာရိယ မဟုတ်၊ သန္တ-သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုင်း(နာမလိင်္ဂပဒ) သက္ကာယဒိဋ္ဌိ-ပုဒ်ကို သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ-ဟု မဇ္ဈေလောပီ သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ခန္ဓပဉ္စကသင်္ခါတေ-ဖြင့် သက္ကာယဒိဋ္ဌိ-၌ ကာယ-အရ ခန္ဓာငါးပါးကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ၌ သယံ-ဖြင့် သက္ကာယဒိဋ္ဌိ=ခန္ဓာငါးပါး၌ ထင်ရှားရှိသော ဒိဋ္ဌိဟူသည် မိမိဟုဆိုအပ်သော ဒိဋ္ဌိပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

သတိ ကာယေ ဒိဋ္ဌိ-ဖြင့် သက္ကာယဒိဋ္ဌိ-၌ ကာယဒိဋ္ဌိဟူသော နောက်ပုဒ်ကို ကာယေ ဒိဋ္ဌိ ကာယဒိဋ္ဌိ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) အပေါင်းပုဒ်ကို သတိ ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ)သန္တကာယဒိဋ္ဌိ-ဟု ဆိုလိုလျက် သန္တကို သ-ပြု၍ သက္ကာယဒိဋ္ဌိ-ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) (တနည်း) သက္ကာယဒိဋ္ဌိ-၌ သ-သည် သဟ, သမာန စသည်တို့၏ ကာရိယ မဟုတ်၊ သန္တ-သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုင်း (နာမလိင်္ဂပဒ) သိစေပါသည်။

တသ္မိံ-ဖြင့် ကာယေ-၌ ကာယ-အရ ရှေး၌ဆိုအပ်ပြီးသော ခန္ဓပဉ္စကကို ယူရမည်ကိုင်း (သရုပ်ကြား အဘိဓေယျတ္ထ) ဧ-သည် သ္မိံ-ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုင်း(ဝိဘတ္တိပဒ) သိစေပါသည်။

(ဃ) ဖြင့် သီလဗ္ဗတပရာမာသပုဒ်ကို အာမသနံ ဂဟဏံ အာမာသော။ ပရတော အာမာသော ပရာမာသော၊ သီလဉ္စ ဝတဉ္စ သီလဗ္ဗတာနိ၊ သီလဗ္ဗတာနံ ပရာမာသော သီလဗ္ဗတပရာမာသော-ဟု ဝစနတ္ထပြု၍ သီလဗ္ဗတပရာမာသ-အရ စင်ကြယ်ခြင်း၏ အကြောင်းမဟုတ်သော ကုက္ကုရသီလ စသည်ဖြင့် စင်ကြယ်ခြင်းငှာ တတ်ကောင်း၏၊ စင်ကြယ်ခြင်း၏အကြောင်းမဟုတ်သော ကုက္ကုရဝတ စသည်ဖြင့် စင်ကြယ်ခြင်းငှာ တတ်ကောင်း၏၊ ကုက္ကုရသီလ, ကုက္ကုရဝတတို့ဖြင့် စင်ကြယ်ခြင်းငှာ တတ်ကောင်း၏ဟု ယူအပ် ဖြစ်စေအပ်သော ဆောက်တည်ကြောင်း ဒိဋ္ဌိကို ယူရမည်ဟု သိစေ။(သရုပ်ကြား အဘိဓေယျတ္ထ)

➤ **၇** ။ **(က) သညောဇနာနီတိ (ခ) သက္ကာယဒိဋ္ဌီတိ**-၌ ဣတိ-ကား ပဒတ္ထ ဝိပလ္လာသတ္ထ။ **ဝါ**-ကား ဝိကပ္ပနတ္ထ၊ ပက္ခန္တရတ္ထ။ (ဂ) **ဒိဋ္ဌီတိ**-၌ ဣတိ-ကား ဟေတွတ္ထဇောတက။ (ဃ) **သက္ကာတိ**-၌ ဣတိ-ကား နိဒဿနတ္ထ။ **ပန**-ကား ပက္ခန္တရတ္ထ။

ဣစ္ဆေဝ ဘိက္ခဝေ သမဏော (ဋ္ဌ၊၃၈၃) ၌ (၁) ဗုဒ္ဓသာသနာတော်သည် ဂဟေတဗ္ဗတ္ထ။ (၂)

http://www.dhammadownload.com

အညတိတ္ထိယ သာသနာတော်သည် နိဝတ္တေတဗ္ဗတ္ထ။

ကတ္တုစိ ပဒပူရဏာမတ္တမေဝ-(ဋ္ဌ၊၃၈၃) ၌ (၁) ပုဒ်ပြည့်ကာမျှသည် ဂဟေတဗ္ဗတ္ထ။ (၂) ဩကာသ-စသော အနက်တို့သည် နိဝတ္တေတဗ္ဗတ္ထ။ [**မတ္တ**-ဖြင့် ဩကာသ-စသော အနက်ကို ကန့်၍၊ **ဧဝ**-ဖြင့် ထို ပဒပူရဏအဖြစ်ကို ခိုင်မြဲစေပါသည်။]

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **ဂဟိတသမာဒါနံ-အရ** = ယူအပ်, ဖြစ်စေအပ်သော မှားသော အားဖြင့် သုံးသပ်တတ်သော အယူ "ဒိဋ္ဌိ" "မိစ္ဆာဒိဋ္ဌိ"ကို ယူ၍

ဂဟိတ-၌ ဂဟစာတ်-အရ ကတ္တုပ္ပတ္တိကြိယာ-အရ = မောဟပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍ (ပထမအုပ်-၁၄၈-ကြည့်)

➤ **၉** ။ **ဂဟိတ, သမာဒါန, ဂဟိတသမာဒါန, သီလဗ္ဗတပရာမာသော**-တို့အရ "ဒိဋ္ဌိ"ကို ယူ၍ လက္ခဏာဒိစတုက္ကထုတ်။

➤ **၁၀** ။ **ခန္ဓပဉ္စကသင်္ခါတေ ကာယေ တသ္မိံကာယေ, သက္ကာယ**-အရ တေဘူမက ခန္ဓပဉ္စကဟူသော ရုပ် နာမ် အာရုံ ပစ္စည်းတရားသည် **ဒိဋ္ဌိ**-အရ ဒိဋ္ဌိ စေတသိက် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= အာ၊ မိ၊ နိ၊ ဥပ၊ ပု၊ ဝိပ်၊ အတ္ထိ၊ အဝိဂတ (၈)

ပါဠိ (၁၉၈) [ဋ္ဌ၊၃၈၃။ ပြည်၊တ၊၃၅၅။ ဘာသာဋီ၊စ၊၉၁]

(က) **ပုထူနံ ဇနနာဒီဟိ၊ ကာရဏေဟိ ပုထုဇ္ဇနော။**

ပုထုဇ္ဇနန္တောဂဓတ္တာ၊ ပုထုဝါယံ ဇနော ဣတိ။

(ခ) **သော ဟိ ပုထူနံ နာနပ္ပကာရာနံ ကိလေသာဒီနံ ဇနနာဒီဟိ ကာရဏေဟိ ပုထုဇ္ဇနော။**

(ဂ-၁) **ယထာဟ- ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ၊**

(ဂ-၂) **ပုထု အဝိဟတသက္ကာယဒိဋ္ဌိကာတိ ပုထုဇ္ဇနာ၊**

(ဂ-၃) **ပုထု သတ္ထာရာနံ မုခုလ္လောကိကာတိ ပုထုဇ္ဇနာ။**(ပ)

(ဃ) **ပုထူနံ ဝါ ဂဏနပထမတီတာနံ အရိယဓမ္မပရမ္မုခါနံ နီစဓမ္မသမာစာရာနံ ဇနနာနံ အန္တောဂဓတ္တာပိ ပုထုဇ္ဇနာ၊** (င) **ပုထု ဝါ အယံ, ဝိသုံယေဝ သင်္ချံ ဂတော, ဝိသံသဋ္ဌော သီလသုတာဒိဂုဏယုတ္တေဟိ အရိယေဟိ ဇနောတိပိ ပုထုဇ္ဇနော။**

➤ **၁** ။ **(က)** ပုထူနံ၊များစွာသော ကိလေသာတို့ကို၊ဇနနာဒီဟိ၊ဖြစ်စေခြင်း အစရှိကုန်သော၊ ကာရဏေဟိ၊အကြောင်းတို့ကြောင့်၊ပုထုဇ္ဇနော၊မည်၏၊ဝါ၊ကား၊ပုထုဇ္ဇနန္တော ဂတတ္တာ၊ပုထုဇဉ်တို့၏အတွင်း၌ ဝင်သည်၏အဖြစ်ကြောင့်၊ပုထုဇ္ဇနော၊မည်၏၊ဝါ၊ကား၊အယံ၊ဤသူသည်၊ပုထု၊အရိယာသခင်တို့မှ အသီးအခြား ဖြစ်သော၊ဇနော၊သူတည်း၊ဣတိ တသ္မာ၊ထို့ကြောင့်၊ပုထုဇ္ဇနော၊မည်၏။

(ခ) ဟိ၊ချဲ့အံ့၊သော၊ထိုအသုတဝါဖြစ်သော သူသည်၊ပုထူနံ နာနပ္ပကာရာနံ၊များသော အပြားရှိကုန်သော၊ကိလေသာနံ၊တို့ကို၊ဇနနာဒီဟိ၊ဖြစ်စေခြင်း အစရှိကုန်သော၊ကာရဏေဟိပိ၊ကြောင့်လည်း၊ပုထုဇ္ဇနော၊ မည်၏။ **(ဂ)** ယထာဟ၊ကား၊"ပုထုကိလေသေ (ပ) ပုထုဇ္ဇနာ"တိ၊ဟူ၍၊အာဟ၊၏၊ပုထုနာနာ သတ္ထာရာနံ၊ များစွာသော ဆရာတို့၏၊မုခုလ္လောကိကာ၊မျက်နှာကို မော်၍ ကြည့်တတ်ကုန်၏၊ဣတိ တသ္မာ၊ကြောင့်။

F-50-A

http://www.dhammadownload.com

ပုထုဇ္ဇနာ၊မည်ကုန်၏။ **(ဃ)** ဝါ၊ကား။ပုထူနံ၊များစွာကုန်သော။ဂဏနပထံ၊ရေတွက်ခြင်း၏ အကြောင်းကို။ အတီတာ၊လွန်ကုန်သော။အရိယဓမ္မ ပရမ္မုခါနံ၊အရိယာပုဂ္ဂိုလ်တို့၏ တရားမှ မျက်ကွယ်ဖြစ်ကုန်သော။နိစဓမ္မ သမာစာရာနံ၊ယုတ်သော တရားအကျင့်ရှိကုန်သော။ဇနာနံ၊တို့၏။အန္တောဂဓတ္တာပိ၊အတွင်းဝင်သည်၏ အဖြစ်ကြောင့်လည်း။ပုထုဇ္ဇနာ၊မည်ကုန်၏။ **(င)** ဝါ၊ကား။သီလ သုတာဒိ ဂုဏယုတ္တေဟိ၊သီလ, သုတ–စသော ဂုဏ်းကျေးဇူးနှင့်ယှဉ်ကုန်သော။အရိယေဟိ၊အရိယာတို့မှ။အယံ ဇနော၊ဤသူသည်။ပုထဝိသုံယေဝ၊ အသီးသာလျှင်။သင်္ချံ၊ရေတွက်ခြင်းသို့။ဂတော၊ရောက်၏။ဝိသံသဋ္ဌော၊မနီးနှော။ဣတိပိ၊ဤသို့သော အနက်ကြောင့်လည်း။ပုထုဇ္ဇနော၊ပုထုဇဉ်မည်၏။

➢ ❷ ။ **(ခ) သို့/ ဋ္ဌပ်နာပဉ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ပုထုဇ္ဇန မည်ပုံကို ဂါထာဗန္ဓဖြင့် အကျဉ်းသင်္ခေပအားဖြင့် ပြဆိုတော်မူ၏။ ဤသို့သာဆိုချေသော် ထိုအကျဉ်းသင်္ခေပ၏ အကျယ်ဝိတ္ထာရ ဝေဖန်ပုံကို မပြဆိုဟူသော အခ်ိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် (က) ဖြင့် ပုထုဇ္ဇန မည်ပုံကို ဂါထာဗန္ဓဖြင့် အကျဉ်းသင်္ခေပမျှသာ မဆိုသင့်။ ထိုအကျဉ်းသင်္ခေပ၏ အကျယ်ဝိတ္ထာရ ဝေဖန်ပုံကိုလည်း ပြဆိုသင့်သေး၏။ ထိုအကျဉ်း သင်္ခေပ၏ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဋ္ဌပနာပဉ္စက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ပုထုဇဉ်မည်ခြင်းအကြောင်းကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် အကိုးသာဓက ပါဠိအာဂမကို မပြဆိုဟူသော အခ်ိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် (ခ) ဖြင့် ပုထုဇဉ်မည်ခြင်းအကြောင်းကိုသာ မဆိုသင့်။ အကိုးသာဓက ပါဠိအာဂမကိုလည်း ပြဆိုသင့်သေး၏။ အကိုးသာဓက ပါဠိအာဂမကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ (ခ) ဖြင့် ဝိရောဓိ, အဗျာပိတ, ပုနရုတ္တိဒေါသတို့ကို ပယ်ပါသည်။ (ဂ) စသည်ဖြင့် အဗျာပိတ ဒေါသကို ပယ်ပါသည်။

(က) ပုထုဝါယံ ဇနော–ဠ္ဌ ဝါ–သဒ္ဒါကို ထားရခြင်းအကြောင်း ။ ။ များစွာသော ကိလေသာတို့ကို 'ဖြစ်စေတတ်သည်၏အဖြစ်, ပုထုဇဉ်တို့၏ အတွင်း၌ဝင်သည်၏အဖြစ်ဟူသော အကြောင်းသကတ် အနက်မှတပါး အရိယာတို့မှ အသီးအခြားဖြစ်သည်၏ အဖြစ်ဟူသော အကြောင်းသကတ်အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (က) ပုထုဝါယံ ဇနော–ဠ္ဌ ဝါ–သဒ္ဒါကို ထားရပါသည်။

➢ ❹ ။ ဥလ္လောကနံ ပေက္ခနံ ဥလ္လောကံ။ (ဥပုဗ္ဗ လောကဓာတ်+အ) မုခဿ ဥလ္လောကံ **မုခုလ္လောကံ**။ မုခုလ္လောကံ ဇောတန္တိ **မုခုလ္လောကိကာ**။ (၂) မုခုလ္လောကပုဒ်+ဣကပစ္စည်းသည်ငှင်း၊ မျက်နှာကို မော်ကြည့်ခြင်း၏ ပုထုဇဉ်တို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မျက်နှာကို မော်ကြည့်ခြင်းရှိသည်၏အဖြစ်တည်းဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ပုထု နာနပ္ပကာရော သက္ကာယဒိဋ္ဌိယော ကိလေသေ ဇနေတီတိ **ပုထုဇ္ဇနော**။ (၂) များစွာသော သက္ကာယဒိဋ္ဌိ ကိလေသာတို့၏ ပုထုဇဉ်တို့နှင့် ဇည+ဇနက၊ ဋ္ဌာနီ+ဋ္ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ပုထုဇဉ်တို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော

http://www.dhammadownload.com

ဇာတ်သည် ပဝတ္တိနိမိတ်။ ✻ အရိယဓမ္မော ပရမ္မုခေါ ယေသံ တေ **အရိယဓမ္မပရမ္မုခါ**။

နီစော လာမကော ဓမ္မော **နီစဓမ္မော**။ နီစာနံ ဝါ လာမကဇနာနံ ဓမ္မော **နီစဓမ္မော**။ သမာစရဏံ **သမာစာရော**။ ✻ နီစဓမ္မော သမာစာရော ယေသံ တေ **နီစဓမ္မသမာစာရော**။

➤ ❻ ။ **(က)** ၌ ပုထုဇ္ဇနန္တောဂဓတ္တာ-ဖြင့် ပုထုဇ္ဇနော-ကို ပုထု+ဇနော-ဟု ပုဒ်ဖြတ်ရမည်ကို ငှင်း(သန္ဓိလိင်္ဂပဒ) ဇနော-၌ ဇနဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက် ၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဇာယတီတိ ဇနော-ဟု ပြုရမည်ကိုငှင်း(အဘိဓာနတ္ထ) ပုထူနံ အန္တော ဂဓေ ဇနော ပုထုဇ္ဇနော-ဟု မဇ္ဈေလောပီ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုငှင်း(သမာသလိင်္ဂတ္ထ) ပုထုအန္တောဂဓဇနတ္တာ-ဟု ဆိုလိုလျက် ဂါထာဖြစ်၍ ဆန္ဒာနုရက္ခဏာ အလို့ငှာ ပုထုဇ္ဇနန္တောဂဓတ္တာ-ဟု ဆိုထားသည်ကိုငှင်း(ဘာဝတ္ထ) သိစေပါသည်။

ဝါ-ဖြင့် ဝိကပ္ပနတ္ထ နယန္တရဇောတက အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

အယံ-ဖြင့် ပုထုဇ္ဇန-အရ ဤပုထုဇ္ဇဉ်ပုဂ္ဂိုလ် သတ္တဝါအပေါင်းကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **ပုထုဇနော**-ဖြင့် ပုထုဇ္ဇနော-ကို ပုထု+ဇနော-ဟု ပုဒ်ဖြတ်ရမည်ကိုငှင်း (သန္ဓိလိင်္ဂပဒ) ပုထုဧဝ ဇနော ပုထုဇ္ဇနော-ဟု အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုငှင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ သော-ဖြင့် ပုထုဇ္ဇန-အရ အဿုတဝါ ပုထုဇဉ်ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **နာနပ္ပကာရာနံ**-ဖြင့် ပုထု-သဒ္ဒါ ဗဟုအနက်ကို ဟော၏ဟု သိစေသည်။(နိပါတလိင်္ဂတ္ထ၊ နာမလိင်္ဂတ္ထ) **ကိလေသာဒီနံ**-ဖြင့် ပုထူနံ နာနပ္ပကာရာနံ-အရ ကိလေသာ စသည်တို့ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **ပုထူနံ ဇနနာဒီဟိ ကာရဏေဟိ**-ဟူသော အပေါင်း သံဝဏ္ဏနာပါဌ်ဖြင့် ပုထု နာနပ္ပကာရာ သက္ကာယဒိဋ္ဌိယော (ကိလေသေ) ဇနေတီတိ ပုထုဇ္ဇနော-ဟု ဟေတု ကတ္တုသာဓန ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုငှင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) (တနည်း) ပုထုဇ္ဇနော-၌ ပုထု-သဒ္ဒူပပဒ ဇနဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ဟေတုကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဇနေတီတိ ဇနော-ဟု ပြုရမည်ကိုငှင်း (အဘိဓာနတ္ထ) အပေါင်းပုဒ်ကို ပုထူနံ ဇနော ပုထုဇ္ဇနော-ဟု ကမ္မဆဋ္ဌီ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရ မည်ကိုငှင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဂ-၁) ဖြင့် ပုထုဇ္ဇနောပုဒ်ကို ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနော-ဟု ဟေတု ကတ္တုသာဓန ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) (တနည်း) ပုထုဇ္ဇနာ-၌ ပုထု-သဒ္ဒူပပဒ ဇနဓာတ်၏အဖြစ်ကိုငှင်း(ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ဟေတု ကတ္တုသာဓနအနက်၌ သက်သည်ကိုငှင်း(ဒု-ပစ္စယတ္ထ) ဇနေန္တီတိ ဇနာ-ဟု ပြုရမည်ကိုငှင်း (အဘိဓာနတ္ထ) အပေါင်းပုဒ်ကို ပုထု ဇနာ ပုထုဇ္ဇနာ-ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုငှင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဂ-၂) ဖြင့် ပုထု-သဒ္ဒါ ဗဟုအနက် ဟောသည်ကိုငှင်း(နိပါတလိင်္ဂတ္ထ) ဇန-သဒ္ဒါ အဝိဟတအနက်

http://www.dhammadownload.com

ဟောသည်ကိုင်း(နာမလိင်္ဂတ္ထ) ဇန, အဝိဟတ-အရ သဏ္ဍာယဒိဋ္ဌိကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) ပုထု နာနပ္ပကာရာ ဇနာ အဝိဟတသဏ္ဍာယဒိဋ္ဌိယော ဧတေသန္တိ ပုထုဇ္ဇနာ-ဟု စတုတ္ထီဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထ ပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဂ-ဃ) ဖြင့် ပုထု-သဒ္ဒါ ဗဟုအနက် ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) ဇန-သဒ္ဒါ သတ္တုအနက် ဟောသည်ကိုင်း(နာမလိင်္ဂတ္ထ) အ-ပစ္စည်း၏ ဟေတု ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဇနေန္တီတိ ဇနာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) အပေါင်းပုဒ်ကို ပုထု နာနပ္ပကာရာ ဇနာ ဧတေသန္တိ ပုထုဇ္ဇနာ-ဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေသည်။

(ဃ) ၌ ပုထူနံ ဇနာနံ အန္တောဂဓတ္တာ-ဖြင့် ပုထုဇ္ဇနော၌ ဇန-ကို ဇာယတီတိ ဇနော-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) အ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ပုထုနှင့် ဇနကို ပုထူသု နီစဓမ္မသမာစာရေသု ဇနော ပုထုဇ္ဇနော-ဟု သတ္တမီ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) သိစေသည်။

(င) ၌ ပုထု ဝါ အယံ ဝိသုံယေဝ သင်္ချံ ဂတော, ဝိသံသဋ္ဌော-ဖြင့် ပုထုနှင့် ဇနောကို ပုထု သံသဋ္ဌောဧဝ ဇနော ပုထုဇ္ဇနော-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) ပုထုနိပါတ်ပုဒ်၏ ဝိသံသဋ္ဌအနက် ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) သိစေပါသည်။

➤ **၇** ။ **(က) ပုထုဝါယံ**-၌ ပုထု-ကား ဝိသုံအနက်။ **ဝါ**-ကား အတ္ထန္တရဝိကပ္ပနတ္ထ။ **ဣတိ** ကား ဟေတွတ္ထဇောတက။ (ခ) **ဟိ**-ကား ဝိတ္ထာရတ္ထ။ **နာနပ္ပကာရာနံ**-၌ နာနာ-ကား အနေကတ္ထ။

➤ **၈** ။ **ကြိယာငါးတန်** ။ ။ **(ဂ) ယထာဟ-၌ အာဟ-ဝယ် ဖြုမာတ်-အရ** =

အရှင်သာရိပုတ္တရာ၏ ဒေသနာဉာဏ်တော်ကို ယူ၍ (၁) ထို--သည် ဒဿနတ္ထ။ (၂) အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဒီပကတ္ထ။ (၃) ပုထု ကိလေသေ ဇနေန္တိ-စသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။ (၄) မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, စသည်တို့သည် ဝိဘာဝတ္ထ။ (၅) ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်း, ချာန်မဂ်ဖိုလ် နိဗ္ဗာန်ရခြင်း-စသော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

ကိလေသာဒီနံ, ကိလေသေ-တို့အရ = (၁) ကိလေသာတရားတို့သည် ဒဿနတ္ထ။(၇၇၈-ကြည့်)

➤ **၁ ၀** ။ **(ဂ) ပုထုကိလေသေ+ဇနေန္တိ** ။ ။ ဇနေန္တိ-အရ ကိလေသာ (၁၀)ပါးကြံ့သော အကုသိုလ်စိတ္တုပ္ပါဒ် ပစ္စည်းတရားသည် ပုထုကိလေသေ-အရ ကိလေသာ (၁၀)ပါး ပစ္စယုပ္ပန်တရားအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= မိ၊ သဟ၊ ဉ၊ နိ၊ ကံ၊ ဟာ၊ ဣံ၊ ဈာ၊ မဂ်၊ သမ်၊ အတ္ထိ၊ အဝိဂတ (၁၂)

ပါဌ် (၁၉၉) [ဋ္ဌ၁၃၈၄။ ပြည်၊တ၊၁၃၅၈။ ဘာသာဋီ၊စ၊၉၈]

(က) **အရိယာနံ အဒဿာဝီတိ အာဒီသု အရိယာတိ အာရကတ္တာ ကိလေသေဟိ, အနယေန ဣရိယနတော, အယေ ဣရိယနတော, သဒေဝကေန လောကေန စ အရဏီယတော။**

(ခ) **ဗုဒ္ဓါ စ ပစ္စေကဗုဒ္ဓါ စ ဗုဒ္ဓသာဝကာ စ ဝုစ္စန္တိ။** (ဂ) **ဗုဒ္ဓါဧဝ ဝါ ဣဓ အရိယာ။**

(ဃ) **ယထာဟ ""သဒေဝကေ ဘိက္ခဝေ လောကေ (ပ) တထာဂတော အရိယောတိ**

http://www.dhammadownload.com

ဝုစ္စတိ""တိ။ (င) သပ္ပုရိသာတိ ဧတ္ထ ပန ပစ္စေကဗုဒ္ဓါ, တထာဂတသာဝကာစ ""သပ္ပုရိသာ""တိ ဝေဒိတဗ္ဗာ။ (စ) တေ ဟိ လောကုတ္တရဂုဏယောဂေန သောဘနာ ပုရိသာတိ သပ္ပုရိသာ။

(ဆ) သဗ္ဗေဝ ဝါ ဧတေ ဒွေဓာပိ ဝုတ္တာ။

(ဇ) ဗုဒ္ဓါပိ ဟိ အရိယာစ သပ္ပုရိသာစ ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝကာပိ။ (၁၃၃၅-ခု မေး)

အရိယာနံ = ကိလေသာတို့မှ ဝေးတော်မူကြကုန်သော ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကဟူသော အရိယာပုဂ္ဂိုလ်တို့ကို။(ဝါ) အစီးအပွား မဟုတ်သော အကျင့်၌ လောကကို မဖြစ်စေတတ်ကုန်သော ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကဟူသော အရိယာပုဂ္ဂိုလ်တို့ကို။(ဝါ) နတ်နှင့်တကွသော လောကသည် ဆည်းကပ် အပ်ကုန်သော ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကဟူသော အရိယာပုဂ္ဂိုလ်တို့ကို။(က+ခ-နှင့်အညီ)

အရိယာနံ =ကိလေသာတို့မှ ဝေးတော်မူကြကုန်သော ဘုရားရှင်ဟူသော အရိယာပုဂ္ဂိုလ်တို့ကို။ (က+ဂ-နှင့်အညီ)

➤ **၁** ။ **(က)** အရိယာနံ အဒဿာဝီတိ အာဒီသု၊တို့၌။ဝိနိစ္ဆယော၊ကို။ဝေဒိတဗ္ဗော၊သိအပ်၏။ ကိလေသေဟိ၊တို့မှ။အာရကတ္တာ၊ဝေးသည်၏အဖြစ်ကြောင့်ငှင်း။အနယေ အဝုဒ္ဓိယံ၊အစီးအပွားမဟုတ်သော အကျင့်၌။လောကဿ၊ကို။န ဣရိယနတော၊မဖြစ်စေတတ် မကျင့်စေတတ်သည်၏အဖြစ်ကြောင့်ငှင်း။အယေ ဝုဒ္ဓိယံ၊အစီးအပွားဖြစ်သော အကျင့်၌။ဣရိယနတောစ၊ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်ငှင်း။သဒေဝကေ န၊နတ်နှင့်တကွသော။လောကေန၊သည်။အရဏီယတောစ၊ဆည်းကပ်အပ်သည်၏အဖြစ်ကြောင့်ငှင်း။

(ခ) ဗုဒ္ဓါစ၊တို့ကိုငှင်း။ပစ္စေကဗုဒ္ဓါစ၊တို့ကိုငှင်း။ဗုဒ္ဓသာဝကာစ၊တို့ကိုငှင်း။အရိယာတိ၊ဟူ၍။ဝုစ္စန္တိ၊ဆိုအပ် ကုန်၏။ **(ဂ)** ဝါ၊တနည်းကား။ဣဓ၊ဤ၌အရိယာနံ အဒဿာဝီ-ဟူသော ပါဠိ၌။ဗုဒ္ဓါ ဧဝ၊ဘုရားရှင်တို့သည်သာ။ အရိယာ၊အရိယာတို့မည်၏။ **(ဃ)** ယထာဟ၊ကား။"သဒေဝကေ လောကေ (ပ) တထာဂတော အရိယောတိ ဝုစ္စတီ"တိ၊ဟူ၍။အာဟ၊၏။ **(င)** ပန၊ထိုမှတပါး။သပ္ပုရိသာတိ ဧတ္ထ၊၌။ပစ္စေကဗုဒ္ဓါ၊တို့ကိုငှင်း။တထာဂတသာဝ ကာစ၊တို့ကိုငှင်း။"သပ္ပုရိသာ"တိ၊ဟူ၍။ဝေဒိတဗ္ဗာ၊သိအပ်၏။ **(စ)** ဟိ ယသ္မာ၊ကြောင့်။တေ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာ၊တို့သည်။လောကုတ္တရဂုဏ ယောဂေန၊လောကုတ္တရာ ဂုဏ်ကျေးဇူးတို့နှင့် ယှဉ်ခြင်းကြောင့်။ သောဘနာ၊ကျေးဇူးဂုဏ်ဖြင့် တင့်တယ်ကုန်သော။ပုရိသာ၊ယောက်ျားမြတ်တို့တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။ သပ္ပုရိသာ၊မည်ကုန်၏။ **(ဆ)** ဝါ၊ကား။သဗ္ဗေဝ၊အလုံးစုံသာလျှင် ဖြစ်ကုန်သော။ဧတေ၊ထိုဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့ကို။ဒွေဓာပိ၊အရိယ, သပ္ပုရိသ-ဟူသော နှစ်ပါးအပြားဖြင့်လည်း။ဝုတ္တာ၊ကုန်၏။

(ဇ) ဟိ-သစ္စံ၊မှန်၏။ဗုဒ္ဓါပိ၊တို့သည်လည်း။အရိယာစ၊လည်းမည်ကုန်၏။သပ္ပုရိသာစ၊လည်းမည်ကုန် ၏။ပစ္စေကဗုဒ္ဓါပိ၊ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့သည်ငှင်း။ဗုဒ္ဓသာဝကာပိ၊တို့သည်ငှင်း။အရိယာစ၊လည်းမည်ကုန် ၏။သပ္ပုရိသာစ၊လည်းမည်ကုန်၏။

➤ **၂** ။ **(ခ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အရိယာမည်ပုံကို ပြဆိုတော်မူ၏။ ထိုသို့ဆိုချေသော် ပုထုဇဉ်တို့သည်လည်း စင်ကြယ်သော အာသယပယောဂရှိနိုင်ရကား အရိယာမည်၏ဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထို သို့ မရောက်သင့်လေသောကြောင့် အရိယာ၏ အနေကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။

http://www.dhammadownload.com

နေရှေသော် ဆရာအား အတိဗ္ဗာပိတဒေါသ သင့်ရောက်ရာ၏။ အဘယ်သို့လျှင် ဒေါသမရောက် ကင်းပျောက်ပါ ရန် အရိယာ၏အရ ပြဆိုအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် သပ္ပုရိသအရ ပစ္စေကဗုဒ္ဓါ၊ တထာဂတသာဝကတို့ကို ယူရမည်ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ဆိုရှေသော် ယင်း ပစ္စေကဗုဒ္ဓါ၊ တထာဂတ သာဝကတို့၏ သပ္ပုရိသမည်ခြင်း၏ အကြောင်းသကတ် ဝစနတ္ထ အဘိဓာနတ္ထကို မသိအပ်၊ မသိနိုင် ရာသည် မဟုတ်ပါလော။ ထိုသို့ မသိနိုင်သောကြောင့် (င) ဖြင့် သပ္ပုရိသအရ ပစ္စေကဗုဒ္ဓါ၊ တထာဂတ သာဝကတို့ကို ယူရမည်ဟုသာ မဆိုသင့်။ ပစ္စေကဗုဒ္ဓါ၊ တထာဂတ သာဝကတို့၏ သပ္ပုရိသမည်ခြင်း၏ အကြောင်းသကတ် ဝစနတ္ထ အဘိဓာနတ္ထကိုလည်း ပြဆိုသင့်သေး၏။ ပစ္စေကဗုဒ္ဓါ၊ တထာဂတ သာဝကတို့၏ သပ္ပုရိသမည်ခြင်း၏ အကြောင်းသကတ် ဝစနတ္ထ အဘိဓာနတ္ထကား အဘယ်ပါနည်း။ (စ) မိန့်။

➢ ❷ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် အရိယမည်ခြင်း၏ အကြောင်းသကတ် ဝစနတ္ထ အဘိဓာနတ္ထကို ပြသောကြောင့် အဗ္ဗာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ခ)** ဖြင့် အရိယာပုဒ်၏ အရကောက် အဘိဓေယျတ္ထကို ပြသောကြောင့် အဗ္ဗာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဤနေရာ၌ အလိုရှိအပ်သော အရိယာ-အရကို ပြသောကြောင့် အဗ္ဗာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါ သည်။ **(ဃ)** ဖြင့် (ဂ) ဝါကျလာ စကားရပ်ကို အာဂမယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(စ)** ဖြင့် (င) ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိ ဒေါသကို ပယ်ပါသည်။ **(ဆ)** ဖြင့် အဗ္ဗာပိတဒေါသကို ပယ်ပါသည်။ **(ဇ)** ဖြင့် (ဆ) ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

(ဂ) ဗုဒ္ဓါဝေ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အရိယာ-အရ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ဗုဒ္ဓသာဝကဟူသော အဘိဓေယျတ္ထမှတပါး အရိယာ-အရ ဗုဒ္ဓကိုသာ ယူရမည်ဟူသော အဘိဓေယျတ္ထ တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ဂ) ဗုဒ္ဓါဝေ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

(ဆ) သဗ္ဗေဝ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ အရိယာ-အရ ဗုဒ္ဓဟူသော အဘိဓေယျတ္ထနှင့် သပ္ပုရိသာ-အရ ပစ္စေကဗုဒ္ဓါ၊ တထာဂတသာဝကဟူသော အဘိဓေယျတ္ထမှတပါး အရိယ၊ သပ္ပုရိသာ နှစ်ပုဒ်လုံးအရ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါ၊ တထာဂတသာဝက အားလုံးကို ယူအပ်၏ဟူသော အဘိဓေယျတ္ထ တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (ဆ) သဗ္ဗေဝ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

➢ ❸ ။ သဒေဝကေန လောကေန အရဏီယာတိ **အရိယာ**။ (၂) ဆည်းကပ်ခြင်းကြိယာ သာမညသည် ဖျူပ္ပတ္တိနိမိတ်။ (၄) ဆည်းကပ်ခြင်းကြိယာ ဝိသေသသည် ပဝတ္တိနိမိတ်။

ပစ္စေကံ စတ္တာရိ သစ္စာနိ ဗုဇ္ဈန္တီတိ **ပစ္စေကဗုဒ္ဓါ**။ (၂) ပစ္စေက-သဒ္ဒါပုဗ္ဗပဒ ဗုဓဓာတ်+တ- ပစ္စည်းသည်၎င်း၊ သဗ္ဗညုဘုရားရှင်တို့မှ သီးခြား သစ္စာလေးပါးတို့ကို သိခြင်းကြိယာသည်၎င်း၊ သဗ္ဗညု ဘုရားရှင်တို့မှ သီးခြားဟူသော ပစ္စေကဘောဂဏ်၏ ပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့နှင့် ဂုဏ်+ဂုဏီ အဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဖျူပ္ပတ္တိနိမိတ်။ (၄) ပစ္စေကဗုဒ္ဓါတို့၏ တစ်ဆူသည် တစ်ဆူနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

http://www.dhammadownload.com

➤ ❻ ။ **(က)** ၌ အာရကတ္တာ ကိလေသေဟိ-ဖြင့် အရိယပုဒ်ကို ကိလေသေဟိ အာရကာတိ အရိယာ-ဟု ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) အာရကာ-ဟု ဆိုလိုလျက် အာ-ကို အ-ပြု၊ ရ-၌ အ-ကို ဣပြု၊ က-ကို ယ-ပြု၍ နိရုတ္တိနည်းဖြင့် "အရိယာ"ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) ကိလေသာတို့မှ ဝေးကုန်သည်တို့၏ အဖြစ်ကြောင့် အရိယာမည်၏ဟူသော အကြောင်းသကတ်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

အနယေ န ဣရိယနတော-ဖြင့် ဣရိယန္တီတိ ဣရိယာ၊ အနယေ န ဣရိယာ အရိယာ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) "အနယေ န ဣရိယ"ဟု ဆိုလိုလျက် "န+ယ+န+ဣ"တို့ကို ချေ၍ နိရုတ္တိနည်းဖြင့် "အရိယာ"ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) သိစေပါသည်။

အယေ ဣရိယနတော-ဖြင့် အရိယပုဒ်ကို ဣရိယန္တီတိ ဣရိယာ၊ အယေ ဣရိယာ အရိယာ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ၊ သမာသလိင်္ဂတ္ထ) "အယ ဣရိယ"ဟု ဆိုလိုလျက် "ယ+ဣ"တို့ကို ချေ၍ နိရုတ္တိနည်းဖြင့် "အရိယာ"ဟု ရုပ်ပြီးနေသည်ကိုင်း(ဘာဝတ္ထ) သိ။

သဒေဝကေန လောကေန အရဏီယော-ဖြင့် "အရိယာ"၌ အရဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏျပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) သဒေဝကေန လောကေန အရဏီယာတိ အရိယာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဣ-အာဂုံ၏ အဖြစ်ကိုင်း(ဘာဝတ္ထ) သိ။

(ခ) ဖြင့် ဤပြဆိုခဲ့ပြီး ဝစနတ္ထများနှင့်အညီ ပုထုဇဉ်သူတော်ကောင်းများ အရိယာအမည်ရသင့်သော်လည်း "အရိယ"ဟူသော အမည်၏ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့၌သာ ထင်ရှားသော အထင်ရှဋ္ဌိ, အမည်၏ အဖြစ်ကိုင်း(ဘာဝတ္ထ) အရိယ-အရ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့ကို ယူရမည်ကိုင်း(သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

(ဂ) ဖြင့် အရိယာ-အရ ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့ကို ရသင့်သော်လည်း ဤအရိယာနံ အဒဿာဝီ၌ အရိယာ-အရ ဥက္ကဋ္ဌနိဒ္ဒေသနည်းဖြင့် အမြတ်ဆုံးဖြစ်သော သဗ္ဗညုဗုဒ္ဓကိုသာ လိုအပ်သတည်းဟု သိစေပါသည်။(အဓိပ္ပေတတ္ထ)

(ဃ) ဖြင့် သပ္ပုရိသ-အရ ပါရိသေသနည်းအားဖြင့် ပစ္စေကဗုဒ္ဓ, တထာဂတသာဝကတို့ကိုသာ ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

(စ) ၌ သောဘနာ ပုရိသာ-ဖြင့် သပ္ပုရိသာ-၌ (သုပုဒ်+ပုရိသပုဒ်) သု-ဥပသာရ၏ သောဘန အနက် ဟောသည်ကိုင်း(ဥပသဂ္ဂလိင်္ဂတ္ထ) သု (သောဘနာ) ပုရိသာ သပ္ပုရိသာ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

တေ လောကုတ္တရဂုဏယောဂေန-ဖြင့် ထို ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့သည် လောကုတ္တရာဂုဏ် ကျေးဇူးနှင့် ယှဉ်ခြင်းကြောင့် တင့်တယ်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

(ဆ) ဖြင့် အရိယာ သပ္ပုရိသာ နှစ်ပုဒ်လုံးအရ အလုံးစုံသော ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

http://www.dhammadownload.com

➤ ❼ ။ **(ဂ) ဗုဒ္ဓါ စေ–၌** (၁) သဗ္ဗညုဗုဒ္ဓသည် ဂဟေတဗ္ဗတ္ထ။ (၂) ပစ္စေကဗုဒ္ဓ, သာဝကဗုဒ္ဓ တို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဘုရားရှင်တို့၏ အသာဓာရဏဂုဏ်တို့သည် အနုညာတတ္ထ။

(ဆ) သဗ္ဗေဝ–၌ (၁) ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့သည် ဂဟေတဗ္ဗတ္ထ။ (၂) တပါးသော ပုထုဇဉ် စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

(ဆ) **ဧတေ**–ကား ဆိုခဲ့ပြီးသော ဗုဒ္ဓ, ပစ္စေက ဗုဒ္ဓသာဝကတို့ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(က) **လောကေနစ**–၌ စ–ကား သမုစ္စယတ္ထ။ ယင်း **စ–သဒ္ဒါဖြင့်** ကိလေသေဟိ အာရကတ္တာ, အနယေ န ဣရိယနတော–ဟူသော အကြောင်းသကတ် ဝစနတ္ထတို့ကြောင့်သာ အရိယာမည်သည် မဟုတ်သေး၊ သဒေဝကေန လောကေန အရဏီယတောဟူသော အကြောင်းသကတ် ဝစနတ္ထကြောင့်လည်း အရိယာမည်သတည်းဟု ဆည်းပါသည်။ (ခ) **စ**–ကား အညမညသမုစ္စယတ္ထ။

➤ ❽ ။ **ကြိယာငါးတန်** ။ ။ **(ဃ) ယထာဟ–၌ အာဟ–ဝယ် ဖြုတ်ာတ်–အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်တော်ကို ယူ၍ (၁) ထို–သည် ဒဿနတ္ထ။ (၃) "သဒေဝကေ"စသော ဝစီဘေဒ သဒ္ဒသည် ပကာသနတ္ထ။ (စာ–၄၂၃– ဝုတ္တာ–နှင့် တူပြီ။)

(ဃ) ဝါကျကား အာဂမဒဠှီကရဏ ဖြစ်၍ သိဒ္ဓေယျသိဒ္ဓိ ရနိုင်ပါသည်။

➤ ❾ ။ **(ဃ) ဝါကျ၌ ပါသော အာဟ–အရ** = ဒေသနာဉာဏ်ဟူသော "ပညာ"ကို ယူ၍ လက္ခဏာဒိစတုက္က ထုတ်လေ။

➤ ❶❿ ။ **(ဆ) ဧတေ+ဝုတ္တာ** ။ ။ ဧတေ–အရ ဉာဏ်တော်နှင့်တကွသော ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့၏ ခန္ဓာပဉ္စက ပစ္စည်းတရားသည် ဝုတ္တာ–၌ ဝစဓာတ်–အရ ပညာရှိတို့၏ ခန္ဓာသန္တာန်၌ ဖြစ်သော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အာ၊ မိ၊ ဥပ၊ ပု၊ အတ္ထိ။ အဝိဂတ (၆)

ဝါကျ (၂ထထ) [ဋ္ဌ၊၃၈၉။ ပြည်၊တ၊၃၅၈။ ဘာသာဋီ၊စ၊၁၁၇]

(က) **""ဒွါဒသပဒိကံ ပစ္စယဝဋ္ဋံ အတ္ထိ နခေါ် အတ္ထိ""တိ ကစ်ဆွော ဣဒပ္ပစ္စယတာပဋိစ္စ သမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ နာမ၊** (ခ) **တတြာယံ ဝစနတ္ထော၊**

(ဂ) **ဣမေသံ ဇရာမရဏာဒီနံ ပစ္စယာ ဣဒပ္ပစ္စယာ။**

(ဃ) **ဣဒပ္ပစ္စယာနံ ဘာဝေါ ဣဒပ္ပစ္စယတာ။** (င) **ဣဒပ္ပစ္စယာ ဧဝ ဝါ ဣဒပ္ပစ္စယတာ။**

(စ) **ဇာတိအာဒီနမေတံ အဓိဝစနံ၊**

(ဆ) **ဇာတိအာဒီသု တံ တံ ပဋိစ္စ အာဂမ္မ သမုပ္ပန္နာတိ ပဋိစ္စသမုပ္ပန္နာ။**

(ဇ) **ဣဓ ဝုတ္တံ ဟောတိ ဣဒပ္ပစ္စယတာယစ ပဋိစ္စသမုပ္ပန္နေသုစ ဓမ္မေသု ကင်္ခတီတိ။**

➤ ❶ ။ (က) ဒွါဒသ ပဒိကံ၊တစ်ဆယ့်နှစ်ပုဒ်သော။ပစ္စယဝဋ္ဋံ၊ပစ္စည်းဟူသော ဝဋ်တရားသည်။ အတ္ထိနုခေါ၊လော။နတ္ထိနုခေါ၊လော။ဣတိ၊သို့။ကင်္ခော၊ယုံမှားသော ပုဂ္ဂိုလ်သည်။ဣဒပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု၊ဤ ဇရာ မရဏ–စသည်တို့၏ အကြောင်းဖြစ်ကုန်သော ဇာတိ–စသောတရား ဇာတိ–စသော ထိုထိုအကြောင်းကို စွဲ၍ဖြစ်ကုန်သော ဇရာ, မရဏ–စသော အကျိုးတရားတို့၌။ကင်္ခတိနာမ၊မည်၏။

http://www.dhammadownload.com

(ခ) တတြ၊ထိုဣဒပ္ပစ္စယတာ,စသော စကား၌။အယံ၊ဤသည်ကား။ဝစနတ္ထော၊တည်း။

(ဂ) ဣမေသံ ဇရာမရဏာဒီနံ၊တို့၏။ပစ္စယာ၊အကြောင်းတို့တည်း။ဣဒပ္ပစ္စယာ၊ဤဇရာမရဏ–စသည်တို့၏ အကြောင်းတို့။ **(ဃ)** ဣဒပ္ပစ္စယာနံ၊ဤဇရာ မရဏ–စသည်တို့၏ အကြောင်းတို့၏။ဘာဝေါ၊အဖြစ်တည်း။ဣဒပ္ပစ္စယတာ၊ဤဇရာ မရဏ–စသည်တို့၏ အကြောင်းတို့၏အဖြစ်။ **(င)** ဝါ၊ကား။ဣဒပ္ပစ္စယာဝ၊ဤဇရာ မရဏ–စသည်တို့၏ အကြောင်းတို့သည်ပင်လျှင်။ဣဒပ္ပစ္စယတာ၊မည်၏။ **(စ)** ဇော၊ဤဣဒံပစ္စယတာ–ဟူသော အမည်သည်။ဇာတိ အာဒီနံ၊ဇာတိ–စသည်တို့၏။အဓိဝစနံ၊အမည်တည်း။

(ဆ) ဇာတိ အာဒိသု၊ဇာတိ–စသော တရားတို့တွင်။တံတံ၊ထိုထို ဇာတိ–စသော အကြောင်းကို။ပဋိစ္စ အာဂမ္မ၊စွဲ၍။သမုပ္ပန္နာ၊ဖြစ်ကုန်သည်တည်း။ဣတိ တသ္မာ၊ထို့ကြောင့်။ပဋိစ္စသမုပ္ပန္နာ၊မည်ကုန်၏။

(ဇ) ဣဒံ အယံ အဓိပ္ပါယော၊ဤသို့သော အဓိပ္ပါယ်ကို။ဝုတ္တံ–ဝုတ္တော၊သည်။ဟောတိ၊၏။ဣဒပ္ပစ္စယတာယစ၊ဤဇရာ, မရဏ–စသည်တို့၏ အကြောင်းဖြစ်သော ဇာတိ–စသည်မှုလည်းဖြစ်သော။ပဋိစ္စသမုပ္ပန္နေသု၊ထိုထို ဇာတိ–စသော အကြောင်းကို စွဲ၍မှုလည်းဖြစ်ကုန်သော။ဓမ္မေသု၊တို့၌။ကင်္ခတိ၊ယုံမှား၏။ဣတိ အယံ အဓိပ္ပါယော၊ကို။ဝုတ္တံ–ဝုတ္တော၊သည်။ဟောတိ၊ဖြစ်၏။

➤ ❷ ။ **(ဃ) သို့/ ပါပနာဒိပဥ္စက** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဣဒပ္ပစ္စယပုဒ်ကို ဣမေသံ ပစ္စယာ ဣဒပ္ပစ္စယာ–ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဣဒပ္ပစ္စယပုဒ်၏ ဝစနတ္ထသာရှိ၍ ဣဒပ္ပစ္စယတာပုဒ်၏ ဝစနတ္ထ မရှိဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဣဒပ္ပစ္စယတာပုဒ်၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသသင့်ရောက်ရာ၏။ ဣဒပ္ပစ္စယတာပုဒ်၏ ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ် ရှိသောကြောင့် (ဃ) မိန့်။

(င) သို့/ ပါပနာဒိပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဣဒပ္ပစ္စယတာပုဒ်ကို ဣဒပ္ပစ္စယာနံ ဘာဝေါ ဣဒပ္ပစ္စယတာ–ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဣဒပ္ပစ္စယတာပုဒ်ကို ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၊ တစ်ပါးသော ဝစနတ္ထကား မပြုရဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ဣဒပ္ပစ္စယတာပုဒ်၏ အခြားဖြစ်သင့်သော ဝစနတ္ထတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသသင့်ရောက်ရာ၏။ ဣဒပ္ပစ္စယတာပုဒ်၏ အခြားဖြစ်သင့်သော ဝစနတ္ထ တစ်မျိုးကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ် ရှိသောကြောင့် (င) မိန့်။

(စ) သို့/ ဥပနာပဥ္စက ။ ။ ဆရာ၊ ဆရာသည် (ဃ)(င) ဝါကျတို့ဖြင့် ဣဒပ္ပစ္စယတာပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဣဒပ္ပစ္စယတာပုဒ်၏ အရကောက် အဘိဓေယျတ္ထကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် ဣဒပ္ပစ္စယတာပုဒ်၏ ဝစနတ္ထ, အဘိဓာနတ္ထကိုသာ မဆိုသင့်။ ဣဒပ္ပစ္စယတာပုဒ်၏ အရကောက် အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဣဒပ္ပစ္စယတာပုဒ်၏ အရကောက် အဘိဓေယျတ္ထကား အဘယ်ပါ

http://www.dhammadownload.com

နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (စ) မိန့်။

➤ ❷ ။ **ဒေါသပယ်** ။ ။ **(ခ)** စသည်ဖြင့် ဣဒပ္ပစ္စယတာ, ပဋိစ္စသမုပ္ပန္နေသုတို့၏ ဝစနတ္ထ အကျယ်ကို ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ **(ဂ)** ဖြင့် ဣဒပ္ပစ္စယတာပုဒ်၏ ဝစနတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် ဣဒပ္ပစ္စယတာကို ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(င)** ဖြင့် ဣဒပ္ပစ္စယတာကို သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(စ)** ဖြင့် ဣဒပ္ပစ္စယတာပုဒ်၏ အဘိဓာနတ္ထမှတပါး အရကောက် အဘိဓေယျတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ (တနည်း) ဣဒပ္ပစ္စယတာ-အရ ဇာတိ-စသော အနက်သဘောကိုသာ ယူရမည်ဟု ပြသောကြောင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ **(ဆ)** ဖြင့် ဣဒပ္ပစ္စယတာပုဒ်၏ အဖွင့်မှတပါး ပဋိစ္စသမုပ္ပန္နပုဒ်၏ အဖွင့်ကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ဇ)** ဖြင့် ဝါကျပိဏ္ဍတ္ထကို ပြသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

(င) ဣဒပ္ပစ္စယာ ဧဝ ဝါ-၌ ဝါ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ဣဒပ္ပစ္စယတာပုဒ်၏ ဘာဝတဒ္ဓိတ် ဝစနတ္ထမှတပါး သွတ္ထတဒ္ဓိတ် ဝစနတ္ထဟူသော အကြောင်းသကတ် တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (င) ဣဒပ္ပစ္စယာ ဧဝ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။ (တနည်း) ဣဒပ္ပစ္စယတာ၌ တာ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်မှတပါး သွတ္ထတဒ္ဓိတ်အနက်ဟူသော အနက်တစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် (င) ဣဒပ္ပစ္စယာ ဧဝ ဝါ-၌ ဝါ-သဒ္ဒါ ထားရပါသည်။

➤ ❸ ။ ဒွေစ ဒသစ ဒွါဒသ။ ဒွါဒသ ပဒါနိ **ဒွါဒသပဒါနိ**။

ဒွါဒသပဒါနိ အဿ အတ္ထီတိ **ဒွါဒသပဒိကံ**။ (၂) ဒွါဒသပဒပုဒ်+ဣကပစ္စည်းသည်ငင်း၊ ဆယ့်နှစ်ပါးသော အဖို့အစုတို့၏ ပစ္စည်းဟူသော ဝဋ္ဋတရားနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဆယ့်နှစ်ပါးသော အဖို့အစုရှိသည်၏အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

ဝဋ္ဋတီတိ ဝဋ္ဋံ။ ပစ္စယောယေဝ ဝဋ္ဋံ **ပစ္စယဝဋ္ဋံ**။

✳ ဇီရတီတိ ဇရာ။ ဇီရဏံ ဝါ ဇရာ။ မရီယတေ မရဏံ။ ဇရာစ မရဏဉ္စ **ဇရာမရဏံ**။

(၂) ဇရာ မရဏတို့၏ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညာမညာပေက္ခသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။(၄) ဇရာမရဏတို့၏ အချင်းချင်းငဲ့ခြင်းဂုဏ်သည်(ဝါ)ဇရာမရဏဟူသော အမည်သည် ပဝတ္တိနိမိတ်။

ဇရာမရဏံ အာဒိ ယေသန္တိ **ဇရာမရဏာဒယော**။(တေသံ) (၂) ဇရာမရဏပုဒ်+အာဒိပုဒ်+ယပုဒ်သည်ငင်း၊ ဇရာမရဏဟူသော အစ၏ ကြွင်းသော ပဋိစ္စသမုပ္ပါဒ်တရားနှင့် အာဒိ+အာဒိဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငင်း ဗျုပ္ပတ္တိနိမိတ်။ (၄) ဇရာ, မရဏဟူသော အစရှိခြင်းဂုဏ်သည် (ဝါ) ဇရာမရဏာဒိတရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။ ✳ ဇနနံ **ဇာတိ**။ (ဇနဓာတ်+တိပစ္စည်း၊ ဖြစ်ခြင်းကြိယာ)

(ဂ) ဣမေသံ ဇရာမရဏာဒီနံ ပစ္စယာ **ဣဒပ္ပစ္စယာ**။ (၂) ဇရာ မရဏ-စသော အကျိုးတရားတို့၏ ဇာတိ-စသော အကြောင်းတရားတို့နှင့် အကျိုး+အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိ

http://www.dhammadownload.com

နိမိတ်။ (၄) ဣဒပ္ပစ္စယ တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဓာတ်သည် ပဝတ္တိနိမိတ်။

➢ ❻ ။ (ဂ) ၌ ဣမေသံ ပစ္စယာ-ဖြင့် ဣဒပ္ပစ္စယာပုဒ်ကို ဣမေသံ ပစ္စယာ ဣဒပ္ပစ္စယာ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) ဣဒ-သဒ္ဒါ ဣမသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုင်း(နာမလိင်္ဂပဒ) ဣဒပစ္စယာ-ဟု ဆိုလိုလျက် ပ-ဒွေဘော်လာ၍ ဣဒပ္ပစ္စယာ-ဟု ဖြစ်သည်ကိုင်း(သန္ဓိလိင်္ဂပဒ) သိစေပါသည်။ **ဇရာမရဏာဒီနံ**-ဖြင့် ဣမေသံ-၌ ဣမ-၏ အစွဲ ဇရာမရဏ စသည်တို့ကို စွဲယူရမည်ဟု သိစေပါသည်။(သမ္ဗန္ဓနာမလိင်္ဂတ္ထ)

(ဃ) ၌ ဣဒပ္ပစ္စယာနံ ဘာဝေါ-ဖြင့် ဣဒပ္ပစ္စယတာပုဒ်ကို ဣဒပ္ပစ္စယာနံ ဘာဝေါ ဣဒပ္ပစ္စယတာ ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) တာပစ္စည်းသည် ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) သိစေပါသည်။

(င) ၌ ဝါ-ဖြင့် နယန္တရကို သိစေပါသည်။(ဘာဝတ္ထ) **ဣဒပ္ပစ္စယာ ဧဝ**-ဖြင့် ဣဒပ္ပစ္စယာ ဧဝ ဣဒပ္ပစ္စယတာ-ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) တာပစ္စည်းသည် သွတ္ထတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) သိစေပါသည်။

(စ) ဖြင့် ဣဒပ္ပစ္စယတာ-အရ ဓာတ်စသည်ကို ယူရမည်ဟု သိ။(သရုပ်ကြား အဘိဓေယျတ္ထ)

(ဆ) ၌ ဓာတိအာဒီသု တံ တံ-ဖြင့် ပဋိစ္စသမုပ္ပန္နာ-၌ စွဲ၍ဖြစ်ကုန်၏ဟူသည် ဓာတ်-စသော တရားတို့တွင် ထိုထိုဓာတ်-စသော အကြောင်းကိုစွဲ၍ ဖြစ်ကုန်သတည်းဟု သိစေပါသည်။(ဘာဝတ္ထ)

အာဂမ္မ-ဖြင့် ပဋိစ္စ-၌ ပဋိ-ရှေးရှိသော ဣဓာတ်၏ ဂတိအနက်ဟောဟု သိစေသည်။(ဒု-ဓာတွတ္ထ)

ပဋိစ္စ အာဂမ္မ သမုပ္ပန္နာ-ဖြင့် ပဋိစ္စသမုပ္ပန္နာ-ပုဒ်ကို ပဋိစ္စ သမုပ္ပန္နာ ပဋိစ္စသမုပ္ပန္နာ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

(ဇ)၌ ဣဒပ္ပစ္စယတာစ ပဋိစ္စသမုပ္ပန္နေသုစ-ဖြင့် ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသုပုဒ်ကို ဣဒပ္ပစ္စယတာစ သာ ပဋိစ္စသမုပ္ပန္နာစာတိ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နာ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

➢ ❼ ။ **(င)** **ဧဝ**-ကား အဝဓာရဏဇောတက။ **ဝါ**-ကား နယန္တရ, အတ္ထန္တရ, ဝိကပ္ပနတ္ထ ဇောတက။ (စ) **ဣဒံ**-ကား ဣမတ္ထ။ **စ**-ကား သမုစ္စယဇောတက။

(ခ) **တတြ**-၌ တ-ကား ဣဒပ္ပစ္စယတာ-စသော ရှေ့ဝါကျ၌ ဆိုခဲ့ပြီးသည်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ **အယံ**-၌ ဣမ-ကား ဝစနတ္ထော-ဟု အစွဲတိုက်ရိုက်ပါရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ဂ) **ဣမေသံ**-၌ ဣမ-ကား ရှေ့ဝါကျရှိ ဣဒပ္ပစ္စယတာကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(စ) **တံ**-ကား ရှေ့ဝါကျရှိ ဣဒပ္ပစ္စယတာကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(င) ဣဒပ္ပစ္စယာ ဧဝ-၌ (၁) ဇရာမရဏ စသည်တို့၏ အကြောင်းဖြစ်သော ဓာတ်စသည်သည် ဂဟေတဗ္ဗတ္ထ။ (၂) ဇရာ မရဏ စသည်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဓာတ်-စသည်၏ ဇရာ မရဏ စသည်ကို ဖြစ်စေခြင်းသတ္တိသည် အနုညာတတ္ထ။ (တနည်း) သွတ္ထတဒ္ဓိတ်အနက်သည် ဂဟေတဗ္ဗတ္ထ။

http://www.dhammadownload.com

(၂) သမူဟတဒ္ဓိတ်အနက်သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ဘာဝတဒ္ဓိတ်အနက်သည် အနုညာတတ္ထ။

➤ **၈ + ၉** ။ **ဣဒပ္ပစ္စယတာ-၌ ပစ္စယ-အရ = "ဇာတိ"** ကို ယူ၍ (၁) ထိုဇာတိသည် ဒဿနတ္ထ။ (၂) ဘဝသည် ဒီပကတ္ထ။ (၃) ဇရာမရဏသည် ပကာသနတ္ထ။ (၄) တဏှာ, ဥပါဒါန်-စသော ရှေးရှေးသော အကြောင်းတရားများသည် ဝိဘာဝတ္ထ။ (၅) သောက, ပရိဒေဝ စသည်သည် အနုဘာဝတ္ထ။

(၉) ကစ်တိ-အရ = "ဝိစိကိစ္ဆာ" ကို ယူ၍ထုတ်။

➤ **၁ ၀** ။ **(ဂ) ဣမေသံ ဇရာမရဏာဒီနံ+ပစ္စယာ** ။ ။ ပစ္စယာ-အရ ဇာတိ ပစ္စည်းတရားသည် ဣမေသံ ဇရာမရဏာဒီနံ-အရ ဇရာ မရဏ ပစ္စယုပ္ပန်တရားအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (တနည်း) ပစ္စယာ-အရ ကမ္မဘဝ-ဟူသော အတိတ်ကုသိုလ် အကုသိုလ်ကံ စေတနာ ပစ္စည်းတရားသည် ဇရာမရဏာဒီနံ-အရတွင် ပါဝင်သော ဇာတိ ပစ္စယုပ္ပန်တရားအား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။ ပြိုင်= နာနာက္ခဏိကကမ္မ၊ ပကတူပနိဿယ (၂)

ပါဌ် (၂၀၁) [ဌ၊၃၉၂။ ပြည်၊တ၊၃၆၀။ ဘာသာဋီ၊စ၊၁၂၅]

မိစ္ဆတ္တတ္တိကေ (က) **အာနန္တရိကာနီတိ အနန္တရာယေန ဖလဒါယကာနိ။**

(ခ) **မာတုဃာတကကမ္မာဒီနမေတံ အဓိဝစနံ။**

(ဂ) **တေသု ဟိ ဧကသ္မိမ္ပိ ကမ္မေ ကတေ တံ ပဋိဗာဟိတွာ အညံ ကမ္မံ အတ္တနော ဝိပါကဿ ဩကာသံ ကာတုံ န သက္ကောတိ။**

(ဃ) **သိနေရုပ္ပမာဏေပိ ဟိ သုဝဏ္ဏထူပေ ကတွာ, စက္ကဝါဠမတ္တံ ဝါ ရတနမယပါကာရံ ဝိဟာရံ ကာရေတွာ တံ ပူရေတွာ နိသိန္နဿ ဗုဒ္ဓပ္ပမုခဿ သံဃဿ ယာဝဇီဝံ စတ္တာရော ပစ္စယေ ဒဒတောပိ တံ ကမ္မံ ဧတေသံ ကမ္မာနံ ဝိပါကံ ပဋိဗာဟေတုံ န သက္ကောတိ ဧဝ။**

(င) **ယာဝ စ မိစ္ဆာဒိဋ္ဌိ နိယတာတိ အဟေတုကဝါဒ အကိရိယဝါဒ နတ္ထိကဝါဒေသု အညတရာ။**

(စ) **တဉှိ ဂဟေတွာ ဌိတံ ပုဂ္ဂလံ ဗုဒ္ဓသတမ္ပိ ဗုဒ္ဓသဟဿမ္ပိ ဗောဓေတုံ န သက္ကောတိ။**

➤ **၁** ။ **(က)** မိစ္ဆတ္တတ္တိကေ၌။အာနန္တရိကာနီတိ၊ကား။အနန္တရာယေန၊အန္တရာယ်မရှိသဖြင့်။ဖလဒါယကာနိ၊အကျိုးကို ပေးတတ်ကုန်သော။ **(ခ)** ဧတံ၊ဤအာနန္တရိကာနိ-ဟူသော အမည်သည်။မာတုဃာတကကမ္မာဒီနံ၊မာတု ဃာတကကံ-စသည်တို့၏။အဓိဝစနံ၊အမည်တည်း။ **(ဂ)** ဟိ-သစ္စံ့မှန်၏။တေသု၊ထိုမာတုဃာတက-စသော ကံတို့တွင်။ဧကသ္မိံ ပိ၊တပါးမျှလည်းဖြစ်သော။ကမ္မေ၊ကို။ကတေ၊ပြုအပ်သည်ရှိသော်။တံ၊ထိုမာတုဃာတက-စသော ကံကို။ပဋိဗာဟိတွာ၊တားမြစ်၍။အညံ၊အခြားသော။ကမ္မံ၊ကံသည်။အတ္တနော၊မိမိ၏။ဝိပါကဿ၊အကျိုး၏။ဩကာသံ၊အခွင့်ကို။ကာတုံ၊ငှာ။န သက္ကောတိ၊မတတ်နိုင်။ **(ဃ)** ဟိ-သစ္စံ့မှန်၏။သိနေရုပ္ပမာဏေပိ၊မြင့်မိုရ်တောင် ပမာဏရှိသည်လည်း ဖြစ်ကုန်သော။သုဝဏ္ဏ ထူပေ၊ရွှေစေတီကြီးတို့ကို။ကတွာ၊ပြု၍။စက္ကဝါဠမတ္တံ၊စကြာဝဠာ အတိုင်းအရှည်ရှိသော။ရတနမယ ပါကာရံ၊ရတနာဖြင့်ပြီးသော တံတိုင်းရှိသော။ဝိဟာရံ ဝါ၊ကျောင်းကို လည်း။ကာရေတွာ၊၍။တံ ဝိဟာရံ၊ကို။ပူရေတွာ၊ပြည့်စေ၍။နိသိန္နဿ၊သော။ဗုဒ္ဓပမုခဿ၊ဘုရားအမှူးရှိသော။သံဃဿ၊အား။ယာဝဇီဝံ၊အသက်ထက်ဆုံး။စတ္တာရောပစ္စယေ၊တို့ကို။ဒဒတောပိ၊ပေးသော သူ၏လည်း။တံ ကမ္မံ၊ထိုကုသိုလ်ကံသည်။ဧတေသံ ကမ္မာနံ၊ထိုမာတုဃာတက-စသော အာနန္တရိယ

http://www.dhammadownload.com

ကံတို့၏။ဝိပါကံ၊ကို။ပဋိဗာဟိတုံ၊တားမြစ်ခြင်းငှာ။န သက္ကောတိ ဧဝ၊မတတ်နိုင်သည်သာတည်း။ (င) ယာစ မိစ္ဆာဒိဋ္ဌိ နိယတာတိ၊ကား။အဟေတုကဝါဒ အကိရိယဝါဒ နတ္ထိကဝါဒသေ့၊တို့တွင်။အညတရာ၊တပါးပါးသော နိယတမိစ္ဆာဒိဋ္ဌိတည်း။

(စ) တမ္ပိ၊ထိုနိယတ မိစ္ဆာဒိဋ္ဌိကိုလည်း။ဂဟေတွာ၊၍။ဋ္ဌိတံ၊တည်သော။ပုဂ္ဂလံ၊ကို။ဗုဒ္ဓသတမ္ပိ၊ဘုရား အရာသည်ငှင်း။ဗုဒ္ဓသဟဿမ္ပိ၊ဘုရားအထောင်သည်ငှင်း။ဗောဓေတုံ၊ငှာ။န သက္ကောတိ၊မတတ်နိုင်။

➢ ❷ ။ ဒေါသပယ် ။ ။ (ခ) ဖြင့် အာနန္တရိကာနိ-၏ အရကောက် အဘိဓေယျတ္ထကို ပြ သောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ (ဂ) ဖြင့် (ခ) ဝါကျလာ စကားရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ (ဃ) ဖြင့် (ဂ) ဝါကျကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။ (စ) ဖြင့် (င) ဝါကျလာ စကား ရပ်ကို သဘာဝယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့် ဝိရောဓိဒေါသကို ပယ်ပါသည်။

➢ ❹ ။ သိနာတိ သုစိံ ကရောတိ ဒေဝေတိ **သိနေရု**။ (သိနာ+ဧရု) ပမီယတေ အနေနာတိ **ပမာဏံ**။ * သိနေရု ပမာဏံ ဧတဿ သုဝဏ္ဏထူပဿာတိ **သိနေရုပ္ပမာဏော**။ (၂) သိနေရုပုဒ်+ ပမာဏပုဒ်+ဧတပုဒ်သည်ငှင်း၊ မြင့်မိုရ်တောင် ပမာဏ၏ ရှေ့စေတီနှင့် ပမာဏ+ပမာဏဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း ဗျုပ္ပတ္တိနိမိတ်။ (၄) မြင့်မိုရ်တောင် ပမာဏရှိသည်၏အဖြစ်တည်းဟူသော ဂုဏ် သည် ပဝတ္တိနိမိတ်။

သောဘနော ဝဏ္ဏော ယဿာတိ **သုဝဏ္ဏံ**။ * ထဝီယတီတိ **ထူပေါ**။ (ထုဓာတ်+ပ-ပစ္စည်း၊ ချီးမွမ်းခြင်းကြိယာ) * သုဝဏ္ဏေန ပကတော ထူပေါ **သုဝဏ္ဏထူပေါ**။

ရတိံ ပေမံ ဇနေတီတိ ရတနံ။ ရတနေန နိဗ္ဗတ္တော **ရတနမယော**။

ပရိသမန္တတော ကရီယတီတိ **ပါကာရော**။ (ပပုဗ္ဗ ကရ+ဏ)

ရတနမယော ပါကာရော ယဿ ဝိဟာရဿာတိ **ရတနမယပါကာရော**။

ဗုဒ္ဓေါ ပမုခေါ ယဿာတိ **ဗုဒ္ဓပ္ပမုခေါ**။(တဿ) * ဒဒါတီတိ **ဒဒန္တော**။ (တဿ)

နတ္ထိ ဟေတု ဧတဿ သတ္တဿ သတ္တာနံ သံကိလေသာယာတိ **အဟေတုကော**။

ဝဒန္တံ ဝါဒေါ။ အဟေတုကော ဣတိ ဝါဒေါ **အဟေတုကဝါဒေါ**။

နတ္ထိ ကိရိယံ ပါပကရဏံ ဧတဿာတိ **အကိရိယော**။

အကိရိယော ဣတိ ဝါဒေါ **အကိရိယဝါဒေါ**။ နတ္ထိကော ဣတိ ဝါဒေါ **နတ္ထိကဝါဒေါ**။

➢ ❻ ။ (က) ၌ အနန္တရာယေန ဖလဒါယကာနိ-ဖြင့် အန္တရာယ်မရှိသောအားဖြင့် အကျိုးကို ပေးတတ်ကုန်သော ကံတို့သည် အာနန္တရိကမည်ကုန်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

(တနည်း) အနန္တရာယေန ဖလဒါယကာနိ-ဖြင့် အာနန္တရိကာနိ-၌ ဏ-ပစ္စည်း၏ ဖလဒါယက တဒ္ဓိတ်အနက်၌ သက်သည်ကိုငှင်း(ပစ္စယတ္ထ) အနန္တရာယေန ဖလဒါယကာနိ အာနန္တရိကာနိ-ဟု ပြုရ မည်ကိုငှင်း(အဘိဓာနတ္ထ) အနန္တရာယာနိ-ဟု ဆိုလိုလျက် အ-ကို အာဒီဃပြု၊ ရာ-၌ အာ-ကို ဣပြု၊ ယ-ကို က-ပြု၍ နိရုတ္တိနည်းအားဖြင့် ရုပ်ပြီးနေသည်ကိုငှင်း(သန္ဓိလိင်္ဂပဒ) သိစေပါသည်။

http://www.dhammadownload.com

(ခ) ဖြင့် အာနန္တရိကာနိ-အရ မာတုဃာတကကံ စသည်တို့ကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ) **(င)** ဖြင့် နိယတမိစ္ဆာဒိဋ္ဌိ-အရ အဟေတုကဝါဒ, အကိရိယဝါဒ, နတ္ထိကဝါဒတို့တွင် တပါးပါးကို ယူရမည်ဟု သိစေပါသည်။(သရုပ်ကြား အဘိဓေယျတ္ထ)

➢ **❼** ။ **(ဃ) န သက္ကောတိ စေ-၌** (၁) မစွမ်းနိုင်ခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) စွမ်းနိုင်ခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ပေးလှူသော ပုဂ္ဂိုလ်သည်၎င်း၊ ဒါနကုသိုလ် စေတနာသည်၎င်း အနုညာတတ္ထ။

(ဂ) ကေသိုမ္ပိ ကမ္မေ-၌ ပိ-ကား သမ္ဘာဝနာဇောတက။ ယင်း **ပိ-သဒ္ဒါဖြင့်** "ပဉ္စာနန္တရိယကံတို့တွင် တပါးမျှလည်းဖြစ်သော အာနန္တရိယကံကို ပြုအပ်သည်ရှိသော် ထိုမာတုဃာတက-စသော ကံကို တားမြစ်၍ တပါးသော ကံသည် မိမိ၏ အကျိုးပေးခွင့်ကို ပြုခြင်းငှာ မတတ်ကောင်း၊ များစွာလည်းဖြစ်သော မာတုဃာတက-စသော ကံကို ပြုအပ်အားထုတ်အပ်သော် အာနန္တရိယကံဟု ဆိုဖွယ်သည်ပင် မရှိဟု" ပြပါသည်။ **(ဃ) သိနေရုပ္ပမာဏေပိ**-၌ ပိ-ကား ဂရဟာဇောတက ဖြစ်ပါသည်။ ယင်း **ပိ-သဒ္ဒါဖြင့်** "မြင့်မိုရ်တောင် ပမာဏရှိစေကာမူ မာတုဃာတက-စသော အာနန္တရိယကံတို့၏ အကျိုးကို တားမြစ်ခြင်းငှာ မတတ်နိုင်၊ ထိုမြင့်မိုရ်တောင်အောက် ငယ်သေးပါမူကား အဘယ် ဆိုဖွယ်ရာရှိပါအံ့နည်း၊ ဆိုဖွယ်သည်ပင် မရှိဟု" ပြပါသည်။ **(ဃ) ဒဒတောပိ**-၌ ပိ-ကား ဂရဟာဇောတက ဖြစ်ပါသည်။ ယင်း **ပိ-သဒ္ဒါဖြင့်** "ပေးလှူသော ပုဂ္ဂိုလ်၏လည်း ထိုကုသိုလ်ကံသည် ထိုမာတုဃာတက-စသော အာနန္တရိယကံတို့၏ အကျိုးကို တားမြစ်ခြင်းငှာ မစွမ်းနိုင်သည်သာ၊ မပေးလှူသော ပုဂ္ဂိုလ်၏ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ ဆိုဖွယ်သည်ပင် မရှိ"ဟု ပြပါသည်။

(စ) ဗုဒ္ဓသတမ္ပိ ဗုဒ္ဓသဟဿမ္ပိ-၌ ပိ-ကား ဂရဟာဇောတက ဖြစ်ပါသည်။ ယင်း **ပိ-သဒ္ဒါဖြင့်** "ဘုရားအရာသည်၎င်း, ဘုရားအထောင်သည်၎င်း သစ္စာလေးပါးကို သိစေခြင်းငှာ မတတ်နိုင်၊ ဘုရားတစ်ဆူဖြစ်ပါမူကား အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း၊ ဆိုဖွယ်သည်ပင် မရှိ"ဟု ပြပါသည်။

➢ **❶** + **❽** ။ **(စ) ဗောဓေတုံ-၌ ဗုဓဓာတ်-အရ** = ဘုရားရှင်၏ ဒေသနာဉာဏ်တော်ကိုယူ၍

ပါဌ် (၂၈၂) [ဋ္ဌ၊၄၁၆။ ပြည်၊တ၊၄၃၆။ ဘာသာဋီ၊စ၊၂၁၃]

ကိလေသဂေါစ္ဆကေ (က) **ကိလေသာ စေဝ ကိလေသဝတ္ထူနိ။**

(ခ) **ဝသန္တိ ဝါ ဧတ္ထ အခီဏာသဝါ သတ္တာ လောဘာဒီသု ပတိဋ္ဌိတတ္တာတိ ဝတ္ထူနိ။**

(ဂ) **ကိလေသာစ တေ တပ္ပတိဋ္ဌာနံ သတ္တာနံ ဝတ္ထူနိစာတိ ကိလေသဝတ္ထူနိ။**

(ဃ) **ယသ္မာ စေတ္ထ အနန္တရပစ္စယာဒိဘာဝေန ဥပ္ပဇ္ဇမာနာ ကိလေသာပိ ဝသန္တိ ဧဝ နာမ၊ တသ္မာ ကိလေသာနံ ဝတ္ထူနီတိပိ ကိလေသဝတ္ထူနိ။**

➢ **❶** ။ **(က)** ကိလေသ ဂေါစ္ဆကေ၊၌။ကိလေသာ စေဝ၊တို့သည်သာလျှင်။ကိလေသဝတ္ထူနိ၊မည်ကုန်၏။ **(ခ)** ဝါ၊ကား။အခီဏာသဝါ၊ရဟန္တာ မဟုတ်ကုန်သော။သတ္တာ၊တို့သည်။လောဘာဒီသု၊စသည်တို့၌။ ပတိဋ္ဌိတတ္တာ၊တည်သည်၏အဖြစ်ကြောင့်။ဧတ္ထ ကိလေသေသု၊တို့၌။ဝသန္တိ၊နေတတ်ကုန်၏။ဣတိ တသ္မာ၊

http://www.dhammadownload.com

ထို့ကြောင့်။ဝဋ္ဋူနိ၊မည်ကုန်၏။ **(ဂ)** တေ ဓမ္မာ၊တို့သည်။ကိလေသာစ၊မည်ကုန်၏။တပ္ပတိဋ္ဌာနံ၊ထိုကိလေသာတို့၌ တည်ကုန်သော။သတ္တာနံ၊တို့၏။ဝဋ္ဋူနိစ၊တည်ရာတို့သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ကိလေသဝဋ္ဋူနိ၊မည်ကုန်၏။ **(ဃ)** စ၊ထိုမှတပါး။ယသ္မာ၊ကြောင့်။ဧတ္ထ ပစ္စယဘူတ ကိလေသေသု၊ဤပစ္စည်းဖြစ်၍ဖြစ်သော ကိလေသာတို့၌။အနန္တရပစ္စယာဒိ ဘာဝေန၊အနန္တရပစ္စည်းစသည်တို့၏ အဖြစ်ဖြင့်။ဥပ္ပဇ္ဇမာနာ၊ကုန်သော။ကိလေသာပိ၊ပစ္စယုပ္ပန်ဖြစ်သော ကိလေသာတို့သည်လည်း။ဝသန္တိဝေ နာမ၊နေသည်သာလျှင် မည်ကုန်၏။တသ္မာ၊ထိုကြောင့်။ကိလေသာနံ၊ပစ္စယုပ္ပန်ဖြစ်သော ကိလေသာကြောင့်လည်း။ကိလေသဝဋ္ဋူနိ၊မည်ကုန်၏။

➢ ❷ ။ **(ခ) သို့/ ဥပနာပဋ္ဌက** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ကိလေသဝဋ္ဋူနိပုဒ်၏ အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္ထနှင့် ရှေးရှေးသော ကိလေသာတို့သည်သာ နောက်နောက်သော ကိလေသာတို့၏ တည်ရာတို့တည်းဟု ဝတ္ထု အဓိပ္ပါယ်ကို ပြဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ဆိုအပ်ပြီးသော ဝတ္ထု၏ အဓိပ္ပါယ်သာလျှင် ဖြစ်ကောင်း၏ဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ရောက်ရာသောကြောင့် (က) ဖြင့် ကိလေသဝဋ္ဋူနိပုဒ်၏ အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္ထနှင့် ရှေးရှေးသော ကိလေသာတို့သည်သာ နောက်နောက်သော ကိလေသာတို့၏ တည်ရာတို့တည်းဟု ဝတ္ထု အဓိပ္ပါယ်ကိုသာ မဆိုသင့်။ တစ်ပါးသော ဖြစ်သင့်သော ဝတ္ထု၏ အဓိပ္ပါယ်ကိုလည်း ပြဆိုသင့်သေး၏။ တစ်ပါးသော ဖြစ်သင့်သော ဝတ္ထု၏ အဓိပ္ပါယ်ကား အဘယ်ပါနည်း။ ဤသို့-ကြောင့် (ခ) မိန့်။

(ဂ) သို့/ ပါပနာဒိပဋ္ဌက ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဝဋ္ဋူနိပုဒ်ကို ဝသန္တိ ဧတ္ထ အဓိဏာသဝါ သတ္တာတိ ဝဋ္ဋူနိ-ဟု အဓိကရဏသာဓန ဝစနတ္ထပြုရသောဟု ဆိုတော်မူ၏။ ထိုသို့သာ ဆိုချေသော် ကိလေသပုဒ်နှင့် ဝဋ္ဋူနိပုဒ်တို့ သမာသ်တွဲစပ်ပုံ မရှိဟူသော အနက်သည် ရောက်ရာ၏။ စင်စစ်တမူကား ထိုအနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့်လေသောကြောင့် ကိလေသပုဒ်နှင့် ဝဋ္ဋူနိပုဒ်တို့ သမာသ်တွဲစပ်ပုံကိုလည်း ပြဆိုသင့်သေး၏။ မပြဆိုဘဲ မနေသင့်။ နေချေသော် ဆရာ့အား အဗျာပိတဒေါသသင့်ရောက်ရာ၏။ ကိလေသပုဒ်နှင့် ဝဋ္ဋူနိပုဒ်တို့ သမာသ်တွဲစပ်ပုံကား အဘယ်ပါနည်း ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဥပနာပဋ္ဌက ။ ။ ဆရာ၊ ဆရာသည် (က)(ခ)(ဂ) ဝါကျတို့ဖြင့် ကိလေသဝဋ္ဋူနိပုဒ်၏ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကို ပြဆိုတော်မူ၏။ ထိုသို့သာဆိုချေသော် ဆိုအပ်ပြီးသော ကမ္မဓာရယ်သမာသ် ဝစနတ္ထသာလျှင် ဖြစ်ကောင်း၏ဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာသောကြောင့် ကိလေသဝဋ္ဋူနိပုဒ်၏ ကမ္မဓာရယ်သမာသ် ဝစနတ္ထကိုသာ မဆိုသင့်။ တပါးသော ဖြစ်သင့်သော တပ္ပုရိသ်သမာသ် ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ တပါးသော ဖြစ်သင့်သော တပ္ပုရိသ်သမာသ် ဝစနတ္ထကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဃ) မိန့်။

➢ ❸ ။ **ဒေါသပယ်** ။ ။ **(က)** ဖြင့် ကိလေသဝဋ္ဋူနိပုဒ်ကို အဝဓာရဏကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။ **(ခ)(ဂ)** တို့ဖြင့် ဝိသေသနပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏဒေါသတို့ကို

http://www.dhammadownload.com

ပယ်ပါသည်။ **(ခ)** ဖြင့် ဝဋ္ဋာနုနိ-ဟူသော အစိတ်ပုဒ်၏ ဝစနတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏာဒေါသတို့ကို ပယ်ပါသည်။ **(ဂ)** ဖြင့် ကိလေသဝဋ္ဋာနုနိ-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကို ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏာဒေါသတို့ကို ပယ်ပါသည်။ **(ဃ)** ဖြင့် ကိလေသဝဋ္ဋာနုနိပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြသောကြောင့် အဗျာပိတ အပရိပုဏ္ဏာဒေါသတို့ကို ပယ်ပါသည်။

(ခ)(ဂ) ဝသန္တိ ဝါ-၌ ဝါသဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ကိလေသဝဋ္ဋာနုနိပုဒ်၏ အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထမှတပါး ဝိသေသပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထတစ်မျိုးကို လဲလှယ်ပြ လိုသောကြောင့် (ခ)(ဂ) ဝသန္တိ ဝါ-၌ ဝါသဒ္ဒါ ထားရပါသည်။

(ဃ) ဝဋ္ဋာနုနိတိပိ-၌ ပိ-သဒ္ဒါ ထားရခြင်းအကြောင်း ။ ။ ကမ္မဓာရယ်သမာသ် ဝစနတ္ထ ကြောင့်သာ ကိလေသဝဋ္ဋာနုနိမည်ကုန်သည် မဟုတ်သေး၊ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့်လည်း ကိလေသဝဋ္ဋာနုနိ မည်ကုန်သေး၏ဟူသော သမုစ္စည်း သမ္ပိဏ္ဍနအနက်ကို ပြလိုသောကြောင့် (ဃ) ဝဋ္ဋာနုနိတိပိ-၌ ပိ-သဒ္ဒါ ထားရပါသည်။

➤ **❾** ။ ခီယိံသူတိ ခီဏာ။ အာသဝန္တီတိ အာသဝါ။ ခီဏာ အာသဝါ ယေသန္တိ **ခီဏာသဝါ**။

န ခီဏာသဝါ **အခီဏာသဝါ**။ (၂) နပုဒ်+ခီဏာသဝပုဒ်သည်၎င်း၊ န-အရ ပဋိသေဓဘောဂုဏ် ၏ ခီဏာသဝ မဟုတ်သော သတ္တဝါတို့နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း ဗျုပ္ပတ္တိ နိမိတ်။ (၄) ခီဏာသဝ မဟုတ်သော သတ္တဝါတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်း အရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

(က) ဝသန္တိ ဧတ္ထာတိ ဝဋ္ဋာနုနိ။ ကိလေသာ စေဝ ဝဋ္ဋာနုနိ **ကိလေသဝဋ္ဋာနုနိ**။ (၂) ကိလေသာတို့ ၏ ဝဋ္ဋာတို့နှင့် ဝိသေသန+ဝိသေသျ၊ ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ကိလေသဝဋ္ဋာတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ပဝတ္တိ နိမိတ်။ * ဝသန္တိ ဧတ္ထာတိ **ဝဋ္ဋာနုနိ**။ (ဝသဓာတ်+ရတ္ထပစ္စည်း၊ တည်နေခြင်းကြိယာ)

ပတိဋ္ဌဟန္တီတိ **ပတိဋ္ဌာ**။ တေသု ကိလေသု ပတိဋ္ဌာ **တပ္ပတိဋ္ဌာ**။(တေသံ)

(၂) ကိလေသာတို့၏ တည်ကုန်သော သတ္တဝါတို့နှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။ (၄) ထိုကိလေသာတို့၌ တည်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

နတ္ထိ အန္တရံ ဧတဿ ပစ္စယဿာတိ **အနန္တရော**။ အနန္တရောစ သော ပစ္စယော စာတိ **အနန္တရ ပစ္စယော**။ * ဥပဗ္ဗူဟန္တိ **ဥပဗ္ဗူဟမာနော**။ (ဥပပုဗ္ဗ ပဒဓာတ်+ ဒိဝါဒိ ယပစ္စည်း၊ မာန ပစ္စည်း)

➤ **❿** ။ **(က)** ဖြင့် ကိလေသာ စေဝ ဝဋ္ဋာနုနိ ကိလေသဝဋ္ဋာနုနိ-ဟု အဝဓာရဏကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

(ခ) ၌ ဝသန္တိ ဧတ္ထ-ဖြင့် ဝဋ္ဋာနုနိ-၌ ဝသဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ရတ္ထပစ္စည်း၏ အဓိကရဏသာဓနအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဝသန္တိ ဧတ္ထာတိ ဝဋ္ဋာနုနိ-ဟု ပြုရမည်ကို ၎င်း(အဘိဓာနတ္ထ) သိစေပါသည်။ **ဝါ**-ဖြင့် နယန္တရကို သိစေပါသည်။(ဘာဝတ္ထ) **သတ္တာ**-ဖြင့် ဝသန္တိ နေကုန်၏ဟူသည် သတ္တဝါတို့ နေကုန်သတည်းဟု သိစေပါသည်။(ဘာဝတ္ထ) **အခီဏာသဝါ**-ဖြင့် သတ္တာ-

http://www.dhammadownload.com

အရ သတ္တဝါ အားလုံးကို မယူရ၊ ရဟန္တာ မဟုတ်သော သတ္တဝါတို့ကိုသာ ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ) **ကိလေသေသု ပတိဋ္ဌိတတ္တာ**-ဖြင့် ဝသန္တိ-နေကုန်၏ဟူသည် လောဘ စသည်တို့၌ တည်သည်၏အဖြစ်ကြောင့် နေကုန်၏ဟု သိစေပါသည်။(ဘာဝတ္ထ)

(ဂ) ၌ ကိလေသာစ တေ ဝတ္ထုနိစာတိ-ဖြင့် ကိလေသဝတ္ထုနိပုဒ်ကို ကိလေသာစ တေ ဝတ္ထုနိစာတိ ကိလေသဝတ္ထုနိ-ဟု ဝိသေသန ပရနိပါတကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ) **သတ္တာနံ**-ဖြင့် ဝတ္ထုနိ-တည်ရာတို့ဟူသည် သတ္တဝါတို့၏ တည်ရာတို့တည်းဟု သိစေပါသည်။(ဘာဝတ္ထ) **ပတိဋ္ဌာနံ**-ဖြင့် သတ္တဝါတို့ဟူသည် ကိလေသာတို့၌တည်ကုန်သော (အဓိဋ္ဌာနသဝ) သတ္တဝါတို့တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

(ဃ) ၌ ဧတ္ထ ဝသန္တိ-ဖြင့် ဝတ္ထုနိပုဒ်ကို ဝသန္တိ ဧတ္ထာတိ ဝတ္ထုနိ-ဟု အဓိကရဏသာဓနေ ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) ရတ္ထုပစ္စည်း၏ အဓိကရဏသာဓနေအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဝတ္ထုနိ-၌ ဝသဓာတ်၏ အဖြစ်ကိုင်း(ဒု-ဓာတုပဒ) သိစေပါသည်။

ကိလေသာ-ဖြင့် ဝသန္တိ=နေကုန်၏ဟူသည် ကိလေသာတို့ နေကုန်သတည်းဟု သိ။(ဘာဝတ္ထ)

ကိလေသာပိ-၌ အပိ-သဒ္ဒါဖြင့် သက်သက် သတ္တဝါတို့သည်သာလျှင် ဤကိလေသာတို့၌ တည်နေကုန်သည် မဟုတ်သေး၊ ပစ္စယပွန်ဖြစ်သော ကိလေသာတို့သည်လည်း ပစ္စည်းဖြစ်သော ဤကိလေသာတို့၌ တည်နေကုန်၏ဟူသော သမုစ္စည်း အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

အနန္တရပစ္စယာဒိဘာဝေန ဥပ္ပဇ္ဇမာနာ-ဖြင့် ကိလေသာတို့ဟူသည် အနန္တရပစ္စည်းစသည်၏ အဖြစ်ဖြင့် ဖြစ်ကုန်သော ကိလေသာတို့ဟု သိစေပါသည်။(ဘာဝတ္ထ)

ကိလေသာနံ ဝတ္ထုနိ-ဖြင့် ကိလေသဝတ္ထုနိပုဒ်ကို ကိလေသာနံ ဝတ္ထုနိ ကိလေသဝတ္ထုနိ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။(သမာသလိင်္ဂတ္ထ)

ဝတ္ထုနီတိပိ-၌ ပိ-သဒ္ဒါဖြင့် ကမ္မဓာရယ်သမာသ် ဝစနတ္ထတို့ကြောင့်သာ ကိလေသဝတ္ထုနိ မည်ကုန်သည် မဟုတ်သေး၊ ကိလေသာနံ ဝတ္ထုနိ-ဟူသော ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထကြောင့်လည်း ကိလေသဝတ္ထုနိ မည်ကုန်သတည်းဟူသော သမုစ္စည်း အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထ)

(က) **ကုစ္ဆိတံ ကတံ ကုကတံ**။ **တဿ ဘာဝေါ ကုက္ကုစ္စံ**။

(ခ) **ဒုဿတီတိ ဒေါသော**။ **ဒုဿနာတိ ဒုဿနာကာရော**။ **ဒုဿိတတ္တန္တိ ဒုဿိတဘာဝေါ**။

(ဂ) **ပကတိဘာဝဝိဇဟနဋ္ဌေန ဗျာပဇ္ဇန ဗျာပတ္တိ**။ (ဃ) **ဗျာပဇ္ဇနာတိ ဗျာပဇ္ဇနာကာရော**။ (၂၉၉)

(က) ၌ ကုစ္ဆိတံ ကတံ-ဖြင့် ကုကတံ-၌ ကုကတံ-၌ ကုနိပါတ်ပုဒ်၏ ကုစ္ဆိတအနက် ဟောသည်ကိုင်း(နိပါတလိင်္ဂတ္ထ) ကုကတံပုဒ်ကို ကုစ္ဆိတံ ကတံ ကုကတံ-ဟု ကုနိပါတပုဗ္ဗပဒ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်ကိုင်း(သမာသလိင်္ဂတ္ထ) သိစေပါသည်။

တဿ ဘာဝေါ-ဖြင့် ကုက္ကုစ္စံ-ပုဒ်ကို ကုကတဿ ဘာဝေါ ကုက္ကုစ္စံ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) ဏျ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) သိ။

(ခ) ၌ ဒုဿတိ-ဖြင့် ဒေါသော-၌ ဒုသဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ဏပစ္စည်း၏ ကတ္တု

F-51-A

http://www.dhammadownload.com

သာဓနေအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဒုဿတီတိ ဒေါသော-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။ **ဒုဿနာကာရော**-ဖြင့် ဒုဿနာ-၌ ဒုသဓာတ်၏အဖြစ်ကိုင်း(ဒု-ဓာတုပဒ) ယုပစ္စည်း၏ ဘာဝသာဓနေအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဒုဿီယတေ ဒုဿနာ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။ **ဒုဿိတဘာဝေါ**-ဖြင့် ဒုဿိတတ္တံ-၌ တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုင်း(ပစ္စယတ္ထ) ဒုဿိတဿ ဘာဝေါ ဒုဿိတတ္တံ-ဟု ပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

(၈) ၌ ဗျာပဇ္ဇနံ-ဖြင့် ဗျာပတ္တိ-၌ တိ-ပစ္စည်း၏ ဘာဝသာဓနေအနက်၌ သက်သည်ကိုင်း(ဒု-ပစ္စယတ္ထ) ဗျာပဇ္ဇနံ ဗျာပတ္တိ-ဟု ဘာဝသာဓနေ ဝစနတ္ထပြုရမည်ကိုင်း(အဘိဓာနတ္ထ) သိစေပါသည်။

ပကတိဘာဝဝိဇဟနဋ္ဌေန-ဖြင့် ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းဟူသည် ပင်ကိုသဘောကို စွန့်ခြင်းဟူသော အနက်သဘောအားဖြင့် ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းပင်တည်းဟု သိစေပါသည်။(ဘာဝတ္ထ)

➢ ❼ ။ **(က) ကိလေသာဝေ**-၌ ဝေ-ကား အဝဓာရဏတ္ထ။ (ခ) **ဝါ**-ကား နယန္တရဇောတက နိပါတ်။ **ပတိဋ္ဌိတတ္တာ**-၌ တ္တတိ-ကား ဝစနဟေတုဇောတက။ (ဂ) **စ**-နှစ်လုံးကား အညမညသမုစ္စယတ္ထ၊ (တနည်း) တုလျာဓိကရဏဘာဝပသိဒ္ဓတ္ထ။ (ဃ) **စေတ္ထ**-၌ စ-ကား ပက္ခန္တရတ္ထ။ **ကိလေသာပိ**-၌ ပိ-ကား ဝုတ္တသမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။ **ဝတ္ထုနိဿိတပိ**-၌ ပိ-ကား ဝုတ္တသမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

(က) ကိလေသာဝေ-၌ (၁) ကိလေသာဆယ်ပါးသည် ဂဟေတဗ္ဗတ္ထ။ (၂) တပါးသော စက္ခုသောတ, ဃာန-စသော ဝတ္ထုမည်သော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။ (၃) ကိလေသသမ္ပယုတ္တဓမ္မတို့သည် (ဝါ) ကိလေသာတို့၏ သံယောဇဉ်-စသော အမည်တို့သည် အနုညာတတ္ထ။

ဝသန္တိ ဝေ-၌ (၁) နေခြင်းကြိယာသည် ဂဟေတဗ္ဗတ္ထ။ (၂) မနေခြင်းကြိယာသည် နိဝတ္တေတဗ္ဗတ္ထ (၃) ပစ္စယုပ္ပန်ဖြစ်သော ကိလေသာတို့သည် အနုညာတတ္ထ။

➢ ❽ ။ ကြိယာငါးတန် ။ ။ **ကိလေသာ, ကိလေသဝတ္ထုနိ, လောဘာဒိသု, ကိလေသာပိ ဝသန္တိ**-တို့အရ (၁) လောဘ-စသော **ကိလေသာ (၁၀) ပါး** သည် ဒဿနတ္ထ။ (၂) အယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) သာဝဇ္ဇ ဒုက္ခဝိပါကသည် ပကာသနတ္ထ။ (၄) ဗာလူပသေဝန စသည်သည် ဝိဘာဝတ္ထ။ (၅) ဒုဂ္ဂတိဘဝ စသည်သည် အနုဘာဝတ္ထ။[အကြောင်း၂-ချက် အကျိုး ၂-ချက်] (တနည်း) (၁) လောဘ-စသော ကိလေသာ (၁၀) ပါးသည် ဒဿနတ္ထ။ (၂) အယောနိသော မနသိကာရသည် ဒီပကတ္ထ။ (၃) သာဝဇ္ဇဒုက္ခဝိပါကသည် ပကာသနတ္ထ။ (၄) ဝိပ္ပဋိသာရ စသည်သည် ဝိဘာဝတ္ထ။ (၅) ဒုဂ္ဂတိဘဝ စသည်သည် အနုဘာဝတ္ထ။ [အကြောင်း ၁-ချက် အကျိုး ၃-ချက်]

➢ ❶❿ ။ **(ဃ) ဓေတ္ထ+ကိလာသာ ဝသန္တိ** ။ ။ ဓေတ္ထ (ဝတ္ထုနိ)-အရ ပစ္စည်းဖြစ်သော ရှေးရှေးသော ကိလေသာတို့သည် ကိလေသာ ဝသန္တိ (ကိလေသာန်) အရ ပစ္စယုပ္ပန်ဖြစ်သော နောက်နောက်သော ကိလေသာ ပစ္စယုပ္ပန်တရားတို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပြိုင်= အနန္တရ၊ သမနန္တရ၊ ဥပ၊ အာသေ၊ နတ္ထိ၊ ဝိဂတ (၆)

(19-2-2013)

http://www.dhammadownload.com

ပုစ္ဆာ (၅) လိင်-ဂဏ စသည်ခွဲပုံ

အကတွာ	= အလိင်၊ ဂဏဝိမုတ်၊ အာ-ကာရန္တ၊ သမာသ်နာမ်ပုဒ်/နိပါတ်ပုဒ်
အကိဉ္စိ	= နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ ဣ-ကာရန္တ၊ ကိတ်နာမ်ပုဒ်။
အဂ္ဂဟာဏံ	= နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသပဒ။
အဂ္ဂဟေတွာ	= အလိင်၊ ဂဏဝိမုတ်၊ အာ-ကာရန္တ၊ ကမ္မဓာရည်းသမာသ်
(တနည်း)	= အလိင်၊ ဂဏဝိမုတ်၊ အာ-ကာရန္တ၊ နိပါတ်ပုဒ်။
အင်္ဂိသ	= နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတ်နာမ်ပုဒ်။
အစလတ္တာ	= နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ တဒ္ဓိတ်နာမ်ပုဒ်။
အစိန္တာ	= ပုလ္လိင်၊ ဂစ္ဆန္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတ်နာမ်ပုဒ်။
အဇ္ဈတ္တံ	= နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဇ္ဈတ္တာ	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဇ္ဈတ္တဇ္ဈတ္တံ	= နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဇ္ဈတ္တိက	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဇ္ဈာစရတိ	= အလိင်၊ ဘူဝါဒိဂိုဏ်း၊ အ-ကာရန္တ၊ အာချာတ်ပုဒ်။
အညတရာယ	= ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း(သဗ္ဗနာမ်ဂိုဏ်း) အာ-ကာရန္တ၊ သဗ္ဗနာမ်ပုဒ်။
အညဒတ္ထု	= ဧကံသတ္ထနိပါတ်ပုဒ်/ဧကန္တတ္ထနိပါတ်ပုဒ်။
အညမညံ	= ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အ-ကာရန္တ၊ သဗ္ဗနာမ်ပုဒ်။
အညမညဝိသိဋ္ဌာနံ	= နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ သမာသ်နာမ်ပုဒ်။
အညသ	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သဗ္ဗနာမ်ပုဒ်။
အညာတာဝိနော	= ပုံလိင်၊ ရတ္တာဒိဂိုဏ်း၊ ဤ-ကာရန္တ၊ ကိတ်နာမ်ပုဒ်။
အညေ(ဓမ္မ)	= ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သဗ္ဗနာမ်ပုဒ်။
အညေန	= ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အ-ကာရန္တ၊ သဗ္ဗနာမ်ပုဒ်။
အညေဟိ	= ပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အ-ကာရန္တ၊ သဗ္ဗနာမ်ပုဒ်။
အညော	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သဗ္ဗနာမ်ပုဒ်။
အဋ္ဌင်္ဂိကော	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ တဒ္ဓိတနာမပဒ။
အဋ္ဌသမာပတ္တိယော	= ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဋ္ဌသမာပတ္တိလာဘီ	= ပုံလိင်၊ ရတ္တာဒိဂိုဏ်း၊ ဤ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဋ္ဌာန	= နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဋ္ဌာနကုသလတာ	= ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာ-ကာရန္တ၊ တဒ္ဓိတ်နာမ်ပုဒ်။
အဋ္ဌေဝ–ဋ္ဌ် အဋ္ဌ	= အလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အ-ကာရန္တ၊ သင်္ချာသဗ္ဗနာမ်ပုဒ်။
အတစ္ဆ–စ္ဆ် တစ္ဆ	= နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတ်နာမ်/တဒ္ဓိတ်နာမ်ပုဒ်

F-51-B

http://www.dhammadownload.com

အတပ္ပကဋ္ဌေန	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အတိဝတ္တာတိ	= အလိင်၊ ဘူဝါဒိဂိုဏ်း၊ ဥကာရန္တ၊ အာချာတပဒ။
အတိဝိယ	= အလိင်၊ ဂဏဝိမုတ်၊ အ-ကာရန္တ၊ နိပါတ်ပုဒ်။
အတ္တနော	= ပုလ္လိင်၊ ရာဇာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်
အတ္တာနံ(အတ္တာ)	= ပုလ္လိင်၊ ရာဇာဒိဂိုဏ်း၊ အကာရန္တ၊ ကိတ်နာမ်ပုဒ်။
အထ	= အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတ်ပုဒ်။
အထဝါ	= အလိင်၊ ဂဏဝိမုတ်၊ အာကာရန္တ၊ နိပါတ်ပုဒ်။
အတ္ထင်္ဂတာ	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတန္တ ဒု-တပ္ပုရိသ်သမာသ်
အတ္ထင်္ဂမာ	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အတ္ထ-ကား	= နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတ်နာမ်ပုဒ်။
အတ္ထတော	= အလိင်၊ ဂဏဝိမုတ်၊ ဩ-ကာရန္တ၊ အဗျယတဒ္ဓိတ် (နိပါတ်)
အတ္ထ-ကား	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတ်နာမ်ပုဒ်
အတ္ထဝိကပ္ပေ	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အတ္ထဝိသေသဿ	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကမ္မဓာရဲသမာသ်ပုဒ်။
အတ္ထိ	= အလိင်၊ ဘူဝါဒိဂိုဏ်း၊ အ-ကာရန္တ၊ အာချာတ်ပုဒ်
(တနည်း)	အလိင်၊ ဂဏဝိမုတ်၊ ဣ-ကာရန္တ၊ နိပါတ်ပုဒ်။
အဒ္ဒသာ	= အလိင်၊ ဘူဝါဒိဂိုဏ်း၊ အ-ကာရန္တ၊ အာချာတ်ပုဒ်။
အဒိန္နဿ	= နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဒ္ဓုံ	= နပုံလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ ဥ-ကာရန္တ၊ သဗ္ဗနာမ်ပုဒ်။
အဒ္ဓါ	= ပုံလိင်၊ ရာဇာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတ်နာမ်ပုဒ်။
အဓိ	= အလိင်၊ ဂဏဝိမုတ်၊ ဣ-ကာရန္တ၊ ဥပသာရပုဒ်။
အဓိကရဏဝသ	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဓိကရဏ	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
ဝသ-ကား	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတ်နာမ်ပုဒ်။
အဓိကာရံ	= ပုလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတ်နာမ်ပုဒ်။
အဓိပတိ	= ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဓိပတိယဋ္ဌေန	= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အဓိပ္ပေတံ	= နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ ကိတနာမပဒ။
အဓိပ္ပေတော	= ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ ကိတ်နာမ်ပုဒ်။
အဓိဝစနံ	= နပုံလိင်၊ စိတ္တာဒိဂိုဏ်း၊ နိဂ္ဂဟိတန္တ၊ သမာသ်နာမ်ပုဒ်။
အနတ္တာ	= ပုံလိင်၊ ရာဇာဒိဂိုဏ်း၊ အကာရန္တ၊ သမာသပဒ။

http://www.dhammadownload.com

အနန္တရံ = နပုလိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ သတ္တမျန္တနိပါတ်ပုဒ်။(တနည်း)
(တနည်း) = နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အနဘိဇ္ဈာ = ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အနလ္လီယမာနော = ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အနာဂတပဒဝဏ္ဏနာ = ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အနာဂတုရတာယ = ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာ-ကာရန္တ၊ တဒ္ဓိတ်နာမ်ပုဒ်။
အနာဂတဒ္ဓတာယ = ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာ-ကာရန္တ၊ တဒ္ဓိတ်နာမ်ပုဒ်။
အနာရမ္မဏာ = ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အနိစ္စာဒိ = ပုံလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အနိယတာ = ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
= ပုံလိင်၊ ပုရိသာဒိဂိုဏ်း၊ အ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အနိယမတော = အလိင်၊ ဂဏဝိမုတ်၊ ဩကာရန္တ၊ နိပါတပဒ
အနိယမိတပုစ္ဆာယ = ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အနု = အလိင်၊ ဂဏဝိမုတ်၊ ဥ-ကာရန္တ၊ ဥပသာရပုဒ်။
အနုစ္ဆဝိကာ = ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာ-ကာရန္တ၊ သမာသ်နာမ်/တဒ္ဓိတ်နာမ်ပုဒ်။
အနုပဒဝဏ္ဏနာ = ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာ-ကာရန္တ၊ ကမ္မဓာရဲသမာသ်ပုဒ်။
အနုပရိဝတ္တန္တိ = အလိင်၊ ဘူဝါဒိဂိုဏ်း၊ ဥ-ကာရန္တ၊ အာချာတ်ပုဒ်။
အနုပရိဝတ္တိနော = ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣ-ကာရန္တ၊ ကိတ်နာမ်ပုဒ်။
အနုပါလနလက္ခဏာဒိမှိ = နပုံလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣ-ကာရန္တ၊ သမာသ်နာမ်ပုဒ်။
အနုပါလေတိ = အလိင်၊ စုရာဒိဂိုဏ်း၊ အကာရန္တ၊ အာချာတ်ပုဒ်။
အနုဘဝန္တိ = အလိင်၊ ဘူဝါဒိဂိုဏ်း၊ အကာရန္တ၊ အာချာတ်ပဒ။
